www.burmeseclassic.com

လာဘ်မိုးရွာ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း



ရောဂါမဖြစ်စေရန် ဆောင်သောအဆောင်

BURMESE CLASSIC .com


ငွေကြေးဓန
ပေါ်ကြွယ်ဝစေသောအဆောင်



ဆေးဆရာ၊ ဆေးခန်းများတွင်
ဆောင်ရမည့်အဆောင်




အတိတ်နိမိတ်
ကြိုတင်သိစေသောအဆောင်



လာဘ်ရှင်စေသောအဆောင်



လုပ်ငန်းကိစ္စအတွက်အဆောင်


ပီယအဆောင်

## ထူးခြားစေသော အဆောင်ကလေးများ(စာ-၄၇)

Graphic; Soe Win Htun

www.burmeseclassic.com

www.burmeseclassic.com

30 DEC 2013

**လာဘ်မိုးရွှေဂါထာ**

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္ဒလာဘောမေ၊
သဒါဟောတု ဘဝါဘဝေ။

မင်္ဂလာပစ္စယော

# ရောင်ပြန်မဂ္ဂဇင်း

၂၀၁၄-ခုနှစ်၊ ဖေဖော်ဝါရီလ၊ အမှတ်(၂၄၁)

မောင်မောင်မြင့်အေး စီစဥ်မွမ်းမံတည်းဖြတ်သည်။

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးရွှေ) အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်

အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တာဝင်း အယ်ဒီတာရုံးအဖွဲ့ - ကေလတ်၊ စိုးစိုး

BURMESE CLASSIC .com

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(မြ-၀၃၄၆၀)၊ အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်မှ ထုတ်ဝေ၍ ဝင်းထွန်း(မြ-၀၄၈၃၉)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၂၀၀ ကျပ်

စာအုပ်ချုပ် - ရှကီး။ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ ပညတ်၊ ဖိုးအောင်၊ အောင်နိုင်လတ်၊ လသစ်အောင်၊ ကျော်ဦး တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဋ်မှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဥ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်းသံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် မဆိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဥ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အမှတ် (၂၄၁)


## မာတိကာ

### ရောင်ပြန် ကဗျာ

မောင်ခေတ်ထွန်း။ စန်းနီလာဝင်း။ နန္ဒာမိုးကြယ်၊
ဖျာပုံနီလုံဦး။ တောသားကြီးလှနိုင်၊
မောင်မြေမွန်(ချောင်းဦး)၊ စိုးကိုကို(လေးမျက်နှာ)။ မောင်ရတနာ။

### ရောင်ပြန် အခန်းဆက်ရသ


နတ်ကတော် စိန်မျက်ခုံး
ကျော့မြသန်း ———— ၈၆
သစ္စာပါရမီ(ဇာတ်သိမ်း)
မဗေဒါ(ရေဝတီ) ———— ၁၀၆
သူတော်ငဒေးနှင့် ယန်းပဲဆရာ(၁)
ဝေယံလင်းခေါင် ———— ၁၃၂
မေတ္တာရှင်…(၂)
ဘုန်းမွှင့်တေဇ ———— ၁၅၂
လူထဲကဘဝ ဘဝထဲကလူ(၆၇)
လင်းရောင်တင် ———— ၁၇၆









www.burmeseclassic.com

## ရောင်ပြန် ရသ


သိပ်ထူးဆန်းတဲ့ သီအိုရီ
မနသသကျော်ဝင်း ———— ၈၀
ဘဝနှင့် ရည်မှန်းချက်
ရွှေမြိတ်သောင်းတင် ———— ၁၉၄
ခဲပဟော္ဌိ အဖြေညှိသော်
လေးသုစ် ———— ၂၀၂
ငါးဘုရင်
မောင်အောင်မြင့်(နို့ဗ္ဗီလာ) ———— ၂၀၈
သိုက်ပြန်သိုက်လန် ဆရာညွှတ်
ဝင်းသောင်(ရမည်းသင်း) ———— ၂၁၈
မြွေနန်းလိုဏ်ဂူသခင်မ
ဝသုန်ဟိန်းထက် ———— ၂၂၈
မြို့သိမ်းတန်ဘုရားရင်ပြင်က ဂန္ထဝင်ရုပ်တု
မောင်မောင်မိုးအောင် ———— ၂၄၂
သူခိုး မခိုးနိုင်ပါ
ဂိုဉီးနွန်းကို ———— ၂၅၂
အမေ့သားကြီး အိမ်အပြန်
သူတော်စိန် ———— ၂၆၀


## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်


မှုန့်ဘုရားရတနာ အရှုပ်တော်ပုံ(၁၀)
အောင်သန်းချစ် ———— ၁၀၀
ပြည်တွင်းပြည်ပ ဝိညာဉ်လောကပုံကြည်ချက်များ
လှတိုး(စိတ်ပညာ) ———— ၂၇၃
ရတနာရွှေမြေကို တွေ့ကြတော့မည်လော
လှမိုး(ပညာရေး) ———— ၂၇၈


## လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ ———— ၃၄၀


## ရောင်ပြန့်ဗေဒင်


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ———— ၃၂၉


## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ———— ၃၃၈






**အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး**

**လာဘ်မိုးရွှေ စာပေ**

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ - ၄၃၀၇၅၃၁၁၊ ၀၉ - ၄၂၁၀၀၅၉၂၅





www.burmeseclassic.com

www.burmeseclassic.com





ဝေသံလင်းခေါင်
သူတော်ကောင်းတော်နှင့်
ပန်းပဲဆရာ

## လောကီရေးရာ

ရောင်ပြန်မဂ္ဂဇင်းပြကွင်းမိန်
အင်ကြင်းမြမြ(တောင်ငူ) ———— ၄၀
အလုပ်အကိုင် အောင်မြင်စေရန်
မဟိန္ဒကျော်ခေါင် ———— ၅၇
မေဖော်ဝါရီလမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် ———— ၅၈
ခိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ———— ၅၉
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟာန်ကြွယ် ———— ၆၀
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ———— ၆၁
တစ်လအတွင်း ကောင်းခြင်းမင်္ဂလာနိုင်ယာရီ
ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်) ———— ၆၃
တရုတ်နက္ခတ္တဗေဒင်ပညာ
ကေတီ-အောင်သိန်း ———— ၇၀
တရုတ်ဂဠိုရ်ဆရာကြီးကြူကုံး၏ အိပ်မက်အဖွင့်ကျမ်း
တက္ကသိုလ်မောင်တံခွန် ———— ၇၄
နေသင့်သောအိမ်လေး
တက္ကသိုလ်သခ် ———— ၇၅
ခန္တီပရမ်ံ လာဘ်
တက္ကသိုလ်စိုးယဉ် ———— ၇၇
တန်ခိုးထက်တဲ့ နဝင်းကျွန်းနတ်ဘုရား
မော်တင်သိန်းဇော်ဇ ———— ၉၅
အမေ ကျေနပ်မှာပါလေ
ရွှေမန်းသားအရှင်အကုံ့ရ ———— ၉၇
ချောချင်သလား လှချင်သလား
မောင်ပုတ်စည် ———— ၁၀၄
ပြည်သူချစ်သော အင်ဒီရာ
နှုမာန်(မိုးတား) ———— ၁၁၂
ဖိတ်မန္တကပြုခံရ သုံးထောင်ကျော်က ထိုပုဂ္ဂိုလ်
ရှင်မဟော် ———— ၁၂၂
ဘူးနို့မြော
နိုင်ခင်အင်ကြင်း ———— ၁၄၀
ကြေးခေတ်သချိုင်းဟောင်းတစ်ခုသို့
ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-သု) ———— ၁၄၃
အရိမဒ္ဒနပုရနှင့် သရပါ
မောင်မိုးဦး ———— ၁၆၂
မပယ်အပ်သော ရေးရိုးထုံးတမ်းစဉ်လာများ
ဆရာမင်းသုန္ဒ ———— ၁၆၅
ဘုန်းကံတိုးတက် ဩဇာထက်ရန် သေးသေးတင်ဂါထာတော်
မစိမ်းဇော်(ဝါးခယ်မ) ———— ၁၆၇
ချစ်နဲ့ထုံသင်း ခါးလှည့်အင်းတော်
အေးရွှေ(ဗီးကုန်း) ———— ၁၆၉



www.burmeseclassic.com



သိုက်မြန်သိုက်လန်
ဆရာဥက္ကာ
စာ - ၂၁၈

## လော့ကီရေးရာ


ပေါ်သိဒ္ဓိနဝင်း စမအဓေသာင်
မြေတက်ထွန်း(မြယမုံ) ——— ၁၇၁
"မာရဝိဇယ ပဒုမ" ရွှေကြာအင်းဆန်
တင်မြင့်ကြွယ်(ပဲခူး) ——— ၁၇၃
စဓဗဝ နတ်တို့ချစ်တဲ့ဆေး
ဘုန်းမွင့်တေဇာ ——— ၁၇၄
ကံထပ်၊ ရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာ သိမှတ်စရာ
ဂမ္ဘီရဆရာလှမျိုး(B.Sc) ——— ၁၈၂
ကိုယ်တွေ့အမေရိကားဝင်ငွေနှင့် ကုန်ဈေးနှုန်း
မောင်ကောင်းမြင့် ——— ၁၈၆
ဓာတ်ရိုက်ယတြာ ရွှေပညာ(၁၉)
ဘုန်းမွင့်ထွန်း ——— ၁၈၉
ဘာဓာတ်တွေ ပျက်နေလဲ
ဆရာမိုးဟန်ကြွယ် ——— ၁၉၃
ပိုက်ဆံဝင်သော ဂုဏ်တော်(၉)ပါး ပွားများ
နှင်းအဥ္စလီ ——— ၂၀၁
မှခ ဗေဒ(မျက်နှာရိပ် မျက်နှာကဲဖတ်ခြင်းပညာ)
သူတော်စိန် ——— ၂၀၂
မယုံလျှင် ပုံပြင်သာ မှတ်လိုက်ပါ
ဒေါက်တာသက်ဆွေ(M.D) ——— ၂၄၄
ပဋ္ဌာန်းတန်ခိုး အကျိုးအနှစ္စ(၁၂)
သူတော်စင်မင်းအောင် ——— ၂၃၈
ယတြာကောင်းလျှင်(စကားပြောသော ဂဏန်းများ)
မောင်မောင်မြင့်အေး ——— ၂၄၈
သေခြင်းကောင်းသောဘဝ လားရာကောင်းသောဂတိ
ကျိုက်ထော်ခင်မိုးအေး ——— ၂၅၈
ခနှာငါးပါးကို ပရမတ်ဖြင့်ပေါင်းရှင်း
မဟာထွန်း ——— ၂၆၉
အံ့ဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ(၄)
မျိုးသန်းထွန်းကို(ရေစကြို) ——— ၂၇၃
ပြဿဒဖလာဂုဏ်နက္ခတ်ဖွားများအတွက်ဟောကိန်း
ကာလီဒါနျ(မြန်မာပြည်) ——— ၂၇၇
မင်းကွန်းတိပိဋကရေ...အဥ္စလီကာရဏီယဂုဏ်တော်
ဒေါက်တာသန်းမှိုင်းလင်း ——— ၂၇၉
အဘဘိုးဘိုးအောင်...စောင်မညွှန်ပြမှု ရှုံပုံ(၈)
ဖိုးသန်းကျော်(ရေကြည်သား) ——— ၂၉၁
ဘဝအမောစင်မယ့် လုတောတစ်ခွင်ဟာသများ
ဦးကောင်းထူး ——— ၃၀၃
စကား
လင်းမြင့် ——— ၃၀၅
အဒိန္နဒါနာကံ
ရှယ်လီသိန်းမောင် ——— ၃၀၇
စိတ်ကောင်းနှင့်ယှဉ် မေတ္တာသက်ဝင်
ညွန့်ဟံ(ကြူတော) ——— ၃၀၉
ကြောင်မကြီးနဲ့ ကြွက်ကလေးစို့
တင်နိုင်တိုး ——— ၃၁၁
ထူးထူးခြားခြား ပုံပြင်များ(သစ္စာတရားဖြင့် အောင်နိုင်သူ)
စိုးဝင်းထွဋ်း(တာမွေ) ——— ၃၁၃
နာလန်ထူဖို့ ကံကူစို့
ဂမ္ဘီရခြောအဲ့ ——— ၃၁၅
သည်လ သည်ရက် အိမ်မတက်နှင့်
ဆရာဇီဝအောင်ထွဋ် ——— ၃၁၇
ရွှေသည်တို့ ငွေကြွယ်ဖို့
မင်္ဂလာဦးရွှေအိုး ——— ၃၁၉


စာ - ၁၈၆



# ကိုယ်တွေ့အမေရိကား
## ဝင်ငွေနှင့် ကုန်ဈေးနှုန်း

■ မောင်ကောင်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့ရေးရာ


ချင်းတောင်တန်းသာသနာပြုဆရာတော်
ဖော်ကီးထားအရှင်တေဇောသာရ၏ ဆုံးမဩဝါဒများ ——— ၇
ရှေးဟောင်းတိုင်းဒေသကြီး ပေ့တောင်မြို့နယ်၊ ဖျဉ်းမချောင်း၀(အတွင်း)
အလုံးဒီဖိမ့်စေတီတော်သမိုင်း
နေ့ရှာမင်းခေါင်(ဗိုလ်တထောင်) ——— ၁၇
ဆုတောင်းပြည့် အစိတ္တာန်အောင် သိုက်နန်းစေတီတော်မြတ်ကြီး၏
အကျိုးထူး ဝိသေသများ
မင်းတုံ(မြဲရောင်ခြေ) ——— ၂၅
အာစိဏ္ဏကံကုသိုလ်
သိပ္ပံကိုကြီး(မင်းသီဟ) ——— ၃၁
လယ်တီပဏ္ဍိတဦးမောင်ကြီး၏ တုရိယာတိုင်အကြောင်း
အောင်မြင့်မြတ်(ပြည်ရွှေဘို) ——— ၃၃
မေတ္တာစွမ်းအားကြီးမား ကစင်ဆရာတော်ဘုရား
ပထမံဆရာကြီး ဦးအောင်သူ ——— ၃၇




## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


သူတို့ဆီက အဆောင်လက်ဖွဲ့
ရာဝဏ ——— ၄၁
ထူးခြားအဆောင် အမောင်ဘယ်သို့သုံးမည်နည်း
ကိုမောင်သန်းဝင်း ——— ၄၈
အဆိုးတွေဖယ်ပြီး အကျိုးတွေသယ်ပါ အာဘာရကာဒါး ၁ရာ
သက်ထက်စန်း ——— ၅၁
ရောဂါလွဲအောင် ဟောခါအမြဲဆောင်
သုတေသီဆရာငြိမ်း ——— ၅၅
အံ့ဖွယ်ထူးခြား ဆန်းကြယ်သောအဆောင်များ
လှမိုး(ပညာရေး) ——— ၉၇







www.burmeseclassic.com

www.burmeseclassic.com



ချင်းတောင်တန်း သာသနာပြုဆရာတော်


ဒေါက်တာ အရှင်တေဇောသာရ

www.burmeseclassic.com

www.burmeseclassic.com

# ချင်းတောင်တန်းသာသနာပြုဆရာတော်

# ဒေါက်တာ အရှင်တေဇောသာရ၏ ဆုံးမသြဝါဒများ



**တရားနဲ့နေ တရားနဲ့သေ**

နေရင်လည်း တရားနဲ့နေပါ

သေရင်လည်း တရားနဲ့သေပါ

မကောက်နဲ့ ဖြောင့်ဖြောင့်ထား(ကာယဝက်၊ ဝစီဝက်၊ မနောဝက်)

ကိုယ်အမူအယာလည်း မကောက်နဲ့

နှုတ်အမူအယာလည်း မကောက်နဲ့

စိတ်အမူအရာလည်း မကောက်နဲ့။

ကိုယ့်စကားကိုယ်ပြော၊ ကိုယ်အလုပ်ကိုယ်လုပ်၊ ကိုယ့်တာဝန်ကိုယ်သိ၊ ကိုယ့်သတိနဲ့ကိုယ်နေ။

ဆုတောင်းသော်လည်း မရတာက နိဗ္ဗာန်၊ ဆုမတောင်းသော်လည်း ရနေတာက အိုခြင်း၊ နာခြင်း၊ သေခြင်း။ အို-နာ-သေ မဦးခင် ဉာဏ်ဦးအောင် ကြိုးစားကြ။

ချင်းတောင်တန်း သာသနာပြုဆရာတော် ဒေါက်တာအရှင်တေဇောသာရ

**Ph.D(Buddhism India)**မွေကာထိက ပဟုဇနဟိတဓရ မဇ္ဈိမဒေသ ဝိနယဝိဒူ

ပရိယတ္တိသာသနဟိတဓရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ

ဖုန်း-၀၉-၅၀၁၁၄၂၀၊ ၀၉-၄၇၁၇၂၂၀

www.burmeseclassic.com

# ငြိမ်းချမ်းမိုး

## မောင်ခေတ်ထွန်း

- ကျည်မိုးရွာထား
  မြေပပ်ကြားတွင်
  ပန်းများမည်သို့ ပွင့်မည်နည်း။

- ငြိမ်းချမ်းရေးမိုး
  ရွာသွန်းပြီးက
  ပန်းမျိုးရောင်စုံ ပွင့်ပေလိမ့်။




www.burmeseclassic.com

www.burmeseclassic.com

# အလှနှင့်ဓမ္မ

## စန်းနီလာဝင်း

- နွေမှာပွင့်လန်း၊ ကံ့ကော်ပန်းကို ဆင်မြန်းပန်ဆင်၊ လှယဉ်ယဉ်မင့် သူ့တွင်အလှမမြဲပါ။
- မိုးမှာပွင့်လန်း၊ စံပယ်ပန်းကို ဆင်မြန်းပန်ဆင်၊ လှယဉ်ယဉ်မင့် သူ့တွင်အလှမမြဲပါ။
- ဆောင်းမှာပွင့်လန်း၊ သဇင်ပန်းကို ဆင်မြန်းပန်ဆင်၊ လှယဉ်ယဉ်မင့် သူ့တွင်အလှမမြဲပါ။
- အလှဆိုတာ၊ ကိလေသာတည့် မာယာလွှမ်းမိုး၊ တဏှာဆိုး၏ အမျိုးအနွေ၊ ဖြစ်ပါပေ၏။
- အလှနောက်ဝယ်၊ ရောနှယ်၍ ယှက်သွယ်ဒုက္ခ၊ အနိစ္စနှင့် အနတ္တပါ၊ ဤသုံးဖြာသည် လူ့ရွာဌာန၊ ဘုံဘဝမှာ ကြုံရမည်မှာ၊ မလွဲပါတည့် ဖွေရှာအလှ၊ ရှာမရသည် မွေသာလျှင်၊ အလှစင်စစ် ကောန်ဖြစ်သည်သာပါတကား။ ။




www.burmeseclassic.com

www.burmeseclassic.com




# နေအညို

နန္ဒာမိုးကြယ်

- ဓနု့ဥစ္စာ နံချာမမြဲပေဘု
  အလှရုပ်လွှာ မှုန်ကာမွဲလေထင့်
  ချန်ခဲ့အနေ တွက်ရေစမ်းပါ
  ခြေလှမ်းပေါင်း ငါးဆယ်ကျော်။
- ကစော်ပုလင်းရယ်နဲ့
  ဖော်တစ်သင်း အစုံအလင်ပါလား
  အတော်ဖျင်း့မလျော်ခြင်းတွေ မနည်းပြီဘု
  မျောခဲ့ ပျော်ပျော်။
- အသီတို့ တစ်မျှော်တစ်ခေါ်
  အချိန်နှော် မီပါ့မလား
  သတီတို့ ချွတ်လွဲချော်
  အနီးလေးနော် မရထာရထား။
- အနေမျော် နောင်းခဲ့ရက်တွေတော့
  တစ်စက်ပင် ပြန်မတွေးချင်ဘု
  ရှေ့ရေးလျှင် မှန်းမျှော်အတွေးမှာဖြင့်
  နောင်တမြှာ ရန်းချော်ငေးကာမှ
  (အလို····)
  ကြေးစည်သံကြား။ ။

www.burmeseclassic.com

www.burmeseclassic.com




# စိတ်ဓာတ်

## ဗျူပိုင်လုံဦး

- အဆုံးအစမရှိ
  အပြောကျယ်တဲ့ ပင်လယ်ပြင်ထဲမှာ
  ကမ်းစပ်ကိုရှာရင်း
  မထိမေခလာ နတ်သမီးကို
  မျှော်ကိုးကူးခပ်နေသူများ . . .။
- မိုးသက်လေနှင်၊ မုန်တိုင်းပြင်းနှင့်
  ရင်ဆိုင်တိုးဝှေ့ တွေ့ချင်တွေ့မယ် . . .။
- လှိုင်းလေကြမ်းတမ်း၊ ရေဆန်လမ်းမှာ
  ပင်ပန်းကူးခပ်၊ အားပြတ်ချင်ပြတ်မယ် . . .။
- ငါးရွှေ့ငါးမန်း၊ ငါးလိပ်ကန်းတွေရဲ့
  ဝမ်းစာ ဖြစ်ချင်ဖြစ်မယ် . . .။
- ကမ်းမမြင်
  လမ်းမမြင်
  ပင်လယ်ပြင်မှာ မြုပ်ချင်မြုပ်မယ် . . .။
- ဇာတ်နိပါတ်ထဲကလို
  မထိမေခလာ ကယ်ဖို့ဆိုတာက
  သင်ဟာ မဟာဇနက္ကလို
  ဉာဏ်,ဝီရိယ,ဇွဲ,သတ္တိ၊ သံမဏိစိတ်ဓာတ်
  ရှိဖို့လိုတယ်။ ■

www.burmeseclassic.com

www.burmeseclassic.com

# စာပေကျောက်တိုင်ကြီး

## တောသားကြီးလှိုင်

- နိုင်မတ်နေ
  စာပေကျောက်တိုင်ကြီး...။
- ကလောင်လက်သီးတွေနဲ့
  ထိုးချင်သမျှထိုး
  အရိုးမကြေ အနေအပျက်...။
- ကလောင်လှံတွေနဲ့
  ဖြတ်ပိုင်းချင်သမျှ ဖြတ်ပိုင်း
  မပိုင်းမပြတ် တမတ်မတ်...။
- ကလောင်မီးတွေနဲ့
  မြိုက်ချင်သမျှမြိုက်
  ရှို့ချင်သမျှရှို့
  မရှိုမကျွမ်း တလန်းလန်း...။
- မကြေမမှု
  မပိုင်းမပြတ်
  မပြုတ်မကြေ နဂိုနေ
  စာပေကျောက်တိုင်ကြီးဆိုတာ
  ကမ္ဘာကိုတုန်သွားစေတဲ့...
  "ဆရာ ဒဂုန်တာရာ"...။ ။




www.burmeseclassic.com

www.burmeseclassic.com

# ထင်းဆယ်ကြသူများ

## မောင်ချွန်မြ(ရှောင်ဆိုး)




- ချင်းတွင်းရေလှိုင်း ကရောန်စိုင်းဝင်ရောက်လာ
မိုးဦးကာလ၊ မိုင်းပြတစ်ချွန်းရှာ
အုန်ကျွက်ညှဲကာ၊ ဝဠာခွင်လွှမ်း
မြစ်ကြောင်းတစ်ခွင်၊ မာန်ဟုန်ဆင်
ရေလျှံကြမ်းတမ်းသည်တည့်လေး・・・။
- သောင်ကမ်းပြိုလဲ၊ မတည်မြဲနိုင်
ဝဲဂယက်ထ၊ ဟန်ပြထိမ်းမပိုင်
ဘဝရင်ဆိုင်၊ ယှဉ်ပြိုင်မာန်ကြွ
မိုးရေထဲမှာ၊ ဒီလှိုင်းဖြာ
လှသာအနိုင်ရမည်တည့်လေး・・・။
- ရေမျောထင်း၊ ဆယ်ယူကြလေသော်
သက်စွန့်ကြိုးပမ်း၊ ရှက်ထမ်းရှင်မပျော်
လှေကိုလည်းလှော်၊ ရေပေါ်လည်းကြည့်
အခွင့်သာစဉ် ဖွဲ့နှင့်ယှဉ်
လှေတွင်ထင်းပြည့်စေဖို့လေး・・・။
- နားသည့်အခိုက်၊ ဝမ်းဗိုက်ကဆာ
ဟင်းရှက်စုံပေါင်း၊ သောင်းပြောင်းကျိုလို့သာ
ငါးနတ်ဖွဲ့ပါ၊ ရောကာစုံပြွမ်း
ဖက်ထမင်းတွင်၊ လက်ချင်းယှဉ်
မြိန်ရှင်စားသောက်ကြမ်းသည်တည့်လေး・・・။
- မောပန်းပြေပျောက်၊ နားချိန်ရောက်လျှင်
သဲပြင်ကမ်းစပ်၊ အနားသတ်နေရာတွင်
ပက်လက်အသွင်၊ အိပ်စဉ်အခိုက်
နှစ်ခြိုက်စွာသာ၊ ဟောက်သံမှာ
ညံကာပဲ့တင်ရိုက်သည်တည့်လေး・・・။
- ရာသီအလိုက်၊ အားစိုက်ထင်းဆယ်သည်။
ရှိသားဂုဏ်ဖြင့် ထူးတင့်ပေတော့မည်・・・။

www.burmeseclassic.com

www.burmeseclassic.com

# ရောဝတီရဲ့လေးမျက်နှာ

စိုးကိုကို(လေးမျက်နှာ)

- ရောဝတီကို တိုးဝင်စီးပါတဲ့
ရေပြာကြည် "ဝေန"မြစ်ကိုကွယ့်မေးတင်
ရှေးယခင် မြို့တည်လာကြာပြီမို့
ပေါ်ကြွယ်စွာ သီးနှံစုံစပါးဆန်ရယ်ကြောင့်
ကုန်စည်ဖလှယ် ရောင်းဝယ်သွက်ပါတဲ့
"လေးမျက်နှာ" အမည်ဆန်းလေသည့်
"ရောဝတီ၏ စပါးကျီ" ကျွန်းမြို့ကလေးကို
အမြဲလိုလို လွမ်းမိသည်။
- မျှော်မဆုံးနိုင် လယ်ကွင်းတွေ ပြန့်တာပြောရယ်နှင့်
မမောရှာရစ်ခွေစီးပါတဲ့ မြစ်ဝေန
ပျပျမြင်ရိုးမတောင် နောက်ခံထားလေတော့
အလှပန်းချီကားပမာနှယ်
ရောက်လာလည် ရွှေညှိသည်များကို
လွမ်းအားတွေပို ညို့ဖွမ်းနိုင်တာကြောင့်
နောက်တစ်ခါ လာချင်သေးတယ်တဲ့
ပြောလို့ရယ် မဆုံးနိုင်ပေါ့
နှလုံးရွှင်ကြည်။
- ထေရ်သံဃာမှာ ထင်အရှားပေပေါ့
"ရွှေဟင်္သာဆရာတော်ကြီး"ကိုလ
ဖွားသန့်စင်တဲ့ မြို့လေးပါ
သဘင်နယ်မှာ ထင်လင်းခဲ့ကြ
"ဝဏ္ဏကျော်ထင် စိန်အောင်မင်း"နှင့်
လူရွှင်တော် "အကာယ်ဒမီ မောင့်စ်"တို့မွေးဖွား
ချက်မြှုပ်ထားခဲ့ မြို့လေးပေမို့
ဂုဏ်ယူလျက်နေ အစဉ်ပြုံး။
- မြေအိုးစွယ်စုံ အသွယ်သွယ်ပေါ
တကာယ်ချောတဲ့ သင်ဖြူးဖျာ
ရက်လုပ်ကာ ဝင်ငွေတိုးအောင်ပေါ့
သစ္စါတရားဖြာ စေတနာတဝေဝေဖြင့်
ညှိဝတ်ကျေ ခွေခင်တတ်တာမို့
လာလည်စေချင်စမ်းပါရဲ့
ကမ်းသောင်မြေ ဝေနံ့ဘေးမှာ
ဆိုတေးတွေ တကြော်ကြော်နဲ့
တူပျော်ပျော် ပြုံးရွှင်လန်းကြမယ်ကွဲ့
လှမ်းခဲ့ပါဦး(အုန်း)။ ■



www.burmeseclassic.com




# လက်ဆောင်

**မောင်ရတနာ**


- သူငယ်ချင်း
  ငါယုံကြည်ရာ၊ ငါ့ကဗျာကို
  ကာရန်ချိုမြ၊ စီခြယ်သ၍
  အလှစီဝေ၊ မျှခဲ့ပေအံ့။
- ဘဝထိုထို၊ တိုက်ပွဲဆို၏
  ငိုခဲ့တစ်ခါ၊ ပျော်စရာနှင့်
  သာနာမှုတွေ၊ ရောယှက်ပွေ၏။
- ကိုယ်စိတ်နှစ်ဖြာ၊
  ချမ်းသာဆင်းရဲ၊ ဒုက္ခဝဲလည်း
  စဲလိုက်သည်းလိုက်၊ သူ့စရိုက်တည့်။
- လောကလူ့ရွာ၊ ခဏတာဝယ်
  ဘာသာဘာဝ၊ ကြုံခဲ့ရမင့်
  ရှင်ပျံရင်ဆိုင်၊ အနန္တပြိုင်ရင်း
  အနိုင်အရှုံး၊ ဇာတ်မဆုံးကို
  အပြုံးကိုယ်စီ၊ ဉာဏ်ကြီးသိလျက်
  ဖြစ်,တည်,ပျက်မှု၊ ရှုးစိုက်ရှု၍
  လှုပြည်ခဏ၊ ဒုလ္လဘကို
  အရတော်စေချင်သည်တကား။ ■

www.burmeseclassic.com

www.burmeseclassic.com

# ရောဝတီတိုင်းဒေသကြီး၊ ပေါက်တောမြို့နယ်၊ ပျဉ်းမချောင်းဝ(အတွင်း)

# အလံဒီပါရုံစေတီတော်သမိုင်း




■ နန္ဒာမင်းခေါင်(ဗိုလ်တထောင်)


## ပေါက်တောမြို့

ပေါက်တောမြို့သည် ပုသိမ်မြို့တောင်ဘက် ရေမိုင် ၂၃ မိုင်အကွာနှင့် ရန်ကုန်မြို့တော်၏ ရေမိုင် ၁၈၅ မိုင်ခန့်အကွာတွင် ငဝန်မြစ်၏ အရှေ့ဘက်ကမ်း၌ တည်ရှိပါသည်။ ပေါက်တောမြို့မှ ပင်လယ်ဝသို့ ၄၈ မိုင်ကျော်မျှ ဝေးကွာသည်။ မြန်မာနိုင်ငံ၏ အနောက်တောင်ဘက် အဆုံးတွင်တည်ရှိသော မြို့ဖြစ်ပါသည်။ အရှေ့ဘက်တွင် မြောင်းမြနှင့် လပွတ္တာမြို့နယ်များ၊ အနောက်ဘက်နှင့် တောင်ဘက်တွင် ဘင်္ဂလား ပင်လယ်အော်ရှိပြီး၊ မြောက်ဘက်တွင် ပုသိမ် အရှေ့(ကံကြီးထောင့်)၊ ပုသိမ်အနောက်(ပုသိမ်မြို့)နယ်များနှင့် အမြင့်ရှိပြီး မြို့နယ်အကျယ် အဝန်း စတုရန်းမိုင်ပေါင်း ၁၄၀၄·၁၈၉ မိုင် ရှိသဖြင့် ရောဝတီတိုင်းဒေသကြီး ၂၆ မြို့နယ် တွင် မြို့နယ်ဧရိယာအကျယ်ဆုံးမြို့နယ် တစ်ခု ဖြစ်သည်။ မြို့၏အရှေ့အနောက် မိုင် ၃၀ နှင့် မြောက်မှတောင်သို့ ခြောက်မိုင်ခန့်ရှည် လျားသည်။ မြစ်ချောင်းအင်းအိုင် များစွာရှိ၍ လမ်းပန်းဆက်သွယ်ရေးမှာ ရေလမ်းကိုသာ အားကိုးပြုရသည်။



www.burmeseclassic.com

www.burmeseclassic.com



## ပေါ်တော်မြို့ နောက်ခံသမိုင်း

ရှေးခေတ်မြန်မာနိုင်ငံတွင် မွန်တိ (ဒဂုံ+ဒလ)၊ မွန်စ(သထုံ၊ မုတ္တမ)၊ မွန်ည(ပုသိမ်၊ မြောင်းမြ)ဟူ၍ မွန်သုံးရပ်ရှိခဲ့သည်။ ပေါ်တော်မြို့သည် မွန်ဘုရင်များလက်ထက် ပုသိမ် ၃၂ မြို့ နယ်စာရင်းဝင် ကျိုက်ပဒေါ်မြို့အဖြစ် ပါဝင်ခဲ့သည်။ ရွှေလည်းထွက်၊ ကျွန်းမြို့လည်းဖြစ်သောကြောင့် ရွှေကျွန်းမြို့ဟု ခေါ်သည်။ တောထွတ်ခြောက်ခုရှိသော ရွာဖြစ်၍ ဆပဒရွာဟုလည်း ခေါ်သည်။ ယင်းတောင်ထွတ်ခြောက်ခုမှာ ယနေ့တိုင် ရွှေကြက်ယက်တောင်၊ ရွှေကြက်ပျံတောင်၊ ရွှေကြက်ကျတောင်၊ ရွှေကြက်ဝပ်တောင်၊ စွယ်တော်တောင်၊ ရွှေသံပေါက်တောင်ဟု ခေါ်ဆိုပြီး စေတီများ တည်ထားကိုးကွယ်လျက်ရှိသည်။ ပေါ်တော်မြို့ကို ငဝန်(ပုသိမ်)မြစ်နှင့် ပမ္မဝတီမြစ်ဆုံရာ နေရာတွင် တည်ထားသောကြောင့် ပမ္မဝတီမြို့ဟုလည်း ခေါ်သည်။ ကရင်မှုဆိုးကြီးပေ နေထိုင်ခဲ့သည့် တောဖြစ်၍ ပေတောမြို့ဟူ၍ ကာလဒေသအရ အမည်များပြောင်းခဲ့ ပေါ်တော်မြို့သည်။ ခရစ်သက္ကရာဇ် ၁၈၅၂ ခုနှစ်၊ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး အောက်မြန်မာနိုင်ငံ တစ်ခုလုံးကို အင်္ဂလိပ်ပိုင်အဖြစ် သိမ်းယူစဉ်ကပင် ပေါ်တော်မြို့အဖြစ် ထင်ရှားခဲ့၏။

## ပေါ်တော်သား ရှင်ဆပဒရဟန္တာမထေရ်

ပုဂံခေတ်ကောင်းစားစဉ် ဗုဒ္ဓပုဂံမင်းဆက် နရသူ(ဝါ)ကုလားကျမင်း (၅၂၉-၅၃၃)ခုနှစ် နန်းစံစဉ်ကာလ ရှင်အရဟံ၏တပည့် ရှင်အရိယဝံသ၊ ယင်း၏တပည့် ရာမညတိုင်းသား ရှင်ဥတ္တရာဇီဝမထေရ်သည် သာသနာတော်နှစ် ၁၇၁၅ (ခရစ်နှစ် ၁၁၇၁) ကောဇာသက္ကရာဇ် ၅၃၃ ကလျာဏီကျောက်စာတွင် သံဃာတော် ၁၀ ပါးနှင့် လင်္ကာဒီပကျွန်း(သီဟိုဠ်၊ ယခု သီရိလင်္ကာ)သို့ ကြွသွားတော်မူရာ ရာမညဒေသ ပုသိမ်မြို့အနီး ဆပဒရွာ ယခုအခေါ် ပေါ်တောသားဖြစ်သူ ငယ်မည်မောင်များခေါ် ဆပဒသာမဏေလည်း သီဟိုဠ်သို့ လိုက်ပါသွားသည်။ ဆပဒခေါ် သဒ္ဓမ္မဇောတိပါလမထေရ်သည် အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံတို့ကို သင်ကြားတတ်မြောက်ပြီး ၁၀ ဝါအရတွင် သီဟိုဠ်ကျွန်းမှ ပုဂံသို့ကြွရောက်လာသည်။

www.burmeseclassic.com

နရပတိစည်သူမင်း(၅၃၆-၅၇၃) နန်းစံခဲ့ကာလ၌ ဆပဒမထေရ်သည် သာသနာတော်နှစ် ၁၇၂၅ (ခရစ်သက္ကရာဇ် ၁၁၈၁)၊ ကောဇာသက္ကရာဇ် ၅၄၃ ခုနှစ်တွင် ပုဂံသို့ ကြွရောက်တော်မူပါသည်။ ဆပဒမထေရ်သည် စာပေကျမ်းဂန်များပြုခြင်း။ သိမ်ဂိုဏ်းသံဃာဂိုဏ်း တည်ထောင်ခြင်းတို့ဖြင့် သာသနာပြုခဲ့ပါသည်။ မထေရ်မြတ်သည် မိမိမွေးရပ်(ငပုတောမြို့)တွင် သာသနာပြုရာတွင် ငပုတောမြို့တောင်ပိုင်း သာယာကျောင်းတိုက်အနီး၌ ဆပဒသိမ်တော်ကြီးနှင့် အာရုံခံစေတီတော်နှင့်တကွ တရားတော်များ ကျင့်ကြံရှုမှတ်ရာ လိုဏ်ဂူတော်နှင့် တစ်ဆက်တည်း၌ စေတီတော်များ၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကိုလည်း တည်ထားခဲ့ပါသည်။ ဤတောင်ထွတ်တွင် သိဟိုဠ်မှပင့်ဆောင် ပူဇော်ခဲ့သော ဓာတ်တော်များကို ဌာပနာပြု၍ စေတီငယ်တစ်ဆူ တည်ထားခဲ့ပါသည်။ ယခု ဖူးမြော်ရသော ရွှေမြင်းတင်စေတီတော်မြတ်သည် ထိုကာလက မထင်ရှားသော စေတီတော်တစ်ဆူသာ ဖြစ်ခဲ့ပေသည်။ ထိုအချိန်တွင် ဘွဲ့တော်ကား မရှိသေးချေ။ ဤကား ငပုတောမြို့မှ ထင်ရှားသော ရဟန္တာမထေရ် ရှင်ဆပဒ၏ အကြောင်းပင် ဖြစ်ပါ၏။

## ဂန္ဓိရမျိုးစုံ အလုံဒီပါရုံစေတီတော်

**ဒီပါရာမံ စေတီယံ၊ မြန်မာရဋ္ဌေဟိ ပူဇိတံ၊ ဒက္ခိဏောယျံ၊ ဥတ္တမံတံ မယံ ဝန္ဒာမ သာဒရံ။**

မြန်မာရဋ္ဌေဟိ ပူဇိတံ-မြန်မာပြည်သား လူအများတို့ ရှိခိုးဦးခိုက်ပူဇော်ခြင်းလည်း ထိုက်တော်မူပေထသော၊ ယံဒီပါရာမံစေတီယံ-ငပုတောမြို့နယ်၊ မြစ်တစ်ရာကြီးဝိုင်းတွင် တည်ရှိသော **အတွင်းဒီပါရုံ**ဟု လွန်စွာကျော်ကြား လူသိများသော အကြင်ဒီပါရုံခေါ် စေတီတော်သည်၊ အတ္ထိ-ရှင်တော်ဗုဒ္ဓသရီရဓာတ် ကိန်းဝပ်ရာဒီပါရုံဟု ခေါ်တွင်ပြု၍ လူသိများရာတောင်သေလာ၌ ထင်ရှားမသွေ တည်ရှိပါပေ၏။ ဒက္ခိဏေယျံ-ခွမ်း,သက်နိုး,ကျောင်း,ဆေး လေးပါးသော ပစ္စည်းတို့ကို အလှူခံခြင်းငှာ ထိုက်တော်မူထပေသော၊ ဥတ္တမံ-အမြတ်ဆုံးဖြစ်သော၊ တံဒီပါရာမံ-စေတီယထိုအတွင်း ဒီပါရုံဟု လွန်စွာကျော်ကြား လူသိများသော စေတီတော်မြတ်ကို၊ မယံ-ရပ်နာင်ခမ္မသခ်ိရတို့ကို သူငါသမုတ် အကျွန်ုပ်တို့သည်၊ သာဒရံ-လေးမြတ်ကြည်ညိုရှိသေခြင်းရှိသည်ဖြစ်၍၊ ဝန္ဒာမ-ကာယဝစီ မနောချိုလျက် သုံးလီဖွဲ့ရ ပမာဏဖြင့် ရိုသေမြတ်နိုး လက်စုံမိုးကာ ရှိခိုးကြပါကုန်စို့။

## ဒီပါရုံတောင်တော်သို့

ငပုတောမြို့မှ မြစ်တစ်ရာမြစ်အတိုင်း မော်တော်ဖြင့် လာပါက ငပုတောမြို့နှင့် ပိုးလောင်းကျေးရွာအုပ်စုတို့သည် ရေမိုင်အားဖြင့် ၃၄ မိုင်ရှိပြီး၊ အဖြောင့်တိုင်း ၂၃ မိုင်ခန့်မျှ ကွာဝေးသည်။ ယခု ရေးသားလတ္တံ့သော ဒီပါရုံဘုရားတောင်သည် ပိုးလောင်းကျေးရွာမှ ပုသိမ်-မော်တင် ကားလမ်းအတိုင်း သွားပါလျှင် ခြောက်မိုင်ခန့်ဝေးကွာသည်။ ထိုဒီပါရုံလေးဆူတွင် အပါအဝင်ဖြစ်သော ပျဉ်းမချောင်း အလုံဒီပါရုံစေတီတော်ကို ၉၆၄ ပေအမြင့်ရှိသော တောင်တော်ပေါ်တွင် ဖူးတွေ့နိုင်ပါသည်။

*"ချစ်သမျှကို မြင်းမိုရ်ရွှေတောင်လုံးသာပ…လေးဆူဒီပါ သီတာရေမြေဆုံးစေတော့လေး…"*ဟူသော ချစ်ခြင်းမေတ္တာသစ္စာတိုင်ဘွဲ့သီချင်းကို မြန်မာနိုင်ငံသူနိုင်ငံသားများ ကြားဖူးကြသည်သာ ဖြစ်သည်။ ကျွန်းကြီးလေးကျွန်းဟူသည့် ပုဗ္ဗ






www.burmeseclassic.com

www.burmeseclassic.com

ဝိဒေဟာ၊ အပရ၊ ဂေါယာနမှ ဇမ္ဗူဒီပ၊ ဥတ္တရကုရုကျွန်း ဟူ၍ တည်ထားသော ဘုရားလေးဆူတို့၏ ကြီးကျယ်မြင့်မြတ်ပုံကို သစ္စာတိုင်ဘွဲ့တွင် ထည့်သွင်း၍ နိုင်းနှိုင်းစပ်ဆိုသည်ဟု ယူဆဖွယ်ရာ ရှိပါသည်။ ယခုမျက်မှောက်ခေတ် လေးဆူဒီပါဟု သတ်မှတ်ခေါ်ကြသော ဘုရားများမှာ လူအမျိုးမျိုး နတ်အထွေထွေ ဆိုသကဲ့သို့ သတ်မှတ်ပုံချင်း မတူညီကြပေ။ လေးဆူဒီပါစာရင်းဝင် စေတီတော်များမှာ -

ပေပုတောမြို့နယ်၊ ပျဉ်မချောင်း (အတွင်းအလုံ) ဒီပါရုံစေတီ၊ ပုသိမ်မြို့နယ်မှ ရွှေတွင်းတူးဒီပါရုံစေတီ၊ သာပေါင်းမြို့နယ် တောင်ညိုဒီပါရုံစေတီ၊ ရေကြည်မြို့နယ် သီတာကုန်းမြေ ဒီပါရုံစေတီ ဟူ၍ ဖြစ်ပါသည်။ ၎င်းအတွင်းဒီပါ လေးဆူအပြင် ဒီပါ ၂၈ ဆူ ဝန်းရံလျက်ရှိပါသည်။ အပြင်ဒီပါ ၂၈ ဆူတွင် မဟာမကုဋရုံသီ မြတ်တော်တင်စွန်းစေတီတော်၊ စမ်းကြီးဒီပါ၊ သုဇိမာန ဒီပါ အပါအဝင် ဖြစ်သည်။ အချို့ဆရာတို့ကလည်း လေးဆူသော ဒီပါတို့မှ ဒီရေများသည် ငသိုင်းချောင်း သီတာကုန်းမြေတွင် ချင်းကော၏ အဆုံးသတ်သဖြင့် ရေဆုံးဖြစ်ကြောင်း၊ မြေဆုံးမှာ မြတ်မော်တင်စေတီတော်ဖြစ်ကြောင်း ဖော်ကျူး၍ လေးဆူးဒီပါ သီတာရေမြေ ဆုံးစေတော့…ဟု ဖွင့်ဆိုရေးသားသည် ဆို၍ သတ်မှတ်ကြပြန်သည်။ အချို့ လေးဆူဒီပါမှုကွဲများလည်း ရှိပြန်သည်။ ၎င်းတို့မှာ အတွင်းဒီပါနှစ်ဆူ၊ အပြင် ဒီပါနှစ်ဆူ သတ်မှတ်ကြ၏။ အပြင်ဒီပါ နှစ်ဆူမှာ မဟာမကုဋရုံသီ မြတ်မော်တင်စေတီတော်နှင့် သုဇိမာနဒီပါရုံ (ပေပုတောမြို့နယ်)ဘုရားလှချောင်းဖျား စမ်းကြီးဒီပါတို့ဖြစ်ပြီး အတွင်းဒီပါနှစ်ဆူမှာ ပုသိမ်မြို့နယ် ရွှေတွင်းတူးဒီပါနှင့် အလုံဒီပါ(ပျဉ်းမချောင်း)ပေပုတောမြို့နယ် ဟု သတ်မှတ်ကြပြန်သည်။ မည်သို့ပင်ဆိုစေ ဒီပါရုံစေတီတော်သည် ဒီပါလေးဆူအပါအဝင် ဖြစ်သည်ကိုမူ လူတိုင်း လက်ခံကြသည်သာ။ ခွေးနက်တောင်သည် (အချို့အခေါ်) မျှော်တောင်ညီတောင်များကဲ့သို့ နိမ့်မြင့်ဘေးတိုက် တည်ရှိသည်။ ဤဒီပါရုံတောင်ကြီးသည် အနောက်ရိုးမ နဂရစ်တောင်ရိုးမှ တောင်စွယ်တစ်ခုတွင် တည်ရှိပြီး ဥတစ်လုံး တောင်တစ်ခု ဖြစ်ပါသည်။ အလုံဒီပါရုံ တောင်သည် ပေပုတောမြို့နယ် အာကာ ကျေးရွာအုပ်စုတွင် တည်ရှိပြီး ပင်လယ် ရေမျက်နှာပြင်ထက် ၉၆၄ ပေ မြင့်ပြီး၊ မြောက်လတ္တီတွဒ် ၁၆-၁၅-၃၅ စက္ကန့်၊ အရှေ့လတ္တီတွဒ် ၉၄-၂၃-၄၅ စက္ကန့် တွင် တည်ရှိသည်။ မြစ်တစ်ရာကြိုးဝိုင်းတွင် တည်ရှိ၍ သစ်ပင်နှင့် တောရိုင်းတိရစ္ဆာန်တို့အား ဘေးမဲ့ပေးထားသည်။ ထို့ကြောင့်လည်း မည်သည့်အချိန်အခါတွင်မဆို အမြဲစိမ်းလန်းသော သစ်ပင်သစ်တောတို့ဖြင့် တွေ့မြင်နိုင်ပါသည်။ ဒီပါရုံတောင်ကြီးသည် တောင်သုံးလုံးထပ်ဖြစ်သည်။ တောင်ခြေအတက်သည် မတ်စောက်ပြီး အလယ်တောခြေ ပြန့်မြောလျှောဖြစ်၍ ဘုရားတောင် အတက်တွင် မတ်စောက်နေပြန်သည်။ ဒီပါရုံတောင်တော်သို့ တက်ရာလမ်းလေးခု၊ မုခ်လေးခု ရှိခဲ့သည်။ ယခုအခါ ထိုလမ်းတို့မှာ လူအသုံးနည်းလာသဖြင့် ကွယ်ပျောက်လုဖြစ်တော့သည်။ တောင်တော်ပတ်လည် အကျယ်အဝန်းသည် သုံးမိုင်မျှ ကျယ်ဝန်းသည်။ သားရဲတိရစ္ဆာန်များ ပေါများသည်။ သစ်ကြီး ဝါးကြီးများသည် တောင်တော်၏ အနောက်ဘက်လမ်းမှာ ချောက်ကမ်းပါးနှင့် လျှိုမြောင်များ။ ခက်ခဲသောအတက်အဆင်း။ စမ်းချောင်းတို့ဖြင့် ရောပြွမ်းနေပြီး ဝိဇ္ဇာများ၊ သူတော်စင်များ သီတင်းသုံးရာ(အလုံမြို့)သည် ဂမ္ဘီရဆန်စွာ တည်ရှိနေပါသည်။

ဒီပါတောင်သို့ရောက်ခဲ့လျှင်…

**သဒ္ဒါနော ဒကော သန္တော၊ ဖလာပုပ္ပေါပ သောဘိတော၊ သဥ္စနော နီလရုက္ခေဟိ၊ ပီကောတိ အသသ မေဃမန်။**

သဒ္ဒါနော ဒကော-ငွေသောင်ကမ်းခြေ အပန်းဖြေဖို့ စမ်းရေအလျဉ် တသွင်သွင်နှင့် အစဉ်မပြတ် စီးသွားရာလည်း ဖြစ်ပေထသော၊ သန္တော-မြို့ရွာအူသံ မရှုပ်ညံဘဲ လူသံတိတ်ချိန် ဆိတ်ငြိမ်အေးထပေထသော၊ ဖလပုပ္ပေါပ သောဘိတော-ရာသီမလင့် ခါညီသင့်၍ သီးပွင့်ငုံကင်း ရဂုံတွင်းမို့၊ ထုံသင်း၍ ကြိုင်၊ တလှိုင်လှိုင်တင့်တယ်ပေထသော၊ နီလရုက္ခေဟိ-စိမ်းတစိုစို ညိုတမောင်မောင် ခိုရောင်မြသွေး၊ ကမ္ဘာဆေးဖြင့် အလှရေးသည့်အသွင် သစ်ပင်ဝိပေါင်း အရိပ်ကောင်းတို့သည်၊ သဉ္စနော-ဝယာ ရစ်သန်း ဖုံးလွှမ်းအပ်ပေထသော၊ အသသမော-ကိုယ်တည်းအောင်းခို ဖြဟ္မစိုရ်ဖြင့် အလိုပြည့်ဝပြည့်စရာနှင့် တွေ့ရပေတောင်း သခ်မ်းကျောင်းကလေးသည်ဖြစ်၍ တရားဓမ္မရှာမှီးကြကုန်သော သူတော်စင်တို့အတွက် နေထိုင်ရာကောင်းလှသော တောင်တော်ပင် ဖြစ်ပေသည်။ ဒီပါရုံတောင်တော်၌



www.burmeseclassic.com

www.burmeseclassic.com

ရာသီမလင့် ခါညီသင့်၍ သစ်ပင်ပန်းမာလာများ အချိန်အခါမရွေး ထုံသင်းကြိုင်လှိုင်၍နေပါသည်။ တောင်တော်တစ်ဝိုက် မျှော်လိုက်ပြန်လျှင်လည်း သစ်ပင်ပိတ်ပေါင်း အရိပ်ကောင်းတို့က [illegible] စိမ်းစိမ်းစိုစို ညို့ညို့မှောင်မှောင် [illegible]ဖြင့် အလှရေးထားသည့် [illegible]ကြောင့် ဤဒီပါရုံတောင်တော်၏ [illegible]လူသူမဝနိုင်သည့် အခြင်းအရာများအား လွမ်းမောဖွယ်ရာ ကောင်းသော ရှုခင်းများ၊ အေးမြလှသော လေပြေလေညင်းတို့ ထိတွေ့မှုများသည် ဘုရားဖူးသူတို့အား တစ်သက်တာ မေ့မနိုင်စရာပင် ဖြစ်ပါတော့သည်။ [illegible]ဒီပါရုံတောင်သည် မြေလတ်ပိုင်း [illegible]တောင်ကဲ့သို့ ဝိဇ္ဇာဇော်ဂျီ သူတော်စင်ရသေ့ရဟန်းများနှင့် ဂမ္ဘီရလိုက်စားသော ပုဂ္ဂိုလ်များတို့၏ ပျော်မွေ့ရာ တရားထူးရရှိရာနယ်မြေဟု သတ်မှတ်နိုင်ပါသည်။ စိမ့်ကြီးမြွေကြီး၊ ဂနိုင်ကြီးနှင့် တောအထပ်ထပ် တောင်အသွယ်သွယ် စိမ့်စမ်းရေတံခွန်များတို့ ရှိကြကုန်၏။ ကျေးငှက်တိရစ္ဆာန်များတို့၏ ခိုလှုံရာလည်းဖြစ်သည့် ဒီပါရုံတောင်တော်မြတ်သည် ဝေးလံသီခေါင်သော တောတောင်တွင် တည်ရှိနေသည်။ တောင်တော်၏ မောင်စမ်း၊ နမစမ်း စမ်းနှစ်သွယ်တို့ ပေါင်းစည်းရာ ချောင်းကိုမူ ပျဉ်းမချောင်းဟု ခေါ်ကြပြန်သည်။ ထို့ကြောင့် ဤတောင်နှင့် ပျဉ်းမချောင်းတို့၏ အကြောင်းအရာများကို လေ့လာနိုင်ရန် ဤသို့ဤစာကို တင်ပြရေးသားလိုက်ရပါသည်။ (ပိုးလောင်းဆရာတော်)

## ပျဉ်းမချောင်းဝမှသည် ဒီပါဆီသို့

ဤပျဉ်းမချောင်းသည် ရောဝတီတိုင်း၊ ပေတောမြို့နယ်၊ မြစ်တစ်ရာတိုက်နယ်၊ ပြောင်းပြန်ကျေးရွာ ဘုရားတောင်အရှေ့ဘက်မှ စီးဆင်းလျက်ရှိသော ချောင်းမကြီးသည် မြွေကြီးတစ်ကောင်အလား ကောက်ကွေ့ငြိမ်သက်လျက် စီးဆင်းနေလေ၏။ ချောင်းမကြီး၏ နံဘေးတွင် ချောင်းငယ်ကလေးများနှင့် ကျေးရွာများ အစီအရီရှိလျက် ဤချောင်းမကြီးသည် ဒီပါရုံဘုရားတောင်ဘက်ကို ဦးခလျက်ရှိတော့သည်။ ဤချောင်းကြီးသည် ဒီပါရုံတောင်၏ မောင်စမ်း၊ နမစမ်းကို မြစ်ဖျားခံလျက် စီးဆင်းလာသော ချောင်းဖြစ်သည်။ ဤချောင်းကြီးမှ ခွဲထွက်ဖြာလျက် စီးဆင်းနေကြသော ချောင်းကြီးချောင်းငယ် အသွယ်သွယ်တို့နှင့် တန်ဆာဆင်ထားသလို၊ ဤချောင်းကြီးနံဘေးတွင် ရှေးအခါက ရွာတစ်ရွာရှိခဲ့သည်။ ၎င်းရွာကို ပျဉ်းမချောင်းရွာဟုခေါ်သည်။ အိမ်ခြေ ၄၀ ခန့်ရှိသည်။ ထိုရွာသည် ကပ်ရောဂါအမျိုးမျိုးတို့ကြောင့် ရွာကြီးမှာ ပျက်စီးခဲ့ရလေသည်။ လူအများတို့လည်း ဘေးကင်းရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ယခုအခါ ထိုရွာဟောင်းနေရာသည် ထန်းပင်ကလေးများနှင့် အထီးကျန်ဆန်လှတော့သည်။ တစ်ဖက်တွင် ပြောင်းပြန်ဘုရားတောင် တည်ရှိသည်။ ရသေ့တောင်ဟုလည်း ခေါ်သည်။ ယခုအခါ ထိုစေတီတော်ကို ဒီပါဦးစေတီဟုပင် ခေါ်ကြပါသည်။ အဝေးမှ လှမ်းမျှော်ကြည့်လျှင် ဤတောင်၊ ဤဘုရား၊ ဤချောင်းတို့သည် မြင်ရသူအားလုံးတို့၏ စိတ်အစဉ် အတိတ်ကြောင်းကို ပြန်ပြောင်းသတိရစေသည်။ လွမ်းဖွယ်ကောင်းပေစွ။ ဤပျဉ်းမချောင်းဝမှ အထဲသို့ ဝင်ရောက်ခဲ့လျှင် ပျဉ်းကတိုးရွာကို တွေ့မြင်နိုင်သည်။ အိမ်ခြေ ၆၀ ခန့်ရှိသည်။ တောင်ကုန်းငယ်တစ်ခုကို မှီလျက် ရွာကိုတည်ထားသည်။ ချောင်းကမ်းပါးထိပ်တွင် ရှေးဟောင်းရုပ်ပွားတော်တစ်ဆူရှိသည်။ ထိုမှတစ်ဖန် သင်းခွေချပ်ရွာကလေးကို တောင်ထိပ်ငယ်တစ်ခုပေါ်တွင် တွေ့ရှိနိုင်၏။ အိမ်ခြေအားဖြင့် ၁၀ အိမ်ခန့်သာ ရှိသည်။ ထိုရွာကို သင်းခွေချပ်ရွာဟု ခေါ်ခြင်းမှာ ပျဉ်းမချောင်းမှ ခွဲဖြာထွက်သော သင်းခွေချပ်ချောင်းကို အစွဲပြု၍ ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ ထိုရွာနှင့် မလှမ်းမကမ်းတွင် တောင်လိပ်ချောင်းရွာ၊ ကမ်းနီရွာတို့ ရှိကြသည်။ ခရီးတစ်ထောက် ရှေ့သို့သွားခဲ့သော် အပျိုချောင်း၊ လူပျိုချောင်းဟုခေါ်သော ချောင်းနှစ်ချောင်းကို တွေ့မြင်နိုင်ပါသည်။ ဤချောင်းနှစ်ချောင်းတို့၏ သမိုင်းကြောင်းကလည်း စိတ်ဝင်စားဖွယ်ရာဖြစ်သည်။ ယခင်က လူပျိုချောင်းရွာ၊ အပျိုချောင်းရွာဟု ရှိခဲ့သည်။ ရွာဟုခေါ်သော်လည်း အိမ်ခြေများစွာ မရှိပါ။ အိမ်စုကလေးမျှသာ ရှိသည်ဟု သိရသည်။ တစ်ခါသော် လူပျိုချောင်းဘက်မှ အမျိုးသားတစ်ယောက်နှင့် အပျိုချောင်းဘက်မှ အမျိုးသမီးတစ်ယောက်တို့သည် လူငယ်တို့၏ သဘာဝအလျောက် ချစ်ကျွမ်းဝင်ခဲ့ကြသည်။ ထိုသူတို့၏ ချစ်ကျွမ်းဝင်မှုသည် သာယာဖြောင့်ဖြူးမှုမရှိခဲ့ပါ။ နှစ်ဖက်မိဘများကလည်း သဘော

www.burmeseclassic.com

မတူကြပါ။ ထို့ကြောင့်လည်း ချစ်သူနှစ်ဦးတို့မှာ စိတ်ဒုက္ခအမျိုးမျိုးနှင့် တွေ့ကြုံခံစားကြရသည်။ ချစ်သူနှစ်ဦးတို့အား နှစ်ဖက်သောမိဘများကလည်း အမျိုးမျိုး သွေးခွဲခဲ့ကြသည်။ သို့သော် ချစ်သူနှစ်ဦးတို့၏ ချစ်ခြင်းက ခိုင်မြဲလှသည်။ နှစ်ဖက်မိဘများကလည်း နောက်မဆုတ်။ သဘောမတူ။ ဤသို့ဖြင့် ချစ်သူနှစ်ဦးတို့၏ ရှေ့ခရီးလမ်းသည် အခြေအနေ မကောင်းခဲ့ကြပါ။ ထို့ကြောင့် အခြေအနေအရပ်ရပ်ကို ရိပ်စားမိလာသော ချစ်သူနှစ်ဦးတို့သည် လသာသော ညတစ်ညတွင် ချိန်းဆိုတွေ့ဆုံကြပြီး ချစ်သူနှစ်ဦးစလုံး ရေထဲခုန်ချ၍ အသက်ကို အဆုံးစီရင်လိုက်ကြတော့သည်။ ထိုချစ်သူနှစ်ဦးတို့ကို အကြောင်းပြုလျက် အပျိုချောင်း၊ လူပျိုချောင်းဟု ခေါ်ဝေါ်အမည်တွင်ခဲ့သည်။ ထိုအပျိုချောင်း၊ လူပျိုချောင်းတို့ကို ကျော်လွန်သွားခဲ့လျှင် အာကာတောင်ကြီးကို လှမ်းတွေ့ရပေမည်။ ၎င်းတောင်ခြေတွင် ရွာရှိသည်။ အိမ်ခြေ ၄၀ ခန့်မျှရှိသည်။ ထိုရွာကို အာကာရွာဟု ခေါ်သည်။ တောင်ပေါ်တွင် ကျောင်းကန်ဘုရား၊ စေတီများနှင့် သာယာလှသည်။ ထို့နောက် ရွာသစ်၊ ကျောက်ကြီးရွာတို့ကို တစ်ဆက်တည်း တွေ့မြင်နိုင်ပါသည်။ ကျောက်ကြီးရွာဟု ခေါ်ခြင်းမှာ ၎င်းရွာထိပ်တွင် အင်မတန်ကြီးမားသော ကျောက်ခဲကြီးတစ်ခုံးရှိသည်။ ၎င်းကျောက်ခဲကြီးကိုအကြောင်းပြု၍ ကျောက်ကြီးရွာဟုခေါ်ကြောင်း သိရသည်။ ထိုကျောက်ခဲကြီးပေါ်၌ ရှေးဟောင်းစေတီငယ်တစ်ဆူ ရှိသည်။ ဉာဏ်တော် ကိုးတောင်ခန့်မျှ မြင့်သည်။ ၎င်းစေတီကို တည်ထားသောခုနှစ်မှာ (အင်ကြင်ထုံးခါ)ဟု ရေးထိုးထားသည်။ သက္ကရာဇ် ၁၂၇၂ ခုနှစ်ဖြစ်ကြောင်း သိရပေသည်။ ထိုမှတစ်ဖန် ခရီးဆက်ပြန်သော် လှည်းဆိပ်ရွာသို့ ရောက်ရှိသည်။ လှည်းဆိပ်ရွာသည် အိမ်ခြေအားဖြင့် ၇၀ ခန့်ရှိသည်။ ထိုလှည်းဆိပ်ရွာအထက်နားတွင် အေးဘောရွာဟူသော ရွာဟောင်းတစ်ခုရှိသည်။ ယခုဖော်ပြရေးသားခဲ့သော ရွာများမှာ နောက်မှပေါ်ပေါက်လာသော ရွာများသာဖြစ်သည်။ ဟိုးရှေးယခင်က အာကာရွာ၊ ပျဉ်းမချောင်းရွာ၊ ပိန္နဲချောင်းရွာဟူသော ရွာသုံးရွာသာ ရှိခဲ့သည်ဟု သိရပေသည်။ နောင်သောအခါမှသာ ကျေးရွာကလေးများ အစီအရီ ပေါ်လာကြပေသည်။ ပိုးလောင်း၊ နာနတ်ကုန်း၊ ရွာသစ်စသော ရွာတို့လည်း နောက်မှ ပွားလာကြသော ရွာများဖြစ်သည်။ ထိုလှည်းဆိပ်ရွာမှ ရှေ့သို့ခရီးဆက်ပါလျှင် ခြေလျင်ခရီး တစ်နာရီခန့်လမ်းလျှောက်လျှင် တောင်ကြီးတောင်ငယ်အသွယ်သွယ်တို့ကို ခြံရံပတ်လျက် မိုးထိမြင့်မား စွင့်စွင့်ကားကား တည်ရှိသော တောင်ကြီးကို လှမ်းမြင်တွေ့ရှိနိုင်သည်။ ဤနေရာတစ်ဝိုက်တွင် အမြင့်ဆုံးနှင့် အထင်ရှားဆုံးသော တောင်ကြီးတစ်တောင်ပင် ဖြစ်ပါတော့သည်။ ဤဒီပါရုံတောင်သည် ဂမ္ဘီရဆန်လွန်းလှသည်။ ထူးဆန်းသော လျှို့ဝှက်ချက်များရှိသည်။ အံ့ဖွယ်ရာများ ပေါလှသည်။ ဝိဇ္ဇာထိုက် ပုဂ္ဂိုလ်များ၊ ယောဂီ၊ ရသေ့ရဟန်း၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ စုံလင်လှသည်။ ဤတောင်ကြီး၏ နက်နဲထူးဆန်းအံ့မခန်းမှုများကို ဖော်ထုတ်ရေးသားတင်ပြရသော် . . .

## ဒီပါရုံတောင်တော်၏အစ

ဒီပါရုံဘုရားတောင်တော်သည် မြစ်မော်တင်-ပုသိမ်ကားလမ်းနံဘေးတွင် တည်ရှိသည်။ ဘုရားတောင်မှ တောင်ဘက်သို့သွားလျှင် မြစ်မော်တင်ဘုရား၊ မြောက်သို့သွားလျှင် ပုသိမ်မြို့သို့ရောက်နိုင်သည်။ ဤတောင်တော်ကြီးကို တွေ့မြင်ရလျှင် မြတ်စွာဘုရားအလောင်းတော် ဆဒ္ဒန်ဆင်သည် ဆင်ပေါင်းရှစ်သောင်း ခြံရံပြီး စံပယ်၊ ခေါင်ရန်းပန်း၊ သဇင် စသော ပန်းများတို့ဖြင့်၊ ရှောက်သီး၊ သြဇာ၊ မာလကာ၊ သရက်၊ စပျစ်၊ သဘော်၊ ငှက်ပျော၊ ပိန္နဲ၊ နဥ၊ ထော်ကရာ စသော သစ်သီးမျိုးစုံလှတဲ့တောမှာ စူဠသုဘဒ္ဒါ၊ မဟာသုဘဒ္ဒါခေါ်တဲ့ ဆင်မိဖုရားများ ခြံရံပြီးနေထိုင်ခဲ့သည်။ ဟိမဝန္တာတောင်ကြီးရဲ့ ကျက်သရေကိုဆောင်တဲ့ မဟာတင့်တယ်ပန်ဝင်း မြေကြန်သန့်ရှင်းတဲ့ ဂနိုင်တစ်တန်မြိုင်အတန်းတွင် ပိုင်နန်းမင်္ဂလာ၊ ဝဏ္ဏာပေါင်းခြံရံပတ်လို့၊ စူဠကာလခေါ်တဲ့ တောင်တော်ကတစ်ထပ်၊ ဥဒကခေါ်တဲ့ တောင်တော်ကတစ်ထပ်၊ စန္ဒပဿခေါ်တဲ့ တောင်တော်ကတစ်ထပ် တောင်ခုနစ်ထပ်တို့ ခြံရံပတ်ပြီးတော့ ရေယာဉ်သွဲ့သွဲ့၊ ပန်းတွဲ့တွဲ့နှင့် နွဲ့ကာယိမ်းကာ သွယ်ဖြာယှက်တင် သစ်ပင်ကြီးငယ် ရှုဖွယ်နေဖွယ် လှမိုးကြွယ်လို့ တင့်တယ်သာယာ သီတာအိုင်၊ ချောင်း၊ မြေမြောင်း၊ တံခွန်၊ ကျောက်ပြွန်ဇောဘ အဖြာဖြာသော ကြည်နူးဖွယ်၊ သာယာချမ်းမြေ့ဖွယ်ကောင်းသော ဟိမဝန္တာတောင်ကြီးနှင့် ဒီပါရုံတောင်တော်ကြီးကို နှိုင်းယှဉ်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ရံရောအခါ ရှုဋ္ဌသုဘဒ္ဒါ မိဖုရားက ဆဒ္ဒန်ဆင်မင်းရဲ့ အစွယ်ကို နားမှာပန်လိုတဲ့အတွက် သောနုတ္တရ မုဆိုးကြီးကို တောင်စဉ်ခုနစ်ထပ်ကျော် ကာဖြတ်လို့ ဆဒ္ဒန်အိုင်သာရှိတဲ့နေရာ ကို လမ်းညွှန်ပြသရာတွင်လည်း . . . "အမောင် သောနုတ္တရ၊ ကိန္နရာနစ်ဖြာ မောင်မယ် ချစ်ကြိုးသွယ်လို့ ပြုံးရယ် ရွှင်ပြ ဆိုကငြိမ်းအေး ချစ်တေးသီရာ သုဝဏ္ဏပဿခေါ်တဲ့ တောင်ထွတ်ကို သင်လှမ်းပြီးတော့ ကြည့်လိုက်ပါ။ မိုးထိ စွင့်စွင့် အမြင့်ယူဇနာ တောင်ထပ်သို့ တက်မိပါက အောက်မျက်နှာငုံ့ကြည့် တော့ မြစ်အရောင် မျက်စဉ်းတောင်သို့ ရှစ်ထောင်ပါးပျဉ်း လည်စင်းယှက်တင် လိုဏ်ဂူပမာ ဝန်းကျင်သာခေါင် ညိုညို့ မှောင်တဲ့ ပညောင်ပင်ကြီးကို သင်တွေ့ ရလိမ့်မယ်တဲ့။ ယခုအခါလည်း ဒီပါရုံ တောင်တော်ကြီးသည်ကား ဝိဇ္ဇာ၊ ဇော်ဂျီ တပဿီတို့ တရားရှာမှီး၍ သီတင်းသုံး တော်မူရာ ဤတောင်တော်သာမှာ ကိန္နရီကိန္နရာ နှစ်ဖြာမောတို့ ပျော်စံ ကြရာ ဤတောင်တော်သာ မြို့ရွာ အုသံ မဆူညံဘဲ ကျေးငှက်သာရကာ တို့ ငြိမ်းအေးခိုလှုံ၍ ချစ်တေးများ သီဆို ရာ ဤတောင်တော်သာ မိုးထိမြင့်မား စွင့်စွင့်ကားလျက် အောက်ထက်ဝန်း ကျင် ကြည့်ပါလျှင်လည်း မြင်သာရှု မောဖွယ်ရာ ပေပါတဲ့ ဤတောင်တော် သာ တောင်ထွတ်တောင်မြတ် တောင် ထိပ်တွင် ဗုဒ္ဓမွေနှစ် ဓာတ်တော်စစ် တို့ ထိန်းသိမ်းစံရာ ဤတောင်တော်သာ စိမ့်စမ်းရည်မျှော် တောင်းခုဆို၍ တရား ဓမ္မ ကျင့်သီလနှင့် သုခချမ်းသာ အေး ရိပ်ရှာရာ ဤတောင်တော်သာဟုပင် ဆိုချင်ပါတော့သည်။

## စမ်းမောင်နှမတဲ့

ဒေသခံလူတွေက ဤသို့သိကြ သည်။ မောင်စမ်း၊ နှမစမ်း။ ဤဒီပါရုံ တောင်၏ အရှေ့ဘက်မှ စီးထွက်လာ သော စမ်းချောင်းငယ်တစ်ခုနှင့် အနောက် ဘက်မှ စီးဆင်းလာသော စမ်းချောင်း ငယ် တစ်ချောင်းရှိသည်။ အရှေ့ဘက် မှ စီးထွက်လာသော စမ်းချောင်းကို နှမစမ်းဟုခေါ်သည်။ အနောက်ဘက်မှ စီးထွက်လာသော စမ်းချောင်းကိုမူ မောင်စမ်းဟု ခေါ်သည်။ ထိုစမ်းချောင်း နှစ်ခုတို့ ပေါင်းဆုံရာချောင်းကို ပျဉ်း ချောင်းဟု ခေါ်သည်။ ဤစမ်းချောင်း တွင် အစောင့်နတ်များ ရှိကြသည်။ ထိုပုဂ္ဂိုလ်များမှာ လူ့ဘဝဖြစ်စဉ်က ဘုရင်၏ သားတော်၊ သမီးတော်များ ဖြစ်ခဲ့ကြသည်။ မောင်နန္ဒနှင့် သုဘဒ္ဒါ ဟု ဆိုကြပါသည်။ သူတို့ကွယ်လွန်ချိန် တွင် အယူတိမ်း၍ နတ်စိမ်းဖြစ်ကြရ သည်။ နတ်စိမ်းဘဝရောက်ရှိသောအခါ ဝယ် နေရာအပိုင်စားမရှိကြသော ကြောင့် အဘိဒုက္ခရောက်ခဲ့ကြသည်။ ထို့ကြောင့်ပင် နတ်စိမ်းမောင်နှမတို့ သည် တစ်ချိန်ကဖခင်ဖြစ်သူ ဘုရင် မင်းမြတ်ထံတွင် နေရာအပိုင်စားများ ရလိုကြောင်း သံတော်ဦးတင်၍ နေရာ တောင်းခံခဲ့ကြသည်။ ထိုအခါ ဖခင် ဖြစ်သူ ဘုရင်မင်းမြတ်ကြီးမှာ စိတ် မကောင်းကြီးစွာဖြင့် သားတော်၊ သမီး တော်များကို နေရာများသတ်မှတ်ပေး တော်မူခဲ့သည်။ သားတော်ဖြစ်သူအား သပြေပင်ကို အပိုင်စားပေး၍ သမီး တော်အား ခရေပင်ကို အပိုင်စားပေး သည်။ သားတော်အပိုင်စားရသော သပြေပင်ရင်းမှ စတင်စီးဆင်းသော စမ်းချောင်းကိုလည်း မောင်စမ်းဟု ခေ ပါသည်။ ခရေပင်ရင်းမှ စီးဆင်းသော စမ်းချောင်းကိုလည်း နှမစမ်းဟုပင်ခေ တွင်ပါတော့သည်။ ကာလကြာညောင် နှစ်တွေပြောင်းလာသောအခါ ၎င်းသ ပင်ကြီးများ၏ သစ်ငုတ်များသာတွေ့ ပြီး စမ်းချောင်းများသာ ထင်ရှားရှိတေ သည်။ နှမစမ်းသည် မောင်စမ်းထက် ကြမ်းတမ်းသောသဘောရှိသည်။ အည အကြေးများ စွန့်ပစ်ခြင်း စသေ တောင်ဘောင်ဖြစ်ပေါ်လာသော အမှ များကို ချက်ချင်းတုံ့ပြန်တတ်သော သဘောရှိသည်။ ဤစာအုပ်မရေး လွန်ခဲ့သော ကိုးနှစ်ခန့်က ဒီပါရုံဘုရား ပွဲတော် ကျင်းပစဉ် တောင်တော်၏ ထုံးစံအရ စမ်းမောင်နှမပွဲတင်ရာ တစ် တည်း တင်ထားမိခဲ့သဖြင့် ညနေ နာရီခန့်တွင် ပွဲခင်းထဲမှလူများကို ဝ ရောက်ပူးကပ် ကြိမ်းမောင်းခဲ့သည်။ တစ်ပွဲတည်း ပေးရအောင် လင်မယာ မှတ်နေသလားဟု ပြောဆိုသံကို စာ သူကိုယ်တိုင် ကြားဖူးခဲ့ပါသည်။ (၄ လောင်းဆရာတော်)

ဤင်းအပြင် ကျားဟိန်းသံများ ၍ တောတောင်တစ်ခုလုံး ဟိန်းသံများ ဖြင့် လွှမ်းမိုးသွားခဲ့သည်။ လူအမျ အထိတ်တလန့်ဖြစ်ရသည်။ နှမစမ်း ဘက်ဆီမှ ကျားတစ်ကောင်ထွက်လာ သည်ကို မြင်ကြရသည်။ လွန်ခဲ့သေ ၁၃၆၅ ခုနှစ်ကလည်း ထိုဖြစ်ရပ်မျ



www.burmeseclassic.com

www.burmeseclassic.com

ကြုံကြရပြန်သည်။ ဆူညံစွာ တီးမှုတ်ကခုန်နေသော ဇာတ်ရုံကြီးနောက်တွင် ကျားကြီးတစ်ကောင် ထွက်ပတ်သွားလာနေသည်ကို တွေ့ကြရသဖြင့် လူများ ကြောက်လန့်ခဲ့ရပြန်သည်။ ဒေသခံလူများက ထိုဖြစ်ရပ်မျိုးကို တွေ့ကြုံဖူးကြလေသည်။ ထိုသို့အလားတူဖြစ်ရပ်မျိုးတို့ အများအပြားရှိကြောင်း လေ့လာသိရှိရလေသည်။

## အကြို့တော်ဘုရား

မောင်စမ်း။ နမစမ်းခေါ်တဲ့ စမ်းချောင်းကိုဖြတ်၍ သစ်သားတံတားကလေးတစ်ခု၊ လက်ယာဘက်ခြမ်းတွင် စေတီငယ်တစ်ဆူ ရှိသည်။ ဥဏ်တော်အမြင့်ပေ ၁၁ ပေမြင့်သည်။ ထိုစေတီငယ်ကို အများက အကြို့တော်ဘုရားဟူ၍ ခေါ်ဝေါ်ကြပါသည်။ ထိုစေတီတော်ကို တည်ထားသည်မှာ နှစ်မကြာလှသေးပါ။ ၁၉၃၄ ခုနှစ်က သာသနာပြုဦးလုရွှေ စသော ပုဂ္ဂိုလ်များလက်ထက်တွင် တည်ထားခဲ့သည်ဟု သိရပါသည်။ အကြို့တော်ဘုရားဟု ခေါ်ဝေါ်ခြင်းကြောင့် လူများကို ဘုရားက ဆီးကြိုနေသည်ဟု မယူဆသင့်ပါ။ ဒီပါရုံတောင်တော်ပေါ်သို့တက်ရောက်ကြမည့် ဘုရားဖူးပရိသတ်များအား စိတ်ပျံ့လွင့်မှုမရှိဘဲ ဘုရားဂုဏ်တော်များ သတိရစေဖို့ ဆီးကြိုသတိပေးသောအနေဖြင့် တည်ထားသောဘုရား ဖြစ်သဖြင့် အကြို့တော်ဘုရားဟု ခေါ်ခြင်းဖြစ်ပါသည်။ ထိုအကြို့တော်ဘုရား၌လည်း ဘုရားဖူးဒေည့်သည်တော်များ ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်းဖြင့် ကုသိုလ်တော်ယူကြပါသည်။ ထိုမှတစ်ဖန် ကုန်းမြင့်ပေါ်သို့ တက်ရန် အုတ်လှေကားတစ်ခု ပြုလုပ်ထားပြီး၊ တက်ရောက်ပါက ဘယ်ဘက်အခြမ်းတွင် အများသူငါ အနားယူကြသည့် ဓမ္မာရုံကြီး(ယခုအခါ ထိုဓမ္မာရုံကြီးမှာ ပျက်စီးလျက်ရှိပါသည်။ ထိုဓမ္မာရုံကြီးအား ပြန်လည်ပြုပြင်ရန် စီမံလျက်ရှိသည်။) ညာဘက်ခြမ်းတွင် ဆရာကြီးဦးသောင်းကျော်မှ ဆောက်လုပ်သော ကျောင်းကို ပြန်လည်တည်ဆောက်ထားသော ဆွမ်းချက်ကျောင်း။ အများသူငါ ရေချိုးရာ စမ်းများရှိသည်။ ကွမ်းသီး၊ မာလကာ၊ ငှက်ပျော၊ ရောက်စသော အပင်တို့ဖြင့် စုံလင်လှသည်။ ထို့နောက် တောင်ခြေတွင် ကမ္မဋ္ဌာန်းကျောင်းကလေးများ ရှိခဲ့သည်။ ယခုအခါ ထိုကမ္မဋ္ဌာန်းကျောင်းကလေးများလည်း ပျက်စီးလျက်ရှိနေပါတော့သည်။ (အလှူရှင်များကို စောင့်မျှော်နေသည်။)

## ကမ္ဘာလုံးဘုရားနှင့် အဘအောင်မင်းခေါင်

ဤစေတီတော်ကို ကမ္ဘာလုံးပုံသဏ္ဍာန် ဝိုင်းဝန်းစွာ ပြုလုပ်၍ အပေါ်တွင် စေတီပုံပြုလုပ်ထားပါသည်။ အဘအောင်မင်းခေါင်၏ ဓာတ်ပန္နက်အရ ကမ္ဘာလုံးစေတီကို ကိုးတောင်ပြည့်တည်ထားသည်ဟု ဆိုပါသည်။ အလုံဒီပါရုံစေတီတော်၏ သာသနာပြန်လည်ပွင့်လန်းစေရန် ရည်သန်သည်ဟု ဆိုပါသည်။ တစ်နည်း မြတ်စွာဘုရားရှင်၏ သာသနာတော်ကြီးသည် ကမ္ဘာတစ်ဝန်းလုံးသို့ ပျံ့နှံ့တည်ပါစေဟူသော ဆန္ဒဖြင့် တည်ထားသော စေတီဖြစ်ပါသည်။

## ဓာတ်ပေါင်းစုစေတီတော်

ဒီပါရုံတောင်ခြေ နမစမ်း၏ အထက်ဆင်းသွားသောလမ်းတွင် တည်ထားသည်။ ထိုစေတီတော်၏ အောက်နားတွင် နတ်ရေတွင်းရှိသည်။ ထိုစေတီတော်ကို ဓာတ်တော်များ စုပေါင်းဌာပနာ၍ တည်ထားသဖြင့် ဓာတ်ပေါင်းစုစေတီတော်ဟု ခေါ်ပါသည်။ ဆရာတော်ဦးကောသလ္လ(ယခု ကျောက်ပုံဆရာတော်) ဦးဆောင်တည်ထားသော ဓာတ်ပေါင်းစုစေတီတော် ဖြစ်သည်ဟု ဆိုပါသည်။

စာကြွင်း ။ စာဖတ်သူများ ဤဆောင်းပါးကိုရေးသူ ပိုးလောင်းဆရာတော်ဘုရားကြီးနှင့် ဘုန်းရောင်ဂျာနယ်နှင့် ရောင်ပြန်မဂ္ဂဇင်းအယ်ဒီတာချုပ် ဆရာဦးမောင်မောင်မြင့်အေးမှ ဘုန်းရောင်ဂျာနယ်တွင် အခန်းဆက်အနေဖြင့် ရေးသားခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း ကျွန်ုပ်သည် ရောင်ပြန်မဂ္ဂဇင်းတွင် ထပ်မံဖော်ပြရေးသားရသည့်မှာ ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နှင့် ငပုတောမြို့နယ်များမှ စာဖတ်သူများ ထပ်ဆင့်သိစေရန် ရည်သန်ပါသည်။ ဒီပါရုံစေတီတော်နှင့်အတူ ငပုတောမြို့မှ ရွှေမြင်းတင်ဘုရား၊ မော်တင်စွန်းဘုရားပုံများကိုလည်း ဖော်ပြအပ်ပါသည်။

ဝန်ခံခြင်း ။ ပိုးလောင်းဆရာတော်၏ အလုံဒီပါရုံဆောင်းပါးမှုရင်းအတိုင်း ဖော်ပြပါသည်။

နှင်းဝင်းခေါင်(ငပုတော)



www.burmeseclassic.com

www.burmeseclassic.com



# ဆုတောင်းပြည့် အဓိဋ္ဌာန်အောင် သိုက်နန်းစေတီတော်မြတ်ကြီး ၏ အကျိုးထူးဝိသေသများ

မင်းတိုင်ဝင်(မြင်ရောင်ငမြ)

မင်္ဂလာဒုံဘူတာမှ ဆင်းပြီး အနောက်အရပ်သို့ လျှောက်လာမည် ဆိုပါက ဟိုအတိတ်နှစ်များကဆို ရွှံ့ ဗွက်ထူလှတဲ့ ဤမြေကြီးလမ်း။ လမ်း ဘေးတစ်ဖက်တစ်ချက်မှာတော့ မြက် တောထူထူ ရေဘောင်ဘင်နှင့် ယခုလို မှုန်ပြေသောမြင်ကွင်း မြင်ရမှာမဟုတ်။ ထိုရပ်ကွက်ကို ယခင်က ချစ်တီးကုန်း ထိုခေါ်ကြ၏။ ယခုတော့ ၃/ခ ရပ်ကွက် ဟု ဖြစ်၏။ ပျံကျဈေးလေးလွန်လျှင် ဝဲခုမင်္ဂလာသီပွ ပရိယတ္တိစာသင်တိုက် သူသော မှခ်ဦးနီနီ ဆိုင်းဘုတ်ကြီးက စွာစွာစွင့်စွင့် ပေါ်လွင်လှပါ၏။ ယခု တော့ ခလုတ်မထိ၊ ဆူးမငြိတဲ့ ကွန်က ရမ်းသမ်မကြီး။ ပိုမိုထူးခြားနေသည်က စေတီတစ်ဆူက ကြည်ညိုသပ္ပာယ်လှ စွာ ဖူးတွေ့ရတော့ ကျွန်ုပ်တို့ ဗုဒ္ဓဘာ သာ မြန်မာလူမျိုးတို့အတွက် အမြတ် ထားရာ၊ ကိုးကွယ်ဆည်းကပ်ရာ ဗုဒ္ဓ ကိုယ်ပွား ဖူးတွေ့ရသည့်အတွက် ပီတိ တွေ တဖွားဖွားနှင့် ကြည်ညိုခဲ့ရပါသည်။ ထိုစေတီနှင့် ခုံညားထည်ဝါလှသော သာသနိက ခေတ်မီအဆောက်အအုံ တွေကလည်း စေတီတော်နဲ့ ပန်းရလှပါ ၏။ ဤကျောင်း။ ဤစေတီသည် ဆရာ တော်၏ ဦးဆောင်မှု၊ ပါရမီရှင်တို့ ဒါန စွမ်းအား၊ စွမ်းပကားကြောင့် ဖြစ်ပါသည်။ စာရေးသူ ကျွန်ုပ်လည်း စေတီတော်ကို ဖူးမြော်ပြီး အကျိုးတော်ဆောင်အဖွဲ့နှင့် တွေ့ဆုံ၍ -


"ဆရာ • • • ဒီကျောင်းတိုက်က အကျိုးတော်ဆောင်ဥက္ကဋ္ဌကြီးနှင့် တွေ့ လိုပါတယ်။ နောက် ဆရာတော်ပါ ဖူး မြင်လိုပါတယ်။ ကျွန်တော်က ဘုရား သမိုင်းနှင့် ကျောင်းတိုက်အကြောင်း မေး့ ဒါနပြုပူဇော်ရန် ဖြစ်ပါတယ်ခင်ဗျာ"

"ဟုတ်ကဲ့၊ ကျွန်တော်က ဒီ ကျောင်းရဲ့ အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးကျော်ဝင်းပါ။ ဒါက နာယကကြီး ဦးညွန့်ဝေပါခင်ဗျာ။ ဆရာသိလိုသမျှ မေးပါ။ ကျွန်တော့်မှာ မှတ်တမ်းများ ရှိပါ တယ်။ ဆရာတော်က နယ်လှည့် ဓမ္မ ကထိကဆိုတော့ မော်လမြိုင်ကျွန်းကို တရားပွဲကြွသွားပါတယ်။ မနက်တော့ ပြန်ရောက်ပါ့မယ်။ ကျွန်တော်သိ...



www.burmeseclassic.com

www.burmeseclassic.com



တော့ ပြောပြပါ့မယ်။ ဒီတော့ ခဏ စောင့်ပါ။ အိမ်မှာ စာရွက်စာတမ်းတွေ သွားယူပါရစေခင်ဗျာ"

"ကောင်းပါပြီ ဥက္ကဋ္ဌကြီး။ ကျွန်တော် ဓာတ်ပုံတွေရိုက်၊ မှတ်တမ်းတင်ပါရစေ"

"ဟုတ်ကဲ့ခင်ဗျာ၊ လိုအပ်တာရှိရင် ပြောပါခင်ဗျာ"

ဥက္ကဋ္ဌကြီးနှင့် နာယကကြီး၏ ခွင့်ပြုချက်အရ စာရေးသူ ဓာတ်ပုံမှတ်တမ်းတင်ခဲ့၏။ မကြာခင် ဥက္ကဋ္ဌကြီး ရောက်လာကာ စာရွက်စာတမ်းများ၊ မှတ်တမ်းများကို ပေးကာ သာသနိက အဆောက်အအုံကြီးများကို ရှင်းပြခဲ့၏။

"ဒီလိုပါခင်ဗျာ။ ယခု ဆရာတို့ မြင်နေရတဲ့ ဟိုနေရာက ယခင်က သစ်သားကျောင်းတစ်ကျောင်းသာ ရှိခဲ့ပါတယ်။ ဒါလည်း သမိုင်းကြောင်းအရ ပြန်ပြောပါ့မယ်။ ယခင်က ရေတွေပြည့်နေတဲ့ ကွင်းကြီးပါ။ ကောဇာသက္ကရာဇ် ၁၃၃၀ ပြည့်နှစ်ရောက်တော့ ပထမ ဆရာတော်ကြီး ဦးပညာသီရိကြွလာပြီးတော့ ယခုတိုက်တော်ကြီးကို တည်ဆောက်တယ်။ ဆရာတော်ကြီး ဇာတိက မန္တလေးတိုင်း၊ မိတ္ထီလာဖြစ်တယ်။ ဒါပေမယ့် ဆရာတော်ကြီးက ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ပင်ကလောင်ရွာကနေ ကြွလာခဲ့တာပါ။ ပထမဆုံး ဝါးကျောင်းလေး တစ်ကျောင်း စဆောက်ပြီး သာသနာပြုခဲ့ပါတယ်။ မိုးမလုံ၊ နေမလုံပေါ့ဗျာ"

"ဆရာတော်ကြီးလက်ထက်မှာ အဆောက်အအုံ ဘယ်လောက်များပါသလဲခင်ဗျာ"

"အင်း…သစ်သားကျောင်းတစ်ကျောင်း။ ဆွမ်းစားဓမ္မာရုံတစ်ခုနဲ့ သီရိမင်္ဂလာ၊ သာသနာ့သုခကာရီသိမ်တော်ကြီးကို တည်ဆောက်ပြီး ပဲခူးမင်္ဂလာသိပ္ပံပရိယတ္တိစာသင်တိုက်ကို စတင်တည်ထောင်ပြီး သာသနာပြုခဲ့တာ။ သက်တော် ၆၆ နှစ်၊ ဝါတော် ၄၆ ဝါတွင် ဘဝနတ်ထံ ပျံတော်မူခဲ့ပါတယ်"

"ဆရာတော်ကြီး ပျံတော်မူပြီး ယခု ကျောင်းထိုင်ဆရာတော် သာသနာပြုခဲ့တာလား"

"ဟုတ်ပါတယ်ခင်ဗျ။ ပရိယတ္တိစာသင်တိုက်ကြီး တည်တံ့ခိုင်မြဲ၊ သာသနာထွန်းကားနိုင်ရန်အတွက် ယခုအရာတော်ကြီးရဲ့ တပည့်ရင်း ဆရာတော် ဦးဝဏ္ဏိတဟာ မန္တလေးမြို့ ဓမ္မာကာရာမတိုက်၊ ရတနာပုံစလင်းကျောင်းကနေ ပဲခူးမင်္ဂလာသိပ္ပံစာသင်တိုက်ကို ကြွရောက်ပြီး ကျောင်းထိုင်ပါတယ်။ ဒီတုန်းက ကျွန်တော်တို့ အကျိုးဆောင်အဖွဲ့က သွားလျှောက်ခဲ့ပါတယ်ခင်ဗျာ"

www.burmeseclassic.com

"ဒီတော့ ယခုဆရာတော်က ဘယ်နှခုနှစ်က စတင်ခဲ့ပါသလဲ"

"၁၃၆၇ ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် ၅ ရက်နေ့မှစလို့ ယခုဆို ရှစ်နှစ်ခန့်ကာလမှာ ဆရာတော်က ဦးဆောင်ပြီး ဓမ္မပါလကျောင်းဆောင်၊ သိမ်မင်္ဂလာကျောင်းဆောင်၊ သာသနာ့ရတ်ရည်ကျောင်း အာစီတိုက်သစ်ကြီး တွေ သုံးထပ်၊ နှစ်ထပ် ဆောက်ပါတယ်။ ကျောင်းဝန်းအတွင်းလည်း ကွင်းပြည့် ကွန်ကရစ်ခင်းနိုင်ခဲ့ပါတယ်။

"မဟာရံတံတိုင်းတွေ၊ မုခ်ဦးတွေ က တစ်ဦးတည်း အလှူရှင်များရှိပါ သလားခင်ဗျာ"

"မုခ်ဦးတော်ကြီး အလှူရှင်က တော့ ဆရာတော်အား အမှူးထားပြီး ဦးအေးမောင်၊ (ဒေါ်ကောင်းလုံ)အပါ အဝင် သမီး မပြုံးချို(ခ)မကြီးနှင့် မောင် နှမတစ်စု. ရှမ်းပြည်တောင်ပိုင်း၊ ဟဲဟိုး မြို့က လှူဒါန်းထားပါတယ်။ ကျန်တဲ့ အလှူရှင်တွေကတော့ မဟာရံတံတိုင်း မှာ တစ်ဦးချင်းအပါအဝင် စုပေါင်းလှူ ဒါန်းကြပါတယ်ခင်ဗျာ"

"စေတီတော်မြတ်တည်ထားခဲ့ပုံ များ သိပါရစေ"

"ဒီလိုရှိပါတယ်ဆရာ။ ကျွန်တော် တို့ထက်ပိုသိမယ့် ဆရာတော် ဦးဝဏ္ဏိတ နှင့်တွေ့ပြီး လိုအပ်သမျှ မေးမြန်း လျှောက်ထားလျှင် ပိုပြည့်စုံမယ်ထင်ပါ တယ်"

"ဟုတ်ကဲ့၊ ဒီလိုဆို ဦးကျော်ဝင်း ကျွန်တော့်ဆီကို ဖုန်းဆက်ပါခင်ဗျာ"


"ကျေးဇူးပါပဲခင်ဗျာ"

နောက်နေ့တွင် ဦးကျော်ဝင်းထံမှ ဖုန်းဆက်ပြီး ဆရာတော်ပြန်ရောက်နေ ကြောင်း သတင်းပေးပါတယ်။ စာရေး သူလည်း ထိုနေ့က မိတ်ဆွေဦးမောင် ကြီးနှင့် ဇွဲစုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဒီပနှင့် သွားပြီးတွေ့ရန် ချိန်းထားခဲ့၏။ နှစ်ရက်ကြာခဲ့၏။ နောက်နေ့ညနေတွင် မိတ်ဆွေနှင့်အတူ ပဲခူးကျောင်းတိုက်သို့ သွားခဲ့ကြ၏။ အဆင်သင့်ပင် ဦးကျော် ဝင်း စောင့်နေ၏။ ဆရာတော်က တပည့် အလုပ်သမားများကို လမ်းညွှန်မှုပေးနေ ၏။ ခေတ္တစောင့်ပြီး ကျောင်းပေါ်သို့ တက်သွားကာ ဆရာတော်အား ဖူးမြော် ကြ၏။

"ဒကာကြီး . . . ကျုပ် မနေ့ကမှ ပြန်ရောက်ပါတယ်။ ဒကာကြီးတို့ လို တာရှိရင် မေးပါ"

"မှန်ပါဘုရား။ ဥက္ကဋ္ဌကြီးပြောပြ လို့ မှတ်တမ်းရေး၊ အကြောင်းအရာပါ သိသင့်သမျှ သိပြီးပါပြီ။ ယခု အရှင် ဘုရား စေတီတည်ထားတဲ့ သမိုင်း ကြောင်း သိချင်ပါတယ်ဘုရား"

"ဆရာတော် ဒီကိုကြွ သာသနာ ပြုတော့ ရေထဲ၊ မိုးထဲမှာပါ။ ဟိုယခင်





www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးရဲ့ သာသနာ့တာဝန်ကို ဆယ့်ငါး နှစ်ကိုး ထမ်းဆောင်ရပါတယ်။ စာသင်သားက ၅၀ ကျော်၊ စားဖို့ ဝတ်ဖို့ နေဖို့ ဝေယျာဝစ္စကိစ္စများ ဆောင်ရွက်ရင်း သာသနာပြုခဲ့တာ ယခု ဒကာကြီး ဦးကျော်ဝင်းတို့နှင့် ဆရာ၊ ဒကာ လက်တွဲပြီး သာသနိကအဆောက်အအုံတွေကို ဒကာတို့မြင်တဲ့အတိုင်း ဆောက်ခဲ့တာ ယခုနှစ်ဆို ရှစ်နှစ်မျှ ရှိပါပြီ"

"မှန်ပါဘုရား။ တပည့်တော်တို့ လေ့လာတွေ့ရှိခဲ့ရာ အလွန်အံ့သြမိပါတယ်။ ဒါကြောင့်လည်း သိပ်ပြီးသိလိုပါတယ်ဘုရား။ နောက်ပြီး စေတီတော်ကြီးက ကြည်ညိုသပ္ပာယ်စရာ ဖြစ်တဲ့အပြင် မြန်မာမှုလက်ရာကလည်း အလွန်လှပပါတယ်။ ကျောင်းနဲ့ စေတီ၊ ရွာနဲ့ အဆောက်အအုံ ဂုဏ်တင်လိုက်ဖက်ပါတယ်"

"ဒီလိုပါ ဒကာကြီး။ ကျုပ်ဘုရားတည်မယ်ဆိုတဲ့ ရည်ရွယ်ချက်အစီအစဉ်က ကျောင်းရောက်ကတည်းက ရှိတာ။ ဒါပေမယ့် ဘုရားတည်မယ်လုပ်ရင် အကြောင်းအမျိုးမျိုးကြောင့် အဟန့်အတားတွေနဲ့ တွေ့တယ်။ အဆောက်အအုံပဲဆောက်လို့ရတယ်။ ဒီအဆောက်အအုံတွေအားလုံး ပြီးစီးအောင်မြင်ကာမှ ဘုရားတည်မယ့် အစီအစဉ်ဘက် ကူးလို့ရတာလား"

"ဒါဆို အရှင်ဘုရား ဘုရားတည်ဖို့ ဘယ်လိုအစီအစဉ်ပြုရပါသလဲ"

"မှန်တယ် ဒကာကြီး။ ဒီစေတီသမိုင်းနဲ့ဗျာ။ ဂန္ဓကုဋီတိုက်ထဲက ဘုရားရုပ်ပွားတော်ကို ဖူးပြီးရောပေါ့"

"တင်ပါ့ဘုရား။ ဖူးခဲ့ပါပြီ။ ဥက္ကဋ္ဌကြီးကလည်း ကိုယ်တိုင်လိုက်ပို့ပါတယ်"

"စေတီတော်အကြောင်း မပြောခင် ရုပ်ပွားတော်သမိုင်းအရင်ရှင်းမှ ဖြစ်မယ်ဗျ။ ဒီရုပ်ပွားတော်လေးက ဉာဏ်တော် နှစ်ပေခန့်လောက် ရှိမှာပါ။ စကျင်ရုပ်ပွားတော်လေး ဖြစ်ပါတယ်။ ဉာဏ်တော်ငယ်ပေမယ့် တန်ခိုးကြွယ်ပါတယ်ဗျာ။ ယခုကျုပ်ပြောမယ့် သမိုင်းက အလွန်ထူးပါတယ်။ ဂုဏ်ရှိဆန်းဆန်းလည်း ပါပါတယ်ဗျာ"

"အမိန့်ရှိပါဘုရား"

"ကျုပ်ဒီမှာ ကျောင်းသာသနာပြုတော့ ၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လပါ။ ဒီရုပ်ပွားတော်က ၁၃၆၅-၆၆ ခုနှစ်က ပဲခူးမြို့ ဆံတော်တွင်းမှာ။ ဒေမည် မဖော်လိုသူ ဘုရားဒယကာဖြစ်မယ့် ပုဂ္ဂိုလ်ကြီးကို ဘုမ္မိရများက အိပ်မက် ပေးပါတယ်။ အိပ်မက်ထဲမှာ ထိုပုဂ္ဂိုလ်က မေးခွန်းနှစ်ခု မေးပါတယ်။ ပထမ မေးခွန်းက သင်ရုပ်ပွားတော် ကိုကွယ်မှာလား။ ဒုတိယမေးခွန်းက သေတ္တာကြီးယူမှာလားလို့ မေးတော့ ရုပ်ပွားတော်ယူပါ့မယ်လို့ ကတိပေးခဲ့ပါတယ်။ ဒီတော့ ဒါဆို ပေါဒီနေရာတူးဆိုပြီး အတူးခိုင်းတယ်။ အဲဒီအဘိုးကြီးက တူးကြည့်တော့ ပထမ ဒီစကျင်ရုပ်ပွားတော်ကို တွေ့ပါတယ်။ နောက်ထပ်ပြီးတူးတော့ သေတ္တာကြီးတွေ့ပါတယ်။ ဒီသေတ္တာကြီးက ကြေးသေတ္တာကြီး ယူမယ်လုပ်ရင်း အနားက မြွေတွေ အရောင်မျိုးစုံနဲ့ ထွက်လာပြီး မှုတ်လိုက်တာ မျက်စိနှစ်ကွင်း အလင်းမရတော့ဘဲ ကွယ်သွားခဲ့ပါတယ်"

"အရှင်ဘုရား···ဒါဆို သေတ္တာကြီးရော ရသေးလား"

"သူ့ကတိအတိုင်း ရုပ်ပွားတော်သာရပြီး သေတ္တာကြီးကွယ်သွားပါတယ်။ ဒါနဲ့ ထိုအဘိုးကြီးက အိမ်မှာကိုးကွယ်

အဲဒီအဘိုးကြီးက တူးကြည့်တော့ ပထမ ဒီစကျင်ရုပ်ပွားတော်ကို တွေ့ပါတယ်။ နောက်ထပ်ပြီးတူးတော့ သေတ္တာကြီးတွေ့ပါတယ်။ ဒီသေတ္တာကြီးက ကြေးသေတ္တာကြီး ယူမယ်လုပ်ရင်း အနားက မြွေတွေ အရောင်မျိုးစုံနဲ့ ထွက်လာပြီး မှုတ်လိုက်တာ မျက်စိနှစ်ကွင်း အလင်းမရတော့ဘဲ ကွယ်သွားခဲ့ပါတယ်···



www.burmeseclassic.com

www.burmeseclassic.com

ရင်း သူမမာမကျန်းဖြစ်နေချိန် သူ့ငနီး နဲ့တိုင်ပင်ပြီး ပဲခူးမြို့က တင်ဝင်းစတိုး ဆိုင်ပိုင်ရှင် ဦးတင်ဝင်း+ဒေါ်ကြည်ကြည် မြင့်(ရွှေမောစော့တောင်ဘက်မုခ်)ကို ယခု စကျင်ဘုရား ပူဇော်ဖို့ လှူခဲ့ပါ တယ်။ နောက်နှစ်မှာ သူကွယ်လွန်သွား ခဲ့ပါတယ်"

"မှန်ပါတယ်ဘုရား။ မင်းမှာသစ္စာ၊ လူမှာကတိဆိုတော့ ကတိပျက်တော့ ဘုမ္မိရတွေနဲ့ သမ္မာဒေဝနတ်တွေက ဒဏ်ခတ်တယ်ထင်ပါတယ်"

"ဟုတ်မယ်ဗျ။ နောက်တော့ ဦးတင်ဝင်းတို့က ဆရာတော်ကို လှူပါ တယ်။ အဲဒီကတစ်ဆင့် ဆရာတော်က ယခု သီရိမင်္ဂလာသာသနာသုခကာရီ သိမ်တော်ကြီးမှာ ကိုးကွယ်ထားပါတယ်။ ပထမတော့ မန္တလေး ဓမ္မိကာရာမတိုက် ကို ပင့်ပူဇော်ဖို့ပါ။ အကြောင်းအမျိုးမျိုး ကြောင့် ပျက်ခဲ့ပါတယ်"

"တော်တော် ဆန်းပါတယ်ဘုရား။ ခုနက ဦးကျော်ဝင်းပြောတဲ့အတိုင်းဆို မြေကြီးထဲက အိပ်မက်အရ ပေါ်လာ တော့ ပေါ်တော်မူဘုရား။ နောက် ဘုမ္မိရ အဆက်ဆိုတော့ သိုက်နန်းထဲက ဘုရား ဖြစ်မှာပါ"

"မှန်တယ် ဒကာကြီး။ ဒီကျောင်း ကနေပြီး ဘယ်ကိုမှ မကြွတဲ့အတွက် ရုပ်ပွားတော်လေးဟာ ပေါ်တော်မူ စကျင် ရုပ်ပွားတော် ဖြစ်ပါတယ်။ ဒါကြောင့် ဆုတောင်းပြည့် အဓိဋ္ဌာန်အောင်သိုက် နန်းဘုရားလို့ ဘွဲ့တော်တွင်ခဲ့ပါတယ်။ ဒီတော့ ကျုပ်ရဲ့အဓိဋ္ဌာန်ပါရမီကြောင့် သာသနာတော်ကြီး ထွန်းလင်းတည်တံ့ ခိုင်မြဲစေရန်အတွက် ခုနစ်ရက်သားသမီး များနှင့် ကမ္ဘာသူ ကမ္ဘာသားများ ပူဇော် ကြည်ညိုသဒ္ဓါပွား ကိုးကွယ်နိုင်ရန် အတွက် ယခု ဆုတောင်းပြည့်အဓိဋ္ဌာန် အောင်သိုက်နန်းစေတီတော်ကြီး တည် ထားကိုးကွယ်ခြင်း ဖြစ်ပါတယ်"

"ဟုတ်ပါတယ်။ သာသနာနှစ် ၂၅၅၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ ဗုဒ္ဓဟူးနေ့ နံနက် ၅ နာရီ ၄၅ မိနစ် မင်္ဂလာအချိန် ယူ၍ ဆရာတော် ဦးဝဏ္ဏိတ အမှူးပြု၍ ကျွန်တော်နှင့် ဦးဖိုးနီတို့က အဘအောင် မင်းခေါင်၏ မနောဓာတ်များခံယူ၍ စေတီတော်တည်မည့် အလယ်ဗဟို တည့်တည့်တွင် ပျဉ်းကတိုးသား ကိုး လက်မဖြင့် ဓာတ်ပန္နက်ကို စတင်ရိုက် ပါတယ်"

"၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၇ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၆ နာရီ ၄၅ မိနစ်တိတိ မင်္ဂလာအချိန် တွင် ဆရာတော် ဦးဝဏ္ဏိတ အမှူးပြု ၍ ဆရာတော်ဦးသုဒဿန၊ ဆရာတော် ဦးဝိသုဝနှင့် ကျွန်တော်ကပဲ သပြေသား ပန္နက်ရိုက်ပေးပြီး စေတီတော် စတင် တည်ခဲ့ပါတယ်။ ၁၃၇၄ ခုနှစ်၊ တန် ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်၊ ကြာသပတေးနေ့ နံနက် ၁၀ နာရီ ၃၅ မိနစ် မင်္ဂလာအချိန်တွင် ဆရာတော် ကြီးများ အကျိုးတော်ဆောင်များနှင့် ဘုရားဒါယကာ၊ ဒါယိကာမများမှ ကမ္ပည်းကျောက်စာနှင့် ဌာပနာများထည့် သွင်းပူဇော်၍ ၁၀ နာရီ ၄၅ မိနစ်တွင် တနင်္ဂနွေမှအစပြု၍ ရာဟုနေ့အဆုံး နေ့နံအလိုက် ရွှေအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို စည်ကားသိုက် မြိုက်စွာ ကျင်းပပူဇော်ခဲ့ပါတယ်"

"ဒါဆို စေတီတော်က တစ်နှစ် အတွင်း အပြီးတည်ထားတာပါလား ခင်ဗျာ"

"အဲဒီလိုပြောနိုင်ပါတယ်။ ထီး တော်တင်လှူပူဇော်မည့် စေတီတော် မြတ်ကြီးနှင့် အရံစေတီ ထီးတော် ရှင် ဆု၊ ပေါင်းကိုးဆူတို့ကို ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်၊ စနေနေ့တွင် ရန်ကုန် မြို့ ကြည့်မြင်တိုင်မှ အခမ်းအနားနှင့် စည်ကားစွာ ပင့်ဆောင်ပူဇော်ပါတယ်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် ၉ နာရီ ၄၅ မိနစ် မင်္ဂလာအချိန် ဗုဒ္ဓရုပ်ပွား တော်များ။ ရွှေငွေရတနာပစ္စည်းမျိုးစုံဝို့ ကို ထည့်သွင်းပူဇော်ကြပါတယ်"

"မှန်ပါတယ် ဥက္ကဋ္ဌကြီး။ ဝမ်းသာ ကြည်နူးမိပါတယ်။ ဘယ်နေ့မှာ ထီး တော်တင်လှူပါသလဲ"

"ဒီလိုပါ ဒကာကြီးရယ်။ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့ နံနက် ၇ နာရီ ၄၅ မိနစ် အချိန် ရွှေထီးတော်ကြီးကို နိုင်ငံကျော် အဆိုတော် ဒေါ်ရီရီသန့်နှင့် ရန်ကုန်မြို့ တော်စည်ပင်သာယာ စည်တော်အဖွဲ့ တပ်မတော်(လေ) မြလေယာဉ်ထီး တော်တင်အဖွဲ့နှင့် တင်လှူပူဇော်ပါ တယ်။ အဲဒီအခမ်းအနားမှာ ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော် စွာနှင့် နိုင်ငံတော်မှ ပုဂ္ဂိုလ်ကြီးများ၊ ဌာန ဆိုင်ရာများ၊ ပါရမီရှင်များက တင်လှူ ပူဇော်ခဲ့ပြီးတော့ ကြွရောက်လာသော ဆရာတော်ကြီးများမှ ဇေယျာသြဘာသ မှုလေ အစချီ အောင်ဂါထာတော် နှင့်



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘိသေက အနေကဇာတင်လှူကြပါတယ်။ နောက်ရေစက်ချ သာဓုအနုမောဒနာ ခေါ်ဆိုခဲ့ပါတယ်"

"ဟုတ်ပါတယ် ဆရာ။ ရွှေထီးတော်တင် အလှူမင်္ဂလာအောင်ပွဲ အထိမ်းအမှတ်ပွဲတွင် မြဝတီရုပ်မြင်သံကြား ရှမဝအငြိမ့်သဘင်အဖွဲ့မှ နိုင်ငံကျော်အဆိုတော် မိုးသက်နိုင်တို့အဖွဲ့က မိုးလင်းတင်ဆက်ကပြပါတယ်ခင်ဗျာ"

"ဒီလို မြန်မြန်ဆန်ဆန် အောင်မြင်ခဲ့တာဟာ ပင်မအလှူရှင်များရှိပါသလား ဘုရား"

"အလှူရှင်ထဲမှာ အများဆုံးလှူတဲ့ အလှူရှင်တွေက ဒေါ်စိန်စိန်၊ ၃/၈ ရပ်ကွက်၊ ၉ လမ်း။ ဦးသန်းနိုင်အေး+ ဒေါ်ရင်ရင်ရွှေ ခရေပင်ရိပ်မွန် ၂ လမ်း။ ဦးဇော်လွင် + ဒေါ်လှဲ့လှဲ့ဝင်း။ ၂/၈ ရပ်ကွက်တို့ ဖြစ်ပါတယ်"

"စေတီတော် ဉာဏ်တော်အမြင့်က ဘယ်လောက်မြင့်ပါသလဲဘုရား"

"ဉာဏ်တော်အမြင့် ၃၆ ပေ ၉ လက်မ၊ ငှက်ပျောဖူးအထိ ၉ ပေ၊ မြေဝင် ၅ ပေ၊ စုစုပေါင်း ၄၅ ပေ ၉ လက်မ ဖြစ်ပါတယ်။ လိုဏ်ဂူစေတီဖြစ်ပါတယ်။ အလယ်မှာ ဂန္ဓကုဋီတိုက်တော်ကြီးအတွင်း ပလ္လင်ထက်မှာ ယခု ဆုတောင်းပြည့် အောင်သိုက်နန်းအဓိဌာန်အောင် ရုပ်ပွားတော် ကိန်းဝပ်စံပယ်ပါတယ်။ လေကားသုံးဖက် ဇောင်းတန်း သဘောမျိုးနှင့် တည်ဆောက်ထားပါတယ်။

"အရှင်ဘုရား။ ယခု ဆုတောင်းပြည့် အဓိဌာန်အောင် သိုက်နန်းစေတီတော်မြတ်၏ ထူးခြားအံ့ဩဖွယ်ရာများ တွေ့ရပါသလားဘုရား"

"ရှိပါတယ်။ ဝိသေသလက္ခဏာလို့ ဆိုရပါ့မယ်။ ဒီရုပ်ပွားတော်လေးက နားတောင်းနှစ်ဖက်က ကျောက်များ အရောင်တွေ ထွက်ပေါ်လာပါတယ်။ ဒီ့ပြင် ဖယောင်းတိုင်မီးနှင့် ပူဇော်လျှင် မျက်နှာတော်က ပန်းရောင်၊ ရင်ဘတ်တော်က ကျောက်စိမ်း ပွင့်ပါတယ်။ နောက်လက်မောင်းတော်မှာ အရစ်သုံးရစ်ပါပါတယ်။ တစ်ခါ အလုံပိတ်ထားလို့ မရပါဘူး။ တစ်ခါတုန်းက ကျုပ်ဓမ္မပါလကျောင်းဆောက်နေစဉ် အိပ်မက်ထဲမှာ အမျိုးသမီးတစ်ဦးက ကျုပ်ကို မျက်နှာလုန်ကြည့်သလို ခံစားရပြီး သီရိမင်္ဂလာကျောင်းကို ပင့်ဖို့ သတိပေးပါတယ်။ သူတို့က ဘုမ္မိရတွေ ဖြစ်ပါတယ် ဒကာကြီး"

"မှန်လှပါဘုရား။ ဘယ်ခေတ်ကလို့ ခန့်မှန်းပါသလဲဘုရား"

"ပုဂ္ဂိုလ်ပိုင်းဆိုင်ရာကတော့ မွန်ဘုရားများ လက်ထက်က စီမံကိုးကွယ်တဲ့ဘုရားလို့ အမိန့်ရှိပါတယ်။ ဘုရားသမိုင်းကတော့ ကျုပ်သိသမျှ ဟောဒီ အကျိုးတော်ဥက္ကဋ္ဌ ဦးကျော်ဝင်းပါ ရှင်းပြပြီးပါပြီ။ အားလုံး အဖွဲ့အစည်းဝေါပကအဖွဲ့များ၏ ညီညွတ်မှုကြောင့် အောင်မြင်ခဲ့တာပါ"

"မှန်ပါတယ်ဘုရား။ ဒီတော့ အရှင်ဘုရားသာသနာပြုရာမှ ထေရုပ္ပတ္တိကို မိန့်ပါဦးဘုရား"

"ကျုပ်က ပဲခူးတိုင်း။ ကဝမြို့နယ်၊ ပင်ကလောင်ကျေးရွာက ခမည်းတော် ဦးအောင်ကြည်၊ မယ်တော် ဒေါ်ကျင်သိန်းတို့မှ ၁၃၂၅ ခုနှစ်မှာ မွေးဖွားခဲ့ပါတယ်။ ဆယ်နှစ်သားမှာ ပင်ကလောင်ကျောင်းဆရာတော် ဦးနန္ဒိယထံ ဥပစ္စျာယ်ပြုလို့ ရှင်သာမဏေအဖြစ်ရောက်ခဲ့ပါတယ်။ ၁၃၄၅ ခုနှစ်၊ တပေါင်းလဆန်း။ ၇ ရက်နေ့မှာ ပဲခူးတိုင်း။ ကမ်းနီကျေးရွာ၊ ရွှေဘုံသီဟကျောင်းဆရာတော် ဦးတေဇောဘာသအား ဥပဇ္ဈာယ်ပြု ရဟန်းအဖြစ်ရောက်ခဲ့ပါတယ်။ စာပေသင်ကြားခဲ့တာက ရန်ကုန်၊ ပုဇွန်တောင် ဆုတောင်းပြည့်ပါဠိတက္ကသိုလ်၊ ကမ္ဘာအေး မစိုးရိမ်တိုက်သစ်၊ မဉ္ဇူလာပ၊ ရတနာဝိဒ္ဓိ မန္တလေးစာသင်တိုက်၊ မန္တလေးမြို့တောင်ပြင် ထီးလင်းတိုက်၊ ဇောတိကာရုံတိုက်ကျောင်း။ မန္တလေးမြို့ ဓမ္မိကာရာမတိုက်၊ ရတနာပုံ စလင်းကျောင်းဆရာတော်များထံမှာ ဓမ္မာစရိယတန်းအောင်မြင်သည်အထိ သင်ယူခဲ့ပါတယ်။ ယခု မင်္ဂလာဒုံ ၃/၈ ရပ်ကွက်၊ ပဲခူးမင်္ဂလာသိပ္ပံ ပရိယတ္တိစာသင်တိုက်၊ နာယကဆရာတော်အဖြစ် သာသနာ့တာဝန်များ ထမ်းဆောင်ပြီး နယ်လှည့်ဓမ္မကထိကအဖြစ် ဆောင်ရွက်တော်မူနေပါတယ်"

"မှန်လှပါဘုရား။ အရှင်ဘုရား သက်တော်ရာကျော်ရှည်ပြီး သာသနာတော်အကျိုး ဆထက်ထမ်းပိုး ထမ်းဆောင်နိုင်ပြီး မြတ်ဗုဒ္ဓသာသနာတော်ကြီး ကမ္ဘာတည်သရွေ့ နေလို၊ လသို ထွန်းလင်းတောက်ပပါစေလို့ ဘုရားတပည့်တော် ဆုတောင်းပတ္ထနာပြုလိုက်ပါရစေဘုရား"


ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု။

မင်းတိုင်ပင်(မြရောင်ခြည်)

www.burmeseclassic.com

# အာဇိလ္လာပ်ကံ ကျုသိုဝ်


■ သိပ္ပံကိုကြီး(မင်းသီဟ)
နက္ခတ်ဗေဒပညာရှင်(တွံတေး)





www.burmeseclassic.com

www.burmeseclassic.com





နာ-ဥက္ကဋ္ဌ ဦးဘဝင်းမှ အာစီတ္တာကံအလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်နေပုံ

အာစိတ္တာကံဆိုတာက မိမိအစိတ္တာန်ပြု ဆန္ဒပြုထား တဲ့ အလုပ်အမှုကို စွဲစွဲမြဲမြဲ ခိုင်ကြည်စွာ လုပ်ဆောင်တဲ့အမှု ကိစ္စ ဖြစ်ပါတယ်။ အဲဒီမှာ ပြောလိုတာက အာစိတ္တာကံ စုဘူးအလှူကိစ္စ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့ သမိုင်းဝင် ရွှေဆံ တော် ဆံတော်ရှင်မြတ်စေတီတော်မြတ်ကြီးကို ရွှေသင်္ကန်း ကပ်လှူပူဇော်နိုင်ဖို့အတွက် ဘုရားကြီးဂေါပကအဖွဲ့ဝင် လူကြီး များက စေတနာရှင်အပေါင်းကို အာစိတ္တာကံစုဘူးတွေကို မျှဝေပေးထားခဲ့ပါတယ်။

သမိုင်းဝင် ရွှေဆံတော် ဆံတော်ရှင်မြတ်စေတီတော် ကြီးကို ရွှေသင်္ကန်းကပ်လှူပူဇော်မယ့်အချိန်က ၂၀၁၄ ခုနှစ် မှာ ဖြစ်ပါတယ်။ ဘုရားကြီးဂေါပကအဖွဲ့က ပေးဝေထားတဲ့ အာစိတ္တာကံစုဘူးအလှူရှင်များအနက် ငွေကျပ်နှစ်သောင်းနှင့် ငွေကျပ်နှစ်သောင်းအထက် အလှူငွေထည့်ဝင်ခဲ့ကြတဲ့ အလှူ ရှင်တွေကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြပါတယ်။

လက်ရှိ ဘုရားကြီးဂေါပကအဖွဲ့ဝင်တွေက ၂၀၁၀ ခုနှစ်က စတင်တာဝန်ယူထမ်းဆောင်ခဲ့ကြပါတယ်။ တာဝန် ထမ်းဆောင်စဉ်ကာလက ဘုရားကြီးရဲ့ ဘဏ္ဍာငွေဟာ ၃၇၆ သိန်းပတ်ဝန်းကျင်လောက် ရှိပေမယ့် ၂၀၁၃ ခုနှစ်၊ မေလ စာရင်းအရ ငွေကျပ် သိန်းပေါင်း ၁၅၃၇ သိန်းအထိ တိုး တက်ပွားများခဲ့ကြောင်း အလှူရှင် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲမှာ ဂေါပကအဖွဲ့က ဝမ်းမြောက်စွာ တင်ပြသွား ခဲ့ပါတယ်။

မှတ်တမ်းအရ တွံတေးမြို့ ရွှေဆံတော်မြတ်ကြီး ဝိတ်တုံးထိပ်ရှိ ရွှေစေတီကြီးတစ်ဆူအတွက် ရွှေအလေးချိန် ၇၀ ကျပ်သားကို နှစ်ဖက်သော မိဘများအား အမျှပေး၍ ဦးသန်းညွန့်၊ ဒေါက်တာဒေါ်ခင်နီနီ၊ အမှတ်(၃၁)၊ (ဂ)ပမ်း လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ မိသားစုမှ ၁၂.၆.၂၀၀၉ ရက်နေ့တွင် လှူဒါန်းထားကြောင်း။ ယင်းနေ့ရက်တွင်ပင် ရွှေဆံတော်စေတီတော်မြတ်ကြီး ငှက်မြတ်နားတော်(ရှေ့ခြမ်း/ နောက်ခြမ်း) နှစ်ဖက် ရွှေကွပ်ထားရန်အတွက် ရွှေအလေး ချိန် ၁၉၉ ကျပ်သားကို နှစ်ဖက်သော မိဘများအားအမျှ ထား၍ ဦးသိန်းဝင်းဇော်၊ ဒေါ်တင်လတ်မင်း မိသားစု ရန်ကုန်မှ လှူဒါန်းထားရှိကြောင်း မှတ်တမ်းထားရှိထားပါတယ်။

၂၀၀၉ ခုနှစ်၊ ငှက်မြတ်နားတော်တွင် တပ်ဆင်ပူဇော် ထားရှိသည့် ရွှေခေါင်းလောင်းအလုံးရေမှာ ၂၁၃ လုံးရှိပြီး ရတနာပစ္စည်း (နားကပ်စုံ) ၂၁၃ ရန်ဖြစ်ပြီး၊ ဌာန်းတွင် တပ်ဆင်လှူဒါန်းထားသော ရွှေခေါင်းလောင်း ၅၆ လုံးနှင့် ပတ္တမြားဆွဲသီး ၂ ခု ဖြစ်ပါတယ်။

ဖော်ပြရခြင်းမှာ မြန်မာပြည်သူပြည်သား ဗုဒ္ဓဘာသာ ဝင်သူတော်စင်များ၊ အလှူရှင်ခုနစ်ရက်သားသမီးများ သဒ္ဓါ ထက်သန် ကြည်ဖြူ ကြည်ညို လှူဒါန်းအားရုံပြု နိဗ္ဗာန်ဆု ကို ရရှိစေရန် စိတ်ရည်သန်၍ ကုသိုလ်စိတ်ညွတ်သျှက် ဖော်ပြရခြင်း ဖြစ်ပါကြောင်း။

သိပ္ပံကိုကြီး(မင်းသိင်္ခ)
နက္ခတ်ဗေဒပညာရှင် (တွံတေး)



www.burmeseclassic.com


www.burmeseclassic.com

# လယ်တီဝတ္ထုတိုတဦးအောင်ကြီး

၏

# တုရိုဏ်တိုင်အကြောင်း

**အောင်မြင့်မြတ် (ပြည်ရွှေဘို)**



တုရိုဏ်တိုင်

မိမိရဲ့ဘဝပေးအတတ်ပညာနဲ့ အချိန်ကာလအရ သမိုင်းစာပေ၊ ရာသစာပေ၊ သုတစာပေ၊ ပညာပေးစာပေ စတာတွေကို ဆွဲထုတ်ရှု သုံးသပ်ပြီး မှတ်တမ်းပြုစု ရေးသားနေမိပါတယ်။ ဒီလိုရေးသားတင်ပြနေခဲ့ အချိန်ကာလများစွာ ပြောင်းလဲရွေ့လျားနေသလို မျက်မှောက်ပစ္စုပ္ပန် ကာလအတွင်းမှာ ဖြစ်နေတဲ့ သက်ရှိသက်မဲ့ အရာဝတ္ထုတွေမှာလည်း အမြဲတမ်း အသစ်အသစ် ပြောင်းလဲနေကြပါတယ်။ လူသားတွေရဲ့ လူ့နေမှုစနစ်တွေ၊ အဆောက်အဦတွေ၊ အသုံးအဆောင်တွေ၊ ယဉ်ကျေးမှုတွေဟာလည်း ခေတ်ရေစီးကြောင်းတွေနဲ့အတူ ပြောင်းလဲဆန်းသစ်နေကြတာကို မြင်တွေ့ကြရပါတယ်။ ဒီလိုပြောင်းလဲလာတဲ့အခါ ဝေါဟာရဘာသာဗေဒ စကားလုံးအသုံးအနှုန်း၊ အခေါ်အဝေါ်တွေလည်း ပြောင်းလဲလာပါတယ်။

ဝေါဟာရတချို့မှာ အသုံးအနှုန်းနည်းပါးပြီး အသိနည်းလာတဲ့အခါ ပေါရာဏကထာ ရှေးဟောင်းစကားတွေ ဖြစ်လာပါတယ်။ ပုဂံခေတ်က အသုံးအနှုန်းဝေါဟာရတွေကို မဆိုထားပါနဲ့ဦး။ တောင်ငူ၊ အင်းဝ၊ ကုန်းဘောင်၊ ရတနာပုံခေတ်က ဝေါဟာရအသုံးအနှုန်းတွေကို ပေါရာဏ ရှေးသုံးစကားတွေဖြစ်ပြီး ယနေ့အားလုံး နားလည်သိရှိဖို့ ခက်ခဲလာပါတယ်။ ဒါကြောင့် ပညာရှင်တွေက ပေါရာဏကထာ၊ ဝေါဟာရလီနတ္ထဒီပနီ၊ ဝေါဟာရတ္ထပကာသနီ၊ ပေါရာဏ ဒီပနီ အစရှိသဖြင့် ပေါရာဏဝေါဟာရအဖွင့်ကျမ်းတွေကို စုဆောင်းပြုစုရေးသားခဲ့ကြပါတယ်။ ဒါပေမယ့် ပြီးပြည့်စုံပြီရယ်လို့ ဆိုဖို့ အလွန်ခက်ခဲလှပါတယ်။ ဘာကြောင့်လဲဆိုရင်တော့ အသစ်အသစ် ဝေါဟာရ စကားလုံးတွေက ခေတ်ရေစီးကြောင်း ပြောင်းလဲရွေ့လျားတဲ့ကြောင့်လို့ ဆိုရမှာဖြစ်ပါတယ်။

ပဲ့တစ်နေ့က မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးရဲ့ ထေရုပ္ပတ္တိ ဒီပနီစာအုပ်ကို ဖတ်မိပါတယ်။ အဲဒီ ထေရုပ္ပတ္တိကို သီရိလင်္ကာ နိုင်ငံသား အရှင်သီရိဓမ္မက ပါဠိဘာသာနဲ့ ရေးသားထားတဲ့

www.burmeseclassic.com



ဒီပံနီနီသျကျမ်းပြု လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး


လယ်တီပဏ္ဍိတဦးမောင်ကြီးက မြန်မာဘာသာပြန်ဆိုပြီး အကျယ်ဖွင့်ပြကာ ရေးသားထားပါတယ်။ လယ်တီပဏ္ဍိတဦးမောင်ကြီးဟာ စာပေပညာရှင်တစ်ဦးဖြစ်ရာ ဒီပနီကို ဖွင့်ဆိုရေးသားရာမှာ ချေင်း၊ ပျို့ကဗျာ၊ သာသနာဝင်၊ ရာဇဝင်၊ သမိုင်း၊ ကျောက်စာ၊ ပိဋကတ်စာပေ အထွေထွေတို့ကို မှီနှောက်ကာ ပြောင်မြောက်စွာ ရေးသားထားတာ ဖြစ်ပါတယ်။ ဒီမျှ တခမ်းတနား ရေးသားဖွင့်ဆိုထားတဲ့ ဒီပနီမှာ ဝေါဟာရတစ်ခု အနက်အဓိပ္ပာယ်မရှင်းမပွင့်လင်းဘဲ ဖြစ်နေပါတယ်။ ဒီဝေါဟာရက (တုရိုဏ်တိုင်)ဆိုတဲ့ ဝေါဟာရပါ။

အရှင်သီရိခမ္မက မန္တလေးမြို့တော်ကိုဖွဲ့ဆိုရာမှာ ဂေါပုရဒွါရပါကာရ တောရဏာဒိဝိတ္ထသိတံ-ဂါထာအမှတ် ၂၄ မှာ ဆိုထားတယ်။ နိသျဆရာက ဂေါပုရဒွါရပါကာရ၊ တောရဏာဒိဝိတ္ထသိတံ-တံခါးမုခ်၊ တံခါးတိုင်၊ မီးတာ၊ တုရိုဏ်တိုင် စသည်ဖြင့် တင့်တယ်ထသော ဘာသာပြန်ဆိုထားတယ်။

တစ်ဖန် ဂါထာအမှတ် ၂၄ မှာတော့ သဒ္ဒါရင်တောရဏောပဟူ၍လို့ ဖွဲ့ဆိုပြန်တယ်။ ဒီပနီနိသျဆရာက သဒ္ဒါရတောရဏောပဟိ=တံခါး တုရိုဏ်တိုင်တို့နှင့်တကွ ဖြစ်ကု ်သောလို့ ဘာသာပြန်ဆိုထားတယ်။

ဒီပနီနိသျဆရာ လယ်တီပဏ္ဍိတဟာ "တော ရဏ-တုရိုဏ်တိုင်"လို့ ဘာသာပြန်ပေးလိုက်ပေမယ့် "တုရိုဏ ်တိုင်" ဆိုတာ ဘယ်လိုအရာဆိုတာကို ရှင်းလင်းစွာ မပြဆိုသည့် ခတွက် ဘဝင်မကျလှပါ။ စာပေပညာရှင်တစ်ဦးဖြစ်သည့် အားေ သျှ်စွာ တောရဏ တုရိုဏ်တိုင်နဲ့ ပတ်သက်တဲ့ စာပေတွေကို ရေ သားဖွင့်ဆိုပြုပြန်ပါတယ်။

"ဒွိဘူမတ္တိဘူမကာဒိ" စတဲ့ ဂါထာ ၂၄၊ "သမန္တာယောဇနိကေပဟိ" စတဲ့ ဂါထာ ၂၉ တို့မှာ တောရ ဏသဒ္ဒါ ပါရှိပါတယ်။ တောရဏသဒ္ဒါရဲ့အနက်ကို ရှေးအစဉ်အဆ ဘ အရ "တုရိုဏ်တိုင်"လို့သာ နာမသတ် အနက်ပေးကြပါတယ် မာဂဓ အဘိဓာန်မှာ တောရဏာန္တု ဗဟိဒွါရံလို့ ဆိုတယ်။ တံခါး ခဲ့အပြင်





www.burmeseclassic.com

www.burmeseclassic.com

အမည်ရှိတဲ့ အရာဝတ္ထုတစ်ခုလို့ ဆိုတယ်။ သက္ကတအဘိဓာန် ထောမန်မိဗ္ဗ တောရဏသဒ္ဒါရဲ့ အနက်ကို ပြဆိုရာမှာ ဗဟိဒွါရေ ထမ္ဘော ပရိဃ္ဃ သီဟကာရေကာဌေ၊ ဒွါရ ဗာဟျဒွာရေလို့ လာပြန်တယ်။ ငါတို့ မြန်မာနိုင်ငံမှာ ဘယ်လိုအရာဝတ္ထုမျိုးဆိုလိုသည်ကို ကောန်ဆုံးဖြတ်ဖို့ ခဲယဉ်းတယ်လို့ မဟာင်မကျ ရေးသားဖော်ပြထားတာ တွေ့ရတယ်။

မဂဓအဘိဓာန်နဲ့ ထောမနိမိအဘိဓာန် တွေအဆိုအရ တံခါးရဲ့ ပြင်ပမှာရှိတဲ့ တိုင်ဖြစ်ကြောင်းကို ဆိုလိုတာ သိသာပါတယ်။ ဒါပေမယ့် အရာဝတ္ထုရဲ့ ပုံသဏ္ဌာန်ပေါ်လွင်အောင် ပြန်ဆိုမထားပါ။ လယ်တီပဏ္ဍိတဦးမောင်ကြီးဟာ တုရိဏ်နဲ့ ပတ်သက်တဲ့ ပျို့ကဗျာတွေကိုလည်း ဖွေရှာစီစစ်လို့ ပြခဲ့ပါသေးတယ်။

မဟာနဂရ၊ မြို့တွင်းပဌ်၊ ဂေါပုရဝင်၊ မာခြင်ကျောက်စစ်၊ တိုင်ရှားနှစ်ကို၊ စိုက်လှစ်ခါသော်၊ မြေပေါ်မြေဝင်၊ တူပင်အမျှ၊ ရှစ်မြှောင့်ပြ၍၊ တူစွပန်းပု၊ ခြယ်မှုပန်းချီ၊ စိုက်မှီဝဲယာ၊ တောရဏာဟု၊ ကျမ်းလာပိုင်ပိုင်၊ တုရိဏ်တိုင်လည်း။ နိုင်နိုင်မှီမှီ၊ တို့ရှေးမြို့သည်၊ နတ်တို့ပြည်နှင့် တုနှိုင်းတည်း။ ။

တောရဏအနက် တုရိဏ်တိုင်ရဲ့အကြောင်းကို မုံရွေးဆရာတော် ရေးသားထားတဲ့ ကာသပျို့သစ်ကို ကိုးကားထောက်ပြထားတယ်။ ဒီပျို့စာပိုဒ်အရဆိုရင် ကျောက်လို မာကျောတဲ့ ရှားနှစ်ရှစ်မြှောင့်တိုင်ဖြစ်လို့ ပန်းချီ၊ ပန်းပုတွေနဲ့ ခြယ်မှုန်းထားကြောင်း၊ မြေထဲစိုက်တဲ့ အတိုင်းအတာနဲ့ မြေပေါ်မှာပေါ်နေတဲ့ အတိုင်းအတာတူညီနေကြောင်း သိနိုင်ပါတယ်။

လယ်တီပဏ္ဍိတဟာ ဒီကာသပျို့နဲ့ တုရိဏ်တိုင်ပုံသဏ္ဌာန်ကို ဘဝင်မကျသေးတာကြောင့် ဆက်လက်ပြီး တုရိဏ်တိုင်နဲ့ပတ်သက်တဲ့ စာပေတွေကို ဆက်လက်ရှာဖွေ ဖော်ထုတ်ပြပြန်ပါသေးတယ်။ မင်္ဂလာရှိတဲ့ အရာဌာန၊ ခမ်းနားကြီးကျယ်တဲ့ အရာဌာနတွေကိုဆိုရာမှာ အရှင်မဟာ ဗုဒ္ဓဃောသ အစရှိတဲ့ ကျမ်းပြုဆရာတွေက "တောရဏ" သဒ္ဒါကို သုံးစွဲလေ့ရှိကြပါတယ်။ သုတ်ပါထေယျအဋ္ဌကထာ လက္ခဏသုတ်မှာတော့ -

ဘဂဝတော အသီတိ အနုဗျဉ္ဇနာနိ ဗျာမပ္ပဘာ ဒွတ္တိံသ မဟာပုရိသလက္ခဏာနိ၊ ယေဟိစ ဘဂဝတော ကာယော သဗ္ဗာလိ ဖုလ္လော ဝိယ ပါရိဆတ္တကော၊ ဝိကာသိ တမိဝ သတသဝန် နာနာရတနဝိစိတ္တံ ဝိယ သုဝဏ္ဏတောရဏံ၊ အာရောပိတဒီပ ဝိရောစမိဝ ဂဂနတလံ၊ ဣတောစိတော စ ဝိဿတာရာ ဝိမ္ပန္နမာနာ သဗ္ဗဏ္ဏရာသိယော မုစန္တော အံဝိဝိယ



အဘိဓာန်နိဿယသစ်ကျမ်းပြု အဂ္ဂမဟာပဏ္ဍိတ

အဘယာရာမဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသ

မဟာထေရ်မြတ်



သောဘတိ ဆိုပြီး

မြတ်စွာဘုရားရဲ့ ကိုယ်တော်မြတ်ဟာ ရတနာအမျိုးမျိုးတွေနဲ့ ခြယ်လှယ်အပ်တဲ့ ရွှေတုရိဏ်တိုင်ကြီးပမာ တင့်တယ်ကြောင်းကို ပြဆိုထားပါတယ်။ သီလက္ခန် အမ္ဗဋ္ဌသုတ် အဋ္ဌကထာ ပေါက္ခရသာရီ ပုဏ္ဏားရဲ့ ရှုပကာယ သမ္ပတ္တိကို ပြဆိုရာမှာလည်း တဿ ကိရကာယော သေတ ပေါက္ခရ သဒိသော၊ ဒေဝနဂရေ ဥဿာ ပိတ တောရဏံဝိယ သောဘတိ လို့ ဆိုတယ်။

သာမုဒြိက လက္ခဏာကျမ်း။ ယောက်ျားခန်းမှာ အင်္ဂသံ ကုလိယံ စက္ကံ၊ ယဿ ပါဏိတလေ ဘဝေ။ တောရဏံ ပုဏ္ဏရိကဉ္စ၊ ရဇ္ဇံတဿ ဝိနိဒ္ဒိသေ ဆိုပြီး အကြင်ယောက်ျားရဲ့ လက်ဖဝါးလယ်မှာ တုရိဏ်တိုင်ပမာ အရေးအကြောင်းပါရှိရင် မင်းဖြစ်နိုင်တယ်လို့ ဖွင့်ဆိုပြထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မင်းနဝဒေးဆိုတဲ့ သမုဒ္ဒြာ လင်္ကာမှာတော့ - "လက်ဝဲအပြင်၊ ဩွယ်ငင်ဝိုက်လည်း၊ တံတိုင်းပြီးခိုင်၊ တုရိုဏ်တိုင်သို့၊ ဩွယ်ပြိုင်ပုံထောက်၊ မြင်တုံမြောက်မှူး၊ ကျွန်ပေါက်ကြီးသား၊ ဖြစ်လှည့်ခြားလည်း၊ ပြည်းဘွားမျိုးနွယ်၊ သိန္ဓောနယ်လျှင်၊ လူ့ဝယ် မင်းကြီး၊ တစ်စင်းထီးတည်း"လို့ စပ်ဆိုထားတာကို ထောက်ပြပါတယ်။ တောရဏသဒ္ဒါကို ဆိုတဲ့အရာတွေ များလှတယ်။ တောရဏသဒ္ဒါအနက် မြန်မာတို့ တုရိုဏ်တိုင်ခေါ်တဲ့ ဝတ္ထုခြင်းကို အတပ်သိအောင် မေးမြန်းကြပါဦးလို့ တုရိုဏ်တိုင်နဲ့ပတ်သက်ပြီး လယ်တီပဏ္ဍိတရဲ့ ဖွင့်ဆိုရေးသားချက်တွေကို တင်ပြပါတယ်။

လယ်တီပဏ္ဍိတရဲ့ တုရိုဏ်တိုင်အဖွင့်ကို ဖတ်ရှုပြီး တုရိုဏ်တိုင်အကြောင်းကို ဆက်လက်ရှာဖွေကြည့်ရာ စတုရင်္ဂဗလအမတ်ကြီးရဲ့ အဘိဓာန်ဋီကာကို လှန်ကြည့်မိပါတယ်။ "တိုင်ဖျားဌ် ပန်းစသည်တို့နှင့်ယှဉ်သော တင့်တယ်သော တိုင်နှစ်ခုကို အစုံစိုက်ထူ၍ တံခါး၏ပြင်ပ၌ ထားအပ်၏။ ထိုတိုင်သည် တုရိုဏ်တိုင်ဖြစ်သည်"လို့ ဖွင့်ဆိုရေးသားထားရာ ပုံသဏ္ဍာန်မှာ ဝိုးတဝါးမှုသာ ဖြစ်ပါတယ်။ ပေါ်ပေါ်လွင်လွင် အနက်အဓိပ္ပာယ် ဝတ္ထုနဲ့ မထင်မမြင်လာခဲ့ပါ။

ပုဂံမင်းလက်ထက်ကရေးသားခဲ့တဲ့ သံတော်ဆင့် မဟာဇေယျသခ်ယာ(ဦးချိန်)ရဲ့ အဘိဓာနတ္တ ဝိသောဒနီကျမ်းမှာလည်း တုရိုဏ်တိုင်နဲ့ပတ်သက်လို့ တစ်စုံတစ်ရာမျှ ဖွင့်ဆိုထားခြင်းမရှိပါ။

မန္တလေးမြို့အနောက်ပြင် အဘယာရာမဆရာတော်ရဲ့ အဘိဓာန်န်သျှသစ်ကို ရှာဖွေကြည့်ဖြစ်သောအခါမှ တုရိုဏ်တိုင်အကြောင်းကို မျက်ဝါးထင်ထင် သိမြင်သဘောပေါက်လာရပါတယ်။ ဒါပေမယ့် ဆရာတော်က "တောရဏ တုရိုဏ်း" လို့ ဝစ္စနှစ်လုံး အပိုထည့်ပြန်ဆိုထားပါကယ်။ "တုရိုဏ်တိုင်"လို့ ရေးသားမထားခဲ့ပါ။ အရှင်ကေလာသ (မွှာစရိယ ဂဏဝါစကဘီအေဂုဏ်ထူး)ရဲ့ အဘိဓာန်နိသျ သစ်မှာတော့ "တုရိုဏ်း" ပြန်ဆိုထားပြန်ပါတယ်။ "တုရိုဏ်း"လို့ ဝိသဇ္ဇနီ နှစ်လုံးနဲ့ နှစ်မှုလုံးမှာ ပြန်ဆိုထားကြတာကို လေ့လာမှတ်သားရပါတယ်။

မြန်မာစာ စာလုံးသတ်ပုံကျမ်းမှာတော့ "တုရိုဏ်တိုင်" လို့ စာလုံးပေါင်းထားတယ်။ မြန်မာစာရေးထုံးကျမ်းမှာလည်း အတူတူဖြစ်ပါတယ်။ အဘယာရာမဆရာတော်က တုရိုဏ်းတိုင်ရဲ့ ပုံသဏ္ဍာန်ကို များလှတဲ့ အဋ္ဌကထာ အကိုးအကားတွေနဲ့ အကျယ်ဖွင့်ဆိုရေးသားပြထားရာ ပုံစံကို သိသာရုံမျှ ထုတ်နုတ်ဖော်ပြပေးပါ့မယ်။

"တုရိုဏ်းဆိုသည်မှာ လေးကိုင်းသဏ္ဍာန် ပြုအပ်တဲ့ မှန်ကုန်း(မှန်ဂုံး)ရှိတဲ့ အိမ်ပြင်တံခါး၊ ဝင်းတံခါး၊ မြို့တံခါး(တံခါးမှန်)၊ ဘုရားမှန်၊ ကျောင်းမှန်၊ ဗိမာန်မှန် စတာတွေကို ခေါ်လိုတယ်"လို့ ပြန်ဆိုထားပါတယ်။

အမရကောသ စိန္တာမဏိဋီကာမှာ ပြဆိုထားတာက ါ

ဒွါရဂ္ဂေ နိခါတတ္ထမ္ဘာနံ ဥပရိ နိဗဒ္ဓ နာနာရတနာ ဒိ ့ယံ

မနကာရာ ယံ လက္ခိတံ၊ တံ တောရဏံ တဒုပလက္ခိ တ ဏ္ဍာ

ဗဟိဒွါရန္တ။

ဒွါရဂ္ဂေ-ဝင်းတံခါး၊ မြို့တံခါး၏ရှေ့ ၌၊ နိခါတတ္ထမ္ဘာနံ-စိုက်အပ်သော တံခါးတိုင်တို့၏၊ ဥပရိ-အထက်၌၊ နိဗဒ္ဓ-ဖွဲ့အပ်ထားသော၊ နာနာရတနာဒိမယံ-အထူးထူး ရတနာ စ သည်တို့ဖြင့်ပြီးသော၊ မနကာရာရံ-လေးကိုင်းသဖွယ် အခြင်းအ ရာရှိသော၊ ယံလက္ခိတံ-အကြင်သိအပ် မှတ်အပ်သော အရာ ည်၊ အတ္ထိ-ရှိ၏။ တံ-ထိုသိအပ် မှတ်အပ်သော အရာသည်၊ တော ဏံ-တုရိုဏ်းမည်၏။ တဒုပလက္ခိတတ္ထာ- ထိုမှန်ကုန်းဟူသော တိုင်တို့ဖြင့် သိမှတ်အပ်သောကြောင့်၊ ဗဟိဒွါရန္တ-အပြင် ံခါး၊ ဝင်းတံခါး၊ မြို့တံခါးမကြီးသည်လည်း၊ တောရဏံ-တုရိ ်းမည်၏။ ဆိုပြီး အနက်အဓိပ္ပာယ်ပြန်ဆိုထားရာ ပုံသ ဏ္ဍာန် အရာဝတ္ထု သိမြင်လွယ် ထင်ရှားလှပါတယ်။

ဒီမှာပြဆိုထားတဲ့ "နာနာရတနာဒိမယံ"ဆိုတဲ့ ပါဠိ ဥဏ္ဏိယပါဠိ ဆိုလိုချက်အဓိပ္ပာယ်မှာ ကြွယ်ဝချမ်း ာတဲ့ မင်းစိုးရာဇာ၊ သူဌေးသူကြွယ်၊ ဘီလျံနာတွေရဲ့ နေထိုင်ရာ နန်းတော်၊ အိမ်ခြံဝင်းတံခါးတွေမှာ ပြုလုပ်ထားတတ်ကြတာကို ရည်ညွှန်းပြီး ဆိုခြင်းဖြစ်ပါတယ်။ လေးကိုင်းပုံစံ မှန်ကုန်း (မှန်ဂုံး)နဲ့ ပြုလုပ်ထားတဲ့ တံခါးမှန်၊ ပြာသာဒ်ဝင်းတံခါး၊ မြို့တံခါး၊ ကျောင်း တံခါး၊ ဘုရားမှန်ဦးတံခါး၊ အိမ်တံခါး စတာတွေကို တော ရဏ-တုရိုဏ်ခေါ်ဆိုကြောင်း ရေးသားထားပြီး ဝိမာနဝတ္ထု၊ ဒုက နိပါတ်၊ သဒ္ဒာယတနသံယုတ်၊ မဇ္ဈိမပဏ္ဏာသသံယုတ် စတဲ့ အဋ္ဌ ကထာကျမ်းတွေမှာ ကိုးကားရေးသား ပြဆိုထားတာတွေကို ဆက ်လက် လေ့လာ သုတေသနပြုကြဖို့အတွက် ရေးသားတင်ပြ ိုက်ရပါတယ်။

**အောင်မြင့်မြတ်(ပြည်ချေဘို)**



www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာစွမ်းအားကြီးမား ကာစင်ဆရာတော်ဘုရား

■ ပထမံဆရာကြီး ဦးအောင်သူ






www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သော နံနက် ကျွန်ုပ်သည် ကုန်သည်လမ်းနှင့် လမ်း ၅၀-၅၁ လမ်း ထိပ်ရှိ ကိုချစ်သိန်းလက်ဖက်ရည်ဆိုင်တွင် စာရေးဆရာ ရေကျော်စိုးအောင်နှင့် အခြားသော မွေမိတ်ဆွေများဖြစ်ကြသော ကိုလုရွှေ ကိုလုဝင်းတို့နှင့် တွေ့ရာလေးပါး စကားပြောကြရင်း ကျွန်ုပ်မှ စတင်လျက်...

"ဆရာစိုးအောင်ရေ...တစ်နေ့ ကျွန်တော် ဘုန်းရောင်ဂျာနယ်ကို ဆရာတော်ကြီးဆီ သွားပေးရင်း ရေသန့် တစ်ပုလင်းဝယ်ပြီး ဆရာတော်ကြီးရဲ့ မေတ္တာရေစင်ကို တောင်းပါတယ်။ ကျွန်တော်လည်း အဲဒီရေပုလင်းရဲ့အဖုံးကို ဖွင့်ပေးပါတယ်။ ဆရာတော်ကြီးလည်း ဘယ်လိုမှမပြောဘဲ လက်ညှိုးလေးနဲ့ ရေကို ထိတို့လိုက်ပါတယ်။ ကျွန်တော်လည်း ဆရာတော်ကြီးကို ဦးသုံးကြိမ် ကန်တော့ပြီး အိမ်ပြန်ခဲ့တယ်။

နောက်တစ်နေ့ မနက်စောစော အိပ်ရာထ ဘုရားဝတ်ပြုပြီး အမှတ်တမဲ့ ရေပုလင်းကို ကြည့်လိုက်တော့ ဆရာကိုစိုးအောင်ရေ...ရေသန့်တစ်ပုလင်းလုံး ဆူနေတာ တွေ့ရတယ်"

"ဟုတ်လားဆရာ"

"သိပ်ဟုတ်တာပေါ့ ဆရာစိုးအောင်ရာ"

"ဒါဆို ကျွန်တော်လည်း လိုက်ဖူးချင်တယ်ဆရာ။ ရေစင်လည်းလိုချင်တယ်"

ကျွန်ုပ်ပြောသမျှကို နားထောင်နေကြသော ကိုလုရွှေ ကိုလုဝင်းတို့လည်း အံ့သြလျက် -

"အင်း...ထူးတော့ထူးတာပဲ ဆရာဦးအောင်သူ။ ဒါပေမယ့် ကျုပ်တို့ကတော့ မအားတော့ မလိုက်နိုင်သေးပါဘူး"

ကျွန်ုပ်မှ -

"ရပါတယ် ဆရာတို့ရာ"

ဟု ပြန်လည်ပြောလိုက်ပါသည်။ ထိုစဉ် ဆရာကိုစိုးအောင်မှပင် ကြားဖြတ်၍ -

"ကဲ...ဆရာဦးအောင်သူ၊ ကျွန်တော့်ကို မနက်ဖြန်လိုက်ပို့ဗျာ"

ကျွန်ုပ်မှ -

"ကောင်းပါပြီဗျာ။ ပါရမီဖြည့်ရတာပေါ့လေ"

နောက်တစ်နေ့ နံနက်စောစော ကိုချစ်သိန်းလက်ဖက်ရည်ဆိုင်မှာပင် ဆုံကြရန် ချိန်းလိုက်ပါသည်။

စောစောစီးစီး ဆရာကိုစိုးအောင်နှင့်အတူ စန္ဒရားဦးချစ်ဆွေ၏သားဖြစ်သူတို့ ရောက်လာသည်နှင့် ကျွန်ုပ်ဦးဆောင်ပြီး လှိုင်သာယာမြို့သို့ အမှတ် ၄၈ ကားစီးလျက် ခရီးနှင်ခဲ့ကြရာ တစ်နာရီကျော်ကျော်အချိန်၌ အင်းစိန်မြို့ ဈေးဝသို့ ရောက်ပါသည်။ ထိုနေရာမှတစ်ဆင့် အမှတ် ၁၂၅ စီးပြီး ကြိုးတံတားကို ဖြတ်ကျော်လိုက်သည်နှင့် (၁)ဂိတ်မှတ်တိုင် ဆင်းကြပြီး လမ်းလျှောက်သွားရာ ကစင်ဆရာတော်ကြီး ကျောင်းဝသို့ ရောက်ကြသည်နှင့် ကျွန်ုပ်မှ -

"ကဲ...ဆရာတို့၊ ရေသန့်တစ်ပုလင်းစီ ဝယ်ပေးဗျာ။ ဆရာတော်ဆီမှာ ရေစင်တောင်းကြရအောင်"

"ဟုတ်ကဲ့ပါ ဆရာ"

ဟု ပြောကြလျက် ကျွန်ုပ်အပါအဝင် ရေသန့်ပုလင်းကိုယ်စီကိုင်လျက် ဆရာတော်ထံ သွားကြပါသည်။

မကြာမီ ဆရာတော်ကြီးသီတင်းသုံးရာ ကျောင်းပေါ်သို့ တက်သွားသည့်နှင့် အသင့်ပင် ဆရာတော်ကြီး၏အနီးကပ် ကျန်းမာရေးစောင့်ရှောက်သူ ဆရာဝန်အား တွေ့သည်နှင့် ဆရာတော်ကို ဖူးတွေ့လိုကြောင်း ခွင့်တောင်းပါသည်။ ထိုစဉ် ဆရာဝန်မှပင် ဦးဆောင်ပြီး ဆရာတော်ကြီး သီတင်းသုံးရာနေရာသို့ ပို့ပေးပါသည်။ အဆင်သင့်ပင် ဆရာတော်ကြီးကို ဖူးတွေ့ရသည်နှင့် ကျွန်ုပ်တို့ သုံးဦးစလုံး ဦးသုံးကြိမ်ချပြီး မိမိတို့ ယူလာသော ရေသန့်ပုလင်းများကို အဖုံးဖွင့်၍ပေးကြရာ ဆရာတော်ကြီးမှလည်း မည်သို့မှ မိန့်ကြားခြင်းမရှိဘဲ လက်ညှိုးလေးဖြင့် ရေပုလင်းကို နှိုက်ပြီး ကျွန်ုပ်တို့ကို ပြန်၍ပေးပါသည်။ ကျွန်ုပ်တို့၏ ဦးခေါင်းကိုလည်း ပုတ်၍ပေးပါသည်။ ကျွန်ုပ်တို့ သုံးဦးစလုံးပင် ဆရာတော်ကြီးကို ဦးသုံးကြိမ်ချ၍ ပြန်ခဲ့ကြပါသည်။

ဤနေရာ၌ သတိပြုမိသည်မှာ တစ်စက္ကန့်မျှ အချိန်တိုအတွင်း ပရိတ်ရွတ်ဖတ်ခြင်းမပြုဘဲ ဆရာတော်ကြီး၏ လက်ညှိုးဖြင့် ထိရုံမျှဖြင့် ရေဆူခြင်းသည် မေတ္တာတရား၏ စွမ်းအားကြီးမားပုံသည် အံ့ဖွယ်ရာ ဖြစ်ပါပေသည်။ နောက်တစ်နေ့၌ ကျွန်ုပ်နှင့် ရေကျော်စိုးအောင်တို့ နံနက်စောစော ကိုချစ်သိန်းလက်ဖက်ရည်ဆိုင်မှာပင် ဆုံကြပြန်ပါသည်။ ကျွန်ုပ်မှပင် စ၍ -

"ဘယ့်နှယ်လဲ ဆရာကိုစိုးအောင်၊ ရေစင်ဆူလား"

"မသိလိုက်ဘူး ဆရာရေ"

"ဟင်...ဘာဖြစ်လို့လဲ"

www.burmeseclassic.com

ကျွန်ုပ်အမေးကို ဆရာကိုစိုးအောင် မဖြေသေးဘဲ ပြုံးဖြဲဖြဲလုပ်နေပြီးမှ ဆက်၍ -

"အိမ်ရောက်တာနဲ့ ကျွန်တော့်မရီးကို ရေတိုက်လိုက်ပါတယ်။ ဒါကြောင့် မသိလိုက်တာပါဆရာ"

၎င်းမှ ဆက်လက်၍ -

"ဒါပေမယ့် စန္ဒရားဦးချစ်ဆွေရဲ့သားကတော့ ပြောပါတယ်။ သူ့ရေပုလင်းက ဆူနေတယ်လို့ ပြောပါတယ်"

"ဟား…တော်သေးတာပေါ့ ဆရာကိုစိုးအောင်။ ကျွန်တော် ပါရမီဖြည့်ရကျိုး နပ်တာပေါ့။ ကျွန်တော့်ရေကတော့ ဆူနေတယ်။ ဒါနဲ့ ကျွန်တော့်ရဲ့ ထူးခြားချက်ကို ဆရာကိုစိုးအောင်ကို ပြန်ပြီး ဖောက်သည်ချမယ်"

"ဆိုပါဦး ကိုအောင်သူ"

"ဒီလိုဗျ။ ကျွန်တော် ရေစင်မေတ္တာပုလင်းကို ဝေဒနာရှင်တစ်ဦးကို ပေးလိုက်တယ်။ အဲဒီဝေဒနာရှင်ဟာ တစ်ရက်၊ နှစ်ရက်အတွင်း သူ့ရောဂါ သက်သာတယ်လို့ ဆိုတယ်။ နောက်တစ်ဦးကိုတော့ လူမျိုးခြားတစ်ဦးကို စီးပွားရေးကိစ္စ၊ အတိုက်အခိုက်ကိစ္စနဲ့ ပတ်သက်ပြီး သုံးကြည့်ခိုင်းတယ်။ သူတို့ကလည်း အောင်မြင်တယ်လို့ ပြောပါတယ်"

ထိုစဉ် ဆရာကိုစိုးအောင်မှ -

"ကျွန်တော်မှားသွားပါတယ်… ဆရာဦးအောင်သူ"

ကျွန်ုပ်မှ -

"ဘာမှားတာလဲဗျ"

"ဩော်…ရေစင်ပုလင်းကို တစ်ညထားပြီး မသုံးမိလို့ပါ"

"ကိစ္စမရှိပါဘူး ကိုစိုးအောင်ရယ်။ စွမ်းတာကတော့ စွမ်းပါတယ်"

ဟူ၍ ဖြေသိမ့်စကားပြောဆို၍ အပြီး ကျွန်ုပ်တို့ လမ်းခွဲ၍ မိမိတို့သွားလိုရာသို့ သွားကြပါတော့တယ်။

ကျွန်ုပ်သည် ထိုနေ့ညဉ့် တော်တော်နှင့် အိပ်လို့မရပါ။ အကြောင်းသော်ကား ဆရာတော်ကြီးအား မည်သို့ ကျေးဇူးတုံ့ပြန်ရမည်လဲ၊ မည်ကဲ့သို့ ကျေးဇူးပြုရမည်နည်း စသည်ဖြင့် အတွေးပေါင်းစုံ ဝင်နေသောကြောင့် ဤဆောင်းပါးဖြင့် စာဖတ်သူများ သိစေရန် မှတ်တမ်းတင်အပ်ပါ၍ ဆရာတော်ဘုရားကြီးအား ဦးတိုက်ဦးခိုက်လျက် ကန်တော့ပန်းဆင်လိုက်ရပါတော့သည်။

အမှန်မှာကား ဆရာတော်ဘုရားသည် ကျော်ကြားမှုကို မလိုလားပေ။ ဆရာတော်ကြီး၏ အနီးကပ်ဒကာတစ်ဦးဖြစ်သူ ဦးတင်မြမှ ပြောပြချက်အရ လွန်ခဲ့သော အချိန်ကာလတစ်နေ့က ပရိတ်သတ်များ အုန်းအုန်းကျွက်ကျွက် ဆူသံများကြားရ၍ ဆရာတော်ကြီးမှ ဘာဖြစ်လို့လဲဟု မေးမြန်းရာ အနီးကပ်ဒကာတစ်ဦးမှ -

"ဆရာတော်ကြီးဘုရား။ ဆရာတော်ကြီးဆီမှ ချီးမြှင့်တဲ့ ရေတွေဆူပြီး ဝေကျလို့ အံ့ဩနေကြတာပါဘုရား"

လို့ ပြန်လျှောက်တဲ့အခါ ဆရာတော်ကြီးက -

"ဟဲ့…ဒကာတို့၊ ဆူဆူညံညံ လုပ်မနေကြနဲ့။ ကြာရင် လူတွေအုံလာမယ်"

လို့ တားမြစ်ခဲ့ပါတယ်။ ဒါဟာ မကျော်ကြားလို၍ တားမြစ်လိုက်ခြင်းဖြစ်ပါတယ်။ ကျွန်ုပ်အနေနှင့်လည်း ဆရာတော်ကြီးအား ကျော်ကြားစေလိုသော သဘောဆောင်၍ ရေးသားခြင်း မဟုတ်ပါ။ ဆရာတော်ကြီးကို ကြည်ညိုပြီး မေတ္တာစွမ်းအားကြီးမားပုံကို အံ့ဩမိ၍သာ ဖြစ်ပါသည်။ ဆရာတော်ကြီးသည် ပရိတ်ရွတ်ဖတ်ခြင်းမပြုပါဘဲနှင့် စိတ်ဖြင့် တစ်ခဏတာအတွင်းမှာပင် လက်နှင့်ရေ တွေ့ထိရုံမျှဖြင့် ဤရေကဲ့သို့ ရေပုလင်းဆူပွက်ခြင်းသည် မည်ကဲ့သို့ သိဒ္ဓိပေါက်နေကြောင်းကို သိနိုင်စွမ်းမရှိပါ။

တကြွင်း ။ စာဖတ်ပရိသတ်များ မိမိတို့နှင့် ကြုံတုန်း ဆရာတော်ကြီးထံသွား၍ မိမိတို့လိုရာဆန္ဒများကို လျှောက်ထားခံယူနိုင်ရန် မျှဝေခံစားလိုက်ပါသည်။

ဆရာတော်ကြီး၏ ဩဝါဒမှာ -

"မမြဲတရား အမြဲပွား"

ဟူ၍သာ ဖြစ်ပေသည်။

တောတိုင်းမှာ ပတ္တမြားမရှိ၊
တောင်တိုင်းမှာ စန္ဒကူးမရှိ၊
ဆင်တိုင်းမှာ အမြဲတေမရှိ၊
အရပ်တိုင်းမှာ ပညာမရှိ။

(လောကနီတိကျမ်း)

**ပထမံဆရာကြီး
ဦးအောင်သူ**



www.burmeseclassic.com


www.burmeseclassic.com

# ကျောင်းပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၅ ခုနှစ်၊ တပို့တွဲလ

## 2014 FEBRUARY

| | | |
|---|---|---|
| စနေ Saturday | 1 ၂ | |
| တနင်္ဂနွေ Sunday | 2 ၃ | |
| တနင်္လာ Monday | 3 ၄ ရက်ယုတ်မာ မဟာရက်ကြမ်း | |
| အင်္ဂါ Tuesday | 4 ၅ ရက်ရာဇာ | 18 ၄ ရက်ရာဇာ မဟာရက်ကြမ်းရက်ယုတ်မာ |
| ဗုဒ္ဓဟူး Wednesday | 5 ၆ | 19 ၅ |
| ကြာသပတေး Thursday | 6 ၇ ရက်ရာဇာ | 20 ၆ ရက်ရာဇာ |
| သောကြာ Friday | 7 ၈ | 21 ၇ |
| စနေ Saturday | 8 ၉ | 22 ၈ |
| တနင်္ဂနွေ Sunday | 9 ၁၀ | 23 ၉ |
| တနင်္လာ Monday | 10 ၁၁ | 24 ၁၀ |
| အင်္ဂါ Tuesday | 11 ၁၂ ရက်ရာဇာ | 25 ၁၁ ရက်ရာဇာ |
| ဗုဒ္ဓဟူး Wednesday | 12 ၁၃ ပြည်ထောင်စုနေ့ | 26 ၁၂ |
| ကြာသပတေး Thursday | 13 ၁၄ ရက်ရာဇာ | 27 ၁၃ ရက်ရာဇာ |
| သောကြာ Friday | 14 ၁၅ တပို့တွဲ လပြည့် | 28 ၁၄ တပို့တွဲလကွယ် |
| စနေ Saturday | 15 ၁ | |
| တနင်္ဂနွေ Sunday | 16 ၂ | |
| တနင်္လာ Monday | 17 ၃ အမြိတ္တစုတ်ရက် | |



၁၄. ၂. ၂၀၁၄ စန်းပြောင်းရက်စွဲ ၂၈. ၂. ၂၀၁၄

**၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဂြိုဟ်ပြောင်းချိန်**

တနင်္ဂနွေသည် - ၁၄. ၂. ၂၀၁၄ သောကြာနေ့ နံနက် ၂ နာရီ ၅၁ မိနစ် ၄၇ စက္ကန့်တွင် ကုံရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၄. ၂. ၂၀၁၄ အင်္ဂါနေ့ နေ့လည် ၂ နာရီ ၇ မိနစ် ၂၆ စက္ကန့်တွင် တူရာသီသို့ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၆. ၂. ၂၀၁၄ ကြာသပတေးနေ့တွင် ကုံရာသီ၌ ဝကြသွားသည်။

ဗုဒ္ဓဟူးသည် - ၁၈. ၂. ၂၀၁၄ အင်္ဂါနေ့ ညနေ ၆ နာရီ ၅၉ မိနစ် ၂၉ စက္ကန့်တွင် မကာရရာသီသို့ ပြန်ဝင်သည်။

ဗုဒ္ဓဟူးသည် - ၂၈. ၂. ၂၀၁၄ သောကြာနေ့တွင် သမပြန်သွားသည်။

ကြာသပတေးသည် - မေထုန်ရာသီ၌ ဝကြသွားသည်။

သောကြာသည် - ၂၆. ၂. ၂၀၁၄ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁၂ နာရီ ၂၆ မိနစ် ၁၈ စက္ကန့်တွင် မကာရရာသီသို့ ပြောင်းသည်။

စနေသည် - တူရာသီသို့ ပြောင်းသည်။

ရာဟုသည် - တူရာသီသို့ ပြောင်းသည်။

(၁၇. ၂. ၂၀၁၄)ရက်သည် အမြိတ္တစုတ် ကျ၍ *အကောင်းဆုံးရက်များ* ဖြစ်သည်။

### အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

*တနင်္ဂနွေသားသမီးသည်* အနောက်မြောက်အရပ်တွင် ထောက်ကြံ့ပင် စိုက်ပါ။

*တနင်္လာသားသမီးသည်* အရှေ့အရပ်တွင် ဩဇာပင် စိုက်ပါ။

*အင်္ဂါသားသမီးသည်* အနောက်တောင်အရပ်တွင် ခရေပင် စိုက်ပါ။

*ဗုဒ္ဓဟူးသားသမီးသည်* မြောက်အရပ်တွင် စိန်ပန်းပင် စိုက်ပါ။

*ကြာသပတေးသားသမီးသည်* အနောက်အရပ်တွင် လောက်သေပင် စိုက်ပါ။

*သောကြာသားသမီးသည်* တောင်အရပ်တွင် ပိတောက်ပင် စိုက်ပါ။

*စနေသားသမီးသည်* အရှေ့တောင်အရပ်တွင် သစ်ခုံး၊ သစ်အယ်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



# သူတို့ဆီက အဆောင်လက်ဖွဲ့

ဟီးသရိုးလေဆိပ် ၁၉၇၆

ကျွန်တော် စီးနင်းလိုက်ပါလာသော လေယာဉ်ပျံကြီးမှ လေယာဉ်မယ်လေး၏အသံသည် ကျွန်တော်အိပ်စက်နေခြင်းကို နှိုးလိုက်ပါသည်။ ကျွန်တော့် ခဲ့ စီးနင်းလိုက်ပါလာသည့် လေယာဉ်သည် မကြာမီကာလအတွင်း လန်ဒန်မြို့ ဟီးသရိုးလေဆိပ်သို့ ဆင်းသက်တော့မည်ဖြစ်ကြောင်းနှင့် ထိုင်ခုံခါးပတ်များကို တပ်ဆင်ထားရန်ကို အင်္ဂလိပ်ဘာသာစကားဖြင့်လည်းကောင်း၊ ဂျပန်ဘာသာစကားဖြင့်လည်းကောင်း ကြေညာလိုက်ပြီး ယခုအချိန်သည် လန်ဒန်မြို့ စံတော်ချိန် နံနက် ၆း၄၅ နာရီ ရှိပြီဖြစ်ကြောင်းကိုပါ တစ်ပါတည်း ကြေညာပေးပါသည်။ ကျွန်တော်လည်း ကျွန်တော်၏ ရည်မှန်းချက်ဖြစ်သော လန်ဒန်မြို့သို့ ဆင်းသက်ရန်အတွက် ပြင်ဆင်လိုက်ပါသည်။

ကျွန်ုပ်တော်သည် ၁၉၇၆ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့မှ ဘန်ကောက်လေယာဉ်ကွင်းသို့ ညနေ လေးနာရီခွဲတွင် ရောက်ရှိခဲ့ပြီး ဘန်ကောက်လေယာဉ်ကွင်း၌ နှစ်နာရီမျှ စောင့်ဆိုင်း၍ အင်္ဂလန်နိုင်ငံသို့ ထွက်ခွာမည့် ဘိုးရင်း ၇၄၇ ဂျပန်လေကြောင်းလိုင်း JAL လေယာဉ်ပေါ်သို့ လိုက်ပါစီးနင်းလာခဲ့ခြင်း ဖြစ်ပါသည်။ တိုက်ဆိုင်မှုတစ်ရပ်ကို ပြောရပါလျှင် ကျွန်တော်သည် ဂျပန်နိုင်ငံသို့ ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ထွက်ခွာသွားခဲ့ဖူးသဖြင့် ကျွန်တော့်အတွက် နိုဝင်ဘာလ ၁၅ ရက် နိုင်ငံခြားသွားရကိန်းကြုံသည့် နေ့ရက်တစ်ခု ဖြစ်နေသကဲ့သို့ပင် ဖြစ်ပါသည်။

ကျွန်တော်၏ လေယာဉ်ခရီးစဉ်တစ်လျှောက်တွင် လမ်း၌ ရပ်နားမှု သုံးကြိမ်ကြုံခဲ့ရပါသည်။ ပထမဆုံးရပ်နားသည့် မြို့သည့် အိန္ဒိယပြည်၊ ဘုံဘေ (မွန်ဘိုင်း)မြို့ ဖြစ်ပါသည်။ ထိုမှတစ်ဆင့် အီရန်နိုင်ငံ၊ တဟီရန်လေယာဉ်ကွင်းတွင် ရပ်နားပါသည်။ ထိုစဉ်က အီရန်နိုင်ငံကို ရှားဘုရင် အုပ်ချုပ်နေဆဲကာလဖြစ်ပါသည်။ တဟီရန်လေဆိပ်ကို ညဘက်တွင် ရောက်ရှိသွားရာ မီးများ ထွန်းညှိထားပြီး လွန်စွာမှ လှပသော လေဆိပ်တစ်ခု ဖြစ်ပါသည်။ သို့ရာတွင် ဘုံဘေ(မွန်ဘိုင်း)မြို့တွင်လည်းကောင်း၊ တဟီရန်တွင်လည်းကောင်း ဆင်းသက်ခွင့်မပြုပါ။ တတိယ ခေတ္တရပ်နားသော လေယာဉ်ကွင်းမှာ ရောမမြို့ ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com

ခေတ္တဆင်းရသော်လည်း ညဘက်ဖြစ်နေသဖြင့် ဆိုင်များပိတ်ထားသဖြင့် လေယာဉ်ကွင်းတွင် စိတ်ဝင်စားဖွယ်ရာ မကြည့်ရှုရတော့ပါ။ သို့နှင့်ပင် ကျွန်တော် တစ်ယောက် လန်ဒန်သို့ ရောက်ခဲ့ရပါပြီ။

လန်ဒန်လေဆိပ်သို့ အရောက်တွင် လူဝင်မှုကြီးကြပ်ရေးကောင်တာတွင် မည်သည့်ကိစ္စနှင့် လာရောက်သည်ကိုလည်းကောင်း၊ မည်မျှကြာမြင့်စွာ နေထိုင်မည်ကိုလည်းကောင်း မေးမြန်း၍ ကျွန်တော်ပြောဆိုသည့်အတိုင်းပင် ခြောက်လနေထိုင်ခွင့်တံဆိပ်ကို ရိုက်ပေးလိုက်ပါသည်။ အကောက်ခွန်ကောင်တာတွင်လည်း ကြီးကြပ်ပစ္စည်း ကြေညာရန်မလိုသော ကောင်တာမှတစ်ဆင့် ထွက်ခဲ့၍ လေဆိပ်အဆောက်အဦအကျယ်ကြီးထဲတွင် ဟိုကြည့် သည်ကြည့်လုပ်နေစဉ် အင်္ဂလိပ်လူမျိုးတစ်ဦးက ကျွန်တော့်ထံ ချဉ်းကပ်၍ မစ္စတာချောင်လားဟု မေးမြန်းရာ မဟုတ်ကြောင်းပြောပြ၍ အခြားသူများရှိရာသို့ သွားရောက်၍ အရှေ့တိုင်းမှ လာသူများကို တစ်ဦးပြီးတစ်ဦး မေးနေသည်ကို တွေ့ရပါသည်။ ကျွန်တော်လည်း ကျွန်တော့်ထံတွင်ပါလာသော ခရီးသွားလက်မှတ်အချို့ကို လိုလိုမည်မည် ရုံးတွင်ရောင်းချနေသော အောဘီစီ လန်ဒန်စာအုပ်နှင့် မြေအောက်ရထားလမ်းပြမြေပုံငယ်ကတ်ပြားတစ်ခု ဝယ်ယူလိုက်ပါသည်။ လန်ဒန်တွင် အောဘီစီ လန်ဒန်စာအုပ်နှင့် မြေအောက်ရထားလမ်းပြမြေပုံတစ်ခုရှိလျှင် လိပ်စာသိသော မည်သည့်နေရာမဆို လွယ်ကူစွာ သွားနိုင်ပါသည်။ ကျွန်တော် ဟီးသရိုးလေဆိပ်မှ မြို့ထဲသို့သွားရာတွင် ပထမဆုံး ဆင်းသက်ရမည့် မော်တော်ယာဉ်ရပ်စခန်းမှာ ဗိတိုရိယဖြစ်၍ ထိုဒေသသို့သွားမည့် မော်တော်ယာဉ်ပေါ်သို့ တက်၍ ပြားငါးဆယ်ပေး၍ စီးနင်းလိုက်ပါခဲ့ပါသည်။ ပြားငါးဆယ်ဟုဆိုရာတွင် လန်ဒန်ရောက် မြန်မာများ၏ အခေါ်ပင် ဖြစ်ပါသည်။ စတာလင်တစ်ပေါင်ကို ဆယ်လီစိတ်စိတ်ထားသဖြင့် တစ်ပဲနီကို တစ်ပြားခေါ်ခြင်းပင် ဖြစ်ပါသည်။ ဗိတိုရိယယာဉ်စခန်းသို့ ရောက်ရှိသွားပါသည်။ ထိုစခန်းသို့ ရောက်ရှိရာတွင် ထူးဆန်းဖွယ်ရာတစ်ခု ဖြစ်ပါတော့သည်။ ဗိတိုရိယ ယာဉ်စခန်းရှိ စုံစမ်းရေးရုံးရှေ့ရှိ ထိုင်ခုံတစ်ခုပေါ်တွင် လေဆိပ်၌ ကျွန်တော့်အား လာရောက်မေးမြန်းသူ ထိုင်နေခြင်းပင် ဖြစ်ပါသည်။ သူက ကျွန်တော့်ကိုမြင်လျှင်မြင်ချင်းပင် နေရာမှ ထလာ၍ လေဆိပ်တွင် မေးမြန်းသည့်အတိုင်း ထပ်မံမေးမြန်းပါတော့သည်။ ကျွန်တော်လည်း မိမိသည် မစ္စတာချောင်း မဟုတ်ကြောင်းကို ဖြေဆိုရာတွင် ထိုသူက မကျေမနပ်ဖြစ်နေပြီး ယင်း၏အိတ်အတွင်းမှ စာရွက်တစ်ရွက်ကိုထုတ်၍ ကျွန်တော့်အမည်ကိုထုတ်၍ ကျွန်တော့်အမည် ကျော်ဝင်းဟု အင်္ဂလိပ်စာဖြင့် ရိုက်နှိပ်ထားသည့် စာရွက်ကိုပြရာ ကျွန်တော်က ဟုတ်ကြောင်း ဝင်ခံလိုက်ပါသည်။ ကျွန်တော့်နာမည်မှာ ကျော်နှင့် ဝင်း နှစ်လုံးပါရှိရာ ပထမအလုံးဖြစ်သည့် ကျော်ကို ချောင်းဟု အသံထွက်ဖြင့် မေးမြန်းခြင်း ဖြစ်ပါသည်။ ကျွန်တော်ကလည်း ချောင်းဆိုသည့်အမည်မှာ တရုတ်နာမည်ဖြစ်၍ မဟုတ်ကြောင်း ငြင်းဆိုခဲ့ခြင်းပင် ဖြစ်ပါသည်။ ထိုသူသည် ကျွန်တော့်အား လာကြိုဆိုနေသူဖြစ်ကြောင်း ဗိတိုရိယကားစခန်းကျမှ သိရပါတော့သည်။ ကျွန်တော်၏ သေတ္တာအားဆွဲ၍ ကားပေါ်တင်ပြီး ယင်းခေါ်ရာသို့ လိုက်ပါသွားပါတော့သည်။ သည်နေရာတွင် ဟောင်ကောင်လေဆိပ်သို့ ၁၉၆၄ ခုနှစ်ရောက်ခဲ့စဉ်ကနှင့် ကွာကြောင်း ဖော်ပြလိုပါသည်။ ဟောင်ကောင်လေဆိပ်တွင် တည်းခိုမည့်ဟိုတယ်မှ လာရောက်ရာတွင် ကျွန်တော်၏အမည်ကို ကဒ်ပြားကြီးတွင်ရေး၍ ထောင်ထားရာ ထိုသူရှိရာသို့ သွားလိုက်ရုံမျှနှင့် အဆင်ပြေသွားခဲ့ပါသည်။

ကျွန်တော် လန်ဒန်ရောက်ရှိပြီး တည်းခိုနေထိုင်ရေးကို စီစဉ်ရာ သံရုံးအကူအညီဖြင့် နေထိုင်ရာ နေရာတစ်ခုရှိခဲ့ပါသည်။ သင်တန်းနှင့်လည်းနီးပြီး ဈေးနှုန်းလည်း သက်သာပါသည်။ ရက်သတ္တတစ်ပတ်လျှင် စတာလင်ပေါင်ရှစ်ပေါင်သာ ကျပါသည်။ လန်ဒန်မြို့၏ အစွန်အဖျား မရောက်တရောက်နေရာ ဖြစ်ပါသည်။ ရှက်ပတ်ဘွတ်(ရှ်)ဟု ခေါ်တွင်သောနေရာဖြစ်၍ အမှတ်-၉၇၂ ဟော်လံလမ်းပေါ်ရှိ အိမ်တစ်အိမ်ဖြစ်ပါသည်။ ထိုအိမ်တွင် အခန်းငါးခန်းရှိ၍ တစ်ခန်းကို ပိုင်ရှင်ဖြစ်သူ မစ္စစ်ကားရ်နေထိုင်၍ ကျန်အခန်းများကို ကျွန်တော်ကဲ့သို့သော မြန်မာသင်တန်းသားများကို ငှားရမ်းထားရာ ကျွန်တော်မှလွဲ၍ အားလုံး ဆရာဝန်တွေချည်း ဖြစ်ပါသည်။ ကျွန်တော်ရရှိသော အခန်းမှာ အကျဉ်းဆုံးအခန်းငယ် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကြိုက်နှစ်သက်ပါသည်။ ဆောင်းဦးကာလဖြစ်၍ အလွန်အေးပါသည်။ အခန်းကို အပူငွေ့ပေးရာတွင် ဂက်စ်မီးဖိုဖြင့် ပေးရသဖြင့် အနွေးမြန်ပြီး ကြာရှည်နွေးနေပါသည်။ ဂက်စ်ဖိုးကုန်ကျစရိတ် နည်းပါသည်။ ထိုနေ့သည် ရောက်စဖြစ်၍ အလုပ်မရှိပါ။ အိမ်ခန်းအတွင်း နေရာတကျရှိစေရန် ပစ္စည်းများ နေရာချထားပြီး အပြင်ထွက်ညစာစားပြီး အိပ်စက်ရန်သာ ရှိပါတော့သည်။ ကျွန်တော်လည်း ဂက်စ်မီးလင်းဖိုကို ဖွင့်၍ မီးညှိလိုက်ပါသည်။ နွေးထွေးသော အရသာကို ရရှိပါသည်။ သို့ဖြစ်၍ အခန်းမီးပိတ်ပြီး ခေါင်းမြီးခြုံ၍ အိပ်လိုက်ပါတော့သည်။ သို့ရာတွင် အိပ်မရ၊ ဟိုလိုမို့၊ သည်လိုမို့နှင့် ဖြစ်နေပါသည်။ ညဆယ့်တစ်နာရီခန့်တွင် မီးလင်းဖို ငြိမ်းသွားပြီး အေးစက်လာပါတော့သည်။ မီးလင်းဖိုကို ထပ်၍ မီးမွှေးရန် ထလိုက်ပါတော့သည်။ မီးလင်းဖိုနားတွင် စာလေးတစ်စောင်ကို အိမ်ရှင်က ကပ်ထားပါသည်။ အလားတူပင် တစ်ခန်းလုံး၌ ပြတင်းပေါက်ကအစ စာလေးများကပ်ထားပြီး အိမ်ရှင်၏ ညွှန်ကြားချက်များ ရေးထားသော စာကလေးမှာ အခြားမဟုတ်ပါ။ "သင်အလုပ်သို့ထွက်သွားလျှင် ပြတင်းပေါက် ဖွင့်ခဲ့ပါ"ဟူ၍ ဖြစ်ပါသည်။ ဒါပေမယ့် မီးလင်းဖိုအနီးတွင် ကပ်ထားသောအခါတွင်မူ "ဂက်စ်မပါလျှင် ပိုက်ခံထည့်ပါ" ဟူ၍ပင် ဖြစ်ပါသည်။ သို့ပါ၍ ကျွန်တော့်တွင်ရှိသော အကြွေဆယ်ပြားထည့်ပြီး မီးပြန်ညှိရာလျှင် မီးတောက်လာပါတော့သည်။ ထိုညက အကြွေသာမရှိလျှင် တစ်ညလုံးချမ်းနေတော့မည် ဖြစ်ပါသည်။ နောက်ပိုင်းတွင် သိရှိလာရသည်မှာ လန်ဒန်တွင် ဘာလုပ်ချင်လုပ်ချင် ပိုက်ဆံအရင်ထည့်ရတာကိုပင် ဖြစ်ပါသည်။

ထိုညက ကောင်းကောင်းအိပ်မရပါ။ နံနက် အိပ်ရာမှထပြီးနောက် ပေါင်မုန့်မီးကင် လေးချပ်၊ ထောပတ်ယို၊ ကြက်ဥတစ်လုံးကြော်၊ နောက်ပြီး ဝက်သားဆားနယ်(ဘေကင်) နှစ်ချပ်ကြော်ပြီး နက်စ်ကော်ဖီပူပူလေးသောက်ကာ သင်တန်းသို့ ထွက်ခဲ့ပါသည်။ သူတို့ဆီမှာ ဒီလိုပဲ စားကြတော့ ရရာနဲ့ပဲ ဒီလိုစားပြီး ပြီးခဲ့ရပါသည်။ သို့ရာတွင် ပဲပြုတ်အိအိ အညှောင့်ထွက်လေးကို ထမင်းကြော်ပြီး ပူပူလေး လွေးရသလောက် အာသာမပြေပါ။ သင်တန်းခန်းထဲရောက်သည့် အချိန်မှစ၍ တစ်ချိန်လုံး အိပ်ငိုက်နေပါသည်။ ညနေပိုင်းရောက်သည့်အထိပင်။ သင်တန်းအားလပ်သည့် နေ့လယ်ပိုင်းတွင် နေ့လယ်စာကို အနီးရှိ ဆိုင်တစ်ဆိုင်တွင် ဝယ်စားပါသည်။ ရောက်စမို့ မြန်မာထမင်းဟင်းကို ကိုယ်တိုင်ချက်ရန် မစီစဉ်ရသေးပါ။ ထိုသို့စားသောက်နေစဉ်တွင် မြန်မာနိုင်ငံမှ ယူကေနိုင်ငံသို့ လေးနှစ်ကြာ လာရောက်၍ သင်တန်းတက်ရောက်နေသော မြန်မာတစ်ဦးကို တွေ့ရှိရပါတော့သည်။ သူလန်ဒန်သို့ ရောက်ရှိသည်မှာ နှစ်နှစ်ကျော်ပြီ ဖြစ်ပါသည်။ ရုတ်တရက် မမှတ်မိသော်လည်း ယင်းမှာ ကိုဝင်းအောင်ဆိုသူ ဖြစ်နေပါသည်။ ရန်ကုန်တက္ကသိုလ်တွင် သင်ယူသည့် ဘာသာချင်း မတူခဲ့သော်လည်း အတူကျောင်းတက်ဘက် ငယ်သူငယ်ချင်းတစ်ဦးဖြစ်ပါသည်။ သူငယ်ချင်းဟောင်း ပြန်လည်တွေ့ရသဖြင့် ဝမ်းသာသွားပါသည်။ အားကိုးတကြီးလည်း ဖြစ်သွားပါသည်။ လန်ဒန်အတွေ့အကြုံ ကျွန်တော့်ထက်များ၍ ဆရာတင်ရမည်ဖြစ်ပါသည်။ သို့နှင့် သူရှိရာ စားပွဲသို့ ပြောင်းရွှေ့ထိုင်လိုက်ပါတော့သည်။

"ကိုဝင်းအောင်···ခင်ဗျားနဲ့တွေ့ရတာ ကျွန်တော့်အဖို့တော့ ပျော်စရာကြီးပဲ။ လန်ဒန်အကြောင်း သိကောင်းစရာတွေ ခင်ဗျားဆီက သင်ရမှာပဲ။ ကောင်းတာတွေရော၊ မကောင်းတာတွေရောပေါ့ဗျာ"

"ရပါတယ် ကိုကျော်ဝင်းရယ်၊ ဒါနဲ့ ခင်ဗျား လန်ဒန်ရောက်နေတာ ဘယ်လောက်ကြာပြီလဲ"

"ရက်ပိုင်းပဲ ရှိပါသေးတယ်"

"ကောင်းပြီလေ။ နောက်တော့ ကျွန်တော်နေထိုင်တဲ့နေရာကို ခေါ်သွားမယ်။ လောလောဆယ်တော့ ခင်ဗျားဆီပဲ လာခဲ့မယ်။ ဒါနဲ့ ခင်ဗျား ဘယ်မှာနေသလဲ"

"ကျွန်တော် (၇၂)၊ ဟော်လန်လမ်းမှာ မစ္စကားရ်ရဲ့ အိမ်မှာပါ"

သူရုတ်တရက် ကျွန်တော့်ကို သေသေချာချာကြည့်လိုက်သည်။ ပြီးမှ သူက ဆက်၍···

"ဘယ်အခန်းမှာ နေလဲ"

"အခန်းကျဉ်းလေးမှာ နေတယ်"

ကျွန်တော် ပြောသည်ကို အံ့ဩစွာ ကြည့်ရင်း···

"ခင်ဗျား အဲဒီအခန်းကျဉ်းလေးမှာ နေတယ်ဟုတ်"

ဟု တအံ့တဩမေးရာ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော်က···

"ဟုတ်တယ် ဘာဖြစ်လို့လဲဗျ"

"ဘာမှ မဖြစ်ပါဘူး"

ခေတ္တမျှ ကျွန်တော်တို့ စကားရပ်သွားကြသည်။ နောက်မှ သူက စ၍ လန်ဒန်အကြောင်း သိကောင်းစရာလေးများပြောပြီး လမ်းခွဲလိုက်ကြပါသည်။

ကျွန်တော်လည်း သင်တန်းမှာပြန်၍ အိပ်ခန်းသို့ ပြန်ခဲ့ပါသည်။ လူကတော့ အိပ်ငိုက်နေပါသည်။ သို့ဖြစ်ပါ၍ ထိုနေ့အဖို့ အခြားနေရာများမသွားတော့ဘဲ အခန်းရှိရာသို့ တိုက်ရိုက်ပြန်ခဲ့ရာ ညနေလေးနာရီကျော်ပြီ ဖြစ်ပါသည်။ အလွန်အမင်း အိပ်ချင်နေသဖြင့် အခန်းသို့ရောက်လျှင်ရောက်ချင်း ခေတ္တလဲလျောင်းလိုက်ပါသည်။ ခေတ္တလဲလျောင်းလိုက်သည်ဆိုသော်လည်း အိပ်ပျော်သွားပါသည်။ ညခုနစ်နာရီကျော်မှ နိုးပါသည်။ အပြန်တွင် ဝယ်ယူလာသော ကင်တာကီကြက်ကြော်နှင့် အာလူးကြော်ကို ညစာအဖြစ် ဝါးလိုက်ပါသည်။ ယခု ရန်ကုန်မြို့တွင် ရောင်းချနေသော မက်ဘာဂါနှင့် ဆင်ပါသည်။ ဗိုက်လည်းပြည့်သွားပြီး အိပ်ရေးလည်း အနည်းငယ် ဝသလိုဖြစ်သွားသဖြင့် အနီးအနားရှိ ကုလားဆိုင်သို့သွား၍ ဆန့်ဆီမှအစ ဝယ်ယူခဲ့ပါသည်။ နောက်တစ်နေ့မှစ၍ မြန်မာထမင်းဟင်းကို ချက်စားရတော့မည်။ ဝမ်းသာနေပါသည်။ ယခင်ညက အိပ်ပျက်ထ...သဖြင့် စောစောအိပ်ပါသည်။ သို့ရာတွင် ကောင်းစွာ အိပ်မပျော်ပါ။ ဟိုလှည့်၊ သည်လှည့်နှင့် အချိန်ကုန်ခဲ့ရပြန်ပါသည်။ ကျွန်တော်သိပါပြီ။ နေ့နှင့်ည မှားနေခြင်းပင် ဖြစ်ပါသည်။ နောက်တစ်ပတ်လောက်ကြာတော့ တဖြည်းဖြည်းကျင့်သား၍ နေ့ညမှန်ကန်စွာ ကောင်းစွာ အိပ်ပျော်စားဝင်လာပါတော့သည်။ သို့နှင့်ပင် သင်တန်းသို့ ဆက်တက်ရပါသည်။ တဖြည်းဖြည်း သင်တန်းချိန်များလာပြီး ညနေပိုင်းလည်း ကွန်ပျူတာသင်တန်းတက်ရသဖြင့် မအားလပ်တော့ပါ။

ဤသို့နှင့် ရက်သတ္တနှစ်ပတ်ကျော် ကြာမြင့်သွားပါသည်။ တစ်နေ့တွင် ဝင်းအောင်နှင့် တွေ့နေကျနေရာတွင်ပင် တွေ့ကြသဖြင့် လက်ဖက်ရည်အတူသောက်ရင်း စကားစကြပြန်သည်။ သူကစ၍···

"ကိုကျော်ဝင်း···ခင်ဗျား အရင်အခန်းပဲနေလား"

"အေးဗျာ···အဲဒီအခန်းက နေလို့လည်းကောင်း၊ ဈေးလည်းသက်သာဆိုတော့ အဲဒီမှာပဲ နေတာပေါ့။ ဘာဖြစ်လို့လဲ"

"ကျွန်တော် လန်ဒန်ရောက်ခါစက ဒီအခန်းမှာ နေခဲ့တယ်။ ဒါနဲ့ ခင်ဗျား ညည အိပ်လို့ရရဲ့လား"

"ရောက်ခါစကတော့ နေ့ညမှားနေလို့ ကောင်းကောင်း မအိပ်နိုင်ဘူး။ ခုတော့ ဟန်ကျသွားပါပြီ"

"ကျွန်တော် အဲဒီအခန်းမှာနေတုန်းက ညဆိုရင် အိပ်လို့မရဘူး။ တစ်လ-နှစ်လလောက်ပေါ့ဗျာ"

"ဟုတ်လား။ နောက်တော့ကော အိပ်လို့ရသွားသလား"

"အင်း···ဒါပေမယ့် အဲဒီအကြောင်းလေးပေါ့ ပြောပြချင်တယ်"

"ကဲ···ပြောပြဗျာ။ ဒီနေ့အချိန်ရတယ်"

"ဒီလိုဗျ။ ကျွန်တော် အိပ်မရတာကြာလာတော့ တစ်ခု စိတ်ကူးရတယ်။ ဒါနဲ့ ခင်ဗျား တီလောဘ်ဆန်ရဲ့ စာအုပ်တွေ ဖတ်ဖူးသလား"

"ဖတ်ဖူးပါတယ်။ ရန်ကုန်တုန်းက အမြဲလိုဖတ်နေတာ။ အင်းဝစာအုပ်တိုက်မှာရတယ်လေ။ စုစုပေါင်း ခြောက်အုပ်လောက်တော့ ဖတ်ဖူးတယ်။ သူက တိဘက်အယူအဆတွေ ရေးထားတာလေ"

"ဟုတ်တယ်။ သူ့စာအုပ်တွေထဲမှာ ကျွန်တော်သဘောကျတာလေးတွေ ပါတယ်။ အဲဒီထဲက တစ်ခုကတော့ စိတ်ထိန်းကျောက်တုံးလေးပဲ။ အဲဒီကျောက်တုံးလေးကို ထွင်းထားပုံဟာ သိပ်နူးညံ့တယ်။ လက်ထဲမှာ ကိုင်ထားပြီး လက်မနဲ့ပွတ်နေရင် စိတ်တည်ငြိမ်လာတယ်လို့ ဆိုတယ်လေ။ ဒါကြောင့် အဲဒီကျောက်တုံး ရောင်းတယ်ဆိုတဲ့ နေရာကို စာကြည့်တိုက်သွားပြီး မွေရဲ့ စာအုပ်ထဲက ကူးယူခဲ့ပြီး စာရေးမှာလိုက်တယ်။ စာတိုက်ကရောက်လာတော့ သုံးဆယ့်ခုနစ်ပြားပေးရတယ်။ ဒါနဲ့ပဲ အဲဒီစိတ်ထိန်းကျောက်တုံး Tranquilizer Touch Stone ကို ပွတ်ရင်း စိတ်ကလည်း ဘုရားဂုဏ်တော်မှတ်ပြီး လုပ်နေခဲ့တာပေါ့ဗျာ"

"ဒါနဲ့ ခင်ဗျားအိပ်ပျော်သွားရောလား"

"အင်း···နည်းနည်းတော့ သက်သာသလိုလိုပဲ။ ဒါပေမယ့် ကောင်းကောင်းတော့ အိပ်မပျော်ပါဘူး"

"စိတ်ပုတီးစိပ်ပါလားဗျ"

www.burmeseclassic.com

“ကျွန်တော်လာစဉ်က စိပ်ပုတီး မပါခဲ့ဘူး”

“ဟာ…ဦးဘအိုဆိုင်မှာ ဝယ်ရင်ရတယ်ဗျာ”

“နောက်တော့ ကျွန်တော်ဝယ်ယူခဲ့တဲ့ ကျောက်တုံးလေးနဲ့အတူ ကြော်ငြာစာပါလာတာကို ဖတ်ကြည့်မိတယ်။ အဲဒီထဲမှာ လက်ဖွဲ့တို့၊ အဆောင်တို့ စုံလို့ပေါ့ဗျာ။ ဈေးကတော့ ကြီးတယ်”

“အဲဒါတွေ ဘာလုပ်ဖို့လဲ”

“အိပ်မပျော်တာ ကြာလာတော့ ကျွန်တော့်စိတ်ထဲမှာ ပရလောကကနေပြီး တစ်ခုခုနှောင့်ယှက်နေပြီလို့ ထင်တယ်။ ဒါကြောင့် ပရလောကရဲ့ အနှောင့်အယှက်ကင်းနေပြီး ကြီးပွားချမ်းသာစေတယ်ဆိုတဲ့ အဆောင်လက်ဖွဲ့တစ်ခုကို မှာလိုက်ဖို့ စိတ်ကူးတယ်။ ဒါနဲ့ ကျွန်တော့်ရဲ့ မွေးသက္ကရာဇ်နဲ့တကွ မွေးရာဒေသ၊ အချိန်နာရီ စသည်ဖြင့် ပို့ပြီးမှာလိုက်တယ်”

“အဲဒါတွေက ဘာအတွက်ပေးရတာလဲ”

“သူ့အညွှန်းထဲမှာ အဲဒါတွေရမှ တွက်ချက်ပြီး နေ့ နာမ်၊ နက္ခတ်နဲ့ ကိုက်တဲ့ အဆောင်လက်ဖွဲ့ရမှာဗျ”

“အင်း…ဆိုပါဦး”

“မကြာခင်မှာပဲ အဲဒီအဆောင်လက်ဖွဲ့ ကျွန်တော့်ဆီ ရောက်လာပါတယ်။ သုံးပေါင်ခွဲလောက် ပေးရတယ်။ အဲဒီအဆောင်လက်ဖွဲ့ကို ခေါင်းအုံးအောက်မှာထားအိပ်ပါလို့ ညွှန်ကြားချက်ပါလာတယ်။ ကျွန်တော်လည်း အဲဒီအဆောင်လက်ဖွဲ့ကို ခေါင်းအုံးအောက်ထားအိပ်တယ်။ နေ့ပိုင်းတော့ ကျွန်တော်နဲ့အတူ ဆောင်သွားတယ်။ အဲဒီလိုနဲ့ပဲ သုံးရက်လောက်ကြာတော့ ညတစ်ညမှာ ကျွန်တော် မေးခနဲ အိပ်ပျော်သလိုဖြစ်သွားတယ်။ မကြာခင်မှာပဲ ကျွန်တော် ခုတင်အောက်က ပစ္စည်းတစ်ခုခုကို ဆွဲထုတ်တဲ့အသံ ကြားရတယ်။ ပစ္စည်းက ခုတင်နဲ့ မလွတ်တလွတ် ဖြစ်နေတော့ တခုံးခုံးနဲ့ ခုတင်မှာ လာဆောင့်နေသလို ခံစားရတယ်။ နောက်တော့ လွတ်သွားပြီး ခုတင်အောက်ကနေ ထွက်သွားတယ်။ ဒါနဲ့ ကျွန်တော်မျက်စိဖွင့်ကြည့်တော့ သေချာဖွင့်လို့မရဘူး။ မှေးတေးတေးနဲ့ မြင်ရသလိုဖြစ်သွားတာကတော့ ကြောက်စရာပဲ။ လူတစ်ယောက် ဝတ်စုံပြည့်နဲ့ ဝဝတုတ်တုတ်၊ ဦးခေါင်းကြီးကလည်း အကြီးကြီးပဲ။ ကျွန်တော့်ကို နောက်ကျောခိုင်းပြီး အင်္ဂလိပ်ပုံစံခေါင်းကြီးတစ်လုံးကို ဆောင်းမှာပါတဲ့ လက်ကိုင်ကွင်းတစ်ခုကနေ ဆွဲပြီး ကျွန်တော့်အခန်းထဲကနေ တရွတ်ဆွဲထုတ်သွားတယ်။ ပြီးတော့ ကျွန်တော့်အခန်းကို တံခါးလည်းမဖွင့်ဘဲ ထွက်ပြီး ပျောက်ကွယ်သွားတယ်။ သူပိုင်တဲ့ပစ္စည်း သူဆွဲယူသွားသလိုပဲ။ ကျွန်တော်လည်း တစ်ချိန်တည်း အိပ်ပျော်သွားဘယ်။ အဲဒီနောက်ပိုင်းတော့ ဘာမှ မဖြစ်တော့ဘဲ အိပ်ကောင်းစားကောင်း ဖြစ်သွားတာပေါ့ဗျာ။ အရင်တုန်းက ကျွန်တော်အိပ်လို့မရအောင် သူပဲ နှောင့်ယှက်နေတာဖြစ်မှာဗျ”

“သူပဲ နှောင့်ယှက်နေတာဖြစ်မယ်ဆိုတော့ သူဆိုတာ ဘယ်သူ့ကိုပြောတာလဲ”

“သေသွားတဲ့လူ့ရဲ့ ဝိညာဉ်ပေါ့ဗျာ။ ဒီအခန်းမှာက ဖြစ်ရပ်ဆန်းတစ်ခုဖြစ်ခဲ့တယ်ဆိုတာ နောက်ပိုင်း ကျွန်တော်သိခဲ့ရတယ်”

“ဘယ်လိုသိခဲ့ရတာလဲ”

“အဲဒီလို ကျွန်တော်အနှောင့်အယှက်ကင်းသွားပြီးနောက်ပိုင်းမှာ ကျွန်တော့်ရဲ့ ဖြစ်ရပ်ကို အိမ်ရှင်အဘွားကြီးကို ပြောပြတယ်။ သူကတော့ ကျွန်တော်စိတ်စွဲလမ်းမှုကြောင့်လို့ပဲ ပြောတာပဲ။ ဒါပေမယ့် ကျွန်တော်ကလည်း ဟိုမေးသည်မေးနဲ့ စုံစမ်းခဲ့တယ်။ ဘာမှ ထူးခြားတဲ့အကြောင်း မကြားခဲ့ရဘူး။ ဒါနဲ့ ကျွန်တော်လည်း ဆက်ပြီး အဘွားကြီးကိုပဲ ချော့မော့မေးတာပေါ့။ မကြာခဏ မေးပါများလာတော့ သူက ကျွန်တော့်ကို ပြောပြတယ်။ မင်းစိတ်မှာ အနှောင့်အယှက်မဖြစ်ဘူးဆိုရင် ငါပြောပြမယ်ဆိုပြီး သူက ပြောပြတယ်။ ကျွန်တော့်အခန်းမှာ ကျွန်တော်မနေခင် လွန်ခဲ့တဲ့ နှစ်နှစ်လောက်က လူတစ်ဦး နေသွားတယ်။ အဲဒီလူက ဘရာဇီးလ်နိုင်ငံကဖြစ်ပြီး သင်တန်းသားတစ်ယောက်ပဲ။ စာလည်းတော်တယ်၊ နေထိုင်တာလည်း အေးဆေးတယ်။ ငွေရေးကြေးရေးလည်း ဖူလုံတယ်လို့ ဆိုတယ်။ အဲဒီလူ့ရဲ့ ပုံပန်းသဏ္ဌာန်ကတော့ သူပြောပြတဲ့ ပုံစံနဲ့ အိပ်မက်ထဲကလို၊ အိပ်မက်ဆန်ဆန်လို တွေ့ခဲ့ရတဲ့လူနဲ့ ပုံစံချင်းတူနေတာကို တွေ့ရတယ်။ အဲဒီလူကို ဂျော့ George လို့ အသိများတယ်။ တစ်နေ့ကျတော့ အဲဒီလူဟာ ဘာမှ အနေအထိုင် မပြောင်းလဲလာဘဲ သူ့အိပ်ရာပေါ်မှာ အိပ်ဆေးအလွန်အကျွံ



www.burmeseclassic.com

www.burmeseclassic.com

သောက်ပြီး သေခဲ့ဖူးကြောင်း ပြောပြတယ်။ ဒါနဲ့ ကျွန်တော်က ကျွန်တော် အိပ်တဲ့ အိပ်ရာပေါ်မှာလားဆိုတော့ သူက ဒါတွေအားလုံး အသစ်လဲထားတာ လို့ ဆိုတယ်။ အဲဒီလူရဲ့ ဝိညာဉ်ဟာ နေရာပေါ်မှာ စွဲလမ်းပြီး ကျွန်တော့်ကို နှုတ်ဆက်ပေးနေရာက အဆောင်လက်ဖွဲ့ ကြောင့် လစ်ပြေးသွားတယ်လို့ ထင်တာပဲ။

"အဲဒါ ခင်ဗျားအဆောင်လက်ဖွဲ့ ရလာလို့ စိတ်အေးသွားပြီး အိပ်ပျော်သွားတာလည်း ဖြစ်နိုင်တယ်။ အရင်က အိပ်မရဖြစ်နေတာလည်း စိတ်ကြောင့် ဖြစ်နိုင်တာပဲ။ အဲဒါကြောင့် အိပ်မက်ဆန်ဆန်တွေ ဖြစ်လာတာလားမှ မသိဘဲ။ အဲ···ဒါပေမယ့် တစ်ခု ထူးဆန်းတာကတော့ အိပ်မက်ထဲပုဂ္ဂိုလ်နဲ့ အသွားကြီးပြောပြတဲ့ လူနဲ့ ရုပ်ချင်းခင်တူဖြစ်နေတာတော့ ထူးဆန်းတာပဲ"

"အဲဒါတွေကတော့ ကျွန်တော် မသိဘူးဗျာ။ ကျွန်တော့်အတွက် ထူးဆန်းလာတာကတော့ လက်ဖွဲ့ရဲ့ အစွမ်းပဲ။ ကျွန်တော် သင်တန်းမှာရော၊ အခြားသူတွေနဲ့ ဆက်ဆံနေတဲ့ နေရာမှာရော ကောင်းမွန်တိုးတက်လာတယ်။ ပြီးတော့ ကူညီမယ့်သူတွေလည်း ပေါ်လာတယ်"

"ဒါဆို ဟိုဝိညာဉ်ကောင်ကြီးလည်း ခင်ဗျားလက်ဖွဲ့ကြောက်လို့ တစ်ခါတည်း လစ်ပြေးသွားတာဖြစ်မှာပေါ့"

"ဖြစ်နိုင်တယ်။ ဒါပေမယ့်··· ကိုကျော်ဝင်းမှာ အဲဒီလို အဆောင်လက်ဖွဲ့မျိုး မရှိတော့ ဒီအခန်းကိုပြန်လာရင် လာနိုင်တယ်။ ဒါကြောင့် ခင်ဗျား အဲဒီအခန်းထဲမှာ နေလို့ရတာကို အံ့ဩနေတာ"

"ခင်ဗျားလက်ဖွဲ့က စွမ်းနေတော့ တစ်ခါတည်း အပြီးပြောင်းရွှေ့သွားတာ ဖြစ်မှာပေါ့"

"ဟုတ်မှာပေါ့ဗျာ။ ကဲ···ကျွန်တော်လည်း သွားဦးမယ်။ ကိုကျော်ဝင်း လာဘ်ကောင်းပါစေဗျာ"

"နေပါဦးဗျ။ ခင်ဗျားမှာ အဲဒီ အဆောင်ကို အခုပါလာသလား။ ကျွန်တော့်ကို ပြလို့မရဘူးလား"

"ရပါတယ်။ ဒီမှာကြည့်ပါ"ဟု ဆို၍ အိတ်ထဲမှ ပလတ်စတစ်အပါးနဲ့ လောင်းထားတဲ့ နှစ်လက်မခွဲပတ်လည်ရှိတဲ့ ကတ်ပြားလေးတစ်ခုကို ထုတ်ပြပါသည်။ စက္ကူကတ်ပြားလေးဖြစ်၍ တစ်ဖက်တွင် ကိုးကွက်အင်းချထား၍ နောက်ကျောဘက်တွင် စက်ဝန်းနှင့် မျဉ်းဖြောင့်များ ကြိုးဂံများပါသော ပုံစံတစ်ခုဖြစ်ပါသည်။ သို့ပါ၍ ကျွန်တော်က စပ်စုလိုက်ပါသည်။

"ကိုဝင်းအောင် · · ·ခင်ဗျား အဆောင်က ထူးဆန်းတယ်ဗျာ။ ကျွန်တော် စိတ်ဝင်စားတယ်။ ကူးယူလို့ရရင် ကူးယူချင်တယ်ဗျာ"

ကိုဝင်းအောင် ခေတ္တမျှစဉ်းစားပြီး

"စိတ်ပါဝင်စားရင်လည်း ကူးယူဗျာ။ ဒါပေမယ့် ခင်ဗျားအတွက်တော့ အဆောင်ကောင်း ဖြစ်လာချင်မှ ဖြစ်မယ်"

"အဆောင်အဖြစ်နဲ့ မဟုတ်ပါဘူး။ လုပ်ထားပုံကို စိတ်ပါဝင်စားလို့ပါ"

ဒါနဲ့ပဲ ကျွန်တော်တို့နှစ်ဦး သင်တန်းဆောင်ရဲ့ ညှိခန်းထဲမှာထိုင်၍ ကူးယူလိုက်ပါသည်။ အမှန်တော့ အဆောင်လက်ဖွဲ့လိုချင်၍ မဟုတ်ပါ။ အင်းအိုင်ခါးလှဲ့ လက်ဖွဲ့မန္တရားများ ဝါသနာထုံ၍သာ ဖြစ်ပါသည်။ ကျွန်တော့်တွင် ရာသက်ပန်အဆောင်ကောင်း ရှိသည်ကို ကိုဝင်းအောင် မသိသေးပါ။ တစ်နေ့ ပြောပြဦးမည်ဟု ကျွန်တော် စိတ်ကူးထားခဲ့ပါသည်။ ကျွန်တော်၏ နှလုံးသားတွင် ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်များနှင့် အဆုံးအမဩဝါဒများ၊ ကျွန်တော်၏ ဦးခေါင်းတွင်း၌ ဗုဒ္ဓမြတ်စွာ ရှိနေခြင်းမှာ ကျွန်တော့်အတွက် ရာသက်ပန်လုံလောက်သော အဆောင်လက်ဖွဲ့များဟု ကျွန်တော်ခံယူထားပါသည်။ လက်တွင်လည်း စိတ်ထိန်းကျောက်တုံး မရှိစေကာမူ စိပ်ပုတီးအမြဲရှိနေပါသည်။ ကျွန်တော်ကူးယူခဲ့သော ကိုဝင်းအောင်၏ အဆောင်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကူးယူခဲ့ပြီးနောက် လူချင်းခွဲလိုက်ပါတော့သည်။ ကျွန်တော် အင်္ဂလန်(ယူကေနိုင်ငံ)တွင် ခြောက်လခန့် နေထိုင်ခဲ့ပြီးနောက် ရန်ကုန်မြို့သို့ ပြန်ခဲ့ပါတော့သည်။

<u>ရှေ့ဘက်ပုံ</u>


| | | |
|---|---|---|
| 17 | 24 | 19 |
| 22 | 20 | 18 |
| 21 | 16 | 23 |



www.burmeseclassic.com

www.burmeseclassic.com

## နောက်ကျောပုံ



ရန်ကုန်သို့ရောက်ပြီး အလုပ်များနေသဖြင့် စာဖတ်ချိန်မရခဲ့ပါ။ တစ်နေ့သော် ကျွန်တော်၏ စာဖတ်ခန်းအတွင်းသို့ဝင်၍ စာအုပ်ပေါင်းများ လှန်လှော၍ ဖတ်နေခဲ့မိပါသည်။ ထိုစဉ် ဆရာကြီးဦးသက်ရည်ပြုစုစေ လက်တွေ့မဟာဦးပံ့အင်းသိုက်ကြီးကို ဖတ်ရှုရင်း ရတနာဒီပံဖယောင်းတိုင် စီရင်၍ မြတ်စွာဘုရားအား ပူဇော်ပုံ ပူဇော်နည်းကို ဖတ်ရှုရင်း စာမျက်နှာ ၇၆ တွင် "ရတနာဒီပံ၊ တည်ဟန်အစ၊ သောဠသကို၊ တည်ထအောက်ဆုံး"ဟု ဖတ်ရှုမိရာ သောဠသအင်းကို လေ့လာကြည့်ရာတွင် အကွက်ပေါင်း ၁၀၀ ကွက် တွေ့ရ၍ ၉ ကွက်အင်း ၉ ခု ပေါင်းထားခြင်း ဖြစ်ကြောင်း လေ့လာမိပါသည်။ ထိုအင်း၏ ပထမ ၉ ကွက်သည် ကိုဝင်းအောင်ထံမှ ကူးယူခဲ့သော အဆောင်လက်ဖွဲ့နှင့် ဆင်တူယိုးမှား တွေ့ရပါသည်။ တစ်ဖန် အင်းဝစာအုပ်တိုက်မှ ဝယ်ယူခဲ့သော ကျွန်တော့်ထံတွင် ပောင်းနွမ်းနေပြီဖြစ်သည့် Psychic Sciences စာအုပ်၏ စာမျက်နှာ ၃၈၀ တွင် ကိုဝင်းအောင် အဆောင်လက်ဖွဲ့နောက်ကျောသင်္ကေတပုံကို တွေ့ရှိရပြန်ပါသည်။ သို့ပါ၍ မဇ္ဈိမဒေသတွင် ရှေးပဝေသဏီက သုံးခဲ့သော အင်းကွက်နှင့် အနောက်တိုင်းနိုင်ငံများတွင် ရှေးကသုံးခဲ့သော သင်္ကေတနှစ်ခု ပေါင်းစပ်ထားသော ကိုဝင်းအောင်၏ အဆောင်လက်ဖွဲ့သည် မည်ရွေ့မည်မျှ အစွမ်းထက်သည်ကို သုံးစွဲသူသာ သိမည်ဖြစ်လေသည်။ သုံးစွဲသူ၏ ယုံကြည်ချက်အဟုန်သည် ကိုးကွယ်မှု အဆင့်သို့ပင် ရောက်သွားနိုင်ပေသည်။

ဤနေရာတွင် အလျဉ်းသင့်၍ ဘိုးဖြူဟူသော ပုဂ္ဂိုလ်တစ်ဦး၏ ပြောပြချက်ကို တင်ပြလိုပါသည်။ သူပြောပြသည်ကတော့ တစ်ချိန်က ဘုရင့်နန်းတွင်းမှ တပ်မှူးတစ်ဦးသည် ဓားခုတ်၊ လှံထိုးများ ကျွမ်းကျင်ပါလျက်နှင့် အောင်မြင်မှု ရသင့်သလောက် မရရှိဘဲ ရှိခဲ့ရာ ယင်းကိုးကွယ်သူ ဆရာတစ်ဦးထံသို့သွားရောက်၍ အဆောင်လက်ဖွဲ့ တောင်းယူခဲ့ပါသည်။ ဆရာလုပ်သူကလည်း ငွေပြားတွင် လက်ဖွဲ့ရေးထိုး၍ လိပ်ပြီး ပေးလိုက်ပါသည်။ ထိုသို့ ပေးလိုက်ရာတွင် ထိုအဆောင်လက်ဖွဲ့ကို ဖြေမကြည့်ဘဲနှင့် စစ်ပွဲများ အောင်မြင်လာမှသာ မိမိထံလာ၍ လက်ဖွဲ့ ဖွင့်ကြည့်လိုက ဖွင့်ကြည့်နိုင်ကြောင်း မှာကြားပြီး ဦးခေါင်းတွင် ပန်ဆင်၍ထားရန် ညွှန်ကြားခဲ့ပါသည်။ ထိုတပ်မှူးသည် အဆိုပါလက်ဖွဲ့ကို ယုံကြည်စွာဖြင့် ဦးခေါင်းတွင် လေးလေးစားစား ပန်ဆင်ပြီး တိုက်ပွဲများကို တိုက်ခိုက်ရာတွင် ရန်သူများအား အောင်နိုင်ပြီး ရဲစွမ်းသတ္တိပြည့်ဝလာသဖြင့် ဘုရင်၏ ဆုတော်လာဘ်တော်များ ရရှိခဲ့ကာ နေပြည်တော်သို့ ပြန်ရောက်လာချိန်တွင် ဆရာ့ထံ အပြေးရောက်ရှိလာပြီး ဆရာ့လက်ဖွဲ့သည် အစွမ်းထက်ကြောင်း၊ ရဲစွမ်းသတ္တိပြည့်ဝလာပြီး မိမိစွမ်းရည်ကို မိမိအပြည့်အဝ ယုံကြည်လာကြောင်း၊ အောင်မြင်သဖြင့် ဆရာ၏စွမ်းရည်ကို ချီးမွမ်းကြောင်း၊ ကျေးဇူးကြီးကြောင်း စသည်ဖြင့်ပြောကြား၍ ထိုမျှအစွမ်းထက်သော လက်ဖွဲ့ကို ဖြေဖွင့်၍ ကြည့်လိုကြောင်း ပြောရာ ဆရာလုပ်သူက ဖွင့်ကြည့်လို ကြည့်၍ ပြောပြရာ ဖွင့်ကြည့်လိုက်ပါတော့သည်။ ဆရာပေးသော လက်ဖွဲ့ကို ဖြေ၍ကြည့်ရာတွင် လက်ဖွဲ့၌ ရေးထားသည်မှာကား "**စစ်ပွဲမှာ မသေဘဲ ပြန်ရောက်လာရင် မင်းနမ ငါ့ပေးရမယ်**" ဟူသတတ်။ ဆရာတပည့်နှစ်ဦး တစ်ဦးကိုတစ်ဦး ကြည့်၍ တဟားဟား ရယ်ကြပါတော့သည်။ အမှန်မှာတော့ ဆရာလုပ်သူသည် မိကိုယ်တိုင် အစီအရင် မလုပ်တတ်သည့်တိုင်အောင် စိတ်ဓာတ်မြှင့်တင်ပေးလိုက်ခြင်းပေတည်း။

မည်သို့ပင်ဆိုစေ စာရေးသူအနေနှင့် ဦးခေါင်းထဲသို့ ဝင်လာသည့် စာပိုဒ်ကလေးသည်ကား "ဣန္ဒြိယာပါဒေါ ဣန္ဒြိပါဒေါ" ဆိုသည့် စာပိုဒ်ကလေးပင် ဖြစ်ပါတော့သည်။ ထိုစာပိုဒ်နှင့်ပတ်သက်၍ နောင်အလျဉ်းသင့်က တင်ပြပါမည်။ ယခုတော့ ခေတ္တနားပါရစေ။

ရာဝဏ



www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားအဆောင်
# အမောင် ဘယ်သို့ သုံးမည်နည်း

ကိုမောင်သန်းဝင်း

စာရေးသူတို့ ပညာရင်နို့ သောက်စို့ခဲ့သည့် အထက (၃) တာမွေကျောင်း၏ ဆရာပူဇော်ကန်တော့ပွဲကို နှစ်စဉ် အောက်တိုဘာလ နောက်ဆုံးရက် သတ္တပတ်တွင် လုပ်သည်။ ကန်တော့ပွဲ ဖြစ်မြောက်ရေးအတွက် သုံးလေးလ တင်ကြိုကာ အစည်းအဝေးပြုလုပ်ပြီး ငွေကောက်ခံမည့် ရက်ကို သတ်မှတ်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေရက်များတွင် ကျောင်းသူကျောင်းသားတို့ နေအိမ်ရှိရာသို့ အုပ်စုခွဲပြီး ငွေကောက်ခံကြသည်။

ကျောင်းသူကျောင်းသားအထဲတွင် ကုန်သည်ပွဲစား၊ သဘောသား၊ ဆရာဝန်၊ ရှေ့နေ၊ စာရေးဆရာ၊ ရုပ်ရှင် အနုပညာရှင်တို့နှင့် အရပ်ဘက်၊ စစ်ဘက် အမှုထမ်း၊ အရာထမ်း စုံစီနဖာရှိသည်။ အလှူငွေကောက်ခံသူတို့အထဲတွင် ပါဝင်သည့် စာရေးသူသည် ကျောင်းသူကျောင်းသားတို့၏ နေအိမ်များရှိရာသို့ စုံလင်စွာ ရောက်ဖူးခဲ့သည်။

အလှူငွေကောက်ခံစဉ် ထူးခြားသော ကတ်ပြားလေးကို နံရံတွင်ကပ်ထားသည့် မြင်ကွင်းတစ်ခုကို ပြောရဦးမည်။ တွေ့ရှိခဲ့သည်က ပြည်သာယာ၊ ဘောက်ထော်ရှိ သူငယ်ချင်း ဒေါက်တာကြည်ဝင်းနေအိမ်တွင် ဖြစ်သည်။ တိတိပပပြောရလျှင် သူ၏နေ အိမ်ရှေ့တွင် ဖွင့်လှစ်ထားသည့် ဆေးခန်းအဆောက်အဦတွင် ဖြစ်သည်။ စာရေးသူလည်း စပ်စပ်စုစုဖြင့် –

"သူငယ်ချင်း ကြည်ဝင်း၊ အဲဒါ ဘာပုံလဲကွ။ တစ်ခါမှ မမြင်ဖူးဘူး။ အင်းကွက်လည်း မဟုတ်နိုင်ဘူး" ဟုမေးလေရာ –

"အဆောင်တစ်ခုပေါ့ သူငယ်ချင်းရာ။ အဲဒီအဆောင်ကို ဆောင်ထားရင် ကျန်းမာရေးကောင်းတယ်၊ ကပ်ရောက်လာမယ့် ရောဂါကို ကာကွယ်ပေးတယ်လို့ အယူရှိတယ်။ ကိုယ့်ဆရာ ဆရာဝန်ကြီးတစ်ယောက်က လက်ဆောင်ပေးတာ။ သူ့ဆေးခန်းမှာလည်း ကပ်ထားတယ်"

"အင်္ဂလိပ်စာလည်း ပါတယ်နော်။ အဲဒါက ဘာအဓိပ္ပာယ်လဲ၊ သိရင်ရှင်းပြပါဦး"

"ရှင်းဆိုလည်း ရှင်းပြရတာပေါ့။ ဘာလဲ .. ဘာရေးမလို့လား။ အဆောင်ရဲ့ တစ်ဖက်မှာရေးထားတာက ... RAPHAEL ရဖေး ဆိုတာက ကိုယ်တို့ မြန်မာတွေယုံကြည်ကြတဲ့ တေရဌနတ်မင်းကြီးဖြစ်ပြီး၊ တစ်ဖက်မှာရေး ထားတဲ့ URIEL ယူရီရယ်ဆိုတာကတော့ ဝိရူပက္ခနတ်မင်းကြီးဖြစ်တယ်"


"ထူးခြားမှုကကော"

"ထူးခြားမှုက မိမိကုသတဲ့ လူနာတွေဟာ အမြန်ဆုံး သက်သာပျောက်ကင်းစေတယ်။ ဒါကြောင့် ကိုယ်ကုတဲ့ ရောဂါရှင်တွေ အမြန်ပျောက်တာမို့ လာတဲ့သူတွေ အတော်များတယ်။ အဲဒါ ထူးခြားမှုပဲလေ" (ပုံ–၄)



www.burmeseclassic.com


www.burmeseclassic.com




(ပုံ-၄)

သူငယ်ချင်း ဒေါက်တာကြည်ဝင်းသည် စာရေးသူတို့ အလှူခံအဖွဲ့အား လက်ဖက်ရည်နှင့် မုန့်များဖြင့် ဧည့်ခံတော်ပြုသည်။ သူငယ်ချင်းစာရေးဆရာကို ကျန်တဲ့အဆောင်ကတ်ပြားလေးတွေ ပြရဦးမယ်ဟုဆိုကာ ဗီရိုကိုဖွင့်၍ ကတ်ပြားလေးတွေယူသည်။ ထို့နောက် စာရေးသူအား . . .


"ဟောဒါက ပီယသိဒ္ဓိအဆောင်။ (ပုံ-၁) ဆောင်ရုံအဆက်သက် မဟုတ်ဘူး။ ဖယောင်းတိုင်မှာပတ်၊ မီးထွန်းပြီး ကိုယ်ချည်ရှယ်တဲ့သူကို မေတ္တာပို့ရင် ထူးခြားတယ်လို့ဆိုတယ်။ ဘာလဲ . . . စာရေးဆရာသဘောကျနေသလား"



(ပုံ-၁)

"အဆက်တွေရနေပြီလေ။ မလိုတော့ပါဘူး"

"ဒါကလည်း ပီယသိဒ္ဓိအဆောင်ပါပဲ။ (ပုံ-၅) မျက်နှာပွင့်လင်းတဲ့အဆောင် ဖြစ်တယ်။ အဲဒီအဆောင်ကို ကူးယူပြီး အဖြူကျန်တဲ့နေရာတွေမှာ အစိမ်းရောင်ခြယ်ပြီး အကောင်းစားနံ့သာဆီ၊ အကောင်းစား ရေမွှေးတစ်မျိုးမျိုး ဆွတ်ဖျန်းလို့ ဆောင်ထားရမယ်"




(ပုံ-၅)

"အဲဒီအဆောင်တော့ လိုချင်သား"

"ရမယ်။ အားလုံးကို ပိုတိုစတတ်ကူးပေးမယ်။ ဟုတ်လား"

"ဟောဒါက ငွေကြေးနေ ပေါကြွယ်ဝပြီး မိတ်ကောင်းဆွေကောင်း ပေါများစေမယ့် အဆောင်။ (ပုံ-၂) စက်ဝိုင်းအလယ်က ခက်ရင်းခွကလေးဟာ ဂျူပီတာခေါ်တဲ့ အတိမနေ၊ သတိသုဘနဲ့ပြည့်စုံတဲ့ ကြာသပတေးဂြိုဟ်ရဲ့ တံဆိပ်ပါပဲ။ အပေါ်က အဝိုင်းကလေးကတော့နေရာကို ဖော်ပြတာဖြစ်တယ်"




(ပုံ-၂)

www.burmeseclassic.com


သူငယ်ချင်းဒေါက်တာ ကြီးပွားကြွယ်ဝပြီး မိတ်ဆွေပေါတာ အဲဒီအဆောင်ကြောင့် ဖြစ်လေမလားဟု စာရေးသူ တွေးဆမိလေ၏။

"လုပ်ငန်းဆောင်တာများချောမောစေတဲ့ အဆောင်ဆိုတာ ရှိသေးတယ်။ ဟောဒီအဆောင်လေ။ (ပုံ-၆) လုပ်ငန်းဆောင်တာဆိုတာက ချောမောခဲ့ပါတယ်။ အနှောင့်အယှက်၊ အတိုက်အခံ၊ အပြိုင်အဆိုင်ဆိုတာတွေ ရှိတယ်လေ။ ကိုယ့်မိတ်ဆွေ လုပ်ငန်းရှင်တွေကို မျှဝေပေးထားတယ်။ သိသိသာသာ အောင်မြင်တယ်လို့ဆိုတယ်။ အဲဒီအဆောင် ဒေါင်လိုက်ရေးထားတဲ့ မျက်လုံးပုံစံကို တွေ့ရမယ်။ အဲဒါ တတိယမျက်လုံး ဖြစ်ပါတယ်တဲ့။




(ပုံ-၆)

ဟောဒါကတော့ လာဘ်ရွှင်စေတဲ့ အဆောင်ပါပဲ။ (ပုံ-၇) အဲဒီအဆောင်ကို နံ့သာဖြူဆွတ်လို့ဖြစ်စေ၊ ဒါမှမဟုတ် အမွှေးနံ့သာနဲ့ ဆွတ်ဖျန်းပြီး ဆောင်ထားမယ်ဆိုရင် လာဘ်လာဘရွှင်စေတယ်တဲ့။




(ပုံ-၇)

လာဘ်လာဘကိစ္စအတွက် သွားလာရမယ့်ကိစ္စရှိမယ်ဆိုရင် အဲဒီအဆောင်ကို စားပွဲပေါ်တင်။ အဲဒီ အဆောင်ပြားပေါ်မှာ ပန်းကန်ပြားတစ်ချပ်တင်။ အဲဒီပန်းက န်ပြားပေါ်မှာ ဖယောင်းတိုင်တစ်တိုင်ထွန်းပြီး လိုရာဆုကို ောင်း။ ဆုတောင်းပြီး လိုရာခရီးသွား။ အဆင်ပြေလိမ့်မယ်။

ဒါက ပိုထူးခြားတယ်။ အတိတ်နိမိတ် ကြိုတင်သိစေတဲ့ အဆောင်။ (ပုံ-၃) အဲဒီအဆောင်မှာရေး ားတဲ့ မန္တန်က အလျားလိုက်ပဲဖတ်ဖတ်၊ နောက်ပြန်ပဲဖ ်ဖတ်၊ ဖတ်လို့ရအောင် ရေးထားတာလေ။ အဲဒီအဆေ ာင်ကို အိတ်ကပ်ထဲမှာပဲ ဆောင်ဆောင်၊ အလုပ်စားပွဲမှာ ဆောင် ဆောင် ဆောင်ထားရင် ရပြီ။ ပိုထူးတာက နဖူးမှာ ပ်ပြီး အဝတ်စည်းအိပ်ရင် မိမိသိလိုတဲ့အရာတွေကို အိပ်မ က်မက် စေတယ်တဲ့"




(ပုံ-၃)

သူငယ်ချင်းဒေါက်တာသည် စာရေးသူကို ရော၊ ကျန်သူငယ်ချင်းတွေကိုပါ ထူးခြားအဆောင်ပုံပါသော ပိုတို စတတ် စာရွက်တွေကို ဝေမျှပေးသည်။ ပြီးလေတော့ ဆရာကန်တော့ပွဲအတွက် အလှူငွေကျပ်တစ်သိန်း ထည့်ဝင်သည်။ သူငယ်ချင်းဒေါက်တာကို "ကန်တော့ပွဲတ က်ဖြစ်အောင်တက်နော်"ဟု နှုတ်ဆက်ကာ ကျန်နေအိမ်များဆီသို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။

**ကိုမောင်သ[...]**



www.burmeseclassic.com

www.burmeseclassic.com

# အဆိုးတွေဖယ်ပြီး အကျိုးတွေသယ်ပါ

# အာဗရာကာဒါဗရာ

● သက်ထက်စန်း

| ABRACADABRA |
|---|
| ABRACADABR |
| ABRACADAB |
| ABRACADA |
| ABRACAD |
| ABRACA |
| ABRAC |
| ABRA |
| ABR |
| AB |
| A |
| ဖိတ်ကြားပင့်ဆောင်ခြင်းပုံသဏ္ဍာန် **Invoking Configuration** |

| A |
|---|
| AB |
| ABR |
| ABRA |
| ABRAC |
| ABRACA |
| ABRACAD |
| ABRACADA |
| ABRACADAB |
| ABRACADABR |
| ABRACADABRA |
| ပြန်လည်ပို့ဆောင်ခြင်းပုံသဏ္ဍာန် **Banishing Configuration** |

တစ်နေ့ . . .။

အလုပ်အားရက်မို့ အိမ်တွင်ရေးရန်ရှိသော စာမူကြေးများနှင့် ဖတ်ရန်ရှိသော စာအုပ်ကြေးများကို တတ်နိုင်သမျှ ရှင်းရန် ကြံနေခိုက် ဧည့်သည်တစ်ယောက် ရောက်လာခဲ့သည်။ သို့သော် သူက ဧည့်သည်ရယ်လို့တော့ တိတိကျကျကြီး မဟုတ်လှ။ သူက အိမ်ကို အမြဲလိုလို ဝင်ထွက်နေကျ လူတစ်ယောက် ဖြစ်သည်။ မိမိ၏ မိသားစုနှင့်လည်း ရင်းနှီးပြီးသားဖြစ်သည်။

ထို့အတွက် သူရောက်လာသည့်ကိစ္စသည် ကျွန်တော့်အတွက် အနှောင့်အယှက်ကြီးတစ်ခု မဟုတ်လှ။ သူ့ကို ကျွမ်းဝင်ပြီးသား လူတစ်ယောက်လို တစ်ခွန်း၊ နှစ်ခွန်းစ နှုတ်ဆက်လိုက်ပြီး . . .

"ထိုင်ဦးဗျာ၊ အေးအေးဆေးဆေးပေါ့။ ကျွန်တော်တော့ အလုပ်ကလေး နည်းနည်းရှိလို့ လုပ်လိုက်ဦးမယ်"

ဆိုကာ အခန်းထဲဝင်ပြီး ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေလို့ရသည်။ ထိုသို့ လုပ်ခဲ့ရပေါင်းလည်း မနည်းတော့။ သို့သော် သူက အထာသိသူတစ်ဦး ဖြစ်သည်။ မိမိအပေါ်မှာလည်း အပြည့်အဝ



www.burmeseclassic.com

www.burmeseclassic.com

နားလည်မှုရှိသူတစ်ဦး ဖြစ်သည်။

သူက မိမိအခန်းထဲဝင်ပြီး အလုပ်လုပ်နေချိန်မှာ မိသားစုတွေနှင့် စကားထိုင်ပြောချင်လည်း ပြောနေပေလိမ့်မည်။ သို့မဟုတ် မိမိစာအုပ်စင်ပေါ်မှ သူမဖတ်ရသေးသော စာအုပ်တစ်အုပ်ကို ဆွဲယူဖတ်ရှုပြီး မိမိပြီးသည့်အချိန်ကိုသာ အေးအေးလူလူ စောင့်နေပေလိမ့်မည်။ ပြီးမှ အေးအေးဆေးဆေး စကားပြောနိုင်ဖို့ မိမိကိုသူ လက်ဖက်ရည်ဆိုင်သို့ ခေါ်ပေလိမ့်မည်။ ဤကား သူလုပ်နေကျပုံစံ ဖြစ်သည်။

ဒီကနေ့မှာလည်း ထိုပုံစံမျိုးအတိုင်းပင် သူလုပ်လိမ့်မည်ဟု မိမိယုံကြည်ထားပြီးဖြစ်သည်။ သို့အတွက် မိမိမှာ အလုပ်နည်းနည်းရှိကြောင်း ထုံးစံအတိုင်း သူ့ကိုအသိပေးဖို့ ပြင်လိုက်သည်။ သို့သော် မိမိမျှော်လင့်ထားသလို ဖြစ်မလာ။ မိမိပါးစပ်မဟရသေးမီမှာပင် သူ့ထံက စကားစလာခဲ့သည်။

"အချိန်နည်းနည်းလောက် ပေးလို့ရမလား ကိုချမ်းညိမ်း"

သူ့၏စကားအပေါ် မိမိအနည်းငယ်အံ့အားသင့်သွားမိသည်။ သူ့အကြောင်းကို မိမိကောင်းစွာသိထားပြီးသူ ဖြစ်သည်။ သူက တန်ရုံအကြောင်းကြီးငယ်ကိစ္စ မရှိပါဘဲ အလဟဿဖြစ်အောင် လုပ်လေ့ရှိသူတစ်ယောက် မဟုတ်ချေ။ ထို့အတွက် သူ့၏စကားကို ထောက်ချင့်ပြီး သူ့မှာ အရေးကြီးသည့်ကိစ္စတစ်ခု ပါလာပြီဟု မိမိတပ်အပ်သိလိုက်သည်။

မိမိက ပြန်၍မေးလိုက်သည်။

"အရေးကြီးကိစ္စ ရှိလို့လား"

"အင်း...ဆိုပါတော့။ ဒါပေမယ့် ကျွန်တော့်ကိစ္စတော့ မဟုတ်ပါဘူး"

မိမိ သူ့ကို မျက်မှောင်တစ်ချက်ကြုတ်ပြီး ပြန်ကြည့်မိလိုက်မိသည်။

"ဒီလိုပါ ကိုချမ်းညိမ်း။ ကိစ္စက ကျွန်တော့်မိတ်ဆွေပါ။ သူတို့က (—) ဘက်မှာ စျေးချောင်ချောင်ရတာနဲ့ အိမ်တစ်လုံးဝယ်လိုက်ကြတယ်။ အဲဒါ ဝယ်ပြီးတော့မှ အဲဒီအိမ်က သရဲခြောက်လွန်းလို့ လူမနေတဲ့အိမ် ဖြစ်မှန်းသိရလို့။ နောက်ပြီး . . .သူတို့ကိုယ်တိုင်လည်း အခြောက်ခံ..."

"ဟုတ်ပါပြီ။ အဲဒါ ကိုယ်က ဘာလုပ်ပေးရမှာလဲ"

မိမိစကားဆုံးတော့ သူက ဆက်ပြောသည်။

"သူတို့က အဲဒါကို ရှင်းပစ်ချင်တယ် ကိုချမ်းညိမ်းရဲ့။ အဲဒါ သူတို့က ခင်ဗျားနဲ့ တွေ့ချင်လို့တဲ့"

"တစ်ခုခုတော့ မှားနေပြီထင်တယ် ကိုယ့်လူ။ ကိုယ်က ပယောဂဆရာမှ မဟုတ်တာ"

"ကျွန်တော်ပြောတာ အဲဒီသဘောမဟုတ်ပါဘူး ကိုချမ်းညိမ်း။ ခင်ဗျားက စာရေးဆရာဆိုတော့ အဲဒီကိစ္စတွေမှာ တီးမိခေါက်မိ ရှိမလားလို့။ ဒါမှမဟုတ်လည်း တီးမိခေါက်မိရှိတဲ့လူတွေဆီ ဆက်သွယ်လမ်းညွှန်ပေးနိုင်မလားဆိုပြီး သူတို့က တွေ့ချင်တာပါ"

"အိုကေ...ကောင်းပြီလေ။ တွေ့ကြတာပေါ့။ ဘယ်တော့တွေ့ရမှာလဲ"

"အခု..."

"အခုချက်ချင်းကြီးလား။ နေစမ်းပါဦး။ တွေ့တော့ရော ဘယ်ကိုသွားတွေ့ရမှာလဲ"

"လမ်းထိပ်"

"ဟင်..."

"ဟုတ်တယ်။ ကျွန်တော်လာကတည်းက သူတို့က ကျွန်တော်နဲ့အတူပါလာကြတာ၊ ခင်ဗျား အားလား မအားလား၊ တွေ့ချင်လား၊ မတွေ့ချင်ဘူးလား မသိတာနဲ့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ စောင့်ခိုင်းထားခဲ့တာ"

"ဟာဗျာ...အားနာဖို့ ကောင်းလိုက်တာ။ ခင်ဗျားကလည်း တစ်ခါတည်း ခေါ်ခဲ့တာမဟုတ်ဘူး။ ကဲ...ကဲ.. ပြောနေကြာတယ်။ လာ...သွားရအောင်"

တိုတိုပြောရလျှင် ဒီလိုနှင့် မိမိတို့ လမ်းထိပ်လက်ဖက်ရည်ဆိုင်ကို ရောက်သွားခဲ့ကြသည်။ လက်ဖက်ရည်ဆိုင်မှာ မိမိတို့ကို ထိုင်စောင့်နေသည်က လင်မယားနှစ်ယောက်ဖြစ်သည်။ သူတို့က မိမိကို တွေ့လျှင်တွေ့ချင်း ဖော်ဖော်ရွေရွေပင် နှုတ်ဆက်သည်။ ပြီးတော့ ခုံခဲ့ပြီးသည့်အတိုင်း သူတို့အခက်အခဲကို ဟင်ပြလာသည်။ ဆိုခဲ့ပြီးသည့်အတိုင်းလည်း မိမိကို အကူအညီတောင်းလာကြသည်။

သူတို့ကို မိမိမည်သို့အကူအညီပေးရမည်နည်း။ သူတို့ မျှော်လင့်ယူဆသလို အဆက်အသွယ်တွေတော့ ရှိသည်။ မိမိမိတ်ဆွေအသိုင်းအဝိုင်းထဲမှာ ဗေဒင်ဟောသူတွေ၊ ပယောဂကုသူတွေ အများအပြားရှိသည်။ သို့သော် ထိုသူတွေထဲက မည်သူ့ကို မိမိခေါ်ပေးရမည်နည်း။ ထိုသူတွေထဲမှာ ဘယ်သူက ဘယ်ကိစ္စကို ဘယ်လောက်ကျွမ်းမှန်းလည်း မိမိ တိတိကျကျ မသိ။ နောက်ပြီး မိမိခေါင်းထဲမှာ စဉ်းစားမိတာတစ်ခု ရှိသေးသည်။ ထိုတစ်ခုက မိမိအား တလေးတစား အကူအညီတောင်းခံလာသည့် လင်မယားနှစ်ယောက်ကို မိမိ၏ အသိုင်းအဝိုင်းထဲမှ မိတ်ဆွေတစ်ယောက်ယောက်နှင့် ဆက်သွယ်ပေးလိုက်ရုံမျှဖြင့် အကူအညီပေးရာ ရောက်ပါ့မလား ဆိုတာပင် ဖြစ်သည်။

သို့ဆိုလျှင်...



www.burmeseclassic.com

www.burmeseclassic.com

အကူအညီပေးရမည့်အကြောင်း စဉ်းစားရင်းမှ မိမိခေါင်းထဲ အတွေးတစ်ခု ဝင်လာသည်။ ထိုအတွေးက တစ်နေ့က မိမိအင်တာနက်သွားကြည့်ရင်းက တွေ့ခဲ့ရသော ဟီးဘရူးစာတန်းလေးတစ်ခုကို သတိရသွားမိခြင်း ဖြစ်သည်။

တစ်နေ့က ညနေပိုင်း အလုပ်နည်းနည်းပါးသဖြင့် မိမိတစ်ယောက်တည်း အင်တာနက် သွားကြည့်ဖြစ်သည်။ မိမိကြည့်ဖြစ်သည်က Super Natural လို၊ Stranger than Science လိုဟာမျိုးတွေသာ ဖြစ်သည်။ တစ်ကမ္ဘာလုံးရှိ ဘာသာအသီးသီးတို့၏ယုံကြည်မှုများနှင့် အဆောင်လက်ဖွဲ့များအကြောင်းကိုလည်း အခါအားလျော်စွာ ဝင်ရောက်ကြည့်ရှုဖြစ်သည်။

ထိုနေ့ကလည်း ယင်းအဆောင်လက်ဖွဲ့များအကြောင်းကို မိမိကြည့်ဖြစ်သည်။ ထိုသို့ ဝင်ကြည့်မိခဲ့သဖြင့်လည်း ယခုဖော်ပြလတ္တံ့သော ဟီးဘရူးလူမျိုးတို့၏ အဆောင်စာတန်းလေးကို မိမိတွေ့ရှိခဲ့ခြင်း ဖြစ်ပေသည်။

ထိုစာတန်းလေးက "အာဘာရာကာဒါဘရာ"ဟု အသံထွက်ရမည်ဖြစ်သော "ABRACADABRA"ဟူသော စာတန်းလေး ဖြစ်သည်။

ဒါများ ဘာထူးဆန်းလို့လဲဟု မေးရန်ရှိတော့သည်ပေါ့။ မိမိလည်း Web-page ကို ဖွင့်ကြည့်ကြည့်ချင်း တွေ့စမှာ ထိုသို့ တွေးမိခဲ့ဖူးသည်။ ထိုစာတန်းလေးက တန္တေသရဲ့ မကောင်းဆိုးဝါးများကို မောင်းထုတ်ရှင်းလင်းနိုင်ပြီး ကောင်းကျိုးချမ်းသာ အပြည့်အဝကို ဆောင်ကြဉ်းပေးနိုင်သည့် အစွမ်းသိဒ္ဓိအပြည့်အဝရှိသည် ဟူသော မှတ်ချက်ကို ဖတ်မိမှ မိမိစိတ်ဝင်စားသွားမိခဲ့ခြင်း ဖြစ်သည်။

ဟီးဘရူးတို့၏ ထိုစာတန်းလေး အကြောင်းကို မိမိဆက်ဖတ်ကြည့်လိုက်သည်။

ရေးထားသည်က ဗီယအဆောင်တစ်ခုဖြစ်သည်။ ပဉ္စလက်ဆန်သော စကားစုတစ်ခုလည်းဖြစ်သည်။ အနောက်တိုင်း ဂမ္ဘီရပညာရှင်များ အသုံးများသည်။ ဂရိဝေါဟာရတစ်ခုဖြစ်သည့် အာဆီးရီးယန်း နတ်မင်းကြီး၏ အမည်ဖြစ်သော Abaraxas နှင့်လည်း ဆက်စပ်မှုရှိသည်။ Father, son and ruach a Cadesch မှ ဆင်းသက်လာခြင်းလည်း ဖြစ်နိုင်သည်။ ထိုစာသားကို စတင်အသုံးပြုခဲ့သူဟု ယူဆရသူမှာ ဗြိတိန်နိုင်ငံသား ဆရာဝန်တစ်ဦးဖြစ်သူ ကွင်းတပ်စ်အာရန်နပ်စ် ဆမ်မွန်ဒီကာပ်စ် ဖြစ်သည်။ သူက ၂၀၀ ခုနှစ်လောက်မှာ အပူကြီး အဖျားရောဂါသည်များကို ဆေးဝါးကုသရာ၌ ထိုစာသားကို အသုံးပြုခဲ့ခြင်း ဖြစ်သည်။ နောက်ပိုင်းမှာ ထိုစာသားကို ပဉ္စလက်ဆရာတွေက ၎င်းတို့၏ အစွမ်းပြပွဲများကို ဆက်လက်အသုံးပြုခဲ့ကြသည့်အကြောင်းတွေ ဖြစ်သည်။

ထိုအကြောင်းတွေကို ဖတ်ရှုကြည့်ပြီးနောက်မှာ မိမိစိတ်ထဲ ထိုစာတန်းလေးနှင့် ပတ်သက်ပြီး သိချင်စိတ်တစ်ခု ပေါ်လာခဲ့သည်။ ထိုအရာက ယင်းစာတမ်းငယ်လေးကို ဘယ်လိုအသုံးပြုတာလဲ ဆိုတာပင်။

"အာဘာရာကာဒါဘရာ"၏ အသုံးပြုပုံပြုနည်းများ ရေးသားထားသည့် စာမျက်နှာသို့ မိမိ Click လုပ်ပြီး ထပ်ဝင်ကြည့်လိုက်တော့သည်။

အာဘာရာကာဒါဘရာ၏ အသုံးပြုပုံပြုနည်းတွေက အတော်ပင် များလှသည်။ ပြဿနာနှင့် ဆန္ဒအပေါ် မူတည်၍ အသုံးပြုပုံတွေ အမျိုးမျိုး ကွဲလွဲသည်။ ထိုသို့ ကွဲလွဲသည့် နည်းအဖုံဖုံ၊ စနစ်အစုံကိုလည်း ယင်း Web page တွင် တစ်ပု တစ်စည်းတည်း ဖော်ပြထားသည်။

ထိုမျှ များပြားသော အသုံးပြုပုံ ပြုနည်းတွေကို တွေ့လိုက်ရတော့ မိမိရုတ်တရက် တွေဝေသွားသည်။ မည်သည့်နည်းသည် အကောင်းဆုံးလဲ၊ မည်သည့်နည်းသည် မိမိအတွက် အမှန်တကယ် အသုံးဝင်မည့် နည်းဖြစ်မည်လဲပေါ့။

ထိုအခါတွင်တော့ မိမိမှာ မိမိ၏ ဆန္ဒကိုသာ ပြန်၍ စဉ်းစားရတော့သည်။ အာဘာရာကာဒါဘရာကို မိမိက မည်သည့်အတွက် သုံးချင်သည်လည်း ဆိုတာကိုပေါ့။

အာဘာရာကာဒါဘရာကို မိမိအသုံးပြုချင်သည်က မိမိအကျိုးတွေ ဆောင်စေဖို့သာ ဖြစ်သည်။ မိမိမှာ လောလောဆယ် ဘာပြဿနာမှ မရှိ။ ဘာအခက်အခဲမှု မရှိ။ ထို့အတွက် ကောင်းကျိုးတွေဆောင်ကြဉ်းပေးနိုင်သည့် အကောင်းဆုံးနည်း တစ်ခုကိုသာ မိမိယူရန် ဖြစ်သည်။ သို့သော် အခက်အခဲတွေ ဖြစ်လာသောအခါတွင် ဖြေရှင်းနိုင်ဖို့လည်း လိုရမည်ရသဘော တစ်ခုခုလောက်တော့ ယူထားဦးမည်ဟု မိမိဆုံးဖြတ်လိုက်သည်။

ထိုဆုံးဖြတ်ချက်နှင့်အတူ အာဘာရာကာဒါဘရာ၏ ကောင်းကျိုးတွေ ဆောင်ကြဉ်းသည့် ပုံစံတစ်ခုနှင့် အခက်အခဲတွေ ရှင်းလင်းဖယ်ရှားပေးသည့် ပုံစံတစ်ခုတို့ကို မိမိ Download လုပ်ကာ ရယူလိုက်တော့သည်။

မိမိယူလိုက်သော ပုံစံနှစ်ခုအနက် ကောင်းကျိုးတွေဆောင်သည့်ပုံစံကို Invoking Configuration (ဖိတ်ကြားပင့်ဆောင်ခြင်းပုံစံ)ဟုခေါ်ပြီး အခက်အခဲတွေ ရှင်းလင်းသည့်ပုံစံကို Banishing

www.burmeseclassic.com

Configuration [illegible]

**ပင့်ဆောင်ဖိတ်ကြားခြင်းပုံစံ**

**ABRACADABRA**
**ABRACADABR**
**ABRACADAB**
**ABRACADA**
**ABRACAD**
**ABRACA**
**ABRAC**
**ABRA**
**ABR**
**AB**
**A**

**ပြန်လည်ပို့ဆောင်သည့်ပုံစံ**

**A**
**AB**
**ABR**
**ABRA**
**ABRAC**
**ABRACA**
**ABRACAD**
**ABRACADA**
**ABRACADAB**
**ABRACADABR**
**ABRACADABRA**

ထိုပုံစံနှစ်မျိုးအနက် ပင့်ဆောင်ဖိတ်ကြားခြင်း(Invoking)ပုံစံကို ကောင်းကျိုးချမ်းသာများ ဆောင်ကြဉ်းစေခြင်း၊ လိုအင်ဆန္ဒများ ပြည့်ဝစေခြင်းနှင့် လာဘ်လာဘများ ပေါများစေခြင်းတို့အတွက် အသုံးပြု၍ရသလို၊ ပြန်လည်ပို့ဆောင်ခြင်းပုံစံ (Banishing) ပုံစံကိုလည်း အခက်အခဲများ၊ အဆင်မပြေမှုများ ပြေပျောက်စေခြင်းနှင့် မကောင်းဆိုးဝါးများ၊ တစ္ဆေသရဲများကို နှင်သည့်ကိစ္စရပ်များတွင် အသုံးပြု၍ရသည်ဟု ဆိုသည်။

မိမိခေါင်းထဲ ရုတ်တရက် လင်းသွားခဲ့သည်။

ဟုတ်ပြီ။ သည်အတိုင်းဆိုရင်တော့ မိမိ သူတို့ကို အကူအညီပေးနိုင်တော့မည်။

သူတို့၏ အခက်အခဲကို မိမိကိုယ်တိုင် အကူအညီပေးမည့်အကြောင်း မိမိ ကောက်ကာငင်ကာ ပြောချလိုက်သည်။ သူတို့လင်မယား ဝမ်းသာသွားကြသည်။

တိုတိုပြောရလျှင် ဒီလိုနဲ့ သူတို့ အခက်အခဲကို မိမိကိုယ်တိုင် အကူအညီပေးလိုက်နိုင်သည်။ ဒီနေရာမှာ တစ်ခု ပြောစရာရှိသည်က မိမိ၏ အကူအညီပေးပုံ ဖြစ်သည်။ သူတို့ကို မိမိအကူအညီပေးလိုက်ပုံက သိပ်ပြီး ခက်ခက်ခဲခဲကြီး မဟုတ်။ သိပ်ပြီး ကြီးကြီးကျယ်ကျယ် လည်း မဟုတ်လှ။ ခပ်လွယ်လွယ်လေးပဲ ဖြစ်သည်။

အင်တာနက်မှ မိမိ Download လုပ်ပြီးယူလာသော အာဘရာကာဒါဘရာ ပုံစံနှစ်ခုအနက် ပြန်လည်ပို့ဆောင်ခြင်းပုံစံကို စာလုံးပွိုင့်ကြီးကြီးဖြင့် Print Out ထုတ်ကာ သူတို့၏ အိမ်တွင်းရှိ အခန်းနံရံတွေမှာ လိုက်ကပ်ပေးလိုက်ခြင်း ဖြစ်သည်။

သို့သော် အကျိုးက ထူးလှသည်။ ၁၁ ရက်အတွင်းမှာပင် သူတို့အိမ်မှာရှိနေသည့် ခြောက်လှပါသည်ဆိုသော တစ္ဆေ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားခဲ့တော့သည်။ ထို့အတွက် မိမိမှာ တအံ့တသြဖြင့်ပင် ဝမ်းသာရတော့သည်။ သူတို့လင်မယားလည်း ပျော်မဆုံးအောင် ဖြစ်သွားတော့သည်။

သို့သော် ဇာတ်လမ်းက ဒီမှာမဆုံးသေး။ သူတို့က တစ်ဆင့်တက်ပြီး အကူအညီတောင်းလာကြပြန်သည်။

"ကိုချမ်းညိမ်းကယ်လို့ အဆိုးတွေ ပျောက်ကုန်ပါပြီ။ တစ်လက်စတည်း ဒီအိမ်မှာ ကျွန်မတို့ စီးပွားဖြစ်အောင် လုပ်ပေးခဲ့ပါဦး"

မိမိ ပြုံးလိုက်မိသည်။ လူအလိုကို နတ်မလိုက်နိုင်တဲ့။ မိမိက နတ်မဟုတ်သေး။ ထို့အတွက် လူအလိုတော့ အနည်းနှင့်အများဆိုသလို လိုက်ရပေလိမ့်ဦးမည်။

သည်တစ်ခါတော့ ပင့်ဆောင်ဖိတ်ကြားခြင်းပုံစံကို သုံးရပေတော့သည်။ အခန်းနံရံတွေမှာ မိမိကိုယ်တိုင် အရင်က ကပ်ထားပေးခဲ့သည့် ပြန်လည်ပို့ဆောင်ခြင်းပုံစံတွေကို ပြန်ခွာပြီး ထိုနေရာမှာ ပင့်ဆောင်ဖိတ်ကြားခြင်းပုံစံတွေကို လဲ၍ ပြန်ကပ်ပေးလိုက်သည်။ ပြီးတော့ အာဘရာကာဒါဘရာကို နေ့စဉ်ရွတ်ပေးဖို့လည်း မှာပစ်ခဲ့သည်။

ပင့်ဆောင်ဖိတ်ကြားခြင်း ပုံစံကလည်း အံ့တော်လေး စွမ်းပုံရသည်။ နောက်တစ်လလောက်အကြာမှာပင် သူတို့အိမ်မှာ ဖုန်းဝယ်လိုက်သည့်သတင်း မိမိကြားရသည်။ သူ့ယောက်ျား သင်္ဘောထွက်သွားသည့်သတင်း၊ ငွေပို့သည့်သတင်း၊ ရွှေဝယ်သည့်သတင်းတွေ ကြားရတော့သည်။ ယနေ့အထိလည်း မကြာမကြာ ကြားနေရဆဲ ဖြစ်သည်။

ထိုသတင်းတွေက မိမိအတွက် မှဒိတာပွားစရာသတင်းတွေ ဖြစ်သည်။ ထို့ထက်ပို၍ ဆိုရသော် အာဘရာကာဒါဘရာပေါ် မယုံနိုင်လောက်သော အံ့ဩမှုတွေ အဆက်မပြတ် ဖြစ်ပေါ်စေသည့် သတင်းတွေပင် ဖြစ်ပေတော့သည်။

---

**သက်ထက်စန်း**

---



www.burmeseclassic.com

www.burmeseclassic.com

# ရောဂါကွဲအောင် ဟောဒါအမြဲဆောင်

**လှဒေသီဆရာငြိမ်း**

ငယ်ပေါင်းရင်းတွေကို ခုလိုမျိုး ငါးဆယ်ကျော်၊ ခြောက်ဆယ်တန်း၌ ရှာကြည့်လျှင် တစ်နှစ်ထက်တစ်နှစ် လျော့လျော့လာသည်ကို သတိထားမိသည်။ လူ့သက်တမ်းကိုက ပျမ်းမျှ ခုနစ်ဆယ်လောက် ကျဆင်းလာတော့ ခုလို ငါးဆယ်ကျော်၊ ခြောက်ဆယ်လောက်တွေ တဖြုတ်ဖြုတ်ဖြစ်ကုန်တာ မဆန်းပေ။

သည်ဘက်ခေတ်၊ သည်ဘက်အခါမှာတော့ ရောဂါဘယတွေက ထူထပ်များပြားစွာ ပေါ်လာကြသည်။ ကင်ဆာဟူ၍ အမည်အတပ်ခံလိုက်ရလျှင် သေမိန့်အလိုလို အချခံရပြီးသား ဖြစ်သွား၏။ ဆားရောဂါ၊ ကြွက်ငှက်တုပ်ကွေး၊ ဝက်နားရွက်ပြာ ရောဂါတွေကလည်း ဆန်းမှဆန်း။ ရောဂါဖြစ်လာပြီဆိုလျှင် ကုသနိုင်ဖို့ရာအတွက် ငွေကုန်ကြေးကျမှာ တကယ့်ကို မနည်းမနော။ အသိမိတ်ဆွေတစ်ယောက်ဆိုလျှင် ကျောက်ကပ်မကောင်း၍ တစ်ပတ်တစ်ခါ ကျောက်ကပ်ဆေးရသည် ဆို၏။ တစ်ခါဆေးလျှင် ငွေငါးသောင်းခန့် ကုန်သည်။ အချိန်ကျလျှင် ဆေးနေရစမြဲမို့ ကားနှစ်စီး၊ တိုက်တစ်လုံး ပြုတ်သွားသည်။ နောက်ထပ်လည်း ပြုတ်စရာတွေ တစ်ပုံတစ်ပင်။ သည်တော့ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး ဆိုသည်မှာ တယ်လည်းမှန်ပါလားဟူ၍ သဘောပေါက်လက်ခံရတော့သည်။

ရောဂါဘယထူပြောလာခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ စားသုံးသူများအသင်းမှ ဖြန့်ဝေသည့် လက်ကမ်းစာစောင်ကလေးကို ဖတ်ရသောအခါ အတော်ကလေးကို ကျောချမ်းသွားမိတော့သည်။ ဘာ့ကြောင့်ဆို မိမိတို့ နေ့စဉ် စားသောက်နေကြသော အစားအသောက်အတော်များများမှာ ဓာတုဆေးဝါးတို့နှင့် မလွတ်ကင်းသောကြောင့် ဖြစ်သည်။ သည်လိုမျိုး အစားအသောက်တွေကို နိစ္စဓူဝ စားသောက်ကြရသူတို့အဖို့ ခန္ဓာကိုယ်တွင်းရှိ လွန်စွာနူးညံ့လှသော ကိုယ်တွင်းကလီစာတို့သည် အဘယ်မှာလျှင် တာရှည်ခံနိုင်ပါတော့မည်နည်း။ သည့်အတွက်ကြောင့်လည်း လူ့သက်တမ်းသည် တဖြည်းဖြည်း ဆုတ်ယုတ်ကျဆင်းလာခြင်းပင် ဖြစ်လိမ့်မည်။

သည်လိုမျိုး စိုးတထိတ်ထိတ် ရှိနေရသောကာလဝယ် ငယ်ပေါင်းရောင်းရင်းတစ်ဦးနှင့် မမျှော်လင့်ဘဲ တွေ့ဆုံလိုက်ရတော့ အံ့အားသင့်စရာတွေ ဖြစ်သွားရသည်၊ ထိုရောင်းရင်းနှင့် စာရေးသူသည် အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်တိုင်အောင် တပူးတွဲတွဲနေခဲ့သည်၊ ဘွဲ့ကိုယ်စီရတော့ သူနိုင်ငံခြားသို့ ထွက်သွားကြောင်းသာ ကြားလိုက်ရပြီး နောက်ထပ် ဘာသတင်းမျှ မကြားရတော့၊ ယခု မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့ကြတော့ ဝမ်းသာ[...]သည်။ ထို့ထက် အံ့သြစရာတွေလည်း ကြုံရတော့သည်။

သူသည် နိုင်ငံခြားတိုင်းပြည်၌ အနေများသော်လည်း မြန်မာနိုင်ငံသားအဖြစ်သာ ခံယူထားသည်မို့ အလုံးအရင်းရှာဖွေထားသော ဥစ္စာများနှင့်အတူ မြန်မာနိုင်ငံသို့ အပြီးအပိုင် ပြန်ရောက်လာပြီး ကိုယ်ပိုင်ကုမ္ပဏီတစ်ခုကို ဖွင့်တော့သည်။ သည့်အတွက်တော့ဖြင့် မအံ့သြ။ အံ့သြ[...]သည်က သူ့ကျန်းမာရေးမှာ ဒေါင်ဒေါင်မြည်နေခြင်းပင် ဖြစ်သည်။ အသက်ချင်းတူပါလျက် စာရေးသူက ဆံပင်ဖြူ[...]



www.burmeseclassic.com

www.burmeseclassic.com

ဖြူ၊ ဝမ်းဗိုက်စူကာ အိုစာရုပ်ပေါက်နေပါလျက် ရောင်းရင်း ကမူ ဆံပင်တွေက နက်မှောင်နေစမြဲ။ ပါးလုပ်သော ဝမ်းဗိုက်နှင့် အရွယ်တင်လှသည်။ လှုပ်ရှားသွားလာတော့ လည်း လူငယ်လူရွယ်အလား ဖျတ်ဖျတ်လတ်လတ် သွက် သွက်လက်လက်။

သည့်အတွက်ကြောင့် နှစ်ယောက်သား စား သောက်ဆိုင်တစ်ဆိုင်၌ ချိန်းချက်တွေ့ဆုံကာ အေးအေး လူလူ စားသောက်ပြီးသည်နှင့် မနေနိုင် မထိုင်နိုင် စကားစ လိုက်မိသည်။

"ဟုတ်တယ် သူငယ်ချင်း။ ခုထက်ထိ ကိုယ့် ကျန်းမာရေးက ဒေါင်ဒေါင်မြည်ပဲ။ ခြောက်လတစ်ခါ ချက် ကပ်(ပ)လုပ်ကြည့်တော့လည်း ဘာရောဂါမှ မတွေ့ရဘူး"

"တယ်လည်း ဟုတ်ပါလားကွာ။ ငါတို့မှာတော့ တရှောင်ရှောင်နဲ့ အသွားလည်းလေး၊ အလာလည်းနှေးနဲ့ မြန်တာဆိုလို့ သေမယ့်ရက်လား မပြောတတ်ပါဘူးကွာ။ သူငယ်ချင်းရဲ့ ကျန်းမာရေးကို သိပ်အားကျတာပဲ"

"အားကျရင်လည်း ကိုယ့်လို ဒေါင်ဒေါင်မြည်မယ့် နည်းလမ်းကလေးကို ညွှန်ရတာပေါ့လေ"


"ဒီလိုသူငယ်ချင်းရဲ့ ကိုယ်က နိုင်ငံခြားမှာ အတော် ကလေးကြာကြာနေခဲ့တယ်မဟုတ်လား။ အဲသည်မှာ နေရာ အနှံ့ ဗဟုသုတရအောင်အားရင် အားသလိုသွားတာပဲ။ အဲသည်မှာ ဆာဒူးကြီးတစ်ပါးဆီက မမျှော်လင့်ဘဲ ဟောသည်အဆောင်ကလေးရခဲ့တယ်"

ရောင်းရင်းက သူ့အိတ်ကပ်တွင် တရိုတသေရရှိ ထားသော အဆောင်ကတ်ပြားကလေးတစ်ခုကို ထုတ်ပြ သည်။

"သေသေချာချာလည်း ရှင်းပြပါဦးကွာ"

"ရှင်းတာပေါ့ကွာ။ ဒါဟာ ဆော်လမွန်အဆောင် ကလေးပါပဲ။ ကျန်းမာရေးကို အထူးကောင်းစေတဲ့ အဆောင်ပေါ့။ ဂျစ်ပစီတွေဆိုရင် ဒီအဆောင်ကလေးကို ဆောင်ထားကြရင် သွားနာ၊ သွားကိုက် အပရိကရောဂါလေး တွေကို မဆိုထားနဲ့ ကြီးကြီးမားမား ကာလရောဂါကြီးတွေ ကိုတောင် အကုန်ကာကွယ်နိုင်တယ်လို့ ယုံကြည်ကြတယ်။ ယုံကြည်တာနဲ့အမျှ ဆောင်လည်းဆောင်ထားကြတယ်"

ရောင်းရင်း၏ အဆောင်ကို သေသေချာချာကြည့် တော့ လေးထောင့်ထဲမှာ စက်ဝိုင်း၊ စက်ဝိုင်းထဲမှာ မြားဦး ချွန်လိုလို ဘာလိုလိုနှင့်။ အထဲမှာ အင်္ဂလိပ်အက္ခရာအကြီး ဖြင့် အတန်း ၁၁ တန်း ရေးထားသည်။ အသံထွက်ကို ဖတ်ကြည့်တော့ (ABRACADABRA) 'အဘရာကာဒါ ဘရာ' ဟူ၍ အသံထွက်သည်။ စင်စစ် အဆိုပါအဆောင် သည် ရှေးဟောင်း အနောက်တိုင်း ကဗ္ဗလာ လောကီပညာ ၌ အစဉ်သဖြင့် အသုံးပြုသော မန္တန်ဖြစ်၏။ အဆိုပါ မန္တန် ကို အပေါ်ဆုံး၌ စာလုံးအပြည့်ရေးပြီး အောက်ဆင်းသွား သည့်အတန်းများ၌ နောက်ဆုံးကျသော စာလုံးတစ်လုံးစီ လျော့လျော့သွားလိုက်သည်မှာ နောက်ဆုံး (A) စာလုံးတစ် လုံးတည်း ကျန်သည်အထိ ဖြစ်၏။




"ခုထက်ထိ ဘာရောဂါမှ မရှိအောင် ရောဂါတွေ ရှောင်လွှဲသွားအောင် စွမ်းဆောင်နေတာ သည်အဆောင် ကြောင့်ပါပဲ။ သူငယ်ချင်း ဆောင်ချင်ရင် ကိုယ် မနက်ဖြန် မိတ္တူဆွဲလာပေးမယ်"

ရောင်းရင်း၏ စကားက ကျန်းမာရေးအတွက် အား မလို အားမရ ဖြစ်နေသော စာရေးသူအတွက် အားရ ဝမ်းမြောက်ဖွယ် ဖြစ်ပါသည်။ ရောင်းရင်းထံမှ အဆိုပါ အဆောင်ကလေးရလာလျှင်ဖြင့် ယုံယုံကြည်ကြည် ရှိရှိ သေသေ ဆောင်ရဦးမည် ဖြစ်ပါသတည်း။

■ သုတေသီသန့်ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင်အောင်မြင်ရန်

## (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်)

**မဟိဒ္ဓိကျော်ခေါင်**

နှင်းရည်တို့ စိုစွတ်သော ချမ်းမြမြဟေမန္တကာလသို့ ရောက်ရှိနေပါပြီ။ ရာသီဥတုတွေက သူ့အခါကာလနှင့် သူ ဟန်ချက်ညီသကဲ့သို့ပင် မိမိတို့ လောကီလူသားများမှာလည်း စားဝတ်နေမှု ပြည့်စုံဖူလုံစေခြင်းငှာ နိစ္စဓူဝ ဆိုသလို ဟန်ချက်ညီညီ လှုပ်ရှားနေကြရပါသည်။ ဤ၌ လောကီပညာရပ်များသည် အံ့ဩဖွယ်ကောင်းလောက်အောင် ကူထောက်ပေးနေကြကုန်၏။

ဤသည့်လ အခါသမယ၌ လုပ်ငန်းကိစ္စအဝဝကို လုပ်ကိုင်ကြရာဝယ် မိမိတို့ နေ့သားအလိုက် ဝိသေအောင်စေသော ကောင်းမြတ်သည့်ရက်များကို ရွေးချယ်ပေးလိုက်ပါသည်။ ပြောမယုံ ကြုံဖူးမှသိ၊ ရွေးချယ်၍ လုပ်ကိုင်စေချင်ပါဘိ။

**တနင်္ဂနွေသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၂)၊ (၄)၊ (၅)၊ (၁၂)၊ (၁၃)၊ (၁၉)၊ (၂၅)၊ (၂၆)၊ (၂၇) စသောရက်များသည် ရက်ကောင်းများ ဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၄)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၉)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၆) စသောရက်များသည် ရက်ကောင်းများ ဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၄)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၆)၊ (၁၇)၊ (၂၃)၊ (၂၄)၊ (၂၅) စသောရက်များသည် ရက်ကောင်းများဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၁)၊ (၈)၊ (၉)၊ (၁၀)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၂၃)၊ (၂၄) စသောရက်များသည် ရက်ကောင်းများ ဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၁)၊ (၂)၊ (၉)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၆)၊ (၂၇)၊ (၂၈) စသောရက်များသည် ရက်ကောင်းများ ဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၁)၊ (၇)၊ (၈)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၂၀)၊ (၂၇)၊ (၂၈) စသောရက်များသည် ရက်ကောင်းများ ဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၇)၊ (၁၀)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၂၆)၊ (၂၇)၊ (၂၈) စသောရက်များသည် ရက်ကောင်းများ ဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၁)၊ (၈)၊ (၁၀)၊ (၁၅)၊ (၁၇)၊ (၂၃)၊ (၂၄) စသောရက်များသည် ရက်ကောင်းများ ဖြစ်ကြ၏။

သို့ဖြစ်၍ ဖေဖော်ဝါရီလအတွင်း၌ မိမိတို့မွေးနံနှင့် ကံအားလျော်သည့် ရက်ကောင်းများကို ရွေးချယ်ကာ တိုးတက်ကြီးပွားအောင် ကြိုးစားလုပ်ဆောင်နိုင်ပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါတော့၏။

**မဟိဒ္ဓိကျော်ခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# ဖေဖော်ဝါရီလမှာ ဆောင်ရွက်ပါ

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် )

နေမျိုးထွင့်ခေါင်

ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်မှာတော့ နှင်းမြူတို့ သိုင်းယှက်နေလေပြီ။ ဤကာလအတွင်းရှိ ဖေဖော်ဝါရီလ၌ မိမိတို့ လုပ်ကိုင်ဆောင်ရွက်သင့်သည့် ရက်ကောင်းရက်မြတ်များကို မင်္ဂလာရှိစွာ အောင်မြင်ပြီးရောက် လုပ်ဆောင်နိုင်ကြစေခြင်းငှာ ရွေးချယ်ဖော်ပြလိုက်ပါသည်။

၁။ ဖေဖော်ဝါရီလ (၁)၊ (၅)၊ (၆)၊ (၁၀)၊ (၁၁)၊ (၁၆)၊ (၂၁) စသောရက်များသည် 'နန္ဒာတိထိ'တွင် ကျရောက်လေရာ ထိုရက်များ၌ ဘုရားတည်ခြင်း၊ ဂူ၊ ကျောင်း၊ ဇရပ်တို့ ဆောက်လုပ်လှူဒါန်းခြင်း၊ တံတားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းများကို လုပ်ကိုင်နိုင်ကြပါသည်။

၂။ ဖေဖော်ဝါရီလ (၁၂)၊ (၁၇)၊ (၂၂)၊ (၂၆) စသောရက်များသည် 'ဘဒြာတိထိ'တွင် ကျရောက်လေရာ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ကြပါသည်။

၃။ ဖေဖော်ဝါရီလ (၂)၊ (၇)၊ (၁၃)၊ (၁၈)၊ (၂၃)၊ (၂၇) စသောရက်များသည် 'ဇယာတိထိ'တွင် ကျရောက်လေရာ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ ဖေဖော်ဝါရီလ (၃)၊ (၈)၊ (၁၄)၊ (၁၉)၊ (၂၄)၊ (၂၈) စသောရက်များသည် 'ရိတ္တာတိထိ'တွင် ကျရောက်လေရာ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၅။ ဖေဖော်ဝါရီလ (၄)၊ (၉)၊ (၁၅)၊ (၂၀)၊ (၂၅) စသောရက်များသည် 'ပုဏ္ဏာတိထိ'တွင် ကျရောက်လေရာ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဉ္စင်းခံခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ ဖေဖော်ဝါရီလ (၁၇)ရက်သည် 'အမြိတ္တစုတ်'တွင် ကျရောက်လေရာ ထိုရက်၌ မည်မျှပင် မကောင်းကြုံစေကာမူ မည်သည့်ကိစ္စရပ်မျိုးမဆို ဆောင်ရွက်ပါက အောင်မြင်မှု ရရှိနိုင်ပါသည်။

၇။ ဖေဖော်ဝါရီလ (၄)၊ (၆)၊ (၁၁)၊ (၂၀)၊ (၂၅)၊ (၂၇) စသောရက်များသည် 'ရက်ရာဇာ'တွင် ကျရောက်လေရာ ထိုရက်များ၌ လူမှုရေးကိစ္စများ၊ ဘာသာရေးကိစ္စများ၊ စီးပွားရေးကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာမြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ်အစရှိသော တိထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်းအမှုများကို ဆောင်ရွက်နိုင်ပါကြောင်း။

နေမျိုးထွင့်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

## ( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ အတွက် )

■ တောကကိုရင်

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ မြေလွတ် မြေရိုင်းတွေလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီ ကြွယ်ဝသဖြင့် စိုက်ပျိုးသမျှသီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရေးရာကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့ လိုသလို၊ အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေ စိုက်ပျိုးကြသူများအတွက် ရည်စူးကာ ဤကာလအခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးရေးကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ ဖေဖော်ဝါရီလ (၁)၊ (၄)၊ (၁၀)၊ (၁၃)၊ (၁၇)၊ (၁၉)၊ (၂၁)၊ (၂၆) ကျရောက်သော ရက်များ၌ အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၂။ ဖေဖော်ဝါရီလ (၂)၊ (၁၀)၊ (၁၄)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၇) ကျရောက်သော ရက်များ၌ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၃။ ဖေဖော်ဝါရီလ (၃)၊ (၁၀)၊ (၁၂)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၈) ကျရောက်သော ရက်များ၌ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေတို့ကို ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်၊ အမှိုက်သရိုက်တို့ကို မီးရှို့ခြင်း၊ အသီးအနှံတို့ကို ရိတ်သိမ်းခြင်း၊ ဥအမြစ်တို့ကို တူးဖော်ခြင်းတို့အား ပြုလုပ်သင့်ပါသည်။

၄။ ဖေဖော်ဝါရီလ (၁)၊ (၁၂)၊ (၁၇)၊ (၂၅) စသောရက်များ၌ သီးနှံများမျိုးစေ့တို့ကို ကြဲရန် သင့်လျော်လှပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လမှာအတွက် ကံဇာတာ

## (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ အတွက်)

■ ဆရာမိုးဟန်ကြွယ်

ယာဉ်များ၊ စက်ကိရိယာများ ဝင်လာတတ်ပါသည်။ အိမ်ထောင်သည်ဖြစ်ပါက မိသားစုနှင့် ပျော်ရွှင်စည်းလုံးစွာ နေထိုင်ရပါလိမ့်မည်။ အမှုအခင်းများနှင့် ကြုံတွေ့ပါကလည်း အောင်မြင်ပြီးပြောက်တတ်ပါသည်။ အလှူရေစက် လက်နှင့်မကွာ ဆိုသကဲ့သို့ ပရဟိတလုပ်ငန်းများအတွက် သော်လည်းကောင်း၊ အမျိုးဘာသာ သာသနာအတွက် သော်လည်းကောင်း အလှူဒါနများ ပြုလုပ်ရတတ်ပါသည်။ မှန်ကန်သောလုပ်ရပ်၊ တည်ကြည်သော သမာဓိတို့ကြောင့် အများအလယ်တွင် ထင်ပေါ်ကျော်ကြားနေပါလိမ့်မည်။ ဖခင်ရှိပါက ဖခင်၏ ကျန်းမာရေးကို ဂရုစိုက်ပေးဖို့ လိုမည်။ ပျို့ရွယ်သူများ ချစ်ရေးချစ်ရာ ကိစ္စများတွင် အထူးပင် ကောင်းမွန်နေပါသည်။

ကျန်းမာရေးနှင့် စပ်လျဉ်း၍ ချောင်းဆိုးရင်ကျပ်၊ ချွဲသလိပ်ကပ်ရောဂါနှင့် ကြုံမည်။ ပူပင်စရာမဟုတ်ပါ။ ဝင်လာသောငွေများ ပြန်ထွက်တတ်ပါသည်။ သူတစ်ပါး အကျိုးကို သယ်ပိုးရတတ်သည်။ ဖက်စပ်လုပ်ငန်းများ လုပ်ကိုင်ပါက အောင်မြင်မှုရရှိမည်။ အိမ်ထောင်ဘက်၏ အလိုကျ လုပ်ကိုင်ပေးရတတ်သည်။ ရပ်ဝေးရပ်နီး ခရီးများ သွားလာနေရတတ်သည်။ မိတ်ဆွေသူငယ်ချင်းများထံမှ လက်ဆောင်ပစ္စည်းများ ရတတ်သည်။ အိမ်မြေယာများ ရရှိတတ်သည်။ ပညာရေး အထူးကောင်းမွန်နေလိမ့်မည်။ လူကြီးသူမများအတွက် စိတ်ပူပင်ရတတ်သည်။ နေအိမ်အပြောင်းအရွှေ့ကြုံမည်။ လုပ်ငန်းခွင်မှ ဂုဏ်ထူးဘွဲ့ထူးများ ချီးမြှင့်ခံရတတ်သည်။

အိမ်နီးနားချင်း ဆွေမျိုးမကောင်းသူများနှင့် သဘောထားကွဲလွဲတတ်ပါသည်။ ကြေးနီ၊ သန္တာ၊ ရွှေ၊ အနီရောင် အဝတ်အထည်တို့နှင့် ပတ်သက်၍ အမြတ်အစွန်းများ ရရှိတတ်သည်။ တစ်ပါးသူ၏ မင်္ဂလာကိစ္စရပ်များကို ဆောင်ရွက်ပေးရတတ်သည်။ ကိုယ်ပိုင်သီးခြားလုပ်ငန်းထက် စပ်တူလုပ်ငန်းက အကျိုးပို၍ ပေးတတ်သည်။ ဘုရားဖူးခရီး (ပြည်တွင်း/ပြည်ပ)နှင့် ကြုံမည်။ အိမ်ထောင်ဘက်၏ ကျန်းမာရေးကို ဂရုစိုက်ပေးဖို့ လိုမည်။ ကိုယ်ပိုင်လုပ်ငန်း လုပ်လိုပါက အဖျော်ယမကာလုပ်ငန်းကို ဦးစားပေးလုပ်ကိုင်ပါ။ မိဘဆရာသမားများအား ပူဇော်ကန်တော့ရတတ်သည်။ လက်ဆောင်ပစ္စည်းများ ရတတ်သည်။ ကိုယ့်အပေါ် မနာလို ဝန်တိုသူများလည်း ရှိနေသည်။

သည်းခြေခတ် ဖောက်ပြန်သော ရောဂါဝေဒနာများ ခံစားရတတ်ပါသည်။ ခရီးသွားစဉ် လမ်းတစ်နေရာရာ၌ ပစ္စည်းများ ပျောက်ဆုံးခြင်း၊ မေ့ကျန်ရစ်ခြင်း၊ ခိုးယူခံရခြင်းတို့ ကြုံရတတ်သည်။ လုပ်ငန်းခွင်၌ လက်အောက်ငယ်သားအချို့ကြောင့် စိတ်ညစ်ညူးစရာ ကြုံရလိမ့်မည်။ နိုင်ငံရပ်ခြားသို့ သွားရောက်ဖို့ရာ အကြောင်းကိစ္စပေါ်မည်။ ဝင်ငွေထက် ထွက်ငွေက များနေတတ်ပါသည်။

ယတြာပြုလုပ်လိုပါက ကောက်ညှင်းပြန်ပေါင်းကို ဘုရားဆွမ်းတော်တင်ပါ။ 'အရဟံ ဗုဒ္ဓေါ' ဂါထာတော်ကို တစ်နေ့ ကိုးခေါက် ကိုးရက်တိတိ ရွတ်ဖတ်သရဇ္ဈာယ်ပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက်

# ကောင်းသောရက်

(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်)

နွယ်သာကီအောင်

ပောမန္တကား မြောက်ပြန်လေတွင် လေဟုန်စီးရင်း ပေါက်၊ လဲပွင့်တို့နှင့် အလွမ်းသင့်နေခဲ့ပေပြီ။ မကြာခင် . . .အင်ကြင်းငယ်တို့ ရဲရဲနီပေရော့မည်။ ပွင့်လင်းခြောက်သွေ့သော၊ ရပ်ရှစ်ခွင်မြူဆင်းကာ ငွေနှင်းတို့ နှစ်သော၊ အပူချိန်ပါးလျပြီး မြမြကလေးအေးသော ဤကာလ ဤရာသီအားမိမိတို့ နှစ်သက်မည်ဆိုလည်း နှစ်သက်စရာ။

ဤမျှ နှစ်သက်ချစ်မက်ဖွယ်ကာလ၌ မိမိတို့သည် လောကီရေးရာ ကြီးပွားတိုးတက်ကြောင်းအတွက် ကြံဆလုပ်ကိုင်လျက်ရှိကြသည်။ ထိုသို့လုပ်ဆောင်ရာဝယ် ကံလည်းရှိရုံမက ဉာဏ်ကပါ ဖေးကူလျှင် မကောင်းပါသလော။ သည့်အတွက် ဤလ ဤသမယ၏ ကောင်းသောရက်များကို ရွေးချယ်လေသောအခါ . . .

၁။ **နေအိမ်တိုက်တာဝယ်ဖို့ရာ**

ဖေဖော်ဝါရီလ (၄)၊ (၁၂)၊ (၁၃)၊ (၁၅) စသောရက်များသည် နေအိမ်တိုက်တာများဝယ်ယူဖို့ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ**

ဖေဖော်ဝါရီလ (၁)၊ (၁၁)၊ (၂၀)၊ (၂၇)၊ (၂၈) စသောရက်များသည် ကားများ၊ ယာဉ်များဝယ်ယူဖို့ရာ ကောင်းသောရက်များ ဖြစ်ကြပါသည်။

၃။ **ငါးဖမ်းထွက်ဖို့ရာ**

ဖေဖော်ဝါရီလ (၁)၊ (၄)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၂၂)၊ (၂၃)၊ (၂၈) စသောရက်များသည် ရေလုပ်သားများအတွက် ငါးဖမ်းထွက်ဖို့ရာ ကောင်းသောရက်များ ဖြစ်ကြပါသည်။

၄။ **ရွှေတွင်း၊ ကျောက်တွင်း တူးဖို့ရာ**

ဖေဖော်ဝါရီလ (၄)၊ (၁၂)၊ (၁၅)၊ (၁၈)၊ (၂၂)၊ (၂၇) စသောရက်များသည် ကျောက်မျက်ရတနာများ တူးဖော်ရန် ကောင်းသောရက်များ ဖြစ်ကြသည်။

၅။ **ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ရာ**

ဖေဖော်ဝါရီလ (၄)၊ (၁၁)၊ (၁၂)၊ (၁၈)၊ (၂၅) စသောရက်များသည် ယှဉ်ပြိုင်ဆောင်ရွက်ရမည့် လုပ်ငန်းများ အကောင်အထည်ဖော်ဖို့ရာ ကောင်းသောရက်များ ဖြစ်ကြပါသည်။

၆။ **ကျောင်း/အိမ်ဂေဟာ ဆောက်ဖို့ရာ**

ဖေဖော်ဝါရီလ (၁)၊ (၄)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၁၈)၊ (၂၀)၊ (၂၂)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၂၈)



www.burmeseclassic.com

www.burmeseclassic.com

စသောရက်များသည် ကျောင်းအဆောက်အအုံများ၊ နေအိမ်များ ဆောက်လုပ်ဖို့ရာ ကောင်းသောရက်များ ဖြစ်ကြပါသည်။

**၇။ ပဥ္စင်းခံ၊ ရှင်ပြု၊ နားသမင်္ဂလာ ရွက်ဆောင်ရာ**

ဖေဖော်ဝါရီလ (၁)၊ (၄)၊ (၆)၊ (၇)၊ (၁၁)၊ (၁၄)၊ (၁၅)၊ (၂၀)၊ (၂၂)၊ (၂၅)၊ (၂၇)၊ (၂၈) စသောရက်များသည် ပဥ္စင်းခံခြင်း၊ ရှင်ပြုခြင်း၊ နားသမင်္ဂလာ ဆောင်ရွက်ခြင်းတို့အတွက် ကောင်းသောရက်များ ဖြစ်ကြသည်။

**၈။ အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်တက်ရာ**

ဖေဖော်ဝါရီလ (၁)၊ (၄)၊ (၈)၊ (၁၄)၊ (၁၇)၊ (၂၆)၊ (၂၇)၊ (၂၈) စသော ရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်ဆောက်ခြင်းတို့အတွက် ကောင်းသောရက်များ ဖြစ်ကြပါသည်။

**၉။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ**

ဖေဖော်ဝါရီလ (၁)၊ (၈)၊ (၁၄)၊ (၁၇)၊ (၂၅)၊ (၂၇)၊ (၂၈) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်း ကိစ္စရပ်များအတွက် ကောင်းသောရက်များ ဖြစ်ကြပါသည်။

**၁၀။ လက်ထပ်မင်္ဂလာကျင်းပရာ**

ဖေဖော်ဝါရီလ (၁)၊ (၄)၊ (၈)၊ (၁၄)၊ (၁၅)၊ (၁၇)၊ (၁၈)၊ (၂၀)၊ (၂၆)၊ (၂၈) စသောရက်များသည် လက်ထပ်ထိမ်းမြားမင်္ဂလာ ကျင်းပခြင်းများအတွက် ကောင်းသောရက်များ ဖြစ်ကြပါသည်။

**၁၁။ ခရီးသွားလာကောင်းဖို့ရာ**

ဖေဖော်ဝါရီလ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၂၅)၊ (၂၈) စသောရက်များသည် ခရီးသွားလာခြင်းကိစ္စများအတွက် ကောင်းသောရက်များ ဖြစ်ကြသည်။

**၁၂။ လယ်ထွန်မင်္ဂလာ ပြုဖို့ရာ**

ဖေဖော်ဝါရီလ (၁)၊ (၁၂)၊ (၁၇)၊ (၂၅) စသောရက်များသည် လယ်ထွန်မင်္ဂလာပြုဖို့ရာအတွက် ရက်ကောင်းများ ဖြစ်ကြသည်။

**၁၃။ ရောင်းပန်းဝယ်ပန်း ပွင့်ဖို့ရာ**

ဖေဖော်ဝါရီလ (၁)၊ (၁၂)၊ (၁၇)၊ (၂၅) စသောရက်များသည် အရောင်းအဝယ်ကိစ္စများ စီမံဆောင်ရွက်ရန် ရက်ကောင်းများ ဖြစ်ကြသည်။

**၁၄။ သီးနှံမျိုးစေ့ကြဲဖို့ရာ**

ဖေဖော်ဝါရီလ (၁)၊ (၁၂)၊ (၁၇)၊ (၂၅) စသောရက်များသည် လယ်ယာ၊ တောင်ယာ၊ ဥယျာဉ်ခြံမြေများ၌ သီးနှံမျိုးစေ့များ ကြဲချစိုက်ပျိုးရန် ရက်ကောင်းများ ဖြစ်ကြပါသည်။

**၁၅။ ရေတွင်းရေကန် တူးဖို့ရာ**

ဖေဖော်ဝါရီလ (၁)၊ (၄)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၁၇)၊ (၂၀)၊ (၂၅)၊ (၂၆) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ခြင်းကိစ္စအတွက် ရက်ကောင်းများ ဖြစ်ကြသည်။

**၁၆။ အောင်ဘာလေထီ ထိုးဖို့ရာ**

ဖေဖော်ဝါရီလ (၂)၊ (၅)၊ (၁၀)၊ (၁၆) စသောရက်များသည် အောင်ဘာလေထီကံစမ်းခြင်းအတွက် ရက်ကောင်းများ ဖြစ်ကြသည်။

**၁၇။ အတတ်ပညာ သင်ဖို့ရာ**

ဖေဖော်ဝါရီလ (၁)၊ (၄)၊ (၁၇)၊ (၂၀)၊ (၂၅) စသောရက်များသည် အတတ်ပညာများ သင်ယူရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၈။ အခါပေးမလား၊ ရက်ကောင်းများ**

ဖေဖော်ဝါရီလ (၁)၊ (၂)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၂၂)၊ (၂၄)၊ (၂၅)၊ (၂၇)၊ (၂၈) စသောရက်များသည် မင်္ဂလာအခါပေးသင့်သည့် ရက်ကောင်းများ ဖြစ်ကြပါသည်။

● နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com

# တစ်လအတွင်း ကောင်းခြင်းမင်္ဂလာဒိုင်ယာရီ

**၁.၁.၂၀၁၄ မှ ၃၁.၁.၂၀၁၄ ထိ**

ဆရာရွှေ (နက္ခတ္တဗေဒပညာရှင်)




**၁.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့**

လူပြည်ပြသဒါးရက် တစ်ရက်မိ၏။ ကျန်မကောင်းသောရက်များတောက လွတ်ပါသည်။ မလုပ်မဖြစ်လုပ်ကိုင်ရမည့် လုပ်ငန်းကိစ္စများ ဆောင်ရွက်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှု ရရှိပါမည်။ အရှေ့အရပ်မျက်နှာမှ၍ လုပ်ငန်းများ စတင်နိုင်ပါသည်။ စန်းပွင့်၏။ အရှေ့မြောက်အရပ် ယောဂနီသင့်၍ ညအိပ်ညဉ့်နေ ခရီးဝေးမသွားအပ်ပါ။ လုပ်ငန်းကိစ္စများ ဆောင်ရွက်လျှင် နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ ဆောင်ပန်း- အုန်းညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၄-၅-၉-၅-၆)




**၂.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလဆန်း ၂ ရက်၊ ကြာသပတေးနေ့**

နဂါးပေါ်ရက် တစ်ရက်မိသော်လည်း ကျန်မကောင်းသောရက်များ လွတ်သဖြင့် သင့်တင့်ကောင်းမွန်မှု ရှိပါသည်။ မလုပ်မဖြစ်လုပ်ကိုင်ရမည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ပါသည်။ အရှေ့အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့အရပ် ယောဂနီသင့်၍ ခရီးဝေးမသွားအပ်ပါ။ ဆောင်ပန်း- ကံ့ကော်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၅-၅-၆-၅-၆)





**၃.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလဆန်း ၃ ရက်၊ သောကြာနေ့**

ပြဿဒါးရက် တစ်ရက်၊ သမားဖြူရက် တစ်ရက် မကောင်းသောရက် နှစ်ရက်မိထားသဖြင့် မည်သို့သောလုပ်ငန်းမျိုးမှ စတင်လုပ်ကိုင်ခြင်း မပြုသင့်ပါ။ မြောက်အရပ် ယောဂနီသင့်၍ ခရီးဝေးမသွားသင့်ပါ။ ဆောင်ပန်း-ဆီးညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၆-၇-၂-၅-၆)




www.burmeseclassic.com

www.burmeseclassic.com





**၄.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလဆန်း ၄ ရက်၊ စနေနေ့**

ရှမ်းရက် တစ်ရက်၊ မဟာရက်ကြမ်း တစ်ရက် မကောင်းသောရက် နှစ်ရက်မိထားသဖြင့် မည်သို့သောလုပ်ငန်းမျိုးမှ စတင်လုပ်ကိုင်ခြင်း မပြုသင့်ပါ။ အနောက်တောင်အရပ် ယောဂနီသင့်၍ ခရီးဝေးမသွားသင့်ပါ။ **ဆောင်ပန်း–ရွက်လှည့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၇–၀–၃–၅–၆)





**၅.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့**

သမားညိုရက် တစ်ရက်မိ၏။ ကျန်မကောင်းသောရက်များတော့ လွတ်ပါသည်။ မလုပ်မဖြစ်လုပ်ကိုင်ရမည့် လုပ်ငန်းကိစ္စများ ဆောင်ရွက်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှုရရှိပါမည်။ အနောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ခရီးဝေးမသွားသင့်ပါ။ **ဆောင်ပန်း–သပြေညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၁–၇–၈–၅–၆)





**၆.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလဆန်း ၆ ရက်၊ တနင်္လာနေ့**

သမားညိုရက် တစ်ရက်၊ သမားဖြူရက် တစ်ရက် မကောင်းသောရက် နှစ်ရက်မိထားသဖြင့် မည်သို့သောလုပ်ငန်းမျိုးမှ စတင်လုပ်ကိုင်ခြင်း မပြုသင့်ပါ။ အနောက်အရပ် ယောဂနီသင့်၍ ခရီးဝေးမသွားသင့်ပါ။ **ဆောင်ပန်း–သီဟိုဠ်ညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၂–၇–၅–၅–၆)




**၇.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလဆန်း ၇ ရက်၊ အင်္ဂါနေ့**

မကောင်းသောရက် ၁၀ ပါးမှ လွတ်ကင်းပြီး နက္ခတ် ၂၆ လုံးရှိသောရက်သည် အင်္ဂါနေ့ဖြစ်သောကြောင့် သဗ္ဗအတ္ထသိဒ္ဓိယုဂ်လည်း ရ၏။ မည်သည့်လုပ်ငန်းမျိုးမဆို လုပ်ကိုင်နိုင်ပါသည်။ အောင်မြင်ပြီးမြောက်ပါမည်။ မြောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အနောက်မြောက်အရပ် ယောဂနီသင့်၍ ခရီးဝေးမသွားအပ်ပါ။ **ဆောင်ပန်း–စွယ်တော်ညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၃–၅–၇–၅–၆)





**၈.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့**

လူပြည်ပြဿဒါးရက် တစ်ရက်မိ၏။ ကျန်မကောင်းသောရက်များတော့ လွတ်ပါသည်။ မလုပ်မဖြစ်လုပ်ကိုင်ရမည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှုရပါမည်။ မြောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့မြောက်အရပ် ယောဂနီသင့်၍ ခရီးဝေးမသွားအပ်ပါ။ **ဆောင်ပန်း–အုန်းညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၄–၅–၄–၅–၆)




www.burmeseclassic.com

www.burmeseclassic.com





**၉.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလဆန်း ၉ ရက်၊ ကြာသပတေးနေ့**

အသဿဝနီနက္ခတ်နှင့် ကြာသပတေးနေ့နှင့် တိုက်ဆိုင်နေသဖြင့် သဗ္ဗအတ္ထသိဒ္ဓိယုဂ်ရ၏။ မကောင်းသောရက် ၁၀ ပါးမှ လွတ်ကင်းပြီး ရက်ရာဇာနေ့လည်းဖြစ်သဖြင့် အထူးပင်ကောင်းမွန်သည့်နေ့ ဖြစ်၏။ မည်သည့်လုပ်ငန်းမျိုးမဆို စတင်လုပ်ကိုင်သင့်သောနေ့ဖြစ်ပြီး၊ အထူးတလည်အောင်မြင်သောနေ့မျိုးလည်းဖြစ်၏။ အရှေ့အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့အရပ်ယောဂနီသင့်၍ ခရီးဝေးမသွားသင့်ပါ။ ဆောင်ပန်း–ကံ့ကော်ညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၅–၃–၉–၅–၆)





**၁၀.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလဆန်း ၁၀ ရက်၊ သောကြာနေ့**

နဂါးပြည်ပြသဒါးတစ်ရက်မိ၏။ လူ့ပြည်နဲ့တော့လည်း မဆိုင်ပါ။ ကျန်မကောင်းသောရက်များတော့ လွတ်ပါသည်။ လုပ်ငန်းများ ဆောင်ရွက်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှုရပါလိမ့်မည်။ အရှေ့အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ မြောက်အရပ် ယောဂနီသင့်၍ ညအိပ်ညဉ့်နေ ခရီးဝေးမသွားအပ်ပါ။ ဆောင်ပန်း–ဆီးညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၆–၃–၆–၅–၆)





**၁၁.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလဆန်း ၁၁ ရက်၊ စနေနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်ကင်းပြီး ရက်ရာဇာလည်းဖြစ်သဖြင့် မည်သည့်လုပ်ငန်းမျိုးမဆို စတင်ဆောင်ရွက်နိုင်ပါသည်။ အောင်မြင်မှုရရှိပါမည်။ အရှေ့အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့တောင်အရပ်ယောဂနီသင့်၍ ညအိပ်ညဉ့်နေ ခရီးဝေးမသွားအပ်ပါ။ ဆောင်ပန်း–ရွက်လှညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၇–၃–၁–၅–၆)




**၁၂.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့**

သမားညိုရက် တစ်ရက်၊ ဝါရမိတ္တုငယ် တစ်ရက်၊ ရက်ပုပ် တစ်ရက်၊ သမားဖြူရက် တစ်ရက် မကောင်းသောရက် လေးရက်မိထားသဖြင့် မည်သည့်လုပ်ငန်းမျိုးမှ စတင်ဆောင်ရွက်ခြင်း မပြုသင့်ပါ။ အခါမပေးတော့ပါ။ အနောက်တောင်အရပ် ယောဂနီသင့်သဖြင့် ညအိပ်ညဉ့်နေ ခရီးဝေးမသွားသင့်ပါ။ ဆောင်ပန်း–သပြေညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၁–၆–၂–၅–၆)





**၁၃.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလဆန်း ၁၃ ရက်၊ တနင်္လာနေ့**

သမားညိုရက် တစ်ရက်မိ၏။ ကျန်မကောင်းသောရက်များတော့ လွတ်ပါသည်။ မလုပ်မဖြစ်လုပ်ကိုင်ရမည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှုရရှိပါမည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ညအိပ်ညဉ့်နေ ခရီးဝေးမသွားသင့်ပါ။ ဆောင်ပန်း–သီဟိုဠ်ညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၂–၆–၃–၅–၆)




www.burmeseclassic.com

www.burmeseclassic.com




**၁၄.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလဆန်း ၁၄ ရက်၊ အင်္ဂါနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်ကင်းသဖြင့် ကောင်းသော နေ့ရက်တစ်ရက် ဖြစ်၏။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်လုပ်ကိုင်နိုင်ပါသည်။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အနောက်အရပ် ယောဂနီသင့်၍ ညအိပ်ညဉ့်နေ ခရီးဝေးမသွားသင့်ပါ။ **ဆောင်ပန်း-**ထန်းညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၃-၄-၃-၅-၆)




**၁၅.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလပြည့်နေ့၊ ဗုဒ္ဓဟူးနေ့**

လူပြည်ပြဿဒါး တစ်ရက်မိ၏။ ကျန်မကောင်းသောရက်များ လွတ်ကင်းပါသည်။ ပြုလုပ်မဖြစ်လုပ်ကိုင်ရမည့်လုပ်ငန်းများ လုပ်ကိုင်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှုရရှိမည်။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အနောက်မြောက်အရပ်ယောဂနီသင့်၍ ညအိပ်ညဉ့်နေ ခရီးဝေးမသွားသင့်ပါ။ **ဆောင်ပန်း-**အုန်းညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၄-၄-၈-၉-၆)




**၁၆.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့**

ဖုသျှနက္ခတ်နှင့် ကြာသပတေးနေ့နှင့် ကြုံကြိုက်သဖြင့် သဗ္ဗအတ္ထသိဒ္ဓိယုဂ် ရသောနေ့ ဖြစ်၏။ ရက်ရာဇာလည်းဖြစ်သဖြင့် မည်သည့်လုပ်ငန်းမျိုးမဆို လုပ်ကိုင်နိုင်ပါသည်။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ မွန်းတည့်ချိန်အတွင်း အခါကောင်းပါသည်။ အရှေ့အရပ် ယောဂနီသင့်၍ ညအိပ်ညဉ့်နေ ခရီးဝေးမသွားသင့်ပါ။ **ဆောင်ပန်း-**ကံ့ကော်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၅-၄-၅-၅-၆)



**၁၇.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ သောကြာနေ့**

နဂါးပြည်ပြဿဒါးတစ်ရက်မိ၏။ လူပြည်နှင့်တော့လည်း မဆိုင်ပါ။ မည်သည့်လုပ်ငန်းမျိုးမဆို ဆောင်ရွက်လုပ်ကိုင်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှုရပါလိမ့်မည်။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစတင်ပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ မြောက်အရပ် ယောဂနီသင့်၍ ညအိပ်ညဉ့်နေခရီးမသွားသင့်ပါ။ **ဆောင်ပန်း-**ဆီးညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း**(၆-၂-၇-၅-၆)




**၁၈.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ စနေနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်ကင်းပြီး ရက်ရာဇာလည်းဖြစ်သဖြင့် ကောင်းမြတ်သော ရက်တစ်ရက် ဖြစ်၏။ မည်သည့်လုပ်ငန်းမဆို စတင်ဆောင်ရွက်ပါ။ အောင်မြင်မှုရရှိမည်။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစတင်ပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့တောင်အရပ်ယောဂနီသင့်၍ ညအိပ်ညဉ့်နေ ခရီးဝေးမသွားသင့်ပါ။ **ဆောင်ပန်း-**ရွက်လှညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၇-၂-၄-၅-၁)




www.burmeseclassic.com

www.burmeseclassic.com




**၁၉.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့**

သမားညိုရက် တစ်ရက်၊ ရှမ်းရက် တစ်ရက်၊ နဂါးပေါ်ရက် တစ်ရက် မကောင်းသောရက် သုံးရက်မိထားသဖြင့် မည်သည့်လုပ်ငန်းသစ်မျှ စတင်လုပ်ကိုင်ခြင်းမပြုသင့်ပါ။ အခက်အခဲများ တွေ့နိုင်ပါသည်။ အခါမပေးတော့ပါ။ အနောက်တောင်အရပ် ယောဂနီသင့်၍ ညအိပ်ညဥ့်နေ ခရီးဝေးမသွားသင့်ပါ။ **ဆောင်ပန်း-သပြေညွန့်ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၁-၁-၉-၅-၁)





**၂၀.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့**

သမားညိုရက် တစ်ရက်မိ၏။ ကျန်မကောင်းသောရက်များတော့ လွတ်ပါသည်။ မလုပ်မဖြစ်လုပ်ရမည့် လုပ်ငန်းများ စတင်လုပ်ကိုင်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှုရရှိပါမည်။ အရှေ့အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ညအိပ်ညဥ့်နေ ခရီးဝေးမသွားသင့်ပါ။ **ဆောင်ပန်း-သီဟိုဠ်ညွန့်ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၂-၁-၆-၅-၁)





**၂၁.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့**

ရက်ပုပ် တစ်ရက်၊ သမားဖြူရက် တစ်ရက် မကောင်းသောရက် နှစ်ရက်မိထားသဖြင့် မည်သည့်လုပ်ငန်းမျိုးမှ စတင်လုပ်ကိုင်ခြင်း မပြုသင့်ပါ။ အခါမပေးတော့။ အနောက်အရပ် ယောဂနီသင့်၍ ညအိပ်ညဥ့်နေ ခရီးဝေးမသွားသင့်ပါ။ **ဆောင်ပန်း-စွယ်တော်ညွန့်ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၃-၁-၁-၇-၁)




**၂၂.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့**

လူ့ပြည်ပြသဒါးရက် တစ်ရက်မိ၏။ ကျန်မကောင်းသောရက်များတော့လည်း လွတ်ပါသည်။ မလုပ်မဖြစ်လုပ်ကိုင်မည့် လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှုရရှိပါမည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းများ စတင်ဆောင်ရွက်ပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အနောက်မြောက်အရပ် ယောဂနီသင့်၍ ညအိပ်ညဥ့်နေ ခရီးဝေးမသွားသင့်ပါ။ **ဆောင်ပန်း-အုန်းညွန့်ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၄-၄-၂-၇-၁)




**၂၃.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့**

ရက်ပုပ် တစ်ရက်၊ ဝါရမိတ္တုငယ် တစ်ရက် မကောင်းသောရက် နှစ်ရက်မိထားသဖြင့် မည်သည့်လုပ်ငန်းသစ်မျိုးမှ စတင်လုပ်ကိုင်ခြင်း မပြုသင့်ပါ။ အခါမပေးတော့။ အရှေ့မြောက်အရပ် ယောဂနီသင့်၍ ညအိပ်ညဥ့်နေ ခရီးဝေးမသွားသင့်ပါ။ **ဆောင်ပန်း-ကံ့ကော်ညွန့်ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၅-၄-၃-၇-၁)




www.burmeseclassic.com

www.burmeseclassic.com





**၂၄.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ သောကြာနေ့**

နတ်ပြည်ပြဿဒါးရက် တစ်ရက်မိ၏။ လူ့ပြည်နှင့်တော့လည်း မသက်ဆိုင်ပါ။ မလုပ်မဖြစ်လုပ်ကိုင်မည့်လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှုရရှိပါမည်။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစတင်ဆောင်ရွက်ပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့အရပ်ယောဂနီသင့်၍ ညအိပ်ညဥ့်နေခရီးမသွားသင့်ပါ။ **ဆောင်ပန်း–ဆီးညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း**(၆–၆–၈–၇–၁)




**၂၅.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ စနေနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်ကင်းပြီး ရက်ရာဇာလည်းဖြစ်သဖြင့် ကောင်းမြတ်သောရက်တစ်ရက် ဖြစ်၏။ မည်သည့်လုပ်ငန်းမဆို စတင်ဆောင်ရွက်နိုင်ပါသည်။ အောင်ပြင်မှုရရှိပါမည်။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစတင်ဆောင်ရွက်ပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ မြောက်အရပ် ယောဂနီသင့်သဖြင့် ညအိပ်ညဥ့်နေ ခရီးဝေးမသွားသင့်ပါ။ **ဆောင်ပန်း–ရွက်လှညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၇–၆–၅–၀–၁)





**၂၆.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့**

သမားညိုရက် တစ်ရက်မိ၏။ ကျန်မကောင်းသောရက်များတော့ လွတ်ပါသည်။ မလုပ်မဖြစ်လုပ်ကိုင်မည့် လုပ်ငန်းများ စတင်လုပ်ကိုင်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှုရရှိနိုင်ပါသည်။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့တောင်အရပ် ယောဂနီသင့်၍ ညအိပ်ညဥ့်နေ ခရီးဝေးမသွားသင့်ပါ။ **ဆောင်ပန်း–သပြေညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၁–၃–၇–၀–၁)




**၂၇.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့**

သမားညိုရက် တစ်ရက်၊ သမားဖြူရက် တစ်ရက်၊ ရက်ပုပ် တစ်ရက် မကောင်းသောရက်သုံးရက်မိထားသဖြင့် မည်သည့်လုပ်ငန်းသစ်မျိုးမှ စတင်ဆောင်ရွက်ခြင်း မပြုသင့်ပါ။ အခါမပေးတော့ပါ။ အနောက်တောင်အရပ် ယောဂနီသင့်၍ ညအိပ်ညဥ့်နေ ခရီးဝေးမသွားသင့်ပါ။ **ဆောင်ပန်း–သီဟိုဠ်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၂–၃–၄–၇–၁)





**၂၈.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်ကင်းသဖြင့် ကောင်းသောရက်တစ်ရက် ဖြစ်၏။ မည်သည့်လုပ်ငန်းမဆို စတင်ဆောင်ရွက်ပါ။ အောင်မြင်မှုရရှိပါမည်။ အရှေ့အရပ်မျက်နှာမှ၍ လုပ်ငန်းစတင်ဆောင်ရွက်ပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ညအိပ်ညဥ့်နေ ခရီးဝေးမသွားသင့်ပါ။ **ဆောင်ပန်း–စွယ်တော်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၃–၅–၉–၇–၁)




www.burmeseclassic.com

www.burmeseclassic.com




## ၂၉.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့

လူ့ပြည်ပြဿဒါးရက် တစ်ရက်မိ၏။ ကျန်မကောင်းသောရက်များတော့ လွတ်ကင်းပါသည်။ မလုပ်မဖြစ်လုပ်ကိုင်မည့် လုပ်ငန်းများ လုပ်ကိုင်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှုရရှိပါမည်။ အရှေ့အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အနောက်အရပ် ယောဂနီသင့်၍ ညအိပ်ညဥ့်နေ ခရီးဝေးမသွားသင့်ပါ။ **ဆောင်ပန်း-အုန်းညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၄-၅-၆-၇-၁)




## ၃၀.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ ပြာသိုလကွယ်နေ့၊ ကြာသပတေးနေ့

မကောင်းသောရက် ၁၀ ပါးမှလွတ်ကင်းပြီး ရက်ရာဇာလည်းဖြစ်သဖြင့် မည်သည့်လုပ်ငန်းသစ်မျိုးမဆို စတင်ဆောင်ရွက်နိုင်ပါသည်။ အောင်မြင်မှုရရှိပါမည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစတင်ဆောင်ရွက်ပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့မြောက်အရပ် ယောဂနီသင့်၍ ညအိပ်ညဥ့်နေ ခရီးဝေးမသွားသင့်ပါ။ **ဆောင်ပန်း-ကံ့ကော်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၅-၇-၁-၀-၁)




## ၃၁.၁.၂၀၁၄ ခု၊ ၁၃၇၅ ခု၊ တပို့တွဲလဆန်း ၁ ရက်၊ သောကြာနေ့

မကောင်းသောရက် ၁၀ ပါးမှလွတ်ကင်းပြီး သောကြာနေ့တွင် နန္ဒာတိထိဖြစ်သဖြင့် သဗ္ဗအတ္ထသိဒ္ဓိတိထိယှက်ရသော နေ့ထူးနေ့မြတ် ဖြစ်၏။ မည်သည့်လုပ်ငန်းသစ်မျိုးမဆို စတင်ဆောင်ရွက်နိုင်ပါသည်။ ထူးထူးခြားခြား အောင်မြင်မှုရရှိပါမည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစတင်ဆောင်ရွက်ပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့အရပ် ယောဂနီသင့်၍ ညအိပ်ညဥ့်နေ ခရီးဝေးမသွားသင့်ပါ။ **ဆောင်ပန်း-ဆီးညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၆-၇-၂-၀-၂)

**မှတ်ချက်**

၁-၁-၂၀၁၄ မှ ၁၄-၁-၂၀၁၄ ရက်နေ့အတွင်း ကြာသပတေးသားသမီးများနှင့် စနေသားသမီးများ လဒဏ်သင့်၍ အားနည်း၏။ ၁၅. ၁. ၂၀၁၄ ရက်နေ့မှ ၃၁. ၁. ၂၀၁၄ ရက်နေ့အတွင်း တနင်္ဂနွေသားသမီးများနှင့် တနင်္လာသားသမီးများ လဒဏ်သင့်၍ အားနည်း၏။ ခရီးဝေးသွားလာခြင်းများနှင့် ရေကြောင်းခရီးများ ရှောင်အပ်ပါသည်။

**မြှုအပ်သောယတြာ**

ကြာသပတေးသားသမီးများ စံပယ်ပန်း ၁၉ ပွင့်ကို အိမ်မှဘုရားစင်၌ မွေးနေ့မှာ လှူပါ။

စနေသားသမီးများ ထန်းလျက်တစ်ဆယ်သားကို သံဃာတော်အား မွေးနေ့၌ လှူပါ။

တနင်္ဂနွေသားသမီးများ အုန်းညွန့် ၆ ညွန့်ကို မွေးနေ့၌ အိမ်မှဘုရားစင်တွင် လှူဒါန်းပါ။

တနင်္လာသားသမီးများ ကံ့ကော်ပန်း ၁၅ ပွင့်ကို မွေးနေ့၌ အိမ်မှဘုရားစင်တွင် လှူဒါန်းပါ။ လိုရာဆုတောင်းခြင်းဖြင့် ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝနိုင်ကြပါသည်။

*ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ။*

**ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)**



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

## ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ

## တရုတ်နှစ်မွေးသူများအတွက်

## ဆောင်ရန်ရှောင်ရန်နှင့်သတိပြုရန်အချက်များ

■ ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

### မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ ကံကြမ္မာ တက်နေပါသည်။ ရင်းနှီးမြှုပ်နှံမှုလုပ်လျှင် အထူးအကျိုးပေးပါလိမ့်မည်။ သီဟိုဠ်သီး၊ ရော်ဘာ(ကြွက်ပေါင်စေး) အစရှိသော ခြံစိုက်လုပ်ငန်းလုပ်ပါ။ စီးပွားရေးလုပ်ငန်းသစ် တည်ထောင်နိုင်၏။ အကျိုးများလိမ့်မည်။

### ရှောင်ကြဉ်ရန်အချက်များ

မိမိ၏အိမ်ထောင်ရေး သာယာပျော်ရွှင်မှု ရှိနိုင်ပါသော်လည်း မိမိ၏ သားရေး၊ သမီးရေး လက်ထပ်ထိမ်းမြားမှု အခက်အခဲပြဿနာတွေ့တတ်သဖြင့် ခဏခေတ္တ စောင့်ဆိုင်းပါဦး။ မဆိုင်းနိုင်လျှင် အကျိုးယုတ်တတ်၏။ လောဘမကြီးသင့်။ ရေကြောင်းခရီးရှောင်ပါ။

### ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင်သည် ယခုလတွင် ကံကောင်းနေပါ၏။ အခွင့်ကောင်းလက်မလွှတ်သင့်။ စီးပွားရေးလုပ်ငန်းသစ်၊ ကုမ္ပဏီသစ်၊ ဈေးဆိုင်သစ်တည်နိုင်၊ ဖွင့်နိုင်၏။ တွေးမနေပါနှင့်။ ဝေးမနေပါနှင့်။ ရင်းနှီးမြှုပ်နှံမှုတစ်ခုခု အမြန်လုပ်ပါ။ လက်လွှတ်ဆုံးရှုံးတတ်၏။ ချစ်သူဝိုင်းဝိုင်းလည်နေမည်။

### ရှောင်ကြဉ်ရန်အချက်များ

ချစ်သူဝိုင်းဝိုင်းလည်နေမည် ဖြစ်ပါသော်လည်း အိမ်ထောင်ဖက်ကောင်း အရွေးမမှားလေနှင့်။ မှားလျှင်တစ်သက်ပြင်၍မရတော့ပါ။ လောမကြီးရ၊ ခရီးထွက်နိုင်၏။ လေကြောင်းခရီးကို ရှောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

### မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ ကံကြမ္မာနိမ့်နေ၏။ စီးပွားရေးလုပ်ငန်း ခဏခေတ္တ ရပ်နားထားပြီး ဘာသာရေးကိစ္စ ဖောက်ချလုပ်ကိုင်ပေးသင့်သည်။ ကုသိုလ်ကောင်းမှု အလှူအတန်းများများ လုပ်ပေးပါ။ မကြာမီ ကံကောင်းလာပါမည်။

### ရှောင်ကြဉ်ရန်အချက်များ

စီးပွားရေးလုပ်ငန်း၊ အတားအဆီးအနှောင့်အယှက် ရှိတတ်၏။ စီးပွားရေး တိုးချဲ့မှုလုပ်ငန်း ခဏခေတ္တ ရပ်နားထားပါ။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်း မပြုသင့်သေး။ ခရီးမထွက်သင့်။ အန္တရာယ်များတတ်၏။

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကုသိုလ် ပြန်လည်လာပါသည်။ ကံဆိုးခြင်းမှ လွတ်မြောက်လာလေသည်။ လုပ်ငန်းကိုင်ငန်း အခက်အခဲ၊ အတားအဆီးများ ရှိပါသော်ငြားလည်း ကျော်လွှားနိုင်ပါလိမ့်မည်။ လုပ်ငန်းတိုးချဲ့လုပ်ကိုင်နိုင်၏။ အကျိုးဖြစ်ထွန်းမှု ရှိမည်။

### ရှောင်ကြဉ်ရန်အချက်များ

အပျို၊ လူပျို လက်ထပ်ရန် မသင့်သေးပါ။ ခဏခေတ္တစောင့်ပါဦး။ သဘောကွဲလွဲကာ ပြဿနာတက်တတ်၏။ သတိနှင့် ဆင်ခြင်ပါ။ အိမ်ထောင်ရှင်၊ အိမ်ထောင်ရေး အဆင်ပြေလိမ့်မည်။ စိတ်ရှည်သည်းခံ ခွင့်လွှတ်ပါ။

### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာ ပြန်လည်ထိုးဆင်း၊ နိမ့်ကျနေပြန်ပေလိမ့်မည်။ လုပ်ငန်းအတားအဆီး၊ အခက်အခဲရှိသော်လည်း ကျော်လွှားနိုင်မည်ဖြစ်၍ စျေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ခရီးထွက်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ခရီးသွားနိုင်ပါသော်လည်း လေကြောင်းခရီးကို ရှောင်ပါ။ ထို့ပြင် လေကြောင်းခရီးကိုလည်း ရှောင်သင့်ပါသည်။ ငွေထုတ်ချေးခြင်းမပြုပါနှင့်။ ပြန်ရမည်မဟုတ်ပါ။ ငွေချေးစာအုပ်လည်း တရားမဝင်ပါ။ ဆုံးရှုံးလိမ့်မည်။

### ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ လဆန်းရက်တွင် ကံညံ့နေသော်လည်း လကုန်ရက်တွင် ကံကုသိုလ် ပြန်ကောင်းလာပါလိမ့်မည်။ လကုန်ရက်ကျမှ စျေးဆိုင်သစ်တည်ပါ။ ဖွင့်ပါ။ စီးပွားရေးလုပ်ငန်း တည်ထောင်ပါလေ။

### ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်သည်။ မှားယွင်းစွာ စေ့စပ်တတ်၏။ စေ့စပ်ထားသူသည် သားမယားရှိသူ၊ သို့မဟုတ် မယားနှင့်မကွဲသေးသူ ဖြစ်တတ်၏။ သေသေချာချာစုံစမ်းပါ။ စိတ်မချပါက စေ့စပ်မှု ဖျက်သိမ်းရန် အချိန်ရှိပါသေးသည်။ အချိန်မီ ဖျက်သိမ်းပါ။ သတိနှင့် ဆင်ခြင်ပါ။

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကုသိုလ် ထွန်းလင်းတောက်ပနေပေလိမ့်မည်။ ရင်းနှီးမြှုပ်နှံလျှင် အကျိုးများစွာ ဖြစ်ထွန်းမှုရှိမည်။ ဖက်စပ်လုပ်ငန်း၊ စပ်တူလုပ်ငန်းလုပ်ပါ။ အကျိုးများမည်။ လုပ်ငန်းအကြံအစည် အောင်မြင်မည်။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ငွေမည်းဝင်ကိန်းရှိ၏။ ငွေမည်းလုပ်ငန်း လက်မခံရ။ ပြဿနာတက်တတ်၏။ ငွေထုတ်ချေးခြင်းမပြုရ။ အလိမ်ခံရလိမ့်မည်။ စေ့စပ်ခြင်းနှင့် လက်ထပ်ခြင်းကို လကုန်ရက်တွင် မလုပ်ရ။ ကြပ်ကြပ်ရှောင်ပါ။ ခရီးဝေးရှောင်ပါလေ။ ဘေးများ၏။

### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကုသိုလ် ပြန်လည်ထိုးကျနေတတ်၏။ ရှိရင်းစွဲ စီးပွားရေးလုပ်ငန်းကို ကောင်းစွာထိန်းသိမ်းထားပါ။ စေ့စပ်



www.burmeseclassic.com

www.burmeseclassic.com

နိုင်၏။ ခရီးထွက်နိုင်၏။ ကုန်းကြောင်း၊ ကား၊ မီးရထား ခရီး ပိုမိုစိတ်ချရ၏။

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်သော်လည်း မစေ့စပ်မီ ကြိုတင်သေချာအောင် စုံစမ်းပါ။ စေ့စပ်လာသူ၊ သားမယား၊ အိမ်ထောင်ရှိသူ ဖြစ်တတ်ပါသည်။ ကြပ်ကြပ်သတိထားကာ ရှောင်ရှားပါ။ ထို့ပြင် ငွေထုတ်ချေးခြင်းကိုလည်း ရှောင်ပါလေ။ နောက်ပိုင်း ပြဿနာရှုပ်ထွေးတတ်၏။

## ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ ကုသိုလ်ကံ ပြန်လည်လာတတ်၏။ စီးပွားရေးလုပ်ငန်းသစ် ထူထောင်နိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ကူးသန်းရောင်းဝယ်မှုလုပ်လျှင် အကျိုးပေးလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးဝေးမသွားသင့်။ ဘေးအန္တရာယ်များ စောင့်ကြိုနေတတ်၏။ အထူးသဖြင့် ရေကြောင်းခရီးကို ရှောင်ပါ။ တိုင်ပင်ညှိနှိုင်းပြီး လုပ်ကိုင်ဆောင်ရွက်ပါ။ တစ်ယောက်တည်းဆုံးဖြတ်ပြီး မလုပ်သင့်၊ မှားယွင်းတတ်၏။

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာ ညှိုးနွမ်းနေပေလိမ့်မည်။ ရှိရင်းစွဲလုပ်ငန်း မပျက်စီးအောင် ကောင်းစွာထိန်းသိမ်းထားပါ။ စေ့စပ်ကြောင်းလမ်းနိုင်၏။ ခရီးထွက်နိုင်၏။ ဘာသာရေးလုပ်ငန်း၊ ကုသိုလ်ကောင်းမှု များများလုပ်ပေးပါ။ မကြာမီ ကံမြင့်လာပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်သော်ငြားလည်း ချက်ချင်း လက်မထပ်သင့်သေးပါ။ ခရီးထွက်နိုင်ပါသော်လည်း လေကြောင်းခရီးကို ရှောင်ပါ။ အိမ်ထောင်ရှင်အဖို့ ခိုက်ရန်ဖြစ်ပွားတတ်၏။ ပြောဆိုဆက်ဆံမှုဆင်ခြင်ပါ။ စိတ်ရှည်သည်းခံ ခွင့်လွှတ်ပါ။

## နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကုသိုလ် အလွန်နိမ့်ကျနေတတ်၏။ ကုသိုလ်ကောင်းမှု များများလုပ်ပေးပါ။ စီးပွားရေးလုပ်ငန်း ခဏခေတ္တနားထားပါ။ စေ့စပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

လုပ်ငန်းတိုးချဲ့လုပ်ကိုင်မှု ရှောင်ပါ။ စေ့စပ်နိုင်သော်လည်း ပြန်လည်စဉ်းစားသုံးသပ်ပါ။ ဖျက်သိမ်းသင့်က အမြန် ဖျက်သိမ်းလိုက်ပါ။ အိမ်ထောင်ရှင်အဖို့ အိမ်ထောင်ရေး သာယာပျော်ရွှင်မှုအတွက် စိတ်ရှည်သည်းခံပါ။ ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါလေ။

## မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကုသိုလ်ကံသည် တက်နေပြန်၏။ လုပ်ငန်းအကြံအစည် အောင်မြင်လိမ့်မည်။ ရင်းနှီးမြှုပ်နှံပါ။ အကျိုးဖြစ်ထွန်းလိမ့်မည်။ အထည်ချုပ်လုပ်ငန်း၊ စက်မှုလုပ်ငန်းများနှင့် အကျိုးပေးမည်။ လုပ်ပါ။ အခွင့်ကောင်းကို လက်မလွှတ်ပါစေနှင့်။

## ရှောင်ကြဉ်ရန်အချက်များ

ဖက်စပ်၊ စပ်တူလုပ်ငန်းကို ရှောင်ပါ။ သဘောကွဲလွဲမှု ဖြစ်တတ်၏။ စပ်တူလုပ်လျှင် ပျက်စီးဆုံးရှုံးတတ်ပါသည်။ လုံးဝမလုပ်သင့်ပါ။ စေ့စပ်ခြင်းနှင့် လက်ထပ်ခြင်းပြုရန် မသင့်သေးပါ။ ခဏစောင့်ပါဦး။ မစောင့်နိုင်လျှင် အကျိုးယုတ်တတ်၏။

**ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**

တရုတ်နက္ခတ္တဗေဒင်ပညာ
၂၀၁၄ ခုနှစ်၊
စင်ကာပူမြို့၊ စင်္ကာပူနိုင်ငံ။

www.burmeseclassic.com

www.burmeseclassic.com

# တရုတ်ဂမ္ဘီရဆရာကြီး ကြူကုံး

## ၏ အိပ်မက်အဖွင့်ကျမ်း

**တက္ကသိုလ်မောင်တံခွန်**

### (၁) မုဆိုးမကို မြင်မက်ခြင်း

(က) မုဆိုးမနှင့် စကားပြောနေသည်ကို မြင်မက်ရပါက သူတစ်ပါး၏ မတရားစွပ်စွဲခြင်း ခံရပါလိမ့်မည်။

(ခ) မုဆိုးမအား ငွေကြေးထောက်ပံ့ကူညီရသည်ကို မြင်မက်လျှင် အတိတ်နိမိတ်ကောင်းလှ၏။ သင်ကံကောင်းရပါလိမ့်မည်။

(ဂ) မုဆိုးမနှင့် စကားများ၊ ရန်ဖြစ်ကြောင်း မြင်မက်လျှင် နိမိတ်မကောင်းပါ။ ကံဆိုးမိုးမှောင်ကျရပါလိမ့်မည်။

(ဃ) အမျိုးသမီးအိမ်ရှင်မက မုဆိုးမနှင့် စကားပြောနေကြောင်း မြင်မက်ရပါလျှင် မိမိ၏မိသားစုနှင့် ပြေလည်မှုရရှိပါလိမ့်မည်။

(င) အမျိုးသား(လူပျို)က မုဆိုးမနှင့် စကားပြောနေရကြောင်း မြင်မက်လျှင် ကံကောင်းမည်။

### (၂) ဇနီးမယားကို မြင်မက်ခြင်း

(က) ဇနီး(မယား)အား ပွေ့ဖက်ခြင်းပြုသည်ကို မြင်မက်လျှင် နိမိတ်မကောင်းပါ။ ဇနီး(မယား)နှင့် ခွဲနေကြရပါလိမ့်မည်။

(ခ) ဇနီး(မယား)နှင့် မွေးမွေးပေးနေသည်ကို မြင်မက်လျှင် မေတ္တာမျှ၍နေပေလိမ့်မည်။ အိမ်ထောင်ရေးအဆင်ပြေမည်။ သာယာမည်။ သုခချမ်းသာနှင့် ပြည့်စုံမည်။

(ဂ) တရားခံ၊ အကျဉ်းသားက ဇနီး(မယား)နှင့် ရန်ဖြစ်နေကြောင်း မြင်မက်လျှင် မမျှော်လင့်ဘဲ ထောင်မှ လွတ်မြောက်နေပါလိမ့်မည်။ ဇနီးနှင့် ပြန်ပေါင်းဆုံရပါလိမ့်မည်။

(ဃ) ဇနီး(မယား)နှင့် ကွဲနေကြောင်း မြင်မက်လျှင် အချစ်ပိုပါလိမ့်မည်။

(င) စွာကျယ်သော မိန်းမ(မယား)အား စွန့်ပစ်ထားကြောင်း မြင်မက်လျှင် သုခချမ်းသာပြည့်ဝသောဘဝ ရရှိခံစားရပါလိမ့်မည်။ စည်းစိမ်နှင့်နေရမည်။

(စ) လူနာက ဇနီး(မယား)အား မြင်မက်လျှင် ကျန်းမာရေး အခြေအနေ ကောင်းလာလိမ့်မည်။

### (၃) သေခါနီးဆဲဆဲ မှာကြားနေသည်ကို မြင်မက်ခြင်း

(က) အဘိုးအိုက မိမိ၏အဘွားကြီး(မိန်းမ)သည် သေခါနီးဆဲဆဲ မှာကြားနေသည်ကို မြင်မက်လျှင် အိုအောင်မင်းအောင် ပေါင်းကြရလိမ့်မည်။ သက်တမ်းစေ့နေကြရပါလိမ့်မည်။

(ခ) လူနာက မိမိ၏မိသားစုသည် မိမိအား သေခါနီးမှာကြားနေသည်ကို မြင်မက်လျှင် ရောဂါပျောက်ကင်းချမ်းသာရပါလိမ့်မည်။

(ဂ) သေဒဏ်ကျခံရသော တရားခံက သေခါနီး သေတမ်းစာ၊ သို့မဟုတ် အမှာစာရေးသားနေသည်ကို မြင်မက်လျှင် ထောင်မှ မလွတ်မြောက်တော့ဘဲ တစ်သက်တစ်ကျွန်းဒဏ်အဖြစ် အမိန့်ပြောင်းလဲကာ ချမှတ်ခြင်းရပါလိမ့်မည်။

(ဃ) ဖခင်က မိမိအား သေခါနီးဆဲဆဲ မှာကြားနေသည်ကို မြင်မက်လျှင် ဖခင်သည် သက်တမ်းရှည်ရှည်



www.burmeseclassic.com

www.burmeseclassic.com

နေရပါလိမ့်မည်။ သက်ရှည်ကျန်းမာလိမ့်မည်။

(င) ကုန်သည်က မိမိ၏ဇနီး(မယား)သည် မိမိအား သေခါနီးဆဲဆဲ မှာကြားနေသည်ကို မြင်မက်ရပါလျှင် ရာသက်ပန် အိုအောင်မင်းအောင် ပေါင်းကြရပါလိမ့်မည်။

(စ) ခရီးထွက်သူက ဇနီး(မယား)သည် မိမိအား သေခါနီး ၏ဆဲဆဲ မှာကြားနေသည်ကို မြင်မက်လျှင် ခရီးရှည်ရပါလိမ့်မည်။ အချိန်ကုန်ပင်ပန်းမည်။

## (၄) လေတိုက်နေသည်ကို မြင်မက်ခြင်း

(က) လေအေးတိုက်ခတ်ပြီး မိမိ၏ ကိုယ်ခန္ဓာ အသား၊ အရိုးထဲသို့ စိမ့်ဝင်သဖြင့် ခိုက်ခိုက်တုန်အောင် ချမ်းနေကြောင်း မြင်မက်လျှင် ရပ်ဝေးမှ မကောင်းသတင်း ကြားရပါလိမ့်မည်။

(ခ) အိမ်ထောင်ရှင်မ၊ သို့မဟုတ် သတို့သမီးက လေအေးတိုက်၍ မိမိ၏ ကိုယ်ခန္ဓာထဲသို့ စိမ့်ဝင်နေသည်ကို မြင်မက်ရပါလျှင် မိမိ၏မိဘအိမ်မှ သတင်းတစ်စုံတစ်ရာ ကြားရပါလိမ့်မည်။ အိမ်ပြန်ရပါလိမ့်မည်။

(ဂ) လေခြောက်၊ လေပူမဟုတ်ဘဲ စိုစွတ်သောလေ အတိုက်ခံရကြောင်း အိပ်မက်လျှင် မကြာမီ မိမိ၏ နေအိမ်သို့ ရွှေညည့်သည်၊ ငွေဧည့်သည် ရောက်ရှိလာပါလိမ့်မည်။

(ဃ) အိမ်ထောင်ရှင်မက လေစိုအတိုက်ခံရသည်ကို မြင်မက်လျှင် မကြာမီ ကိုယ်ဝန်ရရှိမည်။

(င) လေပြည်လေညင်း၊ လေပူ အတိုက်ခံရသည်ကို မြင်မက်ရပါက မကြာမီ ဖျားနာရပါလိမ့်မည်။

(စ) တရားခံ၊ အကျဉ်းသားက လေပူအတိုက်ခံရသည်ကို မြင်မက်လျှင် ထောင်မှ လျှော့ရက်ရပြီး လွတ်မြောက်လိမ့်မည် မဟုတ်ပေ။ ထောင်ကျရက် ရှည်ပါလိမ့်မည်။

## (၅) သေရည်အရက်ကို မြင်မက်ခြင်း

(က) ပုလင်းထဲသို့ အရက်သွတ်သွင်းနေသည်ကို မြင်မက်လျှင် ကြွယ်ဝချမ်းသာရပါလိမ့်မည်။

(ခ) အရက်တစ်ခွက် သောက်သုံးနေသည်ကို မြင်မက်လျှင် မကြာမီ ကံဆိုးမိုးမှောင်ကျရပါလိမ့်မည်။

(ဂ) လင်ယောကျ်ားနားက မိမိ၏ဇနီး(မယား)အား အရက်တစ်ခွက် ငှဲ့ပြီး ကမ်းပေးနေသည်ကို မြင်မက်လျှင် လင်မယား ယခင်ကကဲ့သို့ မေတ္တာမျှနေရပါလိမ့်မည်။ အချစ်မပြယ်နိုင်ပေ။

(ဃ) ဇနီး(မယား)က မိမိ၏လင်ယောကျ်ားအား အရက်တစ်ခွက် ငှဲ့ပေးနေသည်ကို မြင်မက်ရလျှင် မကြာမီ မိမိ၏မိန်းမသည် ကိုယ်ဝန်ရရှိမည်။

(င) ကုန်သည်က အရက်သောက်သုံးနေသည်ကို မြင်မက်လျှင် ဈေးရောင်းကောင်းမည်။ ဝင်ငွေတိုးမည်။ ဈေးဝယ်ဖောက်သည်သစ် ရရှိမည်။

(စ) လူနာက အရက်သောက်သုံးနေသည်ကို မြင်မက်လျှင် မကြာမီ ရောဂါပျောက်ကင်းချမ်းသာမည်။

## (၆) စုန်းမ၊ ကဝေမကို မြင်မက်ခြင်း

(က) စုန်းမ၊ သို့မဟုတ် ကဝေမနှင့် ရန်ဖြစ်၊ စကားများနေရသည်ကို မြင်မက်လျှင် နိမိတ်ကောင်း၏။ ကံကောင်းမည်။ လူချစ်လူခင်ပေါများမည်။

(ခ) စုန်းမ၊ ကဝေမနှင့် မိတ်ဖွဲ့နေရကြောင်း မြင်မက်လျှင် မကြာမီ ဘုမသိဘမသိ အပြစ်ကျရပါလိမ့်မည်။ အစွပ်စွဲခံရမည်။

(ဂ) အမျိုးသမီးဖြစ်သူက မိမိကိုယ်တိုင် စုန်းမ၊ သို့မဟုတ် ကဝေမဖြစ်သွားသည်ကို မြင်မက်ရပါလျှင် မကြာမီ တစ်စုံတစ်ဦး၏ အစော်ကား ခံရလိမ့်မည်။ အထူးသတိထားပါလေ။

(ဃ) အမျိုးသား(ယောကျ်ား)ဖြစ်သူက စုန်းမ၊ သို့မဟုတ် ကဝေမကို မြင်မက်လျှင် ပင်လယ်ရပ်ခြားမှ မိတ်ဆွေတစ်ဦးနှင့် ဆုံတွေ့ရပါလိမ့်မည်။

(င) အမျိုးသမီးက စုန်းမ၊ ကဝေမကို မြင်မက်လျှင် လူမုန်းများလိမ့်မည်။ အစွပ်စွဲခံရလိမ့်မည်။

**တက္ကသိုလ်မောင်တံခွန်**

**Ref:-** တရုတ်အိပ်မက်အဖွင့်ကျမ်း
တရုတ်ဗေဒင်ရပညာရှင်ကြီးကိုး
(၁၉၉၃ ခုနှစ်) ဟိုင်နန်မြို့၊ တရုတ်ပြည်။



www.burmeseclassic.com

www.burmeseclassic.com

# နေသင့်သောအိမ်လေး

တက္ကသိုလ်သန်

ကျွန်တော့်အတွေ့အကြုံအရ လူတို့နေထိုင်ကြသည့် အိမ် (သို့မဟုတ်) အိမ်ဂေဟာသည် အရေးကြီး၏။ အိမ်ဆိုရာတွင် "ခိုက်"တတ်သည့် အိမ်အမျိုးမျိုးရှိသည်။

လှည်းဦးတိုက်၊ လှေဦးတိုက်အိမ်မျိုး၊ တံတားထိပ်၊ တံတားအောက်တွင် ဆောက်ထားသော အိမ်မျိုး၊ သင်္ချိုင်းမြေပေါ်တွင် ဆောက်ထားသော အိမ်မျိုး စသည်တို့သည် လူတို့နေထိုင်ရန်မသင့်သော အိမ်မျိုးဟု အဆိုရှိပါ၏။

ကျွန်တော် သံဖြူဇရပ်မြို့တွင် နေထိုင်စဉ်က ခြံဝိုင်းတစ်ခုကိုဝယ်၍ နေထိုင်ရန် အိမ်ဆောက်ဖူးသည်။ ယင်းမြို့လေးတွင် မွန်လူမျိုးအများစု နေထိုင်ကြ၏။ ကျွန်တော့်အိမ်ဆောက်လုပ်ခြင်းကိစ္စကို အိမ်နီးချင်း မွန်အမျိုးသားကြီးများက ရိုးရာဓလေ့ထုံးစံအတိုင်း ဝိုင်းဝန်းကူညီကြ၏။ အိမ်တိုင်ထူသည့်နေ့တွင် အိမ်တိုင်မထူမီ မွန်လူကြီးများက ခြံဝိုင်းအတွင်း ဆန်များကို ဖြန့်ကြဲကြသည်။ အမွှေးနံ့သာများကို ဖျန်းပက်ကြသည်။ သူတို့ဓလေ့ထုံးစံအတိုင်း ရွတ်ဆိုကြသည်။ ပြီးမှ အိမ်တိုင်ထူသည်။ အိမ်တိုင်ထူရာတွင်လည်း အဦးဆုံး ထူမည့်တိုင်တွင် အဝတ်နီများပတ်ကာ ကန်တော့ပွဲပေးရသည်။

ထိုသို့ပြုလုပ်ခြင်းဖြင့် အိမ်တွင်နေထိုင်ကြမည့်သူများ ဘေးအန္တရာယ်ကင်းမည်၊ ဥစ္စာစီးပွား တိုးတက်မည် စသည်ဖြင့် အယူရှိကြ၏။ အိမ်ဆောက်ပြီး၍ မိသားစုပြောင်းရွှေ့နေထိုင်သည့်အခါ သံဃာတော်ငါးပါးကို ပင့်ဖိတ်၍ အိမ်တက်မင်္ဂလာပြုလုပ်သည်။ ဤသည်မှာ မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံပင်ဖြစ်လေသည်။

ယင်းအိမ်တွင် ကျွန်တော်တို့မိသားစု တစ်နှစ်ကျော်ကျော်ခန့်သာ နေလိုက်ရသည်။ အလုပ်တာဝန်ဖြင့် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ရသဖြင့် အဆိုပါအိမ်ကို ရောင်းချလိုက်သည်။

အဆိုပါအိမ်တွင် နေထိုင်စဉ် မိသားစု ကျန်းကျန်းမာမာနှင့် စိတ်ချမ်းသာစွာ နေထိုင်ခဲ့ရ၏။ ပူပင်ကြောင့်ကြမှုကင်းကင်းနှင့် နေရ၏။ "အိမ်"အကျိုးပေးကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။

၁၉၉၁ ခုနှစ်တွင် ကျွန်တော် အလုပ်တာဝန်အရ မော်လမြိုင်ခရိုင်ကို ပြောင်းရွှေ့တာဝန်ယူရသဖြင့် ကျွန်တော်နေထိုင်ခဲ့သော သံဖြူဇရပ်မြို့သို့ အလုပ်တာဝန်ဖြင့် သွားရောက်ပြီး ယင်းအိမ်လေးကို လွမ်းဆွတ်သတိရစွာဖြင့် သွားကြည့်ခဲ့၏။ ကျွန်တော် နှစ်ပေါင်း ၁၇ နှစ်ကြာပြီးမှ တစ်ခေါက်ပြန်ရောက်ခြင်း ဖြစ်၏။ အိမ်လေးမှာ ကျွန်တော်ဆောက်လုပ်နေထိုင်ခဲ့စဉ်ကအတိုင်းပင် ပျက်စီးယိုယွင်းမှုမရှိဘဲ အကောင်းအတိုင်း တွေ့ရသဖြင့် ကြည်နူးဝမ်းသာသလို ခံစားရသည်။ လက်ရှိအိမ်တွင် နေထိုင်သူများကို နှုတ်ဆက်ကာ မော်လမြိုင်သို့ ပြန်ခဲ့သည်။

ထို့နောက် ၁၉၇၄ ခုနှစ်တွင် ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့ပြီး ဝန်ထမ်းအိမ်ယာတစ်ခုတွင် နေထိုင်ခွင့်ရရှိသည်။ အိမ်ယာဝင်းအတွင်း အိမ်ခန်းသုံးခန်းသို့ ပြောင်းရွှေ့နေထိုင်သည်။ ထိုသို့နေထိုင်စဉ်အတွင်း စိတ်ချမ်းသာမှု မရှိခဲ့ပေ။

ဇနီးသည်က ရက်ရှည်လများ ဖျားသည်။ သမီးတစ်ဦးက ချော်ကျပြီး အနာတရဖြစ်သည်။ သားတစ်ဦးက ရက်ရှည်ဖျားသည်။ သမီးတစ်ဦးလည်း ဖျားသည်။ အိမ်ရှိ ဘုရားစင်ပြိုကျသည်။ စောင်၊ ခြင်ထောင်နှင့် အဝတ်အစားကောင်းများထည့်ထားသည့်သေတ္တာ ခြကိုက်သဖြင့် အားလုံးရစရာမရှိအောင် ပျက်စီးဆုံးရှုံးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအထဲမှ မိသားစုတစ်စုလုံး ရင်ထုမနာဖြစ်ရသည့် ကိစ္စတစ်ခု ပေါ်လာပြန်သည်။ သားငယ်မှာ စက်ညီးညှပ်၍ ခြေသူကြွယ်အဆစ်တစ်ခု ဖြတ်လိုက်ရခြင်းပင် ဖြစ်သည်။ ဆေးရုံနှစ်ရုံသို့ တစ်လကြာတက်ရသည်။ ဇနီးသည်မှာ ဆေးရုံတွင် လူနာစောင့်အဖြစ် နေခဲ့ရ၏။ ကျွန်တော့်မှာ အိမ်တွင် ကျန်သည့် ကလေးသုံးယောက်ကို တာဝန်ယူရ၏။ အလုပ်မှလည်း ခွင့်ယူ၍မရသဖြင့် အတော်အခက်တွေ့ရ၏။ မော်လမြိုင်တွင်နေသော ယောက္ခမကို အမြန်ခေါ်ရ၏။ ယောက္ခမရောက်လာမှ ကျွန်တော် ဟီးချနိုင်တော့သည်။

ကျွန်တော် အိမ်ယာဝင်းအတွင်း တစ်နှစ်ကျော်နေထိုင်စဉ်ကာလ၌ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ကာ အတော်ဒုက္ခရောက်ခဲ့ရ၏။ ရန်ကုန်မှ မော်လမြိုင်သို့ ပြန်ပြောင်းရန်အတွက်ပင် အထက်သို့ စာတင်ခဲ့၏။ အထက်က ပြောင်းရွှေ့ခွင့်မပေးဘဲ ကျွန်တော့်ကို ရာထူးတိုးပေးလိုက်သဖြင့် ရန်ကုန်မြို့တွင် ဆက်လက်သောင်တင်နေတော့၏။

ကျွန်တော် တစ်နှစ်ကျော်ခန့် အိမ်ယာဝင်းအတွင်း နေထိုင်ပြီးနောက် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် အိမ်ခန်းရသဖြင့် ပြောင်းရွှေ့နေထိုင်သည်။ အိမ်ခန်းမှာ လူမနေဘဲ ပစ်ထားသည်မှာ ငါးနှစ်ခန့် ရှိပြီဖြစ်၍ အလုံးစုံ ပြင်ဆင်ရ၏။ လျှပ်စစ်မီးတာကို သက်ဆိုင်ရာက ဖြတ်ထားသဖြင့် ပြန်လျှောက်ရ၏။ အိမ်ပြင်ဆင်ပြီး၍ အသင့်နေထိုင်နိုင်သည့်အခါ မိသားစုယင်းအိမ်သို့ ပြောင်းရွှေ့နေထိုင်တော့သည်။

ဝန်ထမ်းအိမ်ယာဝင်းမှ ပြောင်းရွှေ့ခဲ့ပြီးနောက် အငြိမ်းစားဝန်ထမ်းတစ်ဦးနှင့် တွေ့ရာ သူက ကျွန်တော်တို့နေထိုင်ခဲ့သည့် အိမ်ယာဝင်းမှာ တစ်ချိန်က သုသာန်ဖြစ်ကြောင်း သိရတော့၏။ သို့မို့ကြောင့်ပင် အိမ်ယာဝင်းအတွင်းနေထိုင်စဉ် ဒုက္ခအဖုံဖုံ တွေ့ကြုံခဲ့ရပြီး လူပန်းစိတ်ပန်း ဖြစ်ခဲ့ရပုံကို ပြန်လည်မြင်ယောင်မိလေသည်။

ယခု ကျွန်တော်တို့မိသားစု နေထိုင်လျက်ရှိသည့် အိမ်မှာ မူလအခန်းရှစ်ခန်းပါ အခန်းတွဲကို ပြန်လည်ပြင်ဆင်ဆောက်လုပ်ထားခြင်း ဖြစ်သည်။ ထိုအိမ်ခန်းတွင် ကျွန်တော်တို့မိသားစု ၁၉၇၆ ခုနှစ်မှစ၍ နေထိုင်ခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း ၃၇ နှစ် ရှိပေပြီ။

ကျွန်တော်သည် ယင်းအိမ်တွင်နေထိုင်ရင်း လုပ်ငန်းကိုင်ငန်းအမျိုးမျိုးကို ပြောင်းလဲလုပ်ကိုင်ပြီး တွေ့ကြုံရသော အခက်အခဲများကို ရင်ဆိုင်ဖြတ်သန်းနိုင်ခဲ့၏။ သားသမီးများသည်လည်း အိမ်ထောင်ကျကာ တစ်အိုးတစ်အိမ် ထူထောင်လျက် ဤအိမ်မှ ထွက်ခွာသွားကြလေပြီ။ မည်သို့ရှိစေ လက်ရှိကျွန်တော်နေထိုင်လျက်ရှိသည့် "အိမ်"သည် ကျွန်တော့်အတွက်၊ ကျွန်တော့်မိသားစုအတွက် အဆင်ပြေသည်။ သာယာချမ်းမြေ့သည့် အိမ်ဂေဟာဟု မတင်စားထိုက်သော်လည်း အခြေတင့်၍ နေသင့်သော အိမ်ဖြစ်ပါ၏။

သို့ရာတွင် မည်မျှပင် နေချင့်စဖွယ် အိမ်ဂေဟာ ဖြစ်လင့်ကစား တရားသဘောအရ စွန့်လွှတ်ခွဲခွာရမည်မှာ မုချပင်ဖြစ်သည်။ ဤဆောင်းပါးကို ရေးသားနေစဉ်မှာ အလှူရှင်တစ်ဦးမှ ကျွန်တော့်အား မွေးဒါနဖြစ်ပေးခဲ့သည့် ကတ်ပြားလေးမှ ဆရာတော် အရှင်ဆန္ဒာမိက (ရွှေပါရမီတောရ) ၁၁ကုံးစပ်ဆိုထားသည့် အောက်ပါကဗျာလေးကို အမှတ်ရမိပါ၏။

"ဘယ်အိမ်မှာ နေကြမလဲ"

- အမိုးကျဲနေတဲ့အိမ်
  မိုးရေနှိပ်စက်မယ်။
- အမှတ်ကျဲနေတဲ့စိတ်
  ကိလေသာနှိပ်စက်မယ်။
- ကိုယ့်ရဲ့စိတ်အိမ်ကို
  သတိအမိုးစိပ်စိပ်မိုးမှ
  ကိလေသာမိုးရေဘေး
  ကင်းဝေးလိမ့်မယ်။

အမှန်တော့ "အိမ်ဂေဟာ"ဆိုသည်မှာ သူသူငါငါ ခေတ္တခဏ တည်းခိုသောနေရာ ဖြစ်သည်။ အချိန်တန်လျှင် ယင်းအိမ်ဂေဟာမှ ပြောင်းရွှေ့သွားကြရမည်သာ ဖြစ်ပါ၏။

သို့ဖြစ်၍ ဆရာတော်အရှင်ဆန္ဒာမိက၏ မွေ့လက်ာအတိုင်း ကိလေသာမိုးရေဘေး ကင်းဝေးသည့် အိမ်လေးသည်သာ ဘဝအတွက် အမှန်တကယ် နေထိုင်သင့်သော အိမ်လေးဖြစ်သည်ဟု ဆင်ခြင်မိပါတော့သည်။

တက္ကသိုလ်သမိ



www.burmeseclassic.com

www.burmeseclassic.com



# ခန္တီပရမ်လာဘ်

■ တက္ကသိုလ်စိုးယဉ်

"ခန္တီပရမ်လာဘ်"ဆိုသော ပါဠိစကားလုံးလေးကို ကြားဖူးကြပါလိမ့်မည်။ အတိုလေးဆိုတော့ အလွတ်လည်း ဆိုလို့ လွယ်ပါသည်။ သို့သော် မြန်မာလိုအဓိပ္ပာယ်ကိုတော့ ကြားဖူးသူများထဲမှ ကြားဖူးသူအားလုံး သိချင်မှသိပါမည်။ အချို့သာ သိပါလိမ့်မည်။

အဓိပ္ပာယ်ကတော့ "ခန္တီ–သည်းခံခြင်းသည်၊ ပရမ်–မြတ်သော၊ လာဘံ–လာဘ်ကြီးပေတည်း"ဟူ၍ ဖြစ်ပါ၏။ သည်းခံခြင်းသည် လာဘ်ကြီးတစ်ပါး ဖြစ်ပါ၏။ စာရေးသူသည် ယခင်က ပါဠိလို အလွတ်ရပြီး မြန်မာလို ဤအတိုင်းကလေးသာ ရပါ၏။ "တကယ်လေးလေးနက်နက် သိသလား၊ ဘဝသိ သိသလား၊ တကယ်လက်တွေ့ဘဝနှင့် ဆန်းစစ်သိလောက်ပြီး သိသလား"ဟုဆိုပါလျှင် မသိဟုပင် ပြောရပါမည်။

ယခု အသက် ၇၀ ကျော်လာသည့်အခါတွင် သည်းခံခြင်းကြောင့် လူ့ဘောင်လောကရဲ့ စီးပွားရေး၊ ဘာသာရေး၊ လူမှုရေး စသည်တို့တွင် အောင်မြင်မှုများ သည်းမခံခြင်းကြောင့် မအောင်မြင်ရှာ၊ သို့မဟုတ် အောင်မြင်မှု နှေးကွေးမှု၊ သို့မဟုတ် ပျက်စီးကျဆုံးမှုများကို တွေ့

www.burmeseclassic.com

မြင်ဆင်ခြင်မိပါ၏။ "ဩော် …ဒါကြောင့် ဒေါသရှေ့ထားလို့ မှားတာပါလား။ ဆုံးရှုံးရတာပါလား"စသည်ဖြင့် သုံးသပ်ဆင်ခြင်မိပါ၏။ 'ခန္တီ'၏တန်ဖိုး လေးလေးနက်နက် သိလာပါ၏။

တချို့ပုဂ္ဂိုလ်တို့သည် သိပ်တော်၏။ သိပ်ထက်မြက်၏။ ထက်မြက်သလောက် မိမိကိုယ်ကို သိပ်အထင်ကြီးလာ၏။ မိမိကိုယ်ကို သိပ်အထင်ကြီးလွန်းတော့ သူများကို အထင်သေးလွယ်လာ၏။ ပေါ့ပေါ့လေးတွေးတတ်၊ ပေါ့ပေါ့လေး မြင်တတ်၏။ လူလူချင်း စာနာမှု၊ အလေးထားမှု၊ တန်ဖိုးထားမှု၊ ကိုယ်ချင်းစာနာ ညှာတာထောက်ထားမှု အားနည်းလာ၏။ ဉာဏ်ရည်ထက်မြက်သလောက် တော်သလောက် စိတ်ကလည်း ထက်တော့ ဒေါသကြီးတတ်၏။ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ မေတ္တာစေတနာထားခြင်းတို့၏ ဆန့်ကျင်ဘက်က ဒေါသပါ။ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ မေတ္တာစေတနာထားခြင်းက ဒေါသ၏ဆန့်ကျင်ဘက် အဒေါသပါ။

ဒေါသက ကောင်းကျိုးမပေး။ ဆိုးကျိုးသာ ပေးပါသည်။ လောဘ၊ ဒေါသ၊ မောဟက လောကီ၊ လောကုတ္တရာ ဆိုးကျိုးများသာ ပေးပါသည်။ လောဘကို လောဘမှန်း သိလွယ်၊ သတိနှင့် ထိန်း။ ဒေါသထွက်လျှင် ဒေါသကို ဒေါသနှင့်သိ၊ ဒေါသမီးကိုငြိမ်း၊ မောဟတွေဝေမိုက်မဲအမှားအမှန် ဝေခွဲသိနိုင်ခြင်းတို့ကို အမြဲတမ်း သတိကပ်နေပါလျှင် အစွန်းတရား မရောက်ဘဲ မှန်မှန်ကန်ကန် သဘာဝကျကျ တွေးခေါ်ဆင်ခြင်နိုင်ပါမည်။ "အမှောင်ခွင်းအလင်းဆောင်"နိုင်ပါမည်။ လောဘလွန်ကဲလွန်းပါက ချောက်ထဲကျမည်သာ။ ဒေါသကြီးလွန်းပါက မိမိကိုယ်တွင်း မီးလောင်ခြင်း၊ မိမိဒေါသပေါက်ကွဲမှုကြောင့် မိသားစု၊ ပတ်ဝန်းကျင်ကိုပါ ကူးစက်ခြင်း စသည်တို့ စီကာစဉ်ကာ မီးတောက်ပါလေတော့၏။ လောင်မီးဒေါသ ကူးစက်ခံကြရပါ၏။

ဒေါသထိန်းနိုင်ခြင်း အဒေါသ၊ လောဘထိန်းနိုင်ခြင်း အလောဘ၊ မောဟထိန်းနိုင်ခြင်း အမောဟဖြစ်အောင် ကြိုးစားကြရပါမည်။ ဒေါသထိန်းလိုက်နိုင်သဖြင့် မိမိ၏ရင်ထဲအပူသည် မီးတောက်ကို ရေနှင့် ငြိမ်းလိုက်သကဲ့သို့ ဖြစ်သွားရ၏။ ကိုယ်တွင်းအေးချမ်းမှု၊ စိတ်ချမ်းသာမှုက မိမိ၏မိသားစု၊ မိမိဝန်းကျင် အေးချမ်းသာယာမှုကိုပါ ဖြစ်စေပါ၏။ ယင်းသို့ဖြင့်လည်း "ကိုယ်တွင်းသာယာ၊ မိသားစုတွင်းသာယာ၊ မိမိဝန်းကျင် အိမ်နီးချင်း သာယာ" ဆိုသည့် လေးမြွတ်သော မင်္ဂလာများကို ပွားများစေပါ၏။ "မင်္ဂလာ"သည် မကောင်းမှု အကုသိုလ်တို့ကို ပယ်ဖျောက်နိုင်ပါ၏။

လူ့ဘောင်လောက၌ လူရှိလျှင် ပြဿနာ ရှိတတ်စမြဲပါ။ အဖြေမရှိသော ပြဿနာဟု မရှိပါ။ ပြဿနာရှိလျှင် အဖြေရှိပါသည်။ မှန်ကန်သော အဖြေ၊ မှန်ကန်သော ဆုံးဖြတ်ချက်ရရှိရန် အရေးအကြီးဆုံးက ခန္တီ သည်းခံခြင်း စိတ်ရှည်ခြင်းပင်ဖြစ်၏။ ခန္တီ၏ဆန့်ကျင်ဘက်က ဒေါသထွက်ခြင်း၊ ဒေါသမထိန်းနိုင်ခြင်း ဖြစ်ပါ၏။ ဒေါသရှေ့ထားလျှင် မှားပြီသာမှတ်ဟု လူကြီးသူမများ ပြောစကားကို ပြန်လည်ကြားယောင်မိပါ၏။ ဒေါသသည် အကြောင်းအကျိုး၊ အကောင်းအဆိုးကို ခွဲခြားမသိနိုင်ပါ။

တချို့မှာ တက္ကသိုလ်က ဘာသာအတူတူ၊ အောင်သည့်နှစ်လည်း အတူတူ၊ အလုပ်ဝင်ဌာနလည်း အတူတူ၊ ရာထူးတက်တော့ ကွာနေ၏။ ဆန်းစစ်လိုက်တော့ ရာထူးမတက်သူများက တချို့မှာ တော်ပြီးထက်မြက်လွန်းခြင်း၊ ဒေါသကြီးခြင်း၊ အထက်လူကြီး ဆရာသမားများကို ကာပြန်ခြင်း၊ ကျေးဇူးမသိခြင်း စသည့် ဒေါသ၏အခြေခံများ တွေ့ရ၏။ တက်သူများမှာ သိပ်မတော်၊ မထက်မြက်လှသော်လည်း မေတ္တာထားခြင်း၊ သည်းခံခြင်း၊ အထက်လူကြီး အာစရိယဆရာသမားများစကား နားထောင်ခြင်း၊ ကျေးဇူးသိခြင်း စသည့်တို့ကြောင့် ရာထူးတက်သည်ကို တွေ့မြင်ရ၏။ ခန္တီသည်းခံခြင်း၏ အရေးကြီးပုံကား ထင်ရှားလှပါ၏။

လူကြီးသူမများ ပြောစကား "သည်းညည်းခံ နိဗ္ဗာန်ရောက်၊ မေတ္တာထားနော်၊ မေတ္တာနဲ့ အောင်နိုင်ရာ၏။ မေတ္တာခြံမှ လုံတယ်၊ စောင်ဖြူစောင်ကြား ခြံလို့ မလုံဘူး" စသည့် ဆုံးမစကားများကလည်း နားထဲမှာ ပြန်လည်ကြားယောင်လျက်ပါခင်ဗျာ။

---

တက္ကသိုလ်စိုးယဉ်

---



www.burmeseclassic.com

www.burmeseclassic.com

# အိမ်တိုင်းဆောင် အောင်တဲ့ဆေး




ပင်ရင်း - အောင်နန်းရပ်၊ မိုးကုတ်မြို့။ ဝ၉-၆၅၃၈၄၀၅

ခရီးလွန်နေ၍ သည်ကနေ့မှပဲ အိမ်သို့ ပြန်ဖြစ်တော့သည်။

အိမ်ရောက်ရောက်ချင်း ကြားရသည့်စကားက နားဝမှာ မသက်သာ။ ခြေရင်းအိမ်က ဖိုးကဲလေးတစ်ယောက် မနေ့က ပျားတုပ်ခံရသည်ဆိုပဲ။ ရင်ထဲမှာ အတော်ကလေး ထိတ်သွားရသည်။ ပျားတို့၊ ပိတုန်းတို့ ဆိုသည်မှာ အဆိပ်ရှိသော သတ္တဝါများ မဟုတ်ပါလား။ သည့်အတွက် စိုးရိမ်တကြီးဖြင့် ခြေရင်းအိမ်သို့ကူးခဲ့သည်။

"ဟင်・・・ဖိုးကဲလေး・・・"

ကြားရသည့်သတင်းနှင့် မြင်တွေ့ရသည့် မြင်ကွင်းက မကိုက်ညီ။

ဘာကြောင့်ဆို ပျားဆိပ်ကြောင့် အိပ်ရာထဲ လဲနေရမည့် ကလေးငယ်သည် ယခုမူ ပြုံးပြုံးရယ်ရယ် ခြင်း ဆော့ကစားမပျက်။ ပျားတုပ်ခံရတာကော ဟုတ်များမှ ဟုတ်ပါ့မလားဟု သံသယဝင်ချင်စရာ။ သည်တုန်းမှာပင် ဖိုးကဲလေး၏မိခင်က စကားဆိုလေသည်။

"အံ့ဩနေသလား အစ်ကို၊ ညီမလေးတို့လည်း ဖြစ်ဖြစ်ချင်း ပူထူသွားတာတော့ အမှန်ပဲ။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ ဆေးခန်းသွားမလို့လုပ်တုန်း အိမ်ရှေ့အိမ်က ဘကြီးဖြိုး ရောက်လာပြီး ဆေးခဲလေးတစ်ခဲကို ကျောက်ပျဉ်ပေါ်ကိုသွေးပြီး လိမ်းပေးလိုက်တယ်။ ဖိုးကဲလေးကလည်း အငိုတိတ်သွားတော့တာပဲ။ နောက်တစ်ကြိမ်လည်းလိမ်းလိုက်ရော ဘာမှမဖြစ်တော့သလို ပျောက်သွားတော့တာပဲ အစ်ကိုရဲ့"

"ဟဲ့・・・တော်တော်လည်းစွမ်းပါလား။ ဘာဆေးများလဲ ညီမရဲ့・・・"

"ဒေါ်စိန်ရင်ရဲ့ မရွှေတံဆိပ် မန်းဆေးခဲ တဲ့ အစ်ကိုရဲ့ ပျား၊ ပိတုန်း စတဲ့ အဆိပ်ရှိသတ္တဝါတွေ ကိုက်ခဲတာကို နိုင်တဲ့ အပြင် ခြင်ကိုက်ခံရတာ၊ ပိုးကောင်ကိုက်ခံရတာ၊ လူငယ်တွေ ဝက်ခြံ၊ မိတ်ဖု၊ သွေးယား ဆီပူ၊ ရေနွေးပူလောင်၊ ဆီးချိုကြောင့် အနာ ပေါက်တာ မန်းအနာပေါက်တာတွေလည်း နိုင်တယ်ဆိုပဲ"

"ဟာ・・・တယ်ဟုတ်တဲ့ ဆေးပါပဲလား"

"ဒါတင်မကသေးဘူး။ အပြေကျော်ဆေး ဆိုတာလည်း ရှိသေးတယ်။ သွေးတိုး၊ ဆီးချို၊ အစားမှား၊ ဆေးမှား၊ မူးမော်၊ မှုန်ဝါး အစာအိမ် လေထိုးလေအောင့်၊ အဆိပ်အတောက်ရှိတဲ့ အစာတွေအပြင် သတ္တဝါတွေရဲ့ ကိုက်ခဲမှုကြောင့်ဖြစ်တဲ့အနာတွေကိုတောင် အဆိပ်သာပျောက်ကင်းတယ်တဲ့။ ထိမိုက်ရှုနာများကတော့ ပျင်းတောင် ပျင်းသေးတယ် အစ်ကိုရဲ့"

"တယ်လည်းကောင်းတဲ့ ဆေးပါပဲလား။ ဘယ်မှာများ ဝယ်လို့ရနိုင်မလဲဟင်၊ လူတိုင်း ဆောင်ထားနိုင်လို့ပါ"


"ညီမလေး မှတ်ထားတာကတော့ ပင်ရင်းဌာနဟာ မိုးကုတ်မြို့ အောင်နန်းရပ်မှာ။ (ဖုန်း-ဝ၈၆-၂၁၁၁၀)ဖြစ်ပြီး တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် TMR 012013(0516 ) နဲ့ ထုတ်လုပ်ထားတာ အစ်ကိုရဲ့・・・"

"ဟုတ်ပြီဗျာ၊ အစ်ကိုတော့ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုသလို နီးစပ်ရာကို သတင်းကောင်းလေး ဖြန့်ပေးရဦးမယ်ဟေ့"

"ကောင်းတာပေါ့ အစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# သိပ်ထူးဆန်းတဲ့ သီအိုရီ

မနုသကျော်ဝင်း(အမျိုးသားစာပေဆုရ)

၁၉၉၃ ခုနှစ်နှောင်းပိုင်းကာလ နေ့တစ်နေ့၏ မွန်းလွဲပိုင်းတွင် ဖြစ်၏။ နေရာကား ရန်ကုန်မြို့ ပန်းဆိုးတန်းအောက်လမ်းရှိ အမျိုးသားပြတိုက်(ယခု စက်မှုဖွံ့ဖြိုးဘဏ်)ရှေ့တွင် ဖြစ်၏။

"ဟာ...ဆရာမင်းသိခ်"

"ဟေး...ဆရာကိုကျော်ဝင်း"

လမ်းမပေါ်တွင် မမျှော်လင့်ဘဲ ရုတ်တရက်ဆုံမိကြသူ လူနှစ်ဦးတို့သည် တစ်ဦး၏အမည်ကိုတစ်ဦးက အော်ခေါ်ရင်း အားပါးတရ နှုတ်ဆက်လိုက်ကြခြင်းဖြစ်၏။ ထို့နောက် တစ်ဦးကိုတစ်ဦး အပြန်အလှန် ဖက်ထားမိကြ၏။ ကြာမြင့်စွာ ကွဲကွာနေခဲ့ကြသော ညီရင်းအစ်ကိုနှစ်ယောက်တို့ ရုတ်တရက် မမျှော်လင့်ဘဲ ပြန်ဆုံမိကြသလို လှိုက်လှိုက်လှဲလှဲ ဝမ်းသာနေကြပုံရ၏။ ထိုကြည်နူးမှုအဟုန်က သူတို့၏မျက်နှာများပေါ်တွင် ရောင်ပြန်ဟပ်လျက်ရှိ၏။ ထိုသူနှစ်ဦးအနက် တစ်ဦးမှာ နိုင်ငံကျော် စာရေးဆရာနှင့် ဗေဒင်လက္ခဏာပညာရှင် ဆရာမင်းသိခ်(နောင်တွင် ဆရာကြီးဒေါက်တာမင်းသိခ်) ဖြစ်ပြီး တစ်ဦးကတော့ "မနုသကျော်ဝင်း" ကလောင်အမည်ခံ ဤဆောင်းပါးရှင် ကျွန်တော်ဖြစ်၏။

ဆရာမင်းသိခ်နှင့် ကျွန်တော်သည် ခွေမျိုးမတော်စပ်ကြသလို၊ ငယ်ပေါင်းကြီးဖော်များလည်း မဟုတ်ကြပါ။ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင်မှ စတင်သိကျွမ်း ရင်းနှီးခင်မင်ခဲ့ကြခြင်းဖြစ်၏။ ဒါကလည်း သူ့စာတွေကို အလွန်စွဲလမ်းနှစ်သက်ခဲ့သူ ကျွန်တော်က သူ့ဗေဒင်ဟောရာ ကျောက်မြောင်းရှိ နေအိမ်သို့ ကိုယ်တိုင်သွားရောက်၍ စတင်မိတ်ဆက်ခဲ့သောကြောင့်ဖြစ်၏။ သို့ရာတွင် မကြာခင်မှာပင် ဆရာနှင့် ကျွန်တော်သည် ငယ်ပေါင်းကြီးဖော်ပမာ ရင်းနှီးချစ်ခင်သွားခဲ့ကြသည်။ အကြောင်းကား ကျွန်တော်သည် ဆရာ့စာတွေကို စွဲစွဲလမ်းလမ်း ဖတ်ရှုမိခဲ့သောကြောင့် အချို့စာသားတွေ၊ ဒိုင်ယာလော့(ခ်)တွေကို အလွတ်ပင် ရနေ၏။ ဆရာနှင့်တွေ့၍ စကားစမြည်ပြောကြသည့်အခါတိုင်း ကျွန်တော်က ထိုစာသားတွေ၊ ဒိုင်ယာလော့(ခ်)တွေကို အလွတ်ရွတ်ဆိုပြလေ့ရှိရာ ဆရာက တဟဲဟဲနှင့် ရယ်မောရင်း နားထောင်နေတတ်၏။ သူကတော့ ကျွန်တော်ရေးသားသော စာတွေကို တစ်ပုဒ်တလေမျှ ဖတ်ဖူးခဲ့ပုံမရ၊ ဖတ်ရှုရန်လည်း အချိန်ပေးနိုင်ပုံမပေါ်ပါ။ ကျွန်တော် သူ့စာတွေကို ရွတ်ဆိုပြပြီးသည့်အခါတိုင်း...

"အေးဗျာ...ခင်ဗျားက မှတ်ဉာဏ်တော်တော်ကောင်းတာပဲ။ အဲဒီစာတွေကို ရေးခဲ့တဲ့ စာရေးဆရာ ကျွန်တော်ကိုယ်တိုင်တောင် အဲဒီလိုအလွတ် မရွတ်ဆိုနိုင်တော့ဘူး"ဟု ချီးကျူးပြောဆိုလေ့ရှိ၏။

ဆရာမင်းသိခ်နှင့် ကျွန်တော် ဆုံမိကြလေတိုင်း စာပေရေးရာကိစ္စများကိုသာ ဦးစားပေးဆွေးနွေးလေ့ရှိခဲ့ကြ၏။ ဆရာက ကျွန်တော်ပြောပြလေ့ရှိသော နာဂတောင်တန်းဒေသမှ အတွေ့အကြုံများနှင့် မ·ဆ·လ ဟာသပုံပြင်များ အကြောင်းကို အလွန်ပင်သဘောကျ၏။ နားထောင်နေရင်း သဘောတွေ့၊ မနေခွေပြီဆိုလျှင်တော့ မပွံ့ဘဲ ဝါးလုံးကွဲအားပါးတရ ရယ်မောလေ့ရှိ၏။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော်တို့သည် ဆရာအလွန်ကြိုက်တတ်သော ရေခဲရည်အေးအေး၊ လက်ဖက်ရည်ချိုချိုနှင့် ငါးသုံးလုံးတံဆိပ် စီးကရက်တို့ကို ဝေမျှသောက်သုံးရင်း အနားယူအပန်းဖြေလေ့ရှိခဲ့ကြ၏။ ကျွန်တော်သည် ဆရာနှင့်အတူ ဖိတ်ကြားခြင်းခံရသော မြို့နယ်အချို့သို့လည်း စာပေဟောပြောပွဲများအတွက် သွားရောက်ခဲ့ဖူး၏။

သည်လို ရင်းရင်းနှီးနှီး ပျော်ပျော်ရွှင်ရွှင်ရှိနေကြစဉ် ၁၉၇၇ ခုနှစ်၊ ဒီမိုကရေစီလှုပ်ရှားမှု အရေးအခင်းကြီးက ကျွန်တော်တို့နှစ်ဦးကို ခေတ္တ ကမ္ဘာခြားစေခဲ့ပါသည်။ အရေးအခင်းကာလတွင် တက်တက်ကြွကြွ ပါဝင်လှုပ်ရှား ဟောပြောခဲ့သူ ဆရာမင်းသိခ်ကို စစ်အာဏာရှင်အစိုးရက ထောင်ဒဏ် အနှစ် ၂၀ ကျခံစေရန် အပြစ်ပေးခဲ့၏။ ဝန်ထမ်းတစ်ဦးလည်းဖြစ်၊ အလွန်ကြောက်တတ်သူလည်းဖြစ်သော ကျွန်တော်မှာမူကား “ရာဇဝတ်ဝါ”ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ရ၏။ အလုပ်ပြုတ်မသွားဘဲ မူလတာဝန်ဖြစ်သော အမျိုးသားပြတိုက်၏ ပြတိုက်မှူးကြီးရာထူးတွင် ဆက်လက်ထမ်းဆောင်ခွင့်ရခဲ့၏။ န•ဝ•တ လက်အောက်တွင် တာဝန်ထမ်းဆောင်နေစဉ် လေးနှစ်ခန့်အကြာ၌ အကျဉ်းကျခံနေရာမှ ပြန်လည်လွတ်မြောက်လာသူ ဆရာမင်းသိခ်နှင့် ကျွန်တော်သည် ဤတခါအထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရန်ကုန်မြို့ ပန်းဆိုးတန်းအောက်လမ်းရှိ ထိုစဉ်က အမျိုးသားပြတိုက်(ယခု စက်မှုဖွံ့ဖြိုးမှုဘဏ်)ရှေ့တွင် အမှတ်မထင် ဆုံစည်းမိကြခြင်းဖြစ်၏။ ဆရာသည် ဗိုလ်တထောင်ဘုရားတွင် အဓိဋ္ဌာန်ပုတီးသွားစိပ်ပြီး ပြန်လာခြင်းဖြစ်သည်ဟု သိရ၏။

“လာပါဆရာ။ ကျွန်တော့်ရဲ့ရုံးခန်းက ဧည့်ခန်းထဲကိုသွားပြီး အေးအေးဆေးဆေး စကားပြောကြရအောင်”

ကျွန်တော်၏ ဖိတ်ခေါ်ချက်ကို ဆရာမင်းသိခ်က လက်ခံသော်လည်း မရွှံ့မရဲဖြင့် လိုက်ပါလာခဲ့၏။ ရုံးခန်းရှိ ဧည့်ခန်းထဲတွင် ထိုင်မိကြသည်နှင့် ကျွန်တော်က ဆရာအလွန်ကြိုက်တတ်သော လက်ဖက်ရည်ချိုချိုနှင့် မုန့်များ သွားဝယ်ရန် ရုံးအကူတစ်ယောက်ကို စေလွှတ်လိုက်၏။

“ဆရာ့ကို ငါးသုံးလုံးစီးကရက်နဲ့ပါ ဧည့်ခံချင်ပေမယ့် ဒီပြတိုက်ထဲမှာ လုံးဝဆေးလိပ်မသောက်ရဘူးလို့ ပညတ်ထားတာမို့ သည်းခံပါဆရာ”

“နေပါဦးဗျ။ ကျွန်တော်လို လောလောလတ်လတ် ထောင်ထဲကထွက်လာတဲ့ လူတစ်ယောက်ကို ရုံးခန်းထဲခေါ်ပြီး ဧည့်ခံတဲ့အတွက် ခင်ဗျားရဲ့အလုပ်ကို ထိခိုက်မှာ မစိုးရိမ်မိဘူးလားဗျာ”

ဆရာမင်းသိခ် ဘာကြောင့် မဝံ့မရဲနှင့် လိုက်ပါလာခဲ့သည်ကို ကျွန်တော် နားလည်သွားရပါပြီ။ သူ့အတွက်မဟုတ်ဘဲ ကျွန်တော့်အတွက် စိုးရိမ်မိရာသောကြောင့် ဖြစ်ပေသည်။

“ဆရာရယ်…ဆရာ့ကိုဖမ်းဆီးပြီး ထောင်ချခဲ့တဲ့လူတွေကတောင် ယုံကြည်စိတ်ချစွာနဲ့ လွှတ်ပေးလိုက်ပြီပဲ။ ကျွန်တော်က ဘာအတွက် ဘာကိုစိုးရိမ်နေရမှာလဲ။ ဆရာအကျဉ်းချခံခဲ့ရတာက ပြည်သူတွေအတွက် ရဲရဲဝံ့ဝံ့

> “ဆရာအထိန်းသိမ်းခံရတယ်လို့ ကြားလိုက်ရတဲ့အချိန်ကစပြီး ကျွန်တော် ဆရာ့ကို သိပ်ပြီးတွေ့ချင်နေတာခင်ဗျ။ ဆရာရေးသားခဲ့ဖူးတဲ့ လုံးချင်းဝတ္ထု တစ်အုပ်ထဲက ထူးဆန်းတဲ့ သီအိုရီကို အကြောင်းပြုပြီး တွေ့ချင်၊ ပြောချင်နေတာပါ ဆရာ”

ဆောင်ရွက်ပေးခဲ့တာကြောင့် စစ်အာဏာရှင်တွေက ဖြုံးပြီး မတရားနှိပ်ကွပ်ခဲ့တယ်ဆိုတာ လူတိုင်းက သိကြတယ်။ ဂျပိုးသူခိုးလို ပုဒ်မမျိုးနဲ့ ထောင်ကျခဲ့ရတာ မဟုတ်ဘူးဗျ။ ဆရာ့လိုပုဂ္ဂိုလ်မျိုးကို ကျွန်တော့်ရဲ့ ရုံးခန်းထဲမှာ ဧည့်ခံမိလို့ အလုပ်အဖြုတ်ခံရမယ်ဆိုရင် ကျွန်တော် ဆယ်သက်မက ခံသွားမယ်ဆိုတာ မှတ်ထားပါဆရာ”

ကျွန်တော့်စကားကြောင့် ဆရာမင်းသိခ်က တည်ငြိမ်စွာ ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အင်း • • •ဟုတ်ပါတယ်လေ။ ကျွန်တော့်ကို အငြိုးအာဃာတနဲ့ ထောင်ဒဏ်အနှစ် ၂၀ ချခဲ့တဲ့ ထိပ်ဆုံးက ပုဂ္ဂိုလ်ကြီးတောင် ကျန်းမာရေးအခြေအနေကြောင့် အခု အနားယူသွားခဲ့ရရှာပြီ။ သူ့နေရာကို ဆက်ခံတဲ့လူက ကျွန်တော့်ရဲ့ မူလချမှတ်ခံထားရတဲ့ ပြစ်ဒဏ်ကို လျှော့ပြီး အခုလွှတ်ပေးလိုက်လို့ လေးနှစ်နဲ့ လွတ်လာခဲ့ရတာဗျ"

ကျွန်တော်သည် ဆရာမင်းသိခ်ရှင်ပြနေသည်များကို နားထောင်ရင်း

"ဆရာအထိန်းသိမ်းခံရတယ်လို့ ကြားလိုက်ရတဲ့အချိန်ကစပြီး ကျွန်တော် ဆရာ့ကို သိပ်ပြီးတွေ့ချင်နေတာခင်ဗျ။ ဆရာရေးသားခဲ့ဖူးတဲ့ လုံးချင်းဝတ္ထုတစ်အုပ်ထဲက ထူးဆန်းတဲ့ သီအိုရီကို အကြောင်းပြုပြီး တွေ့ချင်၊ ပြောချင်နေတာပါဆရာ"

"ဘယ်လိုထူးဆန်းတဲ့သီအိုရီလဲ။ ဘယ်ဝတ္ထုထဲမှာ ကျွန်တော်က ရေးသားဖော်ပြမိခဲ့တာလဲ။ ရှင်းရှင်းလင်းလင်း ပြောပြစမ်းပါဦးဗျ"

"ထပ်တူကျခြင်း သီအိုရီဆိုတာလေ။ စနေမောင်မောင်ဆိုတဲ့ လုံးချင်းဝတ္ထုထဲမှာ ဆရာရေးခဲ့တာပါ။ခြောက်နှစ်ကြာအောင် ကွဲကွာသွားပြီးတဲ့နောက် စနေမောင်မောင်နဲ့ ကိုအောင်ထွန်းတို့ ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်မှာ အမှတ်မထင် ပြန်လည်ဆုံတွေ့ကြတဲ့အခါ စနေမောင်မောင်က ဟေး • • • ကိုအောင်ထွန်းကြီး။ ခင်ဗျားရဲ့ အင်္ကျီအိတ်ကပ်ထဲမှာ အခု ပိုက်ဆံခြောက်မူးပဲ ကျန်တော့တယ်မဟုတ်လားလို့ မေးလိုက်တယ်။ အဲဒီလို အမေးခံလိုက်ရတဲ့အခါ ကိုအောင်ထွန်းက သိပ်ပြီးအံ့ဩသွားတယ်။ မှန်လိုက်လေ ဆရာစနေမောင်မောင်ရယ်။ အခု ကျွန်တော့်အိတ်ထဲမှာ ပိုက်ဆံခြောက်မူးပဲ ကျန်တော့လို့ အားငယ်နေတုန်း ခင်ဗျားနဲ့ပြန်တွေ့လိုက်ရတာ သိကြားမင်းနဲ့ တွေ့လိုက်ရသလိုပါပဲ။ နေပါဦးဗျ။ ဆရာက ဘယ့်နှယ်ကြောင့် အဲဒီလောက်အထိ တိတိကျကျ ပြောနိုင်ရတာလဲလို့ ကိုအောင်ထွန်းက တအံ့တဩ ပြန်မေးလိုက်တယ်။ ဒီတော့ စနေမောင်မောင်က ခပ်အေးအေးပဲ ပြန်ဖြေလိုက်တယ်။ ဒါဟာ ထူးဆန်းတဲ့ကိစ္စမဟုတ်ပါဘူး ကိုအောင်ထွန်းရယ်။ ထပ်တူကျခြင်း သီအိုရီရဲ့ သဘောအတိုင်းဖြစ်ရတာပါ။ လွန်ခဲ့တဲ့ ခြောက်နှစ်ကျော်ကာလတုန်းက ခင်ဗျားနဲ့ကျွန်တော် ရွှေတိဂုံကုန်းတော်ပေါ်မှာ အခုလို ဆုံမိကြတုန်းကလည်း ခင်ဗျားရဲ့ အင်္ကျီအိတ်ကပ်ထဲမှာ ငွေခြောက်မူးသာရှိနေခဲ့တယ် မဟုတ်လား။ အခုလည်း ဒီအတိုင်းပဲ ဖြစ်ရတာဟာ ထပ်တူကျခြင်းသီအိုရီ သဘောသဘာဝအတိုင်း ဖြစ်ရတာပါပဲ"

"တိုင်းပြည်ကို ခေတ်မီအောင် လုပ်ပြီး အောက်မြန်မာပြည်ကို အင်္ဂလိပ်လက်အောက်က ပြန်လည်သိမ်းယူဖို့ ကြိုးစားခဲ့တဲ့ အိမ်ရှေ့စံ ကနောင်မင်းသားကြီးဟာ (ခရစ်နှစ် ၁၈၆၆)မှာ မြင်ကွန်း၊ မြင်းခုံတိုင်တို့ရဲ့ လုပ်ကြံမှုကြောင့် အသက်ဆုံးရှုံးခဲ့ရတယ်။ အဲဒီလိုပဲ မြန်မာနိုင်ငံကို လွတ်လပ်ရေးပြန်ရအောင် ကြိုးပမ်းခဲ့တဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့မှာ မသမာသူတွေရဲ့ လက်ချက်နဲ့ ကျဆုံးခဲ့ရတယ်။ နောက်ထပ် ဆယ်စုနှစ် နှစ်ခုလောက်အကြာမှာတော့ အမေရိကန် သမ္မတကနေဒီ လုပ်ကြံခံခဲ့ရပြန်တယ်

၁၉၆၉ ခုနှစ် ကျွန်တော်အလုပ်စဝင်တော့ ဌာနခွဲတစ်ခုက ငွေကိုင်အရာရှိဟာ ငွေအလွဲသုံးစားမှုတစ်ခုကြောင့် အလုပ်ပြုတ်ပြီး ထောင်ကျသွားတယ်။ နောက်ထပ် ဆယ်စုနှစ်တစ်ခုလောက်ကြာတော့ အဲဒီအရာရှိနေရာမှာ တာဝန်ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်ဟာ သူ့အရင်ကအရာရှိ ဖြစ်ခဲ့တဲ့ဖြစ်စဉ်အတိုင်း ထပ်ဖြစ်တယ်။ သူလည်း အရင်လူလိုပဲ အလုပ်ပြုတ်ပြီး ထောင်ကျသွားခဲ့ရတယ် ခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား။ ဒါတွေဟာ ထပ်တူကျခြင်း သီအိုရီရဲ့ ဖြစ်စဉ်သဘောတွေပါပဲလို့ စနေမောင်မောင်က ကိုအောင်ထွန်းကို ရှင်းပြခဲ့တယ်လေ"

ဆရာမင်းသိခ်သည် ကျွန်တော် ပြောပြနေသည်များကို ပြုံးပြုံးကြီးနား ထောင်လျက်ရှိ၏။

"ဆရာ့ကို အဲဒီထပ်တူကျခြင်း သီအိုရီနဲ့ပတ်သက်လို့ ကျွန်တော့်ကိုယ်တွေ့ ဖြစ်ရပ်တစ်ခု ပြောပြပါဦးမယ်။ ၁၉၆၉ ခုနှစ် ကျွန်တော်အလုပ်စဝင်တော့ ဌာနခွဲတစ်ခုက ငွေကိုင်အရာရှိဟာ ငွေအလွဲသုံးစားမှုတစ်ခုကြောင့် အလုပ်ပြုတ်ပြီး ထောင်ကျသွားတယ်။ နောက်ထပ် ဆယ်စုနှစ်တစ်ခုလောက်ကြာတော့ အဲဒီအရာရှိနေရာမှာ တာဝန်ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်ဟာ သူ့အရင်ကအရာရှိ ဖြစ်ခဲ့တဲ့ဖြစ်စဉ်အတိုင်း ထပ်ဖြစ်တယ်။ သူလည်း အရင်လူလိုပဲ အလုပ်ပြုတ်ပြီး ထောင်ကျသွားခဲ့ရတယ်ခင်ဗျ။ အဲဒီဖြစ်ရပ်ဖြစ်စဉ်တွေကြောင့် ကျွန်တော်ဟာ ဆရာစနေမောင်မောင်လုံးချင်းထဲမှာ ဆရာဖော်ညွှန်းခဲ့တဲ့ ထပ်တူကျခြင်းသီအိုရီဆိုတာကို သိပ်ပြီး စိတ်ဝင်စားနေမိတာ ဖြစ်တယ်။ အခု ဆရာ့ကို ကျွန်တော်သိပ်ပြီးတွေ့ချင်နေတာကတော့ ဆရာကိုယ်တိုင် ဖြစ်ပျက်ကြုံတွေ့သွားခဲ့ရတဲ့ ထပ်တူကျခြင်း သီအိုရီအကြောင်း ပြောချင်လို့ပါ"

ကျွန်တော့်စကားကြောင့် ဆရာမင်းသိခ်က အလွန်အံ့သြသွားပုံရပြီး -

"ဆိုစမ်းပါဦးဗျ။ ကျွန်တော်ကိုယ်တိုင်နဲ့ တိုက်ရိုက်သက်ဆိုင်သွားခဲ့ရတဲ့ ထပ်တူကျခြင်းသီအိုရီဆိုတာက ဘာကို ဆိုချင်တာလဲ"

"ဆရာဟာ ၁၉၆၄ ခုနှစ်တုန်းက အစိုးရနဲ့ တောတွင်းက အဖွဲ့တွေ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်သွားခဲ့ရတာကို မကျေနပ်လို့ အဲဒီဆွေးနွေးပွဲတွေ ပြန်လုပ်ပေးဖို့ အစိုးရကို တောင်းဆိုခဲ့တယ်။ အမိုးဖွင့်ဂျစ်ကားနဲ့ မြို့လှည့်ပြီး ဟရားပေါခဲ့တယ်။ ဒါ့ကြောင့် အစိုးရက အမြင်ကတ်ပုဒ်မနဲ့ ဆရာ့ကို အင်းစိန်ထောင်ထဲ ပို့လိုက်တယ်မဟုတ်လား။ ထောင်ထဲမှာ ခြောက်နှစ်လောက် နေခဲ့ရတယ်မဟုတ်လား။ ထောင်ထဲမှာ ခြောက်နှစ်လောက် နေခဲ့ရပြီးမှ လွတ်လာခဲ့တယ်။ အဲ...နောက်ထပ် ၁၀ စုနှစ် နှစ်ခုကျော်လောက်ကြာတော့ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးအခင်းနဲ့ ကြုံတယ်။ စစ်အစိုးရရဲ့ ရမ်းကားရက်စက်မှုကို မခံနိုင်လို့၊ လက်ပိုက်ကြည့်မနေနိုင်တော့လို့ ဆရာဟာ ရန်ကုန်မြို့ထဲက စင်တွေအနှံ့ တက်ပြီးတရားဟောခဲ့တယ်။ နားထောင်သူပရိသတ်တွေက သဘောကျလွန်းလို့ ဩဘာပေးကြတာ လက်ခုပ်သံတွေ မြို့လုံးညံ့ခဲ့ရတယ်မဟုတ်လား။ နာမည်ကြီးတေးသံသွင်းတစ်ခုကဆိုရင် ဆရာ့ဟောပြောချက်တွေကို အသံဖမ်းယူပြီး အခွေထုတ်ရောင်းစားခဲ့တယ်၊ အချောင်အမြတ်ထုတ်ခဲ့တယ်။ ဆရာ့ဆီမှာ ခွင့်လည်း မတောင်းခဲ့ဘူး။ ဉာဏ်ပူဇော်ခလည်း တစ်ပြားမှ မပေးခဲ့ဘူးမဟုတ်လား။ စစ်အစိုးရ အာဏာသိမ်းပြီးတဲ့နောက်မှာ ဆရာ့ကို ထောင်ဒဏ် အနှစ် ၂၀ ပြစ်ဒဏ်ချမှတ်ခဲ့တယ်။ အဲဒီသတင်းကို ကြားလိုက်ရတော့ ကျွန်တော်အတော်လေး စိတ်မကောင်းဖြစ်သွားမိခဲ့ရတယ်။ ဒါပေမယ့် ၁၉၆၄-၆၅ တုန်းက ဖြစ်ရပ်နဲ့ ဆက်စပ်ကြည့်မိပြန်တော့ အင်း...ဆရာမင်းသိခ်ဟာ သူရေးခဲ့တဲ့ စနေမောင်မောင်လုံးချင်းဝတ္ထုထဲက ထပ်တူကျခြင်းသီအိုရီအတိုင်း ဖြစ်ရရှာတာပဲလို့ တွေးရင်း ဖြေသိမ့်မိခဲ့ရပါတယ်။ ဆရာ့ရဲ့ ဖြစ်ရပ်နဲ့ ပတ်သက်လို့ ဆရာကရော အဲဒီထပ်တူကျခြင်းသီအိုရီအတိုင်း ဖြစ်ရတယ်လို့ မစဉ်းစားမိခဲ့ဘူးလား။ အဲဒီမေးခွန်းကို မေးဖို့အတွက် ကျွန်တော်က ဆရာနဲ့ သိပ်ပြီးတွေ့ချင်နေရတာပါ"

ကျွန်တော့်စကားဆုံးသည်နှင့် ဆရာမင်းသိခ်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး -

"အင်း...အဲဒီတုန်းကတော့ ပူထူနေလို့ ဘာမှမစဉ်းစားမိခဲ့ပါဘူး။ အခု ခင်ဗျားပြောပြတော့မှ ထပ်တူကျခြင်းသီအိုရီကို ပြန်သတိရမိတယ်။ အခုစိပဲဗျို့။ ၈၈ အရေးအခင်းမှာ ကျွန်တော် အင်းစိန်ထောင်ကို ပြန်ဝင်ရတာဟာ ၁၉၆၄-၆၅ ဖြစ်ရပ်အတိုင်း ထပ်တူကျခြင်းသီအိုရီသဘောအရလို့ ဆိုနိုင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အင်းစိန်ထောင်မှာ ကျွန်တော့်ကို နေရာချပေးလိုက်တဲ့အခန်းဟာ ၁၉၆၄-၆၅ ခုနှစ် ပထမအကြိမ် အဲဒီထောင်ထဲကို ဝင်ရတုန်းက အခန်းပဲခင်ဗျ။ ဒီအခန်းနံပါတ်ကို ကျွန်တော်က ကောင်းကောင်းကြီး မှတ်မိနေတာကိုး"

**မနုဿကျော်ဝင်း**
**(အမျိုးသားစာပေဆုရ)**



www.burmeseclassic.com

www.burmeseclassic.com

၀၄၀၈ (Y) ၀၇၄၆၄




# စပွါယ်ဖူး ဆေးတိုက်မှ

# အစွမ်းထက်လိမ်းဆေးများ




၀၄၀၈ (Y) ၀၇၄၆၅

"သီတာရေ. . . ဒီနေ့ ကွန်ပျူတာကလပ်(စ်) မတက်နိုင်လို့ ခွင့်တင်ပေးစမ်းပါကွာ"

"ဘာဖြစ်လို့လဲ နီလာရဲ့"

"အိမ်မှာ မောင်လေးကလည်း ချောင်းဆိုးရင်ကြပ် သလိပ်ကပ်ဖြစ်နေလို့. . . နောက် မေမေကလည်း အရိုးကျီးပေါင်းတက်ပြီး လည်ပင်းမလှည့်နိုင်နဲ့ဆိုတော့ အိမ်ကိစ္စ တွေ လုပ်ရမှာမို့ ကလပ်(စ်)မတက်နိုင်ဘူး"

"ဆေးခန်း သွားမပြဘူးလား"

"အိမ်နားက ဆေးခန်းသွားပြတာပဲ. . . ဒါပေမဲ့ မသက်သာဘူး ဖြစ်နေတယ်"

"ဩော်. . . ဒါလေးများ ကိုယ်တို့ အမြဲတမ်းပြနေတဲ့ စပွါယ်ဖူးဆေးတိုက်မှာ ပြကြည့်ပါလား"

"စပွါယ်ဖူးဆေးတိုက်က ဘာကောင်းလို့လဲ"

"စပွါယ်ဖူးဆေးတိုက်ကထုတ်တဲ့ ချွဲသလိပ်ကြေ ရင်လူးဆေးရှိတယ်၊ အဲဒီဆေးက ကလေးလူကြီး အသက်အရွယ်မရွေး သုံးစွဲနိုင် တယ်။ ချွဲသလိပ်ရင်ကျပ်၊ ကြက်ညှာ၊ ချောင်းဆိုး၊ အစာမကြေ၊ ဖျို့အန်၊ ရင်ပြည့်ရင်ကယ်၊ အဆုတ်ပွ၊ အဆုတ်အအေးမိ၊ ဝမ်းဖောဝမ်းရောင်၊ ထိုးလေအောင့် အကုန်ပျောက်တဲ့ အထူးလိမ်းဆေးပဲ။ အဲဒီဆေးကို လည်ပင်းမှစ ဆီးစပ်အထိ တစ်နေ့ နှစ်ကြိမ် လိမ်းပေးရင် သက်သာပျောက်ကင်းသွားရမယ်"

"ဒါထက် အရိုးကျီးပေါင်းရောဂါအတွက်ရော ဆေးထုတ်သေးလား"

"အရိုးကျီးပေါင်းရောဂါအတွက် အထူးစီမံဖော်စပ်ထားတဲ့ အရိုးကျီးပေါင်းလိမ်းဆေးလည်း ထုတ်တယ်၊ လည်ပင်းကျီးပေါင်း၊ ဆစ်ကျီးပေါင်း၊ အဆစ်အမြစ် နာကျင်ကိုက်ခဲခြင်း၊ ဇက်ကြောတက်၊ ခေါင်းကိုက်ခြင်းအပြင် လေဖြတ်ဝေဒနာရှင်များကိုပါ လိမ်းပေးရင် ရောက်ပြီး ဝေဒနာသက်သာ ပျောက်ကင်းပါတယ်၊ အထူးသဖြင့် တရားမထိုင်မီနဲ့ အားကစားမလုပ်မီ ကြိုတင်လိမ်းပေးရင် အကြောများ ပြီး အလုပ်လုပ်လို့ အင်မတန်ကောင်းမွန်ပါတယ်"

"ဒီလောက်ကောင်းတဲ့ဆေးကို ဘယ်မှာ ဝယ်ယူရရှိနိုင်ပါလဲ"

"**ဝင်ရင်းဌာနကတော့ အမှတ်(၆၄)၊ ဘုရင့်နောင်လမ်း၊ (၇/ထ)ရပ်ကွက်၊ မင်္ဂလာဒုံက စပွါယ်ဖူးဆေးတိုက်မှာပါ။ ဖုန်းနံပါတ်က** တော့ ၀၁-၇၂၄၈၃၅၊ ၀၉-၅၁၃၇၅၅၈ နဲ့ ၀၉-၅၀၉၇၈၇၇ တို့ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ရွှေဘုံသာလမ်းက တိုင်းရင်းဆေးဆိုင် တွေမှာလည်း ရရှိနိုင်ပါတယ်။ အကြောင်းစုံ သိချင်ရင်တော့ အထက်ပါဖုန်းနံပါတ်နဲ့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါတယ်။ ကဲ. . . သီတာရေ. . . ရောဂါတွေ အမြစ်ပြတ်ချင်ရင်တော့ '**တကယ်ထူးတဲ့ စပွါယ်ဖူးဆေးတိုက်**' ကို အမြန်ဆုံး ဖုန်းဆက်လိုက်နော်"

**ဆေးခန်းဖွင့်ချိန်က "နံနက်(၉–၁၁)နာရီ ညနေ(၄–၈)နာရီအထိ ရှိပြီး အခမဲ့ ဆွေးနွေးနိုင်ပါတယ်"**

"တောင်းပါပြီ သူငယ်ချင်း"

သင်. . . အမှန်တကယ် ရောဂါပျောက်ချင်ရင် **တကယ်ထူးတဲ့ စပွါယ်ဖူးဆေးခန်း** နှင့် အမြန်ဆုံး ဆက်သွယ်လိုက်ပါ။


www.burmeseclassic.com

www.burmeseclassic.com

# ကျော်မြသန်း

## နတ်ကတော် မိန်းမျက်ခုံး

( အခန်းဆက်ဝတ္ထုရှည် )



www.burmeseclassic.com

www.burmeseclassic.com

# နှတ်ကတော် စိန်မျက်ခုံး

(အခန်းဆက်ဝတ္ထုရှည်)

**ကျော်မြသန်း**

(၁)

မြောက်လေသရမ်းသည့် ဆောင်းအဝင် အေးမြမြ နံနက်ခင်းကို တွေးပိုက်နွေးပွေ့စေမည့် နေရောင်ခြည်မှာ သူတို့အိမ်ကလေး၏ မျက်နှာစာ ညှော်ခန်းထဲသို့ တိုးဝင်ဖြာကျလာသည့်တိုင်အောင်၏။ မောင်မှာ အိပ်ရာထဲမှာပင်ရှိနေသေးသည်။

ညဥ့်က ရောင်းလှည့်ဂျူတီဝင်ရသဖြင့် မောင် အိပ်ရာထဲမှာ ကွေးနေသည်ကို မနှိုးရက်သော်လည်း မနက်ရုံးခန်းနာရီ ဂျူတီပြန်ဝင်ရမည့် မောင့်ကို မနှိုးရင် မဖြစ်တော့သမို့ မောင့်နဖူးပေါ်ကို နှုတ်သီးဖျားလေး နှစ်ခါ-သုံးခါ ထိပေးလိုက်ရသည်။ မောင်က မျက်လုံးဖွင့်လာသော်လည်း ပြုံးပြီး ပြန်ပိတ်သွားသည်။

တော်တော်ဆိုးတဲ့ မောင်။

နောက်တစ်ခါ…နောက်တစ်ခါ အခါခါ…။

သည်တော့မှ မောင် အိပ်ရာထဲက ထလာသည်။ မောင်အိပ်ရာထ၊ မျက်နှာသန့်ရှင်းရေးလုပ်နေစဉ် အေးက မှန်တင်ခုံမှာ နံနက်ခင်း အလှခြယ်သနေသည်။

မောင်အလုပ်သွားခါနီး နှုတ်ဆက်အနမ်းပေးလာလျှင် မွှေးမွှေးမြမြ ရှိပါစေတော့လို့။

ညားခါစ ချစ်တတ်သူ ဇနီးမောင်နှံ၏ အလုပ်။

ထောင်မှူးလေး ကိုသန့်ဇင်မှာ ညဥ့်က လွှားတင်ထားသော ယူနီဖောင်းကို ကပျာကသီ ယူဝတ်ပြီး ချစ်ချစ်ပြင်ပေးထားသည့် လက်ဖက်ရည်စားပွဲမှာ ဝင်ထိုင်လိုက်၏။

ချစ်ချစ်မှာ အလှပြင်လို့မပြီးသေး။

မိန်းမတို့သည် ထမင်းဟင်းချက်ရာတွင် မြန်သလောက် အလှပြင်ရာတွင်မူ ကြာတတ်ပါလေ၏။ မောင်မောင်တို့ကလည်း ဒါကိုတော့ သည်းခံနိုင်စွမ်းရှိကြသည်ပ။ ကိုယ့်မိန်းမ လှနေမှ သဘောကျပေသကိုး။

ခုခေတ်တို့ပျားလေးများဆို ပိုလို့တောင် ဆိုးသေး။ အလှပြင်ချိန်ကို အိပ်ချိန်လောက်နီးပါး အချိန်ယူရ၏။ သူတို့ကျတော့ ထမင်းဟင်းလည်း အချက်မမြန်၊ အလှပြင်ချိန်လည်း မမြန်။ ရှိပါစေလေ။ သူတို့ခေတ်က အလှခေတ် ပေကိုး။

ထောင်မှူးလေး ကိုသန့်ဇင်မှာ လက်ဖက်ရည်စားပွဲတွင် စိတ်ရှည်လက်ရှည် စောင့်နေရသည်။ တစ်ဝမ်းစီပဲ၊ ဝမ်းချင်းဆုံတာမှ မဟုတ်ဘဲ ဆိုပေမယ့် ချစ်ချစ်မျက်နှာကိုကြည့်ပြီး သောက်ရသည့် လက်ဖက်ရည်က ပိုပြီး အရသာပြည့်ဝသည်မဟုတ်ပါလား။

မောင်ရှိရာသို့ အပြုံးလေးဝင့်ပြီး ရောက်လာသည့် ချစ်ချစ်၏ မျက်နှာကလေးမှာ နေခြည်ပြုံစ နံနက်ခင်း အလှနှင့် သူတင် ကိုယ်တင် ပြိုင်နေသည်သို့ ရှိချေ၏။

မျက်လုံးလှသည်၊ မျက်ခုံးလှသည်၊ နှုတ်ခမ်းလှသည်၊ အပြုံးလှသည်၊ သွယ်၍ ဖြောင့်၍ တင်ထားဘိသို့ရှိသော နှာတံလှသည်။ တစ်မျက်နှာလုံး ခြုံကြည့်လိုက်လျှင် သွယ်သွယ်နွဲ့နွဲ့၊ ယဉ်ယဉ်မြမြကလေး လှနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျက်သရေရှိပါ၏။

ဒါက ညားခါစ ဇနီးမောင်နှံများတွင် ချစ်ချစ်အပေါ် မောင်မောင်တို့၏အမြင်။ ကိုယ့်ချစ်ချစ်ကို မလှဘူးလို့မြင်သူရှိမည်မထင်။ မရှိရာသော်၏။ ဘယ်လိုကြည့်ကြည့် ကိုယ့်ချစ်ချစ်ကလှ၍နေသည်သာ။ တကယ်တော့ ကိုသန့်ဇင်၏ ချစ်ဇနီးအေးက ပိုင်သသူကာယကံရှင်၏ အမြင်တွင်သာ လှနေသူမဟုတ်။ အများအမြင်တွင်လည်း အလှထင်သသူပါတည်း။

နဂိုအနေတွင် ရေးရေးပျပျထင်နေသော ပါးချိုင့်လေးနှစ်ခွက်မှာ ပြုံးလိုက်ရင် ချိုင့်ချိုင့်ဝှမ်းဝှမ်း၊ စွဲစွဲထင်ထင်ပေါ်လာသည်မို့ ပါးချိုင့်အလှမှာ အေး၏အလှကို သရဖူဆောင်းပေးထားသည်သို့ရှိချေ၏။ ကိုသန့်ဇင်ကလည်း သည်ပါးချိုင့်အလှလေးကို မက်မက်မင်မင်စွဲထင်ခဲ့သည်မို့ အေး၏မေတ္တာနှင့် အချစ်ကို ရယူပိုင်သနိုင်အောင် ကြိုးပမ်းခဲ့သည်ဟု ဆိုရပေမည်သာ။

သူတို့အိမ်ထောင်သက်တမ်းမှာ သုံးနှစ်ကျော်ကာလသို့ ရောက်လာသည့်တိုင် ချစ်ချစ်မှာ ကိုယ်လေးလက်ဝန်အရိပ်အခြင် မထင်သေးဘဲ ပေါ့ပေါ့ပါးပါး၊ ဖျတ်ဖျတ်လတ်လတ်ပင် ရှိနေသောကြောင့် နေ့ပေါင်းများစွာကို ချစ်ချင်တိုင်းချစ်ရင်း ကျော်လွှားဖြတ်သန်းနေကြ၏။

ကိုသန့်ဇင်တို့ ဇနီးမောင်နှံမှာ သူများတကာထက် အချစ်ပို၍ လွန်ကဲနေသည်မှာ အကြောင်းရှိ၏။ ကိုသန့်ဇင်အလုပ်က ထောင်မှူး။ ထောင်မှူးအလုပ်ဆိုတာ ကိုယ့်အားလပ်ရက်မဟုတ်ဘဲ အုတ်ရိုးနှင့်ဝေးရာသို့ သွားရသူများ မဟုတ်ပေ။ အညောင်းပြေအညာပြေ လမ်းလျှောက်တာတောင်မှ အုတ်ရိုးအနားမှာ ရစ်ဝဲရစ်ဝဲလုပ်ပြီး လမ်းလျှောက်ရသူများ ဖြစ်၏။ သူတို့မှာအလုပ်ချိန်ဟူ၍ ဘယ်နနာရီစပြီး၊ ဘယ်နနာရီပြီးသည်ဟူ၍ သတ်သတ်မှတ်မှတ်မရှိ။ နှစ်ဆယ့်လေးနာရီ တာဝန်ရှိသူများ ဖြစ်သည့်အလျောက် သူတို့နေထိုင်ရာ အိမ်များကို အုတ်ရိုးနှင့် အနီးခုံနေရာတွင် ဆောက်ပေးထားပေသည်။

အချိန်မရွေး ထွက်ပေါ်လာနိုင်သော ထောင်လုန့်သံချောင်းသံကြားလျှင် အီးအီးပါနေခဲ့ဖြစ်ပါစေ တစ်ပိုင်းတစ်စဖြတ်၍ ထောင်ထဲသို့ အရောက်ပြေးရ၏။

ထောင်နှင့် ဝေးရာသို့ မသွားနိုင်သူများ ဖြစ်ကြသည့်အတိုင်း အိမ်ခြံကြသည်၊ အိမ်မြဲလေ ဇနီးမောင်နှံတို့ ပို၍ချစ်ကာလေ။ ညဥ့်ရောင်းလှည့်ဝင်ရလျှင် ဆယ့်နှစ်နာရီထိုးပြန်ရသည့်အလှည့်ရှိသည်၊ နှစ်ချက်ထိုးပြန်ရသည့်အလှည့်ရှိသည်။ ဆောင်းတွင်းညဥ့်ဘက် ရောင်းလှည့်ဝင်ရသည်မှာ နားရွက်ဖျားလေးများ ထုံကျင်ကိုက်ခဲလာအောင် အအေးဒဏ်ခံရတတ်၏။ ညဥ့်ကြီးသန်းခေါင်အိမ်ပြန်လာတော့ ချစ်ချစ်က တံခါးထဖွင့်ပေးသည်။ စောင်က အိပ်ခန်းထဲမှာ။ စောင်နှင့်မတွေ့ခင် နွေးထွေးလှသော ချစ်ချစ်ရင်ခွင်မှာ...။

သည်တော့လည်း သူများထက်ပို၍ ချစ်ကြလေ၏။

ချစ်ဇနီးပြင်ပေးထားသည့် လက်ဖက်ရည်ပွဲမှာ ထူးထူးထွေထွေ အစားအသောက်များမပါပါ။ ပေါင်မုန့်မီးကင်ကိုထောပတ်သုတ်ပြီး ကြက်ဥပြုတ်ချိုင်ကြော်၊ ဝက်အူချောင်းကြော်တို့နှင့် မစားနိုင်ပါ။ ထမင်းကြမ်းကြော်တစ်ပွဲနှင့် လက်ဖက်ရည်တစ်ခွက်မျှသာ။ ဒါပေသိချစ်ချစ်မျက်နှာကြည့်ပြီး စားရလို့လား မသိ။ စားလို့အလွန်ကောင်းပါဘိ။

ကြက်သွန်ဖြူကို စားပါးရိုက်ပြီး၊ ကြက်သွန်နီပါးပါးလှီး၍ ကြော်ထားသည့်ထမင်းကြော်ကို ဟိုတယ်က ထမင်းကြော်ထက်တောင် ကောင်းပါသည်လို့ ချီးမွမ်းခန်းဖွင့်လိုက်သည့်အခါ ချစ်ချစ်၏အပြုံးကလေးလက်လာသည်။ ပါးချိုင့်ကလေးနှစ်ခွက်ကိုကြည့်ပြီး စားလိုက်တော့လည်း တစ်ပန်းကန်မှာ ချောင်ချောင်လေး။

"မောင်…ဒီနေ့ညဥ့် ရောင်းလှည့်ဂျူတီဝင်ရဦးမလား"

"ဒီနေ့တော့ မဝင်ရဘူး အေး"

"ဒါဖြင့် လေးနာရီပြန်ထွက်ပေါ့"

"ဟုတ်တယ်လေ။ အကြောင်းထူးမပေါ်ရင်ပေါ့။ ဘာအကြောင်းများ ရှိလို့လဲ အေးရဲ့"

"မောင် စောစောပြန်ရင် မြို့ထဲသွားချင်လို့။ အေး ဝယ်စရာလေးရှိလို့ပါ"

"ဒီလိုဆို မောင် ထောင်မှူးကြီးဆီခွင့်တောင်းခဲ့မယ်လေ။ အေး အသင့်ပြင်ထားပေါ့"

"ထမင်းစားပြီးမှ သွားမလားမောင်"

"ပြန်လာမှ စားကြတာပေါ့။ ညဈေးမှာ တစ်ခုခုစားရအောင်"

"မောင် စောစောပြန်ထွက်ခဲ့နော်"

"ထွက်ခဲ့မှာပါ အေးရဲ့၊ ဒါပေမယ့် မမျှော်လင့်တဲ့ အကြောင်းပေါ်လာလို့



www.burmeseclassic.com

www.burmeseclassic.com

မထွက်ဖြစ်ရင် အရင်တစ်ခါလို စိတ်မကောက်ရဘူးနော်"

"ဟွန်း…ကောက်မှာပဲ"

"ကောက်ဗျာ။ ကောက်တော့ ပိုလှတာပေါ့"

"မောင်နော်…ဒါပဲ"

"ကဲ…သွားမယ်နော် အေး။ ပေးစမ်း"

"သူနော်…ဟင်း"

◆ ◆ ◆

ထောင်မှူးလေး ကိုသန့်ဇင်မှာ ထောင်ထဲရောက်ကတည်းက တစ်ချက်မှ မအားရတော့ပေ။ ရုံးထွက်ကိစ္စ၊ ထောင်ဝင်စာကိစ္စ၊ ဟိုကိစ္စ၊ သည်ကိစ္စတွေနှင့် ထိုင်လိုက်၊ ထလိုက်၊ ပြောလိုက်၊ အော်လိုက်နှင့် မနက်စာထမင်းကိုပင် ထောင်ထဲမှာ ဖြစ်သလို စားလိုက်ရသည်။ ညနေပိုင်း ထောင်ဝင်စာချိန်မရောက်မီ တစ်ချက်တော့ နားလိုက်ရသည်။ ညနေပိုင်း ထောင်ဝင်စာပြီးသွားသောအခါ ဖူးကြီးပေါ်မှ သုံးနာရီတစ်မောင်းခေါက်သံ ထွက်လာ၏။ နောက်ထပ် နာရီသုံးမောင်းခေါက်ပြီးလျှင် သူအပြင်ပြန်ထွက်ရတော့မည်။ ဇနီးချောနှင့်တွဲပြီး လမ်းမထွက်ရသည်မှာ ကြာပေပြီပဲ။ ထူးထူးခြားခြား ကိစ္စများလည်း မရှိသဖြင့် သည်နေ့တော့ လေးနာရီပြန်ထွက်ရဖို့ သေချာသည်။ စိတ်သန်းလို့မှ မပြီးသေး။

ဟော…ဖြစ်ပြီ။

သုံးနာရီနှစ်မောင်း။ သံချောင်းသံထွက်လာသည်နှင့် မရှေးမနှောင်း အချုပ်လူသစ်တစ်တွဲ ရောက်လာသည်။ အားလုံးပေါင်း ခုနစ်ယောက်။ ရောက်လာသူများမှာ ရိုးရိုးအချုပ်သမားတွေ မဟုတ်။ ပြဿနာကောင်တွေ။ ကောင်တွေလို့ပဲ ခေါ်ရမလား။ ကောင်မတွေလို့ပဲ ခေါ်ရမလားဆိုသည့် မိန်းမလျာတွေ။

အချုပ်သမား ယောကျ်ားတွေ ရောက်လာလျှင် ပြဿနာမရှိ။ ဖူးကြီးထဲမှာ တလာစီပြီး အချုပ်ဆောင်ပို့လိုက်။ မိန်းမအချုပ်သမားတွေရောက်လာလျှင် မိန်းမထောင်ပို့လိုက်ရုံသာ။ သူတို့ကျတော့ ဘယ်ကိုပို့ရပ။

ယောကျ်ားအချုပ်ဆောင် ပို့ဖို့လည်း မဖြစ်။ ပြဿနာတွေ ပေါ်ကုန်မည်။ ခုတောင် သူတို့ရောက်လာပြီဆိုသည်နှင့် ပြူတစ်ပြူတစ် ဖြစ်နေကြပြီ။ သူတို့ကလည်း မျက်စတွေ၊ မျက်နတွေနဲ့ ကြာပစ်နေပြီ။ ဟိုကောင်တွေကိုလည်း အော်ရသည်။ သူတို့ကိုလည်း ငေါက်ရသည်။

သူတို့ကလည်း ခေမှတ်လို့။ ကိုသန့်ဇင်ကိုပင် "ကိုကိုကလည်း… ကျွန်မတို့က" လုပ်နေပြီ။

ဖူးဗာရာတစ်ယောက်ကို အမှတ်နှစ်တိုက်တန်းစီးခေါ်ဖို့ လွှတ်လိုက်ရသည်။ သူတို့ကို တလာစီဖို့ အခန်းထဲပို့ပြီး စာအုပ်ကြီးထဲမှာ ရေးစရာ၊ မှတ်စရာတွေ ရေးနေတုန်း "ဘုံး…ဒိုင်း"သံများနှင့်အတူ "အမယ်လေး…လုပ်ကြပါဦး။ ဟောဒီမှာ လုံချည်အတင်းဆွဲချွတ်နေလို့တော့"အသံများ ထွက်လာသဖြင့် ထောင်မှူးလေးကိုသန့်ဇင်မှာ မနေသာတော့။ တောက်တစ်ချက်ခေါက်ပြီး ထလိုက်ရသည်။ တလာစီသော အခန်းထဲမှာ ရိုက်ဟယ်၊ ဆွဲဟယ်၊ ရုန်းဟယ်၊ ကန်ဟယ် ဖြစ်နေကြ၏။

"သာမြ…ဘယ်လိုဖြစ်နေတာလဲကွ"

"ဒီမှာ ဆရာကြီး၊ လုံချည်ချွတ်ပြီး တလာစီမခံနိုင်ဘူးလုပ်နေလို့"

"ကျွန်မတို့ရှက်တယ် ကိုကိုထောင်မှူးရဲ့။ သူတို့က အတင်းပဲ"

"တယ်…ဒီဂန်းမတွေ"

ကိုသာမြ၏ ကြိမ်းမောင်းသံထွက်လာသလို၊ သူ၏လက်ထဲမှ တုတ်လည်း အပေါ်သို့ မြောက်တက်သွားသည်။ ကိုသန့်ဇင် မနေသာတော့။ သူကိုယ်တိုင် လုံချည်တွေ ဆွဲချွတ်ပစ်လိုက်ရသည်။ မလျာတွေက သူတို့မျက်နှာကို လက်ဝါးလေးနှင့်အုပ်လို့။ ရှက်လှချည်ရဲ့ပေါ့။ မိန်းမတွေထက်တောင် အမူအရာ ပိုကောင်းသေး။

သူတို့ကို တိုက်တန်းစီးလက်ထဲအပ်ပြီးသည့်အချိန်မှာ လေးနာရီ နှစ်မောင်း။ ဆယ့်ငါးမိနစ်လောက် စောထွက်ဖို့ စီစဉ်ထားခါမှ နာရီဝက်ကြီးများတောင် နောက်ကျသွားရသည်။

ချစ်ဇနီး အေး၏ စူနေသော နှုတ်ခမ်းမှာ…

ကိုသန့်ဇင် ခြောက်သုတ်ခဲ့ရသည်။ တခြားလူတွေက သူ့ကိုမြင်ရင် ဘယ်လိုထင်မည်မသိ။ ခပ်သုတ်သုတ်လျှောက်နေသော သူ၏မျက်နှာမှာ ပြုံးပြုံးကြီး။ သူ့ကိုခေါ်ဖို့ကလေးကို သွားသတိရလိုက်သောကြောင့်…

"ကိုကိုထောင်မှူး"ပါတဲ့…။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

(၂)

ထောင်ထဲကို မိန်းမလျှာတွေ ရောက်လာပြီဆိုလျှင် သူတို့ကို သီးခြားခွဲထားရ၏။ မလျှာ/န်းမသိလို့ အချုပ်ထောင်ဘက် ပို့လိုက်ရင် ပြဿနာတွေ တစ်ထွေးကြီး ပေါ်တုန်ရော။ သူတို့ကလည်း ထောင်ထဲရောက်ရင် ပိုနွဲ့သည်။ ပိုတွန့်သည်။ ပိုခဲသည်။ သူတို့ကို သီးသန့်မထားဘဲ ကျားအချုပ်ထောင်မှာ ရောထားရင် ဝရန်းသုန်းကားဖြစ်မှာ ဗေဒင်မေးစရာမလို။ သူပိုင်၊ ကိုယ်ပိုင် ဆွဲရင်း တိုးကြ၊ ကြိတ်ကြ၊ ရိုက်ကြ၊ နှက်ကြသည်အထိ ဖြစ်ခဲ့သည့် အစဉ်အလာတွေ အများကြီးရှိခဲ့ဖူးသည်ပါ။

အချုပ်လူသစ်ရောက်လာလျှင် မလျှာ ပါ-မပါ စစ်ရဆေးရသည်မှာ အလုပ်တစ်ခု။ သူတို့က ထောင်ထဲမှာတော့ ပြဿနာဦးခေါင်းတွေ။ မလျှာတိုက်ကို အုပ်ချုပ်ရသည့် တန်းစီကိုလည်း သေသေချာချာ ကိုင်ရသည်။ တန်းစီးကိုယ်တိုင်က ရှုပ်တာလည်းရှိသည်။

သတင်းမကြားစေနဲ့၊ သတင်းကြားရင် အသေပဲဟု တစ်ချက်လွှတ် ရာဇသံ ထုတ်ပြန်ထားရသည်။

ထောင်ထဲမှာ ရိက္ခာခြောက် သိုလှောင်ရာနှင့် ထုတ်ပေးရာ အဆောက်အအုံကို အပြင်မှာလို စတိုတို့၊ ဂိုဒေါင်တို့ အသုံးအနှုန်းများဖြင့် မခေါ်။ "ဈေးတိုက်" ဟူ၍ ခေါ်ဝေါ်ကြသည်။

လူဆိုးများထားသည့်တိုက်ကို လူဆိုးတိုက်၊ သို့မဟုတ် မိုးကြိုးတိုက်၊ ကျားတိုက် စသည်ဖြင့် နာမည်တစ်ခုခု ရှေ့ခံထားပြီး ခေါ်ကြသည်။

အဝတ်အထည်များ သိုလှောင်ထုတ်ပေးရာကို "အဝတ်တိုက်"။

ကိုယ်မကောင်းသူများ ထားသည့်တိုက်ကို "လက်ပရိုတိုက်"။ (အင်္ဂလိပ်လို လက်ပရိုစီ အခေါ်အဝေါ်ကို မြန်မာလို အတိုကောက်ခေါ်လိုက်ခြင်း ဖြစ်၏။)

မလျှာများထားသည့် တိုက်ကို "အလျှာတိုက်"။ ဒါက တရားဝင်အခေါ်အဝေါ်။ ဝေါဟာရသစ် တီထွင်သူ ထောင်ကျများအခေါ်မှာ "လုံးပြားတိုက်" ပါဟူ၍။

"လုံးပြားတိုက်" အခေါ်အဝေါ်မှာလည်း အဓိပ္ပာယ်အပြည့်အဝပေါ်သည်။ သူတို့အခေါ်က ပို၍သင့်မြတ်သည်ဟု ဆိုရလေမလား။

မလျှာတစ်အုပ်ကြောင့် ကိုသန့်ဇင် ထောင်ထွက်နောက်ကျသွားရသည်။ အိမ်ကချစ်ချစ် နှုတ်ခမ်းစူမှာ မြင်ယောင်သေးရဲ့။ တော်ပါသေးသည်။ နာရီဝက် လောက် နောက်ကျ၍လားမသိ။ ချစ်ချစ်က နှုတ်ခမ်းမစူ၊ ပြုံးပြုံးမှမှလေး ကြိုနေသည်။

ကိုသန့်ဇင်က ယူနီဖောင်းကို ကပျာကသီချွတ်၍ တဖွမ်းဖွမ်း ရေလောင်းပြီး ကိုယ်လက်သန့်စင်ခြင်းကိစ္စကို အမြန်ဆုံး လုပ်လိုက်ရသည်။

ရာသက်ပန်အတွဲ၊ မခွဲစတမ်း သစ္စာနံထားကြသည့် ကိုသန့်ဇင်နှင့် အေးတို့အတွဲမှာ ကျုံးကိုကျော်ဖြတ်၍ ညဈေးတန်းဘက်သို့ လျှောက်ခဲ့ကြရာ သူတို့မျက်နှာပေါ်မှာ ကြည်နူးမှု အရိပ်အဆင်များ ယှက်တန်းလျက်ရှိချေ၏။ နေ့စဉ်မြင်နေကျ ထောင်အုတ်ရိုးကြီး မျက်ဝန်းထဲမှ ပျောက်ကွယ်သွားသည်မှာ စိတ်ချမ်းသာစရာ။ အချုပ်အနှောင်နှင့် လွတ်ကင်းရာ အပြင်တွင် နေရသူများသည် ပင် အုတ်ရိုးကြီးကိုကြည့်ပြီး စိတ်တင်းကျပ်မှုဖြစ်ခဲ့သော် ထောင်ထဲတွင်နေရသူများ၏ခံစားမှုမှာ ပို၍ဆိုလိမ့်မည်သာ။

ထောင်ကအထွက် နောက်ကျရသည့် အကြောင်းကို ပြန်ပြောရင်း မလျှာတွေက သူ့ကိုခေါ်ပုံကလေး ပြန်ပြောပြလိုက်ရာ အေးခမျှာ ခိုးခိုးခစ်ခစ် အသံလေးများထွက်သွားအောင် ပါးဒယ ရွှင်သွားခဲ့ရ၏။

သူမ၏ နှုတ်ဖျားမှလည်း အသံလေးထွက်သွားသည်။

"ကိုကိုထောင်မှူး ကိုကိုထောင်မှူး"

"သူတို့ခေါ်ပုံက ပိုလို့တောင် ခေါ်လို့ကောင်းသေးတယ်နော်"

"ဒါဖြင့် အေးလည်း ဒီလိုခေါ်ပေါ့"

"အိမ်မှာနေရင် မောင်လို့ခေါ်မယ်။ အလုပ်သွားခါနီးကျရင် ကိုကိုထောင်မှူးလို့ ခေါ်မယ်လေ"

"မလျှာတွေက ကိုကိုထောင်မှူးလို့ ခေါ်တာတော့ ထားပါတော့။ မိန်းမထောင်က အမျိုးသမီးတွေကျတော့ ဘယ်လိုများ ခေါ်သလဲမောင်"

"သူတို့ခေါ်တာကျတော့ ဆရာကြီး ထောင်မှူးတဲ့"

"မောင့်နားထဲမှာ ထောင့်နေမှာပေါ့နော်"

"ဒါပေါ့ အေးရဲ့"

"ဟင်း...မောင်နော်၊ ဒါပဲ"

"ဟောဗျာ...အေး တိုင်တဲ့အသံ တိုင်း လိုက်တိုင်ရတာပဲဟာ"

ကြည်သာစကား ပြောကြဆိုကြရင်း ညဈေးကို ရောက်လာကြသည်။

မန်းညဈေးမှာ အလွန်စည်ကား



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပိုက်ဆံသာပါရင် ဝယ်ချင်စရာ တွေချည်း။ ထိုးမုန့်ကအစ ကတ်ဆက် အဆုံး ပစ္စည်းမျိုးစုံမှာ မဝယ်နိုင်သည့် တိုင် အမြင်လျှသလို ဘဝင်ငြိစရာချည်း ဖြစ်၍ နာရီစင်ထိပ်မှ ဈေးချိုအဆုံး ဟိုဘက် ထိပ်၊ သည်ဘက်ထိပ် အပြန်ပြန်အလှန် လှန်လျှောက်လို့ မဝနိုင်ကြပေ။ တရုတ် ပစ္စည်း အစုံရှိသည်။ အိန္ဒိယပစ္စည်းအစုံ ရှိသည်။ ယိုးဒယားပစ္စည်း အစုံရှိသည်။ ဂျပန်မိတ်၊ အင်္ဂလန်မိတ်၊ ယူအက်(စ်) အမိတ်မှ လိုချင်တယ်ဆိုလည်း ရ သည်။ ထိုးမုန့်၊ သပျစ်သီး၊ ယိုးဒယား ဆီးသီး၊ စတော်ဘယ်ရီများရသလို၊ တရင်ဆော်ဒါရောင်၊ ငှက်ပျောညွန့်ရောင် ကျောက်စိမ်းများလည်း ရသည်။

ဈေးဗန်းမှာ ကျောက်စိမ်းကို ပြ ထားသော်လည်း အသိပါရင် ဝယ်လို့ ရသည်ကဆိုင်များလည်း ရှိသည်။

ကိုသန့်ဇင်နှင့် အေးတို့မှာ ညဈေး တန်း နှစ်တန်းကို နှစ်ခေါက်လောက် လျှောက်လိုက်ကြ၏။ ဟိုဟာလေးက ကောင်းလိုက်တာ၊ ဒီဟာလေးက ဘယ့် နှယ် စသည်ဖြင့် အပြန်ပြန်အလှန်လှန် ဆဖန်ကြရင်း အေးက မိတ်ကပ်တစ်ဘူး နှင့် နှုတ်ခမ်းဆိုးဆေးတစ်တောင့် ဝယ် လိုက်သည်။ ပြီးမှ ညောင်ပင်ကြီးဆိုင် မှာ ခေါက်ဆွဲနှစ်ငုံး ဝင်စားကြသည်။ အပြန်တွင် ညဈေးတန်းကို တတိယ အခေါက် လျှောက်ပြီးမှ အုတ်ရိုးကြီး ရှိရာသို့ ပြန်ခဲ့ကြ၏။ အလှအပမြင်ကွင်း များမှာ နောက်တွင် ကျန်ရစ်ခဲ့လေပြီ။

✧ ✧ ✧

အသွားကုန်းကြောင်း၊ အပြန် ခြေ လျင်ခရီးမှာ မနီးပါ။ တစ်နေရာနှင့်တစ် နေရာ အမြင်နီးသလောက် ခရီးဝေး သည့် မန္တလေးမြေကြောက သူတို့ကို ခြေကုန်လက်ပန်းကျသွားစေခဲ့ရာ အိမ် ပြန်ရောက်သည်နှင့် ဖလက်ပြသွားကြ သည်။ ညဉ့်ရောင်းလှည့် ဂျူတီဝင်ရန် မရှိသဖြင့် ခပ်အေးအေးပင်။

"မောင်ရေ..."

"ဘာလဲ...အေး"

"လမ်းတုန်းက မေးမလို့၊ ညဈေး ရောက်တာနဲ့ စကားပြတ်သွားတယ်"

"ကိုကိုထောင်မှူးအကြောင်းလား"

"တော်ပါ...၊ ဒီနှာမည် တော် တော်ကြိုက်နေ။ ဒီနေ့ရောက်လာတဲ့ မလျှာတွေက ဘယ်ကလဲ မောင်။ မန္တလေးကလား"

"မန္တလေးက မဟုတ်ဘူး အေးရဲ့၊ ရန်ကုန်က မလျှာတွေ"

"အမှုကကော"

"အသေးစိတ်တော့ မသိသေးဘူး။ မြစ်ကြီးနားဘက်ကအပြန် ကျောက်စိမ်း သယ်လာလို့လို့ ပြောတာပဲ"

"နက်ဖြန်ကျရင် မေးခဲ့စမ်းပါဦး မောင်"

"အေးက တော်တော်စိတ်ဝင်စား နေပြီ ထင်တယ်"

"မလျှာတွေအကြောင်း သိချင်လို့ ပါ မောင်ရဲ့"

"မောင် မေးခဲ့ပါ့မယ်။ ခုတော့ အိပ်ရာဝင်ကြရအောင်"

ထောင်မှူးလေး ကိုသန့်ဇင်က စာအုပ်တစ်အုပ်ဆွဲပြီး အိပ်ရာထဲ ဝင် သွားနှင့်သည်။ အေးက အဆင်းမပြယ် သော်လည်း ရန့်မထည်သည့် မိတ်ကပ် များကိုဖျက်ပြီး ရှင်မတောင်သနပ်ခါး လေး ပါးပါးလူးပြီးမှ အိပ်ရာထဲဝင်လာ သည်။ ရှင်မတောင်သနပ်ခါးလေး ပါး ပေါ်တင်လိုက်ရသည်မှာ မောင်မောင့်ဖို့၊ ကိုကိုထောင်မှူးဖို့၊ မောင်က သနပ်ခါး ကြိုက်သည်။ အိပ်ရာဝင် မောင့်နှာခေါင်း မှာ သနပ်ခါးနံ့လေး သင်းပျံ့နေရင် မောင့်အကြိုက် မောင်ရဲ့အိပ်ပျော်ဆေး။

"မောင်ရေ"

"ဘာလဲ အေး"

"အေး ပြောချင်တာလေး ကျန် နေလို့"

"ဆိုဗျာ..."

"အင်းတော်ကြီးဘုရားပွဲ ကျင်းပ တော့မယ်တဲ့ မောင်ရေ"

"ဘယ်က အင်းတော်ကြီးလဲ"

"မန္တလေး-မြစ်ကြီးနားလမ်းက အင်းတော်ကြီးပေါ့။ ထောင်မှူးကြီး ကတော်က မိုးညှင်းသူလေ။ ထောင်မှူး ကြီးကတော် ပြောတာပဲ။ အဲ...ဒီအင်း တော်ကြီးဘုရားက သိပ်ထူးဆန်းတာပဲ တဲ့။ တောင်ပေါ်က ရေအိုင်ကြီးအလယ် မှာ ဘုရားတည်ထားတာ။ နောက်ပြီး တော့ ဘုရားပွဲတော်ချိန်ရောက်မှ အဲဒီ ဘုရားကိုသွားဖို့ ရေထဲကနေ သဲလမ်း ကြီးပေါ်လာတာတဲ့။ ဘုရားပွဲလည်းပြီး ရော သဲလမ်းလည်း ပျောက်သွားရော တဲ့။ အဲဒါ ထောင်မှူးကြီးကတော်က ပြောတယ်။ အေးတို့ မန္တလေးမှာရှိနေ တုန်း အဲဒီဘုရားကို ရောက်အောင်သွား တဲ့။ အောက်ဘက်က ထောင်တွေ ပြောင်းရရင် သွားဖို့ သိပ်မလွယ်တော့ ဘူးတဲ့။ သွားမယ်ဆိုရင် တည်းဖို့ခိုဖို့၊



www.burmeseclassic.com

www.burmeseclassic.com

သွားရေးလာရေး အားလုံး သူစီစဉ်ပေးမယ်တဲ့။ ဟိုမှာ သူ့အမျိုးတွေချည်းပဲတဲ့။ နောက်ပြီးတော့လေ မောင်၊ အဲဒီဘုရားက ဆုတောင်းလည်း သိပ်ပြည့်တာတဲ့။ ထောင်မှူးကြီးကတော်ကတော့ ပြောတယ်လေ။ ခုလို သားသမီးတွေ မရှိတုန်းသွားထားတဲ့။ နောက်ဆိုရင် သွားဖို့လွယ်မှာ မဟုတ်ဘူးတဲ့။ သွားရအောင်လား မောင်ရယ်။ အေးတို့ ဟန်းနီးမွန်းခရီးလည်း ဖျက်ခဲ့ရတယ်လေ။ ဟန်းနီးမွန်းခရီးအစားပေါ့နော်။ နော်…မောင်။ သုံးဖို့စွဲဖို့လည်း ဘာမှမပူရဘူး။ မေမေတို့ပေးလိုက်တဲ့ပိုက်ဆံတွေ အေးဆီမှာ ဒီအတိုင်းပဲ ရှိတယ်။ အေးကို ပို့ပေးမယ်မဟုတ်လား မောင်။ နော်…နော် ပို့ပေးနော်"

အေးက ရေပက်မဝင်အောင် ပြောသွားပေမယ့် မောင်က ခေါင်းမညိတ်သာ။ ဟန်းနီးမွန်းခရီး ပျက်ခဲ့ရသည့်အတွက် ကိုသန့်ဇင် စိတ်မကောင်းဖြစ်ခဲ့ရသည့်အရှိန်မှာ ခုထိ မသေချင်သေး။ ထောင်မှာ အလုပ်ဝင်ကတည်းက အေးကို ဘယ်မှမပို့နိုင်သေး။ ကိုသန့်ဇင်မှာ ဘီအေအောင်ပြီး အလုပ်အဆင်မပြေလို့ ရရာအလုပ်ဝင်ရသူမဟုတ်။ သူ၏ဆန္ဒအရ ထောင်မှူးအလုပ်ကို ရွေးချယ်ခဲ့ခြင်းဖြစ်ပေသည်။ ဥပဒေစာမေးပွဲဖြေဖို့ ကြိုးစားနေဆဲ။ ခု… အေးက အင်းတော်ကြီးဘုရား လိုက်ပို့ပါဟု ဆိုလာသည်။ ပို့ချင်လိုက်သည်မှာ တစ်ပိုင်းကိုသေလို့။ အခက်အခဲက ခွင့်ကိစ္စ။ အေး နားလည်အောင် ဘယ်လိုရှင်းပြရပါ့မလဲဟု တွေးနေရသမို့ ချက်ချင်း အဖြေပြန်မပေးနိုင်ခဲ့ပေ။

"ဟော…မောင်က အေးပူဆာတာနဲ့ စိတ်ညစ်သွားပြီထင်တယ်။ စကားပြန်တောင် မရတော့ဘူး"

"အေး သွားချင်တဲ့နေရာဆိုရင် ဘယ်နေရာပဲဖြစ်ဖြစ် မောင် သိပ်ပို့ချင်တာပေါ့ အေးရယ်။ မောင်တို့မှာ ငွေရေးကြေးရေးလည်း ပြေလည်တယ်လေ။ ဒါပေမယ့် ခွင့်…"

"ခွင့်ရရင် မောင်လိုက်ပို့ရမယ်နော်"

"ပို့ချင်ပြီလား အေးရယ်"

"ဒါဖြင့်/မောင် ခွင့်ရအောင် အေး လုပ်မယ်"

"အောက်ကျနောက်ကျ ခံပြီးတော့တော့ မပြောပါနဲ့ အေးရယ်။ မျက်နှာအောက်ချစရာရှိ မောင်သာ အောက်ချပါရစေ"

"ထောင်မှူးကြီးကတော်ရော၊ ထောင်ပိုင်ကြီးကတော်ရော အေးကို သိပ်ချစ်တာ။ ခေါ်တာတောင် သမီး…သမီးနဲ့။ အေးပြောရင် ရမှာပါ မောင်"

ကိုသန့်ဇင်က ခွင့်ရရင် ပို့ပေးမည်ဟု ကတိပေး နှစ်သိမ့်လိုက်၏။

"မောင်လည်း မနက်ဂျူတီဝင်ရဦးမှာ အိပ်ကြပါစို့ ကိုကိုထောင်မှူးရေ"

"ပေး…"

"ရော့…"

ချစ်ဇနီးမောင်နှံအတွက် အနမ်းမိုးသည်…။

✧ ✧ ✧

ကိုသန့်ဇင်မှာ မနက်ပိုင်း အလုပ်များပြီးသည်နှင့် မလျှာများထားရာ လုံးပြားတိုက်ဘက်သို့ ခြေဦးလှည့်ခဲ့၏။ လက်ပါးတိုက်က အကျဉ်းသားတစ်ဦးအတွက် အယူခံရေးရေးစရာ ရှိသဖြင့် လိုအပ်သည်များ မေးမြန်းရန် ထွက်လာရင်း လုံးပြားတိုက်သို့ လှည့်ဝင်ခဲ့ခြင်းဖြစ်ပေသည်။ ထောင်မှူးတို့၏ လုပ်ငန်းတာဝန်များထဲမှာ အကျဉ်းသားများအတွက် အယူခံရေးပေးရသည့်အလုပ်လည်း ပါရှိရာ ထောင်ဒဏ်ချမှတ်ခံရပြီး အယူခံဝင်သည့် အယူခံလွှာကို ရေးပေးရသလို၊ နှစ်ဝက်အယူခံလွှာများကိုလည်း ရေးပေးရပေသည်။

ကိုသန့်ဇင်မှာ ဝါသနာအလျောက် ဥပဒေကို ကျွမ်းကျွမ်းဝင်ဝင် လေ့လာထားသူဖြစ်သည့်ပြင် စေတနာသက်ရောက်မှုလည်း အပြည့်အဝရှိသဖြင့် အကျဉ်းသားတိုင်း၏ အားကိုးမှုကို ခံရသူဖြစ်၏။ ကိုသန့်ဇင်အယူခံလွှာရေးပေးပါမည့်အကြောင်း ရှိခိုးဦးတင်တောင်းပန်ကြ၏။ လက်ပါးတိုက်မှ အကျဉ်းသားကိုတလုတ်ကြီးက သူ၏ အယူခံလွှာကို ကိုသန့်ဇင် ရေးပေးပါမည့်အကြောင်း သုံးကြိမ်မက ဦးအကြိမ်ကြိမ်ချပြီး တောင်းပန်ထားပေသည်။ ကိုတလုတ်ကြီးမှာ စားပြမှုနှင့် ထောင်ဒဏ် ခုနစ်နှစ်ကျခံခဲ့ရသူဖြစ်၍ နှုနာဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားနေရသူဖြစ်ပေသည်။ ကိုတလုတ်ကြီးမှာ အသက် ၁၆ နှစ်သားကတည်းက ကိုယ်ပျက်ရောဂါဝေဒနာကို ခံစားခဲ့ရသော်လည်း ဆေးဝါးမကုသနိုင်ခြင်းနှင့် ပေပေတေတေ နေခဲ့ခြင်းတို့ကြောင့် သူ၏ရောဂါမှာ နေမြင့်လေ အရှူးရင့်လေ ဆိုသလို ပို၍သာဆိုးလာခဲ့၏။

မထူးတာကြောင့် ရောဂါနိုးသည်

www.burmeseclassic.com

နှင့် လူကလည်း ပို၍ဆိုးခဲ့သည်။ စိတ်ထင်လျှင် မထင်သလို ဆဲသည်။ မူးသည်၊ ရမ်းသည်။ လူရိုက်သည့်နေရာတွင်လည်း လက်အလွန်ယဉ်သည်။ ယခု ဖြစ်ပွားခဲ့သော ဓားပြမှုတွင် ဓားပြအတိုက်ခံရသူအိမ်ရှင်များနှင့် ကိုတလုတ်ကြီးမှာ ကျောင်းတော်က ရန်စ ရှိခဲ့သည်။ ကိုထွန်းမှင်တို့က သူတို့ရွာမှာ အချမ်းသာဆုံး။ ချမ်းသာသလောက် ဆနုထန်သည်။ မောက်မာသည်။ ဘယ်သူ့ကိုမှ လူမထင်။ မြို့က အရာရှိများ နယ်လှည့်လာသည့်အခါ သူကြီးအိမ်မှာ မတည်းကြဘဲ ကိုထွန်းမှင်တို့အိမ်မှာသာ တည်းလေ့ရှိကြသဖြင့် ကိုထွန်းမှင် လက်ညှိုးထိုးလိုက်လျှင် အနည်းဆုံး ပုဒ်မ ၁၁၀ တော့ တန်းနေတာပဲဟု ပြောစမှတ်ပြုကြရသည်။

ကိုထွန်းမှင်နှင့် ကိုတလုတ်ကြီးတို့မှာ ဆွေရိပ်မကင်း၊ မျိုးရိပ်မကင်း။ သို့စေကာမူ ကိုတလုတ်ကြီးက အဆက်အဆံမလုပ်။ ဘာသာလဝါနေခဲ့သည်။ တစ်နေ့တော့ ကိုတလုတ်ကြီးက ထန်းရည်မူးပြီး ခပ်ယိုင်ယိုင်နှင့်အပြန် ကိုထွန်းမှင်သမီးနှင့် လမ်းတွင်ဆုံကြသည်။ လမ်းဆိုပေမယ့် လမ်းက အကျယ်ကြီးမဟုတ်။ လူနှစ်ယောက်ဆိုလျှင် ရှောင်ရတိမ်းသာရုံလမ်း။ ဆုံမိတော့ ကိုတလုတ်ကြီးက ဘယ်သူဘယ်ဝါမှန်းမသိ။ သူက ရှောင်ပေမယ့် ယိုင်နေသူမို့ ဝင်တိုက်မိသွားသည်။

သမီးက အိမ်ပြန်ရောက်တော့ အဖေကို တိုင်သည်။ အဖေက သူကြီးကို ထိတ်တုံးခတ်ဖို့ ဩဇာပေးသည်။

သူကြီးက ကိုတလုတ်ကြီးကိုခေါ်ပြီး ထိတ်တုံးခတ်လိုက်ရသည်။ သူကြီးကလည်း ကိုထွန်းမှင်ကို ခပ်ချဉ်ချဉ်။ မြို့က အရာရှိတွေနှင့် ပလဲနံပ သင့်နေသူမို့ မချစ်သော်လည်း အောင့်ကာနမ်း နေရသည့် အနေအထား။ ကိုတလုတ်ကြီး အကြောင်းကိုလည်း သိသည်။ အဲသည်တော့ သွေးထိုးပေးခဲ့သည်။ ချဲ့ချဲ့ကားကား မြှောက်ထိုးပင့်ကော် စကားတွေ သွက်သွက်ကြီးဆိုလိုက်တော့ ကိုတလုတ်ကြီး လက်သီးဆုပ်ပြီး အံကြိတ်သွားရသည်။

သိကြရောပေါ့၊ တွေ့ကြရောပေါ့။

ထိပ်တုံးကလွတ်သည်နှင့် ကိုတလုတ်ကြီးတစ်ယောက် ကိုထွန်းမှင်တို့ အိမ်ရှေ့မှာ ဘီလူးထွက်ထွက်ခဲ့သည်။ ဆဲလိုက်တာ မိုးမွှန်ရော။ တစ်အိမ်လုံး နာမည်တွေကို ရစရာမရှိအောင် ဆဲပစ်သည်။ ဆဲရုံတင်မဟုတ်တော့ဘဲ အိမ်ပေါ်ကိုပါတက်ပြီး ကြမ်းရမ်းခဲ့ရာ တစ်ရွာလုံး ကျွက်ကျွက်ညံသွားခဲ့ပေသည်။

"မင်းတို့တိုင်ချင်တဲ့နေရာတိုင်၊ ငါ အဖမ်းခံရလို့ လွတ်တဲ့နေ့ဟာ မင်းတို့ တစ်အိမ်သားလုံး သေမယ့်နေ့လို့မှတ်"

ကိုတလုတ်ကြီးက အဲသည်လို ကြိမ်းဝါးခဲ့သည်။ ရာဇသံပေးခဲ့သည်။

သည်တစ်ခါတော့ ကိုတလုတ်ကြီးအောင်ပွဲ။

ကိုထွန်းမှင်တစ်ယောက် ငြိမ်ဆင်းသွားသည်။ ဘယ်ကိုမှ မတိုင်ခဲ့။ ဆွေမျိုးချင်းဖြစ်နေသလိုဟူသော စကားဖြင့် အချိုသတ်နေလိုက်သည်။ ကိုတလုတ်ကြီးကိုလည်း ကြောက်တာပါသည်ပေါ့။ ကိုတလုတ်ကြီးက ပါးစပ်သမားမဟုတ်။ ဒါကိုလည်း သိသည်။ သည်သို့ တစ်ဖက်က ငြိမ်နေပြန်တော့ ကိုတလုတ်ကြီးလည်း မလှုပ်သာ။ ငြိမ်နေလိုက်ရပါသည်။ ဒါက ကြာပြီ။ ကိုတလုတ်ကြီး အသက်နှစ်ဆယ်ကျော်လောက်တုန်းက အဖြစ်အပျက်။

ခုအဖြစ်က သည်လို . . .။

ကိုထွန်းမှင်တို့အိမ်ကို ဓားပြဝင်တိုက်သည်။ ဓားပြတွေက တခြားက မဟုတ်။ ဟိုဘက်ရွာက။ ကိုတလုတ်ကြီး၏ အပေါင်းအသင်းတွေ။ ဓားပြတိုက်သည့်နေ့မှာ လမိုက်ရက်။ မှောင်လိုက်သည်မှ ပိန်းပိန်းမှောင်နေသောည။ ဘယ်သူဘယ်ဝါမဆိုထားဘိ။ လူလုံးပင်မကွဲအောင် အမှောင်ကလွှမ်းထားသည်။

တိုင်ချက်ဖွင့်တော့ ကိုတလုတ်ကြီးနာမည် ပါလာသည်။ တန်းစီဆွဲပြတော့လည်း ကိုတလုတ်ကြီးပါသည်။

အမှုစစ်သောအခါ တရားခံရှေ့နေကြီးက ကိုတလုတ်ကြီးပါသည်ဟု ထွက်ဆိုသွားသော ကိုထွန်းမှင်မိန်းမ ဒေါ်ညီမကို မေးခွန်းထုတ်ခဲ့သည်။

"ဓားပြတိုက်တဲ့နေ့က လသာရက်လား၊ လမိုက်ရက်လား"

"လမိုက်ရက်ပါ"

"ဓားပြတိုက်တဲ့အချိန်က ဘယ်အချိန်လဲ"

"သန်းခေါင်ကြက်တွန်တဲ့ အချိန်လောက်ပါ"

"အလင်းရောင် လုံးဝမရှိဘူးပေါ့"

"မရှိပါဘူး"

"ဒေါ်ညီမတို့အိမ်မှာ မီးခွက်တွေ ဘာတွေ ထွန်းထားသလား"

"မထွန်းထားပါဘူး"

"ဒါဖြင့် အိမ်ထဲမှာ အလင်းရောင်



www.burmeseclassic.com

www.burmeseclassic.com

မရှိဘူး။ အပြင်မှာလည်း အလင်းရောင် မရှိဘူးပေါ့"

"ဟုတ်ပါတယ်"

"ဒေါ်ညီမ မျက်စိကောင်းတယ် နော်"

"နည်းနည်းတော့ သိပါတယ်"

"မျက်မှန်လေး ဘာလေးရော တပ်ရပြီလား"

"ဒါလောက်ကြီးတော့ မဆိုးပါဘူး"

"မဟုတ်ဘူးလေ။ ကျွန်တော်မေး တာက မျက်မှန်တပ်ရပြီလားလို့ မေး တာပါ"

"မျက်မှန်တော့ တစ်ခါတစ်ရံမှ တပ်ရပါတယ်"

"တစ်ခါတစ်ရံ တပ်ရတယ်ဆို တော့ ဒေါ်ညီမမျက်စိက တစ်ခါတစ်ရံ မှ မှန်တယ်။ တစ်ခါတစ်ရံကျတော့ မမှန်ဘူးလို့ ဆိုချင်တာလား"

"ဒီလို မဟုတ်ပါဘူး။ အပြင်ထွက် တဲ့အခါမှ မျက်မှန်တပ်တာကို ပြောတာပါ"

"ဥပုသ်စောင့်၊ တရားနာသွားတဲ့ အခါလည်း တပ်ရတယ်ပေါ့"

"ဟုတ်ပါတယ်"

"နေ့လယ်ဘက် အလင်းရောင်မှာ တောင် မျက်မှန်တပ်ရတဲ့ ဒေါ်ညီမ မျက်စိက ညဥ့်အမှောင်ထဲမှာ မျက်မှန် မပါဘဲ ကိုတလုတ်ကြီးကို ဘယ်လိုများ မှတ်မိပါသလဲ"

"လူကိုမြင်တာ မဟုတ်ပါဘူး။ အသံကို မှတ်မိတာပါ"

"ဒါဖြင့် လူဆွဲပြတုန်းက အသံကို နားထောင်ပြီး ဆွဲပြတာလား"

"ရုပ်ကိုကြည့်ပြီး ဆွဲပြတာပါ"

"အသံကို မဟုတ်ဘူးနော်"

"ဟုတ်ပါတယ်"

"အသံကို ကြားရုံနဲ့ ကိုတလုတ် ကြီးပါပဲလို့ ပြောနိုင်အောင် ကိုတလုတ် ကြီးနဲ့ ဘယ်လောက်အထိ ရင်းရင်းနှီးနှီး နေဖူးပါသလဲ"

"မနေဖူးပါဘူး"

"ဒါနဲ့တောင် အသံကို ချက်ချင်း မှတ်မိတယ်ပေါ့"

"ရွာထဲမှာ မူးမူးပြီး ဆဲနေကျ သူ့ အသံကို ခဏခဏ ကြားနေရလို့ မှတ် မိတာပါ"

"ဒေါ်ညီမတို့နဲ့ ကိုတလုတ်ကြီးနဲ့ ရန်ဖြစ်ဖူးတယ်နော်"

"ဟုတ်ပါတယ်"

"တော်တော် ကြီးကြီးကျယ်ကျယ် ဖြစ်ဖူးတယ်ပေါ့"

"ဟုတ်ပါတယ်"

"ဒေါ်ညီမ ရဲဌာနမှာ စစ်ချက်ပေး တုန်းက ကိုတလုတ်ကြီးကို မြင်လိုက်ရ ပါတယ်လို့ အစစ်ခံချက်ပေးခဲ့တယ်နော်"

"ဟုတ်ပါတယ်"

"ဒါဖြင့် ရဲဌာနမှာ အစစ်ခံချက် ပေးခဲ့တာနဲ့ အခု တရားရုံးမှာ အစစ်ခံ တာ ဘယ်ဟာကို အမှန်လို့ယူရမှာလဲ"

"မဟုတ်ဘူးလေ ဒေါ်ညီမရဲ့ လူ ကိုယ်တိုင်မြင်တာနဲ့ အသံကိုကြားလို့ မှတ်မိပါတယ်ဆိုတာ အဓိပ္ပာယ်မတူ ဘူးလေ"

"ဒါတွေတော့ ကျုပ်လည်း နားမ လည်ဘူး။ ပြောတတ်သလို ပြောတာ ပါပဲ"

ရှေ့နေကြီးက ကိုတလုတ်ကြီးမပါ ဝင်ကြောင်း လိုပြသက်သေများ၏ အစစ် ခံချက်မှာ သံသယဖြစ်စရာတွေ အများ ကြီးရှိနေကြောင်း ပေါ်လွင်အောင် မေးခွန်းထုတ်ခဲ့၏။ သံသယအကျိုးကို တရားခံဖြစ်သူ ရရှိခံစားစေရန် ရည်ရွယ် ခြင်း ဖြစ်ပေသည်။

သူ၏ရှေ့နေကြီးက ဘယ်လိုပင် ကြိုးစားခဲ့သော်လည်း ကံဆိုးသူ ကိုတ လုတ်ကြီးမှာ ဓားပြတိုက်သည့်ညဥ့်တွင် ရွာတွင်မရှိ။ ထိန်ပင်ကုန်းရွာသို့ သွားခဲ့ ပါသည်ဟု သက်သေပြခဲ့သော်လည်း ထိန်ပင်ကုန်းရွာက ကိုကံကြူး၏ ထွက် ဆိုချက်မှာ ထိန်ပင်ကုန်းရွာကို ဘာသည် မှာမှန်သော်လည်း ညနေဘက်တွင် ပြ သွားကြောင်း ထွက်ဆိုခဲ့၏။ ထိန်ပင် ကုန်းကအပြန် ထန်းတောဝင်ပြီး ဘယ် နေရာ၌ မူးပြီးအိပ်ပျော်နေခဲ့မှန်းမသိ သူ့ဘက်က ခိုင်လုံသောသက်သေ မပြ နိုင်ခဲ့။ ကိုတလုတ်ကြီး ဆိုးပေတော့ သည့် နောက်ကြောင်းရာဇဝင် သက် သေခံချက်များမှာ အမှုကြောင်းကို မပေါ့ လျော့စေဘဲ ပို၍ လေးလံ ပိုးမိစေခဲ့ ယင်းအမှုကြောင်းအရ သူ့အား ထောင် ဒဏ်ခုနစ်နှစ် ချမှတ်ခဲ့သည်ကို အယူခံ ဝင်ရာတွင် ကိုသန့်ဇင်ကို အယူခံလွှာ ရေးပေးရန် ရှိခိုးဦးတင်တောင်းပန်ခဲ့ သဖြင့် အယူခံလွှာရေးပေးရာတွင် လို အပ်ခဲ့သည့်အချက်များ မေးမြန်းရန် ကိုတလုတ်ကြီးအား တွေ့ဆုံရင်း ချစ်ချ သိချင်သည့် မလျာတွေအကြောင်း စူးစမ်းရန် လုံးပြားတိုက်သို့ လှည့်ဝင်ခဲ့ ခြင်းဖြစ်ပေသည်။

(ဆက်လက်ဖော်ပြပါမည်)

ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com



# တန်ခိုးထက်တဲ့ နဝင်းကျွန်းနက်ဘုရား

မော်တင်သိန်းဇော်

တစ်နေ့၌ စာရေးနိုင်ရန် အတွေးအကြံများနှင့် ရေး[illegible]ကုန်ကြမ်းများကို စာရေးသူအား အမြဲတစေပင် ပေးအပ်[illegible] မမှိတ်ဆွေရင်းတစ်ဦးက ဘုရားဖူးခရီးတစ်ခုကို [illegible] ကားပေါ်၌ စာရေးသူအား ရုတ်တရက် အမှတ်မထင် [illegible] လှမ်းပြောလာပါသည်။ ထိုမိတ်ဆွေက -

"ကျွန်တော့်ကို ဆရာတော်ကြီးကချီးမြှင့်လို့ ကျွန်းနက်[illegible]တစ်ဆူ ကိုးကွယ်ရတယ်။ ဩဝါဒမြတ်အတိုင်းလည်း [illegible]ချုပဲ ပူဇော်ပါတယ်။ အစီအရင်တွေ ပြုပါတယ်။ [illegible]ကိုင်းမှာ တဖြည်းဖြည်း စီးပွားရေးတွေ၊ လူမှုရေးတွေ [illegible]နဲ့ ကောင်းလာတယ်။ ထူးလာတယ်။ ရေချင်ရေပါ"

ဟု ရေးကွက်သတင်းမွန်ကို ပြောဆိုဖောက်သည်ချခဲ့ပါသည်။

ကြီးမြတ်သော လောကထွတ်ထား မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ မဟာဂုဏ်တော်ကိုးပါး ဂုဏ်တော်အစုစုကို ကြည်ညိုအာရုံပြု၍ သိဒ္ဓိမြောက်သော သရက္ခန်သား၊ ရေဆန်သစ်၊ ရေဆင်အမြုတေ၊ ပန်းပေါင်းစုံ၊ ဝါးအမြုတေ၊ သစ်ဖောက်၊ နဂါးနွယ်လိမ်၊ သစ်မွှေးသား စသည့်အသားတို့နှင့် ဘုရားရုပ်ပွားတော်မြတ်များကို ထုလုပ်စီရင်၍ တရိုတသေ တထွတ်တမြတ်နှင့် ပူဇော်ကိုးကွယ်လေ့ရှိတတ်ကြပါသည်။ သိဒ္ဓိတုံးမြောက်သော ထိုအသားများကဲ့သို့ပင် "ကျွန်းနက်သား"

www.burmeseclassic.com

ကလည်း အထူးတလည်မှ သိဒ္ဓိမြောက်သည်၊ နဝင်းကိုက်သည်၊ နိုင်ခဲ့သည်ဟု အဆိုရှိပါသည်။

စာရေးသူ ရှာဖွေလေ့လာရချက်များအရနှင့် ကျွန်းနက်သားဘုရား တန်ခိုးတော်ထက်မြက်၊ အကျိုးပေးပုံတို့ကို သတင်းပေးလာသော ထိုခမ္မမိတ်ဆွေရင်း၏ ဖောက်သည်ချမှုများအရ ကျွန်းနက်သားဘုရားကို ထွတ်မြတ်စွာ အတိသဒ္ဓါ ဂါရဝကြီးစွာနှင့် ကိုးကွယ်ပါက • • •

(၁) လောကီအကျိုးစီးပွားများ တရိပ်ရိပ်၊ တဖြည်းဖြည်းနှင့် မသိမသာပင် တိုးတက်ကောင်းမွန်လာတတ်သည်။

(၂) ကျွန်းနက် တနင်္လာဂြိုဟ်နံ ၂ နှင့် စနေဂြိုဟ်နံ ၇ ပေါင်းပါက ၉ ဖြစ်၍ ကိုးနဝင်းမြောက်ကာ နဝင်းသိဒ္ဓိမြောက်သည်။ အရာရာကို နိုင်ခဲ့တည်မြဲစေတတ်သည်။

(၃) အခက်အခဲစုံတို့ကို ကျော်လွှန်ရတတ်သည်။

(၄) လာဘ်လာဘ ရွှင်လန်းသည်။

> ကျွန်းနက်ရုပ်ပွားတော်မြတ်ကို
> ဩဝါဒမွန်များအရ
> နေအိမ်၊ ယာဉ်ကား၊ အလုပ်ခန်း၊
> ဈေးဆိုင်တို့မဟူဥ်
> သင့်လျော်အဆင်ပြေသလို ဖလား၊
> ပုလင်း၊ လင်ပန်း စသော နဝင်းဓာတ်ရ
> များတို့နှင့် ထားရှိပူဇော်နိုင်သည်။
> ရေမွှေးပူဇော်နိုင်သည်။ အထူးသဖြင့်
> အုန်းဆီနှင့် ပွတ်သပ်လိမ်းကျံပေးရသည်။
> ထို့အတူ အထူးသဖြင့်
> ဂုဏ်တော်ကိုးပါးဂါထာကို
> ရွတ်ဖတ်ပူဇော်ရသည်ဟုလည်း
> လေ့လာကြားသိရပါသည်။

(၅) အလုပ်အကိုင်၊ အကြံအစည်များ ချောမောအဆင်ပြေတတ်သည်။ မသိမသာမျှ တိုးတက်ထူးခြားလာတတ်သည်။

(၆) ဘက်စုံဆီက အကူအညီအထောက်အပံ့များ မထင်မှတ်ဘဲ ရရှိလာတတ်သည်။

(၇) ဘုန်းကံဩဇာ တန်ခိုးတက်တတ်သည်။

(၈) သကတိ၊ ဝုဒ္ဓိ၊ နဝင်း မှန်ကန်ကာ ကက်ကင်းဓာတ်သဘောများအရ ကျွန်းနက်အနေနှင့် တန်ခိုး၊ ဘုံချ ငွေတိုး၊ ကံတက်၊ ထီပေါက်၊ ထူးခြား၊ ဂုဏ်ထူး၊ ကျော်ကာက်၊ ကြေးထပ် စသည့် ကောင်းမွန်ထူးမြတ်သော ကက်ကင်း၊ ဩဘာ၊ နိမိတ်၊ ဘုန်းတံဩဇာ၊ ဟိတ်၊ သိဒ္ဓိစဉ်များ ကိန်းအောင်း၍ အကျိုးကျေးဇူးများစွာတို့ကို ခံစားရစေတတ်သည်။

(၉) ဥပဒ်ဘေးရန်၊ အန္တရာယ်စုံနှင့် ပယောဂဘေးများမှ ကင်းလွတ်ရတတ်သည်။ ကတက်ညွှန့်၊ ထောက်ကြံ့ညွှန့်များ ပူဇော်ရသည်ဟု လေ့လာကြားသိရပါသည်။

ကျွန်းနက်ရုပ်ပွားတော်မြတ်ကို ဩဝါဒမွန်များအရ နေအိမ်၊ ယာဉ်ကား၊ အလုပ်ခန်း၊ ဈေးဆိုင်တို့မဟူဥ် သင့်လျော်အဆင်ပြေသလို ဖလား၊ ပုလင်း၊ လင်ပန်း စသော နဝင်းဓာတ်ရများတို့နှင့် ထားရှိပူဇော်နိုင်သည်။ ရေမွှေးပူဇော်နိုင်သည်။ အထူးသဖြင့် အုန်းဆီနှင့် ပွတ်သပ်လိမ်းကျံပေးရသည်။ ထို့အတူ အထူးသဖြင့် ဂုဏ်တော်ကိုးပါးဂါထာကို ရွတ်ဖတ်ပူဇော်ရသည်ဟုလည်း လေ့လာကြားသိရပါသည်။ နဝင်းဓာတ်သဘောများကို ယုံကြည်အားထားတတ်သူများနှင့် စီးပွားဥစ္စာ၊ လာဘ်လာဘများ ထူးခြားတိုးတက်လိုသူများအတွက် လေ့လာနိုင်ကြပါရန် တစ်ဆင့်ဖောက်သည်ချ တင်ပြအပ်ပါသည်။ ထုလုပ်ကိုးကွယ်နိုင်ကြသည်။

ကျေးဇူးတော်ရှင် ယင်းတော်မင်းကျောင်းဆရာတော်မြတ်ဘုရားကြီးအား တုပ်ဝပ်ရိကျိုးစွာ ရှိခိုးကန်တော့ပူဇော်လျက် ဓမ္မမိတ်ဆွေပေးအပ်သည်ကို တစ်ဆင့်တင်ပြပါကြောင်းကို ဝန်ခံအပ်ပါသည်။

■ မော်တင်သိန်းဇော်



www.burmeseclassic.com

www.burmeseclassic.com

# အမေ ကျေနပ်မှာပါလေ

ရွှေမန်းသား အရှင်အကုံရ

"သား…သားရေ၊ သားလေးရေ သား…သားရေ၊ သားလေးရေ"

အသံတစ်သံသည် မိမိနောက် အရပ်ဆီက လာနေသည်။ သားပျောက်ရှာနေတဲ့ မိခင်တစ်ယောက်လား။ သားရှာနေတဲ့ အရွယ်မတစ်ယောက်လား။ ဒါမှမဟုတ် လူမှားခေါ်တာများလား သဲကွဲ။ မိမိကို လူမှားဖို့ကလည်း အကြောင်းမရှိလောက်။

မိမိသည် သက်န်းကို ရုံထားလျက် သပိတ်တစ်လုံး ပိုက်ထားကာ ဆွမ်းခံကြွနေတာပဲလေ။ ပျံ့လွင့်ထွက်သွားသော သမာဓိကို ပြန်လည်စုစည်းကာ ဧတဝန်ကျောင်းဘက်ရှိရာသို့ ဦးတည်လိုက်သည်။

"ဘုတ်…ဘုတ်…ဘုတ်"

သားဆိုသော အသံရပ်သွားပြီး ပြေးလိုက်လာသော အသံတွေ ဆက်တိုက် ကြားနေရပြန်သည်။ မိမိသည် ခပ်မှန်မှန်ပင် ခြေလှမ်း လှမ်းလျက် သမာဓိမပျက် မှတ်လက်စ ကမ္မဋ္ဌာန်းကို ဆက်မှတ်နေလိုက်သည်။ "ဘုတ်၊ ဘုတ်၊ ဘုတ်"ဆိုသော အသံတွေပျောက်ကွယ်သွား၏။ အပြေးလိုက်လာသော ခြေလှမ်းပိုင်ရှင်သည် မိမိရှေ့တည့်တည့်တွင် ရောက်နေလောက်ပြီ ထင်သည်။

ချထားသော မျက်လွှာကို အသာမော့ကြည့်လိုက်သည်။ ထင်သည့်အတိုင်းပင် အရိပ်တစ်ခုသည် မိမိရှေ့မှာ ဖြာကျနေသည်။ လူတစ်ယောက်၏အရိပ်။ သေသေချာချာကြည့်လိုက်တော့ မိမိရဲ့ မယ်တော်ကြီးပါလား။ လားလား… လားလား။ အမေသည် ဝတ်ထားသည့် အဆင်နဲ့ အသွင်ပြင်သည် မလိုက်ဖက်။ အမေဝတ်ဆင်ထားသော ဘိက္ခုနီသင်္ကန်းရောင် အပြင်အဆင်နဲ့ အမေ့သွင်ပြင်က ဘယ်လိုမှ မလိုက်ဖက်။ မျက်ဝန်းမှာ မျက်ရည်တွေက မြင်လို့မကောင်း၊ ကြည့်လို့ အဆင်မပြေ။ ရင်ဘတ်ဆီမှာလည်း နို့ရည်တွေ ပေပွနေသော အမေ့အင်္ကျီ။ အရာအားလုံးသည် မသတီစရာအသွင်ကို ဖော်လျက်။ အမေ ဘာတွေကို ဒီလောက်တောင် လွမ်းဆွေးငိုကြွေးနေပါလိမ့်။

အမေသည် မွေးကင်းစ လူမည်ကလေးငယ်ဘဝကစပြီး နှစ်နှစ်ဆယ်လုံးလုံး ခွဲခွာကွဲကွာနေသော မိမိအား ရှာနေတာပါလား။ သားငတ်နေတဲ့ မိခင်တစ်ယောက်ဖြစ်နေပါရောလား။

ရခဲလှစွာသော သာသနာ့ဘောင်ကြီးထဲ ဝင်ထားပြီး အမေသည် အမြိုက်တရား၊ သုခချမ်းသာကို စိတ်လွတ်ကိုယ်လွတ် မရှာသာ ဖြစ်နေပါရောလား။ အမေသည် ဟောဒီ မြတ်စွာဘုရား သာသနာတော်ကြီးထဲကို လွယ်လွယ်ကူကူ ဝင်ရောက်လာသူ မဟုတ်ဘူးဆိုတာ မေ့တာဖြစ်ပေလိမ့်မည်။

* * *

အမေ့ဘဝသည် ကြမ်းတမ်းလှသည်၊ ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသည်။ အမေ့ဘဝ ကြမ်းတမ်းလှသည်ဟု ပြောဆိုရခြင်းမှာ လူ့ဘောင်ကို ခွာရှောင်ပြီး ရဟန်းမ ဘောင်ကို ကူးပြောင်းဝင်ရောက်ဖို့ ခက်ခဲပြီး ကြမ်းတမ်းသည်ကို ဆိုလိုချင်တာပါ။ အမေ့ဘဝသည် လောကီစည်းစိမ်တွေနဲ့ ပြည့်နှက်ပြီး မပူမပင်၊ မကြောင့်မကြ၊ မတောင့်မတ နေထိုင်ရသော ဘဝဖြစ်သည်။ တစ်ဦးတည်းသော သူဌေးသမီးလေးလည်း ဖြစ်သည့်အတွက် အမေ့မိဘတွေက အမေ့ကို အရိပ်တကြည့်ကြည့် နေလာခဲ့သည်။ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် ကူဖော်လောင်ဖက်တွေနဲ့ ကြီးပြင်းစေခဲ့သည်။

အမေ့ဘဝသည် လက်ညှိုးညွှန်ရာ ရွှေဖြစ်ပြီး လိုတိုင်းရ၊ တတိုင်းပြည့်နေသော ဘဝတစ်ခုပါပေ။ ဒါပေမယ့် အမေသည် လောကီစည်းစိမ်တွေနဲ့ နေ့ရသော ဘဝကို မပျော်ရှာ။ အဖော်မရှာဘဲ ရဟန်းမ ပြုချင်နေသော စိတ်ကသာ အားကြီးနေသည်။ လူကသား လောကီစည်းစိမ်တွေကြား ပြေးလွှား နေပြားပေမယ့် အမေ့စိတ်အစဉ်က



www.burmeseclassic.com

www.burmeseclassic.com

သာဝတ္ထိကျောင်းတော်သို့သာ ရောက်ရောက်နေတတ်သည်။ တစ်သက်တာ ပတ်လုံး ရဟန်းမကြီးအဖြစ် ခံယူပြီး တရားတွေ အားထုတ်ချင်လှသည်။

အခွင့်ကြုံတိုင်း သာသနာ့ဘောင် ဝင်ဖို့ မိဘတွေကို ခွင့်တောင်းကြည့်သည်။ ခွင့်မပြုကြ။ ခဏခဏ ပူဆာသည်။ မိဘတွေက သာသနာ့ဘောင်ကို မပို့ချင်ကြ။ ဒီလိုနဲ့ အချိန်တွေသာ ကြာလာသည်။ အမေသည် ဆုတောင်း မပြည့်ရှာ။ အသက်အရွယ်ကလည်း အိမ်ထောင်ပြုချိန်ရောက်သည်။ အိမ်ထောင်သားမွေးအလုပ်ကို မလုပ်လို။ စိတ်မဝင်စား။ အချစ်ဆိုတာ မသိ၊ နားမလည်၊ သာသနာအလုပ်သာ ဇောကပ်နေသည်။ ဘယ်လိုပဲ သာသနာ အလုပ်ကို ဇောကပ်ကပ် အမေသည် မိဘတွေရဲ့ စီမံမှုကို လျစ်လျူရှုလို့ မဖြစ်ပေ။ အမေ့မိဘတွေက တစ်ဦးတည်းသော အမေ့ကို နောင်ရေးအတွက် စိတ်အေးရအောင် ဇာတ်တူ၊ အမျိုးတူ၊ သူဌေးသားတစ်ယောက်နဲ့ အိမ်ထောင်ချပေးလိုက်ကြသည်။ စိတ်မပါပေမယ့် အမေသည် လိပ်ပြာသန့်စေရန် မယားဝတ္တရားတွေ ကျေပွန်သည်။ လင်ယောကျ်ားကို စိတ်ချမ်းသာအောင်ထားသည်။ မိန်းမကောင်း၊ မိန်းမမြတ်ပီသရပြန်သည်။ အိမ်ထောင်ရှင် တစ်ဖြစ်လဲ အမေ့ဘဝက ကြမ်းတမ်းလှသည်။

* * *

ဒီလိုနဲ့ တစ်နေ့တွင် အမေတို့နေတဲ့ သာဝတ္ထိမြို့တွင် နက္ခတ်သဘင်ပွဲကြီး ဆင်နွှဲလေသည်။ မြို့သူမြို့သားတွေက သူ့ထက်ငါ အလှတွေဆင်ကြသည်။ အိမ်တွေရှေ့တွင်လည်း အလှတွေဆင်ကြ၊ လူကိုယ်တိုင်လည်း သူ့ထက်ငါ လှအောင်၊ ပအောင် လိမ်းကြခြယ်ကြနဲ့ သာဝတ္ထိတစ်မြို့လုံးသည် နတ်ဘုံနတ်နန်းတမျှ လှချင်တိုင်းလှ၊ ပချင်တိုင်း ပနေသည်။ သူများတွေ အလှတွေဆင်၊ ဝတ်ကောင်းစားလှတွေ ဝတ်နေပေမယ့် လောကီကို ငြီးငွေ့နေသော အမေသည် ဘာမျှ အလှမဆင်၊ ဘယ်လိုမှ မပြုပြင် ပင်ကိုအတိုင်းပင် ဝတ်စားဆင်ယင်နေသည်။ မှုန်နံ့သာလည်း မခြယ်၊ ဘီးလည်းမပတ်၊ တစ်ပတ်လျှို ထုံးလျက်ပင်။ အဲမေ့ဖြစ်အင်ကိုကြည့်ပြီး အမေ့အမျိုးသားယောကျ်ားက -

"ရှင်မရယ် . . . နက္ခတ်သဘင်ပွဲတော်ကြီး ကျင်းပနေတာကွာ။ သူများတွေ ဖြီးကြ၊ လိမ်းကြ၊ ပြင်ကြဆင်ကြနဲ့၊ မင်းက ဘာလို့မပြင်တာလဲ"

"မောင်မောင်ရယ်၊ ၃၂ ကောဋ္ဌာသကြီးကို အလှဆင်တော့ရော ဘာထူးလာမှာမို့လဲ"

အမေ့အမျိုးသားက အမေ့စကားထူးထူးဆန်းဆန်းတွေ ကြားရတော့ -

"အဲဒီလိုဆိုကွာ . . . မင်းက အိမ်ထောင်မပြုသင့်ဘူး။ ရဟန်းမ လုပ်သင့်တယ်"

"မောင်မောင် ခွင့်ပြုမယ်ဆိုရင် ကျွန်မလေ ရဟန်းမ လုပ်ချင်ပါတယ်"

"ရှင်မလုပ်တာ ကောင်းတဲ့အလုပ်ပဲ။ မောင်မောင် ခွင့်ပြုရမှာပေါ့ ရှင်မရယ်"

အဲဒီအချိန်ကစ အမေ့ဘဝသည် အပြောင်းအလဲတွေနဲ့ ကြုံတွေ့လာရပြန်သည်။ အမေ့အမျိုးသားက အမေ့ကို ရဟန်းမ လုပ်ဖို့ သာဝတ္ထိကျောင်းတော်ကို ပရိသတ်တွေ၊ အတီးအမှုတ်ခြံရံပြီး ပို့ပေးလိုက်သည်။ အရှင်ဒေဝဒတ် ခေါင်းဆောင်အုပ်ချုပ်တဲ့ ရဟန်းမ ပရိသတ်မှာ အမေ ရဟန်းမဘောင်ဝင်လိုက်သည်။

* * *

ရဟန်းမဘောင် ဝင်ရောက်လိုက်သော အမေသည် အေးငြိမ်းချမ်းဟု ပြိုဟု ထင်နေသည်။ သို့သော် မအေးငြိမ်းနိုင်ရှာပါ။ ဘယ်အချိန်က ရလာမှန်း မသိလိုက်သော ကိုယ်ဝန်လွယ်ထားမှု အာဝေနိုက ဒုက္ခသည် အမေ့အားစတင် ရန်ရှာလေပြီ။ ရဟန်းမဖြစ်ပြီး ကိုယ်ဝန်ကြီးနဲ့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော အမေ့အား ပတ်ဝန်းကျင်က နာခေါင်းရှုံ့ကြလေသည်။ တစ်ယောက်စကားတစ်ယောက်နား မကြားတကြား ကဲ့ရဲ့စကား ဆိုလေပြီ။ နားမဆံ့အောင် ဖြစ်လာသော အမေ့ပြဿနာအစိုင်အခဲသည် ခေါင်းဆောင်ကြီး အရှင်ဒေဝဒတ်ထံ ရောက်လေပြီ။

အရှင်ဒေဝဒတ်သည် ခေါင်းဆောင်မပီသ၊ တာဝန်မယူ၊ ဘာမှဖြေရှင်းမပေး။ အမေ့ကိုယ်ကျင့်သီလတွေ ချည့်နဲ့ရတော့မည်။ နောက်ဆုံး သုံးလောကထွဋ်တင် ရှင်တော်မြတ်ဘုရားထံသို့ အယူခံဝင်ရလေပြီ။ ရှင်တော်မြတ်ဘုရားက ဝိနည်းစည်းကမ်း အရမ်းကျွမ်းကျင်သော အရှင်ဥပါလိအားတရားသူကြီး အရာထားကာ အမေ့အမှုကို ဆုံးဖြတ်ချက် ချခိုင်းလေသည်၊

အနာထပိဏ်သူဌေးကြီး၊ ဗုဒ္ဓ အနာထပိဏ်သူဌေးကြီး၊ ကျောင်းအမကြီး ဝိသာခါတို့ကလည်း အမေ့ခါး အခဲကို မျက်နှာမလွှဲဘဲ ကူညီဆောင်



www.burmeseclassic.com

www.burmeseclassic.com

ရှက်ပေးကြသည်။ ဒီလိုနဲ့ အမေသည် သီလဖြူစင်ကြောင်း၊ ယခုကိုယ်ဝန်သည် သူ့ဘဝက ရခဲ့တာဖြစ်ကြောင်း ကောင်းကောင်းဆုံးဖြတ်ချက် ချနိုင်ကြလေပြီ။ အဲဒီတော့မှ အမေလည်း လူ့ဘုံအလယ် တင့်တယ်သွားသည်။ ရဟန်းမ ပရိသတ်၊ ရဟန်းပရိသတ် အလယ်တွင် ဝင်ဆံ့ပြန်သည်။ ရဟန်းမအဖြစ်နဲ့ အမေသည် ကိုယ်ဝန်ကို ခက်ခက်ခဲခဲ မွေးဖွားရသည်။ တရားအားထုတ်ဖို့၊ တရားနာယူဖို့ အချိန်တွေ ပျက်ကွက်ရသည်။ သားအတွက် ရတက်ဖြာပြီး တရားကို မဖက်နိုင်ရှာ။ တစ်နေ့တွင် သသေဒနီ ကောသလမင်းတြားကြီး ကျောင်းတော်အလာတွင် ရဟန်းမတွေ ကျောင်းဘက်မှ ကလေးငိုသံကြားမိသည်။ ဘာကြောင့် ရဟန်းမတွေ ကျောင်းပေါ်က ကလေးငိုသံကြားရသလဲ စုံစမ်းတော့ အကြောင်းစုံသိသွားသော မင်းတြားလည်း အမေ့ဆီမှ မိမိကို တောင်းယူကာ နန်းတော်ခေါ်ကာ မွေးစားထားလိုက်သည်။ ထိုအချိန်မှစကာ အမေနဲ့ မိမိသည် ကွဲကွာခွဲခွာနေလာခဲ့သည်မှာ အနှစ်နှစ်ဆယ်တင်းတင်း ပြည့်ခဲ့ပြီ။

အခု ပြန်တွေ့တော့ အမေသည် ဘာတရားထူးမှ မရသေး။ သားဇောနဲ့ နှုတ္တရေယာဉ်ကြောဝယ် မျောနေတုန်းပင်။ မိမိမှာ နန်းတော်မှာ ကြီးပြင်းပေသော့ အမေ့သားမှန်း သိပြီးကတည်းက အမေ့ကို အားကျကာ သာသနာ့ဘောင်ကို ဝင်ခဲ့သည်။ အမေ့ကို အတုယူကာ တရားထူးတွေရအောင် အားထုတ်ခဲ့သည်။ အခု တရားထူးတွေလည်း ရနေပြီ။ သားဖြစ်တဲ့က မိမိသည်ပင် တရားထူး၊ တရားမြတ်တွေ ရနေသေးပါလျှင် အမေသည် အဘယ်ကြောင့် တရားထူး၊ တရားမြတ်တွေကို မရနိုင်ရမလဲ။

စေ့စေ့တွေးလိုက်တော့ အမေသည် မိမိအား အနှစ်နှစ်ဆယ်လုံးလုံး ကွဲကွာနေသော ဆင်းရဲဝေဒနာကို ခံစားနေရပြီး တရားမရှာနိုင်ဘဲ သားရှာကာ မှိုင်ငေးနေလို့ ဖြစ်မည်ဆိုတာကို သိလိုက်ပြီ။

ဒါကြောင့် အမေ့ကို နူးနူးညံ့ညံ့ စကားလုံးတွေနဲ့ ခွန်းတုံ့ပြန်ဖို့ သင့်ပြီ။ "အမေ" လို့ ပြန်လည်ကာ ထူးလိုက်လျှင် အမေသည် သံယောဇဉ်ရေယဉ်ကြောမှာ မျောပြန်ရဦးမည်။ မိမိသည် ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းလက်ငင်း ချလိုက်သည်။

"ရဟန်းမကြီး၊ ဘယ်လိုအချိုးမျိုးနဲ့ သွားလာ လှည့်လည်နေတာလဲ။ လောကီကို စက်ဆုပ်ပြီး ရဟန်းမဘောင် ဝင်လာတာမှ ဟုတ်ရဲ့လား။ ရဟန်းမဘောင်ဝင်လာပြီး သားဆိုတဲ့ ချစ်ခြင်းတရားကိုတောင် တိခနဲ ပြတ်သွားအောင် မဖြတ်နိုင်ဘူးလား"

စကားလုံးတွေ ကြမ်းတမ်းသွားမှန်း သိလိုက်သည်။ သို့သော် မတတ်နိုင်။ အမေ့ကို တရားရစေဖို့ နည်းလမ်းသည် ဒီနည်းလမ်းက အကောင်းဆုံး ဖြစ်လိမ့်မည်။ အမေ့ကို အမှန်ကိုရောက်စေဖို့က ဒီနည်းလမ်းက အဖြောင့်တန်းဆုံး ဖြစ်လိမ့်မည်။ အမေသည် ချာခနဲ လှည့်ထွက်သွားသည်။

"ငါကတော့ အနှစ်နှစ်ဆယ်လုံးလုံး တွေ့ချင်လို့ လိုက်ရှာနေရတာ။ တွေ့တွေ့ချင်း ဒေါက်နဲ့ထွင်း ဆိုသလိုပါပဲလား။ ဒင်းလို သားကို မွေးဖွားရတာ အမေ ဝမ်းနာတာ အဖတ်တင်တယ်"

လို့ အမေ တွေးချင်တွေးနေမှာပါ။ ခွင့်လွှတ်ပါအမေ။ အမေ့ကို ချန်ထားခဲ့ပြီး မိမိသည် ဇေတဝန်ကျောင်းဘက်ကို ခြေဦးလှည့်လိုက်သည်။

* * *

ညနေချမ်းတွင် အမေနဲ့ပတ်သက်ပြီး စိမ်းလန်းရွှင်မြသော သတင်းစကားကို ကြားရလေပြီ။ အမေရဟန္တာမကြီး ဖြစ်သွားပြီတဲ့။ အမေသည် သားဆိုသော သံယောဇဉ်သာမက သံယောဇဉ်အားလုံးကို ဖြတ်နိုင်သွားပြီတဲ့။ သားတာဝန်ကျေပါတယ်နော် အမေ။ ညနေချမ်းသည် လရောင်ချမ်းနဲ့ လှပလို့နေသည်။ ဇေတဝန်ကျောင်းတော်မှာ အမေနဲ့ပတ်သက်ပြီး မြတ်စွာဘုရား ရွှေနှုတ်တော်မှ -

"အတ္တာဟိ အတ္တနော နာထော။ မိမိကိုယ်သာ ကိုးကွယ်ရာ" အစဖြာသော ဒေသနာတော်သည်လည်း ပွဲတင်ထပ်နေလေပြီ။

ဘာပဲဖြစ်ဖြစ် အမေကျေနပ်မှာပါလေ။

(သံယောဇဉ်ကြီးတတ်တဲ့ အမေ့အတွက် မှတ်မှတ်ရရ)

**ရွှေမန်းသား အရှင်အာကုံရ**

**ကျမ်းကိုး**

နိကြောမဓိဂဇာတက၊ ပါဠိ အဋ္ဌကထာ၊ ကုမာရကဿပမာတု ထေရီ ဝတ္ထု၊ ဓမ္မပဒ ဋ္ဌ(၂)၊ ကုမာရကဿပ မာတုထေရီ ဂါထာ။



www.burmeseclassic.com

www.burmeseclassic.com

# ပူနာကျူရတနာအရှုပ်တော်ပုံ

## အောင်သန်းချစ်

(အခန်း(၁၀))

# ပန်းခရေးအိုးကြီး

မြင်းပြိုင်ပွဲထဲက ပုလိပ်တဲဆီ ပက်ထရစ်က တစ်နာရီကျော်လောက် ကြာကြာသွားခဲ့ရပါတယ်။

ဆရာဝန်ဆီမှာ ရုံဝင်ခွင့်လက်မှတ် ပါသွားခဲ့တာကြောင့် ပက်ထရစ်က လက်မှတ်ဝယ်ဘို့ ပရမ်းပတာတိုးဝှေ့နေတဲ့ လူအုပ်ကြီးကြားထဲ ဝင်တိုးခဲ့ရတာကြောင့် အခုလို နှောင့်နှေးခဲ့ရတာပါ။ အဲ့ဒါအပြင် အထဲကိုရောက်တော့လည်း အင်္ဂလိပ်စကား ပြောတတ်တဲ့ လူကိုရှာခဲ့ရပါတယ်။

ကြီးကြပ်ရေးမှူး ပုလိပ်တပ်ကြပ်တို့နဲ့အတူ အချိန်အတန်အကြာ ရှိနေခဲ့တဲ့ ဆရာဝန်ကော ပါမောက္ခတို့ကပါ ပက်ထရစ်ကို တွေ့ချင်စိတ်လော နေခဲ့ကြတာပါ။ သူ့ဦးလေးက မိန့်ခွန်းမခြွေမီ ပက်ထရစ်က···

"အာဒါမ္မူးကို ကျွန်တော်တို့ တွေ့ခဲ့ကြပြီ"

ကြီးကြပ်ရေးမှူးက···

"ကျုပ်လူတွေ သူ့ကို ရှာမတွေ့ခဲ့တာ မဆန်းပါဘူး။ သူဘယ်မှာလဲ"

"ရေကန်ကြီးက ဂျူးဂျူးဆရာကြီးရမယ် ဆန်နီဆိုတဲ့ လူရယ်နဲ့ အတူရှိနေပါတယ်။ ကျွန်တော်ပြောနေတာ ဆာနီမဟုတ်ပါဘူး။ ကီမ်နဲ့ ခွန်ဘာတို့က သူ့ကို သိကြပါတယ်"

ဆရာဝန်က ဝင်ပြီးကောက်ချက်ချခဲ့ပါတယ်။

"မနေ့ကတော့ စူလီမာနူးကို ကြောက်စရာ လန့်စရာ တစ်မျိုးလို ဆက်ဆံခဲ့တာပါ။ ကျုပ်တော့ သိပ်ကို အံ့ဩမိပါတယ်"

ကြီးကြပ်ရေးမှူးက ဝင်ပြီး···

"ကျွန်တော်တော့ မအံ့ဩပါဘူး။ ဒီလူဆာနီက မြင်းပွဲဆို တစ်ပွဲမှ အလွတ်ပေးခဲ့တဲ့ လူမဟုတ်ဘူးဗျ။ မြင်းပွဲရှိတိုင်း သူကလောင်းနေကျဗျ။ ပြီးတော့ ရှုံးတာချည်းပဲ။ ဒါကြောင့် ဘဏ်ဖောက်ထွင်းဝိဇ္ဇာတွေနဲ့တောင် သူက ပေါင်းနေတယ်လို့ ကျွန်တော်တို့ သတင်းရထားပါတယ်။ သူ့မှာ အကြွေးတွေ ဝိုင်းဝိုင်းလည်နေပြီလေ။ ဒါကြောင့် ပန်တစ်ဆာဒါကို သွားပြီး သူ့ကို စစ်ဆေးဖို့ ကြိုးစားကြမယ်"

"အာဒါမ္မူးနဲ့ စူလီမာနူးတို့ကို ကိုးဖာလုံမြင်းပြိုင်ပွဲမှာ ကျွန်တော်တို့ သုံးယောက်လုံး တွေ့ခဲ့ကြတာပါ"

ဒါ့ အပြင် မိုက်တီးဟာန်တာ မြင်းပထမ ပန်းမဝင်လို့ သူတို့ ရှုံးသွားချိန်မှာ ဒီလောက် ငွေလေးဆုံးသွားတာ ဂရုမစိုက်ဖို့နဲ့ ပူနာကျူလုပ်ငန်းက ငွေတွေအမြောက်အမြားရမှာပါလို့ သူတို့ကို ဆရာက ချွေးသိပ်တာကြားခဲ့ရပါတယ်"

"ပက်ထရစ်ရေ မင်းဘာကြောင့် တစ်ယောက်တည်း ပြန်လာခဲ့ရတယ်ဆိုတာ တို့ကို မပြောပြသေးပါလား"

"ဟုတ်ပါတယ် ဦးလေး။ မြင်းပြိုင်ပွဲပြီးချိန်မှာ ဂျုံဂျီရာနဲ့ အသံချဲ့စက်ငဲမှာ ဆုံဖို့ရှိတယ်ဆိုတာကို စူလီမာနူးပြောတာကြားခဲ့ရပါတယ်။ ကျွန်တော်တို့ လိုက်သွားကြတော့ ဂိတ်ဝက ရုံဝင်ခကောက်တဲ့ ဟက်စန်ရယ် ဦးချိုတူရိသာ မှုတ်သမားဂျုံဂျီရာ တို့ကို မစ္စဘာဘလူးတီ ကျန်းခံ့သာလို့ မာပါစေလို့ နှုတ်ခွန်းဆက်သံ ကြားခဲ့ရပါတယ်။ ဒါဟာ သူတို့ရဲ့ စကားဝှက်ဖြစ်ပါ သိမ့်



www.burmeseclassic.com

www.burmeseclassic.com

မယ်။ သူတို့ကို စောင့်ကြည့်ခဲ့ပါတယ်။ ဂျုံရှိရာက ငွေတော်တော် များများကို ဓာလီမာ နှုးလက်ထဲထည့်ခဲ့ တာမြင်လိုက်ရပါတယ်။ ကြီးကြပ်ရေးမှူး မတ်တတ်ရပ်လိုက်ပြီး • • •

"သိပ်ကောင်းတဲ့ သတင်းပဲ။ ခုချက်ခြင်းပဲ ကျုပ်လူတွေကို အသံချဲ့စက်တဲ့ဆီ လွှတ်လိုက်မယ်"

"သူတို့ အဲဒီမှာ ရှိကြတော့မယ် မထင်ပါဘူး။ ဦးချိုမှုတ်သမားက နန်းတော်ဂိုဒေါင်မှာ ဆုံကြမယ်လို့ အားလုံးကို ချိန်းခဲ့ပါတယ်"

"ဒါကြောင့် မင်းက သူတို့ကို မတွေ့တော့တာလား"

မဟုတ်ပါဘူး။ ကျွန်တော်တို့က သူတို့ကို မော်တော်ကားစခန်းထိ လိုက်ကြည့်ခဲ့ပါတယ်။ နံပါတ်အယ်လ် ၂၃ ဆော အပြာရောင်ဘက်ဖို့ဒ်လော်လီရယ် အစိမ်းရောင် ချက်ပလက်ကားရယ်ကို မောင်းပြီးသူတို့ ထွက်သွားကြပါတယ်။ ချက်ပလက်ကားနံပါတ်ကတော့ အာရ် ၄၄ အမ်ပါ။

ဒါကြောင့် ကိမ်နဲ့ ခွန်ဘာ တို့က အိုင်နီစီးပြီး ဘုရင့်နန်းတော်ဆီ ဖြတ်လမ်းက ထွက်သွားကြပါတယ်။

သူတို့အရင် နန်းတော်မှာ ရောက်နေဖို့ပါ။ ကျွန်တော်ကတော့ အခုလို သတင်းပို့ဖို့ တစ်ယောက်တည်း ပြန်ခဲ့တာပါ"

"ဟုတ်ပြီပေါ့။ သိပ်ကိုတိကျတဲ့ သတင်းဆက်ပဲ။အခုချက်ချင်းကျုပ်နန်းတော်ကိုသွားမယ်။ တပ်ကြပ်နဲ့ နောက်လိုက်နောက်ပါတွေကို အဲဒီမှာ ဆုံမယ်"

ဆရာဝန်ကလည်း • • •

"ကျွန်တော်တို့ ခင်ဗျားနဲ့ တစ်ပါတည်းလိုက်လို့ရမလား"

"အသေအချာပေါ့။ ကျွန်တော်တို့ ပုလိပ်ကားနဲ့သွားကြမယ်။ ဒါမှ ပိုမြန်မယ်၊ ပြီးတော့ ခင်ဗျားတို့ရဲ့ ရတနာရှာပုံတော်အတွက် ကျွန်တော်တို့မှာ တာဝန်ရှိနေပါတယ်"

ကြီးကြပ်ရေးမှူးက ပင်လယ်ကူးသင်္ဘောကြီးတစ်စီး လှိုင်းလုံးကြီးတွေကို ဖြတ်ကျော်ခဲ့သလို မြင်းပွဲပရိသတ်ကြီးကို အမြန်ဆုံး ဖြတ်သန်းခဲ့ပါတယ်။ ငါးမိနစ်နီးပါးပဲကြာခဲ့ပါတယ်။ အပြင်ရောက်တာနဲ့ တပြိုင်နက် နန်းတော်ဆီသူတို့ အမြန်ဆုံးထွက်ခဲ့ကြပါတယ်။

ကြီးကြပ်ရေးမှူးက နန်းတော်ဂိတ်စောင့်တွေနဲ့ မဆွေးနွေးခင်မှာ အမျိုးသမီးတစ်ဦးက ကွင်းပြင်ကိုဖြတ်လာပြီး သူ့ကို လှမ်းအော် နှုတ်ဆက်ခဲ့ပါတယ်။ သစ်ပင်အောက်မှာ ချည်ထားတဲ့ အီဗိုနီကို မုန်လာဥတွေ ကျွေးနေတဲ့ ဒူးဒူး ပါ။ ကြီးကြပ်ရေးမှူးက ဒူးဒူးကို ကောင်းကောင်းမှတ်မိပါတယ်။ သူမဆီလျှောက်သွားပြီး အရိုအသေပေးခဲ့ပါတယ်။

"မင်းကို မြင်ရတာ ဝမ်းသာပါတယ်။ ညနေဖက်မှာ ငါတို့လို မိဖုရားတွေ အပြင်ထွက်ပြီး လမ်းလျှောက်လေ့မရှိတာတော့ မင်းသိမှာပါ။ ငါလို မိဖုရားခေါင်ကြီးတစ်ယောက်က ပုလိပ်ဌာနဆီလာလည်ဖို့ဆိုတာကလည်း မသင့်တော်တဲ့ကိစ္စပါ။ မင်းတို့ အိုဒီယန်ရုပ်ရှင်ရုံဆီ ခုချက်ချင်းလိုက်သွားကြပါ"

"ကျွန်တော်ဘာမျှ နားမလည်ပါလား။ ကျေးဇူးပြုပြီး အေးအေးဆေးဆေး ပြောပြပါလား မိဖုရားကြီး"

"နန်းတော်ထဲမှာ ကိမ်နဲ့ ခွန်ဘာကို ငါတွေ့ခဲ့ရတယ်။ သူတို့က နန်းတော်ရုပ်ရှင်ရုံသွားရမယ့်အစား နန်းတော်ထဲကို မှားပြီး ဝင်ခဲ့ကြတယ်လေ။

ဒါအရင်က နံမည်ပေါင်းပဲ ဆက်မိနိုင်ပါဦး"

ဒူးဒူးက အစအဆုံးပြောပြလိုက်ပါတယ်။ သူမတောင် ငိုမဲ့မဲ့ ဖြစ်သွားပါသေးတယ်"

"သိပ်ချစ်စရာကောင်းတဲ့ ခလေးတွေပါ။ သူတို့ကို ကယ်လိုက်ကြပါ"

"မပူပါနဲ့ ယူဝါဂျီဒါ။ အခုပဲ ကျွန်တော်တို့ ရုပ်ရှင်ရုံဆီ လိုက်သွားပါ့မယ်"

သူတို့နဲ့အတူ တပ်ကြပ်ကောနောက်လိုက်တွေပါ ရထားလမ်းမကြီးကိုဆန့်ပြီး ချီတက်သွားကြပါတယ်။

ရုပ်ရှင်ရုံကိုရောက်တော့ နံရံတွေနားမှာ ဘင်ကားကိုရပ်ထားဖို့ ကြီးကြပ်ရေးမှူးက အမိန့်ပေးပါတယ်။ သူ့လူတွေကို တပ်ဖြန့်ချထားလိုက်ပါတယ်"

သူက ပါမောက္ခကို • • •

"မစ္စတာဘာလူးတီနဲ့ သူ့လူတွေကတော့ အခုလို ရုပ်ရှင်ရုံကို ကျွန်တော်လူတွေ ဝိုင်းထားတာ မသိစေရပါဘူး၊ ဘယ်သူကမှလည်း ကျွန်တော်တို့ကို သံသယမဖြစ်စေရပါဘူး။ လွန်ခဲ့တဲ့နှစ်အနည်းငယ်တုန်းက ရုပ်ရှင်ရုံမီးလောင်ခဲ့ဘူးတာကြောင့် မကြာခဏ မီးလုံခြုံရေးစစ်လေ့ရှိတာပါ။

ခင်ဗျားနဲ့ ပက်ထရစ် တို့က သူတို့ဂိုဏ်းရဲ့ စကားဝှက်ကို သုံးပြီး လက်မှတ်သွားဝယ်ပါ။ ဘာများ ထူးခြားမလဲဆိုတာ စောင့်ကြည့်ကြမယ်"

ပါမောက္ခက တွေးတွေးခေါ်ခေါ် လူသားပီပီ • • •

"အား ဟုတ်တယ်။ ကျွန်တော် သွားမယ်။ ကျွန်တော် ပတ်လည်မှာ ပုလိပ်တွေရှိနေတာပဲ။ ကျွန်တော် မကြောက်ပါဘူး"

www.burmeseclassic.com

မစ္စတာဘာလူးတီး ကျွန်းခံသာလို့ မာပါစ… ဆိုတဲ့ စကားဝှက်ကို ကြားရတာနဲ့ တပြိုင်နက် မန်နေဂျာကိုယ်တိုင်က ပက်ထရစ်နဲ့ ပါမောက္ခတို့ကို ရုပ်ရှင်ရုံ ဂိုဒေါင်နဲ့ ရုပ်ရှင်ပြစက်ခန်းရှိရာ ရှေ့ရှုတဲ့ စင်္ကြံလမ်းဆီ ခေါ်သွားပါတော့တယ်။ ဆရာဝန်ရယ် စစ်ဆေးရေးမှူးနဲ့ နောက်လိုက်နှစ်ဦးတို့ကတော့ လျှပ်စစ်ပစ္စည်းတွေကို လိုက်လံ စစ်နေဟန်ဆောင်ခဲ့ကြပါတယ်။ရုပ်ရှင်ကားကတော့ ဇာတ်သိမ်းလုပ်ပြီ။ နှာရောင် ကောက်ကောက်နဲ့နော့ဘော့ပ်ကတော့ သူ့ခြံသို့ ကပြန်ကိုက်လို့ သေသွားခဲ့ပါပြီ။ မင်းသမီးလေးက သူချစ်သူနဲ့ စေ့စပ်ပွဲလုပ်ဖို့ ပြင်ဆင် နေပါပြီ။

"လာစမ်းပါ ကျွန်ုပ်ရဲ့ ပုလဲလေးရယ်၊ တို့ဘဝမျှော်လင့်ချက် ရောင်ခြည်ထွန်းတောက်ပါစေ၊ သူတို့ ပေါင်းစပ်ကြပါစေ၊ လက်ထပ်လည်ဆွဲ ထဲမှာကွယ်"

မန်နေဂျာက ရုပ်ရှင်ရုံ ဂိုဒေါင်တံခါးကို ခေါက်ရင်း ခပ်တိုးတိုးလေး-

"မစ္စတာ ဘာလူးတီ ကျွန်းခံသာလို့ မာပါစ"

ပြန်ထူးသံ ပေါ်မလာခဲ့ပါ။ တံခါးထပ်ထုပြီး စကားဝှက်ကို အကြိမ်ကြိမ်ပြောခဲ့ပေမယ့် အဖြေမရပါ။ စစ်ဆေးရေးမှူးနဲ့ ပါမောက္ခတို့က မန်နေဂျာကို တွန်းဖယ်ပြီး တံခါးကို ဖွင့်လိုက်ကြပါတယ်။ အထဲမှာ မှောင်မဲနေပါတယ်။ ပက်ထရစ်က မီးဖွင့် လိုက်ပါတယ်။ အခန်းတစ်ခန်းလုံး ပရမ်းပတာ ပြန့်ကျဲနေပါတယ်။ လမ်းမ ဖက်ထွက်တဲ့ တံခါးပွင့်နေပါတယ်။ ရှန်ပွဲတစ်ပွဲ နွှဲသွားတာကို အထင်အရှားသိသာနေပါတယ်။ ကုလားထိုင်နှစ်လုံး ကျိုးပဲ့ပျက်စီးနေပြီး မှန်ကွဲစတွေ နေရာတိုင်းမှာ ပြန့်ကျဲနေပါတယ်။

စားပွဲတစ်လုံးကလဲ ပြိုနေပါတယ်။ ကြမ်းပြင်မှာတော့ လူတစ်ယောက် မလှုပ်မယှက် တုံးလုံးလဲနေပါတယ်။ လူ့မျက်စိတစ်လုံးရေးချယ်ထားတဲ့ ပန်းခရားအိုးကြီးရဲ့ အပိုင်းအစကို ၎င်းက ဖမ်းဆုပ်ကိုင်ထားပါတယ်။ ကြမ်းပြင်မှာလည်း အနီရောင်စေးထိုင်းထိုင်းတွေ တစ်စက်စက်ကျနေပါတယ်။

ပါမောက္ခက အော်ဟစ်လိုက်ပါတယ်။

"ကြီးကြပ်ရေးမှူး ခင်ဗျားမြန်မြန်လာပါ။ နေရာတိုင်းမှာ သွေးတွေချည်းပဲ။ ပူနာကူပန်ခရားကြီးကတော့ သည်မှာပါ။ ကွဲနေပါပြီ"

ကြီးကြပ်ရေးမှူးက ထိုင်ချလိုက်ပြီး လဲနေတဲ့ ခန္ဓာကိုယ်ကြီးကို စကြည့်ရင်း-

"ဆရာဆာနီပါလား။ လူသတ်မှု ဖြစ်ခဲ့ပြီထင်တယ်"

သူ့နောက်လိုက်နှစ်ဦးကို ခေါ်ပြီး-

"လူနာတင်ကား တစ်စီးခပ်မြန်မြန် စီစဉ်ပါ။ တပ်ကြပ်ကိုလည်း အားလုံး နီးနီးကြားကြားရှိနေဖို့ တပ်လှန့်ထားခိုင်းပါ။ ထူးခြားရင် ငါ့ဆီ သတင်းချက်ချင်းပို့ကြပါ"

"ဟုတ်ကဲ့"ဆိုပြီး ကမန်ကတန်းထွက်သွားကြပါတော့တယ်။ ရုပ်ရှင်ရုံ တစ်ရုံလုံး မီးဖွင့်လိုက်ပါ။ ရုပ်ရှင်ပြတာ ရပ်ပစ်ပါ။ ပရိသတ်ကို ကျူပ်က ထွက်ခွင့်ပေးတဲ့ထိ ငြိမ်ငြိမ်ညောင်းညောင်း ဂီတသံဖွင့်ပေးထားပါ။ နှစ်မိနစ်အတွင်းမှာ ခင်ဗျား အမှုထမ်းတွေ အားလုံး ဒီမှာ လာစု နေပါစေ မန်နေဂျာ"

ဆရာဝန်က ဝင်ပြီး…

"လဲနေတဲ့ လူကို ကျွန်တော် စစ်ရမလား"

"စစ်ပါခေါက်တာ ကျေးဇူးပါ"

ပုလိပ်တွေက ရှင်းလင်းပြီးတာနဲ့ တပြိုင်နက် မန်နေဂျာရယ် ပြဇာတ်သမားရယ်၊ ညှော့ကြီးနဲ့ ငွေကိုင်တို့ စင်္ကြံလမ်းမှာရပ်နေကြပါတယ်။

ကြီးကြပ်ရေးမှူးကတော့ ထုံးစံအတိုင်း အချိန်ကုန်မခံပဲ…

"ပြူတင်းပေါက်တွေ၊ ဝင်ထွက်ပေါက်တွေနဲ့ တံခါးမကြီးကို စောင့်ဖို့ရယ်၊ တချို့နေရာတွေကို ရှာနေတုန်းမှာ ပရိသတ်ကို ထိန်းဖို့ လူလိုတယ် တပ်ကြပ်ရေ။ လူနာတင်ကားက လူတွေကလွဲရင် ကျူပ်အမိန့်မရဘဲ အဝင်အထွက်မလုပ်စေနဲ့"

တပ်ကြပ်က…

"ရုပ်ရှင်ရုံ အမှုထမ်းတွေကို ဘယ်နေရာမှာ စစ်မှာလဲ"

"ထွက်ချက်တွေရေးဖို့ လူသွတ်လိုက်ပါ။ ဂိုဒေါင်ထဲမှာ စစ်မယ်"

ကြီးကြပ်ရေးမှူး ပထမဆုံး သိချင်နေတာကတော့ခလေးတွေ အခြေအနေပါ။ ငွေကိုင်ကတော့ ဘာမျှ ပြောမပြနိုင်ခဲ့ပါ။

"ကောင်တာမှာ လူတွေ တစ်ပြုံကြီး ဝိုင်းဝိုင်းလည်နေခဲ့တာပါ။ ကျွန်တော် ဘယ်လိုလုပ်ပြီး တစ်ယောက်စီရဲ့မျက်နှာကို မှတ်မိနိုင်ပါ့မလဲ"

ကျွန်အမှုထမ်းတွေကလည်း ၎င်းအတိုင်းပါ။ ဒါပေမယ့် ညှော့ကြီးကတော့ မှတ်မိနေပါတယ်။

"ခင်ဗျားပြောတဲ့ ရှယ်တူကောင်လေးနဲ့ ကောင်မလေးအတွက်ကျွန်တော် သောက်စရာတွေသွားဝယ်ပေးရပါတယ်။ သူတို့ကြည့်ရတာတော့တောသူ တောသားခလေးတွေ မဟုတ်ကြပါဘူး။ သူတို့ဝတ်လာတဲ့ အဝတ်အစားတွေ မြင်ရတာ နန်းတော်ထဲက ထွက်လာခဲ့ကြပုံပဲ"

www.burmeseclassic.com

"ဟုတ်တယ် ဒါဟာ ကိမ်နဲ့ခွန်ဘာ အမှန်ပဲ"

တပ်ကြပ်ရောက်လာပြီး သတင်း ပို့ပါတယ်။ အတန်းတိုင်း ရှာခဲ့ပြီးပါပြီ ခလေးတွေကို မတွေ့ရပါဘူး"

"မန်နေဂျာကလွဲပြီး ကျန်လူတွေ အပြင်ထွက်ကြပါ"

ကြီးကြပ်ရေးမှူး အမိန့်ကြောင့် အားလုံး အပြင်ထွက်ခဲ့ကြပါတယ်။

မန်နေဂျာ တစ်ယောက်တည်း ကျန်နေမှ သူ့မျက်နှာကို စူးစူးရဲရဲစိုက် ကြည့်ပြီး-

"ခလေးတွေသည်ကို လာခဲ့တယ်၊ အခုသူတို့ကို ရှာမတွေ့ဘူး။ မင်းမှာ တာဝန်ရှိတယ်။ မင်းသိသမျှ ပြောပါ။ မဟုတ်ရင်တော့ မင်းနာလိမ့်မယ်။ ပုလိပ်ကို လိမ်ညာတာဟာ ပြစ်မှုကျူးလွန် တာပဲကွ"

လူသေအလောင်းလည်း တွေ့ခဲ့ တာကြောင့် ကြီးကြပ်ရေးမှူးရဲ့ တာဝန်အရ ရှင်းပြခဲ့တာကိုပါ သဘောပေါက်ပြီး မန်နေဂျာ ကတုန်ကယင်နဲ့ ဝန်ခံချက် ပေးပါတော့တယ်။

"ဒီရပ်ရှင်ရုံကို လွန်ခဲ့တဲ့ တစ်နှစ် လောက်ကတည်းက မစ္စတာ ဘလူးတီက သူ့ ခရိုက်လုပ်ငန်းတွေလုပ်ဖို့ ဌာနချုပ် အဖြစ် အသုံးပြုခဲ့ပါတယ်"

မန်နေဂျာကိုကော ရုပ်ရှင်ရုံ အမှုထမ်းတွေကိုပါ ငွေများများ ပေးခဲ့ပါ တယ်။

ဒါကြောင့် အားလုံးကလည်း မြင်ခွင် မသိချင်ယောင်ဆောင်ပြီး ရေငုံ နှုတ်ပိတ် နေပေးခဲ့ကြပါတယ်။

"ကဲ ထားပါတော့၊ ဒီဂိုဏ်းရဲ့ ခေါင်းဆောင်ကနေပြီး အောက်ခြေအထိ အဖွဲ့ဝင်တွေ နံမည်ပြောပြပါ"

"မစ္စတာဘလူးတီကတော့ ခေါင်း ဆောင်ပါ။ ဘယ်သူ့ကိုမှ သူကလွဲပြီး ဦးစီးဦးဆောင်လုပ်ခွင့် မပေးပါဘူး။

ဆရာ ကိုတောင် ခွင့်မပြုခဲ့ပါဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး သူတို့နှစ်ဦး မကြာမကြာ ငြင်းခုံခဲ့ကြပါတယ်။

ဆာနီက ဦးစီးဦးကိုင် အဖွဲ့ဝင် ဖြစ်ချင်နေတာကို ကျွန်တော် ကတော့ အပြစ်မတင်ချင်ပါ။ စူလီမာနူး၊ ဂျုံဂိုရာနဲ့ ဟက်စန်တို့ ပြောသမျှတွေ သူက လုပ်ကိုင် ပေးနေရတာပါ။ ဒီဂိုဏ်း မှာ အလုပ်အများဆုံး ပုဂ္ဂိုလ်ပါ။

"အာဒါမူးကကော"

"သူကတော့ လက်တိုလက် တောင်း အခိုင်းခံရတဲ့အဆင့်ပါ။ အဲဒီလို အခိုင်းခံတွေကတော့ ဒေသတိုင်းက ရောက်လာတတ်ပါတယ်။ မကြာခဏ လည်းလူပြောင်းတတ်ပါတယ်။ အကယ်၍ ခင်ဗျားသိချင်ရင်တော့ သူတို့နံမည် တွေကိုပေးပါ့မယ်။"

ဆရာဝန်က မတ်တပ်ရပ်လိုက်ပါ တယ်။ ဆရာတော့ အသက်ပျောက်သွား ပြီ။ ပန်းခရားအိုးကြီးမှာတော့ တစ်စုံ တစ်ယောက်ရဲ့ သွေးတွေပေကျံနေခဲ့ပုံ ရတယ်။ မစ္စတာဘလူးတီရဲ့ သွေးဖြစ် နိုင်တယ်။ ကျွန်တော် သူ့ဂျာကင်အင်္ကျီ ကို စစ်ကြည့်တော့ ဒီဆတ်ကနဲဖွင့်လို့ ရတဲ့ မားနဲ့ ပိုက်ဆံအိတ်ထွက်လာခဲ့ပါ တယ်။ ကြီးကြပ်ရေးမှူးက ပိုက်ဆံအိတ် ဖွင့်ပြီး ပါသမျှတွေကို ထုတ်ရင်း စားပွဲ ပေါ်တင်လိုက်ပါတယ်။ ဘဏ်စက္ကူတစ် ထပ်၊ မြင်းလောင်းထားတဲ့ ဖြတ်ပိုင်းတွေ၊ မတူတဲ့ မှတ်ပုံတင်ကဒ်နှစ်ခု၊ ဒီညနေမှာ မီးရထားစီးဖို့ ချိန်းထားတဲ့ အမျိုးသမီး ချောချောလေးရဲ့ ဓါတ်ပုံတစ်ပုံ စတာ တွေပါ။ သူ့အင်္ကျီမတန် တန်ဖိုးထားတဲ့ ပန်းခရားအိုးကြီးရဲ့ အစအနတွေကို ထိုင်ပြီး ငေးမောနေရှာတဲ့ ပါမောက္ခ လည်း ရထားလက်မှတ်ကို မြင်ရမှ သတိရလာပြီး...

"မီးရထား။ ဒီညနေခြောက်နာရီ ခွဲမှာ ဒေါက်တာခရက်ကာလစ်နဲ့ ဘူတာ မှာဆုံဖို့ ချိန်းထားတယ်"

ပက်ထရစ်က ဝင်ပြီး...

"ဆရာ ဆာနီက ဒီည မီးရထား နဲ့သွားမယ်လို့ ပြောခဲ့ပါတယ်။ ကျွန်တော့် အထင်တော့ သူပြောတာ ရတနာတွေ ကိုပါ။"

မန်နေဂျာလည်း သူ့ထောင်ထဲ မဝင်ရရေးအတွက် တတ်နိုင်သမျှ ဖော် ကောင်လုပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

"ခိုးလာသမျှ ပစ္စည်းတွေကို သယ်ဖို့ မစ္စတာဘလူးတီမှာ ဘက်ဖိုဒ် လော်လီတစ်စီးရှိပါတယ်။ သူတို့ရထား ဘူတာဆီပဲ ဘာသယ်ဖို့ မောင်းသွား သလဲဆိုတာတော့ ကျွန်တော်လဲမသိပါ။ ကျွန်တော်တို့မှာ မေးပိုင်ခွင့်မရှိပါ"

ကြီးကြပ်ရေးမှူးက မတ်တပ်ရပ် လိုက်ပြီး...

"နံမည်တွေကို နောင်ကျမှ ယူ တော့မယ်။ ဒီဂိုဏ်းကလူတွေကို အတိ အကျသိရအောင် ခင်ဗျားက ကျွန်တော် နဲ့ ဘူတာရုံလိုက်ခဲ့ပါ။ ဓါတ်ပုံထဲက အမျိုးသမီးလေးလည်း ဆရာ့ကို ဘူတာ ရုံက စောင့်နေပါလိမ့်မယ်။ ခလေးတွေရဲ့ သတင်း အစအန မရမချင်း ကျောက်ခဲ တစ်လုံးကိုတောင် ကျုပ်က လှန်မှာ မဟုတ်ဘူး"

ဆက်လက်ဖော်ပြပါမည်...

**အောင်သန်းဇော်**



www.burmeseclassic.com

www.burmeseclassic.com

# ချောချင်သလား လှချင်သလား

မောင်ပုတ်စည်

ခေတ်ပညာတတ်ဘွဲ့ရ သမီးငယ်လေးတစ်ယောက်က တစ်နေ့မေးလာပါတယ်။ ဘဘရယ်၊ အလုပ်လျှောက်တဲ့အခါ ပညာအရည်အချင်း၊ အသက်ကန့်သတ်ချက်တင်မကဘူး၊ ရုပ်လက္ခဏာကလည်း အရမ်းစကားပြောတာပဲ ဘဘရဲ့ သမီးလည်း ဘာသာရေးလုပ်ပါတယ်။ ဘုရားရှိခိုး မေတ္တာပို့ပြီး လျှောက်တာပဲ။ အဆင်မပြေသေးဘူး။ အဲဒါ ရုပ်ဆင်းအင်္ဂါအတွက် အထောက်အပံ့ဖြစ်အောင် ရွတ်ရ ဖတ်ရတာမျိုး မရှိဘူးလားတဲ့။

ကြံကြံဖန်ဖန် ကတ်သီးကတ်သတ်မေးခွန်းပါပဲ။ ဒါပေမယ့် အားပေးပြီး ပြောရတယ်။ ရှိတာပေါ့ သမီးရယ်။ ဟို・・・ဥုံဖွမန်းမှုတ်ပြီး လုပ်တာမျိုးတော့ မဟုတ်ဘူးပေါ့။ ရတနာသုံးပါး၊ အနန္တငါးပါးကို ဦးထိပ်ထား ဆည်းကပ်ကိုင်းရှိုင်းရင် ဒီဂုဏ်ကျေးဇူးတွေက အကျိုးပြုပါတယ်။

သမီးကို ဂါထာတစ်ခုပေးမယ်။ အဲဒီဂါထာရွတ်ပြီး ဘုရားရှိခိုး။ သမီးရဲ့ ရုပ်လက္ခဏာတွေ တင့်တယ်လာမယ်၊ အဆင်းအင်္ဂါ ကြည်လင်မယ်၊ အသားအရေ စိုပြည်မယ်၊ ဥပမိန့်ညားမယ်၊ ကျက်သရေ ရှိလာမယ်။ ဆံပင်အလှပြင်၊ မိတ်ကပ်ခြယ်သပြီး မွမ်းမံလိုက်တဲ့အခါ လှပလာသလိုပဲ ဘုရားဂုဏ်ကျေးဇူးတော်ကြောင့် ကိုယ်ရောင်ကိုယ်ဝါတွေ လင်းလာတဲ့သဘောပေါ့ဆိုပြီး ပေးလိုက်တယ်။

အဲဒါကို ဒီနေ့ခေတ် အလုပ်အင်တာဗျူးဖြေမယ့်လူတွေ၊ ဗွီဒီယိုမင်းသား၊ မင်းသမီးလုပ်ဖို့ ကြိုးစားနေသူတွေ၊ အဆိုတော်လုပ်ဖို့ ကြိုးစားနေသူတွေအတွက် လက်ဆောင်ပါးလိုက်ပါတယ်။ ရွတ်ဆိုကြပါကုန်။

> ရူပ ရူပ ဝိလာသဂ္ဂ၊
> ရူပ စိန္တေယျ သံယုတ္တံ၊
> ဝဏ္ဏသာရ ဂုဏောပေတံ၊
> တေနမှာ တုလရူပဝါ။

ရူပ ရူပ ဝိလာသဂ္ဂ၊ ရူပ စိန္တေယျ သံယုတ္တံ-ပကတိသောအဆင်း၊ အလွန်တင့်တယ်သောအဆင်း၊ မြတ်သောအဆင်း၊ မကြံစည်နိုင်သောအဆင်းနှင့် ပြည့်စုံတော်မူသော၊ သာရဂုဏော ပေတံ-ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ အပ်ကျွန်ုပ်သည်၊ ဝန္ဒေ-ဝန္ဒာမိ- ရှိခိုးပါ၏။

တေန-ထိုရှိခိုးရသော ကောင်းမှုကြောင့်၊ အတုလရူပဝါ-အတုမရှိသော အဆင်းနှင့် ပြည့်စုံသည်၊ အမိ-ဖြစ်ရပါလို၏။

ကဲ・・・ဒီဂါထာလေးကို ပထမတော့ ကြည့်ဆိုပေါ့။ ရွတ်ရင်း ရွတ်ရင်းနဲ့ နောက်အလွတ်ရလာပါလိမ့်မယ်။ အကောင်းဆုံးကတော့ မြန်မြန်ရအောင် အလွတ်ကျက်ပြီးရွတ်ပါ။ ဘုရားရှိခိုးပြီး ရွတ်။ အခေါက်ရေကန့်သတ်ချက်မထားပါနဲ့။ တတ်နိုင်သလောက်ရွတ်နေပါ။

အချိန်ရရင် ရသလို ရွတ်နေဖို့ အရေးကြီးတယ်။ ဒါကြောင့် သွားရင်းလာရင်း၊ လုပ်ရင်းကိုင်ရင်း ရွတ်နိုင်သလောက်ရွတ်ပါ။

စာကြွင်း ။ ဆောင်းပါးအထက်မှာ ဖော်ပြခဲ့တဲ့ သမီးလေးကို ပေးလိုက်ပြီး လေးလအကြာမှာ လက်ဆောင်ပစ္စည်းတွေနဲ့ လာကန်တော့တယ်။ ကုမ္ပဏီကြီးတစ်ခုမှာ အလုပ်ရသွားပြီတဲ့။ အံ့ဩရပါပဲ။ ဝမ်းသာအားရ ပြောပြတယ်။

ဘဘရယ်・・・သမီးအင်တာဗျူးဖြေတော့ ဥပမိကောင်းလို့တဲ့။ သမီးနဲ့ပြိုင်တူ အလုပ်ရတဲ့ ခြောက်ယောက်က ကုမ္ပဏီခွဲတွေမှာ အလုပ်ရတယ်၊ သမီးကျတော့ ရုပ်ရည်လည်း သန့်ပြန့်တယ်၊ အင်္ဂလိပ်စာအဓိကနဲ့ ဘွဲ့ရပြီး အင်္ဂလိပ်စကား ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်လို့ နိုင်ငံခြားသားတွေနဲ့ လုပ်ငန်းကိစ္စ၊ အခြားအဖွဲ့ဝင်လူကြီးတွေနဲ့ အလုပ်ကိစ္စတွေကို စီစဉ်ညှိနှိုင်းပြောဆိုဖို့ဆိုပြီး ရုံးချုပ်မှာပဲ တမင်ဦးစားပေး ရွေးထားတယ်။ ရုပ်ရည်လေးက သန့်ပြန့်ပြီး သွက်လက်ချက်ချာလို့တဲ့ ဘဘရဲ့။

အဲ・・・အဲဒါလေးတစ်ခု ပြောဖို့မေ့သွားလို့ပါ။ ။ □



www.burmeseclassic.com

www.burmeseclassic.com

# "ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေ" အတွက် အလှူရှင်များဖိတ်ခေါ်ခြင်း

ဆရာတော်ဦးအာစာရလင်္ကာသီရိသည် ၁၃၅၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၁၆-၂-၁၉၉၅) ကြာသပတေးနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့ ရှေးနှစ်ပေါင်းများစွာ သာသနာပြုပုဂ္ဂိုလ် ပဋ္ဌာန်းဆက်ပါရမီရှင်များအား စောင့်မျှော်လျက်ရှိသော ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေသို့ စတင်ရောက်ရှိပြီး တောရမှတင် အကျင့်မြတ်ပဋိပတ်ဖြင့် စတင်ကြွရောက် သာသနာပြုတော်မူပါသည်။

၁၃၅၇ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်(၂၅·၈·၁၉၉၅) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၅၈ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၃·၃·၁၉၉၅)နေ့တွင် ဆုတောင်းပြည့် အနောက်ရွှေဘိုဂုံစေတီတော်နှင့် အရံစေတီရှစ်ဆူတို့ကို တိကြေးကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း ကုန်ကျငွေ ၇၅ သိန်းကျပ်။ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လပြည့် (၂၄·၁၀·၁၉၉၉) တနင်္ဂနွေနေ့တွင် မူလသစ်ကောက်ရွာ အများကောင်းမှု ကိုးနဝင်းစေတီတော်အား ကျောက်ထီးတော်ဟောင်းချ၍ ရွှေထီးတော်အသစ်တင်လှူခြင်း ကုန်ကျငွေ ၁၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တော်သလင်းဆန်း ၁ ရက်(၁·၉·၁၉၉၉) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်(၂၇·၃·၂၀၀၃) တနင်္ဂနွေနေ့တွင် အမြင့် ၂၁ တောင်ရှိ ရွှေထီးတော် ဘုံနှစ်ဆင့်ဖြင့် ဓာတ်ပေါင်းစု အနောက်ကျိုက်ထီးရိုးစေတီတော်အား တိကြေးကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း။ ကုန်ကျငွေ ၃၀၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် (၂၈·၃·၂၀၀၁) ဗုဒ္ဓဟူးနေ့တွင် နှစ်ပေါင်း ၈၀ ကျော် ရွှေထီးတော်ကင်းမဲ့နေသော ဂွမြို့ ရေကျော်ကျေးရွာရှိ ရွာလယ်မင်းဘကြီးကောင်းမှုစေတီတော် ရွှေထီးတော် အသစ်တင်လှူခြင်း။ ကုန်ကျငွေ ၁၅ သိန်းကျပ်ကျော်။ ၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (၄·၁·၂၀၀၇) ကြာသပတေးနေ့တွင် နှစ်ပေါင်း ၉၀ ကျော် ပြိုကျပျက်စီးနေသော ပိန်းတောလေးကျေးရွာ ကျောင်းတော်မှုရုပ်ပွားတော်မြတ်ကြီးအား စတင်ပြုပြင်ဆောင်ရွက်၍ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့(၉·၂·၂၀၀၉) တနင်္လာနေ့တွင် ဓမ္မာရုံကြီးအပါအဝင် ရေစက်သွန်းချပြီးစီးခြင်း။ ကုန်ကျငွေ ၁၀၀ သိန်းကျပ်ကျော်။ ၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်(၁၆·၁၀·၂၀၀၈) တနင်္ဂနွေနေ့တွင် ဉာဏ်တော်အလျား ၅၄ ပေရှိ အေးငြိမ်းချမ်းသာလျောင်းတော်မှု ရုပ်ပွားတော်မြတ်ကြီးအား စတင်တည်ထားဆောင်ရွက်ပြီး၊ ၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၃၀·၁·၂၀၁၀)နေ့တွင် ငွေကျပ်သိန်းပေါင်း ၁၀၀၀ ကျော် ကုန်ကျခဲ့ပြီး အားလုံးကောင်းမှုအတွက် ရေစက်သွန်းချ အမှုပေးဝေခဲ့ပြီး၊ ဆက်လက်၍ တောင်ခြေရင်းပြင်တော်တွင် သက်ကြီးရွယ်အိုများ၊ တောင်ပေါ်တက်ရောက်ဖူးမျှော်ခြင်း မပြုနိုင်သူများအတွက် ဉာဏ်တော် ၁၅ ပေ အမြင့်ရှိ မုစလိန္ဒနဂါးရုံ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တောင်တော်၏ ကျက်သရေဆောင် အဝင်မုခ်ဦးတစ်ဆောင်နှင့် သောက်ရေ သုံးရေအတွက် အဝီစိစက်ရေတွင်းအား အနက်ပေ ၄၀၀ တူးဖော်သော်လည်း ရေချိုမရရှိပါသောကြောင့် သောက်ရေအတွက် ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန်တစ်လုံး ဆောင်ရွက်လုပ်ကိုင်လိုပါသောကြောင့် စသည့် လှူဖွယ်ပစ္စည်းများကို တစ်ဦးတစ်ယောက်သော်လည်းကောင်း၊ အသင်းအဖွဲ့နှင့်သော်လည်းကောင်း ပါဝင်လှူဒါန်းနိုင်ကြပါရန် တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်ပါသည်။

## လှူဒါန်းနိုင်သော ပစ္စည်းအမျိုးအမည်နှင့် တန်ဖိုး


| | |
|---|---|
| ဉာဏ်တော် ၁၅ ပေ အမြင့် ရုပ်ပွားတော်အပါအဝင် ရောင်တော်ဖွင့်အပြီး | ၅၀ သိန်းကျပ် |
| အကျယ် ၁၅ ပေ အမြင့် ၁၂ ပေ မုခ်ဦးအလှူရှင်အမည်ပါပြီး | ၄၅ သိန်းကျပ် |
| ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန် ၁ လုံး | ၄၀ သိန်းကျပ် |

## ဆက်သွယ်လှူဒါန်းလိုသူများ

| | |
|---|---|
| လာဘ်မိုးရွှေစာပေ | ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅ |
| နာယကဆရာတော် | ဖုန်း - ၀၉-၇၃၁၃၉၃၃၆၊ ၀၉-၄၂၀၂၃၅၄၅၈ |
| ဦးကျော်သူထိုက် | ဖုန်း - ၀၉-၅၁၁၉၄၀၇ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သတ္တပါရမီ

မပေဒါ(ရောဝတီ)

**"အလွမ်းမှာတမ်းချွေ"**

မနော်ဟရီသည် ဟိမဝန္တာ တောင်အနီးတွင် သီတင်းသုံးသော ကဿပရသေ့ကျောင်းသို့ဝင်၍ ရသေ့ကြီးအား အကျိုးအကြောင်း စုံလင်စွာ လျှောက်ထားသည်။

''တပည့်တော်မ၏ ခင်ပွန်းယောကျ်ား သုဓနုမင်းသား တပည့်တော်မအား ရှာဖွေရင်း ဤနေရာသို့ ရောက်ရှိခဲ့ပါလျှင် ဤမှရှေ့သို့ ဆက်လိုက်ရန် မှာကြားခဲ့ပါတယ်။ ရှေ့ခရီးမှာ နတ်ဘီလူးများ ပေါများသော အေသဖြစ်၍ ခရီးကြမ်းပါတယ်။ ဒီက နေလှည့်ပြန်ဖို့ ပြောပေးပါ။ တားမရဘဲ ဆက်၍လိုက်လာမည်ဆိုလျှင် သုဓနုမင်းသားအား ဤမန္တန်နှင့် တပည့်တော်တို့ ဆွေမျိုးခုနစ်ဆက် သုံးစွဲသာသော (သတ္တကုလိက) ဆေးတော်ကို ပေးလိုက်ပါ။ ဤမှ တစ်ယူဇနာအကွာတွင် ပန်းရင်းမြက်တော၊ ဝါးတော၊ ထို့နောက် ယူဇနာသုံးဆယ်ကျယ်သော သမန်းမြက်တော၊ ထင်းရှူးတော၊ မြမြက်တော၊ ဆူးချုံပါသော ကြိမ်တော၊ ကောင်းကင်သဖွယ်ဖြစ်သောတော၊ လက်သည်း ခြေသည်းရှည်သော သတ္တဝါတို့ပေါ သည့်တော၊ အခွဲရခက်သော အသီးများရှိသည့်တော၊ ဘီလူးတော၊ မှောင်မည်းနေသည့် တောအထပ်ထပ် ရှိပါတယ်။ ထိုမှလွန်သော် အလွန်ကြီးမားသော ဆင်ပြောင်ကြီးနှစ်ကောင် ထိုးခုတ်ပြီး လမ်းပိတ်နေပါလိမ့်မည်။ ထိုအခါ မင်းသားသည် ဤမန္တန်ကို ရွတ်၍ ဆေးကိုစားပြီး ဆင်ပြောင်ကြီးများ ပေါင်ကြားမှ ထွက်သွားပါ။ ထိုမှဆက်လျှင် အလွန်မြင့်မားသော တောင်ကြီးနှစ်လုံး အချင်းချင်း ထိပါးပုတ်ခတ်လျက် ရှိပါသည်။ ဤမန္တန်ကို ရွတ်၍ ဤဆေးကိုစားပါ။ မန္တန်အစွမ်းကြောင့် တောင်ကြီးတို့ ပြိုကွဲသွားကြပါလိမ့်မည်။ ထိုတောင်ပေါက်ကြားမှ ဆက်၍ သွားသောအခါ ဘီလူးများ နေ့သေအာနေရာသို့ ရောက်ပါလိမ့်မည်။ လမ်းအလယ်၌ ထန်းခုနစ်ပင်ဆက်မျှ ကြီးမားသော ဘီလူးကြီးသည် လမ်း၌ တည်နေပါလိမ့်မည်။ ထိုအခါ မန္တန်ရွတ်၍ ဆေးကိုစားပြီး ဤဆေးကို တုတ်ဖျားတွင် အနည်းငယ်လိမ်းကျံ၍ ယင်းတုတ်ဖြင့် ဘီလူးကြီးအား ထိုးလိုက်လျှင် ဘီလူးသည် ထိုနေရာ၌ လဲကျသွားပါလိမ့်မည်။ ဘီလူး၏ခေါင်းကို ကျော်၍သွားပါ။ ထိုမှဆက်လျှင် တစ်ယူဇနာကျယ်သော မြစ်ကြီးတစ်စင်းကို တွေ့ပါလိမ့်မည်။ ထိုရေတို့ကို မထိပါနှင့်။ ထိပါက အသက်သေပါလိမ့်မည်။ အကယ်၍ မယုံကြည်ပါလျှင် ... သန်လျက်ဖြင့်သော်လည်းကောင်း၊ ဓားဖြင့်သော်လည်းကောင်း အဝတ်ကိုချည်၍ ရေထဲချကြည့်ပါ။ အဝတ်သည် မွမွကြေညက်သွားပါလိမ့်မည်။ ထိုမြစ်ကြီး၌ ကြီးမားသော စပါးကြီးမြွေသည် ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းကို တံတားသဖွယ် ခင်းနေပါလိမ့်မည်။ ဤမန္တန်ရွတ်၊ ဤဆေးစားပြီး ခြေ၌ အနည်းငယ် သုတ်၍ မြွေကြီး၏ ကျောပေါ်မှ လျှောက်သွားပါ။ အမြီးမှ ခေါင်းတိုင်အောင် တစ်နေ့တာ သွားရပါသည်။ တစ်ဖက်ကမ်းရောက်သောအခါ ယူဇနာတစ်ရာရှိသော ကြိမ်တောကို ရောက်ပါလိမ့်မည်။ ထိုကြိမ်တောကို

www.burmeseclassic.com

ဖြတ်သန်းရန် မလွယ်ပါ။ ထိုနေရာတွင် အိမ်လုံးပမာဏရှိသော ငှက်ဆင်ကြီးများ ရှိပါလိမ့်မည်။ ငှက်ဆင်တစ်ကောင်၏ အတောင်ကြားတွင် ဤကမ္ဗလာကိုခြုံ၍ အိပ်နေပါ။ ငှက်ဆင်ကြီးများ ကောင်းကင်ခရီးဖြင့် ပျံတက်သောအခါ ကြိမ်တောကိုလွန်၍ ကေလာသတောင်ထိပ်ပေါ်မှာရှိသော မြို့တော်ကို ရောက်ပါလိမ့်မည်ဟု ခရီးစဉ်ကိုလျှောက်ထားပြီး ကောင်းကင်ခရီးဖြင့် ကေလာသတောင်ထိပ်သို့ ပြန်လေသည်။

ဒုမရာဇ်မင်းကြီးသည် သမီးတော် မနော်ဟရီ ပြန်လာသောအခါ သမီးတော်သည် လူ့ပြည်တွင် လူတို့နှင့်ရောနှော ဆက်ဆံခဲ့သည်ဖြစ်၍ သမီးတော်အား ဘုံဗိမာန်သို့ဝင်ရန် မသင့်သဖြင့် တစ်ခုသော အရပ်မှာ ပြာသာဒ်ဆောင်အသစ် ဆောက်လုပ်၍ ကိန္နရီအခြံအရံများနှင့်အတူ သမီးတော်အား နေစေသည်။

"မောင်တော်ရယ် ... နှမတော်ဟာ မောင်တော်နှင့်တွေ့ဆုံပြီး ချစ်ခင်စွာ ပေါင်းသင်းဆက်ဆံခဲ့ကြတယ်။ ကံကြမ္မာအရ ခွဲခွာခဲ့ကြရတယ်။ နှမတော်ဟာ ခြေလက်အဆင်တန်ဆာ ဒွါဒရာတို့ရဲ့ အစွမ်းကြောင့် နေရပ်ဌာနီကို ကောင်းမွန်စွာ ပြန်လည်ရောက်ရှိလာခဲ့ပါပြီ။ အန္တရာယ်ထူပြောလှတဲ့ ကန္တာရခရီးကြမ်းကို မောင်တော်စွန့်စားပြီး လိုက်မလာစေချင်တာကတော့ အမှန်ပါပဲ။ နှမတော်အတွက် မောင်တော် အသက်ပါဆုံးရှုံးရတယ်ဆိုတဲ့ အဖြစ်မျိုးကို နှမတော် မကြားဝံ့ဘူးမောင်တော်။ မောင်တော် အသက်ရှင်လျက် ရှိနေစေချင်တယ်။ အဝေးကပဲ လွမ်းနေစေချင်တယ်။ မောင်တော့်အပေါ် ထားရှိခဲ့ဖူးတဲ့ မေတ္တာနှင့် သစ္စာတရားကို ထာဝရ ထိန်းသိမ်းထားရင်း သက်ဆုံးတိုင် တစ်ကိုယ်တော်ဘဝနှင့် ရှင်သန်ပါတော့မယ်။ နှမတော်ရဲ့ဘဝမှာ အသစ်ဆိုတာ မရှိစေရဘူး။ နောက်တစ်ယောက်ဆိုတာ မရှိစေရဘူးလို့ နှမတော် အလေးအနက်ကို ကတိပြုပေးလိုက်ပါတယ် မောင်တော်"

## "ချစ်မေတ္တာ၏ စေတမန်"

သုဓနုမင်းသားသည် သူပုန်ရန်တို့ကို နှိမ်နင်းအောင်မြင်၍ ပြန်လာသောအခါ မိဖုရား မနော်ဟရီကို မမြင်တွေ့ရသဖြင့် မယ်တော်အား မေးမြန်းရာ အကြောင်းစုံသိရသဖြင့် မနော်ဟရီနောက်သို့ ချက်ချင်းလိုက်ရန် ပြင်ဆင်သည်။ မယ်တော်က ငိုယို၍ တားမြစ်သည်။ နတ်သမီးတမျှ လှပသော မင်းသမီးကို ရှာဖွေပေးပါမည်။ တိုင်းပြည်အုပ်ချုပ်ပြီး စံမြန်းနေပါဟု ဆိုသောအခါ ...

"အို ... မယ်တော်ကြီး သားတော်သည် မနော်ဟရီအား မမြင်မတွေ့ရပါလျှင် သေရပါလိမ့်မည်။ ချစ်သူမျက်နှာကို မမြင်မတွေ့ရဘဲ အသက်ရှင်နေထိုင်ရခြင်းထက် သေရခြင်းက မြတ်ပါတယ်။ အခြား မည်သည့်မိန်းမမျိုးကိုမှ အလိုမရှိပါဘူး။ မနော်ဟရီကိုသာ လိုအပ်ပါတယ်"

ဟု လျှောက်ထား၍ ပြာသာဒ်မှ ဆင်းလေသည်။ ထို့နောက် မုဆိုးနေရာသို့သွား၍ မုဆိုးအား တောလမ်းခရီးစဉ်ကို မေးမြန်းသည်။ မုဆိုး၏ လမ်းပြမှုဖြင့် ဟိမဝန္တာတောင်ခြေမှ ကဿပရှင်ရသေ့ထံ ရောက်သွားခဲ့သည်။ ကဿပရသေ့သည် မနော်ဟရီမှာထားခဲ့သည့်အတိုင်း အန္တရာယ်ထူပြောလှသော ရှေ့ခရီးသို့ ဆက်မလိုက်ရန် တားမြစ်သည်။ ထို့နောက် မနော်ဟရီပေးထားခဲ့သော စိန်လက်စွပ်နှင့် ကမ္ဗလာနီအဝတ်ကို ထုတ်ပေးသည်။ သုဓနုမင်းသားသည် ပစ္စည်း နှစ်ခုကို ယုယစွာပိုက်ထွေး၍ မိမိမျက်စိအောက်တွင် မနော်ဟရီ ရောက်နေသကဲ့သို့ ထင်မှတ်ခံစားရလေသည်။ သုဓနုမင်းသားသည် မနော်ဟရီအပေါ်တွင် ပြင်းထန်စွာ စွဲလမ်းနေသည်ဖြစ်၍ နောက်သို့မဆုတ်ဘဲ အသက်ပင်သေသေ ရှေ့သို့တိုးမည့်ဖြစ်ကြောင်း လျှောက်ထားသည်။ တားမရသည့်အဆုံး မနော်ဟရီ မှာထားခဲ့သည့် ခရီးလမ်းကြောင်းကို ရှင်းပြပြီး မန္တန်နှင့် (သတ္တကုလိက)ဆေးကို ပေးလိုက်သည်။ သုဓနုမင်းသားသည် လမ်းပြအဖြစ် မျောက်ငယ်တစ်ကောင်ကိုခေါ်၍ အစဉ်အတိုင်း ကန္တာရခရီးကြမ်းကို ဖြတ်သန်းခဲ့ရာ ခုနစ်နှစ်၊ ခုနစ်လ၊ ခုနှစ်ရက်ကြာသောအခါ အလုံးစုံသော တောတောင်တို့ကို ကျော်ဖြတ်ပြီးနောက် ထန်းခုနစ်ဆင့်မြင့်သော၊ မီးလျှံသဖွယ် မျက်လုံးရှိသော ဘီလူးကြီးကိုတွေ့ရာ (သတ္တဝါလိက) ဆေးကို ဝါးမျိုလျက် မန္တန်ကိုရွတ်ဆိုပြီး တုတ်ဖျား၌ ဆေးကိုသုတ်၍ ယင်းတုတ်ဖြင့် ဘီလူးကြီးရင်ညွန့်ကို ထိုးလိုက်ရာ ဘီလူးကြီး လဲကျသွားသည်။ ထိုမှ ဘီလူးကြီးခေါင်းကိုနင်း၍ ခရီးဆက်ရာ မြစ်ကြီးတစ်ခုသို့ရောက်သည်။ ယင်းမြစ်ကြီးကို စပါးကြီးမြွေကျောကုန်းပေါ်မှ ကူးသွားပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com

ကြိမ်တောသို့ ရောက်သွားသည်။ ကြိမ်ကိုဆွဲ၍ သစ်ပင်ထက်သို့ တက်ပြီးအိပ်လေသည်။ နေလည်း ဝင်လေပြီ။ သုမနမင်းသားသည် ရှေ့ခရီးကို မသိတော့သဖြင့် ငိုကြွေးနေသည်။

"အို ... သုမန၊ သင်သည် မိန်းမအတွက်နှင့် ကျေးဇူးရှင် မိဘများကို စွန့်ခွာ၍ ဤအရပ်သို့ ထွက်လာခဲ့သည်။ ကြုံလာသမျှဒုက္ခကို ခံပေဦးတော့"

ဟု ကိုယ့်အကြောင်း ကိုယ်တွေးသည်။ ကိုယ့်ဘာသာ ဆုံးမသည်။

ထိုအချိန်တွင် ကြိမ်တောမှာ ကျက်စားနေကြသော ငှက်ဆင်ကြီးများ ရောက်လာသည်။ သူတို့ဘာသာဘာဝ ပြောနေသော စကားတို့ကို မင်းသားကြားလိုက်ရသည်။

"နက်ဖြန် ဒုမရာဇ်မင်းကြီးက သူ့သမီးတော်ကြီး မနော်ဟာရီကိုယ်မှ ဘုန်းများဖယ်ရှားရန် ပွဲကြီးသဘင် ဆင်ဆင်ကျင်းပလိမ့်မယ်။ ငါတို့ သည်ပွဲကြီးသဘင်သို့သွား၍ အစောင့်အရှောက်ထားသော များစွာသော ဘဏ္ဍာတို့ကို ယူလျက် အစာအမျိုးမျိုးတို့ကို စားသောက်ကြကုန်အံ့"

ဟု ပြောဆိုကြကုန်၏။

သုမနမင်းသားသည် ငှက်ဆင်ကြီးများ၏စကားကို ကြားရသောအခါ ငှက်ဆင်ကြီးတစ်ကောင်၏ ဇုတောင်ကြားသို့ဝင်၍ သန်လျက်ဖြင့် ဖွဲ့နှောင်ထုံးချည်လျက် အိပ်လေသည်။ နံနက်မိုးသောက်သော် ငှက်ဆင်များသည် တောင်းကင်ခရီးဖြင့် ကြိမ်တောသို့ ပျံ၍ ရေကန်ကြီး ကန်ပေါင်တွင် ဆင်းကြကုန်သည်။ သုမနမင်းသားသည် ငှက်ဆင်တောင်ပံမှ ဆင်းကာ ကန်ပေါင်ဘေးတွင် ပုန်းအောင်းနေသည်။ ခဏအကြာတွင် ကိန္နရီမ ၁၆ ယောက်တို့သည် ရေကန်သို့ ဆင်းလာကြသည်။

"ငါတို့သည် မနော်ဟာရီ မင်းသမီးကို ဤရေကန်မှရေဖြင့် ချိုးပေးကြကုန်အံ့"

ဟု အချင်းချင်းပြောဆိုသည်။ ထိုစကားကို သုမနမင်းသား ကြားသောအခါ လွန်စွာဝမ်းမြောက်လှ၍

"ငါရောက်နေကြောင်း မနော်ဟာရီသိအောင် ပြုလုပ်မည်။ ငါသည် သစ္စာပြုအံ့။ ငါသည် မနော်ဟာရီနှင့် ပြန်လည်ပေါင်းဆုံရမည်ဖြစ်သော် ... ကိန္နရီမတစ်ယောက်သည် ရေအိုးကို ချီပင့်မရပါစေသား"ဟု သစ္စာပြုသည်။

ကိန္နရီမတို့သည် ရေအိုးကိုယ်စီ ချီမလျက် သွားကြသည်။ ထိုအထဲမှ တစ်ယောက်သည် ရေအိုးကို မချီ၍ မနိုင်သောကြောင့် ဘေးပတ်လည်ကို ကြည့်လိုက်ရာ သစ်ပင်ရင်းတွင် ထိုင်နေသော သုမနမင်းသားကို တွေ့ရသည်။ ကိန္နရီမက ရေအိုးကို ချီပင့်ပေးရန် အကူအညီတောင်းသည်။ အကြောင်းအကျိုးမေးကြည့်ရာ ... ကိန္နရီမက အကြောင်းစုံရှင်းပြသည်။ မင်းသားသည် ကန္နရီမအား ရေအိုးကို ပင့်ပေးသည်။ စိန်လက်စွပ်ကို ရေအိုးတွင်းသို့ ထည့်ပေးလိုက်သည်။

မနော်ဟာရီ ရေချိုးရာသို့ နောက်ဆုံးမှရောက်လာသော ကိန္နရီမသည် ရေအိုးကိုလောင်း၍ ရေချိုးပေးခဲ့သည်။ အိုးတွင်းမှ စိန်လက်စွပ်သည် မနော်ဟာရီ၏ လက်သန်းတွင် စွပ်မိလေသည်။ စိန်လက်စွပ်ကို တွေ့သောအခါ မနော်ဟာရီသည် အံ့ဩတုန်လှုပ်စွာဖြင့် သုမနမင်းသား ဤအရပ်ကို ရောက်ပြီဖြစ်ကြောင်း သိရသည်။ ထို့နောက် နောက်ဆုံးရေသယ်လာသော ကိန္နရီမအား အကြောင်းစုံကို မေးမြန်းရာ အဖြစ်မှန်ကို သိရသည်။

"မင်းသားအတွက် ရေချိုးပြီး ပန်းနံ့သာများ လိမ်းကျံလျက် ဤဝတ်တန်ဆာတို့ကို ဝတ်ဆင်ကာ၊ ဤတန်ဆာတို့ကို ဆင်မြန်းလျက် မနော်ဟာရီလာသည့်တိုင်အောင်စောင့်ရန် ပြောကြား၍ ကိန္နရီမအား စေလွှတ်သည်။

သုမနမင်းသားသည် ရေချိုး၊ နံ့သာများလိမ်း၍ ဝတ်စားတန်ဆာများဝတ်ဆင်ပြီး ရေအိုင်နားမှာနေသည်။ မနော်ဟာရီသည် အလုပ်အကျွေးများနှင့်အတူ ခမည်းတော်ကြီးထံဝင်၍ အကျိုးအကြောင်း လျှောက်ထားရန် မင်းကြီးထံ အခစားဝင်လာရာ မင်းကြီးသည် သမီးတော် ပြန်လာရခြင်း အကြောင်းကို မေးသည်။ မနော်ဟာရီက အဖြစ်မှန်ကို ရှင်းလင်းလျှောက်ထားသည်။ သုမနမင်းသားသည် ဇမ္ဗူဒိပ်ကျွန်းကို အုပ်စိုးနိုင်သော ဆင်ပြောင်ငါးစီးအားကို ဆောင်နှင်းသော ယောက်ျားမြတ်ဖြစ်ကြောင်း လျှောက်ထားသည်။

ခမည်းတော်က ဤမျှဘုန်းကြီးသော ယောက်ျားသည် သမီးတော်ရှိရာ ဤဒေသသို့ ရောက်လာခဲ့လျှင် ခွန်အားသတ္တိပြည့်စုံသူမှန်လျှင် သမီးတော်ကို ထည့်ပေးလိုက်မည်ဟုဆိုသည်။

မနော်ဟာရီက ရေကန်အနီးတွင် သုမနမင်းသား ရောက်ရှိနေကြောင်း တင်ပြရာ မင်းကြီးသည် အံ့ဩစွာဖြင့် မင်းသားအား ခေါ်ဆောင်စေသည်။

www.burmeseclassic.com

ထိုအခါ သုဓနုမင်းသားသည် နန်းတော်တွင်းသို့ဝင်၍ ဆန်းကြယ်သော သီဟာသနပလ္လင်ထက်မှာနေသော ဒုမရာဇ်မင်းကြီးကို ရှိခိုးနေသည်။ သုဓနုမင်းသား၏ ရုပ်အဆင်း လှပခြင်း ကျက်သရေကို ရှုလို့မတင်းတိမ်အောင် ဝိဇ္ဇာထိုရ်များ၊ ကိန္နရီများက ကြည့်ရှုကြသည်။ မင်းကြီးသည် သုဓနုမင်းသားကို ကြည့်လျက် နှစ်သက်စွာဖြင့် ဘယ်မျှကြာအောင် သင်မင်းသားလာခဲ့ရသနည်းဟု မေးရာ မင်းသားက ခရီးလမ်း အခက်အခဲ အတွေ့အကြုံများကို ရှင်းလင်း၍ ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်ကြာခဲ့ကြောင်း လျှောက်ထားသည်။ ထို့နောက် လေးအတတ် ကျွမ်းကျင်မှုကိုမေး၍ လေးအတတ်ကို ပြစေသည်။

ထန်း ခုနစ်ပင်၊ ရေသဖန်း ခုနစ်ပင်၊ ကြေးပြား ခုနစ်ချပ်၊ ကျောက်တိုင် ခုနစ်တိုင်၊ ကြေးတိုင် ခုနစ်တိုင်၊ သဲအပြည့်ထည့်ထားသော လှည်းခုနစ်စီး၊ မီးစက်နှင့်တူသော ယန္တရား ခုနစ်ခုတို့ကို အဆင့်ဆင့်ထားပြီး သုဓနုမင်းသားအား လေးဖြင့် ပစ်စေသည်။ သုဓနုမင်းသားသည် လေးတင်လျက် အရာအားလုံးကို ပစ်လေသည်။ မြားသည် အရာအားလုံးကို ထွင်းဖောက်ပြီးနောက် စကြဝဠာ တောင်ဝမ်းအလယ်ကိုထိပြီးလျှင် တစ်ဖန် သုဓနုမင်းသား၏လက်သို့ ပြန်ရောက်သည်။ ကြည့်ရှုသူအပေါင်းတို့သည် အလွန်အံ့ဩဝမ်းသာလျက် လက်ပန်းပေါက်ခတ်ကြ၍ ကောင်းချီးပေးကြသည်။ ဒုမရာဇ်မင်းကြီးသည် နေရာမှထ၍ သုဓနုမင်းသား၏ လည်ပင်းကိုဖက်ကာ အလွန့်အလွန် မွန်မြတ်လှသော ယောက်ျားဖြစ်သည်ဟု ချီးမွမ်းသည်။

ထို့နောက် အညိုရောင်ရှိသော အလွန်ကြီးလေးသော ယောက်ျားတစ်ထောင် ချီမခြင်းငှာ မတတ်နိုင်သော ကျောက်ဖျာကြီးကို တစ်ယောက်တည်း ချီမစေသည်။ သုဓနုမင်းသားသည် ခြင်္သေ့မင်းကဲ့သို့ ရဲရင့်စွာထ၍ ကျောက်ဖျာအနီးသို့သွားကာ ကျောက်ဖျာကို သုံးကြိမ် လက်ျာရစ်လှည့်ပြီး ညာလက်ဖြင့် ကျောက်ဖျာကိုကိုင်ကာ

"ငါသည် ဗောဓိပင်ရင်း၌ သစ္စာလေးပါးတရားတို့ကို ထိုးထွင်းသိမြင်လတ္တံ့။ ငါသည် သတ္တဝါတို့၏ ဇာတိမာနစသော အလွန်လေးလံသည့် တောင်ကြီးများကို ရွေ့ပြောင်းခြင်းငှာ တတ်နိုင်မည် ဖြစ်ပါလျှင် အလွန်လေးလံသော ဤကျောက်ဖျာကြီးသည် ပေါ့ပါးစေသား"ဟု သစ္စာပြု၍ ကျောက်ဖျာကို ချီမသည်။ သုဓနုမင်းသားသည် ကျောက်ဖျာကို ပခုံးထက်သို့တင်၍ လူးလာခေါက်ပြန် စင်္ကြံလျှောက်သည်။ အံ့ဩဖွယ်ရာ ကျောက်ဖျာကိုထမ်းပြသော သုဓနုမင်းသား ဗောဓိသုပန်အလောင်းတော်ကို မြင်ရသည့်အခါ ဒုမရာဇ်မင်းကြီးသည် သီဟာသနပလ္လင်ပေါ်မှဆင်း၍ သုဓနုမင်းသား၏ လည်ပင်းကို ဖက်ပြီးလျှင် ကောင်းချီးပေးလေသည်။ ဝိဇ္ဇာအားလုံးတို့သည် ပုဆိုးဦးရစ် ခေါင်းပေါင်းတို့ကို မြှောက်ကြဲကြကုန်သည်။ ထို့နောက် မင်းကြီးသည် သင်၏မိဖုရားကို သိပါ၏လောဟုမေးရာ သိပါသည်ဟု ဆိုသည်။

မင်းကြီးသည် အဆင်းတူ အရွယ်တူ၊ အသွေးအရောင်တူသော သမီးတော်ခုနစ်ဖော်တို့ကို အဆင်တန်ဆာအတူ ဝတ်ဆင်စေ၍ အစဉ်အတိုင်းနေစေလျက် သုဓနုမင်းသားအား ဇနီးကို ရွေးချယ်စေသည်။

မင်းသားသည် ကိန္နရီခုနစ်ဖော်အား အသေအချာကြည့်ပါသော်လည်း အားလုံး အတူတူဖြစ်နေ၍ ရွေးချယ်မရ ဖြစ်နေစဉ် သစ္စာအဓိဋ္ဌာန်ပြုပြန်သည်။

"ငါသည် ရှေးက အများအကျိုးကို ရှာမှီးခဲ့လျက် ယခုအခါ သူတစ်ပါးတို့တပ် နေရပ်ကို ရောက်နေပြီ။ ငါ၏စိတ်အလိုဆန္ဒ ပြည့်ဝပါစေ"

သစ္စာအဓိဋ္ဌာန်ကြောင့် သိကြားမင်းဗိမာန်သည် ပူသောအခြင်းအရာဖြစ်၍ ဆင်ခြင်သော် သုဓနုမင်းသားအကြောင်းကို သိ၍ ရွှေယင်ကောင်အသွင်ဖြင့် မင်းသား၏ အနားသို့ကပ်၍ "မင်းသား ... ငါသည် သိကြားဖြစ်သည်။ ယင်ကောင်အသွင်ဖြင့် သင်၏ဇနီးလက်၌ နားမည်။ ယင်ကောင်နားသော အမှတ်ဖြင့် ဇနီးလက်ကို ဆွဲပေတော့"ဟု တိုးတိုးပြောသည်။

ထို့နောက် ရွှေယင်ကောင်သည် မနော်ဟာရီ၏လက်တွင် နားရာ မင်းသားသည် လက်ကိုဆွဲ၍ ငါ၏ဇနီးဖြစ်ပါသည်ဟု ပြောသည်။ သိကြားသည် ဘုံဗိမာန် သို့ ပြန်သွားသည်။ ပရိသတ်များစွာတို့သည် ချီးမွမ်းစကား ပြောကြား၍ ရတနာအမျိုးမျိုးတို့ဖြင့် ဆင်ယင်သော ဘိသိက်မင်္ဂလာ စီရင်၍ သုဓနုမင်းသားနှင့် မနော်ဟာရီမင်းသမီးအား ရတနာအစုအပုံထက်၌ နေစေ၍ သုဓနုမင်းသားအား မင်းအဖြစ် အ
နှင်းသည်။ မင်းသားသည် မနော်ဟာ
ရီနှင့် ချစ်ခင်စွာပေါင်းသင်း၍ သာ



www.burmeseclassic.com

www.burmeseclassic.com

သမီးအခြံအရံများနှင့်အတူ နတ်စည်းစိမ်ကို ခံစား၍ နှစ်များစွာကို လွန်စေသည်။

တစ်နေ့သော် သုမနမင်းသားသည် ကျေးဖူးကြီးမားလှသော မိဘနှစ်ပါးကို သတိရအောက်မေ့လွန်းသဖြင့် ငိုကြွေးသည်။ မိဘရပ်ထံပြန်ရန် မနော်ဟာရီအားပြောရာ မနော်ဟာရီက ဒုမရာဇ်မင်းကြီးထံ တင်ပြသည်။ မင်းကြီးသည် မိဘကျေးဖူး သိတတ်သော ယောက်ျားမြတ်ကို ကိုယ်တိုင် လိုက်ပို့မည်ဟု ပြောဆိုပြီး ကြီးကျယ်သော ဝိဇ္ဇာထိုရ်အပေါင်းခြံရံလျက် ကောင်းကင်ခရီးဖြင့် လာခဲ့ကြသည်။ ဥတ္တရပဥ္စလမြို့အနီးတွင် ယာယီတဲနန်းများနှင့် နေကြသည်။

သုမန၏ ခမည်းတော် အာဒိစ္စဝံသ မင်းကြီးသည် မြို့တံတိုင်း ပြင်ပတွင် ယာယီတဲများနှင့်နေသောသူများကို ရန်သူများထင်မှတ်၍ နှလုံးမသာယာ ဖြစ်နေသည်။ ထိုစဉ် သုမနမင်းသားသည် ဝိဇ္ဇာထိုရ်များ ခြံရံလျက် မြို့တွင်းသို့ဝင်လာပြီး ပြာသာဒ်ထက်သို့တက်ကာ မိဘနှစ်ပါးခြေအစုံကို ဦးခိုက်လျက် မိမိတို့ ချမ်းသာစွာ လာရကြောင်း ရှင်းပြသည်။

မိဘနှစ်ပါးသည် သားနှင့် ခွဲခွာရသဖြင့် ကျနေရသော မျက်ရည်များသည် ခန်းခြောက်ပြီဟု ဆိုကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။ မင်းကြီးနှင့် မိဖုရားကြီးတို့သည် အခြံအရံစုံစွာ မြို့ပြင်ထွက်၍ ဒုမရာဇ်မင်းကြီးတို့အား တွေ့ဆုံသည်။ ခမည်းတော်များ ဝမ်းမြောက်ရွှင်လန်းစွာ ရက်အတန်ကြာတိုင် ချစ်ခင်ရင်းနှီးစွာ နေကြသည်။ ထို့နောက် လက်ဆောင်ပစ္စည်းများစွာပေးပြီး မြို့တော်ကို ပြန်ကြသည်။

သုမနမင်းသားနှင့် မနော်ဟာရီတို့သည် ဥတ္တရပဥ္စလမြို့၌ နေရစ်သည်။ အာဒိစ္စဝံသမင်းသည် သုမနမင်းသားအား ရာဇာဘိသိက်ဖြင့် မင်းမြှောက်သည်။ မနော်ဟာရီအား မိဖုရားခေါင်ကြီးအရာထားလျက် တရားနှင့်အညီ မင်းပြုသည်။ ခမည်းတော်၊ မယ်တော်တို့အား ကောင်းမွန်စွာ ပြုစုလုပ်ကျွေးသည်။ သားတော်၊ သမီးတော်များ၊ ဆွေတော်မျိုးတော်များ၊ တိုင်းသူပြည်သားများအား ကောင်းမှုကုသိုလ်တော်ဖြင့် ယဉ်ကျေးစေသည်။ နတ်ရွာစံသောအခါ တုသိတာနတ်နန်း၌ ဖြစ်လေသည်။ သားသမီးဆွေမျိုး၊ တိုင်းသူပြည်သားတို့သည်လည်း သေလွန်သောအခါ နတ်ပြည်၌ ဖြစ်ကြလေသည်။

''မောင်တော်ရယ် ၃၁ ဘုံအတွင်းက လွတ်မြောက်ကြောင်း နိဗ္ဗာန်အမြိုက်တရားကို ရှာဖွေနေတဲ့ သမ္မာသမ္ဗောဓိဆုကြီးရှင် မောင်ဘုရားရဲ့ ပါရမီတော်ကို နောက်တော်ပါးက ဖဝါးခြေထပ် လိုက်ပါပြီး ဖြည့်ခွင့်ပေးပါ။ သံသရာမှာ ကျင်လည်နေရသမျှ ကာလပတ်လုံး မခွဲမခွာ အမြဲ ဆုံတွေ့ပါရစေ။ မောင်ဘုရားက သမ္မာသမ္ဗောဓိ ဆုကြီးရှင် ဘုရားစစ်စစ်ဖြစ်လာတဲ့အခါ ခြေရင်းတော်မှ ကျွတ်တမ်းဝင်ရမယ့် မဟာသာဝက ထေရဂ်ဘွဲ့ရထေရီမ တစ်ဦး ဖြစ်ရပါစေသားလို့ နှမတော်လေးနက်လှိုက်လှဲစွာ သစ္စာပြုပြီး ဖြစ်ပါတယ်။ မောင်ဘုရား ကျေနပ်ဝမ်းမြောက်စွာ လက်ခံပေးပါနော်။ နိဗ္ဗာန်ကို အတူတကွ စံဝင်နိုင်အောင် မောင်တော်လည်း နှမတော်နှင့်ထပ်တူ သစ္စာပြုပေးပါလို့ မြတ်နိုးရိုကျိုးစွာ တောင်းပန်လိုက်ပါရစေလား ...။

ဝန်ခံချက် ။ ဤဇာတ်လမ်းမှာ ဖင်းမယ်ဆရာတော် ရေးသားသော ဖင်းမယ်ပဏ္ဏာသ အဋ္ဌကထာအား ဓမ္မာစရိယ ဦးစိုးမြင့် မြန်မာမှုပြုထားသော ဖင်းမယ်ပဏ္ဏာသဝတ္ထုကို မှီငြမ်းပြုပါသည်။

ဤဇာတ်လမ်းမှာ ၅၅၀ နိပါတ်တော်လာ သုမနဇာတ်တော်ဖြစ်၍ ဗုဒ္ဓဘာသာဝင်နိုင်ငံများနှင့် လူမျိုးများက အမြတ်တနိုးလက်ခံထားပြီး ဖြစ်ပါသည်။ အချို့က မနော်ဟာရီအား 'ဒွေးမယ်နော်' ဟူ၍လည်းကောင်း၊ 'နန်းနောင်းခါရီ' ဟူ၍လည်းကောင်း၊ လူမျိုးတို့၏ ဓလေ့ထုံးစံ ယဉ်ကျေးမှုအရ အမည်ကွဲလွဲမှု ရှိသော်လည်း ဇာတ်လမ်းမှာ အတူတူပင် ဖြစ်ပါသည်။

ကျေးဇူးပြုမှတ်တမ်း

ဖင်းမယ်ပဏ္ဏာသ အဋ္ဌကထာနှင့် ဘာသာပြန်စာအုပ်၊ ဦးကုလား မဟာရာဇဝင်၊ ငါးရာငါးဆယ် နိပါတ်တော်စာအုပ်များ ရှာဖွေကူညီပံ့ပိုးပေးသော လပွတ္တာမြို့၊ (၃)မိုင်မြို့သစ်မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဒုခရိုင်ဦးစီးမှူး ဒေါ်စန္ဒာကြည်အား ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

သစ္စာလက်နက် စိန်သန်လျက်ဖြင့် အမှောင်ခွင်း၍ အလင်းဆောင်နိုင်ကြပါစေ။

မပေဒါ (ရောဝတီ)



www.burmeseclassic.com

www.burmeseclassic.com

# ပြည်သူချစ်သော အင်ဒီရာ

သို့ မ ဟု တ်

## ပရိဝတ္တန ယောဂ သုံးထပ်ကွမ်းပိုင်ရှင် အမျိုးသမီးဝန်ကြီးချုပ်

နျူမာန်(မိုးတား)

အိန္ဒိယနိုင်ငံ၏ ချစ်သမီး အင်ဒီရာ၊ ပြည်သူတို့၏ အမိသဖွယ် လေးစားချစ်ခင်ခြင်းခံရသော အမျိုးသမီးဝန်ကြီးချုပ် ဖြစ်လာမည့် အင်ဒီရာဂန္ဒီကို အိန္ဒိယနိုင်ငံ၊ အလာဟာဘတ်မြို့တွင် ၁၉၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ ည ၁၁း၁၁ ၌ ဖခင်ဖြစ်သူ ဂျဝါဟာလာ နေရူးနှင့် မိခင်ဖြစ်သူ ကာမလာနေရူးတို့မှ မွေးဖွားသန့်စင်ခဲ့သည်။

● အခြေခံပညာအောင်မြင်ပြီးနောက် ၁၉၃၄-၃၅ ခုနှစ်တွင် အိန္ဒိယစာဆိုတော်ကြီး ရာဘိန္ဒြာ နတ်သ်ဂိုး တည်ထောင်ခဲ့သော ကျောင်းတွင် ဆက်လက်ပညာသင်ကြားခဲ့သည်။ ထို့နောက် အင်္ဂလန်နိုင်ငံ၊ အောက်စ်ဖို့ဒ်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို ဖြေဆိုခဲ့သော်လည်း မအောင်မြင်သဖြင့် ဝင်ခွင့်မရခဲ့။ ၁၉၃၇ တွင်မှ အောက်စ်ဖို့ဒ်တက္ကသိုလ်၊ ဆိုမာဗီလီးကောလိပ်တွင် ပညာသင်ခွင့်ရခဲ့၏။ နောင်တွင် ခင်ပွန်းဖြစ်လာမည့် ဖာရိုးဇ်ဂန္ဒီနှင့် ဤကာလတွင်ပင် ဆုံတွေ့ခဲ့၏။ သို့နှင့်ပင် ၁၉၄၂ ခုနှစ်တွင် သူတို့နှစ်ဦး လက်ထပ်ဖြစ်ခဲ့ကြသည်။

● ၁၉၄၁ တွင် အိန္ဒိယသို့ပြန်ရောက်ကတည်းက အိန္ဒိယနိုင်ငံ လွတ်လပ်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

● ၁၉၆၄ တွင် ဖခင်ဖြစ်သူ နေရူး ဆုံးပါးပြီးနောက် အထက်လွှတ်တော် အမတ်တစ်ဦးဖြစ်လာ၍ သတင်းနှင့် ပြန်ကြားရေးဝန်ကြီး တာဝန်များ ဆောင်ရွက်ခဲ့သည်။ အခြားသော ဘဏ္ဍာရေးဝန်ကြီးတာဝန်၊ ပြည်ပရေးရာဝန်ကြီးတာဝန်များကို ဆက်လက်ထမ်းဆောင်ခဲ့၏။

● ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီ ၂၄ မှ ၁၉၇၇၊ မတ်လ ၂၄ အထိ ဝန်ကြီးချုပ်အဖြစ် ပထမအကြိမ်သက်တမ်း တာဝန်ကို ထမ်းဆောင်ခဲ့ရ၏။ အိန္ဒိယနိုင်ငံ၏ တတိယမြောက် ဝန်ကြီးဖြစ်ပြီး ထိုအချိန်ကာလက အမျိုးသမီးများအား အိမ်ထောင်ရှင်မအဖြစ်သာ သဘောထားသော အိန္ဒိယတွင် ပထမဆုံးသော ဝန်ကြီးချုပ်ဖြစ်ခဲ့၏။

သို့သော် နိုဝင်ဘာလ ၁၉၆၉ တွင် ပါတီ၏ စည်းကမ်းများကို မလိုက်နာမှုဖြင့် ထိုအချိန်က ကွန်ဂရက်ပါတီဥက္ကဋ္ဌ ဖြစ်နေသူ အင်ဒီရာအား ကွန်ဂရက်ပါတီမှ ထုတ်ပယ်ခြင်း ခံခဲ့ရသည်။ အင်ဒီရာသည် ကွန်ဂရက်(အာရ်) Requisition ဆိုသော ပြိုင်ဘက်ပါတီကို တည်ထောင်ခဲ့ခြင်းဖြင့် နှစ်ပိုင်းကွဲသွားသည်။ မူလ ကွန်ဂရက်ပါတီ ခေါင်းဆောင်တို့



www.burmeseclassic.com

www.burmeseclassic.com

အပွဲတွင် ၇၀၅ ဦးမှ ၄၄၆ ဦးသည် အင်ဒီရာတည်ထောင်သော ကွန်ဂရက်ပါတီအသစ် နယူးကွန်ဂရက်ပါတီသို့ ပြောင်းရွှေ့သွားခဲ့သည်။

● ၁၉၈၀ ဇန်နဝါရီလတွင် အင်ဒီရာသည် ဝန်ကြီးချုပ်အဖြစ် ဒုတိယအကြိမ် ပြန်လည်ရရှိခဲ့သည်။ သို့သော် ဆက်မြက်သော သားငယ်ဖြစ်သူ ဆန်ဂျေးသည် တရားဝင် ဝန်ကြီးမဟုတ်သေးသော်လည်း တန်ခိုးပါဝါ အပြကောင်းခဲ့သဖြင့် အဆင့်မြင့်ဝန်ကြီးများ၊ ကက်ဘိနက် ဝန်ကြီးများစွာတို့ အင်ဒီရာအနေဖြင့် မိမိတို့ မပျော်ပိုက်ကြောင်း သိစေရန်အလို့ငှာသည့်အနေဖြင့် ရာထူးများမှ နုတ်ထွက်ခဲ့ကြသည်။ သားငယ် ဆန်ဂျေးသည် ၁၉၈၀၊ ဇွန်လ ၂၃ ရက်တွင် လေယာဉ်ပျက်ကျပြီး ကွယ်လွန်ခဲ့သည်။

● ၁၉၈၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် ဖြစ်ပွားခဲ့သော ပန်ဂျပ်ပြည်၊ ရွှေကျောင်းအရေးအခင်း ကိုင်တွယ်ပုံနှင့်ပတ်သက်၍ မကျေနပ်သော သူမ၏ ဆစ်ခ်လူမျိုးကိုယ်ရံတော်နှစ်ဦးမှ သူမအား ၁၉၈၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်တွင် ပူးပေါင်းလုပ်ကြံခဲ့ကြ၏။

ဤသည်ကား အင်ဒီရာဘဝမှ အချက်အလက်အချို့ဖြစ်၏။

## ပရိဝတ္တနယုဂ်နှင့် အင်ဒီရာ ဂန္ဒီ

ပြီးခဲ့သော ဆောင်းပါးတစ်ခုဖြစ်သော “ယုဂ် (သို့မဟုတ်) ကံကြမ္မာကို စစ်ဆေးသော ပုံသေနည်းများ” ဆောင်းပါးတွင် ပရိဝတ္တနယုဂ်အကြောင်း ရေးသားဖော်ပြခဲ့ပါသည်။

ပရိဝတ္တနယောဂကို အသေးစိတ်လေ့လာမည်ဆိုလျှင် အမျိုးအစားပေါင်း ၆၆ မျိုးအထိ ရှိပါသည်။ ၎င်းတို့ကို အုပ်စုအနေဖြင့် ရိုးရိုးလေး ခွဲစိတ်သုံးသပ်မည်ဆိုပါက အောက်ပါအတိုင်း အုပ်စုသုံးမျိုးကို တွေ့ကြရပါမည်။

● (၁) ကောင်းသော ဘာဝအိမ်ရှင်များ အချင်းချင်း အိမ်ဖလှယ် ရပ်တည်နေကြခြင်း။ ဥပမာ-တြိဂေါဏအိမ်ရှင်များနှင့် ကိန်းအိမ်ရှင်များ။ (အကောင်းဆုံး အကျိုးပေးသော အနေအထား)


● (၂) ကောင်းသော ဘာဝအိမ်ရှင်များနှင့်က မကောင်းသော ဘာဝအိမ်ရှင်များ အိမ်ဖလှယ်ရပ်တည်နေကြခြင်း။ (ကောင်းကျိုးနှင့် ဆိုးကျိုးတို့ကို ယှဉ်တွဲပေးတတ်သော အမျိုးအစားအနေအထား)

● (၃) ဒုဋ္ဌာန ဘာဝအိမ်ရှင်အချင်းချင်း အိမ်ဖလှယ် ရပ်တည်နေကြခြင်း။ ရှင်းလင်းအောင်ဆိုရလျှင် အချို့သော ပညာရှင်များ ပြောလေ့ရှိတတ်သည့် မကောင်းသောဂြိုဟ်များ မကောင်းသော အတန့်တွင် နေလျှင် ကောင်းသည်ဆိုသော တစ်နည်းအားဖြင့် “ဝိပရိတ္တ ရာဇ ယောဂ” အနေဖြင့် နှစ်ထပ်ကွမ်းဖြစ်နေခြင်းကို ဆိုလိုသည်။ မိုးတား MOTAA မှုအနေဖြင့် “ဝိပရိတ္တ ရာဇ ယောဂ”ကို အသိအမှတ်မပြုပါ။ အဘယ့်ကြောင့်ဆိုသော် ဂြိုဟ်ဆိုးတစ်လုံးသည် မိမိအနေဖြင့် ပိုင်ဆိုင်ထားသော အိမ်တွင် ရပ်တည်ခြင်းမဟုတ်ဘဲ အခြား အတန့်ဘာဝ (အခြားဒုဋ္ဌာန ဘာဝပင် ဖြစ်လင့်ကစား) တစ်ခုခု၏ အလယ်မှတ်နှင့် နီးစပ်ပါက ထိုဘာဝအတန့်အား ဖျက်ဆီးသောကြောင့် ဖြစ်သည်။ မိမိအနေဖြင့် သခင်အဖြစ် ပိုင်ဆိုင်သော ဘာဝကိုမူ မဖျက်ဆီးပါ။

ပြီးခဲ့သော ဆောင်းပါးများနှင့် သင်ခန်းစာများတွင် ထိုအချက်ကို ရှင်းပြထားချက်များ ပါဝင်ပါသည်။ (ကျမ်းမူများမှ တိုက်ရိုက်ယူသော အဆိုများအရမူ ထိုယောဂပိုင်ရှင်သည် အစပိုင်းတွင် အခက်အခဲတို့ကို ရင်ဆိုင်ရသော်လည်း အလွန်ကောင်းသော အကျိုးများပေးသည်ဟု ဆိုထားပါသည်။)

အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်ခဲ့သူ အင်ဒီရာဂန္ဒီ၏ ဇာတာတွင် အလွန်ထူးခြားသော အနေအထား ရှိပါသည်။

ထိုအချက်မှာ ပရိဝတ္တနယောဂ သုံးထပ်ကွမ်း ပါရှိနေခြင်း ဖြစ်ပါ၏။ အောက်တွင် ကြည့်လိုက်ပါ။



www.burmeseclassic.com

ပရိဝတ္တန ယောဂ အမှတ်(၁)။ (မဟာပရိဝတ္တန ယောဂ အမျိုးအစား ဖြစ်သည်။)

လဂ်မှ ၇ တန့်ဘာဝ အိမ်ရှင် (သခင်မဟုတ်ပါ) ဖြစ်သော စနေသည် လဂ်သခင်ဖြစ်သော တနင်္လာဂြိုဟ်နှင့် ပိုင်ဆိုင်သော ရာသီအိမ်ချင်း ဖလှယ်၍ ရပ်တည်နေကြခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် ၇ တန့်ဘာဝသည် ကိန်းအိမ်ဖြစ်ပြီး ၁ တန့်ဘာဝသည် ကိန်းအိမ်လည်းဖြစ်၊ တြိကောဏအိမ်လည်း ဖြစ်သော အိမ်ဖြစ်သည်။

ကိန်းအိမ်ရှင်နှင့် တြိကောဏအိမ်တို့ ဖလှယ်ခြင်းကို ဗြိဟတ်ဇာတက ပရာသျှရ ဟောရ သျှတ္တရကျမ်း အခန်း ၃၄၊ ဂါထာ ၁-၁၇ တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

*If there be an exchange between a Lord of a Kendra and a Lord of a Kona, or if a Lord of a Kendra is yuti with a Lord of a Kona is a Kendra or in a Kona, of if a Lord of a Kona is in Kendra, or vice versa, or if there happens to be a full Drsti between a Lord of a Kendra and a Lord of a Kona, they cause a Yoga. One born in such a Yoga will become a king and be famous.*

အံ့သာကို မစစ်ဆေးသော သမားရိုးကျ စစ်ဆေးနည်းများအရဆိုလျှင် စနေသည် တနင်္လာဂြိုဟ်နှင့် သမသတ် ရပ်တည်နေခြင်းဖြင့် ၎င်းတို့အချင်းချင်း မြင်နေသကဲ့သို့ပင် ရှိနေသေး၏။

(ဤစစ်ဆေးချက်သည် သမားရိုးကျ နက္ခတ်စစ်ဆေးသောမှုအရဖြစ်၍ မိုးတား MOTAA မှ မဟုတ်ပါ။ အံ့သာအနေအထား ကွာဝေးခြင်းဖြင့် သမသတ်တည့်တိုင်း မမြင်သကဲ့သို့ ရာသီတစ်ခုတည်း ကျတိုင်းလည်း မဟုတ်ပါ။ ထို့အပြင် မိုးတားအနေဖြင့် ဂြိုဟ်တို့၏ စရိုက်သဘာဝကို ဆုံးဖြတ်ရာတွင် သခင်ဖြစ်သော ဘာဝအရသာ ယူ၍ အိမ်ရှင်အနေဖြင့် မယူပါ။ ယခုအနေအထားတွင် စနေကို ၈ တန့်သခင်အဖြစ် သာယူပါသည်။)

ပရိဝတ္တန ယောဂ အမှတ်(၂)။ (မဟာပရိဝတ္တန ယောဂ အမျိုးအစား ဖြစ်သည်။)

လဂ်မှ ၅ တန့်ဘာဝ အိမ်ရှင် (သခင်မဟုတ်ပါ) ဖြစ်သော အင်္ဂါသည် ၂ တန့်ဘာဝ အိမ်ရှင်လည်းဖြစ် (သခင်လည်းဖြစ်သော)သော တနင်္ဂနွေဂြိုဟ်နှင့် ပိုင်ဆိုင်ရာ ရာသီအိမ်ချင်း ဖလှယ်၍ ရပ်တည်နေကြခြင်း ဖြစ်၏။

အံ့သာကို မစစ်ဆေးသော သမားရိုးကျ စစ်ဆေးနည်းများအရဆိုလျှင် အင်္ဂါသည် ၄ တန့်ဘာဝကို မြင်သည်ဆိုသောကြောင့် အင်္ဂါမှ တနင်္ဂနွေကို မြင်နေသကဲ့သို့ပင် ရှိနေသေး၏။ (မိုးတား MOTAA မှ မဟုတ်ပါ။ အံ့သာအနေအထား ကွာဝေးခြင်းဖြင့် သမသတ်တည့်တိုင်း မမြင်သကဲ့သို့ ရာသီတစ်ခုတည်း ကျတိုင်းလည်း မဟုတ်ပါ။ အင်္ဂါသည် မိသရာသီ ၁၀ တန့်ဘာဝ၏ သခင်သာ ဖြစ်ပါသည်။)

ပရိဝတ္တန ယောဂ အမှတ်(၃)။ (တီည ပရိဝတ္တန ယောဂအမျိုးအစား ဖြစ်သည်။)

လဂ်မှ ၆ တန့်ဘာဝ အိမ်ရှင်လည်းဖြစ်(သခင်လည်းဖြစ်သော) ဖြစ်သော ကြာသပတေးသည် ၁၀ တန့်ဘာဝ အိမ်ရှင်ဖြစ်သော (သခင်မဟုတ်ပါ)ဖြစ်သော သောကြာဂြိုဟ်နှင့် ပိုင်ဆိုင်ရာ ရာသီအိမ်ချင်း ဖလှယ်၍ ရပ်တည်နေကြခြင်းဖြစ်၏။

## ပရိဝတ္တန ယောဂတို့အား အသေးစိတ်လေ့လာခြင်း

ဦးစွာပထမ ပရိဝတ္တန ယောဂ အမှတ်(၁)ကို လေ့လာကြပါစို့။ လဂ်မှ ၇ တန့်ဘာဝ အိမ်ရှင် စနေနှင့် လဂ်သခင် တနင်္လာဂြိုဟ် ပိုင်ဆိုင်ရာ နေရာချင်းဖလှယ်နေခြင်းကြောင့် ဖြစ်ပေါ်လာသော ယောဂဖြစ်ပါ၏။

ဤယောဂအနေဖြင့် ကောင်းစွာအလုပ်လုပ်မည်ဆိုပါက စနေနှင့် တနင်္လာတို့ ဒသာစားသောကာလများတွင် ကောင်းကျိုးတို့ကို ထင်ရှားစွာ ရရှိမည် ဖြစ်ပါသည်။

ပထမဦးစွာ အင်ဒီရာ နှစ်နှစ်မပြည့်မီ ကလေးအရွယ် (နိုဝင်ဘာလ၊ ၁၉၁၇ မှ ဇက်တင်ဘာလ၊ ၁၉၂၀ အတွင်း ကာလ)တွင် ပထမ ပရိဝတ္တန အကျိုးပေးပေါ်ရမည့် တနင်္လာ ထုလဒသာနှင့် တနင်္လာအန္တရဒသာတို့ စားပါသည်။

သူ့အနေဖြင့်လည်း ဘာမျှ ထင်ရှားနိုင်သော အတ



www.burmeseclassic.com

www.burmeseclassic.com

သော အရွယ်မဟုတ်သေးသကဲ့သို့ ဖခင်မှာလည်း မဟာတ္တမဂန္ဓီကြီးနှင့် ပူးပေါင်းကာ နယ်ချဲ့တို့အား တော်လှန်ရန် နိုင်ငံရေးဆောင်ရွက်နေသော ကာလဖြစ်ပါသည်။ နေရူးသည် ၁၉၂၁ တွင် နိုင်ငံရေးလှုပ်ရှားမှုအတွက် ထောင်ဒဏ်ကို ပထမဆုံး ကျခံခဲ့ရပါသည်။

ဒုတိယအနေဖြင့် • • •

အင်ဒီရာ ၆ နှစ်ကျော် ကလေးအရွယ် (ဖေဖော်ဝါရီ၊ ၁၉၂၄ မှ စက်တင်ဘာ၊ ၁၉၂၅ အကြားကာလ)တွင် ပရိဝတ္တန အမှတ်(၁) အကျိုးပေးပေါ်ရမည့် တနင်္လာနှင့် စနေတို့ ထူလဒဿာနှင့် အန္တရဒဿာတို့ စားပါသည်။

သူမဘဝတွင် ထင်ရှားသော ကောင်းကျိုးတစ်စုံတစ်ရာ မဖြစ်ခဲ့ပါ။ သို့သော် ဖခင်ဖြစ်သူ နေရူးအနေဖြင့် ၁၉၂၄ တွင် အလာဟာဘတ်မြို့ စည်ပင်သာယာ(ကိုလိုနီအခေါ် မြူနီစပယ်တွင်) ဥက္ကဋ္ဌ ဖြစ်ခဲ့ပါသည်။

တတိယအနေဖြင့် • • •

၁၉၇၀၊ နိုဝင်ဘာလမှ ၁၉၇၃၊ နိုဝင်ဘာလအတွင်း အင်ဒီရာအနေဖြင့် အသက် ၅၂ မှ ၅၃ နှစ်ကျော်အရွယ်တွင် ပရိဝတ္တန အမှတ်(၁) အကျိုးပေးပေါ်ရမည့် တနင်္လာနှင့် စနေတို့ ထူလဒဿာနှင့် အန္တရဒဿာတို့ စားပြန်ပါသည်။

သို့သော် ထိုကာလမတိုင်မီ နိုဝင်ဘာလ၊ ၁၉၆၉ တွင် ပါတီ၏ စည်းကမ်းများကို မလိုက်နာမှုဖြင့် ထိုအချိန်က ကွန်ဂရက်ပါတီဥက္ကဋ္ဌဖြစ်နေသူ အင်ဒီရာအား ကွန်ဂရက်ပါတီမှ ထုတ်ပယ်ခြင်းခံခဲ့ရသည်။ အင်ဒီရာသည် ကွန်ဂရက်(အာရ်) Requisition ဆိုသော ပြိုင်ဘက်ပါတီကို တည်ထောင်ခဲ့ခြင်းဖြင့် ကွန်ဂရက်ပါတီကြီး နှစ်ပိုင်းကွဲသွားသည်။ မူလကွန်ဂရက်ပါတီကော်မီတီမှ အဖွဲ့ဝင် ၇၀၅ ဦးမှ ၄၄၆ ဦးသည် အင်ဒီရာတည်ထောင်သော ကွန်ဂရက်ပါတီအသစ် နယူးကွန်ဂရက်ပါတီသို့ ပြောင်းရွှေ့လာခဲ့သည်။ ထို့ကြောင့် ပရိဝတ္တနအမှတ် (၁) အကျိုးပေးပေါ်ရမည့် ထိုကာလသည် ၁၉၇၅ မတိုင်မီအထိ အင်ဒီရာ အနေဖြင့် မိမိ၏ ပါတီသစ် ရပ်တည်နိုင်ရန် အသည်းအသန် ရုန်းကန်နေရသော ကာလဖြစ်သဖြင့် ကောင်းကျိုးများ ပေါ်လွင်သည့်ကာလဟု မဆိုနိုင်ပါ။

စတုတ္ထအနေဖြင့် • • •

၁၉၈၁၊ အောက်တိုဘာလမှ ၁၉၈၃၊ မေလအတွင်း အင်ဒီရာအနေဖြင့် အသက် ၆၃ နှစ်ကျော်အရွယ်တွင် ပရိဝတ္တန အမှတ်(၁) အကျိုးပေးပေါ်ရမည့် စနေနှင့် တနင်္လာတို့ ထူလဒဿာနှင့် အန္တရဒဿာတို့ စားပြန်ပါသည်။

ထိုကာလမတိုင်မီ ၁၉၈၀၊ ဇန်နဝါရီလတွင် အင်ဒီရာသည် ဝန်ကြီးချုပ်အဖြစ် ဒုတိယအကြိမ် ပြန်လည်ရရှိခဲ့သည်။ (ထိုကာလအတွင်း မဟုတ်ပါ။) သို့သော် ထက်မြက်သော သားငယ်ဖြစ်သူ ဆန်ဂျေးသည် တရားဝင်ဝန်ကြီး မဟုတ်သေးသော်လည်း တန်ခိုးပါဝါ အပြကောင်းခဲ့သဖြင့် အဆင့်မြင့်ဝန်ကြီးများ၊ ကက်ဘိနက်ဝန်ကြီးများစွာတို့ အင်ဒီရာအနေဖြင့် မိမိတို့မပျော်ပိုက်ကြောင်း သိစေရန် ဆန္ဒပြသည့်အနေဖြင့် ရာထူးများမှ နုတ်ထွက်ခဲ့ကြသည်။ ၁၉၈၀၊ ဇွန်လ ၂၃ ရက်တွင် လေယာဉ်ပျက်ကျပြီး ဆန်ဂျေး ကွယ်လွန်ခဲ့သည်။

ပထမ ပရိဝတ္တန အကျိုးပေးပေါ်ရမည့် ၁၉၈၁၊ အောက်တိုဘာလမှ ၁၉၈၃၊ မေလအတွင်း သားအတွက် လွမ်းဆွေးစိတ်ဆင်းရဲစရာများ ရှိခဲ့ရသည်မှအပ ထူးခြားသော မည်သို့အောင်မြင်မှုများမှ မရရှိခဲ့ပါ။

ဆက်လက်၍ ပရိဝတ္တန ယောဂ အမှတ်(၂) ကို လေ့လာကြပါစို့ • • •။

၅ တန့်ဘာဝ အိမ်ရှင် အင်္ဂါနှင့် ၂ တန့်ဘာဝအိမ်ရှင် တနင်္ဂနွေဂြိုဟ်တို့ ပိုင်ဆိုင်ရာ ရာသီအိမ်ချင်း ဖလှယ်၍ ရပ်တည်နေကြခြင်း ဖြစ်၏။

သို့ဆိုလျှင် အင်္ဂါနှင့် တနင်္ဂနွေဆိုင်ရာ ထူလ၊ အန္တရဒဿာများတွင် အကျိုးပေးများ ထင်ရှားရမည်ဖြစ်ပါသည်။

တနင်္ဂနွေထူလဒဿာ အများစုသည် မမွေးခင်ကပင် လွန်မြောက်ခဲ့ပြီဖြစ်သဖြင့် တနင်္ဂနွေထူလ၊ တနင်္ဂနွေ အန္တရဒဿာကိုလည်းကောင်း၊ တနင်္ဂနွေ ထူလ၊ အင်္ဂါ အန္တရဒဿာကိုလည်းကောင်း မဟောပြောနိုင်ပါ။

ထို့ကြောင့် အင်္ဂါ ထူလ၊ အင်္ဂါ အန္တရဒဿာနှင့် အင်္ဂါ ထူလ၊ တနင်္ဂနွေ ဒဿာကိုသာ လေ့လာရမည် ဖြစ်ပါသည်။ ထိုကာလသည် နိုဝင်ဘာ၊ ၁၉၂၉ မှ ဧပြီ ၁၉၃၀ အတွင်းဖြစ်သည်။ ဤကာလများတွင် အင်ဒီရာသည် ကျောင်းသူအရွယ်သာဖြစ်သေးပြီး ဖခင်၏ဘဝတွင်လည်း သက်ဆိုင်ရာ ကာလအတွင်း ထူးခြားသော အောင်မြင်မှုများကို မရရှိခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုတော့ ပြောစရာရှိပါသည်။ ၁၉၂၉ အတွင်း (အင်္ဂါ ထူလ၊ အင်္ဂါ အန္တရ ဒဿာမတိုင်မီ)တွင် ဖခင်ဖြစ်သူ နေရှုးသည် ကွန်ဂရက်ပါတီ၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်း ခံခဲ့ရသဖြင့် ထိုဒသာကာလများတွင် ဖခင်အရှိန်အဝါ ထင်ရှားသော ကာလတစ်ခုဖြစ်သည်ဟု ဆိုနိုင်ပါသည်။

အင်္ဂါ-တနင်္ဂနွေဒသာစားသော ကာလဖြစ်သည့် ၁၉၃၅၊ နိုဝင်ဘာလမှ ၁၉၃၆၊ ဧပြီလအတွင်းကို လေ့လာသောအခါ. . .

၁၉၃၄-၃၅ ခုနှစ်တွင် အခြေခံပညာအောင်မြင်ပြီး အိန္ဒိယစာဆိုတော်ကြီး ရာဘင်ဒြာ နတ်သ်ဂိုး တည်ထောင်ခဲ့သော ကျောင်းတွင် ဆက်လက်ပညာသင်ကြားခဲ့သည်။ ထို့နောက် အင်္ဂလန်နိုင်ငံ၊ အောက်စ်ဖို့ဒ်တက္ကသိုလ် ဝင်ခွင့်စာမေးပွဲကို ဖြေဆိုခဲ့သော်လည်း မအောင်မြင်သဖြင့် ဝင်ခွင့်မရခဲ့။

၁၉၃၇ တွင်မှ အောက်စ်ဖို့ဒ်တက္ကသိုလ်၊ ဆိုမာဗီလီးကောလိပ်တွင် ပညာသင်ခွင့်ရခဲ့၏။ ဤကာလတွင်ပင် နောင်တွင် ခင်ပွန်းဖြစ်လာမည့် ဖာရိုးဇီဂန္ဒီနှင့် ဆုံတွေ့ခဲ့၏။

ပရိဝတ္တန သီအိုရီအရဆိုလျှင် ကောင်းသောအကျိုးပေးရမည့် ကာလဖြစ်သည့် အင်္ဂါ ထူလ၊ တနင်္ဂနွေ အန္တရကာလတွင် ကျောင်းဝင်ခွင့်ပင် မရခဲ့ရသည်ကို တွေ့ရပါသည်။

---

***ဆက်လက်၍ ကြာသပတေး ထူလ၊ သောကြာ အန္တရကာလဖြစ်သည့် ၁၉၆၂၊ စက်တင်ဘာလမှ ၁၉၆၅၊ မေလ ကာလအတွင်းတွင် ထင်ရှားသောအခြေအနေ မဖြစ်ခဲ့ဘဲ ထိုကာလ လွန်မြောက်ပြီး၊ ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်တွင်မှ အိန္ဒိယနိုင်ငံ၏ ပထမဆုံး အမျိုးသမီး ဝန်ကြီးချုပ်အဖြစ်ကို ရရှိခဲ့ပါသည်။***

ဆက်လက်၍ ပရိဝတ္တန ယောဂ အမှတ်(၃) ကို လေ့လာကြပါစို့ . . .။

ပရိဝတ္တန ယောဂ အမှတ်(၃) (တီညှ ပရိဝတ္တန ယောဂ အမျိုးအစားဖြစ်သည်။)

၆ တန့်ဘာဝ အိမ်ရှင် ကြာသပတေးနှင့် ၁၀ တန့်ဘာဝအိမ်ရှင် သောကြာဂြိုဟ်တို့ ပိုင်ဆိုင်ရာ ရာသီအိမ်ချင်း ဖလှယ်၍ ရပ်တည်နေကြသော ယောဂဖြစ်သဖြင့် ဤယောဂ၏ အကျိုးသည် ကြာသပတေးနှင့် သောကြာတို့ ထူလဒသာ၊ အန္တရဒသာများတွင် အကျိုးပေးရမည်ဖြစ်ပါသည်။

သောကြာ ထူလတိုင်အောင် အသက် ၉၅ နှစ်အထိ မရှည်ခဲ့သဖြင့် ကြာသပတေးထူလကိုသာ လေ့လာခွင့်ရပါသည်။

ပထမဦးစွာ ကြာသပတေး ထူလ၊ ကြာသပတေး အန္တရကာလဖြစ်သည့် ၁၉၅၄၊ နိုဝင်ဘာမှ ၁၉၅၇၊ ဇန်နဝါရီလ ကာလအတွင်းတွင် အဆိုးအကောင်း၊ ထူးခြားသော၊ ထင်ရှားသော ဖြစ်ရပ်များ မဖြစ်ခဲ့ပါ။

ဆက်လက်၍ ကြာသပတေး ထူလ၊ သောကြာ အန္တရ ကာလဖြစ်သည့် ၁၉၆၂ စက်တင်ဘာလမှ ၁၉၆၅၊ မေလ ကာလအတွင်းတွင် ထင်ရှားသော အခြေအနေ မဖြစ်ခဲ့ဘဲ ထိုကာလလွန်မြောက်ပြီး၊ ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်တွင်မှ အိန္ဒိယနိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ် အဖြစ်ကို ရရှိခဲ့ပါသည်။

## မိုးတား MOTAA နည်းစနစ်ဖြင့် လေ့လာခြင်း

ဤဇာတာအနေအထားအရ အင်ဒီရာဂန္ဒီသည် လင်္ဂသည် အသီလီဿနက္ခတ်ကို စီးနင်းလျက် စန်းခေါ် တနင်္လာသည် ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်၍ မွေးဖွားလာခဲ့သည်။ ဂြိုဟ်တစ်လုံးချင်း စစ်ဆေးခြင်းကို မဖော်ပြတော့ဘဲ အရေးပါသော ထူးခြားသည့် အချက်များကိုသာ ဆန်းစစ်ပြပါမည်။

MOTAA အင်အား တိုင်းတာနည်းများအရ စစ်ဆေးလိုက်ပါက ဤဇာတာတွင် အင်အားအကြီးမားဆုံး ဂြိုဟ်မှာ ၁၀ တန့်သခင်(မူလ တြိကောဏအိမ်ရှင်)ဖြစ်သော အင်္ဂါဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com

အင်အားအနည်းဆုံးဂြိုဟ်မှာ လဂ်သခင် စန်းခေါ် တနင်္လာ ဂြိုဟ် ဖြစ်နေသည်။


တနင်္လာသည် လဂ်သခင်ဖြစ်၍ ဇာတာရှင်၏ ကိုယ်ကာယအခြေအနေကို ဖော်ပြသည်သာ။ စိတ်ကို အစိုးရသော ဂြိုဟ်လည်း ဖြစ်သည်။


တနင်္လာသည် သူ့ကို ရန်ပြုသော စနေပိုင်ဆိုင်သော မကာရရာသီတွင် တည်၍၊ တစ်နည်းအားဖြင့်လည်း ဘာဝအားဖြင့် ၆ တန့်ဘာဝခေါ် ရန်သူနှင့်ဆိုင်သော ဘာဝတွင် တည်သည်။

ဇာတာနှင့် အမြဲတမ်း ဆန့်ကျင်ဘက်ဖြစ်နေသော သူမျိုး ဖြစ်သည်။

ထိုစိတ်ဓာတ်တို့ကြောင့်လည်း ကွန်ဂရက်ပါတီဥက္ကဋ္ဌ ဖြစ်နေသူ အင်ဒီရာအား မိခင်ကွန်ဂရက်ပါတီမှ ထုတ်ပယ်ခြင်း ခံခဲ့ရခြင်းဖြစ်သည်။


တစ်ဖန် ထိုစိတ်ဓာတ်တို့ကြောင့်လည်း ပန်ဂျပ်ပြည်၊ ရွှေကျောင်းကိုစွတွင် အစွန်းရောက်အကြမ်းဖက် ဆစ်ခ်လူမျိုးများအား အိန္ဒိယစစ်တပ်မှ ပစ်ခတ်စေခဲ့သဖြင့် တရားဝင်စာရင်းများအရ လူပေါင်း ၄၉၂ ဦး၊ တရားမဝင်စာရင်းများအရ






၆ တန့်ဘာဝသည် အပြိုင်အဆိုင်စိတ်ဓာတ်၊ မည်သူနှင့်မျှ မတူအောင် ပြုလိုသော စိတ်ဓာတ်၊ အတိုက်အခံ စိတ်ဓာတ်ကို ဖော်ဆောင်သော ဘာဝလည်း ဖြစ်သဖြင့် ဇာတာရှင်အနေဖြင့် မည်သည့်အလုပ် လုပ်လုပ် တွန်းတွန်း တိုက်တိုက် လုပ်မည်ဆိုသော စိတ်ဓာတ်ကြောင့် အများ

လူပေါင်း ၁၅၀၀ အထိ သေဆုံးခဲ့ရသော သမိုင်းဝင် Operation Blue Star ဖြစ်ရပ်ကြီး ပေါ်ပေါက်ခဲ့ရခြင်းလည်း ဖြစ်သည်။ အင်ဒီရာအနေဖြင့် လုပ်ကြံခံရ၍ သေဆုံးပြီး နောက်ပိုင်း လူမျိုးရေးအဓိကရုဏ်းများကြောင့် နောက်ထပ် လူပေါင်း ၅၀၀ ခန့် ဆက်လက်သေဆုံးခဲ့ရသေးသည်။







www.burmeseclassic.com

www.burmeseclassic.com

**အသက်ရှည်နိုင်မှု အနေအထားအရလည်း…**

လက်သခင်ဖြစ်သော တနင်္လာကိုယ်တိုင် အားနည်းနေမှု အသက်ရှည်မှုကို ကာရကပြုသော စနေဂြိုဟ် အင်အားနည်းပါးနေမှု ထပ်(၁ တန့်ဘာဝ) ကိုယ်တိုင်လည်း အားနည်းနေမှု ရှင်သန်မှုအင်အားဖြစ်သည့် ၃ တန့်ဘာဝ အင်အားနည်းပါးနေမှုတို့ကို တွေ့ရသည်။ ထိုအခြေအနေများသည် သက်တမ်းပြည့်နေထိုင်နိုင်ရေးအတွက် အထောက်အကူမပြုသော အခြေအနေများ ဖြစ်နေ၏။

**ဘဝကံကြမ္မာ အနိမ့်အမြင့်မှာ…**

ပရိဝတ္တန ယောဂကို အမှီမပြုဘဲ သက်ဆိုင်ရာ ဒသာဂြိုဟ်တို့ အင်အားကောင်းသော ကာလတွင် အကောင်းဆုံး အကျိုးပေးမည်ဆိုသော မူကို မှီးတားမှ အသုံးပြု၏။


● ၂၁·၅·၁၉၆၅ မှ ၉·၃·၁၉၆၆ အတွင်း ကြာသပတေး ထုလ၊ တနင်္ဂနွေ အန္တရ ဒသာစားနေ၏။ ကြာသပတေးသည် မူလအင်အားရှိသည့်အပြင် ကာရကဂြိုဟ်ကောင်းဖြစ်သော ၃ တန့်သခင် ဗုဒ္ဓဟူး၏ လွှမ်းမိုးမှု အထောက်အကူကို ကောင်းစွာရထား၏။ ပုံတွင်ဖော်ပြထားသည်မှာ ကာရကဂြိုဟ်ကောင်း၏ ထောက်ပံ့မှုပမာဏအင်အား ဖြစ်သည်။

● ထို့အပြင် တနင်္ဂနွေသည်လည်း အင်အားရှိသော ဂြိုဟ်အနေအထားတွင် ရှိ၏။ ထို့ကြောင့် ထိုကာလအတွင်း ဖြစ်သော ၁၉ ဇန်နဝါရီ၊ ၁၉၆၆ တွင် ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့ရခြင်း ဖြစ်သည်။

● ၁၅ ဇွန်လ၊ ၁၉၆၈ မှ ၉ နိုဝင်ဘာ ၁၉၇၀ အတွင်းသည် ကြာသပတေး ထုလ၊ ရာဟု အန္တရ ဒသာ ကာလဖြစ်သည်။ အန္တရဒသာသည် ပို၍အရေးပါသော အနေအထားဖြစ်သောကြောင့် ကာရကပါပဂြိုဟ်ဖြစ်သော ရာဟု ဒသာကာလအတွင်းတွင် ကံကြမ္မာနိမ့်ကျသော ကွန်ဂရက်ပါတီမှပင် ထုတ်ပယ်ခြင်း ခံခဲ့ရသည်။

● ၂၁·၇·၁၉၇၆ မှ ၃၀·၈·၁၉၇၇ ကာလအတွင်းတွင် စနေ ထုလ၊ ကိတ် အန္တရဒသာ စားနေ၏။ တိုင်းပြည်တွင်ဖြစ်ပေါ်လာသော အခြေအနေများကြောင့် ၁၉၇၇ အထိ နိုင်ငံတော် အရေးပေါ်အခြေအနေကို ကြေညာခဲ့ရသည်ကို မြင်နိုင်ပါသည်။

● ၁၇·၁၁·၁၉၈၀ မှ ၁၂·၁၀·၁၉၈၁ ကာလအတွင်းသည် စနေ ထုလ၊ တနင်္ဂနွေ အန္တရဒသာ ကာလ






www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပြီး၊ ထိုကာလအတွင်းတွင် ဝန်ကြီးချုပ်အဖြစ် ဒုတိယအကြိမ် ရွေးကောက်ခြင်းခံခဲ့ရသော ကာလဖြစ်သော်လည်း ကံကြမ္မာအဲနိမ့်အမြင့် အဆိုးအကောင်းများ ဒွန်တွဲနေခဲ့သည်။


● အဆိုးဆုံးဖြစ်သော စနေ ထူလ၊ ရာဟု အန္တရဒသာ ကာလအတွင်းတွင် မရဏသေခြင်းတရား၏ တာဝန်ကို ယူဆောင်သည့် ဂ တန့်ဘာဝသခင်၊ မထင်မှတ်သော ဖြစ်ရပ်များကို ဖြစ်စေသည့် ရာဟုတို့က မိမိ၏ ကိုယ်ရံတော်တို့ကပင် မိမိအား လုပ်ကြံစေသည်အထိ ဖြစ်လာစေရန် ပို့ဆောင်ပေးလိုက်ပါတော့သည်။ အသေးစိတ်သုံးသပ်ချက်ကို အောက်တွင် ဆက်လက်လေ့လာပါ။

ကျည်ဆန် ၁၆ တောင့်ကို ခွဲထုတ်ရရှိခဲ့သည်။

● ထိုသို့ သက်တော်စောင့် ကိုယ်ရံတော်တို့ ကိုယ်တိုင်မှ ဇာတာရှင်ကို လုပ်ကြံခြင်းကို ဖြစ်စေခဲ့သည့် ပန်ဂျပ်ပြည်၊ ရွှေကျောင်းအရေးအခင်း ပေါ်ပေါက်ခဲ့သည့် ကာလများကား ၁၉၈၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့ဖြစ်၍ ထိုအချိန်က သူမအနေဖြင့် စနေ ထူလ၊ အင်္ဂါ အန္တရဒသာ စားနေခဲ့၏။

● စနေဂြိုဟ်သည် သူမအတွက် မရဏဘာဝခေါ် ဂ တန့်ဘာဝသခင် (မူလတြိဂေါဏအိမ်ရှင်)ဖြစ်၍ မူလဇာတာတွင် အင်အားနည်းသော ဂြိုဟ်ဖြစ်သည်။

● အင်္ဂါသည် လုပ်ရဲကိုင်ရဲ ဆောင်ရွက်ရသည့်




ဂြိုဟ်ဖြစ်သည်သာမက ၂ တန့်ဘာဝတွင် ရပ်တည်သော ၁၀ တန့်သခင် ဂြိုဟ်လည်း ဖြစ်၏။

● ၂ တန့်သည် ဂုဏ်သိက္ခာ၊ အဆင့်အတန်းတို့ကို ပြဆို၍ ၁၀ တန့်သည် ဇာတာရှင်၏ အလုပ်အကိုင် Career ကိုလည်းကောင်း။ Public Image ကိုလည်းကောင်း ပြဆိုသော ဘာဝဖြစ်၏။

● ထိုအင်္ဂါ၊ တစ်နည်းအားဖြင့် ပြတ်သားရက်စက်စွာ ဆောင်ရွက်ရသော၊ အများပြည်သူနှင့်ဆိုင်သော၊ ...

## လုပ်ကြံခြင်း ခံရချိန် ဒသာ

အင်ဒီရာ ဂန္ဒီအား သူမ၏ ဆစ်ခ်လူမျိုး ကိုယ်ရံတော် ... သူမအား ပူးပေါင်းလုပ်ကြံခြင်း ခံရချိန် ၁၉၈၄ ခုနှစ်၊ ...တိုဘာလ ၃၁ ရက်တွင် စနေ ထူလ၊ ရာဟု အန္တရ ... ရာဟု ပြတန္တရဒသာ စားနေ၏။

● သူမ၏ ကိုယ်ခန္ဓာတွင် ကျည်ဆန်ဝင်ရောက် ...သွားသော နေရာ ၁၉ နေရာရှိ၍ ကိုယ်ခန္ဓာထဲမှ



www.burmeseclassic.com

www.burmeseclassic.com

သိက္ခာအလုပ်နှင့် သက်ဆိုင်သော အင်္ဂါသည် ဇာတာရှင် အနေဖြင့် အင်အားကောင်းသော ဂြိုဟ်တစ်ခုဖြစ်ကာ ၁၇-၅-၁၉၈၄ မှ ၂၁-၆-၁၉၈၄ အတွင်း ဒသာစားနေခြင်းဖြင့် ထိုကာလတွင် အမှုများနှင့်ဆိုင်သော၊ ပြတ်သားသော လုပ်ဆောင်မှုတစ်ခုကို ဆောင်ရွက်ခဲ့ရပါ၏။

သို့သော် ထိုကာလ လွန်မြောက်ခဲ့ပြီးနောက် ၂၁-၆-၁၉၈၄ မှ ၂၅-၁၁-၁၉၈၄ အတွင်းသို့ ရောက်သောအခါတွင်ကား ၈ တန့်ဘာဝ၏သခင် စနေ၏ ထူလ ဒသာ၊ မဲ့တင်မှတ်သော ဖြစ်ရပ်များကိုဖြစ်စေသည့် ဂြိုဟ်ဆိုးဖြစ်သော ရာဟု၏ အန္တရဒသာ၊ ထိုရာဟု ပြတ္တရဒသာသို့ ရောက်သွားခဲ့ပြီ ဖြစ်ပါသည်။


**ကောဇာရှုထောင့်မှ လေ့လာကြည့်မည်ဆိုလျှင်**


ကောဇာရာဟုနှင့် ကိတ်တို့သည် မူလ တနင်္ဂနွေဂြိုဟ်အား အံသာ အတိအကျနီးပါးဖြင့် လွှမ်းမိုးဖျက်ဆီးလိုက်၏။ မူလကတည်းက လွန်စွာအားနည်းသော တနင်္လာဂြိုဟ်အား ကောဇာရာဟုသည် ၉ တန့် အမြင်ဖြင့် ဆက်လက်ဖျက်ဆီးလိုက်ပြန်၏။


တစ်ဆက်တည်းမှာပင် မရဏဘာဝခေါ် ၈ တန့်သခင် ကောဇာ စနေသည် မူလသောကြာအား ၃ တန့် အမြင်နှင့် ၈၁%နှင့်လည်းကောင်း၊ မူလ စနေကို ၁၀ တန့်အမြင် ၇၉%ဖြင့်လည်းကောင်း ဖျက်ဆီးပစ်လိုက်ပြန်သည်။


မရဏဘာဝသခင် ကောဇာစနေသည် ထိုမျှမက သေး၊ ၁-၄-၆-၁၀ အတန့်များကို ဆက်လက် ဖျက်ဆီး ထား ပြန်သေးသည်။ ဘာဝတို့၏ အလယ်မှတ်များသည် ၂၁း၂၂ ဖြစ်၍ ကောဇာစနေ၏ ရပ်တည်ချက်သည် ၂၄း၀၆ ဖြစ်၍ မြင်ရင်းမှ အပူ၊ အမြင်တို့ဖြင့် အရေးပါသော ဘာဝများကို ဖျက်ဆီးထားခြင်းကို မြင်နိုင်ပါ၏။

အထူးသဖြင့် ကိုယ်ကာယ ၁ တန့်နှင့်က ရန်သူ၏ အတိုက်အခိုက် ခံရခြင်းနှင့် ဆိုင်သော ၆ တန့်ဘာဝများ ထိခိုက်ပျက်စီးသွားခြင်းသည် ဥပစ္ဆေဒကဖြင့် သေဆုံးခြင်း၏ သင်္ကေတတစ်ခုပင် ဖြစ်ပါတော့သည်။







www.burmeseclassic.com

www.burmeseclassic.com

အဆိုးဆုံးဖြစ်သော စနေထူလ၊
ရာဟု အန္တရဒသာ ကာလ
အတွင်းတွင် မရဏာသေခြင်း
တရား၏ တာဝန်ကိုယူဆောင်
သည့် ၈ တန့်ဘာဝသခင်၊
မထင်မှတ်သော ဖြစ်ရပ်များကို
ဖြစ်စေသည့် ရာဟုတို့က
မိမိ၏ကိုယ်ရံတော်တို့ကပင်
မိမိအား လုပ်ကြံစေသည်အထိ
ဖြစ်လာစေရန်
ပို့ဆောင်ပေးလိုက်ပါတော့သည်။

**ပရိဝတ္တန ယောဂ အမှတ်(၁) အကျိုးပေးခွင့်မရခြင်း အကြောင်း**

ပရိဝတ္တန ယောဂ အမှတ်(၁) အနေဖြင့် အကျိုးပေးသည့် ကာလဖြစ်သော တနင်္လာ ထူလ၊ စနေ အန္တရဒသာ ကာလတွင်လည်းကောင်း (အသက် ၆ နှစ်ကျော် အရွယ်) နှင့် စနေ ထူလ၊ တနင်္လာ အန္တရဒသာကာလ (အသက် ၃၂ နှစ်မှ ၅၃ နှစ်ကျော်အရွယ်)တွင်လည်းကောင်း အကျိုးပေးခွင့် မသာခဲ့ရသည့် အနေအထားမှာ အင်အားအနေအထားအားဖြင့် အနုတ်တန်ဖိုးပြနေသည့် တနင်္လာကြောင့် ဖြစ်ခြင်းဖြစ်၏။

တစ်ဖန် စနေသည် ၇ တန့်အိမ်ရှင်၊ တစ်နည်းအားဖြင့် ကိန်းအိမ်ရှင် ဆိုငြားသော်လည်း အမှန်အားဖြင့် ၈ တန့်ဘာဝ၏ မူလတြိကောဏအိမ်ရှင် (သခင်) ဖြစ်နေ၏။ ထိုအချက်တို့ကြောင့် ပရိဝတ္တန ယောဂ အမှတ်(၁)သည် သက်ဆိုင်ရာ ဂြိုဟ်တို့၏ ဒသာတွင် အကျိုးပေးခွင့် မရခဲ့ခြင်း ဖြစ်၏။

**ပရိဝတ္တန ယောဂ အမှတ်(၂) အကျိုးပေးခွင့်မရခြင်း အကြောင်း**

ပရိဝတ္တနယောဂ အမှတ်(၂)သည် အင်္ဂါနှင့် တနင်္ဂနွေတို့ကြောင့် ဖြစ်ပေါ်လာသော ယောဂဖြစ်သည်။ ထိုဂြိုဟ်နှစ်လုံးတို့သည် အတိုင်းအတာတစ်ခုအားဖြင့် အင်အားရှိသော်လည်း ကြာသပတေးနှင့် ဗုဒ္ဓဟူးတို့ကဲ့သို့ အထောက်အကူအင်အားများ မရထားပါ။ ထို့ကြောင့် ထိုကာလတို့သည် ... ထင်ရှားသော အကျိုးမရခဲ့သော ကာလများ ဖြစ်ခဲ့ရသည်။

**ပပရိဝတ္တန ယောဂ အမှတ်(၃) အကျိုးပေးခွင့်မရခြင်း အကြောင်း**

ပရိဝတ္တန ယောဂ အမှတ်(၃) သည် ၆ တန့်ဘာဝ အိမ်ရှင် ကြာသပတေးနှင့် ၁၁ တန့်ဘာဝ အိမ်ရှင် သောကြာဂြိုဟ်တို့ ပိုင်ဆိုင်ရာ ရာသီအိမ်ချင်း ဖလှယ်၍ ရပ်တည်နေကြသောကြောင့် ဖြစ်ပေါ်လာသော ယောဂဖြစ်သည်။ ကြာသပတေးအနေဖြင့် အင်အားရှိထားပြီး ဂြိုဟ်ကောင်း၏ ထောက်ပံ့မှုကို ရထားသော်လည်း သောကြာအနေဖြင့် အင်အားနည်းနေသောကြောင့် ထိုကာလများအတွင်း ထူးခြားသော ကောင်းခြင်း၊ ဆိုးခြင်းတို့ မဖြစ်ခဲ့ရခြင်း ဖြစ်သည်။

အချုပ်ဆိုရပါလျှင်…ပရိဝတ္တနယောဂသည် ယေဘုယျအားဖြင့် အဆိုးများ ပတ်သက်မှုမရှိလျှင် ကောင်းမြတ်သော ယောဂအမျိုးအစား ဖြစ်ပါ၏။ သို့သော် ကောင်းမြတ်သော ယောဂတို့ အကျိုးပေးနိုင်ချိန်တို့တွင် သက်ဆိုင်ရာဂြိုဟ်များသည် အင်အားပျက်နေပါလျှင် ထိုယောဂ၏ အကျိုးကို ရသင့်သလောက် မရနိုင်ပါပေ။ ထိုနည်းတူ ဆိုးသောယောဂများ ပါရှိသူများ အနေဖြင့်လည်း ထိုယောဂတွင် ပါဝင်သော သက်ဆိုင်ရာ ဂြိုဟ်တို့သည် ဂြိုဟ်ဆိုးများ ဖြစ်နေခြင်း၊ အင်အားချည့်နဲ့ပျက်စီးနေခြင်း ဖြစ်နေပါမှ ထိုဆိုးကျိုးတို့သည် ထင်ရှားမည် ဖြစ်သည်ကို ဗေဒင်ပညာရှင်၊ ဝါသနာရှင်၊ လေ့လာသူများ သတိချပ်သင့်ကြပါသည်။

အားလုံး ချမ်းမြေ့ကြပါစေ။

ချူမာန်(မိုးတား)



www.burmeseclassic.com

www.burmeseclassic.com

# ဖိတ်မန္တကာ ပြုခံရ
# သုံးထောင်ကျော်က ဆိုမှုဂိုလ်

ရှင်မဟော်

အခန်း(၁)

**ဘဝရေစက် ပဋ္ဌာန်းဆက်**

တစ်နေ့သ၌ လွန်ခဲ့သော ဆယ်စုနှစ်ကာလများက ရဲဘော်ရဲဘက်၊ လုပ်ဖော်ကိုင်ဘက် အတူလက်တွဲခဲ့ကြဖူးသည့် "စာရေးဆရာ ဖင်ဒူဝါ" အမည်ခံ ဗိုလ်ကြီးဇော်ဝင်းစိုး(ငြိမ်း)နှင့် မျှော်မျှော်လင့်လင့် တွေ့ဆုံဖြစ်ခဲ့ပြန်ပါသည်။ ယင်းသို့သောအခါတွင် ရှေးဖြစ်၊ နောက်ဟောင်း ပြန်ပြောင်းပြောစရာ ကြောင်းခြင်းရာများစွာကလည်း မြန်မာ့မှုညှေ့ခံ လက်ဖက်ပန်းကန်တစ်ပွဲကဲ့သို့ မပါမပြီး ပါလာပြန်ပါတော့သည်။ ဇနီးချင်း စကားဝိုင်းဘက်သို့ လှိုင်းအထပ်ထပ် ဝိုင်းပတ်လိုက်သည့်နှယ် လိုရင်းသို့မရောက် "တို့ရှင်း" တွေ ပျောက်ဆုံးကုန်ပါလေရော။

"မင်းကို တာဝန်တစ်ခု ပေးအပ်မလို့ကွ"

"ဟာ…ဗိုလ်မှူးကလည်း စကားလုံးတွေ ခမ်းနားနေပြန်ပါပြီ။ ဘာခိုင်းမလို့လဲ။ ဘာမဆို ဗိုလ်မှူးလောက်ကျွမ်းတာမဟုတ်ဘူးနော်"

"အေးပါကွာ…ရပါတယ်။ ကိစ္စက ဒီလိုကွ။ မင်္ဂလာကိစ္စဆိုပါတော့။ သိပ်လည်း လန့်ဖျပ်မနေစမ်းပါနဲ့။ ထင်ပေါ်လျှင် စင်တော်က ကောက်ရတာပဲ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ ဗိုလ်မှူးကိုတော့ ဘယ်လိုမှ နိုင်အောင်ပြောနိုင်မှာမှ မဟုတ်တာ"

"ရှင်ကလည်းလေ၊ အင်မတန်နှုတ်လေရှည်တော်မူတယ်။ နားထောင်ကြည့်ပါဦးတော့လား"

www.burmeseclassic.com

၎င်း၏ဇနီးဖြစ်သူ ကျောင်းဆရာမက ဝင်ပြော၏။

"လိုတိုရှင်း ပြောရရင်တော့ မင်းတို့မအကြီးကို စေ့စပ်ပွဲလုပ်ပေးဖို့ရှိတယ်။ အဲဒါ မင်းအနေနဲ့ အခမ်းအနားမှူးပေါ့ကွာ။ မင်္ဂလာဩဝါဒစကား ချီးမြှင့်မြွက်ကြားမယ့် ပုဂ္ဂိုလ်ကတော့ မင်းတို့ဖိတ်ဆရာ အဘလေးပေါ့ကွာ။ ဝါတင်ပြီးတိတ်ကြားထားပြီးပါပြီ"

"ဗိုလ်မှူးတို့ကတော့ လုပ်ချလိုက်မြန်ပါပြီ။ ဆိုင်းမဆင့်၊ ဗုံမပါ ကျွန်တော့်ကို ပြင်ဆင်ချိန်လေးလည်း ပေးပါဦး။ ပြီးတော့ ဟိုဘက်က ဘယ်သူ့ ဘယ်ဝါမှန်း၊ အလုပ်အကိုင် စတာတွေ။ နောက်ပြီး မင်္ဂလာနေ့ရက်၊ အချိန် ဘာညာစတာတွေလည်း မသိရသေး။ နောက်ပြီးတော့ ကာယကံရှင်တွေ(နှစ်ဖက်စလုံး)က လိုချင်၊ ဖြစ်ချင်တဲ့ အစီအစဉ်တွေ သေဖြင့်ပေါ့"

ဟု ရေပက်မဝင် အမောတကော ပြောလေ၏။

"အောင်မယ်လေးလေးကွာ . . . အသက်လေးဘာလေး ဝဝလင်လင်ရှူပါဦးတော့၊ ပြောမှာပါ။ ရက်က ရှေ့လာမယ့် ရုံးပိတ်ရက် စနေနေ့ကွာ။ အချိန်က မင်္ဂလာအခါ ၀၉:၀၀ နာရီမှာချင်တယ်ကွာ။ ဧည့်သည်တော်တွေကလည်း နှစ်ဖက်စလုံးက အကျဉ်းချုံးဖိတ်ရင်း ဆရာရင်း ၁၅/၂၀ မကျော်လောက်ပါဘူး။ နေရာကတော့ ဤမင်္ဂလာအိမ်တော်ပေါ့။ သတို့သမီးဘက်က မင်းသိပြီးသား။ သတို့သားဘက်က အချက်အလက်တွေက ဟောဒီမှာ ပြုစုထားပါတယ်ဗျာ"

ဟု ရှင်းလင်းပြောဆိုပြီး အစီအစဉ်ဆိုင်ရာ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ လိုရင်းအချက် အသေးစိတ်ကို ပေးလိုက်ပါသည်။

ထိုအခါ မောင်မင်းကြီးသားလည်း အသက်ရှူချောင်သွားကာ -

"ဒါလောက်ဆိုရင်တော့ တော်တော်ပြည့်စုံပါပြီ။ မင်္ဂလာဩဝါဒစကား မြွက်ကြားမယ့် အဘလေးကိုတော့ ကျွန်တော်ထပ်ပြီး ဆက်သွယ်လိုက်ပါ့မယ်။ တစ်ဖက်က ပြောမယ့်ပုဂ္ဂိုလ်၊ သူတို့မန်နေဂျာကိုတော့ ဗိုလ်မှူးကပဲ ကြည့်ပြောထားပေးပေါ့။ အစီအစဉ်ဆွဲပြီးရင် ကျွန်တော် တစ်ခေါက်လာပေးထားမယ်။ လိုတာရှိရင် ပြင်ဆင်နိုင်အောင်လို့ပါ"

"အေး . . . ယုံပါတယ်ကွာ။ မင်းအရည်အချင်းကို ဒီလိုမှမသုံးရင် ဓားမဆုံး ဖြစ်သွားမယ်။ ပညာရဲရင့် ပွဲလယ်တင့်တဲ့။ မင်္ဂလာခန်းတွေကော သိရဲ့လား။ မင်းသိဒ်ရဲ့ မြိုင်ရာဇာတာတော ဝတ္ထုမှာပါတယ်။ ဇာတ်လိုက် မောင်သံဟိတ်က မင်္ဂလာ ၁၂ ခန်းနဲ့အညီ မွေးဖွားကြီးပြင်းလာတယ်ဆိုပဲ"

ဟု အတည်ပေါက် နောက်ပြောပြောလိုက်ရ၏။

"ကောင်းပါပြီ ဗိုလ်မှူးရယ်။ ဆရာကောင်းတပည့် ပန်းကောင်းပန်ရုံမှာပေါ့။ တန်းဝင်အောင် ကျွန်တော်ဆောင်ရွက်ပါ့မယ်"

ဟု အာမဘာန္ဒေ ဝန်ခံလေ၏။

"ကဲ . . . ကဲ . . . မုန့်တွေလည်းစား။ လက်ဖက်ရည်လည်းသောက်၊ အအေးလည်းရှိပါ့ဗျာ။ သန်းသန်းရေ . . . ညည်းမောင်တော် စာရေးဆရာကြီးကို ကျောင်းဆရာမပီ စကားဖို့၊ စကားမ၊ ဥပမာ၊ အလင်္ကာ၊ စကားပုံ၊ စကားထာ၊ ဥပမေယျ၊ ထုံးတမ်းဓလေ့ ဆိုင်ရာတွေ ရှာဖွေကာ ပါရမီဖြည့်လိုက်ပေတော့"

ဟု လွှဲအပ်မှာကြားကာ ၎င်းတို့မပြန်မီ သားကြီး၏ မင်္ဂလာမော်ကွန်းဝင် ကမ္ဘည်းတင်လက်မှတ်ရေးထိုးခြင်းပွဲကျင်းပစဉ်က ဂုရဲမှူးကြီး မောင်ကျော်(ငြိမ်း) (သီဟ-၆၇ မှ ငယ်မိတ်ရင်း)၏ ဆောင်ရွက်ပုံနမူနာ CD ခွေကို ပေးလိုက်ရပါ၏။

## အခန်း(၂)

## အမြိတ္တစုတ်

မြန်မာမှုရေးရာ မင်္ဂလာကိစ္စများ ဆောင်ရွက်ကြရသောအခါ ရက်ကောင်း၊ ရက်မြတ် ရွေးချယ်ရခြင်းလုပ်ငန်းမှာ မလွှဲမရှောင်သာ ပါဝင်လာရပါသည်။ အချို့ကလည်း "မင်းတို့ထွက်ရက်ရာဇာ"ဟု လွယ်လွယ်တိုတို ဆိုတတ်ကြပြန်ပါသည်။ လောကီရေးရာ ကိစ္စများ ဆောင်ရွက်ကြရသောအခါ "တန်ခူးသာလှ၊ ထွန်းပကာဆုန်" စသည်ဖြင့် လည်းကောင်း၊ "ဦးဝေစံကူး"၊ "အင်္ဂါစေ၀" စသည်တို့နှင့် ညှိနှိုင်း၍လည်းကောင်း၊ "နာ၊ သက်၊ ပန်၊ လုံး" စသည်တို့ကို ရှောင်၍လည်းကောင်း တွေးတောစဉ်းစား ဆင်ခြင်ဖွယ်ရာများက များပြားလှပေစွ။

မလွှဲမရှောင်နိုင်သာသော အခြားလူမှုကိစ္စများကလည်း တိုက်တိုက်ဆိုင်ဆိုင် ကြုံလာရပြန်ပေရာ နောက်ဆုံးအခြေအနေတွင် "ရိုး,စား,တို့,ကံ"ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

တိုက်ခိုင်စိစစ်၍ အကောင်းဆုံးဖြစ်နိုင်မည်ဟု ယုံကြည်မိသော "ပထမဝါဆိုလဆန်း ၅ ရက်၊ စနေနေ့"ကိုပင် သမီးကြီး၏ စေ့စပ်ကြောင်းလမ်း မင်္ဂလာနေ့ ၂၃-၆-၂၀၁၂ အဖြစ် ရွေးချယ်သတ်မှတ်ဆုံးဖြတ်ကာ အတည်ပြုလိုက်ရပေတော့သည်။

နေပြည်တော်၊ ဝန်ထမ်း(အမှုထမ်း၊ အရာထမ်းငယ်)အိမ်ရာ အခန်းဖွဲ့စည်းပုံများမှာလည်း သာရေး နာရေး ကိစ္စများ ဆောင်ရွက်ရန်အတွက် လွန်စွာ ကျယ်ဝန်းလုံလောက်ခြင်း မရှိပေရာ "နည်းနည်းနှင့် ကျဲကျဲဝိုင်း" ဟူသော ရှေးဆိုထုံးကို နှလုံးမူလျက် သပ်ရပ်သန့်ရှင်းအောင် ပြင်ဆင်ဆောင်ရွက်ရခြင်း၊ သမီးကြီး၏ အံ့အားလျော်စွာပင် ငှင်းတို့ဟိုတယ်မှ ပရိဘောဂများ၊ ဝန်ဆောင်မှုများ ကူညီပေးမှု ရရှိခဲ့ခြင်း၊ နှစ်ဖက်သော ဆွေမျိုးတစ်သိုက်၏ လုံ့လဝီရိယစိုက်ထုတ်မှုတို့ဖြင့် ဝိုင်းဝန်းကူညီလက်တွဲဆောင်ရွက်ကြရပေတော့သည်။

ထိုမင်္ဂလာရက်မြတ် ကျရောက်လာသော သကာလ၊ နံနက်စောစော ဝဂး၀၀ နာရီ မတိုင်မီပင် အဘလေး ဦးတင်မောင်ကြည်(ငြိမ်း၊ DD(i)နှင့် မမမှုတို့ ဇနီးမောင်နှံသည်လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး တာဝန်ယူဆောင်ရွက်မည့် ဖျင်ဒါဝါနှင့် ဆရာမသန်းသန်းတို့ ဇနီးမောင်နှံသည်လည်းကောင်း ဝတ်ကောင်းစားလှ တောက်ပစွာဖြင့် မင်္ဂလာပွဲ ဆင်နွှဲကျင်းပမည့် အိမ်အဝသို့ ဆိုက်မြိုက်စွာ ရောက်ရှိလာကြတော့ရာ ခရီးဦးကြိုဆို၍ "မင်္ဂလာပါ"ဟု နှုတ်ခွန်းဆက်သ ဂါရဝပြုလိုက်ရပြန်ပါ၏။

"အဘလေး…ခင်ဗျား၊ ကျွန်တော်ဆွဲထားတဲ့ အစီအစဉ်လေးလည်း ကြည့်ပါဦး။ လိုတာရှိရင်လည်း ဖြည့်စွက်အတည်ပြု ညွှန်ကြားပေးပါခင်ဗျာ"

ဟု အစချီ၍ ဗိုလ်ကြီးဇော်ဝင်းစိုး(ငြိမ်း)မှ ပေးအပ်တင်ပြပါသည်။

အဘလေးလည်း စေ့စပ်သေချာစွာ ဖတ်ရှုပြီးနောက် "စေ့စပ်မင်္ဂလာစကားကမ်းလှမ်းခြင်းကို ဘယ်သူပြောဖို့စီစဉ်ထားလဲ" ဟု သိလိုရာကို ဖြတ်၍ မေးပါသည်။

"အစကတော့ သတို့သားနဲ့ သတို့သမီးတို့ ဆရာ ဟိုတယ်မန်နေဂျာက ပြောဖို့ စီစဉ်ထားခဲ့ကြတာပါ။ ဒါပေမယ့် အခုနောက်ဆုံး ညှိနှိုင်းပြီးတော့ သတို့သားမိဘများထဲကပဲ ကမ်းလှမ်းပြောကြားကြမှာပါ"

ဟု ဖြည့်စွက်ပြောလိုက်ပါသည်။

"အေး…ဒါလည်း ကောင်းတာပါပဲ။ အစီအစဉ်ဖတ်ကြည့်လိုက်တော့ စာရေးဆရာက သေချာလုပ်ထားတာပဲ။ မင်္ဂလာခန်းတွေနဲ့ မွမ်းထားလိုက်တာ၊ ကိုယ်ပြောဖို့မှ ကျန်သေးရဲ့လားလို့တောင် စဉ်းစားစရာ ဖြစ်နေတယ်။ ဘယ်က ရှာဖွေထားတာလဲ"

ဟု အဘလေးက ချီးမွမ်းစကားနှင့် မေးမြန်းပြောကြားလိုက်ပေသည်။

"ဘယ်ရမလဲ အဘလေးရယ်။ ကျွန်တော်လည်း အရေးကြုံတော့ သက်လုံကောင်းဆိုတာလို သုခမှတ်စုထဲ လှန်လှောရှာဖွေရတာပေါ့။ နို့မို့ဆို အန်ကယ် ချစ်မမ(ငယ်စဉ်က CODE အခေါ်)က သိပ်လွယ်တာ မဟုတ်ဘူး။ အခဆင့်မမီဘူးဆိုပြီး အနှာခံရမှာ"

ဟု ဖြေရှင်းတင်ပြလေသည်။

ဤသို့ဖြင့် ဖိတ်မန္တကပြုထားသော လူကြီးမင်းများ၊ ဧည့်သည်တော်များ သီးသီး စုံညီစွာရောက်ရှိလာကြပြီးနောက် မင်္ဂလာချိန်ခါ သင့်သောအခါ ဖျင်ဒူဝါက အခမ်းအနား အစီအစဉ်များကို အောင်မြင်ခဲ့ညားသော အသံဝါဝါကြီးဖြင့် ဟန်ပါပါ ဖတ်ကြား၍ မင်္ဂလာအခမ်းအနားကို ဖွင့်လှစ်လိုက်ပေသည်။

ဆောင်ရွက်ဖွယ်ရာကိစ္စများအရ မင်္ဂလာဖြစ်မြောက်ရေး နှစ်ဖက်အကျိုးတော်ဆောင်က သတို့သားမိဘများအနေဖြင့် စေ့စပ်စကား ကမ်းလှမ်းပြောကြားစေခြင်း၊ သက်ဆိုင်သော ကလေးနှစ်ဦးတို့အား သဘောထားမေးမြန်းအတည်ပြုခြင်း၊ သတို့သမီး မိဘနှစ်ပါးသို့ ခွင့်ပြုရန် ပန်ကြားခြင်း၊ အတည်ပြုခြင်း၊ အဘလေးက ရှေ့လုပ်ငန်းစဉ်နှင့် လိုအပ်သည်တို့ကို ညှိနှိုင်းအတည်ပြုကာ သတို့သား၊ သတို့သမီးတို့ကို မင်္ဂလာဩဝါဒစကားဖြင့် ဘဝတစ်လျှောက်အေးအတူ ပူအမျှ ယှဉ်တွဲရင်ဆိုင်ရေးတို့နှင့် "သိင်္ဂါလောဝါဒသုတ်"လာ သက်ဆိုင်ရာ ကျင့်ဝတ်များကို နားလည်လွယ်အောင် အကျယ်တဝင့် ချီးမြှင့်ဆိုဆုံးမခြင်း၊ သတို့သားမိဘများက မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဧည့်ကောင်းစောင်ကောင်း ဂုဏ်သရေရှိ လူကြီးမင်းအပေါင်းတို့နှင့် တက်ရောက်လာကြကုန်သော မိတ်ရင်းဆွေရင်း ဧည့်ပရိသတ်အပေါင်းတို့အား အလွန်ပင် ကျေးဇူးဥကာရ တင်ရှိပါကြောင်း ထပ်လောင်းပြောကြားပြီးနောက် "ဖျင်

www.burmeseclassic.com

စကားချပ်

| ရက်ကောင်းအမြိုတ္တစုတ် | ရီး | စား | တို | ကံ | လွမ်း | အောင် | ဖန် |
|---|---|---|---|---|---|---|---|
| လဆန်း/လဆုတ် | ၈ | ၃ | ၇ | ၂ | ၄ | ၁ | ၅ |
| နေ့ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |

ဒုဝါ" ၏ စေ့စပ်မင်္ဂလာပွဲ အောင်မြင်စွာပြီးဆုံး၍ နိဂုံးကမ္ပတ် အဆုံးသတ်အနေဖြင့် တည်ခင်းဧည့်ခံကျွေးမွေးပေသော မင်္ဂလာအာဟာရများကို နှစ်သက်ရွှင်လန်း သုံးဆောင်ခန်းသို့ ရောက်ပါပြီဖြစ်ကြောင်း အားရဝမ်းသာ ကြေညာလိုက်ပေတော့သည်။

## အခန်း(၃)

### တွေ့ရာလေးပါး

"ဖျင်ဒူဝါ"နှင့် တွေ့ဆုံဖြစ်ပုံများကို ပြန်လည်တွေးပွား၊ စိတ်ကိုစေစားသောအခါ သွေးခြားမှုများကို ပုံရိပ်ပီပြင် ထင်ထင်ရှားရှား မြင်ရပြန်ပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်လွန်ကာလ တစ်ခု၊ ၁၉၉၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက် ညနေပိုင်းက ဖြစ်ပါသည်။ ခမရ(-) တောင်ကြီးမြို့သို့ ယာယီခွဲမှူး/ဗိုလ်မှူးအဆင့်တိုးဖြင့် ပြောင်းရွှေ့ရောက်ရှိလာခဲ့ရာ ရွှေညောင်ဘူတာသို့ မိသားစုနှင့်အတူ ဆိုက်ရောက်ပြီးနောက် နီးစပ်ရာ တယ်လီဖုန်းမှ တပ်ရင်းဌာနချုပ်သို့ သတင်းပို့ပြီး အိမ်ထောင်ပြောင်းပစ္စည်းများပါ တစ်ပါတည်း ပါရှိလာကြောင်းနှင့် ယာဉ်ကြိုစေလွှတ်ပေးရန်တို့ကိုပါ အကြောင်းကြားလိုက်ပါသည်။

ထိုရောအခါ ဖုန်းသတင်းလက်ခံသူ အနီးသူကောင်းသား ဆက်သွယ်ရေးတာဝန်ခံ Phone Operator က ထိုစဉ်က ဌာနချုပ်တပ်ခွဲမှူးတာဝန် ထမ်းဆောင်နေသော ပုဂ္ဂိုလ်(အမည်မဖော်ပြတော့ပါ)အား ဆက်လက်သတင်းပို့ရာတွင် မည်ကဲ့သို့ ချော်တောင်ငေါ့ခဲ့သည်မသိ။ ကျောင်းဆင်းဒုတိယဗိုလ်တစ်ဦး ဘူတာသို့ရောက်၍ ယာဉ်ကြိုတင်ပြကြောင်းဟု အနက်ကောက်လွဲမှားခြင်းက တစ်ကြောင်း၊ သုံးတန်ယာဉ်ဆို၍ ကျောင်းကြို/ပို့ ယာဉ်တစ်စီးသာရှိသည့်အပြင် တိုက်ဆိုင်စွာပင် ထိုနေ့က ကျောင်းသားတစ်ဦးကလည်း ကျောင်းကြိုယာဉ်သို့ အချိန်မီ ရောက်ရှိသတင်းပို့ရန် ပျက်ကွက်ခဲ့ခြင်း (ထိုကျောင်းသားမှာ ကျောင်းလစ်ပြီး ၎င်းကိုယ်ပိုင် အစီအစဉ်ဖြင့် လှုပ်ရှားနေသူ)၊ ထို့ပြင်တစ်ဝ အနီးစွသဘောဖြင့် အဆိုပါယာဉ်တော်မှာ "ဇရာချင်းနှင်း စက်ချွတ်ယွင်း"ခြင်းစသည် စသည်တို့ကြောင့် နေရောင်ပျောက်ဆုံး၊ အမှောင်ကြီးလုံးလုံး ဖုံးတော့သည့် ချိန်ခါကျော်လွန်ပြီး ည ၂၁း၀၀ နာရီအချိန်ခန့်မှ မိသားစုများနှင့် အောင်မြေနင်းခဲ့ရပါတော့သည်။

ထို အနက်ကောက်ခြင်း လွဲမှားခဲ့ခဲ့သော ပုဂ္ဂိုလ်မှာ ဗိုလ်ဇော်ဝင်းဗိုး ခေါ်ဆိုသော အနီ "ဖျင်ဒူဝါ"ပင် ဖြစ်ပါတော့သည်။

နည်းပါးသော အရာရှိအိမ်ထောင်သည်များ ဖြစ်ကြသည်ကတစ်ကြောင်း၊ ပြန်တမ်းဝင်အရာရှိ မတိုင်မီကာလ ၁၀ အခြေခံတူညီသည်က တစ်ကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၏ စရိုက်သဘောသဘာဝ၊ နယ်မြေနှင့် စစ်အင်္ဂါရပ်များကို အချိန်ကာလတစ်ခု ဗိုဗိုစောစီးစွာ ထိုတွေ့/မြင်သိ ခြုံငုံမိသည်ကတစ်ကြောင်း၊ အထက်/အောက် ဝတ္တရားရှိသည်ကတစ်ကြောင်း . . . စသော အကြောင်းပေါင်းမြောက်များစွာတို့ဖြင့် သွန်သင်ထိန်းမရင်း မိသားစုချင်းပါ လွန်စွာ ခင်မင်ရင်းနှီးခဲ့ကြပါသည်။

ကျုင်းခမ်းကြီးနယ်မြေခွင်၌ လှုပ်ရှားနေကြစဉ်ကလည်း ၎င်း၏တပ်ခွဲမှာ ရိက္ခာဆန် စားရင်းပြတ်လပ်ခဲ့သဖြင့် အဘလေးနှင့် စာရေးသူတို့မှ ဆန်၊ ဆီ၊ ဆားမှအစ ဖရုံသီး၊ ဖရုံရွက်၊ မုန်ညင်း၊ ပဲပုပ်၊ သခွားသီးအစိမ်း ရနိုင်သမျှ အသီး/အရွက်များအပြင် ရိက္ခာစို (အသား)ပါ စီစဉ်၍ ထောက်ပံ့ပေးခဲ့သည့် "ကြည်နူးမှုနှင့်တကွ လေးစားဂါရဝတရားတို့မှာ ယနေ့တိုင် မေ့နိုင်စွမ်း မရှိ"ဟု ထင်ပါသည်။

၎င်းတပ်ရေး/တပ်ထောက် တာဝန်ထမ်းဆောင်စဉ်လည်း မှူရင်းလုပ်ငန်းတာဝန်များအပြင် အခါအားလျော်စွာ ပါဝင်ဆောင်ရွက်ရသည့် အလွတ်သဘော တည်ဆောက်ရေးလုပ်ငန်းများ၏ ထဲထဲဝင်ဝင် ယှိုပေါက်၊ ထွက်ပေါက်များ စိစစ်တွက်ချက် ကြမ်မတ်မှုများကို မဝင်,ဝင်အောင် ကြပ်ကြပ်မတ်မတ်

www.burmeseclassic.com

သွန်သင်လမ်းညွှန်ပေးခဲ့ရပြန်သည်။

ယခုအခါသမယတွင်မူ အထိုက်အလျောက် ဘဝတည်ငြိမ်အေးချမ်းလျက်ရှိပြီး ဝါသနာအရ ဘဝအတွေ့အကြုံများကို တင်ပြနေသော (စာရေးဆရာ)တစ်ဦး ဖြစ်နေပေပြီ။ အခါအားလျော်စွာ ဧနီးမောင်နှံနှစ်ဦး ရောက်ရှိလာတတ်ကြပြီး လူမှုရေးအာလာပသလ္လာပ ပြောကြားခြင်း၊ ဆရာမ၏ အခက်အခဲအချို့ရှိပါကလည်း တတ်နိုင်သမျှ ဝိုင်းကူပေးရပါသည်။ "ဖျင်ဒွဝါ" မှုကား ကုန်ကြမ်းလိုအပ်လျက် ရှိ၏။ ပေးသော်လည်း ပေးတိုင်းမရ။ ၎င်းကလည်း လူငယ်ပေမယ့် အလုပ်ကများသား။

ခရီးသွားရတာကလည်း "လွင်မိုး" ထက် သာသည်။ ထုံးစံလိုလိုဖြစ်နေသော ဆက်ရက်မင်းစည်းစိမ်ကိစ္စ ပါလာသောအခါ ပမထနှင့် အကြိမ်ရေနည်းပင် နည်းပါးစေကာမူ အိမ်သူတို့က မနှစ်သက်တတ်။ တွေ့ကြုံလတ်သော အခါ ၎င်းဖွင့်တိုင်ကြားလေ၏။

"ဗိုလ်မှူးညီကတော့ မလွယ်ဘူး။ ယစ်ရွှေရည်တွေ့ပြီဆိုမှဖြင့် သားမေ့၊ မယားမေ့၊ အိမ်မေ့၊ ယာမေ့။ အဲဒါ ဗိုလ်မှူး စပေးခဲ့တာ လုပ်ပါဦး"

ဟု ကျောင်းဆရာမပီသစွာ ဝေဝေဆာဆာ ဝေဒနာကို ကြေညာ၏။

"မင်းကလည်းကွာ မဟုတ်တာတွေ လွှန်လွှန်ကျံကျံ မဆိုစမ်းပါနဲ့။ ကြမ်းသာ နုတ်ရတာ၊ စကားက နုတ်မရဘူး။ ပြောသလောက်လည်း မဟုတ်ပါဘူးကွာ။ နည်းနည်းပါးပါး ဆေးဖြစ်၊ ဝါးဖြစ်၊ မိတ်ဖြစ်ဆွေဖြစ်ပါ"

ဟု အတွန့်တက် ဖြေရှင်း၏။

၎င်းတို့ပြောမည်ဆိုလည်း ပြောစရာပါ။ ငယ်စဉ်က ယမကာသောက်သုံးနည်းနှင့် ပတ်သက်၍ ဗိုလ်မှူးမောင်ဝ (ရမခ၊ ဥပဒေ)၏ ဥပဒေကြောင်းအမြင်၊ ဆရာဝန်များ၏ ဆေးဘက်အမြင်၊ ဆရာ့ဆရာများ၏ သဘောထား လက်တွေ့ဘဝတို့ ပေါင်းစပ်ကာ နားသွင်းပြီး သကာလ စပ်နည်း၊ သောက်နည်း၊ အာဟာရဖြည့်တင်းနည်း၊ အနားယူနည်း၊ အားဖြည့်နည်းတို့ကို တတ်စွမ်းသမျှ အမြည်းကောင်းကောင်းနှင့် လမ်းကြောင်းပေးခဲ့ဖူးလေ၏။ ထိုစဉ်က ဖျင်ဒွဝါ မသောက်တတ်သေးပါချေ။ ပြောရမည်ဆိုပါက အဘလေးနှင့် ဆုံဖြစ်သည့်အခါ ၎င်းရောက်လာတတ်ခြင်းကလည်း တစ်ကြောင်းပါတည်း။

"လုပ်ငန်းသဘောအရ အနည်းအကျဉ်းပါကွာ။ အဘလေးလည်း မကောင်းပါဘူး"

ဟု မိုးကြိုးပစ် ထန်းလက်ကာ၏။

"အရင်တုန်းက ဗိုလ်မှူးတို့ ဘယ်လိုသောက်လဲ၊ မင်းလည်းအသိသားနဲ့"

ဟု မဲတင်းဖာထေး၏။

"ဖျင်ဒွဝါ . . . မင်းရဲ့ကလောင်အမည်ကိုက နှစ်သက်သံပါနေတယ်။ ရစ်သမ်မိနေတာပေါ့ကွာ။ အေး . . . ဒါပေမယ့်လို့ ပိန္နဲပင်တော့ ဆွဲမထည့်ပါနဲ့ကွာ၊ ဒါယီကာမငိုတာ ရှိုးရှိုးငိုပါနေဦ"

ဟု လမ်းလွှဲပေးလိုက်ရပါသည်။

မြန်မာ့ရိုးရာ ဟာသဖြစ်သော်လည်း ၎င်းနှင့် အလှမ်းကွာနေပြန်သဖြင့် ပုံတိုပတ်စကို ပြောပြရပြန်ပါသည်။ "မနေ့တုန်းကတော့ သျှောင်၊ ပိန္နဲပင်ထောင်ကာမှ ခေါင်းတုံးဖြစ်ရတယ်လေ့" အခုံးရှိပြီး "ဟော့ . . ဟော့၊ ဒါယီကာမ၊ နင့်ဟာနင် ရှိုးရှိုးငိုပါလား။ သောက်မဲ့ကြောင့် ငါ့ပိန္နဲပင် ဆွဲထည့်ပြီး ငိုရတာတုန်း"ဟု ဘုန်းဘုန်းကြိမ်းရသော ဟူ၏။

"မင်းသိပြီးသားပဲ စာရေးဆရာရယ်။ ကိုယ်ကဖြတ်ပြီဆိုရင် အပြတ်ပဲ" ဟု သတိပေးသည်။

"တွေ့လား၊ အန်တီစန်းက ဘာသောက်ကံကောင်းလဲ။ ဒီဒုက္ခတွေက လွတ်သွားပြီ။ ဗိုလ်မှူးက ဂရုစိုက်လိုက်တာ"ဟု အားကျတိုက်တွန်း၏။

"ဒါကတော့ ဒီလိုရှိပါတယ် ညီမရယ်။ သူ့အချိန်တန်တော့လည်း ဖြစ်သင့်တာ ဖြစ်လာတာပဲ"ဟု အန်တီစန်းက အားပေးစကားဆိုသည်။

"တိုတိုပြောရမယ်ဆိုရင် ရွှေပေါ်ကျွန်းလည်း ငယ်စဉ်ကတည်းက နှစ်ခေါက် ရောက်ခဲ့တယ်"

မူလဆရာတော်က ဆုကြီးပန်ဦးဝါယမ၊ ကံ့ကူလက်လှည့် ငယ်ဆရာက ဦးနန္ဒိယ၊ လက်ဦးဆရာက အဘဦးပဥ္စင်းထွက်၊ ဓမ္မာစရိယ၊ ဗေဒင်ဆရာ၊ ရှေးရိုးမြန်မာစစ်စစ်၊ မမြင်ရနိုင်တဲ့ အစောင့်/ပုဂ္ဂိုလ်တွေရဲ့ အကူအပံ့ . . . ဒါတွေပေါင်းလိုက်တော့ ၂၀၀၄ ခုနှစ် ဦးပိုင်းကတည်းက "ပါထုပေတံ ဝေရမထိ သိက္ခာပဒံ သမာဒိယာမိ" ဖြတ်သွားခဲ့ပြီဟု ရှင်းပြသည်။

"မမြင်ရတဲ့ ဘယ်လိုအစောင့်တွေလဲ ဗိုလ်မှူး" ဟု စပ်စုသည်။

"မင်းယုံတယ်ဆိုရင် လူ့ခန္ဓာကိုယ်ကို စောင့်နေတာက နတ် ၁၂ ပါး။ ခြောက်ပါးက ဇာသိုလ်ကောင်းမှုတွေ



www.burmeseclassic.com

www.burmeseclassic.com

တိုက်တွန်းနှိုးဆော်တယ်။ ကျန်ခြောက်ပါးက မကောင်းမှု အကုသိုလ်တွေ တိုက်တွန်းနှိုးဆော်တယ်။ ဒါက အခြေခံပေါ့။ အဆင့်မြင့်လာရင်တော့ ဘဝအဆက်ဆက်က ပါရမီဖြည့်ကျင့်ခဲ့တဲ့ အမျိုးအစားအတိုင်း ပဋ္ဌာန်းဆက်ရှိတဲ့ ထွက်ရပ်ပေါက်အဘိုးတွေ၊ ဆိုဆုံးမပဲ့ပြင်မယ့် ဆရာသမားတွေ၊ တရားဓမ္မ ပေါပြွန်သင် နိဗ္ဗာန်လမ်းညွှန်မယ့် ရဟန်းသံဃာ၊ အရိယာသူတော်စင်တွေ စသည်သည်ဖြင့် အဆင့်ဆင့်ပေါ့”ဟု အနည်းငယ် ပိုင်းခြားဖြေကြားလေ၏။

“ပြီးတော့ အရင်က ပြောဖူးပါတယ်။ အကောင်းဆုံး ကင်းသမား(ဒါမှမဟုတ်) စိတ်အချရဆုံး နှိုးစက်၊ မှတ်မိလား”

“ဗိုလ်မှူးပြောတာ မှတ်မိပါတယ်။ ကိုယ်စောင့်နတ်လို့”ဟု ဖြေကာ “အတွေ့အကြုံနဲ့ သာဓကရှိရင်လည်း သိပါရစေ”ဟု တောင်းဆိုလာလေ၏။ စာရေးဆရာသည်လေ့စွ။

ထိုရောအခါ ရေးက ကိုယ်တွေ့ကြုံခဲ့ရသော အဖြစ်အပျက်တစ်ခုကို ပြန်ပြောပြပြန်ပါသည်။

အခန်း(၄)

**နို့စ္စရူဝ၊ လခရ**

“လမ်းကြောင်းလုံခြုံရေးအဖွဲ့ အောက် တန်းစီပြီးအသင့်” တပ်စုမှူးကြပ်ကြီးဝင်းသိန်း(ဘိုးတော်ချစ်စနိုးခေါ်)သည် နံနက် ၅ နာရီတွင် တပ်စုခေါင်းမှူး) ဗိုလ်ကုလား (ချစ်စနိုးခေါ်)သို့ တန်းအပ်သတင်းပို့ အမိန့်နာခံသည်။

“သတင်းပိုင်းအရတော့ ထူးထူးထွေထွေမှာဖို့ မရှိဘူး။ ပုံမှန်ပဲ။ ဘာပဲဖြစ်နေနေ မူလတာဝန်ကို အလေးထားပါ။ သွားလာလှုပ်ရှားတဲ့နေရာ၊ ချိတက်ရာလမ်းကြောင်း၊ ခေတ္တ အခပ ဝန်းကျင်အားလုံး လုံလေးလုံနဲ့အညီ ဂရုစိုက်ပါ။ အကြပ်တွေ၊ ဝါရင့်စစ်သည်တွေက လူသစ်တွေ၊ အတွေ့အကြုံနည်းသူတွေကို ပစ်မထားနဲ့။ သွန်သင်ကြပ်မတ် လက်တွဲခေါ်ပါ။ အားလုံးရှင်းလား”

“ရှင်းပါတယ် ဗိုလ်ကြီး”

သံပြိုင်ဖြေကြသည်။

“နောက်တစ်ပိုင်းကတော့ တာဝန်ခွဲဝေမှုပဲ။ ဆရာကြီးနဲ့ တပ်ဖွဲ့က ၂၀ မိုင်ကုန်းမှာ အခပ နေတဲ့ ဆရာသိန်းလွင်အဖွဲ့ကို တာဝန်လဲ။ ထူးခြားမှုကို မေးပြီးရင် စခန်းကို အနောက်ဘက်ကြောကရှင်းပြီး ပြန်ဝင်ဖို့မှာပါ။ ရှင်းလား”

“ဟုတ်ကဲ့ ဗိုလ်ကြီး။ ရှင်းပါတယ်”

“ဗိုလ်စောစံနဲ့ (၂)စိပ်က ဆင်းငံအရှေ့ခြမ်းကထွက်။ ဆန်ကျန်းအဝင်ဝဘက်ကို ဝိုက်ပြီးသွား။ ကွင်းပြင်တွေကိုရှောင်။ တည့်မဖြတ်နဲ့။ နမ့်နောင်အဝင်အနောက်ဘက်ခြမ်းတွေရှင်းပြီးမှ လမ်းရှေ့ဘက် ကုန်းကြောမှာ နေရာချ။ ပြီးရင် နယ်စွန်ဘက် လိုက်ပို့ပြီးမှ တစ်ဖွဲ့ပြန်ခွဲပြီး ထားခဲ့။ ၁/၂ နာရီခြား အဖွဲ့ချင်းလှုပ်ရှားဆက်သွယ်မှုယူ။ လုံးဝငြိမ်မနေနဲ့။ မေးစရာရှိလား”

“ဟုတ်ကဲ့၊ အစ်ကိုကြီး။ ကမာပုလဲအဖွဲ့ ဘယ်မှာထားခဲ့ရမလဲ”

“ဟုတ်တယ် ညီလေး။ အဖွဲ့ညနေပြန်ဝင်ရင် Colour ပျောက်အောင်စောင်း။ Target (၂)မှာ ဆရာထိန်ဝင်းအဖွဲ့ကို သေချာမှာကြားချထားခဲ့။ စခန်းက ညလုညှ်ကင်းကို (T-1) ဘက်မှာ လှုပ်ရှားမယ်။ ထူးခြားမှုရှိရင် သတင်းပို့။ ဆက်သွယ်ရေးအရင်အတိုင်းပဲ။ အားလုံးရှင်းရင် ဆက်လုပ်”ဟု မှာကြားချက်နိဂုံးချုပ်လိုက်သည်။

လှုပ်ရှားအဖွဲ့များ၏ တာဝန်ဆောင်ရွက်ချိန် ချိတက်ချိန်မှာ ထူးခြားမှုမရှိပါက တစ်နာရီအတွင်း ပြီးမြောက်ပါမည်။ မြောက်ဘက်ခြမ်းမှာ ယာယီခြေကုပ်၌ အမြဲချထားသဖြင့် လွယ်ကူစွာ တာဝန်လဲလှယ်ပြီးဆုံး၍ အခြေပြု လခရ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ တောင်ဘက်(ပင်လုံ)သို့ လခရ ဆောင်ရွက်မည့် ဗိုလ်စောတို့အဖွဲ့မှာ ယခင်စံချိန်မှတ်တမ်းများအရ ၄၅ မိနစ်ခန့်အတွင်း ရှင်းလင်းဖြန့်ခွဲ အခပ၍ လမ်းကြောင်း လခရ ဆောင်ရွက်နိုင်ပါသည်။ လတ်တလော ရန်သူလှုပ်ရှားမှုသတင်းများမှာ မိမိနယ်မြေအတွင်း ဝင်ရောက်ဖြတ်သန်းမှုများမရှိဘဲ ဆက်စပ်နယ်မြေ အဝေးစည်းဘက်များတွင်သာ ရှိနေကြောင်း သိရှိထားရပါသည်။ ဓားပြအန္တရာယ်လောက်သာ ကာကွယ်ပေးရသည့် အနေအထားတစ်ရပ်လည်း ဖြစ်ပါသည်။

တပ်ခွဲ(၆) အခြေပြုရာ နောင်လိုင်ကျေးရွာကြီးမှာလည်း ကျေးရွာပြည်သူ့စစ်အဖွဲ့ (အမာခံ၊ ရန်သူ)ကို စိတ်ကြိုက်ရွေးချယ်၊ လေ့ကျင့်၊ လက်နက်တပ်ဆင်ပေးထားသော အဖွဲ့ဖြစ်၍ သတင်းစုံစွာရရှိရေး၊ ဝန်းကျင်နယ်မြေတစ်ခုလုံး ဖြန့်ကြက်နိုင်ခြင်း။ ထောက်လှမ်းရေးသတိ၊ အသိ၊ လုံခြုံရေးသတိ၊ ကာကွယ်ရေး အသိတို့ရှိနေပြီး ဖြစ်သည့်အပြင် မြို့



www.burmeseclassic.com

www.burmeseclassic.com

နယ် တာဝန်ရှိအဖွဲ့၊ ပုဂ္ဂိုလ်များ၏ ဝိုင်းဝန်းပံ့ပိုး ကူညီမှု စသည်တို့ကြောင့် လွန်စွာ အားထားရသည့် မိတ်ဖက်အဖွဲ့လည်း ဖြစ်နေပြန်ပါသည်။

သို့ဖြစ်၍ မိမိ၏ လဲချား ပင်လုံ အကြား နောင်လိုင်စခန်းကုန်း အခြေပြု တပ်ခွဲ(၆)၏ နယ်မြေစိုးမိုးရေး လမ်းကြောင်းစိုးမိုးလုံခြုံရေး တာဝန်မှာ ဝါနုဘုမျှား ကျောင်းဆင်းများကို အရာရှိ ဒ၊ကြပ်၊ ဝါရင့်စစ်သည်တို့၏ ဦးဆောင်မှုဖြင့် "တိုက်ရင်းလေ့ကျင့်"ဆိုသကဲ့သို့ နောင်တစ်ချိန်တွင် သစ္စာစောင့်သိ၊ တာဝန်ကျေမည့် သားကောင်းစစ်သည်များကို ပြုစုပျိုးထောင်ပေးရာ ကျောင်းတော်ဟုလည်း ဆိုနိုင်မည် ထင်ပါသည်။

### အခန်း(၅)

### ဗိတ်မန္တက

တစ်နေ့သောအခါ ဗိုလ်ကုလား ဦးစီးတပ်ဖွဲ့ရုံးနှင့် တပ်ရင်းတစ်ရင်းလည်း ၂၁ မိုင်ကုန်း လုံခြုံရေးအဖွဲ့အား စစ်ဆေး တာဝန်လဲပေးခြင်း၊ လက်အောက်ခံ ပန်ဟုန်းရှာ တပ်စုစခန်းရှိ ဆရာကြီးတင်စိုးအဖွဲ့အား စစ်ဆေးရန်နှင့် လိုအပ်သည်များ ဖြည့်ဆည်းပေးရန်၊ လမ်းကြောင်းရှင်းလင်းရန် စသော တာဝန်တို့ဖြင့် နောင်လိုင် တပ်ခွဲရုံးစခန်းမှ နံနက် ဝေလီဝေလင်းအချိန်တွင် စတင်ထွက်ခွာခဲ့ကြသည်။

ရှမ်းပြည်နယ်၏ ထုံးတမ်းစဉ်လာ အတိုင်း မြူခိုးများ၊ နှင်းများကလည်း မြင်ကွင်းကို ကန့်သတ်ထားပြန်ပါ၏။ လျှိုမြောင်ခင်တန်း ကုန်းကြော အတက် အဆင်းများကလည်း ဘဝသရုပ်ကို ဖော်ဆောင်နေဘိအလား။ ငုပ်ချီတစ်ခါ ပေါ်ချီတစ်လှည့် "အဆင်းခက်ခက်၊ အတက်ကြမ်းကြမ်း"ဟု ဆိုမိန့်ချက်များကို အမြဲတစေ သတိပြုမိပြန်ပါစေ၏။

လက်လှမ်းမမီလှသော အဝေးတောင်ကြော (အထူးသဖြင့် SURA လှုပ်ရှားရာ အနောက်ခြမ်း)ကို အမြဲရှုမြဲနေရသော်လည်း မြေပြင်လှုပ်ရှားရန်မှာလည်း မူလလမ်းကြောင်း လုံခြုံရေးနယ်မြေကို စွန့်ခွာထားရမည့် သဘောသက်ဝင်နေပြန်ရကား တပ်ခွဲလက်နက် တစ်ကမ်းမျှမက ဝေးကွာလှသော အဆိုပါတောင်ကြော (အချက်အချာနေရာမဟုတ်)ကို လက်လွှတ်ထားရသည့် အနေအထားဖြစ်ပေတော့သည်။

သို့ရာတွင် "လူမတတ်သော်လည်း လက်ဖက်ထုပ်တတ်သည်"ဟူသော ဆိုရိုးစကားကို ဗိုလ်ကုလား နှလုံးသွင်းပြီး ဘိုးတော်ဝင်သိန်းကို အကြောင်းပြု၍ ဂန္ဓာရီလိုင်း ဝင်ရောက်နေသူတစ်ဦးဖြစ်သည့် အားလျော်စွာ "မာရ ဋ္ဌာဝက" အစချီဂါထာကို ရတနာသုံးပါး အာရုံကပ်၊ စိတ်တွင်းက ရွတ်ဖတ်ပြီး ဆရာအာဋ္ဌာဝက ပင့်ဖိတ်ကြား၍ အဆိုပါ လက်လှမ်းတစ်တောင်လျှင် ခြေတစ်လှမ်း မြန်းကြွရှင်းလင်းပေးပါရန် အကူအညီတောင်းခံလိုက်လေသည်။ မည်သူမျှ မကြားမသိလိုက်ကြပါ။

ပန်ဟုန်းစခန်းကုန်းသို့ ရောက်ရှိပြီး ဆရာကြီးတင်စိုးအား တွေ့ဆုံကာ လခရ နယ်မြေစိုးမိုးရေး စည်းရုံးရေး ထူးခြားဖြစ်စဉ် စသည်တို့ကို မေးမြန်းခြင်း၊ စစ်သည်များကို တွေ့ဆုံ၍ ကျန်းမာရေး စစ်ဆေး/ကုသပေးခြင်း၊ စစ်တည်ဆောက်မှု မှာကြား၊ ဆက်စပ်ဖြည့်ဆည်းခြင်း၊ အုပ်ချုပ်မှုကိစ္စများ ဖြည့်ဆည်းပေးခြင်း၊ ၎င်းနောက် ကျေးရွာလူကြီးနှင့် အဖွဲ့များ တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ မိမိစခန်းသို့ ပြန်လည်ချီတက်ထွက်ခွာလာခဲ့သည်။

စခန်းသို့ ပြန်ရောက်ပြီးသောအခါ လမ်းကင်းအဖွဲ့၊ လှုပ်ရှားအဖွဲ့တို့ တစ်နေ့တာ ဆောင်ရွက်မှုများ၊ စစ်ဆေးကြပ်မတ်ခြင်း၊ ပြည်သူ့စစ်အဖွဲ့ တာဝန်ခွဲဝေခြင်း၊ အခမ ကိစ္စများနှင့် ကိုယ်ပါက်ကြံ့ခိုင်ရေး အားကစား စီမံပေးခြင်း၊ အထက်ဌာနသို့ အစီရင်ခံတင်ပြခြင်းတို့ ဆောင်ရွက်ပြီးသောကာလ အနည်းငယ်တော့ ကိုယ်စိတ်ပန်းမိလေတော့၏။

တပည့်ကျော် မြင့်ဇော် ပြင်ဆင်ပေးသော ထမင်းပွဲနှင့် ယမကာ မှိတ်အချို့တည်းပြီးနောက် ညစဉ်လုပ်ငန်းတစ်ရပ်ဖြစ်သော ဝတ်ပြုခြင်း၊ ဆေးတပ်သား ဆရာသိန်းစိုးဦးနှင့် စကားလက်ဆုံကျခြင်း၊ တပ်တွင်းကွင်းများစစ်ဆေးခြင်း၊ နောက်တစ်နေ့ ဆောင်ရွက်ဖွယ်ရာ ကြိုတင်မှာကြားခြင်းတို့ ပြုလုပ်ရပြန်သည်။

ည ၂၂း၀၀ နာရီ ကျော်လွန်သောအခါ ဆရာသိန်းစိုးဦးလည်း ၎င်း အိပ်ရာသို့ပြန်ရန် (ဗိုလ်ကုလား၏ အိပ်/ဧည့်တည်းဆောင်မှ) နှုတ်ဆက်ထွက်ခွာသွားလေ၏။ ခြေလှမ်း လေး-ငါးလှမ်းခန့်သာ တဲတံခါးဆက်မြိတ်မှ ကွာသေးသည် အကြောင်းတရားက ပေါ်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

### လာပြီ၊ လာပြီ

"ဂုန်း・・ဂုန်း・・・ဂုန်း"

လဲပြိုကျသံ၊ တစ်ဆက်တည်းပင်

"ဗိုလ်ကြီး ကျွန်တော်မရတော့ဘူး။ ဘာတွေလဲမသိဘူး။ နီးလာလိုက်၊ ဝေးသွားလိုက်၊ မျက်လုံးကြီးတွေကလည်း လင်းကွင်းလောက်ရှိတယ်။ ရဲရဲတောက်လို့"

"အေး・・・အေး၊ ငါလာပြီတပည့်၊ ဘာမှ စိတ်ပူမနေနဲ့"

ဗိုလ်ကုလားလည်း ကျောမှမဆန့်ရခင် တဲအပြင်သို့ အမြန်ပြေးထွက် ကာ တပည့်ကျော်အား တွဲထူမ၍ အိပ်ခန်းဘုရားစင်ရှေ့သို့ ခေါ်ခဲ့ရလေ၏။

တဲတည်ဆောက်ပုံအရ အတွင်းအိပ်ခန်းခေါင်းရင်း၌ ဘုရားခန်းရှိကာ ဝဲယာနှစ်ဖက်ခြမ်း၌ အိပ်ရာခုတင်နှင့် ဝတ်ပြုနေရာ ခွဲခြားထား၏။ အပြင်ခြမ်းတွင် ဧည့်တဲ(ရှင်းလင်းဆောင်သေး) ပုံသဏ္ဌာန် တည်ဆောက်ထားပါသည်။

"ဗိုလ်ကြီး・・・ကျွန်တော့်စိတ်တွေထိန်းမရဘူး။ အနီးအနားမှာ အန္တရာယ်ရှိနိုင်တဲ့ လက်နက်တွေသိမ်းပေးပါ"

ဟု အမောတကော တောင်းဆိုမြန်ပါသည်။

"စိတ်ချတပည့်၊ ဘာမှုမရှိဘူး။ ဘုရားသာ အာရုံပြု၊ ဟုတ်လား။ ဆီမီးနှံသာတိုင်လည်း ပူဇော်ထားပြီးသား"ဟု နှစ်သိမ့်ဖြေကြားရင်းပင် "မြင့်ဇော်ရေ၊ အမြန်လာပါဦးကွ"ဟု တပည့်ကျော်ကို အော်ခေါ်လိုက်သည့်တစ်ခဏ အလိုက်သိစွာ ရောက်ရှိလာပြီး ဆရာသိန်းစိုးဦးကို ခုတင်ဝတ်ပြုရာသို့ သပ်ရပ်စွာ ဆွဲတင်နေရာချခြင်း၊ မလိုအပ်သော ပစ္စည်းများ ဖယ်ခွာရှင်းလင်းခြင်း၊ အနီးကပ်စောင့်ကြပ်ခြင်းတို့ကို စက်ရုပ်သဖွယ် တရစပ် ဆောင်ရွက်ပြီးစီးလေ၏။

ဗိုလ်ကုလားလည်း ဘုရားပင့်ပြီး ရသမျှသော ဂုဏ်တော်များ၊ သမ္ဗုဒ္ဓေနှင့် တကွ ဂါထာတော်များ အလျင်အမြန် ရွတ်ဖတ်သရဇ္ဈာယ်ကာ အထက်ပုဂ္ဂိုလ်များကို တိုင်တည်၍ ကြွရောက်လာသော ပုဂ္ဂိုလ်အား ကုသိုလ်အမျှပေးဝေခြင်း၊ မေတ္တာပို့သခြင်းတို့ကို အဆောတလျင် ပြုလုပ်ပေးသည်။ ပြီးနောက်

"ယခု ကြွရောက်လာတဲ့ ပုဂ္ဂိုလ်ခင်ဗျား၊ အမျိုးအမည် ခွဲခြား၍ ကိုယ်လုံးခြုံစီး နှုတ်တော်က မြွက်ကြားမှသာ အကြောင်းအကျိုး သိရမှာ ဖြစ်ပါတယ်။ သားတော်တို့ အမှားတစ်စုံတစ်ရာ ရှိပါကလည်း ရတနာသုံးပါးဦးထိပ်ထား၍ ခွင့်လွှတ်သည်းခံပါရန် တောင်းပန်အပ်ပါတယ်။ သားတော်မှာ စစ်သူကြီးအရာ အကြီးအကဲလည်း ဖြစ်ပါတယ်။ လိုအပ်သည်များ မိန့်ကြားတော်မူပါ"ဟု လမ်းဖွင့်ဖြေသိမ့်စကား ကမ်းလှမ်းလိုက်လေသည်။ ထိုအခါ -

"မင်းတို့တွေ ပင့်တုန်းကတော့ ပင့်ပြီး ကိစ္စပြီးတော့ ငါ့ပြန်မပို့ဘူး။ ငါ့မှာလည်း အလုပ်တွေ ရှိသေးတယ်"ဟု ဒေါမာန်မပြေသည့် လေသံဖြင့် ပြန်ကြားလေ၏။

ဗိုလ်ကုလား ဖျပ်ခနဲဆို ရိပ်မိလိုက်လေပြီ။ တတ်စွမ်းသမျှ ပုဂ္ဂိုလ်များကို လက်၌ ကြွရောက်ပေးပါရန် ဖိတ်ကြားပြီး ကြွရောက်ပုဂ္ဂိုလ်အဆင့်ကို ခွဲခြမ်းစိတ်ဖြာ၊ အတည်ပြုကြည့်လေရာ သေချာပါပြီ "ဆရာအာဋာဝက"မှတစ်ပါး အခြားမရှိ။ လေပြေထိုးလေရော့။

အရိပ်အကဲ ပါးနပ်ပြီးဖြစ်သော ဗိုလ်ကုလားသည် လုပ်ငန်းတာဝန်ကများပါကြောင်း၊ လူလည်း လူ့အလျောက်၊ နတ်လည်း နတ်အလျောက် တာဝန်ကိုယ်စီ ရှိကြလေရာ ကိစ္စများမြောင်လှတို့ဘောင်သားတစ်ဦးသာဖြစ်ပါသောကြောင့် မေ့လျော့မိပါကြောင်း၊ ညီဘွားတို့ ပြုပြုသမျှ ကုသိုလ်ကောင်းမှု အစုစုတို့၏ အဖို့ဘာဂကို အမျှပေးဝေပါကြောင်း၊ ကျန်းမာချမ်းသာ၍ သာသနာအကျိုး ဆက်ထက်ထမ်းပိုး တိုးပွားဆောင်ရွက်နိုင်ပါစေကြောင်း၊ မေတ္တာပို့သပါကြောင်း စသည်・・・ စသည်ဖြင့် မရဏာပီတိ ဝွမ်းဆီထိအောင် အကြောင်းကံဖြင့်တောင်းပန်ပြီးသကာလ

"ယသာနုဘာဝါတောယက္ခာ"

မေတ္တာသုတ်၊ "ဒါနံဒဒန္တု သဒ္ဓါယ"နတ်ပို့ဖြင့် ဆရာအာဋာဝက အလိုရှိရာ၊ စံမြန်းရာ ဘုံဗိမာန်နန်းသို့ ဘေးမသီ၊ ရန်မခ အေးချမ်းစွာဖြင့် ပြန်လည်ကြွမြန်းတော်မူပါလော့"ဟု မေတ္တာရှေ့ရှုပို့ဆောင်မှုကို ဆောင်ရွက်လိုက်ရပါတော့သည်။

စကားချပ် ။ "မာရာဋ္ဌာဝက နာဋ္ဌာဂီ၊ အင်္ဂုလိ စိဥ္စ သစ္စကံ၊ နန္ဒေါပနန္ဒ မြဟ္မဥ္ဇ၊ ဇေယျတု ဟောတု တတောပရံ ဗုဒ္ဓေါမေ ရက္ခတုနိစ္စံ၊ ဓမ္မော မေရက္ခတု သဒ္ဓါ၊ သံဃောမေ ရက္ခတု ဒိနေ၊ အာယုဒီယော သုခံဘဝေ" (ဗုဒ္ဓမြတ်စွာ၏ အပြင်အောင်ခြင်းရှစ်ပါး ပူဇော်ဂါထာ ဖြစ်ပါသည်။ သက်ဝင်



www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်ရှုတ်ဖတ်၍ လိုရာပင့်နိုင်ကြပါသည်။)

### အခန်း(၇)

### အမှုဝေကာ ပို့ဆောင်ရာ

နောက်တစ်နေ့ အားလပ်ချိန်၌ ဘိုးတော်ဝင်းသိန်းနှင့် ပြန်ပြောင်း၍ ရှင်းလင်းစကား ပြောကြားဖြစ်ပါသည်။

"ဆရာကြီးရေ···မယုံရင် ပုံပြင်မှတ်ပေါ့ဗျာ။ ပင့်စဉ်တုန်းက ကျွန်တော့်ဘာသာ တစ်ဦးတည်းဗျ။ အသံတောင်မထွက်ဘူး။ ပြောရရင် ဘယ်သူမှမသိဘူးဗျ။ အဲ···ညရောက်ပြီး အိပ်ရာဝင်တော့မယ်ဆိုမှ ထဖြစ်တာ"

"အဲဒါပဲ ဗိုလ်ကြီးရေ၊ ကျွန်တော်လည်း သတိပေးဖို့ မေ့ခဲ့တာ ရှိပါတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးနှင့်တကွ သံဃာတော် အရှင်မြတ်တို့ကိုလှည်း ကိစ္စရှိရင် ပင့်ဖိတ်ကြတယ်။ ကိစ္စပြီးရင် ပြန်လည်ပို့ဆောင်တော်မူကြတယ်။ ခေတ်ကာလ ပြောင်းလဲလာတာနဲ့အမျှ အခုကျတော့ ယာဉ်ကြိုတွေဆိုပါတော့ဗျာ"

"ဟုတ်တယ် ဆရာကြီးရေ၊ လက်တွေ့နယ်ပယ်မှာတော့ မြင်ရတဲ့ ပုဂ္ဂိုလ်တွေကို။ ဒီတော့ ပင့်၊ ပို့ ကိစ္စရှင်းတယ်ဗျ။ မမြင်ရတဲ့ ပုဂ္ဂိုလ်တွေကိုတော့ အခမ်းအနားတို့ ဝတ်ရွတ်စဉ်တို့ ကျင်းပဆောင်ရွက်တဲ့အခါ ပင့်/ပို့ပါရှိတာကို ဂရုမပြုမိလိုက်တာ ဆိုပါတော့ဗျာ"

"ဗိုလ်ကြီးသိတဲ့အတိုင်းပဲ။ ဆရာသိန်းစိုးဦးက အင်မတန် လိပ်ပြာလုံတယ်လေ။ ပြီးတော့ ဗိုလ်ကြီးပဲ သူ့အထက်ပုဂ္ဂိုလ်တွေနဲ့ ပြန်ဆက်ပေးခဲ့တာမဟုတ်လား။ ဘယ်ကန်တော့ပွဲ၊ အလင်းတိုင်၊ နံ့သာတိုင်မှ မလိုဘူး။ ကိစ္စထူးတာနဲ့ မပင့်လည်း ချက်ချင်းကြွလာတတ်တာ မျက်မြင်ပဲဗျာ"

"ဟုတ်ပါ့ဗျာ။ ဒီလို သိပ္ပံဦးစားပေးခေတ်ကြီးမှာ ကျွန်တော်တို့က သွားပြောမိရင်တော့ အရူးဆိုကြမှာဗျ။ တကယ်တော့ ပုထုဇနော ဥမ္မတကောချည်းပဲ။ ဘုရားဟောထားတာဗျ"

"အမှန်ပေါ့ ဗိုလ်ကြီးရယ်။ လိုရင်းအချက်ကတော့ မည်သည့်ပုဂ္ဂိုလ်ဖြစ်ပါစေ၊ လိုအပ်လို့ ပင့်ဖိတ်ဆောင်ရွက်ပြီးတဲ့အခါ မမေ့မလျော့ မေတ္တာပို့ အမျှအတန်းဝေပြီး သက်ဆိုင်ရာကို ပြန်လည်ပို့ဆောင်ပေးကြပါလို့ အကျိုးမျှော်ပြီး နှိုးဆော်လိုက်ချင်ပါတယ်ဗျာ"ဟု ဘိုးတော်ဝင်းသိန်းက အလေးအနက် ပြောကြားလေသည်။

### အခန်း(၈)

### မှန်စွာမသွေ

အဲဒါပါပဲ ညီလေးရယ်။ ၁၉၈၈/၈၉၊ ခွဲ(၆)ခေတ်က ရှမ်းပြည်တောင်ပိုင်း၊ လဲချားမြို့နယ်အတွင်းက နောင်လိုင်စခန်းမှာ ကြုံခဲ့ရတာပေါ့။ အဲဒီ ဘိုးတော်ဝင်းသိန်းနှင့် ပတ်သက်ပြီး ကိုယ်လည်း ဘာသာရေးကို ပိုမိုဂရုပြုတယ်။ သာသနာအကျိုးကိုလည်း အလေးထားဆောင်ရွက်တယ်။ အားလုံးကိုလည်း တတ်စွမ်းသမျှ ကူညီဆောင်ရွက်တယ်။ ရှုတ်ဖတ်သရဇ္ဈာယ်တာတော့ မင်းသိပြီးသား။ အကျိုးများပြီး လက်တွေ့သာကောတစ်ခုတောင်မှ "ဖျင်ဗုဒ္ဓါရဲ့ ကံကောင်းလို့မသေ၊ သံချောင်းတို့အဖေ" (ဂန္ဓီမှုရ အမှတ် ၁၆၈၊ ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ) မှာ မင်းဇာတ်ကောင် အစားထိုး ရေးခဲ့ပြီးပြီ။

"ကျွန်တော်လည်း ဗိုလ်ကြီးပြောထားတာတွေ ရေးဖို့ပါပဲ။ ထုံးစံအတိုင်း အလုပ်များပြီး မေ့တာလည်း ပါတာပေါ့။ ပြီးတော့လည်း မြေပုံတို့၊ ပုံကြမ်းတို့ အထောက်အထားတို့ အဲလိုဝေဝေဆာဆာလေးနဲ့မှ မွှမ်းလို့ကောင်းတာ"ဟု ဆိုပြန်၏။

"ကဲ · · ·ကိုယ့်ဘက်ကတော့ ပေးပြီးပြီ။ မင်းမယူတတ်ရင်တော့ ဂျမှာမဟုတ်ဘူး။ မင်းမရေးဖြစ်ရင်တော့ ကြုံကြိုက်ခဲ့ရင် ကိုယ်ရေးဖြစ်မယ် ထင်ပါတယ်"

"စားလို့လည်း ဝပြီ။ သောက်လို့လည်းဝပါပြီ။ နားထောင်လို့လည်း အားရပါပြီ။ လူမှုကိစ္စလေးတွေများဘော့ (ဆရာမ ကျူရှင်ချိန်၊ ချက်ပြုတ်လျှော်ဖွပ်ချိန်) အချိန်တန်ပါသဖြင့် အိမ်ပြန်လိုက်ပါဦးမယ်၊ ခွင့်ပြုပါ။ အန်တီစန်းသွားပြီနော်"ဟု ဇနီးမောင်နှံ စာရေးဆရာလေသံ ဇာတ်ဟန်ပါပါဖြင့် နှုတ်ဆက်လေ၏။ အားကျမခံပင်···

"မြရေ··· ညွှန့်သည်ပြန်ပို့လိုက်။ မောင်တော့ မပို့တော့ဘူးနော်"ဟု ပေါက်ဖော်တရုတ်ကြီးစတိုင်ဖြင့် မိန့်ကြားလိုက်ရပေတော့သည်။

သုခချမ်းသာ ပြည့်ကြပါစေ။

**ရှင်မပော်**

www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ တာဆထလ (တိုင်း)-၁၃၁၂




အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၀၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဒီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းသေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျှော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမှာ ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းအာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

[illegible] မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

[illegible]–၅/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၆၉၀၅၈၇၊ ၀၉–၅၁–၈၈[illegible]

မုံရွာဆရာမိုး – ဖုန်း–၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)


www.burmeseclassic.com

www.burmeseclassic.com



# ဝေယံလင်းခေါင်
# သူတော်ငတေနှင့်
# ပန်းပဲဆရာ

www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတော နှင့် ပန်းပဲဆရာ

■ ဝေယံလင်းခေါင်

**ရှေးဦးစကား**

ကျွန်ုပ်တို့ မြန်မာမှုဟု ဆိုရမည့် မြန်မာ့နယ်ပယ်တွင် ဂမ္ဘီရနှင့် ဂန္ဓာရီဟူသော ဝေါဟာရနှစ်ခု ရှိ၏။ ထိုဝေါဟာရနှစ်ခုသည် အစဉ်ဒွန်တွဲလျက်ရှိရာ၌ ဂမ္ဘီရနှင့် ဂန္ဓာရီတို့မှ ဆက်နွယ်ပေါ်ပေါက်လာသော အခြင်းအရာတို့မှာ အတိတ်၊ နိမိတ်၊ တဘောင်၊ တြွင်း၊ သိုက်မှသည် အယူတော်မင်္ဂလာတို့ထိ ဆက်နွယ်ဖြစ်တည်လာသည်ဟု ယူဆရသည်။

ထို့ပြင် မန္တန်၊ မန္တရား၊ ဆေးဝါး အတတ်၊ သိဒ္ဓိ၊ မဟိဒ္ဓိမှသည် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများနှင့် အင်းဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ စသည်ဖြင့် ဓာတ်ဝိဇ္ဇာထိုက်ရိတ်တို့သည်လည်း ဂမ္ဘီရပညာရပ်နှင့် ဆက်နွယ်ပတ်သက်၍ ဖြစ်တည်လာကြသော အကြောင်းခြင်းရာများပင်။

ဂမ္ဘီရကို နက်နဲခြင်းဟူသော ရိုးရိုးစင်း ရှင်းရှင်းမှသည် ရှုပ်ထွေးခြင်း၊ သိမ်မွေ့နက်ခြင်း၊ ခက်ခဲခြင်း စသည်ဖြင့် အမျိုးမျိုးဖွင့်ဆိုကြသည်။

ဂမ္ဘီရ၏ ပါဠိအဓိပ္ပာယ်မှာ ပညာ (အတတ်)နှင့် ဒွန်တွဲ၍ (ပရိတ်ကြီး၏ ရတနာသုတ်အဖွင့်တွင် 'ဂမ္ဘီရပညေန သုဒေသိတာနိ၊ မြတ်စွာဘုရားသည် ဂမ္ဘီရဉာဏ်ဖြင့် ဟောကြားတော်မူအပ်ကုန်သော)ဟု ပါရှိသည်။ တစ်နည်း ဂမ္ဘီရပညေန–နက်နဲသော ပညာရှိသည်ဟု ရိုးရိုးစင်းစင်း ဆိုထားသည်။ ထို့ကြောင့် ဂမ္ဘီရဆိုသည်မှာ နက်နဲသော ပညာရပ်ဟုပင် အတိအကျ ဆိုရပေတော့မည်။

စာရေးသူ ယခုရေးသားတင်ပြမည့် အကြောင်းအရာတို့မှာ ရာဇဝင်သမိုင်းလာ မြန်မာနိုင်ငံက ဂန္ဓာရီပုဂ္ဂိုလ်ကျော်များကို မတင်ပြမီ ဂန္ဓာရီအတတ်နှင့် ပတ်သက်၍ သီလက္ခန်ပါဠိတော်၌ ညွှန်ပြသည်မှာ ဂန္ဓာရီအတတ်သည် ဂန္ဓာရတိုင်း၌ ဂန္ဓာရီအတတ်ကို တတ်မြောက်ကြသော ရသေ့များစွာထဲက တစ်ဦးသော ရသေ့၏ စီရင်အပ်သော အတတ်ဖြစ်သောကြောင့် ဂန္ဓာရီအတတ်ဟု ဆိုလေသည်။

ဂန္ဓာရတိုင်းသည် ပန်ဂျပ်နှင့် ကသ္မီရတိုင်းတို့၏ အနောက်မြောက်ဘက်၌ ကပ်လျက်တည်ရှိသော တိုင်းဖြစ်သည်။ စုန်း၊ နတ်၊ ပယောဂ၊ မန္တန်၊ မန္တရား အတတ်တို့၌ အလွန်ထင်ပေါ်ကျော်စောခဲ့သည်။ ထိုသို့ ကျော်စောကြောင်းကို တရုတ်ရဟန်းတော် ဟိုယန်ဆိုင်နှင့် မာကိုပိုလိုတို့၏ ခရီးသွားမှတ်တမ်းများ၌ တွေ့ရသည်။

ထိုဂန္ဓာရတိုင်း၌နေကြသည့် ရသေ့စီရင်သော 'ဂန္ဓာရီ'အတတ်၌ မဟာဂန္ဓာရီနှင့် စူဠဂန္ဓာရီဟူ၍ နှစ်မျိုးနှစ်စား ထွက်ပေါ်လာခဲ့သည်။ ယင်းအတတ်နှစ်မျိုးစလုံးသည် မန္တန်အတတ်ချည်း ဖြစ်၏။

ဤနေရာတွင် တန်ခိုးနှင့်ပတ်သက်၍ ၁၀ မျိုးရှိကြောင်းကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ အောက်ပါအတိုင်း ပြထားလေသည်။

(၁) အဓိဋ္ဌာန်တန်ခိုး၊ (၂) ဖန်ဆင်းခြင်းတန်ခိုး၊ (၃) စိတ်ဖြင့်ပြီးသော တန်ခိုး၊ (၄) ဉာဏ်ပျံ့နှံ့သောတန်ခိုး၊ (၅) သမာဓိပျံ့နှံ့သောတန်ခိုး၊ (၆)



www.burmeseclassic.com

www.burmeseclassic.com

အရိယာတန်ခိုး၊ (၇) ကံကြောင့်တန်ခိုး၊ (၈) ဘုန်းတန်ခိုး၊ (၉) ဝိဇ္ဇာအတတ်ဖြင့်ပြီးသောတန်ခိုး၊ (၁၀) အားထုတ်မှုကြောင့်တန်ခိုးဟု ဆိုသည်။

တန်ခိုး ၁၀ မျိုးတွင် နံပါတ် ၉ ၌ 'ဝိဇ္ဇာအတတ်ဖြင့်ပြီးသော တန်ခိုး' ဆိုခြင်းကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ အောက်ပါအတိုင်း ညွှန်ပြထားသည်။

"ဝိဇ္ဇာဓိုရ်သည် မန္တန်ကိုစုပ်၍ ကောင်းကင်သို့ သွားကုန်၏။

ရေးခြစ်၍ မထင်နိုင်သော ကောင်းကင်၌ ဆင်တပ်ကို ပြကုန်၏။ မြင်းတပ်ကိုလည်း ပြကုန်၏။ ရထားတပ်ကိုလည်း ပြကုန်၏။ မြင်းတပ်ကိုလည်း ပြကုန်၏။ ရထားတပ်ကိုလည်း ပြကုန်၏။ ခြေသည်ရဲမက်တို့ကိုလည်း ပြကုန်၏။ အမျိုးမျိုးသော စစ်သည်အပေါင်းကိုလည်း ပြကုန်၏။ ဤကား ဝိဇ္ဇာအတတ်ဖြင့်ပြီးသော တန်ခိုးတည်း။"

"ဝိဇ္ဇာဓိုရ်တို့သည် မန္တန်ကိုစုပ်၍ ကောင်းကင်၌ သွားကုန်၏"ဟူသော စကားကို ထောက်ခြင်းဖြင့် မန္တန်သည်ပင် ဝိဇ္ဇာအတတ်ဖြစ်ကြောင်း ထင်ရှားသည်။ မန္တန်အတတ်သည် လောက၌ မှချရှိကြောင်း၊ ဝိဇ္ဇာပညာရပ်ဖြစ်ကြောင်းကို ဗုဒ္ဓကိုယ်တိုင် ညွှန်ပြတော်မူခဲ့သည်။

အဓိပ္ပာယ်မှာ –

"အချင်း ကေဝဋ္ဋ ... ဂန္ဓာရီ မည်သောအတတ်သည် စင်စစ်ရှိ၏။ ထိုဂန္ဓာရီအတတ်ဖြင့် ရဟန်းသည် များပြားကုန်သော တန်ခိုးဖန်ဆင်းခြင်းကိုလည်း ပြီးစေ၏-တစ်ယောက်တည်း ဖြစ်လျက် အများဖြစ်သွား၏။ အများဖြစ်လျက် တစ်ယောက်တည်း ဖြစ်ပါ၏။ ဗြဟ္မာပြည်တိုင်အောင်လည်း ကိုယ်ကို (မိမိ)အလိုအတိုင်း ဖြစ်စေနိုင်၏"

"အချင်းကေဝဋ္ဋ ... စိန္တာမဏိ မည်သော အတတ်သည် စင်စစ်ရှိ၏။ ထိုစိန္တာမဏိအတတ်ဖြင့် သင်၏စိတ်သည် ဤသို့သဘောရှိ၏။ သင်၏စိတ်သည် ဤသို့အခြင်းအရာရှိ၏။ သင်၏စိတ်သည် ဤသို့အကြံဖြစ်၏ဟု တစ်ပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကိုလည်း အတပ်ဟောနိုင်၏"

ဟု ညွှန်ပြတော်မူသည်။

သာဝတ္ထိပြည်တွင် ပိလိန္ဒဝစ္ဆ ထေရ်အလောင်းသည် ဗုဒ္ဓနှင့် မတွေ့မီ စူဠဂန္ဓာရီမန္တန်ကို တတ်လေသဖြင့် ကောင်းကင်သို့ ပျံနိုင်၏။ သူတစ်ပါးတို့၏ စိတ်ကို သိနိုင်၏။ မဟာဂန္ဓာရီ မန္တန်ကား ထို့ထက်ပင် တန်ခိုးကြီးလေသည်။

ဓမ္မပဒပါဠိတော် ဇဋိလသူဌေး ဝတ္ထု၌ ကောင်းကင်မှ ဝိဇ္ဇာဓိုရ်ပျံ၍ ပြာသာဒ်ဘုံခုနစ်ဆင့်၌ ထားသော သူဌေးသမီးထံသို့ ရောက်လာကြောင်း ဆိုသည်။ အပဒါန်ပါဠိတွင် သုမေဓာ ဘုရားရှင်လက်ထက် အရှင်ကစ္စည်း မထေရ်အလောင်းသည် ဝိဇ္ဇာဓိုရ်ဖြစ်၍ မဟာလှေခါးပွင့်ကိုဆောင်ပြီး ကောင်းကင်ခရီးဖြင့်သွားစဉ် မြတ်စွာဘုရားကို တွေ့မြင်၍ ပူဇော်လိုက်သည်ဟုဆို၏။

ရာဇဂြိုဟ်ပြည်၌ ဥတ္တရသာမဏေအလောင်းသည် သုမေဓာဘုရား လက်ထက်တွင် ဝိဇ္ဇာဓိုရ်လုလင်ဖြစ်၍ ကောင်းကင်၌ ပျံသွားစဉ် မြတ်စွာ ဘုရားကိုမြင်၍ ပန်း၊ ထီးတို့ဖြင့် ပူဇော် လိုက်သည်ဆို၏။ ဆက္ကနိပါတ်တော် ဇာတ်၌ ဗာရာဏသီပြည်ဗြဟ္မဒတ်မင်း၏ မိဖုရားကို ဝိဇ္ဇာဓိုရ်ဝင်ထွက်နေ၍ ရှာဖွေသော် ကောင်းကင်သို့ ပျံတက်သွား သည်ဆို၏။

နဝနိပါတ် သမုဂ္ဂဇာတ်၌လည်း ကောင်းကင်ခရီးဖြင့်လာသော ဓာယ သသုပုတ္တဝိဇ္ဇာဓိုရ်သည် ကြုတ်တွင်းထား သော မိန်းမငယ်ထံရောက်သည်။ ဒါနဝ ဘီလူးလာသော် ကာလမသိ၍ ဝိဇ္ဇာဓိုရ် ဝင်နေသောကြုတ်ကို ငုံ၍သွားလေ သည်။ ဘီလူးသည် ငုံထားသောကြုတ် ကိုဖွင့်လေလျှင် ဝိဇ္ဇာဓိုရ်သည် သန် လျက်ကိုပိုက်လျက် မန္တန်ကိုရွတ်ကာ ကောင်းကင်သို့ ပျံတက်သွားလေသည်။

အလ္လကပ္ပမင်း၊ ဝေဌဒီပမင်း၊ ဥဒေနမင်းတို့သည် ဆင်များကို လာစေ သွားစေနိုင်သော 'ဟတ္ထိကန္တမန္တရား' ရှိကြောင်းကို ဓမ္မပဒအဋ္ဌကထာ၌ ပြ လေ၏။

သာဝတ္ထိပြည်သား ဝိဂီလုလင် သည် ဆသသီသမန္တန်ကို တတ်သဖြင့် သေလွန်သွားသောသူများ၏ ဦးခေါင်းခွံ ကိုယူ၍ မန္တန်ကိုရွတ်ခြင်းဖြင့် ထိုသူ သည် မည်သည့်ဘုံဌာနတွင် ရောက်ရှိ နေကြောင်းကို သိရှိနိုင်သည်ဟု ဓမ္မပဒ အဋ္ဌကထာ အင်္ဂုတ္တိုရ်အပါဒါန်တို့၌ ဆို လေသည်။

နက္ခတ်ကိုကြည့်ပြီး ရွတ်ဖတ် သော ဝေဒဗ္ဗမန္တန်သည် ရတနာခုနစ်ပါး မိုးကိုရွာစေကြောင်း ဧကနိပါတ် ဝေဒဗ္ဗ ဇာတ်၌ ဟောတော်မူသည်။ လူသေ ကောင်များကို ထလာစေသော မန္တန် ရှိကြောင်းကို ဧကနိပါတ်သဉ္ဇီဝဇာတ် တော်၌ ဟောတော်မူလေသည်။ ဗာရာ ဏသီပြည် သေနကမင်းသည် နဂါး မင်းတစ်ကောင်ထံမှ ပိုးမွှားတိရစ္ဆာန်တို့ ၏ ဘာသာစကားကို နားလည်နိုင် သော 'သဗ္ဗရုတညုဇာနနမန္တရား' ကို



www.burmeseclassic.com

www.burmeseclassic.com

ရှိကြောင်း ဆက္ကနိပါတ် ခရပုတ္တဇာတ်တွင် ဟောတော်မူသည်။

ဆေးဝါးမန္တရားအစီအရင်ဖြင့် အလမ္ပာယ်ဆရာပုဏ္ဏားသည် စကစပေ့ယျနဂါးမင်းကို ဖမ်းကြောင်း ဝီသတိနိပါတ်စမ္ပေယျဇာတ်၌ ဟောတော်မူသည်ကို ဘူရိဒတ်ဇာတ်တော်၌ လာလေသည်။

မြေ၌မြှုပ်နှံထားသော ပစ္စည်းများကို မြင်နိုင်စွမ်းသော မန္တရားရှိကြောင်းကိုလည်း စတုကနိပါတ် ဖြပဟာဆက္ကဇာတ်၌ ဟောတော်မူသည်။

ထိုအကြောင်းများစွာတို့ကို လေ့လာလိုက်သောအခါတွင် ဂန္ဓာရီတည်းဟူသော ဂမ္ဘီရသည် လောကတွင် ထင်ရှားရှိသော ဝိဇ္ဇာပညာရပ်တစ်ခု ရှိကြောင်းကို ထင်ရှားစွာ တွေ့ရှိနိုင်ပေသည်။

ဤသည်တို့မှာ ပါဠိပိဋကတ်လာအဖွဲ့၏ ကျမ်းစာများထဲမှ ဂန္ဓာရီ၊ ဂမ္ဘီရ ပညာများပင် ဖြစ်သည်။

ရှေးရှေးမြန်မာကြီးတို့၏ ဂန္ဓာရီပညာ ခရီးစဉ်သည်ကား ရှည်လျားထွေပြားလှပေသည်။ တကောင်းခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံခေတ်၊ စစ်ကိုင်းအင်းဝခေတ်၊ ကေတုမတီ ဟံသာဝတီခေတ်၊ ညောင်ရမ်းအင်းဝခေတ်၊ ကုန်းဘောင်ခေတ် စသည် စသည် ခေတ်ကာလသမယတို့၌ မုန်ဦးမှန်တိုင် ပန်းတုံးတိုင်များ စိုက်ထူထားကြသည်ကို အထင်အရှား တွေ့ကြရသည်။

တကောင်း၊ သရေခေတ္တရာ၊ ဘန်လင်း၊ ဗိဿနိုး၊ ပေါက္ခရဝတီ၊ ဥဿာ၊ သုဝဏ္ဏဘူမိ၊ သုဓမ္မဝတီ၊ ဓညဝတီ၊ ဝေသာလီ၊ ပဥ္စာ၊ စက္ကဝတ်၊ နေရဥ္စနာ၊ လောင်းကြက်၊ ပုဂံ၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ မြင်းစိုင်း၊ မြောက်ဦး၊ ပြည်၊ ပုသိမ်၊ ကေတုမတီ၊ ဟံသာဝတီ၊ ညောင်ရမ်း၊ ရတနာသိခ်၊ ရွှေဘို၊ အမရပူရ၊ ရတနာပုံ စသည် စသည် ရဋ္ဌ၊ ပူရ၊ နာရ၊ မြို့ပြ၊ မြို့တော်၊ နေပြည်တော်များ ထိုထိုဤဤ အလီလီသော ကာလဒေသ တစ်နံတစ်လျားတို့တွင် ပျံ့နှံ့ဖြတ်သန်းလျက် မြန်မာ့ဂန္ဓာရီပညာသည် ရှင်သန်ဖြစ်ထွန်း အလှမ်းကျယ်စွာ ပွားများလာခဲ့သည်။

ဂန္ဓာရီပညာဆိုင်ရာ နည်းနိဿယ၊ အတတ်၊ အသိ၊ ဒဿနိက၊ တက္ကဗေဒ၊ ယောဂ၊ သမထ၊ စူဠ၊ မဟာ၊ မဇ္ဈ၊ ဇနပဒ၊ လက်ဝဲ၊ လက်ယာ၊ အဖြူ၊ အမည်း စသည် စသည်တို့သည် များပြောင်ပွေလီစွာဖြင့် ကာလစာရီ၊ ဒေသစာရီ တစ်နံတစ်လျားတွင် ဖြန့်ဆန့်စည်ပင်နေခဲ့ပေသည်။

မြန်မာ့နယ်ပယ်၊ မြန်မာ့သမိုင်းစဉ် တစ်လျှောက်တစ်ခွင်တွင် ဖြစ်ပေါ်နေခဲ့သော ဂန္ဓာရီ ဖြစ်ရပ်ဖြစ်စဉ်များကို လေ့လာစိစစ်သောအခါ တိုက်ဆိုင်တူညီမှုများ၊ ထပ်တူရိုးစွဲ ဖြစ်ပျက်မှုအချို့ကို စိတ်ဝင်စားဖွယ်ရာ တွေ့ကြရ၏။ ယင်းတို့ထဲတွင် ထူးခြားတွေးတောဖွယ်ကောင်းသော အဖြစ်သနစ်အချို့ကို ဖော်ပြရလျှင် –

ရမ်းဗြဲမြို့ တောင်ကျောင်းဆရာတော် အရှင်စန္ဒမာလာလင်္ကာရ ပြုစုရေးသားအပ်သော ရခိုင်ရာဇဝင်(ဒုအကြိမ်)မှ ရှင်စိတြနှင့် ရှင်နရဒဝီတို့၏ ဂန္ဓာရီ၊ ဂမ္ဘီရပညာအတတ်ကို တွေ့ရ၏။ ရှင်ငယ်နှစ်ပါးသည် ဂန္ဓာရီခရီးမှ ရရှိလာခဲ့သော ကိုယ်ပျောက်အတတ်၊ ရုပ်ပြောင်းရုပ်လွှဲအတတ်တို့ဖြင့် သက္ကရာဇ် ၆၃၅ ခုနှစ်တွင် နန်းတက်သော နန်းကျားကြီးမင်းလက်ထက်တွင် ထိုဂမ္ဘီရအတတ်နှင့် နန်းကျားကြီး၏ မိဖုရားတစ်ပါးဆီ ညအခါ ဝင်ရောက်ပြီး ကာမေသုမိစ္ဆာစာရကို ပြုကျင့်ခဲ့ကြောင်း ရာဇဝင်သမိုင်း အထောက်အထား ခိုင်ခိုင်လုံလုံရှိခဲ့၏။

ထို့နောက် မြန်မာမှုနယ်ပယ် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် ဖြစ်ပေါ်ခဲ့သော ဂန္ဓာရီဖြစ်စဉ်များကို လေ့လာစိစစ်သောအခါ တိုက်ဆိုင်တူညီမှုများ၊ ထပ်တူရိုးစွဲဖြစ်ပျက်မှုအချို့ကိုလည်း စိတ်ဝင်စားဖွယ်ရာ တွေ့ရှိရပြန်လေသည်။

သာသနာနှစ် ၁၀၁ ခုတွင် သရေခေတ္တရာပြည် မြို့တည်နန်းတည် ဒွတ္တဘောင်မင်းကြီးနှင့် ထီးပြိုင်နန်းပြိုင် ပန်ထွာဘုရင်မသည် ဗိဿနိုးပြည်ကို အုပ်ချုပ်မင်းလုပ်၏။ ပန်ထွာဘုရင်မ၏ အဘိုးတော်စပ်သူ ဆရာရှင်ရသေ့ကြီးက ပန်ထွာဘုရင်မအုပ်ချုပ်သော ဗိဿနိုးပြည်ကို ရန်သူတို့ လာရောက်တိုက်ခိုက်သိမ်းပိုက်မှု မပြုနိုင်ရန်အတွက် မြို့ပတ်လည်ကို အင်း၊ အိုင်၊ မန္တရားအပါအဝင် လောကီအစီအရင်များဖြင့် အရံအတားပြုလုပ်ပြီး၊ ပိတောက်စည်ကြီးတစ်လုံးကိုလည်း ထိုသို့သော လောကီအစီအရင်များနှင့် ပြုလုပ်ပေးထားလေသည်။

ဗိဿနိုးမြို့တော်ကို ရန်သူများ သိမ်းပိုက်ရန် ဝိုင်းရံချီတက်လာကြသည့်အခါတိုင်း ထိုပိတောက်စည်ကြီးကို တီးလိုက်လျှင် မြို့တော်ကို ဝန်းရံပတ်ခွေစီးဆင်းနေသော ရန်ပါယ်ချောင်းကြီးသည် အဟုန်ပြင်းစွာ ဒလဟောစီးဆင်း



www.burmeseclassic.com

www.burmeseclassic.com

ရေလွှဲလာကာ ရန်သူများကို တံမြက်စည်းနှင့် လှည်းသိမ်းသပ်ချလိုက်သလို အကုန်ရေထဲမျောပါကုန်ကြသည်ဆို၏။

ဤအကြောင်းကြောင့် ဒွတ္တဘောင်မင်းကြီးသည် ပန်ထွာဘုရင်မကို သိမ်းပိုက်ရန် မစွမ်းသာသဖြင့် ထိုအစီအရင်များကို ဖျက်ဆီးရန် ရှင်ယောင်တစ်ဦးအား လျှို့ဝှက်စေလွှတ်လိုက်သည်။

ထိုရှင်ယောင်သည် ဗိသနိုးပြည်ရှင် ပန်ထွာဘုရင်မကို ဥပါယ်တံမျဉ်နှင့် လှည့်ဖြားအယုံသွင်းပြီး ပိတောက်စည်ကြီးနှင့် မြို့အရံအတား လောကီအစီအရင်များကို ဖယ်ရှားပစ်လိုက်သည်။ ထိုသို့ပြုလုပ်ပြီးမှ ဒွတ္တဘောင်မင်းကြီးသည် ပန်ထွာဘုရင်မကို လွယ်လင့်တကူ သိမ်းပိုက်ရယူသွားလေသည်။

ရခိုင်ပဉ္စာ မြို့တည်နန်းတည်တော်မင်း သက္ကရာဇ် ၁၅၆ တွင် ရန်သူအပေါင်းဝေးစေရန်အတွက် ပိတောက်စည်တစ်လုံးအား လောကီအစီအရင် အစီအစဉ်နှင့် စီရင်လျက် မြို့တော်ဦး၌ ချိတ်ဆွဲထားပြီး တစ်နေ့သုံးကြိမ် ပိတောက်စည်ကြီးကို တီးခတ်လေ့ရှိသည်ဆို၏။

ထိုသို့တီးခတ်လေတိုင်း အရှေ့ဘက်ရှိ ပေါက္ကံရာမ ပုဂံပြည်သည် ချောက်ချောက်ချားချား ဖြစ်လေ့ရှိ၏။ ထို့ကြောင့် ပေါက္ကံရာမရွှေနန်းရှင်က ရှင်ယောင်နှစ်ပါးအား ထိုပိတောက်စည်ကြီးကို ဖျက်ဆီးရန် လျှို့ဝှက်စွာ စေလွှတ်လိုက်လေသည်။

ထိုရှင်ယောင်နှစ်ပါးသည် ပဉ္စာဘုရင်အား လိမ္မာပါးနပ်စွာ ချဉ်းကပ်ပြီး မရိယာယ်ဝေဝုစ်များစွာဖြင့် လှည့်ပတ်ဖြားယောင်းလျက် ထိုပိတောက်စည်ကို ဖျက်ဆီးရုံသာမက ပဉ္စာနေပြည်တော်အနီး ရေကန်ကြီး၌ နေထိုင်သော မြို့စောင့်နဂါးကြီးကိုလည်း နှင်ထုတ်လျက် ပဉ္စာဘုရင်ကိုလည်း လုပ်ကြံသတ်ဖြတ်ပြီး ထွက်ပြေးလွတ်မြောက်သွားကြသည်။

ထို့ပြင်တစ်ဝ အလားတူ ဆင်တူကြောင်းကွဲ အကြောင်းအရာတစ်ခုမှာ

ရခိုင်ဘုရင် နေပြည်တော်မှ အင်း၊ အိုင်၊ မန္တရား လောကီယတြာအတတ်၌ တစ်ဖက်ကမ်းခပ် တတ်မြောက်ကျွမ်းကျင်သော ရဟန်းတစ်ပါးသည် ပုဂံပြည့်ရှင်က ပင့်ဆောင်သဖြင့် ပုဂံပြည်သို့ ကြွလေသည်။ ထိုရဟန်း၏ အလုပ်အကျွေး တပည့်ငယ်လေးကို ပုဂံပြည့်ရှင် အလိုတော်ရှိလျှင် အခေါ်လွှတ်မည်ဟု မှာကြားထားခဲ့လေသည်။

နှစ်လည်ပတ်လုံး ကြာလာသည့်တိုင်အောင် တပည့်ရှင်ငယ်ကို ပုဂံသို့ မခေါ်သောကြောင့် တပည့်ရှင်ငယ်သည် ဒေါသဖြစ်ကာ ရခိုင်ပြည်ရှိ ကမ်းဘဲအရပ်၌ အရှေ့ဘက်ကို မျက်နှာမူပြီး လောကီအစီအရင်နှင့် ဘုရားဂူတစ်လုံးကို တည်လေသည်။ ထိုအခါ ပုဂံပြည်သည် တစ်နေ့သုံးကြိမ် ချောက်ချားရလေသည်။

ဤသည်ကို ပုဂံရောက် ရခိုင်ရဟန်းက တပည့်ရှင်ငယ်လက်ရာဟု အတပ်သိသဖြင့် သူ့တပည့်ရှင်ငယ်အား ခေါ်ရန်သင့်သည်ဟု မိန့်ကြားပြီး တပည့်ရှင်ငယ်ကိုလည်း ဒေါသအလျောက် ထိုသို့မလုပ်သင့်ကြောင်း၊ ဘုရားသခင် သာသနာကို ငဲ့ညှာသင့်ကြောင်း စသည်ဖြင့် တမန်စေ သဝဏ်ကမ်းလေသည်။ သို့မှ တပည့်ရှင်ငယ်လည်း ဒေါသမာန်ပြေကာ ထိုဂူဘုရားကို ဖျက်လျက် အနောက်ဘက်လှည့်ပြီး သစ်ပင်ဝါးပင်ကြီးများကို စည်ပင်အောင် စိုက်ပျိုးပြီး 'ကံပွဲ'ဟု အမည်ပေးလေသည်။ သို့မှသာ ပုဂံပြည်သည် တည်ငြိမ်အေးချမ်းသွား၏။

မြန်မာ့ဂန္ထာရီပညာလောကတွင် အထွတ်အထိပ်ထင်ရှားသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ဘိုးဘိုးအောင်၏ ငယ်ရေးအတ္ထုပ္ပတ္တိတွင် ငယ်နုစဉ် ကျောင်းသားဘဝက အလွန်ရင်းနှီးသော သူငယ်ချင်းနှစ်ဦး ရှိခဲ့လေသည်။ ယင်းတို့မှာ မောင်ဝိုင်း၊ မောင်မြတ်ကြည်တို့ ဖြစ်သည်။ ဘိုးဘိုးအောင်၏ ငယ်မည်မှာ မောင်ဘိုးအောင်ဖြစ်သည်။ နောင်ကြီးပြင်းလာသည့်အခါတွင် မောင်ဘိုးအောင်သည် ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ဘိုးဘိုးအောင် ဖြစ်လာ၏။ မောင်ဝိုင်းသည် အမရပူရ မြို့တည်နန်းတည် ဘိုးတော်ဗဒုံမင်းတရား(ကောဇာ ၁၁၄၃ ခုနှစ်) ဖြစ်လာ၏။ မောင်မြတ်ကြည်သည် တောထွက်ရဟန်း ဖြစ်လာသည်။ ဘိုးဘိုးအောင်တို့ သူငယ်ချင်းသုံးဦး အကြောင်းကို စစ်ကြိုခေတ်က အဆိုတော် ခင်မောင်ရင်က တခမ်းတနား သီဖွဲ့ တေးဆိုခဲ့သည်။

ထိုကဲ့သို့ပင် ရခိုင်မြောက်ဦးပြည် ကောင်းစားစဉ်ကလည်း မြဝါ၊ ဘစောသီရိ၊ မြတ်သာထွန်းဟူသော သူငယ်ချင်းသုံးယောက် ရှိခဲ့လေသည်။ သူတို့သည် ကလေးငယ်ဘဝက တောင်သို့တိုက်ဆရာတော် အရှင်အဂ္ဂမုနိထံ စာပေပညာ သင်ကြားခဲ့ကြသည်။ အရွယ်ရောက်သော် သူတို့သုံးဦးသည် မဇ္ဈိမဒေသ နာလန္ဒာတက္ကသိုလ်သို့ကျောင်း၌ ပညာသင်ကြားကြသည်။ အချိန်တန်သော် မြတ်သာထွန်းသည် ဦးသ

www.burmeseclassic.com

အမတ်ဟူ၍လည်းကောင်း၊ နာမည်ထင်ရှားလျက် မြောက်ဦးရွှေနန်းတော်၌ အမှုထမ်းပညာရှိအမတ် ဖြစ်လာခဲ့သည်။ မြန်မာစာပေလောက၌ ထင်ရှားသော မဟာပညာကျော် လျှောက်ထုံးသည် သူ့ကို အကြောင်းပြု၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဘစောသီရိသည် ဒုတိယမြောက်မြို့တည်နန်းတည် မင်းဗာကြီးမင်း (သက္ကရာဇ် ၈၉၃) ဖြစ်လာ၏။ မြဝါသည် ဓာတ်ပြောင်း၊ ဓာတ်ပြန်၊ ဓာတ်နိုက်၊ ဓာတ်ဆင် ရုပ်ဓာတ်လေးပါး မှုလေးပါးနှင့် ခွဲခြားစိတ်ဖြာတတ်၏။ သကြာလေးဆယ်၊ ဝိကြမ္မာသုံးဆယ်သော ဂန္ဓာရီအတတ်များကို ကုံလုံပြည့်လျှံ ဂန္ဓာရီထွက်ရပ်ပေါက် ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာသည်။ ဦးမြဝါ၊ ရှင်မြဝါ၊ ရှင်သူငယ်မြဝါဟူသော အမည်နာမနှင့် သမိုင်းစဉ်တစ်လျှောက် ကျော်စောခဲ့လေ၏။

ဘိုးဘိုးအောင်သည် ထွက်ရပ်ပေါက်ပြီး အမရပူရရွှေနန်းတွင် မင်းဆိုသတ်အစုံအလင်နှင့် ညီလာခံနေသော မောင်ဝိုင်းငယ်မည်ရှိ ဗဒုံမင်းထံသို့ရောက်ပြီး တရားသောမင်းတို့ လုပ်ထိုက်လုပ်သင့်သည်ကို လုပ်ဆောင်ရန် လစ်ဟင်းနေခြင်းအား ပြစ်တင်ကြိမ်းမောင်းလျက် ညွှန်ပြခဲ့သလိုပင် …

ဦးမြဝါသည်လည်း ဂန္ဓာရီလမ်း၌ အထွတ်အထိပ်ရောက်ပြီးနောက် မြောက်ဦးရွှေနန်းတော်တွင် မှူးမတ်ဗိုလ်ပါ အစုံအလင်နှင့် ညီလာခံကျင်းပနေသော ဘစောသီရိငယ်ရှိ မင်းဗာကြီးကို အမျိုးဘာသာ သာသနာအတွက် လုပ်ဆောင်ရန် ပျက်ကွက်နေသည်ကို ထောက်ပြ၍ ရှုတ်ချပြစ်တင် မာန်မဲလျက် အမြန်ဆုံးလုပ်ဆောင်ရန် တိုက်တွန်းခဲ့လေသည်။

ဘိုးဘိုးအောင်၏ မွေးသက္ကရာဇ်ကို အသေအချာ မပြောနိုင်ပေ။ ဘိုးတော်မောင်ဝိုင်းမွေးဖွားသော မြန်မာနှစ် ၁၁၀၆ ခုနှစ်နှင့် မတိမ်းမယိမ်းရှိပေမည်ဟု ယူဆရပေသည်။ ဦးမြဝါ၏ သက္ကရာဇ် ၈၅၄ ခုနှစ်၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၊ ဥတ္တရာသာဠ်နက္ခတ်နှင့် ယှဉ်လျက် အရုဏ်တက် ဗဟိုနာရီ ၄ နာရီ၊ ၂ မတ်၊ ၃ ဗီဇနာ၊ ၂ ပြန်၊ ၂ ခရာတွင် မြောက်ဦးနန်းတော်၏ တတိယဝင်းတော် အပြင်ဘက် အိမ်တော်မင်္ဂလာ၌ မွေးဖွားသည်ဟု ဖော်ပြထားမှုကို တွေ့ရသည်။ ဘစောသီရိမင်းကိုလည်း သက္ကရာဇ် ၈၅၄ ခုနှစ်တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့၏။ ဦးမြဝါနှင့် လကြီးလငယ် ဖြစ်၏။

ဂန္ဓာရီပညာဆိုင်ရာ အရောင်တူ အဆင်ကွဲ တိုက်ဆိုင်တူညီမှု နောက်တစ်ခုမှာ ကပ္ပလင်္ကာရ ကျမ်းပြုဆရာတော် ရှင်ဥတ္တမသီရိ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ဘိုးဘိုးအောင်၊ ဗားမဲ့ဆရာတော် အရှင်နန္ဒသာရတို့၏ ပညာရရှိပုံ အသွင်အဆင်တို့ပင် ဖြစ်၏။

သီရိခေတ္တရာပြည် နောက်ဆုံးဘုရင် သုပညာနရာဓိန္ဒမင်းလက်ထက် သာသနာနှစ် ၆၂၉ ခုနှစ်လောက်က အမတ်ရာဇသင်္ကြံ လှူသော ပြာသာဒ်ကျောင်းဆရာတော် ရှင်ဥတ္တမသီရိမထေရ်သည် ထိုကျောင်းတိုက်နှင့် မနီးမဝေးရှိ တစ်ခါတုန်းက ဒိပ္ပစက္ခု ရှင်ရသေ့နေထိုင်ခဲ့သော ကျောက်ဂူပြိုပျက်ရာမှ ကျောက်သေတ္တာတစ်လုံးကို ရရှိခဲ့လေသည်။ ရှင်ဥတ္တမသီရိမထေရ်သည် မိမိသီတင်းသုံးရာ ကျောင်းတိုက်သို့ ထိုကျောက်သေတ္တာကို လျှို့ဝှက်စွာ ယူဆောင်ခဲ့လေသည်။

တစ်နေ့သ၌ ကျောင်းတိုက်တွင် တစ်ပါးတည်းရှိနေစဉ် ထိုကျောက်သေတ္တာကို ရိုက်ဖွင့်ရာ ထူးဆန်းသော ကြေးနီပုရပိုက်အား စိတ်ဝင်တစား ဖတ်ရှုပြီးစီးလုခါနီးတွင် ရုတ်တရက် မိုးမှောင်ကြီးကျပြီး လေပြင်းကြီးလည်း တိုက်ခတ်လာသည်။ ဖတ်ရှု၍ ပြီးစီးသည်နှင့်တစ်ပြိုင်နက် ကြောက်မက်စဖွယ် အသံနက်ကြီးပေါ်လျက် ကြေးနီပုရပိုက်သည် ရှင်ဥတ္တမသီရိ လက်ထဲက ရုတ်ချည်းပျောက်ကွယ်သွားလေသည်။

သို့သော် ရှင်ဥတ္တမသီရိသည် တစ်ကြိမ်တစ်ခါ ဖတ်ရှုလိုက်ရုံနှင့် နှုတ်ငုံဆောင်နိုင်သူဖြစ်ရကား မိမိဖတ်ရှုလိုက်ရသော ကြေးနီပုရပိုက်ထဲက စာများကို ပေပုရပိုက်ထဲ၌ ကူးပြောင်းရေးသားမှတ်တမ်းတင်ထားနိုင်ခဲ့သည်။

ယင်းမှတ်တမ်းတင်စာသည် မြန်မာဂန္ဓာရီလောက၌ ယခုတိုင် နေတစ်ဆူ၊ လတစ်ပါးလို ကျော်စောထင်ရှားနေသော ကပ္ပလင်္ကာရကျမ်းပင်တည်း။

ထိုကျမ်းကို ကုန်းဘောင်ခေတ်ဦး၌ တောင်ငူမြို့ ရှင်ဝရသာမိ တောင်းပန်လျှောက်ထား၍ မ,တစ်လုံးကျော် တောင်တွင်းဆရာတော် ခင်ကြီးဖျော် ရှင်ဉာဏာစာရက နိဿယအနက်ထုတ်ခဲ့ပြီး မတ္တရာဆရာတော် သဒ္ဓမ္မနန္ဒက လင်္ကာစကားပြေဖြင့် ရေးသားခဲ့လေသည်။

ကုန်းဘောင်ခေတ်ဦး မြန်မာနှစ် (၁၁၀၀)ပြည့်နှစ်ကျော်လောက်က တောတွင်းကြီးမြို့၊ လက်ပံရှည်ရွာမှ ဘိုးမြတ်



www.burmeseclassic.com

www.burmeseclassic.com

ညီနှစ်၊ မယ်ငြိမ်းရာတို့မှ မွေးသော မောင်ဘိုးအောင်သည် အရွယ်ရောက်သော် တောင်တွင်းကြီးမြို့ ရွှေအင်းတော်စေတီ အရှေ့ဘက် ဖေယျမင်္ဂလာကျောင်းတိုက်ခေါ် ကြေးနီကျောင်းတိုက်ဆရာတော်ထံ ကျောင်းလာနေသည်။ ယင်း၌ စစ်သားမြို့သူကြီးသား မောင်မြတ်ကြည်နှင့် ခင်မင်ရင်းနှီးခဲ့ကြသည်။ နောင်တွင် ဗုံမင်းဖြစ်လာမည့် မောင်ပိုင်းနှင့်လည်း ခင်မင်ရင်းနှီးခဲ့ကြ၏။

မောင်ဘိုးအောင်၏ ငယ်ဆရာဖြစ်သော ကြေးနီကျောင်းဆရာတော်သည် အင်း၊ အိုင်၊ မန္တရား၊ ဆေးဝါး၊ အဂ္ဂိရတ်အတတ်၌ ဝါသနာခုံမင်သည်။ ဆရာတော်သည် အိပ်မက်ထဲ၌ ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်တစ်ဦး၏ ညွှန်ကြားချက်အရ ကြေးနီကျောင်းအနောက်ဘက်ရှိ ရေကန်အနီးတွင် ရှာဖွေရာ ကန်ပေါင်ရှိ သီးပင်တစ်ပင်၏ ခြေရင်းတွင် တစ်ဝက်တစ်ပျက် မြေ၌မြှုပ်နေသော ကြေးနီပုရပိုက်တစ်ခုကို ရရှိလေသည်။

ဆရာတော်သည် ထိုကြေးနီပုရပိုက်ကို လျှို့ဝှက်စွာ လေ့လာပြီး လောကီထွက်ရပ်ပေါက် ကိစ္စများကို စီရင်ဆောင်ရွက်ရင်း ပျံတော်မူခဲ့လေသည်။ ဆရာတော် ပျံတော်မူပြီးနောက် ရဟန်းတပည့်များက ဆရာတော်၏ အမွေကို ခွဲဝေယူကြရာ မောင်ဘိုးအောင်သည်လည်း ဆရာတော်၏ ခေါင်းအုံးကို အမွေအဖြစ်ရလေသည်။

ပထမ၌ တန်ဖိုးမဲ့ ခေါင်းအုံးကိုသာ ရသည်ဟု ဝမ်းနည်းခဲ့သော်လည်း နောင်တွင် ဆရာတော်လက်သုံး ကြေးနီပုရပိုက်သည် ထိုခေါင်းအုံးထဲ၌ ရှိနေသည်ကို တွေ့ရှိရသည်။ ထိုကြေးနီပုရပိုက်မှ အင်းစမအတတ်၊ ဝိဇ္ဇာဓရအတတ်၊ ဝိဇ္ဇာမယိဒ္ဓိအတတ်များကို သေချာကျေညက်စွာ လေ့လာဆည်းပူး ကျင့်ကြံအားထုတ်ခြင်းဖြင့် မောင်ဘိုးအောင်သည် ဘိုးဘိုးအောင်အမည်ဖြင့် အကျော်ဇေယျ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တစ်ဦးအဖြစ်သို့ ရောက်ရှိသွားခဲ့လေသည်။

သက္ကရာဇ် ၉၅၃ ခုနှစ်ဝန်းကျင်၌ ဟံသာဝတီပြည် ကောင်းစားစဉ်ကာလ ဗားမဲ့ဆရာတော်လောင်းလျာ ရှင်သူငယ်နန္ဒသာရသည် တစ်နေ့သ၌ ဟံသာဝတီခြစ်ကမ်းပါးတစ်နေရာသို့ ကြွရောက်တော်မူစဉ် သူရူးတစ်ယောက်နှင့် တွေ့ဆုံခိုက် မြစ်လယ်၌ မိကျောင်းတစ်ကောင်သည် ကြေးနီပုရပိုက်တစ်ခုကို ကိုက်ချီလျက် သူတို့ရှိရာ မြစ်ကမ်းပါးဘက်သို့ ကူးလာနေသည်ကို မြင်ရသည်။

ရှင်သူငယ်က သူရူးအား မိကျောင်းပါးစပ်က ကြေးနီပုရပိုက်ကို လုယူပေးရန် ပြောလိုက်သောအခါ သူရူးလည်း မြစ်ထဲကို ကပျာကယာဆင်းပြီး၊ မိကျောင်းပါးစပ်ထဲက ကြေးနီပုရပိုက်ကို လုယူကာ ရှင်သူငယ်အား ပေးလေ၏။ ရှင်သူငယ်သည် ထိုကြေးနီပုရပိုက်ကို သေချာစေ့စပ်စွာ လေ့လာဆည်းပူးသည်မှစ၍ အင်း၊ အိုင်၊ မန္တရား၊ ဆေးဝါး၊ အဂ္ဂိရတ်အတတ်၌ အထွတ်အထိပ်ရောက် ထွက်ရပ်ပေါက်ခဲ့ပြီး ဗားမဲ့ဆရာတော် အရှင်နန္ဒသာရအဖြစ် အကျော်တစော ဖြစ်ခဲ့လေသည်။

မြန်မာ့ဂန္ဓာရီ နယ်ပယ်၌ ဗားမဲ့ဆရာတော်၏ အမည်နာမနှင့် သူ့လုပ်ရပ်များသည် လမ်းပြကြယ်သဖွယ် အားကိုးအားထားရာ ဖြစ်ခဲ့သည်။

ရတနာပူရ အင်းဝဇာတိ မဟာမြိုင်ဆရာတော် အရှင်ဝဏ္ဏဓဇ ရေးသားစီရင်သော ဗားမဲ့ဝိဇ္ဇာ မဟာသိဒ္ဓိကျမ်းရင်း ဆယ်ကြောင်းရေး ပေမူထဲတွင် ဗားမဲ့ဆရာတော်ကို ရခိုင်ဒေသ ဗားမဲ့တောင်ခြေရာတွင် မြန်မာနှစ် ၉၃၃ ခုတွင် မြင်သည်ဟု ရေးသားထား လေသည်။ (ဗားမဲ့ဝိဇ္ဇာအမည်ရှိသော မဟာသိဒ္ဓိကျမ်းရင်းကြီး ပထမတွဲကို ပိဋကတ်တော်ပြန့်ပွားရေး ပုံနှိပ်တိုက် အောင်ဆန်းလမ်း၊ မန္တလေးမြို့၊ ၁၃၂၄ ခု၊ ကဆုန်လ၊ အဘိုး ၄ ကျပ်)။ ဗားမဲ့ ဆရာတော်ဆိုင်ရာ နောက်ရေးစာအုပ် သစ်၌မူ ဗားမဲ့ဆရာတော်သည် ပဲခူး တောင်ရိုး ဓညဝတီရွာတွင် မွေးဖွား သည်ဟု ဖော်ပြထားသည်။

ဓညဝတီ၊ ဝေသာလီ၊ လောင်းကြက်၊ မြောက်ဦး စသော ရှေးဟောင်း မြို့တော်များ ထွန်းကားခဲ့သော ရခိုင်ပြည်နယ်မြောက်ပိုင်း မြောက်ဦး ကျောက်တော်၊ မင်းပြားနယ်တစ်ခွင် တွင် ဗားမဲ့ဂူ၊ ဗားမဲ့စေတီ စသည်ဖြင့် ဗားမဲ့ဆိုင်ရာ နေရာဌာနများသည် ယ ထက်တိုင် အထင်အရှားရှိနေသေး၏

ရခိုင်ရာဇဝင်နှင့် မှတ်တမ်းများ အချို့၌လည်း ဗားမဲ့ဆရာတော်လောင်း လျာသည် မိမိလေ့လာဆည်းပူး ခဲ့ မြောက်သော လောကီအတတ်ပညာ နှင့် လက်တွေ့စမ်းလွန်းသဖြင့် မြောက် ဦးရွှေနန်းတော်က ယုံမှားသံသယဖြ ကာ ရှင်သူငယ်အား ဖမ်းဆီးကွပ်မျ ရန် အားထုတ်လာသဖြင့် ထိုရှင်သူ သည် ရခိုင်ရိုးမတောင်တန်းကို ဖြ ကျော်ကာ အရှေ့ပြည်ဘက်ကို ဘု ပြေးလွတ်မြောက်သွားသည်ဟု ဖေ ထားခြင်းများ ရှိသည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com

ဗားမဲ့ဆရာတော်လောင်းလျာ ...ဖွားသော သက္ကရာဇ် ၉၃၃ ခုနှစ် ...တွင် မြောက်ဦးရွှေနန်းတော်ကို မင်း ...လောင်းမင်း စတင်စိုးစံ၍ ခေတ်ပြိုင် ...သာဝတီပြည်၏ ဘုရင့်နောင်မင်း ...စံနေသည့် နောက်ပိုင်းကာလဖြစ် သည်။

ထို့နောက် ပုဂံပြည့်ရှင် သိုက်တင် ...င်းနှင့် ထီးပြိုင်နန်းပြိုင် ရခိုင်ဝေသာ ...ီ ရွှေနန်းရှင်သီရိဓမ္မစန္ဒြားမင်း (သက္က ...ဇ် ၅၁၇ ခုနှစ်)လက်ထက်တွင် ...းမဲ့ဆရာတော် အဂ္ဂသမာဓိနှင့် ...ကရားဆရာတော် အဂ္ဂမဟာသာမိ ...တို့သည် ဗျည်း ၃၃ လုံး ဘုရားရှိခိုးကို ...တ်သရဇ္ဈာယ်ပူဇော်လျက် ဗျည်း ... လုံးကို အင်းဆံအင်းကွက်သွတ် ...င်းကာ အင်း၊ အိုင်၊ မန္တရား အစီ ...င်ကို သုံးစွဲခဲ့ကြပုံ ဖော်ပြထားသော ...ရခိုင် စာဟောင်းပေဟောင်း ...ောက်အထားများ ရှိသည်။

ထို့ကြောင့် သမိုင်းစဉ်တစ်လျှောက် ...တွင် ဗားမဲ့၊ ဗားကရားဆရာစဉ် ...ဆက်များ ရခိုင်ဒေသ၌ ရှိနေခဲ့ ...သည့် လက္ခဏာများကို တွေ့ရသည်။

ဗားမဲ့ဆရာတော် ရှင်နန္ဒာသာရ ...တ်သက်၍ ထူးခြားချက်တစ်ခုကို ...ရသော် ...

ရှင်နန္ဒာသာရသည် မိကျောင်း ...မှ သူရှုလှယူပေးသော ကြေးနီ ...ကို လေ့လာဆည်းပူးရာ တချို့ ...တ်ကို နားလည်တတ်မြောက် ...သည်း တချို့တစ်ဝက်ကိုကား နား ...သောမပေါက်နိုင် ရှိနေသဖြင့် ...တတ်စွမ်းမည်ဟု ထင်သူများ ...လည်စူးစမ်း မေးမြန်းခြင်းနှင့် ...န်ကြာညောင်းခဲ့လေသည်။ သည်လိုနှင့် ရှင်နန္ဒာသာရသည် ပဉ္စင်း ပျိုပင် ဖြစ်လာခဲ့သည်။

တစ်ညသ၌ ရှင်နန္ဒာသာရသည် ဝါး ကျောင်းတစ်ခု၌ တစ်ပါးတည်း သီတင်း သုံးနေတော်မူစဉ် ဟိမဝန္တာတောက မဟာသိဒ္ဓိအမည်ရှိ ဝိဇ္ဇာဓိုရ်တစ်ပါး ရောက်ရှိလာပြီး ကန်တော့ကာ ရွှေပေ လွှာတစ်စောင်ကို ဆက်၏။ ရွှေပေလွှာ ပါ လောကီပညာများကို လိုက်စားပါက အလိုရှိသမျှ ပြည့်စုံမည့်အကြောင်း လျှောက်ထား၏။

ကြုံတုန်းကြုံခိုက် ရှင်နန္ဒာသာရ သည် ကြေးနီပုရပိုက်ပါ နားမလည် သော ပညာရပ်များကို ရှင်းပြပေးရန် ထိုမဟာသိဒ္ဓိ ဝိဇ္ဇာဓိုရ်အား မေး၏။ ဝိဇ္ဇာဓိုရ်က သူ့အားရှင်းပြနေရန် အချိန် မရှိသဖြင့် တကယ်တတ်သိလိုက ပုပ္ပါး တောင်အရှေ့ဘက် ကျောက်ဂူထဲက အင်းဘီလူးကြီးထံသို့သွားရောက်၍ မေးမြန်းရန် ဤသို့လမ်းညွှန်လေသည်။

"အရှင်ဘုရား ... အင်းဘီလူး ထံ ကြွချီတော်မူလျှင် အမဲသားတုံးငယ် များကို လှီးဖြတ်၍ ယူဆောင်သွားပါ။ ထိုအင်းဘီလူးနှင့်တွေ့လျှင် 'အသင် အင်းဘီလူး၊ အမဲသားစားလိုပါသလား။ စားလိုက ပါးစပ်ဟာပါ'ဟု မိန့်ကြားပါ။ အင်းဘီလူးက ပါးစပ်ဟာပေးပါလိမ့်မည်။ ထိုအခါ ခပ်လှမ်းလှမ်းမှနေပြီး အမဲ သားတုံးလေးများကို တစ်တုံးချင်း အင်း ဘီလူးပါးစပ်ထဲသို့ ရောက်အောင်ထည့် ပေးပါ။ အင်းဘီလူးပါးစပ်ထဲ အမဲသား တုံးရောက်၍ ဝါးစားနေစဉ် အရှင်ဘုရား သိလိုသမျှကို မေးမြန်းပါ။ အင်းဘီလူး ကြီးက အကုန်အစင် ဖြေဆိုပါလိမ့်မည်။ မေးလိုသမျှ ပြီးစီးပြီးနောက် အင်း ဘီလူးကြီးပါးစပ်ထဲကို အမဲသားတုံး ခပ်ကြီးကြီးကို အင်းဘီလူးကြီး ဝါးနေ စဉ် ထိုနေရာက အမြန်ဆုံး ပြန်ကြွ တော်မူလာပါ"

ဟု လမ်းညွှန်လျှောက်ထားလေ ၏။

မကြာမီအတောအတွင်းမှာပင် ရှင်နန္ဒာသာရသည် ရှင်မုန်ယိုအမည်ရှိ သော တပည့်သာမဏေတစ်ပါးအား ခေါ်လျက် ပုပ္ပါးတောင်အရှေ့ဘက် ကျောက်ဂူရှိ အင်းဘီလူးထံ သွား ရောက်ပြီး မဟာသိဒ္ဓိဝိဇ္ဇာဓိုရ်၏ အမှာ စကားအတိုင်း သွားရောက်ဆောင်ရွက် ရာ အလိုတော်ပြည့်လေ၏။

ဤကား ဂန္ဓာရီ၊ ဂမ္ဘီရနှင့် ပတ် သက်၍ အကျော်အမော် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိအကျဉ်း ဖြစ်ပါသည်။ ယခု ကျွန်ုပ် ဖော်ပြလတ္တံ့သည်မှာ ကျွန်ုပ်တို့ ရခိုင်ပြည်ဒေသ၌ သက္ကရာဇ် ၅၁၇၊ ၆၃၅၊ ၉၃၃ တို့တွင် ပေါ်ပေါက်ခဲ့ကြ သော ပထမဗားမဲ့နှစ်ပါး။

ထွက်ရပ်ပေါက် ရှင်သူငယ် မြဝါ၊ ထွက်ရပ်ပေါက် ဗားမဲ့၊ ဗားကရား၊ ကဝိလမိုင်း၊ ကဝိလမဲမှသည် ဆရာ မင်းဟိန်းထိဝ် ရေးသားသော ဘိုးဩ ဘာမှသည် သက်ကြီးစကား သက်ငယ် ကြား ဘိုးစဉ်ဘောင်ဆက် ပြောလာကြ သော ဂမ္ဘီရ၊ ဂန္ဓာရီနှင့် ပတ်သက်၍ သူတော်ဝေ၏ ဂန္ဓာရီ ဂမ္ဘီရ၊ ဒဿန၊ တက္ကဗေဒ၊ ယောဂ၊ သမထ၊ အတတ် အသိ စသည်တို့ကို တင်ပြရသော် ...

*(ဆက်လက်ဖော်ပြပါမည်။)*

**ဝေယံလင်းခေါ်င်**

www.burmeseclassic.com

# ဘူးဒိုးမြော

## ခိုင်ခင်အင်ကြင်း

နတ်ကိုစိတ်ဝင်စားသူများအတွက် မြန်မာပြည်က နတ်များနဲ့ ဂျပန်ပြည်က နတ်များ တူတာတွေလည်း ရှိတာက ဥပမာ အိမ်စောင့်နတ်၊ ရေစောင့်နတ်၊ ပင်လယ်စောင့်နတ်(ဦးရှင်ကြီးလည်းပါလိမ့်မယ် ထင်ပါတယ်)၊ တောစောင့်နတ်၊ တောင်စောင့်နတ်နဲ့ သစ်ပင်စောင့်နတ်တွေ တူကြပါတယ်။ ဂျပန်ပြည်က နတ်တွေပိုများနေသလို စုံနေအောင် ကိုးကွယ်ပူဇော်ပသကြတဲ့ထဲက 'ဘူးဒိုးမြော' နတ်ဆိုတာကို ကိုးကွယ်ပူဇော်ပုံ ဆန်းပြားနေတာ စိတ်ဝင်စားစရာကောင်းလို့ ရေးသားဖော်ပြပေးလိုက်ပါ့မယ်။

ဘူးဒိုးမြောနတ်ကို ခိုင်ခင်အင်ကြင်း စတင်စိတ်ဝင်စားခဲ့ပုံက အဲဒီနတ်နဲ့ ပတ်သက်တဲ့ အခန်းအပါအဝင် ရုပ်ရှင်ကားတစ်ကား ကြည့်ဖူးရာက ဖြစ်ပါတယ်။

ဇာတ်လမ်းဟာ သူဌေးသားတစ်ယောက် အရက်သောက်လွန်းပြီး အလုပ်မရှိပေမယ့် နောက်မယားတစ်ယောက် ကောက်ယူထားပါတယ်။ ထုံးစံအတိုင်း နောက်အသစ်နဲ့ နေတာပေါ့လေ။ စားဝတ်နေရေးကို နောက်မိန်းမက ရှုန်းကန်ဖြေရှင်းရရှာပါတယ်။ ယောက္ခမ သူဌေးကြီးကို သွားပြီးအကူအညီတောင်းပေမယ့် တောင်းစုတ်၊ ပလုံးစုတ်သာ ပစ်နိုင်မယ်ဆိုသလို မဟုတ်ဘဲ ပစ်ထားပါတယ်။ ဒီကြားထဲ ယောက်ျားက တစ်ခါတလေ အလုပ်ရှိတယ်လို့ လိမ်ပြောပြီး အပြင်မှာ လေလွင့်နေတတ်ပါသေးတယ်။ အဲဒါကို သည်းခံနေရင်း စိတ်ညစ်လို့ ဘူးဒိုးမြောနတ်ကွန်းရှိရာ သွားကာ အကြိမ်ပေါင်းများစွာ ထပ်ကာထပ်ကာ ဆုတောင်းနေလေ့ရှိပြီး၊ လင်ပါသမီးလေးလာလည်တဲ့အခါလည်း ပြုစုညှော်ခံပါသေးတယ်။ နောက်ဆုံးတော့ ဆုတောင်းတာတွေ ပြည့်သွားတာက ယောက္ခမသူဌေးကြီးက ပြန်ခေါ်ထားရုံမက ယောက်ျားကိုလည်း အလုပ်ပေးတာနဲ့ အဆင်ပြေသွားကြောင်းလေးပါပဲ။



ပုံ(၁) ဘူးဒိုးမြောခေါ် အိုဆာကာမှ
သာသနာတော်စောင့်နတ်မင်းအကြီးဆုံးရုပ်တုတော်

အဲဒီရုပ်ရှင်အတိုင်း တကယ့်အဖြစ်အပျက်ဆို
သိရတာကြောင့် ဘူးဒိုးမြောနတ်အကြောင်း လေ့လာ
မဟာယာနဗုဒ္ဓဘာသာကျမ်းလာအရ ဒိုင်းနိချိနိယော
ခေါ် ဘုရားဆိုတာက သာသနာတော်ကို စောင့်ရှော
နတ်မင်းကြီးငါးပါးကို ဖန်ဆင်းလိုက်တယ်လို့ ဆိုပ
အသေးစိတ် တစ်ပါးစီ မသိရသေးပေမယ့် မီးနတ်
ပါတယ်ဆိုတာကတော့ အသေအချာဖြစ်ကြောင်း
ရုပ်တုအပါအဝင် ရုပ်တုငယ်များ ဖူးရလို့ပါပဲ။

နတ်မင်းကြီးတွေမျက်နှာသဏ္ဌာန်ဟာ ရှေး



www.burmeseclassic.com

www.burmeseclassic.com




ပုံ(၃) ဂျပန်ပြည်တွင်း ဘုရားစေတီ ၃၃ ဆူအား တစ်ဆက်တည်း လှည့်လည်ဖူးမြော်ကြသူတစ်စု ဘူးဒိုးမြောနတ်ကွန်းသို့ လာရောက်ပူဇော်ကြပုံ

ပျော့ပျောင်းနူးညံ့ဟန် ရှိခဲ့ပါတယ်တဲ့။ နောက်ပိုင်း ဂျပန် နိုင်ငံ၊ ဟွန်ရှူးကျွန်းမကြီးရဲ့ ဝါကားယာမခရိုင်က ခိုယာ တောင်ပေါ်ကို ဗုဒ္ဓသာသနာပြုခဲ့သူ 'ကုကိုင်း'ခေါ် ဆရာ တော်က မိစ္ဆာဒိဋ္ဌိများကို ခြိမ်းခြောက်ပုံအဖြစ် ခက်ထန်တ အမူအရာ ထုလုပ်ခိုင်းခဲ့လို့ ဖူးမြင်ရသူတွေလည်း ကြောက စိတ်ဝင်သလို ယုံကြည်ကိုးစားနေကြပါတယ်တဲ့။

ယုံကြည်ချက်များမှာ ဘူးဒိုးမြောနတ်ကို ဖူးတွေ့ရ သူဟာ ပါရမီရှိရင် နတ်မင်းရဲ့အလိုကို ချက်ချင်းသဘော ပေါက် တရားရသွားနိုင်မယ်။ မကောင်းတဲ့စိတ်တွေပြတ်ပြီး စိတ်ကောင်းဝင်လာမယ်။ နတ်ကွန်းကို မမျှော်လင့်ဘဲ ရောက်လာသူဟာ ဗုဒ္ဓဘာသာဖြစ်လို့ စိတ်ပေါ်လာမယ်၊ နတ်မင်းကြီးထံ ဆုတောင်းတာတွေ ပြည့်ဝပြီး နတ်မင်းကြီး ရဲ့ စောင့်ရှောက်မှုကို ခံယူရမယ်လို့ အလေးအနက်ယုံကြည် ကြပါတယ်တဲ့။

ထေရဝါဒဗုဒ္ဓဘာသာမှာလည်း သာသနာတော် စောင့် နတ်မင်းကြီးလေးပါး ရှိနေတာဖြစ်တဲ့အတွက် အများ ယုံကြည်နေကြတဲ့ ဘူးဒိုးမြောနတ်ကွန်း အိုဆာကာမြို့မှာ ရှိကြောင်း သိရပြီး သွားရောက်ပူဇော် ဆုတောင်းဖူးပေ မယ့် စာဖတ်ပရိသတ်ကို ရေးသားဖော်ပြပေးဖို့ နှောင့်နှေး သွားပါတယ်။

၂၀၁၁ ခုမှာ တိုကျိုမြို့နဲ့ အိုဆာကာမြို့မှာ ပညာရေး တာဝန်များ အသီးသီးထမ်းဆောင်ပြီးခဲ့လို့ မြန်မာပြည်ပြန် ကြမယ့် ပါမောက္ခမလေးဦးအတွက် ထူးထူးခြားခြား အမှတ်



ပုံ(၂) တောတောင်တို့တွင် တရားကျင့်ကြံပွားများကြသူ ရှူးဂင်းရှင်(SHUGINSHA)များ ဘူးဒိုးမြောနတ်ကွန်းရှိရာတွင် ဆုတောင်းပူဇော်ကန်တော့နေ ကြပုံ(ယခုပုံမျိုးရရန် ကြံခဲ၏)



www.burmeseclassic.com

www.burmeseclassic.com



ပုံ(၄) အိုဆာကာမြို့ ရှိတဲင်းနိုဂျိဘုရားကျောင်းဝန်းတော်အတွင်းမှ ဘူးဒိုးမြောနတ်ငါးပါးလုံး အပါအဝင် ရုပ်တုတော်ငယ်လေးပုံ

တရဖြစ်သွားစေအောင် ဘူးဒိုးမြောနတ်ကွန်းကို ပို့ဆောင်ပေးတော့ အံ့ဩစိတ်ဝင်စား၊ ဆုတောင်းပဌနာပြုကြတာနဲ့ အခုလို ရေးသားဖြစ်သွားပါတယ်။

ပုံ(၁)ဟာ အိုဆာကာမြို့တစ်နေရာက အကြီးဆုံးဘူးဒိုးမြောနတ်မင်းကြီးတစ်ပါး ရုပ်တုတော်မှာ စိမ်းညို့နေအောင် ရေညှိစမ်းများ အထပ်ထပ်ကပ်နေကြောင်း မြင်ရပါမယ်။

ရုပ်တုတော်ကို ရှေးကတည်းက လာရောက်ဖူးမြော်ဆုတောင်းကြသူတွေက ကျောက်ခွက်ကလေးထဲက ရေများနဲ့ မပြတ်ပက်ပူဖော်ကြတော့ ရေညှိစမ်းများ အထပ်ထပ်ကပ်နေသည့်တိုင်အောင် အသန့်အရှင်း၊ အလှအပကြိုက်တတ်လွန်းလို့ ဘယ်နေရာဖြစ်ဖြစ် ပြောင်လက်သန့်စင်နေအောင် ပွတ်တိုက်သန့်ရှင်းနေတတ်သူ ဂျပန်လူမျိုးများအနေနဲ့ ဖယ်ရှားရှင်းလင်း သန့်ရှင်းပွတ်တိုက်ဖို့ မထိမတို့ဝံ့လောက်တဲ့ ရုပ်တုတော်ဆိုလို့ ဘူးဒိုးမြောနတ်ရုပ်တုတော်သာ ရှိတယ်လို့ သိရတာ အကြောင်းထူးရှိနေခဲ့မယ့်အဖြစ်အပျက်ကြောင့် ဖြစ်မှာပါပဲ။

ပုံ(၂)က တစ်ကြိမ်မှာ ညဦးပိုင်း တောတောင်တွေမှာ လိုက်လံတရားကျင့်ကြံနေသူ ရှူးဂင်းရှ(SHUGINSHA) များ ရုပ်တုတော်ကို အထူးလာရောက် ပူဇော်ပသ၊ ဆုတောင်းဆုယူပြုနေကြပုံကို စာဖတ်ပရိသတ်မြင်ဖူးအောင် ကြုံကြိုက်တာနဲ့ ရိုက်ယူဖော်ပြပေးပါတယ်။

ပုံ(၃)ဆိုရင်လည်း ဂျပန်ပြည်ရှိ ဘုရားစေတီပေါင်း ၃၃ ဌာနရှိရာကို လှည့်လည်သွားလာ ဖူးမြော်နေကြသူတွေ အုပ်စု လာရောက်ဖူးမြော်ကြပုံကို မြင်ဖူးစေချင်တဲ့အတွက် ပူးတွဲဖော်ပြပေးရပါတယ်။

ပုံ(၄)မှာ အိုဆာကာမြို့မှာ ဘူးဒိုးမြောနတ် တစ်စုတစ်ဝေးလုံး ပါဝင်တဲ့ ရုပ်တုငယ်လေးရဲ့ ပုံတော်ဖြစ်ပေမယ့် အရန်နတ်မင်းပုံများကတော့ ရုပ်တုတော်ကြီး ပတ်ပတ်လည်အတိုင်း မထင်မရှားသေးငယ်နေတဲ့အတွက် မပေါ်မလွင်ဘဲ အလင်းရောင်လည်း မလုံလောက်ခဲ့လို့ အခုလောက်သာ ဖော်ပြနိုင်ပါတယ်။

ဘူးဒိုးမြောနတ်ရုပ်တုတော်အကြီးဆုံးကို သွားရောက်ဖူးမြော်လိုရင် အိုဆာကာမြို့လယ်ဖြစ်ပေမယ့် ချောင်ကြားလေးတစ်နေရာ ဖြစ်နေတာမို့ လမ်းညွှန်ဖို့မလွယ်ဘဲအတွက် ခိုင်ခင်အင်ကြင်းပို့မှသာ ရနိုင်မယ့်သဘော ရှိနေပါတယ်။

ရုပ်တုတော်အငယ်ရှိရာ တစ်နေရာဟာ တနိုးမချိရထားလိုင်း(မရန်းရောင်)နဲ့ ဒိုင်းနိချိရထား၊ သို့မဟုတ် ယာအိုမိနာမီ မြေအောက်ရထားစီးလို့ ရှီးတဲင်နိုဂျိဘူတာ (SHI TEN NOJI) ကဆင်းပြီး အရှေ့ဘက်ထွက်ပေါက်ကနေ တန်းတန်း ဆယ်မိနစ်လောက် လျှောက်သွားရုံဖြစ်ကြောင်း ဂျပန်ပြည်ရှိ မြန်မာများနှင့် ဂျပန်ပြည်ကို လာရောက်လည်ပတ်ကြမည့်သူများအတွက် စေတနာထားပြီး လမ်းညွှန်ပေးလိုက်ပါတယ်။

အစဉ်မွန်မြတ်သော မေတ္တာရည်လျက် ...

ခိုင်ခင်အင်ကြင်း

www.burmeseclassic.com

# ကြေးခေတ်
# သင်္ချိုင်းဟောင်းတစ်ခုသို့

တိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

လူတို့သည် မွေးဖွားခြင်းနှင့် သေဆုံးခြင်းမှတ်တိုင်ကြားတွင် ခရီးသွားနေကြသူများဖြစ်ကြ၏။ လူတို့၏ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ထိုမွေးခြင်း၊ သေခြင်းကိစ္စများကို ပိုမိုအဆင့်မြင့်စွာ စီမံတတ်လာကြလေသည်။

အသုဘချခြင်း၊ မြုပ်နှံသင်္ဂြိုဟ်ခြင်း၊ ဂူသွင်းခြင်း၊ မီးသင်္ဂြိုဟ်ခြင်း၊ အရိုးကောက်ခြင်း၊ အရိုးပြာများကို ရှုန့်ပစ်ခြင်းစသော ရှာပနအမှုများကိုလည်း ရိုးရာဓလေ့များအလိုက်ဆောင်ရွက်ကြလေ၏။ သင်္ချိုင်းဟူသည် ချောက်ချားဖွယ်နေရာတစ်ခု ဖြစ်သလို၊ တရားသံဝေရစရာနေရာတစ်ခုလည်းဖြစ်ပါသည်။ ထို့ပြင် တိမ်မြုပ်ပျောက်ကွယ်နေသော ခေတ်ဟောင်းတစ်ခုကိုလည်း ပြန်လည်အသက်ဝင်စေသော နေရာတစ်ခုဖြစ်တတ်ပါသေးသည်။ ထိုသို့ဖြစ်စေ လူများစွာတို့ ကြောက်ရွံ့ထိတ်လန့်စွာ ရှောင်ကွင်းတတ်ခဲ့သော ထိုသင်္ချိုင်းဆိုသည့်နေရာတစ်ခုသို့ ကိုယ်တို့ တကူးတကန့်သွားရောက်ခဲ့ပါသည်။

ညောင်ကန်ရွာသည် မြန်မာပြည်အလယ်ပိုင်း၊ စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်မှ ရွာကြီးတစ်ရွာ ဖြစ်ပါသည်။ ထိုရွာလေးနှင့်မနီးမဝေးတွင် ရှေးဟောင်းသုတေသနက "ညောင်ကန် ကြေးခေတ်ယဉ်ကျေးမှုဒေသ"ဟု ခေါ်သော ရှေးခေတ်သင်္ချိုင်းဟောင်းရှိနေ၏။ ထိုနေရာ၌ ကိုယ်တို့လေ့လာသူတစ်သိုက်သည် ကြေးခေတ်သင်္ချိုင်းများတွင် လူသေမြှုပ်နှံကြသည့် ဓလေ့ကိုလေ့လာခဲ့ကြပါသည်။

ညောင်ကန်ရွာလမ်းမမှ သစ်ပင်အုပ်အုပ်ကြီးများကို အရှိပ်ခိုကာ ရွာပြင်သို့ထွက်ခဲ့ကြ၏။ ရွာထဲတစ်နေရာတွင် အဆောက်အဦငယ်တစ်ခုကို စိတ်ဝင်စားဖွယ် တွေ့ရှိလိုက်ရသည်။ "ဆရာတော်ဦးဗုဓ် မွေးဖွားရာအောင်မြေအထိန်းအမှတ်ဌာန၊ ဓမ္မဗိမာန်တော်"ဟူသော မြေစိုက်တိုက်ငယ်ကလေးဖြစ်၏။ ယင်း၏ ခြံဝင်းအတွင်းတွင် စိုက်ထူထားသော ကမ္ပည်းကျောက်စာကို သပ်သပ်အချိန်ယူကာ ဝင်ရောက်ဖတ်ကြည့်ဦးမည်ဟု တေးမှတ်လိုက်သည်။ ရွာသာရွာ ရွာတန်းရှည်တစ်လျှောက်တွင် ကျေးလက်ဆန်သော မြန်မာအိမ်ကလေးများကိုတွေ့ရ၏။ သက်ငယ်မိုး၊ သစ်သားအိမ်လေးများ၊ ထို့နောက် တောလမ်းလေးများ၊ ယာခင်းများ၊ လှည်းမြောင်များ၊ ဘုန်းကြီးကျောင်းပျက်များကို ဖြတ်သန်းခဲ့ရသည်။ ရွာသာယာ၏ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့် တောလမ်းကွေ့လေးတစ်နေရာတွင်မူ "ညောင်ကန် ကြေးခေတ်ယဉ်ကျေးမှုဒေသ"(Bronze Age Cultural Heritage Zone-Nyaung Kan Village) ဟူသော ဆိုင်းဘုတ်ကို ဘွားခနဲတွေ့လိုက်ရ၏။ ဆီးပင်၊ ငှက်ပျောပင်များအကြားမှ ဝင်ရောက်သွားသောအခါတွင်ကား သင်္ချိုင်းမြေသို့ ရောက်လေတော့သည်။

### ရှေးဟောင်းသုတေသနပညာဆိုသည်မှာ

လူသားတို့သည် လူဟူ၍ဖြစ်ပေါ်လာကာ မတ်မတ်ရပ်နိုင်ပြီးနောက် တဖြည်းဖြည်း တိုးတက်ပြောင်းလဲလာခဲ့သည်။ လူ့ခေတ်ဦးတွင် သဘာဝကျောက်ဂူများ၌ နေကြကာ



www.burmeseclassic.com

www.burmeseclassic.com



ညောင်ကန်သချိုင်းဟောင်းသို့အသွားလမ်းမှ
စေတီငယ်လေးများ


အသိဉာဏ်ကိုအသုံးချကြည့်ရင်း ကျောက်တုံး၊ ကျောက်ခဲများကို လက်နက်ပြုလုပ်သုံးစွဲခဲ့ကြ၏။ ယင်းကို 'ကျောက်ခေတ်' ဟုခေါ်ကြသည်။ ကျောက်ခေတ်အစပိုင်း (ကျောက်ခေတ်ဟောင်းကာလ–Paeliolithic)တွင် အဆင့်နိမ့်သေးသဖြင့် ကြမ်းသောကျောက်လက်နက်များကိုသာ သုံးတတ်ကြသေး၏။ ထို့နောက် အနည်းငယ်ချောမွတ်သော ကျောက်လက်နက်သုံးသည့်(ကျောက်ခေတ်လယ်ကာလ–Mesolithic)၊ ထိုမှ ကျောက်လက်နက်ကို ပြောင်လက်ချောမွတ်အောင် သွေးယူနိုင်သော (ကျောက်ခေတ်နှောင်းကာလ–Neolithic)များကို ဖြတ်သန်းလာခဲ့ကြသည်။ ထို



ညောင်ကန်တစ်ဝိုက်မှ
မြန်မာကျေးလက်အိမ်ကလေး

ကျောက်ခေတ်များကိုကျော်လွန်သောအခါ ကြေးသုံးစွဲ
လာသည့်(ကြေးခေတ်)၊ သံကိုနိုင်နင်းလာသည့်(သံခေ
များသို့ ရောက်ရှိလာကြသည်။ ထို့နောက် စာပေ
ပေါ်ပေါက်လာကာ သမိုင်းတွင် ကမ္ပည်းတင်နိုင်ခဲ့ကြ
သည်။ လူပေါ်ဦးစအချိန်မှစပြီး သမိုင်းမတင်မီ အချိန်
သော လူ့ယဉ်ကျေးမှု၏ ရှေးဦးကာလဖြစ်စဉ်မျ
ရှေးဟောင်းသုတေသနပညာ(Archaeology)ဖြင့် လေ့
ဖော်ထုတ်ရပါ၏။ စာပေဖြင့်မှတ်တမ်းတင်နိုင်ခဲ့သော ခေ
ကာလများကိုမူ သမိုင်းဘာသာရပ်(History)က ခေ
လက် လေ့လာတင်ပြသွားပါတော့သည်။

ထို့ပြင် လူသေတို့၏ ရုပ်ခန္ဓာပိုင်းဆိုင်ရာမျ
ရုပ်ပိုင်းမနုဿပညာရပ်ခွဲ(Physical Anthropology
သိပ္ပံနည်းကျ လေ့လာတင်ပြနိုင်၏။ သက်ရှိတို့ ဆ
ပြောင်းလဲဖြစ်စဉ်–ဒါဝင်သီအိုရီ(Darwin's Theory of t




ညောင်ကန်ကျေးခေတ်ယဉ်ကျေးမှုဒေသ
အမှတ်တရ

www.burmeseclassic.com

Evolution of Species)ကို အခြေခံပြီး လေ့လာကြသည်။ ကျောက်ဖြစ်ရုပ်ကြွင်း မနုဿဗေဒ(Paleoanthropology) အရ မြန်မာပြည် ပုံတောင်ပုံညာအရပ်ရှိ Amphipithecus နှင့် Pondaungia ပရိုင်းမိတ်များကဲ့သို့သော ကမ္ဘာ့ရှေးဦးလူများမှ ယခုခေတ် အဆင့်မြင့်ဉာဏ်ရှိလူ(Homo sapiens)များအဖြစ် မည်သို့ အဆင့်ဆင့်ပြောင်းလဲ ရောက်ရှိလာပုံကိုလည်း လေ့လာကြ၏။ ရှေးဦးလူတို့သည် ကြီးစားရှန်းကန်ရင်း ကိုယ်ခန္ဓာအဆင့်ဆင့်ပြောင်းလဲကာ ထူးထွေကွဲပြားသော ကမ္ဘာ့လူမျိုးများအဖြစ်သို့ ရောက်ရှိလာခဲ့ပေသည်။

## မြန်မာ့ကြေးခေတ်ကာလများ ရှိ၊ မရှိ

မြန်မာနိုင်ငံတွင် အခေါင်းပါသော ကြေးပုဆိန်များ (Socket Bronze Axes)၊ ကြေးလှံသွားများကို ၁၉၃၈ ခုနှစ်မှစ၍ တွေ့ခဲ့သည်။ ဗြိတိသျှဘူမိဗေဒပညာရှင် မစ္စတာ ဘီအိုမောရစ်က မြန်မာ့ဒေသအသီးသီးမှတွေ့ရသော ရှေးဟောင်းကြေးလက်နက်များကို ထိုနှစ်ထုတ် မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်တွင်ဖော်ပြခဲ့၏။ ထိုကြေးထည်များကား မြေပေါ်တွေ့(Surface findings)များ ဖြစ်ကြသည်။ သို့ရာတွင် ကြေးခေတ်ထွန်းကားရာဒေသကို မတွေ့နိုင်သေးဘဲရှိ နေခဲ့၏။ ထို့ကြောင့်လည်း ပညာရှင်များက မြန်မာနိုင်ငံတွင် ကြေးခေတ်ယဉ်ကျေးမှုထွန်းကားခဲ့ခြင်း မရှိဟုပင် ဆိုလာကြသည်။ တွေ့ခဲ့သော ကြေးပစ္စည်းများမှာလည်း နိုင်ငံရပ်ခြားမှသယ်ဆောင်လာခြင်းဖြစ်မည်ဟု ယူဆကြ၏။

သို့သော် ယခုအခါ ညောင်ကန်ဒေသတွင် ကြေးထည်များတူးဖော်တွေ့ရှိလာသောကြောင့် ကြေးခေတ်တစ်ခေတ် မြန်မာ့မြေတွင် ထွန်းကားခဲ့သလောဟု ယူဆနိုင်လာပြီဖြစ်သည်။ ညောင်ကန်မှတူးဖော်ရရှိခဲ့သော ကြေးပုဆိန်၊ ကြေးလှံသွား၊ ကြေးမြားခေါင်းများမှာ ပြည်တွင်းဖြစ်များသာဖြစ်ပေမည်ဟု ဆိုချင်က ဆိုနိုင်၏။ သို့သော် ညောင်ကန်မှ ကြေးပုဆိန်များ၊ အိုးများမှာ ထိုင်းနိုင်ငံ ဘန်ပရာဆပ်မှ တူးဖော်ရရှိသော ကြေးပုဆိန်များ၊ အနီရောင်ပြောင်သော အိုးများ၏ ပုံသဏ္ဌာန်နှင့်လည်း ပုံစံဆင်တူနေလေသော ရှေးခေတ်ကာလကပင် ယဉ်ကျေးမှု ကူးလူးဆက်ဆံခဲ့၏ဟု ခန့်မှန်းနိုင်ပြန်သည်။

ညောင်ကန်မှ မိုင် ၃၀ ခန့်အကွာ မုံရွာမြို့တစ်ဖက်ကမ်း၊ ချင်းတွင်းမြစ်အနီးတွင် ကြေးနီများထွက်သော ကြေးစင်တောင်နှင့် အမှတ်(၁)ကြေးနီစီမံကိန်း ရှိနေသည်။ ဆားလင်းကြီးမြို့နယ်၊ မိုးကြိုးပြင်ကျောက်ခေတ်ဒေသသို့ သွားသော လမ်းတစ်လျှောက်မှ ရွာလေးများ၏ အိမ်ဝိုင်းတိုင်းတွင်လည်း ရိုးရာနည်းနှင့် ကြေးတုံးများရအောင် ပြုလုပ်နေကြသော မြေကန်လေးများကို တွေ့ခဲ့ရ၏။ ကျောက်မျက်တောင်ကျေးရွာတွင်လည်း ကြေးကြိုမီးဖို အဟောင်းများဟုထင်ရသော နေရာများရှိသည်။ ထို့ကြောင့် ညောင်ကန်တစ်ဝိုက်တွင် ကြေးသတ္တုများ ယနေ့ခေတ်တိုင် ထွက်ရှိနေကြောင်း သိသာနေ၏။ ရှေးအခါကပင် သုံးနိုင်လောက်အောင် ကြေးထွက်ခဲ့သလော။

## ညောင်ကန်ဒေသဆိုသော ထိုအရပ်

ညောင်ကန်ယဉ်ကျေးမှုဒေသ(Nyaung Kan Site) သည် ညောင်ကန်ရွာ၏ အနောက်တောင်ဘက် တစ်မိုင်အကွာတွင်ရှိသည်။ မြောက်လတ္တီတွဒ် ၂၂˚ ၁၀'၊ အရှေ့လောင်ဂျီတွဒ် ၉၅˚၊ ပင်လယ်ရေမျက်နှာပြင်အထက် ၅၀၀ ပေခန့်၌ တည်နေ၏။ တောင်ကုန်းစောင်း ဆင်ခြေလျှောတွင်တည်ရှိပြီး၊ အကျယ်အဝန်းအားဖြင့် အလျားပေ ၆၀၀၊ အနံ ၂၅၀ ပေရှိသော ယာခင်းတစ်ခုဖြစ်ကာ ငှက်ပျောနှင့် ဆီးသီးများ စိုက်ပျိုးထား၏။ အရပ်က 'အရိုးကုန်း' ဟုခေါ်ပြီး၊ ဆရာတော်ဦးသုဒဿနာ၏ 'ညောင်ကန်သာသနာဝင်' စာအုပ်တွင် 'ရိုးတော်ချောင်' ဟု ဖော်ပြထားသောနေရာဖြစ်သည်။ ထိုကုန်းစောင်း၏ အရှေ့ဘက်တွင် အနက်ပေ ၃၀၀–၅၀၀ ခန့်ရှိသော မီးတောင်ဟောင်းကြီးတစ်ခုရှိပြီး၊ ယင်းကို 'ရှင်မချောက်' ဟု ခေါ်ပါသည်။ ထိုယာခင်းတွင် လူအရိုး၊ မြေအိုးနှင့် ကြေးစကြေးန စသော ရှေးဟောင်းပစ္စည်းအချို့ တွေ့ရှိခဲ့ရာမှ တူးဖော်ရန်အကြောင်းဖန်လာတော့၏။

ယင်းနေရာတွင် မီးတောင်ကျောက်များ ရောနှောနေသော မြေဆီလွှာများနှင့် အဝါရောင်၊ အညိုရောင်သဲဆန်သော နုန်းမြေ နှစ်မျိုးသာရှိသည်။ အာလူးကျောက်အသေးစားလေးများ နေရာအနှံ့ တွေ့မြင်ရသဖြင့် တစ်ချိန်

www.burmeseclassic.com



တူးဖော်ပြီး ပြန်လည်ပြုပြင်ထားသည့်
ညောင်ကန်ကြေးခေတ်သချိုင်းဟောင်း

ထိုသို့တူးဖော်ရာတွင် အကွက်ချ
(Grid System)ဖြင့် ၁၅ ပေပတ်လည်
ကျင်းကွက်ငယ်ပေါင်း ၂၃ ကွက်
စနစ်တကျ တူးဖော်ခဲ့ကြသည်။
နောက် ဆက်လက်ပြီး အလွယ်တ
လေ့လာနိုင်စေရန် ထိုကျင်းကွက်
များကိုခြုံကာ ကျင်းရှည်စနစ် (Lo
Trench)ဖြင့်(၄၀×၂၄)ပေ၊ (၄၀×
ပေ၊ (၈၀×၂၄)ပေအရွယ် ကျင်း
များကို တူးဖော်ခဲ့ပြန်သည်။
မြေခံများပြုလုပ်ကာ လေဒဏ်
လူနှင့် တိရစ္ဆာန်များအန္တရာယ်
ကွယ်ရန် အဆောက်အဦ
ဆောက်လုပ်အုပ်မိုးပြီး ထိန်းသိမ်း
လိုက်၏။ ၁၉၉၈ ခုနှစ်အတွင်း
မှုသာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ရာ
စုံမှုမရှိလှသေးပါ။ ပတ်ဝန်းကျင်


က ရေလွှမ်းမိုးခဲ့ဟန်လည်းရှိသည်။ လူတို့နေထိုင်ခဲ့ဟန် တူသော ပို့ကျမြေလွှာ(Habitation Layer)ကိုမူ လုံးဝ မတွေ့ခဲ့ရ။ ထို့ကြောင့် မြေလွှာခွဲခြားမှုမှာ မရှုပ်ထွေးလှ။ မီးတောင်ဟောင်းနှင့် မနီးမဝေးနေရာ များမှာ ကုန်းငယ်၊ ချောက်ငယ်များ ဝန်းရံနေသည်။ မီးတောင်အတွင်းချိုင့်နှင့် အောက်ဘက် လူနေချိုင့်ဝှမ်းများတွင် နှမ်း၊ ပဲစင်းငုံ၊ ဂျုတ်၊ ငှက်ပျောပင်နှင့် ကြံပင်များ စိုက်ထားကြသည်။

များတွင်ပါ တူးဖော်နိုင်မှ အထောက်အထား လုံလောက်
ရပေမည်။

ထိုသို့ ညောင်ကန်ကြေးခေတ်ဒေသအား
ဟောင်းသုတေသနဌာနမှ တူးဖော်မှုလေ့လာရာ လူ့ရိုး

## ညောင်ကန်သချိုင်းဟောင်းမြေမြှုပ်အရိုးများ

ထိုညောင်ကန် ရှေးဟောင်း ဒေသကို မန္တလေးရှေးဟောင်းသုတေသန ဌာနခွဲမှ ပထမစတင်တူးခဲ့သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ် မနုဿ ဗေဒဌာနနှင့် ရှေးဟောင်းသုတေသန ပညာဌာနတို့ တွဲဖက်ကာ ဆက်လက် တူးဖော်ပြီး သုတေသနပြုခဲ့ကြ၏။



ကြေးခေတ်သချိုင်းဟောင်းတွင်
လူသေများကို အိုးများနှင့်အတူမြှုပ်နှံထားပုံ



www.burmeseclassic.com

www.burmeseclassic.com



**ကြေးခေတ်သချိုင်းဟောင်းတွင် လူသေများကို အိုးများနှင့်အတူမြှုပ်နှံထားပုံ**

များ မြှုပ်နှံရာနေရာဟောင်း၊ ရှေးဟောင်း အုတ်ရိုးနှင့် ကျောက်ခေတ်လယ်ယဉ်ကျေးမှု (Mesolithic culture) များ ပြည့်စုံလုနီးပါးလူအရိုးစုနှင့် အရိုးအပိုင်းအစများ၊ အဆင့်မြင့်ကြေးလက်နက်ကြီး-ငယ် ပုံစံ ၁၀ မျိုးခန့်၊ ကြေး ချောင်း လွန့်ဘူးစူး တစ်ခု၊ ခဲပြားလိပ် ၇ လိပ်၊ ကျောက် ချောကွင်းကြီးငယ် ပုံစံ ၁၀ မျိုးခန့်၊ အလယ်တွင်ဖောက် ထားသော ကျောက်ပုတီးစေ့(Cylinder)ပုံ၊ မြေအိုး အကြမ်း-အချော၊ လည်ပင်းတို-ရှည်၊ ကြီး-ငယ် ပုံစံ ၁၅ မျိုးခန့်၊ မွေးနှင့် အသားစားတိရစ္ဆာန်ရိုးများ၊ ယောက်သွားနှင့် ခရုခွံများကို တွေ့ရှိခဲ့သည်။

တူးဖော်သည့် ကျင်းကွက်အားလုံးနီးပါးတွင် အရိုးစု နှင့်အတူပတ်လည်တွင် မြေအိုးများကိုတွေ့ရှိရ၏။ ဆင်ခြေ လျှောကုန်းမြေ၏ မြေပြင်မှ အတိမ်ဆုံး ၇ လက်မအနက်နှင့် အနက်ဆုံး ၂ ပေ ၈ လက်မ အနက်တွင် အရိုးစုများကို တွေ့ရှိရသည်။ အများစုမှာ အရိုးအဆစ်ကြီးမားသူများ ဖြစ်ကြပြီး၊ အရပ်အပုဆုံး ၃ ပေမှ၊ အရပ်အရှည်ဆုံး ၅ ပေ ၉ လက်မအရွယ်အထိ ရှိကြ၏။ အရိုးခေါင်းအားလုံး နီးပါးတွင် သွားများအပြည့်အစုံပါရှိသည်ကို ထူးခြားစွာ တွေ့ရှိရ၏။ ကြေးခေတ်တွင် သွားရောဂါကင်းကာ၊ သွား များလည်းကောင်းနေကြသည်။

## ကြေးခေတ်တွင် သေသူများအားမြှုပ်နှံသဂြိုဟ်ပုံဓလေ့


ညောင်ကန်ကြေးခေတ်လူများသည် သေဆုံးသူများ အား မြှုပ်နှံရာတွင် သချိုင်းနေရာသတ်သတ်မှတ်မှတ်ထား ပြီး အတည်တကျမြှုပ်နှံခဲ့ကြသည်။ နေရာအတည်တကျ ရှိသဖြင့် အရင်မြှုပ်ထားသူအပေါ်မှ ထပ်၍မြှုပ်နှံခြင်း၊ ဒုတိယအကြိမ်ပြန်လည် သဂြိုဟ်ထားခြင်းများလည်းရှိရာ ထိုခေတ်လူများသည် ဤနေရာတစ်ဝိုက်တွင် နှစ်ပေါင်း ထောင်ချီပြီး အဆက်ဆက်စွဲမြဲစွာနေခဲ့ဟန်တူ၏။ ညောင် ကန်ရှေးဟောင်းသချိုင်းတွင် အလောင်းများကို တိုက်ရိုက် မြှုပ်နှံမှုဓလေ့ (Primary Burial)ဖြင့် မြှုပ်နှံထားကြောင်း တွေ့ရှိရ၏။ သို့သော် ဒုတိယအကြိမ် မြှုပ်နှံသဂြိုဟ်ခြင်း ဓလေ့ (Secondary Burial)ဖြင့် မြှုပ်နှံခြင်းလည်း ရှိနေ ပါသေးသည်။ တောင်စောင်း၊ ဆင်ခြေလျှောနှင့် ကုန်းမို့မို့ များတွင် မြှုပ်နှံလေ့ရှိကြ၏။ အများအားဖြင့် မြောက်ဘက် သို့ ခေါင်းထားပြီး အစီအစဉ်ကျကျ (alignment) မှန်မှန် မြှုပ်နှံထားသည်။ ချွင်းချက်အနေဖြင့် တောင်ဘက်သို့ ခေါင်းပြုမြှုပ်နှံထားသော အလောင်းနှစ်ခုကိုလည်း မြောက် ဘက်ခေါင်းပြုအရိုးစုများနှင့် တစ်နေရာတည်းတွင် တွေ့ရှိ ရ၏။ မြှုပ်နှံရာတွင် လူသေအားလုံးနီးပါးကို ပက်လက် အနေအထားအတိုင်း လက်နှစ်ဖက်ဘေးချဆန့်တန်းပြီး မြှုပ်ထားသည်။ အချို့ကို ဘေးတိုက်ယှဉ်လျှက်၄င်း၊ အချို့ မှာ အထက်အောက် ထပ်လျက်လည်းကောင်း၊ အချို့မှာ တစ်ပေခန့်ခွာပြီး ဘေးတိုက်အထက် အောက်အဖြစ်လည်း ကောင်း၊ အချို့မှာ ကွေးခေါက်လျက်လည်းကောင်း မြှုပ်နှံ ထား၏။ အချို့နေရာများတွင် အပေါ်မှနောက်ထပ် ထပ်ထင် ပြီး မြှုပ်နှံထားသည်များကိုလည်း တွေ့ရသည်။




**ကြေးခေတ်သချိုင်းဟောင်းတွင် လူသေများကို အိုးများနှင့်အတူမြှုပ်နှံထားပုံ**

www.burmeseclassic.com

www.burmeseclassic.com



ညောင်ကန်ကြေးခေတ်သင်္ချိုင်းဟောင်းတွင် တွေ့ရသည့် အရိုးအိုးများ




ညောင်ကန် မြန်မာ့ကြေးခေတ်ယဉ်ကျေးမှု ဒေသမှ ကြေးပစ္စည်းများ

ကျင်းကွက်အမှတ် (၆–၁၄)တူးဖော်မှုတွင် မြေပြင်မှ ၃ ပေခွဲအနက်၌ ကိုယ်ထည်မပါဘဲ ဦးခေါင်းတစ်ခုတည်းအား မေးရိုးနှင့်တွဲလျက် အဝန်း ၃၉ လက်မခန့်ရှိသော အိုးကြီးတစ်လုံးတွင်ထည့်ပြီး အပေါ်မှအိုးငယ်တစ်လုံးဖြင့် ဖိပိတ်လျက် သီးခြားမြှုပ်နှံထားသည်ကိုတွေ့ရ၏။ ယင်းအား ပူဇော်ပသသည့်အနေဖြင့် ၆ ပေခန့်အကွာတွင် ဆေးနီသုတ်၊ လည်ပင်းရှည်၊ အောက်ခြေချိုင့်အိုးကောင်း ၅ လုံးကို စီတန်းလျက် အိုးကြီးတစ်လုံးဖြင့်ကပ်လျက် မြှုပ်နှံထားသေးသည်။ ထိုသူသည် ယခင်ရှေးဦးက သေဆုံးထားပြီးဖြစ်သော လူမျိုးအကြီးအကဲ ဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်နိုင်ပြီး သူ့ ခေါင်းနှင့်မေးရိုးကိုသာယူဆောင်ပြီး



ညောင်ကန်ကြေးခေတ်သင်္ချိုင်းဟောင်းတွင် တွေ့ရသည့် အရိုးအိုးများ

ဒုတိယအကြိမ် သင်္ဂြိုဟ်ထားခြင်းဖြစ်နိုင်၏။ အဘယ့်ကြော
ဆိုသော်. ထိုခေါင်းနှင့် မေးရိုးတွင်ပါသောသွားများသည
အချိန်ကြာမြင့်စွာကပင် ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်ေ
သည်ကိုတွေ့ရှိရာ အခြားရုပ်ကြွင်းများမှ သွားများထ
များစွာရှေးကျနေကြောင်း သိနိုင်၏။ ထို့ကြောင့် ထိုခေါ
သည် အခြားရုပ်ကြွင်းများနှင့် သက်တမ်းတစ်ခုတည်းတွ
ယဖ်ပူဇော်ထားခြင်းမဖြစ်နိုင်ပါ။ အိုးအမျိုးအစားများန
ထားရှိပုံအရလည်း ထိုသို့ယူဆနိုင်ပါသည်။

သို့ဖြစ်ရာ အချက်များကြောင့် သံအသုံးအဆော
မတွေ့ရခြင်းကြောင့် ကြေးခေတ်ကာလမှ လူများနေထို
သည်ကိုလည်းကောင်း။ လူသေကို မီးရှို့ပြာချပြီး အရိုးအ
တွင်ထည့်ကာ မြှုပ်နှံလေ့ရှိသော အိန္ဒိယယဉ်ကျေးမှု ပြ
သက်ရောက်မှုမရှိသေးဟုလည်းကောင်း ခန့်မှန်းရပါသည

### နောင်ဘဝယုံကြည်မှု

နောက်ဘဝတွင်လည်း ယခုဘဝကဲ့သို့ ပြည့်စုံစေ
ရည်ရွယ်လျက် သေသူအား ယခုဘဝတွင် မွေးမြူသုံ
စားသောက်ခဲ့သော တိရစ္ဆာန်များ(နွား၊ ခွေး၊ ဆတ်မျ
ခေါင်း၊ ခြေ၊ လက်များ)၊ အသုံးအဆောင်ပစ္စည်းမျ
မြေအိုးများ၊ ကြေးလက်နက်ကိရိယာများ၊ ကျောက်
ကွင်းများ၊ ကျောက်ပုတီးစေ့များ၊ ခရုပုတီးစေ့များ၊ လည်
များနှင့် မှော်ပညာလက်ဖွဲ့ပြုလုပ်နိုင်သော ခဲပြားများကို

www.burmeseclassic.com

www.burmeseclassic.com

အတူယှဉ်တွဲလျက် ထည့်သွင်းမြှုပ်နှံပေးလေ့ရှိပါသည်။ ကျောက်ကွင်းဝတ်ထားသည့် အချို့အရိုးစုများမှာ မိန်းမ အရိုးစုများ ဖြစ်နေသည်ကိုလည်း ထူးခြားစွာတွေ့ရှိရသည်။

ကျောက်ချောကွင်းများကို လက်ကောက်ဝတ်တွင် ဖြစ်သည့်နည်းဖြင့် တပ်ဆင်ပေးထားခြင်းမှာ ရည်ရွယ်ချက်နှင့် ဖြစ်မည်။ သေသူသည် နောင်ဘဝတွင်လည်း ယခုဘဝမှာကဲ့သို့ လက်မှုပညာ ပြောင်မြောက်ကျွမ်းကျင်စွာ ပြုလုပ်ထားသော အဆင့်မြင့် ကျောက်ချောကွင်းများ ပြုလုပ်ပိုင်ဆိုင်စေရန်၊ လူမှုအဆင့်မြင့်မားစေရန်၊ မျိုးနွယ်ဆက်သတ်မှတ်ချက်ကို နောက်ဘဝအထိပါသွားစေရန်၊ ဘာသာရေးတန်ခိုးအရှိန် ရရှိသွားစေရန် ထည့်သွင်းပေးခြင်းများဖြစ်နိုင်၏။ ယခုတူးဖော်တွေ့ရှိရသော အရိုးစုများမှာ အမျိုးသားများဖြစ်ကြောင်းလည်း စစ်ဆေးတွေ့ရှိရသည်။ ထို့ပြင် နောင်ဘဝတွင် မှော်ပညာ လက်ဖွဲ့များကို ပြုလုပ်သုံးစွဲနိုင်စေရန်လည်း ခဲပြားလိပ်လေးများကိုပါ ထည့်သွင်းမြှုပ်နှံပေးလိုက်ကြသေး၏။

တူးဖော်မှုများတွင် ကျင်းကွက်အမှတ်(N4)၌ နွားခေါင်းကိုအိုးထဲထည့်ပြီးလည်းကောင်း၊ (G2)တွင် ခွေးခေါင်းနှင့် (S6)တွင် ခွာပါသော တိရစ္ဆာန်များ၏ အရိုးစုများကိုလည်းကောင်း သေသူနှင့်အတူ ဦးစားပေး၍ မြှုပ်နှံထားသည်ကိုလည်း တူးဖော်တွေ့ရှိရ၏။ သို့ဖြစ်ရာ ညောင်ကန်ကြေးခေတ်လူများသည် သူတို့အသက်ရှင်စဉ်က အဓိက အသုံးဝင်သော အကျိုးပြုသည့်နွား၊ ခွေးများကို ကောင်းမွန်စွာ ထည့်သွင်းသင်္ဂြိုဟ်ထားသည့်သဘော ဖြစ်နိုင်ပေသည်။ သေသူနှင့်အတူ သူ့ခွေးကိုထည့်သွင်း မြှုပ်နှံရန်မှာ ထိုသူသေသည့်အချိန်တွင် ထိုခွေးပါ တစ်ပြိုင်တည်းသေခဲ့သလား။ မ သူနှင့်အတူမြှုပ်နှံရန် သတ်ရမည်လား ဆိုသည်မှာတော့ စဉ်းစားစရာ။

တူးဖော်မှုများတွင် အရိုးစုတို့ကို အိုးများ၏အောက်မှာ အိုးများနှင့်ဝန်းရံလျက်၊ အိုးများဖြင့်ထိပြီး စသဖြင့်နည်းမျိုးစုံဖြင့် တွေ့ခဲ့ရ၏။ အချို့ကိုတော့ အိုးတစ်လုံးမှမပါဘဲလည်း မြှုပ်နှံထားသည်ကိုတွေ့ရသည်။ အိုးများမြှုပ်နှံရာတွင်လည်း အိုးကြီးအတွင်း၌ အိုးငယ်လေးများ ထည့်သွင်းမြှုပ်နှံခြင်းလည်းရှိ၏။ အိုးကြီးထဲတွင် လူ၊ တိရစ္ဆာန်၊ နွားဦးခေါင်းများ ထည့်သွင်းမြှုပ်နှံသည်လည်းရှိ၏။ အိုးကြီးနှင့်အိုးလတ်တို့တွင် အရိုးစများကို မြေသားနှင့် ရောနှောထည့်သွင်းမြှုပ်နှံသည်ကိုလည်း တွေ့ရ၏။ (M2, SE1)တို့တွင်မူ လုံးအရွယ်အိုးငယ်လေးများကို အရိုးစု၏ ဦးခေါင်းပိုင်းနှင့်ခြေရင်းပိုင်းများတွင်သာ မြှုပ်နှံထားကြောင်းပင်ရှိနေသည်။ အိုးများထဲတွင် ခရုခွံကြီးများ၊ အရိုးစများ၊ ပုတီးစေ့များနှင့်တစ်ခါတစ်ရံ ကြေးပုဆိန်၊ ကြေးမြားသွားများပင် ထည့်သွင်းမြှုပ်နှံထားသည်ကိုလည်း တွေ့နိုင်၏။

BURMESE CLASSIC .com

**ညောင်ကန်သချိုင်းဟောင်းမှ အရိုးစုများ**

ယင်းတို့အနက်မှ လူသားရုပ်ကြွင်း အရိုးစုများတွင် အရိုးစု ၁၆ စုံမှာ အတော်ပြည့်စုံပြီး၊ ကျန်အရိုးစုများမှာ မပြည့်စုံပါ။ အရိုးများသည် အပေါ်မြေသားဖိအား၊ အောက်ဘက်မြေ၏ တွန်းကန်အားများကြောင့် ကွဲအက်ကာ မိုးရေစိမ့်ဝင်မှုနှင့် ကြွက်တွင်းများကြောင့် ရွေ့လျားနေခဲ့ပေပြီ။ ထိုအရိုးစုများကို လေ့လာတိုင်းတွာကြည့်ရာ ခေါင်းပုံသဏ္ဌာန်မှာ စံနှုန်း(၇၅–၈၀)အတွင်းရှိသဖြင့် ခေါင်းလုံးမျိုးဖြစ်ပြီး၊ မျက်နှာပွင့်မှာ မပိုင်းမရှည်ဖြစ်၏။ ဦးနှောက်ခန်းပမာဏမှာ ၁၅၀၀ စီစီခန့်ရှိရာ အသိဉာဏ်မြင့် လူအဆင့်ဖြစ်သော ယခုခေတ်လူ(Homo sapiens)ပင်ဖြစ်၏။ ဦးနှောက်ပမာဏ ၁၀၀၀ စီစီသာရှိသော ပီကင်းလူ(Peking Man)၊ ဂျာဗားလူ(Java Man)တို့ထက် သာပါသည်။ သွားများအားလုံးနီးပါး ပြည့်စုံကြ၏။ အရပ်အပုဆုံးမှ အရှည်ဆုံးအရိုးအထိ သွားကောင်းသည်ကိုတွေ့ရသည်။ ကြိတ်ဝါးပွန်းတီးနေမှုကိုသာ တွေ့ရှိရသဖြင့် အသက်ကြီးမှ သေဆုံးခြင်းလည်း ဖြစ်နိုင်ပေသည်။ အသက် ၁၃ နှစ်ရွယ် ကလေးရုပ်ကြွင်းနှစ်ခုကိုလည်း တွေ့ရ၏။ တစ်ဦးမှာ မိဘဟုယူဆရသော မိန်းမ၊ ယောက်ျား စုံတွဲအလောင်းနှင့် ဘေးခြင်းယှဉ်လျက် ၆ လက်မစီ နိမ့်မြင့်အကွာတွင် တွေ့ရ၏။ တစ်ချိန်တည်းသေဆုံးကြခြင်း ဟုတ်မဟုတ်ကိုမူ အရိုးများ၏ သက်တမ်းကို မစစ်နိုင်သဖြင့်မသိရပေ။

အရပ်အမောင်းမှာ ၅ ပေ ၉ လက်မ ဝန်းကျင်နှင့် ရင်အုပ်အကျယ် ၁၅ လက်မခန့် ရှိကြသည်။ ကိုယ်ခန္ဓာပြေပြစ်ပြီး၊ ထွားကျိုင်းသန်စွမ်းကြသဖြင့် အသားဝါမျိုးနွယ်များ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် လွန်ခဲ့သောနှစ်ပေါင်း(၂၀၀၀–၅၀၀၀)အတွင်းမှ ညောင်ကန်ကြေးခေတ်လူများသည် ကျန်းမာသန်စွမ်းပြီး တီထွင်ကြံဆတတ်သည်



www.burmeseclassic.com

www.burmeseclassic.com

ဦးနှောက်အသိဉာဏ်နှင့် စွမ်းဆောင်နိုင်အား မြင့်မားကြောင်း သုံးသပ်ကြည့်နိုင်၏။

အုပ်အိုင်ရွာတူးဖော်မှုတွင် တွေ့ရသည့် စားကြွင်းစားကျန်များအရိုးများတွင် မူလစားသောက်စဉ်ကပင် ခွဲထားဟန်တူသော တိရစ္ဆာန်ရိုးများကိုတွေ့ရသည်။ အရိုးကိုထုခွဲပြီး ရိုးတွင်းခြင်ဆီကို ထုတ်ယူစားသောက်သော မလေ့ရှိသည့် လက္ခဏာများပင်။ အစားအစာစားသောက်ရာတွင် အာဟာရဖြစ်ရေးကို အလေးပေးတတ်သည့် နားလည်မှုရှိသော သဘောကိုပြနေသည်။

ညောင်ကန်သင်္ချိုင်းတွင် လူရိုးများနှင့်အတူ ရောမြှုပ်ထားသည့် ဆိတ်၊ နွားပေါင်ရိုးများဟု ယူဆရသည့်အရိုးများလည်း တွေ့ရှိရသေးသည်။ ထိုခေတ်လူများသည် အိမ်မွေးတိရစ္ဆာန်၊ နွားများအပြင် အိမ်မွေးမဟုတ်သော ဆိတ်၊ သမင်တို့ကိုလည်း စားသောက်တတ်ကြောင်း ခန့်မှန်းနိုင်၏။ နွားကို အနောက်အာရှတွင် လွန်ခဲ့သော အနှစ် ၆၀၀၀ ခန့်၊ တရုတ်ပြည်တွင် အနှစ် ၃၄၀၀ ခန့်ကပင် အိမ်မွေးအဖြစ် မွေးခဲ့ကြပြီးဖြစ်သည်။ ဆိတ်နှင့် သိုးတို့ကို အနောက်အာရှတွင် အနှစ် ၇၀၀၀ ခန့်ကပင် အိမ်မွေးအဖြစ် မွေးခဲ့ကြသည်။ အိမ်မွေးအဖြစ်မွေးရာတွင် ခွေးကို အမဲလိုက်ရာတွင် အကူအညီရစေရန်ဖြစ်ပြီး၊ နွား၊ ဆိတ်နှင့် သိုးတို့ကို အသား၊ နို့နှင့် သားရေအတွက်သုံးခြင်း ဖြစ်၏။ နောင်တွင် နွားသည် ဆွဲအားအတွက် သုံးနိုင်သည့် အဓိကသတ္တဝါဖြစ်လာကာ စိုက်ပျိုးရေးနှင့် သယ်ယူပို့ဆောင်ရေးတွင် အရေးပါလာ၏။

## ညောင်ကန်ယဉ်ကျေးမှုဒေသ၏ ခေတ်ကာလ

ညောင်ကန်မှ တူးဖော်ရရှိသော ပစ္စည်းများကို ခုနှစ်၊ ကာလ၊ ပိုင်းခြားပေးရန် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ မလုပ်နိုင်သေးပေ။ ယဉ်ကျေးမှုထွန်းကားသော ကာလတစ်ခု၏ တိကျသောသက်တမ်းသတ်မှတ်မှု ( Absolute dating)ရရှိရန်အတွက် အရိုးစများကို ရေဒီယိုကာဗွန်ဓာတ်ခွဲစမ်းသပ်ခြင်း(Radio-Carbon Method)၊ အိုးခွက်များကို (Thermoluminisence Method)ဖြင့် ခေတ်ပိုင်းခြားခြင်းများ စစ်ဆေးပြုလုပ်ရန် လိုအပ်ပါသည်။ သက်တမ်းတိတိကျကျကို သိပ္ပံနည်းကျ စမ်းသပ်ဖော်ထုတ်နိုင်သော ကာဗွန်–၁၄ နည်းလည်း ညောင်ကန်မှာ မသုံးရသေးပါ။

သို့ဖြစ်ရာ ညောင်ကန်ယဉ်ကျေးမှုဒေသ၏ သက်တမ်းကို ညှိနှိုင်းသက်တမ်း(Relative dating)အရသာ ခန့်မှန်းပြောရတော့သည်။ အိန္ဒိယပြည်တောင်ပိုင်း ကြေးခေတ်ယဉ်ကျေးမှုဒေသအချို့၏ ခေတ်ကာလအပိုင်းအခြားမှာ (၁၇၀၀ နှင့် ၁၅၀၀ ဘီစီအတွင်း)ဖြစ်ပြီး၊ ထိုင်းနိုင်ငံကြေးခေတ်ယဉ်ကျေးမှုဒေသအချို့(ဘန်ချင်း၊ နွမ်နော့ထ ဘန်ပရာဆပ်)မှာမူ (၂၀၀၀ မှ ၅၀၀ ဘီစီအတွင်း)ဖြစ်သည်။ တောင်အာရှနှင့် အရှေ့တောင်အာရှဒေသရှိ ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားပုံ၊ နှံ့မှု၊ ကြေးသွန်းအတတ်ပညာများ ထွန်းကားခဲ့မှုတို့ကို နှိုင်းယှဉ်လေ့လာခြင်းအားဖြင့် ညောင်ကန်ကြေးခေတ် ထွန်းကားသောကာလမှာ (၁၅၀၀ မှ ၅၀၀ ဘီစီအတွင်း)ဖြစ်လိမ့်မည်ဟု ယူဆရ၏။ မြန်မာနိုင်ငံ၏ ကျောက်ခေတ်သစ်အလွန် သံခေတ်မရောက်မီ ကြားကာလမှာ ကြေးခေတ်ဖြစ်ပြီး၊ သက်တမ်းအားဖြင့်လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ မှ ၅၀၀၀ ခန့်အတွင်း (နှစ် ၃၅၀၀ ဝန်းကျင်ခန့်) ဖြစ်နိုင်ပါသည်။

မြန်မာ့ညောင်ကန်ကြေးခေတ်ယဉ်ကျေးမှုသည် အိမ်နီးချင်းနိုင်ငံများဖြစ်သော ယိုးဒယား(ဘန်ချိုင်း ယဉ်ကျေးမှု)၊ ဗီယက်နမ်(ဒုံဆုန်ယဉ်ကျေးမှု)များနှင့် အခြေခံအားဖြင့် ဆင်တူ၏။ သို့သော်လည်း ပိုမိုအဆင့်မြင့်ကြောင်း ဒေါက်တာအယ်လီဇဘက်မိုး(လန်ဒန်တက္ကသိုလ်)က ကောက်ချက်ချပါသည်။

မည်သို့ဖြစ်စေ ကိုယ်တို့မြန်မာ့မြေပေါ်တွင် ကျောက်ခေတ်ဟောင်း(ဧရာဝတီမြစ်တကြော၊ ပြဒါးလင်းဂူ)၊ ကျောက်ခေတ်လယ်(ချင်းတွင်းမြစ်ဝှမ်း)၊ ကျောက်ခေတ်သစ်(လက်ပံခြေပေါ်)၊ ကြေးခေတ်(ညောင်ကန်)၊ သံခေတ်၊ ယခု မျက်မှောက်ခေတ်စသည်ဖြင့် ယဉ်ကျေးမှုအဆင့်ဆင့်ကို ကွင်းဆက်မိမိရှာဖွေတွေ့ရှိဖို့မှာ မဝေးတော့ပြီဖြစ်ပါကြောင်း သချိုင်းကုန်းကအပြန်မှာ စဉ်းစားနေမိပါတော့သည်။

**ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး–သု)**

www.burmeseclassic.com


# ဧကရာဇ်

မှ

ဖော်စပ်ဖြန့်ချိလျက်ရှိသောဆေးများ



အား၊ ဦးဘညိန့် သား
စတုမဓု ကိုစား



လေနဲ့ပတ်သက်သမျှ
တကဲ့လေဆေး မှ ရသဗျ



သက်ရှည်သူများသုံးစွဲတာက ဦးမောင်ရဲ့
သက်ရှည်ကျန်းမာ ဧကရာဇ် ဆေးလုံးပါ



မြင်းခွာဆေးလုံး အစဉ်သုံး
မျက်စိအကြောအတွက် တန်ခိုးထက်



မြေကြွက်သွန် နဲ့ နှစ်လွှန်များ
ကျန်းမာလိုသူများ အမြဲစား



သွေးတိုးလေနာကာကွယ်ထား
နှလုံးခါဆေးလုံး နေ့စဉ်စား

ကျန်းမာရေးမြန်မာ့ဆေး

# ဧကရာဇ်

မှ

အစဉ်ပေး



ဗိုက်မတို့တွေ
အသားအရေ
ဝင်းဖို့
ဧကရာဇ်
ဆနွင်းလုံး ကို
သုံးကြစို့

## ဧကရာဇ်ဆေးတိုက်မှ ထုတ်လုပ်သည်။

✽ ၁၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တူကြိုင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၄၉၁၁၆၊ ၅၉၅၂၇၃
✽ ၂၈၊ ဗိုလ်ချုပ်ဈေး (မြောက်ဘက်တန်း အပေါ်ထပ်)၊ ရန်ကုန်မြို့။ ဖုန်း - ၃၂၅၇၂၉၊ ၂၄၀၉၆၆-လိုင်း-၄၁၇


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



**ယခင်လမှအဆက်**

ဤတော ဤတောင်ထဲမှာ လူဟူ၍ မရှိ။ ထိုသူမှာ မည်သူဖြစ်ပါမည်နည်း။

"အရှင် ကျောင်းပေါ်တက်ခွင့်ပြုပါ"

ထိုသူသည် ကျောင်းရှေ့ရောက်သည်နှင့် သုမနထံ ကျောင်းပေါ်တက်ခွင့်တောင်းလေ၏။

"တက်လာခဲ့ဒကာ"

ထိုသူတက်လာခဲ့၏။

ကျောင်းပေါ်သို့ ရောက်လာ၏။

သုမနအား ဖက်ဖြင့်ထုပ်လာခဲ့သော စားစရာကို ကပ်လှူသည်။ ထိုစားစရာမှာ မုန့်ဆီကြော် တစ်ချပ်သာဖြစ်လေ၏။ ပူပူနွေးနွေးရှိနေသေးသည်မှာ အံ့ဩစရာဖြစ်ပေသည်။ ဤတောထဲ၌ မည်သည့်နေရာတွင် မုန့်ဆီကြော်အား သွားကြော်ပါလေသနည်း။

သုမနသည် ထိုသူကိုအသေအချာကြည့်သည်။ နိမိတ်ပြချက်အရ ဘုမ္မိကပေးပို့သောဆွမ်းကို သုံးဆောင်ရမည်။ ထိုသူသည် လူစင်စစ်လား။ ဘုမ္မိလား။ ဘုမ္မိလက္ခဏာပါမပါ စူးစမ်းကြည့်၏။ ထိုသူသည် သုမနအား ရှိခိုးကန်တော့ခြင်းမပြုသည်ကိုက ထူးခြားမှုတစ်ခုဖြစ်သည်။

မျက်တောင်ခတ်ခြင်းရှိမရှိ တစ်စေ့တစ်စောင်းကြည့်သည်။

အတော်ကြာသည့် တိုင်အောင် မျက်တောင်ခတ်ခြင်းမရှိ။

ဥပမိရုပ်ကို စူးစမ်းကြည့်ပြန်သည်။

နဖူးမောက်တုံ့ရှိသည်။ ခြေတစ်ဖက်ဆောင်ကာ ခြေတစ်ဖက်ကို ချထားသည်။ ချထားသော ခြေထောက်မှ ခြေဖဝါးကိုမြင်ရသည်။ ဖနောင့်နည်းနည်းတို၏။

ပြီးတော့ အရိပ်မထွက်၊ ဘုမ္မိလက္ခဏာအပြည့် တွေ့ရသည်။

သုမနသည် သူ၏နိမိတ်ကောက်ချက် ရာနှုန်းပြည့်မှန်သွားသောကြောင့် ဝမ်းသာသွား၏။ ဆရာသခင်သာရှိနေလျှင် ဤလို ကိုယ့်နိမိတ်ကိုယ်ကောက်မိမည်လည်း မဟုတ်။ ဤလို ထူးခြားသောအတွေ့အကြုံမျိုးကိုလည်း ရရှိလိမ့်မည်မဟုတ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com

ဆရာသခင်ကို ကျေးဇူးတင်စွာဖြင့် စိတ်တွင်းမှ အခါခါဦးချနေမိ၏။

သူ့အား ကပ်လှူလာသော မုန့်ဆီကြော်အား သုံးဆောင်လိုက်သည်။ မကြာမီ မွန်းတည့်လေတော့မည်။ ဆာလောင်မှုများ ပြေပျောက်သည့်အပြင် အားအင်ပါပြည့်ဝလာသကဲ့သို့ ခံစားရ၏။ မုန့်ဆီကြော် ကပ်လှူသောဒကာမှာ ကျောင်းပေါ်မှ ပြန်ဆင်းသွား၏။

တကယ်ဆိုလျှင် သူသည် သူ့အား မုန့်ဆီကြော် ကပ်လှူသောဒကာ၏ အမည်ကို မေးသင့်သည်။ နေသောနေရာကို စုံစမ်းသင့်သည်။

ဘုဉ်းစားပြီးနောက် သုမန လမ်းလျှောက်၏။

အတိတ်မှ အရိပ်တို့ ပြန်လည်လွှမ်းမိုးလာသည်။

ဆရာသခင်အား ဤကိစ္စကို မေးမြန်းခဲ့ဖူးသည်။

ပရလောကတစ်ရပ်ရှိလေ၏။ ထိုပရလောကသားတို့မှာ မြင်တွေ့ခွင့်မရနိုင်သောသူများ ဖြစ်ကြ၏။ ထိုသို့မြင်တွေ့နိုင်ခြင်းမရှိသော ပရလောကသားတို့အား သုမန မြင်တွေ့လိုချင်၏။ ထိုပရလောကသားတို့နှင့် မျက်နှာချင်းဆိုင် စကားပြောလိုခဲ့ပေသည်။

ပရလောကဟူသည် အမှန်တကယ် ရှိပါလေသလား။

ဤအရာတို့သည် လောက၏စည်းတစ်ဖက်မှာရှိနေကြသည်။ လက်လှမ်းမမီသောအရာများလည်း ဖြစ်ကြသည်။

"အဘ"

သုမနသည် ဝတ်ဖြည့်ရင်းမရဲတရဲ ခေါ်၏။

ဆရာသခင်သည် လဲလျောင်းနေရာမှ "ဘာတုန်း"ဟု မေးနေသကဲ့သို့ သုမနကို မျက်လုံးလှန်ကြည့်သည်။

"တပည့်တော်အနေနဲ့ ညစဉ် မေတ္တာဖြန့်လွှမ်းတဲ့အခါမှာဖြစ်စေ၊ အမျှဝေပို့တဲ့အခါမှာဖြစ်စေ၊ နတ်ပြဟ္မာတွေ ဒါကဝေးလွန်းပါတယ်ဘုရား။ ထားပါတော့၊ တောပိုင် တောင်ပိုင်တွေ၊ နယ်ပိုင်ရပ်ပိုင်တွေကို မေတ္တာဖြန့်လွှမ်းတယ် အမျှဝေပို့တယ်"

သုမနစကားကို ခေတ္တရပ်ပြီး နောက်ထပ်စကား ဆက်သင့်မသင့် ဆရာသခင်၏ အရိပ်အကဲကိုကြည့်၏။ ဆရာသခင်က ကန့်ကွက်မှု မပြု၍ စကားဆက်၏။

"သိုက်ချုပ်တွေ၊ သိုက်နန်းရှင်တွေ၊ ရက္ခစိုးတွေ၊ အာကာသစိုးကအစ သုမန၏ စကားမဆုံးလိုက်ပါ။

"တော်ပြီ သုမန"

ဆရာသခင်၏ နှုတ်မှထွက်လာသောစကားလုံးက ပြတ်တောက်၏။

"အဲ့ဒါတွေကို သုမနရဲ့စိတ်ထဲမှာ ဝီဝိ ကိစ္စာဖြစ်နေတယ်မဟုတ်လား။ တကယ်ရှိမရှိ သိချင်နေတယ်မဟုတ်လား။ အဲ့ဒါထက် ကိုယ်တိုင်မြင်တွေ့လိုတယ်မဟုတ်လား"

ဆရာသခင်ပြောသောစကားများ မှန်နေ၍ ဆရာသခင်ကို လေးစားသွားရ၏။ ထိုသို့လေးစားရခြင်းနှင့်အဘူ
ပြောမည့်စကားများ ကြိုက်ပျောက်ငှ
ပျောက်ဆိုသလို ပျောက်ကုန်၏။
ပြောလိုသည်ကို ဆရာသခင်ကကြိုတ
ရိပ်မိသိရှိနေသည်။

"မှန်ပါတယ်အဘ"

သုမနသည် ဟုတ်မှန်ကြောင်းဝ
လိုက်ရ၏။

"သုမန"

မသိသင့်သေးတဲ့အချိန်ထဲ
ပြီး ကြိုတင်သိရှိခြင်းဟာ အဆိပ်
သောက်မိခြင်းတစ်မျိုးပဲ။ အဲ့ဒီသိရှိထ
မှုကို တစ်ပါးသူအား ဖွင့်လှန်ပြောကြ
ခြင်းအတွက် စောင့်စည်းထိန်းသိမ်း
စွမ်းမဲ့တဲ့အခါ ကိုယ့်ရဲ့သိရှိထားမှု
အန္တရာယ်တစ်ခုကို ပိုက်လွယ်ထား
နဲ့အတူတူပဲ"

သုမနသည် ဆရာသခင်
အကြောင်းအားသိ၏။ ဆက်၍ တစ်
မှုထပ်မကွန့်ရဲဘဲဆိတ်ဆိတ်နေလိုက်

"သုမနရဲ့ အသိတွေကို ထိန်း
နိုင်ရမယ်"

ကိုယ်သိထားတဲ့ အသိတွေ
ဘယ်လောက်ပဲမှန်မှန် တိကျနေပေ
သူတစ်ပါးလက်ခံနိုင်မှု၊ ယုံကြည်နိုင်
မရှိရင်မပြောအပ်ဘူး။

ကိုယ်ကပြောလို့ နားလည်လ
တဲ့သူဖြစ်တာတောင်မှ အခ
အစူးအစမ်းမရောက်ရင် မပြော
ဒါကို ထိန်းသိမ်းနိုင်ရမယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဆရာသခင်သည် လဲလျောင်းနေရာမှ ထထိုင်လိုက်၏။

သုမနသည် ဆရာသခင်နှင့် မနီးမဝေးနေရာသို့ ရွှေ့ပြောင်းကာ ခပ်ကျုံ့ကျုံ့လေးထိုင်လိုက်၏။ ဆရာသခင် ထပ်မံပြောကြားလာမည့် စကားတို့ကို နားစွင့်နေ၏။

အခုပြောတဲ့အချက်နှစ်ချက်ဟာ လောကရဲ့ဥပဒေသပဲ။

ဒီဥပဒေကို မလိုက်နာဘူး။ ကိုယ်သိတာကို သိတဲ့အတိုင်း မထားဘဲ သူတစ်ပါးအထင်ကြီးလိုမှုအတွက်ပဲဖြစ်ဖြစ်၊ ကိုယ်သိထားတာကို သူတစ်ပါးသိစေလိုတဲ့အတွက်ပဲဖြစ်ဖြစ် ကိုယ့်နှုတ်ကို စောင့်စည်းမှုမရှိဘဲ ပြောကြားတတ်သူဆိုရင် ရည်ရွယ်ချက်တွေ ယိမ်းယိုင်သွားတတ်တယ်။ ပြောသင့်တဲ့အချိန်အခါကို စောင့်ရတယ်။

ဟောဟိုမှာ ဝေ့ဝဲကျနေတဲ့ နှင်းကလေးတွေတောင်မှ လောကရဲ့ဥပဒေကို လွန်ဆန်လို့မရဘူး။

အားလုံးဟာ လောကရဲ့ဥပဒေဘောင်အတွင်းမှာ ရှင်သန်လှုပ်ရှားနေကြရတယ်။ လောကကြီးကတော့ ဒီလိုမျိုးဥပဒေပညတ်ချက်တွေ ရှိတယ်လို့ ဆိုနေဘူး။ ကိုယ်ကသာ လောကရဲ့ဥပဒေတွေ ပညတ်ချက်တွေဟာ ဘာတွေလဲဆိုတာသိအောင် ကြိုးစားရမယ်။ သိတာနဲ့တစ်ပြိုင်နက် လိုက်နာကျင့်သုံးနိုင်ဖို့လည်းလိုတယ်။

ဆရာသခင်၏ စကားများက အနှစ်သြဇာပြည့်ဝလှ၏။ စကားလမ်းကြောင်း နှင်းလာသည်က သုမန၏အမေးကို ဖြေဖို့ဖြစ်၏။ သုမန၏အမေးကိုမဖြေမီ ပြောသောစကားလမ်းကြောင်းမှာကိုက မှတ်သားနာယူထိုက်စရာများ ပါနေ၏။

"ပရလောကဆိုတာ တကယ်ရှိတယ်လူလေး။ ဒါပေမယ့် သူတို့ရဲ့အကြောင်းကို မသိသင့်ဘူး။ သိအောင်လည်း ကြိုးစားမနေစေချင်ဘူး"

"အခု သုမနလျှောက်လှမ်းနေတဲ့ လမ်းစဉ်က ဘာလမ်းစဉ်လဲ"

"ဂန္ဓာရီလမ်းစဉ်ပါအဘ"

"ဂန္ဓာရီလမ်းစဉ် အလျှောက်မှန်ကန်ရင် အဲ့ဒါတွေနဲ့ ဆုံကောင်းဆုံနိုင်ပါရဲ့"

သုမနသည် စိတ်ဝင်စားလွန်းသောကြောင့် ငြိမ်သက်စွာ နားထောင်နေ၏။

"ရှေ့ကို အဲ့ဒါတွေနဲ့ အများကြီးကြုံဆုံဖို့ရှိတယ်။ ဒီလမ်းစဉ်ခရီးမှာတော့ ဒါတွေဟာ ရှောင်ဖယ်လို့မရဘူး။ ကြုံတွေ့ရပါလိမ့်မယ်။

ပရလောကသားတွေဟာ

ကိုယ့်ရဲ့လုပ်ငန်းစဉ်တွေ တိမ်းချော်သွားအောင် ပရိယာယ်ကြွယ်ဝစွာနဲ့ နှောင့်ယှက်တတ်သလို ကိုယ့်ရဲ့လုပ်ငန်းစဉ်တွေ တည့်မတ်ပြီး ထွန်းတောက်လာစေဖို့အတွက် ပရိယာယ်ကြွယ်ဝစွာ ပါရမီဖြည့်တတ်ကြပြန်တယ်။ သူတို့ဟာ ရန်သူဖြစ်တတ်သလို မိတ်ဆွေလည်း ဖြစ်လာနိုင်တယ်။ ဒါဟာ ထူးဆန်းမှု တစ်ခုတော့ မဟုတ်ဘူး။

ဂန္ဓာရီလှည့်တဲ့အခါ ကိုယ်ရောက်ရှိစခန်းချတဲ့နေရာမှာ သူတို့ရှိနေကြတယ်ဆိုပါတော့၊ အစကနဦးမှာ ကိုယ့်ကို ရန်သူလို ကြမ်းကြမ်းတမ်းတမ်းဆက်ဆံတတ်ကြတယ်။ မူးအောင် ဝေအောင် ထိတ်လန့်ကြောက်ရွံ့အောင် ကြိုးစားကြတယ်။

ကိုယ့်ရဲ့ စရဏနဲ့ သမာဓိအကျင့်တရားကောင်းနေတဲ့အခါ သူတို့ရဲ့ နှောင့်ယှက်မှုတွေဟာ အရာမထင်ဘူး ဖြစ်သွားကြတယ်။ အဲ့ဒီအခါမှာ ကိုယ့်ကိုဦးညွှတ်လာကြတော့တယ်။ လေးစားကြည်ညိုမှုနဲ့ အကူအညီတွေ ပေးလာကြတယ်။ မိတ်ဆွေမှ ဆွေမျိုးသားချင်းလိုဖြစ်လာကြတယ်။ အဓိက ကတော့ မေတ္တာစိတ်ရဲ့ စွမ်းအင်ပဲ။

အကျင့်စရဏနဲ့ သီလမရှိတဲ့ သာမန်လူတွေ လက်လှမ်းမမီတဲ့ ကိစ္စမို့ ထူးဆန်းနေတာပါ။ အမှန်တော့ ဒါတွေဟာအမှန်တကယ်ရှိတဲ့ ဖြစ်ရိုးဖြစ်စဉ်တွေပါပဲ။

တောင်ပိုင် ရက္ခစိုးနဲ့ ဘုမ္မိယတို့ဟာ အကြောင်းတစ်စုံတစ်ခု ရှိတဲ့အခါ လူအသွင်ယူပြီး လူတွေကြားထဲ သွားလာလေ့ရှိကြတယ် လူလေး။

ဒါပေမယ့် လူတွေရဲ့အသွင်ယူပြီးတော့ လူတွေကြား အတွေ့ခံသွားလာ



www.burmeseclassic.com

www.burmeseclassic.com

ကြတဲ့နေရာမှာ တစ်ဘဝလုံးတော့ မရဘူး။ တစ်နှစ်တာအချိန်ကာလလည်း မရဘူး။ တစ်လတစ်ရက် စသည်အားဖြင့်လည်းမရဘူး။ သူတို့အဖို့ ဖန်တီးရုပ်နဲ့သွားလာတဲ့နေရာမှာ သူတို့ရဲ့ အရေးကိစ္စခွင်တစ်ခွင်အတွက် ကြာရှည်နိုင်မယ့်အချိန်အတွင်းမှာ လှုပ်ရှားကြရတယ်။

သူတို့ဟာ လူတွေကြားမှာ လူအသွင်နဲ့ လှုပ်ရှားတော့မယ်ဆိုရင်

တစ်အချက်က သူတို့ရဲ့ မူလဘူတကို လူတွေမရိပ်မိအောင် နေရတယ်။

နှစ်အချက်က ကိစ္စတစ်ရပ်ပြီးစီးနိုင်မယ့်အချိန်အတွင်းမှာပဲ လှုပ်ရှားခွင့်ရကြတယ်။

သုံးအချက်က ကန့်သတ်နယ်မြေထက်ကျော်ပြီး သွားလို့မရဘူး။

ဆရာသခင်က ပြောလက်စစကားကို ခေတ္တရပ်နားလိုက်ပြန်၏။ သုမနမှာ စိတ်ဝင်စား၍ကောင်းတုန်း ဖြစ်သောကြောင့် မချင့်မရဲဖြစ်သွားရ၏။

ဆရာသခင်သည် ကန့်လန့်ကာနောက်ကွယ်မှအရာကို လှစ်ပြ၏။ နက်ရှိုင်းမှုတစ်ခုကို တစ်စချင်းဆွဲထုတ်ပြလေ၏။

ဆရာသခင်၏ အတွေ့အကြုံ၊ စရဏအသိတရား ရှာဖွေတွေ့ရှိမှုတို့မှာ ထူးဆန်းမှုများ ရှိနေလေ၏။

"သူတို့လှုပ်ရှားတဲ့ ခွင်တွေဆိုတာက ဘယ်လိုခွင်မျိုးတွေလဲအဘ"

သုမနက ထပ်ဆင့်သိလို၍ မေးလိုက်လေ၏။

လှုပ်ရှားခွင်ဆိုတာ အမျိုးမျိုးရှိတယ်။

ဥပမာပြောရမယ်ဆိုရင်

ကျင့်ဝတ်သီလနဲ့ သမာဓိအားကောင်းတဲ့ ပုဂ္ဂိုလ်တစ်ပါးက သာသနာထွန်းလင်းဖို့ စေတီတစ်ဆူတည်တဲ့အခါ စေတီစောင်းကို ပြုပြင်နေတဲ့အခါ အဲ့ဒီလူကလည်း ဖြောင့်မတ်မှန်ကန်ပြီး ယုံကြည်စိတ်ချတယ်ဆိုရင် ဘုမ္မိယက သူတို့စောင့်ထိန်းနေတဲ့ ရတနာထဲက လှူဒါန်းချင်တယ်ဆိုတဲ့အခါ သွားရောက်လှူဒါန်းလေ့ရှိကြတယ်။

ဒီလိုလှူဒါန်းတဲ့ နေရာမှာ အဲ့ဒီလူကိုအိပ်မက်ပေးပြီး ပစ္စည်းရှိရာ ညွှန်ပြလှူဒါန်းတတ်ကြတယ်။ ကြားခံလူတစ်ယောက်ကို ညွှန်ပြပြီး လှူတာလည်းရှိတယ်။

အချို့ ဘုမ္မိတွေကျတော့ အယုံအကြည်နည်းတာရယ် ကိုယ်တိုင်ကိုယ်ကျလှူဒါန်းချင်တာရယ်။ ကိုယ်တိုင်ပဲကိုယ့်ပစ္စည်းကို ဗျာပနာသွင်းနိုင်ဖို့ လှူချင်တာရယ်ကြောင့် စေတီတည်တဲ့နေရာကို ကိုယ်တိုင်သွားရောက် လှူဒါန်းတတ်ကြလေရဲ့။

ပြီးတော့

အဲ့ဒီလို ကိုယ်တိုင်သွားလှူနိုင်ကြတဲ့ အစွမ်းရှိကြလို့ပဲ။

ဆိုလိုတာက ဘုမ္မိချင်းတူပေမယ့် ကမ္မဇိဒ္ဓိတန်ခိုးချင်း မတူကြဘူး။ တချို့ကလူတွေကြားထဲ သွားလာနိုင်တဲ့ အနေ အထားမှာရှိကြပေမယ့် တချို့က လူ တွေကြားမှာ သွားလာနိုင်ကြတဲ့ ကမ္မဇိဒ္ဓိ တန်ခိုးမျိုးမရှိကြဘူး။

အဲ့ဒီလိုလူတွေကြား သွားလာနိုင်တဲ့ အနေအထားမှာ မရှိကြတဲ့ သူတွေဟာ ကိုယ်ပြုလုပ်ချင်တဲ့ အမှုကိစ္စကို ဆော ရွက်ပေးနိုင်မယ့် သူတစ်ဦးဦးကို အိ မက်ပေး လုပ်ဆောင်စေရတာပဲ။

လှုပ်ရှားခွင်ဆိုတာ ဘုမ္မိရှင် ဟာ သူတို့ရဲ့ပစ္စည်းကို လှူတယ်။ လှူ ရင်ပြီးပြီ။ လူအသွင်နဲ့ လူတွေကြားထဲ ရောနှောပြီးလှူတယ်။ လှူပြီးရင်ပြ တယ်။ ဒါဟာ ခွင်တစ်ခွင်ပဲ။ အခြ အပိုအလုပ်မရှိဘူး။ ဒီတစ်ခွင်အတွ မှာပဲ လှုပ်ရှားရတယ်။

သုမနသည် ဤမျှသိခွင့်ရလျှင် အတော်အသင့် ကျေနပ်သွားလေ သို့သော်လည်း ဤထက်မက သိချင် သေးသည်။ ဘုမ္မိယက လူအသွင်နဲ့ ပါပြီတဲ့ သူတို့တွေဟာ လူတွေပဲလ ဘုမ္မိယလားဆိုသည်ကို မည်သို့ သိနိုင် ပါမည်နည်း။ သိနိုင်ကြောင်း အင်္ဂါ များကို တစ်ဆင့်တက်ပြီး မေးလိုက်

"လူနဲ့ လူမဟုတ်တဲ့ ပရလော သား ဘယ်လိုခွဲခြားမလဲအဘ"

ဘုမ္မိယဆိုတာ ပစ္စည်းစောင့်ထိ သူပဲ။

ဘုမ္မိယကလည်း အဆင့်အတ အစားစားရှိတယ်။ သူတို့ကို ပြိတ္တာ



www.burmeseclassic.com

www.burmeseclassic.com

အနွယ်သားတွေလို့ ခေါ်တယ်။ တချို့က ပစ္စည်းစောင့်သူရဲ့အဆင့်မှာရှိတယ်။ တချို့က နှုတ်ပြိတ္တာလို့ ခေါ်ရတဲ့အဆင့်မှာရှိတယ်။ အချို့က ဘီလူးမျိုးနွယ်အဖြစ် တည်ရှိတယ်။

ယေဘုယျအားဖြင့် လူနဲ့ လူအသွင်ကို ယူထားတဲ့ ဘုမ္မိယတို့ရဲ့ ထူးခြားချက်ကတော့ လူအသွင်ယူထားတဲ့ ဘုမ္မိယဟာ အရိပ်မထွက်ဘူး။ မျက်တောင်မခတ်ဘူး။ တချို့ ဘီလူးအစွယ်ဆိုရင် မျက်ထောင့်နည်းနည်းနီမယ်။ နဖူးမောက်ယောင်ရှိမယ်။ ဖနောင့်တိုယောင်ရှိမယ်။

အဘအနေနဲ့ အခုလောက်သိခွင့်ပေးတာပဲများလှပြီ။ လိုတာထက် ပိုသိသို့လည်း မသင့်တော်ဘူး သုမနငယ်။

သုမနအနေဖြင့် ပရလောကအကြောင်း သိသင့်သလောက် သိသွားလေပြီ။

"ဒါတွေဟာ သိရုံပဲသိတာ၊ အကျိုးကျေးဇူးတစ်စုံတစ်ရာ ရှိလာတာမဟုတ်ဘဲ။ လောကီအရေးတွေက ရှုပ်ထွေးလှတယ်။ သုမနအနေနဲ့ ဒါတွေကို သိအောင် ကြိုးစားနေတာထက် ဓမ္မကိုအော်ဆောင်ဖို့ ကျင့်စဉ်တွေအပေါ် အကြောင်းကြစိုက်မို့၊ လမ်းစဉ်ကို ဖြောင့်အောင်သွားဖို့တွေက အဓိကကျတယ်။

သုမနကိုယ်တိုင် ဘုမ္မိယတွေနဲ့ ဆုံဆည်းမိမယ်။ ပရလောကနဲ့ ကြုံပါလိမ့်မယ်။ လောကကို ထိုးထွင်းဖောက်မြင်ကြည့်တတ်ရင်၊ အကြောင်းတရားနဲ့ အကျိုးတရားကို ဆင်ခြင်သုံးသပ်တတ်ရင် ခွဲခြားဖို့ မခက်လှပါဘူး။

တစ်ခါတစ်ခါမှာတော့ သူတို့ဟာ မကျေနပ်ရင် ထိတ်လန့်ဖွယ်ရာ အိပ်မက်တွေပေးတတ်သည်။ ချောက်ချားဖွယ်ရာ ခြောက်လှန့်တတ်တယ်။

သုမနသည် ဆရာသခင်ပြောကြားခဲ့သော စကားများကို ပြန်လည်တွေးတောနေမိ၏။ ဆရာသခင်၏ စကားများသည် တစ်ခုမျှ တိမ်းယိမ်းချွတ်ချော်သွားခြင်းမရှိပေ။

ယခု သူကိုယ်တိုင် ကြုံတွေ့ခဲ့ရပြီးဖြစ်လေ၏။

လေတိုးသံ၊ သစ်ကိုင်းကျိုးကျသံ၊ တောတိုးသံ၊ သူ့ကိုခေါ်သံများ။ လေမတိုက်ဘဲ သစ်ပုပ်ပင်ကြီး လှုပ်ယိမ်းနေမှုများ စသော ချောက်ချားဖွယ်ရာနှင့် ကြုံခဲ့ရဖူးပြီ။ ဒါက ဆရာသခင် ခွဲခွာသွားပြီး ပထမညမှာဖြစ်၏။

ယခု ဒုတိယနေ့ မွန်းမတိမ်းမီမှာ ဘုမ္မိကပို့လာသော မုန့်ဆီကြော်ကို သုံးဆောင်ရပြန်၏။

သူနေသောနေရာက တောနက်တောခေါင် လှိုဏ်တစ်ခု၏ထိပ်မှာ၊ လူသူကင်းဝေးသော နေရာမှာဖြစ်သည်။ ဤလိုလူသူရောက်ရန် ခက်လှသော နေရာမှာ မုန့်ဆီကြော်စားရခြင်းက ထူးဆန်းအံ့ဩဖွယ်တော့ ကောင်းသည်။ မုန့်ဆီကြော်က ပူပူနွေးနွေး အငွေ့ဝဲဝဲ။

သီလသမာဓိသာ လုံပါစေ။
ကျင့်စဉ် ကမ္မဋ္ဌာန်းသာ မှန်ပါစေ။
လမ်းစဉ်သာ ဖြောင့်ပါစေ။

မေတ္တာကမ္မဋ္ဌာန်းကို နှလုံးသားနဲ့ ရှုသွားတတ်သူမှန်ပါက မည်သို့သော တောစခန်းမှာမှ ဆွမ်းငတ်စရာမရှိ။

အကြင်နတ်တို့သည် ရှိကုန်၏။
အကြင်ရက္ခစိုးတို့သည် ရှိကုန်၏။
အကြင်ဘုမ္မစိုးတို့သည် ရှိကုန်၏။
သူတို့သည် သင်၏ ဒကာများ ဖြစ်လာပေလိမ့်မည်တည်း။

## စာစု (၃)

# မေတ္တာနယ်မြေ

(၁)

အာရုံမှာ တောခွေးအုပ်တို့ ပြေးနေမှုရပ်တန့်သွား၏။

ဂျီ(ချေ)သူငယ်ကလေးကို အစာအလို့ငှာ ကိုက်ဆွဲကြဖို့ ဝန်းရံနေကြသည်။

ဂျီသူငယ်သည် အားကိုးရာမဲ့နေ၏။ အသက်ဘေးအတွက် ထိတ်လန့်ကာ မျက်ဝန်းမှာ စိုးရိမ်စိတ်များ ပြည့်နက်နေသည်။

အချို့သော တောခွေးက ဂျီသူငယ်ကို နှုတ်သီးဖြင့် ပွတ်၏။ လျှာနှင့်လျက်သူလျက်ကြ၏။ အခြေအနေကပြောင်းလဲသွားသည်။ ဆန့်ကျင်ဘက်တို့၏ ပေါင်းစည်းမှုကို ပြနေပြီ။



www.burmeseclassic.com

www.burmeseclassic.com

အတန်ကြာသောအခါ ဂျီသူငယ် အမောပြေလာ၏။

တောခွေးများလက်မှ လွတ်မြောက်ရန်မကြိုးစားတော့။

ပြီးပြီ။

သုမနအဖို့ ဤလိုဖြစ်သွားဖို့ပဲ လိုအပ်သည်။

သုမန စက္ကူကိုဖွင့်ပြီး ကမ္မဋ္ဌာန်းကို ဖြုတ်သိမ်းလိုက်သည်။

ရောင်နီပင်လာနေပါပေါ့လား။

တောခွေးများနှင့် ဂျီသူငယ်တို့ ချစ်ခင်စွာ ဆော့ကစားနေခြင်းကို သုမန မြင်ရသည်။

ဂျီသူငယ်သည် မိမာတာစမ်းမှာ တွေ့ခဲ့ရသော ဂျီသူငယ်ဖြစ်နေမှန်း သေချာသည်။

မေတ္တာနယ်မြေကို သူ သတ်မှတ်ပိုင်းခြားနိုင်ခဲ့ပြီ။

ဤနယ်မြေသည် မေတ္တာနယ်မြေ။

(၂)

မိမာတာစမ်းတွင် ရေချိုးသုံးသပ်ရန်အတွက် သုမန၏ ခြေလှမ်းတို့ ခပ်မှန်မှန် ရွေ့လျားနေသည်။

ခြေတစ်လှမ်း ရွေ့လျားတိုင်း ခြေရာတစ်ခုထင်ကျန်ရစ်၏။

ခြေရာတို့က ချိုင့်၍ခွက်၍ပင်နေသည်။

မိမိသည် သံသရာခရီးသွားတစ်ဦးဖြစ်၏။ မိမိ၏ ခြေရာများစွာတို့လည်း ထင်ကျန်ရစ်ခဲ့လေပြီ။

တစ်ခါတစ်ရံ မိမိ၏ အတိတ်ခြေရာကို ပြန်ကောက်ကာ ဆင်ခြင်မိရစမြဲဖြစ်၏။ ဂန္ထဝင်ကျင့်စဉ်အတွက် အထွတ်အထိပ်ရောက်ရန် အချိန်များစွာပေးဆပ်နေရသည်။ အရင်းအနှီးများစွာ စိုက်ထုတ်ခဲ့ရသည်။ အခက်အခဲများစွာ ကြုံရသည်။

မိမာတာစမ်းဆီသို့ ရောက်ခဲ့ပြန်ပြီ။

စမ်းရေက ကြည်စိမ်းနေ၏။ ပြာ၏။ ဖန်သားကဲ့သို့ ထွင်းဖေါက်မြင်နိုင်၏။ အောက်ခြေရှိ သဲလုံးကလေးများ၊ ကျောက်ခက်မှော်ပင်များက ထင်ရှားစွာ စက္ခုအမြင်မှာထင်၏။

ဤနယ်မြေသည် မေတ္တာနယ်မြေသာဖြစ်ရမည်။

မေတ္တာနယ်မြေ၊

အေးချမ်းနယ်မြေ၊

ချမ်းမြေ့နယ်မြေ၊

ဤနယ်မြေကို ဤသို့ပညတ်ဂုဏ်ဝိသေသများ တင်နိုင်ရန်အတွက် ဝါယမစိုက်ထုတ်ရန် စိတ်ထက်သန်နေ၏။

သတ္တဝါတစ်ဦးအပေါ်တစ်ဦး အနိုင်ကျင့်သတ်ဖြတ်မှု၊ ညှဉ်းဆဲမှုတို့ ဤနယ်မြေမှာ မရှိစေရ။ သုညမှတ်တိုင်ရောက်အောင် ရှင်းပယ်ရမည်။

အားလုံးသည် တည်ငြိမ်စွာ၊ သန့်သက်စွာ။

ဆရာသခင် ဖယ်ကြဉ်သွားသည့် နောက်၌ မေတ္တာကျင့်စဉ်ကို ဖိဖိစီးစီး ကျင့်ဆောင်နေမြဲဖြစ်၏။ မေတ္တာတော အားဖြင့် ဤနယ်မြေရှိ မြေမဟီလွှာ လိမ်းကျံနေခဲ့သည်။ ရက္ခတို့အပေါ် [illegible] လွှမ်းနေခဲ့သည်။ ရေထဲ လေထဲ မေတ္တာ ဓါတ်များ စိမ့်ဝင်စေးကပ်နေအောင် [illegible] တစိုက်ဖြင့် သုမန၏ မေတ္တာမနော [illegible] စီးမျောစေခဲ့ပြီ။

မေတ္တာဓါတ်စွမ်းအား၏ သ[illegible] ရောက်မှုကို တိတိပပထင်ထင်ရှားရှား မတွေ့ကြုံရသေးပေ။

မိမာတာစမ်းနံဘေး ဝန်းကျင်တ[illegible] ခိုအား မျက်လုံးအကြည့်ဝေ့ယမ်းလိုက် သောအခါ သုမနရေချိုးဆင်းမည့်နေရာ နှင့် ဝါးနစ်ရိုက်ခန့်အကွာမှာ ဂျီတ[illegible] ကောင်သည် သွေးရူးသွေးတန်း ပြေး[illegible] လွှားနေသည်ကို တွေ့ရ၏။

ဂျီသူငယ်၏နောက် မလှမ်းမကမ်း မှာတော့ ခွေးတစ်အုပ်။

မကြာခင်မှာ ဂျီသူငယ်လေးသည် တောခွေးတို့၏ အစာဖြစ်ချေတော့မည်။

ဤမြင်ကွင်း အဖြစ်အပျက်မျိုး[illegible] ဤနယ်မြေမှာ မဖြစ်သင့်သော အ[illegible] အထားတစ်ရပ်ဖြစ်၏။ သုမန၏မျက်နှာ ကြည်လင်မှု မှဲ့သွားသည်။ ဆရာသခင် ပေးသောတာဝန်ကို သူစွမ်းဆောင်နိုင်[illegible] မရှိသေးကြောင်း အသိက နှလုံးအိမ်[illegible] လေးလံသောအရာဖြင့် ဖိညှစ်သကဲ့သို့ ခံစားရ၏။

www.burmeseclassic.com

ဂျီသူငယ်လေးကို လုပ်မြင်ရချိန်မှာ ဂျီသူငယ်လေးက ကြောက်လန့်တကြား အသက်ဘေးမှလွတ်မြောက်ရန်အတွက် ပြေးလွှားရင်းသူ့ကိုအားကိုးသောအကြည့် ဖြင့်ကြည့်သွားခြင်းအား မြင်လိုက်ရသလို ရှိ၏။ ဤမြင်ကွင်းသည် သုမန၏ မျက်စိ အကြည်မှာ စွန်းထင်းနေ၏။

ဆရာသခင်ရှိနေစဉ်က ထိုအဖြစ် အပျက်မျိုး မပေါ်ပေါက်ခဲ့ချေ။

ဆရာသခင်ရှိစဉ်က ဤနယ်မြေ သည် အမှန်ပင် အေးချမ်းနယ်မြေဖြစ် နေခဲ့သည်။

သုမနတစ်ဦးတည်းသာရှိမှ ဤသို့ သော ဂျီသူငယ်လေး၏ အသက်အန္တ ရာယ်ရှိမှုမျိုး ဖြစ်ပေါ်လာရသည်။ ဆရာ သခင်ထွက်သွားသည်မှာ အချိန်ကာလ တိုတိုလေးသာရှိသေးသည်။ ရက်သတ္တ တစ်ပင် မပြည့်သေးချေ။

သူသည် ခေတ္တမျှ မှင်တက်မိငေး ငိုင်သွားရ၏။

ယခု သူ၏အလှည့်၊ သူ၏မေတ္တာ ရွှမ်းအားအဟုန်ကို အသုံးချရမည့် အလှည့်ဖြစ်၏။

သူ၏မေတ္တာစိတ်အားတို့က ပြယ် လွင့်မှုကင်းမဲ့စွာ စွဲမြဲစိုက်တည်နေရဲ့လား။

ပညတ်သဘောဖြင့် စူးစမ်းသည်။

ခြုံသဘောဖြင့် သူဇလေ့လာသည်။

ဓါတ်သဘောဖြင့် သူထောက် ကြည့်သည်။

သုမနသည် စိတ်လျှော့တတ်သူ မဟုတ်၊ ရေမိုးသန့်စင်ခြင်းပင်မရှိဘဲ မိမာတာစမ်းကို ကျောခိုင်းလိုက်သည်။

တောခွေးတို့၏ အာသာဆန္ဒကို သူ ဖျောက်ပယ်ရမည်။

တောခွေးတို့၏ အရိုင်းစိတ်ကို သူ ယဉ်ပါးစေရမည်။

ကျောင်းသင်္ခမ်းဆီသို့ ရွှေ့လှမ်းနေ သော ခြေလှမ်းကသွက်လက်သည်။

ဆရာသခင်သည် သူ့အား မေတ္တာ ရှင်ဟု ချီးမွမ်းခဲ့သည်။

တကယ်တော့ ဤပုံမျိုးနှင့်ဆိုလျှင် သူသည် မေတ္တာရှင်မဟုတ်သေးပေ။

သူသည် မေတ္တာရှင် ဟုတ်ရိုးမှန် ပါက မိမာတာစမ်းမှာ မြင်တွေ့ခဲ့ရသော မြင်ကွင်းမျိုးနှင့် တွေ့ဆုံစရာမရှိချေ။

သပြေနီပင်အောက်သို့ သူလျှောက် ခဲ့သည်။

မေတ္တာရှင်အပြည့်အဝ ဖြစ်ရေး အတွက် သူကြိုးစားရမည်။

ကြိုးစားရပါလေဦးမည်။

(၃)

စက္ခုကို မိတ်ထားသည်။

အမှောင်ဓါတ်က အမြင်အာရုံကို ချုပ်တဲ့စေ၏။

ခေါင်းကိုမတ်မတ်၊ ခါးကိုဖြောင့် ဖြောင့်ထားပြီး ပရိကံပြုသည်။

ဝင်သက်လေကို ပြင်းပြင်းတစ် ချက်ရှိုက်သွင်းသည်။

ထွက်သက်လေကို ပြင်းပြင်းတစ် ချက်မှုတ်ထုတ်သည်။

ရှည်လျားသော ဝင်သက်၊

ရှည်လျားသော ထွက်သက်၊

ကိုးကြိမ်မျှပြုလုပ်လိုက်သည်။

မိမာတာစမ်းမှရခဲ့သော ဝေဒနာတို့ လျော့ပါးသွားသည်။

သည်တော့မှ သူ၏လုပ်ငန်းကို စတင်၏။

* ပညတ်သမုတ်၊ အကျွန်ုပ်သည် ကျန်းမာချမ်းသာ ဘေးကင်းကွာ၍ ကြည်သာရွှင်လန်းနိုင်ပါစေ။

* ပညတ်သမုတ်၊ အကျွန်ုပ်ကို စောင့် ကြပ်ပေလတ်၊ ဒေဝါနတ်တို့ ကျန်းမာ ချမ်းသာ ဘေးကင်းကွာ၍ ကြည်သာရွှင် လန်းနိုင်ပါစေ။

* ပညတ်သမုတ်၊ အကျွန်ုပ်ကို ချစ် မြတ်နိုးစွာ၊ စောင့်ကြပ်သော ပုဂ္ဂိုလ်များ စွာဘေးကင်းကွာ၍ ကြည်သာရွှင်လန်း နိုင်ပါစေ။

* မြေမှာကျက်စား၊ သတ္တဝါများ ကျန်းမာချမ်းသာ ဘေးကင်းကွာ၍ ကြည်သာရွှင်လန်းကြပါစေ။

* လေမှာကျက်စား၊ သတ္တဝါများ ကျန်းမာချမ်းသာ ဘေးကင်းကွာ၍ ကြည်သာရွှင်လန်းကြပါစေ။

* ရေမှာကျက်စား၊ သတ္တဝါများ၊ ကျန်းမာချမ်းသာ ဘေးကင်းကွာ၍ ကြည်သာရွှင်လန်းကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

* အခြေရှိရာများသတ္တာ၊ အခြေမရှိရာများသတ္တာ ကျန်းမာချမ်းသာဘေးကင်းကွာ၍ ကြည်သာရွှင်လန်းကြပါစေ။

* အဆိပ်ရှိရာများသတ္တာ အဆိပ်မရှိရာများသတ္တာ ကျန်းမာချမ်းသာဘေးကင်းကွာ၍ ကြည်သာရွှင်လန်းကြပါစေ။

* ဆင်းရဲချမ်းသာ သတ္တဝါ ကျန်းမာချမ်းသာ ဘေးကင်းကွာ၍ ကြည်သာရွှင်လန်းကြပါစေ။

* ကြောက်တတ် မကြောက်တတ် နှစ်ရပ်သတ္တဝါ ကျန်းမာချမ်းသာဘေးကင်းကွာ၍ ကြည်သာရွှင်လန်းကြပါစေ။

* ရိုင်းသောသတ္တဝါ၊ ယဉ်သောသတ္တဝါ ဤနှစ်ဖြာ ကျန်းမာချမ်းသာ ဘေးကင်းကွာ၍ ကြည်သာရွှင်လန်းကြပါစေ။

* အသီးစားသတ္တဝါ၊ အရွက်စားသတ္တဝါ၊ အမြစ်စားသတ္တဝါများ ကျန်းမာချမ်းသာ ဘေးကင်းကွာ၍ ကြည်သာရွှင်လန်းကြပါစေ။

* သားစားသတ္တဝါ ကျန်းမာချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

* ဒေါသရှိသောသတ္တဝါ ကျန်းမာချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

* လောဘရှိသောသတ္တဝါ ကျန်းမာချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

* မောဟရှိသောသတ္တဝါ ကျန်းမာချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

* ကြီး၊ ငယ်၊ ရှယ်၊ လတ် သတ္တဝါ ကျန်းမာချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

* ခန္ဓာကိုယ်တွင်း မှီကပ်စားသောက်ကြသောသတ္တဝါများ ကျန်းမာ ချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

သုမနသည် သတ္တဝါများ ငြိမ်းအေးချမ်းသာကြစေရန် မေတ္တာပို့၏။

မေတ္တာပို့ခြင်းမှာ အားလုံးထပ်တူထပ်မျှဖြစ်ရန်လို၏။

သုမနမှာ ကိုယ့်သူငယ်အပေါ် မေတ္တာပို့လွန်နေသည်။

မေတ္တာဟူသည် ချစ်သူ၊ ခင်သူ၊ မုန်းသူ၊ ရန်သူမဟူ တန်းတူထား၍ မေတ္တာ ပွားနိုင်ရပေမည်။

သို့မှသာ စစ်မှန်သောမေတ္တာဖြစ်ပေမည်။

တူရာအစုဖွဲ့၍ သတ္တဝါတို့အား မေတ္တာဆက်ပို့လေ၏။

* ကုန်းမှာကိုးကုဋေ၊ ရေမှာဆယ်ကုဋေကုန်သော သတ္တဝါများ ကျန်းမာ ချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

* ၃၁ ဘုံမှာ ကျင်လည်ကြကုန်သော သတ္တဝါအပေါင်း ကျန်းမာ ချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

* သတ္တလောကကြီး တစ်ခုလုံး ကျန်းမာ ချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

* စကြဝဠာအနန္တမှာ ရှိကြကုန်သော သတ္တဝါများ ကျန်းမာ ချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

၊ သတ္တဝါမှန်သမျှ သိမ်းကျုံးဆွဲ၍ မေတ္တာကို လွှမ်းခြုံလိုက်၏။

* အရပ်ဆယ်မျက်နှာမှာ များသတ္တာ ကျန်းမာချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

* အရပ်ရှစ်မျက်နှာမှာ များသတ္တာ ကျန်းမာချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

* အရပ်လေးမျက်နှာမှာ များသတ္တာ ကျန်းမာချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

* ဤစကြဝဠာအတွင်းမှာ များသတ္တာ ကျန်းမာချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

* ဤကမ္ဘာတွင်းမှာ များသတ္တာ ကျန်းမာချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

* မြန်မာနိုင်ငံတွင်းမှာ များသတ္တာ ကျန်းမာချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

* တောတောင်တွင်းမှာ များသတ္တာ ကျန်းမာချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။



www.burmeseclassic.com

www.burmeseclassic.com

သုမန၏ မေတ္တာပို့မှုက အသေးစိတ်ကျသည်။ လစ်ဟာမှုမရှိ။

သူ၏မေတ္တာကို ဦးစွာအကျယ်ဖြန့်ပို့သည်။

နောက်ပိုင်း သူပို့လိုသော အမိကနေရာဆီသို့ရောက်အောင် မေတ္တာကိုနယ်ပယ်ကျဉ်း၍ ပို့လာ၏။

သုမန၏ နှလုံးသားတို့မှာ နောက်ကျိမှုမဲ့ပြီ။ ကြည်လင်နေပြီ။

မနောအိမ်သည်လည်း တည်ကြည်ငြိမ်သက်နေပြီ။

* ဤဂစ္ဆကီရိတောင်မှာ များသတ္တာကျန်းမာချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

* ဤဂစ္ဆကီရိတောင်၏ ရေလေမြေအသီးသီးမှာ များသတ္တာ ကျန်းမာချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

* ကျွန်ုပ်သီတင်းသုံးရာ နယ်မြေရှိများသတ္တာ ကျန်းမာချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

မေတ္တာပေးပို့ခြင်းမှာ သူ၏နယ်မြေအတွင်းသို့ ရောက်ရှိလာလေပြီ။

သုမန၏ နယ်မြေ

သုမန၏ နယ်မြေကား မေတ္တာနယ်မြေသာဖြစ်ရမည်။

သတ္တဝါအပေါင်းတို့ကို နည်းလမ်းစုံစွာ လစ်ဟာမှုမရှိအောင် မေတ္တာပွားပို့ပြီးနောက် သူ၏နယ်မြေ အဝန်းအဝိုင်းအတွင်းရှိ သတ္တဝါတို့ထံ စူးနစ်သောမေတ္တာဓါတ်ကို ပို့လွှတ်နေပြီ။

* ကျွန်ုပ်သီတင်းသုံးရာ နယ်မြေရှိများသတ္တာ ကျန်းမာချမ်းသာ ဘေးကင်းကွာ၍ ကြည်သာရွှင်လန်းကြပါစေ။

* ကျွန်ုပ်သီတင်းသုံးရာ နယ်မြေရှိများသတ္တာ ကျန်းမာချမ်းသာ ဘေးကင်းကွာ၍ ကြည်သာရွှင်လန်းကြပါစေ။

သုမနသည် သူ၏နယ်မြေတွင်းမှာ အကြိမ်ကြိမ် အထပ်ထပ်မေတ္တာပို့၏။

သုမနသည် သူ၏နယ်မြေအား မေတ္တာနယ်မြေအဖြစ် ထပ်ထပ်တည်ဆောက်၏။ နိုင်မာသထက်နိုင်မာလာပြီဟုထင်၏။ ထို့နောက် အမိကကျသော တောခွေးနှင့် ဂျီသူငယ်တို့ကို မေတ္တာပေးပို့ရန်အတွက် အာရုံကို အထူးစိုက်လိုက်၏။

တောခွေးတို့သည်လည်းကောင်း၊ ဂျီသတ္တဝါအပေါင်းတို့သည်လည်းကောင်း ကျန်းမာချမ်းသာ ဘေးကင်းကွာ ကြည်သာရွှင်လန်းကြပါစေ။

သုမန၏ မေတ္တာပို့မှုအစီအစဉ်ပြီးဆုံးပါတော့မည်။

မိမာတာစမ်းမှာ မြင်တွေ့ခဲ့ရသော တောခွေးအုပ်သည် စက္ခုအာရုံမှာ လှုပ်ရှားပြေးလွှားနေကြ၏။

တောခွေးတို့သည်လည်းကောင်း ဂျီသတ္တဝါတို့သည်လည်းကောင်း တစ်ဦးအပေါ်တစ်ဦး ခိုက်ရန်မရှိကြသည်ဖြစ်ကြပါစေ။

ဤစကားစုကိုမူ မနောတွင်းမှ ရွတ်ပွားရုံသာမက နှုတ်ခမ်းတို့ကိုပင် လှုပ်ရှ၍တိုးသက်သော အသံထွက်မိသည်အထိရွတ်၏။ အကြိမ်ပေါင်းရာထောင်မက မည်မျှရှိသည်ပင်မသိတော့။

အာရုံတို့က ယင်းရွတ်ပွားမှုအပေါ်မှာ သိပ်သိပ်သည်းသည်းရှိနေသည်။

ဝန်းကျင်တစ်ခုသို့ စိတ်ပျံ့လွင့်မှုမရှိ။

မေတ္တာပွားပို့မှု တစ်ခုတည်းမှာ အာရုံကနစ်နေသည်။

တောခွေးတို့သည်လည်းကောင်း၊ ဂျီသတ္တဝါအပေါင်းတို့သည်လည်းကောင်း အချင်းချင်းညှဉ်းဆဲခြင်း၊ နှိပ်စက်ခြင်းကင်းကြပါစေ။

တောခွေးတို့သည်လည်းကောင်း၊ ဂျီသတ္တဝါအပေါင်းတို့သည်လည်းကောင်း အချင်းချင်း သင့်မြတ်ကြပါစေ။ အချင်းချင်း မိတ်ဆွေကဲ့သို့လည်းကောင်း၊ ညီအစ်ကိုရင်းချာကဲ့သို့လည်းကောင်း အမိနှင့်သားသူငယ်ကဲ့သို့လည်းကောင်း ချစ်ခင်မှုရှိကြပါစေ။

သုမနသည် မျက်စိကို ဖွင့်လိုက်၏။

တောခွေးများနှင့် ဂျီသူငယ်တို့ ချစ်ခင်စွာ ပြေးလွှားနေသည်ကိုမြင်ရ၏။

မေတ္တာနယ်မြေကို သူ သတ်မှတ်ပိုင်းခြားနိုင်ခဲ့ပြီ။

ရှေ့လဆက်ရန်

ဘုန်းပွင့်တေဇာ




www.burmeseclassic.com

www.burmeseclassic.com

# အရိမဒ္ဒနပူရ နှင့် သရပါ

မောင်မိုးဦး



နံနက် မြဝတီရုပ်သံ အစီအစဉ်စသည်နှင့် ကျက်သရေရှိစွာ ထုတ်လွှင့်ပြသသော အစီအစဉ်မှာ ဘုရားစေတီပုထိုးများအကြောင်းပင် ဖြစ်သည်။ ခရီးစဉ်အစအဆုံး သွားရောက်ပြီး ဘုရားစေတီပုထိုးများ၏ သမိုင်းနှင့် ရေမြေတောတောင်သဘာဝအလှအပများကို ပြောပြ ရိုက်ကူးပြသခြင်း ဖြစ်သည်။ ထိုအခါ မိမိမရောက်ဖူးသည့် ဘုရားဖြစ်ပါက သွားရောက်ဖူးမြော်ချင်စိတ် ဖြစ်မိ၏။ ထို့အတူ ရောက်ဖူးသော ဘုရားစေတီပုထိုးများကို ပြန်လည်ဖူးမြော်ရလျှင် ထ...ချင်သည်။ ရောက်ခဲ့ဖူးသော နေရာများကို လွမ်း...စိတ်ကူးရလျှင်လည်း ပြန်ရေးဖြစ်သည်။

လွန်ခဲ့သည့် သုံးလေးရက်က ခင်မင်ရသော ...ဆရာမ မနွေ့(ကွန်ပျူတာဂျာနယ်)ထံမှ မြန်မာပြည်ရှိ...ကြီးဘုရားများကို ရိုက်ကူးထားသော VCD တစ်ချပ်...ထိုအခွေထံမှ ဘုရားပေါင်းစုံကို ဖူးရသည်။ ရင်တွေပြီး...



www.burmeseclassic.com

www.burmeseclassic.com

မကွေးကျောင်းတော်ရာ၊ အင်းလေး ရွှေမဥ္စူ၊ တောင်ကြီး မော်လမြိုင်၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်နှင့် ပုဂံရှိ ဘုရားစေတီများ ပါဝင်သည်။ ထိုအခါ ပုဂံကလွဲပြီး တခြား ပြည်နယ်တိုင်းများရှိ ဘုရားများကို မရောက်ဖူးသော ကျွန် တော်က ရောက်ဖူးချင်သော်လည်း အခြေအနေရ မသွား ရောက်နိုင်သောအခါ မိမိရောက်ခဲ့ဖူးသော နေရာဒေသနှင့် ဘုရားစေတီပုထိုးများကို ပြန်လည်အမှတ်ရနေမိသည်။

ထိုအခါ အနော်ရထာမင်း သန်းခေါင်စာရင်းရှိရာအရပ် ကို သတိရသည်။ "ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ"ဆို သည့် ဆိုင်းဘုတ်ကို အမှတ်ရမိသည်။ "သရိုတံခါး"ကိုဖြတ် ပြီး ပုဂံမြို့ထဲသို့ ဝင်ရောက်စဉ်က ခံစားမှုကို ပြန်လွမ်းသည်။ ဘုရားစေတီပုထိုးများကို ပြန်လည်ဖူးမြော်ချင်သည်။ ထို့အတူ အကြိမ်ကြိမ် ဖြတ်သန်းသွားခဲ့ရသော သရပါတံခါးအကြောင်း ကို ဝါကျဖွဲ့ချင်သည်။ ထို့ကြောင့် သရပါတံခါးနှင့် ပတ်သက် သော မှတ်ဉာဏ်တချို့ကို ပြန်တွေးကြည့်နေမိသည်။

◆ ◆ ◆

*တရားငယ်မှန်*
*ရှင်မြတ်ကာယ် ထေရ်အရဟံနဲ့*
*ပြည်ပုဂံ နော်ရထာဘုန်းငဲ့ပြင်*
*ပြည့်လုံးညီညာတော့ . . .*
*ဤကမ္ဘာမှာ ပြည်မြန်မာရယ်လို့ ဝင်းခဲ့သတဲ့*
*သည်မင်း သည်ပြင်ထောင်ဖြင့်*
*မလေးမောင်ချစ်မငြိုးနိုင်ဘု*
*ရွှေစည်းခုံခြေတော်ရင်းဆီက*
*ခေတ်ဟောင်းစံ ပုဂံသီချင်းကိုဖြင့်*
*ညွှင်းဆိုခဲ့ကြောင်း . . .။*

*(ဇော်ဂျီ)*

ပုဂံခေတ်သည် မင်းဆက်ပေါင်း ၅၅ ဆက် အုပ်စိုးခဲ့ နိုင်ငံသက်တမ်းမှာ နှစ်ပေါင်း ၁၂၆၁ နှစ် ရှည်ကြာခဲ့ပေ သည်။ တရုတ်ပြည်အနောက်မြောက်၊ တိဘက်ပြည် အရှေ့ တ်ဒေသသည် ချီအင်တို့ နေထိုင်ရာ ဒေသဖြစ်၏။ တို့သည် ဘီစီ ၂၀၀၀ ခန့် ကျန်စုနယ်၊ ထောင်မြစ်ဝှမ်း တွင် နေထိုင်သူများ ဖြစ်ကြသည်။ တရုတ်တို့က မကြာ ခဏ လာရောက်တိုက်ခိုက်ကြသည်။ ကျွန်အဖြစ် ခိုင်းစေရန်၊ ယဇ်ပူဇော်ရန် ဖမ်းကြသည်။ ကြာသော် ချီအင်တို့သည် တောင်ဘက်အရပ်သို့ တိမ်းရှောင်လာကြလေသည်။

သူတို့သည် ဧရာဝတီမြောက်ဘက်ဖျားနှင့် အရှေ့ဘက် မဲခေါင်မြစ်တိုင်အောင် ရောက်လာကြသည်။ ရှေးဦးပိုင်း ထွက်လာသူတို့သည် မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်ဒေသ များသို့ (၈)ရာစုမတိုင်မီ ရောက်လာကြ၏။ နောက်ပိုင်းမှ ထွက်လာသူတို့သည်ကား ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ယူနန် နယ်တို့တွင် ကျန်ရစ်ကြသည်။ ထိုကျန်သောလူများကို မင်စောဟု တရုတ်တို့က ခေါ်ဝေါ်ကြသည်။

မင်စောတို့သည် ယူနန်နယ်တစ်ဝိုက်တွင် မြင်းမွေးခြင်း အလုပ်ကို အဓိကထားလုပ်သည်။ အေဒီ ၇၁၃ ခုနှစ် နောက်ပိုင်းတွင် နန်စောတို့ ဩဇာကြီးမားလာသောအခါ မင်စောတို့ကို လက်အောက်ခံအဖြစ် လွှမ်းမိုးအုပ်ချုပ်ခဲ့သည်။ ထို့ကြောင့် နန်စောတို့လက်အောက်မှ ရုန်းထွက်ကာ ကျောက် ဆည်သို့ ရောက်ပြီး အခြေချနေထိုင်ခဲ့ကြလေသည်။ ထို့နောက် မင်စော(ရှေးမြန်မာကြီးများ)တို့သည် ဇော်ဂျီ၊ ပန်းလောင်မြစ် ရေ အားကိုးဖြင့် စိုက်ပျိုးလုပ်ကိုင်နေထိုင်ကြသည်။ ထိုမှ မင်းဘူးနယ်ဘက်ကို တိုးချဲ့ခဲ့ကြလေသည်။

ပုဂံမင်းနေပြည်တော် တည်သောနေရာမှာ ကျောက် ဆည်မှ မိုင် ၁၀၀ ဝေးပြီး မင်းဘူးမှ မိုင် ၈၀ ဝေးသည်။ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း၌ တည်ထားသည်။ ပုဂံ စတင်စဉ်က ရွာ ၁၉ ရွာကို စုပေါင်းတည်ထားရုံမျှသာ ရှိသည်။ သို့သော် ကာလတစ်ခုတွင် အင်အားကြီးသော ပထမမြန်မာနိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာခဲ့လေသည်။

ပုဂံရောက် မြန်မာတို့အစ မင်စောတို့သည် စစ်သုံးမြင်း၊ စီးမြင်း၊ လယ်ယာသုံးမြင်း စသည့်မြင်းများကို မွေးမြူကြသည့် ပြင် မြင်းစီးကျွမ်းကြသည်။ ဖိနှိပ်ခံဘဝမှ ရုန်းကန်ခဲ့ရသူပီပီ လူကြမ်းကြီးများ ဖြစ်နေသည်။ သို့သော် ရှင်အရဟံ၏ ဗုဒ္ဓ သာသနာ အဆုံးအမနှင့် တွေ့သောအခါ သိမ်မွေ့သော လူယဉ်ကျေးများ ဖြစ်လာကြသည်။ စိတ်နှလုံးလည်း နူးညံ့ လာကြသည်။ အနော်ရထာမင်း စိုးစံခဲ့သော ပုဂံမြို့တော်ကို ပျဉ်ပြားမင်းက တည်ဆောက်ခဲ့သည်။ ရေဝတီမြစ် အနောက်



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာပြုပြီး အုတ်တံတိုင်း မြို့ရိုးသုံးဘက် ကာထားသည်။ ကျုံးလည်း သုံးထပ်ပတ်ရံထားသည်။ မြို့တော်၏ အကျယ် အဝန်းမှာ စတုရန်း ၁၆ မိုင်ခန့်ရှိသည်။

ပုဂံမြို့၏ အမည်များမှာ ပေါက္ကံရာမ၊ အရိမဒ္ဒနပူရ၊ ပုဏ္ဏကာမ၊ ပုဏ္ဏဂါမ၊ ပြုဂါမ၊ တမ္ဗဝတီ၊ သီရိပစ္စယာ၊ သမ္မုဏ္ဏဂါမ၊ ပဏ္ဍုပလာသ၊ နဂဂုတ္တမ၊ အရမပူရ၊ သမာဓိ နဂရ၊ ကမ္ဗဒေသ၊ ဝေလုကာရာမ၊ ပုဂံ စသည်ဖြင့် မြို့ အမည် ၁၅ ခု ပေါ်ပေါက်ခဲ့လေသည်။

◆ ◆ ◆

ကျွန်တော် ပုဂံသို့ နောက်ဆုံးရောက်သည့်အခေါက်မှာ သရပါတံခါးကို လှမ်းမြင်ရသော အာနန္ဒာဘုရားဘေးရှိ ဘုန်းတော်ကြီးကျောင်းတွင် ကျွန်တော်တို့ နှစ်ညအိပ် တည်းခို ခဲ့ကြသည်။ ထိုဘုန်းတော်ကြီးကျောင်းသည် သရပါတံခါးနှင့် မျက်စောင်းထိုးဖြစ်သဖြင့် ဘုန်းကြီးကျောင်းရှေ့ထွက်သည်နှင့် သရပါတံခါးကို လှမ်းမြင်ရသည်။ ထို့အတူ သရပါတံခါးမှ ပုဂံသူ၊ ပုဂံသားတွေ ဝင်ရောက်သွားလာခဲ့သည်ကို စိတ်ကူး နှင့် မှန်းကြည့်မိသည်။ ထို့ပြင် ဗူးဘုရားနှင့်လည်း နီးသဖြင့် နေဝင်ချိန်မှ မိုးချုပ်သည်အထိ ဗူးဘုရားသို့ ရောက်ရောက်နေ တတ်သည်။ သရပါတံခါးရှေ့မှာ အတူပါသွားသော ဆရာမ နှစ်ယောက်ကို ဓာတ်ပုံရိုက်ပေးဖြစ်သည်။ ကိုယ်တိုင်တော့ အရိုက်မခံခဲ့ပေ။

သမိုင်းအချက်အလက်များအရ ပုဂံတွင် တံခါး ၁၂ ခုရှိကြောင်း မှတ်သားဖူးသည်။

(၁) သာရဝဏ၊ (၂) သာရပါ (သရပါ-သဗ္ဗရန်ကာ)၊ (၃) သာရပေ (အရှေ့ဘက်တွင်ရှိသည်)၊ (၄) သာတန်း၊ (၅) ငါးမြီးခက်၊ (၆) ညောင်ဖြူ (မြောက်ဘက်တွင်ရှိသည်)၊ (၇) သာစည်၊ (၈) မင်္ဂလာတဲဆိပ်၊ (၉) မကြည်သာ (အနောက်ဘက်တွင် ရှိသည်)၊ (၁၀) ဝင်မနား၊ (၁၁) မတောင်းတ၊ (၁၂) ကလေ (တောင်ဘက်တွင်ရှိသည်)

ပုဂံတွင် တံခါး ၁၂ ပေါက် ရှိသကဲ့သို့ နတ် ၁၂ ပါး စောင့်သည်ဟုလည်း "ရာဇဝံသဇာတိနီကျမ်း"၌ ဖော်ပြ ထား၏။

သာရဝဏ်တွင် ဘက်သန်းပင်နတ်၊ သရပါတွင် နတ် မောင်နှမ၊ သာရပေ - ရွှေပေသင်နတ်၊ သာတန်း - ဗမ္မုဘန် ဆောင်နတ်၊ ငါးမြီးခက် - ကုဝေရနတ်၊ ညောင်ဖြူ - ဗမ္မ သပြေနတ်၊ သာစည် - ဗမ္မုတမ္ပတ်နတ်၊ မင်္ဂလာတဲဆိပ် - ဝိရူပက္ခနတ်၊ မကြည်သာ - မြင်းဖြူရှင်နတ်၊ ဝင်မနား - ငန္ဒုသင်နတ်၊ မတောင်းတ - ဝိရူပက္ခနတ်၊ ကလေ - ဒိဲဆွဲ သင်နတ်တို့ ဖြစ်သည်။

မင်းဆက် ၃၉ ဆက်မြောက်ဖြစ်သော "ပျဉ်ပြားခင်" သည် ၈၄၉ ခုနှစ်တွင် ကျုံးမြို့ရိုး အပြည့်အစုံဖြင့် ပုဂံမြို့ ကို စတုဂ္ဂအကြိမ် တည်ခဲ့သည်ဟု ရေးစာပေဟောင်းများ တွင် တွေ့ရသည်။ သို့ရာတွင် ဧရာဝတီမြစ်၏ တိုက်စား ကြောင့် အနောက်မျက်နှာမြို့ရိုး၊ မြောက်မျက်နှာမြို့ရိုး၏ အနောက်ဘက်ပိုင်းမှာ တစ်စိတ်တစ်ပိုင်း မရှိတော့ပေ၊ ပုဂံ မြို့ တည်စက တံခါးပေါက် ၁၂ ခု ရှိခဲ့သော်လည်း ယခုအခါ အရှေ့ဘက်တံခါးပေါက်ဖြစ်သော သရပါတံခါးသာ သမိုင်းဝင် ထင်ရှားစွာ ကျန်ရစ်ခဲ့၏။

သရပါဆိုသည်မှာ သရပါကာရဆိုသော ပါဠိစကား ဆင်းသက်လာသည်။ မြားကို ဆီးကာထားသော တံခါး အဓိပ္ပာယ်ရသည်။ ထိုသရပါတံခါးသည် ဟောင်းနွမ်းယိုယွင်း နေသော်လည်း အပြင်နံရံ အထက်ပိုင်းပတ်လည်တွင် ဘီလူး ပန်းဆွဲနှင့် ပုလဲကုံး အင်္ဂတေလက်ရာများကို မြင်နိုင်သေး သည်။ တံခါးတစ်ဖက်တစ်ချက်တွင် မဟာဂီရိ(တောင်ကြီး ရှင်)နတ်မောင်နှမ နတ်ကွန်းရှိသည်။ လက်ဝဲဘက်တွင် မောင်တော်နတ်ရုပ်ရှိပြီး လက်ယာဘက်တွင် နှမတော်နတ် ရုပ်ရှိသည်။

ရှေးပုဂံမင်းများသည် အမတ်ဗိုလ်ပါများနှင့်အတူ နှစ်စဉ် နတ်တော်လတွင် ပုပ္ပါးတောင်၌ နတ်မောင်နှမ နတ်ကွန်း ဆောက်လုပ်ပူဇော်လေ့ရှိသည်ဟု ဆိုကြသည်။ သို့ဖြင့် သရပါတံခါးကို ကာကွယ်စောင့်ရှောက်သူတို့မှာ မဟာဂီရိ နတ်မောင်နှမပင် ဖြစ်သည်။

ယခုအခါ ဖော်ပြထားသည့်အတိုင်း ပုဂံ၏အရှေ့ဘက် တွင်ရှိသော သရပါတံခါးတစ်ခုသာ ထင်ထင်ရှားရှား ကျန်ရစ် ခဲ့လေသည်။

---

မောင်မိုး



www.burmeseclassic.com

www.burmeseclassic.com

# မပယ်အပ်သော
# ရှေးရိုးထုံးတမ်းစဉ်လာများ

ဆရာမင်းသုန္ဒြ(မန်းတက္ကသိုလ်)

မြန်မာ့ရိုးရာစကားတွင် "ရှေးထုံးကိုမပယ်နှင့်"ဟူသော စကားအဆိုအမိန့် ရှိသည်။ ရိုးရာအယူအဆအရ ဤနေ့ ဤရက်တွင် ဤအကြောင်းအရာ လုပ်သင့်သည်ဟူသော ထုံးတမ်းအစဉ်အလာများ ဖြစ်သည်။ အချို့သောအရာများသည် ထိုစနစ်တကျ လူအများသိကြကုန်သည်ရှိသလို အချို့ကား အလေးမထားသင့်သည့် အသေးအမွှားကိစ္စဟူသော မေ့မေ့လျော့လျော့ ရှိကြကုန်သည်။ ဆန်ဝယ်၊ ဆားဝယ်၊ ကြက်သွန်ဝယ်၊ ခရီးသွား၊ ငွေချေး၊ အထည်ချုပ်၊ အဝတ်ဖာထေး၊ လက်သည်းလှီး စသော အသေးအမွှားကိစ္စများကို မည်သည့်နေ့တွင် လုပ်သင့်သည်၊ မလုပ်သင့်သည်ကို ရိုးရာအယူအဆအရ သတ်မှတ်ထားသည်ကို ဖော်ပြလိုပါသည်။ မည်သူမဆို နေ့အလိုက် လုပ်သင့်၊ မလုပ်သင့်အရာများကို တင်ပြလိုက်ရပါသည်။

**တနင်္ဂနွေနေ့မှာ** ခေါင်းရိတ်ခြင်း၊ ဆံပင်ညှပ်ခြင်း ပြုလုပ်နိုင်သည်၊ ခေါင်းလျှော်ရန် ကောင်းသော်လည်း ဦးခေါင်းဆံပင်တွင် ဆီမလူးသင့်။ လက်သည်း၊ ခြေသည်း လှီးရန်နှင့် ရေစတင်ချိုးရန် ရက်ကောင်းဖြစ်သည်။ စပါး၊ ဆန် နှမ်း အစရှိသော ဝမ်းစာအတွက် စားသုံးမှုပြုလုပ်ရန် အသုံးပြုသင့်သော်လည်း ကုန်ရောင်းရန်၊ စီးပွားလုပ်ရန်နှင့် ဆက်သက်၍ မဝယ်သင့်။

တစ်ပါးသူ ပြောသော ကတိစကား၊ သတင်းအချက်အလက်များ IT (အိုင်၊ တီ) နည်းပညာများမှရသည်ဖြစ်စေ၊ ယုံကြည်နိုင်သည့်လုပ်ငန်း၊ အရောင်းအဝယ်ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် တစ်စုံတစ်ရာရှိပါက ငါးပိဖုတ်နှင့် ထမင်းစားသွားပါ။ အောင်မြင်ပါလိမ့်မည်။

**တနင်္လာနေ့မှာ** ခေါင်းရိတ်၊ ဆံကေသာ မဖြတ်ရ၊ မကိုက်အပ်ပါ။ ဦးခေါင်းဆံပင် ဆီလူးနိုင်သည်။ ခေါင်းလျှော်ခြင်းမပြုရ။ ကြာမြင့်စွာ ရေမချိုးရ။ ထစ်ပါးသူစကားကို မယုံအပ်ပါ။ ပြောစကား၊ ဆိုစကားများ မမှန်တတ်ပါ။ ငွေမချေးရ။ ကုန်လှောင်ခြင်းမပြုလုပ်သင့်ပါ။ လှောင်ပါက ရှုံးမည်။ ခြေသည်း၊ လက်သည်း မလှီးရ။ အင်္ကျီအဝတ်အစား လိုက်ကာ၊ ယင်းလိပ်၊ အထည်ချုပ်၍ ရသော်လည်း ပုဆိုး၊ ဘောင်းဘီမချုပ်ရ။ တနင်္လာနေ့မှာ အရောင်းအဝယ်ကိစ္စများ ပြုလိုပါက ရေချိုးပြီးနောက် ဆားကို လျှာနှင့် အနည်းငယ် စတိလျက်ပြီး စား၍ အိမ်မှထွက်ခွာမှုပြုလျှင် အလိုဆန္ဒများ အောင်မြင်ပါလိမ့်မည်။

**အင်္ဂါနေ့မှာ** ဆံပင်၊ ခေါင်းညှပ် ပြုလုပ်နိုင်ပါသည်။ ခေါင်းလျှော်၊ ရေချိုးလည်း ကောင်းသည်။ ဦးခေါင်းဆံပင်



www.burmeseclassic.com

www.burmeseclassic.com

ဆီလူးခြင်း၊ ခေါင်းလိမ်းဆီ လူးနိုင်သည်။ ခြေသည်း၊ လက်သည်း လှီးနိုင်သည်။ ပြောရေးဆိုရေး ကိစ္စအဝဝ အောင်မြင်မည်။ ထိုအင်္ဂါနေ့မှာ ကြားရသော တစ်ပါးသူစကားကို ယုံသင့်သည်။ အင်္ဂါနေ့မှာ ဆန်၊ ဓား၊ ကတ်ကြေး စသည့် အသုံးအဆောင်ဝယ်ရန် ကောင်းသည်။ ဆေးထိုး၊ ဆေးစား၊ ဆေးဖော်ရကောင်းသောနေ့ ဖြစ်သည်။ ကုန်ဝယ်၊ ကုန်ရောင်းခြင်း မပြုအပ်ပါ။ အရောင်းအဝယ်ကိစ္စအတွက်ဖြစ်စေ၊ ငွေကြေးကိစ္စအတွက်ဖြစ်စေ သွားလာလိုပါက ထန်းလျက်အနည်းငယ်စား၍ အိမ်မှ စတင်ထွက်ခွာသွားပါက အရာရာအောင်နိုင်မည်။ အမြတ်အစွန်းရမည်။

ဗုဒ္ဓဟူးနေ့မှာ ခေါင်းရိတ်၊ ဆံပင်ဖြတ်၊ ဆံပင်ကောက်၊ ဆံပင်ဆေးဆိုးခြင်းများ ပြုလုပ်နိုင်သည်။ ခေါင်းမလျှော်ရ။ ခေါင်းမဆေးရ။ ဦးခေါင်းဆံကေသာ ဆီလူးနိုင်သည်။ ကြာမြင့်စွာ ရေစိမ်ခြင်း၊ ရေကူးခြင်း မသင့်လျော်ပါ။ ခြေသည်း၊ လက်သည်း မလှီးရ။ အင်္ကျီချုပ်ခြင်း ဖာထေးခြင်း၊ ခေါင်းအုံး၊ မွေ့ရာချုပ်ခြင်း ပြုလုပ်နိုင်ပါသည်။ မြေ၊ ယာ၊ လယ် ကိစ္စရပ်များ စာချုပ်ခြင်း၊ စိုက်ပျိုးခြင်း၊ ပေါင်နှံခြင်း ပြုလုပ်နိုင်သည်။ တစ်ဖက်သားထံမှ ပြောစကား၊ ဆိုစကား၊ ကြားစကားရပ်များ မှန်ကန်မည်။ တစ်ပါးသူ ပုဂ္ဂိုလ်များမှ ကတိစကား မယုံသင့်ပါ။ သူတစ်ပါးကို ဆေးမတိုက်ရ။ ကုန်ဝယ်ကုန်လျှောင်ရန် အားလုံးကောင်းသည်။ အရောင်းအဝယ်ကိစ္စ၊ ငွေကြေးကိစ္စရပ်များ အားလုံးဆောင်ရွက်လိုပါက ရှောက်ယိုအနည်းငယ်စားပြီးမှ အိမ်ကထွက်ခွာပါ။ အောင်မြင်မှုများ တိုးတက်မည်။

ကြာသပတေးနေ့မှာ ခေါင်းရိတ်ခြင်း၊ ဆံပင်ညှပ်ခြင်း၊ ဆံပင်ဆေးဆိုးခြင်း၊ ဆံပင်ကောက်ခြင်းများ မပြုအပ်ပါ။ ခေါင်းမလျှော်ရ၊ ဆီမလူးရ၊ စပရေးမဖျန်းရ။ လက်သည်း၊ ခြေသည်း မလှီးရ။ ကိုယ်လက်သန့်စင် ရေချိုးခြင်းကို ဆောင်ရွက်ပါ။ သူတစ်ပါး ကတိစကား မယုံရ။ ကြောင်မွေးခြင်း၊ ကြက်မွေးခြင်း မပြုအပ်ပါ။ ရွှေငွေရတနာပစ္စည်း ဝယ်လျှင် အထူးကောင်းသည်။ ပညာသင်၊ သင်တန်းအပ်နှံခြင်း၊ ကျောင်းအပ်ခြင်း ကောင်းသည်။ ကုန်ပစ္စည်းအမျိုးမျိုး သိုလှောင်ခြင်း ပြုနိုင်သည်။ အဝတ်အစား၊ အထည်အလိပ် ချုပ်လုပ်အပ်နှံခြင်း၊ ပေးအယူပြုခြင်း ပြုနိုင်သည်။ မွေ့ရာ၊ ခေါင်းအုံးစွပ်၊ ခြင်ထောင်၊ လိုက်ကာ၊ အထည်ပေါင်း၊ အထည်သင်းများ ချုပ်လုပ်နိုင်သည်။ ငွေကြေးကိစ္စ၊ အရောင်းအဝယ်ကိစ္စများ ဆောင်ရွက်ရန်ရှိပါက ငှက်ပျောသီးကိုစား၍ အိမ်မှထွက်ခွာပါ။

သောကြာနေ့မှာ ခေါင်းမရိတ်ရ၊ ဆံပင်မဖြတ်ရ၊ ခေါင်းမလျှော်ရ၊ ခြေသည်း၊ လက်သည်း မလှီးရ။ သူတစ်ပါးစကား မယုံစားရ။ ငွေမချေးရ။ ဦးခေါင်းဆံကေသာ ဆီလူးရန်၊ ကျက်သရေနှင့် ပြည့်စုံမည်။ သူတစ်ပါးအား ဆေးတိုက်ခြင်း မပြုရ။ ပုလဲ၊ ကျောက်မျက်ရတနာ ဝယ်ယူနိုင်သည်။ အရေးကြီးသည့်စာများ ပေးပို့ခြင်းပြုနိုင်သည်။ အဝတ်အစား ပေါင်း၊ သစ် အားလုံးဝယ်ဆင်နိုင်သည်။ ဖာထေးချုပ်သုပ်ခြင်း ပြုလုပ်နိုင်သည်။ လှေခရီး၊ ရေလမ်းခရီး ခရီးရှည် စတင်ထွက်ခြင်း မပြုအပ်ပါ။ အရောင်းအဝယ်၊ ငွေကြေးနှင့်သွားဆိုင်ရာကိစ္စများအတွက် သဘော်သီးစား၍ အိမ်မှထွက်ခွာလိုရာဆောင်ရွက်ပါ။

စနေနေ့ ဆံပင်ခေါင်းရိတ် ပြုလုပ်နိုင်သည်။ ခေါင်းမလျှော်၊ ခေါင်းဆေးရန် ကောင်းသည်။ ဦးခေါင်း ဆီလိမ်းပါ။ လက်သည်း လှီးဖြတ်နိုင်သည်။ ချောင်း၊ မြောင်း၊ အင်းအိုင်မှာ ရေမချိုးအပ်ပါ။ ခရီးဝေးမသွားရ။ ငွေမချေးရ။ ကုန်ပစ္စည်းလှောင်ခြင်း မပြုသင့်။ ခွေး၊ ကြောင်၊ ကြက် မွေးနိုင်သည်။ ဤနေ့ ဤရက်တွင် သူတစ်ပါးစကား ယုံသင့်သည်။ မှန်ကန်မှု ရှိပါသည်။ ဈေးရောင်းဝယ်ကိစ္စဖြစ်စေ၊ ငွေကြေးဆိုင်ရာကိစ္စဖြစ်စေ ခံတက်ချဉ်နှင့် ထမင်းစားပြီးမှ အိမ်ကထွက်ခွာဆောင်ရွက်ပါ။ အောင်မြင်မည်။

အထက်ပါတို့ကား မြန်မာမှုနယ်ပယ်မှ ရှေးရိုးစဉ်လာထုံးတမ်းများ ဖြစ်ကြပါသည်။

လိုရာဆန္ဒပြည့်ဝကြပါစေ . . .။

ဆရာမင်းသုန္ဒြ(မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းကံတိုးတက် ဩဇာထက်ရန် သေးသေးတင်ဂါထာတော်

မစိမ်းဇော်(ဝါးခယ်မ)

စာရေးသူသည် ဝါးခယ်မမြို့ အမှတ်(၂) အလယ်တန်းကျောင်း (ဦးဗိုလ်ကြီးကျောင်း)တွင် အလယ်တန်းပြဆရာအဖြစ် အမှုထမ်းပါသည်။ ထိုကျောင်းသည် ကျောင်းအုပ်ကြီးနှင့် လက်ထောက်များ၊ ဝန်ထမ်းများအချင်းချင်း အလွန်ချစ်ခင်ရင်းနှီးကြပါသည်။ အလုပ်လုပ်ကြရာတွင် စိတ်တူကိုယ်တူ ညီညွတ်ကြသဖြင့် အောင်မြင်မှုများပါသည်။ အလယ်တန်းကျောင်းဖြစ်သော်လည်း ကျော်ကြားပါသည်။

အပြောင်းအရွှေ့ ရာထူးတိုးခြင်းကြောင့် ခွဲခွာသွားကြရသော်လည်း ဆရာ၊ ဆရာမအချင်းချင်း အဆက်မပြတ်၊ အခင်အပျက်ကြပါ။ အချိန်ယူ၍ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံတတ်ကြပါသည်။ စာရေးသူလည်း ထိုကျောင်းနှင့် ခွဲခွာသွားရသော်လည်း တစ်နေ့တွင် ကျောင်းမှ အငြိမ်းစားယူထားသော ချစ်မိတ်ဆွေဆရာကြီးဦးထွန်းရင်အိမ်သို့ သွားရောက်တွေ့ဆုံပါသည်။

ဆရာကြီးမှာ စာပေဝါသနာရှင်၊ ဗဟုသုတကြွယ်သူ၊ တရားသမားကြီး ဖြစ်ပါသည်။ စကားပြောကောင်းသူ၊ စိတ်ရှည်သူဖြစ်၍ တပည့်များအလွန်အချစ်ခံရသူ ဖြစ်ပါသည်။ စာရေးသူတို့ ဦးလေးအရွယ်ဖြစ်သော်လည်း ရင်းရင်းနှီးနှီး ဆက်ဆံပါသည်။

အချိန်အတန်ကြာအောင် ဆရာကြီးနှင့် စာရေးသူတို့ အလုပ်အကိုင်အကြောင်း၊ ဘုရား,တရားအကြောင်း၊ သူ့အကြောင်း၊ ကိုယ့်အကြောင်း ပြောကြပါသည်။ ပြန်ရန် ဆရာကြီးအား နှုတ်ဆက်ပါသည်။ ဆရာကြီးက -

"နေဦး၊ ကျောင်းအုပ်ဆိုတော့ သေးသေးတင်ဂါထာပေးဦးမယ်"ဟု ပြောပါသည်။ မှတ်စုမှတ်ရာများ ပေးလေ့ရှိသော ဆရာကြီးအား လေးစားယုံကြည်စွာ "ရေးပေးပါ"ဟု ဆော်စုစာအုပ် ထုတ်ပေးပါသည်။

ဆရာကြီးက စာလုံးများ အထက်အောက် ရှည်ရှည်ဆွဲချရေးထားသော ရေးလက်ရေးဖြင့် "သုဂတံ သုဂတံ သေဌ" အစချီသော ဂါထာတော်ကို ရေးပေးပါသည်။ ရွတ်ဆိုတတ်ရန်လည်း သင်ပေးပါသည်။ တစ်နေ့ ၉ ခေါက်ရွတ်ဟု ဆိုပါသည်။ ဝမ်းသာစွာ ဂါထာတော်ကို သင်ယူခဲ့သော်လည်း ဂါထာပေါ်ပေါက်လာပုံနှင့် အနက်အဓိပ္ပာယ်ကို မမေးခဲ့မိပါ။

ထိုစဉ်က ကျေးရွာတစ်ရွာတွင် အလယ်တန်းကျောင်းအုပ် လုပ်နေသော စာရေးသူကို ကျောင်းကို နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်ရန် သေးသေးတင်ကဲ့သို့ လက်အောက်ငယ်သားများအပေါ် လွှမ်းမိုးနိုင်ရန် စေတနာဖြင့် ပေးသည်ဟုပင် ယုံကြည်စွာ တစ်နေ့ ၉ ခေါက်ရွတ်ပါသည်။ အခြားသူများ တတ်သိစေရန် ဓမ္မဒါနလည်း ပြုပါသည်။

စာရေးသူသည် အလက(၂)ကျောင်း၊ အထက(၂) ကျောင်း၏ ကျောင်းအုပ်ဖြစ်ဖူးပါသည်။ အုပ်ချုပ်ရသော ကျောင်းများသည် လုပ်ရကိုင်ရခက်သော ကျောင်းများဖြစ်ပါသည်။ အမျိုးသားကျောင်းအုပ်များပင် လုပ်ငန်းမအောင်မြင် မှုရှိခဲ့ပါသည်။ စာထုပ်ပစ်တတ်၊ တိုင်စာပို့တတ်သော နာမည်ကြီးကျောင်းများ ဖြစ်ပါသည်။

စာရေးသူလည်း ကြောက်ရွံ့လှသဖြင့် ဘာသာရေးကိုလည်း အထူးကြိုးစား ကျင့်ပွားပါသည်။ ဂါထာတော်ကိုလည်း အထူးသဖြင့် ရွတ်ပါသည်။ အလုပ်လုပ်ရာတွင် လက်ထောက်ဆိုးများနှင့် ရင်ဆိုင်ရသည်။ နှောင့်ယှက်မှုများ ကြုံရသည်။ ရင်တထိတ်ထိတ်နှင့် လုပ်ရသည်။ လူဆိုးများကို ချော့မော့ ဥပေက္ခာပြုထားရပါသည်။

အထူးသဖြင့် ကျောင်းသား/သူများ (၁) ပညာရည်မြင့်မားလာရေး (၂) စည်းကမ်းကောင်းမွန်ရေး (၃) စာရိတ္တ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမွန်ရေး၊ (၄) ပွဲပြီးရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်း၏ကောင်းကျိုးလိုလား စေတနာရှိသူများနှင့် စုစည်းဆောင်ရွက်သဖြင့် အခက်အခဲကြားမှ အောင်မြင်ပါသည်။

ဦးဆောင်သူအနေနှင့် တစ်ခေါင်းတည်းသာ လုပ်ကိုင်ရသော်လည်း (၁) အတွေးအကြံကောင်းသူများ ရရှိခြင်း၊ (၂) အမှုထမ်းအများစု၏ လေးစားမှုခံယူရရှိခြင်း၊ (၃) အခက်အခဲမည်မျှပင် တွေ့ကြုံရင်ဆိုင်ရသော်လည်း ကူညီသူများပေါ်ပေါက်၍ အခက်အခဲများ လွယ်ကူအောင် မြင်ရသည်ချည်း ဖြစ်ပါသည်။

ပင်စင်ယူခဲ့ရသော ကျောင်းမှာ ကျောင်းသားများ၊ ဝန်ထမ်းများ များလှပါသည်။ အလုပ်လည်းများပါသည်။ အလွန်ကြိုးစားရပါသည်။ နောက်ဆုံး အောင်မြင်မှုရသည်ချည်း ဖြစ်ပါသည်။

ထိုကျောင်းမှ ဆရာ၊ ဆရာမနှင့် ဝန်ထမ်းအချို့က "အရင်လူတွေ မနိုင်တဲ့လူတွေကို တီချယ်ကြီးက နိုင်တယ်။ ကျောင်းကိုလည်း တိုးတက်အောင် လုပ်နိုင်တယ်။ တီချယ်ကြီးက ဘုရားတရား ကြည်ညိုတာကိုး" လို့ ချီးကျူးခံရ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။ တိုင်တတ်သော ကျောင်းများ၏ တိုင်စာ၊ ပစ်စာဘေးမှ ကွင်းလုံးကျွတ်လွတ်ခဲ့ရပါသည်။

ဆရာကြီး ဦးထွန်းရင်၏ ဂါထာတန်ခိုးဖြစ်သည်ဟု လေးနက်စွာ ယုံကြည်ပါသည်။

ဂါထာရွတ်ရာတွင် အနက်အဓိပ္ပာယ်နှင့် ဆင်းသက်လာပုံ၊ ပေါ်ပေါက်လာပုံလည်း လေ့လာခဲ့ပါသည်။

မွှာစရိယဦးပဥ္စင်းတစ်ပါးထံမှ ထိုဂါထာတော်သည် ဣန္ဒာသယင်းစောင်တွဲ၊ စာမျက်နှာ(၄၈-၅၆) နမက္ကာရဘုရားရှိခိုးမှ ဖြစ်သည်။ အနက်အဓိပ္ပာယ်မှာလည်း ဖော်ပြထားသည့်အတိုင်း ဖြစ်သည်ဟု မိန့်ကြား၍ သိရှိရပါသည်။

### ဒေါးဒေါးတင်ဂါထာတော်

**ပါဠိ**

သုဂတံ သုဂတံ သေဋ္ဌံ၊
ကုသလံ ကုသလံ ဇဟံ။
အမတံ အမတံ သန္တံ၊
အသမံ အသမံ ဒဒံ။
သရဏံ သရဏံ လောကံ၊
အရဏံ အရဏံ ကရံ။
အဘယံ အဘယံ ဌာနံ၊
နာယကံ နာယကံ နမေ။ ။

**အနက်**

သုဂတံ - ကောင်းသောစကားကိုလည်း ဆိုတော်မူတတ်ထသော၊ သုဂတံ - ကောင်းသောနိဗ္ဗာန်သို့လည်း ကြွသွားတော်မူတတ်ထသော၊ သေဋ္ဌံ - အထူးသဖြင့် ချီးမွမ်းအပ်မြတ်တော်မူထသော၊ ကုသလံ ကုသလံ - ကုသိုလ်၊ အကုသိုလ်ကို၊ ဇဟံ - စွန့်တော်မူပြီးထသော၊ အမတံ - သေခြင်းလည်းကင်းတော်မူထသော၊ အမတံ - အမြိုက်အရသာနှင့်လည်းပြည့်စုံတော်မူပြီးထသော၊ သန္တံ - ငြိမ်သက်စွာထသော၊ အသမံ - (အတု)မရှိသော၊ အသမံ - အတုမရှိသော၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုဒဒံ-ပေးတော်မူတတ်ထသော၊ သရဏံ - ကိုးကွယ်ရာလည်းဖြစ်တော်မူတတ်ထသော၊ လောကံ-လောကကို၊ သရဏံ - သိတော်မူထသော၊ အရဏံ - ကိလေသာတည်းဟူသောမြူလည်းကင်းထသော၊ အရဏံ - ကိလေသာမြူကင်းခြင်းကိုကရံ-ပြုတော်မူတတ်ထသော၊ အဘယံ - ဘေးလည်းမရှိသောသော၊ အဘယံ - ဘေးမရှိသော၊ ဌာနံ - နိဗ္ဗာန်အရပ်သို့နာယကံ - ပို့ဆောင်တော်မူတတ်ထသော၊ နာယကံ - လူသုံးဦးတို့၏ အမှူးဖြစ်တော်မူသော၊ မြတ်စွာဘုရားကို၊ အဟံ - အကျွန်ုပ်သည်၊ နမေ - နမာမိ - ရှိခိုးပါ၏။

တစ်နေ့ ၉ ခေါက်၊ အရေးကြီးကြုံက သက်စေ့ရွတ်နေ။

ထိုဂါထာတော်ကို အာစိဏ္ဏကံ ရွတ်ဆို၍ နာယကဂုဏ်ခြောက်ပါးနှင့် ပြည့်စုံသော အုပ်ချုပ်သူသည် ဒေါးဒေါးတင်နိုင်မှာ မလွဲကေန်သာ ဖြစ်ပါသည်။ အခြားကောင်းကျိုးချမ်းသာလည်း ရရှိနိုင်မည် ဖြစ်ပါသည်။

*(ဂါထာသင်ပေးသူ ဆရာကြီးဦးထွန်းရင် (ကွယ်လွန်) အား ဓမ္မဒါနကုသိုလ်ကို အမျှ အမျှ အမျှ ဝေငကျေးဇူးဆပ်ပါသည်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေသတည်း။ ဂါထာအကြောင်း သိကောင်းစရာ ပြောပြသော ဦးဥဇ္ဇင်းအားလည်း ကျေးဇူးတင်ပါသည်။)*

**မစိမ်းဇော်(ဝါးခယ်မ)**

www.burmeseclassic.com

# ချစ်နှံ့ထုံသင်း ခါးလှည့်အင်းတော်

အေးမြှေ့(မီးကုန်း)

ယခုရေးသားတင်ပြမည့် အင်းတော်ကို အဘိုး၏ ပေမူ၌ ချစ်နှံ့ထုံသင်း ခါးလှည့်အင်းတော်ဟူသော အမည်ဖြင့် တွေ့ရပြီး သက္ကရာဇ် ၉၅၅ ခုနှစ်၌ ညောင်ရမ်းမင်း မင်းရဲနန္ဒမိတ်အား အင်းဝနေပြည်တော်သို့ ချီတက်လုပ်ကြံရာ၌ မှူးမတ်၊ စစ်သည်ဗိုလ်ပါအများနှင့် တိုင်းသူပြည်သား၊ လူရှင်များတို့ ညောင်ရမ်းမင်းရဲနန္ဒမိတ်အပေါ် မေတ္တာထား ချစ်ခင်ပွားများ၍ သစ္စာဖြင့် အမှုတော်များ ထမ်းကြစေရန် စီမံပေးတော်မူသည့် အင်းတော်ဖြစ်ကြောင်း ပေမူ၌ ရေးသားထားပါသည်။

၎င်းအင်းတော်၏ ကျေးဇူးကြောင့်ပင် ထောက်ခံသူပြည်သူအများနှင့် သစ္စာရှိ၍ အမှုတော်ကို ရှပ်ရှပ်ချွံချွံ ထမ်းကြသော မင်းမှုထမ်းများ ပေါ်ပေါက်လာပြီး အင်းဝနေပြည်တော်သို့ အလွယ်တကူ အောင်နိုင်ခဲ့သည်ဟုလည်း ရေးသားဖော်ပြထားသည်ကို တွေ့ရပါ၏။

အင်းမှာ ရိုးရိုးအခေတင်အယောင် အရုံအတားပြုလုပ်ရသည့် အင်းမျိုးမဟုတ်ဘဲ လက်ဖွဲ့လုပ်၊ ကြိုးနှင့်သီကုံး၍ ခါးတွင် ချည်နှောင်ကာ ဆောင်ရသော "ခါးလှည့်"လက်ဖွဲ့ ဖြစ်ပေသည်။ အောက်ဖော်ပြပါ "အင်းဆံ"ဂါထာခုနစ်ပုဒ်ကို ရွှေပြား၊ ငွေပြား တစ်ခုခု၌ အင်းပုံစံ တစ်ပုဒ်စီ ပုံစံပါအတိုင်း သွင်း၍ လက်ဖွဲ့လုပ်ရခြင်း ဖြစ်၏။

၎င်းလက်ဖွဲ့ကို ခါးစည်းဆောင်ထားခြင်းဖြင့် တန်ခိုးကြီးခြင်း၊ ကျော်စောထင်ရှားခြင်း၊ အကြံအစည်အောင်ခြင်း၊ လာဘ်ပေါများ၍ နတ်လူတို့ ချစ်ခင်ခြင်း စသော အကျိုးအနန္တတို့ကို သူမတူအောင် ရရှိမည်ဖြစ်ကြောင်း ညွှန်းပြထားပါသည်။ အထူးသဖြင့် "ဝီယ"အရာ၌ အလွန်တရာ စွမ်းဆောင်နိုင်ကြောင်း၊ သစ္စာရှိဖို့လိုကြောင်းလည်း ဖော်ပြထားပါသည်။ အမည်ကိုလည်း အထက်၌တင်ပြခဲ့သည့်အတိုင်း "ချစ်နှံ့ထုံသင်း ခါးလှည့်အင်းတော်"ဟူသော အမည်ဖြင့် ရေးသားထားပါ၏။

ထိုအတူ ကုန်များမစွံပါက မိမိရောင်းလိုရာကုန်ကို လက်ဖွဲ့ရေစိမ်ပြီး အင်းဆံဂါထာကိုရွတ်၍ ပက်ဖျန်းပေးပါက သေချာပေါက် စွံနိုင်ကြောင်းလည်း ရေးသားထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အရောင်းအဝယ်ကိစ္စမှန်သမျှတို့၌လည်း လွယ်ကူချောမောလို၍ အလိုရှိသမျှ ပြည့်ဝနိုင်ကြောင်းလည်း ဆိုပါသည်။

ဤအင်းကို စီရင်မည့်သူသည် အမြိတ်တစုတ်ရက်၌ ရှစ်ပါး။ ကိုးပါးသီလတစ်ခုခုကို ခံယူ၍ စီမံဆောင်ရွက်ရမည် ဖြစ်ပါသည်။ ရှေးဦးစွာ ဘုရား၌ အလင်းတိုင်၊ အမွှေးတိုင်၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ကာ သီလခံယူပြီးမှ ဆောင်ရွက် ရကြောင်းလည်း "ပေ"၌ အတိအလင်းရေးထားပါ၏။

**အင်းဆံဂါထာများ**

၁။ ဥုံ ဘုမ္မာဒေဝါစ အန္တလိက္ခေ မမ သူရဿတီ၊
သူရဿတီ အာဂစ္ဆန္တု စန္ဒီရဿ ဝဿဝရော။

၂။ သူရဿတီစ မေမာတာ၊ မေမာတာစ သူရဿတီ၊
အနုကမ္ပံ ဥပဒါယ၊ လာဘံ ဒေဟိ သူရဿတီ။

၃။ စန္ဒီဒေဝီစ မေမာတာ၊ မေ မာတာစ စန္ဒီဒေဝီ၊
အနုကမ္ပံ ဥပဒါယ၊ လာဘံ ဒေဟိ စန္ဒီဒေဝီ။

၄။ စန္ဒာဒေဝီစ မေမာတာ၊ မေ မာတာစ စန္ဒာဒေဝီ၊
အနုကမ္ပံ ဥပဒါယ၊ လာဘံ ဒေဟိ စန္ဒာဒေဝီ။

၅။ မာတာဒေဝီစ မေမာတာ၊ မေ မာတာစ မာတာဒေဝီ၊
အနုကမ္ပံ ဥပဒါယ၊ လာဘံ ဒေဟိ မာတာဒေဝီ။

၆။ ဟိရံဒေဝီစ မေမာတာ၊ မေ မာတာစ ဟိရံဒေဝီ၊
အနုကမ္ပံ ဥပဒါယ၊ လာဘံ ဒေဟိ ဟိရံဒေဝီ။

၇။ မာယာဒေဝီစ မေမာတာ၊ မေ မာတာစ မာယာဒေဝီ
အနုကမ္ပံ ဥပဒါယ၊ လာဘံ ဒေဟိ မာယာဒေဝီ။

အင်းစီရင်ရာ၌ အောက်ဖော်ပြပါ ပုံစံအတိုင်း ပထမ အင်း၌ ထောင့်လေးထောင့်၌ (စမဗဝ)ဟု ထည့်။
ဒုတိယအင်း၌ (ဗစမဝ) ဟုထည့်။
တတိယအင်း၌ (စဗဝမ) ဟုထည့်။
စတုတ္ထအင်း၌ (ဝဗမစ) ဟုထည့်။
ပဥ္စမအင်း၌ (မဝဗစ) ဟုထည့်။
ဆဋ္ဌမအင်း၌ (ဝမစဗ) ဟုထည့်။
သတ္တမအင်း၌ (ငသညက) ဟုထည့်။

| | | | | | |
|---|---|---|---|---|---|
| | ၁ | ၈ | ၁၅ | ၂၂ | |
| ၂၅ | ၁၄ | ၂၁ | ၂ | ၉ | ၁၆ |
| ၂၀ | ၇ | ၂၆ | ၂၃ | ၃၀ | ၃ |
| ၁၃ | ၂၄ | ၂၉ | ၃၂ | ၁၇ | ၁၀ |
| ၆ | ၁၉ | ၁၂ | ၂၇ | ၄ | ၃၁ |
| | ၂၈ | ၅ | ၁၈ | ၁၁ | |

**အင်းဆန်သွင်းရန်ပုံစံ (နမူနာ) ပထမအင်းပုံစံနှင့် ပထမဂါထာမန္တန်**

ဥုံ ဘုမ္မာ ဒေဝါစ အန္တလိက္ခေ မမ သူရဿတီ၊
သူရဿတီ အာဂစ္ဆန္တု စန္ဒီရဿ ဝဿဝရော။

| | | | | | |
|---|---|---|---|---|---|
| | ဥုံ | န္တ | ဿ | ဂ | |
| စ | ရ | အာ | ဘု | လိ | တီ |
| တီ | အ | န္ဒီ | စ္ဆ | ဿ | မ္မာ |
| သူ | န္တု | ဝ | ရော | သူ | က္ခေ |
| စ | ဿ | မ | ရ | ဒေ | ဝ |
| | ဿ | ငါ | ရ | မ | |

အားလုံး နလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

**အေးရွှေ(ဇီးကုန်း)**

**ရည်ညွှန်း**

၁။ အဘိုး၏ ပေမူ
၂။ မဟာသိဒ္ဓိကျမ်းရင်းကြီး(ဒုတိယတွဲ)
၃။ ဗားလေးဗား ဝိဇ္ဇာကျမ်း။




www.burmeseclassic.com

www.burmeseclassic.com

# ဗေဟိသိဒ္ဓိနဝင်း

# စမအဆောင်

ပြေထက်ထွန်း(မြယမုံ)

လောကီဂန္ဓာရီ ဝိဇ္ဇာပညာသည် ...မယသိဒ္ဓိ၊ စသော တန်ခိုးအစွမ်း ...တ္တိတို့ကို ဖြစ်ပေါ်စေသည်ဟု ကျွန် ...တော်တို့ လက်ခံယုံကြည်ကြပါသည်။ ဤသို့ ယုံကြည်ကြသည့်အလျောက် ထို ...ညာရပ်၏ အသီးအပွင့်ဖြစ်သော အင်း ...အဆောင်အရွက် အစီအမံတို့သည် ...ရာဆိုင်ရာ တန်ခိုးသိဒ္ဓိများ ကိန်းဝပ် ...ချက်ရှိသည်ကို သံသယမရှိသော်လည်း ...ချက်အနေဖြင့် ပုဂ္ဂိုလ်အလိုက် သီလ၊ ...သမာဓိ၊ စရဏအရ ကွာခြားချက်ရှိနေ ...ည် ဖြစ်ပါသည်။

သီလ၊ သမာဓိ၊ စရဏ အတိုင်း ...အလျောက် လောကီတွင် အောင် ...မြင်မှုကို ရနိုင်ပါသည်။ ကျွန်တော်တို့ ...ဆရာသခင်များ အစဉ်အဆက်အရ အင်း ...ကို စီရင်ရေးဆွဲမည်ဆိုလျှင် သီလ၊ ...သမာဓိ၊ ပညာ အထိုက်အလျောက် ပြည့် စုံရမည်ဖြစ်ပြီး စရဏအားမြဲမြံသူလည်း ဖြစ်ရမည်ဟု ဆိုပါသည်။ မကောင်းသော၊ ယုတ်ညံ့သော စီရင်မှု မဖြစ်ရာဘဲ (ဥပမာ အောက်လမ်းပညာရပ်တို့ဖြစ်သော စုန်း တိုက်၊ နတ်တိုက်၊ အင်းတိုက်၊ ကဝေ တိုက်၊ ကြောင်တိုက်၊ နွားတိုက်၊ ကျွဲတိုက် စတာများအပြင် ပြုစားခြင်းအမျိုးမျိုး) ဗုဒ္ဓ သာသနာ၏အဆုံးအမနှင့်လည်း ကိုက်ညီ ညီညွတ်ရပါမည်။

အကျင့်စာရိတ္တ၊ ကိုယ်ကျင့်တရား ကောင်းရန်လည်း လိုအပ်သကဲ့သို့ ပညာ ရပ်အပေါ် ယုံကြည်သက်ဝင်မှု ဆန္ဒပြင်း ပြရမည်ဟုလည်း ဆိုပါသည်။ သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိဖြစ်မှသာလျှင် အင်းကောင်း တစ်ကွက် ဖြစ်လာနိုင်ပါသည်။

ထို့ကြောင့် မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာရပ်ဖြစ်သော အင်းပညာ ရပ်သည် သတ်မှတ်ထားသော အင်းပညာ ရပ်ဆိုင်ရာ ဥပဒေသများ၊ နည်းစနစ်၊ လုပ် ထုံးလုပ်နည်း အလွန်တိကျသေချာသော လုပ်ရပ်များနှင့်အညီ ကြံ့ခိုင်လျက် သီလ၊ သမာဓိ၊ ပညာနှင့် စရဏတို့ဖြင့် ပေါင်းစပ် ပြည့်စုံပါမှ လိုရာအကျိုး တန်ခိုးသိဒ္ဓိတို့ကို ရရှိပြီးမြောက်အောင် စီရင်ပြုလုပ်ရသော ပညာရပ်ဖြစ်ပါသည်။

ယခု ကျွန်တော်ဖော်ပြမည့် "ဗေဟိ သိဒ္ဓိနဝင်းစမ" အဆောင်ကို စနစ်တကျ စီရင်ပြီး ဆောင်ထားလျှင် -

(၁) စီးပွားရေးလုပ်ငန်း၊ အရောင်း အဝယ်လုပ်ငန်းတွေ အပြိုင်အဆိုင်အတိုက် အခိုက်များ ကြုံနေရသူများ ဆောင် ထားပါက အောင်မြင်မှုရနိုင်ခြင်း။


(၂) အပေါင်းအသင်း၊ မိတ်ဆွေ သူငယ်ချင်း ဆက်ဆံရာတွင် အပုအထစ် ဖြစ်၍ အမုန်းပွားမှုများ မဖြစ်စေတော့ဘဲ အဆင်ပြေလာစေခြင်း။



www.burmeseclassic.com

www.burmeseclassic.com

## ပေါ်သိဒ္ဓိနဝင်းစမ



(၃) လာဘ်ပိတ်နေသူများ။ ငွေကြေးအခက်အခဲကြုံတွေ့နေကြသူများအား ငွေရှာဖွေရာတွင် လွယ်ကူချောမွေ့၍ လုပ်ငန်းများကောင်းလာသဖြင့် လာဘ်ဝင်လာဘ်ရွှင်လာစေခြင်း။

(၄) ဘေးရန်အန္တရာယ်ကင်းခြင်း အကျိုးသိဒ္ဓိများ ခံစားရနိုင်သဖြင့် လူအများ ကောင်းကျိုးအတွက် စီရင်ဆောင်ရွက်ပုံကို အောက်တွင်ဖော်ပြပေးပါသည်။

**စီရင်ဆောင်ရွက်ပုံမှာ**

(၁) ပုံတွင်ပြထားသည့်အတိုင်း "ပေါ်သိဒ္ဓိနဝင်းစမ"အဆောင်အား ငွေပြား၊ ကြေးပြား၊ စက္ကူဖြူသန့်သန့် ရရာဖြင့် စီရင်ပါ။ စက္ကူတွင် အစိမ်းနု (သို့) အပြာနုရောင်စက္ကူတွင် စီရင်၍ ပလတ်စတစ်လောင်း ဆောင်ထားနိုင်ပါသည်။ ဘုရားခန်းရှေ့တွင် စနစ်တကျ စီရင်နိုင်သကဲ့သို့ အရေးတကြီးလိုအပ်ပါက အချိန်မရွေး စီရင်နိုင်ပါသည်။

(၂) ရက်ကောင်းရက်မြတ်ရွေး၍ ဘုရားခန်းတွင် အနန္တောအနန္တ ငါးပါးကို ရိုသေစွာ ရှိခိုး၊ ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်တို့ဖြင့် ပူဇော်ရပါမည်။

(၃) သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ၊ လောကီသိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်တို့အား ပင့်ဖိတ်မေတ္တာပို့၍ နှစ်သက်ရာသီလ၊ သို့မဟုတ် မိမိအမြဲထိန်းသိမ်းသောသီလကို ခံယူဆောက်တည်နိုင်ပါသည်။

(၄) နဝင်းစမကို ရေးဆွဲရာတွင် ဦးစွာပထမ "ဧ"အက္ခရာ လေးလုံး... သင့်တော်သည့် အရွယ်အစားအတိုင်း... "ပေါ်သုခံ"မှစ၍ ပတ်လည်ရေးဆွဲ... မည်။ ပြီးလျှင် အတွင်းမှ (ဧ)ဟိသု... (ဧ)ဟိဝေယျံ၊ (ဧ)ဟိမနံ၊ (ဧ)ဟိလာ... အက္ခရာတို့ကိုလည်း အစဉ်အတိုင်း ရေး... သွင်းပါ။

(၅) အလယ်မှ ကယုက်ယယု... ရေးသွင်းရာတွင် အသက်အောင့်၍ "... ကပျက်ယပျက် အင်းတန်နိုးကြောင့် ... ဖယ်စေ၊ ဘေးအပေါင်းဖယ်စေ၊ ... အပေါင်းဖယ်စေ"ဟု တစ်ဆက်တည်း ... သည်နှင့် ရွတ်သည်တို့ တစ်ပြိုင်နက်... ဆုံးရပါမည်။ ပြီးလျှင် အပြင်မှ နဝင်း... များ ပတ်လည်ရုံပါ။

(၆) "နဝင်းစမ"ရေးဆွဲပြီးပါက "... ပေါ်၊ မိတ္တံ၊ ဟိတံပုညံ၊ ယထာ ရာဇ... ဖလံ၊ ပေါ်နန္ဒာ ပီယံ ပုတ္တာ၊ ပီယာ သိ... ပီယာ ပီယေ၊ သုဝဏ္ဏသားဟဲ့ယျ ဧ္ဓ... ဩဇာင်းကာယနမတ္ထိ၊ နမတ္ထာယ၊ ... သသယ ပရိဝါရာယ၊ သဗ္ဗနဂရေ သ... ဇနာနံ၊ စိတ္တံ ဘဝတိ၊ မမ သန္တိ... ပေါ်" ဂါထာဖြင့် ၃၇ အုပ် စုတ်ပါ။ ဤ... ဂါထာဖြင့် တစ်ပုဒ်ပုတီးတစ်လုံးချ ... စိပ်နိုင်ပါသည်။

(၇) ၂၄ ပွစ္စည်း ပစ္စယုဒ္ဓေ... ၂၄ ခေါက် ရွတ်ပါ။ ပင့်ဖိတ်ထားသူ များ... ကို နေရာဌာန ပြန်ပို့ပါ။

ဤအစီအရင်အား စီရင်သည့်... ရက်မပျက်စေရဘဲ ခုနစ်ရက် ဆောင်ရွက်... စီရင်သွားမည်ဆိုပါက "ပေါ်သိဒ္ဓိ နဝင်းစမ"အဆောင်သည် ပို၍ သိဒ္ဓိတန်ခိုး... ထက်မြက်နိုင်ကြောင်း တင်ပြလိုက်ရ... သည်။


ပြေထက်ထွန်း(မြို့ယမုံ)



www.burmeseclassic.com

www.burmeseclassic.com

# "မာရ ဝိဇယ ပဒုမ" ရွှေကြာအင်းဆန်



အထက်ပါ ပဒုမရွှေကြာအင်းဆန်နှင့် ဂါထာကို ဘုရင့်နောင်ကျော်ထင်နော်ရထာသည် သမိန်ထောရာမနှင့် တိုက်ခိုက်ဆဲတွင် အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်သည့်ပြင် ဆင်တော်ဦးကင်း၌ ၎င်းအင်းကို ဆုန်း(ဟသ်ာပြဒါး)နှင့် ရေးသားဆောင်ရွက်သည့်အတွက် စစ်မက်အောင်ဖူးသည်ဟူ၍ ရှေးစာဟောင်း အမှာအထားတွေ့ရှိရသည်။


ဒယာလဟော-မဟာကရုဏာတော်၏ တည်ရာဖြစ်တော်မူထသော၊ ဇိနော-ဘုရားမြတ်စွာသည် မာရာရိဒေဝပုတ္တသော မာရ်ခဝဲသဗ္ဗာရစသော ရန်တို့ကို၊ ဇိနာတိ-အောင်တော်မူ၏။ ဇိနုတ္တ မမ္မောစ-ဘုရားမြတ်စွာဟော်တော်မူသော တရားတော်ကိုလည်း။ ဇိနေနု-ဘုရားမြတ်စွာသည်၊ ပူဇိတော-ပူဇော်တော်မူ၏။ ဇနောရသော-ဘုရားမြတ်စွာ၏ သားတော်ဖြစ်သော အရိယာပုဂ္ဂိုလ်အပေါင်းကိုလည်း၊ အနန္တဇိနပသံသိသော-အတိုင်းမသိသော ကျေးဇူးတော်ရှိသော ဘုရားမြတ်စွာသည် ချီးမွမ်းတော်မူအပ်၏။ အရိဇိတေ-ရန်သူတို့ကို အောင်ကုန်ပြီးသော၊ တေဇိနဒယော-ထိုဘုရားစသည်တို့ကို၊ အဟံ-ငါသည်၊ နမာမိ-ရှိခိုးပါ၏။

တင်မြင့်ကြွယ်(ပဲခူး)

www.burmeseclassic.com

# စဓဗဝ နတ်တို့ချစ်တဲ့ဆေး

ဘုန်းပွင့်ဇေဇာ




စမအက္ခရာအသီးသီးတို့မှာ ဆိုင်ရာအစောင့်နှင့် ဆိုင်ရာစွမ်းအားများ ရှိကြသည်ဟု ရှေးလောကီပညာရှင်များအားလုံး သက်ဝင်ယုံကြည်ကြကာ စမအစီအရင်အမျိုးမျိုး စီရင်ပြာချ သောက်သုံး၍ ထွက်ရပ်လမ်းမြန်ကြသူများကို မေထိဋ္ဌာဟု ခေါ်ပါသည်။

ဗုဒ္ဓသည် လောကသုံးပါး၌ အတုမရှိ အနှိုင်းမဲ့လူသား ဖြစ်ပါသည်။

အရာအားလုံးသည် ဗုဒ္ဓစက်ဝန်းအတွင်းမှာ ဖြစ်တည်ပျက်နေကြသည်။

ဗုဒ္ဓစက်ဝန်းမှာ အဓိကအက္ခရာလေးလုံး ပါဝင်ပါသည်။

| | | |
|---|---|---|
| ဗု | = | ဗ |
| ဒ္ဓ | = | ဓ |
| စက် | = | စ |
| ဝန်း | = | ဝ |

ဗဓစဝဟူသော စမအက္ခရာလေးလုံးသည် ဗုဒ္ဓစက်ဝန်းကို ရည်ညွှန်းပါသည်။ ဗုဒ္ဓစက်ဝန်းအတွင်းမှာ အန္တရာယ်ကင်းပါသည်။ အပြိုင်အဆိုင်ကိစ္စမှန်သမျှ အနိုင်ရစေပါသည်။ နတ်အပေါင်းတို့ ညွှတ်ခစေပါသည်။

“ဧ”ဟူသော စမအက္ခရာသည် နတ်ချစ်စေသော အက္ခရာတစ်လုံးဖြစ်ပါသည်။ ဖော်ပြပါအဆောင်တွင်··

ဗုဒ္ဓစက်ဝန်းအက္ခရာဖြစ်သော “စဓဗဝ”အက္ခရာတို့ တစ်လုံးကိုတစ်လုံး ဝန်းရံနေပါသည်။ ယင်းဗုဒ္ဓစက်ဝန်းအက္ခရာ “စဓဗဝ”အက္ခရာလေးလုံးအပြင်မှာ “ဧ”အက္ခရာလေးလုံးကို ကြာဖတ်၊ ပွင့်ဖတ်အသွင် ထည့်ထားပါသည်။

ထပ်မံ၍ “အရဟံ”ဂုဏ်တော်စာလုံးကို နဝင်းအတွက် ကိုးခုတင်၍ စေတီလေးသို့ ပြုလုပ်ထားပါသည်။ ဤအဆောင်သည် “စဓဗဝ”အက္ခရာ စမငါးလုံးဖြင့် ဤဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူသော ဘုရားငါးဆူကို ရည်စူးစီရင်ထားသော အဆောင်ဖြစ်သောကြောင့် ဤအဆောင်ကို ဆောင်ထားသူများမှာ နတ်တို့ချစ်ခင်၍ ကူညီစောင့်ရှောက်မှုကို ရရှိပါမည်။

ဤအဆောင်ကို ဖြတ်၍ ဆောင်သူတို့မှာ···

ဗုဒ္ဓေါမေသရဏံ အညံနတ္ထိ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊

ဓမ္မောမေသရဏံ အညံနတ္ထိ ဓမ္မံသရဏံဂစ္ဆာမိ၊

သံဃောမေသရဏံ အညံနတ္ထိ သံဃံသရဏံဂစ္ဆာမိ ဟူသော ဂါထာကို တတ်စွမ်းသမျှ ရွတ်ပွားပူဇော်ပါက ပို၍ အကျိုးပေးမြန်ဆန်ပါလိမ့်မည်။

ကျေးဇူးရှင်စာရှုသူများကို ကျေးဇူးတုံ့ပြန်ရင်း···

မေတ္တာဖြင့်
ဘုန်းပွင့်ဇေဇာ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

■ လင်းရောင်တင်

# လူထဲကဘဝ ဘဝထဲကလူ

၆၇

## ယခင်လမှအဆက်

### အဘထွက်ပွဲ၊ ခမောက်ပျံနှင့် နဂါးများကိစ္စ

လွန်ခဲ့သော ၂၁-၉-၁၃ ရက်နေ့သည် မြန်မာလို တော်သလင်းလပြည့်ကျော် ၂ ရက်နေ့ ဖြစ်၏။ ထိုနေ့သည် မြန်မာပြည်တစ်နံတစ်လျားတွင် "အဘထွက်ပွဲနေ့"ဟူ၍ ဝိဇ္ဇာလမ်းစဉ်လိုက်စားသူများ၊ ဝိဇ္ဇာပုဂ္ဂိုလ်ကြီးများကို ကြည်ညိုသူများက သတ်မှတ်နားလည်ကြ၏။ အဘထွက်ပွဲဟူသည် ဝိဇ္ဇာထိပ်ခေါင် အောင်မင်းခေါင်ကြီး ထွက်ရပ်လမ်းသို့ မြန်းသောနေ့ကို ဆိုလိုခြင်းဖြစ်၏။

ဝိဇ္ဇာထိပ်ခေါင် အောင်မင်းခေါင်ကို သိရှိနားလည်ကြသူများတွင်လည်း အကြမ်းအားဖြင့် နှစ်မျိုးနှစ်စားရှိကြ၏။ ပထမတစ်မျိုးမှာ အောင်မင်းခေါင်ကြီးကို တန်ခိုးသိဒ္ဓိများနှင့် ပြည့်စုံသော ဝိဇ္ဇာပုဂ္ဂိုလ်ကြီးအဖြစ် ယုံကြည်ကိုးကွယ်ကြသူများ ဖြစ်ကြ၏။ ဒုတိယတစ်မျိုးမှာ အောင်မင်းခေါင်ဟူသည် သာမန်လူသားမဟုတ်၊ အရိမေတ္တယျအလောင်းတော်နတ်သား၏ နှာမ်တတ်ကိန်းအောင်းသော ပုဂ္ဂိုလ်ထူးဖြစ်သည်။ ရုပ်ကိုမသုံး နှာမ်ကိုသုံးလျက် မြန်မာပြည်သူပြည်သားများအကျိုး၊ ကမ္ဘာ့လူသားနှင့် သတ္တဝါတွေအကျိုးကို အစဉ်အမြဲ စောင့်ကြပ်ကြည့်ရှုညီနေသည်ဟု ယုံကြည်ကိုးကွယ်ကြသူများ ဖြစ်ပါ၏။

ကျွန်ုပ်အနေနှင့်ကား ဒုတိယယုံကြည်သူအုပ်စုဝင် ဖြစ်၏။ အဘအောင်မင်းခေါင်ကြီးဟူသည် အရိမေတ္တယျ၏ နှာမ်တတ်ကူးဆက်လျက် လောကကြီးကို စောင့်ရှောက်ကူညီနေသည်ဟူ၍ ယုံကြည်ခြင်းဖြစ်၏။ ၁၃၁၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်နေ့က အဘအောင်မင်းခေါင် ထွက်ရပ်လမ်းကိုမြန်းသည်ဟု ယုံကြည်ကြသည့်အတွက် ယခုနှစ်ထွက်ပွဲဆိုလျှင် ၆၁ ကြိမ်မြောက် ရှိပြီဖြစ်၏။ ကျွန်ုပ်နှင့်ငယ်ပေါင်းသူငယ်ချင်းကြီးဖြစ်သော ဦးနေဝင်း(ရှမ်းဆရာ၊ ရဲဘော်ပေါင်း)သူ့တပည့်နှစ်ဦးနှင့်အတူ မိတ်ဆွေကြီး ညီတော်မောင်ဦးသန့်(လာဘ်မိုးရွာစာပေ)လည်း အတူလိုက်ပါလာခဲ့၏။

ကျွန်ုပ်တို့ မြန်မာပြည်တွင် နှစ်စဉ် ရာသီအလိုက်ကျင်းပသည့် ပွဲတော်များထဲတွင် ပုပ္ပါးအဘထွက်ပွဲသည်လည်း ထင်ရှားသော ပွဲသဘင်တစ်ခု ဖြစ်ပါ၏။ ယုံကြည်သူတို့ မြန်မာပြည်တစ်နံတစ်လျား (ကြုံကြိုက်လျှင် နိုင်ငံရပ်ခြားရောက်သူများပါ ပါဝင်ဆင်နွှဲကြ၏)ရှိ ပရိသတ်များ ထောင်နှင့် သောင်းနှင့် လာရောက်နွှဲပျော်ကြသော နှစ်စဉ်ပြုလုပ်နေကျ "တောင်ပြုံး"ပွဲနှင့် ယခု"အဘထွက်ပွဲ"တို့သည် ထင်ရှားသော အထိမ်းအမှတ်ပူဇော်ပွဲကြီးများ ဖြစ်ကြ၏။

ပူဇော်သည့်ခေါင်းစဉ်နှစ်ခု မတူသကဲ့သို့ လာရောက်ဆင်နွှဲကြသည့် ယုံကြည်မှုခြင်းလည်း မတူညီကြချေ။ "တောင်ပြုံးပွဲ"တော်သည် မြန်မာတစ်ပြည်လုံးရှိ နတ်ကိုးကွယ်သူများ၏ ကိစ္စဖြစ်ပါ၏။ အဘထွက်ပွဲကား ဝိဇ္ဇာလမ်းစဉ် လိုက်စားသူများ(အရိမေတ္တယျကို ကြိုဆိုပူဇော်လိုကြသူများ)အတွက် ကိစ္စဖြစ်ပါ၏။

"တောင်ပြုံး"ဆိုသော နေရပ်ဒေသဝေါဟာရအမှန်မှာ "တောင်ပြုန်း"ဟူ၍ ပစောက် ရရစ် နသတ်နှင့် ပြုန်းရသည်ဟု ဆိုကြ၏။ "ပြုန်း"နှင့် "ပြုံး"မှာ အဓိပ္ပာယ်အတော်ကွာ၏။ အသံထွက်ချင်းတူသော်လည်း ဆိုလိုရင်းအဓိပ္ပာယ်ကွဲ၏။ "ပြုန်း"



www.burmeseclassic.com

www.burmeseclassic.com

မှာ ပြုန်းတီးခြင်းဟူ၍ အဓိပ္ပာယ်ရ၏။ "တောင်ပြုန်း"ဟု နသတ်ဖြင့် ပြုန်းသော် ပြုန်းတီးနေသောတောင်ဟု အဓိပ္ပာယ်ထွက်၏။ "တောင်ပြုံး"ဟု ဝစ္စနှစ်လုံးပေါက်ဖြင့် "ပြုံး"သော် ပြုံးပျော်ရွှင်မြူးဖွယ်သောတောင်ဟူ၍ အဓိပ္ပာယ်ထွက်မည် ဖြစ်၏။ ကျွန်ုပ်ကမူ နှစ်စဉ် ပျော်ရွှင်ကြည်နူးဖွယ် ပွဲတော်ကျင်းပသည့်နေရာဖြစ်၍ "တောင်ပြုံး"ဟု ခေါ်ရသည်ကို သဘောကျပါ၏။

တောင်တော်ရွှေပုပ္ပါးနှင့် ပတ်သက်၍လည်း ရေးခေတ်စာများထဲတွင် စိတ်ဝင်စားဖွယ် ဖတ်ရှုရပါ၏။ အခြောက်ထဲက အစို၊ အဝါထဲက အစိမ်း၊ အထက်အညာဒေသ၏ အိုအေစစ်သဖွယ်၊ စိမ်းညို့အေးချမ်းသော တောအုပ်၊ စိမ်းစိုလှို့မြောင်များဖြင့် ပြည့်လျှမ်းနေသော တောင်တော်မဟာဟူ၍ လူသိများ၏။

တစ်နှစ်ပတ်လုံး အလုပ်မှု၊ မိသားစုအမှု၊ သောကအမှုများနှင့် လုံးပန်းနေရသူများအဖို့ တောင်တော်ရွှေပုပ္ပါး၏ အရိပ်ကို ခိုလိုက်ရသည်နှင့် ဘဝအမောတွေ ပြေတန်သရွေ့ ပြေပျောက်သွားရ၏။ အားသစ်မာန်သစ်တွေ ဖြစ်ပေါ်ရ၏။ ကိုယ်ယုံကြည်ရာ အဘအောင်မင်းခေါင်(အရိမေတ္တယျအလောင်းတော်)ကြီးကို အုန်း၊ ငှက်ပျောပွဲများဖြင့် ကြည်ညို ပူဇော်လိုက်ရသောအခါ တစ်စုံတစ်ရာ ကျေနပ်မှုကိုရ၏။ ချင့်ရဲပြေ၏။ တာဝန်တစ်ခုခု ကျေပွန်သွားသလိုလည်း ခံစားရ၏။

ကျွန်ုပ်တို့ ငါးဦးသား ပုပ္ပါးတောင်သို့ မသွားကြခင် မန္တလေးသို့ အလျင်တက်ခဲ့ကြ၏။ မန်းသူမန်းသားများက ဘုရားကြီးဟုခေါ်သော မဟာမြတ်မုနိဘုရားကြီးသို့ အလျင်ဦးခိုက်ကြ၏။ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြ၏။ သခ္ခါအားကြီးစွာဖြင့် ဘုရားကြီးအား ရွှေသင်္ကန်းကပ်လှူရသည့် အရသာသည် မည်သည့်အရသာကမှ လိုက်၍မမီနိုင်ချေ။

အသက်အရွယ်ကြီးရင့်လာပြီဖြစ်၍ မန္တလေးမြို့တွင် တစ်ထောက်နား၊ တစ်ညအိပ်ပြီးမှ ကျောက်ပန်းတောင်းသို့ ပြန်ဆင်းရခြင်းသည် ပို၍ဆီလျော်သလို၊ အပန်းပြေသလို ခံစားရ၏။ ယခင်နှစ်များက ပုပ္ပါးတောင်တော်သို့ရောက်လျှင် "ရွှေပုပ္ပါး" တည်းခိုခန်းတွင် တည်းခိုလေ့ရှိသော်လည်း ယခုအခါ (ယမန်နှစ်နှင့် ယခုနှစ်)တွင် ပုပ္ပါးတောင်ခြေနားရှိ "ရွှေမန်းကျီးတော သာသနာ့ရိပ်သာ"တွင်သာ တည်းဖြစ်ခဲ့ကြပါ၏။

မနှစ်က အဘထွက်ပွဲရက်များတွင် ဒါရိုက်တာမောင်သီတို့ အဖွဲ့နှင့်အတူ တစ်ဆောင်တည်း တည်းခိုခဲ့ကြရ၏။ လူရွှင်တော်ဦးဝင်းနိုင်(အနုပညာ)၊ ဒါရိုက်တာ အောင်ဗပါဝါတို့နှင့် စကားလက်ဆုံကျခွင့်ရခဲ့၏။ ဆရာမျိုးအောင်ထက်မင်း၊ ဆရာနန္ဒဒီပ (ဇင်းကျိုက်)တို့နှင့်လည်း ပြန်လည်ဆွေးနွေးခွင့်ရခဲ့၏။ ပုပ္ပါးတောင်ခြေရွှေမန်းကျီးတော သာသနာ့ရိပ်သာသည် ကျွန်ုပ်အတွက် စိတ်ရွှင်လန်းအပန်းပြေဖွယ်လည်း ဖြစ်ခဲ့ရ၏။

မိတ်သစ်ဆွေသစ်အဖြစ် တရင်းတနှီး ဖြစ်ခွင့်ရခဲ့သည်ကား ဆရာကြီးမင်းသိခ်၏ တပည့်ရင်း ဆရာခန့်စည်သူ (ရွှေတိဂုံစေတီတော် မြောက်ဘက်စောင်းတန်း)ပင် ဖြစ်၏။ ဆရာခန့်စည်သူသည် ရိုးသားပွင့်လင်းပြီး ခင်မင်ဖွယ်ကောင်းသူဖြစ်၏။ ကျွန်ုပ်အားလည်း လွန်စွာ ခင်မင်လေးစားသူဖြစ်၏။

ထိုကဲ့သို့ ကြည်နူးဝမ်းမြောက်ဖွယ် ကာလကလေးများကို ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ ကျော်ဖြတ်နိုင်စေရန် အကူအညီပေးခဲ့သည့် ရွှေမန်းကျီးတော၏ တာဝန်ရှိပုဂ္ဂိုလ်များမှာ ဆရာလေး ဒေါ်ပညာနန္ဒီနှင့် ကျောင်းအမကြီး ဒေါ်မြင့်မြင့်တို့ ဖြစ်ကြပါ၏။ အထူးသဖြင့် ဆရာလေး ဒေါ်ပညာနန္ဒီသည် ကျွန်ုပ်၏ သမီး နန္ဒီနှင့် အသက်အရွယ် မတိမ်းမယိမ်းဖြစ်နေသဖြင့် သမီးသဖွယ် သံယောဇဉ်ဖြစ်ရ၏။

"ဆရာလေးကလည်း အဖေ၊ အမေ မရှိတော့တာမို့ ဆရာကြီးကိုပဲ အဖေအမှတ်နဲ့ သဘောထားပါ့မယ် အဖေကြီးရယ်"

ဟု ဆိုလာသဖြင့် ကျွန်ုပ်ကလည်း သမီးရင်းသဖွယ် ရင်မှာခံစားရ၏။ ရွှေမန်းကျီးတော သာသနာ့ရိပ်သာတွင် တည်းခိုနေစဉ် နေရေးထိုင်ရေး စားရေးသောက်ရေး ကိစ္စအဝဝကို သမီးသီလရှင် ဒေါ်ပညာနန္ဒီက မလစ်ဟင်းအောင် ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ခဲ့ရပါ၏။

ယခုနှစ် ၂၀၁၃ ခုနှစ် အဘထွက်ပွဲသည် ၆၁ ကြိမ်မြောက် ထွက်ပွဲမှာလည်း ထုံးစံအတိုင်း ကျောက်ပန်းတောင်းမြို့မှ ပုပ္ပါးတောင်ခြေသို့ ရောက်လာပြီး ရွှေမန်းကျီးတော သာသနာ့ရိပ်သာမှာပင် တည်းခိုဖြစ်ခဲ့ကြ၏။ ရွှေမန်းကျီးတောသို့ရောက်ရောက်ချင်း ဆရာလေး ဒေါ်ပညာနန္ဒီပြသသည့် ဓာတ်ပုံလေးတစ်ပုံသည် လွန်စွာအံ့ဩဖွယ်ကောင်း၏။ ရွှေမန်းကျီးတော သာသနာ့နယ်မြေအတွင်း ကောင်းကင် မနိမ့်မမြင့်ထက်တွင် "ခမောက်"တစ်လုံး ပျံဝဲနေသည်ကို ဓာတ်ပုံမှတ်တမ်းယူနိုင်ခဲ့ခြင်း ဖြစ်၏။

"အဲဒါ အဘဆောင်းတဲ့ ခမောက်ပဲ။ သူ့အလိုလို လေထဲမှာ ပျံဝဲနေပြီးမှ အဘအဆောင်ဘက် ပြန်ရောက်သွားခဲ့တာ။ အဲဒါကို ဆရာလေးတို့ အမိအရရိုက်ထားခဲ့ကြတာ"

ဆရာလေး ဒေါ်ပညာနန္ဒီက ရှင်းပြခဲ့၏။ ဖြစ်တော်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ခဲ့ ဂမ္ဘီရကိစ္စ ဖြစ်ပါ၏။ အဘဝိဇ္ဇာထိပ်ခေါင် အောင်မင်းခေါင်ကြီးက ဘယ်သောအခါမျှ သေမသွားသည့် "အရှင်ဓာတ်"ကို ပြလေသလောဟု ထင်မှတ်မိပါ၏။ "ခမောက်"ဟူသည် တနလ်ာနှင့် ကြာသပတေးအတွဲ (ဂမ္ဘေ)ဓာတ်ဖြစ်၍ ခိုင်မာသော ပြယုဂ်တစ်ခုအနေနှင့် စိမ်ဖန်တီးပြလေသလောဟူ၍လည်း တွေးမိပါ၏။

ရွှေမန်းကျိုးတောမှာ နောက်ထပ်ထူးခြားမှုတစ်ခုအနေနှင့် တွေ့မြင်ရသည်က ကုန်းလေးတစ်ခုပေါ်တွင် နဂါးရုံဘုရားတည်နေခြင်းပင် ဖြစ်၏။ ပဋ္ဌာန်းဆက် ခွေတော်မျိုးတော်များအတွက် ရည်ရွယ်ပြီးတည်ရသည့် သဘောလည်းဖြစ်ပါ၏။ ထိုနဂါးရုံဘုရားကို တည်ရာ၌ ဦးပဥ္စင်းအောင်(အရှင်ဣန္ဒြိယ)၊ ကျောင်းအမကြီး ဒေါ်မြင့်မြင့်၊ ဆရာလေး ဒေါ်ပညာနန္ဒီတို့ ဦးဆောင်၍ တည်နေကြခြင်း ဖြစ်၍ မကြာမီ အပြီးသတ်ကာ အနေကဇာတင်တော့မည်ဟု သိခဲ့ရ၏။

မြန်မာပြည်၌ နဂါးရုံဘုရားပေါင်း များစွာတည်ကြသည်ကို ဖူးမြော်တွေ့ရှိရ၏။ မြန်မာပြည်သူပြည်သားအများစုသည် ဘောဂဝတီနဂါးပြည်မှ လူ့ပြည်သို့ ရောက်ရှိလာကြပြီး ပါရမီဖြည့်ကြရသည်ဟူ၍ ယုံကြည်သူများကြ၏။ အမှန်တကယ်လည်း မြန်မာ့သမိုင်း၊ ဒဏ္ဍာရီပုံပြင်များတွင်လည်း နဂါးမ၊ နဂါးလုလင်တွေ ပါဝင်သည်။ သမိုင်း၊ ရာဇဝင်၊ ဒဏ္ဍာရီတွေ အများအပြားရှိကြ၏။ ကျိုက်ထီးရိုးစေတီတော်သမိုင်း၊ ဇင်းကျိုက်စေတီတော်သမိုင်း စသည့် စေတီဝင်သမိုင်းစာအုပ်များတွင် နဂါးများ ပါဝင်ကြ၏။

ရွှေတိဂုံစေတီတော်သမိုင်းတွင်လည်း နဂါးများနှင့် မကင်းပေ။ အသိတဥ္စနတိုင်း(ရန်ကုန်)သားနှစ်ဦး ဖြစ်ကြသည့် တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့ ဘုရားရှင်၏ ဆံတော်ရှစ်ဆူကို ပင့်ဆောင်လာကြသည့်အခါ တိုင်းပြည်သို့ရောက်ခါနီး ဘောဂဝတီနဂါးပြည်မှ နဂါးများက လှေပေါ်မှ ဆံတော်အချို့ကို သူတို့၏တန်ခိုးဖြင့် ခိုးယူကာ ဘောဂဝတီနဂါးပြည်သို့ ဆောင်ယူသွားခဲ့ကြသည်ဟုလည်း ဖတ်ရှုဖူးပါ၏။

သို့ဖြစ်၍ ကျွန်ုပ်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ နှုတ်ဖျားထဲတွင် နဂါး၊ နဂါးသိုက် စသည့် ဝေါဟာရများပင် စွဲကပ်လျက် ရှိနေကြ၏။ မနေ့တစ်နေ့ကပင် ကျွန်ုပ်ထံသို့ အမျိုးသမီးတစ်ဦးရောက်လာ၏။ သူသည်လည်း နဂါးသိုက်စွဲ ဖြစ်၏။ ဘဝဟောင်းက နဂါးမောင်နှမတွေအတွက် ရည်စူး၍ နဂါးရုံဘုရား၊ ကိုးတောင်ပြည့်တစ်ဆူတည်ရန် အစီအစဉ်ရှိကြောင်း ပြောပြလာ၏။ နေ့ကောင်းရက်သာရွေး၍ စတည်ရန်သာ လိုတော့ကြောင်း၊ ကုန်ကျမည့်ငွေကြေးကိုလည်း စုပြီးဆောင်းပြီးရှိနေကြောင်း ပြောသည့်အတွက် ဝမ်းမြောက်ဝမ်းသာရှိရ၏။

သို့သော် ထိုနဂါးရုံဘုရား တည်ဆောက်ရာ၌ ကျွန်ုပ်အား ကမကထပြုလုပ်လိုကြောင်း၊ ဦးဆောင်တည်စေလိုကြောင်း ပြောလာရာ၌မူ ကျွန်ုပ်များစွာစဉ်းစားရ၏။ ထိုကိစ္စဘက်သို့ ဦးတည်လိုက်လျှင် တခြားလုပ်လက်စဖြစ်သော စာရေးခြင်းကိစ္စ၊ ဟောပြောပေးခြင်းကိစ္စ၊ ဆေးကုသခြင်းကိစ္စ စသည့် တခြားအရေးကြီးသော ကိစ္စများတွင် လစ်ဟင်းသွားနိုင်၏။ သို့တည်းမဟုတ် လက်လွှတ်ဆုံးရှုံးသွားနိုင်၏။

သို့ဖြစ်၍ ထိုအမျိုးသမီးအား နားလည်အောင် ပြောဆိုငြင်းပယ်ရန် ခုံးဖြတ်ရ၏။ ကျွန်ုပ်၏ "သတ္တဝါကယ် သာသနာပြု"သည့် လမ်းစဉ်သည် "စာရေးခြင်း"ဖြင့် သာသနာပြုသည့် လမ်းကို ရွေးချယ်ထားသဖြင့် များစွာစဉ်းစားရ၏။ တခြားကိစ္စများကြောင့် စာမရေးနိုင်ခဲ့သော် ကျွန်ုပ်ကြိုးပမ်းဖန်တီးထားရသည့် စာရေးသက် နှစ်ပေါင်း ၄၀ ကို လျစ်လျူရှုရာကျသိမ့်မည် ဖြစ်ပါ၏။

## နဂါးဇိုကာ

"နဂါးတို့မျက်စောင်း အကြောင်းသုံးပါးမရွေး"

"နဂါးမှန်းသိအောင် အမောက်ထောင်"

"အိပ်လိုက်တာ ကာလနဂါးကျနေတာပဲ"

စသည်ဖြင့် နဂါးနှင့်ပတ်သက်၍ ဆိုရိုးတွေ မြန်မာစကားပုံ၌ ရှိ၏။ နဂါးဟူသော ဇာတ်ကောင်သည် ဘုရားရှင်ကိုယ်တော်မြတ်ကြီးရှိစဉ်ကပင် ပါဠိတော်ထဲ၌ နေရာများစွာပါဝင်၏။ ဘုရားတစ်ဆူတစ်ဆူ ပွင့်တော်မူမှ အိပ်ရာကနိုးသည့် "ကာလနဂါး"၊ နန္ဒောပနန္ဒနဂါးမင်း စသည်ဖြင့် နဂါးတွေအကြောင်း ပါဠိတော်များ၌ ဖတ်ရ၏။ ဓမ္မပဒ၊ ဝိနည်း မဟာဝါ၊ သုတ္တနိပါတ် စသည်တို့တွင် နဂါးများအကြောင်း ပါဝင်၏။

နဂါးတို့သည် လူယောင်ဖန်ဆင်းနိုင်ကြောင်းလည်း စာထဲမှာ နေရာများစွာ ဖတ်ရ၏။ သို့သော် နဂါးတို့ ပင်ကိုအသွင်မစွန့်နိုင်သည့် ဒုက္ခမျိုးငါးပါးဟူ၍လည်း ရှိ၏။ ထိုဒုက္ခမျိုးငါးပါးတို့မှာ (၁) နဂါးအချင်းချင်း မေထုန်မှုပြုသောအခါ (၂) နဂါးများလုံးဝအိပ်မောကျသွားသောအခါ (၃) ပဋိသန္ဓေယူစဉ်အခါ (၄) အရေဟောင်းကို စွန့်သောအခါ (၅) သေလွန်သောအခါ



www.burmeseclassic.com

www.burmeseclassic.com

မူလနဂါးခန္ဓာတို့ဖြင့် သေရသည်ဆို၏။

ထိုနောက် နဂါးမျိုး ခုနစ်ပါးဟူ၍လည်း ခန္ဓဝဂ္ဂသံယုတ်၊ သုတ္တန်ပါတ်တော်တို့၌ ပါရှိ၏။ ၎င်းနဂါးမျိုး ခုနစ်ပါးမှာ ဂဠုန် သတ္တဝါတို့က မနှိပ်စက်နိုင်သော၊ ဂဠုန်ဘေးမှ ကင်းဝေးသော နဂါးမျိုးများ ဖြစ်ကြောင်းသိရ၏။

(၁) **ပထဝီတတရာ-ဧလာဗုဇ၊** ဂဗ္ဗသေယျ၊ ဥပပါတိကဟု ဆိုအပ်သည့် ဇာတ်သဘောအားဖြင့် မြင့်မြတ်သော နဂါးမျိုး။

(၂) **ထမ္ဗလဿတရာ** - နဂါးစစ်သူကြီး၊ စစ်ဗိုလ်မှူး စစ်ဘုရင်များ ဖြစ်ကြသော ကမ္ဗလနဂါး၊ အဿတရနဂါးမျိုး။

(၃) **ဓတရဋ္ဌာ** - ဓတရဋ္ဌမည်သော နဂါးဘုရင်မျိုး။

(၄) **သတ္တသီဒန္တရ ဝါသီနော** - တောင်စဉ်သီဒါ မဟာသမုဒ္ဒရာ၌ နေကြကုန်သော နဂါးမျိုး။

(၅) **ပထဝိင္ဆကာ** - မြေတွင်း၌ မိုတင်းပုန်းအောင်းကာ နေလေ့ရှိကြကုန်သော မြေအောင်းနဂါးမျိုး။

(၆) **ပဗ္ဗတင္ဆကာ** - တောင်ခေါင်း၊ တောင်တွင်း၌ မိုတင်းနေထိုင်ကြကုန်သော တောင်တွင်းနဂါးမျိုး။

(၇) **ဝိမနင္ဆကာ** - ဘောဂဝတီနဂါးပြည်၌ ရွှေဗိမာန်၊ ငွေဗိမာန် စံအိမ်ပျံဖြင့် ဇိမ်ခံပျော်ပါး၍ နေကြကုန်သော နတ်နဂါးမျိုး...စသည်ဖြင့် နဂါးမျိုးကွဲပေါင်း များစွာရှိကြ၏။

"သာရတ္ထသင်္ဂဟကျမ်း" နှင့် "ပကိဏ္ဏက ဝိသဇ္ဇနာ" ကျမ်းတို့တွင် နဂါးအမျိုးပေါင်း ၁၀၂၄ ပါးရှိသည်ဟု ဆိုပြန်၏။ ကဋ္ဌမုခ၊ ပုတိမုခ၊ အဂ္ဂိမုခ၊ သတ္တမုခဟု ခေါ်သော နဂါးမျိုး လေးပါးကိုတည်လျက် ဒဋ္ဌဝိသ၊ ဒိဋ္ဌဝိသ၊ မုဋ္ဌဝိသ၊ ဝါတဒဝိသ ခေါ်သော အဆိပ်မျိုးလေးပါးနှင့်မြှောက်က နဂါးမျိုး ၁၆ ပါးရ၏။

ထို ၁၆ ပါးကိုတည်၍၊ အဂဒဝိသ၊ နောယောရဝိသ၊ နောအာဂဒဝိသ ယောရဝိသ၊ အာဂဒဝိသစ ယောရဝိသ၊ နောအာဂဒဝိသစ နယောရဝိသ ခေါ် အဆိပ်မျိုးလေးပါးနှင့် ထပ်မြှောက်၊ ၆၄ ပါးရ၏။ ထို ၆၄ ပါးကိုတည် ယောနိမျိုး လေးပါးနှင့်မြှောက် ၂၅၆ ပါးရ၏။ ထိ ၂၅၆ ပါးကိုတည်၍ ရေနေကုန်းနေ နှစ်ပါးနှင့်မြှောက် ၅၁၂ ပါးရ၏။ ထို ၅၁၂ ပါးကိုတည်၍ ကာမရူပီ၊ အကာမရူပီခေါ် စည်းစိမ်ရှိ၊ စည်းစိမ်မဲ့ နှစ်ပါးနှင့် မြှောက်သော် နဂါးအမျိုးပေါင်း ၁၀၂၄ ပါးရ၏။

သို့ဖြစ်၍ နဂါးဟူသော သတ္တဝါသည် လူတို့၏ဘဝ ထဲ၌ မဖြစ်မနေ ထည့်သွင်းစဉ်းစားရမည့် ထူးခြားသော သတ္တဝါ မျိုးဖြစ်၏။ နဂါးသည် မြန်မာနှင့်သာ ဆိုင်သည်မဟုတ်။ တစ်ကမ္ဘာ လုံးနှင့်ဆိုင်သည့် သတ္တဝါဖြစ်၏။ အထူးသဖြင့် တရုတ်၊ ဂျပန်တို့ တွင် နဂါးနှင့်ပတ်သက်၍ ပုံပြင်ဒဏ္ဍာရီတွေ များစွာရှိ၏။ တရုတ် လူမျိုးများက နဂါးနှင့်ပတ်သက်လျှင် ပို၍ အသည်းအသန် ယုံကြည်ကြ၏။

တရုတ်တို့၏ နှစ်တစ်နှစ်စီ၏ အထိမ်းအမှတ် သတ္တဝါ သက်ဆိုင်ရာအရုပ်များ ဖြစ်ကြသည့် ကျွဲ၊ ယုန်၊ မြင်း၊ မျောက် စသည်တို့ရှိရာတွင် "နဂါးနှစ်" ဟူ၍လည်း ထည့်သွင်း ပါရှိ၏။ အထူးသဖြင့် နဂါးနှစ်တွင် မွေးဖွားသူများသည် ကံကောင်း ကြသည်၊ ဉာဏ်ကောင်းကြသည်၊ ပါရမီထူးများ ရှိကြသည်ဟု ယုံကြည်ကြပြန်၏။ နဂါးကို မင်္ဂလာရှိသောအကောင်၊ လာဘ် ကောင်အဖြစ် အထိမ်းအမှတ်ထားကာ သုံးစွဲကြ၏။

နဂါးရုပ်ပုံကို မင်္ဂလာဆောင်၊ နှစ်ကူးမင်္ဂလာတို့တွင် မပါမဖြစ် သုံးစွဲကြ၏။ တရုတ်နဂါးအကသည် တစ်ကမ္ဘာလုံး က ကြိုက်နှစ်သက်ကြသည့် ကြည့်ချင်ပွဲတစ်မျိုးဖြစ်၏။ နဂါး အကကို ကချင်တိုင်း ဝင်က၍ မရချေ။ စနစ်တကျ လေ့ကျင့် ထားမှရ၏။ အချင်းချင်းအပေးအယူ အချိတ်အဆက်ဖြင့် ကြိုးပမ်း များစွာ ဇာတ်တိုက်ထားမှ တရုတ်နဂါးအကကို ကျွမ်းကျင်စွာ ကနိုင်၏။

တရုတ်တို့ နဂါးကို အမြတ်တနိုးထားကြသလိုပင် မြန်မာ တို့မှာလည်း နဂါးကို အမြတ်တနိုးထား၍ ဘုရားစေတီ ကျောင်း ကန်များတွင် နဂါးရုပ်များ ထုလုပ်ထားကြ၏။ နဂါးနှင့်ပတ်သက် သော နဂါးနီသီချင်းနှင့် နဂါးနီအသင်းတို့သည် မြန်မာလူမျိုးတို့၏ ဂုဏ်ဝင်ဖြစ်ပါ၏။ အထူးသဖြင့် နဂါးနီသီချင်းသည် အမျိုးသား သီချင်းအသွင်ဖြင့် နှစ်ပေါင်းများစွာ မြန်မာတို့ အသည်းနှလုံး ထဲတွင် စိမ့်ဝင်နေ၏။

"ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်ပါ့မည်"

ဟူသည့် စာသားသည် မြန်မာတို့၏ အင်အားဖြစ်၏။ ထိုသီချင်းကို အားပါးတရ သီဆိုမိသည်နှင့် အားမာန်တွေ ဖြစ် လာ၏။ မကြာခင် ဆင်းရဲတွင်းမှ လွတ်ကင်းတော့မည်ဟု ယုံကြည်လာ၏။ အမှန်တကယ်လည်း ယုံကြည်စွာ ထိုသီချင်း ကို မြတ်မြတ်နိုးနိုး သီဆိုလေ့ရှိပါက ရတနာရွှေငွေတွေ ပိုမို လာနိုင်သည့် သာဓကများလည်း ရှိ၏။ သို့ဖြစ်၍ နဂါးနီသီချင်း သည် ဝိဇ္ဇာဓာတ်ဖြင့် ရေးစပ်ခဲ့လေသလောဟူ၍ ကျွန်ုပ်ထင် မြင်မိပါ၏။

ကျွန်ုပ်၏အစ်မတစ်ယောက်သဖွယ် ရင်းနှီးခင်မင်သော ဒေါ်ခင်အုန်းမြင့်ဟုခေါ်သည့် အမျိုးသမီးကြီးတစ်ယောက်သည်

www.burmeseclassic.com

အင်းစိန်၊ ပေါက်တောဝတွင်နေ၏။ သူ၏သားတစ်ယောက်မှာ နိုင်ငံခြားသင်္ဘော အကြီးတန်းအရာရှိဖြစ်၏။ (ချိပ်ဖ်အော့ဖစ်ဆာ) သူနှင့် ကျွန်ုပ်တို့သည် တူဝရီးသဖွယ် ခင်မင်ကြလေရာ မကြာခဏ တွေ့ဖြစ်ကြ၏။ သူ့နာမည်မှာ ဦးမင်းသက်တင် ဖြစ်၏။

မင်းသက်တင်သည် စာပေဖတ်ရှုရာ၌ ဝါသနာထုံ၏။ ကမ္ဘာကြီးကျမ်းခိုင်များကိုပါ ဖတ်လေ့ရှိ၏။ ကျွန်ုပ်ရေးသော ဆောင်းပါးများကိုလည်း ဖတ်၏။ ကျွန်ုပ်နှင့် စာအကြောင်း ပေအကြောင်း ဆွေးနွေးဖြစ်ကြ၏။ တစ်ချိန်တွင် ဆွေးနွေးရင်းဖြင့် ရေထဲတွင်နေထိုင်ကြသော ပင်လယ်နဂါးကြီးများအကြောင်း ပြောဖြစ်ကြ၏။

"ပြောရင် ယုံမှာမဟုတ်ဘူး အဘ။ ကျွန်တော်ကိုယ်တိုင် ပင်လယ်ထဲမှာနေတဲ့ ရေနဂါးကြီးတစ်ကောင် တွေ့ခဲ့ရတယ်"

"ဟုတ်လား . . . အတော်ကြီးသလား။ တကယ့်နဂါးကြီးလား။ စာအုပ်တွေထဲမှာတွေ့တဲ့ ပုံသဏ္ဌာန်မျိုးပဲလား"

"ဟုတ်တယ်။ မြွေလိုမဟုတ်ဘူး။ ရေထဲမှာနေတဲ့ နဂါးကြီးက အမောက်တွေပါတယ်။ အကြေးခွံတွေလည်း တွေ့ရတယ်အဘရဲ့။ အံ့သြပြီး ကြက်သေသေသွားမိတယ်"

"ကိုယ်တစ်ယောက်တည်း တွေ့သလား။ တခြားသင်္ဘောသားတွေကော တွေ့ကြသေးလား"

"ကျွန်တော်နဲ့ တခြား ကျွန်တော့်တပည့် သင်္ဘောသားတစ်ယောက်ပဲ တွေ့လိုက်မိတာ အဘရဲ့။ မနက်မိုးလင်းခါစပဲရှိသေးတယ်။ ဒါပေမယ့် အလင်းရောင်တော့ ကောင်းကောင်းရှိပြီ။ သင်္ဘောမှာထွန်းထားတဲ့ မီးအလင်းရောင်နဲ့ပဲ ကောင်းကောင်းတွေ့လိုက်ရတာပါ။ နည်းတဲ့အကောင်ကြီး မဟုတ်ဘူး အဘရဲ့။ လူနှစ်ဖက်စာလောက်ရှိမယ် ထင်တာပဲ။ ရေပြင်ကနေ သင်္ဘောနားကို ကပ်ပြီး ဘွားခနဲ ရေပြင်ပေါ် တက်လာတာ။ သင်္ဘောတောင် နည်းနည်းယိမ်းသွားတယ် ထင်တာပဲ"

"သင်္ဘောကိုတော့ ဘာမှ အန္တရာယ်မပေးဘူးပေါ့"

"ဟုတ်တယ်။ ဘာမှလုပ်မသွားဘူး။ သူ့လမ်းကိုသူ သွားရင်းနဲ့ တစ်ခါတည်း ပြန်ပေါ်မလာတော့ဘူး။ ကျွန်တော်လည်း ကျွန်တော့်တပည့်ကို ပြောထားရတယ်။ ဒီအကြောင်း မင်း ဘယ်သူ့ကိုမှ ပြန်မပြောနဲ့လို့"

"ဘာဖြစ်လို့လဲ"

"ဩော် . . . အဘရယ်၊ ဘယ်သူက ယုံမှာလဲ။ ဆရာတပည့်နှစ်ယောက် မူးကြောင်ရူးကြောင်ဖြစ်လို့ တွေ့ကရာတွေ လျှောက်ပြောတယ်ပဲ ထင်ကြမှာမဟုတ်ဘူးလား"

"အင်း . . . ဒါလည်း ဟုတ်တာပဲ"

လောကကြီးသည် လွန်စွာဆန်းပြား၏။ ပုံပြင်ဒဏ္ဍာရီဟု ထင်မြင်ရသော အကြောင်းအရာများကို မျက်မြင်ဒိဋ္ဌ တွေ့ကြရသောအခါ ယုံကြည်ဖို့ ခက်ခဲလေ၏။ ရံဖန်ရံခါတွင် မျက်မြင်တွေ့ရှိရသည့်အရာများသည် ပုံဝတ္ထုထဲကအကြောင်းအရာများထက်ပင် ဆန်းပြားသည်လည်း ရှိပါသေး၏။

*(ရွှေလစောင့်မျှော်ဖတ်ရှုပါ။)*

ဧယျတုသဗ္ဗမင်္ဂလံ

**လင်းရောင်တင်**


**ဆရာကြီးလင်းရောင်တင်**

**နေ့လက္ခဏာသဿ လိုတရဟောခန်းမှ**

**ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့် အရေးကိစ္စများကို ကူညီဆောင်ရွက်ပေးနေပြီ။**


နေ့စဉ်-နံနက်(၉)နာရီမှ (၁၂)နာရီအတွင်း။ ဥပုသ်နေ့တစ်ရက် နားသည်။

**အခန်း(၃၀၆)၊ တိုက်အမှတ်(၁၀၁/B)၊ (၄)လွှာ၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ☎ – 09 420014614**




www.burmeseclassic.com

www.burmeseclassic.com



# ကံထပ်၊ ရဟန်းခံ၊ ရှင်ပြု

## အလျှော်တော်မင်္ဂလာသိမှတ်စရာ

ဂမ္ဘီရ ဆရာလှမျိုး(B.Sc)

တစ်နေ့တွင် စာရေးသူသည် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းမကြီးရှိ စာပေလောက(၅) စာအုပ်တိုက်သို့ ဘုန်းရောင်ဂျာနယ် မေတ္တာလက်ဆောင် ပေးရန် ရောက်ရှိသွားပါသည်။ ဘုန်းရောင်ဂျာနယ်တွင် ဂျီးဖြူသာသနာပြုစခန်းမှ ကြွရောက်အပူဇော်ခံသော ရှေးဟောင်းသမိုင်းဝင် သိုက်ဘုရားများ အကြောင်း သတင်းဆောင်းပါး ပါလာ၍ သွားပေးခြင်း ဖြစ်ပါသည်။ စာပေလောက(၅) စာအုပ်တိုက်ပိုင်ရှင် ဦးနေမျိုးညွန့်၏ဇနီး ဒေါ်နှင်းမြတ်သွယ်မှာ ဘုန်းရောင်ဂျာနယ်ကို နှစ်မြိုက်သဘောကျပြီး သူ၏ စာရေးမကလေးအား ဂျာနယ်ငါးစောင် ဝယ်ခိုင်းလိုက်ပါသ[...] ယခုအခါ အပတ်စဉ် ဘုန်းရောင်ဂျာန[...] တွင် ဘုရားသမိုင်း ဖော်ပြပေးနေ[...] တွေ့ရှိရပါသည်။

ဒေါ်နှင်းမြတ်သွယ်သည် ဘာ[...] ရေးကို ကြည်ညိုလေးစားပြီး စာ[...] ဝါသနာပါသူတစ်ဦးလည်း ဖြစ်သ[...]



www.burmeseclassic.com

www.burmeseclassic.com

သူတို့မိသားစုသည် စာအုပ်စာတမ်းများ ကိုလည်း မကြာခဏ ဒါနပြုကြပါသည်။ ယခုလည်း စာရေးသူအား သူတို့တိုက် မှ ထုတ်ဝေသော ဖုန်းရွှေစာအုပ်နှင့် ကံထပ်ရဟန်းခံရှင်ပြု ဝေါဟာရရှင်းတမ်း နှင့် ပစ္စည်းလေးပါး၊ ပရိက္ခရာရှစ်ပါး လှူဒါန်းခြင်းအကျိုးတရားများစာအုပ် များဒါနပြုလိုက်ပါသည်။ စာအုပ်ပြုစုသူ မှာ အရှင်ကုဝေရသာရ(သာသနတက္က သိုလ်ဓမ္မစရိယ) B.A. (Buddhism) ဖြစ်ပြီး အလှူမှာ ဦးနေမျိုးညွန့်+ဒေါ်နှင်း မြတ်သွယ်မိသားစု ဖြစ်ကြပါသည်။ ပထမဦးစွာ ကံထပ်,ရဟန်းခံအကြောင်း ရှင်းတမ်း ရေးသားဖော်ပြပေးပါမည်။

## ကံထပ်၊ ရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာ ဝေါဟာရရှင်းတမ်း

ယနေ့ မြန်မာနိုင်ငံဗုဒ္ဓဘာသာတွင် ကံထပ်ဟူသော ဝေါဟာရကို သုံးနှုန်း နေကြသည်။ ကံထပ်ခြင်းသည် ရဟန်း ဖြစ်ပြီးသော ရဟန်းတော်များကို သိမ် ထဲသို့ ဝင်စေပြီး ဉာတ်ကမ္မဝါစာတို့ကို ရဟန်းပြုခဲ့စဉ်က ရွတ်ဖတ်ခဲ့ကြသည့် အတိုင်း ပြန်လည်ရွတ်ဖတ်ကြ၍ ပြန် လည် ရဟန်းပြုခြင်းကို ဆိုလိုပါသည်။ သို့သော် ပြန်လည်ရဟန်းပြုခြင်း ဆိုရာ ၌ ပထမ ရဟန်းပြုစဉ်က ရရှိလာသော ရဟန်းသိက္ခာ၊ ရဟန်းဝါတို့ကို မထိခိုက် ပါ။ မထိခိုက်သည့်အပြင် အကျိုးတရား ပင် ရလိုက်သေးသည်။ ရဟန်းခံစဉ်က ချွတ်ယွင်းခဲ့သောကြောင့် အကယ်၍ ရဟန်းမဖြစ်ခဲ့သော် သိက္ခာထပ်(ကံထပ်) အမှုကြောင့် ရဟန်းစစ်စစ်အဖြစ်သို့ ရောက်သွားရ၏။ ကံထပ်(သိက္ခာထပ်) အလှူကို ပြုလုပ်ကြသော ဒါယကာ၊ ဒါယိကာမများလည်း ရဟန်းဒါယကာ၊ ဒါယိကာမအဖြစ်ကို ရရှိကြရ၏။

စာရေးသူ အမိတ္တာန်သွားရောက် ဝင်သော သာကေတမြို့ တံခွန်တိုင် တောရကျောင်းတိုက်တွင် အပတ်စဉ် သိက္ခာထပ်ရှိ၏။ အောင်စေတီဆရာ တော်ဘုရားကြီးအား တပည့်ဒါယကာ၊ ဒါယိကာမများမှ သိက္ခာထပ်ပေးကြရာ ယခုအခါ အကြိမ် ၅၀၀ ကျော်ရှိနေပါပြီ။ ဆရာတော်ကြီး တပည့်ဒါယကာ၊ ဒါယိ ကာမများ၊ ရဟန်းဒါယကာ၊ ရဟန်းဒါယိ ကာမ ဖြစ်စေရေး ကောင်းကျိုးသုခရ ကြပြီး အသက်ရှည်ကျန်းမာရေး သိမ် ဆင်းလောင်း ပရိက္ခရာရှစ်ပါး လှူဒါန်း ရခြင်း အကျိုးကျေးဇူးလည်း ရရှိနိုင် ကြောင်း ဟောဆိုပါသည်။

ထို့ကြောင့် ဉာတ်ကမ္မဝါစာဖြင့် ရဟန်းဖြစ်ပြီးသော ရဟန်းတော်ကို တစ် ဖန် ဉာတ်ကမ္မဝါစာဖြင့် ထပ်၍ရွတ်ဖတ် ပြီး ရဟန်းပြုစေပြန်သောကြောင့် ကံ ထပ်ခြင်းဟု သုံးနှုန်းခေါ်ဝေါ်၍ ကုသိုလ် ပြုကြ၏။ ဤကံထပ်ခြင်းဟူသော ကုသိုလ်ပြုနည်းသည် ပေါ်ပေါက်လာ သည်မှာ သိပ်မကြာသေး။ ရှေးဆရာ တော်ကြီးများသည် လူ့ဘဝနှင့် သာသ နာတော် ကြုံဆုံရသည့်ဘဝ၌ ရဟန်း ဒါယကာ၊ ဒါယိကာမများအဖြစ် ခံယူစေ လိုသော မေတ္တာ၊ စေတနာ ကုသိုလ် အကျိုးတရားတွေကို မြော်မြင်၍ ပြုလုပ် ထားခဲ့ကြဟန် ဖြစ်ပါသည်။ သာသနာ တော်နှင့် ကြုံခိုက် သာသနာတော်နှင့် ထဲထဲဝင်ဝင်ရင်းနှီးပြီး ကုသိုလ်တိုးပွား စေရန် ရည်သန်မှု ပြုခဲ့ကြသည်။ ရိုးရိုး ဒါယကာ၊ ဒါယိကာမများ အဖြစ်မှ ကံ ထပ်၊ သိက္ခာထပ် ရဟန်းဒါယကာ၊ ဒါယိ ကာမများအဖြစ်သို့ ရောက်ရှိခဲ့ကြရ၏။ အချို့မှာ ကံထပ်စရာမလို၊ ဘုရားဟော မှာမပါဟု ဆိုကြသူအချို့ ရှိကြ၏။ ရဟန်းခံတုန်းက သိမ်တက်ပြီး ရဟန်း ပြုပြီးပြီ၊ အပိုအလုပ်ဟု ထင်မှတ်များ သူတွေ ရှိကြ၏။ ဆရာတော်များမှာ မိမိ အကျိုးထက် တပည့် ဒါယကာ၊ ဒါယိ ကာမများ အကျိုးကိုကြည့်၍ ဆောင် ရွက်စေသော မင်္ဂလာရှိသော အလှူဒါန တစ်ခုဟု ယုံကြည်သင့်ပါသည်။ အလှူ ဒါနတွင် စေတနာသဒ္ဓါက အကျိုးပေး သည်ဟူသော အချက်ကိုလည်း မမေ့ သင့်ပေ။

---

*ဒုလ္လဘ ဟူသော စကားသည် (ဒု+လဘ)ပုဒ် နှစ်ပုဒ်ဖြင့် စပ်ထား၏။ ဒု-ကား ခက်ခက်ခဲခဲ၊ လဘ-ကား ရခြင်းဟု အဓိပ္ပာယ်ရ၏။ "ဒုလ္လဘ"ခက်ခဲသော ရဟန်းဘဝကို ရခြင်းဟု သိနားလည်ရမည်။ ရက်ပိုင်း၊ လပိုင်းလောက် သင်္ကန်းဝတ်၊ ရဟန်းခံ၊ ရဟန်းပြုသူကို "ဒုလ္လဘ"ဟု မှတ်ထင်ခြင်းမှာမဟုတ်ပေ။*

---

www.burmeseclassic.com

## ရဟန်းခံခြင်း၊ ရဟန်းပြုခြင်း

"ရဟန်းခံ"ဟူသော ဝေါဟာရကို ပါဠိဘာသာဖြင့် "ပဗ္ဗဇ္ဇ"ဟု ခေါ်၏။ "မင်္ဂလာ"ဟူသော စကားလုံးနှင့် တွဲစပ်၍ ""ပဗ္ဗဇ္ဇမင်္ဂလာ"ဟု သုံးနှုန်းကြ၏။ "မင်္ဂလာ"ဟူသည် မြင့်မြတ်ခြင်း၊ ကြီးပွားခြင်း၊ ချမ်းသာခြင်း၊ ပြည့်စုံခြင်းများ ဖြစ်သည်။

"ပဗ္ဗဇ္ဇမင်္ဂလာ"ဆိုရာ၌ ပဗ္ဗဇ္ဇဟူသောစကားနှင့် မင်္ဂလာဟူသောစကား နှစ်မျိုးကို တွဲစပ်ထားသည်။

ယင်းနှစ်မျိုးတို့သည် ပဗ္ဗဇ္ဇဟူရာ၌ -

(၁) ဘိက္ခုပဗ္ဗဇ္ဇ

(၂) သာမဏေရပဗ္ဗဇ္ဇ

(၃) ဂဟသိပဗ္ဗဇ္ဇ

(၄) ပရိဗ္ဗာဇကပဗ္ဗဇ္ဇဟု လေးမျိုး ရှိသည်။

(၁) ဘိက္ခုပဗ္ဗဇ္ဇဆိုသည်မှာ ရဟန်းပြုခြင်းကို ဆိုလိုသည်။

(၂) သာမဏေရပဗ္ဗဇ္ဇဆိုသည်မှာ ရှင်သာမဏေပြုခြင်းကို ဆိုလိုသည်။

(၃) ဂဟသိပဗ္ဗဇ္ဇဆိုသည်မှာ ရသေ့ပြုခြင်းကို ဆိုလိုသည်။

(၄) ပရိဗ္ဗာဇကပဗ္ဗဇ္ဇဆိုသည်မှာ ပရိဗိုဇ်ပြုခြင်းကို ဆိုလိုသည်။

ပဗ္ဗဇ္ဇဟူသော စကားဝယ် ဗုဒ္ဓသာသနာတွင်း၌ ရသေ့ပြုခြင်းနှင့် ပရိဗိုဇ်ပြုခြင်းများ ရှိသော်လည်း ပဗ္ဗဇ္ဇဟု မထင်မှတ်ကြကုန်။ ရဟန်းပြုခြင်းနှင့် ရှင်သာမဏေပြုခြင်းများကိုသာ ပဗ္ဗဇ္ဇဟု ထင်မှတ်နေကြသည်။ သာသနာပ၌ကား ရဟန်းနှင့် ရှင်သာမဏေများ မပြုနိုင်ကြသဖြင့် ရသေ့နှင့် ပရိဗိုဇ်များသာ ပြုနိုင်ကြသည်။ ထို့ကြောင့် ရသေ့နှင့် ပရဗိုဇ်များကိုသာ ပဗ္ဗဇ္ဇဟု ထင်မှတ်နေကြသည်။ စင်စစ်မှာမူ ပဗ္ဗဇ္ဇလေးမျိုးလုံးကိုပင် ပဗ္ဗဇ္ဇဟု ခေါ်သည်။

"ပဗ္ဗဇ္ဇ"ဟူသောစကား၏ အဓိပ္ပာယ်ကား ယုတ်ညံ့နိမ့်ကျသော လူ့အသွင်အပြင်ကို စွန့်ပယ်၍ ကောင်းမွန်မြင့်မြတ်သော ရဟန်းအဖြစ်၊ ရဟန်းအသွင်အပြင်ကို ယူခြင်းပင် ဖြစ်သည်။ မင်္ဂလာဆိုသည်မှာ မြင့်မြတ်ခြင်း၊ ကြီးပွားခြင်း၊ ချမ်းသာခြင်း၊ ပြည့်စုံခြင်းများ ဖြစ်သည်။

"ပဗ္ဗဇ္ဇမင်္ဂလာ"ဟူသော စကား၏ အဓိပ္ပာယ်ကား လူ့အဖြစ်၊ လူ့အသွင်အပြင်ကို စွန့်ပယ်၍ ရဟန်းအဖြစ်၊ ရဟန်းအသွင်အပြင်ကို ယူခြင်းသည်ပင် မြင့်မြတ်ကြောင်း၊ ကြီးပွားကြောင်း၊ ချမ်းသာကြောင်း၊ ပြည့်စုံကြောင်း ဖြစ်သည်။

ရဟန်းပြုခြင်း၊ ရဟန်းခံခြင်းကို မြင့်မြတ်သောအလုပ်ဟူ၍ တန်ဖိုးထားကြပြီး အချိန်အားလျှင် အားသလို မိမိတို့တတ်နိုင်သလောက် ရဟန်းဘဝသို့ ကူးပြောင်း၍ နေကြသည်မှာ ယနေ့ခေတ်၌ "ဒုလ္လဘ"ဟူသောစကားဖြင့် တွင်ကျယ်နေ၏။ အမှန်ကား ဒုလ္လဘဟူသော စကားသည် (ဒု+လဘ)ပုဒ် နှစ်ပုဒ်ဖြင့် စပ်ထား၏။ ဒု-ကား ခက်ခက်ခဲခဲ၊ လဘ-ကား ရခြင်းဟု အဓိပ္ပာယ်ရ၏။ "ဒုလ္လဘ"ခက်ခဲသော ရဟန်းဘဝကို ရခြင်းဟု သိနားလည်ရမည်။ ရက်ပိုင်း၊ လပိုင်းလောက် သင်္ကန်းဝတ်၊ ရဟန်းခံ၊ ရဟန်းပြုသူကို "ဒုလ္လဘ"ဟု မှတ်ထင်ခြင်းမှာ မဟုတ်ပေ။ ဒုလ္လဘနှင့် ပတ်သက်၍ နှစ်သစ်ကူးအထူးဆောင်းပါးတွင် စာရေးသူ အကျယ်ဖေ[...] ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

## ရဟန်းဟူသော ဝေါဟာရ

ရဟန်းဟူသော အမည်သ[...] အရဟန္တပါဠိမှ ဖြစ်လာသော ရဟ[...] အတိုချုပ်ခေါ်သော အမည်ဖြစ်ပ[...] သည်။

သို့ရာတွင် ဘိက္ခု၊ သာမ[...] ပဗ္ဗဇိတ စသော ပါဠိတို့ကို ပြန်ဆို[...] သော မြန်မာအမည်လည်း ဖြစ်[...] အသုံးအစွဲလည်း များလှ၏။ ပဗ္ဗဇ္ဇ[...] မျိုးမှလာသော ရဟန်းအားလုံးနှင့် ဥ[...] သမ္မုဒါရုစ်မျိုးမှလာသော ရဟန်းအ[...] ကိုရသည်။

ယခုအခါ ရဟန်းခံကြသည်[...] ဉတ္တိစတုတ္ထ ကမ္မုပသမ္ပဒါဖြင့်သ[...] ရဟန်းခံကြသည်၊ ရဟန်းပြုကြသည်[...]

## ဉတ္တိစတုတ္ထ ကမ္မုပသမ္ပဒါ

ရဟန်းယောက်ျားသံဃာ၌ ဉတ်[...] တစ်ကြိမ်၊ ကမ္မဝါသုံးကြိမ်အားဖြင့် [...] ကြိမ်ရွတ်ဖတ်ခြင်းဖြင့် ဖြစ်သော ရ[...] (ရဟန်းယောက်ျားများ-ဘိက္ခု[...] ရဟန်းခံ ဆိုသည်မှာလည်း သိမ်[...] ငါးပါး၊ ငါးပါးထက်လွန်သော သံ[...] စည်းဝေး၍ ရဟန်းလောင်းအား မြ[...] ဘုရားခွင့်ပြုပညတ်ထားသော သံ[...] ပုဒ်တို့ကို စောင့်ရှောက်ထိန်းသိ[...] တာဝန်ပေးအပ်ကာ သံဃာ့ဘော[...] သွတ်သွင်းခြင်းကို ဉတ်ကမ္မဝါစ[...] ၍ သံဃာအား သဘောတူ၊ မတူ[...] ကြားလျှောက်ထားရာ ကန့်ကွက်[...]

www.burmeseclassic.com

လျှင် ကံပျက်၍ ရဟန်းမဖြစ်ဘဲ ကန့်ကွက်သူမရှိလျှင် သဘောတူ သံဃဆန္ဒဖြင့် ရဟန်းအဖြစ်သို့ ရောက်သည်။ ရဟန်းပြုခြင်း၏ အဓိကရည်ရွယ်ချက်မှာလည်း ဝဋ်ဆင်းရဲကုန်ခန်းရာ အရဟတ္တဖိုလ် နိဗ္ဗာန်သို့ ဆိုက်ရောက်ရန် ဖြစ်လေသည်။

သံဃာက ရဟန်းခံပေးရာ၌လည်း လူမြင်တိုင်း ရဟန်းခံပေးရမည် မဟုတ်။ အပြစ်ဒေါသ ကင်းလွတ်စင်ကြယ်၍ အသက်နှစ်ဆယ်ပြည့်သောသူကိုသာ ရဟန်းခံပေးရသည်။

၁။ ပဏ္ဍကာ-မဏ္ဍာပျက်၊ ဗို-မ လိင်အင်္ဂါထင်ရှားမရှိသောသူ၊

၂။ ထေယျသံဝါသက-ကိုယ်တိုင်သင်္ကန်းဝတ်၍ ရဟန်းအသွင်ကို ခိုးယူသောသူနှင့် ရဟန်းစစ်မဟုတ်ဘဲ ရဟန်းစစ်ယောင်ဆောင်ကာ ရဟန်းစစ်တို့နှင့် ပေါင်းသင်းနေထိုင်သောသူ၊

၃။ တိတ္ထိယပက္ကန္တက-ရဟန်းစစ်ဖြစ်လျက် ရဟန်းဘောင်မှစွန့်ခွာ၍ တိတ္ထိဘောင်သို့(ဘာသာခြားသို့ ကူးပြောင်းကာ)ဝင်ကာ ရဟန်းခံသောသူ၊

၄။ တိရစ္ဆာန်-ပြဟ္မာ၊ နတ်၊ ဂဠုန်၊ နဂါး စသော တိရစ္ဆာန်၊

၅။ မာတုဃာတက-အမိရင်းကို သတ်သောသူ၊

၆။ ပိတုဃာတက-အဖရင်းကို သတ်သောသူ၊

(၇) အရဟန္တဃာတက-ရဟန္တာကို သတ်သောသူ၊

၈။ လောဟိတုပ္ပါဒက-မြတ်စွာဘုရားအား သွေးစိမ်းတည်အောင်၊ သွေးခဲဥအောင် ပြုသောသူ၊

၉။ သံဃဘေဒက-သံဃာကို ပိနည်းကံဖြင့် ဂိုဏ်းခွဲသောသူ၊

၁၀။ ဘိက္ခုနီဒူသက-ရဟန်းမိန်းမကို ပေါင်းဖော်ဖျက်ဆီးသူ၊

၁၁။ ဥဘတောဗျဉ္ဇနက-ဗိုမလိင်အင်္ဂါ နှစ်မျိုးစလုံး ပါရှိသောသူ၊ ဤ ၁၁ ယောက်တို့ကား အပြစ်မလွတ်ကင်း၊ မစင်ကြယ်သော အဘဗ္ဗပုဂ္ဂိုလ်များ ဖြစ်၍ ရဟန်းမခံထိုက်၊ ရဟန်းခံမပေးရ။ သံဃာက မသိ၍လည်းကောင်း၊ သိလျက်နှင့်လည်းကောင်း ရဟန်းခံပေးသော်လည်း ရဟန်းမဖြစ်။

အပြစ်ဒေါသလွတ်ကင်း၍ စင်ကြယ်သော ပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း ရဟန်းခံရာ၌ -

၁။ ဝတ္ထုသမ္ပတ္တိ-အထက်ဖော်ပြပါ ပုဂ္ဂိုလ် ၁၁ မျိုးမှ ကင်းလွတ်၍ အသက်နှစ်ဆယ်ပြည့်သဖြင့် ရဟန်းလောင်း၏ ပြည့်စုံခြင်း၊

၂။ သီမသမ္ပတ္တိ - သိမ်၏ ပြည့်စုံခြင်း၊

၃။ ဉတ္တိသမ္ပတ္တိ - ဉတ်၏ပြည့်စုံခြင်း၊

၄။ အနုသာဝနသမ္ပတ္တိ - ကမ္မဝါ၏ ပြည့်စုံခြင်း၊

၅။ ပရိသသမ္ပတ္တိ - ရဟန်းစစ်ငါးပါး၊ ငါးပါးထက်အလွန်ရှိသဖြင့် ပရိသတ်၏ပြည့်စုံခြင်းဟူ၍ အင်္ဂါအချက်အလက် ငါးပါးရှိ၏။ ထိုအင်္ဂါငါးပါးပြည့်စုံမှ ရဟန်းဖြစ်သည်။ ထိုအင်္ဂါငါးပါးပြည့်စုံခြင်းကို အကြောင်းပြု၍ ရဟန်းကိုပင် "ပဉ္စင်း"ဟု ခေါ်ဆိုကြပြန်သည်။ ယနေ့ ဦးဇင်း၊ ဦးပဉ္စင်းဟု ခေါ်တွင်နေကြ၏။

စာရေးသူလည်း အရှင်ကုသေရသာရ ရှင်းပြမှ သဘောပေါက်ရပါသည်။ ပရိက္ခရာရှစ်ပါးမှာ လူသိများ၍ အကျယ်မချဲ့လိုသော်လည်း ရှင်သာမဏေ၊ ရဟန်းပြုရာတွင် မရှိမဖြစ်၊ မပါမဖြစ် အရေးကြီး၍ ဖော်ပြပေးလိုက်ပါသည်။ ယနေ့ခေတ်တွင် အမှတ်မှားနေတာလည်း တွေ့ရ၏။ ဥပမာ-အချို့ ဖိနပ်ကို ပရိက္ခရာရှစ်ပါးတွင် ပါသည်ဟု ထင်ကြ၏။

## ပရိက္ခရာ ရှစ်ပါး

(၁) ခါးဝတ် သင်းပိုင်သင်္ကန်း။ (၂) ကိုယ်ဝတ် ကောသီသင်္ကန်း။ (၃) နှစ်ထပ်ချုပ် ဒုကုဋ်သင်္ကန်း။ (၄) သပိတ်၊ (၅) ပဲခွပ် (သို့မဟုတ်) သင်တုန်းဓား၊ (၆) အပ်၊ (၇) ခါးပန်းကြိုး၊ (၈) ရေစစ်-ဓမ္မကရိုဏ်။

ရှင်ပြုရာတွင် ဆရာရဟန်းချပေးသော သရဏဂုံသုံးပါး(ဗုဒ္ဓံ,ဓမ္မံ,သံဃံ သရဏံ ဂစ္ဆာမိ)ကို ဌာန်ကရိုဏ်းပီသစွာ ရွတ်ဆိုနိုင်ဖို့ အဓိကဖြစ်သည်။ သင်္ကန်းစည်းပြီးသောအခါ သရဏဂုံသုံးပါးကို ဆရာရဟန်းရွတ်ဆိုသည့်အတိုင်း လိုက်၍ ရွတ်ဆိုရ၏။ သရဏဂုံယူ၍ ပြီးဆုံးလျှင် ပဗ္ဗဇ္ဇမင်္ဂလာမြောက်၍ ရှင်အဖြစ်သို့ ရောက်သည်။ ရှင်ပြုရာတွင် တတ်နိုင်လျှင် နိုင်သလောက် ချဲ့၍ ကြီးကျယ်ခမ်းနားစွာ ဆောင်ရွက်လေ့ရှိကြသည်။ ရှင်ပြုနှင့်အလှူ ကွဲပြားစေဟု ဆရာတော်တစ်ပါးမှ မိန့်ဆိုထားပါသည်။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်တွေ့အမေရိကား

## ဝင်ငွေနှင့် ကုန်ဈေးနှုန်း

■ မောင်ကောင်းမြင့်

အမေရိကန်ပြည်ထောင်စုသို့ မိမိထွက်ခွာမလာမီက ရန်ကုန်မြို့သို့ အလည်အပတ် ပြန်ရောက်လာကြသော အမေရိကန်ပြည်ထောင်စုတွင် နေထိုင်ကြသည့် မြန်မာ မိတ်ဆွေများနှင့် စကားပြောဖြစ်ကြသည်။ သူတို့က အမေရိကန်နိုင်ငံတွင် အစားအသောက်များ ပေါများပြီး သန့်ရှင်းလတ်ဆတ်ကာ ဈေးနှုန်းသက်သာကြောင်း၊ နို့နှင့် ကြက်သားမှာ အခြေခံစားကုန်ဖြစ်ပြီး လူတိုင်း ဝဝလင်လင် စားသောက်နိုင်ကြောင်း၊ US 5 Dollars (၅ ကျပ်ဖိုးဟု မြန်မာတွေက အလွယ်ခေါ်ကြသည်)ဆိုလျှင် လူတစ်ယောက် တစ်နေ့စာ

ကောင်းကောင်းကြီး ဖူလုံကြောင်း၊ သို့သော် နေစရိတ်(အိမ် ငှားခ) ဈေးကြီးလှကြောင်း၊ တစ်ယောက်နေထိုင်နိုင် မိန်းကလေးကို US ၄၅၀ မှ ၅၀၀ လောက်ဝန်းကျင်ရှိကြောင်း (နယူးယောက်၊ ဝါရှင်တန် စသော မြို့ကြီးများထက် မြို့ငယ် လေးများ Upstate များတွင် သက်သာသည်။) တစ်ယောက် ခန်းဆိုပါက ၁,၃၀၀ မှ ၁,၅၀၀ အကြား ပေးနေကြရကြောင်း ဆိုကြ၏။ စားရေးထက် နေရေးက ခက်သည်ဟု ဆိုကြသည် သို့သော် အလုပ်ရလျှင်မူ တစ်နေ့လျှင် ၆နာရီ (သို့မဟုတ် ၈ နာရီအထိ အချို့လုပ်ကြသည်)လုပ်လျှင် စားစား



www.burmeseclassic.com

www.burmeseclassic.com

စရိတ် ပေးနိုင်ကြောင်း ပြောကြသည်။

ယခု မိမိ အမေရိကားကို ရောက်သည်မှာ ဒီဇင်ဘာ ၇ ရက်တွင် သုံးလပြည့်ခဲ့ပြီ။ နယူးယောက်၊ ဝါရှင်တန်၊ မာရီလင်း၊ အယ်ဘာနီ၊ ရမ်စီလီယား စသော မြို့များတွင် တစ်မြို့လျှင် ၁၀ ရက်မှ နှစ်ပတ်လောက်အထိ နေထိုင်ခဲ့ဖူးပြီ။ ယခုတော့ နယူးယောက်တွင် နေထိုင်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြန်လာခဲ့သူတို့ တွေ့ကြုံခဲ့သောစကားကို ကောင်းစွာ နားလည်ပြီ။

မိမိနေထိုင်ခဲ့ပြီးသော ကာလတွင် တွေ့ကြုံသိရှိရသော ကိုယ်တွေ့နေထိုင်မှုနှင့်အတူ အစားအသောက်က အနေအထိုင်ထက် သက်သာသည်ဟု ယေဘုယျဆိုနိုင်ခြင်းမှာ ဝင်ငွေ၊ ထွက်ငွေ သဘောအရသာ ဖြစ်သည်။ လူတစ်ယောက်လျှင် တစ်နေ့ စားစရိတ် (စား+အသေးသုံးအပါအဝင်) ၁၀ ဒေါ်လာမှ ၁၅ ဒေါ်လာခန့်ရှိသည်။ ခရီးစရိတ်က ခရီးတစ်ကြောင်း ၂.၅ ဒေါ်လာဖြစ်၍ ၅ ဒေါ်လာခန့် ရှိသည်။ ထို့ကြောင့် အစား + အသွားအတွက် ပျမ်းမျှ တစ်လအတွက် ၄၅၀-၅၀၀ ခန့်ရှိကြောင်း တွေ့ရသည်။ အိမ်ခန်းငှားနေပါက ၄၅၀-၅၀၀ ရှိရာ တစ်လလျှင် ၉၀၀-၁,၀၀၀ ကြား အကုန်အကျ ခန့်မှန်းခြေ (အလျှော့အတင်းရှိမည်) ရှိသည်။

အလုပ် (ပုံမှန်ပျမ်းမျှ ဝင်ငွေရသူ တစ်ယောက်) လုပ်ပါက တစ်နေ့ ၅ နာရီမှ ၈ နာရီ ဆိုကြပါစို့။ တစ်နာရီဝင်ငွေ ၈ ဒေါ်လာဖြစ်ဆိုလျှင် ၄၀ မှ ၆၀ အကြား ရနိုင်သည်။ တစ်လ (ပိတ်ရက် အလုပ်မလုပ်သောရက် ၈ ရက် ထားလျှင်) တစ်ဦးဝင်ငွေ ၉၀၀-၁,၂၀၀ ဝန်းကျင်ရှိသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် တစ်လ ၁,၀၀၀ မှ ၁,၃၀၀-၁,၄၀၀ ရနိုင်အောင် ကြိုးစားရှာဖွေလုပ်ကိုင်နေကြရသည်ကို တွေ့ရသည်။ ဝင်ငွေ အနည်းအများအလိုက် အသုံးစရိတ် ဆင်ခြင်ရပါသည်။

ဝင်ငွေပုံမှန်ရသောအလုပ်ကို မပျက်အောင် ကြိုးစားလုပ်ကိုင်ကြရ၏။ နေ့စဉ်လုပ်မှ တစ်ပတ်စာ သောကြာနေ့တွင် လုပ်ခရကြသည်က များသည်။ အချို့အလုပ်မှာ ငွေသားဖြင့် ပေးကြပြီး အချို့မှာ ချက် check ဖြင့် ပေးကြသည်။

ထိုမျှဆိုလျှင် နေစရိတ်(အိမ်ငှားခ)နှင့် စားသောက်စရိတ်မှာ ဆတူနီးပါးဖြစ်ကြောင်း တွေ့နိုင်သည်။ ထို့ကြောင့် စားစရိတ်သက်သာသည် ဆိုသည်မှာ မဟုတ်နိုင်ကြောင်း တွေ့နိုင်သည်။ ထို့ပြင် စားစရိတ်သည် အမေရိကန်ငွေ US$ ဖြင့် တစ်ကျပ်-နှစ်ကျပ်ဟုဆိုကာ သုံးကြသောငွေသည် (မြန်မာငွေဖြင့် တစ်ဒေါ်လာ ၇၅၀ အထက်နှုန်း) မည်မျှ တန်မည်ကို ခန့်မှန်းနိုင်သည်။ သို့သော် ဝင်ငွေက ထွက်ငွေ (အသုံးစရိတ်)ကို ကာမိအောင် ရကြသောကြောင့် အလုပ်ရှိသူတိုင်း ဝလင်လင် စားသောက်နိုင်ကြခြင်း ဖြစ်သည်။

ဤနိုင်ငံတွင် အလုပ်လုပ်သူများမှာ ခိုကပ်နေ၍မရ။ ထိုင်စရာခုံမရှိသော အလုပ်ကများသည်။ တစ်နာရီနှုန်းနှင့် တွက်ချက်သောကြောင့် လုပ်နိုင်မှ ရကြသည်။ အလုပ်အပြုတ် မခံဝံ့ကြ။ တာဝန်မကျေလျှင် ချက်ချင်းရပ်နားခံရမည်။ ဤနိုင်ငံတွင်ရောက်နေသော မြန်မာများ အလုပ်လုပ်နေကြပုံကိုကြည့်ပြီး မြန်မာနိုင်ငံမှာသာ သည်လိုလုပ်ကြလျှင်ဟု တွေးမိ၏။ အဘယ်ကြောင့်နည်း။

မနက် ၇ နာရီလောက်ဆိုလျှင် အိမ်မှ စထွက်ပြီ။ ရထား(ကား)ဖြင့် အလုပ်ဝင်ချိန်မီအောင် သွားရ၏။ ရထားတွေ ပေါ်များသည့်တိုင် အလုပ်ဆင်းချိန် prime time/rush home ဆိုပါက (အမြန်ရထားတစ်မျိုးလည်း ထပ်ဆွဲပေးသည်) လူကျပ်သည်။ ထို့ကြောင့် အလုပ်သွားချိန်ကို တစ်နာရီ+ ထားကြရသည်။ ထို့ကြောင့် အလုပ်ခွင်သို့ ၈ နာရီမီအောင် ဂရုစိုက်ကြရ၏။ ထို့ကြောင့် အလုပ်ချိန် ပျမ်းမျှ ၈ နာရီဆိုပါက ညနေ ၄ နာရီ အလုပ်ပြီးမည်။ ပြန်ချိန် တစ်နာရီ + ဆိုလျှင် ညနေ ၅ နာရီကျော် ၆ နာရီမှ ပြန်ရောက်ကြသည်။ မနက် ၇ နာရီမှ ည ၇ နာရီဟု ဆိုနိုင်သည်။ (နောက်ကျဝင်ရသော ဝင်ချိန်ဖြစ်ပါက ဤအတိုင်းပင် ၁၂ နာရီနှုန်းဖြင့် ထွက်သွားပါက အိမ်ပြန်ချိန် မှန်းဆ၍ရသည်။)

လုပ်ခမှာ တာဝန်ကြီးသော၊ ပင်ပန်းသော အလုပ်များဖြစ်ပါက တစ်နာရီ ၁၀ ဒေါ်လာမှ ၁၅ ဒေါ်လာ အထက်ပင် ရကြသည်။ ဆောက်ခြေသိမ်းအလုပ်ဖြစ်စေကာမူ ဝန်တင်ကားကြီးများ၊ စက်ကရိန်းကြီးများ မောင်းသူတို့ဆိုပါက ၂၀ အထက် ရကြသည်ဟု ဆိုပါသည်။ (ကော်လာဖြူ လူတန်းစားမှာ အခွင့်အရေး ကောင်းပါသည်။)

ထို့ကြောင့် အလုပ်တာဝန်ကျေပွန်ခြင်း (အလုပ်ပြုတ် မခံနိုင်၍ ကြိုးစားလုပ်ကိုင်နေကြရသည်ဖြစ်၍)ကြောင့် ဝင်ငွေ

www.burmeseclassic.com

www.burmeseclassic.com

မှန်သည်။ ဝင်ငွေက သုံးစရိတ်ကာမိအောင် ဖြစ်နေသဖြင့် လူတန်းစေ့ နေထိုင်နိုင်ကြသည်။ လူတစ်ယောက်အတွက် အခြားရနိုင်သော အခွင့်အရေးများလည်း ရှိနေပေရာ အလျဉ်းသင့်သလို ရေးပါဦးမည်။

မိမိကိုယ်တိုင် သာမန်သူတစ်ယောက် ဝယ်ယူနေရသော စရိတ်အချို့ကို ရေးပြလျှင် ပိုနားရှင်းမည် ထင်၏။

ကြက်သား(အသားနေရာအလိုက် သီးသန့်ခွဲကိုင်ထားပြီး အသင့်ထုပ်ပိုးထားရာ)ဆိုလျှင် ၁ ပေါင်ခန့်ကို ၄-၅ ဒေါ်လာ ဝန်းကျင်ရှိသည်။ နို့က ဂါလံဝက်တစ်ဘူးလျှင် ၂ ဒေါ်လာခွဲနီးပါးလောက် ရှိသည်။ အသီးအနှံများက အချို့မှာ ၂-၃ လုံးလျှင် ၁ ဒေါ်လာ၊ သို့မဟုတ် ၂ ဒေါ်လာ။ အချို့က ပေါင်ချိန်ဖြင့်ဆိုပါက တစ်ပေါင်ကို ၉၉ ဆင့်မှ ၁ ဒေါ်လာခွဲလောက်အထိ အသီးအနှံအမျိုးအစားအလိုက် ရှိကြသည်။ ဥပမာ-ပန်းသီး ၂ လုံး၊ ၃ လုံးကို ၁ ဒေါ်လာမှ ၃ ဒေါ်လာ။ ငှက်ပျောသီး တစ်ပေါင် ၉၉ ဆင့်မှ ၁ ဒေါ်လာအထက်၊ စပျစ်သီး တစ်ပေါင် ၁ ဒေါ်လာ၊ ပန်းဂေါ်ဖီ တစ်ထုပ်လျှင် ၂ ဒေါ်လာခန့်၊ နာနတ်သီး တစ်ပေါင် ၃ ဒေါ်လာ၊ အာလူး နှစ်ပိဿာလောက် ၂ ဒေါ်လာ၊ ဆန်က ၁၀ ပေါင်ထုပ် တစ်ထုပ် ၇ ဒေါ်လာခွဲမှ ၈ ဒေါ်လာလောက်၊ ဆီက တစ်ပေါင်ဘူး ၃ ဒေါ်လာခန့် အသီးသီးရှိသည်။ ထိုမျှဆိုလျှင် ဈေးနှုန်းသဘော ခန့်မှန်းနိုင်ကြပြီ။ တွက်ချက်ဝါသနာပါလျှင် မြန်မာငွေနှင့် မြန်မာအလေးချိန် ပြောင်းတွက်လျှင် ဈေးနှုန်းမည်မျှရှိကြောင်း သိပေလိမ့်မည်။ ဈေးမပေါပါ။ သို့သော် ဝင်ငွေက ကာမိခြင်းဖြစ်သည်။

အထက်တစ်နေရာတွင် တွက်ပြထားသော ဝင်ငွေအရ သာမန်အလုပ်သမားတစ်ယောက် အလုပ်ချိန် ၈ နာရီဆိုပါက ဒေါ်လာ ၆၀ ဝန်းကျင် (၅ နာရီသာ လုပ်ပါက ဒေါ်လာ ၄၀ ဝန်းကျင်) ဖြစ်ပေသည်။ (မြန်မာငွေဖြင့် ဆိုပါက တစ်နေ့လျှင် အနည်းဆုံး ဝင်ငွေ ၃၅,၀၀၀ ခန့်မှ ၅၀,၀၀၀ ကျပ် ဖြစ်နေပေပြီ။) ကုန်ငွေကလည်း တစ်လလျှင် အိမ်လခ တစ်ခုတည်းဖြင့် (၄၅၀ × ၈၅၀ = ၃၈၂,၅၀၀/၊ ၅၀၀ × ၈၅၀ = ၄၂၅,၀၀၀) ရှိနေသည် မဟုတ်ပါလား။

တစ်လလျှင် ဒေါ်လာ ၁,၀၀၀ ဝင်ငွေသည် အနည်းသုံးမျှသာ ဖြစ်၏။ (မြန်မာငွေဖြင့် ဆိုပါက ကျပ် ရှစ်သိန်းခွဲ) ဝင်ငွေနှင့်အသုံး ကာမိစေရန် ပေးထားခြင်းဖြစ်သည်။ ဒေါ်လာ ၁,၀၀၀ အထက် ဝင်အောင်ကြိုးစားနေကြရပေမည်။

မြန်မာနိုင်ငံတွင် အနည်းဆုံးဝင်ငွေမှာ ယခ သုံးသောင်းခွဲမှ ယခုအခါ ခုနစ်သောင်းခန့် တိုးမြှင့်ထားသည် ထားပါစို့။ တစ်လ တစ်သိန်း အနည်းဆုံးဝင်ငွေ။ အရာ လစာ တစ်သိန်းခွဲမျှသာ ဖြစ်သည်။ ထိုငွေသည် တစ်ယော စာမျှသာ ရှိသော်လည်း မိသားစုအတွက် ခွဲဝေသုံးစွဲရ သည်။ ကုန်ဈေးနှုန်းမှာ မြန်မာ့ကုန်ဈေးနှုန်းသည် US ဝ ဆိုခဲ့သော ဈေးနှုန်းတွေလောက် မရှိပါ။ သို့သော် ဝင်ငွေမှ မိုးနှင့်မြေလို ကွာလှ၏။ တစ်သိန်းခွဲဆိုသော ငွေသည် ဒေါ်လာ ၂၀၀ မျှပင် မရှိပါ။ ထို့ကြောင့် မြန်မာဝင်ငွေသည် မြန်မ ပစ္စည်း (စားသောက်ကုန် + လူသုံးပစ္စည်း)များနှင့်စာလျှ အလွန်နည်းလှသော အနေအထားဖြစ်သည်။ (ပင်စင်စားမျ အတွက်ဆိုလျှင် မျှော်တွေး၍ပင် ရင်လေးဖွယ်ဖြစ်သည် ဆင့်ပါးစပ် နှမ်းကြိတ်ပြီး အမှုန်ကလေးများဖြင့် ပက်နေသ ဟုပင် တင်စားရပေမည်။)

ထို့ကြောင့် လာဘ်စားမှုပပျောက်ရေး အတော် အရမ်းမရှိစေရေး ပပျောက်ရန်ဆိုသည်မှာ လစာ(ဝင်ငွေ)န အသုံး(ထွက်ငွေ)မျှတဖို့ လိုသည်။ US နှင့် စင်ကာပူကဲ့ နိုင်ငံများမှ ဝန်ထမ်းများ လာဘ်မစားဆိုသည်မှာ ၁။ ဝင် ကောင်းသည်၊ ၂။ အလုပ်ပြုတ်လျှင် ပြန်ရဖို့ မလွယ်၊ ဝန်ထမ်းတစ်ဦးအဖို့ အခြားရပိုင်ခွင့်များက ရှိနေသေးသည် ထို့ကြောင့် လာဘ်မစား (အလွန်နည်းပါးသော အရေအတွ မျှလောက်သာ ရှိကောင်းရှိမည်)ခြင်း ဖြစ်သည်။

အလုပ်လုပ်သူတိုင်း လုံလောက်မျှတနိုင်သော ဝင် ရဖို့ဆိုသည်မှာ စီးပွားရေးစနစ်နှင့် ဆိုင်သည်။ ထိုစီးပွား စနစ်သည် နိုင်ငံရေးစနစ်ပေါ်တွင် မူတည်နေသည်။ နိုင် သည် ပြည့်စုံချမ်းသာပါလျက် နိုင်ငံသားအများစုသ မလောက်မငံ၊ မပြည့်မဝ နေထိုင်စားသောက်နေရခြင်း မိမိသည် အခြားနိုင်ငံရောက်သောအခါ ပိုမိုသိမြင် ခံစား ရပါကြောင်း။ ။

မောင်ကောင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ရိုက်ယကြော ရွှေပညာ

## ( ၁၄ )

■ ဘုန်းပွင့်ထွန်း

## ကျန်းမာလာစေရန် တြိရန်း စတုရန်းကိုကြံ

မောင်သန်းဖော်နှင့် ကျွန်ုပ်တို့မှာ မတွေ့ဆုံဖြစ်ကြသည်မှာ အတော်ကြာသွားကြလေ၏။ ထို့ကြောင့် အင်္ဂလိပ်စာ ဓာတ်ရိုက်ပညာခန်းကိုလည်း တစ်ယောက်နှင့်တစ်ယောက် မဆွေးနွေးဖြစ်ကြတော့ပေ။ မဆွေးနွေးဖြစ်သောကြောင့်လည်း အင်္ဂလိပ်စာဓာတ်ရိုက်ပညာအကြောင်း ဆောင်းပါးများကို ဆက်လက်ရေးသားခြင်းမရှိဘဲ ပျက်ကွက်ခဲ့ရလေသည်။

ထိုသို့ဖြစ်ရခြင်းမှာလည်း မောင်သန်းဖော်ကလည်း သူ့အကြောင်းနှင့်သူ မကြာခဏ ခရီးထွက်နေရပြီး ကျွန်ုပ်လည်း အကြောင်းအမျိုးမျိုးကြောင့် မောင်သန်းဖော်ကဲ့သို့ပင် ခရီးထွက်နေကြရသောကြောင့် ဖြစ်ပါသည်။ ယခုမှပင် မောင်သန်းဖော်လည်း ခရီးအတွက် ပြန်ကျဲသွားလေ၏။

"အစ်ကို ... ဒီနေ့ ဘာအကြောင်းကို ဆွေးနွေးကြရင် ကောင်းမလဲ"

"မောင်သန်းဖော်က ဘယ်လိုအကြောင်း ဆွေးနွေးချင်လို့လဲ"

"ကျွန်တော်တို့ ဆွေးနွေးခဲ့ကြတာက တြိရန်းဂြိုဟ်နဲ့ တြိရန်းဂြိုဟ်တွေရဲ့ အာနိသင်အကြောင်းကိုပဲ ဆက်တိုက် ဆွေးနွေးခဲ့ကြတာ မဟုတ်လား။ ဒီဂြိုဟ်တွေရဲ့ ဓာတ်ရိုက်ပုံတွေ အတော်ကလေး စုံသွားပြီလို့ ထင်ပါတယ်။ ဒီတော့ကာ ... ကက်ကင်းတို့၊ ပဉ္စပွတ်တို့၊ ဆပွတ်တို့၊ အမြစ်အညွန့်တို့နဲ့ ဆိုင်ရာ ဓာတ်ရိုက်ပုံအကြောင်းတွေဆီကို ဆွေးနွေးကြရင် မကောင်းဘူးလား။ အသစ်အဆန်း၊ အပြောင်းအလဲ ဖြစ်တာပေါ့"

"ကောင်းသားပဲလေ။ ဒါပေမယ့် အစ်ကိုတို့ ဆွေးနွေးကြတဲ့ တြိရန်း၊ စတုရန်းအကြောင်းကို ဆက်မဆွေးနွေးဘဲ အခြားကဏ္ဍတွေကို ပြောင်းပြီး ဆွေးနွေးကြရင် ကျန်နေသေးတဲ့ တြိရန်း၊ စတုရန်းတွေရဲ့ အသုံးဝင်ပုံလေးတွေဟာ တော်ရုံနဲ့ ပြန်မဆွေးနွေးဖြစ်တော့တဲ့အပြင်၊ မေ့လျော့ပြီး ထပ်မဆွေးနွေးမိတော့ရင် ကျန်ရစ်ဖြစ်သွားနိုင်တယ်။ ဒီအကြောင်းတွေကို ဆွေးနွေးပြီးသမျှ ရောင်ပြန်မဂ္ဂဇင်းမှာ ဝါသနာရှင်တွေအတွက် ပြန်ရေးသား တင်ဆက်ပေးနေတာဆိုတော့ မကျန်ရစ်သွားစေချင်ဘူး။ ဒါကြောင့်မို့ တြိရန်းနဲ့ စတုရန်းဂြိုဟ်ကလေးတွေရဲ့ အသုံးပြုပုံတွေကိုပဲ ဆက်ဆွေးနွေးကြရင် မကောင်းဘူးလား။ ကဏ္ဍတစ်ခုကို အစအဆုံး ဆွေးနွေးပြီးမှ နောက်ကဏ္ဍကို ဆက်ကြတာပေါ့။ နို့မဟုတ်ရင် အစ်ကိုလည်း မေ့ကျန်သွားမှာ စိုးလို့ပါ"

"ဒါလည်း ဟုတ်တာပါပဲ။ အစ်ကိုသဘောပဲလေ

www.burmeseclassic.com

"ဒါဖြင့် သင်ခန်းစာကို ပြန်စကြရအောင်။ နည်းနည်း အစပြန်နွှေးကြည့်ကြမယ်။ တြိရန်းဂြိုဟ်ဆိုတာ ဘယ်လိုဂြိုဟ်မျိုးကို ခေါ်သလဲ မောင်သန်းဇော်"

"တြိရန်းဂြိုဟ်ဆိုတာ မွေးနံ့ဂြိုဟ်၊ ဒါမှမဟုတ် အလိုရှိတဲ့ ဂြိုဟ်ကနေ ရေတွက်ရင် တတိယမြောက်ဂြိုဟ်ကို တြိရန်းဂြိုဟ်လို့ ခေါ်ပါတယ်။ ဥပမာအားဖြင့် တနင်္ဂနွေသားရဲ့ တြိရန်းဂြိုဟ်ဟာ တနင်္ဂနွေကနေ စရေတွက်ရင် တစ်က တနင်္ဂနွေ၊ နှစ်က တနင်္လာ၊ သုံးက အင်္ဂါဂြိုဟ်ဖြစ်တာ တွေ့ရပါတယ်။ ဒါကြောင့်မို့ တနင်္ဂနွေသားရဲ့ တြိရန်းဂြိုဟ်ဆိုတာ တတိယမြောက်ဂြိုဟ်ဖြစ်တဲ့ အင်္ဂါဂြိုဟ် ဖြစ်ပါတယ်"

## ၁။ တြိရန်းဂြိုဟ် ကောက်ယူပုံ

"ဟုတ်ပါတယ်။ တြိရန်းဂြိုဟ်ကို အလွယ်တကူ သိနိုင်တဲ့ လင်္ကာလေး ရှိတယ်။ ဒီလင်္ကာကလေးကို မောင်သန်းဇော် မှတ်ထားလိုက်။ အစ်ကိုရွတ်ပြမယ်။

**အောင်ဆုပေါ်ထွန်း၊ ငွေလသွန်းအုံ့ . . . တဲ့။** အဲဒီ လင်္ကာသဘောကို မောင်သန်းဇော် ဖော်ကြည့်လိုက်ပါ"

"ဟုတ်ကဲ့ပါ အစ်ကို။

'အောင်'ဆိုတဲ့ တနင်္ဂနွေရဲ့ တြိရန်းဂြိုဟ်ဟာ 'ဆု' ဆိုတဲ့ အင်္ဂါ ဖြစ်ပါတယ်။

'ဆု'ဆိုတဲ့ အင်္ဂါရဲ့ တြိရန်းဂြိုဟ်ဟာ 'ပေါ်'ဆိုတဲ့ ကြာသပတေး။

'ပေါ်'ဆိုတဲ့ ကြာသပတေးရဲ့ တြိရန်းဂြိုဟ်ဟာ 'ထွန်း'ဆိုတဲ့ စနေ။

'ထွန်း'ဆိုတဲ့ စနေရဲ့ တြိရန်းဂြိုဟ်ဟာ 'ငွေ'ဆိုတဲ့ တနင်္လာ။

'ငွေ'ဆိုတဲ့ တနင်္လာရဲ့ တြိရန်းဂြိုဟ်ဟာ 'လ'ဆိုတဲ့ ဗုဒ္ဓဟူး။

'လ'ဆိုတဲ့ ဗုဒ္ဓဟူးရဲ့ တြိရန်းဂြိုဟ်ဟာ 'သွန်း'ဆိုတဲ့ သောကြာ။

'သွန်း'ဆိုတဲ့ သောကြာရဲ့ တြိရန်းဂြိုဟ်ဟာ 'အုံ့' ဆိုတဲ့ တနင်္ဂနွေ ဖြစ်ပါတယ် အစ်ကို"

## ၂။ စတုရန်းဂြိုဟ် ကောက်ယူပုံ

"ကိုင်း . . . စတုရန်းဂြိုဟ်အကြောင်းလည်း ပြန်နွှေးလိုက်ကြရအောင်။ လင်္ကာကတော့ **'အောင်လဲတေဇသကျမို့အုံး နန္ဒီသေနထုံး'**ဆိုပြီး ကျမ်းရင်းမှာ ပြထားတယ်။ အဲဒီလင်္ကာအရ မွေးနံ့ဂြိုဟ်ပေါ် မူတည်ပြီး စတုရန်းဂြိုဟ်တွေကို ကောက်ယူပေးပါဦး"

"(အောင်) တနင်္ဂနွေရဲ့ စတုရန်းဂြိုဟ်ဟာ (လ)ဆိုတဲ့ ဗုဒ္ဓဟူး။

(လ) ဗုဒ္ဓဟူးရဲ့ စတုရန်းဂြိုဟ်ဟာ (တေ)ဆိုတဲ့ စနေ။

(တေ) စနေရဲ့ စတုရန်းဂြိုဟ်ဟာ (ဇ)ဆိုတဲ့ အင်္ဂါ

(ဇ) အင်္ဂါရဲ့ စတုရန်းဂြိုဟ်ဟာ (သ)ဆိုတဲ့ သောကြာ။

(သ) သောကြာရဲ့ စတုရန်းဂြိုဟ်ဟာ (ကျ)ဆိုတဲ့ တနင်္လာ။

(ကျ) တနင်္လာရဲ့ စတုရန်းဂြိုဟ်ဟာ (မို့)ဆိုတဲ့ ကြာသပတေး။

(မို့) ကြာသပတေးရဲ့ စတုရန်းဂြိုဟ်ဟာ (အုံး)ဆိုတဲ့ တနင်္ဂနွေ ဖြစ်ပါတယ်"

## ၃။ ဘုမ္မိအရပ် ရှာပုံ

"အခု လက်ဆက်ပြီး သိရဦးမှာကတော့ ဘုမ္မိအရ ဆိုတာပဲ။ ဘုမ္မိအရပ်ဆိုတာ မကောင်းတာတွေ၊ အညစ် အကြေးတွေ၊ အဟောင်းတွေ စွန့်ပစ်ရတဲ့နေရာပေါ့။ မသ ရှင်းတဲ့ ဝတ္ထုပစ္စည်းတွေ ထားရတဲ့ နေရာလည်း ဖြစ်တယ ကုဋ္ဌိဆောက်မယ်၊ သချိုင်းထားမယ်ဆိုရင် အဲဒီ ဘုမ္မိအရ မှာ ထားရတယ်။ အခု မောင်သန်းဇော် သိထားရမှာ သင်ခန်းစာအသစ်ဖြစ်တဲ့ ဘုမ္မိအရပ်ဆိုတာ ပါလာပြီနော်"

"ဟုတ်ကဲ့ အစ်ကို"

"ဘုမ္မိအရပ်ကို ရှာတာ မခက်လှပါဘူး။ ဂြိုဟ်ရှစ်ခွင် ချရမယ်။ ဂြိုဟ်ရှစ်ခွင်ထဲမှာ လိုသူရဲ့ မွေးနံ့ကနေ ရေတွက်ရင် လေးခုမြောက် ဂြိုဟ်ခွင်အရပ်ဟာ ဘုမ္မိအ ဖြစ်တယ်။ ဘုမ္မိအရပ်ကို လက်တွေ့သိသွားရလေအော ဂြိုဟ်ရှစ်ခွင်ဇယားကို တစ်ခုချ၊ ပြီးရင် ဂြိုဟ်ရှစ်ခွင်တည် အရပ်တွေကို ဇယားကွက် တစ်ခုချ၊ အဲဒီဇယားကွက်နှ ကို ယှဉ်ကြည့်ပြီး နေ့သားအလိုက် ဘုမ္မိအရပ်တွေကို လ တွေ့ရှာကြည့်လိုက်ကြရအောင်"

မောင်သန်းဇော်မှ ဇယားကွက်နှစ်ခုကို ရေး လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ |
| သောကြာ | | ဗုဒ္ဓဟူး |
| ရာဟု | ကြာသပတေး | စနေ |

ဂြိုဟ်တည်ပုံ

| | | |
|---|---|---|
| အရှေ့မြောက် | အရှေ့ | အရှေ့တောင် |
| မြောက် | | တောင် |
| အနောက်မြောက် | အနောက် | အနောက်တောင် |

ဂြိုဟ်တည်ရာ အရပ်မျက်နှာ

"အစ်ကိုပြောသလို ဂြိုဟ်ရှစ်ခွင်ဇယားကွက်နဲ့ ဂြိုဟ်တို့ရဲ့ တည်ရာအရပ်ပြဇယားကွက်တွေကို ရေးချပြီးပြီ။ ဘာဆက်လုပ်ရမလဲ အစ်ကို"

"ဘုမ္မိအရပ်ကို ရှာကြမယ်။ ဘုမ္မိအရပ်ဟာ အဒ္ဓဘတ်ခွင်မှာ မွေးနံဂြိုဟ်ကနေပြီးတော့ လက်ျာရစ် ရေတွက်ရင် လေးခုမြောက်ဂြိုဟ်အရပ်ဟာ အဲဒီမွေးနံဂြိုဟ်ရဲ့ ဘုမ္မိအရပ်ပဲ။ ဒါကြောင့်မို့ တနင်္ဂနွေနေ့သားရဲ့ ဘုမ္မိအရပ်ကို ရှာမယ်ဆိုရင် တနင်္ဂနွေဂြိုဟ်ကွက်ကနေစပြီး လက်ျာရစ် လေးကွက်ရေတွက်မယ်ဆိုရင် ဘယ်ဂြိုဟ်ကို ရောက်မလဲ။ ကြည့်စမ်း မောင်သန်းဇော်"

"တနင်္ဂနွေဂြိုဟ်အိမ်ကနေ လက်ျာရစ် ရေတွက်မယ်ဆိုရင် ဗုဒ္ဓဟူးဂြိုဟ်အိမ်ဌာနကို ရောက်ပါတယ်"

"ဗုဒ္ဓဟူးအရပ်ဟာ ဘယ်အရပ်လဲဆိုတာ ဇယားကွက်မှာ ကြည့်လိုက်ပါဦး"

"ဗုဒ္ဓဟူးရဲ့အရပ်ဟာ တောင်အရပ်ဖြစ်ပါတယ်"

"ဟုတ်ပြီ"

"တနင်္ဂနွေနေ့သားသမီးရဲ့ ဘုမ္မိအရပ်ဟာ ဗုဒ္ဓဟူးဂြိုဟ်တည်ရာ တောင်အရပ်ဖြစ်တယ်။ ဒီအတိုင်းပဲ တနင်္လာနေ့သားသမီးနဲ့တကွ ခုနစ်ရက်သားသမီးတွေရဲ့ ဘုမ္မိအရပ်ကို မောင်သန်းဇော် ရှာလို့တတ်ပြီပေါ့နော်"

"တတ်ပါပြီ"

"ဒါဆိုရင် ခုနစ်ရက်သားသမီးတွေရဲ့ ဘုမ္မိအရပ် အသီးသီးကို မောင်သန်းဇော် ရှာဖွေပြီး ပြောပြပေးပါဦး"

## ခုနစ်ရက်သားသမီးတို့၏ ဘုမ္မိအရပ်များ

"နေ့အလိုက် ခုနစ်ရက်သားသမီးရဲ့ ဘုမ္မိအရပ်တွေကို ရှာကြည့်ရင် ...

၁။ တနင်္ဂနွေနေ့သားသမီးရဲ့ ဘုမ္မိအရပ်ဟာ ဗုဒ္ဓဟူးအရပ်ဖြစ်တဲ့ တောင်အရပ် ဖြစ်ပါတယ်။

၂။ တနင်္လာနေ့သားသမီးရဲ့ ဘုမ္မိအရပ်ဟာ စနေအရပ်ဖြစ်တဲ့ အနောက်တောင်အရပ် ဖြစ်ပါတယ်။

၃။ အင်္ဂါနေ့သားသမီးရဲ့ ဘုမ္မိအရပ်ဟာ ကြာသပတေးအရပ်ဖြစ်တဲ့ အနောက်အရပ် ဖြစ်ပါတယ်။

၄။ ဗုဒ္ဓဟူးနေ့သားသမီးရဲ့ ဘုမ္မိအရပ်ဟာ ရာဟုအရပ်ဖြစ်တဲ့ အနောက်မြောက်အရပ် ဖြစ်ပါတယ်။

၅။ စနေနေ့သားသမီးရဲ့ ဘုမ္မိအရပ်ဟာ သောကြာအရပ်ဖြစ်တဲ့ မြောက်အရပ် ဖြစ်ပါတယ်။

၆။ ကြာသပတေးနေ့သားသမီးရဲ့ ဘုမ္မိအရပ်ဟာ တနင်္ဂနွေအရပ်ဖြစ်တဲ့ အရှေ့မြောက်အရပ် ဖြစ်ပါတယ်။

၇။ ရာဟုနေ့သားသမီးရဲ့ ဘုမ္မိအရပ်ဟာ တနင်္လာအရပ်ဖြစ်တဲ့ အရှေ့အရပ် ဖြစ်ပါတယ်။

၈။ သောကြာနေ့သားသမီးရဲ့ ဘုမ္မိအရပ်ဟာ အင်္ဂါအရပ်ဖြစ်တဲ့ အရှေ့တောင်အရပ် ဖြစ်ပါတယ်"

"ဒီလောက်အထိ သိလာပြီဆိုတော့ ဒီတွိရန်းရယ်၊ စတုရန်းရယ်၊ ဘုမ္မိအရပ်ရယ် တွဲဖက်ပြီး မကျန်းမာတဲ့သူကို ရောဂါဝေဒနာမှ လွတ်ကင်းချမ်းသာပြီး အမြန်ပျောက်စေတဲ့ 'အောက်မှာနင်းကြမ်း လက်ဆောင်ပန်း' လို့ အင်္ဂဝိဇ္ဇာပညာရှင်တွေ ဆိုထားတဲ့ ဓာတ်ရိုက်ယတြာနည်းလေးကို ဆက်ဆွေးနွေးလို့ ရပါပြီ"

"ကျွန်တော့်အဒေါ်တစ်ယောက် မကျန်းမာနေတာနဲ့ အတော်ပဲ။ အခု အစ်ကိုပေးတဲ့နည်းလေးကို သုံးကြည့်ရမယ်"

"သုံးကြည့်ပါ။ ကံနာ၊ ဝဋ်နာမဟုတ်ရင် အမြန်ဆုံး ပြန်လည်ကျန်းမာလာပါလိမ့်မယ်။ ဒါက ရှေးကတည်းက



www.burmeseclassic.com

www.burmeseclassic.com

ရှိနေတဲ့ ပညာတွေပဲ။ ဆရာအရှင်တွေအသုံးချခဲ့တဲ့ပညာပဲ''

''ဘယ်လိုအသုံးပြုရမလဲ အစ်ကို''

## မကျန်းမာသူ ကျန်းမာလာစေရန် ဓာတ်ရိုက်ယတြာနည်း

''ဘယ်နေ့သားမဆို ကျန်းမာရေး မကောင်းခဲ့ရင် အမြန်ပျောက်ကင်းချမ်းသာလာစေဖို့အတွက် အဲဒီနေ့သားသမီးရဲ့ တြိရန်၊ စတုရန်း ဓာတ်နံ့အရွက်တွေကို အိပ်ရာအောက်၊ တင်ပါးတည့်တည့်မှာ ဖြန့်ခင်းပြီး အဲဒီအပေါ်က နေ တက်အိပ်ရမယ်။

ရက်သတ္တပတ်ကြာတဲ့အခါ အဲဒီ ခင်းအိပ်ထားတဲ့ တြိရန်၊ စတုရန်း ဓာတ်နံ့သင့် အညွန့်အခက်တွေကို ဘုမ္မိအရပ်မှာ သွားစွန့်ရမယ်။ အဲဒီလို ရက်သတ္တပတ်ကြာလို့ ရက်စေ့တိုင်းမှာ အဟောင်းကို ဘုမ္မိအရပ်မှာ စွန့်ပြီး၊ အသစ်ပြန်ခင်းအိပ်ရမယ်။ ဓာတ်ဟာ နိုင်မာပြီး ကျန်းမာရေး ကောင်းလာလိမ့်မယ်''

မောင်သန်းဇော်က ကျွန်ုပ်ပြောသည်ကို ရေးမှတ်နေလေ၏။ ထို့ကြောင့် မောင်သန်းဇော် ရေးမှတ်နေသည်ကို အချိန်ခဏစောင့်ပြီးမှ စကားပြန်ဆက်ရသည်။

''ကိုင်း ... မောင်သန်းဇော်၊ တြိရန်းနဲ့ စတုရန်း၊ စတုရန်းနဲ့ တြိရန်း တွဲဖက်နေတဲ့ နံ့သစ်ရွက် အညွန့်အခက်တွေကို ကြဲစည်ကြည့်ပါဦး''

## တြိရန်း၊ စတုရန်း အညွန့်အခက်၊ အရွက်များ

''၁။ တနင်္ဂနွေအတွက် တြိရန်း၊ စတုရန်း အရွက်အခက်ကတော့ စောင်းလျား၊ ဇလပ်၊ ဇီဇဝါ။

၂။ တနင်္လာနေ့သားအတွက်ကတော့ လက်ပံ၊ ရင်းမာ။

၃။ အင်္ဂါနေ့သားအတွက် မရသိမ်၊ ပျဉ်းတော်သိမ်၊ ဖက်သန်း။

၄။ ဗုဒ္ဓဟူးနေ့သားအတွက် သနပ်။

၅။ ကြာသပတေးနေ့သားအတွက် ဥန္နဲ၊ ထအောင်း။

၆။ သောကြာနေ့သားအတွက် အင်ကြင်း၊ ကျီးအာ။

၇။ စနေနေ့သားအတွက် ကန့်စွန်း၊ ကြက်ဆူ၊ ကညင်တို့ ဖြစ်ပါတယ်''

''နောက်ဆုံး ကျန်းမာလာစေဖို့ တြိရန်း၊ စတုရန်း ဓာတ်ဆင်နည်းကို အလွယ်တကူ လေ့လာသိရှိသွားကြ အောင် မောင်သန်းဇော် ဇယားလေးတစ်ခုလောက် တီထွင် ပြီး လုပ်လိုက်ပါဦး''

### မကျန်းမာလျှင် ဓာတ်ဆင်ပုံဇယား

| နေ့ | ခင်းအိပ်ရန် တြိ၊ စတု | စွန့်ပစ်ရန်အရပ် (ဘုမ္မိ) |
|---|---|---|
| တနင်္ဂနွေ | စောင်းလျား၊ ဇလပ်၊ ဇီဇဝါ | တောင်အရပ် |
| တနင်္လာ | လက်ပံ၊ ရင်းမာ | အနောက်တောင် |
| အင်္ဂါ | ဖက်သန်း၊ ပျဉ်းတော်သိမ်၊ | အနောက် |
| ဗုဒ္ဓဟူး | သနပ် | အနောက်မြောက် |
| ကြာသပတေး | ဥန္နဲ၊ ထအောင်း | အရှေ့မြောက် |
| သောကြာ | အင်ကြင်း၊ ကျီးအာ | အရှေ့တောင် |
| စနေ | ကန့်စွန်း၊ ကြက်ဆူ၊ ကညင် | မြောက် |

ရှင်းလင်းချက် ။ ။ ထိုဇယားအရ တနင်္ဂနွေ နေ့သားသမီး မကျန်းမာလျှင် စောင်းလျား၊ ဇလပ်၊ ဇီဇဝါ အစရှိသော တနင်္ဂနွေ၏ တြိရန်း၊ စတုရန်းပါ ဓာတ်နံ့သစ် ရွက်ကို ထိုမကျန်းမာသော တနင်္ဂနွေသားသမီး၏ တင်ပါး အောက်၌ ခင်းဖြန့်၍ အိပ်ပါ။ ခုနစ်ရက်ပြည့်လျှင် ထိုခင်း အိပ်ထားသော ဓာတ်နံ့သစ်ရွက်ကို ဘုမ္မိအရပ်ဖြစ်သော မိမိနေအိမ်၏ တောင်ဘက်ဘက်မှာ ''ဘေးဥပဒ် အဖျား ရောဂါကင်းလွတ်စေ''ဟူ၍ ပစ်လိုက်ပါ။ နောက်ထ အသစ်ပြန်ခင်းပြီး ထိုအတိုင်းပြုလုပ်လျှင် ကျန်းမာရေး လျှ မြန်စွာ ကောင်းလာပါလိမ့်မည်။

အခြားနေ့သားသမီးများကိုလည်း ဇယားတွင်ကြည့် ၍ တနင်္ဂနွေနေ့သားသမီး ပြုလုပ်သောနည်းအတိုင်း ပြုလု နိုင်ပါသည်။

ဘုန်းပွင့်ထွန်း ၁၀၇

www.burmeseclassic.com

www.burmeseclassic.com

# ဘာဓာတ်တွေပျက်နေလဲ

## ဘယ်ယတြာ ချေမှာလဲ

✦ ဆရာမိုးဟန်ကြွယ်

မိမိတို့၏ ကိုယ်ခန္ဓာဆိုသည်ကား ဓာတ်ကြီးလေးပါးတို့ ပေါင်းစုဖွဲ့တည်ထားရာဆိုလျှင် မမှား။

ထိုဓာတ်ကြီးလေးပါးကို ပထဝီဓာတ်၊ တေဇောဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ် ဟူ၍ သိနေကြပြီးသား ဖြစ်လိမ့်မည်။ အဆိုပါ ဓာတ်တစ်ပါးပါး ပျက်ယွင်းပြီဆိုပါက ကာယကံရှင်အဖို့ သောကပင်လယ်ဝေဖို့သာ ရှိပါတော့သည်။ ထိုရောအခါဝယ် ဆေးရုံဆေးခန်းများကို အားကိုးရတော့၏။ နာတာရှည်ဖြစ်ပါက မြန်မာဆေးဆရာတို့အပေါ် အားကိုးအားထားပြုရ နည်းတူလည်း ရှိ၏။

ကျန်းမာရေးချို့ယွင်းပြီဆိုပါက ကာယကံရှင်နှင့်တကွ မိသားစုဆွေမျိုးသားချင်းတို့အဖို့ ဒုက္ခများရချေတော့၏။ ငွေကြေးဝသော အခက်အခဲပေါင်းစုံတို့နှင့် ကြုံလာရတော့၏။ စိတ်မချမ်းသာစရာချည်းပါပေ။ ထိုရောအခါမှ ကျန်းမာခြင်းသည် တကယ့်ကို လာဘ်ကြီးတစ်ပါးပါလားဟူ၍ သိလာ၊ နားလည်လာရတော့သည်။ သည်တော့ ကျန်းမာရေးကိစ္စ စကားပြောလာပြီဆိုပါက လောကီရေးအရ မည်သည့်ဓာတ်ပျက်နေသည်ကို အဖြေရှာရပါမည်။ အဖြေထွက်လာသောအခါဝယ် ဝေဒနာလျော့ပါးရေး ပျောက်ကင်းရေးအတွက် ယတြာချေခြင်းအမှုကို ပြုရပါတော့သည်။ သို့ဆိုလျှင် မည်သည့်ဓာတ်ပျက်နေသည်ကို မည်သို့ အဖြေရှာမည်နည်း။

ဦးစွာ မိမိရောက်နေသော အသက်ကို သိဖို့လိုပါသည်။

အသက်သိပြီဆိုလျှင် အသက်ကို ၂၀ နှင့် ပေါင်းရပါမည်။ ရလာသောပေါင်းလဒ်အား ၄ ဖြင့် စားရပါမည်။ အကြွင်းမရှိဘဲ ပြတ်သည်ဆိုပါက ပထဝီဓာတ် ပျက်သည်ဟု မှတ်ယူရပါမည်။

အသက်ကို ၄ နှင့် ပေါင်းပြီး ပေါင်းလဒ်အာ ၄ ဖြင့်စား၍ အကြွင်းမရှိ ပြတ်သည်ဆိုပါက တေဇောဓာတ် ပျက်သည်ဟု မှတ်ယူရပါမည်။

အသက်ကို ၁၂ နှင့် ပေါင်းပြီး ပေါင်းလဒ်အာ ၄ ဖြင့်စား၍ အကြွင်းမရှိ ပြတ်သည်ဆိုပါက အာပေါဓာတ် ပျက်သည်ဟု မှတ်ယူရပါမည်။

အသက်ကို ၆ နှင့် ပေါင်းပြီး ပေါင်းလဒ်အာ ၄ ဖြင့်စား၍ အကြွင်းမရှိ ပြတ်သည်ဆိုပါက ဝါယောဓာတ် ပျက်သည်ဟု မှတ်ယူရပါမည်။

ထိုနည်းဖြင့် မည်သည့်ဓာတ်တွေ ပျက်နေကြောင်းကို အဖြေရှာထုတ်နိုင်ပါသည်။ အဖြေရပြီဆိုလျှင် မည်သည့်ယတြာကို ချေရပါမည်နည်း။ သည့်အတွက် လွယ်ကူသော၊ အကုန်အကျလည်း မများသော ဓာတ်ပျက်ယတြာချေနည်းကို ဖော်ပြလိုက်သည်။ ယုံကြည်မှုခိုင်မြဲစွာဖြင့် လုပ်ဆောင်ကြည့်ပါက အကျိုးထူးမည်မှာ သေချာပါသည်။

**ပထဝီဓာတ် ပျက်နေသည်ဆိုပါလျှင်**

ဘုရားစေတီ၊ လမ်း၊ ဗောဓိညောင်ပင် အစရှိသော နေရာများ၌ သဲပြည် ၂၀၊ သို့တည်းမဟုတ် အုတ်အလုံး ၂၀ ခင်း၍ ကျန်းမာပါစေကြောင်း ဆုတောင်းပါ။

**တေဇောဓာတ် ပျက်နေသည်ဆိုပါလျှင်**

ဘုရား၌ ဆီမီး၊ ဖယောင်းတိုင် ၄ တိုင်၊ အမွှေးနံ့သာတိုင် ၄ တိုင်တို့ကို ထွန်းညှိပူဇော်၍ ကျန်းမာပါစေကြောင်း ဆုတောင်းပါ။

**အာပေါဓာတ် ပျက်နေသည်ဆိုပါလျှင်**

ဘုရားသို့သွား၍ မွေးနံ့ထောင့်တွင်လည်းကောင်း၊ သို့တည်းမဟုတ် ဗောဓိညောင်ပင်၌ ရေ ၁၂ ခွက် လောင်း၍ ကျန်းမာပါစေကြောင်း ဆုတောင်းပါ။

**ဝါယောဓာတ် ပျက်နေသည်ဆိုပါလျှင်**

ဘုရား၌ ယပ် ၆ ခု လှူပါ။ သံဃာတော် ၆ ပါးအား ယပ် ၆ ခု လှူပါ။

ထိုသို့ ကျန်းမာရေးချူချာသူများ တွက်ချက်ကြည့်ကာ ယတြာချေကြည့်ပါလျှင် အကျိုးထူးနိုင်သည်မို့ စာမျက်နှာထက်ဝယ် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါတော့၏။

ဆရာမိုးဟန်ကြွယ်

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဘဝနှင့် ရည်မှန်းချက်

မေဝ့ါမျက်လုံးအိမ်မှ မျက်ရည်ဥကလေးများသည် လူးလိမ့်ခုန်ပေါက်၍ ဆင်းလာ၏။ ကိုအောင်သည် လွတ်နေသော လက်တစ်ဖက်ဖြင့် မေဝ့ါမျက်ရည်စီးကြောင်းကို ယုယစွာသုတ်ပေးလိုက်ရင်းက ရင်တွင်းမှ ကြေကွဲတစ်ဆို့နေသော အသံကြီးဖြင့် ပြောလိုက်၏။

"အားမငယ်ပါနဲ့ မေရယ်။ ကိုအောင် နားလည်ပါပြီကွယ်။ ကိုအောင်တို့မှာ သမီးဆိုတဲ့ ရင်သွေးငယ်က သံယောဇဉ်တစ်ဆင့် တိုးလာပြီပဲ။ ကိုအောင့်ဘဝကို ကိုအောင် နားလည်ရတော့မှာပေါ့"

အငှားယာဉ်သည် မညီမညာသော ချိုင့်ဝှမ်းများ ပြည့်နှက်နေသည့် လမ်းကို မောင်းရသဖြင့် လူးလိမ့်ခုန်ပေါက် လှုပ်ရှားနေ၏။

မေဝါသည် ကိုအောင့်လက်မောင်းကိုမှီရင်း ရင်၌ တရှိုက်မက်မက် ခံစားနေရသည်။ ကိုအောင်က အငှားယာဉ် လှုပ်ရှားလွန်းသဖြင့် ဇနီးသည် မေဝါ သွေးနုသားနုနှင့်မို့ ဦးခေါင်း၊ ကိုယ်ခန္ဓာတို့ မနာကျင်စေရန်အတွက် မိမိလက်မောင်းဖြင့် ယုယကြင်နာစွာဖြင့် အကာအကွယ်ပေးထားခြင်းလည်း ဖြစ်၏။

## ရွှေမြို့တ်သောင်းတင်

သည်ကြင်နာယုယမှုလေးကဖြင့် မေဝါ ကုန်လွန်ခဲ့ပြီးသော အတိတ်ကို ဖယ်ရှားနိုင်စွမ်း၊ ခွင့်လွှတ်နိုင်စွမ်းရှိပြီဟု မေဝ့ါရင်ထဲ ဖြစ်ပေါ်ဆုံးဖြတ်မိခြင်းနှင့်အတူ ဝမ်းသာကြည်နူးမှု ပြင်းထန်၍ကျမိသော မျက်ရည်ကြောင့်လည်း ကိုအောင့်ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သည်ဘဝ၊ သည်တစ်သက်တွင် သည်လို ကြင်နာမှုမျိုးကို ကိုအောင် ဘယ်သောအခါမှ ပေးလိမ့်မည်မဟုတ်ဟု မေဝါ ထင်ခဲ့ပါသည်။

ယခုမူ…

◆

သတင်းစာကို ကိုင်ထားသော မေဝါ့လက်သည် တဆတ်ဆတ် တုန်နေသည်။

အမိနှင့်အဖသည် မိမိအား တကယ်ပင် တိုင်းသိပြည်သိ စွန့်လွှတ်ကြောင်း ကြေညာလိုက်ချေပြီဖြစ်သည်။

မေဝါ့ရင်၌ အောင့်အည်းထားမရအောင် ခံစားရသည်။ မေဝါဘာမျှ မတတ်နိုင်ပါ။ အခြေအနေသည် အားလုံး ပြောင်းလဲသွားပြီပဲ။ သည်လောကဝယ် အားကိုးစရာဟူ၍ ကိုအောင်ပဲရှိတော့၏။ ကိုအောင်ကို ချစ်လွန်း၍လည်း မေဝါသည် အမိအဖတို့၏ အစီအမံကိုဖျက်ကာ ကိုအောင့်နောက်သို့ လိုက်ခဲ့ခြင်းပင် မဟုတ်ပါလား။

"ကိုအောင်"

"ဘာလဲမေရယ်။ မေ ဘာပြောချင်လို့လဲ"

"ဒီသတင်းစာ ဖတ်ပြီးပြီလား ဟင်"

"ပြီးပြီလေ။ ဘာလို့ ဝမ်းနည်းရမှာလဲ မိန်းမရာ။ လောကကြီးမှာ ဒီလိုပဲပေါ့။ ဖြစ်ပျက်တတ်ပါတယ်။ ဝမ်းမနည်းပါနဲ့ကွာ။ မေ့အနားမှာ ကိုအောင်ရှိနေပြီပဲ"

မေဝါ ခေါင်းညိတ်သည်။ သတင်းစာကို ချ၍ ကိုအောင့်ကို လှမ်းဖက်လိုက်သည်။ မေဝါ ကိုအောင့်ကို တင်းတင်းကျပ်ကျပ် ဖက်ထားမိသည်။

အမှန်တော့…။

ဟုတ်ပါသည်။ မေဝါ့ အနား၌ မေဝါ တကယ်ချစ်သော ကိုအောင် ရှိနေပြီပဲ မဟုတ်ပါလား။

◆

"ပဲပြုတ်တော်ရေ…ပဲပြုတ်"

နံနက်ခင်းရောက်ပြီဟူသော သင်္ကေတကို ဟစ်ကြွေးလိုက်ခြင်းဝင် ဖြစ်သည်။ မေဝါသည် အိပ်ရာမှ ထလိုက်၏။

"မေ နိုးပြီလား"

ကိုအောင် မျက်လုံးမှိတ်ထားရင်းက မေးလိုက်သည်။

"နိုးပြီပေါ့၊ မိုးလင်းနေပြီပဲ"

"ပဲပြုတ်သည်အော်သံ ဒီနေ့မှ ကြားရတော့တယ်"

"ဟုတ်တယ်လေ။ မမထွေး ကလေးမျက်နှာမြင်တာကိုး"

"ဪ…မေက သိနေပြီပဲ။ မမထွေးတဲ့လား"

"ဟုတ်တယ် ကိုအောင်။ သူ့နာမည်အပြည့်အစုံက မခင်ထွေးတဲ့။ သဘောကောင်းပါတယ်"

"ဪ…ဒါနဲ့ မေ"

"ပြောလေ ကိုအောင် ဘာပြောချင်လို့လဲ"

"ပါလာတဲ့ငွေတွေလည်း ကုန်ပြီနော်"

"အင်း… ဟုတ်ပါရဲ့။ တစ်နှစ်ကိုးသီတင်းဆိုသလို ထိုင်စားနေရတော့လည်း ဒီငွေ ငါးထောင်ဟာ ဘယ်ခံပါ့မလဲကို အောင်ရယ်။ အိမ်လခတောင် ဒီလဆိုရင် နှစ်လတွက် ပေးရမှာ"

"ပဲပြုတ်တော်ရေ…ပဲပြုတ်"

ပဲပြုတ်သည် မခင်ထွေး၏ အော်သံမှာ သဲ့သဲ့မျှသာ ကြားရတော့ပြီ။ မေဝါသည် အတန်ကြာအောင် တွေဝေနေမိသည်။ ကိုအောင်ကတော့ ငြိမ်သက်နေဆဲ။

"ကိုအောင်"

"အင်း..ပြော"

"လောလောဆယ်တော့ ဒါလေး ထုခွဲလိုက်တာပေါ့ ကိုအောင်ရယ်။ မေ့လက်စွပ်လေး ရောင်းလိုက်ပါ။ ရတဲ့ငွေ

ချေတာသုံးတာပေါ့။ မေလည်း တစ်ခု
လုပ်မလား စဉ်းစားတယ်"

ကိုအောင် အိပ်ရာမှ ဝေါက်ကန
ထထိုင်သည်။ မေဝါက သူ့လက်စွပ်လေ
ချွတ်ပေးသည်။

"မေက သိပ်လိမ္မာတာပဲ။ မေ
သဘော။ မေကြိုက်တာလုပ်"

ကိုအောင်သည် လက်စွပ်ကိုယူ၍
ကပျာကသီနှင့် မျက်နှာသစ်ပြီးနောက်
ထွက်သွားလေသည်။

မနက်မှထွက်သွားသော ကိုအော
သည် မိုးကြီးချုပ်မှ ပြန်လာ၏။ ပြန်ရော
လာသော်လည်း ကောင်းကောင်း ပြန်လ
ခြင်းမျိုး မဟုတ်။ မူးပြီး ပြန်လာ၏။ ဘာ
မစားချင် မသောက်ချင်ဟုဆိုကာ မေဝါ
ငွေနှင့် အရောင်း ဘောက်ချာပေး၍ အိပ်
ပေါ်လှဲပစ်ချကာ နှစ်ခြိုက်စွာ အိပ်ပျေ
သွား၏။

မေဝါက ငွေနှင့် ဘောက်ချာ
စစ်ဆေးတိုက်ကြည့်၏။ မြလက်စွပ် ရွှေ
သုံးမူးသားနှင့် မြအပါအဝင် စုစုပေါ
သုံးသောင်းငါးထောင်ဟု ရေးထား၏။
သော် မေဝါ လက်ခံရရှိသည်မှာသုံးသော
သာရှိရာ ငွေငါးထောင် ကွာနေသည်။

မေဝါ တွေးမရဘဲရှိသည်။ ငွေ
ထောင်တစ်နေ့တည်းနှင့် ဘယ်လိုကုန်
သနည်း။ နောက်နေ့ အိပ်ရာမှ နိုး၍ မေ
သောအခါ သူငယ်ချင်း အပေါင်းအသ
များနှင့် ကုန်သည်ဟု အဖြေရသည်။

မေဝါ ဘာမျှ မပြောပါ။

မောင့်တစ်မျက်နှာ တစ်ရွာထင်
လိုက်ခဲ့သော မေဝါသည် ကိုအောင့်
ဘာမျှ မပြောရက် မဆိုရက်။

မေဝါသည် ငွေကိုကိုင်၍ ရှေ
ကို တွေးသည်။ ကိုအောင်သည် တွေ
သော မေဝါ့ကိုကြည့်ကာ ခေါင်းယ
လိုက်သည်။

◆



www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ရေးဆိုသည်မှာ ဒီလိုပဲလား။

မေဝါ စဉ်းစားနေသည်။ ငယ်ရွယ်သူများဖြစ်၍ အတွေ့အကြုံမရှိပါ။ သို့သော် ချစ်ခြင်း၊ ကြိုက်ခြင်းသည် ဟန့်တား ဖယ်ရှား၍ မရသော နိယာမတရားဖြစ်သည်။ ဒီလောက်တော့ မေဝါ တွေးတောတတ်သည်။ အမိအဖတို့ သဘောမတူသည့်သူနှင့် အိမ်ထောင်ဖက်ပြုသူတိုင်းသည်သို့ပင် ရင်၌လွယ်၍ မွေးဖွားခဲ့သော သားသမီးတွေကို စွန့်ပစ်ပယ်ပစ်ကြလေသလား။ မေဝါ စဉ်းစား၍ မရပါ။

ယခု ရာသီတွေ အလီလီပြောင်းခဲ့လေပြီ။

မိမိအား ချစ်လှချည်ရဲ့။ ရင်သွေးဟူက ရွှမဝဟု တဖွဖွ ဆိုခဲ့ကြသည့် အမိနှင့် အဖသည် သည်ရာသီ ဒီအချိန်အထိ စွန့်ပယ်ထားပြီး နေနိုင်ဘိခြင်း။

ကိုအောင့်မိဘများကလည်း သည်သို့ သည်နှယ်ပင်။ အတောင်မစုံခင် ပျံသန်းကြသည်။ အမိအဖတို့ကို အလေးမထားကြဟူသော အကြောင်းအဆိုများဖြင့် ပစ်ပယ်ထားကြသည်။

မေဝါ တွေးရင်း ခေါင်းခြောက်လာသည်။ ထို့ကြောင့် မေဝါအတွေးကို ဖြတ်သည်။ ရှေ့၌ ဆက်လက်ရမည့် ခရီးကို တွေးတော သုံးသပ်သည်။

ရှေ့ရေး…။

ဟုတ်ပါသည်။ ရှေ့ရေးကို မည်သို့တည်ဆောက်ပါမည်နည်း။ ရှေ့ရေးသည် ရင်လေးစရာအဖြစ် တွေ့ရှိလာရသည်။ ကိုအောင်သည် အရင်ကလိုပင် ရှိနေသည်။ ရှေ့ရေးနောက်ရေး စဉ်းစားပုံမပေါ်သေးပါ။ နေ့စဉ်ပင် အပြင်သို့ထွက်၍ သောက်လိုက်၊ စားလိုက်၊ ပျော်လိုက်ပါးလိုက်နှင့်။

မေဝါက ကိုအောင့်ကို ဘယ်လိုမျှ မကန့်ကွက်။ ကိုအောင်ကို စိတ်ချမ်းသာအောင်သာ ထားမည်။

ငယ်ရွယ်သူဆိုပေမယ့် မေဝါသည် တွေးတောတတ်သည်။ မိမိ၏ လက်ရှိအနေအထားသည် မည်သူ့ကိုမျှ သဘောမမျှ ရှိစေ၍မဖြစ်။ အားလုံးနှင့် သင့်တင့်လျောက်ပတ်စွာရှိရမည် မဟုတ်ပါလား။

ရှေ့ရေး။ ဟုတ်ပါသည်။ မေဝါတွင် ရှေ့ရေးအတွက် တစ်ခုခု ဆုံးဖြတ်ရပေတော့မည်။ တစ်ဝမ်းတစ်ခါးအတွက်တော့ မေဝါလုပ်ရပေတော့မည်။ မေဝါ့ပတ်ဝန်းကျင်၌ သည်သို့ပင် တစ်ဝမ်းတစ်ခါးအတွက် ရုန်းကန်လှုပ်ရှားနေရသည်သူတွေ တစ်ပုံတစ်ပင်ကြီး။

သည်သို့ဆိုလျှင် မခင်ထွေးသည် သနားစရာကောင်းလှ၏။ ကလေးတစ်ဖက်နှင့် နံနက်စောစော တကြော်ကြော်အော်ကာဟစ်ကာ ပဲပြုတ်ရောင်းရ၏။ အမြတ်ငွေထဲမှ စားဖို့သောက်ဖို့ စီစဉ်ရ၏။ ခင်ပွန်းလင်အတွက် အရက်ဖိုး ဖဲ့ပေးရသေးသည်။

မခင်ထွေး၏ ခင်ပွန်းသည် ကိုပေါက်ကျော်သည် ဘာအလုပ်မှမလုပ်။ ဓနီးသည် မခင်ထွေး၏ ဦးဆောင်မှုဖြင့် ကိုပေါက်ကျော် အခန့်သားနေ၏။ မခင်ထွေးကလည်း ဘာမျှ မပြောပါ။ ချစ်လင်ကို စိတ်ချမ်းသာအောင် ထား၏။ သည်သို့သည်နှယ် ပတ်ဝန်းကျင် မြင်ကွင်းက မေဝါ၌ ထင်ဟပ်နေသည်။

လူတိုင်းအတွက် ဘဝကို ရုန်းကန်ဖို့ လိုအပ်ချက်များ အပြည့်အစုံပါလာသည်ပဲ မဟုတ်လား။

တစ်ခုခုလုပ်တော့မည်ဟု ဆုံးဖြတ်ချက်ချသည့်နေ့မှာပင် မေဝါ၌ ဝေဒနာတစ်ခု ဝင်လာခဲ့တော့သည်။ ဝေဒနာက မူးဝေလာသည်။ အစားအသောက်ပျက်လာသည်။ နောက်တော့ မေဝါ့ရည်မှန်းချက်ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်နိုင်ဘဲ အိပ်ရာထဲ ခွေခွေလဲတော့၏။

ကိုအောင်ကလည်း ဂရုစိုက်ပုံမပေါ်။ မနက်ထွက် ညမိုးချုပ်မှ မူးမူးပြန်လာ၏။

ဆေးတိုက်သို့ မေဝါတစ်ယောက်တည်း သွားရ၏။ မိမိကျန်းမာရေးကို စစ်ဆေးရသည်။

“ကလေးရှိနေပြီလေ…ညီမ မသိဘူးလား”

ဆရာဝန်ပြောမှ မေဝါ့ပါးစပ် အဟောင်းသားနှင့် ဖြစ်သွား၏။ ထိုနေ့အဖို့ မေဝါသည် နေမထိ၊ ထိုင်မထိဖြစ်နေသည်။ မိမိမှာ တိုင်ပင်ဖော်တိုင်ပင်ဘက်ဆို၍ ကိုအောင်ပဲရှိသည် မဟုတ်လား။ မိုးချုပ်ပြီဖြစ်သော်လည်း ကိုအောင် ပြန်မလာသေး။

သို့သော် မေဝါသည် တစ်အိမ်ကျော်မှ မိမိနှင့် ခင်မင်ရင်းနှီးသော ပဲပြုတ်သည် မခင်ထွေးဆီသို့ ရောက်သွားမိသည်။ မခင်ထွေးသည် ကလေးတစ်ယောက်အမေဖြစ်သဖြင့် မိမိထက် ဗဟုသုတရှိသည်။ မိမိထက် အသက်လည်းကြီးသည်။ ဆင်းရဲပေမယ့် သဘောထားကောင်းသည်။ စိတ်ထားဖြူစင်သည်။

“မမထွေး…မမထွေး…”

“ဟယ်…မဝါပါလား။ မိုးကြီးချုပ်မှ ဘာကိစ္စများ ထူးလာလို့တုံး…လာထိုင်လေ”

မေဝါက မခင်ထွေး ဖိတ်ခေါ်လိုက်သဖြင့် လှေကားပြင်အပေါ်ဆင့်၌ တက်ထိုင်လိုက်၏။

“ကိုပေါက်ကျော်ကြီးကော…မမထွေး”

“သူလား…ဒီအချိန်ဆို ထုံးစံအတိုင်းပေါ့ညီမရယ်။ ကိုပေါက်ကျော်ဆိုတဲ့နာမည်နဲ့လိုက်အောင် ပေါက်မြောက်နေရောပေါ့။ ဒီအချိန်ကျရင် မသောက်ဘဲမှ မနေနိုင်ကြတာ။ ဒါကတော့ သူကြိုက်တဲ

www.burmeseclassic.com

www.burmeseclassic.com

ပဲလေ။ သောက်ပလေစေပေါ့။ မဟုတ်ဘူးလား။ မမထွေးကတော့ မပြောတော့ပါဘူး မေဝါရယ်…ကဲ…ညီမလေး မေဝါ၊ မိုးချုပ်ကြီးမှ လာရင်းကိစ္စ ဆိုပါဦး"

မေဝါမှာ သည်ကိစ္စနှင့်ပတ်သက်ပြီး အတွေ့အကြုံနည်းသဖြင့် ပထမတော့ ရှက်နေသေး၏။ နောက် မထူးတော့ဟု ဆုံးဖြတ်ကာ မိမိအခြေအနေကို ပြောပြသည်။

"ဩော်…ညီမလေးရယ်…ဒါများ အဆန်းမှတ်လို့ကွယ်။ လင်ယူသားမွေးဆိုတာ ဓမ္မတာပါပဲ။ ကြောက်စရာမလိုပါဘူး။ အေး…အရေးကြီးတာက စိတ်ချမ်းသာဖို့ပဲ ညီမလေးရေ။ စိတ်ချမ်းသာအောင်နေနော်။ လိုအပ်တာရှိရင် မမထွေးလည်း တတ်နိုင်သလောက် ကူညီပါ့မယ်ကွယ်။ အားမငယ်ပါနဲ့ ညီမလေးရယ်နော်…အခုမောင်အောင် အိမ်မှာ မရှိဘူးမှတ်လား"

"ဟုတ်တယ်မမထွေး…ကိုအောင် အပြင်သွားတယ်။ ပြန်မရောက်သေးဘူး"

"အေး…သိပ်လည်း အလိုလိုက်မထားနဲ့။ နောက်တော့ ကိုယ်ပဲ စိတ်ဆင်းရဲရမှာ"

မေဝါ ခေါင်းရမ်းလိုက်ပြီး ပင့်သက်ချလိုက်သည်။ မျက်ရည်များပင် ဝဲမိလေသလား မပြောတတ်။

"သူ့ စိတ်ချမ်းသာရင် ပြီးတာပါပဲ မမထွေးရယ်။ ကဲ…မေဝါပြန်ဦးမယ်နော် မမထွေး"

"အေး…အေး ပြန်တော့။ အိပ်ရေးတော့ မပျက်စေနဲ့။ အစားအသောက်ကို ကြိုးစား စား ကြားလား။ ညီမလေးတို့မှာ စားချင်တာ စားလို့ရတယ်။ ပိုက်ဆံရှိတယ်။ မမထွေးတို့မှာသာ စားချင်တာ မစားရတာပါကွယ်။ ဒါနဲ့ ညီမလေးကို ပြောလိုက်ဦးမယ်"

"ဘာများလဲ မမထွေးရယ်"

"အခုတောင် နောက်တစ်ယောက်ရှိနေပြန်ပြီ မေဝါရေ"

"ဩော်…မမထွေးရယ်"

မေဝါသည် ပင့်သက်ကလေးချကာ မခင်ထွေးအိမ်ပေါ်မှ ဆင်းခဲ့မိတော့၏။

◆

"ပဲပြုတ်တော်ရေ…ပဲပြုတ်"

မခင်ထွေး၏ အော်သံကြောင့် မေဝါ လန့်နိုးသွား၏။ မဝါ အိပ်ရာမှ ကဗျာကသီနှင့် ထ၏။ ပတ်ဝန်းကျင်အနံ့ကို ဝေးမောမိသည်။ ကိုအောင့်ကို အရိပ်အရောင်မျှ မတွေ့ရ။ ညက အတော်ညဥ့်နက်သည်အထိ မေဝါစောင့်၏။ သုံးနာရီထိုးလုတိုးခင်ကျမှ မေဝါမှေးကနဲပျော်သွားခြင်းဖြစ်သည်။

မခင်ထွေး၏ နံနက်ခင်း ပဲပြုတ်အသံကြောင့် မေဝါ လန့်နိုးသွားသည်။ နံနက်ခင်းသည် အလင်းအား သိပ်မရှိသေးဘဲ မှုန်ပျပျသာ ရှိနေသေး၏။

"ဘယ်ကိုများ သွားနေတာလဲ ကိုအောင်ရယ်"

မေဝါ ပင့်သက်ကလေးဖျာ၍ ညည်းတွားမိ၏။ အားငယ်စိတ်များလည်း မေဝါ၏ တစ်ကိုယ်လုံးကို လွှမ်းမိုးလိုက်သလို ရှိတော့သည်။ မေဝါသည် မျက်နှာကို သန့်စင်ပြီးနောက် ပြတင်းပေါက်ဖွင့်၍ ကိုအောင့်ကို မျှော်မိ၏။

"ပဲပြုတ်တော်ရေ…..ပဲပြုတ် ပူပူလေး"

မခင်ထွေး၏ အော်သံသဲ့သဲ့ကို ကြားရသည်မှအပ ပတ်ဝန်းကျင်သည် ဘာမှ ထူးခြားမှုမရှိ။ မေဝါသည် စားပွဲခုံဆီသို့ လျှောက်သွားကာ အံဆွဲကို ဖွင့်၏။ မနေ့က တစ်ထောင်ကျော်မျှရှိသောငွေသည် ယနေ့နံနက်၌ ငါးရာသာရှိတော့သည်။ ငွေငါးရာကိုကိုင်၍ မေဝါ ထိုင်ပြီး တွေးနေသည်မှာ ညနေစောင်းသည်အထိပင် ဖြစ်

ပေလိမ့်မည်။ တစ်နေ့လုံးလည်း ဘာ မစားမိ။ ကိုအောင်ပြန်ရောက်လာသော အချိန်မှာ နေပူရှိန့်သည် လျော့နည်းနေသည ဖြစ်၏။

ကိုအောင်သည် ရောက်ရောက်ချင် ရေတစ်ခွက်သောက်ကာပက်လက်ကုလား ထိုင်၌ ခြေပစ်လက်ပစ်ထိုင်ချတွေဝေနေ၏ မိမိကို ဂရုက်ပုံမပေါ်သဖြင့် မေဝါကပ ကိုအောင့်အနီးသို့သွား၍ ကိုအောင့်နံဘေး ၌ ထိုင်လိုက်ရသည်။

"ကိုအောင်…"

"ဘာလဲ မေ"

ကိုအောင့်အမေးက ပြတ်သားသည ဟု မေဝါထင်သည်။

"ကိုအောင် နေမကောင်းဘူးလား ဟင်"

"ကောင်းပါကွာယ်။ ဘာမှ မဖြ ပါဘူး"

ကိုအောင်က မေဝါ့ကို ပြန်မကြည့် မေဝါ့မေးခွန်းကိုသာ အလိုက်အထိုက် ဖြ ဖြေလိုက်ခြင်းဖြစ်သည်ကို မေဝါ သဘော ပေါက်လေသည်။ ထို့ကြောင့် မေဝါရင ထဲ၌ နင့်သွားရရှာ၏။ သို့သော် မေ သည် သောကရိပ်ကို မပြပါ။

"ကိုအောင့်မှာ ပိုက်ဆံသုံးစရာမ တော့ဘူး မှတ်လား"

"ဒါလဲ မေသိသားပဲကွာ။ မနေ့ အံဆွဲထဲမှာ ငွေတစ်ထောင်ကျော်ရှိတ ကိုယ်က ငါးရာကျော်ယူသွားတော့ ငါးရ ပဲ ကျန်တော့မှာပေါ့"

"ဟုတ်တယ် ကိုအောင်။ မနေ့ က အံဆွဲထဲ ငွေ ငါးရာပဲ တွေ့တော့တယ် ကိုအောင် ဆာနေပြီလား။ ရော့ ဒီငါးရ ယူသွားပြီး တစ်ခုခုစားလေ။ အိမ်မှာတော ဘာမှ ချက်မထားမိဘူး"

"မိန်းမနယ်ကွာ။ ငွေငါးရာ ဘယ်လို ချက်ပြုတ်စားမလဲ"



www.burmeseclassic.com

www.burmeseclassic.com

"မေဝါသိပါတယ် ကိုအောင်ရယ်။ ငွေ ငါးရာနဲ့ မရဘူးဆိုတာ"

မေဝါသည် တီးတိုးစွာပြောဆိုရင်း သူ့လက်က လည်ပင်းဆီသို့ ရောက်သွား၏။ လည်ပင်းမှ ဆွဲကြိုးက ရွှေတစ်ကျပ်သားကျော်ကျော်ရှိ၏။ ကာလပေါက်ဈေးနှင့်ဆိုလျှင် မဆိုးလှ။

"ဒီလိုလုပ်ပါ ကိုအောင်။ ဒီဆွဲကြိုးကို သွားရောင်းလိုက်တော့။ ပြီးတော့ ငွေကို အရမ်းမသုံးပါနဲ့ ကိုအောင်ရယ်။ မေ့ကိုလဲ နည်းနည်းပေးထားနော်။ မေ့မှာလေ… အခု ပေါ့ပေါ့ပါးပါး လွတ်လွတ်မဟုတ်တော့ဘူးကိုအောင်။ မေ့မှာ ကလေးရှိနေပြီ ဆရာဝန်က မနေ့ညကပြောတယ်"

ကိုအောင်က မေဝါ့လက်မှ ဆွဲကြိုးကို လှမ်းယူလိုက်ရင်းက

"လင်ယူရင် ကလေးရှိမှာပါပဲလေ။ ဒါက အဆန်းမဟုတ်ပါဘူး။ ကိုအောင် အချိန်ရှိတုန်းသွားလိုက်ဦးမယ်"

မေဝါငိုင်၍ ကျန်ရစ်သည်။ မေဝါ့အတွေးတို့သည် နွေဦး၏ လေရူးကဲ့သို့ လွင့်ပျံရှားနေလေ၏။ ကိုအောင်သည် မိမိအပေါ် ကြင်နာပါရဲ့လား။ မေဝါ ပြန်တွေးသည်။ တစ်မျက်နှာ တစ်ရွာထင်၍ လိုက်ခဲ့ခြင်းပင် မဟုတ်ပါလား။ ကိုအောင့်ကို ချစ်၍ မိဘမောင်ဘွားများကို စွန့်ခဲ့ရသည်။ မိဘမောင်ဘွားများကလည်း မိမိကို ပြန်သည်၍ စွန့်လွှတ်လိုက်ချေပြီ။ ကိုအောင့်ကိုချစ်၍ အပေါင်းအသင်းတွေကိုလည်း ရှောင်ဖယ်ခဲ့ရချေပြီ။ ယခုတော့…။ မေဝါ့ရင်သည် တဒုတ်ဒုတ်ခုန်လာသည်။ ကိုအောင်သည် ယနေ့တိုင် သုံးဖြုန်းနေခြင်း၊ အလည်ကျူးနေခြင်းမှလွဲ၍ အိမ်ထောင်ရှင်တစ်ယောက်ဖြစ်နေခြင်းကို သတိမူဟန်မရှိ။ မိမိမှားပြီလား။ မိမိဘာလုပ်ရမည်နည်း။ ကလေးရှိလာပြီမို့ ရှေ့ရေး၌ ဗိုက်မှောက်နေ၍ မရတော့။

◆

"နင်…ငါတောင်းရင် အေးအေးဆေးဆေးပေးနော်။ အသားအနာမခံချင်စမ်းပါနဲ့ မထွေးရာ… ပေါက်ကျော်အကြောင်းလဲ သိသားနဲ့"

"ကိုပေါက်ကျော်…ရှင့်ကို ကျွန်မဘာမဆို အလိုလိုက်ခဲ့တယ်နော်… ဒါလည်း ရှင်အသိပဲ။ အခု ဒီနေ့ ဈေးမရောင်းနိုင်ဘူး။ ပိုက်ဆံဘယ်ကရမလဲ။ ရှင်မလည်း တစ်နေ့ကို တစ်ပြားရအောင် မရှာ။ ရှင်…စဉ်းစားပါ။ ရှင့်ကို တောင်းပန်ပါတယ်။ ရှိတဲ့ပိုက်ဆံလေးနဲ့ ရင်းရှဉ်းမှာ။ နံနက် ရှင့်ကလေးအတွက် မုန့်ဖိုးပဲရှိတယ်။ အဲဒီ မုန့်ဖိုးထဲက ရှင့်ကိုပေးရင် ရှင့်ကလေးတွေ မနက်ဖြန် ဘာစားမလဲ"

"ဟေ့…ပေါက်ကျော်၊ မင်းနှယ်ကွာ။ လူကြားလို့မှ မကောင်းတာပဲ။ မိန်းမလုပ်စာလည်း ထိုင်စားသေး။ ညာညာတာတာလည်း မရှိဆိုတော့ မင်းကိုယ်မင်းစဉ်းစားစမ်းဟေ့"

တစ်ဖက်အိမ်မှ ဦးကြီးက ဝင်ပြောသံကို မေဝါကြားရသည်။ မေဝါ ခေါင်းရမ်းမိသည်။ ပင့်သက်ချမိသည်။

သည်အဖြစ်မျိုး ရိုးနေပေမဲ့ တစ်ခါတစ်ခါ မိမိဘဝနှင့်စာ၍ မေဝါခံစား ရ၏။ လင်ဆိုးမယားတဖားဖားဆိုသော စကားသည် မှန်ကန်လှပါ၏ဟု မေဝါ ကောက်ချက်ချ၏။

"ညီမလေး ယောက်ျားက ကောင်မလေးတွေနဲ့ တရှန်းရှန်းဆိုပါလား။ သူ့ရွှေသားကျနေတာပဲ။ မောင်အောင်က သူ့ရွှေသားလားဟင်"

"ဟိုနေ့က တွဲသွားတဲ့ ကောင်မလေးက မေဝါနဲ့တူတယ်ဆိုပဲ"

မကြားချင်ပေမဲ့ ကြားနေရသည်။ နားမထောင်ချင်ပေမယ့် နားထောင်နေရသည်။ သို့သော် မတတ်နိုင်။ မိမိဘဝနှင့် မိမိ။ မိမိအပြစ်နှင့် မိမိ။ အရေးကြီးသည်က ယခု ခံစားနေရသော ဝေဒနာမှာ အမိက။ တစ်ဖက်မှာ ဖြစ်ပျက်နေသည့် ကိုပေါက်ကျော်၊ မခင်ထွေးတို့အရေးထက်၊ မိမိအရေးက ကြီးနေပေပြီ။ ခါးကိုက်သလိုလို ပေါင်ကိုက်သလိုလိုနှင့် ဗိုက်နာလာသလိုလို ရင်ထဲ၌ အောင့်လာသလိုလို ခက်ချေပြီ။ လက်ထဲငွေကလည်း မရှိတော့ပြီ။ ဆွဲကြိုးရောင်းရသည့်ငွေကလည်း ကုန်ပြီ။ မေဝါ့လက်က နားသို့ ရောက်သွား၏။

တော်ပါသေးသည်။ နားကပ်ကလေးတစ်ခု ကျန်နေသေး၏။ ကိုးလဆယ်လ လွယ်ခဲ့ရသော သံယောဇဉ်လေးကိုတော့ လူ့လောကအပြင်သို့ စိတ်ချမ်းမြေ့စွာဖြင့် ရောက်အောင် မိမိတာဝန်ယူရပေတော့မည်။

"အမေ့…"

မေဝါလန့်သွား၏။ ရုတ်တရက်ဗိုက်ထဲမှ ထိုး၍ နာလာတော့သည်။ သည်လို နေ၍မဖြစ်။ ဆေးရုံပြေးမှ။ ဆေးရုံပြေးဖို့ ပိုက်ဆံကကော…။ မိမိကို မည်သူက လိုက်ပို့မည်နည်း။ အချိန်က နေဝင်ဖြိုးဖျ။

"နင်…မနက်ဖြန် ပဲပြုတ်ပြုတ်မှာပဲ မဟုတ်လား မထွေးရာ။ ပဲပြုတ်ပြုတ်ရင် မနင်စောစောအတွက် မပူရတော့ဘူးပေါ့ ဟဲ…ဟဲ"

ကိုပေါက်ကျော်၏အသံက စောစောကလို မာမာကျော့ကျော့နှင့် မဟုတ်ပြီ။ လေသံပျော့လာသည်ကို မေဝါကြားရသည်။ မိမိအခြေအနေ မဟန်တော့သည်ကို မေဝါသိသည်။ သို့ကြောင့် မေဝါ မခင်ထွေးအိမ်သို့ လျှောက်ခဲ့ရ၏။

"ဟယ်… မေဝါ လာလေ။ မျက်နှာလည်း မကောင်းပါလား"

"ဟုတ်တယ် မမထွေးရေ…မေဝါ ဘာဖြစ်လဲမသိဘူး။ မေဝါ့ကို ဆေးရုံပို့ပေးပါလား မမထွေးရယ်"

www.burmeseclassic.com

မေဝါ အားကိုးစရာဟူ၍ သည် အချိန်တွင် မခင်ထွေးပဲ ရှိသည်မဟုတ်ပါလား။ မခင်ထွေး မေဝါ့အခြေအနေကို သဘောပေါက်သည်။ မိမိသည် မေဝါထက် အတွေ့အကြုံရှိသူဖြစ်သည် မဟုတ်ပါလား။

"အေး…ညီမလေးကို ဆေးရုံပို့ပေးမယ်။ မောင်အောင် မရှိဘူး မဟုတ်လား"

မေဝါ ခေါင်းရမ်းပြသည်။ မခင်ထွေးက ပင့်သက်ချ၏။

"ဒါနဲ့ ညီမလေးမှာ ပိုက်ဆံကော ရှိရဲ့လား"

မခင်ထွေးက မေဝါ့အခြေအနေကို သိ၍ မေးလိုက်ခြင်းဖြစ်သည်။ မေဝါ ခေါင်းခါသည်။ ပြီးနောက်တော့ လက်က သွားနားဆီသို့ရောက်သွားသည်။

"ကဲ…ကဲ..ညီမလေး ဆေးရုံသွားဖို့ပြင်တော့။ မမထွေး ကြည့်စီစဉ်လိုက်မယ်"

◆

ပါးပြင်ကို နုအိသော အရာတစ်ခု ထိတွေ့လိုက်မှ မေဝါ့အတွေးများ လွင့်ပြယ်သွားရ၏။

"ဘာဖြစ်လို့ငိုနေတာလဲမေရယ်။ မေ့အနားမှာ ကိုအောင်ရှိနေပြီပဲ။ ကားဆရာရေ ရှေ့နားက ဓာတ်တိုင်နားမှာ ရပ်ဗျို့"

ကိုအောင်ပြောသည့် နေရာတွင် ကားကို ရပ်သည်။ ကိုအောင်သည် မေဝါ့ကို ကားပေါ်မှ ယုယစွာ တွဲခေါ်ချ၏။ အိမ်ထဲရောက်သောအခါ၌လည်း အိမ်ခန်းလေးသည် သပ်သပ်ရပ်ရပ် ဖြစ်နေသည်ကို တွေ့ရ၍ မေဝါ အံ့သြရ၏။ ကိုအောင်တစ်ယောက် အိမ်ထောင်ရှင်တစ်ယောက်ဖြစ်သည့် အသိအမှတ်ကို ရပြီလား။ ကိုအောင် အခြေအနေမှန်ကို နားလည်ပြီလား။ သည်သား သည်မယားနှင့် ဘဝရှေ့ရေးအတွက် ရည်မှန်းချက်ရှိနေပြီလား။ မေဝါ့ဦးနှောက်၌ မေးခွန်းပေါင်းများစွာရှိနေပြီ။ ဘာပဲဖြစ်ဖြစ် လောလောဆယ်တော့ စိတ်ချမ်းသာမှုရလိုက်ခြင်းပင်။

"မေ…ဘာတွေ တွေးပြီး ငေးနေရတာလဲ။ ဘာလဲမေ…ကိုယ်ကသားသမီး ရတနာထွန်းကားတော့ အမိအဖနေရာ ရောက်လာတော့ ကိုယ့်အမိအဖကို သတိရမိလို့လား။ ဒါမျိုးကတော့ ဖြစ်တတ်ပါတယ် မေရယ်။ ကိုယ်တိုင်ကြုံတွေ့ရတဲ့ အခါမှာ ကိုယ်ချင်းစာတတ်လာတယ်။ သိတတ်လာတယ်ဆိုတာ အဖြစ်မှန်တစ်ရပ်ပါပဲ"

ကိုအောင့်စကားမဆုံးခင်မှာပင် မေဝါ ဆေးရုံက ဆင်းလာသည်ကို သိသည်နှင့် အိမ်နီးနားချင်းများ ရောက်လာ၍ သတင်းမေးကြ၏။

"ညီမလေးရေ…မမထွေး လာမကြိုနိုင်တာကိုတော့ ခွင့်လွှတ်ပါကွယ်။ အိမ်မှာ ကိုပေါက်ကျော်ဆိုတာက ဘာမှ အားကိုးမရတာ မေဝါ အသိပဲမဟုတ်လား"

"ရပါတယ် မမထွေးရယ်။ မေဝါ နေကောင်းပါတယ်။ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်ရှင်"

ဘာပဲဖြစ်ဖြစ် ရင်၌ ကြည်နူးမိသည်။ စိတ်ချမ်းသာမိသည်။ မိမိတို့ဘဝ မိမိတို့ကမ္ဘာလေးသည် ညီညွတ်စွာဖြင့် ပေါင်းစည်းရန်ဝင် မဟုတ်ပါလား။

◆

"ပဲပြုတ်တော်ရေ…ပဲပြုတ်"

အာရုံဦး၏ လှပမှုလေးဖြစ်သည်။ မခင်ထွေး၏ ပဲပြုတ်အော်သံနှင့်အတူ မေဝါ နိုးလာသည်။ သမီးငယ်သည် နှစ်ခြိုက်စွာ အိပ်မောကျနေဆဲ။ ကိုအောင်သည် စားပွဲထောင့်တစ်နေရာ၌ အလုပ်ရှုပ်နေ၏။

"ကိုအောင်ရယ်…မေ့ကို နှိုးလိုက်ရောပေါ့"

"မေ့ကို သမီးက တစ်ညလုံး နှိပ်စက်ထားလို့ မအိပ်ရဘူးမဟုတ်လား။ ကိုအောင်လည်း ဒီလောက်တော့ တာဝန်ကျေရမှာပေါ့မေရယ်။ ကဲ…သမီးအတွက် နို့၊ မေ့အတွက် ကော်ဖီ။ အားလုံး အဆင်သင့်ပဲ။ ကိုအောင် အလုပ်သွားတော့မယ်နော်။ သမီးကို ဂရုစိုက် ကြားလား"

ကိုအောင်သည် မေဝါ့နဖူးမြင်ကို နမ်းကာ အိမ်ပေါ်မှ ဆင်းသွားသည်။ မေဝါသည် ကိုအောင့်ကို နှင်းမှုန်ကြား၌ ပျောက်သွားသည်အထိ ငေးကြည့်ကျန်ရစ်သည်။ ခပ်ဝေးဝေးမှ…

"ပဲပြုတ်တော်ရေ…ပဲပြုတ်"

ဟု မခင်ထွေး၏ အော်သံသဲ့သဲ့ကို ကြားလိုက်ရသည်။ ထိုအခါ မေဝါ၌ အသိတစ်ခု ပြန်ဝင်လာပြီး ပြောလိုက်မိသည်။ ဘဝဆိုသည်မှာ သည်လိုပဲ ဖြေရမည်။ သူများကို အားကိုးနေ၍ မဖြစ်။ မိဘလက်ပေါ်၌ ရွှေပေါ်မြတင်နေခဲ့ပေမယ့် ကိုယ့်လမ်းကိုယ်လျှောက် ကိုယ့်ဘဝကိုယ်တည်ဆောက်အခါ၌ ကိုယ့်အားကိုယ့်မာန်သာလျှင် အဓိကမဟုတ်ပါလား။ မေဝါပြုံး သည်။ သူ့အပြုံးက လှပနေသည်။ ပ အခါ ကိုအောင်သည် သားစာမယား အတွက် မည်သည့်အလုပ်ကို လုပ်နေသည်ကိုတော့ မေဝါ မတွေးတတ်ပါ။ မသိပါ။ သို့သော် ကိုအောင်တစ်ယောက်တည်း ရုန်းကန်မှုကို မေဝါ လက်ပိုက်ကြည့်နေ၍ မဖြစ်။

သည်တော့ မေဝါလည်း တစ် ခု လုပ်ရမယ်။ 'မောင်တစ်ထမ်း မယ် ရွက်' ဆိုသည်မှာ ပုံပြင်မဟုတ်ပါ။ သီ တစ်ပုဒ် မဟုတ်ပါ။

ရွှေမြိုင်သောင်း



www.burmeseclassic.com

www.burmeseclassic.com

# ပိုက်ဆံဝင်သော ဂုဏ်တော်(၉)ပါးပွားများ

■ နှင်းအဥ္ဇလီ

လူတို့သည် ပိုက်ဆံဝင်အောင် ဆေးဖယောင်းတိုင် တစ်တိုင်လျှင် သောင်းချီ၊ သိန်းချီပေးပြီး ထွန်းညှိပူဇော်ကြသည်။ တစ်ခါတစ်ရံ ဆေးဖယောင်းတိုင်စီရင်သော ဆရာများက သူဌေးဖြစ်သွားပြီး ဆေးဖယောင်းတိုင် ထွန်းသူများက အချည်းနှီးဖြစ်ခဲ့ပြီး ငွေကုန်၍ ပလုံခနဲ ဖြစ်သွားခဲ့ပါသည်။ ထိုအချိန်တွင် စိတ်ထင်ပန်းမှုများနှင့် ရင်ဆိုင်ခဲ့ရပါသည်။

ပိုက်ဆံဝင်အောင် အိမ်ဘုရားစင်၊ အလုပ်ဘုရားစင်၊ ဈေးဆိုင်ဘုရားစင်တွင် ငွေအိုးထဲ၌ ကံ့ကော်ညွန့် ၁၅ ညွန့်ကို ထည့်ပြီး၊ ကံ့ကော် ၁၅ ညွန့်ထည့်ထားသော ငွေအိုးအား အရှေ့အရပ်သို့ မျက်နှာမူထားပါ။ ဂုဏ်တော်(၉)ပါးကို ၁၅ ခေါက် ပြည်းပြည်းမှန်မှန် ရွတ်ဖတ်ပါ။ တနင်္လာနေ့ မနက် ၉ နာရီမှ ၁၀ နာရီအတွင်း ပြုလုပ်ပါ။

"ဣတိပိသော ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ ဘဂဝါတိ။"

ဂုဏ်တော်(၉)ပါးကို ၁၅ ခေါက်ရွတ်ပြီးလျှင် နေ့သား/သမီးနာမည် ပိုက်ဆံဝင်ပါစေဟု လေးလေးနက်နက်ဆုတောင်းပါ။ နေ့သား၊ နေ့သမီးများ၏ အသက်များကို ဖော်ပြထားပါသည်။ ဤဖော်ပြသော အသက်များတွင် ပြုလုပ်ပါ။ ထူးထူးခြားခြား အကျိုးပေးပါမည်။

**တနင်္ဂနွေသားသမီး** – ၁၀ နှစ်၊ ၁၈ နှစ်၊ ၂၆ နှစ်၊ ၃၄ နှစ်၊ ၄၂ နှစ်၊ ၅၀ နှစ်၊ ၅၈ နှစ်၊ ၆၆ နှစ်၊ ၇၄ နှစ်၊ ၈၂ နှစ်၊ ၉၀ နှစ်။

**တနင်္လာသားသမီး** – ၉ နှစ်၊ ၁၇ နှစ်၊ ၂၅ နှစ်၊ ၃၃ နှစ်၊ ၄၁ နှစ်၊ ၄၉ နှစ်၊ ၅၇ နှစ်၊ ၆၅ နှစ်၊ ၇၃ နှစ်၊ ၈၁ နှစ်၊ ၈၉ နှစ်။

**အင်္ဂါသားသမီး** – ၈ နှစ်၊ ၁၆ နှစ်၊ ၂၄ နှစ်၊ ၃၂ နှစ်၊ ၄၀ နှစ်၊ ၄၈ နှစ်၊ ၅၆ နှစ်၊ ၆၄ နှစ်၊ ၇၂ နှစ်၊ ၈၀ နှစ်၊ ၈၈ နှစ်။

**ဗုဒ္ဓဟူးသားသမီး** – ၇ နှစ်၊ ၁၅ နှစ်၊ ၂၃ နှစ်၊ ၃၁ နှစ်၊ ၃၉ နှစ်၊ ၄၇ နှစ်၊ ၅၅ နှစ်၊ ၆၃ နှစ်၊ ၇၁ နှစ်၊ ၇၉ နှစ်၊ ၈၇ နှစ်။

**ကြာသပတေးသားသမီး** – ၅ နှစ်၊ ၁၃ နှစ်၊ ၂၁ နှစ်၊ ၂၉ နှစ်၊ ၃၇ နှစ်၊ ၄၅ နှစ်၊ ၅၃ နှစ်၊ ၆၁ နှစ်၊ ၆၉ နှစ်၊ ၇၇ နှစ်၊ ၈၅ နှစ်။

**သောကြာသားသမီး** – ၃ နှစ်၊ ၁၁ နှစ်၊ ၁၉ နှစ်၊ ၂၇ နှစ်၊ ၃၅ နှစ်၊ ၄၃ နှစ်၊ ၅၁ နှစ်၊ ၅၉ နှစ်၊ ၆၇ နှစ်၊ ၇၅ နှစ်၊ ၈၃ နှစ်။

**စနေသားသမီး** – ၆ နှစ်၊ ၁၄ နှစ်၊ ၂၂ နှစ်၊ ၃၀ နှစ်၊ ၃၈ နှစ်၊ ၄၆ နှစ်၊ ၅၄ နှစ်၊ ၆၂ နှစ်၊ ၇၀ နှစ်၊ ၇၈ နှစ်၊ ၈၆ နှစ်။

**ရာဟုသားသမီး** – ၄ နှစ်၊ ၁၂ နှစ်၊ ၂၀ နှစ်၊ ၂၈ နှစ်၊ ၃၆ နှစ်၊ ၄၄ နှစ်၊ ၅၂ နှစ်၊ ၆၀ နှစ်၊ ၆၈ နှစ်၊ ၇၆ နှစ်၊ ၈၄ နှစ်။

နှင်းအဥ္ဇလီ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ခဲပဟောင်

## အဖြေညှိသော်

**လေးသူစံ**

"အမေရေ…"

သမီးစန်းလှ၏ အလန့်တကြား အော်လိုက်သံကြောင့် ပျိုးနုတ်နေပါသော ဒေါ်ပန်းလှခမျာ ရင်တုန်ပန်းတုန် ဖြစ်သွားရရှာသည်။ သမီးအသံကြားရာ ဆီသို့ လှမ်းကြည့်လိုက်၏။ အလို… ဘုရားရေ။ သမီးလေးကို တစ်စုံတစ်ဦး က ငွတ်အတင်းအဓမ္မ ဆွဲခေါ်နေသည့် ပုံစံမျိုး။ သမီးလေးကလည်း အတင်း ရုန်းကန်နေရင်းမှ တရွတ်တိုက်ပါသွား ရသလိုမျိုး။ သို့သော် သမီးအနားမှာ တစ်စုံတစ်ဦးကိုမှ မမြင်။ တစ်ခါမျှ မကြုံ စဖူး ထူးဆန်းလှပါသောကြောင့် တဒင် မျှတော့ ငေးကြောင်မိသွားပါ၏။

"အမေ…လုပ်ပါဦး။ သမီးကို ဆွဲခေါ်နေပြီ။ အင်း…အင်း…အီး"

သမီး၏ အော်သံတို့ ထပ်မံကြား ရလေမှ ပြန်လည်သတိဝင်လာခဲ့ပြီး ပျိုးပင်တွေကို ပစ်ချခဲ့ကာ သမီးထံသို့ အပြေးအလွှား။ သို့သော် လယ်ကွက်နှင့် ကန်သင်းရိုးပေါ်မှ ရွှံ့ဗွက်များကို ရုန်း၍ သွားရသောကြောင့် ခရီးကမတွင်။

"အမလေး…ကယ်ကြပါဦး။ လုပ်ကြပါဦးတော့။ သမီးရေ…အမေ လာပြီ"

တကယ်တော့ သားအမိနှစ် ယောက် အတူတကွ ပျိုးနုတ်နေခဲ့ကြ သော်လည်း သမီးက မြန်သည်ကြောင့် ရှေ့သို့ အတော်လှမ်းလှမ်းရောက်သွားခဲ့ ၏။ မြန်ဆို သမီးအသက်က ၁၇ နှစ်၊



www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာသန်စွမ်းသော အပျိုလေး။ ဒေါ်ပန်းလှ၏အသက်က ၄၀။ ကလေး သုံးယောက်၏မိခင်။

"အမေ···"

သမီး၏ ငယ်သံပါအောင် အော်လိုက်သောအချိန်နှင့် သူချော်လဲသည့် အချိန်ကလည်း ကွက်တိပင်။ ကုန်းရုန်း ထနေရင်းမှ သမီးဖြစ်သူထံသို့ စိုးရိမ်ကြီးစွာ လှမ်းကြည့်မိရာ မြင်ကွင်းကြောင့် မျက်စိများပင် ပြာဝေသွားခဲ့ရပြီ။ သမီးက ရေကန်ပေါင်ပေါ်သို့ ရောက်သွားခဲ့ပါပေါ့။

ကယ်ပါ၊ ယူပါ တစာစာ အော်ဟစ်မြည်တမ်းရင်းနှင့် အရှူးမီးဝိုင်းခံရသည့်ပမာ··· ။

"အမေ··အမေ၊ သမီးကို ရေထဲ ဆွဲနှစ်···နှစ်"

ကတုန်ကရင် ပြောနေရှာသော သမီး၏လက်ကို အမိအရဖမ်းဆွဲမိခဲ့၏။ ဘုရား···ဘုရား။ အတန်ငယ်ဖွံ့ဖြိုးသော ခန္ဓာကိုယ်ရှိသည့် ဒေါ်ပန်းလှပင် မနည်းခြေကန်၍ ဆွဲရပါလား။ မမြင်ရသော၊ မည်သည့်အရာမှန်းလည်းမသိနိုင်သော တစ်ဖက်က ဘာမှန်းမသိတာကြီးက အတော့်ကို အားသန်နေပါ၏။ ဒေါ်ပန်းလှသည် လေကို အားကုန်ရှူသွင်းလိုက်ပြီး သမီးဇာနှင့် ဆောင့်ဆွဲလိုက်ရာ သားအမိနှစ်ယောက်စလုံး ရေကန်ပေါင်ပေါ်မှာ ပက်လက်လန်လဲကျသွားလေတော့တာ။ အလျင်အမြန်ပင် ကုန်းရုန်းထကြ၍ ရေကန်ပေါ်မှ ပြေးဆင်းလာခဲ့ကြသည်။

"အမေ···သမီးကြောက်တယ်၊ ဒီမှာမနေရဲဘူး"

"အမေလည်းကြောက်တယ်၊ ရွာထဲပြန်မယ်"

သည်လိုနှင့်···

xxx xxx xxx

အင်တာနက်မလိုဘဲနှင့် စန်းလှလေး၏ ထူးဆန်းလှသောသတင်းက ဇတ်သုတ်ရွာအတွင်း ချက်ချင်းပင် ပျံ့နှံ့သွားပါလေ၏။ ကျေးလက်ထုံးစံအတိုင်း စိတ်ပူပန်မှုတို့နှင့်အတူ ကိုယ်တိုင်မြင်တွေ့ ကြားသိချင်ကြသောကြောင့် သတင်းမေး လာသူတို့ကလည်း တစ်ယောက်ပြီးတစ်ယောက်နှင့် ညေ့်ပြတ်သည်ဟူ၍ မရှိ။

ဦးရွှေဖီးနှင့် ဒေါ်ပန်းလှတို့ခမျာ သမီး၏ဖြစ်အင်ကြောင့်လည်း စိတ်ဒုက္ခရောက်ရ၊ လယ်ရှင်ထံမှ ကြိုတင်ယူထားသည့် ငွေများအတွက်လည်း စိတ်ဆင်းရဲနေရပါသေးသည်။ သားအမိ၊ သားအဖသုံးယောက်၏ အင်အားနှင့် လယ်လုပ်ငန်းများအတွက် ကြိုတင်ငွေ ယူထားခဲ့ရာ ယခု သမီးကလေး၏ လုပ်အားလျော့သွားပြီဖြစ်သဖြင့် အလုပ်ကတွင်တော့မည်မဟုတ်။ သမီးကို စိတ်ပူသော်လည်း နက်ဖြန်ဆိုလျှင် လယ်ထဲသို့ ပြန်သွားကြရပေမည်။ စန်းလှအောက်မှ ကျောင်းနေသည့် အငယ်နှစ်ယောက်နှင့်အတူ အိမ်စောင့်ကျန်ရစ်ခဲ့သည့် ဘွားပန်းဖြူ၏လက်ထဲသာ အပ်ခဲ့ရပေမည်။ ဘွားပန်းဖြူက ဒေါ်ပန်းလှ၏ မိခင်ဖြစ်ပါသည်။

"နင်တို့ ဒီအတိုင်း မနေကြနဲ့လေ။ ဆရာတော်ကြီးကို အကျိုးအကြောင်း လျှောက်ပြကြမှပေါ့"

"ဒီညပဲ ထမင်းစားပြီးရင် သွား ကြမယ် အဘိုးလေး"

ရဟန်းသံဃာတော်များကို အား ကိုးကြသည့် ကျေးလက်သဘာဝအ ဆရာတော်ဘုရားကြီးကို သွားရောက် လျှောက်ထားကြရန်ကို သတိပေးတို တွန်းကြပါသည်။ ဤသို့ဖြင့် နေဝင်ရီည ရော နွားရိုင်းသွင်းချိန်ရောက်လာခဲ့သည်။

အိမ်ရှေ့ကပြင်ပေါ်တွင် ရေ နောက်မီ လူကြီးများက စန်းလှ၏ ဖြ ဖျက်ပုံတို့ကို သုံးသပ်ဆွေးနွေးနေခဲ့ ပါ၏။ ဒေါ်ပန်းလှက ညစာအတွက် မီး ထဲမှာ အလုပ်ရှုပ်နေဆဲ။ စန်းလှလေး တော့ အိမ်ရှေ့ခန်းမှာ ဘုရားစင်ကိုငေ ပြူ၍ တုံးလုံးလေး လှဲနေမိပါသည်။ ဘွားပန်းဖြူက မြေးမလေးအနား ပုတီးစိပ်ရင်း စောင့်နေ၏။ ထိုစဉ်···

"ဒေါက်···ဒေါက်···ဒေ ဒေါက်ဒေါက်"

စန်းလှ၏ ကိုယ်ပေါ်သို့ ခဲများ လာသဖြင့် –

"ဟဲ့··ဘယ်သူပေါက်နေတာ

ဟု ဘွားပန်းဖြူက အော်လိုက် သည်။

စန်းလှလေးက အလန့်တကြ ထထိုင်ခဲ့ပြီး ခဲမှန်၍ နာသွားသော န ကိုပွတ်ရင်းမှ အပေါ်သို့ မော့ကြ လိုက်ရာ –

"ဟော···ဟော၊ ကျလာပြ အမေရေ"

အပေါ်မှကျလာသည့် ခဲလုံး ရောင်ရင်းနှင့် စန်းလှလေးခမျာ ရှေ့သို့ ပြေးထွက်သွားရတော့သည် ဝရန်သုန်းကား ပြေးထွက်လာကြ



www.burmeseclassic.com

www.burmeseclassic.com

မြေးအဘွားနှစ်ယောက်ကြောင့် လူကြီးများမှာ အထိတ်တလန့်။

"ဟဲ့...ဟဲ့...ဘာဖြစ်ကြပြန်ပြီလဲ"

"ခဲတွေ...ခဲတွေ"

"ဟဲ့...ဘယ်သူလက်ဆော့နေတာလဲ"

"မဟုတ်ဘူး အဘ။ ဘယ်သူမှ မပေါက်ဘူး။ အပေါ်ကကျလာတာ"

"ဟေ...ဘယ်လို"

"တစ်ယောက်ယောက်က ပေါက်ရင် ခေါင်းရင်းပြတင်းပေါက်ကနေ ခဲဝင်လာရမှာပေါ့။ အခုဟာ အပေါ်ကကျလာတာ။ ခေါင်မိုးမှာလည်း အပေါက်မရှိ...ဟော...ဟော"

တုန်လှုပ်စွာနှင့် ရှင်းပြနေပါသော စန်းလှ၏ အပေါ်တည့်တည့် လူတစ်ရပ်အမြင့်လောက်မှနေ ခဲလုံးတွေ ဖြန်းဆိုပေါ်လာပြီး စန်းလှတစ်ဦးတည်းအပေါ်သို့ ကျလာခဲ့၏။

"ဟဲ့...သမီး၊ အိမ်ထဲပြန်ဝင်။ အခန်းထဲအထိသွားနေ။ မယ်ပန်းဖြူ လိုက်သွား။ နွားရိုင်းသွင်းချိန်ဆိုတာ ကပ်ပြုပါလာတတ်တယ်"

မြေးအဘွားနှစ်ယောက်မှာ အိပ်ခန်းတွင်းသို့ ပြေးဝင်ကြရပြန်ပါသည်။ ဘွားပန်းဖြူခမျာ ကြံမိကြံရာဖြင့် မြေးမလေးကို စောင်တွေအထပ်ထပ် ခြုံပေးနေမိပါတော့၏။ တစ်အိမ်လုံး ရှိရှိသမျှ လူကုန်ပင် အိပ်ခန်းထဲ ရောက်ရှိလာကြသည်။

"ခဲလုံးတွေ အလိုလိုပေါ်လာပြီး ကျလာတာ အံ့ဩစရာကြီး"

"ပုဏ္ဏားတိုက်တာနေမှာ"

"ပုဏ္ဏားကတိုက်တယ်ဆိုတာက အိမ်ဝင်းထဲကို၊ ခြံထဲတို့ကို ခဲတွေနဲ့ ပေါက်တယ်။ ပစ္စည်းတွေက အလိုလို ပြောက်ကြပြီး ကျကွဲပျက်စီးကုန်တယ်။ အခုဟာက သူ့တစ်ယောက်တည်း အပေါ်ကိုကျလာတာ။ တော်တော်ကို ထူးဆန်းနေပြီ။ ကလေးခမျာလည်း ကြောက်နေရှာပြီပေါ့"

"ဘာမှစဉ်းစားမနေကြနဲ့တော့။ ဆရာတော်ကြီးဆီကို ခုပဲသွားကြတော့"

xxx xxx xxx

ဆရာတော်ဘုရားကြီးသည် ... လျှောက်ထားသမျှကို သေချာနားထောင်ပြီးနောက် ဘာမှ မှတ်ချက်မပေး။ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်သတ္တဝါ မည်သူ့ကိုမဆို မထိခိုက်စေချင်သည်မှာ တရားရှင်တို့၏ ဝါဒဖြစ်၏။ ရေမန်းတစ်ပုလင်း ချီးမြှင့်၍ သောက်လည်းသောက်၊ ခြံပတ်ပတ်လည်ကိုလည်း ဖျန်းထားဟုသာ မိန့်ကြားခဲ့ပါသည်။

ဆရာတော်ဘုရားကြီး၏ မိန့်မြွက်စကားအတိုင်း ဆောင်ရွက်ခဲ့ကြပါသည်။ မည်သည့်အနှောင့်အယှက်မှ မဆုံတွေ့ကြရတော့သဖြင့် အတန်ငယ် စိတ်သက်သာရာ ရရှိခဲ့ကြသော်လည်း စိတ်ကို တုံးတုံးမချရဲ၊ စန်းလှလေးကို လယ်ထဲသို့လွှတ်ရန်ကိုလည်း စိတ်မကူးရဲ၊ အဘွားတွေ၊ ကြီးတော်တွေက တစ်ယောက်မဟုတ်တစ်ယောက် အနားမှာ နေပေးခဲ့ကြပါသည်။

ကျေးရွာဓလေ့အတိုင်း သတင်းမေးလာကြသည့် လူတွေကလည်း စန်းလှလေးအနားမှာ ပြတ်သည်ဟူ၍ မရှိပါ။ သည်လိုနှင့် သုံးရက်လွန်ပြီး လေးရက်မြောက် နေဝင်စ နွားရိုင်းသွင်းချိန် ရောက်လာခဲ့သည်။ စန်းလှလေးက ရေချိုးအပြီး သနပ်ခါး ပါးကွက်အဖွေးသား လိမ်းခြယ်၍ အိမ်ရှေ့ကပြင်ပေါ်တွင် သူငယ်ချင်းများနှင့် စကားဝိုင်းဖွဲ့နေခဲ့ကြပါသည်။ ထိုစဉ် ခဲလုံးပေါ်လာပြီး စန်းလှတစ်ဦးတည်းအပေါ်သို့ ကျလာခဲ့ရာ အားလုံးမှာ ကြောက်လန့်သွားကြ၍ အိမ်ပေါ်မှ ဆင်းပြေးသူပြေး၊ ဝင်ပုန်းသူက ပုန်းနှင့် ရုတ်ရုတ်သဲသဲ။ လမ်းပေါ်မှာ ဖြတ်သွားသူများနှင့် အိမ်နီးနားချင်းများကလည်း ဆူညံသံများကြောင့် စုပြုံဝိုင်းရံလာခဲ့ကြတော့သည်။

စန်းလှလေးမှာတော့ အိပ်ခန်းထဲအထိ ခဲတွေလိုက်ကျနေဆဲ ဖြစ်၏။ သူတို့အိမ်က တောင်ထန်းအမိုးနှင့် ထရံကာအိမ်လေး ဖြစ်နေသဖြင့် မကောင်းဆိုးရွားတွေ ဝင်ရောက်နိုင်ဟန်ရှိသည်ဆိုသည့် ရိုးစင်းလှသော အတွေးများနှင့် လယ်ပိုင်ရှင်၏ တိုက်အိမ်ကြီးထဲသို့ ပြောင်းရွှေ့ရောက်သွားခဲ့ပါသည်။ သို့သော် လုံခြုံသော တိုက်မှာပဲဖြစ်စေ၊ မည်သည့်နေရာဌာနမှာပင် ရှိနေပါစေ ခဲလုံးတွေ ကျနေမြဲပင်။

ရေမန်းချီးမြှင့်လိုက်ပါသော ဆရာတော်ဘုရားကြီးကလည်း စင်ကာပူသို့ သာသနာပြုခရီး ကြွသွားခဲ့ပေပြီ။ ဘာလုပ်လို့ ဘာကိုင်ရမည်မှန်းပင် မသိတတ်နိုင်ပါတော့။ ဗျာများနေခဲ့ကြပါသော အဘွား၊ အမေနှင့် စန်းလှတို့ခမျာ မိန်းမသားများပီပီ ငိုကြွေးနေကြရှာသ။

"ကဲဟေ့...ဆရာတော်ကြီးက နိုင်ငံခြားမှာ ဘယ်လောက်ကြာဦးမှာလဲ

www.burmeseclassic.com

မသိဘူး။ တောရကျောင်းဆရာတော်ကြီး လည်း တန်ခိုးကြီးတာပဲဟာ။ အိမ်ကို ပင့်ပြီး ပရိတ်ပဋ္ဌာန်းရွတ်ကြရအောင်"

"အဘိုးလေးတို့ ကောင်းမယ်ထင် တာသာ စီမံကြပါတော့ရှင်"

××× ××× ×××

စန်းလှလေးအပေါ်သို့ ခဲများကျ တတ်သည့်အချိန်က ညနေခြောက်နာရီ မှ ညရှစ်နာရီအတွင်း ဖြစ်သည်။ ဤ အချိန်အတွင်းမှာ တောရကျောင်းဆရာ တော်ကြီးနှင့် သံဃာတော်များက ပရိတ် တော်၊ ဓမ္မစကြာများနှင့် ပဋ္ဌာန်းဒေသနာ တော်များကို ရွတ်ဖတ်ကြပါသည်။ ဆက်လက်ပြီး မနှောင့်ယှက်ရန်ကိုလည်း မေတ္တာနှင့် မိန့်ကြားခဲ့၏။

ဆရာတော်နှင့် သံဃာတော်များ ပြန်ကြွချိန်တွင် ကားအနီးသို့ မိသားစု အားလုံး ရိုသေစွာ လိုက်ပါပို့ဆောင်ပေး ကြပါသည်။ ဆရာတော်၏ကားပင် မထွက်ခွာသေး၊ ခဲလုံးများပေါ်လာ၍ စန်းလှ၏အပေါ်သို့ ကျပါတော့သည်။ သံဃာတော်များမှာ မျက်မြင်ကိုယ်တွေ့ ဖြစ်ကြရပြီးလျှင် မကြံစည်တတ်နိုင် ဖြစ် ကြရတော့၏။

ဤသို့နှင့်...

ကျိုက်ထိုမှ ရသေ့ကြီးက ဒါမျိုး တွေ ရှင်းနိုင်တယ်။ သွားပြကြည့်ပါ လားဆို၍ ရောက်သွားကြပြန်သည်။ ဘဝပေါင်းက မိခင်က သူ့ထံသို့ပြန် လာရန် ခေါ်နေခြင်းဟု ဆို၏။ ထိုအခါ အဘိုးလေးက မရဲတရဲနှင့်...

"ဘရသေ့ရယ်...အမေဖြစ်ပြီး တော့ ဘာဖြစ်လို့ ရေထဲဆွဲနှစ်လိုက်၊ ခဲနဲ့ပေါက်လိုက်နဲ့ အန္တရာယ်တွေ ပေးရ တာလဲ"

"အခုဘဝက ဆင်းရဲလို့ ပြန်ခေါ် တာတဲ့"

"ဒါဆိုလည်း ချမ်းသာအောင်လုပ် ပေးပါလား"

"သမီးကို မခွဲနိုင်တော့ဘူး။ ပြန် ခေါ်ရမယ်"

"အရင်ဘဝက အမေတောင်မှ မခွဲနိုင်ဘူးဆိုရင် အခုလက်ရှိအမေက ပိုမခွဲနိုင်ဘူးပေါ့။ နားလည်ပေးပါ"

"သမီးကို ရအောင် ပြန်ခေါ်မယ်"

ရသေ့ကြီးက ယခင်ဘဝပေါင်း မှ အမေ၏နာမ်ကို ခေါ်ပေး၍ အဘိုး လေးနှင့် အချီအချပြောခဲ့ကြရသည်။ ရသေ့ကြီးက အင်းပြားကို ပေးလိုက် သည်။ ခြံဝမှာ မြှုပ်ထားနိုင်း၏။ မည် သည့်အန္တရာယ်မှ မလာနိုင်တော့ပါဟု ပြောလိုက်သဖြင့် ရသေ့ကြီး၏အမှာ စကားအတိုင်း ဆောင်ရွက်ခဲ့ကြပါသည်။ သို့သော် ညခုနစ်နာရီခန့်တွင် စန်းလှ အပေါ်သို့ ခဲတွေကျလာပြန်ပါသည်။

သည်လိုနှင့် ဟိုတိုးတော်စွမ်းသည် ဆို ရောက်သွားလိုက်၊ ဒီဘွားတော်က ပိုင်သည်ဆို ပြေးသွားလိုက်နှင့်။ ခဲတွေ ကတော့ ကျနေမြဲပင်။ စန်းလှလေးမှာ လည်း ပိန်လှီလာခဲ့ရပြီ။ စိတ်ထောင်း ၍ ကိုယ်ကြေစမြဲ မဟုတ်ပါလား။ ထို့ ကြောင့်...

"အမေ...သမီး သီလရှင်ဝတ် တော့မယ်။ သေသွားခဲ့ရင်လည်း ဘုရား သမီးတော်ဘဝနဲ့ သေရတာမြတ်... အမလေး..."

စန်းလှလေး၏ စကားပင် မဆုံး သေး။ မနီးမဝေးရှိ ကျောက်ပ
အလိုလို ကြွတက်လာပြီး စန်း
မျက်နှာကို ဘုံးခနဲ လာမှန်လေ
သည်။ သားအမိတစ်တွေမှာ အိမ်
ပင် မနေရဲတော့ဘဲနှင့် ပြေးထွက်
ကြ၏။ ဦးတည်ရာသည်...

××× ××× ×××

"ဆရာလေး စာရစာရီ"

"မှန်လှပါဘုရား"

"ဆရာလေးအပေါ်ကို ဒီ
ခဲကျလာရင် အဲဒီခဲကို ဘုန်းကြီး
လာခဲ့"

"တင်ပါဘုရား"

"တို့ဗုဒ္ဓနည်းကတော့ သက်
ကျန်းမာပြီး အန္တရာယ်ကင်းစေ
ဘုရားသားတော်၊ သမီးတော်
အသွင်ပြောင်းကြတာ နည်းမှန်လ
ပဲကွဲ။ ဝင့်ကြွေးပါလာရင်တော့ မ
ဘူးပေါ့ကွယ်"

"တင်ပါဘုရား"

နိုင်ငံခြားမှ ပြန်လည်ကြွ
လာခဲ့ပြီဖြစ်သော ဆရာတော်ဘုရား
အား ဦးခိုက်ကန်တော့ခဲ့ပြီး
ကျောင်းတော်ရှိ သီလရှင်ဆရာ
ထံသို့သွားနေသော စန်းလှ (သို့မ
သီလရှင်ဆရာလေး စာရစာရီ၏
သားတို့သည် အေးချမ်းငြိမ်သက်

လေးသ

ဝန်ခံချက် ။ ။ အဖြစ်
အမှန်ကို အမည်များ လွှဲ၍
ထားခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်ပေါင်း ၆၆ နှစ်ခန့်၊ ၁၉၄၅ ခုနှစ်၊ မြန်မာပြည်လွတ်လပ်ရေးမရမီ အချိန်က ဖြစ်သည်။ မိမိမှာ ထိုအချိန်က အသက် ၁၅ နှစ်၊ လူပျိုပေါက်အရွယ် ခုနှစ်တန်းကျောင်းသားဘဝ ဖြစ်ပါသည်။ မိခင်ကြီးစေခိုင်းချက်အရ မိမိ၏ ဦးလေးဝမ်းကွဲနှင့်အတူ နွေရာသီကျောင်းပိတ်ရက်အတွင်း ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ အရှေ့ပိုင်း ပင်လယ်နှင့်မဝေးသော 'ပဂိုင်' ရွာကြီးသို့ ငါးခြောက်များဝယ်ယူရန် ရောက်ရှိစဉ်က တွေ့မြင်ကြားသိခဲ့သော ဖြစ်ရပ်တစ်ခု ဖြစ်ပါသည်။

'ပဂိုင်' ရွာကြီးမှာ အိမ်ခြေ ၆၀ ကျော်ရှိပြီး၊ ငါးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ဆောင်ရွက်ကြပါသည်။ ၎င်းရွာကြီးမှာ ပင်လယ်ဒီရေတက်ရာ အရပ်တွင် တည်ရှိပါသည်။ ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ရွာမှ အရှေ့ရှူးရှူးတွင်ရှိပြီး လှည်းဖြင့်သွားပါက တစ်နေ့ခရီး ၁၅ မိုင်ခန့် ဝေးပါသည်။

မိမိတို့ တူဝရီးနှစ်ယောက်မှာ အဆိုပါ 'ပဂိုင်' ရွာလယ်ရှိ ငါးလုပ်ငန်းရှင် ဦး——၏အိမ်တွင် (ဦးလေး၏ မိတ်ဆွေ၊ တည်းနေကျ) တည်းကြပါသည်။ မိမိတို့ တည်းခိုနေသော ငါးလုပ်ငန်းရှင် ဦး——၏ အိမ်ကြီးမှာ ခြေတံရှည်အိမ်ဖြင့် နှစ်ဆောင်ပြိုင်ဖြစ်ပါသည်။ ၎င်းရွာရှိ အခြားအိမ်များမှာလည်း ခြေတံရှည်အိမ်များ ဖြစ်ကြသည်။ ပင်လယ်နှင့် နီးကပ်သဖြင့် ပင်လယ်ဒီရေနှင့် လွတ်ကင်းစေရန်အတွက် ယခုကဲ့သို့ ခြေတံရှည်အိမ်များ ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

မိမိတို့ တည်းခိုသည့်အိမ်ရှင်မှာ ငါးလုပ်ငန်းရှင်ကြီး တစ်ဦးဖြစ်သည့်အလျောက် အိမ်၏အနီး ကုန်းမြေတွင် စဉ့်အိုးကြီးများ(ရာဝင်အိုး)ဖြင့် ငါးရံ့ကြီးများကို (အလွယ်တကူချက်စားနိုင်ရန်) သိုလှောင်မွေးမြူထားသည်ကို တွေ့မြင်ရပါသည်။

၎င်းမြင် ပင်လယ်ရေဝင် အင်းကြီးများအတွင်းမှ (လေလံဆွဲထားရှိပြီး) နေ့စဉ်ဖမ်းဆီးရမိသော ငါးများ(လက်ကားဝယ်ယူရရှိသော ငါးများအပါအဝင်)ကို ငါးအမျိုးအစားအလိုက် ခွဲခြားပြီး ငါးခြောက်၊ ငါးပိကောင်၊ ငါးပိ စသဖြင့် ကဏ္ဍအလိုက် အဆင့်ဆင့် လုပ်ကိုင်နေကြသော အလုပ်သမ အမျိုးသမီးများကိုလည်း အဆိုပါအိမ်ရှင် အင်းသူကြီး၏ အိမ်အနီး ကုန်းမြေပေါ်တွင် လုပ်ကိုင်နေကြသည်။ အလားတူ ရွာတွင်းရှိ ငါးလုပ်ငန်းလုပ်ကိုင်နေကြသော အိမ်တိုင်းတွင်လည်း အင်အားအလိုက် တစ်ပိုင်တစ်နိုင် အဆိုပါ ငါးခြောက် အစရှိသည်များကို လုပ်ကိုင်လျက်ရှိကြောင်း တွေ့မြင်ရပါသည်။

သို့အတွက် ... ရွာရောက်စက နှာခေါင်းစိမ်း(အတွေ့အကြုံမရှိသော) နေသူ မိမိအဖို့ အဆိုပါလုပ်ငန်းများမှ ငါးညှီနံ့များ ခံစားရသဖြင့် စားမရ အိပ်မရ ဖြစ်ခဲ့ပါသည်။ သို့ရာတွင် ရက်သတ္တပတ်မျှအကြာတွင် နေသားတကျဖြစ်ပြီး အခက်ပြေသွားပါသည်။

မိမိအနေဖြင့် အညောင်းပြေ ရွာပြင်သို့ လမ်းလျှောက်ထွက်ပြီး ရွာမှ ခင်မင်နေပြီဖြစ်သော မိတ်ဆွေများ၏ ငါးလုပ်ငန်းများ လုပ်ကိုင်နေမှုများကို ကြည့်ရှုရင်း သတိထားမိသည့် ထူးခြားချက်တစ်ခုမှာ အဆိုပါ ပဂိုင်ရွာဦးပိုင်း ကုန်းမြင့်တစ်နေရာတွင် နတ်စင်သဖွယ် အဆောက်အဦတစ်ခုနှင့် ၎င်းအတွင်း၌ ရွှေအတိချထားသော ငါးဖမ်းကိရိယာ (ဂါး)များကို အမှတ်တရ အမြတ်တနိုး ထားရှိသည်ကို အံ့ဩဖွယ်ရာ တွေ့မြင်ရခြင်း ဖြစ်ပါသည်။

မိမိတို့တူဝရီး တည်းခိုသည့်အိမ်ရှင်(အင်းသူကြီး) ဦး——တွင် အသက် ၂၂ နှစ်ခန့်ရှိ သမီးတစ်ဦးရှိပါသည်။ တစ်ဦးတည်းသောသမီးဖြစ်ကြောင်းလည်း သိရပါသည်။ အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com

(အပျို)မှာ သမင်မမျက်လုံးကဲ့သို့ ကြည်လင်ရွှန်းလဲ့ တောက်ပသော မျက်လုံး၊ အရပ်မနိမ့်မမြင့်၊ သန်မာထွားကျိုင်းသော ကိုယ်လုံးကိုယ်ထည်၊ အသားအရေ ဖြူဝင်းချောမွတ်ပြီး၊ ထာဝစဉ်ချိုပြုံးနေသော မျက်နှာပိုင်ရှင်ဖြစ်သည်ကို သတိပြုမိပါသည်။ မနဂုဏ်၊ အလုဂုဏ်တို့ကြောင့် ရွာ၏ ကွမ်းတောင်ကိုတစ်ဦးလည်းဖြစ်ကြောင်း သိရှိရပါသည်။ မိမိတို့ ဝယ်ယူလိုသော ငါးခြောက် အပြည့်အစုံမရရှိသေးသဖြင့်စောင့်နေရသော ရက်များကြာလာသည်နှင့်အမျှ အိမ်ရှင်၏သမီးပျို(အစ်မကြီး)နှင့် ပြေရဲဆိုရဲ ရင်းနှီးမှုရှိလာခဲ့သည်။

ငါးလုပ်ငန်းရှင် အင်းသူကြီး အိမ်ရှင် ဦး---က ၎င်းတွင် သားမရှိသည့်အတွက် မိမိအား ၎င်း၏ တစ်ဦးတည်းသောသမီး အပျိုကြီးနှင့် သဘောတူပြီး မိမိ ၁၀ တန်းအောင်လျှင် သမီးနှင့်လက်ထပ်ပေးရန်ဆန္ဒရှိကြောင်း၊ မိမိအားလည်း သူတို့စရိတ်ဖြင့် ၁၀ တန်းအောင်သည်အထိ ကျောင်းဆက်ထားပေးမည်ဖြစ်ကြောင်း မိမိ၏ဦးလေးအားဖွင့်ဟပြောဆိုထားသည်ကို ဦးလေးကပြော၍ သိရှိခဲ့ပါသည်။

အိမ်ရှင်၏သမီး မ---ကလည်း မိမိအပေါ် မောင်လေးတစ်ယောက်ထက်ကျော်လွန်၍ မေတ္တာသက်ဝင်ချစ်ခင်စုံမက် နှစ်သက်မှုရှိနေကြောင်း သူမ၏ ညို့ဓာတ်အပြည့်ပါသော မျက်လုံး၏အကြည့်နှင့် ညှော်ခံကျွေးမွေးပြုစုဆက်ဆံပုံ၊ အမူအရာများ ပြောင်းလဲလာမှုဖြင့် သိရှိရပါသည်။ သို့အတွက် သူမနှင့် ရင်းနှီးခင်မင်မှုရှိလာသဖြင့် ၎င်းတို့ရွာထိပ်တွင် တွေ့ခဲ့ရသော အဆောက်အဦအတွင်းမှ ရွှေချထားသည့် ငါးဖမ်းရာတွင်အသုံးပြုသော ငါးဖမ်းပစ္စည်းကိရိယာ(ဂါး)များအကြောင်းကို သိခွင့်ရရှိခဲ့ပါသည်။

## "ငါးဘုရင်"

လွန်ခဲ့သော နှစ်ပေါင်း ၈၀ ခန့်က ဖကိုင်ရွာတွင် ငါးနှင့်ပတ်သက်၍ အကြားအမြင်ရရှိသူ (ငါးဘုရင်)တစ်ဦး ပေါ်ပေါက်ခဲ့သည်။ ၎င်း၏အမည်မှာ ဦးဖိုးနော်ဖြစ်၍ ၎င်းရွာဇာတိ ဖြစ်သည်။ ငါးလုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်သူ၊ အင်းများကို လေလံဆွဲပြီး လူငှားများဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ရင်း ချမ်းသာကြွယ်ဝလာသူ လူကုံထံ အင်းသူကြီး ဖြစ်သည်။

အဆိုပါ အင်းသူကြီးဦးဖိုးနော်၏နှုတ်မှ ပြောသည့်အတိုင်း လက်တွေ့ဆောင်ရွက်ရာတွင် မှန်ကန်မှုရှိသဖြင့် ၎င်းအား ငါးအကြားအမြင်ရရှိသူ 'ငါးဘုရင်'အဖြစ် တင်စားခေါ်ဆိုပြီး အင်းလောကတွင် ကျော်ကြားသူဖြစ်သည်။ ယနေ့ မည်သည့်အင်းမှာဖမ်းလျှင် မည်သည့်ငါးအမျိုးအစားရနိုင်သည်။ ယနေ့ ဘယ်အင်းမှာ ငါးမဖမ်းနှင့်။ ငါးများများမရနိုင် စသဖြင့် မေးလာသူ ငါးလုပ်ငန်းရှင်များအား အဆိုပါ အကြားအမြင်ရရှိသူ အင်းသူကြီးဦးဖိုးနော်က ပြောပြလေ့ရှိကြောင်း၊ လက်တွေ့ ဆောင်ရွက်ကြသူများအနေဖြင့်လည်း ၎င်းအင်းသူကြီး ပြောသည့်အတိုင်း အမှားအယွင်းမရှိ မှန်ကန်မှုရှိကြောင်း သိရှိရသည်။

သို့ရာတွင် အဆိုပါ အင်းသူကြီး ဦးဖိုးနော်မှာ အသက်ထင်ရှားရှိစဉ်မှာပင် ငါးနှင့်ပတ်သက်၍ အကြားအမြင်ရသူ 'ငါးဘုရင်'တစ်ယောက်အဖြစ် ထင်ရှားပြီး ရေလုပ်ငန်းရှင်များ၏ အားကိုးအားထားရသူအဖြစ် ဖကိုင်တစ်ရွာ

လုံးနှင့် ပတ်ဝန်းကျင်ရှိ ရေလုပ်ငန်းရှ
များကပါ ယုံကြည်အားထားလာ
ခြင်းကြောင့် ကျော်ကြားလာခဲ့သည်

၎င်းအင်းသူကြီး 'ငါးဘုရင်'
ဇနီးမှာလည်း သားတစ်ယောက်သ
မွေးဖွားခဲ့ရာ အရွယ်ရောက်သည်န
တစ်ရွာတည်းနေ ငါးလုပ်ငန်းရှင် အ
သူကြီးတစ်ဦး၏သမီးနှင့် ထိမ်းမြား
စားပြီး ၎င်း၏ငါးလုပ်ငန်းများ (အ
များကို လေလံဆွဲပြီး ငါးနှင့်ပတ်သ
သော လုပ်ငန်းများ)ကို ဦးစီးလုပ်ကို
စေပါသည်။ မကြာမီမှာပင် အကြ
အမြင်ရရှိသူ 'ငါးဘုရင်'ဦးဖိုးနော်တ
မြေးမိန်းကလေးတစ်ဦးကို ၎င်း၏ချွေး
မှ မွေးဖွားပေးခဲ့သည်။ ငါးဘုရင် ဦး
နော်မှာ ၎င်းမြေးဦး မ---အား ငုံထ
မတတ် ချစ်လှသဖြင့် ၎င်း၏အိမ်ြ
နှင့် ၎င်းပိုင် ငါးလုပ်ငန်းအမွေအား
ကို သားကိုမပေးဘဲ ၎င်း၏သမီး မြေး
မ---အား အမွေပေးခဲ့ကြောင်း သိ
သည်။

ချမ်းသာကြွယ်ဝ၍ ငါးနှင့်ပ
သက်ပြီး အကြားအမြင်ရရှိသူ အ
သူကြီးဦးဖိုးနော်မှာ မိသားစုနှင့်အ
ရန်ကုန်မြို့သို့သွား၍ လေးဆူဓာတ်
ရွှေတိဂုံစေတီတော်မြတ်ကြီးအား
သက်နီးကပ်လှူ ပူဇော်ဖူးမြော်လိုသ
ဆန္ဒဖြစ်ပေါ်လာသည်။ သို့အတွက် ၎
၏ဆန္ဒကို အကောင်အထည်ဖော်
အတွက် ၎င်းနှင့်အတူ ဇနီး၊ သာ
ချွေးမနှင့် လသားအရွယ် မြေးဦး မ-
တို့မိသားစု ဖကိုင်ရွာမှ ရန်ကုန်သို့ ဆ
လာကြပြီး [illegible]
ရင်းနှီးသော [illegible]
ဘက်(ဗဟိုဒန်း)ရှိ [illegible]
[illegible]

www.burmeseclassic.com

ညနေပိုင်းတွင် ၎င်းတို့တည်းခိုသော ကျောင်းတိုက်မှ ရွှေတိဂုံကုန်းတော်ပေါ်သို့ တက်ရောက်ပြီး မိသားစုနှင့်အတူ ရွှေတိဂုံစေတီတော်ကြီးအား ဖူးမြော်ပါသည်။ ၎င်းနှင့်အတူပါရှိသော မိသားစုအားလုံး ရွှေတိဂုံစေတီတော်ကြီးအား မြင်တွေ့ဖူးမြော်ခွင့်ရရှိကြသော်လည်း ဖခင် အင်းသူကြီး(ငါးဘုရင်)မှာ ရွှေတိဂုံစေတီတော်မြတ်ကို ၎င်း၏ မျက်စိဆဲတွင် လုံးဝမမြင်ရ၊ စေတီတော်မြတ်ကြီး၏ ရွှေတောင်အဆင်းရှိသော ပုံတော်ပေါ်မလာဘဲ ငါးမျိုးစုံသာ မျက်စိထဲတွင် ပေါ်လာသဖြင့် စိတ်၏ဆင်းရဲမှုဖြစ်ရပြီး သောကခံစားရကြောင်း သိရှိရသည်။ ၎င်းကိစ္စကို မကျေနပ်သဖြင့် နောက်တစ်နေ့နံနက်တွင်လည်း ၎င်းတည်းခိုနေသော ကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော်ပါ လိုက်ပါပြီး မိသားစုနှင့်အတူ ရွှေတိဂုံစေတီတော်မြတ်အား ထပ်မံသွားရောက်ဖူးမြော်ပါသည်။ ယခုအကြိမ်တွင်လည်း ယမန်နေ့ညကကဲ့သို့ပင် ရွှေတောင်ကြီးတမျှ ဝင်းလက်တောက်ပလျက် ရွှေအဆင်းအတိရှိသော ရွှေတိဂုံစေတီတော်မြတ်ကြီးကို လုံးဝမတွေ့၊ ဖူးမြော်ခွင့်မရရှိဘဲ ယမန်နေ့ကအတိုင်း ရွှေတိဂုံစေတီတော်မြတ်ကြီးနေရာတွင် ငါးမျိုးစုံသာ တွေ့မြင်ရသဖြင့် ဝမ်းနည်းစိတ်ပျက် ဒေါသထွက်ရခြင်း ဝေဒနာသာ ခံစားရပြန်သည်။

သို့အတွက် ရန်ကုန်တွင် ညမအိပ်တော့ဘဲ ၎င်းနေ့တွင်ပင် ကားငှားပြီး ရန်ကုန်မှ ရွာသို့ပြန်လာခဲ့ကြသည်။ ပဂိုင်ရွာသို့ရောက်လျှင် ရွှေတိဂုံစေတီတော်အား ဖူးမြော်မြင်တွေ့ခွင့်မရ၍ ရွှေမချရသဖြင့် ရွှေတိဂုံစေတီ တော်မြတ်ကိုယ်စား ၎င်းပိုင် ငါးဖမ်းလုပ်ငန်းတွင် အသုံးပြုသော ပစ္စည်းကိရိယာများ(ဂါး)ကို ရွှေချပြီး အသက်ထက်ဆုံး ကိုးကွယ်သွားကြောင်း ပြောပြသိရှိရပါသည်။

အဆိုပါ ငါးနှင့်ပတ်သက်၍ အကြားအမြင်ရသူ(ငါးဘုရင်)ဦးဖိုးနော် သေဆုံးသွားပြီးနောက်ပိုင်းတွင်လည်း ငါးနှင့်ပတ်သက်၍ ရေလုပ်ငန်းရှင်များအား ဝင်ပူးပြီး အသက်ရှင်စဉ်ကကဲ့သို့ မည်သည့်အင်းတွင် (အင်းများတွင် နာမည်သီးခြားစီရှိကြသည်) မည်သည့်ငါးအမျိုးအစား၊ ဥပမာ ငါးရံ့၊ ငါးခူ၊ ငါးဘတ်၊ ငါးသလောက်၊ ငါးမြစ်ချင်း၊ ငါးကြီး ငါးသေး စသဖြင့် ငါးအမျိုးအစား ခွဲခြားပြီးပြောရာ ၎င်းပြောသည့်အတိုင်း မှန်ကန်စွာ ဖမ်းဆီးရရှိကြသဖြင့် ယခုမြင်တွေ့ရသည့်အတိုင်း အစဉ်အဆက် အဆောက်အဦအတွင်း ၎င်းလက်ထက်က ရွှေချထားသော ငါးဖမ်းကိရိယာများ (ဂါးများ)ကို ၎င်းရွာရှိ အင်းသူကြီးများက စုပေါင်းတာဝန်ယူ၍ ရွှေချပြီး အစဉ်အဆက် ကိုးကွယ်လာခဲ့ကြသည်မှာ ယခုတိုင် ၁၉၄၇ ခုနှစ်ထိ ဖြစ်ကြောင်း သိရှိခွင့်ရသဖြင့် ၎င်းအင်းသူကြီး (ငါးအကြားအမြင်ရရှိသူ) ငါးဘုရင် ဦးဖိုးနော်အတွက် စိတ်မကောင်းဖြစ်ခဲ့မိပါသည်။

ပဂိုင်ရွာမှ ငါးနှင့်ပတ်သက်၍ အကြားအမြင်ရရှိသူ အင်းသူကြီး ဦးဖိုးနော်အနေဖြင့် သက်ရှိထင်ရှားရှိနေစဉ် ဘဝတစ်လျှောက်လုံး ကံငါးပါးအနက် ၎င်း၏ ပယောဂ လုပ်ဆောင်မှုဖြင့် အသက်ပေါင်းများစွာ သေဆုံးစေခဲ့သော ပါဏာတိပါတကံ အကုသိုလ်ကံပြစ်မှားကျူးလွန်ခဲ့သော ဆိုးကျိုးအဖြစ် ရွှေတောင်ကြီးသဖွယ် ကြည်ညိုသပ္ပာယ်လှစွာသော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရွှေချပူဇော်ရန် ရည်ရွယ်ချက်ဖြင့် ကြိုးစားဖူးမြော်ခဲ့သော်လည်း ဖူးမြော်မြင်တွေ့ခွင့်မရရှိရ (ဝါ) လောက၏သဘာဝ ပြစ်ဒဏ်များ ခံစားရသူအဖြစ် သိရှိခဲ့ရပါသည်။

၎င်း'ငါးဘုရင်' သေဆုံးပြီးနောက်တွင်လည်း ဖော်ပြပါအတိုင်း ငါးအကြားအမြင်ရ အင်းသူကြီး ဦးဖိုးနော်မှာ ငါးလုပ်ငန်းများအစွဲကြောင့် မကျွတ်လွတ်ဘဲ နာနာဘာဝအဖြစ် ရောက်ရှိခဲ့သည်။ အင်းလေလံဆွဲပြီး ငါးလုပ်ငန်းလုပ်ကိုင်သူများအား ငါးရရှိမှုနှင့်ပတ်သက်၍ ပူးပြီး အခါပေးပြောဆိုမှုများ မှန်ကန်လှသဖြင့် ပဂိုင်ရွာနှင့် ပတ်ဝန်းကျင်တို့မှ ငါးလုပ်ငန်းရှင် ရေလုပ်သား အင်းသူကြီးတို့၏ ဆည်းကပ်ကိုးကွယ် အားထားရာအဖြစ် ထင်ရှားလျက်ရှိကြောင်း ပဂိုင်ရွာရှိ ရင်းနှီးခင်မင်သူ မိတ်ဆွေများကလည်း ထပ်မံပြောပြ၍ သိရှိရပါသည်။

(ပဂိုင်ရွာသူ အဆိုပါ ငါးအကြားအမြင်ရ (ငါးဘုရင်) အင်းသူကြီး၏မြေးမိမိအား စွဲလမ်းချစ်ခင် မေတ္တာရေစင်သွန်းလောင်းခဲ့သူ အစ်မကြီးနှင့်လည်း အနေဝေးသဖြင့် အဆက်အသွယ်ပြတ် ဖူးစာဖက်မဖြစ်လိုက်ရတော့ပါ။)

မှတ်ချက် ။ ကာယကံရှင်တို့၏ အမည်များကို ၎င်းတို့၏ဂုဏ်သိက္ခာအတွက် ချန်လှပ်ထားရှိခဲ့ပါသည်။

(ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ ပင်လယ်ဒီရေတက်ရောက်ရာ အင်းလေလံဆွဲ၍ ငါးလုပ်ငန်းများ လုပ်ကိုင်သည့် ပဂိုင်ရွာကြီးတွင် မြင်တွေ့ကြားသိခွင့်ရရှိခဲ့သော ငါးအကြားအမြင်ရရှိသူ ငါးဘုရင်ပုဂ္ဂိုလ်ထူးတစ်ယောက်၏ ထူးဆန်းအံ့ဩဖွယ် သံဝေဂရဖွယ် အဖြစ်အပျက်တစ်ခုကို ပြန်လည်ရေးသား တင်ပြခြင်း ဖြစ်ပါသည်။)

မောင်အောင်မြင့်(မိတ္ထီလာ)



www.burmeseclassic.com

www.burmeseclassic.com


# မုခဗေဒ

## ( မျက်နှာရိပ် မျက်နှာကဲ ဖတ်ခြင်းပညာ )

သူတော်စိ

ကျွန်ုပ်တို့သည် အစဉ်သဖြင့် မျက်နှာရိပ် မျက်နှာကဲကို အားထားနေကြရသည်။ သို့သော် ၎င်းတို့ကို ခွဲခြားသတ်မှတ်ခြင်းမပြုနိုင်ကြ။ ကျွန်ုပ်တို့ လုစ်ဟဖွင့်ဆိုနိုင်ခြင်းမရှိဘဲ အသိစိတ်ဖြင့် သတိထားခြင်းမပြုနိုင်သည့် ဘာသာစကားတစ်ခုကို ဖတ်ရှုနေရလေသည်။ ကောင်းမွန်သည့် မျက်နှာဖတ်ပညာသည် လူတစ်ဦးတစ်ယောက်၏ အတွင်းမနောဓာတ်ကို ထွင်းဖောက်မြင်နိုင်စွမ်းရှိလေသည်။ အမှန်အားဖြင့် တကယ်ကျွမ်းကျင်မှုသည် အလေ့အကျင့် လိုအပ်သည်။ သို့သော် မည်သူမဆို အခြေခံလောက်ကို သင်ယူနိုင်ပါသည်။

ကျွန်ုပ်တို့ မျက်နှာတစ်ဖက်စီတွင် မျက်နှာကြွက်သားများ နှစ်ဆယ့်နှစ်ခုစီရှိလေသည်။ အခြားသက်ရှိသတ္တဝါများထက် ပိုပါသည်။ ကြွက်သားအများစုနည်းတူ ၎င်းကြွက်သားများသည် အရိုးတွင် အခြေစိုက်ပါသည်။ အခြား ကြွက်သားများနှင့် မတူသည်မှာ မျက်နှာကြွက်သားများသည် အရေပြားကို တွယ်ကပ်ထားသဖြင့် ခန္ဓာကိုယ် အခြားအစိတ်အပိုင်းများရှိ အရေပြားထက် မျက်နှာပို၍ လှုပ်ရှားစေနိုင်ပါသည်။ ၎င်
ကြွက်သားများသည် ပုံတွင်ပြထားသ
သို့ ရှုပ်ထွေးသည့် အပ်ချည်လုံးသဖွ
ဖြစ်၍ အချို့က သီးခြားပေါ်လွင်ပါသည်
ဇိုင်ဂိုမက်တစ်မေဂျာခေါ် ကြွက်သ
သည် အပြုံးကြောဟု ဆိုနိုင်ပါသည်
၎င်းသည် ပါးပြင်တစ်လျှောက်မှ နှ
ခမ်းထောင့်သို့ရောက်သဖြင့် ၎င်း
ပါးစပ်ကို အပေါ်သို့ ဟစေပါသည်
ကော်ရူဂေတာ ကြွက်သားသည် မျက်
များကို ရက်ယှက်ထားပါသဖြင့် မျက်
နှစ်ခုအတွင်း ထောင်လိုက်အစင်း






www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်စေပါသည်။ နှစ်မြို့ဖွယ် အဖြစ်ဆုံးအမှုအရာမှာ ဗိုင်ဂိုမက်တစ် မေဂျာကြွက်သားနှင့် ဆိုင်၏။ မနှစ်မြို့ဖွယ် အဖြစ်ဆုံး သွင်ပြင်မှာ ကော်ရူဂေတာကြွက်သားများနှင့် ဆက်နွယ်ပါသည်။

အခြားကြွက်သားများကလည်း အရေးပါသည့်ကဏ္ဍကို လုပ်ဆောင်ကြပါသည်။ အလုပ်အများဆုံး ဖရန်တာလစ်ကြွက်သားသည် လိုက်ကာသဖွယ် နဖူးပြင်ကို ဖုံးအုပ်ထားပြီး ကြောက်လန့်ခြင်း၊ သို့မဟုတ် အလေးဂရုပြုခြင်းကို ဖော်ပြရာတွင် မျက်ခုံးများကို အပေါ်သို့ တက်စေပါသည်။ ၎င်း၏ဆန့်ကျင်ဘက် ကော်ရူဂေတာကြွက်သားသည် ဝမ်းနည်းကြေကွဲသည့်အခါ မျက်ခုံးများကို အောက်သို့ နိမ့်ဆင်းစေသည်။ ကြောက်လန့်သဖြင့် ပါးစပ်ကို အလျားလိုက် ရှုံ့သည့်အခါ ရီဆိုရီယတ်ကြွက်သားကို သုံးပါသည်။ ဤအချက်ပြချက်များသည် ကလေးဘဝကပင် ခိုင်လုံသည့် အချိန်ဇယားအတိုင်း ဖြစ်ပေါ်လာသည်။ ပြုံးခြင်းနှင့် အံ့အားသင့်ခြင်းသည် မွေးစကပင် ပေါ်လာ၍ စိတ်ပျက်ခြင်း၊ စိတ်ဆင်းရဲခြင်း(ဝမ်းနည်းခြင်း)သည် မွေးစမှ သုံးလအတွင်း ပေါ်လာသည်။ လောကွတ်အပြုံးသည် တစ်လခွဲမှ သုံးလအတွင်း ဖြစ်ပေါ်သည်။ ဒေါသစိတ်သည် သုံးလမှ ခုနစ်လအတွင်း ဖြစ်ပေါ်သည်။ ကြောက်လန့်ခြင်းသည် ငါးလမှ ကိုးလအတွင်း ဖြစ်ပေါ်သည်။

ဒေါသစိတ်သည် အာရုံစူးစိုက်မှု၏ သွင်ပြင်ဖြစ်သည်။ မျက်ခုံးများ ကျုံ့၍ နှုတ်ခမ်းများ တင်းသွားသည်။ စိတ်ရှိသည့်မျက်နှာသည် သတိပေးချက်သဖွယ် ဖြစ်သည်။ ကြောက်လန့်ခြင်းသည် ဆန့်ကျင်ဘက် လက္ခဏာရှိသည်။ မျက်လုံးများ ပြူးကျယ်၍ မျက်ခုံးများ ပင့်တင်သွားသည်။ အံ့သြခြင်းသည် ကြောက်လန့်ခြင်းနှင့် ဆင်တူ၍ ရံဖန်ရံခါ အံ့သြခြင်းသည် ကြောက်လန့်ခြင်း၏ ရှေ့ပြေးဖြစ်၏။ မျက်စိများရော၊ ပါးစပ်ပါ ပွင့်သွားပြီး မျက်ခုံးများ ကြွတက်ကာ တွန့်လိုက်သည်။ စိတ်ပျက်ခြင်းသည် နှာခေါင်းမှာပေါ်လွင်၍ ဤသို့မဟုတ်ပါက အလွန်ပေါ်လွင်သည့် မျက်နှာသွင်ပြင်ဖြစ်ပါသည်။ ၎င်းသည် ကျွန်ုပ်တို့ အနံ့ဆိုးတစ်ခုခုရရှိသည့်အခါကဲ့သို့ နှာခေါင်းကို တစ်စိတ်တစ်ပိုင်း ရှုံ့ခြင်း၊ တွန့်ခြင်း ပြုနိုင်ပါသည်။

လိမ်လည်ပြောခြင်းကား အဘယ်နည်း။ ခြုံငုံဆိုရသော် လိမ်လည်မှုစုံစမ်းခြင်းတွင် ကျွန်ုပ်တို့ မကျွမ်းကျင်ကြပါ။ ကျွမ်းကျင်ကြမည်ဟု ယူဆရသည့် တရားသူကြီး၊ ရဲအရာရှိများနှင့် စိတ်ရောဂါကုဆရာဝန်များပင်လျှင် ထင်သလောက် မပေါက်ဘဲ သာမန်ထက် အနည်းငယ်သာပိုကြပါသည်။ အကျဉ်းသားများသည် လိမ်လည်ခြင်းကို ကောင်းစွာ ထောက်ပြနိုင်ကြပါသည်။ ဤသည်မှာ ၎င်းတို့သည် အလိမ်အညာကမ္ဘာထဲတွင် ကျင်လည်ကျက်စားကြရသဖြင့် နောကျေနေခြင်း ဖြစ်နိုင်ပါသည်။ လျှို့ဝှက်ချက်က ဘာလဲ။ ၁၈ ရာစုနှစ်က ဂျော်ဖရီက်လီဗနစ်ဇ်က အကြံပြုသည်မှာ မျက်နှာနှင့် အသံကို လေ့လာခြင်းဖြင့် လိမ်လည်မှုဖော်ထုတ်ရာတွင် တိုးတက်မှုရှိနိုင်သည်ဟု ဆိုပါသည်။ သူပြောတာ မှန်ပါသည်။

ပထမသတိပေးလိုသည်မှာ အလိမ်အညာ ဖော်ထုတ်ရာတွင် သေချာပေါက်နည်းမရှိခြင်းဖြစ်ပါသည်။ သဲလွန်စတစ်ခုတည်းကိုသာ အားကိုးသူသည် ထွဲချော်နိုင်ပါသည်။ ထို့ကြောင့် ကောင်းမွန်သည့် အလိမ်အညာ ဖော်ထုတ်သူများသည် သဲလွန်စအများကို ရှာဖွေကြပါသည်။ သော့ချက်သဲလွန်စမှာ ပြုံးခြင်းဖြစ်ပါသည်။ လူလိမ်သည် စစ်မှန်သည့် အပြုံးကို မဆောင်တတ်ဘဲ လျှို့ဝှက်ဖုံးကွယ်သည့်အပြုံးနှင့်အတူ ပို၍ ကျယ်လောင်သော အသံပစ်ချိုနှင့် ပြောလေ့ရှိပါသည်။ ဤသည်မှာ လိမ်လည်မှု၏ အကောင်းဆုံးသက်သေပြယုဂ် ဖြစ်ပါသည်။ စစ်မှန်သည့် အပြုံးသည် မျက်စိအနီးရှိ အရေပြားပေါ်တွင် သေးငယ်သည့် ကြယ်ပွင့်သဏ္ဍာန် အရေပြားတွန့်ခြင်း ဖြစ်ပါသည်။ ဟန်ဆောင်အပြုံးတွင် ဤသို့ မဖြစ်တတ်ပါ။ ဟန်ဆောင်အပြုံးများသည် စောစွာဖြစ်စေ၊ နောက်ကျ၍ဖြစ်စေ ပေါ်ပေါက်တတ်ပြီး တဖြည်းဖြည်း ပျောက်မသွားဘဲ ခဏချင်းရပ်သွားတတ်ပါသည်။ သို့မဟုတ် အနည်းငယ် မဲ့ရွဲ့သည့်အသွင် ဆောင်ပါသည်။

ရိုးသားသည့် သွင်ပြင်သည် ရှည်ကြာမတည်တတ်ပါ။ ဆယ်စက္ကန့်၊ သို့မဟုတ် အများအားဖြင့် ငါးစက္ကန့်ထက်ကြာသည့် မျက်နှာသွင်ပြင်သည် ဟန်ဆောင်မှု ဖြစ်နိုင်ပါသည်။ ဒေါသစိတ်၊ ရွှင်လန်းအားရခြင်း၊ စိတ်ကျခြင်းကဲ့သို့သော ပြင်းပြသည့် သွင်ပြင်များမှာ ခြွင်းချက်ဖြစ်သည်။ သို့သော် ၎င်းတို့သည်လည်း တိုတောင်းသည့် ဆက်တိုက်ခံစားမှုများ ဖြစ်တတ်သည်။ အံ့အားသင့်ခြင်းသည် အထူးသဖြင့် တိုတောင်းသည်။ တစ်စက္ကန့်ထက်မကြာတတ်၊ ထို့ထက်ပိုလျှင် ထိုသူသည် ဟန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

နေခြင်းဖြစ်သည်။ အခြားသော မျက်နှာ အမူအရာများနှင့် မတူဘဲ ဖျတ်ခနဲစ၍ ဖျတ်ခနဲ ဆုံးသည်။ လူအများသည် အံ့ဩသည့်အမူအရာကို တုနိုင်ကြသည်။ သို့သော် ၎င်းလျှပ်တစ်ပြက်အမူအရာကို မည်သူမျှ မခန့်မှန်းနိုင်ပေ။ ရေးရိုးစွဲ ပညာအရ လျှပ်တစ်ပြက် မျက်တောင်ခတ်ခြင်းသည် လိမ်လည်ခြင်း၏ သော့ချက်ဖြစ်သည်။ အချို့ လိမ်လည်မှုများအတွက် မှန်သော်လည်း မျက်တောင်ခတ်ခြင်းသည် ယေဘုယျအားဖြင့် နှိုးဆွမှုကို တုံ့ပြန်ခြင်းဖြစ်သည်။ ၎င်းသည် စိတ်လှုပ်ရှားမှု၊ စိုးရိမ်မှု၊ သို့မဟုတ် အခြားပြင်းပြသည့် ခံစားမှုများကို အချက်ပြနိုင်သည်။ မျက်လွှာချခြင်းသည် အဘယ်နည်း။ ကျွန်ုပ်တို့သည် အပြစ်ရှိခြင်း၊ ရှက်ရွံ့ခြင်း ဖြစ်သည့်အခါ မျက်လွှာချ၍ အံဝေးသို့ ကြည့်တတ်သည်။ ထိုနည်းတူ ဝမ်းနည်းလျှင် ခေါင်းငုံ့၍ စိတ်ဆိုးလျှင် ဘေးသို့ကြည့်တတ်သည်။ သို့သော် မျက်စိဖြင့် ဘေးကြည့်ခြင်းသည် စိတ်မချရသည့် သဲလွန်စဖြစ်သည်။ အချို့လူများသည် ဘေးမော့ခြင်းကို အားထားတတ်သည်ကို လူလိမ်များက သိထားသဖြင့် ၎င်းအချက်ကို အသုံးချကြသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ အမှန်တရား ဖော်ထုတ်ခြင်းသည် လိမ်ညာခြင်းကို မျက်ကွယ်ပြုနိုင်သည်။ ဖိအားပေးခံရသည့်အခါ အချို့လူလိမ်များသည် မျက်လုံးချင်းဆုံကာ မျက်နှာအမူအရာ လုပ်ခြင်းဖြင့် မေးခွန်းထုတ်သူအား ရိုးသားကြောင်း လုပ်ပြတတ်သည်။

လူတော်တော်များများ မသိသေးသည့် မျက်နှာအရိပ်အကဲ အမှန်တရား၏ လျှို့ဝှက်ချက်တစ်ခုမှာ သေးငယ်သည့် မျက်နှာအမူအရာ ဖြစ်သည်။ တစ်ခဏတွင်းမှာပင် ဖုံးကွယ်ထားသည့် အမူအရာကို မျက်နှာသွင်ပြင်က လျှပ်တစ်ပြက် ပေါ်လွင်စေသည်။ လေ့ကျင့်မှုမရှိသူများသည် သေးငယ်သည့် မျက်နှာသွင်ပြင်ကို ဆလိုးမိုးရှင်း ဗီဒီယိုတိတ်ပေါ်တွင် တွေ့လိုက်ရသည့်တိုင် သတိထားခဲ့သည်။ သို့သော် ဆရာဝန်များသည် ၎င်းတို့ကို တစ်ခါတည်း သိလိုက်သည်။ ထို့ပြင် လူပုဂ္ဂိုလ်အများစုမှာ တစ်နာရီခန့် လေ့ကျင့်ယူရုံဖြင့် မှတ်မိနိုင်သည်။ အသေးအမွှား(အမူအရာ) သည် တွေ့ရခဲသော်လည်း စုတ်သပ်ခြင်းကဲ့သို့သော ပိုမိုရှုပ်ထွေးသည့် ဖြစ်ရပ်သည် တွေ့ရဖန်များသည်။ မနှစ်မြို့ဖွယ် မျက်နှာစပေါ်သည်ကို သိလိုက်သည်နှင့် အလျင်အမြန် အပြုံးဖြင့် ဖုံးကွယ်လေ့ရှိသည်။ အတွင်းမနှော ခံစားချက်ကို ဖုံးကွယ်ရုံမျှ လျင်မြန်စွာ စုတ်သပ်ခြင်း ဖြစ်တတ်သည်။ သို့သော် ၎င်းသည် သေးငယ်သည့် ကွက်ခနဲအမူအရာထက် ကြာရှည်တတ်သည်။ ထို့ပြင် ကျွန်ုပ်တို့အနေဖြင့် ခံစားချက်ကို မမြင်ရသည့်တိုင် ကွက်ခနဲ ဖြစ်ပေါ်သည့် အရိပ်အကဲကို ခံစားမိနိုင်သည်။

ယခုအခါ သိပ္ပံပညာရှင်များက အခြေခံ မျက်နှာအမူအရာ ခြောက်မျိုးကို ခွဲခြားသတ်မှတ်ထားသည်။ ၎င်းတို့မှာ ကြည်နူးပျော်ရွှင်ခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်ခြင်း၊ အံ့ဩခြင်း၊ စိတ်ပျက်ခြင်း၊ ဝမ်းနည်းပူဆွေးခြင်းတို့ ဖြစ်ပါသည်။ အခြေခံ မျက်နှာသွင်ပြင်ဟု ဆိုရာတွင် ကမ္ဘာတစ်လွှားမှ မည်သူမဆို ဓာတ်ပုံကို ကြည့်၍ ခွဲခြားသတ်မှတ်နိုင်ခြင်းကို ဆိုလိုပါသည်။ မျက်လုံးကဲ့ ... သော လှုပ်ရှားမှုအချက်ပြခြင်းသ... လေ့လာရန် ပို၍ခက်ခဲပြီး သုတေသ... ပြုနိုင်ရန် အလှမ်းဝေးပါသည်။ သို့... အောင် များစွာသော အမူအရာမ... သည် အခြေခံ စံသတ်မှတ်ချက်မျာ... လွဲချော်တတ်ပါသည်။ အချို့မှာ ဒေါ... စိတ် အပျော့စားဖြစ်သည်။ စိတ်တိုခြ... ကဲ့သို့ ဒီဂရီအားဖြင့်သာ ကွာခြားတ... ပါသည်။ အခြားကိစ္စများမှာ မထီမ... စား ပြက်ရယ်ပြုခြင်းကဲ့သို့ ရောမွှ... ခံစားချက် ဖြစ်ပါသည်။

အလေ့အကျင့်သည် မျက်နှာဖ... ပညာကို တိုးတက်စေပြီး မည်သူမ... လေ့ကျင့်ခြင်းနှင့်အတူ အထိ... အလျောက် အောင်မြင်မှုရနိုင်ပါသ... သို့သော် မှားနိုင်သည့် အချက်တစ်ခု... မေးရိုးကြီးခြင်း၊ နှာခေါင်းရှည်ခြင်း... အလားတူ ကိစ္စရပ်များကို ကြည့်၍ ... တစ်ဦးတစ်ယောက်၏ အကျင့်စာရိ... ကို ဖတ်သည့် ရုပ်လက္ခဏာဖတ်ခြ... သိပ္ပံအမည်ခံပညာရပ် ဖြစ်ပါသည်။ ... အတွက် မည်သည့်အထောက်အထ... မှ မရှိဘဲ ခေတ်သစ်ပါရဂူများက ပြ... ရယ်ပြုကြပါသည်။ ထို့ကြောင့် မျက်... အမူအရာနှင့် မျက်နှာကိုသာ ... ကြည့်၍ မျက်နှာအနေအထား... အရွယ်အစားကို မကြည့်ပါနှင့်။ မျက်... အမူအရာက ပို၍ စိတ်ဝင်စားဖွ... ကောင်းပါသည်။

**သူတော်...**

**(Daniel McNEil ၏ "FAC...**
**ကို ဆီလျော်အောင် ပြန်ဆိုပါသည်...**



www.burmeseclassic.com

www.burmeseclassic.com



# မရှိမုန့်

ဦးကြိုင်ဖြင့်(ဆူးလေ)

မြတ်စွာဘုရားရှင်သည် အနုပိယအမည်ရှိသော မလ္လာမင်းတို့၏ သရက်ဥယျာဉ်တော်၌ သီတင်းသုံးနေထိုင်တော်မူသည့် အချိန်ဖြစ်၏။

ရှစ်သောင်းမျှလောက်သော ဘုရားရှင်၏ ဆွေတော်မျိုးတော်တို့သည် ဘုရားရှင်ထံ ခြံရံလျက် ရှိနေကြ၏။ အများစုက ရဟန်းပြုကြ၏။ ထိုအထဲတွင် ဘဒ္ဒိယမင်းသား၊ အနုဒ္ဒါမင်းသား၊ အာနန္ဒာမင်းသား၊ ဘဂုမင်းသား၊ ကိမိလမင်းသား၊ ဒေဝဒတ္တမင်းသားတို့သည် ဘုရားရှင်ထံပါး အစဉ်တစိုက် လိုက်ပါနေကြသော်လည်း ရဟန်းမပြုဖြစ်ကြ။ ဤသည်ကို "ဤခြောက်ယောက်သော မင်းသားတို့သည် မြတ်ဘုရား၏နောက်သို့ အစဉ်လိုက်၍ အဘယ်ကြောင့် ရဟန်းမပြုသနည်း"ဟု တီးတိုးစကား ဆိုကြ၏။

တစ်နေ့တွင် မင်းသားခြောက်ယောက်တို့သည် မုန့်လောင်းကြေးဖြင့် ကစားကြ၏။ အနုရုဒ္ဓါမင်းသားသည် ရှုံးသည်ဖြစ်၍ အိမ်ရှိမိခင်ထံ မုန့်ယူရန် စေလွှတ်ရ၏။ မင်းသားတို့သည် မုန့်ကိုစားသောက်ပြီးသော် တစ်ဖန် ပြန်၍ ကစားကြပြန်၏။ အဖန်ဖန် မပြတ် ကစားကြရာ အနုရုဒ္ဓါမင်းသား ရှုံးရပြန်၏။ မင်းသား၏မိခင်သည် ရှုံး၍စေလွှတ်တိုင်း မုန့်ကိုပေးပို့စေ၏။ လေးကြိမ်မြောက်ရောက်သောအခါ မုန့်မရှိပြီဟူ၍ပြောကာ ပြန်လွှတ်လိုက်၏။

ထိုအခါ အနုရုဒ္ဓါမင်းသားသည် 'မရှိ'ဟူသောစကားကို တစ်ခါမျှ မကြားဖူးသည်ကြောင့် ဤမရှိဟူသော အရာသည် မုန့်တစ်မျိုးပင် ဖြစ်ပေလိမ့်မည်ဟု အောက်မေ့ထင်မှတ်လျင် ငါ့အား "ဤမရှိမုန့်"ကိုပင် ယူဆောင်ခဲ့လော့ဟု စေလွှတ်လိုက်ပြန်၏။

မင်းချင်းတို့သည် အနုရုဒ္ဓါမင်းသား၏မိခင်အား "မရှိမုန့်"ကို ပေးပါဟု ပြောကြလေသော် မယ်တော်က ငါ့သားသည် "မရှိ"ဟူသော စကားကို မကြားဖူးသည် ဖြစ်ပေလိမ့်မည်။ သို့ဖြင့် တစ်စုံတစ်ရာ ကြောင်းချင်းရာဖြင့် သားတော်အား သိစေအံ့ရာ ရည်ရွယ်၍ မုန့်မပါသော ရွှေခွက်တစ်ခုကို အခြားရွှေခွက်တစ်ခုဖြင့် ဖုံးအုပ်၍ ပို့စေ၏။

မြို့စောင့်နတ်တို့သည် "ဤမင်းသားသည် ဘဝတစ်ခုတွင် ဆင်းရဲလှသည့်အခါ မိမိစားရန်အလို့ငှာ ဆောင်ယူခဲ့သော ထမင်းကို "ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ"အား ပေးလှူ၍ "မရှိဟူသော စကား" ငါ့အား မကြားရပါစေသတည်းဟု ဆုတောင်းမှုကို ပြုခဲ့ဖူး၏။ သို့ဖြင့် အချည်းအနှီးမုန့်မရှိသော ရွှေခွက်ထဲသို့ နတ်တို့၏ တန်ခိုးဖြင့် မုန့်တို့ကို ပြည့်စေ၏။

ထိုရွှေခွက်ကို ဖွင့်လိုက်သည် ရှိသော် မုန့်၏အနံ့က မွှေးကြိုင်သင်းပျံ့၍ အရသာလည်းကောင်းလှ၏။ ထို



www.burmeseclassic.com

www.burmeseclassic.com

အခါ အနုရုဒ္ဓါမင်းသားသည် ယနေ့မှစ၍ မည်သည့်မုန့်မျှ မစားတော့ "မရှိမုန့်"ကိုပင် စားတော့မည်ဟု မိခင်အား ပြော၏။ မိခင်က အလုပ်အကျွေးတို့ကို ခေါ်ယူ၍ သင်တို့ယူသွားစဉ်က ရွှေခွက်ထဲတွင် ဘာပါသနည်းဟု မေးရာ "ဘာမှမပါကြောင်း" ဖြေကြားကြ၏။

မိခင်က ငါ့သားသည် ဘုန်းကျက်သရေကြီးသော သားဖြစ်၏။ ရှေးဘဝက ပြုခဲ့သော ဆုတောင်းကြောင့် နတ်တို့က ရွှေခွက်တွင် အနံ့အရသာကောင်းသော မုန့်တို့ကို ဖြည့်ပေးခြင်းဖြစ်မည်ဟု ဆင်ခြင်တော်မူ၏။ ထိုနေ့မှစ၍ အနုရုဒ္ဓါမင်းသားသည် ဘာမျှမပါသည့် ရွှေခွက်ထဲမှ နတ်တို့ ဖြည့်ဆည်းပေးသည့် "မရှိမုန့်"ကိုပင် စားတော့၏။

အနုရုဒ္ဓါ မင်းသားသည် ဤမျှလောက် မရှိဟူသောစကားကို မကြားမသိဖူးသည်ကြောင့် ရဟန်းပြုမည်ဆိုသော် ရဟန်းအဖြစ်ကို အဘယ်သို့ ပြုရန် သိနိုင်ပါအံ့နည်း။ နော်တော် မဟာနာမမင်းသားက ရဟန်းပြုလျှင် ဆံမုတ်ဆိတ်ကိုပယ်ချ၍ ဖန်ရည်စွန်းသော အဝတ်သင်္ကန်းကို ဝတ်ရ၏။ သစ်သားဖြင့်ပြုလုပ်ထားသော ညောင်စောင်းအင်ပျဉ်၌ အိပ်ရ၏။ ဆွမ်းခံလှည့်လည်၍ ရောင့်ရဲတင်းတိမ်ရ၏ဟု ပြောကြား၏။

အနုရုဒ္ဓါမင်းသားက နောင်တော်အကျွန်ုပ်သည် သိမ်မွေ့နူးညံ့လှပါ၏။ ရဟန်းပြုခြင်းငှာ မစွမ်းနိုင်ပါဟု ဆို၏။ ဤသို့ဆိုလျှင် လူတို့ပြုဖွယ်ရာ ကိစ္စတို့ကို သင်ယူမှတ်သား၍ လူ့ဘောင်၌သာ နေပါလော့။ နောင်တော်သည် တို့အမျိုးအနွယ်မှ တစ်စုံတစ်ယောက်သောသူမျှ ရဟန်းမပြုဘဲနေခြင်းငှာ မကောင်းဟု ပြောဆိုပြန်၏။

အနုရုဒ္ဓါမင်းသားက လူ့ဘောင်လောက၌ ပြုဖွယ်ကိစ္စဟူသည် အဘယ်နည်းဟု မေးမြန်း၏။ ထမင်းဖြစ်ရာဌာနကိုမျှ မသိသော အနုရုဒ္ဓါမင်းသားသည် လူ့ဘောင်လောက ပြုဖွယ်ကိစ္စများကို မည်သို့မျှ မသိနိုင်။ ကမိလ၊ ဘဒ္ဒိယ၊ အနုရုဒ္ဓါ မင်းသားသုံးပါးတွင် ကိမိလမင်းသားက ထမင်းသည် ကျီမှဖြစ်၏ဟု ဆို၏။ ဘဒ္ဒိယမင်းသားက ထမင်းသည် အိုးခွက်မှ ဖြစ်သည်ဟု ဆို၏။ အနုရုဒ္ဓါမင်းသားက ထမင်းသည် ရတနာတို့ဖြင့် စီခြယ်အပ်သော ရွှေခွက်၌ ဖြစ်ပေါ်၏ဟု အသီးသီးပြောကြားကြ၏။

မဟာနာမမင်းသားသည် ညီတော် အနုရုဒ္ဓါအား ဘဝအသိရစေရန် လယ်ကိုထွန်စေ၏။ လူမှုကိစ္စတို့ကို သွန်သင်ပြသ၏။ အနုရုဒ္ဓါမင်းသားက နောင်တော် အမှုကိစ္စတို့သည် ဘယ်တော့မှ ပြီးဆုံးမည်နည်းဟု မေး၏။ မဟာနမမင်းသားက ညီတော် အသက်ရှည်သမျှ ကာလပတ်လုံး အမှုကိစ္စတို့သည် ပြီးဆုံးခြင်းမရှိနိုင်ကြောင်း ရှင်းပြ၏။

အနုရုဒ္ဓါမင်းသားသည် လူ့ဘောင်ဘဝကို ကြောက်ရွံ့သွား၏။ လူမှုဘဝ လွတ်မြောက်နိုင်ရန် မိခင်အား ရဟန်းပြု ခွင့်တောင်း၏။ မိခင်က သုံးကြိမ်သုံးခါ တားမြစ်၏။ မရနိုင်ချေ။ နောက်ဆုံး ခွင့်ပြုရ၏။ ဘဒ္ဒိယမင်းသား၊ အနုရုဒ္ဓါမင်းသား၊ အာနန္ဒာမင်းသား၊ ဘဂုမင်းသား၊ ကိမိလမင်းသား၊ ဒေဝဒတ်မင်းသား ခြောက်ယောက်နှင့် ဥပါလိဆတ္တာသည် အပါအဝင် ခုနစ်ယောက်တို့သည် ဘုရားရှင်ထံသို့ အရောက်သွားကြ၍ ရဟန်းပြုခွင့် တောင်းခံကြ၏။

ဥပါလိသည် ရှေးဦးစွာ ရဟန်းပြုခွင့်ရ၏။ နောက်မှ မင်းသားခြောက်ပါး ရဟန်းအသီးသီး ပြုကြ၏။

■ အရှင်ဘဒ္ဒိယသည် ထိုဝါအတွင်း၌ ပုဗ္ဗေနိဝါသ၊ ဒိဗ္ဗစက္ခု၊ အာသဝက္ခယတည်းဟူသော ဝိဇ္ဇာသုံးပါး မြတ်တရားကို ပိုင်းခြားထင်ထင်သိမြင်တော်မူ၍ တေဝိဇ္ဇာရဟန္တာ ဖြစ်လေ၏။

■ အရှင်အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခုကိုရပြီး မဟာပုရိသဝိတက္ကသုတ္တန်ဒေသနာတော်မြတ်ကို ကြားနာရသည်ရှိသော် အရဟတ္တဖိုလ်သို့ရောက်လေ၏။

■ အရှင်အာနန္ဒာသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

■ ဘဂုမထေရ်နှင့် ကိမိလမထေရ်တို့သည် ဝိပဿနာကို အဆင့်ဆင့်ပွား၍ အရဟတ္တဖိုလ်သို့ ရောက်ရလေ၏။

■ အရှင်ဒေဝဒတ်သည် ပုထုဇဉ်အဖြစ်ဖြင့်သာလျှင် လောကီဈာန်အဘိညာဉ်တန်ခိုးနှင့် ပြည့်စုံခြင်းသို့ ရောက်ရကြောင်းနှင့် အနုရုဒ္ဓါမင်းသား၏ ပြုခဲ့ဖူးသည့် ရှေးဘဝက ကုသိုလ်ကံအကြောင်းကို တင်ပြရပါ၏။

**ဦးကြိုင်မြင့်(ဆူးလေ)**

<u>ကျမ်းကိုး</u>

ဓမ္မပဒ အဋ္ဌကထာ၊
မြန်မာပြန် (ပဌမတွဲ)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# သိုက်ပြန်သိုက်လန် ဆရာဦးတက်

ဝင်းသောင်(ရမည်းသင်း)

"ခေါက်···ခေါက်"

"ဩော် ···ကိုခင်မောင်တာနဲ့ မခင်လေးတို့ပါလား။ အိမ်ထဲဝင်လေ"

တံခါးခေါက်သံကြားသဖြင့် ဧည့်ခန်းတွင် သတင်းစာဖတ်နေသော ကိုကောင်း တံခါးဖွင့်ကြည့်လိုက်ရာ တစ်ဖက်ခန်းတွင် နေထိုင်ကြသော ကိုခင်မောင်တာတို့ ဇနီးမောင်နှံကို တွေ့လိုက်ရသဖြင့် အိမ်ထဲဝင်ရန် ခေါ်လိုက်သည်။

ကိုခင်မောင်တာနဲ့ မခင်လေးတို့က လက်ရှိတာဝန်ထမ်းဆောင်ကြဆဲ ဝန်ထမ်းဇနီးမောင်နှံများ ဖြစ်ကြသလို၊ ကိုကောင်းနဲ့ မဒေါင်းတို့က အငြိမ်းစား ဝန်ထမ်းများဖြစ်သဖြင့် နှစ်အိမ်တစ်အိမ် ကူးလူးဆက်ဆံ အဝင်အထွက်ပြု ခင်မင်ရင်းနှီးစွာ နေထိုင်ဆက်ဆံကြသည်။ ကိုခင်မောင်တာတို့ ငယ်ရွယ်သူများမို့ ကိုကောင်းတို့ကို လေးလေးစားစား ဆက်ဆံကြသည်။ နောက်တစ်ကြောင်းက မခင်လေးရဲ့အစ်ကို ဒုရဲမှူးကြီး မောင်မောင်သန်း(အငြိမ်းစား)သည် ကိုကောင်းနှင့် တိုင်းဒေသကြီးတစ်ခုတည်းတွင် အတူတကွ တာဝန်ထမ်းဆောင်ခဲ့ပြီး မရှေးမနှောင်း အငြိမ်းစားယူခဲ့ကြသည့် အရာရှိများ ဖြစ်ခြင်းကြောင့် ဖြစ်သည်။

"အစ်ကိုကောင်း···မမဒေါင်းကော ရှိလား"

"ရှိတော့ရှိတယ်။ ဘုရားခန်းထဲမှာ တရားထိုင်နေတယ်"

"ပြီးပါပြီရှင်၊ ပြီးပါပြီ။ ကဲ··· ဘာအကြောင်းလဲ၊ လာရင်းကိစ္စပြော ညီမလေး"

"အမေ မန္တလေးက ပြန်လာတာ ထိုးမုန့်နဲ့ လမုန့်ပါလာလို့ အစ်ကိုကောင်းနဲ့ မမဒေါင်းတို့ စားဖို့ လာပို့တာ"

မဒေါင်းသည် တရားထိုင်အပြီး တရားဖြုတ်သခိုက် သူ့အမည်မေးသံကြားလိုက်၍ ထိုင်ရာမှထကာ ပြန်ဖြေလိုက်သည်။

ကိုခင်မောင်တာ၊ မခင်လေးတို့ ဇနီးမောင်နှံသည် တစ်ဦးက မြို့နယ်ထွေ/အုပ်ရုံးက ဦးစီးမှူးဖြစ်ပြီး ကျန်တစ်ဦးက မြို့နယ် လဝကရုံးမှ ဒုဦးစီးမှူး ဖြစ်သည်။ အိမ်ထောင်သက် ငါးနှစ်ခန့်ရှိသည့်တိုင် သားသမီးမထွန်းကားသေးသဖြင့် ရုံးတက်၊ ရုံးဆင်း အလုပ်မှတစ်ပါး အိမ်ဗာဟီရအလုပ် သိပ်မရှိကြသဖြင့် အချက်အပြုတ်၊ အဝတ်လျှော်၊ မီးပူတိုက် အလုပ်ကိုလည်း သီချင်းတအေးအေးဆိုကာ အတူလုပ်ကြသလို၊ ဈေးသွားလည်းအတူတူ၊ ဘုရားသွားလည်းအတူတူဆိုတဲ့ ဇနီးမောင်နှံတွေ ဖြစ်သည်။

"ဒါနဲ့ ညီမလေးတို့ ထမင်းစားပြီးခဲ့ပြီလား"

"စားပြီးပြီးချင်း မမဒေါင်းတို့အခန်းဘက် ကူးလာကြတာ"

"ဒါဆို ကော်ဖီပဲသောက်ကြတာပေါ့။ မမဒေါင်းတို့လည်း ကော်ဖီသောက်ချိန်လေ"

မဒေါင်းသည် ကော်ဖီဖျော်ရန်



www.burmeseclassic.com

www.burmeseclassic.com

ညီမ မချို့မြကို အသိပေးလိုက်ပြီး ညှော့ခန်းတွင် ကိုခင်မောင်တာ၊ မခင်လေး တို့နှင့် စကားပြောဖြစ်ကြသည်။

"အစ်ကိုကောင်းကို ကျွန်တော် သိချင်တာလေး မေးချင်တယ်"

"ဘာများလဲ ကိုခင်မောင်တာ၊ မေးလေ"

"ပထမသိချင်တာက အင်းဆိုတာ တကယ်ရှိသလား။ နောက်ပြီး တကယ် စွမ်းသလားဆိုတာ သိချင်လို့ပါ"

"ဘာက ဘယ်လိုဖြစ်ပြီး အင်း အကြောင်း မေးလာရတာလဲဗျာ"

"ဒီလို အစ်ကိုကောင်းရေ။ သိုက်သမိုင်း သရဲကားကြည့်ပြီး သိချင်တာတွေ များလာတာကြောင့် စာပေအဖတ် များပြီး ကျွန်တော်တို့ထက် အသက်ဝါကြီးသူ အစ်ကိုကောင်းသိမယ်ထင်လို့ မေးကြည့်တာပါ"

"ဟုတ်ပါတယ် အစ်ကိုကောင်း။ မနေ့က ညီမလေးပါလာတဲ့ အခွေကို ကျွန်မတို့ ကြည့်ဖြစ်ခဲ့တာပါ။ ငယ်ငယ်က တာတေကြီးတို့၊ မပြောချင်ဘူး မပြောချင်ဘူး၊ ဒေါ်မြလေးတို့ခေတ်က သိုက်သမိုင်းကားတွေ၊ သရဲကားတွေ ကြည့်ခဲ့ဖူးပေမယ့် အခြေအနေအရ မကြည့်ဖြစ်တာ ကြာပြီ။ ခုခေတ် ဒါရိုက်တာတွေ ပြန်ရိုက်တော့ ကွန်ပျူတာ အထူးပြုချက်တွေကြောင့်လားမသိဘူး။ အတော်လေး ကြည့်ကောင်းသား။ အဲဒီဇာတ်ကားထဲမှာ သိုက်ဆရာက အင်းနဲ့ ပေါက်ပြီး သိုက်ကိုဖွင့်လိုက်တာ မီးခိုးလုံးကြီးထွက်လာပြီး အဲဒီ မီးခိုးလုံးထဲက သိုက်စောင့်သရဲကြီး ထွက်လာတယ်။ ကိုတာ ဆက်ပြောလိုက်လေ"

"အစ်ကိုရေ・・・ဒုတိယအကြိမ် သိုက်ဆရာက အင်းနဲ့ပေါက်လိုက်တော့ တင်းပုတ်ထမ်းထားတဲ့ သိုက်စောင့်သရဲကြီးဟာ ကျွမ်းထိုးမှောက်ခုံဖြစ်ပြီး မီးခိုးလုံးထဲမှာပဲ ပျောက်သွားတယ်။ သိုက်ဆရာက သူတို့တင်မြှောက်ထားတဲ့ ငှက်ပျောပွဲ၊ အုန်းပွဲကို သွားပြီး ခေးဖယောင်းတိုင် မီးထွန်းညှိတယ်။ အမွှေးနံ့သာတိုင်တွေလည်း ထွန်းညှိတယ်။ ပါးစပ်က ဘာတွေရွတ်သလဲတော့ မသိဘူး။ မိုးပေါ် ကြည့်ကြည့်ပြီး ရွတ်တယ်။ ဖနောင့်နဲ့ မြေကြီးပေါက်ပေါက်ပြီး သူ တတိယအကြိမ်သုံးမယ့်အင်းဟာ သိုက်စောင့်ပုဂ္ဂိုလ်တွေအပါအဝင် အနှောင့် အယှက်တွေ၊ အောက်နတ်၊ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေသရဲ အားလုံး ပျက်ကျေပြုန်းမယ့် အင်းဆရာညာဏ်ဆိုတဲ့ ငါ့ကို အာမခံနဲ့။ မေတ္တာရှေ့ထား အသိပေးနေတုန်း စေတနာကို နားလည်ပြီး သိုက်နန်းရှင်တို့စောင့်နေတဲ့ သိုက်နန်းကို အသာတကြည် ငါ့ဆရာကိုအပ်လော့၊ အပ်လော့၊ အပ်လော့လို့ ပြောတယ်။

အဲဒီအချိန်မှာ တဝေါဝေါမြည်ဟီး သံတွေနဲ့အတူ မီးခိုးလုံးကြီးတက်လာ တယ်။ သန်လျက်ကိုင်ထားတဲ့ ဘီလူးကြီးနဲ့ တင်းပုတ်ကိုင်ထားတဲ့ ဘီလူးကြီး တွေ ပေါ်လာပြီး သိုက်ဆရာအဖွဲ့ကို ရန်ပြုတော့မယောင်နဲ့ ခြောက်လှန့်ကြ တယ်။ သိုက်ဆရာတပည့်တွေဆို ကြောက်လန့်ပြီး တုန်နေလိုက်တာ တကယ် သရုပ်ပါတယ်။ ရိုက်ချက်တွေ က ကွန်ပျူတာရိုက်ချက်တွေဆိုတော့ တဝေါဝေါမြည်တဲ့ အသံတွေကော၊ လေ တိုက်လှုပ်ခတ်သွားတဲ့ ပုံရိပ်တွေဟာ

တကယ်ဖြစ်နေသလို ခံစားရတော
ကြည့်ရတာ ကောင်းပါတယ်"

"သိုက်ဆရာကတော့ သူ့တပ
တွေ ဘာမှမကြောက်နဲ့၊ စည်းထဲမှာ
နေ။ စည်းပေါက်သွားရင် သူမကယ်
ဘာဘာညာညာတွေပြောပြီး တား
တယ်။ ခဏကြာမှ သူ့ရဲ့ တတိယအ
ကို ပေါက်လိုက်တာ ဝုန်းဆိုတဲ့ အ
ကြီးနဲ့အတူ ပထမမီးခိုးလုံးကြီးတ
လာတယ်။ တဖြည်းဖြည်း မီးခိုး
ပျောက်သွားပြီး သိုက်နန်းရှင် မောင်
သုံးယောက် နှောင်ကြိုးတည်းလျက် ပေ
လာတယ်။ သိုက်တံခါးပွင့်သွားငေ
သိုက်အတွင်းက အခင်းအကျင်းပြကွ
ကလည်း မက်မောစရာပဲ။ ရွှေ
အတိပြီးတဲ့ ရွှေသားပလ္လင်နဲ့ ရွှေ
စစ်စစ်နဲ့ ထုဆစ်ထားတဲ့ ရွှေဘုရား
ဆူ ရွှေသလွန်ညောင်စောင်းတစ်
အဲဒီညောင်စောင်းပေါ်မှာ ရွှေ
တကောင်း။ ရွှေရေကရား။ ရွှေအုပ်၊
ခွက်တွေနဲ့ ကျောက်မျက်ရတနာ
မြောက်မြားလှတဲ့ လက်ဝတ်ရတနာ
စုံဟာ တော်ရုံလူမြင်ရင် မက်မေ
ရူးချင်စရာပဲ အစ်ကိုကောင်း"

"သိုက်နန်းရှင် မောင်နမ
ယောက်က သူတို့စောင့်နေတဲ့ သိုက်
ပစ္စည်းတွေဟာ သာမန်ပစ္စည်း
မဟုတ်ကြောင်း။ နောင်ပွင့်မယ့်
မေတ္တယျမြတ်စွာဘုရားသခင်အတ
ကျောင်းတော်ဆောက်လုပ်လှူဒါန်း
ရည်ရွယ်ပြီး လှူဒါန်းထားသော ပစ္စ
ဖြစ်၍ မပြစ်မှားအပ်သော ပစ္စည်း
ဖြစ်ကြောင်း သိုက်ဆရာရဲ့အင်
လက်လျှော့ပါရန် တောင်းပန်ကြ



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီတော့ ဘာဆက်ဖြစ်လဲ ကိုခင်မောင်တာ"

"သိုက်တံခါးတောင် ဖွင့်နိုင်၊ သိုက်စောင့်မောင်နမတွေကိုလည်း နေ့ခင်းကြီး တည့်ပြီး သူ့အပါးရောက်အောင် ဆောင်နှင်းနိုင်မှတော့ သိုက်ဆရာဟာ သူတို့စကား ဘယ်နားဝင်မှာလဲ အစ်ကိုကောင်းရယ်။ သူက လက်ရှိအခြေအနေမှာ ဆင်ပေါ်ကလှပဲ။ သိုက်ဝင်ပစ္စည်း ရွှေငွေရတနာအားလုံး သယ်ယူဖို့ ပြင်တော့တာပေါ့။ အဲဒီအချိန်မှာပဲ သိုက်နန်းရှင် မောင်နမတွေက သိုက်ချုပ်ဘိုးဘိုးကို တိုင်တည်လိုက်တာ သိုက်ချုပ်ဘိုးဘိုး ရောက်လာတယ်။ သိုက်ချုပ်ဘိုးဘိုးကို သိုက်ဆရာ မြင်လည်းမြင်လိုက်ရော သိုက်ဆရာဟာ ခြေမကိုင်မိ လက်မကိုင်မိ ဆောက်တည်ရာမရဖြစ်ပြီး ပုဆိုးမနိုင်၊ ပဝါမနိုင်ဘဲ ထွက်ပြေးသွားတယ်။ ဒါ ကျွန်တော်တို့ သိုက်သမိုင်းကားကိုကြည့်ပြီး မှတ်မိသလောက်ပြောပြတာပါ အစ်ကိုကောင်း"

"ကောင်းပါပြီ။ ကျွန်တော်သိရှိမှတ်မိသလောက် ပြောပြပါ့မယ်။ ကျွန်တော်တို့ လူ့နယ်ပယ်မှာ အပြိုင်အဆိုင်ဆိုတာမျိုးတွေ မကင်းကြဘူး။ ပြိုင်ကြပြန်ရင်လည်း အနိုင်ရမှ ကျေနပ်ကြတယ်ဆိုတာ ကိုခင်မောင်တာ သဘောပေါက်မှာပါ။ အဲဒီတော့ တစ်ဦးအပေါ် တစ်ဦး အနိုင်ရအောင် လူတွေ ဆောင်ရွက်လာကြတယ်။ အဲသလိုဆောင်ရွက်တဲ့အခါမှာ တရားသောနည်းနဲ့ ဆောင်ရွက်ကြသလို မတရားတဲ့နည်းမျိုးနဲ့လည်း ဆောင်ရွက်တတ်ကြတယ်"

"ဒီလိုဗျ ကိုခင်မောင်တာရ။ အင်းဝိဇ္ဇာကျမ်းမှာ အင်းအကြောင်းပါဝင်တယ်။ အင်းဆိုတာ မကောင်းတဲ့ကိစ္စမှာပဲဖြစ်ဖြစ်၊ ကောင်းတဲ့ကိစ္စမှာပဲဖြစ်ဖြစ် စီမံဆောင်ရွက်သုံးလို့ရတယ်။ တစ်ဖက်လူ ပျက်စီးရေး၊ ပျက်စီးကြောင်း ကြံမလား ရသလို ကောင်းရာကောင်းကြောင်း စီမံဆောင်ရွက်ပေးလို့လည်းရတယ်။ အများအားဖြင့် အင်းကို တြိဂံပုံ၊ စတုဂံပုံ စသည်ဖြင့် မိုင်းကိုင်(ရှမ်းစက္ကူ) ထန်းရွက်၊ သိမ်ဝင်ပြီးသားသပိတ်ကွဲ သင်္ဂုတ်ပြား စတာတွေပေါ်မှာ အကွက်ချပြီး အင်းဝိဇ္ဇာကျမ်းလာအတိုင်း ဆရာရှင်တွေက ဂဏန်းအက္ခရာတွေ သတ်မှတ်ချက်အတိုင်း ရေးသွင်းထားတဲ့အရာကို အင်းလို့ ခေါ်ကြတယ်"

"အင်းအမျိုးအစားပေါင်း အမြောက်အမြားရှိတယ်။ အများအားဖြင့် မိမိနဲ့ မိမိဘက်က အောင်နိုင်ရေး အင်းတွေက များတယ်။ ကိုခင်မောင်တာတို့ကြည့်ခဲ့တဲ့ သိုက်သမိုင်းကားထဲက သိုက်ဆရာကိုင်ထားတဲ့ အင်းက သူ့အနိုင်ရဖို့ စီမံဆောင်ရွက်ထားတဲ့ အောင်နိုင်ရေး အင်းအမျိုးအစားပဲ။ ဘာပဲဖြစ်ဖြစ် သူ့ထက်သာတဲ့ စွမ်းအားရှင် သိုက်ချုပ်ဘိုးဘိုးဆိုတာ ပေါ်လာတော့ သူလည်း ပြေးရတာပဲ"

"ဟုတ်တယ်နော် အစ်ကိုကောင်း။ ဝိဇ္ဇာပညာရပ်တွေကလည်း အစွမ်းထက်ပြီး တန်ဖိုးကြီးတာပဲနော်"

"မှန်ပါတယ်။ ဘယ်ပညာမဆို ကောင်းတဲ့နေရာမျိုးမှာ သုံးရင် ကောင်းတာပေါ့။ ပညာတိုင်း သူ့နေရာနဲ့ သူ့အစွမ်းအစတွေ ရှိတာပေါ့ဗျာ။ ခင်ဗျားတို့ကြည့်ခဲ့တဲ့ ဗွီဒီယိုသိုက်သမိုင်းကားထဲမှာကြည့်။ သိုက်နန်းရှင်များက သိုက်ထဲမှာရှိနေတဲ့ စိန်ရွှေရတနာပစ္စည်းတွေဟာ သာမင်ညောင်ည ပစ္စည်းတွေ မဟုတ်ဘူး။ နောင်ပွင့်ထွန်းလာမယ့် အရိမေတ္တေယျဘုရားရှင် ပွင့်ထွန်းလာသောအခါ အရိမေတ္တေယျမြတ်စွာဘုရားရှင်နှင့် တပည့်သာဝက ရဟန်းတော်များအတွက် ကျောင်းဆောက်လုပ် လှူဒါန်းဖို့ ရည်မှန်းထားသော ပစ္စည်းများ ဖြစ်ပါတယ်၊ မကြံစည်အပ်ပါလို့ သိုက်နန်းရှင်တွေက ရှင်းပြတယ်။ ဒါပေမယ့် သိုက်ဆရာက လက်မခံဘူး။ သူ့လောဘအမှောင်က သူ့ကို လုပ်သင့်၊ မလုပ်သင့် ဘာမှ မဝေခွဲနိုင်အောင် ဖုံးကွယ်သွားတာကိုး"

"သိုက်ဆရာကိုင်ထားတဲ့ အင်းအစွမ်းက သိုက်နန်းရှင်များရဲ့ အစွမ်းထက် သာပေမယ့် သိုက်ချုပ်ဘိုးဘိုးဆိုတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ အစွမ်းကိုတော့ အကျော်နိုင်ဘူးလေ။ သိုက်ချုပ်ကြီးက ဘာကြောင့်ဝင်ပြီး ကာကွယ်သလဲဆိုတာကတော့ ပစ္စည်းတွေ ထိန်းသိမ်းထားတဲ့ ရည်ရွယ်ချက်က မြတ်စွာဘုရားရှင်နဲ့ တပည့်သားသာဝက ရဟန်းတော်မြတ်တွေ သီတင်းသုံးဖို့ ကျောင်းဆောက်ရန် ရည်ရွယ်ထားတဲ့ ပစ္စည်းတွေမို့ပဲ"

"ဒါဆို သိုက်ချုပ်ဘိုးဘိုးလို ပုဂ္ဂိုလ်မျိုးနဲ့ အထက်အဆင့် ပုဂ္ဂိုလ်ကြီးတွေက ကူညီကာကွယ်မပေးတဲ့ သိုက်မျိုးတွေကော ရှိလား အစ်ကိုကောင်း"

"ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံကို သိမ်းပိုက်၊ ဘုရားတွေဖျက်၊ ဌာပနာတိုက်တွေဖောက်၊ ရသမျှရတနာတွေ သိုဝှက်ထားပြီး တစ်ချိန်ချိန် ပြည်တော်



www.burmeseclassic.com

www.burmeseclassic.com

ပြန်မှ တူးဖော်ယူကြမယ် ကြံစည်ထားတဲ့ လူလုပ်ရတနာသိုက်တွေ၊ အဲဒီရတနာသိုက်မျိုးကိုတော့ ဘယ်လိုသိုက်သမားဖောက်ဖောက် မကူဘူး။ ဘုရားသိုက်တွေ၊ လူလုပ်ရတနာသိုက်တွေ အကြောင်း စာဖွဲ့ပြီး ရုပ်ရှင်ပြဇာတ်တွေ အများကြီး ပြကြ၊ ကပြကြတာတွေ ရှိခဲ့ဖူးတယ် ကိုခင်မောင်တာ"

"ဒီကားမျိုးတွေကို ကျွန်တော်တို့ ဆယ်ကျော်သက်အရွယ်မှာ ကြည့်ခဲ့ရပြီး ပြတ်သွားလိုက်တာ ခု အသက်(၃၀)ကျော် (၅၀)နီးမှ ပြန်ကြည့်ဖြစ်တာ ကြည့်လို့တော့ ကောင်းသား။ ဒါနဲ့ အစ်ကိုကောင်း၊ တကယ်တော့ အင်းဆိုတာ သူတို့ပြသလို စွမ်းသလားဟင်"

"မှန်တာပြောရရင် အင်းအိုင်ခါးလှည့်၊ လက်ဖွဲ့ဆိုတာတွေအကြောင်း တကယ်တော့ ကျွန်တော် ဘာမှမသိပါဘူး ကိုခင်မောင်တာ။ စာအုပ်စာပေ၊ မဂ္ဂဇင်းတွေမှာ ဖတ်ရင်း အကြောင်းအားလျော်စွာ နည်းနည်းပါးပါးလောက်သာ သိရှိမှတ်သားဖူးတာလောက်ပဲ ရှိပါတယ်"

"ဟာ…ဒါဆို ကျွန်တော်တို့ထက်တော့ အစ်ကိုကောင်းက သိသေးတာပဲ။ အစ်ကိုကောင်း သိသလောက်ပဲ ပြောပြပါနော်"

"ကောင်းပြီ…။ ကျွန်တော်သိသလောက် ပြောပြပါမယ်။ အထောက်အထားနဲ့ပြောမှ ကောင်းတဲ့ကိစ္စမျိုးဆိုတော့ ကျွန်တော် ကုန်းဘောင်ခေတ်ကို အစချီပြီး ပြောပြမယ်။ ၁၂၈၄ ခုနှစ် ဘကြီးတော်ဘုရားလက်ထက်က တစ်ကြိမ်၊ ၁၈၅၂ ခုနှစ် ပုဂံမင်းလက်ထက်က တစ်ကြိမ်၊ အင်္ဂလိပ်ကျူးကျော်စစ်ကြောင့် အောက်မြန်မာပြည်အပါအဝင် မြန်မာ့နယ်မြေသုံးပုံနှစ်ပုံခန့် အင်္ဂလိပ်က သိမ်းပိုက်တာ ခံခဲ့ရတယ်"

"သူတို့ ကျူးကျော်စစ်ပြုရတဲ့ အကြောင်းက ဘာတဲ့လဲ အစ်ကိုကောင်း"

"ကိုခင်မောင်တာ ဝံပုလွေနဲ့ သိုးငယ်လေးအကြောင်း ပုံပြင်ကို ကြားဖူးလား"

"ဟုတ်ကဲ့"

"အဲဒီအတိုင်းပဲ။ အကြောင်းမရှိ အကြောင်းရှာပြီး နင်မဟုတ်၊ နင့်အဖေလို့ စွပ်စွဲပြီး လူသူလက်နက်အားကိုးနဲ့ အနိုင်ကျင့်တာပဲ"

"တောက်…ခံပြင်းဖို့ကောင်းလိုက်တာ"

"ထားပါတော့ ပြီးပြီးသားကိစ္စတွေ။ ၁၈၅၇-၅၈ ခုနှစ်မှာ အိန္ဒိယပြည် စစ်ဘာရီတွေက အုပ်ချုပ်နေတဲ့ သူတို့ အရှင်သခင် နယ်ချဲ့အင်္ဂလိပ်တွေကို ပုန်ကန်မှုပြုပြီး ဆန့်ကျင်ကြတယ်။ အဲဒီအချိန်ဟာ နယ်ချဲ့တွေအတွက် အကျပ်အတည်းနဲ့ အကျပ်ရိုက်နေချိန်၊ တစ်နည်းပြောရရင် အင်္ဂလိပ်အခက် မြန်မာအကွက်ဆိုတာလို မြန်မာတွေအနေနဲ့ ကိုယ့်ဆီက မတရားသိမ်းထားတဲ့ နယ်မြေတွေကို (အောက်မြန်မာပြည်)ကို တိုက်ခိုက်သိမ်းယူကြမယ်ဆို ပြန်ရနိုင်ခြေရှိတယ်။

"အဲဒီအချိန်က စစ်ရေးစစ်ရာကို နားလည်တဲ့ အိမ်ရှေ့စံ ကနောင်မင်းသားကြီး ဦးဆောင်တဲ့ နန်းတွင်းမှူးမတ် သေနာပတိတွေက ပဉ္စသင်္ဂါယနာတင် ရတနာပုံမြို့တည်နန်းတည် မင်းတုန်းမင်း တရားကြီးကို အခါမလင့်မီ စစ်ရေးပြု သင့်ကြောင်း လျှောက်တင်ကြတယ်။

"မင်းတရားကြီးက ဘာပြော တယ်ထင်လဲ ကိုခင်မောင်တာ"

"ဟုတ်ကဲ့၊ အစ်ကိုကောင်းပြော မှ သိမှာပါ"

"အင်္ဂလိပ်နဲ့ တို့ဟာ နှစ်ဦးနှစ်ဖ မဟာမိတ်ပြုထားကြသူများဖြစ်တယ်။ သူ့အခက်ကြုံခိုက် မိတ်ဆွေကောင်းပီ စောင့်ရှောက်ရမယ့်အစား ရန်ပြုရ မသင့်လို့ အမိန့်တော်ရှိလိုက်တော့ ကို ပိုင်နက်နယ်မြေတွေ အခွင့်သာတုန်း ပြန်တိုက်ယူလိုက်မဟဲ့လို့ အကြံရှိထ ကြတဲ့ အိမ်ရှေ့စံကိုယ်တော်ကြီးနဲ့ မင်း မှူးမတ်၊ သေနာပတိတွေ တုတ်တုတ် မလှုပ်ရဲဘဲ ငြိမ်ကုပ်သွားပြီး မင်းမိန့်နာ ရတော့တယ်"

"ဟာဗျာ"

"မဟာနဲ့ ကိုယ့်လူ။ ဒါက မင်းဒီ အဲဒီခေတ်က သက်ဦးဆံပိုင် ဘုရ ခေတ်ဆိုတာလည်း မမေ့နဲ့"

"ဩော်…ဟုတ်သားပဲ၊ ဟုတ သားပဲ။ တစ်ချက်မျက်နှာလွှဲလိုက်ရ ကုပ်ပေါ် ဓားဝဲတယ်ဆိုတဲ့ အခြေအ အချိန်အခါကိုး။

"တကယ်ဆိုတော့…အစ် ကောင်းရယ်၊ မတရားအနိုင်ကျင့်သိမ်း ပိုက်ထားတဲ့ ကျွန်တော်တို့ပိုင်မြေ ကျွန်တော်တို့ ပြန်တိုက်ယူတာ တရား တယ်နော်"

"ဒါပေါ့။ ကိုယ့်ပစ္စည်းကိုယ်ပြ ယူတာ တရားတာပေါ့"

"အဲ…အဲ…ပြီးပြီးသား



www.burmeseclassic.com

www.burmeseclassic.com

တွေပဲ ထားပါတော့လေ။ ခင်ဗျားမေးထားတဲ့ အင်းဆိုတာရှိသလား။ တကယ်စွမ်းသလားဆိုတဲ့အကြောင်း သိရအောင် ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလကို သမိုင်းနောက်ခံ အခြေပြုပြီး ဆက်ပြောပြမယ်"

"၁၈၆၆ ခုနှစ်မှာ ဘဝရှင်မင်းတုန်မင်းတရားကြီးရဲ့ သားတော်၊ သမီးတော်ပေါင်း ၁၁၀ ရှိတဲ့အနက် မင်းတုန်းမင်းတရားကြီးနဲ့ တောင်ရွှေရေးဆောင်မိဖုရားတို့ကဖွားတဲ့ သားတော် မြင်ကွန်းမင်းသားနဲ့၊ မြင်းခုံတိုင်မင်းသားတို့ဟာ အရွယ်ရောက်တဲ့ မင်းသားစရင်းဝင်တွေ ဖြစ်လာကြပြီ ဖြစ်ပါတယ်။ ငယ်စဉ်ကလို ခြောက်လိုက်၊ ဟောက်လိုက်၊ ငေါက်လိုက်လို့ ရတဲ့ အရွယ်တွေ မဟုတ်တော့ဘဲ တိုက်ပွဲဝင်ဆောင်စားကိုင်ကြတဲ့ အရွယ်တွေ ဖြစ်ကုန်ကြပြီ။ သူတို့ကိုယ်တိုင် လက်ရုံးဉာဏ်ကိုယ်စီ ရှိကြပြီဆိုတော့ ငယ်ကအလေးမို့ ကြောက်ပေမယ့် ခုတော့ ဘယ်သူ့ကိုမှ မကြောက်ကြတော့ဘူး။ မကြောက်တော့ဘူးဆို သူတို့ငယ်စဉ်က မျက်နှာတော် မော်လို့မှမဖူးဝံ့တဲ့ အိမ်ရှေ့စံ ကနောင်မင်းသားကြီးကို ညီနောင်ချင်းပါး အချင်းများဟန်ဆောင်၊ အိမ်ရှေ့စံအပါး ဝင်ကပ်၊ အိမ်ရှေ့စံရဲ့လည်ကို ဆောင်စားနဲ့ တိခနဲပြတ်အောင် ခုတ်ဝံ့တဲ့အထိ ဖြစ်ကုန်တာ။

"သူတို့ အိမ်ရှေ့စံကို ဘာကြောင့်သုပ်ကြံကြတာလဲဆို အိမ်ရှေ့စံရှိနေသရွေ့ သူတို့ဟာ ထီးဝေးနန်းဝေး ဖြစ်ကာလေ။ သူတို့အနေနဲ့ အိမ်ရှေ့စံမှ မဟုတ်ဘူး။ သူတို့ရှေ့ကချူးနေတဲ့ မင်းညီမင်းသားအားလုံး အကုန်ရှင်းပစ်မှာ။ အဓိကရည်မှန်းချက်က နန်းပလ္လင်ရရေး ရည်မှန်းချက်ပါပဲ။ မြင်ကွန်းမင်းသားကလည်း အင်္ဂလိပ်နယ်ချဲ့နဲ့ အဆက်အသွယ်ရှိတယ်လေ။

"လွှတ်ရုံးတော်" ရှေ့မှောက်မှာတွေ့သမျှ အိမ်ရှေ့စံအပါအဝင် မင်းမှုးမတ်တွေအားလုံး သတ်မယ်၊ ပြီးရင် တံခါးနီကို တိုက်ခိုက်ထိုးဖောက် ဖွင့်လှစ်ပြီး ခုခံသူမှန်သမျှ သတ်ဖြတ်သုတ်သင်မယ်။ တံခါးနီတော်ပွင့်ရင် နန်းတော်တွင်း ရောက်ပြီဆိုတော့ ဘခမည်းတော်ဘုန်းလက်ရုံးနဲ့ ပြည့်စုံတဲ့ အရှင့်သားတွေကို အသာတကြည် ထီးနန်းလွှဲပေးပါလို့ တောင်းဆိုမယ်တဲ့။

"ကြံစည်အားလည်းရှိ ပြောအားလည်းရှိတာပေါ့။ သားတော်ကြီး မကွ္ခရာဦးစီးတဲ့ ဘုရင့်ရဲမက်တော်က ၇၀၊ မြင်းကွန်း၊ မြင်းခုံတိုင်မင်းသားတို့ ဦးစီးတဲ့ သူပုန်တပ်အင်အားက ၇၀၀ ရှိတာကိုး။ ကျားနဲ့ဆင် လယ်ပြင်တွေ့မှတော့ မရှောင်သာတော့ဘူး။ သေသေကျေကျေ မလျှော့တဲ့ ဇွဲလုံ့လနဲ့ ဘုရင့်ရဲမက်တော်များက တံခါးနီမပွင့်ရေး အသက်ပေး ခုခံကာကွယ်ကြတယ်။ ဘုရင့်ရဲမက်တော်တွေ ကျဆုံးလိုက်တာမှ သောက်သောက်လဲပေါ့။ ခုခံနိုင်တဲ့ အင်အားကလည်း ၂၀ မျှသာ ကျန်တော့တယ်။ အဲဒီအချိန်မှာ တံခါးမိုလ်က မကွ္ခရာမင်းသားကို ရွှေနန်းရှင်ထီးဘုရားရဲ့အသက်အန္တရာယ် စိုးရိမ်ဖွယ်ပါဘုရား၊ ဘေးလွတ်ရာရှောင်သင့်ပါပြီလို့ လျှောက်တင်တယ်။ တံခါးနီတော်ကြီး ပွင့်လုလုဖြစ်နေတော့ ဘုရင်ထီးဘုရားနဲ့ သားတော်မကွ္ခရာမင်းသားကြီးတို့ အားမတန်မာန်လျှော့ပြီး နန်းမြင်ကို ထွက်ရှောင်ခဲ့တယ်။

"အဲဒီအချိန်မှာပဲ ဘယ်အရပ် ဘယ်ဒေသက ကြွရောက်လာမှန်းမသိတဲ့ ဆရာတော်တစ်ပါး ဓားသံတည်ည်ဖြစ်နေတဲ့ တံခါးနီတော်ကို ရောက်လာပြီး ဒကာတော် တံခါးမိုလ်၊ ဟောဒီ ဟောဒီ အင်းချပ်ကို ဒကာတော်တို့ရဲ့ တံခါးနီတော်တွင်ကပ်၊ ရန်ဟူသမျှ အောင်လိမ့်မယ်လို့ ပြောသတဲ့။ တံခါးမိုလ်လည်း ဘာမှမပြောဘဲ ချက်ချင်း ဆရာတော်ပေးတဲ့ အင်းချပ်ကလေးကို တံခါးနီတော်မှာကပ်ပြီး သူပုန်တပ်ကို ခုခံတိုက်ခိုက်တာ သူပုန်တပ်သားအမြောက်အမြား ကျကာ တံခါးနီပတ်ဝန်းကျင်မှ ဒရောသောပါး ဆုတ်ပြေးသွားကြသတဲ့"

"တကယ်စွမ်းတဲ့ အင်းပဲ အစ်ကိုကောင်း။ တကယ်လို့သာ အဲဒီတုန်းက မြင်ကွန်းနဲ့ မြင်းခုံတိုင်တို့ အကြံသာအောင်မြင်သွားရင် သမိုင်းကြောင်းတောင် တစ်မျိုးပြောင်းသွားမှာနော်။ ဒါနဲ့ အဲဒါ ဘာအင်းတဲ့လဲ၊ ဘယ်လိုစီမံရသတဲ့လဲ အစ်ကိုကောင်း"

"အစကတည်းက ကျွန်တော် ဘာမှမသိဘူးလို့ ပြောထားတယ်လေ။ တကယ်လို့ ကိုခင်မောင်တာ သိချင်တယ်ဆိုရင် အင်္ဂဝိဇ္ဇာပညာရှင်တွေထံမှာ မေးကြည့်ပေတော့"

ဝင်းသောင်(ရမည်းသင်း)

မှီး - ညီမြ၊ ကုန်းဘောင်ရာပုံတော်။



www.burmeseclassic.com

www.burmeseclassic.com

# မယုံလျှင် ပုံပြင်သာမှတ်လိုက်ပါ

ဒေါက်တာသက်ဆွေ (M.D.)
(ရှေ့ဆောင်တင်ဆွေ) (မင်္ဂလာဓမ္မဇောတိကာဓ

## ''ဒုတိယပိုင်း''

ကျွန်တော် မရကာန် အင်္ကျင်းပင်ကျောင်းမှ ဆဋ္ဌမတန်းကျောင်းပြောင်းလက်မှတ်ဖြင့် မန္တလေးမြို့ ချမ်းသာရထုံးကုန်းရပ်ကွက်ရှိ စိန်တောင်အစိုးရအလယ်တန်းကျောင်းသို့ ၁၁ နှစ်သားအရွယ်တွင် ကျောင်းပြောင်းအပ်နှံပြီး ထားပါသည်။

ကျွန်တော်၏ အစ်ကိုကြီးနှင့်အတူ ညီအစ်ကိုနှစ်ဦး ပုလိုင်းရပ်တွင်အိမ်တစ်လုံးငှားထားပေးပြီး ကျောင်းတက်ရပါသည်။ ပထမပိုင်းတွင် ဟင်းကို အစ်ကိုကြီးမှ ချက်ပေးပြီး နောက်ပိုင်းတွင် ကျွန်တော်ကိုယ်တိုင် ချက်ရပါသည်။ ညီအစ်ကိုနှစ်ယောက် နံနက်ထမင်းစားပြီး ကျောင်းတက်။ ညနေကျောင်းပြန် ဟင်းများပြန်နွှေးပြီး စားကြရပါသည်။ ကျွန်တော်လည်း မရကန်ရွာက နောင်တော်နတ်မင်းကြီးအာရုံပြုပင့်ပြီး ညီဖွား ထမင်းဟင်းချက်ရတဲ့အလုပ်က ကင်းလွတ်အောင်ကြည့်ရှုစောင့်ရှောက်တော်မူပါ ဟူ၍လည်း နေ့စဉ် ဘုရားရှိခိုး၊ မေတ္တာပို့ပြီးတိုင်း ဆုတောင်းတိုင်တည်ပါသည်။

ခြောက်လခန့်ကြာတော့ ကျွန်တော်တို့ အိမ်ချင်းကပ်လျက် ဘားမားလိုက် ဆပ်ပြာကုမ္ပဏီပိုင်ရှင် ဦးလွန်းပြေ၏ဇနီး ဒေါ်မြခင်က ကျွန်တော့်ထံနံနက်စောစော ရောက်လာပြီး ...

"သားလေး နေ့စဉ် ချက်ပြုတ်နေတာ အမေတွေ့တော့ စိတ်မကောင်းဘူး။ ဒီတော့ အမေလာချက်ပေးမယ်"

ဆိုပြီး နေ့စဉ် လာချက်ပေးပါသည်။ ထိုအဖြစ်မှာ နောင်တော်နတ်ကြီး မစတာ ထင်ရှားနေပါသည်။ နောက် ခြောက်လလောက်ကြာတော့ အဘိုးကြီး၊ အဘွားကြီးက သူတို့မှာ သားယောက်ျားလေးမရှိသည့်အတွက် တရားဝင် မွေးစားပါရစေဆိုပြီး ကျွန်တော့်မိဘများထံ တောင်းခံ၍ မွေးစားပါသည်။ နွေရာသီကျောင်းပိတ်တော့ ကျွန်တော့်ကို အနောက်ခင်မကာန် ကျောင်းတိုက် သူဌေးကျောင်းမှာ ရှင်ပြုပေးသည်။

ကျောင်းတိုက်တွင်းရှိ သံဃ
တော်အားလုံးပင့်ပြီး လှူဖွယ်ပစ္စည်း
စုံလင်စွာနဲ့ စည်ကားသိုက်မြိုက်စ
အလှူကြီးပေးသည်။ ဒါလည်း နေ
တော်နတ်မင်းကြီး၏ မစမှုဆိုသည်
သိရပါသည်။ အဘယ်ကြောင့်ဆိုသေ
ကျွန်တော်ရှင်ပြုသည့်နေ့ မွေးစားအ
တွေ၊ အဖေတွေက ရေစက်ချပြီး အ
ဝေသောအခါ သာဓုခေါ်ဆိုရသည်
အကြောင်း၊ ညီဘွားလေး ကိုရင်
ဝတ်ထားတာ တွေ့ရသည့်အတွ
ဝမ်းသာကြည်နူးရသည့်အကြော
နတ်ထိန်းကြီးကို ပူးပြောသည့်အကြေ
ဆွေမျိုးတွေက ပြောပြ၍ သိရှိ
သည်။ ခြောက်တန်းအောင်ဖေ
ခုနစ်တန်းကစပြီး ၁၀ တန်းအော
မန္တလေးကောလိပ်ထိ ဆက်ထား
ပါသည်။ အဘိုးကြီး၊ အဘွားကြီး
က ချမ်းသာသည့်အတွက် လို
သေးမရှိ ဝယ်ခြမ်းပေးပြီး မုန့်ဖိုးလ
လိုလေသေးမရှိ ပေးပါသည်။ အ
မှာ ကျွန်တော်သည် တောသား
ဖြစ်ပြီး မြို့ပေါ်ရောက်တော့ သူ



www.burmeseclassic.com

www.burmeseclassic.com

ဘင်မယားက မွေးစားသဖြင့် နေ့ချင်း ညချင်း ချမ်းသာစွာနေရခြင်းမှာ နောင်တော်နတ်မင်းကြီး၏ ကျေးဇူးပင်။ နောက် နတ်ထိန်းကြီးကို ပူးပြောလာသည်ဟု သိရပါသည်။ သည်မွေးစားမိခင်သည် သထုံပြည့်ရှင် မနူဟာမင်းကြီး၏ မိဖုရားဖြစ်ခဲ့ပြီး ကျွန်တော်၏ ယော်တော်ဖြစ်ခဲ့သည့်အကြောင်း၊ ပဌာန်းဆက် ဖော်ပြောသည့်အကြောင်းကို သိရှိရပါသည်။

ဒီသို့ဖြင့် ကျွန်တော် ၁၀ တန်း အောင်သောအခါ မန္တလေးကောလိပ်၌ ၁၉၅၆ ခုနှစ် စတက်ပါသည်။ ထိုအချိန်က မန္တလေးကောလိပ်သည် ရန်ကုန်တက္ကသိုလ်၏ လက်အောက်ခံခြား တက္ကသိုလ်မဖြစ်သေးပါ။ နှစ်တန်းကျောင်းသားတွေ စာမေးပွဲ ဖြေနေစဉ် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးကောလိပ်ကျောင်းသားတွေ သပိတ်မှောက်တော့ ခုနှစ်တန်းကျောင်း

*သပိတ်မှောက်တာ*
*ဆိုတာလည်း*
*မသိပါဘူးခင်ဗျာ။*
*ကျောင်းသားကြီးတွေက*
*ခေါ်တော့*
*ကျွန်တော်တို့ သူငယ်ချင်း*
*သုံးယောက်စလုံး*
*လိုက်ခဲ့ကြပြီး*
*ကျောင်းသားကြီးတွေ*
*အော်ခိုင်းတဲ့အတိုင်း*
*အော်ရတာပါ။*

သားလေး ဟယ်ရီတန် ကျဆုံးခဲ့ပါသည်။ ထိုအခါ ဖ. ဆ. ပ. လ အစိုးရ ဝန်ကြီးချုပ်ဦးနုက ခုနစ်တန်းတွေ မဖြေရတော့ဘဲ အအောင်ပေးလိုက်ပါသည်။ ဟယ်ရီတန် ခုနစ်တန်းအောင် ဆိုလျှင် လူတွေက အထင်သေးပါသည်။ မှတ်မှတ်ရရ ထိုအရေးအခင်း သပိတ်မှောက်သည့်အထဲ ပါဝင်မိ၍ အဖမ်းခံရပါသည်။ မန္တလေးစက်ရှင် တရားသူကြီးရုံးရောက်တော့ နောင်တော်ကြီးပင့်ပြီး ညီဘွားလွတ်အောင် လုပ်ပေးပါ။ ညီဘွားထောင်ကျမှာ ကြောက်ကြောင်း၊ ညီဘွားကို ပူးကပ်ပြီး နောင်တော်ကြီးကိုယ်တိုင် တရားသူကြီးကို ပြောပေးပါဆိုပြီး တိုင်တည်ပါသည်။ ထိုအခါ စိတ်တွေလည်း ပေါ့ပါးသွားပါသည်။ တရားသူကြီးက ကျောင်းကြီးတွေကိုတော့ သိပ်စစ်ဆေးမေးမြန်းခြင်း မပြုတော့ဘဲ ကျွန်တော့် ကျောင်းနာမည်က မောင်တင်ဆွေ၊ နောက်သူငယ်ချင်း တင်ထွန်း၊ မင်းအောင်တို့ နှစ်ယောက်ကိုပါ စစ်ပါသည်။ ကျွန်တော်တို့၊ တင်ထွန်းတို့၊ မင်းအောင်တို့က တစ်ကျောင်းတည်းက ၁၀ တန်းအောင်ပြီး အသက်လည်း အငယ်ဆုံး ဖြစ်ပါသည်။ ၁၆ နှစ်ပြည့်ပြီး ၁၇ နှစ်ထဲ ရောက်ခါစ ဖြစ်ပါသည်။ ဒီတော့ တရားသူကြီးမင်းက ကျွန်တော့်ကိုစပြီး စစ်မေးပါသည်။ ပထမ နာမည်မေးတယ်။

"မောင်တင်ဆွေလို့ ခေါ်ပါတယ် တရားသူကြီးမင်း"

"မင်းရဲ့ အဘနာမည်"

"ဦးဘတင်"

"ဘာလုပ်သလဲ"

"ကျောင်းဆရာကြီးပါ"

"အမေနာမည်"

"ဒေါ်ငွေသယ်"

"ဘာလုပ်လဲ"

"ကျောင်းဆရာမကြီးပါ"

"အမေ၊ အဖေတွေက ကျောင်းဆရာကြီးတွေဖြစ်ပြီး မင်းက ဘာဖြစ်လို့ နိုင်ငံရေး လုပ်ရတာလဲ"

ဟူ၍ မေးသည့်အခါ ကျွန်တော် နိုင်ငံရေးမလုပ်ပါဘူးဟု ဖြေပါသည်။ ထိုအခါ တရားသူကြီးက –

"မင်းတို့သပိတ်မှောက်တာ နိုင်ငံရေးလုပ်တာ မဟုတ်ဘူးလား"ဟု မေးသည့်အခါ . . .

"သပိတ်မှောက်တာ ဆိုတာလည်း မသိပါဘူးခင်ဗျာ။ ကျောင်းသားကြီးတွေကခေါ်တော့ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်စလုံး လိုက်ခဲ့ကြပြီး ကျောင်းသားကြီးတွေ အော်ခိုင်းတဲ့အတိုင်း အော်ရတာပါ။ ကျွန်တော်တို့တွေ အခုမှစပြီး ကောလိပ်ကျောင်းတက်စဆိုတော့ ဘာမှ နားမလည်ဘဲ လိုက်မိပါတယ် တရားသူကြီးမင်းခင်ဗျား။ တကယ်ဆိုတော့ သူများ ယောင်လို့ ယောင်ရပါတယ်။ အမောင်တောင်မှန်း မြောက်မှန်း မသိဆိုတဲ့ စကားလို တစ်ကြိမ်တစ်ခါ မိုက်မှားမိတဲ့အတွက် သားသမီးချင်း ကိုယ်ချင်းစာနာ ထောက်ထားသကဲ့သို့ လွှတ်ပေးပါရန် အသနားခံအပ်ပါတယ် ခင်ဗျား"ဟူ၍ လျှောက်လဲလိုက်သည့်အခါ တရားသူကြီးက ကျွန်တော်တို့ သုံးယောက်၏ ကျောင်းဝင်မှတ်ပုံတင်ကတ်ပြားက အသက်ကိုကြည့်ပါသည်။ ၁၇ နှစ်ဆိုတော့ ၁၈ နှစ် မပြည့်သေးသည့်အတွက် ကျောင်းဆက်တက်နိုင်ရန် အမှုမှ တရားသေ လွှတ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ဒါလည်း နောင်တော်ကြီး မတာ ဖြစ်ပါသည်။

သို့ဖြင့် ...ကျွန်တော်တို့သုံး ယောက် ကောလိပ်ကျောင်းအုပ်ကြီး ထံသွားပြီး အမှုမှ တရားသေလွှတ် လိုက်ကြောင်း ကျောင်းဆက်တက်ရန် အမိန့်ချလိုက်တဲ့အကြောင်း တင်ပြ သောအခါ ဆရာကြီးက ...

"တို့က ရန်ကုန်တက္ကသိုလ်ရဲ့ လက်အောက်ဆိုတော့ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ကြီးထံ ကျောင်းဆက်တက်ခွင့်ပြုရန် အသနားခံစာ တင်သော်လည်း ပါမောက္ခချုပ်ထံမှ နိုင်ငံရေးလုပ်ထားသည့် ကျောင်းသားတွေ ဖြစ်သည့်အတွက် လက်မခံဘဲ ထားရန် ဆက်ထားပါက တစ်ကျောင်းလုံး နိုင်ငံရေးကျောင်းသားတွေ ဖြစ်သွားနိုင်သောကြောင့် ကျောင်းထုတ်ပစ်ရန် ညွှန်ကြားလိုက်ပါသည်။ မန္တလေးကောလိပ်ကျောင်းအုပ်ကြီးကလည်း ကျွန်တော်တို့သုံးယောက်ကို မင်းနီတားကာ ရာသက်ပန် ကျောင်းထုတ်လိုက်သောကြောင့် မင်းအောင်က ဌာနဆိုင်ရာတစ်ခုမှာ စာရေးဝင်လုပ်ပါသည်။ တင်ထွန်းကတော့ သူဌေးသမီးနှင့်ယူပြီး သူဌေးလုပ်ငန်းမှာ မန်နေဂျာဖြစ်နေပါသည်။

ကျွန်တော်ကတော့ လက်ရှိအစိုးရကြောင့် ကျောင်းထုတ်ခံရခြင်းဟု မကျေမနပ်ဖြစ်မိပါသည်။ ထိုအခါ သတင်းထောက်လုပ်ပြီး အစိုးရကို ရှုတ်ချသည့် သတင်းတွေရေးမည်ဆိုပြီး သတင်းထောက် လျှောက်သောအခါ သတင်းစာတိုက်တွေမှာ မရဘဲ မန္တလေးတောင်ခြေတွင်ရှိသည့် မြတ်ရတနာမဂ္ဂဇင်းတိုက်တွင် သတင်း

*သို့ဖြင့် ...*
*ကျွန်တော်တို့သုံးယောက်*
*ကောလိပ်ကျောင်းအုပ်ကြီး*
*ထံသွားပြီး*
*အမှုမှ တရားသေလွှတ်*
*လိုက်ကြောင်း*
*ကျောင်းဆက်တက်ရန်*
*အမိန့်ချလိုက်တဲ့အကြောင်း*
*တင်ပြသောအခါ*
*ဆရာကြီးက ...*

ထောက်ဖြစ်လာပါသည်။ မဂ္ဂဇင်းသတင်းထောက်ဆိုတော့ မျက်နှာဖုံး ဓာတ်ပုံတွေရိုက်၊ မျက်နှာဖုံးသတင်းတွေပဲ ရေးပေးရပါသည်။ နောက်တစ်နှစ်ခန့်ကြာတဲ့အခါ ကျွန်တော်တို့မဂ္ဂဇင်းတိုက်ဆရာကြီး ဦးတင်အုန်း(ရွှေသွေး)က တာဝန်ခံအယ်ဒီတာကြီးနှင့် ကျွန်တော်တို့ကို ရေဦးမြို့သခင်တစ်ဦးနှင့် မန္တလေးမြို့မှ သူဌေးတစ်ဦးတို့က ငွေစိုက်ထုတ်ပြီး သတင်းစာတိုက် ထောင်ပေးပါသည်။ "မန္တလေး ဗမာ့ရွှေဆောင် သတင်းစာ"ဖြစ်ပါသည်။ ထိုတိုက်တွင် ဆရာရွှေသွေးက အယ်ဒီတာချုပ် တိုက်အုပ်အဖြစ် ဆောင်ရွက်ပြီး ကျွန်တော့်ကို နေ့သတင်းထောက်နှင့် ညသတင်းအယ်ဒီတာအဖြစ် တာဝန်ပေးပါသည်။ သတင်းတည်းဖြတ်နည်း ခေါင်းစည်းကြီးပေးနည်း၊ ခေါင်းစည်းငယ်ရေးနည်းများပါ သင်ပေးပါသည်။ ၎င်းအပြင် ရန်ကုန်စီးပွားရေး သတင်းစာ အယ်ဒီတာချုပ် သခင် တင်မောင်(နတ်ဒုတင်မောင်)ယခု ကွ ဆုံးသွားသော သခင်မြ၏ညီမှလည်း သတင်းစာပညာများ သင်ပေးပါသည်။

ထိုစဉ်က သတင်းထောက်များ သည် လက်ရေးတို လက်နှိပ်စက်ပါ တတ်ရမည်ဖြစ်သဖြင့် ညနေ (၄ နာရီ မှ ၇ နာရီထိ) ဇဝနကော်မာရှယ်ကော လိပ်တွင် သုံးလ သင်တန်းတက်ပါ သည်။ စာရင်းရေး၊ စာရင်းကိုင်ပညာ ပါ တတ်ခဲ့ပါသည်။ ထိုသတင်းတ တိုက်တွင် (ရွှေဆောင်တင်ဆွေ) ကလောင်အမည်ဖြင့် ဆောင်းပါးများ ရေးခဲ့ပါသည်။ ၁၉၅၉ ခုနှစ်တွင် ကျွန် တော်တို့သတင်းစာတိုက် ပျက်သွားပါ သည်။ ထိုအခါ သူရိယသတင်းတ တိုက်ပိုင်ရှင် ဆရာဦးသန်းမောင် က ဆရာရွှေသွေးအား နိုင်ငံခြားရေး အယ်ဒီတာအဖြစ်လည်းကောင်း၊ ကျွန် တော့်အား သတင်းအယ်ဒီတာအဖြစ် လည်းကောင်း ခန့်ထားပါသည်။

၁၉၆၀ ပြည့်နှစ် ရောက်သော အခါ ရန်ကုန်ပြည်ကျော် သတင်းစာ တိုက်ပိုင်ရှင် ဦးဖုန်းရောင်က ဆရာ ရွှေသွေးအား အယ်ဒီတာချုပ်အဖြစ် လည်းကောင်း၊ ကျွန်တော့်အား သတင်း အယ်ဒီတာအဖြစ်လည်းကောင်း ခေါ် သောကြောင့် ရန်ကုန်မြို့ကြီးသို့ ပြောင်း ဆင်းလာခဲ့ကြပါတော့သည်။

*(တတိယပိုင်း ဆက်ရန်)*

**ဒေါက်တာသက်ဆွေ(M.D.)**

(ရွှေဆောင်တင်ဆွေ)

(ပင်လယ်ဝပ္ပဇာတိကဝဝ)

www.burmeseclassic.com


# ဆရာမကြီး ဒေါ်ခင်မာဝေ

## (ဆန်းပညာနှင့် ဇောပီရှေ့ဆောင်နက္ခတ်ပညာရှင်)

## လောကီဆိုင်ရာ အကြံပေးပုဂ္ဂိုလ်

လောကီကိစ္စအဖြာဖြာနဲ့ ပတ်သက်ပြီး ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ဖြေရှင်းဖို့ လာရောက်နိုင်ပါတယ်။ ဗေဒင်မေးတယ်ဆိုတာထက် အခက်အခဲတွေကို တိုင်ပင်ဆွေးနွေးနိုင်တဲ့ လောကီဆိုင်ရာ အကြံပေးပုဂ္ဂိုလ်လို့ဆိုရင် ပိုမှန်ပါတယ်။ ဘာသာရေးနဲ့မဆိုင်တဲ့ လောကီကိစ္စတွေမှာ လူမျိုးမရွေး၊ ဘာသာမရွေး လူမှန်သမျှ ကြုံရတာပါပဲ။ ဘယ်လိုဖြေရှင်းရင် အဆင်ပြေနိုင်မလဲဆိုတာ ဆရာမနဲ့ တိုင်ပင်ကြည့်ရင် ပိုကောင်းပါတယ်။ ယတြာချေတယ်ဆိုတာထက် ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို အကြံပေးခြင်းလို့ပြောရင် ပိုမှန်ပါတယ်။

လူ့လောကမှာ လူတိုင်းမကင်းနိုင်တဲ့ ပြဿနာတွေရှိပါတယ်။ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေဟာ လူ့လောကရဲ့ နေ့စဉ်ကြုံရတဲ့ အဖြစ်အပျက်တွေပါပဲ။ ခလုတ်ထိမှ အမိတနေမယ့်အစား ဘာမှမဖြစ်ခင်မှာ ကံတွေကို ကြိုတင်စစ်ပြီး၊ ကြုံတွေ့နိုင်တဲ့ အခက်အခဲတွေအတွက် ကြိုတင်ပြင်ဆင်ထားတာ အကောင်းဆုံးပါပဲ။

ဆရာဟာ အမြဲတမ်း ကိုယ့်အနားမှာ မရှိနိုင်ပါဘူး။ ကိုယ့်အနားမှာ ကိုယ်သာအမြဲရှိတာပါ။ ဒါကြောင့် ဆရာကိုအားကိုးမယ့်အစား ကိုယ်တိုင်ပညာတတ်ထားရင် ပိုကောင်းတာပေါ့။ လူတိုင်းသိထားရင် ရှောင်စရာကို ရှောင်နိုင်မယ်။ ဆောင်စရာကို ဆောင်နိုင်မယ်။ ဒါဆို လောကမှာနေရတာ အဆင်ပြေလာမှာ အသေအချာပါပဲ။ ပညာသင်ဖို့ စိတ်ဝင်စားရင် လာခဲ့ပါ။ လုံးဝတတ်မြောက်သည့်တိုင် သင်ကြားပေးနိုင်ပါတယ်။

အခန်း(၄)၊ အမှတ်(၄၉/၅၀)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း−၀၉၇၃၁၂၇၈၂၆


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မြွေနန်းလိုက်ဂူ သခင်မ

လူတိုင်း လူတိုင်းတွင် ဝါသနာတစ်မျိုးစီရှိတတ်လေရာ ကျွန်ုပ်၏ ဝါသနာမှာ "ဂမုန်းပင်များ"စိုက်ပျိုးခြင်းပင် ဖြစ်သည်။ ကမ္ဘာ့လောကတွင် အပင်မျိုးပေါင်းမြောက်မြားစွာရှိသည့်အထဲမှ ဂမုန်းပင်များကား အများမတူ တမူထူးခြားသော အပင်များဖြစ်ပါသည်။

အဘယ်ကဲ့သို့ ထူးခြားသနည်းဆိုလျှင် ဂမုန်းများကား ဂမ္ဘီရ ဆန်လှပြီး နာမ်လောကနှင့် ဆက်နွယ်မှုအများဆုံး ဖြစ်နေသော ကြောင့်ပင်တည်း။

ဂမုန်းကို အချို့ဒေသများ တွင် "ပမုန်း"ဟု ခေါ်ကြသော်လည်း အမှန်မှာ ဂမုန်းနှင့် ပမုန်းမတူကြပါ။ အကြမ်းအားဖြင့် ဆိုရန်မှာ ဂမုန်းသည် ဥပါသောအပင်မျိုးဖြစ်၍ ပမုန်းသည် အခွေးအမျှင်ရှိသော အပင်မျိုးဟူ၍ မြန်မာ့စွယ်စုံကျမ်းအတွဲ ...တွင် ဖွင့်ဆိုထားပါသည်။

"ကျောက်ကျမ်း"၊ "ဂမုန်းကျမ်း"နှင့် "ကဝေသာရကျမ်း" တို့တွင် ဂမုန်းအမျိုးပေါင်း ၁၀၉ မျိုးဟု ပြဆိုထားပါသည်။ သို့သော် အချို့ အချို့သော ဂမုန်းကျမ်းများတွင်တော့ ဂမုန်း ၅၄ မျိုး၊ ပမုန်း ၅၄ မျိုး၊ စုစုပေါင်း ၁၀၈ မျိုးဟု ဖွင့်ဆိုကြသလို အချို့တဘော့ ဂမုန်း ၉၀၊ ပမုန်း ၉၀၊ ပေါင်း ၁၈၀ ဟု ဆိုကြပြန်သည်။ ဂမုန်းပင်တို့ကား ကမ္ဘာအစကတည်းက ပေါ်ပေါက် တည်ရှိနေသော အပင် တစ်မျိုးဟုလည်း ဖတ်ရှုမှတ်သားရဖူးပါသည်။

ကျွန်ုပ်သည် ဘဏ်ဝန်ထမ်းဘဝမှ နုတ်ထွက်ပြီး နောက် စာအုပ်ဆိုင်လေးတစ်ဆိုင်ကို ဝါသနာအလျောက် ဖွင့်လှစ်ခဲ့ပါသည်။ တစ်ကိုယ် ရေတစ်ကာယ လူပျိုကြီးဘဝမို့ အထွေအထူး ပူစရာလည်းမလို။ မိဘနှစ်ပါးထားခဲ့သော အမွေပစ္စည်းများကပင် ကျွန်ုပ် တစ်သက်တာအတွက် ပူစရာမလို။

**ဝသုန်ဟိန်းထက်**

www.burmeseclassic.com

www.burmeseclassic.com

အမှန်တော့ ကျွန်ုပ်သည် လူပျိုကြီးဖြစ်ချင်လှသူမဟုတ်။ မှန်ရာကို မရှက်မကြောက် ဝန်ခံရလျှင် ကျွန်ုပ် အရှုံးအမူး ချစ်ခဲ့ရသော ချစ်သူမှာ ကျွန်ုပ်အပေါ် သစ္စာဖောက်၍ အခြားတစ်ယောက်နှင့်လက်ထပ်သွားခဲ့သည်။ ထို့ကြောင့် နောက်ထပ် အပူမရှာလိုတော့ဘဲ ယခုကဲ့သို့ နေလာခဲ့ခြင်း ဖြစ်၏။

ကျွန်ုပ်၏ ခြံမှာလည်း အတော်အတန် ကျယ်ဝန်းရကား စင်များနှင့် သေသေချာချာ စိုက်ပျိုးထားသော ဂမုန်းပင်များကား အတော်စုံလင်နေပြီ ဖြစ်၏။ သက်ကြီးစကားသက်ငယ်ကြားအရဆိုရလျှင် ဂမုန်းကို စိုက်ပြီး သုံးရက်၊ သုံးလ၊ အလွန်ဆုံးသုံးနှစ်အတွင်း ဆိုင်ရာအစောင့်အကြပ်များ ရောက်လာ၍ စောင့်ကြပ်ကြရသည်ဟု ဆိုသည်။ သေချာတာကတော့ ဂမုန်းပင်များသည် လွန်စွာမှ အသန့်အပြန့်ကြိုက်လှပေသည်။

သို့သော် ယခုခေတ်လူအများ စိုက်နေကြသလို အိုးကလေးတစ်လုံးထဲထည့်ပြီး စိုက်ရုံနှင့် မပြီးပေ။ ၎င်းတို့မှာ အကျိုးခံစားခွင့်ကို အပြည့်အဝရမည်ကား မဟုတ်ပေ။

ဂမုန်းတစ်မျိုးချင်းစီအတွက် သီခြားလုပ်ဆောင်ရမည့် အစီအစဉ်များ၊ ဂါထာမန္တာန်များ၊ သက်ဆိုင်ရာအင်းများမြှုပ်နှံခြင်းများ ပြုလုပ်ရပေသည်။

မှတ်ချက်။ ။ ဂမုန်းပင်များကို ဂမ္ဘီရအစီရင်ဖြင့် စိုက်ပျိုးခြင်း နည်းစနစ်များကို တစ်ခုချင်းဖော်ပြရာရန် ဤနေရာ၌ အဆင်မပြေပါ၍ ဂမုန်းဝါသနာပါသူများအနေဖြင့် လေ့လာသိရှိလိုပါက စာရေးသူထံတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။ (စာရေးသူ)

ဗဟုသုတရဖွယ်အဖြစ် ကျွန်ုပ်ပြောကြားလိုသည်မှာ ဂမုန်းများ၏ အသုံးကို ဆိုင်ရာကဏ္ဍများအလိုက်ခွဲခြားထားပေရာ ကာယသိဒ္ဓိနှင့် ရှိန်းတွင် အသုံးပြုနိုင်သော ဂမုန်းတို့မှာ . .

ဂမုန်းနီ၊ ဂမုန်းနက်၊ ရစ်ဂမုန်း၊ ရန်လွတ်ဂမုန်း၊ ငှက်ကြီးတောင်ဂမုန်း၊ သစ်ပျံဂမုန်းတို့ ဖြစ်ကြသည်။

ပီယသိဒ္ဓိ၌ အသုံးဝင်သော ဂမုန်းများမှာ တတိုးဂမုန်း၊ ရစ်ဂမုန်း၊ လိပ်မတွားဂမုန်း၊ ပြာသာဒ်ဂမုန်း၊ အောင်သိဒ္ဓိဂမုန်း၊ လဝန်းဂမုန်း၊ ဂမုန်းနီ၊ ကာလကဏ္ဏီဂမုန်း၊ မြင်းဂမုန်း၊ခေတ္တာနီဂမုန်းတို့ဖြစ်၏။

အင်္ဂရုတ်၌ အသုံးဝင်သော ဂမုန်းများမှာ ရှင်သူငယ်ဂမုန်း၊ ကိုယ်ရုံကြီးဂမုန်း၊ သံဃာစင်ဂမုန်း၊ ကျောက်ငိုဂမုန်း၊ ကျောက်ဒိုးဂမုန်း၊ ခတ္တာဂမုန်း၊ ကျောက်လိပ်ဂမုန်း၊ မြွေဂမုန်း၊ ဆိတ်နို့ဂမုန်း၊ ခတ္တာနီဂမုန်း၊ ခတ္တာရွှေဂမုန်း၊ ကျီးခြေဂမုန်း၊ တိမ်ပြာဂမုန်း၊ တပင်ရွှေထီးဂမုန်း၊ ကြက်ငယ်ဂမုန်း၊ သူရဿတီဂမုန်း၊ ရှင်ပျံဂမုန်း၊ ဂမုန်းနီ၊ ခတက်ဂမုန်း၊ ခွက်ပေါက်ဂမုန်း၊ ဂေါ်သက်ဂမုန်း၊ လဝန်းဂမုန်း၊ သံသေဂမုန်း၊ ဖားဂမုန်းတို့ ဖြစ်ပါသည်။

အဆိပ်နိုင်ရန်နှင့် ဆေးဖော်ရန်တို့တွင် အသုံးတည့်သော ဂမုန်းများမှာ ကျေးမီးဂမုန်း၊ ရှဉ့်မတက်ဂမုန်း၊ သစ်တက်လင်းဂမုန်း၊ ကြက်သွေးဂမုန်း၊ ကုဋ္ဌာဒြာကြာဂမုန်း၊ ကြောင်သံဂမုန်း၊ တတိုးဂမုန်း၊ ခတက်ဂမုန်း၊ ရန်လွတ်ဂမုန်း၊ ကင်းဂမုန်း၊ မြွေနိုင်ဂမုန်း၊ တောင်လုံးကျော်ဂမုန်း၊ အင်းဂမုန်း၊ တပင်ရွှေထီးဂမုန်း၊ ကြက်လျှာဂမုန်း၊ လိပ်ပြာဂမုန်းနှင့် သံဃာစင်ဂမုန်းတို့ ဖြစ်ကြသည်။ အမှောင့်ပယောဂကို နှိမ်နင်းနိုင်သော ဂမုန်းများမှာ ဂမုန်းနီ၊ ဂမုန်းနက်၊ တတိုးဂမုန်း၊ ခတ္တာဂမုန်း၊ သူတော်

ရောင်ဂမုန်း၊ ခတက်ဂမုန်း
လာဂမုန်း၊ နွားလာဂမုန်း
သာဒ်ဂမုန်း၊ ပြောက်ဂမုန်း
ဂမုန်း၊ လိပ်မတွားဂမုန်း၊
မှေ့ဂမုန်း၊ ဆိတ်နွားဂမုန်း
တာဂမုန်း၊ သံဃာစင်ဂ
ကြက်ငိုဂမုန်း၊ ရန်မီးဂမုန်း
လွတ်ဂမုန်း၊ ကိုယ်ရုံကြီးဂ
ခတ္တာဖြူဂမုန်း၊ ခတ္တာရွှေ
ဆိတ်နို့ဂမုန်း၊ လဝန်းဂ
ကြက်သွေးဂမုန်း၊ ဧည့်
ဂမုန်းတို့ ဖြစ်ကြပါသည်။

လာဘ်လာဘရှင်
သော ဂမုန်းများမှာ ရှင်သီ
ဂမုန်း၊ တပင်ရွှေထီးဂ
တပင်တိုင်ဂမုန်း၊ ရတနာ
ဘောကြီးဂမုန်း၊ ရွှေလာ
ငွေလာဂမုန်း၊ စီးပွားဂ
ချမ်းသာဂမုန်း၊ ပြည်လုံး
သာဂမုန်း၊ သူကြွယ်ဂမုန်း
ဿတီဂမုန်း၊ ပတ္တမြားဂ
ကြက်ငယ်ဂမုန်း၊ သံဃာ
ဂမုန်း၊ စီးပွားပဒေသာဂ
တိုးကြီးဂမုန်း၊ တရုတ်စီး
ဂမုန်း၊ မြရတနာဂမုန်း၊ လ
ဂမုန်း၊ စီးပွားဖြစ်ဂမုန်း၊ ငြ
ဘယက်ဂမုန်း၊ ငွေရ
ဂမုန်း၊ ကျီးခြေဂမုန်း၊ တေ
စိမ်းဂမုန်း၊ ကွင်းထိုးဂ
လာဘ်ရှင်ဂမုန်း၊ ခတ္တာနီ
သုံးဆတိုးဂမုန်း၊ သိဒ္ဓိနွာ
တို့ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

၃၇ နတ်မင်းနှင့် အောက်နတ်များ၊ အစိမ်းသရဲများတိုနိုင်သော ဂမုန်းများမှာ သဇင်ဂမုန်း၊ ရွှေရောင်ဂမုန်း၊ မိဝါဂမုန်း၊ သောဝဝမုန်း၊ နဂါးဂမုန်း၊ ဆင်နွယ်ဂမုန်း၊ မြင်းလာဂမုန်း၊ အင်ကြင်းဂမုန်း၊ လက်ဆက်ဂမုန်း၊ ဖယောင်းပန်းဂမုန်း၊ ကတိုးဂမုန်း၊ ဂမုန်းဖြူဂမုန်းနက်၊ ရစ်ဂမုန်း၊ ပြောက်ဂမုန်း၊ ကျီးခြေဂမုန်း၊ သံဃာစင်ဂမုန်း၊ ပြာသာဒ်ဂမုန်း၊ သိကြားဂမုန်း၊ ရန်လွတ်ဂမုန်း၊ ကာလကဏ္ဍီဂမုန်း၊ လဝန်းဂမုန်း၊ ကြက်ညွန့်ဂမုန်း၊ နဂထဂမုန်း၊ နာဂနီဂမုန်း၊ နာဂသေးဂမုန်း၊ နာဂမေဂမုန်း၊ နာဂသိန်ဂမုန်း၊ နာဂနက်ဂမုန်း၊ ကြက်သူငယ်ဂမုန်း၊ တောင်စွန်ဖြူဂမုန်း၊ ဥတစ်လုံးဂမုန်း၊ ဘီလူးဂမုန်း စသည်တို့ ဖြစ်ကြ၏။ ဤသို့ဆိုလျှင် ဂမုန်းပင်များအပေါ် ကျွန်ုပ်ဝါသနာထုံ ရသည့် အကြောင်းရင်းကို ရိပ်စားမိကြလောက်ပေပြီ။ ထို့ထက်မကပင် ဂမုန်းများကို ပို၍ စိတ်ဝင်စားဖွယ်ကောင်းနေပေသေးသည်။

ယခုလက်ရှိ ကျွန်ုပ်ရှာဖွေနေသော ဂမုန်းကား ရှင်သူငယ်ဂမုန်းပင် ဖြစ်၏။ ထိုသို့ဆိုလျှင် အချို့က ပြောကြပေလိမ့်မည်။ "ရှင်သူငယ်ဂမုန်းများကွာ .. ပေါလွန်းလို့၊ တောတောင်ထဲမှာ ပေါမှပေါ။ အလွယ်တွေ့နိုင်တာပဲ"

ဟု ဆိုကြချေမည်။ သို့သော် ကျွန်ုပ် ရှာဖွေနေသော ရှင်သူငယ်ဂမုန်းကား သူတို့ သိထားသလို သာမန်ရှင်သူငယ်ဂမုန်းမျိုးမဟုတ်။

ညဥ့်အချိန်၌ အပင်ပေါ်တွင် ရှင်သူငယ်လေးတစ်ပါး ကြွရောက်၍ ကိုယ်ထင်ပြသော နတ်ဆေးဂမုန်းမျိုး ဖြစ်၏။ တစ်ခါတစ်ရံတွင် ရှင်သူငယ်လေးတစ်ပါးသည် လရောင်အောက်၌ စင်္ကြံလျှောက်နေတတ်သော ရှင်သူငယ်ဂမုန်းမျိုးပင်တည်း။

မိတ်ဆွေတစ်ဦးမှသတင်းပေးမှုကြောင့် ကျွန်ုပ်သည် စာအုပ်ဆိုင်ကိုခေတ္တပိတ်၍ ကျိုက်ထိုမြို့သို့ခရီးထွက်လာခဲ့သည်။ ကျိုက်ထိုမြို့၏ အနောက်ဘက်သုံးမိုင်ခန့်အကွာတွင်ရှိသော အာပေါတောင်ခြေတွင် ကျွန်ုပ်ရှာနေသော ရှင်သူငယ်ဂမုန်းရှိသည်ဟု ကြားသိလိုက်ရသည်။

ကျွန်ုပ်သည် ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် တည်းခို၍ တစ်ကိုယ်တည်းပင် ဂမုန်းအရှာထွက်ခဲ့ပါသည်။ လွယ်အိတ်တစ်လုံး၊ ရေဘူးနှင့် ဘီစကစ်ထုပ်များ၊ ကိုင်းခုတ်တောရှင်းဓားရှည်တစ်ချောင်း၊ လက်နှိပ်ဓာတ်မီးတစ်လက်၊ ယမ်းမီးခြစ်နှစ်ဘူးနှင့် ဖယောင်းတိုင်ကြီးတစ်ထုပ်၊ ကြိုးတစ်ခွေ၊ ဓားမြှောင်တစ်ချောင်းတို့ကိုပါ တစ်ပါတည်း ယူဆောင်ခဲ့၏။

နံနက်စောစော နေထွက်စပင် ခရီးကို စတင်လိုက်၏။ ကျွန်ုပ်၏ အကျႌအိတ်ကပ်ထဲမှာတော့ သွားလေရာ ဆောင်ယူတတ်သော ၂၇ လုံးပုတီးတစ်ကုံးလည်း ပါသေး၏။ ထိုပုတီးလေးမှာ ပုဂ္ဂိုလ်ထူးတစ်ပါးနှင့် အမှတ်မထင် ဆုံတွေ့ပြီး ချီးမြှင့်ခဲ့သော ပုတီးလေးဖြစ်၍ နေ့စဉ်စိပ်နေသော ပုတီးလည်း ဖြစ်နေ၏။ အခုလို သွားလာနေချိန်မျိုး၌ဆိုလျှင် အဆောင်အဖြစ် ကိုယ်နှင့်မကွာဆောင်ထားနေကျ။

မြို့ပြင်တောစပ်ရှိ သစ်ပင်၊ ဝါးပင်များမှာ စိမ်းလန်းစိုပြည်ပြီး ခပ်လှမ်းလှမ်းမှမြူခိုးများဝေနေသော တောင်တန်းနောက်ခံနှင့် ပန်ရလွန်းလှပေသည်။ ကျွန်ုပ်သည် သစ်ဆွဲသည့် နွားလှည်းဘီးရာစွပ်ကြောင်းများအတိုင်း လျှောက်လာရာ ချွေးတစ်စို့လောက် အချိန်၌ အာပေါတောင်ခြေရောက်လာခဲ့တော့သည်။

တောင်ခြေဝန်းကျင်တွင်ကား ခြံကွက်များ ပြုလုပ်၍ စိုက်ခင်းပျိုးခင်းများ ပြုလုပ်ထားသည်ကို တွေ့ရ၏။ သို့သော် လူရိပ်လူယောင်ကား မမြင်။ တဖြည်းဖြည်းနှင့် တောင်ပေါ်ရောက်လာလေလေ ရာသီဥတုက သိသာစွာ အေးလာခဲ့သည်။ လေတွေကလည်း တဟူးဟူး တိုက်နေ၏။ ကျေးငှက်တိရစ္ဆာန်များနှင့် တောကောင်များ၏ အော်ဟစ်သံများမှအပ တိတ်ဆိတ်နေပါသည်။

တောင်ပေါ်တွင် သစ်ပင်ကြီးများကို ပိုတွေ့လာရသည်။ တောင်ထိပ်တွင်ကား မြေစိုက်စေတီတစ်ဆူနှင့် တစ်ဝဂူဘုရားတို့ကိုလည်း ဖူးတွေ့ရ၏။ စေတီမှ ဆည်းလည်းသံ တချွင်ချွင်ကား ကြည်နူးစွာ လွင့်ပျံ့နေပေသည်။

သစ်တောအုပ်အတွင်းသို့ နှစ်မိုင်နီးပါးမျှ ခရီးပေါက်ခဲ့ပေပြီ။ ဂမုန်းရှာရသည်မှာ ထင်သလောက်တော့ မလွယ်၊ ကိုယ့်အနီးတွင် ရှိသော်လည်း မြင်ချင်မှ မြင်ရသလို မရှာတဲ့ ဂမုန်းကိုလည်း အလွယ်တကူ တွေ့ရတတ်ပေသည်။

ကျွန်ုပ်သည်သတိကပ်၍



www.burmeseclassic.com

www.burmeseclassic.com

အပေါ်အောက် နှံ့စပ်စွာ ကြည့်ရင်း လျှောက်လာရာ တစ်နေရာအရောက်တွင် ကျွန်ုပ်နှာခေါင်းဝယ် ကြိုင်သင်းသော အမွှေးရနံ့ရ၍မော့ ကြည့်လိုက်ရာမမျှော်လင့်ထားသော ဂမုန်းနီကို သစ်ခွပင် ကြားတွင် တွေ့လိုက်ရ၏။

ဂမုန်းနီကား နန္ဒင်းခေါင်း၊ နန္ဒင်းဥကဲ့သို့ ရှိ၏။ အညာမြစ်တို့ အရောင်အဆင်းတူပြီး အပွင့်၊ အရွက်၊ အရိုးအားလုံးသည် ဟသ်ာပြဒါးကဲ့သို့ ရဲရဲနီနေ၏။ လေညှာက ပွင့်လျှင် လေအောက်က မွှေးသည်။ ဂမုန်းနီ တစ်ရွှေးသားခန့်ကို ဆန်ဖြူတစ်ပြည်ချက်ဖြင့် ထမင်းနှပ်လျှင် တစ်အိုးလုံးနီ၏။ အစိမ်း၊ ဖုတ်၊ တစ္ဆေ၊ ဘီလူးတို့ကို နိုင်နင်း၍ စီရင်တတ်လျှင် ရှိန်းဆာယာမြောက်ကြောင်း ကြားသိဖူးသည်။

ကျွန်ုပ်၏ ရည်ရွယ်ချက်ကား ရှင်သူငယ်ဂမုန်းရှာရန်သာဖြစ်၍ စည်းထားသည့် အနေဖြင့် ဂမုန်းနီအပေါ် အာရုံစိုက်ခြင်းမရှိဘဲ ရှေ့ဆက်လျှောက်လာခဲ့တော့သည်။

ဆွမ်းခံဝင်ချိန် အထိ ကျွန်ုပ်အလိုရှိရာကို မတွေ့၍ ခေတ္တမျှအနားယူကာ တောင်အောက် ပြန်ဆင်းလာခဲ့တော့သည်။ တောင်အောက်ရောက်လျှင် တောထူသော အရပ်သို့ ဦးတည်၍ထပ်မံလျှောက်လာခဲ့ပါတော့၏။

နိမ့်လျှောလျှောဖြစ်နေသော တောင်ဘေးက မြေနီလမ်းအတိုင်း လျှောက်လာရာ သစ်ပင်ကြီးများ ဖုံးအုပ်ထားသော တောအုပ်ကြီးတစ်ခုထဲသို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်။ ထက်သန်သော စိတ် ဦးဆောင်နေ၍ ကြောက်လန့်ရမှန်းလည်းသတိမရ။ လျှောက်ပြီးရင်းသာ လျှောက်နေခဲ့သည်။

တစ်နေရာအရောက်တွင် များပြားသော မျောက်အုပ်ကြီးတစ်အုပ်ကို တွေ့လိုက်ရသည်။ ကျွန်ုပ်စိတ်အထင် မျောက်များမှာ အကောင်တစ်ရာကျော်ခန့် ရှိပေလိမ့်မည်။ ဆူညံစွာအော်ဟစ်ဆော့ကစားနေသည်ကို တွေ့ရ၍ ကျွန်ုပ်အတွက် အန္တရာယ်ရှိနိုင်သည်ဟု တွက်ဆကာ ရှောင်ကွင်းရန် ဆုံးဖြတ်လိုက်၏။

ကျွန်ုပ်သည် ခြေသံလုံလုံဖြင့် ကညင်ပင်ကြီးတစ်ပင်နားသို့ တိုးကပ်သွားစဉ် -

"ဝုန်း"

"ဟာ . . အမယ်လေး"

"ဝေါ . . ဝရော"

မြေနိမ့်တစ်ခုထဲ ကျွံကျရလေပြီ။ နွယ်လိမ်ပင်လေးများနှင့် ချုံငယ်ပင်များရှိနေ၍ သတိမထားမိခဲ့။ ကျွန်ုပ်ကား တောင်ချိုင့်ဝှမ်းတစ်ခုထဲ ပြုတ်ကျခဲ့လေပြီ။ ကံကောင်းတာ တစ်ခုက နက်ရှိုင်းသော ချောက်ကြီးမဟုတ်ဘဲ ချုံပုတ်များကို မီရာဆွဲရင်း လိမ့်ကျသွားသည်ကတစ်ကြောင်း ထင်သလောက် အကျမဆိုးခဲ့ပေ။

နောက်ဆုံးတွင် တစ်စုံတစ်ခုနှင့် တိုက်ပြီး အရှိန်တန့်သွား၏။ ကံကောင်း၍ ခေါင်းနှင့်မဆောင့်မိခြင်းပင်။ အသေအချာကြည့်လိုက်တော့ အုတ်ကျောင်းတိုက်ကြီးတစ်ခု၊ အတိအကျပြောရလျှင် နှစ်ထပ်အုတ်ကျောင်းပျက်ကြီးတစ်လုံး ဖြစ်နေ၏။

အုတ်ကျောင်းပျက်ကြီးမှာ နှစ်ကာလကြာမြင့်၍ ဟောင်းနွမ်းပျက်စီးနေပြီး နံရံများတွင် သစ်ပင်များ တွယ်ကပ်ပေါက်နေသည်။ ကျောင်းပျက်ကြီး၏ သုံးပုံတစ်ပုံခန့်မှာ ညောင်ပင်ကြီး၏ ညောင်မြစ်များက ဝါးမျိုထားလေပြီ။

ကျောင်းဟောင်းကြီး၏ အလယ်ဗဟိုတွင် အပေါ်တက်ရန် အုတ်လှေကားရှိပြီး ဘေးတစ်ဖက်တစ်ချက်တွင် နယားအင်္ဂတေရုပ်နှစ်ရုပ်ကို မပျ

သေးဘဲ တွေ့နေရ၏။ ဇ

သည် ဖြစ်လိုရာဖြစ် သ

ပိုက်၍ လှေကားထစ်မျ

တိုင်း တက်လာခဲ့သည်။

ရှည်မှာကား မည်သည့်

တွင် ကျန်ခဲ့မှန်းမသိ

ချည်နှောင်၍ လွယ်ထား

လွယ်အိတ်ကြီးမှာကိုယ်နှ

နေသေး၍ ကျေးဇူးတင်ရ

သည်။

လှေကားထစ်များအ

တွင်တော့ ဆွေးမြည့်နေ

သစ်သားတံခါးရွက်နှစ်ခု

ထား၏။ တံခါးကို ဖွင့်

မဖွင့်သင့် တဒင်္ဂမျှစဉ်းစား

နောက် . . "မထူးပါဘူး

ဟုသဘောပိုက်၍ ဝုန်း

ဆောင့်တွန်းလိုက်ရာ တံ

ရွက်များ ပြုတ်ထွက်၍ ပွင့်

လေတော့သည်။

အထဲမှ မည်းမည်းအ

ကြီးတစ်ခုက "ဝူး"ကနဲ တိုး

လာ၍ ကျွန်ုပ်လည်း ကြော

လန့်တကြားဖြင့် ကပျာက

လူးလှိမ့်ရှောင်လိုက်ရ

ကျွန်ုပ် ဦးခေါင်းမှာလည်း

ဟပ်ခံလိုက်ရ၏။ သေချာ

ကြည့်လိုက်တော့မှ လင်းနို့

ကြီး ဖြစ်နေ၏။

"ဝူး . . တော်ပါသေး

အခုမှ စိတ်သက်သ



www.burmeseclassic.com

www.burmeseclassic.com

ရပြီး အထဲသို့ လှမ်းဝင်လိုက်သည်။ ထိုနေရာမှာ ကမ္မဋ္ဌာန်းထိုင်နေရန် ပြုလုပ်ထားသော အခန်းကျဉ်းလေးပင်တည်း။ ကြမ်းပြင်၌ကား လင်းနို့ချေးများထုတက်နေလေ၏။

ကျွန်ုပ်တွေးတော်မိသည်။ ထိုအုတ်ကျောင်းကြီးကား တစ်ချိန်တစ်ခါက လွန်စွာ သားနားခဲ့ထည်သောကျောင်းတော်ကြီး ဖြစ်ချေလိမ့်မည်။ တောတောင်များနှင့် သုသာန်တို့တွင် လှည့်လည် သီတင်းသုံးပြီး နိုင်ငံတစ်လွှားတွင် ရထားမတိုက်၊ ကျားမကိုက်ဆရာတော်ကြီးအဖြစ် ထင်ရှားခဲ့သော ပဲခူးတောရ ဘုန်းတော်ကြီး "ဦးသီလ"သည် ဤကျိုက်ထိုမြို့ဝန်းကျင်ရှိ ကင်မွန်းချောင်းစခန်း၊ မောင်းတီးတောင်၊ ဆိတ်ဖူးတောင်၊ အာပေါတောင်တို့တွင် ကမ္မဋ္ဌာန်းတရားများ ကျင့်ကြံအားထုတ်ခဲ့သည်ဟု သိရ၏။

ယခု ကျွန်ုပ် ရောက်ရှိနေသော ကျောင်းကြီးမှာ ဘုန်းတော်ကြီး ဦးသီလ သီတင်းသုံးခဲ့သော ကျောင်းများဖြစ်နေခဲ့လောဟု စိတ်ကူးမှန်းဆနေမိသည်။

အတန်ကြာလေ့လာပြီးသော် တစ်စုံတစ်ရာ ထူးခြားမှုကြောင့် အချိန်မဖြုန်းလိုတော့၍ ပြန်ထင်လာခဲ့သည်။ [illegible] လှမ်းတွင် မြေညီထားသည့် ကွက်လပ်တစ်နေရာကို တွေ့ရ၏။ ဤသို့တောကြီးထဲ၌ ယခုကဲ့သို့ တွေ့ရသည်မှာ အနည်းငယ်တော့ ထူးခြားနေ၏။

စကျင်ကျောက်သားဖြင့် ပြုလုပ်ထားသည့် သစ်တိုင်များ တစ်ပိုင်းတစ်စ စိုက်ထူထားသည်ကိုလည်း တွေ့ရ၏။ ကျွန်ုပ်မြင်နေရသော မြင်ကွင်းမှာ တောဖုံး၍ ပျောက်ကွယ်သွားသော မြို့ပျက်ကြီး၏ အစွန်အဖျားတစ်နေရာပင်လောဟု တွေးထင်စရာဖြစ်လာရသည်။

ထိုနေရာတစ်ပိုက်တွင်လည်း ရှင်သူငယ်ဂမုန်းများ ရှိလေမလားဟု လှည့်ပတ်ရှာဖွေနေမိသေးသည်။ ထိုနေရာမှ လွန်သော် မြေနိမ့်ပိုင်းသို့ဆင်းရန် ဂဝံကျောက်တုံးများက သဘာဝလှေကားသဖွယ် ဖြစ်နေ၍ ထိုနေရာမှ ဆင်းလာခဲ့သည်။ အောက်တွင် ဂဝံကျောက်ချပ်ကြီးများ၊ ကျောက်ဖျာကြီးများခင်းထားသလို ညီညာပြန့်ပြူးနေ၏။

မလှမ်းမကမ်းမှာတော့ ဝါးဘိုးဝါးရုံတောနှင့် ကြခတ်ဝါးတောကြီး၊ ထိုဝါးတောအနီးတွင် လိုက်ကာသဖွယ် မတ်နေ[illegible] တစ်ချပ်ကို ကျွန်ုပ်သတိထားမိသည်။ ထိုကျောက်ပြားချပ်ကြီး၏ အောက်ခြေတစ်နေရာတွင် သုံးပေခန့်ဟနေသောအပေါက်တစ်ပေါက်ကို တွေ့၍ ကျွန်ုပ်လည်း ထွေရာလေးပါးမစဉ်းစားတော့ဘဲလေးဘက်ထောက်၍ တိုးဝင်ခဲ့၏။

ကျွန်ုပ် ဦးစွာမြင်တွေ့လိုက်ရသည်ကား ကျောက်ဂူကြီးတစ်ခု၊ ဂူဝမှာ ငါးပေခန့်ရှိပေလိမ့်မည်။ အနည်းငယ်စိတ်ဝင်စားသွား၍ လွယ်အိတ်ကြီးထဲမှ လက်နှိပ်ဓာတ်မီးကိုထုတ်၍ ဂူထဲသို့ တစ်လှမ်းချင်းလှမ်းဝင်လိုက်မိသည်။

ကျောက်ဂူမှာ ပေငါးဆယ်ခန့်သာအတွင်းပိုင်း၌ ရှိပြီး ပိတ်နေသည်။ အကျယ်ပေနှစ်ဆယ်၊ အမြင့်ဆယ်ပေခန့်ဟု ခန့်မှန်းရ၏။ မျက်နှာကျက်က ရေများ စီးထွက်နေပြီး တစ်ပေါက်ပေါက်ကျဆင်းနေတာကိုလည်းတွေ့နေရသည်။ အတွင်းပိုင်းကျောက်နံရံ၌ သစ်ခွကဲ့သို့ အပင်ငယ်များက ကျောက်ကြိုကျောက်ကြားများတွင် ပေါက်နေ၍ "ရှင်သူငယ်ဂမုန်းများလား"ဟု စူးစမ်းကြည့်ရှုရပြန်သည်။

ရှင်သူငယ်ဂမုန်းများကား ငှက်ပျောရွက်ကဲ့သို့ အဖျားဝိုင်းဝိုင်းရှိပြီး အရင်းမှာ ငှက်ခေ[illegible] ခေါင်းကဲ့သို့ ရှိ၏။ ဒန်ကိုပြု[illegible] ၍ ဒန်ကိုသေနိုင်သော အစွ[illegible] ရှိ၏။ အိမ်ဦးတွင် သန့်စွာစိုက်က လာဘ်သပ္ပကာတိုး၏။ လပြည့်လကွယ်များတွင် ရှ[illegible] သူငယ်တစ်ပါးကိုတွေ့ရတ[illegible] ၏။ ပီယသိဒ္ဓိ၊ သဗ္ဗရာဇက္ကဋ္ဌိသျှိ၌ များစွာအသုံးတည့်၏ဟု ကျွန်ုပ်လေ့လာသိရှိခဲ့ပါသည်။ ကံတရားသည် လွန်စွာဆန်းကြယ်သော သဘောရှိ၏။ ခက်ခက်ခဲခဲ တကူးတကရှာဖွေစဉ်က မတွေ့၊ ယခု မမျှော်လင့်ဘဲ တွေ့ရပေပြီ။

ကျွန်ုပ်မျှော်လတင့်လင့် ပင်ပန်းကြီးစွာ ရှာဖွေနေသော ရှင်သူငယ်ဂမုန်းကို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့လိုက်ရပေပြီ။ မြေနိမ့်ထဲလျှောဆင်းလိမ့်ကျ၍ နှစ်ထပ်အုတ်ကျောင်းကြီးကိုရောက်ခဲ့ပုံ၊ ထိုမှတစ်ဆင့် အခုလို ကျောက်ဂူထဲရောက်၍ အလိုရှိနေသော ရှင်သူငယ်ဂမုန်းကို တွေ့ရပုံတို့ကို ပြန်စဉ်းစားကြည့်လိုက်သောအခါ "နတ်တို့ဖန်ဆင်းပို့ဆောင်လေရော့သလား"ဟု ထင်မှတ်ဖွယ်ဖြစ်၏။

ရှင်သူငယ်ဂမုန်းကား ကျွန်ုပ် လက်လှမ်းမမီ့တမီ

www.burmeseclassic.com

ကျောက်နံရံထက်၌ တစ်ပင် ထိတ်လန့်စွာဖြင့် အနောက်သို့ ပေး၍ ထွက်ပေါ်လာနေကြဆဲ တရားကိုဖတ်၍ သေခြင်းတ

*တီးတည်းပေါက်နေပါသည်။ ခြေလှမ်းငါးလှမ်းမျှ ဆုတ်လိုက် ပင် ဖြစ်သည်။ ယခုဆိုလျှင် သာ၍ မြတ်ပေလိမ့်မည်။ သို့မှ*

ကျွန်ုပ်၏ ဝမ်းသာမှုကား ဆို ဖွယ်ရာမရှိတော့။ ကျွန်ုပ်၏ စွန့်စားရှာဖွေမှုခရီးကိုလည်း ဤနေရာတွင်အဆုံးသတ်ရဖွယ်ရှိ၏။

ကျွန်ုပ်ကခြေဖျားထောက်၍ လှမ်းယူရန် လုပ်နေစဉ်မှာပင် တရှုးရှုးမြည်သံကြီးကို ရုတ်တရက် ကြားလိုက်ရမိသည်။ အသင့်ပါလာသော ငါးတောင့်ထိုးလက်နှိပ်ဓာတ်မီးဖြင့် ကျောက်ဂူအက်ကွဲကြောင်းသို့ ထိုးကြည့်လိုက်ရာ နှလုံးသွေးများ ရပ်တန့်လုမတတ် ထိတ်လန့်ဖွယ် မြင်ကွင်းကို တွေ့လိုက်ရသည်။

ထို အရာကား . . . ယောကျ်ားခြေသလုံးအရွယ်ရှိ အညိုရောင် ငန်းစောင်းမြွေကြီးကိုတွေ့လိုက်ရသည်။ တရှုးရှုးနှာမှုတ်သံကြီးဖြင့် တရွေ့ရွေ့လျှောဆင်းလာ၍ အသေအချာကြည့်လိုက်တော့မှ တစ်ကောင်တည်း မဟုတ်။ ငန်းဖောင်းမြွေကြီးနှစ်ကောင်ပင်တည်း။

ကျွန်ုပ်အား စူးစူးရဲရဲ စိုက်ကြည့်၍ မာန်ထောင်ကာ လျှောဆင်းလာသော မြွေကြီးနှစ်ကောင်ကြောင့် ကျွန်ုပ်မှာမိ၏။ ထိုမျှသာမက ကျောက်ဂူနံရံတစ်လျှောက်၌ ဘယ်က ဘယ်လိုထွက်လာမှန်းမသိသော မြွေများကို အံ့ဩထိတ်လန့်စွာ တွေ့လိုက်ရပေသည်။

မြွေများမှာအရွယ်အစားအမျိုးမျိုး၊ အရောင်အသွေးအမျိုးမျိုးစုံလင်လှပြီး တစ်စထက်တစ်စ များသထက်များလာသော မြွေများကို ကြည့်ရင်း ရုတ်တရက် ဘာလုပ်ရမှန်းပင်မသိတော့။ ထွက်ပေါက်ကို လှမ်းကြည့်လိုက်တော့လည်း လူကြီးပေါင်လုံးခန့်ရှိသော မြွေကြီးတစ်ကောင်ကို ခေါင်းထောင်လျက် တွေ့လိုက်ရတော့သည်။

"ဘုရား . . ဘုရား . . ကယ်ပါ . . ငါတော့မှားပြီထင်တယ်။ တောပိုင်၊ တောင်ပိုင်များ ကယ်တော်မူကြပါ။ လောကပါလနတ်မင်းကြီးများ အကျွန်ုပ်ကို စောင့်ရှောက်တော်မူကြပါ။ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များလည်း ကြည့်ရှုကူညီတော်မူကြပါ"

ကျွန်ုပ်မှာ ကြောက်လန့်တကြားဖြင့်တိုင်တည်ဆုတောင်းနေရတော့သည်။ မြွေများကား တရှိန်ရှိန် တရှုးရှုးမြည်သံမျိုးစုံကျွန်ုပ်၏ ပတ်ပတ်လည်၌ မြွေတွေချည်း ဖြစ်နေလေပြီ။ ထွက်ပေါက်လည်းမရှိတော့။ ကျွန်ုပ်ကား ကံဆိုးမိုးမှောင်ကျစွာဖြင့် မြွေလိုဏ်ဂူကြီးထဲ ဝင်ရောက်မိပြီထင်သည်။

ဤသို့ တောတောင်ထဲ လူမရှိ သူမရှိ နေရာမျိုး၌ မထင်မရှား မသေလိုတာအမှန်ပင်။ ရှင်သူငယ်ဂမုန်းကိုလည်း အမှတ်မထားနိုင်တော့။ လွတ်မြောက်ရန် လမ်းစကိုလည်း စိုးစိမျှမမြင်။

မြွေများက တွန့်လိမ် တွန့်လိမ်ဖြင့် တရွေ့ရွေ့တိုးကပ်လာနေကြသည်။ ရှင်သူငယ်ဂမုန်းအနီးမှ ငန်းစောင်းမြွေကြီးနှစ်ကောင်မှာလည်း နှာမှုတ်သံများပေး၍ လျှောဆင်းလာခဲ့ချေပြီ။ ကျွန်ုပ်၏ နောက်ဆုံးအချိန်ကား တစ်စထက်တစ်စနီးကပ်လာခဲ့ပါပြီ။

အတင်းရုန်းကန်၍ အားသွန်ထွက်ပြေးသော်လည်း ကျွန်ုပ်သည် ဤမျှများပြားသော မြွေအုပ်ကြီးကို ကျော်လွှားနိုင်စရာအကြောင်းမရှိ။ မလွဲမသေ သေရတော့မည့်အတူတူ ဆောက်တည်ရာမရ သေခြင်းမျိုးထက် ဘုရားကိုမှီလည်း ကျွန်ုပ်အဖို့ ဘဝကူးကောင်းမည်မဟုတ်ပါလော။

ကျွန်ုပ်သည် ထိုစိတ်ကူးဖြင့် မထူးဇာတ်ခင်းကာ ဝင်ဖျဉ်ခွေထိုင်ချလိုက်၏။ ရတနာမြတ်သုံးပါးအား ရိုကျိုးစွာပူဇော်၍ ကျွန်ုပ်၏ ခန္ဓာငါးပါးနှင့် ရုပ်နာမ်နှစ်ပါးကို ဘုရားနှင့်အား ဆက်ကပ်လှူဒါန်း၍ သရဏဂုံတင်လိုက်မိ၏။

ထို့နောက်တွင် ဘေးမျက်စိကို စုံမှိတ်၍ ပုဂ္ဂိုလ်ချီးမြှင့်ခဲ့သော ကျွန်ုပ်၏ အဆောင်ပုတီးဖြစ်သည့် လုံး ပုတီးကို ထုတ်၍ ပုတီးပါတော့သည်။ ကျွန်ုပ်စိပ်အခါမှာ ဗုဒ္ဓဘာသာဝင်သိပြီး ဖြစ်သည့် "အဋ္ဌာနဂါထာတော်ကြီး"ပင် ဖြစ်သည်။

(အဋ္ဌာနမေတံ ဘိအနဝကာသော၊ ယံပရူပနှ၊ တထာဂတံ ဇီဝိဝေါရောပေယျ၊ အနုပဋ္ဌာဘိက္ခဝေ၊တထာဂတာ ပရိယန္တိ။ ဇတေန သစ္စဝသောတ္ထိမေ ဟောတု သဗ္ဗ

ဟူသော "ဘုရားမည်သည် သူတစ်ပါးဖြင့် ပရိနိဗ္ဗာန်စံရိုးထုံး

www.burmeseclassic.com

ဤမှန်သော သစ္စာစကားကြောင့် ကျွန်ုပ်သည်လည်း ချမ်းသာရာရပါစေသတည်း"။ ဟု အနက်ထွက်သော ဂါထာတော်ကို တစ်ပိုဒ်ဆုံး ပုတီးတစ်လုံးချဖြင့် စိပ်လာခဲ့တော့၏။ သူတိုင်းတစ်နေ့မှာ သေရမည် ဓလွဲ။ သေမည့်အတူတူ ဘုရားစက်သေမည်ဟု သဘောပိုက်၍ ပုတီးကိုသာ အာရုံစူးစိုက်၍ စိပ်နေခဲ့သည်။ သမာဓိတည်ရန် အတွက် ဝင်သက်ထွက်သက်ကို မှန်မှန်ရှူရှိုက်ရင်း ဂါထာတော်ကို အနက်ပေါ်အောင် အာရုံပြု၍ ပုတီးကိုသာ တွင်တွင်စိပ်လာခဲ့သည်။

ပုတီးလုံးတွေက ချောက်ခနဲ ချောက်ခနဲဖြင့် တစ်လုံးပြီးတစ်လုံး ကျကျသွားလေပြီ။ ထိနမိဒ္ဓလည်း အလျဉ်းမရှိ။ ဥဒ္ဒစလည်း ကွယ်ပေါက်လို့။ မြွေတွေကိုလည်း မမှု။ မျက်စိသည်း မဖွင့်။ သမာဓိက တရိပ်ရိပ် တက်လာခဲ့ပြီ။

ထိုအခိုက်မှာပင် "ရှီ.. ရှီ.. ရှီ.."ဟူသော မြွေတွန်သံတဲ့သို့ အသံကြီးတစ်ခုကို ကြားလိုက်ရ၏။ ပုတီးစိပ်ခြင်းပင် တုန့်ကနဲဖြစ်သွားရသည်။ သို့သော်.. မျက်လုံးကိုတော့ မဖွင့်။ ကြားရသောအသံမှာ မြွေတစ်ကောင်တွန်သံထက် များစွာ ကျယ်လောင်နေပါသည်။ နောက်ထပ် ဘာသံမှ မကြားရတော့။

ကျွန်ုပ် ပုတီးစိပ်နေသည်မှာ တစ်နာရီပြည့်လောက်ပေသည်။ ပုတီးကို အဆုံးသတ်ပါတော့မည်။ ပုတီးစိပ်ပြီးသွားသည့်တိုင် မျက်စိကို မဖွင့်သေးဘဲ ဘုရားရှင်မြတ်ကြီးအား ဦးထိပ်ထား၍ ရတနာသုံးပါး ဂုဏ်ကျေးဇူးကို အောက်မေ့တာ ရှိသေစွာ ရှိခိုးဦးချကန်တော့လိုက်၏။ ထို့နောက်တွင်မှ သုံးဆယ့်တစ်ဘုံသားများအားလုံး မြင်ရသောပုဂ္ဂိုလ်များ၊ မမြင်အပ်သောပုဂ္ဂိုလ်များအားလုံးအတွက် ရည်စူး၍ အမျှသုံးကြိမ်ဝေလိုက်ပါသည်။

"ကျွန်ုပ် ပြုသမျှ ကုသိုလ်အဖို့ဘာဂတို့ကို အမျှ.. အမျှ.. အမျှ ပေးဝေပါကုန်သည်။ ကြားကြသမျှ သာခုခေါ်ဆိုတော်မူကြပါ"

"သာခု .. သာခု .. သာခု"

"ဟင်"

အံ့ဩပေစွ။ သာခုခေါ်သံက အနီးကပ်ထွက်ပေါ်လာပေသည်။ ရုတ်တရက်ဆိုသလို အင်ကြင်းပန်းရနံ့ကိုလည်း ရှူရှိုက်ခံစားလိုက်မိသည်။ ကျွန်ုပ်သည် မျက်စိကိုဖွင့်ကြည့်လိုက်ရာ ထူးဆန်းသော အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရ၏။

အသက်အားဖြင့် လေးဆယ်နီးပါးရှိမည်ထင်ရပြီး မဟာမျိုး မဟာနွယ်ဆန်သော ဥပဓိရုပ်ရှိသည့် အမျိုးသမီးတစ်ဦး ဖြစ်သည်။ အနီရင့်ရင့် ဖဲဝတ်ရုံလွှာကြီးကို ခြုံဝတ်ဆင်ထား၏။ ရွှေရောင်တောက်နေပြီး ပတ္တမြားကို ဇဟိုတွင်ထည့်သွင်းထားသော ခေါင်းဆောင်းကိုလည်း ဆောင်းထားသေးသည်။ ခေါင်းဆောင်း၏ ထိပ်၌ကား မြွေတစ်ကောင် ပါးပျဉ်းထောင်နေဟန် ထုလုပ်ထား၏။ စူးရဲသော မျက်လုံးအစုံသည် မျက်တောင်ခတ်ခြင်းအလျဉ်းမရှိဘဲ ကျွန်ုပ်ကို စူးစူးရဲရဲစိုက်ကြည့်နေပါသည်။ နောက်ထပ် ထူးခြားတာက ခုနကရှိနေကြသော များပြားလှသည့် မြွေအုပ်ကြီးမှာ ယခုအခါ၌ တစ်ကောင်တစ်မြီးမျှပင်မတွေ့။ ကျွန်ုပ်သည် ပတ်ပတ်လည်ကို အံ့ဩမယုံနိုင်စွာ လှည့်ပတ်ကြည့်ရှုလိုက်၏။

မြွေများအားတစ်ကောင်မျှပင် မတွေ့ရတော့။ ပျောက်ခြင်းမလှ ကွယ်ပျောက်ကုန်လေပြီ။ ကျွန်ုပ်သည် ကျွန်ုပ်ရှေ့မှ အမျိုးသမီးကို ကြည့်၍ မေးလိုက်မိ၏။

"ခင်ဗျား .. ခင်ဗျား .. ဘယ်သူလဲ"

ကျွန်ုပ်အမေးကြောင့် ထိုအမျိုးသမီးက နှုတ်ခမ်းတွန့်ရုံ ပြုံး၍ ပြန်ဖြေသည်။

"အင်း .. တကယ်ဆို ကျွန်မက ရှင့်ကိုမေးရမှာ။ အခုတော့ ညော့်သည်က အိမ်ရှင်ကို ပြန်မေးနေပြီ"

"ဗျာ .. ဒါဆို ခင်ဗျားက ဒီဂူထဲမှာ နေတာလား"

"ဟုတ်တယ်၊ ဒါ ကျွန်မရဲ့ ဗိမာန်ပဲ"

"မြွေ .. မြွေတွေကတော့ မြွေတွေက ခင်ဗျားနဲ့ ဘယ်လိုပတ်သက်လဲ"

"အဟဲ .. ဒါတွေက ကျွန်မရဲ့တပည့်လက်သားတွေပါ။ ကျွန်မကို တချို့ကတော့ မြွေနန်းလိုဏ်ဂူသခင်မလို့ ခေါ်ကြတယ်"

"ဗျာ .. မြွေနန်းလိုဏ်ဂူသခင်မ .. ဟုတ်လား"

ကျွန်ုပ်မှာ အံ့အားသင့်စွာဖြင့် သူ့ကို ငေးကြည့်နေမိသည်။ စိတ်ထဲမှာလည်း မရှင်းမလင်းဖြစ်နေမိသည်။

"ဒါ .. ဒါနဲ့ .. ခင်ဗျားက လူစင်စစ်ပဲလား၊ အသက်က ဘယ်လောက်ရှိပြီလဲ"

"အင်း .. လူလားဆို



www.burmeseclassic.com

www.burmeseclassic.com

တော့ လူပါပဲ။ တစ်ချိန်ကပေါ့။ အသက်က ဘယ်လောက်ရှိပြီလဲဆိုတာ ပြောရရင်တော့ အသက်က ခြောက်ရာကျော်ပြီ။ အတိအကျပြောရရင် ခြောက်ရာနှစ်ဆယ့်ရှစ်နှစ်တိတိပဲ"

"ဗျာ .. ဟာ .. မဖြစ် .. မဖြစ်နိုင်တာဗျ။ လူသားတစ်ယောက်က ဘယ်လိုလုပ်ပြီး အသက်ခြောက်ရာကျော်ရှိရမှာလဲဗျာ။ လုံးဝမဖြစ်နိုင်ဘူး"

ကျွန်ုပ်၏ စကားကြောင့် မြွေနန်းလိုဏ်ဂူသခင်မသဘောကျစွာဖြင့် တဟင်းဟင်း ရယ်မောလေတော့၏။

"ဟုတ်မှာပါ ရှင်တို့ ထင်သလိုပါပဲ။ သာမန်လူတစ်ယောက်ရဲ့ သာမန်အတွေးအခေါ်နဲ့ကတော့ ဒီလိုပဲ ထင်မှာပေါ့လေ။လောကမှာ ရှင်တို့လို သိပ္ပံဝါဒီသမားတွေ မသိနားမလည်သေးတဲ့ပြဿနာတွေ၊ ကိစ္စတွေ၊ ဖြစ်ရပ်တွေအများကြီးပါပဲ။ ကဲ .. ရှင့်မေးခွန်းတွေ သိပ်များနေပြီ။ ခဏရပ်ထားဦး။ ရှင့်ကိုမေးစရာ၊ ပြောပြစရာတွေရှိသေးတယ်။ အခုလက်ရှိကတော့ ရှင်ဗိုက်ဆာနေရောပေါ့။ ရော့ .. ဒီမှာ ရွှေငှက်ပျောသီးလေးတစ်လုံး စားလိုက်ပါဦး"

ရွှေငှက်ပျောသီးတစ်လုံး။

မြွေနန်းလိုဏ်ဂူသခင်မ ကျွေးသော ရွှေငှက်ပျောသီးတစ်လုံးကို ယုံယုံကြည်ကြည်နဲ့ပဲ ကျွန်ုပ် စားလိုက်မိသည်။ ငှက်ပျောသီးတစ်လုံးသာဆိုသည် စားလိုက်တော့ဗိုက်ပြည့်သွား၏။ ထူးထူးခြားခြား အေးမြသော ခံစားမှုတစ်ခုကိုလည်း ခံစားလိုက်ရပါသည်။

"တစ်နေ့တာအတွက်တော့ ရှင့်အတွက် အစားအာဟာရ ကိစ္စပြီးနေလိမ့်မယ်"

"ဗျာ .. ဒါဆို တစ်နေကုန်မဆာတော့ဘူးပေါ့"

"ဟုတ်တယ်၊ တစ်နေ့တာ အာဟာရသိဒ္ဓိပြီးစေသလို ရေလည်း မဆာတော့ဘူး။ ဒါ ရှင်နဲ့ထိုက်လို့ စားခွင့်ရတယ်မှတ်ပါ။ ကဲ .. ဒါနဲ့ ရှင့်ကိုမေးရဦးမယ်။ ရှင်အခု ဘယ်ကိုရောက်နေတယ်ထင်လဲ"

"ဒါလား .. အင်း .. အာပေါ်တောင်ခြေမှာပေါ့"

"မဟုတ်ဘူး .. ရှင်ပြောတဲ့ အာပေါ်တောင်ခြေက ဟိုး .. အရှေ့ဘက်အဝေးကြီးမှာ။ အခုရှင်ရောက်နေတဲ့ ဂူက မြွေနန်းလိုဏ်ဂူ။ ဒီနယ်တစ်ဝိုက်မှာရှိတဲ့ မြွေဆိုးမြွေကောင်းတွေ အားလုံး ဒီဂူထဲမှာ အောင်းကြတယ်။ ဒီဂူထဲရောက်တဲ့သူမှန်သမျှ အသက်ရှင်လျက် ပြန်ထွက်တယ်ဆိုတာ မရှိဘူး"

"ဗျာ .."

ကျွန်ုပ်မှာ သူမစကားကြောင့် အကြောအခြင်များပင် တောင့်တင်းသွားရသည်။ ဘယ်သူမှ အသက်ရှင်လျက် ပြန်မထွက်နိုင်ဆိုသော စကားကြောင့် ထိတ်လန့်သွားမိသည်။

"ဒါပေမယ့် .. ရှင်မကြောက်ပါနဲ့။ ရှင်က ကံထူးသူ တစ်ယောက်ပါ။ ဘယ်မြွေမှ ရှင့်ကို အန္တရာယ်မပေးဖို့ ကျွန်မ အမိန့်ပေးထားပါပြီ။ ဒါကလည်း ရှင်းရှင်းပြောရရင် ရှင်ခုနက ပုတီးစိပ်ခဲ့တဲ့ အဋ္ဌာနမေတ်ဂါထာတော်ကြီးရဲ့ တန်ခိုးသတ္တိကြောင့်ဆိုလည်း မမှားပါဘူး။ ဒီဂါထာအပေါ် အသက်ကို ပုံအပ်ပြီး ယုံယုံကြည်ကြည် ထိထိမိမိလုပ်ဆောင်ခဲ့တဲ့ ရှင့်ရဲ့ စရဏအကျိုးကြောင့်ဆိုလည်း မမှားပါဘူး"

ရှင်းပါပြီ။

ကျွန်ုပ်၏ အသက်ကို အဋ္ဌာနမေတ်ဂါထာတော်ကြီးက ကယ်တင်ခဲ့ခြင်းပင်တည်း။ တရားစောင့်သူကို တရားက ပြန်စောင့်၏ဟူသော စကားကို ဒိဋ္ဌမျက်မြင်တွေ့ခဲ့ရလေပြီ။

"ကဲ .. ရှင် ကျွန် နောက်ကို လိုက်ခဲ့"ဟု မြွေနန်း လိုဏ်ဂူသခင်မက ခေါ် ကျွန်ုပ်လည်း သူ့နောက်မှနေ လိုက်လာခဲ့၏။ နှစ်ယော သား ဂူအပြင်ဘက်ရောက်လ ခဲ့ကြသည်။

"ဒီကနေ ရှင့်နေရာ ပြန်ဖို့ လမ်းညွှန်လိုက်မယ်။ အတိုင်းဆို ရှင် မျက်စိလည် နေမှာ သေချာတယ်"

သေချာပါသည်။ အ အနောက်၊ တောင်၊ မြော အရပ်လေးမျက်နှာဝန်းကျင်တွ ဝါးဘိုးဝါးပင်များ၊ ကြခတ် တောကြီးများက ဝိုင်းရံနေ သည်။

"စိတ်မပူပါနဲ့ .. အ ကျွန်မ ပြတဲ့လမ်းအတိုင်း လျှောက်သွားပါ။ ထမင်း အိုးချက်လောက်ဆိုရင် ကျ ထို ရှမ်းစုရွာလေးကို ရှင်ရော သွားလိမ့်မယ်။ ဒီရွာရောက် တော့ ရှင်သွားတတ်ရော

"ကျေးဇူးတင်ပါတ ဗျာ .. အခုလို အစစ ကူညီ အတွက်၊ အခွင့်သင့်ရင် ပြန် ချင်ပါသေးတယ်"

မြွေနန်းလိုဏ်ဂူသခင် က ကျွန်ုပ်ကို စိုက်ကြည့်လို သည်။ ခါတိုင်းလို စူးစူး အကြည့်မျိုးတော့ မဟု



www.burmeseclassic.com

www.burmeseclassic.com

ရိဝေဝေအကြည့်တစ်မျိုးဟု ကျွန်ုပ် ခံစားလိုက်မိသည်။

"အခုလို ဆုံစည်းကူညီခွင့်ရတာကလည်း အကြောင်းမဲ့မဟုတ်ပါဘူး။ အကြောင်းတရားတွေရှိလို့ပါ။ ရှင်မသိတော့တဲ့အတိတ်ကအကြောင်းတရားတွေရှိနေပါတယ်။ ယုံနိုင်စရာမရှိတော့လို့ အသေးစိတ်ရှင်းမပြချင်တော့ပါဘူး။ ဘဝတွေက ရှင့်အတွက် များခဲ့ပြီဆိုတော့လည်း အတိတ်ဆိုတာကို ရှင်မေ့ပျောက်နေတာကို အပြစ်မဆိုလိုတော့ပါဘူး။ ဒါပေမယ့် တစ်ခုပြောချင်တာက ရှင်နဲ့ ကျွန်မဟာ အတိတ်ဘဝတစ်ခုခုမှာ ကြင်ယာစုံဖက်လက်ချင်းဆက်ခဲ့တဲ့သူပါ။ ဒါတွေ ရှင်ဘယ်သိတော့မလဲ။ ဘယ်မှာအမှတ်ရပါတော့မလဲနော်။ ရှိပါစေတော့ . . ရှိပါစေတော့။ ကံကြမ္မာဆိုတာ ဖန်တီးလို့မရတဲ့ ပြဋ္ဌာန်းချက်ဆိုတာ ကျွန်မလက်ခံပါပြီ။ အခုလည်း အတိတ်သံယောဇဉ်တွေကြောင့် ရှင့်ကိုလာစောင့်ရှောက်တာပါ။ ကျွန်မ တာဝန်ပြီးသွားပြီ။ ပြန်ရတော့မယ်။ ရှင်ပြောသလို အခွင့်သင့်ရင်တော့ ပြန်ဆုံချင်ပါသေးတယ်။ အခုတော့ ရှင်ပြန်ပါတော့။ ရှင်တမ်းတမ်းတတလိုက်ရှာနေတဲ့ ရှင်သူငယ်ဂမုန်းကိုလည်း ခဏမေ့ထားလိုက်ပါ။ မရထိုက်သေးလို့ပဲ သဘောထားပါ။ ဒါပေမယ့် နောက်နှစ် . . ဒီအချိန်မှာ ဘာမှမပင်ပန်း၊ လိုက်မရှာရဘဲနဲ့ ရှင့်ခြံထဲကို ရှင်လိုချင်တဲ့ ရှင်သူငယ်ဂမုန်းရောက်လာပါလိမ့်မယ်။ ကဲ . . ကျွန်မလည်း သွားပြီ"

ရှည်လျားသော စကားတွေကို တသီတတန်းကြီးပြောပြီးသည်နှင့် မြွေနန်းလိုဏ်ဂူသခင်မမှာ တရွေ့ရွေ့ဖြင့် ထွက်ခွာသွားလေသည်။ သူ့ကျောပြင်ကို ကြည့်ရင်း အံ့ဩမင်တက်စွာဖြင့် ငေးကျန်ရစ်ခဲ့ရာမှ ရုတ်တရက် သတိဝင်လာပြီး သူ့နောက်မှ လိုက်ရန် ပြင်လိုက်စဉ်၌ပင် . .

"ရှီ . . ရှီ . ."

"ဟာ . . မြွေကြီး"

ကျွန်ုပ်သွားရာလမ်းရှေ့မှ ဘယ်ကဘယ်လိုရောက်လာမှန်းမသိ။ ငန်းစောင်းမြွေကြီးတစ်ကောင်။

"ဪ . . မင်းနောက်ကို မလိုက်တော့ပါဘူးကွာ။ ကိုယ့်လမ်းကိုယ်ပဲ လျှောက်ပါတော့မယ်"

ကျွန်ုပ်လည်း သူညွှန်ပြရာ လမ်းအတိုင်း ပြန်လာခဲ့တော့၏။

ကျွန်ုပ်၏ အတိတ်ဘဝတစ်ခုမှ ကြင်ယာဖက်ဟူသော မြွေနန်းလိုဏ်ဂူသခင်မ၊ ထူးဆန်းကြောက်မက်ဖွယ်မြွေလိုဏ်ဂူနှင့် မြွေများစသော ပုံရိပ်တို့က အလွယ်နဲ့ဖျောက်ဖျက်၍မရ။ ကျွန်ုပ်အတွေးထဲဝယ် တဝဲဝဲလည် လွှမ်းမိုးနေပါတော့သည်။

အတော်အတန်လျှောက်လာပြီးနောက် တောင်ကမူလေးတစ်ခု၏ နံဘေး၊ ကြီးမားသော ညောင်ပင်ကြီးတစ်ပင်၏ အောက်တွင် ဆောက်ထားသော နန်းအိမ်လေးတစ်လုံးကို တွေ့လိုက်ရ၏။ အနီးကပ်သွားကြည့်လိုက်သောအခါ မြွေများ၏ အလယ်တွင် ရပ်နေသော အမျိုးသမီးတစ်ဦး၏ ပုံကို ထုလုပ်ထားသည်ကို တွေ့ရ၏။

အောက်တွင် ရေးထားသောစာမှာ အောက်ပါအတိုင်း တွေ့လိုက်ရပါတော့သည်။

စောမုံညင်း

မြွေနန်းလိုဏ်ဂူသခင်မ

အာ့ပေါ်တောင်ပိုင်ကြီး

. . ဟူ၍ ဖြစ်ပါသည်။

ကျွန်ုပ် ရင်ထဲဝယ် ဖော်မပြတတ်သော ဝေဒနာလေးတစ်ရပ်ကို သိမ်မွေ့စွာ စတင်ခံစားလိုက်ရ၏။ ပါးစပ်မှလည်း အသံထွက်၍ . .

"သံသရာဆိုတာအရှည်ဆုံးမြစ်တစ်စင်းတဲ့။ ခရီးဆုံးမရောက်ခင်မှာ ဒီတစ်ကွေ့မဟုတ်ရင် ဟိုတစ်ကွေ့မှာတော့ ပြန်ဆုံကြရမှာပေါ့ကွာ၊ အခုအချိန်အထိ သံယောဇဉ်ကြီးကြီးနဲ့ စောင့်ရှောက်ကူညီခဲ့တဲ့ အပေါ်တောင်ပိုင်ကြီးအဖြင့် မြွေနန်းလိုဏ်ဂူသခင်မ စောမုံညင်းရေ . . . အကျွန်ုပ်ပြုသမျှကုသလအဖို့ဘာဂတို့ကို အမျှပေးဝေပါတယ်။ ကြားရာမြင်ရာ သိရာအရပ်က ဝမ်းမြောက်စွာနဲ့ သာခုခေါ် ဆိုတော်မူကြပါ။ အမျှ . . အမျှ . . အမျှ . . ယူပါကွယ်"

. ကျေးငှက်တို့ကား ပျော်ရွှင်စွာ ပျံသန်းနေကြဆဲ။ တောပန်းတို့လည်း အရိုင်းဆန်စွာ ပွင့်လန်းလှပနေကြဆဲ။ တောတွင်းတစ်နေရာမှ အပြာရောင်ဖဲကြိုးတစ်စကား ကျွန်ုပ်၏ နှလုံးသားကို ဖျစ်ညှစ်ချည်နှောင်လျက် . .။

"နေရစ်ခဲ့ပါတော့ မြွေနန်း လိုဏ်ဂူသခင်မရေ . ."

**ဝသုန်ဟိန်းထက်**



www.burmeseclassic.com

www.burmeseclassic.com

# ပဌာန်းတန်ခိုး အကျိုးအနန္တ

## (၁၂)

## "ကျွန်တော့်အမေ" (ရှာန်း ၅၀၀ အမကြီး)

**သူတော်စင်မင်းအောင်**

ကျွန်တော့်အမေ၏ အမည်မှာ ဒေါ်အုန်းဖြစ်ပါသည်။ အင်္ဂလိပ်အစိုးရလက်ထက်နှင့် လွတ်လပ်ရေးခေတ်တို့တွင် မြင်းခြံမြို့၏ မျက်နှာဖုံးစာရင်းဝင် သူဌေးဖြစ်ပါသည်။ လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲများတွင် ဆုပေးပွဲမှာ အမေပါမှ ပြီးပါသည်။ ရန်ကုန်သို့ လာသည့်အခါမှာ ကန်တော်ကလေး လူအိုရုံလမ်း(ယခု ဒေါ်သိန်းတင်လမ်း)ရှိ ဘကြီးဘဖေ၏ အိမ်နှင့် မျက်နှာချင်းဆိုင် အမှတ်- ၉၂ ရှိ ဦးမောင်မောင်၊ ဒေါ်သန်းသန်း တို့တိုက်မှာ တည်းပါသည်။ ဦးမောင်မောင်သည် မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်၏ စာရင်းကိုင်ချုပ်ဖြစ်ပြီး ဒေါ်သန်းသန်းသည် အင်္ဂလိပ်အစိုးရလက်ထက်တွင် ထင်ရှားကျော်ကြားသည့် အရေးပိုင်(ယခု ခေတ်အခေါ် ခရိုင်ဝန် = ခရိုင်အုပ်ချုပ်ရေးမှူး) ဦးဘစိန်၏သမီးဖြစ်၍ အမေဒေါ်အုန်းနှင့် ကျောင်းနေဘက် သူငယ်ချင်း ဖြစ်ပါသည်။

တစ်နေ့မှာ ဒေါ်သန်းသန်းက "ဘိတ်ဆရာတော်" တန်ခိုးကြီးကြောင်း ပြောပြပါသည်။ ဒေါ်သန်းသန်းတို့တိုက်နှင့် မျက်စောင်းထိုးတိုက်မှာနေသော ဦးမြအောင်တို့၏တိုက်တွင် ပုဏ္ဏကတိုက်တဲ့အကြောင်းကို ပြောပြပါသည်။ အိမ်ထဲကို ခဲများ၊ ပုလင်းများနှင့် ပစ်ပေါက်ခြင်း၊ အင်္ကျီချိတ်မှာ ချိတ်ထားသော အင်္ကျီကို မီးလောင်ခြင်း၊ မီးလောင်သည့်အင်္ကျီက အလယ်က အင်္ကျီဖြစ်ပြီး၊ ဘေးက အင်္ကျီများကို မီးမကူးဘူးဟု ပြောပြပါသည်။ ဦးမြအောင်တို့က သံဃာငါးပါးပင့်ပြီး ပရိတ်ရွတ်၊ ခဲတွေရော၊ ဆံပင်တွေပါ ဘုန်းကြီးများရှေ့မှာ ကျအောင်ပစ်လို့ ဘုန်းကြီးတွေပါ တိုက်ပေါ်က ဆင်းပြေးကြရတယ်ဟု ပြောပြပါသည်။ ထိုအခါမှ ဒေါ်သန်းသန်းက ဦးမြအောင်တို့ကို ဘိတ [...] ဆရာတော်အကြောင်းပြောပြပြီး ဆရာတော်ကိုပင့်၍ အ[...] အညီတောင်းမလားဟု အကြံပေးသဖြင့် ဦးမြအောင်တို့[...] ဘိတ်ဆရာတော်ကြီးကို သူတို့အိမ်မှာပင့်ပြီး ပုဏ္ဏကတိုက်[...] ဒုက္ခရောက်နေတဲ့အကြောင်း လျှောက်ထားကြပါသည်။ ဦး[...] အောင်တို့က ဆရာတော်ကြီးအလိုရှိတာ မိန့်ပါဘုရား၊ ကန်တော[...] ဘယ်နှပွဲ ပြုရမည်လဲဘုရားဟု လျှောက်ထားပါသည်။ ဘိတ်ဆ[...] တော်က ဘာမှမလိုပါဘူး တကာတို့ဟု ပြောပြီးနောက် ပုဏ္ဏ[...] ဘိလူးကို "သူများတွေ ဒုက္ခရောက်အောင်၊ စိတ်ဆင်းရဲအော[...] လုပ်တာဟာ အကုသိုလ်ဖြစ်တယ်၊ နောက်ဆက်ပြီး မလုပ်[...] တော့လို့ ဘုန်းကြီးမေတ္တာရပ်ခံပါတယ် ပုဏ္ဏက"ဟု အမိန့်[...] လိုက်ပါသည်။ ပြီးတော့ ဘုန်းကြီးလုပ်ပေးတဲ့ ကိစ္စပြီး[...] တို့ပြန်မယ်ဟု အမိန့်ရှိပြီး မတ်တတ်ထလိုက်ပါသည်။ ဦး[...] အောင်တို့က ဒီလောက်နဲ့ ရပါ့မလားဘုရား။ တပည့်တော်[...] အလွန်ကြောက်နေကြပါတယ်ဘုရားဟု လျှောက်ထားကြ[...] ဆရာတော်ကို ဝတ္ထုနှစ်ထောင် လှူကြပါတယ်။ ဆရာတော်[...] လက်မခံပါ။ အေး…အေး၊ မကြောက်ကြပါနဲ့တော့။ ပုဏ္ဏ[...] ဘိလူးက တို့စကားနားထောင်မှာပါဟု အမိန့်ရှိပြီး ပြန်[...] သွားပါသည်။ နောက်ထပ်ပြီး ဦးမြအောင်တို့အိမ်မှာ ဘာ[...] မဖြစ်တော့ပါ။

ကျွန်တော်တို့သားအမိ မမသန်းတို့အိမ်ကို ရော[...] လျှင်ရောက်ချင်း အဆိုပါသတင်းကို ပြောပြသဖြင့် ပြ[...] စုံစုံ သိရပါသည်။ ဘိတ်ဆရာတော်သည် ယခုအ[...] ပဲ[...]



www.burmeseclassic.com

www.burmeseclassic.com

ရှေးဘုရား စိန်သာလျှောင်း လျှောင်းတော်မူမြတ်စွာဘုရားကြီး တန်ဆောင်းတော် ဆောက်လုပ်ရန်အတွက်လည်းကောင်း၊ မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော မဟာစေတီ တော်ကြီး ပြန်လည်တည်ဆောက်ရန်လည်းကောင်း ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ယခုလာမည့် ကဆုန်လတွင် ဒုလ္လဘရဟန်း ၁၀၀ ပါးကို ပဥ္စင်းခံပြီး ပဲခူးမြို့ပေါ်တွင် ဆွမ်းခံကြွမည်ဖြစ်ကြောင်းတို့ကိုလည်း ပြောပြပါသည်။

မမသန်းပြောပြသော ဘိတ်ဆရာတော်ကြီးအကြောင်းကို ကြားသိရတာနဲ့ ကျွန်တော်က ပဲခူးကို သွားရောက်ဖူးမြော်လိုတဲ့စိတ်တွေ ပြင်းပြင်းပြပြ ဖြစ်ပေါ်လာတာနဲ့ မမသန်း၏ခင်ပွန်း ဦးမောင်မောင်ကို သူတို့အိမ်ကကားနဲ့ လိုက်ပို့ပေးဖို့ ပူဆာမိပါတော့သည်။ ဦးမောင်မောင်ကလည်း မနက်ဖြန် စနေနေ့မှာ လိုက်ပို့ပေးမည်ဟု ပြောပါသည်။

ထိုအရင်က ဝန်ကြီးချုပ်ဦးနုက ဦးဆောင်ပြီး မဟာစေတီတော်ကြီးပြန်လည်တည်ဆောက်ရန်အတွက် ဒေါက်တာအေးမောင် ဥက္ကဋ္ဌအဖြစ် ဖွဲ့စည်းပေးထားသော ကော်မတီက ဆောင်ရွက်ခဲ့ပါသည်။ ဖက်စပ်ကော်ပိုရေးရှင်း ၁၀ ခုမှလည်း အလှူငွေကျပ် တစ်သိန်းစီ မတည်တည့်ဝင် လှူဒါန်းသဖြင့် အလှူငွေလည်း လုံလုံလောက်လောက် ရရှိထားပြီး ဖြစ်ပါသည်။ ထိုအခါက အုတ်ခဲတစ်လုံးကို ၁၀ ပြားနှုန်းသာ ရှိပါသည်။ ဗိုလ်ချုပ်နေဝင်း အိမ်စောင့်အစိုးရတက်လာသောအခါ မဟာစေတီတော်ကြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို ရပ်ဆိုင်းလိုက်ပြီး ဖက်စပ်များကလှူဒါန်းထားသည့် အလှူငွေများကိုလည်း ပြန်လည်သိမ်းယူသွားပါသည်။

ထိုအချိန်မှာမှ ဘိတ်ဆရာတော်က အများပြည်သူလှူဒါန်းငွေဖြင့် မဟာစေတီတော်ကြီးကို ပြန်လည်တည်ဆောက်မည်ဟု ကြွေးကြော်ကာ ဝင်ရောက်လာခြင်းဖြစ်ပါသည်။ ဒေါက်တာအေးမောင်ခေါင်းဆောင်သောအဖွဲ့က စေတီတော်ကြီးတည်ဆောက်ဆဲ ကာလတွင် ဘုရားဖူးလာသူများ ယာယီတည်းခိုနားနေရန်အတွက် ယာယီဇရပ် လေးဆောင် တည်ဆောက်ထားသည့်ထဲမှ ဇရပ်တစ်ဆောင်ကို ယာယီကျောင်းအဖြစ် ဘိတ်ဆရာတော်ကသတင်းသုံးနေထိုင်ပါသည်။

ဦးမောင်မောင်ကိုယ်တိုင်မောင်းသော မမသန်းတို့၏ ဗောက်ခေါ်ဗစ်တာ ကားသစ်အနီလေးနဲ့ ကျွန်တော်က ရှေ့ခန်း ဦးမောင်မောင်၏ဘေးထိုင်ခုံမှာ ထိုင်သည်။ နောက်ခန်းမှာ မမသန်း၊ အမေအုန်းနှင့် ရုပ်ရှင်မင်းသမီး ဒေါ်မေမြင့်တို့ ထိုင်ပါသည်။

ဘိတ်ဆရာတော်ကြီးက သက်သတ်လွတ်ဟင်းမေ သဖြင့် ဆွမ်းချိုင့်ကို အိမ်ကစီစဉ်ပြီး ယူသွားပါသည်။ နံနက် ၉ နာရီခွဲမှာတော့ ပဲခူးမြို့ မဟာစေတီကြီးဝင်းအတွင်းရှိ ဘိတ် ဆရာတော် သီတင်းသုံးသည့် တဲကျောင်းရှေ့သို့ ရောက်ပါသည်၊ ဆရာတော်၏ မျက်နှာတော်ကို ဖူးတွေ့ရလိုက်သည်နှင့် တစ်ပြိုင် နက် ကျွန်တော့်နှလုံးသားမှာ ဘဝဟောင်းက ဖခင် (သို့မဟုတ် ဆရာရင်းကို ပြန်တွေ့ရသလို ဝမ်းသာပီတိကို ခံစားလိုက်ရ ပါသည်။

မမသန်း ဆရာတော်ကို ကျွန်တော်နှင့် အမေအုန်းတို့ အမည်များကိုပါ ထုတ်ဖော်လျှောက်ထားပြီး မိတ်ဆက်ပေးပ သည်။ ဆရာတော်ကြီးကလည်း ကျွန်တော်နှင့် အမေ့ကို ရှေးက တည်းက သိဟောင်းကျွမ်းဟောင်း ဒါယကာ၊ ဒါယိကာမကဲ့သ ရင်းနှီးစွာ ပြောဆိုဆက်ဆံသဖြင့် ပိုပြီးဝမ်းသာပီတိဖြစ်ရပါသည်

ထို့နောက် ဆရာတော်ကြီးကို ဒုလ္လဘရဟန်းခံပွ အကြောင်း မေးမြန်းရာ ဆရာတော်ကြီးက ရဟန်း ၁၀၀ ပ ပဥ္စင်းခံမည်။ ရဟန်းတစ်ပါးအတွက် ပရိက္ခရာဖိုး (၁၀၀) တစ်ရ ကျပ် ကုန်ကျမည်ဖြစ်ကြောင်း၊ ၁၀ ရက် မပျက်မကွက် ရဟန် ဝတ်လျက် ဝိပဿနာတရား ၁၀ ရက်အားထုတ်ရမည်ဖြ ကြောင်း၊ ဆွမ်းကိစ္စကိုတော့ ပဲခူးမြို့တွင်းရှိ ရပ်ကွက် ၁၀ ရပ်ကွက် မှာ ဆွမ်းခံကြွမည်တို့ကို ရှင်းလင်းအမိန့်ရှိပါသည်။

ကျွန်တော်က အမေနဲ့တိုင်ပင်ပြီး ရဟန်း ၁၀ ပါးစ ပရိက္ခရာလှူဒါန်းမည်ဖြစ်ကြောင်း၊ ကျွန်တော်ကိုယ်တိုင် အမေ ကျေးဇူးဆပ်သောအားဖြင့် ပဥ္စင်းတက်မည်၊ ဦးမောင်မောင်လည်း အတူပဥ္စင်းတက်ပါဟု တိုက်တွန်းရာ ဦးမောင်မောင်က ရုံးကခွ ပေးလျှင် တက်မည်ဟု သဘောတူပါသည်။

ထို့နောက် ဆရာတော်ကြီးအား အိမ်ကယူလာသေ ဆွမ်းချိုင့်ဖြင့် ဆွမ်းကပ်ပါသည်။ ကျွန်တော်တို့လည်း ဆရ တော်ကြီး၏ ဆွမ်းပွဲကျ သက်သတ်လွတ် ထမင်းစားကြပါသည်။ နေ့လယ်မှာ ပဲခူး မဟာစေတီမှ ပြန်ခဲ့ကြပါသည်။

ဘိတ်ဆရာတော်ကြီး၏ ရဟန်း ၁၀၀ ပါး ပဥ္စင်းခံပွဲ ကျွန်တော်နှင့်အတူ မြင်းခြံမှ မိတ်ဆွေ ဦးဖေတင်၊ ဦးမြမေ တို့နှင့်အတူ ရန်ကုန်မြို့မှ ဦးမောင်မောင်၊ သူ၏ယောက်ဖ ကိုင် တို့ငါးယောက် ပဥ္စင်းတက်ကြပါသည်။ မဟာစေတီကြီး၏ အ လေးမျက်နှာမှာ သိမ်လေးသိမ် ရှိပါသည်။ ထိုသိမ်များတွ ပဥ္စင်းလောင်းများအားလုံး အလှည့်ကျ သိမ်ဝင်ပဥ္စင်းခံ ပါသည်။ အမေအုန်းက ထိုဒုလ္လဘရဟန်း ၁၀၀ ပါး၏ အ



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းကို ၁၀ ရက်လုံးလုံး ဘဲသား၊ ဝက်သား၊ ငါးရံ့များဖြင့် ဆန်ပြုတ်ခွမ်း တာဝန်ယူပြီးကပ်လှူသော ကုသိုလ်ကိုယူပါသည်။

ယနေ့သည် ကဆုန်လပြည့် ဗုဒ္ဓနေ့ဖြစ်ပါသည်။ ဒုလ္လဘ ရဟန်းများ ၁၀ ရက်စေ့သည့် နောက်ဆုံးနေ့လည်း ဖြစ်ပါသည်။ နံနက် ၉ နာရီ ဆွမ်းခံထွက်မည့်အချိန်တွင် ပဲခူးမြို့ပေါ်တွင် မိုးသားတိမ်လိပ်တွေ မည်းမည်းမှောင်နေပါသည်။ မလွဲမသွေ မိုးရွာချတော့မည့် အခြေအနေ ဖြစ်နေပါသည်။ (ကျွန်တော်) ဦးပဥ္စင်းက ဘိတ်ဆရာတော်ကြီးထံသွားပြီး "ဆရာတော်ကြီး ဘုရား၊ မိုးတွေကတော့ မည်းမှောင်နေပါပြီ။ ဆွမ်းခံထွက်သည့်အချိန်မှာ မလွဲမသွေ မိုးရွာတော့မှာ ဖြစ်ပါတယ်။ မိုးသာ ရွာလိုက်လို့ကတော့ ဆရာတော်၏ ဒုလ္လဘရဟန်းတွေမှာ သင်္ကန်း အပိုမရှိတော့ မိုးမိပြီး ကြွက်စုတ်တွေလို ဖြစ်တော့မှာပါဘုရား" ဟု လျှောက်ထားလိုက်ပါသည်။

ဘိတ်ဆရာတော်ကြီးက ကျောင်းပြင်ထွက်ပြီး မိုးပေါ်ကို မော့ကြည့်လျက် "တို့ဒုလ္လဘရဟန်းတွေမှာ မိုးစိုရင် လဲစရာ သင်္ကန်း မရှိကြပါဘူး။ လေနတ်သား···ယခုရွာချမည့် မိုးသား တိမ်တွေကို လယ်တော ယာတောဆီ လွှင့်ပေးပါ။ မိုးနတ်သားက မိုးမရွာအောင် စောင့်ရှောက်ပါ" ဟု လူတွေကိုပြောသကဲ့သို့ ပြောပါသည်။ ပြီးတော့ "ဦးဇင်းကြီး စိတ်မပူပါနဲ့တော့။ မိုးရွာချရင် မိုးမိုက်ပေါ့" ဟု ကျွန်တော့်ကို အမိန့်ရှိပါသည်။ ဒီလို အတွေ့ အကြုံမရှိတော့ စိတ်ထဲမှာ ဟုတ်မှဟုတ်ပါ့မလား သံသယစိတ်နဲ့ ဆွမ်းခံထွက်ရင်း မိုးသားတိမ်လိပ်တွေကို ခေါင်းနဲ့ ရွက်ထားရဘိသကဲ့သို့ ခံစားရပါသည်။ မဟာစေတီဘုရားဝင်းထဲ လည်း ပြန်ရောက်ရော ဘိတ်ဆရာတော်ကြီးက ဦးပဥ္စင်းတို့ ဒီနေ့ဟာ ၁၀ ရက်စေ့တဲ့ နောက်ဆုံးနေ့ဖြစ်တယ်။ ရဟန်းခံ အောင်ပွဲအနေနဲ့ စေတီတော်ကြီးကို လက်ျာရစ် သုံးပတ်ပတ်ပြီး ပူဇော်မယ်။ ပြီးတော့ ကျွန်တော့်အား ခေါ်လိုက်ပြီး "ကဲ·· ဦးဇင်းကြီး၊ မိုးနတ်သားက ရဟန်းခံပွဲ အောင်မြင်တဲ့အထိမ်းအမှတ် အဖြစ် ပူဇော်သောအနေဖြင့် မိုးဖွဲဖွဲလေး ရွာချပါရစေလို့ ခွင့်တောင်းနေတယ်။ ခွင့်ပြုလိုက်မှာလား ဦးဇင်း" ဟု မေးပါ သည်။ ကျွန်တော်လည်း ဝမ်းသာအားရစွာဖြင့် လက်အုပ်ချီပြီး "ခွင့်ပြုလိုက်ပါဘုရား" ဟု လျှောက်ထားလိုက်သည်နှင့် တစ်ပြိုင် နက် မိုးဖွဲလေးများ ရွာချပါတော့သည်။

ထိုနေ့ညနေ ၄ နာရီတွင် ဒုလ္လဘရဟန်းများ လူထွက် ကြပြီး နေရပ်သို့ အသီးသီးပြန်သွားကြပါသည်။ ညဘက်မှာ ကျွန်တော်က ဘိတ်ဆရာတော်ကြီးကို "တပည့်တော်တို့ အညာက တောင်သူတွေဟာ သီးနှံတွေစိုက်ပျိုးတဲ့အခါမှ မိုးကိုသာ အားကိုးရပါတယ်ဘုရား။ မိုးကိုရွာစေချင်တဲ့အခါမှ မိုးရွာအောင်၊ မရွာစေချင်တဲ့အခါမှာ မိုးမရွာအောင် မိုးတားတဲ့နည်း တပည့်တော်ကိုသင်ပေးပါဘုရား" ဟု လျှောက်ထားပါသည်။

"အေး···အေး၊ သင်ပေးမယ်။ မခက်ပါဘူး။ ပဋ္ဌာန် ၂၄ ပစ္စည်းကို နေ့စဉ် တစ်နေ့ကို ၂၄ ခေါက် အဓိဋ္ဌာန်ပြီး မပြတ်အောင်ရွတ်ပါ။ ပြီးတော့ မိုးနတ်သားနဲ့ လေနတ်သား ကို အမျှဝေပါ။ ပရိတ်မရွတ်မီမှာလည်း ပရိတ်နာကြပါလို့ ဖိတ်ပါ" ဟု အမိန့်ရှိပါသည်။

ဆရာတော် အမိန့်ရှိသည့်နေ့မှစ၍ ပဋ္ဌာန်း ၂၄ ပစ္စည်း ကို ကျွန်တော်နှင့် မိခင် အမေအုန်းတို့ နေ့စဉ် အဓိဋ္ဌာန်ပြီး မပျက်ရွတ်ကြပါသည်။ ၂၄ ပစ္စည်း ပဋ္ဌာန်းစပြီးရွတ်သည်မှ ၁၀ နှစ်ခန့်ကြာသောအခါ ၁၉·၁·၁၉၇၉ နေ့၊ နံနက် ၉ နာရီအချိန်တွင် အမေအုန်းသည် နှလုံးရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်ပါသည်။ သုံးရက်ထားပြီး သင်္ဂြိုဟ်မည့်နေ့တွင် အမေ့ခြေသည်း၊ လက်သည်းတို့ကို ညှပ်သောအခါမှာ တော မနေဘဲ လက်များ ကွေး၍ ဆန့်၍ ရသည်ကို တွေ့ရပါသည် အမေသည် ရဟန်းအမဖြစ်၍ မီးသင်္ဂြိုဟ်ရမှာကို အလောင်း အား မီးမသင်္ဂြိုဟ်ဘဲ ခြေသည်း၊ လက်သည်း၊ ဆံပင်နှင့် ကံကုန် သည့်အဝတ်များကိုသာ မီးသင်္ဂြိုဟ်ပါသည်။ အမေ့ရုပ်ကလာပ် ကို ဂူသွင်းသင်္ဂြိုဟ်လိုက်ပါသည်။

တစ်နှစ်ပြည့်သောအခါ အမေ့ဂူကိုဖွင့်ကာ ခေါင်းက အပြင်ထုတ်ပြီး ဖွင့်ကြည့်ပါသည်။ အမေ့ရုပ်ကလာပ်သည် ဘာမျှမပျက်စီးဘဲ မျက်စိ၊ နှာခေါင်း၊ နားရွက်စပြီး ဘာမျှမပျက်စီး အသားအရေမှာ ဝင်းဝါလျက် အနည်းငယ်ကျုံ့သွားသည်ကို အံ့သြစွာ တွေ့ရပါသည်။ ပဋ္ဌာန်းအကျိုးကြောင့် ယခုကဲ့သို့ မပုပ် မသိုး၊ ရုပ်ကလာပ်မပျက်စီးတာ ကိုယ်တွေ့ ဖြစ်ပါသည်။

ဓမ္မမိတ်ဆွေအပေါင်း[illegible]ို ပဋ္ဌာန်း ၂၄ ပစ္စည်းကို ရွတ် ဖြစ်အောင် ရွတ်ကြပါဟု အလေးအနက် တိုက်တွန်းလျက် ပဋ္ဌာန်းတန်ခိုး အကျိုးအနန္တကို နိဂုံးချုပ်လိုက်ပါသတည်း။

သတ္တဝါတွေ ချမ်းသာကြပါစေ···။

သူတော်စင်မင်းအောင်

www.burmeseclassic.com

# နှစ်ပေါင်း (၃၀) ကျော် အောင်မြင်နေတဲ့ ကချင်ဆေးဆရာမကြီး ဒေါ်နန်းတူ



◆ သွေးတိုး၊ အကြောတက်ခြင်း၊ နောက်ကြောတက်၊ မျက်နှာလေဖြတ်၊ ပါးတစ်ခြမ်းရွဲ့ခြင်း၊ လူကြီးလူငယ်မရွေး ဖြစ်တတ်သော အကြောရောဂါ၊ လေငန်း၊ လေဖြတ် ရောဂါများကို အထူးသက်သာစေတဲ့ အကြောအားဆေးဝိဇ္ဇာ။

◆ သွေးအားနည်း၊ နှလုံးတုန်၊ စိတ်ခြောက်ခြား အိပ်မပျော်၊ ဓမ္မတာမပေါ်/ကျန် ကိုက်ခဲခြင်း၊ အဖြူဆင်း၊ အားကုန်၊ အသားဖြူလျှော်၊ သွေးသားခြောက်ခမ်းခြင်းများအတွက် ကချင်သွေးအားတိုး အားဆေးကြီး။

◆ ခန္ဓာကိုယ် ထုံကျဉ်လေးလံခြင်း၊ ခါးကြောတစ်လျှောက် အမြှောင်းထခြင်း၊ အဆစ်လွဲခြင်း၊ အကြောလွဲ၊ အကြောကပ်ခြင်းများ ရောဂါမျိုးစုံတို့အတွက် အဆိပ်ပြေ ရောဂါချမြစ်ဖြစ်စေတဲ့ ကချင်မရှောစားဆေးကြီး ရရှိနိုင်ပါသည်။

◆ လေဖြတ်လေငန်း ဝေဒနာရှင်များအတွက် ဆရာမကြီးနှင့် ဆွေးနွေးတိုင်ပင် ကုသနိုင်ပါတယ်။

အိမ်အမှတ်(၃၁၆)၊ သခင်ဖိုးလှကြီးလမ်း၊ စီမံကိန်း(၁)၊ တောင်ဥက္ကလာပ။
နေ့စဉ် နံနက် (၇း၀၀) မှ (၁၁း၀၀) နာရီထိ။
ဖုန်း - ၀၉-၄၂၅၀၁၁၈၇၅၊ ၀၉-၄၂၅၃၀၇၃၈၈၊

မြစ်နွာဆေးတိုက် - ဆေးခန်းအမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း KBZ ဘေး
နေ့လယ် (၁၂း၀၀) မှ ညနေ (၄း၀၀) နာရီထိ။ ဖုန်း - ၀၁-၃၈၇၀၉၇
(တနင်္ဂနွေနေ့ ပိတ်သည်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မြသိန်းတန်ဘုရားရင်ပြင်က ဂမ္ဘီရရုပ်တု

မောင်မောင်မိုးအောင်

ရန်ကုန်မြို့မှ ကျွန်တော်တို့စာရေးဆရာ နှစ်ဆယ်ခန့် ပုဂံဒေသ ညောင်ဦးမြို့နယ်၊ ဖလန်ကန်ကျေးရွာသို့ ရောက်ရှိလာကြသည်။ ဖလန်ကန်ရွာသည် ပုဂံအုတာမှ မိုင် ၃၀ ခန့် ကွာဝေးကြောင်း သိရသည်။ ဖလန်ကန်ရွာဇာတိဖြစ်သော ဆရာကာတွန်းကြည်ဝင်း၏ ဖိတ်ကြားချက်အရ ရောက်ရှိလာခြင်း ဖြစ်သည်။ ရောက်ရှိလာရခြင်းအကြောင်းအရင်းမှာ ဖလန်ကန်ရွာတွင် ကျင်းပမည့် ရွှေဘုံသာဘုရားပွဲတော်သို့ လိုက်ပါလာကြခြင်း ဖြစ်သည်။ ပြီးနောက် ဖလန်ကန်ကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲ၊ စာအုပ်လှူဒါန်းပွဲ ကျင်းပမည် ဖြစ်သည်။ ကျွန်တော်တို့ စာရေးသူများ ကိုယ်စီကိုယ်စီ စာအုပ်များ သယ်ယူလာကြသည်။ ဖလန်ကန်ကျေးရွာ စာကြည့်တိုက်အတွက် လှူဒါန်းကြည် ဖြစ်သည်။ ကျွန်တော်တို့က ရက်စော၍ ရောက်ရှိလာကြသည်။ ကျွန်တော်တို့ရောက်ရှိကြပြီး နောက်နှစ်ရက်တွင်မှ ဘုရားပွဲတော် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ ဘုရားပွဲတော်တွင် အငြိမ့်ပွဲ၊ စတိတ်ရှိုးပွဲများလည်း ပါဝင်မည်ဖြစ်ရာ ဇာတ်စင်၊ ဈေးတန်းများ စီစဉ်ဆောက်လုပ်နေဆဲ ဖြစ်သည်ကို တွေ့ရသည်။ နှစ်ရက်စောပြီး ကြိုတင်ရောက်ရှိလာကြသဖြင့် ကျွန်တော်တို့အုပ်စု အားလပ်နေကြသည်။ ရွာခံ ကာတွန်းကြည်ဝင်းက အနီးပတ်ဝန်းကျင်ရွာများ လေ့လာလိုက လေ့လာနိုင်ကြောင်း ပြောထားသေးသည်။

အတူလိုက်ပါလာသူ ... ဆရာတက္ကသိုလ်မျိုးက ပုဂံဒေသရောက်ခိုက် နယ်ချဲ့တော်လှန်ရေးသူရဲကောင်း ဗိုလ်ချိုဘုရားသို့ သွားရောက်ရန် ပြောလာသည်။ လိုက်ပါလိုသူ ငါးဦးရှိကြောင်း သိရသည်။ ဂျစ်ကားတစ်စီး စုပေါင်းငှားရမ်းကာ ဖလန်ကန်ရွာမှ ငါ့သရောက်ရွာသို့ ထွက်ခဲ့ကြသည်။ ဗိုလ်ချိုဘုရား လေ့လာရေးခရီးစဉ်တွင် ဆရာတက္ကသိုလ်မျိုး၊ သီဟ (ရောဝတီ)၊ ကြူရတနာမောင်ရဲဦး၊ ဆရာမမြမဥ္ဇူဝေနှင့် ကျွန်တော် မောင်မိုးအောင်တို့ ငါးဦးလိုက်ပါလာကြသည်။ ကျွန်တော်တို့စီးလာသော ဂျစ်ကားမောင်းသူမှာ ငါ့သရောက်ရွာသားဟု သိရသည်။ လမ်းကြမ်းကြမ်းကို ကျွမ်းကျင်စွာ မောင်းနှင်လာရင်း ဆယ်ရွာသို့ ရောက်ရှိလာသည်။ ဂျစ်ကားကို မြသိန်းတန်ဘုရားအနီးရှိ ကန်တော်ကြီး ကျောင်းရှေ့တွင် ရပ်လိုက်သည်။

"ဆရာတော်ကို အရင်ဖူးလိုက်ကြဦး။ ဆရာတို့သိချင်တဲ့ နယ်ချဲ့တော်လှန်ရေး သူရဲကောင်း ဗိုလ်ချိုအကြောင်း မိန့်ကြားလိမ့်မယ်"

ကန်တော်ကြီးကျောင်းပေါ် ရောက်ရှိချိန်တွင် ဆရာတော်တစ်ပါးကို အဆင်သင့်ဖူးတွေ့ရသည်။ ဦးချကန်တော့နေစဉ်မှာပင် ဆရာတော်က –

"ဒကာတို့က စာရေးဆရာတွေ မဟုတ်လား။ ကားသမားပြောလို့ သိရတယ်။ ဘယ်ကနေလာကြတာလဲ"

"ရန်ကုန်က လာခဲ့ကြတာပါဘုရား"

"ဪ ... ဝေးသားပဲ။ ဘယ်မှာ

www.burmeseclassic.com

www.burmeseclassic.com

တည်းခိုနေထိုင်ကြသလဲ''

"တပည့်တော်တို့ ဖလန်ကန်ရွာမှာ တည်းခိုနေရာက ဒီကိုလာခဲ့ကြတာပါ''

"ရွာပုလဲ ဖလန်ကန်ကနေ ငါ့သရောက်ကို ရောက်လာကြတာကိုး။ ဘယ်အိမ်မှာတည်းကြလဲ''

"တပည့်တော်တို့ ရေးဖော်ဖြစ်တဲ့ ကာတွန်းဆရာကြည်ဝင်းရဲ့ ခြံဝိုင်းထဲမှာ တည်းကြပါတယ်ဘုရား။ ဆရာကာတွန်းကြည်ဝင်းရဲ့ ဖိတ်ကြားချက်အရ ရောက်လာခဲ့ကြတာ''

"ဘာအတွက် ဖိတ်ရတာလဲ''

"ရွှေဘုံသာဘုရားပွဲနဲ့ ဖလန်ကန်ရွာ စာကြည့်တိုက်ဖွင့်ပွဲအတွက် ဖိတ်လို့ပါဘုရား''

"ဩော် . . . သိပြီ။ ရွှေဘုံသာဘုရားလည်းဖူး၊ ဆရာတော်လည်း ဖူးရတာပေါ့'

'တင်ပါ့ဘုရား။ တပည့်တော်တို့ နယ်ချဲ့တော်လှန်ရေးသူရဲကောင်း ဗိုလ်ချုပ်ဘုရားဖူးချင်လို့ လာခဲ့ကြတာ။ ပြီးတော့ ဗဟုသုတလည်း ရအောင်လို့ပါဘုရား'

"ဒကာတို့ဖြစ်ချင်တာ ဖြစ်ရမယ်။ မေးခွန်းတစ်ခုတော့ ပထမဆုံးမေးချင်တယ်။ သိရင်ဖြေကြပါ။ စာရေးဆရာတွေဆိုတော့ သိကြမယ်ထင်တယ်။ ရုပ်တုတစ်ခုအကြောင်း၊ သူ့ရာဇဝင်ကို သိချင်လို့ပါ။ နောက်မှ ဘုရားဖူးပေါ့။ လာကြ အဲဒီရုပ်တုတွေ ဘုန်းကြီးလိုက်ပြမယ်''

ဆရာတော် ဦးဆောင်ကာ မြသိန်းတန်ဘုရားရင်ပြင်ပေါ် တက်ခဲ့ကြသည်။

"ဒီရုပ်တုပဲ၊ ထူးဆန်းမနေဘူးလား။ ဒီရုပ်တုရဲ့ရာဇဝင်ကိုသိရင် ပြောပြကြပါ''

ရုပ်တုမှာ ခြင်္သေ့တစ်ကောင်ဝမ်းဗိုက်ပေါ်တင်နေသော မိန်းမပျိုရုပ်လိုလို တွေ့ရသည်။ ရုပ်တုရှေ့တွင် ကျားခေါင်းပြတ်ရုပ်တုတစ်ခုလည်း တွေ့ရသည်။ ခြင်္သေ့က ကျားကို မာန်ဖီနေသော ရုပ်တုဖြစ်သည်။ တွေ့ရခဲသော ရုပ်တုမျိုးဖြစ်သည်။

"ကျားက ခေါင်းပြတ်နေပါလား။ ပြီးတော့ ခြင်္သေ့ဝမ်းဗိုက်ပေါ်က မိန်းမပုံလားဘုရား။ ရုပ်တုတွေက ပျက်နေပြီနော်''

"ဒီရုပ်တုက အစကတော့အကောင်းပကတိ အပြည့်အစုံပါပဲ။ ကျားက မိန်းမပျိုကို ကိုက်ချီထားပြီး ခြင်္သေ့က ကျားကို မာန်ဖီနေတဲ့ပုံပါ။ ဒီရုပ်တုပျက်စီးသွားရတာက ဘုန်းကြီးပယောဂကြောင့်ပါ။ ဒီရုပ်တုရဲ့ ရာဇဝင်ကိုသိကြရဲ့လား''

"တပည့်တော်တို့ ခုမှပထမဆုံး ဒီရုပ်တုမျိုး တွေ့ဖူးကြတာပါ။ ဒီရုပ်တုရဲ့ ရာဇဝင်မသိပါဘူးဘုရား''

ကျွန်တော်တို့ ငါးဦးစလုံး ရုပ်တုရာဇဝင်ကို မသိကြပါ။

"အင်း . . . ဒကာတို့လို ဗဟုသုတများတဲ့ စာရေးဆရာတွေတောင် မသိကြဘူးဆိုတော့ သိတဲ့လူ ရှိပါ့ဦးမလားပဲ''

"ဒီရုပ်တု ဘာလို့ပျက်စီးနေရတာလဲဘုရား''

"စောစောကပြောခဲ့တယ်လေ။ ဒီရုပ်တုပျက်စီးရတာ ဘုန်းကြီးကြောင့်ပါ။ ဒီရုပ်တုဟာ မူလက ကျားက မိန်းမပျိုကို ကိုက်ချီထားတာ။ မိန်းမပျိုကို ကိုက်ချီထားတဲ့ ကျားကို ခြင်္သေ့က မာန်ဖီနေတဲ့ပုံပါ။ ခြင်္သေ့က မိန်းမပျိုကို ကျားလက်ထဲက ကယ်ချင်လို့များလားပဲ။ ဒါပေမဲ့ ကျားခေါင်းနဲ့ မိန်းမပျိုရုပ်တွေက မရှိတော့ပါဘူး။ မိန်းမပျိုပုံက ခြင်္သေ့ဝမ်းဗိုက်ပေါ်မှာ အရာလေးပဲ ကျန်တော့တာ။ ဘာ့အဓိပ္ပာယ်နဲ့ ဒီလိုရုပ်တုမျိုး ထုလုပ်ခဲ့ကြတာလဲ။ အဓိပ္ပာယ်ကို ဘုန်းကြီး သိချင်နေတာ။ ဘုရားဖူးလာကြတဲ့ ဒကာတွေကို ပြန်ပြောချင်လို့ပါ''

ဆရာတော့်စကားကြောင့် ကျွန်တော်တို့ အံ့ဩခဲ့ရသည်။ မြန်မာပြည်ဒ
စေတီပုထိုးများသို့ ရောက်ဖူးခဲ့ကြသ
ခြင်္သေ့၊ ကျား၊ နဂါး၊ ဘီလူး စသေ
ရုပ်တုမျိုးစုံ၊ ပုံသဏ္ဌာန်မျိုးစုံ တွေ့
သည်။ ယခုလို ကျား၊ ခြင်္သေ့၊ မိန်းမ
တုမျိုးကို တစ်ခါမျှမတွေ့ဖူးခဲ့ပေ။ ဂ
တော်တို့ ငါးယောက်စလုံး မတွေ
ကြောင်း ပြောကြသဖြင့် ဆရာတော်
ပျက်သွားပုံရသည်။

"အေးလေ၊ ဒကာ့တို့လို စာ
ဆရာတွေတောင်မသိကြတော့ ဘ
တတ်နိုင်ပါ့မလဲ။ သမိုင်းဆရာတွေ
သိမယ်ထင်ရတာပဲ''

"တစ်ခုမေးပါရစေဘုရား။ 
စောက ဆရာတော်မိန့်ကြားခဲ့တယ်
ဒီရုပ်တုပျက်စီးရတာ ဆရာတော့်ပ
ဂကြောင့်ဆို၊ ဘယ်လိုကြောင့်ပါလဲ

"အင်းပါ . . . နောက်တော့ 
မယ်။ ခုတော့ ဗိုလ်ချုပ်ဘုရားဖူးလိုက်
ဦး''

ဆရာတော်ဦးဆောင်ကာ 
ပေါ်မှဆင်းသွားသည်။ ကျောင်းအ
ပင် ဘုရားကို ဖူးတွေ့ရသည်။

"ဒီဘုရားက နယ်ချဲ့တော်လှ
သူရဲကောင်း ဗိုလ်ချုပ်ကိုရည်စူးပြီး တ
ဗိုလ်ချုပ်ဘုရားလို့ခေါ်တာ။ ဘွဲ့အမ
မြန္မာတဲ့။ မျိုးချစ်နယ်ချဲ့ဆန့်ကျ
သူရဲကောင်းခေါင်းဆောင် ဗိုလ်ချုပ်ကို
စူးပြီးတော့ ဗိုလ်ချုပ်ရဲ့ ရောင်းရင်း
သောက်ဖြစ်တဲ့ ဦးဉာဏ်လှိုင်ဆို
တည်ထားတာလို့ သိရတယ်''

ကင်မရာအသင့်ပါလာသော 
တက္ကသိုလ်မျိုး၊ ဆိုရာမ မြမဥ္ဇူဝေ
ဓာတ်ပုံများ တဖျပ်ဖျပ် ရိုက်ကြသ

"ကဲ . . . ဒီဘက်လာကြဦး
ချီကွပ်မျက်ခံရတဲ့နေရာ ပြပေးဦး

ဆရာတော်ခေါ်ဆောင်ရာ
သို့ ကျွန်တော်တို့ လိုက်သွားကြ

www.burmeseclassic.com

"ဒီနေရာဟာ ဗိုလ်ချိုကွပ်မျက်ခံရတဲ့နေရာပဲ"

ဆရာတော်က အဆောက်အဦတစ်ခုကို ညွှန်ပြရင်းပြောသည်။ ထိုနောက် ကပ်လျက်ရှိ အဆောက်အဦတစ်ခုကို ပြပြန်သည်။

ကျွန်းတိုင်လေးတိုင်နှင့် အတန်အသင့်မြင့်သော အဆောက်အဦဖြစ်သည်ကို တွေ့ရသည်။ ဆရာတော်က အပေါ်သို့မော့ကြည့်ရင်း ...

"ဒီနေရာဟာ ဗိုလ်ချိုကို ကွပ်မျက်ပြီး သူ့အလောင်းထားတဲ့ နေရာပေါ့၊ ဟိုပေါ်မှာ ဗိုလ်ချိုအလောင်းကို ထားခဲ့တာ"

ဆရာတော်က ဗိုလ်ချိုအလောင်းထားသည့်နေရာကို ပြရင်း ဆက်ပြောသည်။

"နယ်ချဲ့တွေက သိပ်ပြီး ယုတ်မာရက်စက်ကြတာ။ ဗိုလ်ချိုတင်မကဘူး၊ ဗိုလ်ချို့သားနှစ်ယောက်ပါ သတ်ခဲ့ကြတာ"

ကျွန်တော်တို့လူစု မျိုးချစ်သူရဲကောင်း ဗိုလ်ချိုအား ရည်စူးတည်ထားခဲ့သော ဗိုလ်ချိုဘုရား (သို့မဟုတ်) မြနန္ဒာစေတီ၊ ဗိုလ်ချိုအားကွပ်မျက်ခဲ့သည့်နေရာ ဗိုလ်ချိုအလောင်းထားခဲ့သည့်နေရာတို့ကို စိတ်ဝင်တစား လေ့လာခွင့်ရခဲ့သည်။ ပြီးမှ ဆရာတော့်ကျောင်းပေါ်သို့ ပြန်လာကြသည်။

ကျောင်းပေါ်သို့ ပြန်ရောက်စဉ် ကျွန်တော်တို့ငါးယောက်အား ဆရာတော်က ငှက်ပျောသီး၊ မုန့်များ ချကျွေးပါသည်။ ဆတ်သားခြောက်၊ ငါးခြောက်၊ လက်ဖက်ရည်ချိုများလည်း ပါသည်။ ဆရာတော်နှင့် အေးအေးလူလူ စကားမြည်ပြောရင်း တစ်ဦးချင်းစီ၏ ကလောင်အမည်များ မိတ်ဆက်ပေးကြသည်။ ဆရာတော်၏ဘွဲ့အမည်မှာ ဦးကုဋိယဖြစ်ပြီး ကျောင်းအမည်မှာ ကန်တော်ကြီးကျောင်းဖြစ်ကြောင်း သိရသည်။ အတော်ကြာကြာ စကားပြောကြခဲ့ပြီးနောက် ကျောင်းနှင့် ကိုက်သုံးရာခန့်အကွာအဝေးရှိ မြသိန်းတန်ဘုရားပေါ်သို့ တက်ခဲ့ကြသည်။ မြသိန်းတန်ဘုရားမုခ်ဝတွင် စောစောက တွေ့ခဲ့ရသော ခြသေ့ရုပ်တု၊ ခေါင်းပြတ်နေသော ကျားနှင့် ခြသေ့ရင်ဘတ်ပေါ်မှ ရေးရေးသာမြင်ရသော မိန်းမပျိုရုပ်တို့ကို အနီးကပ် တွေ့ရှိလေ့လာရသည်။ ရုပ်တုများတွေ့ရစဉ် ကျွန်တော်စိတ်ဝင်စားမှုအတွက်အထိပ်သို့ရောက်လာသည်။ ထိုဂမ္ဘီရဆန်လှသောရုပ်တုအကြောင်း ဆရာတော်ကို လျှောက်တင်လိုက်သည်။

"ဒီရုပ်တုတွေ ပျက်စီးသွားရတာ ဆရာတော့်ပယောဂပါတယ်ဆို။ ရုပ်တုတွေ ပျက်စီးသွားအောင် ဆရာတော်က ဘာကြောင့်လုပ်ခဲ့ရတာလဲ"

"အင်းပေါ့လေ၊ ဒကာတို့အမေးရှိလာမှတော့ ပြောပြရတော့မှာပေါ့။ သိပ်ပြီး ထူးဆန်းတဲ့အဖြစ်တွေလို့ပဲ ပြောရတော့မယ်။ ဘုန်းကြီး တရားကျင့်ကြံအားထုတ်မှုနဲ့ ဆက်စပ်နေတယ်လေ။ ဒီရုပ်တုတွေ ပျက်စီးရတဲ့အဖြစ်က ဒီလို ဒကာစာရေးဆရာတို့ရေ"

ဆရာတော်က ရုပ်တုများပျက်စီးရတဲ့အကြောင်းကို ဂမ္ဘီရဆန်ဆန် ပြောပြမိန့်ကြားပါသည်။

★★★★★

ကန်တော်ကြီးကျောင်း ဆရာတော် ဦးကုဋိယသည် မြသိန်းတန်စေတီအနီးရှိ တမာပင်တစ်ပင်အောက်တွင် တရားရှုမှတ်နေခဲ့သည်။ နေ့ဘက် တစ်ချိန်နှင့် ညဘက်တစ်ချိန် နေ့စဉ်မပျက် တရားရှုမှတ်ခဲ့သည်။ တစ်ခုသော လပြည့်နေ့ညလရောင်အောက်တွင် မြသိန်းတန်စေတီ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ညဉ့်နက်လေ တိတ်ဆိတ်လေဖြစ်လာသည်။ တရားသမားအဖို့ အေးချမ်းတိတ်ဆိတ်မှုကို လိုလားနှစ်ခြိုက်ခဲ့သည်။ မျက်လုံးစုံမှိတ်ကာ တရားထဲစိတ်အာရုံနှစ်ထားစဉ် စေတီမုခ်ဝမှ ဆင်းသက်လာသော ခြေသံများကြားလိုက်ရသည်။ ထိုခြေသံများ မိမိအနီးမှ ဖြတ်လျှောက်သွားသောခြေသံများဖြစ်ကြောင်း သတိပြုမိသည်။ တိတ်ဆိတ်ငြိမ်သက်နေသော ညဉ့်အချိန်မို့ ခြေသံများကို သဲ့သဲ့ကြားရသည်။ ဆရာတော်က မျက်လုံးများ ရုတ်တရက်ဖွင့်၍ ကြည့်လိုက်သည်။ နန်းဝတ်နန်းစား၊ ထိုင်မသိမ်းအင်္ကျီ၊ ထဘီများဝတ်ဆင်ထားသော ရှေးခေတ်နန်းတွင်းသူပုံစံ မိန်းမပျိုဆယ်ယောက်ခန့်ကို တွေ့လိုက်ရသည်။ ထိုမိန်းမပျိုလေးများသည် မြသိန်းတန်စေတီရင်ပြင်မှ ဆင်းသက်လာပြီး မိမိအနီးမှ ဖြတ်လျှောက်သွားကာ ခပ်လှမ်းလှမ်း တမာပင်အောက်အရောက်တွင် ပျောက်ကွယ်သွားတော့သည်။ ထိုမိန်းမပျိုလေးများ ဆင်းသက်လာချိန်တွင် တူရိယာပစ္စည်းကိရိယာများ တီးမှုတ်သံများလည်း ကြားရသည်။ ထိုနန်းဝတ်နန်းစားနှင့် မိန်းမပျိုလေးများက အတီးအမှုတ်အသံများနှင့်အတူ မြသိန်းတန်ဘုရားရင်ပြင်မှ ဆင်းလာကြခြင်း ဖြစ်သည်။ ဆရာတော်က အံ့သြရုံမျှအပ တုန်လှုပ်မှုတော့ မဖြစ်ခဲ့ပေ။ ဤဖြစ်ရပ်အတွက် မတွေးတတ်အောင် ဖြစ်နေခဲ့သည်။ ဆရာတော်က မည်သူ့ကိုမျှမပြောဘဲ နှုတ်ဆိတ်နေခဲ့သည်။ တရားကိုမူ နေ့စဉ်မပျက် ဆက်လက်ရှုမှတ်နေမြဲ ဖြစ်သည်။

တစ်လနီးပါးကြာသည့်တိုင် ထိုအဖြစ်မျိုး ထပ်မကြုံရတော့ပေ။ မိမိစိတ်ကိုပင် သံသယဝင်ခဲ့သည်။ အတွေးများပွါးလွင့်ပြီး ထင်မိထင်ရာ၊ မြင်မိမြင်ရာ မြင်ခဲ့ခြင်းများလောဟု တွေးခဲ့မိသေးသည်။

နောက်တစ်လ လပြည့်နေ့ညတွင်

www.burmeseclassic.com

www.burmeseclassic.com

တရားရှုမှတ်နေစဉ် ရှေးယခင်အတိုင်းပင် ခြေသံများ၊ တီးမှုတ်သံများကြားရပြီး ပထမအကြိမ်က တွေ့ရသကဲ့သို့ပင် နန်းဝတ်နန်းစားနှင့် မိန်းမပျိုဆယ်ဦးခန့် မိမိအနီးမှ ဖြတ်လျှောက်သွားသည်ကို တွေ့လိုက်ရပြန်သည်။ ယခင်လ လပြည့်နေ့ညက ယခုကဲ့သို့ တွေ့ကြုံခဲ့ရပြီးဖြစ်သည်။ ယခုတစ်လအကြာ လပြည့်နေ့ ညဉ့်နက်ချိန် ထပ်မံတွေ့ကြုံရခြင်းဖြစ်သည်။ မိမိအနီးမှ ဖြတ်လျှောက်သွားပြီး ရှေးမလှမ်းမကမ်း တမာပင်အောက်အရောက်တွင် ပျောက်ကွယ်သွားကြသည်။ ဆရာတော် သတိထားမိသည်မှာ လပြည့်ည နှစ်ကြိမ် ယခုအဖြစ်မျိုး ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။ အခြားနေ့ရက်များတွင်မတွေ့ရဘဲ လပြည့်နေ့ညတွင်မှ ကြုံတွေ့ရသည်မှာ ထူးဆန်းနေသည်ဟု ထင်မိသည်။ လပြည့်နေ့ညကိုလည်း သတိထားလာမိသည်။ လပြည့်နေ့ညများတွင်သာ ကြုံတွေ့ရပြီး အခြားညများတွင်မတွေ့ရသည်က ထူးခြားသလို ဖြစ်နေသည်။

ဤသို့ဖြင့် နောက်တစ်လ၊ လပြည့်နေ့ညသို့ ရောက်ရှိလာပြန်သည်။ ဆရာတော်သည်လည်း သတိထားရင်း တရားရှုမှတ်နေခဲ့သည်။ သို့သော် အာရုံကို စုစည်း၍မရနိုင်ဘဲ ဖြစ်နေသည်။ ကြိုးစား၍ အာရုံကိုစုစည်းနေစဉ်မှာပင် ရင်ပြင်ထက်မှ တီးမှုတ်သံများ ကြားလိုက်ရသည်။ မျက်လုံးဖွင့်၍ ကြည့်လိုက်စဉ် စေတီမုခ်ဝရှိ မိန်းမပျိုကို ကျားက ကိုက်ချီထားပြီး ကျားကိုခြသေ့က မာန်ဖီနေသည့် ရုပ်တုအနီးမှ မိန်းမပျိုများ ဆင်းလာသည်ကို အံ့သြဖွယ်ရာ တွေ့ရပြန်သည်။ ယခင်လပြည့်ညများတွင် သတိမထားမိသော်လည်း ယခုသတိထားမိချိန်တွင် ထိုနန်းဝတ်နန်းစားနှင့် မိန်းမပျိုလေးများ ထိုရုပ်တုရှေ့မှ ဆင်းလာသည်ကို အထင်အရှား တွေ့လိုက်ရသည်။ ထိုမိန်းမပျိုများနှင့် ထိုရုပ်တို့ ပတ်သက်ဆက်နွယ်မှု ရှိနေမည်ဟု တွေးထင်မိသည်။ ထူးဆန်းသော ထိုရုပ်တုကို မည်သူက မည်သည့်ရည်ရွယ်ချက်ဖြင့် ထုလုပ်ထားခဲ့ပါသနည်း။ ဂမ္ဘီရအစီစဉ်များဖြင့် ပြုလုပ်ထားခဲ့လေသလော၊ တွေးတောစရာ ဖြစ်လာသည်။ လပြည့်ညတိုင်း တရားရှုမှတ်စဉ် ထိုမိန်းမပျိုလေးများကြောင့် အနှောင့်အယှက် ဖြစ်လာသည်။

ထူးဆန်းသော ခြသေ့၊ ကျား၊ မိန်းမပျိုလေးများပုံပါသော ရုပ်တုကိုလည်း သံသယဖြစ်လာမိသည်။ တစ်နေ့ည တရားအားထုတ်ပြီးချိန်တွင် စေတီရင်ပြင်ထက်သို့တက်ကာ ထိုရုပ်တုကို အနီးကပ်လေ့လာမိသည်။ ရင်ပြင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်မှအပ ထူးခြားမှုများ မတွေ့ခဲ့ရပါ။ တစ်ဦးတည်းစဉ်းစားနေမိသည်။ လပြည့်ညတိုင်း မိန်းမပျိုလေးများ ဆင်းလာသည်ကိုတွေ့ရသည်။ တရားရှုမှတ်နေမှုကို လပြည့်ညတိုင်း လာရောက်နှောင့်ယှက်နေသလို ဖြစ်နေသည်။ မိမိ ဤကျောင်းတွင်ရှိနေသည်ကို မလိုလား၍များ အနှောင့်အယှက်ပေးနေသည်ဟု တွေးစရာ ဖြစ်လာသည်။ ဤကိစ္စ မည်သူ့ကိုမျှ မပြောခဲ့သော်လည်း ယခု ပြောပြတိုင်ပင် အကြံဉာဏ်တောင်းတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

နောက်ဆုံး မိမိထက် သက်တော်ဝါတော်ကြီးသော အသက် ၈၅ နှစ်ခန့်ရှိ ဆရာတော်ကြီးတစ်ပါးထံ မိမိကြုံတွေ့ရသော အဖြစ်အပျက်နှင့် ရင်ပြင်ပေါ်ရှိ ခြသေ့၊ ကျား၊ မိန်းမပျိုရုပ်တုအကြောင်း အပြည့်အစုံလျှောက်ထားမေးမြန်းခဲ့သည်။ သက်တော်ဝါတော်ရင့် ဆရာတော်ကြီးက –

"အင်း ... ကြားရတဲ့အဖြစ်က စိတ်ဝင်စားဖို့ကောင်းပြီး ဂမ္ဘီရဆန်တယ်လို့ ပြောရမလို ဖြစ်နေပြီ။ ဘာပဲဖြစ်ဖြစ် ဦးဇင်းကြုံခဲ့ရတဲ့အဖြစ်မှာ အဲဒီကျားကိုက် ... ထားတဲ့ မိန်းမပျိုရုပ်တုနဲ့ ပတ်သက် ... မယ်လို့ ဘုန်းကြီးထင်တယ်။ အတိအ ... တော့ မပြောနိုင်ဘူးပေါ့။ ဘာဖြစ်လို့ ဒီ ... ပြောရသလဲဆိုတော့ မိန်းမပျိုလေးတွေ ... အဲဒီရုပ်တုရှိတဲ့နေရာက ဆင်းဆင်း ... ကြတာမဟုတ်လား"

"တင်ပါ့ဘုရား ... တပည့်တော် ... လည်း အဲဒီလိုတွေးမိပါတယ်။ လပြည့်ညတိုင်းကြုံနေရတော့ တရားအလုပ် ... အနှောင့်အယှက်ဖြစ်တာတယ်။ ဒါကြော ... ဘယ်လိုဆက်လက်ဆောင်ရွက်ရင် ကော ... မလဲဆိုပြီး ဆရာတော်ဆီမှာ အကြံဉာဏ် တောင်းရတာပါ"

"အဲဒီရုပ်တုတွေကြောင့် ဖြစ် ... တာဆိုတော့ အဲဒီရုပ်တုတွေကို ဖျက်ဆီး လိုက်ရင်ရော၊ အထူးသဖြင့် ကျားကိုက်ချီ ထားတဲ့ မိန်းမပျိုရုပ်ကိုပေါ့"

"အဲဒီလိုဖျက်ဆီးလိုက်လို့ ပြ ... မလား"

"ဦးဇင်းသီတင်းသုံးတဲ့ ကျော ... ဝင်းထဲမှာပဲ မဟုတ်လား။ ကိုယ်ပိုင် ... ပဲလေ။ ရှေးရှေးက သူတို့ပိုင်တယ် ... သူတို့နယ်မြေထဲ တရားသမားရှိနေ ... မကြိုက်ဘူးထင်တယ်။ ဦးဇင်းရဲ့ အ ... စရဏအားကြောင့်ထင်တယ်။ အဲဒီ ... နဲ့ ပတ်သက်မှု ရှိမရှိ သိရအောင် ... ကြီးပြောသလို လုပ်ကြည့်ပါလား"

"ကောင်းပါပြီ၊ တပည့်တော် ... ပါ့မယ်"

ဆရာတော်ဦးဣန္ဒိယသည် ... ထက် သက်တော်ဝါတော်ကြီး ... ဆရာတော်ကြီးထံမှ ခွင့်ပြုချက်ရ ... ဖြစ်၍ တူရှင်းတစ်လက်ယူကာ ... ရင်ဘတ်ပေါ်ရှိ ကျားကိုက်ချီထား ... မိန်းမပျိုရုပ်ကို ထုချေဖယ်ရှားလိုက် ... လက်အရှိန်လွန်ကာ မိန်းမပျိုရုပ် ... ကျားခေါင်းမှာလည်း ပြုတ်ထွက် ...



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။ ကျားခေါင်းပြတ်နှင့် မာန်ဖီနေသော ခြင်္သေ့ရုပ်တုသာ ကျန်ခဲ့သည်။

ထိုမိန်းမပျို့ရုပ်တုကို ဖယ်ရှားလိုက်ပြီးနောက် လုပ်နေကျအတိုင်း တရားကို ဆက်လက်ရှုမှတ်နေခဲ့သည်။ လပြည့်နေ့ ရောက်လာမည်ကို ရင်ခုန်နေခဲ့မိသည်။ မကြာမီ လပြည့်ည ရောက်လာသည်။ ဆရာတော်ဦးကုဏ္ဍိယသည် ထုံးစံအတိုင်း တရားရှုမှတ်နေသည်။ တရားထဲအာရုံဝင်စားနေသဖြင့် အချိန်မည်မျှကြာသွားသည်ကို သတိမထားမိပါ။ တရားရှုမှတ်ပြီးစီးသွားသည်အထိ မည်သည့်အနှောင့်အယှက်မှ မတွေ့ခဲ့ရပေ။ နန်းဝတ်နန်းစားနှင့် မိန်းမပျိုလေးများ မလာတော့သလို တူရိယာတီးမှုတ်သံများလည်း မကြားရတော့ပေ။ နောက်ပိုင်း လပြည့်ညများတွင်လည်း ယခင်လပြည့်ညအဖြစ်မျိုး လုံးဝမကြုံတွေ့ရတော့ပါ။ စိတ်အေးလက်အေး တရားရှုမှတ်နိုင်ခဲ့ပြီ ဖြစ်သည်။ သို့သော် ကြုံတွေ့ခဲ့ရသည့် ဂမ္ဘီရဆန်သော အဖြစ်အပျက်များက စိတ်ထဲကျန်ရစ်နေခဲ့သည်။ ထို့ကြောင့်ပင် ဘုရားဖူးလာသူတိုင်းအား ထိုရုပ်တုအကြောင်း မေးမြန်းနေခဲ့သည်။ ညွှန်သူမျှ မသိကြပေ။

အဖြစ်အပျက်ကို တစ်ဆင့်ပြောကြားပေးပြီး ရုပ်တုနှင့်ပတ်သက်၍ သိရှိသူရှိပါက မိမိထံဆက်သွယ်အကြောင်းကြားရန် ဆရာတော်ဦးကုဏ္ဍိယက ဘုရားဖူးလာရောက်သူတိုင်းအား မှာကြားခဲ့သည်။ ဘုရားဖူးလာသူတိုင်းအားလည်း ယနေ့တိုင် ရုပ်တုအကြောင်း မေးမြန်းနေဆဲပင်ဖြစ်သည်။

★ ★ ★ ★ ★

ဆရာတော်က အချိန်များစွာစကားပြောလိုက်ရသဖြင့် မောသွားပုံရသည်။ ရေတစ်ခွက်မော့သောက်လိုက်သည်။

"အဖြစ်ကတော့ ဘုန်းကြီးပြောခဲ့အတိုင်းပဲ ဒကာတို့"

"ဆရာတော်ပြောပုံအရ တော်တော်ထူးဆန်းပြီး ဂမ္ဘီရဆန်တယ်လို့ပြောရတော့မှာပဲ။ အဲဒီရုပ်တု ဖြိုဖျက်ပစ်လိုက်ပြီးတဲ့နောက်ပိုင်း အရင်ကလိုအဖြစ်မျိုး မကြုံရတော့ဘူးနော်"

"အမှန်ပဲ ဒကာတို့။ ဘုန်းကြီးလည်း အံ့သြနေခဲ့ရတာပေါ့။ သေချာတာကတော့ အဲဒီရုပ်တွေနဲ့ နန်းဝတ်နန်းစားဝတ်ထားတဲ့ မိန်းမပျိုလေးတွေ ပတ်သက်နေတာ အမှန်ပဲလို့ထင်တယ်။ ဒကာတို့လည်း အဖြစ်မှန်ကိုသိရပြီပဲ။ ရန်ကုန်ပြန်ရောက်ရင် ဘုန်းကြီးပြောခဲ့တာတွေ ပြန်ရေးကြပေါ့။ အဲဒီရုပ်တုရာဇဝင်သိတဲ့လူရှိရင် ဘုန်းကြီးဆီဆက်သွယ်ပေးပါ"

"တင်ပါ့ဘုရား ... ရေးပါ့မယ်။ ဆောင်းပါးရော၊ ဝတ္ထုဇာတ်လမ်းရော ရေးကြမယ်"

ဆရာတက္ကသိုလ်မျိုးက ကျွန်တော့်ဘက်လှည့်ပြီး ပြောလိုက်သည်။

"ဆရာမောင်မောင်မိုးအောင် ... ခင်ဗျားက ဝတ္ထုရေးပျာ။ ကျွန်တော်က ဆောင်းပါးရေးမယ်။ ခင်ဗျားလက်က ဝတ္ထုလက်လေ"

"စိတ်ချပါဘုရား။ တပည့်တော်တို့ ရေးပါ့မယ်။ ရုပ်တုနဲ့ပတ်သက်ပြီး သိသူရှိခဲ့ရင် ဆရာတော်ဆီ ဆက်သွယ်ပါ့မယ်"

"သာဓုပါဗျာ၊ သာဓု၊ သာဓု"

မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဗိုလ်ချုပ်အားရည်စူး၍ ဗိုလ်ချုပ်၏ရောင်းရင်းသွေးသောက် ဦးဉာဏ်လှိုင်ဆိုသူ တည်ထားခဲ့သော ဗိုလ်ချုပ်ဘုရား၊ သို့မဟုတ် မြနန္ဒာစေတီတော်နှင့် မလှမ်းမကမ်းတွင် မြသိန်းတန်စေတီတော် တည်ရှိနေသည်။ မြသိန်းတန်စေတီသည် ဉာဏ်တော် နှစ်ဆယ့်ငါးတောင်ရှိပြီး ကုန်းဘောင်ခေတ် လက်ရာဟု သိရှိရသည်။ စေတီအနီးတွင် ကြည်လင်အေးမြစိမ်းစိုနေသော ကန်တော်ကြီးတည်ရှိသည်။ စေတီအဝင် မုခ်လေးပေါက်နှင့် လှေကားများ ရှိသည်။ စေတီ၏အထက်ပစ္စယံတွင် စေတီလေးဆူ ရှိသည်။ စေတီရံများ၏ အောက်ပစ္စယံတွင် ကျောက်ပန်းအိုးလေးလုံး ထောင့်လေးထောင့်၌ တွေ့ရသည်။ စေတီဘီလူးမပန်းဆွဲရှိ ဘီလူးရုပ်တို့မှာ အခြားစေတီများနှင့်မတူဘဲ ထူးခြားနေပါသည်။ ဘီလူးကို ရုပ်ကြွထုလုပ်ထားသည်ကို တွေ့ရသည်။ ရင်ပြင်ခေတ်ရှိစေတီအနီး ထောင့်လေးထောင့်အနက် ထောင့်သုံးထောင့်တွင် ခြင်္သေ့ရုပ်များ ထုလုပ်ထားရှိပြီး ကျန်တစ်ထောင့်၌ ဂမ္ဘီရဆန်လှသည့် ခြင်္သေ့၊ ကျား၊ မိန်းမပျိုရုပ်တု ထုလုပ်ထားရှိသည်မှာ ထူးခြားနေပါသည်။ မြသိန်းတန်စေတီသည် ကုန်းဘောင်ခေတ် လက်ရာဖြစ်ကြောင်း သိရသည်။ ရှေးဟောင်းစေတီတစ်ဆူပင် ဖြစ်သည်။ ထိုအကြောင်းများကြောင့် ကန်ဦးကျောင်းဆရာတော်အနေဖြင့် လပြည့်ညတိုင်း ထူးဆန်းသော ဂမ္ဘီရမြင်ကွင်းများ ကြုံတွေ့ခဲ့ရခြင်းဖြစ်မည် ထင်သည်။

မြသိန်းတန်စေတီသည် ညောင်ဦးခရိုင်၊ ငါ့သရောက်မြို့နယ်ရှိ ဆယ်ရွာတွင် ရှိသော စေတီဖြစ်သည်။ မျိုးချစ်တော်လှန်ရေးသူရဲကောင်း ဗိုလ်ချုပ်အား ရည်စူးတည်ထားသော မြနန္ဒာစေတီနှင့်လည်း ကပ်လျက်တည်ရှိနေပါသည်။ ကျွန်တော်တို့ ငါ့သရောက်မှ ဖလန်ကန်သို့ ပြန်လာခဲ့ရသော်လည်း ထူးခြားလှသည့် ကျားခေါင်းပြတ်၊ ခြင်္သေ့ရုပ်တုနှင့် ဆက်စပ်ပတ်သက်နေသည့် ဂမ္ဘီရဆန်သောအဖြစ်များက ကျွန်တော့်အတွေးထဲ စွဲကျန်နေပါတော့သည်။

**မောင်မောင်မိုးအောင်**

www.burmeseclassic.com

# ယတြာကြိုက်နှင့်

## စကားပြောသော ဂဏန်းများ



ဆရာဖြိုးမင်းသိင်္ခ ဦးမောင်မောင်မြင့်အေးကို
မေးသော ပဉှာရပ်များ

ဒီနေ့လည်း ဝက်သားဟင်းပါရဲ့လား ဟု ဆရာကြီးက ရောက်ရောက်ချင်း မေးလိုက်ရာ ကျွန်တော်က ...

"ဒီတစ်ခါတော့ ဝက်သားကို ပဲငံပြာရည်နဲ့ပေါင်းပြီး ညှင်းသီးကို ရောနှပ်ထားလိုက်ပါတယ်။ ဝက်သားနဲ့လိုက်တာကတော့ ချဉ်ပေါင်ဟင်းပေါ့ ဆရာကြီးရယ် ချဉ်ပေါင်ရွက် အနုလေးတွေကို ဒန်အိုးထဲထည့် ဆီနည်းနည်း၊ ရေနည်းနည်းနဲ့ မွှေရတယ်၊ အဲဒီလိုမွှေတာ အဖြူဥလေးတွေ ပေါ်လာတဲ့အထိပါပဲ၊ အဲဒီတော့မှ ငါးရံ့ကိုအသားနွှာပြီး ဆီသပ်ထားတာရယ် ရေရယ်၊ ငံပြာရယ်၊ ငပိစိမ်းစားနဲ့ ချက်ထားတဲ့ချဉ်ပေါင်ဟင်းပေါ့"

ငပိရည်ကတော့ ငါးမီးဖုတ်နဲ့ ဖျော်ထားတယ်၊ ငရုပ်သီးကတော့ ကင်ပြီး ချေထည့်ထားတယ်၊ တို့စရာကတော့ ခရမ်းသီးပြုတ်ရယ်၊ ပိန္နဲကွင်းရယ်ပေါ့ ဆရာကြီးရယ်၊ ဝက်သားနဲ့ ဒညင်းသီး ကလည်း ပေါင်းအိုးနဲ့ ပေါင်းထားတော ဝက်သားအဆီက ဒညင်းသီးထဲဝင်နေတာ ဟု ရှည်ရှည်လျားလျား ပြောလိုက် ဆရာကြီးက -

"ကိုမောင်မောင်မြင့်အေးရေ ရောင် ဂမ္ဘီရ မဂ္ဂဇင်းမထုတ်ဘဲ ဟင်းချက်နည်း စာအုပ်ထုတ်ပါလားကွာ မင်းပြောတာ ထမင်းဆာလာပြီ"

www.burmeseclassic.com

ဟု ပြောပြီး ထမင်းပွဲ ပြင်ခိုင်းလိုက်လေ၏။

ဆရာကြီးက ထမင်းထဲသို့ ဝက်သားတုံးကိုထည့်လိုက် စားလိုက် ဒညင်းသီးဖတ်များ ဝါးလိုက်၊ ချဉ်ပေါင်ဟင်းနှင့် ထိရည်ကို အားရပါးရ နယ်ဖက်စားလိုက်နှင့် နောက်ဆုံး ရေခဲရေတစ်ခွက်ကြီးကို ဂွတ်ခနဲ ဂွတ်ခနဲ သောက်လိုက်ပြီးအားနောက်ဆုံးတော့ရေခဲရေက အကောင်းဆုံးပဲကွဟု ပြောလိုက်လေတော့၏။

ကျွန်တော်က ဆရာကြီး ထမင်းစားပြီးသည် နှင့်

"ဒီလိုဆရာကြီး ကျွန်တော်ကတော့ ဆရာကြီးနဲ့ နီးနီးကပ်ကပ်နေတာရယ်၊ ကျွန်တော့်မိန်းမကလည်း ဗေဒင်တတ်နေတော့ ဘာဖြစ်ဖြစ်ယတြာချေလို့ လွယ်တာပေါ့ တစ်ခါတလေ ကျွန်တော် မိတ်ဆွေတွေ စာဖတ်ပရိသတ်အတွက်တော့မလွယ်တော့ အချို့ ယတြာတွေအတိုချုပ်လေးပေါ့ အမြဲလုပ်ရဖို့ကို စာအုပ်ထဲမှာ ထည့်ချင်တယ် အဲဒီလူတွေ ဒီစာကိုဖတ်ရင် အလွယ်တကူ လုပ်လို့ရတာပေါ့ အဲဒါလေးများမရနိုင်ဘူးလား" ဟု မေးလိုက်ရာ ဆရာကြီးက...

"ရတာပေါ့ကွာ ဒါပေမယ့် ငါတပည့်တွေကတော့ မင်းမိန်းမတော့ ဗေဒင်ဟောနေတော့ ဒီနည်းတွေ သူတို့ကလုပ်နေတာ မင်းစာအုပ်ထဲမှာ အဲဒါတွေပါရင် သူတို့ဆီလူဘယ်လာတော့မလဲ"

ဟု ပြောလိုက်ရာ ကျွန်တော်က...

"အဲဒါခက်တာပေါ့ ဆရာကြီးရယ် ဒီသာဆိုရင် ဆရာကြီးတို့ ဗေဒင်ဆရာတွေ မဟောခင်ကတည်းက ဗေဒင်ကျမ်းတွေ စာအုပ်တွေရှိတယ်၊ ဒါတွေဖတ်ထားတဲ့ လူတွေဆရာကြီးတို့ဆီ မလာဘဲနေမှာပေါ့ စာအုပ်ထဲကဟာက အရေးပေါ်နည်းလာ တကယ့်တကယ်က ဆရာကြီးတို့လိုဆရာရင်တွေနဲ့ တကယ်ထိတွေ့မှ ပိုသေချာတာပါ။ ဗိဋကပညာလေ့လာရာမှာ ဆရာပြသနည်းနာကျမှ မှချသိဒ္ဓိ တန်ခိုးရှိ၏လို့ ဆိုထားတယ်၊ ဒီနည်းလေးတွေ စာအုပ်ထဲပါရုံနဲ့တော့ ဗေဒင်ဆိုင်ခန်း လူမနည်းလောက်ပါဘူး။ စာထဲက မရှင်းတာ တောင်လာမေးဦးမှာပါ။ ပိုပြီးတောင် လူစည်ဦးမှာပါ"

ဟု ပြောလိုက်ရာ ဆရာကြီးက...

"မင်းပြောတာတော့ ဟုတ်တုတ်တုတ်ရယ် ဒါပေမယ့် တစ်ယောက်ချင်း တစ်နေ့ချင်းကတော့ မလွယ်တော့ ဂဏန်းဗေဒင်နည်းကတော့ လွယ်မှာပဲ" ဟု ပြောလိုက်ရာ ကျွန်တော်က...

"ဘယ်နည်းပဲဖြစ်ဖြစ် အလွယ်တကူဖြစ်ဖို့ပဲ အရေးကြီးတယ်" ဟု ပြောလိုက်ရာ ဆရာကြီးက-

"ဒီလိုလုပ်ကွာ ငါ့ဆီမှာ မှတ်စုတစ်ခုရှိတယ်၊ အဲဒါမင်းကူးသွား။ အဲဒါက ဘာလဲဆိုရင် ဥပမာကွာ မင်းက ၉ ရက်မွေးတယ်မဟုတ်လား။ အဲဒါ ဂဏန်းဗေဒင်နည်းအရ ၉ ဂဏန်းသမားလို့ခေါ်တယ်၊ ၉ ဂဏန်းသမားအတွက် ကံကောင်းတဲ့ရက်၊ အကျိုးပေးဂဏန်း အရောင်၊ ကျောက်၊ အဲဒါတွေကို ဇယားနဲ့လုပ်ထားတယ်၊ မင်းက ၉ ဂဏန်းသမား ဇယားကြည့်လိုက်ရင် ကံကောင်းတဲ့ နေ့ဘယ်နေ့လဲ၊ အဲဒီနေ့ဆိုရင် အလုပ်စလုပ်ပေါ့ကွာ၊ ရက်ဆိုလဲ အဲဒီနေ့မှာကြံစည်ပေါ့ ဘာရောင် လေးဝတ်ရမလဲ ဒါမျိုးပေါ့၊ အဲဒါဆိုရင် အဆင်မပြေနိုင်ဘူးလား" ဟု

ပြောလိုက်ရာ ကျွန်တော်က...

"အဲဒါလောက်ဆိုရင် လူတစ်ယောက်ဟာ သူ့ဘဝအတွက် ရွေးချယ်လို့တော့ရပါပြီ၊ ဂွတ်တယ် ဆရာကြီး"

ဟု ပြောလိုက်ရာ ဆရာကြီးက...

"ဂွတ်တယ်ဆိုရင် နှုးလိုက်ပေါ့ မောင်မောင်မြင့်အေးရေ၊ ဟောဒီ စာအုပ်ထဲမှာ မင်းလိုချင်တာတွေကို ကူးပေတော့ ဟုပြောပြီး စီးကရက်ကို တွင်တွင်ကြီးဖွာပြီး သင်ဖြူးဖျာပေါ် လှဲချလိုက်လေတော့သတည်း။

ကျွန်တော်ကူးယူထားသော ဇယားကို ဖော်ပြလိုက်ပါသည်။ မိတ်ဆွေ အတွက် လိုအပ်သလို အသုံးပြုနိုင်ပါသည်။

# ဂဏန်းဗေဒင်နိဒါန်း

(၁) မှ (၉) အထိ ဂဏန်းကိုးလုံးကိုမူ တည်ရသည်။မိမိမွေးသည့်ရက်စွဲကို အဓိကယူပါ။

ဥပမာ -

| | | | | |
|---|---|---|---|---|
| ၁၊၁၀၊၁၉၊၂၈ | ရက်တွင် | မွေးဖွားလျှင် | (၁) | ဂဏန်းသမား |
| ၂၊၁၁၊၂၀၊၂၉ | ရက်တွင် | မွေးဖွားလျှင် | (၂) | ဂဏန်းသမား။ |
| ၃၊၁၂၊၂၁၊၃၀ | ရက်တွင် | မွေးဖွားလျှင် | (၃) | ဂဏန်းသမား။ |
| ၄၊၁၃၊၂၂၊၃၁ | ရက်တွင် | မွေးဖွားလျှင် | (၄) | ဂဏန်းသမား။ |
| ၅၊၁၄၊၂၃ | ရက်တွင် | မွေးဖွားလျှင် | (၅) | ဂဏန်းသမား။ |
| ၆၊၁၅၊၂၄ | ရက်တွင် | မွေးဖွားလျှင် | (၆) | ဂဏန်းသမား။ |
| ၇၊၁၆၊၂၅ | ရက်တွင် | မွေးဖွားလျှင် | (၇) | ဂဏန်းသမား။ |
| ၈၊၁၇၊၂၆ | ရက်တွင် | မွေးဖွားလျှင် | (၈) | ဂဏန်းသမား။ |
| ၉၊၁၈၊၂၇ | ရက်တွင် | မွေးဖွားလျှင် | (၉) | ဂဏန်းသမား။ |

www.burmeseclassic.com


www.burmeseclassic.com

| ဂဏန်းသမား | ကံကောင်းသောနေ့ | ကံကောင်းသောရက် | မိမိ နှင့် မိတ်ဂဏန်း | အကျိုးပေးသည့်အရောင် | အကျိုးပေးသည့်ကျောက် | ဂြိုဟ် |
|---|---|---|---|---|---|---|
| ၁။ | တနင်္ဂနွေ တနင်္လာ | ၁၊ ၁၀၊ ၁၉၊ ၂၈ | ၁၊ ၂၊ ၄၊ ၇ | ရွှေရောင် အဝါရောင် | စိန်၊ ပတ္တမြား ပယင်း | တနင်္ဂနွေ (နေမင်း) |
| ၂။ | တနင်္ဂနွေ တနင်္လာ | ၂၊ ၁၁၊ ၂၀၊ ၂၉ | ၁၊ ၂၊ ၄၊ ၇ | အစိမ်းရောင် | ကျောက်စိမ်း ပုလဲ | တနင်္လာ (လမင်း) |
| ၃။ | ကြာသပတေး သောကြာ | ၃၊ ၁၂၊ ၂၁၊ ၃၀ | ၃၊ ၆၊ ၉ | အပြာရောင် ခရမ်းရောင် | ကျောက်နီ ဂေါမုတ် | ကြာသပတေး |
| ၄။ | တနင်္ဂနွေ တနင်္လာ | ၁၊ ၂၊ ၇၊ ၁၀ ၁၁၊ ၁၆၊ ၁၉၊ ၂၀၊ ၂၉ | ၁၊ ၂၊ ၄၊ ၇ | အညိုရောင် | နီလာ | ယူရေးနပ်စ် |
| ၅။ | တနင်္လာ ဗုဒ္ဓဟူး | ၂၊ ၅၊ ၁၁၊ ၁၄ ၂၀၊ ၂၃၊ ၂၉ | ၅၊ ၂၊ ၇ | မည်သည့်အရောင်နှင့်မဆို | စိန် ငွေ | ဗုဒ္ဓဟူး |
| ၆။ | အင်္ဂါ ကြာသပတေး သောကြာ | ၃၊ ၆၊ ၉၊ ၁၂ ၁၅၊ ၁၈၊ ၂၁ ၂၄၊ ၂၇၊ ၃၀ | ၃၊ ၆၊ ၉ | အပြာရောင် | ပုလဲ မြ | သောကြာ |
| ၇။ | တနင်္ဂနွေ တနင်္လာ | ၇၊ ၁၀၊ ၁၆၊ ၂၅ ၁၉၊ ၂၈ | ၁၊ ၂၊ ၄၊ ၇ | အစိမ်း အဖြူ | ပုလဲ ကျောက်နီ | နက်ပကျွန်း |
| ၈။ | စနေ | ၈၊ ၁၀၊ ၁၂၊ ၁၇ ၁၉၊ ၂၆ | ၁၊ ၃၊ ၈ | နက်ပြာရောင် | နီလာ ဂေါမုတ် | စနေ |
| ၉။ | အင်္ဂါ ကြာသပတေး သောကြာ | ၉၊ ၁၈၊ ၂၇ | ၃၊ ၆၊ ၉ | အနီရောင် ပန်းရောင် | ပတ္တမြား ကျောက်နီ | အင်္ဂါ |




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သူခိုး မခိုးနိုင်ပါ

(ဂါဦးနွန်းကို)

ရောက်ခဲ့ပြန်ပါပြီ။ နှစ်စဉ်နှစ်တိုင်း ဤအချိန် ဤကာလဆို ကျွန်မတို့မိသားစု မန်းရွှေစက်တော်ရာသို့ ဘုရားဖူးခရီး လာရောက်နေကျဖြစ်ပေမဲ့ ဘယ်သောအခါမှ ငြီးငွေ့သွားခြင်း မရှိ။ ဪ … ဘုရားဖူးခရီးဖြစ်တာကြောင့် ငြီးငွေ့ဖွယ်ရာလည်း မရှိ ပျင်းရိဖွယ်ရာလည်း မရှိ။ တစ်ချိန်လုံး ပျော်ရွှင်ခြင်းပီတိတွေနှင့် စိတ်ချမ်းမြေ့ ကြည်နူးနေခဲ့ရသည်။ လမ်းခရီးတစ်လျှောက် ဖုန်မှုန့် သဲမှုန့်တွေ ရှူရှိုက်ရင်း နွေညှဉ်းလို့ ပင်ပန်းခဲ့ရပေမဲ့ မန်းချောင်းရေကြည်ကြည်၌ ဆင်းစိမ်ကာ ချိုးလိုက်ရလျှင် အကြောအခြင်တွေ ပြေလျော့ကာ လန်းဆန်းအေးမြသွားရစမြဲ။ ဖြတ်နင်းလျှောက်သမျှ သက်ရှိတစ်တွေ၏ စိတ်ဆန္ဒ လိုအင်ပြည့်ဝစေဖို့ တချိုးချိုးတချွတ်ချွတ် မြည်သံတွေနှင့် ပါရမီဖြည့်နေလေတဲ့ ဝါး(ဝါးကာပ်)တံတားလေးများကလည်း မြင်ရသူ ကျွန်မအတွက် စိတ်ချမ်းမြေ့စရာ။

ဘယ်ကိုပဲ ကြည့်လိုက်ကြည့်လိုက် ပျဉ်နှင့်ဝါး ရောယှက်တည်ရှိနေတဲ့ တဲအိမ်စခန်းလှလှတွေက တသီတတန်းနှင့် အမြင်ဆန်းလှသည်။ တစ်ဖက်တစ်ချက်တွင် ညီရိပ်သာတဲအိမ်စုလေးတွေ စီရရီဖြင့် တည်ရှိနေပြီး အလယ်၌ မန်းချောင်းစီးဆင်းနေပုံကိုကြည့်ရင်း ကျွန်မအတွေးထဲတွင် လမ်းတစ်လျှောက် လှလင်ပျိုတို့ တန်းစီရပ်ကာ ငေးကြည့်နေခြင်းခံရသော မိန်းမပျိုလေးအဖြစ်နှင့် တင်စားကြည့်နေမိသည်။

"သမီးရေ … နှင့်ကြီးတော်ကြီး ထင်တိုင်းကြဲလိုက်ပြန်ပြီ။ အဖေက ဟိုဘက်မှာ အခန်းသွားစုံစမ်းနေတုန်း သူက ဒီဘက်မှာ ငှားနှင့်လိုက်ပြီတဲ့။ အဲဒါ ပြောပြီးဆိုပြီးနေပြီဆိုတော့ သူငှားတဲ့အခန်းကိုပဲ အဖေတို့ တည်းကြတာပေါ့ကွယ်"

ကျွန်မ မန်းချောင်းကိုငေးကြည့်ရင်း စိတ်ကူးလွင့်မြောနေစဉ် ဖေဖေ ကျွန်မအနားသို့ ရောက်လာကာ ဖြစ်စဉ်ကို ရှင်းပြလေတော့ ကျွန်မ စိတ်ညစ်သွားရသည်။

"ဟင် .. စိတ်ညစ်ပါတယ် ဖေကြီးရာ။ ကြီးပြုံးကတော့ ခက်ပါတယ်။ ကဲ မစုမွန် … ဘယ်လိုလုပ်ကြမလဲ"

ကျွန်မက နံဘေးမှ အစ်မဖြစ်သူကို စစ်ကူတောင်းလိုက်တော့ သူက မခုံးနှစ်ဖက်ကို တွန့်ပြလိုက်ရင်း …

"ခုမှတော့ ဘာတတ်နိုင်မှာလဲ။ အမေက သူ့အစ်မကြီးကို ချစ်လွန်းလို့ခေါ်လာတာပဲဟာ။ ဒီလောက်တော့ ဒုက္ခခံရတော့မှာပေါ့။ အထုပ်တွေသယ် .. လာ"

ကျွန်မအထုပ်တွေသယ်ယူရင်း စိတ်ထဲမှလည်း ကိုယ့်ကိုယ်ကို အားပေးနေမိသည်။

အို … ကြီးပြုံးကလည်း အ,တာမှ မဟုတ်တာ။ အခန်းစုတ်စုတ်တော့ ယူလောက်မယ် မထင်ပါဘူး။ အဲ … ခက်တာက သူက ဟိုတွက်ချက်၊ ဒီတွက်ချက်နဲ့ ဈေးပေါတာပဲမြင်ပြီး အခန်းမကောင်းရင် ဒုက္ခ။

ကျွန်မ ဟိုတွေးရင်း၊ သည်တွေးရင်း ဖေဖေဦးဆောင်ရာနောက်သို့ လိုက်လာခဲ့သည်။ ကျွန်မပြောခဲ့သည့်အတိုင်း မန်းချောင်းတစ်လျှောက်တွင် တည်းခိုခန်းတွေကတော့ တန်းစီကာနေလို့၊ ကျွန်မတို့ လှမ်းလျှောက်လာလိုက်ရင်း အောက်စက်တော်ရာနှင့် အတော်လှမ်းလှမ်း အထက်စက်တော်ရာတောင်ခြေနှင့် မနီးမဝေးလောက်တွင် တဲနှစ်တဲကြားလမ်းကလေးထဲသို့ ဖေဖေကွေ့ဝင်သွားသည်။

တဲသုံးတဲကပ်လျက်တွင်မှ အစွန်ဆုံး မန်းချောင်းဘက်ရှိ အခန်းဖြစ်သည်၊ အခန်းတွင်းသို့ လှမ်းကြည့်လိုက်ရင်း ကျွန်မ နည်းနည်းစိတ်ပျက်သွားမိသည်၊ အခန်းက အတော်ကျဉ်း၏။ နှစ်စဉ်ကျွန်မတို့လာတိုင်း တည်းခိုနေကျအခန်းတွေမှာ များသောအားဖြင့် အခန်းနှစ်ခန်းပါရှိ၍ အဝတ်အစားလဲလှယ်ရသည်မှာလည်း အဆင်ပြေ၊ ပစ္စည်းထားသိုသည်မှာလည်း အဆင်ပြေသည်။ ယခုများတော့ အခန်းမှာ တစ်ခန်းထည်းဖြ

www.burmeseclassic.com

သည့်အပြင် အတော်ငှလေးကို ကျဉ်းမြောင်းလှသည်။ ကျွန်မ တစ်ခုခုပြောရန် ပြင်လိုက်စဉ် ကျွန်မအစ်မက ကျွန်မကို တိတ်တိတ်နေရန် မျက်ရိပ်မျက်ကဲပြကာ တားမြစ်လိုက်သည်။

"ကဲ ... ငါ့တူမတွေ ဘယ်လို တုံး။ ညည်းတို့ကြီးတော်ကြီး တော်တယ် မဟုတ်လား။ နင်တို့အဖေတောင် မငှားရသေးဘူး။ ငါငှားလိုက်ပြီ။ ဟဲ့ ... ဈေးလည်း သက်သာတယ်အေ့"

ကြီးပြုံး ထိုသို့ပြောတော့မည်ဆိုတာ ကျွန်မသိနှင့်ပြီးသား။ အမြဲလိုလို စိတ်ထင်တိုင်း မတိုင်မပင်လုပ်တတ်သည့်၊ စကားကို အော်ကျယ်အော်ကျယ် ပြောတတ်သည့် ကြီးဒေါ်ကြီးကို ကျွန်မ တစ်ခါတစ်ခါ စိတ်ပျက်မိသည်။ ယခုလည်းကြည့်၊ ကျွန်မမိဘများနှင့် မတိုင်ပင်ဘဲ ဈေးပေါ်ရာအခန်းတစ်ခန်းကို ငှားခဲ့သည့်အတွက် နောက်ဆက်တွဲပြဿနာတွေက ကျွန်မတို့ခေါင်းပေါ်သို့ ရောက်လို့လာတော့မည်။

"အပြုံး ... နင်ကလည်း ငါတို့ကို မတိုင်ပင်ဘူး။ ဈေးပေါ်တာက အရေးမဟုတ်ဘူး။ ခိုင်ဖို့ခံ့ဖို့၊ အခန်းကျယ်ဖို့လိုတာ"

"ကိုခင်မောင် ... နင်မပြောနဲ့။ ငါသိတယ်။ အေးသန်းနဲ့ တိုင်ပင်ပြီးမှ ငှားတာ။ ဘာမှ အပြစ်လာမပြောနဲ့"

ကြီးပြုံးနှင့် ပြိုင်ပြောလျှင် ရှုံးလိမ့်မည်ကို သိသောကြောင့် ဖေဖေဆိတ်နေလိုက်သလို ကျွန်မတို့လည်း အခန်းထဲသို့ အထုပ်အပိုးတွေ သယ်သွားလိုက်သည်။ အခန်းထဲတွင် မေမေက ရှိုရှိုလေးထိုင်ရင်း ကျွန်မတို့နှစ်ယောက်ကို အပြုံးဖြင့် ဆီးကြိုနေသည်။

"မေမေ ... အခန်းက ကျဉ်းလည်းကျဉ်းတယ်။ ဘုရားနဲ့လည်းဝေးတယ်။ ကြီးပြုံးကလည်း ဘာမှန်းလည်း မသိဘူး။ ဖေဖေငှားနေကျကို ဖေဖေပဲ ငှားပလေ့စေပေါ့။ မေမေကရော ဘာဖြစ်လို့ မတားတာလဲ"

"အို ... သမီးငယ်ကလည်း သူလုပ်ချင်ရင် အမေ ဘယ်တုန်းက တားလို့ရလို့လဲ။ သူက အပျိုကြီးဆိုတော့ ခုလိုပဲ ထင်တာလုပ်တာ အကျင့်ပါနေပြီ။ တစ်ခါတလေမှလိုက်လာတဲ့ သူ့ကို မငြိုငြင်ပါနဲ့ကွယ်"

မေမေက လေပြေလေးနှင့် ပြောလိုက်တော့ ကျွန်မတို့လည်း ဘာမျှ မဆိုသာတော့။ ကျွန်မကိုယ်တိုင်ကလည်း ပျော်ရွှင်စရာ ဘုရားဖူးခရီးစဉ်တစ်ခုကို ဘာမဟုတ်တာလေးနှင့် စိတ်အညိုးအနွမ်း မခံချင်။ မေမေပြောသလိုပင် တစ်ခါတလေမှ လိုက်ပါလာတတ်တဲ့ ကြီးတော်ကြီးကို သည်းခံကာနေလိုက်သည်။ အထုပ်အပိုးများ သယ်ချအပြီးတွင် ပါလာသောဖျာများခင်းကာ နားနားနေနေ နေကြသည်။ အချိန်က နေ့လယ် (၁)နာရီခွဲကျော်ကျော်သာ ရှိသေးတာကြောင့် မန်းချောင်းထဲ ရေဆင်းချိုးဖို့လည်း အဆင်မပြေ၊ ဘုရားပေါ်တက်ဖို့လည်း ပူအိုက်သေးသည်ကြောင့် ကျွန်မတို့အားလုံး ခဏတစ်ဖြုတ် နားနေလိုက်ကြသည်။ ထိုစဉ် ကြီးတော်ကြီးက တစ်မျိုးစပြုန်သည်။

"ဟဲ့ ... ကြားကြလား။ အနှိပ်သည်တဲ့။ ငါညောင်းနေတာနဲ့ အနှိပ်ခံဦးမှ"

"မမကြီးကလည်း ခဏနားလိုက်ရင် သက်သာသွားမှာပေါ့။ ဘာလုပ်ဖို့ အနှိပ်ခံမှာလဲ"

မေမေက တားမြစ်လိုသောသဘောဖြင့်ပြောသော်လည်း စိတ်မြန်လက်မြန်ရှိသော ကြီးပြုံးက အနှိပ်သည်ကို လှမ်းပင်ခေါ်လိုက်ပြီ။

"ဒေါ်ဒေါ် ... အနှိပ်ခံမလို့လား"

"အေး ... လုပ်စမ်းပါဦး"

အနှိပ်သည်မိန်းမက အခန်းကျဉ်းလေးထဲသို့ ဝင်လာလေသည်။ ကျွန်မ တို့လည်း သူစိမ်းဝင်လာသောကြောင့် ထဲ လျှောင်းနေရာမှ ထထိုင်လိုက်ရင်း ထိ အမျိုးသမီးကို ဘာရယ်ညာရယ်မဟုတ် အကဲခတ်ကြည့်မိသည်။ အသက်သုံး ဆယ့်ငါးနှစ်ဝန်းကျင်လောက် ရှိပုံရပြီး အညာသူပုံစံမျိုး။ အသားညိုညို၊ ထောင် ထောင်မောင်းမောင်း ဖြစ်သည်။ အင်္ကျီ ခပ်နွမ်းနွမ်း၊ လုံချည်ခပ်မွဲမွဲကို ဝတ်ဆင် ကာ ဆံပင်ကို ဖြစ်သလိုထုံးဖွဲ့ထားပြီး လွယ်အိတ်တစ်လုံးကို လွယ်ထားသည်။ ပုံစံကြည့်ရသည်မှာ လည်လည်ဝယ်ဝယ် ရှိပုံရသည်။

"ဒေါ်ဒေါ် .. ကျွန်မ ခြေထောက် ကနေ စနှိပ်ပေးမယ်လေ"

အနှိပ်သည်အမျိုးသမီးက ကြီးပြုံး ၏ ခြေချောင်းတို့ကို ခပ်ဆတ်ဆတ် ဆွဲ ခါလိုက်၊ ခြေဖဝါးကို နှိပ်နယ်လိုက် လုပ် ပေးရင်း ဟိုဟိုသည်သည် မျက်စိကစား သလို ကြည့်နေသည်ကို ကျွန်မ မြင်မိ ၏။

"သမီးက ဒီမှာ ဒီလိုပဲ လိုက်နှိပ် ပေးတာလား။ ဘယ်မှာနေလဲ"

ကြီးပြုံးက အနှိပ်ခံရင်း ရောက် တတ်ရာရာ စကားစလိုက်သည်။

"ဟုတ်ကဲ့ ဒေါ်ဒေါ်။ ကျွန်မ နေ နွေးလည်းရောင်းတယ်။ နေတာကတော့ ဟိုဘက်ရွာမှာပဲ"

"ဪ ... အေး။ အမလေး .. ကျွတ်ကျွတ်"

ထိုအမျိုးသမီးက ပေါင်ရင်းကြော ကို ကိုင်လိုက်၍ ကြီးပြုံးတကျွတ်ကျွတ် အော်ရင်း မျက်နှာရှုံ့သွားသည်ကို ကြည့် ပြီး ကျွန်မတို့ညီအစ်မနှစ်ယောက် တစ် ဖက်လှည့်ကာ ပြုံးလိုက်ကြသည်။

"သမီးနာမည်က ..."

"စမ်းထွေးပါ"

"အေး ... မစမ်းထွေးလို့ ခေါ် မယ်။ မစမ်းထွေး ... ဒေါ်ဒေါ်တို့



www.burmeseclassic.com

www.burmeseclassic.com

…နှံကုန်က။ ဒေါ်ဒေါ်နာမည်လည်း မှတ်…ဘာဦး … ပြုံးပြုံးတဲ့။ ဒေါ်ဒေါ်က အပျို…ကြီး။ ဟိုဟာက ဒေါ်ဒေါ်ညီမ အေးသန်း…တဲ့။ ဟိုနှစ်ယောက်က တူမတွေ။ ရှေ့က…ကားက ဒေါ်ဒေါ်တို့ကား။ ဒေါ်ဒေါ်က အပျိုကြီးဆိုတော့ ဘယ်သူမှ အားကိုးလို့…ရဘူးလေ။ တူမဆိုတာကလည်း သိ…ဘယ်မဟုတ်လား။ အတူနေတုန်း အကုန်…,သွားမှာ။ ဒါ့ကြောင့် ကိုယ့်ကိုယ်ကိုပဲ အားကိုးရတယ်''

''ဟုတ်တာပေါ့''

မစမ်းထွေးဆိုသော ထိုအမျိုးသမီး…က ကြီးပြုံးအကြိုက် လိုက်ပြောရင်း ခြေ…သလုံးတွေကို နှိပ်နယ်ပေးနေသည်။ ကျွန်မကတော့ ကြားနေကျစကားတွေမို့…မဲ့ပြုံဖို့ပင် သတိမရ။ ကြီးပြုံး၏ ဝသီပဲ…လေဟုပင် ဥပေက္ခာပြုထားလိုက်မိသည်။

''ငွေက အဓိကမဟုတ်လား။ ငွေ…ရှိရင် လူဆိုတာ ဖြစ်လာမှာပဲ။ ဒါ့ကြောင့်…မို့ ကိုယ့်ရှိတဲ့ ရွှေငွေတွေကို ကိုယ်နဲ့မကွာ အမြဲထားတယ်။ ဘယ်သွားသွား ကိုယ့်…အိတ်ထဲ အမြဲထည့်သွား …''

''မမကြီး … ရေချိုးတော့မယ် လေ။ အနှိပ်ခံတာ တော်တော့နော်။ သမီးရေ … ဘယ်လောက်ပေးရမလဲ''

မေမေက ကြီးပြုံးစကားကိုဖြတ်ပြောရင်း မစမ်းထွေးကို မေးလိုက်သည်။

''သုံးထောင်ပါ ဒေါ်ဒေါ်''

မေမေက ပိုက်ဆံထုတ်နေစဉ်…ကြီးပြုံးက ငါအနှိပ်ခံလို့မပြီးသေးဘူးဟု…ပြောနေသေးသည်။ မေမေက ကြီးပြုံး၏…စကားကို လျစ်လျူရှုပြီး မစမ်းထွေးကို…ပိုက်ဆံပေးလိုက်၍ မစမ်းထွေး ထွက်…သွားကာမှ …

''မမကြီးကတော့ ခက်တာပဲ။ …ဘာဖြစ်လို့ အန္တရာယ်ကို ဖိတ်ခေါ်ချင်…တာလဲ။ ကိုယ်မပြောလည်း ဘာဖြစ်မှာ…ဆို့လဲ။ ခု အဲသလိုပြောတော့ကော…ဘာအကျိုးထူးလို့တုံး''

''ဟဲ့ … ငါက ရောက်တတ်ရာရာ ပြောတာပဲ။ ဘာဖြစ်သွားနိုင်လို့လဲ''

''ဩော် … မပြောရင် ကိုယ့်ဆီမှာ ပါမှန်း၊ မပါမှန်း ဘယ်သူမှမသိဘူး။ ခုလို မမကြီးပြောလိုက်တော့ မစမ်းထွေး သိသွားပြီ။ သူကသာ သူခိုးတွေကို လက်ထောက်ချရင် ဘယ့်နှယ်လုပ်မလဲ''

မေမေ့အပြောကြောင့် ကျွန်မပင် မျက်လုံးပြူးသွားမိသည်။ ဟုတ်ပါရဲ့။ ကျွန်မတောင် စောစောက မတွေးမိပေ။ သို့ကြောင့်သာ ကြီးပြုံး၏ပြောရိုးပြောစဉ် အကြောင်းအရာတစ်ခုလို့ပဲ တွေးကာ ခပ်အေးအေး နားထောင်နေမိခြင်း ဖြစ်သည်။ ယခုလို မေမေပြောလိုက်မှ ကျွန်မစိတ်နည်းနည်းပူသွားသည်။

''အေးဟယ်။ ဘယ်လိုလုပ်ကြမတုံး။ နင်က နင့်ပစ္စည်းတွေ ပါသွားလည်း နင့်သားသမီးတွေ ကျန်သေးတယ်။ ငါက ဒီပစ္စည်းတွေမရှိရင် မဖြစ်ဘူး။ ဘယ်လိုလုပ်မလဲ''

''လာခိုးပါ့မယ်လို့ အသေအချာ ပြောတာမှ မဟုတ်တာ။ ဖြစ်တတ်တာကို ပြောပြတာ။ သိပ်လည်း စိတ်ပူမနေပါနဲ့။ မစမ်းထွေးကို နာမည်လည်း မေးထားလိုက်တာပဲ။ တစ်ခုခုဖြစ်ရင် သူ့တာဝန် မကင်းဘူးဆိုတာ သူလည်း နားလည်မှာပါ။ မမကြီးသာ နောင်တွေ့ရာလူ လျှောက်မပြောမိစေနဲ့ဦး''

''အေးပါဟယ်''

ကြီးပြုံး၏ အေးပါဟယ် စကားကို ကြားတော့ ကျွန်မ သက်ပြင်းချလိုက်မိသည်။ ကြီးပြုံး၏ အေးပါဟယ်က မကြာခဏ ကြားဖူးနေကျ စကာတွေထဲက တစ်ခုမဟုတ်ပါလား။

မန်းချောင်းရေသည် စိမ်းလဲ့လို့ ကြည်နေပြီး ရေစီးလည်း မဆိုသလောက်လေးသန်သည်။ ချေပြင်ပေါ်တွင် ကိုယ်ကို ဖော့ကာနေလိုက်လျှင် ခပ်လှမ်းလှမ်းသို့ မျောပါသွားတတ်သည်ကိုသိ၍ ကျွန်မတို့ အကြာကြီးဆော့ကာစားနေမိသည်။

''သမီးတို့ရေ … ရေထဲမှာ ခဲလုံးလေးတွေ ပြေးနေအောင် ပစ်တဲ့နည်း ဖေဖေပြမယ်''

''ဖေဖေပစ်တတ်လား။ သမီးတို့ကို သင်ပေးလေ''

ချေပြင်ပေါ်တွင် ခဲလုံးလေးကို သုံးလေးခေါက် ခုန်သွားအောင် ပစ်သောပုံကို ကိုရီးယားကားတွေထဲတွင် ကျွန်မ မကြာခဏ တွေ့မြင်ဖူး၍ ပစ်တတ်ချင်ခဲ့သည်မှာ ကြာပြီဖြစ်သည်။ ယခု ဖေဖေ ပစ်တတ်သည်ဟု သိရသဖြင့် အတော်ဝမ်းသာအားရ ဖြစ်သွားရသည်။ ဖေဖေက ခပ်ရွယ်ရွယ် ခဲလုံးလေးကို ကောက်လိုက်ပြီး လက်ညှိုးလက်မနှင့် ခပ်ဖွဖွ ကိုင်ကာ ချေပြင်ပေါ်သို့ ရှပ်ပြေးရုံ ပစ်လိုက်သည်။

''ဟာ … သုံးခေါက်တောင် ခုန်တယ်။ ပျော်စရာကြီး။ သမီးတို့လည်း ပစ်ကြည့်မယ်''

ကျွန်မ ခဲလုံးတစ်လုံးကို ကောက်ကာ ဖေဖေပစ်လိုက်သည့်အတိုင်း ပစ်ကြည့်သေးသည်။ တစ်ခါတည်း ရေထဲသို့ ပလုံ့ခွပ်ခနဲ မြုပ်သွား၏။ မစုမွန်လည်း သည်အတိုင်း။ သုံးလေးငါးခေါက်သာမက အကြိမ်ကြိမ်ပစ်ကြည့်ပြီးသည့်အခါတွင်တော့ ရေပေါ်ရှပ်ပြေးသည့် ခဲလုံးပစ်နည်းကို ကျွန်မတို့နှစ်ယောက် တတ်မြောက်သွားကြသည်။ မန်းချောင်းတွင်းမှ ပြန်တက်လာသည့်အခါ တစ်ကိုယ်လုံး အကြောအခြင်များ ပြေလျော့လန်းဆန်းသွားသည်ဆိုပေမဲ့ ခဲလုံးပစ်နည်းလေ့ကျင့်လိုက်ရသည့် ဘယ်ဘက်လက်ကမူ ညောင်းကိုက်လျက်ရှိလေသည်။

ညနေအတော်စောင်းပြီ။ ကောင်းကင်ယံတွင် တိမ်ဖြူတိမ်မည်းတို့ ပုစွန်ဆီရောင် ထွန်းတောက်လျက်ရှိစဉ်တွင် ကျွန်မတို့ စားသောက်ပြီးခဲ့ပြီဖြစ်၍ အောက်စက်တော်ရာသို့ သွားရောက်ဖူး



www.burmeseclassic.com

www.burmeseclassic.com

ဖြော်ရန် ပြင်ဆင်ကြတော့သည်။

"သမီးတို့ရေ . . . မေမေတို့ သွားနှင့်တော့မယ်။ သမီးတို့ရဲ့ ကြိုးတော်ကြိုးကို သမီးတို့ပဲ စောင့်ခေါ်ခဲ့ကြတော့နော်"

ကြီးပြုံးက စားတာသောက်တာ နောက်ကျနေ၍ ဖေဖေက စိတ်မရှည်တော့သည်ကြောင့် ဖေဖေနှင့် မေမေ အလျင်ထွက်သွားနှင့်ကြတော့သည်။

"ဟဲ့ . . . ပိုက်ဆံအိတ်က လေးလိုက်တာဟယ်။ ငါ့ခရီးဆောင်အိတ်ထဲ ဖွက်ထားခဲ့ရင် ကောင်းမလား"

"ဩော် . . . ကြီးပြုံးကလည်း ကိုယ့်ပိုက်ဆံအိတ်လေးတောင်ကိုယ် မသယ်ချင်လို့ ဘယ်ဖြစ်ပါ့မလဲ။ သယ်ခဲ့ပါ။ လမ်းကျရင် ဒီတူမတွေကို မုန့်ဝယ်ကျွေးပေါ့"

"အမလေး . . . အဲဒါတွေလည်း ကြောက်ပါရဲ့"

"မကြောက်ပါနဲ့၊ နောက်တာပါ။ ပြင်ဆင်လို့ပြီးရင် အခန်းအပြင်ကို အမြန်ထွက်ခဲ့ပါတော့၊ သွားကြရအောင်၊ မေမေတို့သွားတာ ကြာပြီ"

"အေး . . . အေး"

ကျွန်မတို့ အခန်းတံခါးပိတ်ကာ ထွက်လာချိန်တွင် အပြင်လောကကြီး တစ်ခုလုံး နေအလင်းရောင် လုံးလုံးပျောက်ကာ လရောင်ချမ်းမြပင် ဖြာကျလျက်ရှိနေပြီ။ အခန်းသော့က တစ်ချောင်းတည်းရှိသောကြောင့် အောက်စက်တော်ရာတွင် မေမေ၊ ဖေဖေတို့နှင့် တွေ့မှဖြစ်မည်။

ကျွန်မတို့ ဘုရားသို့ရောက်တော့ ညနေခြောက်နာရီခွဲ။ အောက်စက်တော်ရာတွင် ဘုရားဖူးခရီးသည်များဖြင့် စည်ကားလို့နေသည်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဓမ္မမိတ်ဆွေတွေ ဤဘုရားပွဲကာလတွင် လာရောက်ပူဇော်ဖူးမြော်ကြသည်ကိုကြည့်ရင်း ကျွန်မရင်ထဲ ဝမ်းသာပီတိ ဖြစ်မိသည်။

ကျွန်မ အောက်စက်တော်ရာကို ဖူးမြော်ရင်း အသေအချာလည်း လှမ်းမျှော်ကြည့်ရှုနေမိသည်။ လှမ်းမျှော်ကြည့်ရှုသည်ဆိုရခြင်းမှာ အောက်စက်တော်ရာ ဂန္ဓကုဋီတိုက်အတွင်းသို့ အမျိုးသမီးများ ဝင်ခွင့်မရှိသောကြောင့် ဖြစ်သည်။

"ဖြူရေ . . . ဟိုကန်ထဲမှာ နဂါးတွေ ရှိနိုင်တယ်နော်"

"ဟင် . . . ဘာဖြစ်လို့လဲ"

မစုမွန်၏စကားကြောင့် ကျွန်မ တအံ့တဩ မေးလိုက်မိသည်။ ကျွန်မသည်ကိုရောက်တိုင်း ထိုကန်ကြီးကို တွေ့မြင်နေရစမြဲ ဖြစ်ပေမဲ့ နဂါးရှိသည်ဟု တော့ တစ်ခါမျှ မကြားဖူးပေ။

"အောက်စက်တော်ရာကို မြတ်စွာဘုရားထံကတောင်းတာ နဂါးမင်းကြီးတဲ့လေ။ ဒီတော့ ဒီကန်ထဲမှာ နဂါးတွေ ရှိချင်ရှိနေမှာပေါ့"

"အင်းနော် . . . ဖြစ်တော့ဖြစ်နိုင်တယ်"

ကျွန်မတို့နှစ်ယောက် စကားပြောဆိုရင်း လျှောက်လာစဉ် မေမေနှင့် တွေ့သည်။ မေမေ့ပုံစံက တစ်ခုခုကို ပျာယီးပျာယာဖြစ်နေပုံရ၏။

"စုမွန်ရေ . . . သော့ရော"

"ဟင် . . . မေမေ ပြန်တော့မလို့လား။ ဘုရားဖူးလို့ ပြီးပြီလား"

"ဟို . . . မေ့မေ့စိတ်ထဲ တစ်မျိုးကြီးဖြစ်နေလို့။ ဘုရားရှိခိုးပြီး ပုတီးစိပ်နေတုန်း စိတ်က အခန်းကိုပဲ ပြန်ချင်နေတယ်။ တစ်ယောက်ယောက်က လှုံ့ဆော်နေသလိုပဲကွယ်။ နောက်ပြီး ခေါင်းလည်းကိုက်နေလို့ ဆေးပြန်သောက်ရင် ကောင်းမလားလို့"

"ဟယ် . . . မေမေ နေမကောင်းဘူးလား။ သမီးတို့ ပြန်လိုက်ပို့မယ်လေ"

"နေပါစေ၊ မေမေဆေးသောက်ပြီး ပြန်လာခဲ့မယ်။ သမီးတို့ ပုတီးတွေ ဘာတွေ စိပ်လေ"

"ဟုတ်ကဲ့။ မေမေ ပြန်လာခဲ့နော်"

မစုမွန်ဆီကသော့ကိုယူပြီး မေမေ ထွက်သွားသည်ကိုကြည့်ရင်း ကျွန်မစိတ်ထဲ တစ်မျိုးကြီးခံစားမိသည်။ မေမေနေမကောင်းသည့်အပေါ် စိုးရိမ်ပူပန်နေခြင်းများလား။

ကျွန်မ ရတနာသုံးပါးကို ပုတီးသုံးပတ်လောက်စိပ်ပြီးသည်အထိ မေမေ ပြန်ရောက်မလာ၍ မစုမွန်နှင့်တိုင်ပင်ကာ အခန်းသို့ ပြန်ခဲ့ကြသည်။ အခန်းသို့ ရောက်တော့ ဖေဖေရောက်နှင့်နေပြီ။

"ဖေဖေ ပြန်ရောက်နေပြီပဲ။ ကြာပြီလား။ မေမေရော . . ."

ကျွန်မတို့နှစ်ယောက် အခန်းတွင်းသို့ မဝင်သေးဘဲ အပြင်တွင်ရပ်နေသော ဖေဖေ့ကို တွေ့၍ မေးလိုက်မိ၏။

"နင့်အမေ အိမ်သာသွားတယ်။ နင်တို့ကိုလည်း စိတ်ဆိုးနေတယ်"

"ဟင် . . . ဘာဖြစ်လို့လဲ။ သမီးတို့ လိုက်ပို့မယ် ပြောပါသေးတယ်"

"လိုက်မပို့လို့ စိတ်ဆိုးတာမဟုတ်ဘူး။ နင့်အမေ စည်းကမ်းကြီးမှန်း နင်တို့သိသားနဲ့။ ဘာဖြစ်လို့ အဝတ်အစားတွေကို ဖွခဲ့ရတာလဲ"

"ရှင် . . ."

ကျွန်မတို့ ညီအစ်မနှစ်ယောက် ပြိုင်တူရေရွတ်လိုက်မိသည်။ ဖေဖေ မျက်လုံးဖြင့် အခန်းတွင်းသို့ ညွှန်ပြလိုက်၍ ကျွန်မတို့နှစ်ယောက် အခန်းထဲ အလျင်အမြန် ပြေးဝင်လာလိုက်တော့ ဟုတ်ပါရဲ့။ မေမေ စိတ်ဆိုးချင်စရာ၊ စိတ်တိုချင်စရာကောင်းလောက်အောင် တခန်းလုံး အဝတ်အစားတွေဖြင့် ရှုပ်ပွလို့ ယူလာသော ခရီးဆောင်အိတ်လေး အိတ် အတွင်းမှအဝတ်တွေအားလုံး အပြင်မှာ အတုံးအရုံး ဖရိုဖရဲပြန့်ကျဲလို့နေသည်။

"မစုမွန် . . . ဘယ်လိုဖြစ်တာလဲ သ . . . သရဲများ ခြောက်သလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... နင်ကလည်း လုပ်တော့မယ်။ ဘာသရဲခြောက်ရမှာလဲ။ ကြီးပြုံးလုပ်တာနေမှာပေါ့"

မစုမွန်က အဝတ်ပုံဘေးတွင် ဝင်ထိုင်ရင်း ဖြေလိုက်သည်။

"အာ ... ဘာဖြစ်လို့ သူက ဖွမှာလဲ။ ဖွခြင်းဖွ သူ့အိတ်ပဲ သူဖွမှာပေါ့။ ခုဟာက အဖေ့အိတ်လည်းပါတယ်"

ဟုတ်လည်းဟုတ်သည်။ ကြီးပြုံးက ဖေဖေ့အိတ်ကို ဝင်မွှေစရာအကြောင်း မရှိ။

"ဟိုမှာလေ ..။ ခြင်ထောင်တွေ၊ စောင်တွေ၊ သူ့ဒါတွေရှာရင်း ပွကုန်တာနေမှာပေါ့။ မေမေလာမှ တိုင်ပြောရမယ်"

ထိုသို့ ကျွန်မတို့ပြောဆိုနေစဉ် ကြီးပြုံးရောက်ချလာသည်။ အခန်းထဲသို့ ဝင်လာရင်း မြင်လိုက်ရသည့်မြင်ကွင်းကြောင့် သူ့ထုံးစံအတိုင်း မျက်လုံးကြီးပြူးသွားသည်။

"ဟဲ့ ... နင်တို့ ဘာလုပ်ထားကြတာလဲ ငါ့အိတ်ကို။ အမလေး ... ဒီအကျီက နှစ်သောင်းကျော်တယ်ဟဲ့။ ကြမ်းညစ်ညစ်ပတ်ပတ်မှာချထားရလား"

ကြီးပြုံးက သူ့အကျီတစ်ထည်ကို ကောက်ယူရင်း ကျွန်မတို့ကို ဆူလိုက်သည်။ ကျွန်မတို့နှစ်ယောက် မျက်လုံးထပ်ပြူးသွားရပြန်သည်။

"ဟင် ... ကြီး ... ကြီးပြုံးဖွထားတာ မဟုတ်ဘူးလား"

"ဟာ ... ငါက ဘာလုပ်ဖို့ ဖွရမှာလဲ။ နင်တို့နော်။ အဆူခံထိမှာစိုးပြီး ခြောင်မလိမ်နဲ့"

"ဟော ... မေမေပြန်လာပြီ။ ဒါတွေ ရောက်လာကတည်းက ပွနေတာလား။ သမီးတို့တစ်ယောက်မှ ဖွထားတာ မဟုတ်ဘူး"

ကျွန်မတို့စကားကြောင့် မေမေပါ မျက်လုံးပြူးသွားရတော့သည်။ ထိုအခါမှ အဖြေတစ်ခုကို မေမေတွေးမိလိုက်ပုံဖြင့် မီးလုံးခပ်မှိန်မှိန်အောက်က အခန်းပတ်လည်ကို ဝေ့ဝဲကာကြည့်လိုက်သည်။

"ဟိုမှာ ... ဟိုမှာ"

မေမေညွှန်ပြရာဆီသို့ ကျွန်မတို့အားလုံး မျက်လုံးများရောက်ရှိသွားတော့ ထရံနှစ်ခုကို နီးဖြင့် တုပ်နှောင်ထားရာကြားတွင် နီးကြိုးကိုဖြတ်လျက် လုပ်ထားသော အပေါက်တစ်ပေါက်။ ရုတ်တရက်ကြည့်လိုက်လျှင် ထရံကာရံနေခြင်းကြောင့် မမြင်တွေ့နိုင်။

"အမလေး ... အဖေကြီးရေ့ လာပါဦး။ ကျွန်မတို့အခန်းကို သူခိုးဝင်တာတော့"

မေမေ့စကားသံကို ကြားတော့ ဖေဖေပြေးဝင်လာသလို ကျွန်မတို့နှစ်ယောက်လည်း ရင်ဘတ်ဖိရင်း ဘုရားတမိသည်။ ကြီးပြုံးတစ်ယောက်ခမျာတော့ ပိုက်ဆံအိတ်ကို တင်းတင်းကျုပ်ကျုပ်ပိုက်ရင်း အဝတ်အစားတွေ ပျောက်မပျောက် စစ်ဆေးနေလေသည်။

ခဏအကြာတွင်တော့ ဖေဖေသွားခေါ်သဖြင့် သက်ဆိုင်ရာလူကြီးများ ရောက်ရှိလာကာ ကျွန်မတို့ကို လုံခြုံသည့် အခန်းတစ်ခန်းဆီသို့ ပြောင်းရွှေ့ပေးကြသည်။ အခန်းပိုင်ရှင်ကလည်း သူ့အခန်း မခိုင်ခံ့မှုကြောင့် ဖြစ်ရခြင်းဖြစ်၍ အနူးအညွတ် တောင်းပန်ရှာသည်။ တစ်စုံတစ်ရာ ပစ္စည်းအပျောက်အရှလည်း မရှိသဖြင့် ကျွန်မတို့လည်း အေးအေးဆေးဖြင့် ကျေအေးလိုက်ကြသည်။

"ဟယ် ... တော်သေးတာပေါ့။ ငါပျင်းပျင်းနဲ့ ပိုက်ဆံအိတ်ကြီးထားခဲ့တော့မလို့။ ခုလောက်ဆို ပါသွားလောက်ပြီ"

"သမီးပြောလို့ပါနော်"

"အေးပါ ... ငါ့တူမလေးရယ်။ ကြီးပြုံး မုန့်ဝယ်ကျွေးပါ့မယ်"

"ဒါနဲ့ တော်တော်အံ့ဩဖို့ကောင်းတယ် သမီးရဲ့။ မေမေလေ ဒီလောက်လည်း ခေါင်းကိုက်တာ မဟုတ်ဘူး။ ဖုံမှုန့်ဆို မေမေပုတီးစိပ်ပြီးရင် တရားပါ တစ်နာရီလောက် ထိုင်ဦးမှာ။ ခုကျတော့ စိတ်ထဲက ဘယ်လိုဖြစ်လာလဲ မပြောတတ်ဘူး။ အခန်းကို တစ်ယောက်ယောက်က ပြန့်ဖို့ တိုက်တွန်းနေသလိုပဲ"

"ဟုတ်တယ် အေးရဲ့။ ကိုယ်ရောပဲ။ တရားထိုင်နေတုန်း တစ်ယောက်ယောက်က နားနားကိုကပ်ပြီး အခန်းကိုပြန်၊ အခန်းကိုပြန်လို့ လာပြောလို့ ကိုယ်ပြန်လာတာ"

မေမေနှင့် ဖေဖေ၏စကားများကြောင့် ကျွန်မတို့တစ်တွေ တအံ့တသြဖြင့် ကြည့်နူးဝမ်းသာဖြစ်ကြရသည်။

"အေးဟယ် ...။ အေးသန်းသာ နည်းနည်းနောက်ကျရင် ငါ့ရဲ့သောင်းကျော်တန် အဝတ်အစားတွေ ခုလောက်ဆို ပါသွားလောက်ပြီ။ ဒါ ... ဟိုအနှိပ်သည်မ လက်ချက်ပဲနေမယ်။ နင်တို့ မတိုင်လိုက်ဘူးလား"

"ခြေဉ် ... မမကြီးကလည်း၊ လက်ဆုပ်လက်ကိုင်လည်း ပြလို့မရ၊ နောက်ပြီး ကိုယ့်ပစ္စည်းလည်း တစ်ခုမှ ပါမသွားဘဲ သူများကို မစွပ်စွဲချင်ပါဘူး"

"ကဲ ... သမီးတို့ရေ။ ဒါရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးပဲ။ ကိုယ်သာသီလလုံပြီး ရတနာသုံးပါးသာ ကြည်ညိုု။ အခုလက်တွေ့ပဲ။ ဘယ်သူခိုးမှ မခိုးနိုင်ဘူး"

ဖေဖေ့ဆုံးမစကားက ကျွန်မတို့ နှလုံးအိမ်ထဲသို့ ကြည်လင်အေးမြစွာ စိမ့်ဝင်လာတော့သည်။ မန်းစက်တော်ရာ ညတစ်ညတွင် ဖေဖေပြောခဲ့သော ထိုစကားတစ်ခွန်းသည် ကျွန်မ၏စိတ်အာရုံတွင် ထာဝရစွဲထင်ကျန်ရစ်နေမည်သာ ဖြစ်ပါတော့သည်။

ဂါဦးနွန်းတို

www.burmeseclassic.com

www.burmeseclassic.com



# သေခြင်းကောင်းသောဘဝ လားရာကောင်းသောဂတိ

ကျိုက်ထော်-ခင်မိုးအေး(ဘီအေ)

လူတို့သည် သေရမည်ကိုကြောက်ကြသည့်အလျောက် မိမိသေရမည့်ဘေးအန္တရာယ်မှ အမျိုးမျိုးကာကွယ်ကြသည်။ လက်နက်ဘေးမှ ကင်းဝေးရန် အဆောင်များ၊ ဂါထာ၊ မန္တရားများဖြင့် ကာကွယ်ကြသည်။ ဖျားနာလျှင် ဆေးဝါးကုကြသည်။ မိမိနှင့်မသင့်သော အစားအစာများကို ရှောင်ကြသည်။ သို့သော်လည်း သေနေ့စေ့သူအတွက် ဆေးလည်း မရှိ ဆရာလည်း မရှိ။ သေဘေး ရှောင်ကြသူများသည် ရှောင်ရင်း သေကြရသည်။

သေခြင်းတရားသည် ရှောင်ကွင်းလို့မရပေ။ ဘဝခန္ဓာရှိသူတိုင်း သေကြရမှာ မလွဲပေ။ ပညာအမြော်အမြင်ရှိသော ဗုဒ္ဓဘာသာဝင် လူမျိုးတို့သည် သေရမည့်ဘေးကို အထူးမရှောင်ဘဲ သေလျှင် ကောင်းရာသုဂတိ ရောက်ရန်အတွက် ပြင်ဆင်ထားကြသည်။ တချို့သောသူများသည် နံနက်လင်းသည်နှင့် ကိုယ်လက်သန့်စင်ပြီး ဘုရားခန်းသို့ဝင်၍ ဘုရားရှိခိုးကြပါသည်။ မြတ်စွာဘုရားရှင်အား ဆွမ်း၊ သောက်တော်ရေချမ်းများ၊ ပန်းများကို ကပ်လှူပူဇော်ပြီး



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာပို့၊ အမျှဝေ စသည့်ကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည်။

ညအိပ်ရာဝင်လျှင်လည်း ဘုရားရှိခိုး၊ မေတ္တာပို့၊ သရဏဂုံဆောက်တည်၊ ဂုဏ်တော်ပွားကြပါသည်။ တချို့လည်း ဘာဝနာပွားကြသည်။ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများသည် နေ့စဉ်နှင့်အမျှကုသိုလ်ဒါနများ ပြုလုပ်ကြပါသည်။ ခရီးသွားသည့်အခါမှာလည်း ဘုရား၊ တရား၊ သံဃာဂုဏ်တော်များကို အာရုံပြုကာရွတ်ပွားနေကြပါသည်။ အိပ်နေရင်း၊ ထိုင်နေရင်းလည်း ဘုရားကို အာရုံပြုကြသည်။ ပုတီးစိပ်ကြသည်။ ထိုသူတို့သည် သေလွန်သော် နတ်ပြည်သို့ ရောက်ကြသည်။

အချို့သော သက်ကြီးရွယ်အို ဗုဒ္ဓဘာသာဝင်များသည် ရှေးက ဘာပဲလုပ်ခဲ့လုပ်ခဲ့သေခါနီး အချိန်ကာလတွင် ဘဝကူးကောင်းရန် ကြိုးစားကြသည်။ သေဖို့ရန် ပြင်ဆင်ကြသည်။

မြန်မာ့သမိုင်းတွင် ထင်ရှားသော ယောမင်းကြီး ဦးဘိုးလှိုင်သည် သေဖို့ရန်ပြင်ဆင်ပုံမှာ လွန်စွာအတုယူဖွယ်ကောင်းလှပေသည်။ ယောမင်းကြီးဦးဘိုးလှိုင်သည် မသေမီ တစ်လလောက်က သေခြင်းကို ပြင်ဆင်ခဲ့ပုံမှာ သူ၏သူငယ်ချင်းဖြစ်ခဲ့သော ဦးတူကို စစ်ကိုင်းမြို့မှ မှာယူ၍ မိမိနှင့် တစ်လလောက် အခန်းတွင်းမှ နေပြီး ငယ်စဉ်ကကဲ့သို့ ဘုန်းကြီးကျောင်းပညာသင်သကဲ့သို့ ရင်းရင်းနှီးနှီးဆက်ဆံပြီး ငယ်စဉ်ကကဲ့သို့ ဘုရားဝတ်တက်၊ ဘုရားရှိခိုးပြီး သာဓုခေါ်ပြီးမှ အိပ်ကြသည်။ တစ်ခါတစ်ရံလည်း စကားပြောကြသည်။ တရားဆွေးနွေးကြသည်။ ညစဉ် သူ့သူငယ်ချင်းအား မဟာသတိပဋ္ဌာန်သုတ်တော်ကို ရွတ်နိုင်းသည်။ ဤကဲ့သို့ နေ့စဉ်ပြုလုပ်ခဲ့ရာ တစ်လပြည့်သောနေ့တွင် "မောင်တူရေ ငါစောစော အိပ်မယ်။ ငါ့ကို မဟာသတိပဋ္ဌာန်တရားတော်ကို ရွတ်ဆိုပြီး သိပ်ပါကွယ်။ ငါ တရားနာရင်း အိပ်မယ်"ဟု ဆိုပြီး အိပ်ပျော်သွားသည်။ ထို့နောက် ဦးဘိုးလှိုင်အား သွားနှိုးသောအခါ ကွယ်လွန်အနိစ္စ ရောက်နေပေသည်။

၎င်းမှာ ယောမင်းကြီးဦးဘိုးလှိုင်၏ သေခြင်းကို ပြင်ဆင်ခြင်းဖြစ်ပါသည်။

အိပ်ရာထဲ လဲနေသူကို ဆွေမျိုးမိတ်ဆွေများ၊ အိမ်သူအိမ်သားများက ဘဝကူးကောင်းရန်အတွက် ပြင်ဆင်ပေးရန် လိုအပ်ပါသည်။ လူမမာအား စိတ်ဓာတ်မကျအောင်၊ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ဒေါသထွက်ခြင်း မဖြစ်အောင် အထူး ဂရုစိုက်ရသည်။ လူမမာ စိတ်ချမ်းသာအောင် ပြုလုပ်ပေးရမည်။

ကွယ်လွန်ခါနီးသူအား သူပြုလုပ်ခဲ့သည့်ဒါနကောင်းမှုများ၊ သီလဆောက်တည်မှုများ၊ ဘာဝနာပွားမှုများကို မမေ့စေရန် သတိပေးနှိုးဆော်နေရမည်။ တရားနာနိုင်ရန် သံဃာတော်များအား ဆွမ်းဆက်ကပ်ပေးခြင်း (သို့မဟုတ်) ပရိတ်တရားတော်များကို ဖွင့်လှစ်ပေးခြင်း စသည်တို့ကို ပြုလုပ်ပေးရမည်။

အရေးအကြီးဆုံးမှာ ကွယ်လွန်ခါနီးသော သူကိုယ်တိုင်ဖြစ်စေ၊ ကွယ်လွန်ခါနီးသော သူကလည်း သေခြင်းတရားကို လက်ခံနိုင်ရမည်။ ဘဝပေါင်းများစွာက သေဆုံးလာခဲ့ပြီး ဖြစ်၏။ သေခြင်းတရားသည် လွှဲရှောင်၍မရ၊ လက်မခံ၍မရသည့် သဘောတရားဖြစ်သည်။ ကံအားလျော်စွာပင် ယခုဘဝ ရောက်ရှိလာသကဲ့သို့ ကံအားလျော်စွာပင် ယခုဘဝမှ လွတ်သွားရမည်ကို သတ္တိရှိစွာလက်ခံနိုင်ရပါမည်။

အကယ်စင်စစ် လူ့ဘဝဟူသည် တွေ့ကြုံလာခဲ့သည့် သံသရာတစ်ခုလုံးနှိုင်းယှဉ်ပါက ခရီးရှည်သွားရာ၌ သစ်ပင်ရိပ်အောက်တွင် ခဏတွေ့ဆုံရသကဲ့သို့ ယခုဘဝ ဆွေမျိုးသားချင်း၊ သား၊ သမီး၊ ဇနီး၊ ခင်ပွန်း၊ အိမ်သူအိမ်သားများနှင့် တွေ့ကြုံရခြင်း ဖြစ်သည်။

တတ်နိုင်သမျှ သံယောဇဉ် ဖြတ်ထားပြီး နောင်ဘဝအတွက် ကောင်းရန် ကောင်းမှုကုသိုလ်များကို ပွားများပြီး မကောင်းမှုပြုသည်များကို မေ့ပျောက်ထားရမည်။

အိမ်သားများကလည်း မိမိတို့ဝမ်းနည်းပူဆွေးမှုများကို မဖော်ပြဘဲ စိတ်ချမ်းသာမှုရရှိစေရန်အတွက် ကုသိုလ်ကောင်းမှုများကို သတိရရှိစေရန် ပြုလုပ်ပေးရမည် ဖြစ်ပါသည်။

ကွယ်လွန်ခါနီးသူအား စိတ်အနှောင့်အယှက်မဖြစ်စေရဘဲ သူစိတ်ချမ်းသာစေရန် သူဆန္ဒရှိသည်များကို ဆောင်ရွက်ပေးရမည်။ အထူးသဖြင့် ဘုရား၊ တရား၊ အာရုံသို့ရောက်အောင်၊ စိတ်ညွတ်သွားအောင် သတိပေးနှိုးဆော်ရမည် ဖြစ်ပါသည်။ သို့မှသာ ဘဝကူးကောင်းမည် ဖြစ်ပါသည်။


ကျိုက်ထော်-ခင်မိုးအေး(ဘီအေ)

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အမေ့သားကြီး အိမ်အပြန်

(မြတ်ဗုဒ္ဓ၏ လက်ျာတော်ရံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာမထေရ်မြတ်၏ မိခင်မွေးကျေးဇူးဆပ်ခန်း)

■ သူတော်စိန်

မဇ္ဈိမဒေသ၏ နံနက်စောစော အခါသမယ ...။ အေးမြန်လန်းဆန်း၍ မြေသင်းနံ့လှိုင်နေသည်။ အရှေ့ဘက် မိုးကောင်းကင်တစ်ခွင်သည် မည်းမှောင်နေရာမှ တဖြည်းဖြည်း နီညိုရောင်သန်းလာသည်။ အရှေ့တစ်ခွင်ဆီမှ ခနသစ်သည် ထွက်ပြူစပြုနေလေပြီ။ သက်ရှိသက်မဲ့ အရာအားလုံး ပျော်ရွှင်ချမ်းမြေ့ရေးအတွက် ၎င်း၏ ရဲရဲနီ နေရောင်ခြည်ကို စတင်နှုတ်ခွန်းဆက်သည့်အလား လင်းလက်နေသည်။ တဖြည်းဖြည်း တရွေ့ရွေ့ အရှေ့မိုးကုပ်စက်ဝိုင်းအပေါ် ကြွတက်ရန် ကြိုးစားနေသည်မှာ ကြီးမားလှသည့် မီးကွင်းကြီးတစ်ခုကို ရှည်လျားလှသည့် မျဉ်းကြောင်းကြီးပေါ်တွင် ထိစပ်ရုံ တင်ထားသကဲ့သို့ ရှိပေသည်။

ပတ်ဝန်းကျင်တစ်ခွင်တွင် ရင်သပ်ရှုမော အံ့သြဖွယ်ဖြစ်သည်။ ထိုမြင်ကွင်းကို မြင်ရသူတို့နှလုံးသားဝယ် ကြည်နူးလေးမြတ်ခြင်းကို ဖြစ်စေသည်။

အို ... တိုမှာကြည့်ပါ။ နေမင်း၏ ဝိုင်းစက်သည့် ရောင်စဉ်ဝန်းနောက်ခံတွင် ကြည်ညိုဖွယ်ရာ ရဟန်းတော်များ ထွက်ပေါ်လာသည်။ သူတို့သည် တရွေ့ရွေ့ တဖြည်းဖြည်း ကြည်ညိုဖွယ် ခြေလှမ်းများဖြင့် ရာဇဂြိုဟ်အနီး နာဠက ရွာဆီသို့ ဦးတည်ကြွနေကြသည်။ သံဃာတော်များ၏ ရှေ့ဆုံးမှ ဦးဆောင်ကိုယ်တော်မှာ မြတ်ဗုဒ္ဓ၏ လက်ျာရံသာဝက အရှင်သာရိပုတ္တရာမထေရ်ပင် ဖြစ်လေသည်။ ဝင်းလက်နေသည့် သင်္ကန်းရောင်တို့သည် တက်သစ်စ နေမင်း၏ အရောင်ကိုပင် မှေးမှိန်စေသကဲ့သို့ ဖြစ်စေသည်။

www.burmeseclassic.com

သူတို့ အဘယ်သို့ ကြွသွားနေကြပါသနည်း။

အဘယ်ကြောင့် ကြွသွားနေကြပါသနည်း။

သံဃာတော် အတန်းကြီးသည် တဖြည်းဖြည်း ကြွတက်နေသည့် အဝါရောင် ဘောလုံးကြီး၏ စက်ဝန်းတွင်းမှ ထွက်သွားလေပြီ။ ယခုအခါ သံဃာတော်များသည် ငြိမ်သက်အေးချမ်း ကြည်ညိုဖွယ် မှန်မှန်လျှောက်နေကြသည်။ အမှန်တော့ သူတို့သည် ဦးဆောင်မထေရ်သံဃာ၏ လမ်းညွှန်မှုနှင့်အညီ သတိကပ်လျက် တရားမှတ်နေကြခြင်းဖြစ်သည်။ ၎င်းတို့၏ ရွှေဝါရောင်သင်္ကန်းအရောင်နှင့် လွယ်ထားသည့် အနက်ရောင်သပိတ်များသည် မြင်ရသူတို့အဖို့ နှလုံးစိတ်ဝမ်းကို အေးချမ်းစေသည်။

မကြာပါ။ သာယာလှပသည့် တောအုပ်တစ်ခုအတွင်း ရှုချင်ဖွယ်ကွင်းတစ်ခုသို့ ချဉ်းကပ်လာနေကြသည်။ ထိုနေရာသည် သာယာလှပသည့် မြစ်ဆိပ်ရှိသည့် တသွင်သွင်စီးဆင်းနေသော မြစ်တစ်ခုရှိပြီး အနီးအနားတစ်ဝိုက်တွင် ၎င်းတို့အတွက် ဂေါစရံရွာအဖြစ် ဆွမ်းခံရန် ရွာတစ်ခုရှိသည်။

ဦးဆောင်မထေရ်သံဃာက တိုးညင်းသော လေသံဖြင့် တစ်စုံတစ်ရာကို အချက်ပြလိုက်ရာ ၎င်းအချက်ပြချက်သည် တစ်မုဟုတ်ချင်း နောက်ဆုံးသံဃာဆီသို့ အဆင့်ဆင့်ရောက်ရှိသွားသည်။

ရဟန်းတစ်ပါးချင်းသည် သစ်ပင်ရိပ်တစ်ခုခုသို့ ဝင်ရောက်ကာ လွယ်ထားသည့် သပိတ်ကို သစ်ပင်ခြေရင်းတွင်ထားလျက် ထိုင်ချလိုက်သည်။

နေမွန်းတိမ်းသွားပြီဖြစ်သဖြင့် ၎င်းတို့သပိတ်မှ ရေတစ်ကျိုက်လောက်မျိုချပြီး တင်ပျဉ်ခွေ၊ ကျောကိုမတ်မတ်ထားလျက် မျက်စိများကိုပိတ်ကာ အာနာပါနသတိဖြင့် တရားမှတ်နေလေသည်။

ဦးဆောင်ရဟန်းတော်ဖြစ်သူ အရှင်သာရိပုတ္တရာသည်လည်း ၎င်း၏ သပိတ်ကို သစ်ကိုင်းတစ်ခုတွင် ချိတ်ကာ သစ်ပင်ရိပ်တွင်ထိုင်နေလေသည်။ ၎င်းနောက်သူသည် ဈာန်အဆင့်ဆင့် ဝင်စားကာ စိတ်ကို တည်ငြိမ်အောင် ပြုလိုက်သည်။ သူ၏စိတ်တော်သည် ဝင်းလက်သည့် မှန်သားပြင်ကဲ့သို့ အရာရာကို စိတ်တော်တွင် သူ့သဘာဝအတိုင်း ထင်ဟပ်လာလေသည်။

ကိုယ်တော်၏ စိတ်တော်သည် ကာမဂုဏ်အညစ်အကြေးတို့မှ ကင်းစင်ကာ တည်ငြိမ်အေးချမ်း သန့်စင်ကြည်လင်ကာ သူ၏စိတ်တော်ကို အတိတ်ဘဝနှင့် ဖြစ်ရပ်များဆီသို့ ဖြန့်ကြက်လိုက်လေသည်။

သူ၏ အတိတ်ဘဝများနှင့် ဖြစ်စဉ်များသည် သူ၏ ဉာဏ်ကွန်ရက်ဝယ် ကြည်လင်ရှင်းလင်းစွာ ပေါ်လာလေသည်။

ရာဇဂြိုဟ်ပြည်နှင့် မနီးမဝေးတွင် ဥပတိဿ (သို့) နာဠက အမည်ရှိ ရွာကြီးတစ်ရွာရှိလေသည်။ ၎င်းရွာတွင် ဗြာဟ္မဏအယူဝါဒရှိသူ သူကြွယ်လင်မယားရှိလေသည်။ ၎င်းတို့မှာ ဝင်ကန္တနှင့် ရူပသာရီ အမည်တွင်လေ၏။ ၎င်းတို့တွင် သားလေးယောက်၊ သမီးသုံးယောက်ရှိသည်။ ၎င်းတို့မှာ အရှင်သာရိပုတ္တရာ၊ အရှင်စုန္ဒ၊ အရှင်ဥပသေန၊ အရှင်ရေဝတ အမည်ရှိ သားများနှင့် စာလာ၊ ဥပစာလာနှင့် သီသုပစာလာ အမည်ရှိ သမီးများဖြစ်လေသည်။

၎င်းသည် ဉာဏ်ရည်ထက်မြက်၍ ရွာ၏ ဦးဆောင်မိသားစုဝင် ဖြစ်သည်။ ဗြာဟ္မဏဝါဖြင့် ကြီးပြင်းလာရသော်လည်း ကျယ်ပြန့်သည့်ဘဝအမြင်နှင့် ရင့်ကျက်သည့် ပညာဉာဏ်ကြောင့် မိရိုးဖလာယုံကြည်ကိုးကွယ်မှုကို စွန့်လွှတ်၍ ပိုမိုရင့်ကျက်ပြီး သိပ္ပံနည်းကျသည့် ဂေါတမဗုဒ္ဓ၏ တရားတော်ကို သက်ဝင်ယုံကြည်လာရလေသည်။

သူ၏မိတနှစ်ပါးစလုံးသည် ဗြာဟ္မဏအယူဝါဒကိုပင် ဖွဲ့မြဲစွာ ယုံကြည်ကိုးကွယ်ခဲ့ကြသည်။ မိခင်ဖြစ်သူကမူ ဗုဒ္ဓဘာသာဝင်ဖြစ်သူ သားကြီးအပေါ် မကျေနပ်ပေ။ သို့သော် စည်းစိမ်ဥစ္စာအခြံအရံများနှင့် ကြီးပြင်းခဲ့ရသည့် သူ၏ အရင်းနှီးဆုံးသူငယ်ချင်းမှာ ကောလိတခေါ် မောဂ္ဂလာန ဖြစ်လေသည်။ အမှန်တော့ သူတို့သည် အတိတ်ဘဝကပင် ရင်းနှီးခဲ့ဖူးလေသည်။

တစ်နေ့သ၌ သူငယ်ချင်းနှစ်ယောက် တောင်ထိပ်ပွဲသဘင် ဆင်နွှဲကြလေသည်။ ထိုစဉ် လောကီအာရုံ ကာမဂုဏ်တို့၏ အချည်းနှီး၊ အနှစ်မဲ့မှုကို သဘောပေါက်လာကြလေသည်။ ထို့ကြောင့် လောကီကိုစွန့်၍ လွတ်မြောက်လမ်းကို ရှာဖွေရန် ဆုံးဖြတ်ကြသည်။ သဘောပေါက်လာကြသည်။ ၎င်းတို့ ဟိုမှသည်မှ လှည့်လည်သွားလာကြသည်။

ဦးစွာ နောက်လိုက်များစွာရှိသည့် သဉ္စယဆရာကြီးထံ ချဉ်းကပ်ကာ ၎င်းထံတွင် တပည့်ခံကြလေသည်။ မကြာမီ ဆရာကြီးသင်ပြသမျှ ပညာအနည်းအပါးကို တတ်မြောက်ကြလေသည်။ သူတို့ ၎င်းသင်ကြားချက်များကို မတင်းတိမ်နိုင်ကြ။ လူသားအားလုံးအား ဒုက္ခပေးသည့် ဒုက္ခကို ကုစားရန် ဆေးရှာဖွေမတွေ့ကြပေ။ ထို့ကြောင့် ဆရာကြီးထံမှ ဖယ်ခွာကာ ဟိုမှသည်မှ လှည့်လည်ကာ ငြိမ်းချမ်းမှုအစစ်ကို ရှာဖွေကြလေသည်။

၎င်းတို့သည် ကျော်ကြားထင်ရှားသည့် ဗြာဟ္မဏဆရာကြီးများနှင့် ပရိဗိုဇ်များထံ သွားရောက်ချဉ်းကပ်ကြသော်လည်း သွားလေရာရာတွင် စိတ်ပျက်



www.burmeseclassic.com

www.burmeseclassic.com

နှင့်သာ ကြုံတွေ့ရလေသည်။ နောက်ဆုံးတွင် ၎င်းတို့သည် မိမတို့ဇာတိရပ်ရွာသို့ ပြန်လာကြပြီး ၎င်းတို့နှစ်ဦးအနက် တရားတွေ့သူတစ်ဦးဦးက အခြားတစ်ဦးသို့ အကြောင်းကြားကြေးဟူ၍ သဘောတူထားကြလေသည်။

ထိုအခါဝယ် ဗုဒ္ဓမြတ်စွာသည် သံသရာဝဲသြဃတွင် နစ်မျောခံစားနေကြရသော ကမ္ဘာသူ ကမ္ဘာသားများထံသို့ မှန်မြတ်သည့် တရားဒေသနာတော်ကို ပို့ချဖြန့်ဖြူးနိုင်ရန် သူ၏ ပထမဆုံးသော သာဝကခြောက်ဆယ်တို့ကို ဒေသစာရီ ကြွချီကြရန် မိန့်ကြားခဲ့လေသည်။

မြတ်ဗုဒ္ဓကိုယ်တော်တိုင်ကမူ ဥရုဝေဠုတောတွင် နောက်လိုက် ၅၀၀၊ ၃၀၀၊ ၂၀၀ အသီးသီးစီဖြင့် နေထိုင်ကြသည့် ဥရုဝေဠုကဿပ၊ နဒီကဿပနှင့် ဂယာကဿပတို့ထံသို့ ကြွချီတော်မူလေသည်။

ရှာဖွေသူတို့၏ ကံကောင်းခြင်းသည် ၎င်းတို့၏ တရားဓမ္မလမ်းကြောင်းတွင် ကရုဏာအပြည့်ဖြင့် စောင့်ကြည့်နေသကဲ့သို့ ဝင်ရောက်လာလေသည်။

အဘယ်ကြောင့်ဆိုသော် ရာဇဂြိုဟ်ထဲတွင် သွားလာနေစဉ် ဥပတိဿသည် ကြည်ညိုဖွယ်ရာ သွင်ပြင်ရှိသည့် ရဟန်းတစ်ပါးကို အမှတ်မထင် တွေ့ရပြီး ၎င်း၏ အသွင်လက္ခဏာက သူ့ကို ဖမ်းစားသကဲ့သို့ ခံစားရလေသည်။

ဤရဟန်းတော်သည် ၎င်း၏ မျက်လွှာတော်ကို ထမ်းပိုးတစ်လံမျှသာချလျက် ၎င်း၏ ကြည်လင်အေးမြသည့် သွင်ပြင်သည် သူ၏နှလုံးတွင်းမှ ငြိမ်သက်အေးချမ်းမှုကို ဖော်ပြနေလေသည်။ တည်ငြိမ်ခံ့ညားသော ဣန္ဒြေ သပ်ရပ်စွာ ဝတ်ဆင်ထားသော သင်္ကန်းတော်ဖြင့် ကြည်ညိုဖွယ်ရာ ရုပ်သွင်ပြင်သည် တည်ငြိမ်သည့်ခြေလှမ်းများဖြင့် တစ်အိမ်မှတစ်အိမ် ရပ်ကာ သဒ္ဓါထက်သန်သူတို့ လောင်းလှူသည့် တစ်လုတ်စာမျှ ဆွမ်းကို သပိတ်တော်ဖြင့် ခံယူနေလေသည်။

"ဒီလို ကြည်ညိုဖွယ်ရာရဟန်းယခင်က မတွေ့ဖူးပါလား" ဟု သူတွေးနေမိသည်။ ဤပုဂ္ဂိုလ်ကား ရဟန္တာအရှင်မြတ်တစ်ပါးသော်လည်းကောင်း ဖြစ်ရမည်။ သို့မဟုတ်ပါက ရဟန္တာအဖြစ်ရရှိရန် ကျင့်ကြံကြိုးကုတ် အားထုတ်နေသူသော်လည်းကောင်း ဖြစ်တန်ရာသည်ဟု သူတွေးတောနေမိလေသည်။

ငါသွားပြီးမေးရင် ကောင်းများကောင်းပါ့မလား။ "အရှင်ဘုရား . . ဘယ်သူ့ကို အကြောင်းပြုပြီး သာသနာ့ဘောင်ဝင်သွားပါသနည်းဘုရား။ အရှင်ဥပဇ္ဈာယ်ဆရာကား မည်သူပါလဲဘုရား။ မည်သည့် တရားဒေသနာကို ဟောကြားပါသနည်းဘုရား" (ဤသို့ တွေးတောမိလေသည်။)

သို့သော် ဥပတိဿက တစ်ဖန်တွေးမိပြန်သည်။ ဤသို့မေးပါက အရှင်၏ ငြိမ်သက်စွာဆွမ်းခံနေခြင်းကို အနှောင့်အယှက် ဖြစ်စေမည်လားဟု တစ်ဖန်တွေးမိလေသည်။

ရဟန္တာအဿဇိသည် သင့်လျော်ရုံမျှ ဆွမ်းရရှိသည့်အခါ ဆွမ်းဘုဉ်းပေးရန် သင့်တော်သည့်နေရာကို ရှာဖွေနေသည်။ ဤသည်ကိုမြင်တော့ ဥပတိဿသည် ရရှိလာသည့်အခွင့်ကောင်းကို လက်လွှတ်မခံဘဲ သူ၏ ထိုင်ခုံနှင့် သူ့အိုးမှ ရေကို ရဟန်းတော်အား ကပ်လှူလေသည်။ ဤသို့ တပည့်တစ်ဦး၏ ကနဦး ဝတ္တရားကို ဆောင်ရွက်ရင်း နှစ်လိုဖွယ်သော စကားဖြင့် ပဋိသန္ထာရပြုကာ ရိုသေစွာ လျှောက်ထားမေးမြန်းသည်မှာ –

"အရှင်ဘုရား၊ အရှင့်အသရေတော်သည် တည်ငြိမ်အေးချမ်း၍ အရှင့်အသားအရေတော်မှာ ကြည်လင်ရှင်းလင်း ဝင်းပပါချေသည်။ မည်သူ့အား ဥပဇ္ဈာယ်ပြု၍ သာသနာ့ဘောင်သို့ ဝင်ခဲ့ပါသနည်းဘုရား။ အရှင့်ဥပဇ္ဈာယ်ဆရာ မည်သူပါနည်း။ အဘယ်သို့သော တရားအဆုံးအမကို ပို့ချပါသနည်းဘုရား" ဟု လျှောက်ထားမေးမြန်းလေသည်။ ထိုအခါ ရဟန်းတော်က –

"ငါသည် သာသနာတော်တွင် နုပါသေးသည်။ ညီငယ် . . . သင့်အား တရားတော်ကို ကျယ်ကျယ်ပြန့်ပြန့် ဟောကြားရန် မစွမ်းသာသေးပါ"

ထိုအခါ ဥပတိဿက –

"တပည့်တော် ဥပတိဿ ဖြစ်ပါသည်• အရှင်ဘုရား။ နည်းသည်၊ များသည် မဟူ အရှင်စွမ်းသမျှ ဟောကြားတော်မူပါ။ ရာထောင်နည်းလမ်းဖြင့် ခွဲခြမ်းသိရန်မှာ တပည့်တော်၏ အရာဖြစ်ပါသည်ဘုရား"

သူက ဆက်လျှောက်ထားသည်မှာ

"နည်းနည်းများများ ဟောကြားပါဘုရား။ တပည့်တော်ကို လိုရင်းသာ ပို့ချပါ။ လိုရင်းအချက်ကိုသာ တပည့်တော် လိုလားပါသည်။ စကားလုံးများ ရှုပ်ထွေးနေခြင်းမှာ အကျိုးမများပါဘုရား"

ရဟန္တာအရှင်မြတ် အဿဇိသည် မြတ်ဗုဒ္ဓ၏ လေးနက်သည့်တရားသဘောအခြေခံဖြစ်သည့် ပဋိစ္စသမုပ္ပါဒ်တရားတော်ကို သိမ်မွေ့စွာ အနှစ်ချုပ်၍ လေးကြောင်းဂါထာဖြင့် မြွက်ဟတော်မူလေသည်။

"ယေဓမ္မာဟေတုပ္ပ ဘဝါ၊

တေသံ ဟေတုံ တထာဂတော

အာဟ၊

တေသဉ္စယော နိရောဓော၊

ဧဝံဝါဒီ မဟာသမဏော။"

"အကျင့်တရားတို့သည် အကြောင်းလျှင် အမွန်အစရှိကြကုန်၏။ ထိုတရားတို့၏ အကြောင်းကို မြတ်ဘုရားဟောကြားတော်မူ၏။ ထိုအကြောင်းတို့ ချုပ်ငြိမ်းရာ

www.burmeseclassic.com

သည့်လည်း ရှိ၏။ ရဟန်းမြတ်က ဤသို့ ဟောကြားလေ့ရှိတော်မူပါ၏''

ဥပတိဿသည် တိုတိုကျဉ်းကျဉ်းပင် နာကြားရသော်လည်း မြင့်မြတ်သည့် တရားတော်၏ သဘောကို သဘောပေါက်သွားလေသည်။ သူသည် တစ်ထွာပြလျှင် တစ်လံမြင်နိုင်လောက်သည့် ပါရမီရှင် ဖြစ်လေသည်။ ဟောကြားသူ အရှင်အဿဇိကလည်း သစ္စာတရားလမ်းကြောင်းပေါ်သို့ ကောင်းမွန်စွာ လမ်းပြခဲ့လေရာ သူသည် ပထမနှစ်ကြောင်းကို ကြားရသည်နှင့်တစ်ပြိုင် အရိယာန္တယ်ဝင်တို့၏ ပထမအဆင့်ဖြစ်သည့် သောတာပတ္တိမဂ်ကို ရရှိလေသည်။

သာသနာတော်ကို သက်ဝင်ယုံကြည်လာစဖြစ်သည့် ဥပတိဿသည် သူ့အား မြတ်ဗုဒ္ဓ၏ မြင့်မြတ်သည့် တရားတော်နှင့် ထိတွေ့ရန် ဟောကြားပေးသူ ဆရာသခင်အား ကျေးဇူးကြီးမားပါကြောင်း ပြောကြားရန် ၎င်း၏ နှလုံးသားဝယ် လုံလောက်သည့် စကားလုံးရှာမရသည်မှာ ယုံမှားဖွယ်မရှိပါချေ။

သူသည် သူ့ဆရာ၏ တရားတော်ကို ပိုင်နိုင်စွာ ဟောကြားခြင်းအပေါ် မြင့်မြတ်သည့် ကျေးဇူးတရားကို ဉာဏ်မီသမျှ ထုတ်ဖော်ကာ မြတ်ဗုဒ္ဓနှင့်ပတ်သက်၍ ထိစပ်ဖွယ်ရာများကို မေးကာ ခွင့်ပန်ထွက်ခွာခဲ့လေသည်။

နောင်သောအခါတွင် သူ့ဆရာအပေါ် အလေးအမြတ်ထားမှုမှာ ဤသို့ ဖြစ်လေသည်။ အရှင်အဿဇိထံမှ တရားတော်ကို နာကြားရပြီးကတည်းက သူ့ဆရာ မည်သည့်နေရာမှာ ရောက်ရှိနေသည်ဟု ကြားရသည်နှင့် သူ့ဆရာအား အရိုအသေပြုသည့်အနေဖြင့် ထိုအရပ်ဒေသသို့ ရည်မှန်းကာ လက်အုပ်ချီမိုး ရှိခိုးသမှုပြုပြီး ညအိပ်ရာဝင်တိုင်း သူ့ဆရာရှိရာအရပ်သို့ ဦးခေါင်းလှည့်ကာ အိပ်လေသည်။

ယခုတော့ မူလကတိထားရှိကြမြဲအတိုင်း သူ့သူငယ်ချင်း ကောလိတထံ သွားရောက်ကာ သတင်းကောင်းပါးလေသည်။

ကောလိတသည် ဂါထာတစ်ပုဒ်လုံးကို နာကြားရသည့်အခါ သူ့သူငယ်ချင်းကဲ့သို့ ဉာဏ်အလင်းပေါက်ကာ သောတာပန်အဆင့် ရောက်ရှိသွားလေသည်။ ငြိမ်းချမ်းရေးကို တာဝန်တစ်ရပ်ကဲ့သို့ထားကာ အောင်မြင်စွာ ရှာဖွေတွေ့ရှိခြင်းအပေါ် ဝမ်းမြောက်ရွှင်လန်းလျက် သူတို့၏ ဆရာဟောင်း သဉ္စယအား တရားပြရန် သူ့ထံသို့ သွားရောက်ကြလေသည်။ ဆရာကြီးအား တရားပြရန် မတတ်သာသည့်အဆုံး စိတ်ပျက်လက်လျှော့ကာ သူတို့နောက်လိုက်လာသည့် သဉ္စယ၏ တပည့်များနှင့်အတူ ဗုဒ္ဓမြတ်စွာရှိရာ ဝေဠုဝန်ကျောင်းတော်သို့ သွားကြလေသည်။

သူတို့ တောင်းပန်မှုနှင့်အညီ မြတ်ဗုဒ္ဓသည် ၎င်းတို့အား ''ဘိက္ခုဝေ၊ ချစ်သားရဟန်းတို့ လာလော့''ဟူသော စကားတော်ဖြင့် သံဃာ့ဘောင်သို့ သွတ်သွင်းတော်မူလေသည်။

နောက်နှစ်ပတ်ခန့်ကြာသောအခါ အရှင်သာရိပုတ္တရာသည် မြတ်ဗုဒ္ဓက ပရိဗိုဇ်ဒီဃနာခအား ဝေဒနာပရိဂ္ဂဟသုတ်တော်ကို ဟောကြားသဖြင့် နာကြားရသည့်အခါ ရဟန္တာဖြစ်သွားလေသည်။ ၎င်းနေ့ညမှာပင် ဗုဒ္ဓက သူ၏ သာဝကများအား သူ့ထံသို့လာစေကာ ဥပတိဿ (သာရိပုတ္တ)နှင့် လွန်ခဲ့သည့် တစ်ပတ်က ရဟန္တာဖြစ်ပြီးသူ ကောလိတ(မောဂ္ဂလာန) တို့အား သာသနာတော်တွင် အမွန်မြတ်ဆုံး လက်ျာရံနှင့် လက်ဝဲရံ မဟာသာဝကများအဖြစ် ခန့်အပ်တော်မူလေသည်။

တစ်ခါသော် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်က အနာဂတ်သာသနာတော် အရှည်တည်တံ့ရေးအတွက် ပါတိမောက္ခသံဝရသီလ ပြဋ္ဌာန်းပေးတော်မူပါ ရန် မြတ်ဗုဒ္ဓအား ရိုသေစွာ လျှောက်ထား ပန်ကြားလေသည်။

''သည်းခံလော့ သာရိပုတ္တရာ၊ သည်းခံလော့'' ဤသို့ ဗုဒ္ဓက မိန့်ကြားလေသည်။ ၎င်းပြင် ဆက်လက်၍

''ဒီကိစ္စအတွက် အခွင့်အရေးကို တထာဂတကိုယ်တော်တိုင် သိပေသည်၊ သံဃာများအတွင်း ညစ်ညမ်းသည့်အခြေ အနေများ မဖြစ်ပွားသေးသမျှ တထာဂတက သာဝကများအတွက် စည်းကမ်းများ သတ်မှတ်ခြင်း ပါတိမောက္ခသံဝ သီလ ပြဋ္ဌာန်းမည်မဟုတ်လေ။ ထိုအချိန် အခါကျမှသာလျှင် တထာဂတသည် ဤ ကဲ့သို့သော ညစ်ညမ်းမှုများကို ပယ် ပျောက်ရန် သာဝကများအတွက် စည် ကမ်းချက်များ ပြဋ္ဌာန်း၍ ပါတိမောက္ခ သံဝရသီလကို ချမှတ်ပေလိမ့်မည်။

''သာရိပုတ္တရာ ... သံဃာဟ ရက်လကြာရှည်လာတဲ့အခါ၊ အပြည့်အ ဖွံ့ဖြိုးလာတဲ့အခါ၊ လာဘ်သက္ကာယများ လာတဲ့အခါနှင့် အကြားအမြင်များလာ အခါ သံဃာများအတွင်း အကျင့်ဖောက် ပြန်မှု ဖြစ်ပွားလာလေသည်၊ ထိုအခါကျ သာလျှင် တထာဂတသည် ယင်းကဲ့သ သော အကျင့်ပျက်မှုများကို တားဆီးက ကွယ်ရန် စည်းကမ်းများနှင့် ပါတိမော သံဝရသီလတို့ကို ပြဋ္ဌာန်းရပေမည်''

''သာရိပုတ္တရာ ... သံဃာအ အစည်းသည် ဒုက္ခမှ ကင်းနေသည် အကုသိုလ်အလားအလာ ကင်းမဲ့သည် ညစ်ညမ်းမှုမှ ကင်းသည်၊ ကုသိုလ်တရ တို့တွင် သန့်ရှင်းခိုင်မာစွာ ရပ်တည်လျ ရှိလေသည်။ ငါ၏ ငါးရာသော သာဝ တို့တွင် အနိမ့်ဆုံးသည် သောတာ (နိဗ္ဗာန်သို့သွားရာ ရေအယဉ်သို့ စီးဝင် သူဖြစ်၍ လျှောကျစရာ မရှိဘဲ အ

www.burmeseclassic.com

ဉာဏ်အလင်းရရန် အခိုင်အမာ ဦးတည်လျက် ရှိလေသည်။)

(ဝေရဠုမြို့အနီး မိုးရာသီသည် ဝိနည်းပိဋကတ်တော်၏ ပါရာဇိကကျမ်း စတင်ပြဋ္ဌာန်းရာ အခြေခံအချက် ဖြစ်လေသည်။)

သာသနာတော်ကြီး၏ အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့လေသော အဂ္ဂသာဝက အရှင်မြတ်ကြီးသည် ဘုရားရှင် ဝါတော် ၄၅ ဝါဆိုပြီးချိန် မိမိဝါတော် ၄၄ ဝါပြည့်မြောက်ပြီးချိန်တွင် တစ်နေ့သောအခါ မြတ်စွာဘုရားအား ပြုသင့်သော ဝတ်ကိုပြု၍ နေ့အခါ၌ နေရာအရပ်သို့ ကြွတော်မူပြီးလျှင် ဖလသမာပတ်ကို ဝင်စားတော်မူလေသည်။

ထို့နောက် ဖလသမာပတ်မှ ထတော်မူ၍ ဘုရားရှင်တို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန်စံကြလေသလော၊ အဂ္ဂသာဝကတို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန်စံကြလေသလော''ဟု စဉ်းစားတော်မူလေသည်။ ထိုအခါ ''အဂ္ဂသာဝကတို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန်စံ၏''ဟု သိ၍ မိမိ၏အသက် အပိုင်းအခြားကို ကြည့်သောအခါ ခုနစ်ရက်လောက်သာ ရှိတော့သည်ဟု ပရိနိဗ္ဗာန်စံရာ အရပ်ကို စဉ်းစားတော်မူလေသည်။

ထိုအခါ မိမိ၏ မွေးသမိခင် မယ်တော်ကြီးအား သတိရသဖြင့် ကျွတ်ထိုက် မကျွတ်ထိုက် စဉ်းစားပြန်သောအခါ မယ်တော်ကြီးတွင် ကျွတ်ထိုက်လောက်သော ကောင်းမှုပါရမီရှိနေသည်ကို မြင်တော်မူလေသည်။ ထိုအခါ ''အဘယ်သူ၏ တရားဖြင့် တရားထူးရမည်နည်း''ဟု စဉ်းစားပြန်သောအခါ မိမိတရားဖြင့်ပင် တရားထူးရမည်ကို မြင်တော်မူသောအခါ ''မိမိဖွားမြင်ရာ တိုက်ခန်း၌ပင် ပရိနိဗ္ဗာန်စံမည်''ဟု ဆုံးဖြတ်တော်မူလေသည်။

၎င်းနောက် ရဟန်းငါးရာနှင့်အတူ ဗုဒ္ဓမြတ်စွာထံတော်သို့ ချဉ်းကပ်၍ ပရိနိဗ္ဗာန်စံဖို့ရန် ခွင့်ပြုတော်မူပါဟု လျှောက်ထားလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက–

''ပရိနိဗ္ဗာန်စံတော့''ဟု မိန့်တော်မူလျှင် သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းရာရောက်၏။ ''ပရိနိဗ္ဗာန်မစံသေးနှင့်''ဟု မိန့်တော်မူပြန်လျှင် သံသရာဝဋ်၏ဂုဏ်ကို ပြောရာရောက်လေမည်။ ဤသည်ကို မိစ္ဆာဒိဋ္ဌိအယူရှိသူတို့ အပြစ်တင်ဖွယ်မြင်သဖြင့် ထိုနှစ်မျိုးလုံးကို မိန့်တော်မမူဘဲ ''အဘယ်အရပ်၌ ပရိနိဗ္ဗာန်စံမည်နည်း''ဟု မိန့်တော်မူလေသည်။

ထိုအခါ မဂဓတိုင်း နာဠကရွာဝယ် မိမိဖွားမြင်ခဲ့ရာ တိုက်ခန်း၌ပင် ပရိနိဗ္ဗာန်စံပါမည့်အကြောင်း လျှောက်ထားလေသည်။

ထိုအခါ မြတ်ဗုဒ္ဓက ''ပရိနိဗ္ဗာန်စံချိန်ကို မိမိဘာသာ သိပေတော့။ သို့ရာဝယ် သင်၏ နောင်တော်၊ ညီတော် ဖြစ်ကြသော ရဟန်းတို့မှာ အသင်ကဲ့သို့သော ရဟန်းတစ်ပါးကို ဖူးမြင်ဖို့ မလွယ်ကူတော့။ ထို့ကြောင့် နောင်တော်၊ ညီတော်တို့အား ဩဝါဒတရားများကို ဟောခဲ့ဦးလော့''ဟု မိန့်တော်မူလေသည်။

အရှင်သာရိပုတ္တရာသည် ထန်းတစ်ဖျားပမာဏရှိသော အရပ်တိုင်အောင် တန်ခိုးဖြင့်တက်သွား၍ ဆင်းလာပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလေသည်။

ထို့နောက် ထန်းနှစ်ဆင့် သုံးဆင့်မှ စ၍ ခုနစ်ဆင့်ပမာဏတိုင်အောင် ကောင်းကင်သို့ အကြိမ်ကြိမ် တက်သွား၍ အမျိုးမျိုးသော တန်ခိုးကို ပြ၍ တရားဟောတော်မူသည်။

သာဝတ္ထိတစ်မြို့လုံး စုမိကြ၏။ အရှင်သာရိပုတ္တရာသည် ထန်းခုနစ်ဆင့်ပမာဏရှိသော ကောင်းကင်မှ သက်ဆင်း၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် –

''သွားချိန်တန်ပါပြီ ဘုရား''ဟု လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာသည် တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာကို ပို့တော်မူသည့်အနေဖြင့် တရားဟောရာ အရပ်မှ ထတော်မူ၍ ဂန္ဓကုဋီသို့ ရှေးရှု ကြွတော်မူပြီးလျှင် ပတ္တမြားပျဉ်ချပ်၌ ရပ်တော်မူသောအခါ အရှင်သာရိပုတ္တရာသည် သုံးကြိမ်လက်ျာရစ်လှည့်ပြီးလျှင် လေးဌာနတို့၌ ဝပ်ချ၍ –

''မြတ်စွာဘုရား ဤကမ္ဘာမှပြန်၍ ရေတွက်သည်ရှိသော် ကမ္ဘာတစ်သိန်း အလွန်ရှိသော တစ်သင်္ချေအထက်၌ မနောမဒဿီ မြတ်စွာဘုရား၏ ခြေတော်ရင်းဝယ် ရှင်တော်မြတ်ဘုရားကို ဖူးမြင်နိုင်ဖို့ရန် ဆုပန်ခဲ့ပါပြီ။ ထိုဆုပြည့်၍ ရှင်တော်ဘုရားကို ပထမဖူးမြင်ခဲ့ရပါပြီ။ ယခုအခါ၌ ဖူးမြင်ရခြင်းကား နောက်ဆုံးဖူးမြင်ရခြင်း ဖြစ်ပါသည်၊ နောက်ထပ် ရှင်တော်ဘုရားတို့ကို ဖူးမြင်ခွင့်မရှိတော့ပါ''

ဤသို့ လျှောက်၍ လက်အုပ်ချီပြီးလျှင် ဗုဒ္ဓမြတ်စွာ မြင်တော်မူလောက်ရာ အရပ်တိုင်အောင် နောက်ဆုတ် နောက်ဆုတ်သွားပြီးလျှင် မမြင်လောက်သော အရပ်ရောက်မှ ဝပ်၍ ဖဲသွားစေသည်။ ထိုအချိန်၌ မြေစောင့်နတ်များ၏ အလွန်ဝမ်းနည်းသည့် လက္ခဏာကြောင့် ကြီးစွာ မြေတုန်လှုပ်ရလေသည်။

ဗုဒ္ဓမြတ်စွာ၏ လိုက်၍ပို့ကြရန် အမိန့်တော်ရှိသောကြောင့် ထိုနေရာ၌ ရှိကုန်သော ရဟန်းအားလုံးပင် လိုက်၍ ပို့ကြလေသည်။ အရှင်သာရိပုတ္တရာသည် ဇေတဝန်ကျောင်းတိုက် တံခါးမုခ်သို့ ရောက်သောအခါ –

''ငါ့ရှင်တို့ နေရစ်ကြလော့။ မမေ့မလျော့ မပေါ့မဆ နေရစ်ကြလော့''ဟု မိန့်တော်မူ၏။ မိမိ၏ ပရိသတ်ငါးရာနှင့် အတူ ဇေတဝန်ကျောင်းတိုက်ကြီးကို ခွဲခွာတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်မှ ငို၍ လိုက်လာကြသော လူအများကိုလည်း –

"သခါရတရားဆိုတာ ဒီလိုပဲ။ ခွဲခွာခြင်းသဘောရှိ၏။ မမေ့မလျော့ သတိထား၍ တရားဖြင့် နေရစ်ကြလော့"

ဟု ဩဝါဒပေး၍ ပြန်နှင့်စေပြီးလျှင် လမ်းခရီး၌ ခုနစ်ရက်ပတ်လုံး လူအများကို ချီးမြှောက်လျက်နေ၏။ ခုနစ်ရက်မြောက်၏ ညနေအချိန်ကျမှ နာဋကရွာသို့ ရောက်၍ ရွာတံခါးပေါက် ပင်ညောင်ပင်အောက်၌ ရပ်တည်နေစဉ် ဥပရေဝတမည်သော တူတော်သူ သူငယ်တစ်ယောက် ရွာပြင်သို့ ထွက်လာသောအခါ အရှင်သာရိပုတ္တရာကိုမြင်သောကြောင့် အနားကပ်၍ ဝပ်ချလေသည်။

အရှင်သာရိပုတ္တရာသည် သင်၏အဘွားရှိရဲ့လားဟု မေးတော်မူ၍ –

"သွားချေ။ ငါတို့လာတဲ့အကြောင်းကို ပြောချေလော့။ ဘာကြောင့်လာသနည်းဟု မေးလျှင် ယနေ့တစ်ရက်မျှ ရွာတွင်း၌ နေလိမ့်မည်။ မွေးဖွားရာ တိုက်ခန်းကို ရှင်းထားလိုက်ပါ။ ငါးရာသော ရဟန်းများအတွက် နေရာဌာနကိုလည်း ပြင်ထားလိုက်ပါ"

ဟု အပြောခိုင်းလိုက်လေသည်။ ဥပရေဝတသည် မိန့်တော်မူသည့်အတိုင်း ပြန်သွား၍ မှာလိုက်သောစကားအားလုံးကို ပြောပြလေသော် မယ်တော်ကြီးသည်

"အဘယ်ကြောင့် ဤမျှလောက်သော ရဟန်းတို့၏ နေရာဌာနကို ပြင်စေရသနည်း။ ငယ်ရွယ်စဉ်အခါက ရဟန်းပြု၍ ကြီးသည့်အခါရောက်မှ လူဖြစ်လိုလေသလော"

ဟု တွေးတောပြီးလျှင် မွေးဖွားရာတိုက်ခန်းကို ရှင်းလင်းစေပြီး ငါးရာသော ရဟန်းတို့ဖို့ နေရာဌာနကို ရှင်းလင်းစေပြီး၍ ငါးရာသော ရဟန်းတို့၏ နေရာကို ပြုပြီးပါကြောင်း အလျှောက်ခိုင်းလေသည်။

အရှင်သာရိပုတ္တရာသည် ရဟန်းများနှင့်အတူ ကြွလာ၍ ပြာသာဒ်အုတ်တိုက်သို့ တက်တော်မူကာ မိမိဖွားမြင်ခဲ့ရာ တိုက်ခန်းသို့ ဝင်တော်မူပြီးလျှင် ရဟန်းများကိုလည်း –

"မိမိနေရမည့် ဌာနသို့ သွားကြတော့"ဟု ခွင့်ပြုတော်မူလေသည်။

ထိုရဟန်းများ သွားပြီး၍ မကြာမီပင် အရှင်သာရိပုတ္တရာမထေရ်မြတ်စွာ ပရိနိဗ္ဗာန်စံရလောက်အောင် ပြင်းထန်သော သွေးဝမ်းရောဂါ ဖြစ်တော်မူ၏။ ခွက်တစ်ခွက်ထွက်သွားလျှင် ခွက်တစ်ခွက်ဝင်ရ၏။ မယ်တော်ပုဏ္ဏားမကြီးသည်

"ငါ့သား၏ဖြစ်ပုံကို ငါမနှစ်သက်ပါ"ဟုဆို၍ မိမိအခန်းတံခါးကိုမှီကာ ခပ်လှမ်းလှမ်းမှရပ်၍ ကြည့်နေလေသည်။

စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် "နောက်ဆုံးဖူးမြင်ရာအရပ်သို့ သွားအံ့"ဟု ကြံ၍ လာကြပြီးလျှင် ရှိခိုး၍ ရပ်နေကြကုန်ပြီ။

"အဘယ်အကျိုးငှာ လာပါသနည်း" ဟု အရှင်သာရိပုတ္တရာမေးရာ "ဂိလာနကိုပြုစုလုပ်ကျွေးလို၍ လာကြပါကြောင်း" လျှောက်ထားကြသည်။

"ဒီလိုဆိုလျှင် ရှိပါစေတော့။ ပြုစုလုပ်ကျွေးမည့်သူ ရှိပါပြီ။ အသင်နတ်မင်းတို့ ပြန်ကြလေလော့"ဟု မိန့်တော်မူ၏။

နတ်မင်းကြီးလေးယောက်တို့ ပြန်သွားပြီးနောက် မကြာခင်မှာ သိကြားမင်းလာပြန်၏။ ထိုသိကြားမင်းကိုလည်း ထိုအတိုင်းပင် ပြန်လွှတ်၍ မကြာခင်ပင် ဗြဟ္မာမင်းကြီးကိုလည်း –

"ပြုစုလုပ်ကျွေးမည့်သူ ရှိပါ၏"ဟု ပြော၍ ပြန်ဖို့ခွင့်ပြုလိုက်သည်။

ရူပသာရီအမည်ရှိသော မယ်တော်ပုဏ္ဏားမကြီးသည် နတ်ဗြဟ္မာတို့၏ လာခြင်းကိုလည်းကောင်း၊ ပြန်သွားခြင်းကိုလည်းကောင်း မြင်ရ၍ တိုက်ခန်းတံခါ… ပေါက်သို့ လာပြီးလျှင် –

"ချစ်သား စုန္ဒ (သားတော်အငယ်… မထေရ်ကို ခေါ်သည်) ဘယ်လိုဖြစ်တ… လဲ"ဟု မေး၏။

အရှင်စုန္ဒသည် မယ်တော်ကြီးလ… ကြောင်းကို မထေရ်အား လျှောက်သေ… အခါ မထေရ်မြတ်သည် "အဘယ်ကြော… လာသနည်း"ဟု မေးတော်မူ၏။ မ… တော်ကြီးက –

"သင်သားတော်ကို ကြည့်ဖို့လ… သည်"ဟု ပြောပြီးလျှင် –

"ချစ်သား ကိုယ်ရောင်ကိုယ်… တောက်ပစွာဖြင့် ပထမလာသူတွေ… အဘယ်သူများနည်း"ဟု မေးသောအ… နတ်မင်းကြီးလေးယောက်ဖြစ်ကြောင်း… ဖြေတော်မူ၏။

"ချစ်သားက နတ်မင်းကြီးလေး… တို့ထက် သာ၍မြတ်သလော"ဟု မေ… သောအခါ မိမိ၏ မြတ်ကြောင်းကို မ… ဆိုဘဲ မြတ်စွာဘုရားကို ကြည်ညိုစေ… သောကြောင့် မြတ်စွာဘုရား၏ မြ… ကြောင်းကို ဖြေတော်မူသည်မှာ –

"မယ်တော်ကြီး၊ ထိုနတ်မင်း… လေးယောက်တို့သည် သားတို့ဆ… မြတ်စွာဘုရား၏ ပဋိသန္ဓေယူတော်မူ… အခါမှ ဖွားမြင်တော်မူသည့်တိုင်အော… သန်လျက်လက်စွဲ၍ စောင့်ရှောက်ကြ… သည်။ ဘုရားရှင်ကိုထောက်လျှင် ကျေ… စောင့် ကပ္ပိယလောက်သာ ဖြစ်ကြ… သည်"

"သူတို့ပြန်သွားပြီးနောက် … ယောက်လာပါသေးသည်။ ထိုသူ… အဘယ်သူပါနည်း"

"ထိုသူကား နတ်တို့၏ အ… သခင်ဖြစ်သော သိကြားနတ်မင်း… သည်"

"ချစ်သား •• အသင်က …

www.burmeseclassic.com

နတ်မင်းထက်တောင် မြတ်သလော”

“မယ်တော်ကြီး၊ သားတို့ဆရာ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှ ဆင်းတော်မူရာအခါ၌ ဤသိကြားဆိုသူသည် သပိတ်နှင့် သင်္ကန်းတစ်ထည်ကို ပွေ၍ လိုက်လာရပါသည်။ ထို့ကြောင့် သိကြားနတ်မင်းဆိုသူသည် သားတို့ဆရာမြတ်စွာဘုရား၏ သပိတ်သင်္ကန်းကို ယူရသော ရှင်သာမဏေနှင့် တူပါသည်”

“ချစ်သား၊ သိကြားနတ်မင်း ပြန်သွားသောအခါ လင်းထိန်နေအောင် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် လာတဲ့သူက အဘယ်သူပါနည်း”

“မယ်တော်ကြီး၊ အဲဒီသူကတော့ မယ်တော်ကြီးတို့ ဘုရား၊ ဘုရားပါဟု ကိုးကွယ်ထားသော မဟာဗြဟ္မာမင်းကြီးဖြစ်သည်”

“ချစ်သား၊ အသင်တို့က မယ်တော်ကြီး၏ ကိုးကွယ်ရာဖြစ်သော မဟာဗြဟ္မာထက်ပင်သာ၍ မြင့်မြတ်လှသလော” ဟု မေးပြန်သည်။

“မယ်တော်ကြီး၊ ဤမဟာဗြဟ္မာကြီးလေးယောက်တို့သည် သားတို့ဆရာမြတ်စွာဘုရား၏ ဖွားမြင်တော်မူရာနေ့၌ ဘုရားအလောင်းဖြစ်သော သတို့သားတော်ကို ရွှေဇာတဘက်ဖြင့် ခံယူကြရပါသည်”

ထိုသို့မေးပြီးသောအခါ ‘ရူပသာရီ’ အမည်ရှိသော မယ်တော်ပုဏ္ဏေးမကြီး ဆိုးစားမိသည်မှာ –

“ငါ့သား၏ တန်ခိုးအာနုဘော်သည် သိကြား၊ ဗြဟ္မာတို့ လာရလောက်အောင် ကြီးကျယ်နေသည်မှာ မျက်မြင်အားဖြင့် ထင်ရှားနေပြီ။ သင်၏ဆရာဆိုသော ဗုဒ္ဓမြတ်စွာဘုရား တန်ခိုးရှိန်စော် အာနုဘော်မှာ မည်မျှလောက် ကြီးကျယ်ပါမည်နည်း”ဟု တွေးတောစဉ်းစားနေစဉ် တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်း ထလောက်အောင် ပီတိသောမနဿ ဖြစ်လေသည်။

ထိုအခိုက် –

“တရားဟောဖို့ အချိန်ကောင်းပဲ” ဟု မထေရ်မြတ်က တရားဟောတော်မူသည်မှာ –

“မယ်တော်ကြီး၊ သားတို့၏ ဗုဒ္ဓမြတ်စွာ ဖွားတော်မူရာအခါ၊ တောထွက်တော်မူရာအခါ၊ သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားဖြစ်တော်မူသောအခါ ဓမ္မစကြာတရားကို ဟောတော်မူရာအခါတို့၌ တစ်သောင်းသော ကမ္ဘာလောကဓာတ် တုန်လှုပ်ရပါသည်။

သီလအားဖြင့် တုသူမရှိပါ။ သမာဓိအားဖြင့် တုသူမရှိပါ။ ပညာအားဖြင့် တုသူမရှိပါ။ ကိလေသာအာသဝေါကုန်ခြင်းဖြင့် တုသူမရှိပါ။ သားတော်တို့၏ ဗုဒ္ဓမြတ်စွာသည် တစ်ထောင့်ငါးရာ ကိလေသာတို့မှ ကင်းကွာရာ၌ပင် ဝါသနာနှင့်တကွ အငွေ့အသက်မျှ မကျန်ရအောင် ကင်းကွာတော်မူပါသည်”

ဤသို့ စသည်ဖြင့် ဗုဒ္ဓမြတ်စွာ၏ ‘အရဟံ သမ္မာသမ္ဗုဒ္ဓေါ’စသော ဂုဏ်တော်များကို အားနည်းတော်မူလျက်ပင် ကျေးဇူးဆပ်သောအနေအားဖြင့် ဟောပြတော်မူလေရာ တရားတော်အဆုံး၌ မယ်တော်ကြီး သောတာပန်တည်လေသည်။

“ချစ်သား ...ဥပတိဿ၊ ဘာကြောင့် ဤမျှလောက် အဖိုးတန်သော အမြိုက်ဆေးကို ဤမျှလောက်ကြာအောင် မပေးဘဲနေရသနည်း”

ဤသို့ လျှောက်သောအခါ “မယ်တော်ကြီးအား မွေးကျေးဇူး၏ တန်ဖိုးကို ပေးဆပ်ပြီးပြီ။ ဤမျှဖြင့် သင့်တော်လောက်ပြီ”ဟု ကြံ၍ မထေရ်မြတ်က –

“မယ်တော်ကြီး သွားတော့ ... သွားတော့”ဟု လွှတ်လိုက်ပြီးနောက်

“စုန္ဒ ... ဘယ်အချိန်ရောက်နေပြီနည်း”ဟု မေးတော်မူသည်။

“အရုဏ်တက်ခါနီးလောက် မိုးသောက်ချိန်ရောက်နေပါပြီ”ဟု လျှောက်သောအခါ –

“သံဃာတော်များ စည်းဝေးပါစေ”ဟု မိန့်တော်မူပြီးလျှင် ထိုင်ဖို့ရန် ထူပေးဖို့ မိန့်တော်မူသည်။ ရဟန်းများ ရောက်လာသောအခါ –

“လေးဆယ့်လေးဝါကာလပတ်လုံး ငါနှင့်အတူ လှည့်လည်ကြကုန်သော အသင်တို့အား ငါ၏အပေါ်၌ မနှစ်သက်အပ်သော ကာယကံ၊ ဝစီကံရှိလျှင် သည်းခံကြပါ”ဟု မိန့်တော်မူသည်။ ရဟန်းတော်များကလည်း –

“အရှင်ဘုရား၊ လေးဆယ့်လေးဝါကာလပတ်လုံး အရိပ်ကဲ့သို့ လိုက်ပါကြသော တပည့်တော်တို့သည် မနှစ်သက်အပ်သော (နှစ်သက်ဖွယ်မကောင်းသော) ကာယကံ၊ ဝစီကံကို မတွေ့ခဲ့ရပါ။ အရှင်ဘုရားတို့ကသာ တပည့်တော်တို့၏ ကာယကံ၊ ဝစီကံကို သည်းခံတော်မူကြပါ”ဟု လျှောက်ကြလေသည်။

ထိုသို့ အချင်းချင်းတောင်းပန်ပြီးရာအခါ၌ မထေရ်မြတ်သည် သင်္ကန်းကြီးကို ဆွဲ၍ မျက်နှာကို ဖုံးပြီးလျှင် (သမာပတ်တို့ကို အစမှ အဆုံး) လက်ျာနံပါးဖြင့် လျောင်းတော်မူ၏။ ထိုသို့ လျောင်းပြီးလျှင် သမာပတ်တို့ကို အစမှ အဆုံးတိုင်အောင် အဖန်ဖန်ဝင်စားပြီး၍ နောက်တစ်ကြိမ် စတုတ္ထဈာန် ဝင်စားပြီးသောအခါ ပရိနိဗ္ဗာန်စံတော်မူသည်။

ထိုအခါ ဤမဟာပထဝီမြေကြီးသည် ပဲ့တင်ထပ်လျက် ဆတ်ဆတ်ခါအောင် တုန်လှုပ်လေသည်။ မယ်တော်ကြီးသည် စကားပြောသံ မကြားသောအခါ –

“မိမိသားဝ် ဘယ်လိုနေပါလိမ့်

www.burmeseclassic.com

မည်နည်း''ဟု သိလို၍ ထလာပြီးလျှင် ခြေဖဝါးတို့ကို ဆုပ်နယ်သောအခါ ပရိနိဗ္ဗာန်စံပြီးကြောင်းသိရ၍ ကျယ်စွာသော အသံကိုပြုလျက် ခြေတော်၌ မျက်နှာအပ်၍ ငိုလေသည်။

''ချစ်သား ... မယ်တော်တို့သည် ရှေးအခါက သား၏ဂုဏ်ကို မသိကြကုန်။ ဂုဏ်ကိုသိရာ ယခုအခါ၌ကား အသင်သားတော်ကို အမှူးပြု၍ ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာ၊ သိန်းပေါင်းများစွာသော ရဟန်းတော်တို့ကို ဤတိုက်ပေါ်၌ ဆွမ်းကပ်ခြင်းငှာ အခွင့်မရတော့၊ သင်္ကန်းလှူခြင်းငှာ အခွင့်မရတော့။ ရာပေါင်း၊ ထောင်ပေါင်းများစွာသော ကျောင်းတို့ကို ဆောက်လုပ်လှူဒါန်းခြင်းငှာ အခွင့်မရတော့''ဟု ပြော၍ ငိုကြွေးလေသည်။

အရုဏ်တက်သောအခါ၌ကား ရွှေပန်းထိမ်သည်တို့ကို ခေါ်စေ၍ ရွှေတိုက်ကို ဖွင့်စေပြီးလျှင် ရွှေတုံးတို့ကို ချိန်ခွင်ကြီးဖြင့်ချိန်စေ၍ ငါးရာသော အထွတ်တင်အပ်သော ပြာသာဒ်တို့ကိုလည်းကောင်း၊ ငါးရာသော စေတီတို့ကိုလည်းကောင်း ပြုလုပ်ကြဖို့ရန် ပေးလေသည်။ သိကြားနတ်မင်းသည်လည်း ဝိသကြုံနတ်သားကို ခေါ်၍ –

''တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန်စံတော်မူပြီ။ ငါးရာသော အထွတ်တင်အပ်သော ပြာသာဒ်တို့ကိုလည်းကောင်း၊ ငါးရာသော စေတီတို့ကိုလည်းကောင်း ဖန်ဆင်းလော့''ဟု ပြောပြီး –

မယ်တော်ကြီးသည် မြို့အလယ်၌ မဏ္ဍပ်ကြီးကို ဆောက်လုပ်၍ မဏ္ဍပ်အလယ်၌ အကြီးဆုံးပြာသာဒ်ကို ထားပြီးလျှင် ကြွင်းသော ပြာသာဒ်တို့ကို အခြံအရံအဖြစ်ဖြင့် ထား၍ သာဓုကီဠနသဘင် ဆင်ယင်စေသည်။

များစွာသော လူအပေါင်းတို့သည် ခုနစ်ရက်ပတ်လုံး သာဓုကီဠနသဘင် ဆင်ယင်ကျင်းပ၍ အလုံးစုံသော နံ့သာမျိုးစုံ ထင်းပုံကို ပြု၏။ နံ့သာထင်းပုံသည် ကိုးဆယ့်ကိုးတောင်အမြင့်ရှိ၏။ မထေရ်မြတ်၏ အလောင်းတော်ကို နံ့သာထင်းပုံပေါ်သို့ တင်၍ ပန်းရင်းမြက်စည်းတို့ဖြင့် မီးလောင်စေကြကုန်ပြီ။

မီးသဂြိုဟ်ရာ သုသာန်၌ တစ်ညဉ့်ပတ်လုံး တရားပွဲဖြစ်၏။ အနုရုဒ္ဓါမထေရ်သည် အလုံးစုံသော နံ့သာရည်ဖြင့် မီးကို ငြိမ်းစေပြီး ညီတော်စုန္ဒမထေရ်သည် ဓာတ်တော်တို့ကို ပဝါရေစစ်၌ ထည့်၍ မြတ်စွာဘုရားအား လျှောက်ဖို့ရန် ဓာတ်တော်ထည့်ရာ ပဝါရေစစ်ကိုလည်းကောင်း၊ အရှင်သာရိပုတ္တရာမထေရ်မြတ်၏ သပိတ် သင်္ကန်းကိုလည်းကောင်း ယူ၍ သာဝတ္ထိမြို့သို့ သွားလေ၏။

သာဝတ္ထိမြို့သို့ ရောက်သောအခါ အရှင်စုန္ဒမထေရ်သည် မိမိ၏ ဥပဇ္ဈာယ်ဖြစ်သော အရှင်အာနန္ဒာထံသို့ သွား၍ သပိတ်၊ သင်္ကန်းနှင့် ဓာတ်တော်များကို ဆက်ကပ်လေ၏။

ဗုဒ္ဓမြတ်စွာသည် ဓာတ်တော်တည်ရာ ပဝါရေစစ်ကို ယူတော်မူ၍ လက်တော်အပြင်၌ ထားပြီးလျှင် ရဟန်းများကို မိန့်တော်မူသည်မှာ –

''ဘိက္ခုတို့ ... အတော်ကြာသော ရှေးရှေးနေ့က တန်ခိုးပြာဋိဟာများစွာတို့ကို ပြပြီး၍ ပရိနိဗ္ဗာန်စံဖို့ရန် ခွင့်တောင်း သွားသော သာရိပုတ္တရာ၏ ပွတ်သစ်ခရုသင်းကဲ့သို့ ဖြူဖွေးသော ဓာတ်တော်တို့သာ ထင်ရှားကုန်တော့၏။

ဘိက္ခုတို့ ... ဤဓာတ်တော်၏ အရှင်ဖြစ်သော ဤရဟန်းကား ကမ္ဘာတစ်သိန်းအလွန်ရှိသော တစ်သင်္ချေပတ်လုံး ပါရမီဖြည့်လာခဲ့သော ရဟန်းတည်း။ ငါဘုရားလည်စေအပ်သော ဓမ္မစကြာကို အတုလိုက်၍ လည်စေနိုင်သော ငါဘုရား၏ လက်ျာတော်ဝယ် ဒုတိယနေရ... ထိုင်နေသော ရဟန်းလည်းဖြစ်၏... ရဟန်းသည် သာဝကတို့၏ အရ... အဝေးကို ဖြည့်စေနိုင်သော ရဟန်းလ... ဖြစ်၏။ ဤရဟန်းသည် ငါဘုရားကို ... ၍ တစ်သောင်းသော စကြာဝဠာ၌ ... အားဖြင့် အတုမရှိသူလည်း ဖြစ်၏... ရဟန်းသည် ပစ္စည်းလေးပါးတို့၌ အ... ရမွက်မကြီးသော ရဟန်းလည်းဖြစ်... ဤရဟန်းကား တင်းတိမ်ရောင့်ရဲရ... သော ရဟန်းလည်းဖြစ်၏။ အဝေ... အဖော်တို့မှ ကင်းဆိတ်သော ရဟ... လည်းဖြစ်၏။ လူတို့နှင့် ရောနှောခြင်း... သော ရဟန်းလည်းဖြစ်၏။ လုံ့လဝီ... ကြီးမားသော ရဟန်းလည်းဖြစ်၏။ ... တော်တို့ကို အပြစ်တင်တတ်၊ ကဲ့ရဲ့... သော ရဟန်းလည်းဖြစ်၏။ တစ်ဆ... တည်းသော ဘဝငါးရာတို့ကိုလည်း... ကောင်း၊ ထိုဘဝတို့၌ရသော စည်း... ကြီးတို့ကိုလည်းကောင်း စွန့်ခွာ၍ ရဟ... ပြုနိုင်သူလည်းဖြစ်၏။

ဤရဟန်းသည် ငါဘုရား၏ ... သနာတော်၌ မြေကြီးအထုကဲ့သို့ သည... နိုင်သူလည်း ဖြစ်၏။ ဦးချိုကျိုးသော ... လားဥသဘကဲ့သို့ မာန်မာနမတက်... သော ရဟန်းလည်းဖြစ်၏။ ဒွန်းစဏ္ဍ... သားကဲ့သို့ နှိမ့်ချအပ်သော စိတ်ထ... သူလည်း ဖြစ်၏။

ဤသို့ ဂါထာငါးရာဖြင့် အ... သာရိပုတ္တရာ၏ ဂုဏ်တို့ကို မိန့်တော်... ဓာတ်တော်တို့ကို ဌာပနာဖို့ရာ ... တည်စေတော်မူလေသည်။

**သူတော်...**

ကျမ်းကိုး


၁။ ဇိနတ္ထပကာသနီကျမ်း

၂။ နောက်ဆုံးဆယ်လမြတ်ဗုဒ္ဓ...



www.burmeseclassic.com

www.burmeseclassic.com



# ခန္ဓာငါးပါး ကို ပရမတ်ဖြင့် ပေါင်းရှင်း

■ မဟာထွန်း

ဤပေါင်းရှင်းကဏ္ဍသည် ခန္ဓတရားစဉ်တစ်လျှောက်လုံးအတွက် အရေးအကြီးဆုံးဖြစ်၏။ ထို့ကြောင့်လည်း အထူးဂရုစိုက်သင့်၏။ ဓမ္မယောဂီများသည် ဤခန္ဓာငါးပါးတရားစဉ်ကို အစမှ အဆုံးတိုင်အောင် ဖတ်မှတ်ရှုပွားလာကြ၍ ညက်ညက်ရထားကြပေလိမ့်မည်ဟုလည်း ယုံကြည်မှတ်ယူထား၏။ ထို့ကြောင့် ဤခန္ဓာငါးပါး ပေါင်းရှင်းကဏ္ဍကို အကျဉ်းမျှသာ ရေးသားတင်ပြပေတော့မည်။

အကျဉ်းမျှဟုဆိုခြင်းမှာ အကြောင်းရှိသည်။ အကျယ်ကို နားလည်ထားသော ဓမ္မယောဂီများအဖို့တွင် သခင်ပတည်းဟူသော အကျဉ်းမျှဖြင့်ပင် လုံလောက်မှု ရှိလေသည်။

တစ်နည်း အကျယ်ရထားသော အကြောင်းအရာကို တန်ဖိုးရှိမှန်း သိထားကြသော ယောဂီပုဂ္ဂိုလ်တို့သည် ထိုအကြောင်းအရာကို အကျဉ်းချုံ့ပြီး အာဂုံဆောင်လည်းကောင်း၊ ရေးမှတ်သိမ်းဆည်း၍သော်လည်းကောင်း ဆောင်ထားလေ့



www.burmeseclassic.com

www.burmeseclassic.com

ရှိတတ်ကြသည်။

ထို့ကြောင့် ရှေးဆရာမြတ်တို့သည်လည်း အကျယ်ကို ဆိုပြီးလျှင် ဆောင်ထားရန်အတွက် အကျဉ်းကိုလည်း ထုတ်ဆိုတော်မူကြသည်ကို တွေ့ရ၊ မှတ်ဖူးသည်။ ဤအကျဉ်းကဏ္ဍတွင် တရားတော်ကို ထိုင်ပြီး ရှုမှတ်နည်းကိုပါ ထည့်သွင်းပေဦးမည်။

တရားတော်ကို သူ့အဆင့်နှင့်သူ ရရှိပိုင်ဆိုင်ထားကြသော ဓမ္မယောဂီများအဖို့တွင်လည်း တရားတော်ကို ရရှိပိုင်ဆိုင်ထားရုံဖြင့် တိုးပွားခြင်းကို မဖြစ်နိုင်ပေ။ အချိန်ရတိုင်း ရှုမှတ်ပွားများနေပါမှ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ခြင်းကို ဖြစ်စေပေလိမ့်မည်။

ဥပမာကား အဘယ်အကြောင်းအရာနှင့် တူသနည်းဆိုပါမူ ပြည်တန်ပတ္တမြားကြီးကို လက်ဝယ်ပိုင်ဆိုင်ထားသော်လည်း တစ်စုံတစ်ရာ အသုံးမချဘဲ သိမ်းဆည်းထားဘိသကဲ့သို့သာ ဖြစ်သည်။ အသုံးမချလျှင် ပြည်တန်ပတ္တမြားပင် သိမ်းဆည်းထားသော ပိုင်ရှင်အား အကျိုးပြုခြင်းမရှိပေ။

သည်အဖြစ်ကိုလည်း ငါတို့ ဓမ္မယောဂီများ အထူးသတိပြုကြရာသည်။ တရားတော်ကို လေ့လာခြင်းလည်းမရှိ၊ လိုလည်းမလိုလား၊ တစ်စုံတစ်ရာ တစ်ပါးတစ်ပါးမျှ သိရှိပိုင်ဆိုင်ထားခြင်းမရှိလေသော ဓမ္မယောဂီပုဂ္ဂိုလ်များအဖို့ တစ်စုံတစ်ရာ အမြတ်အရှုံးမရှိသော်လည်း အပတ်တကုတ်ကြိုးစားရှာဖွေနေကြသော ဓမ္မယောဂီများအဖို့မှာမူ တရားရရှိခြင်း၊ တိုးတက်ခြင်းသာ မရှိလျှင် အနာကြီးနာသည်သာ ဖြစ်၏။ မလေ့လာကြသော ပုဂ္ဂိုလ်အဖို့ကား အနစ်ကြီးနစ်သည်သာ ဖြစ်၏။

သတ္တဝါများအဖို့ သာသနာတော်ကြီးသည် အပိုဆုရလဒ်ကြီးသာလျှင် ဖြစ်သည်။ သတ္တဝါတိုင်းသည်လည်း သာသနာတော်ကြီးနှင့် ကြုံကြသည်မဟုတ်ပေ။ ကြုံတိုင်းလည်း ကြိုက်ကြသည်မဟုတ်။ ထို့ကြောင့် ကြုံလည်းကြုံ၊ ကြိုက်လည်းကြိုက်ပါမှ အကျိုးကို ရရှိပေလိမ့်မည်။ ကြုံလည်းကြုံ၊ ကြိုက်လည်းကြိုက်မည့် ကိစ္စသည်ကား ခဲယဉ်းလှသည်။

ဘုရားရှင်မပွင့်ပေါ်မီ ရှေးအလွန်မှ ဖြစ်တည်ကြသော သတ္တဝါတို့သည် ဘုရားရှင်၏ သာသနာတော်ကြီးနှင့် မကြုံကြခြင်းဖြစ်သည်။ ဘုရားရှင်မပွင့်ပေါ်မီလေးတွင် ဘုရားအလောင်းတော်နှင့်ပင် တွေ့ကြုံလိုက်ရဖူးပြီး မြေလျှိုး မိုးပျံ ဈာန်အဘိညာဉ်တန်ခိုးဖြင့် ပြည့်စုံနေကြသည့် ဒေဝိဠ အာဠာရ ဥဒက စသော ရသေ့ကြီးတို့သည် သာသနာတော်ကြီးကို ကြိုက်ကြသော်လည်း မကြုံလိုက်ကြရပေ။ ဘုရားရှင်ပွင့်တော်မူခါနီးအချိန်မှာပင် သေလွန်၍ ဗြဟ္မာပြည်ကို ရောက်သွားကြရသည်။

ငါတို့ ဓမ္မယောဂီများသည်ကား ဘုရားရှင်၏ သာသနာတော်နှင့် ကြုံလည်းကြုံ၊ ကြိုက်လည်းကြိုက်သော ယောဂီပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ထို့ကြောင့် ဤခန္ဓာဉာဏ်ရောက် တရားတော်မြတ်ကို လိုက်စား၍ သိရှိပိုင်ဆိုင်နေကြခြင်း ဖြစ်သည်။

ယခု ဘုရားရှင်၏ သာသနာတော်ကြီးနှင့် ကြုံကြိုက်နေကြသော်လည်း ခန္ဓာဉာဏ်ရောက် တရားတော်မြတ်ကို လေ့လာလိုက်စား ပွားများခြင်းမရှိသော ပုဂ္ဂိုလ်များမှာ သာသနာတော်နှင့် ကြုံသော်လည်း မကြိုက်ကြသော ပုဂ္ဂိုလ်များ ဖြစ်သည်။ ထို့ကြောင့် ဆိုခဲ့သည့်အတိုင်း ငါတို့ ဓမ္မယောဂီများသည် ကံကောင်းထောက်မစွာဖြင့် ယခု သာသနာတော်ကြီးနှင့် ကြုံဆုံခွင့်ရရှိနေဆဲတွင် ဤခန္ဓာဉာဏ်ရောက် ဝိပဿနာတရားတော်ကြီးကို ပျင်းလျှင်ပင် စွတ်ပေပြီး လုပ်သင့်၏။ ရှုမှတ်ပွားများသင့်၏။

ယခု ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားတော်ကို နာယူပွားများနေကြသော ဓမ္မယောဂီများသည်လည်း လွန်ခဲ့သော ဘဝများစွာက ဤတရားတော်ကို ရှုမှတ်ပွားများခဲ့ဖူး၍သာ ဖြစ်၏။ ထို့ကြောင့် အထုံပါရမီရှိနေကြ၍သာ ယခုဘဝတွင် တရားတော်ကို ရှုမှတ်ပွားများနေကြခြင်း ဖြစ်သည်။ ပါရမီကို မြင့်မြတ်သော ပုဂ္ဂိုလ်တို့၏ အကျင့်ဟု ဆိုရသည်။ တစ်နည်းအားဖြင့် အထုံဝါသနာဟုလည်း ဆိုရသည်။

ထို့ကြောင့် ပုဂ္ဂိုလ်သတ္တဝါမရွေး ဝိပဿနာတရားတော်ကို ပွားများအားထုတ်သင့်၏။ ပျင်းလျှင်လည်း ပေ၍ကြိုးစား၍ အချိန်သတ်မှတ်၍ ပွားများ အားထုတ်သင့်၏။ တရားတော်သည် သင် ဒကာ၊ ဒကာမတို့၏ လက်တစ်ကမ်းတွင် ရှိနေ၏။ အချိန်ကာလသည်လည်း ကောင်းနေဆဲဖြစ်၏။ ဆုတ်ကပ်သာသနာတော်၌ လက်ရှိထက်ကောင်းသောအချိန်သည် မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် သာသနာတော်ကြီးနှင့် တွေ့ရကြုံရကျိုးနပ်အောင်၊ လက်ရှိဘဝမှာပင် တစ်မင်တစ်ဖိုလ်ရအောင် အချိန်ယူ၍ အံကိုခဲ၍ ကြိုးစားကြလေ သူတော်ကောင်းတွေတို့။

*** *** ***

ဒကာတစ်ယောက် တရားလာမေးဖူးသောအကြောင်းကို ဖြေကြားဖူး၏။ သူက တရားတော်ကို ထိုင်ရှုမှတ်တတ်သော်လည်း အရာဝတ္ထုအားလုံးကို တရားတော်သို့တင်၍ ရှုမှတ်တတ်သည်အထိ သိထားနားလည်ခြင်းမရှိသေးကြောင်းကို မကွယ်မဝှက်၊ ပွင့်ပွင့်လင်းလင်း လျှောက်ထား၏။ ထို့နောက် ရှုမှတ်တတ်အောင်လည်း သူနားလည်သည်အထိ ဟောကြားပေးရန် လျှောက်ထား၏။

ထို့ကြောင့် စာရေးသူက ပန်းသီးတစ်လုံးကို ရှေ့မှာထားပြီး ဓာတ်၊ ပရမတ် တရားတော်များဖြင့် ဟောကြားရလေသည်။ ဤ၌ ထိုအကြောင်းကိုထည့်သွင်းလျှင် အကျိုးများမည်ဟုထင်၏။ စာဖတ်သူ ဓမ္မယောဂီများလည်း အာရုံသွင်း၍ ဆင်ခြင်ပြီး ကြည့်နိုင်ကြရန် ရေးသားတင်ပြဦးမည်။

ပန်းသီးဟူသော သညာ့ကွန်ပျောက်သည်အထိ နှလုံးသွင်းရန်လို၏။ သည့်အကြောင်းကိုလည်း အခြားဥပမာတစ်ခုဖြင့် ရေးသားခဲ့ဖူး၍ မှတ်မှတ်သားသားရှိသော ဓမ္မယောဂီများသည် သာ၍ပင် နားလည်လွယ်ကြလိမ့်မည်ဟု ယူဆ၏။ အာရုံခြောက်ပါးနှင့်သာ သုံးသပ်ပြမည်ဖြစ်၍ ခက်လိမ့်မည်လည်း မဟုတ်ပေ။

ပန်းသီးဟူသည်မှာ အရှိတရားမဟုတ်။ မရှိတရား ပညတ်သာလျှင် ဖြစ်၏။ ထိုပန်းသီးကို ခွဲခြမ်းစိတ်ဖြာ၍ အစိတ်စိတ်အမွှာမွှာ ပြုလုပ်လိုက်လျှင် ပန်းသီးပုံသညာ့ကွန်ပျောက်၏။ ထို့ကြောင့် ပန်းသီးကို မရှိတရား၊ ပညတ်ဟုဆိုရ၏။ ဦးစွာ ထိုပန်းသီးကို မျက်စိဖြင့် သုံးသပ်ကြည့်ကြစို့။

မျက်စိဖြင့်ကြည့်လျှင် ပန်းသီးကို မြင်၏။ ပန်းသီးဟု မြင်ခြင်းမှာ ပညတ်အမြင်ဖြစ်၏။ ပရမတ်အမြင်ဖြင့်ကြည့်လျှင် ထိုပန်းသီးမှာရှိသော အရောင်ကိုသာ မြင်ရမည်ဖြစ်၏။ သို့မှ ပရမတ်အမြင်ဖြစ်၏။ ထို့ကြောင့် ပညတ်အမြင်နှင့် ပရမတ်အမြင် ထိုနှစ်မျိုးကို ကွဲပြားအောင်ကြည့်ပါ။

ဓားနှင့်ခွဲလိုက်လျှင် ပန်းသီးဟု မခေါ်တော့။ အခြမ်းဟူသော အမည်ကို ပြောင်းသွား၏။ သို့သော်လည်း ကြည့်၍ မြင်နေရသေး၏။ အစိတ်စိတ်အမွှာမွှာ လုပ်လိုက်လျှင်လည်း ကြည့်၍ မြင်နေရသေး၏။ ပညတ်တို့သဘော မရှိတရားဖြစ်သည့်အတိုင်း မူလပန်းသီးကား မရှိတော့ပေ။ ပရမတ်ဖြစ်သော အရောင်သည်ကား ရှိနေဆဲဖြစ်၏။ သို့သော် ထိုအရောင်ကို ကိုင်၍၊ ယူ၍မရ၊ သဘောမျှသာ ရှိ၏။

လာရောက်လျှောက်ထားသော ထိုဒကာသည် ဤမျှရှင်းပြလိုက်ရုံဖြင့်ပင် သဘောပေါက်သွား၏။ မရှိတရား ပညတ်နှင့် အရှိတရား ပရမတ် စသည်ကိုလည်း နားလည်သွား၏။ သို့သော်လည်း မျက်စိနှင့်ပတ်သက်သော အမြင် (အရောင်)မျှကိုသာ နားလည်ရုံရှိသေး၍ အာရုံခြောက်ပါးလုံး ပြည့်စုံအောင် သွားရမည်ဖြစ်သောကြောင့် မျက်စိပြီးနောက် နားကိုဆက်ရ၏။

ပန်းသီးကို ခေါက်ကြည့်လျှင် ဘုတ် ဘုတ် ဟု အသံတစ်သံ ကြားရ၏။ (ပန်းသီး ပညတ်ဖြစ်ကြောင်းကို ရှင်းမပြတော့ပေ။) ထိုအသံသည် ပရမတ်ဖြစ်၏။ ပရမတ်ဖြစ်သောကြောင့် ခေါက်ကြည့်တိုင်း ကြားနေရသော်လည်း ထိုအသံကို ပန်းသီးထဲမှာ ခွဲရှာ၍ မရပေ။ ထို့နောက် နှာခေါင်းကိုသွားပါ။

ပန်းသီးကို နမ်းကြည့်လျှင် အနံ့တစ်ခုရှိ၏။ ထိုအနံ့သည် ပရမတ်ဖြစ်၏။ ပရမတ်ဖြစ်သောကြောင့် နမ်းကြည့်တိုင်း အနံ့ရသော်လည်း ထိုအနံ့ကို ပန်းသီးထဲမှာ ခွဲရှာ၍မရပေ။ ထို့နောက် လျှာကိုသွားပါ။

ပန်းသီးကို လျှာနှင့်တို့ကြည့်လျှင် အရသာတစ်ခုရှိ၏။ ထိုအရသာ(ရသ)သည် ပရမတ်ဖြစ်၏။ ပရမတ်ဖြစ်သောကြောင့် လျှာနှင့်တို့ကြည့်တိုင်း အရသာတစ်ခုကိုတွေ့သော်လည်း ထိုအရသာကို ပန်းသီးထဲမှာ ခွဲရှာ၍မရပေ။ ထို့နောက် ကိုယ်ကိုသွားပါ။

ပန်းသီးကို ထိ/ကိုင်လျှင် အတွေ့အထိတစ်ခု ဖြစ်ပေါ်လာ၏။ ပထဝီနှင့်ကြည့်လျှင်လည်း အမာ၊ အပျော့ တစ်ခုခုရှိ၏။ အပြင်ရေသည် မာပြီး အတွင်းက အသားသည် ပျော့၏။ ထိုအမာ/အပျော့သည် ပရမတ်ဖြစ်၏။ ပရမတ်ဖြစ်သောကြောင့် ကိုင်ကြည့်လိုက်တိုင်း အမာ/အပျော့ကိုတွေ့သော်လည်း ထိုအမာနှင့် အပျော့ကို ပန်းသီးထဲမှာ ခွဲရှာ၍

www.burmeseclassic.com

မရပေ။ ထို့နောက် စိတ်ကိုသွားပါ။

စိတ်သည်ကား အသိဖြစ်၏။ အသိဖြစ်သောကြောင့် ပညတ်သိကိုယူမှ သင့်မည်ထင်၏။ (ပရမတ်ဟုလျှင် သိရုံသဘောမျှသာ) ထို့ကြောင့် မရှိတရားဖြစ်သော ပန်းသီးကို အရှိတရားဟုစွဲပြီး မှားယွင်းစွာဖြင့် သိနေ၏။ မရှိတရားဖြစ်သောကြောင့်လည်း အစိတ်စိတ်အမြွာမြွာပြုလုပ်လိုက်လျှင် ပန်းသီးပျောက်၏။ ဤ၌ အာကာသ ပရိစ္ဆေဒ သဘောလည်း သက်ဝင်၏။ ကျယ်မည်စိုး၍ ဆက်မရေးတော့ပေ။

ဤမျှလောက် ရှင်းပြလျှင်ပင် ပရမတ်သဘော ထင်ရှားလေသောကြောင့် ပန်းသီးဟူသော ပုံစံပျောက်လေ၏။ ပန်းသီးသည် အရှိတရားမဟုတ်ကြောင်းကိုလည်း ကွင်းကွင်းကွက်ကွက် မြင်သာလေ၏။ ဤပန်းသီးဥပမာကိုပင် နည်းမှီ၍ အကျယ်ချဲ့ကြည့်လိုက်သောအခါ ကမ္ဘာလောကဓာတ်ကြီးနှင့်တကွ သုံးဆယ့်တစ်ဘုံလုံးကို ပရမတ်ဉာဏ်မျက်စိဖြင့် ကြည့်လျှင် တစ်စုံတစ်ခု ပြောစရာ၊ ပြစရာဟူ၍ မရှိဘဲ ကင်းဆိတ်လျက်သာ ရှိလေ၏။

***   ***   ***

သည်အခန်းကို နောက်နောက်သော ဓမ္မဆောင်းပါးများမှ ရေးသားတင်ပြခဲ့သည့် ခန္ဓာငါးပါးနှင့် စပ်ဆိုင်သော အကြောင်းအရာများကိုသာ ပြန်လည်သုံးသပ်တင်ပြရန် စိတ်ကူးရှိခဲ့သော်လည်း ယခု ပန်းသီးဥပမာကို တင်ပြလိုက်ရုံဖြင့်ပင် အတော်လေးပြည့်စုံ လုံလောက်နေသည်ကို တွေ့ရ၏။ ထို့ကြောင့် ဆိုခဲ့သည့် ပန်းသီး(ဥပမာ)ထဲမှ ထိုပန်းသီးနှင့်ပတ်သက်၍သာ ခန္ဓာဖွဲ့ပြပြီး တရားရှုမှတ်နည်းကို ဆက်ပေတော့မည်။

ပန်းသီးကို ခန္ဓာဖွဲ့မည်ဟုဆိုရာ၌ ပန်းသီးသည် ပညတ်ရုပ်ထဲတွင် ပါဝင်နေ၍ ထိုပညတ်ရုပ်ကိုပယ်ပြီး ပရမတ်ရုပ်ကိုသာ ခန္ဓာဖွဲ့ရသည်ကို အထူးသတိထားရ၏။ ပရမတ်ရုပ် ပေါ်လာသည်အထိ ပညတ်၊ ပရမတ် ခွဲပြပြီးမှ ပရမတ်ရုပ်ကို ခန္ဓာဖွဲ့ရမည်ဖြစ်၏။ ထို့ကြောင့် ပန်းသီးကို ပညတ်၊ ပရမတ် ခွဲကြစို့။ ရှေ့ကလည်း ဆိုခဲ့ပြီဖြစ်၍ ဤ၌ အကျဉ်းကိုသာ ပြပေတော့မည်။

ရူပါရုံမှ စရမည်ဖြစ်၍ မျက်စိဖြင့် ပန်းသီးကိုကြည့်၍ မြင်ခြင်းမှာ အရောင်ရုပ်၊ ရူပါရုံဖြစ်၏။ ထို၌ မြင်ခြင်းကိစ္စ ပြီးသည်အထိ မျက်စိ၊ ပန်းသီးမှာရှိသော အရောင်၊ မြင်စိတ်ဟု သုံးမျိုးပြား၏။ မျက်စိသည်လည်း ပညတ် ၊ ပန်းသီးသည်လည်း ပညတ်၊ ပန်းသီးမှာ မှီတွယ်ဖြစ်တည်နေသော အရောင်သည် ပရမတ်။ အရောင်သည် ပရမတ်ဖြစ်သည့်အကြောင်းကို ရှေ့တစ်နေရာက ရှင်းပြခဲ့ပြီ။ သည် ပရမတ်အရောင်ကိုပင် ခန္ဓာဖွဲ့ရသည်။ အရောင်သည် ရုပ်ဖြစ်သောကြောင့် ခန္ဓာဖွဲ့လျှင် ရူပက္ခန္ဓာရ၏။

ထိုအရောင်ကို ကြိုက်၊ မကြိုက် ခံစား၍ရ၏။ ခံစားခြင်းမှာ ဝေဒနာဖြစ်၍ ထိုဝေဒနာကို ခန္ဓာဖွဲ့လျှင် ဝေဒနက္ခန္ဓာရ၏။

ထိုအရောင်ကို မှတ်သားခြင်းမှာ သညာဖြစ်၍ ခန္ဓာဖွဲ့လျှင် သညက္ခန္ဓာ ရ၏။

ထိုအရောင်ကို ကြည့်ခြင်းမှာ သင်္ခါရဖြစ်၏။ သင်္ခါရကို ခန္ဓာဖွဲ့လျှင် သင်္ခါရက္ခန္ဓာ ရ၏။

ထိုအရောင်ကို သိခြင်းမှာ ဝိညာဉ်ဖြစ်၍ ခန္ဓာဖွဲ့လျှင် ဝိညာဏက္ခန္ဓာ ရ၏။

ဤသို့သုံးသပ်လျှင်လည်း ရ၏။ ထို့နောက် တရားရှုမှတ်နည်းကို သွားကြဦးစို့။

***   ***   ***

မြတ်စွာဘုရားရှင်၏ အနန္တမည်သော ဘုန်းတော်ကံတော်၊ ဉာဏ်တော်တို့ကို အာရုံပြုပြီး နမောတဿနှင့် ဘုရားရှိခိုးကြစို့။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မြန်မာပြန် - လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့၏ ရှိခိုးပူဇော်ခြင်းကို ခံယူတော်မူထိုက်သော၊ တရားအားလုံးကို သိမြင်တော်မူသော(တပည့်တော်သည်)ထိုမြတ်စွာဘုရားရှင်အား ရှိခိုးပါ၏။

**မေတ္တာပို့**

ငါသည် ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါစေ၊ ကိုယ်ဆင်းရဲကင်းပါစေ၊ ချမ်းသာစွာဖြင့် မိမိ၏ခန္ဓာကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com

ရှက်ဆောင်နိုင်ပါစေ။

ဤကျောင်း(ဇရပ်၊ ဂူ၊ အိမ်၊ ကား၊ ရထား၊ သင်္ဘော၊ မော်တော်၊ လေယာဉ်၊ တောတောင်၊ သစ်ပင်အောက်) အတွင်း၌ ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကိုယ်ကို ရှက်ဆောင်နိုင်ကြပါစေ။

(အကျဉ်းကျုံးသွားတော့မည်။ ဖြည့်ဖတ်ရန်)

ဤရွာ၊ ရပ်ကွက်၊ မြို့/နယ်၊ ပြည်နယ်/တိုင်း၊ နိုင်ငံ၊ ကမ္ဘာ၊ သုံးဆယ့်တစ်ဘုံ၊ စကြဝဠာ၊ စကြဝဠာအနန္တ ရှိကြကုန်သော • • •

အရှေ့ အနောက်၊ တောင်၊ မြောက်၊ အရှေ့တောင်ထောင့်၊ အနောက်မြောက်ထောင့်၊ အရှေ့မြောက်ထောင့်၊ အနောက်တောင်ထောင့်၊ အထက်အရပ်၊ အောက်အရပ်၌ ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကိုယ်ကို ရှက်ဆောင်နိုင်ကြပါစေ။

## တရားရှုမှတ်ပုံ အစီအစဉ်

ဘယ်ခြေအောက်၊ ညာခြေအပေါ်၊ တင်ပျဉ်ခွေထိုင်၊ ဘယ်ဘက်ခြေဖဝါးပေါ်မှာ ညာဘက်ခြေသလုံးကိုထား၊ ဘယ်ဘက်ပေါင်နှင့် ခြေသလုံးအကြားမှာ ညာဘက်ခြေဖဝါးကိုထား။ ဘယ်လက်အောက်၊ ညာလက်အပေါ်၊ လက်မထိပ်ချင်း ထိကပ်ထား။ ခါးကိုဆန့်ထုတ်ထား။ ခေါင်းကို ရှေ့နောက်ဘယ်ညာမယိမ်း။ မငိုက်မစောင်း။ မတ်မတ်ထား။ ထိုအနေအထားအတိုင်း အကြောများကို လျှော့ချထား။

ခါးကို ဆန့်/မတ်ထားပြီး အကြောအားလုံးကို လျှော့ချထားနိုင်ခြင်းသာ ဖြစ်၏။ အကြောများကို တောင့်ထားလျှင် ကြောမီ ညောင်းကိုက် ထုံကျင်လာတတ်သည်။ ထိုအခါ မိမိ၏ တရားအလုပ်ကို အနှောင့်အယှက်ဖြစ်လာတတ်သည်။ ထိုင်၊ ပေထိုင်လျှင်လည်း မိမိကိုယ်ကို နှိပ်စက်သလို ဖြစ်နေ၍ တရားတော်သို့ အာရုံမရောက်နိုင်တော့ဘဲ ဖျက်သိမ်းလိုက်ရပေလိမ့်မည်။ နောက်လည်း တရားထိုင်ပြီး ရှုမှတ်ရမည်ကို ကြောက်လာတတ်သည်။

ထို့ကြောင့် သက်သာမည့်နည်းကို ရှာရသည်။ ထိုနည်းကို အမြဲတမ်းသုံးနိုင်ရန်အတွက် အလေ့အကျက်ဖြစ်အောင်၊ စွဲအောင် လုပ်ရသည်။ စွတ်မလုပ်ဘဲ စိတ်ကို ညင်သာပျော့ပျောင်းစွာဖြင့် ကြည်လင်အောင်ထားပြီး ရှုမှတ်ရသည်။

ထို့နောက် စိတ်ကို နှာသီးဝသို့ ပို့လိုက်ပါ။ ပြန့်လွင့်ပြီး အဝေးသို့ရောက်သွားလျှင် ပြန်၍ နှာသီးဝသို့ ပို့ရသည်။ အတတ်နိုင်ဆုံး စိတ်ကို နှာသီးဝမှာ ငြိမ်အောင်ထားရသည်။ စိတ်သည် နှာသီးဝမှာ အထိုက်အလျောက် ငြိမ်သက်လာပြီးနောက် အသက်ရှူရှိုက်လိုက်တိုင်း လေသည် ဝင်လျှင်လည်း တိုးသည်။ ထွက်လျှင်လည်း တိုးသည်။

တိုးသည်ကိုသာ စိုက်၍ရှုမှတ်နေရသည်။ လေကိုလည်း မမှတ်ရ၊ နှာသီးဝကိုလည်း မမှတ်ရ၊ လေနှင့် နှာသီးဝသည် ပညတ်ဖြစ်ပြီး တိုးနေသည့်နေရာလေးသည်ကား ပရမတ်စစ်စစ်ဖြစ်သည်။ ပရမတ်ဖြစ်သောကြောင့် တိုးနေသည့်နေရာကို ကိုင်၊ ယူ၊ ပြသ၍မရ။ တိုးနေသည်ကို စိတ်ဖြင့် သိရုံမျှသက်သက်သာ ရှိသည်။ တစ်စုံတစ်ရာ ပြောဆိုပြသ၍ မရနိုင်သည့်အထိ သိမ်မွေ့သောကြောင့်လည်း ပရမတ်ဟု ဆိုရသည်။

ပရမတ်စစ်စစ်သည်သာ ဝိပဿနာဖြစ်သည်။ ဝိပဿနာတရားတော်ကို ရှုမှတ်ပွားများတတ်ပါမှလည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ရှုမှတ်ပွားများကြလေ သူတော်ကောင်းတွေတို့။

***   ***   ***

ဤနေရာ၌ ဓမ္မယောဂီများ အားတက်ဖွယ် ကဗျာနှစ်ပုဒ်ကိုလည်း ထည့်သွင်းပေးဦးမည်။ ရှေ့ရှေ့ကလည်း ဤဓမ္မကဗျာနှစ်ပုဒ်ကို မကြာခဏ ထည့်ပေးဖူးသည်။ ယောဂီဟောင်းများက သိနေ၊ အာဂုံရကောင်းရနေကြမည်ဖြစ်သော်လည်း ယောဂီသစ်များအဖို့တွင် များစွာ အဖိုးထိုက်သည်။ ဝိပဿနာတရားတော်ကို လိုက်စားရှုမှတ် ပွားများနေကြသော ဓမ္မယောဂီများ မည်မျှအထိ နိဗ္ဗာန်နှင့် နီးစပ်သည်၊ မဂ်ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com

ဖိုလ်ဉာဏ် ရလွယ်၊ ရောက်လွယ်သည်ကို တွေ့ရပေလိမ့်မည်။

ဤကဗျာနှစ်ပုဒ်ကို ကျေးဇူးရှင် အမြိုက်ဆရာတော် ဘုရားကြီးနှင့် တူတပည့်ဖြစ်တော်မူသော ဦးပဥ္စင်းလေး (ခေါ်) ဦးဝိစိတ္တသာရ(မဟာဓမ္မာစရိယ)တို့က ရေးသားပြီး အမြိုက်တရားစခန်း၌ ဖြန့်ဝေပေးသနားတော်မူသောကြောင့် ရလာခဲ့သည်။ ယခု ဓမ္မယောဂီများအား ဖြန့်ဝေပေးတော့မည်။ အရကျက်ထားလျှင် သာ၍ကောင်းသည်။ မကျက်နိုင်လျှင်လည်း ရေးမှတ်ထားပြီး ဖတ်ရှုကြည့်ညိုနေသင့်သည်။ တန်ဖိုးအာ ဖြင့်ကား ကြီးမားလွန်းသည်။

၁။ နား၊ နှတ်၊ စိတ်၊ ဉာဏ် ဤလေးတန်ဖြင့် ဓမ္မတရား နာကြားလေ့လာ အားထုတ်ပါက -

သေရာညောင်စောင်း၊ လဲလျောင်းပြီးကာ၊ ရောဂါဆူသည်။ ပူညည်းဆူပွက်၊ သတိလစ်မဲ့၊ သေခဲ့ရခြား၊ မလားအပါယ်၊ ထက်ဝယ်နတ်ပြည့်၊ ရောက်ကြောင်းကောန်၊ စင်စစ်မှန်၏။ တစ်ဖန်ထိုပြင်၊ မဂ်ဝင်ဖိုလ်ပေါက်၊ နိဗ္ဗာန်ရောက်ဟု၊ သုံးလူထွတ်ထား၊ ဘုရားမိန့်မှာ၊ ဟောသည်သာတည်း။

(သောတာနုဂတသုတ်၊ အံ၊ ၁။)

၂။ နား၊ နှတ်၊ စိတ်၊ ဉာဏ် ဤလေးတန်ဖြင့် ဓမ္မတရား နာကြားလေ့လာ အားထုတ်ပါက -

(၁) ကျန်းမာနေစဉ် မသေခင်ဝယ် မဂ်ဝင်ဖိုလ်ပေါက် နိဗ္ဗာန်ရောက်၏၊ (၂) မရောက်ပါလျှင် ဖျားနာစဉ်နှင့်၊ (၃) သက်ဝင်ပူပြီး သေခါနီးမှာ မဂ်ရလာ၏၊ (၄) မရပါက နတ်ဘဝမှာ သေချာကိန်းသေ မဂ်ရလေ၏၊ (၅) တစ်ထွေထိုမှ ဓမ္မရာဂ ဓမ္မနန္ဒီ ထိုစွမ်းရည်ကြောင့် မထေရ်မြတ်လ ပစ္စေကဟု ဗုဒ္ဓအငယ် ဖြစ်ရဖွယ်သည် ငါးသွယ်အားထုတ်ရကျိုးတည်း။

(ပေဋကော ပဒေသပါဠိတော်၊ ၁၈၇)

## နိဂုံး မေတ္တာပို့

ဤအခန်းကို တရားရှုမှတ် အပြီးသတ်ချိန်ဟု ယူဆလျှင်လည်း ရသည်။ စာရေးသူ၏ ဓမ္မလမ်းစဉ် ပုံသေနည်းတွင် မေတ္တာနှင့် စဖွင့်ပြီး မေတ္တာနှင့်ပင် နိဂုံးအုပ်လေ့ရှိသည်။ တစ်နေ့လုံး နားလိုက်၊ ရှုမှတ်လိုက် ကျားကုတ်ကျားခဲ ရှုမှတ်ပွားများနေကြသော ယောဂီပုဂ္ဂိုလ်များဖြစ်လျှင်လည်း အနည်းဆုံး မနက်စောစောတွင် တစ်ကြိမ်၊ ညနေအိပ်ရာဝင်ခါနီးတွင် တစ်ကြိမ် မေတ္တာပို့ကြရသည်။ တစ်နေ့တွင် တစ်ကြိမ်တည်းသာ ရှုမှတ်ခွင့်ရကြသော ဓမ္မယောဂီများသည်လည်း တရားအစတွင် တစ်ကြိမ်၊ တရားအဆုံး နိဂုံးတွင် တစ်ကြိမ် ပေါင်းနှစ်ကြိမ်မျှ မေတ္တာပို့ပွားကြရသည်။

မေတ္တာသည် ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ အန္တရာယ်ကင်းခြင်း၊ အေးရှင်းခြင်း၊ အရာရာတို့ကို အောင်နိုင်ပေါက်ရောက်ခြင်း စသည်ဖြင့် ဟောကြားတော်မူသောကြောင့် ငါတို့ ဓမ္မယောဂီအားလုံးတို့သည်လည်း မေတ္တာကို မြဲမြဲလက်ကိုင်ထားကြရသည်။ ယခု မေတ္တာနှင့် ဝိပဿနာကို ပေါင်းတွဲထားသောကြောင့် ကုသိုလ်အကျိုး အများဆုံးသော လုပ်သာများ ဖြစ်နေကြချေပြီ။ ထို့ကြောင့် အများဆုံးသော ကုသိုလ်ထုးကြီးကို ထပ်ဆင့်ပွားပို့လိုက်ကြဦးစို့။

၁။ မြေ၌ ရှိကြကုန်သော…

၂။ ရေ၌ ရှိကြကုန်သော…

၃။ လေ၌ ရှိကြကုန်သော…အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

## အမျှဝေ

သံသရာအစမှ ယနေ့တိုင်အောင် ပြုလုပ်ခဲ့သော အားထုတ်ခဲ့သော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်း အဖို့ဘာဂ ရသမျှကို သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော သုခိတ၊ ဒုက္ခိတ သတ္တဝါအပေါင်းတို့အား အမျှ အမျှ အမျှ ပေးဝေပါကုန်၏။ အမျှရ၍ ကျန်းမာကြသည် ချမ်းသာကြသည် ဖြစ်ကြပါစေကုန်သတည်း…။

မဟာထွန်း



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ
# စိတ်ညှို့လောက ယုံကြည်ချက်များ

လှဝိုး(စိတ်ပညာ)

**ထူးဆန်းသော**
**မာတ်ရှေ့ထားဓောင်းထဓား**

တစ်နေ့တွင် ဒပ်ဖရင်သည် အိုင်ယာလန်နိုင်ငံရှိ ငယ်ပေါင်းရောင်းရင်းတစ်ဦးထံ အလည်အပတ်ရောက်ရှိသွားသည်။ ထိုညတွင် လသည် ထိန်ထိန်သာလျက်ရှိပြီး ပတ်ဝန်းကျင်တစ်ခုလုံး တည်ငြိမ်တိတ်ဆိတ်အေးချမ်းနေသည်။ ဒပ်ဖရင်သည် အဝတ်အစားအေးအေးဆေးဆေးလဲပြီး အိပ်ရာသို့ဝင်သည်။ မကြာမီ အိပ်ပျော်သွားသည်။ အခန်းထဲတွင် တစ်စုံတစ်ဦးရှိနေသလို သူခံစားနေရသည်။ သူဖော်ပြနိုင်စွမ်းမရှိသည့် အတိတ်နိမိတ်တစ်ခုခုဟုလည်း သူ့စိတ်တွင် ဖြစ်နေလေသည်။

တိတ်ဆိတ်သော အခန်းထဲတွင် လ၏ အလင်းရောင်သည် ထိန်ထိန်လင်းနေသည်။ သူသည် မီးအိမ်တွင် မီးထွန်းညှိလိုက်သည်။ ထိုအခါ အခန်းထဲရှိ မှောင်ရိပ်သဏ္ဍာန်များ ပျောက်ကွယ်သွားသည်။ သူ့ကိုယ်သူလည်း တကယ်နီးမနီး စစ်ဆေးစမ်းသပ်လိုက်သည်။ သူနိုးနေပါပြီ။ သူ့အာရုံများအားလုံး နိုးကြားနေသည်။ ဖော်ပြနိုင်စွမ်းမရှိသည့် အတိတ်နိမိတ်တစ်မျိုးသည် သူ့စိတ်ထဲတွင် တထင့်ထင့်ဖြစ်နေသည်။

“အင်း…ငါတော့ လသာတဲ့ညမှာ မိန်းမပျိုလေးတစ်ယောက်လို စိတ်ရှုးတွေ ပေါက်နေပြီနဲ့တူတယ်။ ပြီးတော့ အိုင်ယာလန်နိုင်ငံရဲ့ ဒီလိုရှေးအိမ်ကြီး



www.burmeseclassic.com

တွေမှာ ထူးဆန်းတာတွေ ဖြစ်တတ်တာ ပဲလေ။ ဝိညာဉ်လောကဆိုတာကလည်း ပြောလို့ရတာမှ မဟုတ်တဲ့"ဟု ဒပ်ဖရင် သုံးသပ်လိုက်သည်။ ဒပ်ဖရင်သည် လက်တွေ့သမားဖြစ်သည်။ အဓိပ္ပာယ် မရှိသည်ကို ယုံကြည်တတ်သူမဟုတ်ပေ။

အခန်းတံခါးများ ဖွင့်ထားသည်။ အသံတစ်စုံတစ်ရာကို သူကြားရသည်။ ဘာသံပါလိမ့်။ ငှက်တောင်ပံရိုက်ခတ်သံလိုပင်။ နံကောင်များ၏ အော်သံများကိုလည်း ကြားနေရသည်။ ရှည်လျားသော တိုးတိုးညည်းညူနေသံကိုလည်း သူကြားနေရသည်။ လေသည် ပကတိ ငြိမ်သက်နေသည်။ အခန်းထဲရှိ လိုက်ကာများ၏ လှုပ်ရှားသံ၊ သို့မဟုတ် အပြင်ရှိ သစ်ပင်များ၏ လှုပ်ရှားသံလည်း မဖြစ်နိုင်ပေ။ ဇီးကွက်တစ်ကောင် ဖြတ်ပျံသွားသည်။ လသာညတွင် အရာရာသည် ထူးဆန်းနေပါလား။

သို့သော် အသံထွက်ပေါ်လာပြန်သည်။ လူတစ်ဦး မောဟိုက်၍ သက်ပြင်းရှူသံလို၊ ညည်းညူသံလိုပင်။ တစ်စုံတစ်ဦး ထိခိုက်ဒဏ်ရာရနေသလော။ သူသည် ခုတင်ပေါ်မှဆင်းပြီး ပြတင်းပေါက်ဆီ လျင်မြန်စွာ လျှောက်သွားသည်။ ပြတင်းပေါက်မှာ ပြင်သစ်ပုံစံ ကြမ်းပြင်အထိ ရှည်လျားကျယ်ပြန့်သည်။ အပြင်တွင် သစ်ပင်တစ်ပင် အုပ်ဆိုင်းနေသော မြက်ခင်းပြင်ကို မြင်နေရသည်။ အသံသည် ယင်းသစ်ပင်ရိပ်တစ်နေရာမှ ထွက်ပေါ်နေသည်။

ဒပ်ဖရင်သည် မတ်တတ်ရပ်လျက် သစ်ပင်ရိပ်နေရာကို စူးစိုက်ကြည့်နေသည်။ ယင်းနေရာမှ ရုတ်တရက် တစ်စုံတစ်ရာ စတင်လှုပ်ရှားလာသည်။ ညည်းညူသံနှင့် မောဟိုက်သံထွက်ပေါ်နေဆဲပင်။ သဏ္ဍာန်တစ်ခုသည် အရိပ်ထဲမှ ထွက်ပေါ်လာပြီး၊ လရောင်အောက် ရောက်လာသည်။ လူတစ်ယောက်သည် ကြီးမားလေးလံသော ဝန်ထုပ်ကြီးတစ်ခုကို ပခုံးပေါ်တွင် မနိုင်မနင်း ထမ်းထားသည်။ ဒပ်ဖရင်သည် ထိုလူ့အနားသို့ လျှောက်သွားသည်။ ထိုလူက လူသေထည့်ထားသည့် ကြီးမားသောခေါင်းကို ထမ်းထားသည်။ ဤလူသည် လူတစ်ဦးတစ်ယောက်ကို ဖျောက်ဖျက်ရန် အားထုတ်နေသလော ဟု ဒပ်ဖရင် တွေးလိုက်ပြီး -

"ဟေ့လူ···ခင်ဗျား ဘာလုပ်နေတာလဲ"ဟု မေးလိုက်သည်။ ယင်းမေးခွန်းကြောင့် ထိုလူက ဒပ်ဖရင်ကို ခေါင်းမော့ကြည့်လိုက်သည်။ ထိုလူ၏ မျက်နှာသည် ရက်စက်ယုတ်မာမည့် မကောင်းဆိုးဝါးတစ်ကောင်၏ မျက်နှာနှင့် တူလှသောကြောင့် ဒပ်ဖရင်သည် ခြေတစ်လှမ်းပင် နောက်ဆုတ်မိသည်။ ကြောက်မက်ဖွယ် ရှုံ့မဲ့နေသော ထိုလူ၏ မျက်နှာသဏ္ဍာန်သည် ဒပ်ဖရင်၏ အာရုံတွင် ဖျောက်ဖျက်မရအောင် စွဲမြဲသွားလေသည်။

---

**လူတစ်ဦး မောဟိုက်၍ သက်ပြင်းရှူသံလို၊ ညည်းညူသံလိုပင်။ တစ်စုံတစ်ဦး ထိခိုက်ဒဏ်ရာရနေသလော။ သူသည် ခုတင်ပေါ်မှဆင်းပြီး ပြတင်းပေါက်ဆီ လျင်မြန်စွာ လျှောက်သွားသည်။**

---

ဒပ်ဖရင်သည် စိတ်ကိုတင်းလိုက်ပြီး မေးလိုက်ပြန်သည်။

"ဒါကြီးကို ခင်ဗျား ဘယ်ကိုယူသွားမလို့လဲ"

ထိုလူကို တားဆီးရန် ဒပ်ဖရင် အနားသို့ ကပ်သွားစဉ် ထိုလူသည် ဒပ်ဖရင်၏ မျက်စိရှေ့တွင်ပင် ပျောက်ကွယ်သွားလေသည်။ နှင်းဥများသီးနေသော မြက်ခင်းပေါ်တွင် ခြေရာကိုလည်း မတွေ့ရပေ။ ထိန်ထိန်သာသော လရောင်အောက်တွင် ဒပ်ဖရင် ကျောချမ်းပြီး ကြက်သီးဖြန်းဖြန်းထသွားသည်။ သူ့အခန်းသို့ ပြန်လာပြီး ယင်းအတွေ့အကြုံကို သူ၏ နေ့စဉ်မှတ်တမ်းတွင် အသေးစိတ် ရေးမှတ်ထားလိုက်သည်။

နောက်တစ်နေ့ နံနက်စာ စားပြီးသည်နှင့် အိမ်ရှင်အား ညက အတွေ့အကြုံကို ပြောပြလိုက်သည်။ ရွာတွင်၊ ဤရက်ပိုင်းအတွင်း သေဆုံးသူ၊ သို့မဟုတ် မြေမြှုပ်သင်္ဂြိုဟ်မှုများ မရှိသည်ကို "သူသိရသောအခါ ညက သူတွေ့လိုက်ရသော ခေါင်းထမ်းသူနှင့် တူသူကိုလည်း ရွာသားများက မတွေ့မြင်ဖူးပေ။ ယင်းထူးဆန်းသော အဖြစ်အပျက်သည် ဤနေရာတွင် ရပ်တန့်သွားမည်မလို ဖြစ်နေသည်။ သို့သော်···

www.burmeseclassic.com

နှစ်ပေါင်းအနည်းငယ် ကြာလာသောအခါ ဒပ်ဖရင်သည် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် သံအမတ်ကြီး ဖြစ်လာသည်။ တစ်နေ့၌ ဂရင်းဟိုတယ်တွင် ကျင်းပသော သံတမန်ညေ့ခံပွဲသို့ တာဝန်အရ တက်ရောက်ရသည်။ ခန်းမကြီး တစ်ခုလုံး နိုင်ငံစုံမှ ကိုယ်စားလှယ်ကြီး များဖြင့် ပြည့်ကျပ်နေသည်။ သူ၏ ကိုယ်ရေးအရာရှိက ဒပ်ဖရင်ကို ဓာတ်လှေကားတစ်ခုဆီသို့ ဦးဆောင်ခေါ်သွားသည်။ ယင်းဓာတ်လှေကားနားတွင် အခြားသံတမန်အများအပြား မတ်တတ်ရပ်စောင့်နေကြသည်။ ဒပ်ဖရင် ရောက်လာသောအခါ သူတို့ တရိုတသေ လမ်းဖယ်ပေးကြသည်။ ဒပ်ဖရင်ကလည်း သူတို့ကို အလိုက်သင့် ပြန်လည်နှုတ်ဆက်သည်။

ဓာတ်လှေကား တံခါးပွင့်လာသည်။ ဒပ်ဖရင် ဓာတ်လှေကားပေါ် တက်မည်ပြုစဉ် ရုတ်တရက် ဓာတ်လှေကားမောင်းသူကို ကြည့်လိုက်သည်။ သူ ရုတ်တရက် လန့်ဖျပ်တွန့်ဆုတ်သွားသည်။ သူ၏ ကိုယ်ရေးအရာရှိကိုလည်း ပြန်ဆွဲထားလိုက်သည်။ ဘာဖြစ်ပါလိမ့်။

နှစ်များစွာမကြာမီက အိုင်ယာလန်နိုင်ငံတွင် သူတွေ့ကြုံခဲ့ပြီး သူ၏အာရုံတွင် စွဲထင်နေသည့် လူ၏မျက်နှာကို မြင်တွေ့ရသောကြောင့်ပင်။ ထိုလူကို သူထိတ်လန့်စွာ စိုက်ကြည့်မိသည်။ မျက်နှာသည် တွန့်ရှုံ့နေပြီး ရက်စက်ယုတ်မာမည့်ပုံပင်။ မလွဲမှားပါ။ သူ အိုင်ယာလန်တွင် မြင်ခဲ့ဖူးသည့် မျက်နှာပါ။ သို့သော် လွန်ခဲ့သည့်နှစ်များစွာ မကြာမီက အိုင်ယာလန်နိုင်ငံ လရောင်အောက် မြက်ခင်းပေါ်တွင် သူမြင်တွေ့ခဲ့ရသော ကြောက်မက်ဖွယ် ထိုလူသည် ယခု ပါရီမြို့ ဂရင်းဟိုတယ် ဓာတ်လှေကားမောင်းသူအဖြစ် မည်သို့မည်ပုံ ရောက်ရှိလာပါသနည်း။ ဤအတွေးက သူ၏ဦးနှောက်တွင် လျှင်မြန်စွာ ဖြတ်သန်းသွားသည်။

ဒပ်ဖရင်သည် စိတ်ဓာတ်ခိုင်မာသူ ဖြစ်သည်။ သူ့ကိုမစောင့်ရန် အခြားအရာရှိများကို အလိုက်သင့်ပြောပြီး ထွက်လာခဲ့သည်။ သူ့ကိုယ်ရေးအရာရှိမှာ ဓာတ်လှေကားနားတွင် ကျန်ရစ်ခဲ့သည်။

အချို့ သံတမန်ကြီးများ၊ ညေ့သည်များ ဓာတ်လှေကားပေါ် ဆက်တက်ကြသည်။ တံခါးပိတ်ပြီး ဓာတ်လှေကားတက်သွားသည်။ ဓာတ်လှေကားမောင်းသူ မည်သူမည်ဝါဖြစ်ကြောင်း၊ မည်သည့်အရပ်ကလာကြောင်း ဟိုတယ်မန်နေဂျာကို မေးမြန်းသည်။ ဟိုတယ်မန်နေဂျာကလည်း ပြန်ဖြေမည်ပြုစဉ် "ဝုန်း" ဆိုသော ကြောက်မက်ဖွယ် ပြိုကျသံကြီးကို ကြားရသည်။ စကြံတစ်ခုလုံး အော်ဟစ်ငိုယို ပြေးလွှားသံများ ဆူညံသွားသည်။ ဒပ်ဖရင်၏ ကိုယ်ရေးအရာရှိ မျက်လုံးမျက်ဆန်ပြူးလျက် အပြေးအလွှား ရောက်လာပြီး ဒုက္ခအကြီးအကျယ် ရောက်ကုန်ကြပြီဟု ပြောသည်။ ဒပ်ဖရပ်စီးမည်ပြုပြီးမှ မစီးဘဲနေခဲ့သော ဓာတ်လှေကားသည် ဟိုတယ် ပဉ္စမထပ်သို့ တက်သွားစဉ် နန်းကြိုးကြီးများ ရုတ်တရက်ပြတ်ပြီး ကြမ်းပြင်သို့ အရှိန်နှင့် ပြုတ်ကျပျက်စီးသွားကြောင်း။ ဓာတ်လှေကားတွင် ပါသွားသူအားလုံး သေကျေပျက်စီးကုန်ကြောင်းပြောပြရာ ယင်းဓာတ်လှေကားမောင်းသူမှာ လွန်ခဲ့သည့် နှစ်များစွာ မကြာမီက အိုင်ယာလန်နိုင်ငံ၌ လအလွန်သာသော ညတစ်ညတွင် ဒပ်ဖရင်ကိုယ်တိုင် တွေ့မြင်ခဲ့ရသည့်လူ။

အထက်ဖော်ပြပါ အထိတ်တလန့်ဖြစ်ရပ်သည် သမိုင်းတွင်သွားသည်၊ သတင်းစာများက အကျယ်တဝင့် ဖေါ်ပြကြသည်။ ထူးဆန်းသော ယင်းဓာတ်လှေကားမောင်းသူလည်း ဓာတ်လှေကားစီးသူများနှင့်အတူ သေကျေသွားသည်။ ထိုသူသည် ဘယ်ကလာ၍ မည်သူမည်ဝါဖြစ်သည်ဆိုသည်ကို မည်သူကမျှ မသိကြရပေ။ ဒပ်ဖရင်အဖို့မူ အိုင်ယာလန်တွင် သူဆုံစည်းပြီးကတည်းက မမှတ်မိနိုင်စရာအကြောင်း မရှိသော ထိုသူမှာ သူ့အတွက် အန္တရာယ် နိမိတ်ကောင်းဟု သတ်မှတ်ပြီး သေတွင်းမှ ရှောင်ကွင်းနိုင်ခဲ့ခြင်း ဖြစ်သည်ဟု ယုံကြည်နေပေသည်။ မည်သို့ဆိုစေ ထူးဆန်းသော ဓာတ်လှေကားမောင်းသမားသည် ဒပ်ဖရင်၏ဘဝတွင် ပဟေဠိပုစ္ဆာသဖွယ် ကျန်ရစ်ခဲ့တော့သည်။

[အထက်ဖော်ပြပါ ဖြစ်ရပ်မှာ အနောက်တိုင်းမှ ဝိညာဉ်လောက ယုံကြည်ချက် ဖြစ်ရပ်မှန်တစ်ခု ဖြစ်ပါသည်။]

**လှတိုး-စိတ်ပညာ**

www.burmeseclassic.com

# ရတနာရွှေမြေ ကို တွေ့ကြတော့မည်လော

လှမိုး(ပညာရေး)

ကျွန်တော်သည် ရှောင်ပြန်မဂ္ဂဇင်းကြီးတွင် လွန်ခဲ့သော နှစ်နှစ်ခန့်က "ရတနာရွှေမြေ" အမည်ဖြင့် ဆောင်းပါးတစ်စောင်ကို ရေးသားဖော်ပြခဲ့ပါသည်။ ထိုဆောင်းပါးတွင် သမိုင်းအဆက်ဆက် နိုင်ငံတကာမှ နယ်သစ်ရှာဖွေစူးစမ်းလေ့လာသူများ၊ နယ်ချဲ့လိုသူများ၊ နိုင်ငံတကာမှ ရတနာသိုက်ရှာဖွေသူများ၊ ရှေးဟောင်းသမိုင်းသုတေသီများသည် "အယ်(လ်)ဒိုရေဒို" (Eldorado) ဟု တောင်အမေရိကတိုက် လူမျိုးနွယ်များက ကင်ပွန်းတပ်ထားသော ရတနာရွှေမြေကို ရှာပုံတော်ဖွင့်ခဲ့သည့်အကြောင်း ရေးသားဖော်ပြခဲ့ပါသည်။

ယင်းဆောင်းပါးတွင် တောင်အမေရိကတိုက် နိုင်ငံအသီးသီးတွင် သမိုင်းအဆက်ဆက် ကြောင့်ကြမဲ့ကင်းစွာ မဟာမြိုင်တောအတွင်း နေထိုင်ကြသော လူမျိုးနွယ်စုများ၏ ပါးစပ်ပြောသမိုင်းများ၊ ယုံတမ်းဇဗ်များတွင် လွန်ခဲ့သော နှစ်ပေါင်းထောင်ပေါင်းများစွာ တောင်အမေရိကတိုက် အလယ်ပိုင်းဖြစ်သော မက္ကဆီကို၊ ဟွန်းဒူးရပ်(စ်)နှင့် ပီရူး၊ ကိုလံဗီယာ၊ ဘရာဇီးလ်၊ ဘိုလီးဗီးယားနိုင်ငံများအား ဖြတ်သန်းစီးဆင်းခဲ့သော အမေဇုံမြစ်ကြီး၏ တောတွင်းတစ်နေရာတွင် ရွှေမှုန်နှင့် ရေချိုး၍ ရတနာအမျိုးမျိုးစီခြယ်ထားသော ခန်းမဆောင်အတွင်း ရွှေသားဖြင့် ပြုလုပ်ထားသော ပန်းကန်၊ ဇွန်းများဖြင့် အစားအသောက်သုံးဆောင်သည့် ရွှေစင်ဘုရင် အယ်(လ်)ဒိုရေဒို ဆိုသူ စိုးမိုးအုပ်ချုပ် မင်းလုပ်ခဲ့သည်ဟု ယုံကြည်ထားကြ၏။ ထိုဘုရင်စိုးစံသော ရွှေမြို့တော်ကြီးမှာလည်း နတ်ပြည်နတ်နန်းတမျှ အံ့မခန်း လှပတင့်တယ်သည်ဟု ဆိုသည်။ ယင်းမြို့တော်ကြီးတွင် မှီတင်းနေထိုင်သော လူထုသည် ချမ်းသာကြွယ်ဝကြကုန်သည်သာမက ဆောက်လုပ်သည့် နည်းပညာမှာလည်း ထူးထူးခြားခြား အံ့ဖွယ်ကောင်းအောင် တတ်မြောက်သဖြင့် မြို့တော်ကြီးအား မြင်ရသူအပေါင်း ရင်သပ်ရှုမောစေသည်။

တိုက်အိမ်အများ၊ လမ်းများတွင်လည်း ရတနာမျ စီခြယ်ထားသည်သာမက မြို့သူမြို့သားအများ၏ အိမ်အသ အဆောင်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများမှာလည် ရွှေစင်ရွှေသားဖြင့် ပြုလုပ်ထားပြီး သုံးစွဲသော ငွေကြေး ရွှေဒင်္ဂါးများ၊ ရွှေချောင်းများဖြစ်သည်ဟု ယင်းဆောင်းပါးတွ ရေးသားဖော်ပြခဲ့ပါသည်။ ဤဆောင်းပါးကို ဖတ်ရှုကြသေ ကျွန်တော့်စာဖတ်ပရိသတ်သည် ထိုရေးသားဖော်ပြချက်မျ သည် အထောက်အထားခိုင်မာပါသလားဟု စာဖြင့်လည် ကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင်လ ရောက်၍လည်းကောင်း မေးမြန်းခဲ့ကြ၏။

ထိုစဉ်ကာလကပင် ယခုရေးသည့် ဆောင်းပါးအ ရေးသားရန် ပြင်ဆင်ထားခဲ့ပါသည်။ သို့သော် ခိုင်မတိ သော အထောက်အထားတင်ပြနိုင်ရန် လက်လှမ်း သလောက် ဤရတနာမြေဆောင်းပါးနှင့် ပတ်သက်သေ စာအုပ်စာတမ်းများကို ရှာဖွေခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင် ဆိုရပေတော့မည်။ မေလအတွင်းထုတ်ပြန်သော အင်တာ



www.burmeseclassic.com

www.burmeseclassic.com



သတင်းတွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

"ပျောက်ဆုံးနေသော ရတနာရွှေမြေကို ရှာဖွေတွေ့ရှိပြီဟု သုတေသီများက ယူဆခဲ့ကြသည်"

ထရုစ်ဂါ(လ်)ပါ မေလ ၁၇၊ ၂၀၁၃ ခု၊ ဟွန်းဒူးရပ်(စ်) နိုင်ငံ တောတွင်းတစ်နေရာတွင် ရှေးဟောင်းမြို့တော်ကြီးဟု ယူဆရသော မြို့ဟောင်းကြီး၏ အပျက်အစီးများကို ရှေးဟောင်းသမိုင်းယဉ်ကျေးမှု သုတေသီများက ရှာဖွေတွေ့ရှိခဲ့ကြသည်။ ထိုမြို့ဟောင်းကြီးတွင် အုံမခန်း အဆင့်မြင့်ဗိသုကာ အတတ်ပညာရှင်များ ဖောက်လုပ်ထားသော ဖြောင့်တန်းနေသည့် လမ်းမကြီးများ၊ ထူးဆန်းသော နတ်ဘုရားကျောင်းများ၊ လူအများစုဝေးလေ့ရှိသည့် ခန်းမကြီးများ၊ အားကစားခန်းမများ၊ ပန်းဥယျာဉ်များ၊ အရောရှိအရောခံ မင်းစိုးရာဇာများနှင့် လူကုံထံများ၏ နေအိမ်တိုက်တာ၊ အဆောက်အအုံများ၊ ဘုရင့်နန်းတော်ဟု ယူဆရသော အဆောက်အဦကြီးများ၊ ကုန်ရောင်းတန်းများ၏ အုတ်မြစ်ဟု ယူဆရသော အပျက်အစီးများကို ရှေးဟောင်းသမိုင်းသုတေသီများအဖွဲ့တစ်ဖွဲ့က တွေ့ရှိကြသည်ဟု ဟွန်းဒူးရပ်(စ်)နိုင်ငံ အစိုးရအဖွဲ့သို့ တင်ပြထားသည်ဟု သိရ၏။ ထိုတွေ့ရှိရသော မြို့ဟောင်းကြီးမှာ တစ်ချိန်က Eldorado ခေါ် ရွှေမြို့တော်ဟောင်းကြီး ဖြစ်နိုင်ဖွယ်ရှိသည်ဟု သုတေသီများ၊ သမိုင်းပညာရှင်များက ယူဆထားကြောင်း သိရသည်။

အဆိုပါ မြို့တော်ဟောင်းကြီးကို ဟွန်းဒူးရပ်(စ်)နိုင်ငံတော်၏ လူသူအသွားအလာခက်ခဲသော အမြစ်စိမ်း မဟာမြိုင်တောကြီးအတွင်း ရှာဖွေတွေ့ရှိရခြင်း ဖြစ်သည်။ ထိုဒေသမှာ ရာသီဥတုဆိုးရွားလှသဖြင့်လည်းကောင်း၊ သွားလာရန် အခက်အခဲရှိသဖြင့်လည်းကောင်း မည်သူမျှ တွေ့ရခြင်းမရှိခဲ့ခြင်း ဖြစ်သည်ဟု ယူဆကြသည်။ သမိုင်းအဆက်ဆက် ထိုမြို့တော်ကြီးအကြောင်းနှင့် ပတ်သက်၍ စာနယ်ဇင်းများက အမျိုးမျိုးရေးသားဖော်ပြခဲ့ကြသော်လည်း သမိုင်းသုတေသီအချို့ကမူ ထိုရွှေမြို့တော်ကြီးမှာ အမှန်တကယ် မရှိနိုင်ဟု ယူဆကြသည်။ သို့ဖြစ်၍ "Eldorado" ဟူသော ဝေါဟာရအား "အမှန်တကယ်မရှိသော စိတ်ကူးယဉ်မြို့တော်" ဟု အဘိဓာန်များတွင် ဖော်ပြခဲ့၏။

သို့သော် ယနေ့ထုတ်လွှင့်သွားသော အင်တာနက်သတင်းတွင်မူ တွေ့ရှိထားသော လမ်းမကြီးများ၏ အပျက်အစီးများ၊ အဆောက်အအုံကြီးများအပါအဝင် အခြားကျိုးပဲ့ပျက်စီးနေသော အပျက်အစီးများကို သုတေသနပညာရှင်များက (3-D)နည်းပညာကို အသုံးပြု၍ မြေပုံရေးဆွဲရှာဖွေခဲ့ရာမှ ရှာဖွေတွေ့ရှိခဲ့ရခြင်း ဖြစ်သည်ဟု သိရ၏။

နောက်ဆုံး လေ့လာဆန်းစစ်သည့်အနေဖြင့် သမိုင်းသုတေသီများနှင့် ပညာရှင်အများသည် မြေလွှာအတွင်းသို့ လေဆာစနစ်ဖြင့် ထည့်သွင်းကြသည်ဟုလည်း သတင်းများက ဖော်ပြခဲ့သည်။ ရှေးဟောင်းသုတေသနပညာရှင်များ၏ နောက်ဆုံးရရှိသော သတင်းများအရ သမိုင်းသုတေသီများ၊ သုတေသနပညာရှင်အများသည် အထက်ဖော်ပြပါ ရှေးဟောင်းမြို့တော်ဟောင်းကြီး၏ အပျက်အစီးများဟု ယူဆရသော အပျက်အစီး၊ အကျိုးအပဲ့များရှိသည့်နေရာသို့ ယခုနှစ်ကုန်ပိုင်းတွင် သွားရောက်ရန် ပြင်ဆင်ခဲ့ကြသည်ဟုလည်း ဆိုသည်။

စပိန်နိုင်ငံ၊ မက်ဒရစ်မြို့ အမျိုးသားပြတိုက်ရှိ ရှေးဟောင်းမှတ်တမ်းများအရ စပိန်နှင့် ပေါ်တူဂီနိုင်ငံများမှ နယ်သစ်ရှာစွန့်စားသွားလာသူများသည် ခရစ်နှစ် ၁၅၀၀ ပြည့်နှစ်တွင် ယင်းရွှေမြို့တော်ကြီးအား ရှာဖွေမှုများ ပြုလုပ်ခဲ့သည်ဟု သိရ၏။




www.burmeseclassic.com

www.burmeseclassic.com

အထက်ဖော်ပြပါ အင်တာနက်သတင်းပါ အချက်အလက်များကို အင်္ဂလန်နိုင်ငံမှ ထုတ်လွှင့်သော ဘီဘီစီ ရုပ်သံလွှင့်အစီအစဉ်များနှင့် အမေရိကန်ပြည်ထောင်စုမှ ထုတ်လွှင့်သော စီအင်အင်ရုပ်သံလွှင့်များကလည်း အကျယ်တဝင့် ထုတ်လွှင့်သွားခဲ့သည်သာမက နိုင်ငံတကာမှ ထုတ်ဝေသော သတင်းစာများ ဂျာနယ်များတွင်လည်း ဖော်ပြခဲ့သဖြင့် လူအများစိတ်ဝင်စားဖွယ် သတင်းဖြစ်ခဲ့၏။

အေပီသတင်းကိုယ်စားလှယ်၏ သတင်းအရ ဆိုရလျှင် တောင်အမေရိကတိုက်၊ ဘရာဇီးလ်နိုင်ငံ၊ ရီယိုဒ်ဂျနီရိုမြို့ အမျိုးသားပြတိုက်ကြီးတွင် ရှေးပဝေသဏီကပင် စနစ်တကျ သိမ်းဆည်းထားသော ပုရပိုက်တစ်ဆူ ရှိခဲ့သည်ဟု သိရ၏။ ယင်းပုရပိုက်အမှတ်မှာ ၅၁၂ ဖြစ်သည်ဟု ဆိုသည်။ ထိုပုရပိုက်မှာ နှစ်ပေါင်းများစွာ စနစ်တကျ သိမ်းဆည်းထားသဖြင့်သာ ပျက်စီးယိုယွင်းခြင်းမရှိသော်လည်း စာရွက်များမှာ အဝါရောင်အဆင့်သို့ပင် ပြောင်းနေပြီ ဖြစ်သည်။ ယင်းပုရပိုက်အား ၁၉ ရာစုအစပိုင်းက ဘရာဇီးလ်နိုင်ငံ တောတွင်းတစ်နေရာတွင်နေထိုင်သော လူမျိုးနွယ်တစ်စု၏ အကြီးအကဲတစ်ဦးထံမှ ထိုက်ထိုက်တန်တန် ပေးဝယ်ယူခဲ့ရခြင်း ဖြစ်ပြီး ထိုပုရပိုက်မှာ အစစ်အမှန်ဖြစ်နိုင်သည်ဟု သိပ္ပံနည်းကျ စနစ်တကျ စစ်ဆေးခဲ့သော ယင်းပြတိုက်ကြီးမှ တာဝန်ရှိသူများက သတင်းမီဒီယာများကို ထုတ်ဖော်ပြောပြခဲ့သည်။

ဤပုရပိုက်ကို မှတ်တမ်းတင်သူများမှာ ပေါ်တူဂီနိုင်ငံ၊ လစ်စ်ဘွန်းမြို့သား နယ်သစ်ရှာ စွန့်စားသွားလာသူများဖြစ်သည်ဟု သိရ၏။ သူတို့သည် ပေါ်တူဂီနိုင်ငံမှ ဘရာဇီးလ်နိုင်ငံသို့ လာရောက်၍ သမိုင်းအဆက်ဆက် ရတနာရွှေမြေဟု နာမည်ကျော်ကြား လူသိများနေသော ပျောက်ဆုံးနေသော မြို့တော်ကြီးကို မရမနေ ရှာဖွေရန် လာရောက်ခဲ့သူများ ဖြစ်ကြ၏။ သူတို့မှတ်တမ်းအရ ဤဒေသသို့ ခြေမချခင်ကပင် လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ယင်းရွှေမြို့တော်နှင့် ပတ်သက်သော သူပြော၊ ကိုယ်ပြော ပါးစပ်ပြောသမိုင်းများ၊ ပါးစပ်ဂေဇက်များ စပိန်နိုင်ငံ၊ မက်ဒရစ်မြို့တော် အမျိုးသားပြတိုက်မှ နယ်သစ်ရှာ စွန့်စားသွားလာသူများ၏ မှတ်တမ်းများ၊ မြေပုံများကို လက်တစ်ဆုံးရှိုက် လေ့လာခဲ့သူများ ဖြစ်သည်သာမက တောင်အမေရိကတိုက် နိုင်ငံများဖြစ်သော ဘရာဇီးလ်၊ ဘိုလီးဗီးယား၊ အီကွေဒေါ၊ ဟွန်ဒူးရပ် စသော နိုင်ငံများတွင်လည်း နေထိုင်၍




ရတနာရွှေမြေအကြောင်းကို စုံစမ်းလေ့လာခဲ့ကြသူများဖြစ်သ

သူတို့သုံးဦး၏ အယူအဆကို ထောက်ခံသူ ပေါ်တ နိုင်ငံသား၊ ကုန်သည်တစ်ဦးကလည်း ယင်းအဖွဲ့အတွ လိုအပ်သော ငွေလုံးငွေရင်းကို ထုတ်ပေးခဲ့ကြသဖြင့် ပေါ်တ အမျိုးသား ၁၃ ယောက် ခေါင်းဆောင်သော ရွှေမြို့တေ စူးစမ်းရှာဖွေရေးအဖွဲ့သည် ဘရာဇီးလ်နိုင်ငံ နယ်စပ်ဒေသ ဒေသခံများ၊ နယ်သစ်ရှာ စွန့်စားသွားလာသူများက မက် ဂရပ်စို Matto-Grasso (အစိမ်းရောင်မဟာတောကြီး)ဟု ကင် တပ်ထားသော တောတွင်းသို့ လမ်းပြများ၊ အထမ်းသမား ဒေသခံမှဆိုးများ အကူအညီနှင့် ခြေခင်းလက်ခင်းသာ သော နွေဦးရာသီတွင် ထိုးဖောက်ဝင်ရောက်ခဲ့ကြသည်။ သူ မှတ်တမ်းအရဆိုရလျှင် ထိုအဖွဲ့ ခေတ္တစခန်းချခဲ့သော တွင်းကျေးရွာကလေးများရှိ ဒေသခံလူမျိုးနွယ်များသည



www.burmeseclassic.com

www.burmeseclassic.com

အထက်ဖော်ပြပါ အစိမ်းရောင် မဟာငရဲကြီး၏ တစ်နေရာတွင် မြို့တော်ဟောင်းကြီး တစ်မြို့ တည်ရှိကြောင်း၊ သူတို့ဘိုးဘွားအစဉ်အဆက် ယုံကြည်ကြောင်း၊ ထိုမြို့တော်ဟောင်းကြီး၏ ပျက်စီးယိုယွင်းနေသော အဆောက်အအုံပျက်များရှိရာသို့ မျက်စိလည် လမ်းမှား၍ ရောက်သွားကြသော မုဆိုးများလည်း ရှိသည်ဟု သတင်းအစအန ရခဲ့ကြရာ ပေါ်တူဂီလူစွန့်စားသုံးဦးအဖွဲ့ အားတက်လာခဲ့ကြသည်။ ဤအစိမ်းရောင်သစ်တောကြီးနှင့် ဝေးမြင့်သီခေါင်၍ လူများသွားလာရန် ခက်ခဲသော ကျောက်တောင်ထွတ်များ ရှိရာဒေသတွင် အလွန်ခမ်းနားကြီးကျယ်၍ ကျောက်သားများ၊ ကျောက်သလင်းများဖြင့် တည်ဆောက်ထားသော ရွှေမြို့တော်ကြီး တည်ရှိသည်ဆိုသည်မှာ သူပြော၊ ကိုယ်ပြော၊ ပါးစပ်ပြော ယုံတမ်းဂေဇက်မဟုတ်တော့။ သမိုင်းဝင်ဖြစ်ရမည်ဟု တစ်ထစ်ချ ယုံကြည်သည့်အတိုင်း ထိုအဖွဲ့သည် အစိမ်းရောင်မဟာငရဲကြီးဟု တင်စားခေါ်ဝေါ်သည့် တောတွင်းသို့ ဝင်ရောက်ခဲ့ကြခြင်းဖြစ်၏။

ထိုမဟာမြိုင်တောကြီးကား တကယ့် ငရဲအိုးကြီးပင်ဖြစ်တော့သည်။ မှန်ပါသည်။ အစိမ်းရောင်တော မဟာငရဲကြီးအတွင်း သမိုင်းအဆက်ဆက် လူသူများ ခြေချဖူးသူ နည်းလှသည်။ လက်ဆစ်ချိုး၍ ရေတွက်ရနိုင်သည်။ ခြေချဖူးသူအများမှာလည်း ဤတောမှ ပြန်မထွက်နိုင်တော့ဘဲ ပျောက်ဆုံးသွားကြတော့သည်။ ပြန်လမ်းမရှိသော ဒေသမင်းနိုင်ငံသို့ ဝင်ရောက်သွားရသူများ ဖြစ်သည်ဟု ဆိုကြသည်။ ထင်းခုတ်ခရီးသွားလာရန် ခက်ခဲသည်သာမက စိမ့်မြေများ၊ နွံများဗျိုက်တောများ၊ လူများ တိုးဝှေ့ဝင်ရောက်ရန် ခက်ခဲသော ချုံတောကြီးများ၊ အသူရာမကာ နက်သော ချောက်ကြီးများ လူသတ္တဝါတို့အား ရစ်ပတ်ဖွဲ့နှောင်လေ့ရှိသည့် နွယ်ပင်များရှိရာ တောတွင်းသင်ရောက်သူများအဖို့ ထိုနွယ်များကို ခုတ်ဖြတ်သွားကြရသည်။

သူတို့အဖွဲ့အား သည်းထိတ်ရင်ဖိုဖွယ်ကောင်းသည့်ကြီးမားသော မြွေကြီးများကလည်း အသင့်စောင့်၍ အန္တရာယ်ပြုကြသည်။ ကြီးမားသော ပင့်ကူများ၊ အခြားပိုးမွှားများကလည်း တောတွင်းသို့ မဝင်နိုင်အောင် တားဆီးလျက်ရှိသည်သာမက ဖြတ်သန်းသွားလာကြသော လူများအဖို့ မြေမှာလည်း စွတ်စို၍ မွနေရကား နင်းမိသူများအဖို့ နစ်မြုပ်သွားနိုင်သည်။ တသွင်သွင်စီးဆင်းလျက်ရှိသော ချောင်းငယ်များအတွင်း အလွန်ကြီးမားသော မိကျောင်းကြီးများကလည်း အသင့်စောင့်နေသည်ဟု ဆိုသည်။ သူတို့အဖွဲ့တွင် ပါဝင်သော အဖွဲ့ဝင်အချို့နှင့် ဒေသခံ လူနီရိုင်းအထမ်းသမားအချို့မှာ အလွန်ကြီးမားသော ကင်းခြေများကောင်များ၊ ကင်းမြီးကောက်ကြီးများနှင့် မြွေများ ကိုက်သဖြင့် အသက်ဆုံးရှုံးကြရသည်။ အချို့နေရာများတွင် အမျိုးအမည်မသိရသော မြက်ရိုင်းပင်ကြီးများသည် တစ်ဆယ်ပေမှ တစ်ဆယ့်နှစ်ပေခန့်ထိရှိရာ ထိုအပင်






www.burmeseclassic.com

www.burmeseclassic.com

များကို ခုတ်ထွင်၍ ခရီးနှင်ရသဖြင့် ခရီးမတွင်လှ။ တောအုပ်ကြီးများအတွင်း လေသည် ထူးထူးခြားခြား ငြိမ်သက်လျက်ရှိပြီး နေ၏အပူရှိန်မှာလည်း ကြောက်မက်ဖွယ်လိလိဖြစ်တော့၏။

ညနေပိုင်းရောက်သည်နှင့် မဆင်ဘဲ ရွာလာသောမိုးသည် မိုးကြိုးမုန်တိုင်းနှင့်အတူ ပြင်းပြင်းထန်ထန် ရွာချတော့၏။ ထိုငရဲအိုး တောအုပ်အတွင်း ရာစုနှစ်ပေါင်းများစွာ ကြောင့်ကြမဲ့နေကြသော မှက်၊ ခြင်၊ ယင်တို့သည် တိုးပွား ချင်တိုင်း တိုးပွားနေရကား ဝင်ရောက်လာသူ လူများအား အားစုလိုက်အပြုံလိုက် ဝိုင်းအုံ၍ ကိုက်ခဲကြတော့ရာ မည်သည့်အခါမှ လူသူခြေမချဖူးသေးသလောဟု ထင်မှတ်ဖွယ် ဖြစ်တော့သည်။ ငှက်ဖျားရောဂါအပါအဝင် ရောဂါအမျိုးမျိုးကလည်း အသင့်စောင့်နေလေရော့သလားဟု ထင်မှတ်ဖွယ်ဖြစ်၏။ ယင်းအဖွဲ့သည် လမ်းခရီးတွင် ပင်ပင်ပန်းပန်း ခရီးနှင်လာခဲ့ကြရာ လမ်းခရီး၌ ရောဂါအန္တရာယ်၊ သားရဲတိရစ္ဆာန်များနှင့် ဒေသခံ လူရိုင်းမျိုးနွယ်တို့၏ ဒုက္ခအမျိုးမျိုးပေးမှုကြောင့် အဖွဲ့ဝင်အများ အသက်ဆုံးရှုံးခဲ့ကြရသည်။ နောက်ဆုံးတွင် ပေါ်တူဂီအမျိုးသားသုံးဦးသာ ကျန်ရစ်ခဲ့သည်။ သူတို့သည် ကံကောင်းထောက်မ၍ နှင်းဖုံးနေသော အင်ဒီး(စ်)တောင်တန်းသို့ ရောက်လာခဲ့သည်။

ဤတွင် အတော်အသင့်မြင့်သော ကျောက်တောင်ကြီးတစ်တောင်၏ တောင်စွယ်တစ်ခုပေါ်သို့ ကြိုးစား၍ ခဲခဲယဉ်းယဉ်း တက်ရောက်နိုင်ခဲ့ကြရာ နောက်ဆုံးတွင်မူ ကျယ်ပြန့်သော ကုန်းမြေမြင့်ကြီးထက်သို့ ရောက်သွားကြ၏။ သူတို့မျက်ဝါးထင်ထင် မြင်ရသော မြင်ကွင်းကြောင့် ကြက်သေသေသွားကြသည်။ ပထမတွင် ဟုတ်မှ ဟုတ်ပါ့မလား။ စိတ်အာရုံလွဲမှားခြင်းလော၊ သို့မဟုတ် တောစောင့်နတ်ဒေဝတာများက ဖန်တီးထားခြင်းလောဟု ထင်မိကြသည်။ သေသေချာချာ ကြည့်မိကြသောအခါမှ တအံ့တကြ ဖြစ်ကြရသည်။

သူတို့မြင်ရသော မြို့တော်ပောင်းကြီးမှာ နတ်ဘုံ၊ နတ်နန်းတမျှ အံ့မခန်းကြီးကျယ်လှသည်။ အဆောက်အအုံအများမှာ ကျောက်သလင်းများ။ ကျောက်ဖြူများဖြင့် ဆောက်လုပ်ထားပြီး အဆောက်အအုံကြီးများမှာ အံ့ဖွယ်သရဲ ဖြစ်တော့၏။ သို့သော် ပြင်းထန်သော ငလျင်ကြီးတစ်ခု၏ ဒဏ်ကိုခံရသဖြင့် မြို့ကြီးတစ်မြို့လုံး မြို့ပျက်ကြီးအဖြစ်သို့ ရောက်သွားခဲ့ရသည်။ ဤမြို့တော်ကြီးကို မှီတင်းနေထိုင်ကြသော မြို့သူမြို့သားများအားလုံး စွန့်စားသွားခဲ့ဟန် ရှိသည်။ သူတို့သုံးဦးသည် ဤမြို့ပျက်ကြီးရှိရာသို့ သွားရောက်ခဲ့ကြသည်။ မြို့ကြီးတစ်မြို့လုံးမှာ ကျောချမ်းဖွယ်ကောင်းလောက်အောင် ငြိမ်သက်နေပြီး မြေဝပ်ငှက်များနှင့် တောကျီးငှက်တို့၏ အသ သာ ကြားရသည်။ ရာသီဥတုဒဏ်အား နှစ်ပေါင်းများစွ ခံစားရရာ ပြိုကျနေသော နံရံများ။ တံတိုင်းများမှာ ချုံနွယ ပင်များ ဖုံးအုပ်နေတော့သည်။

တိမ်းစောင်းနေသော အိတ်အချို့အတွင်း ရွှေသားဖြ ပြုလုပ်ထားသော ပရိဘောဂများ။ အိုးခွက်ပန်းကန်များ တွေ့ ရသည်။ နတ်ဘုရားကျောင်းအပျက်များထဲတွင်လည်း ရွှေသ ဖြင့် ပြုလုပ်ထားသော ပလ္လင်များ ရွှေစင်ရွှေသားဖြင့် ထုထ သော နတ်ရုပ်များတွေ့ရသည်ဟုလည်း မှတ်တမ်းတွင် ေ သားခဲ့ကြသည်။ သူတို့ ရှာဖွေတွေ့ရသော ရွှေဒင်္ဂါးများန ရွှေချောင်းအနည်းငယ်ကို ယူဆောင်နိုင်ခဲ့ကြပြီး သူတို့သည အနှစ်နှစ်အလလ မျှော်လင့်ထားသော ရွှေမြို့တော်ကြီး တွေ့ရပြီဟု ကောက်ချက်ချခဲ့သည်။ ထို့နောက် သူတို့ ယောက်သည် ဤမြို့တော်ရှိသည့်နေရာကို တိတိကျ မှတ်သား၍ သူတို့တွေ့ရှိချက်များကို ပုရပိုက်ဖြင့် မှတ် တင်ခဲ့ကြပြီး ပါရောဂေါ်ဝှမြစ်ရှိရာသို့ ပြန်လာခဲ့ကြသ ပထမဆုံးတွေ့ရသည်။ တောတွင်းလူမျိုးနွယ်များထဲမှ ခေါ် တော်တစ်ဦးအား ယင်းပုရပိုက်ကို သက်ဆိုင်ရာသို့ ပေးပို့ တံစိုးလက်ဆောင်ပေး၍ ခိုင်းစေခဲ့ကြပြီး သူတို့သုံးဦးမှ ရတနာရွှေမြေ မြို့တော်ကြီးသို့ တစ်ခေါက်ပြန်သွားကြသည် သိရ၏။

ထိုသုံးယောက်၏ သတင်းတစ်စုံတစ်ရာ မကြ တော့။ သူတို့မှတ်တမ်းကိုမူ ဤဆောင်းပါးတစ်နေရာ ဖော်ပြခဲ့သည့်အတိုင်း ဤပုရပိုက်ကို ဘရာဇီးလ်နိုင်ငံ ဒီဂျနိုဂိုမြို့၏ ရှေးဟောင်းပြတိုက်တွင် ပြသထားခဲ့ရာမှ သ အဆက်ရတနာမှဆိုးများက ရှာပုံတော်ဖွင့်ခဲ့ကြသော် မတွေ့ခဲ့ရ။

ယနေ့ အင်တာနက်သတင်းများအရဆိုရလျှင် တော်ကြီးကိုတွေ့ရန် သေချာနေပြီဟု ဆိုရပေတော့ စောင့်ကြည့်ရန်သာ ရှိတော့၏။

လှမိုး(ပညာ

ကျမ်းကိုး-Mystries From Forgotten World



www.burmeseclassic.com

www.burmeseclassic.com



# အုံ့ဖွယ်ထူးဆန်း

# ဆေးစွမ်းကောင်းများ (၄)

မျိုးသန်းထွန်းကို(ရေစကြို)

တစ်ခုသော တစ်နေ့တွင် ဦးစံမတူမှ လက်ဖက်ရည်ကြမ်းဝိုင်းဖြင့် ဧည့်ခံမည်ဟု ဖိတ်ကြားထားသဖြင့် လူကြီးများ၊ စိတ်ပါဝင်စားသူများ၊ သမားတော်ကြီး ဦးစံမတူထံသို့ အလျှိုလျှိုရောက်ရှိလာကြပါ၏။ ဦးစံမတူအိမ်ရှေ့မြက်ခင်းပြင်တွင် ကုလားထိုင်များ ခင်းကျင်း၍ ရေနွေးကြမ်းအိုး၊ အကြမ်းပန်းကန်၊ စားဖွယ်သောက်ဖွယ်များဖြင့် တည်ခင်းလာပါ၏။ ရေနွေးကြမ်းအိုးမှာ မြေအိုးများဖြစ်ပြီး အကြမ်းပန်းကန်များမှာ စဉ့်ပန်းကန်များ ဖြစ်ပါ၏။ ပဟောဋ္ဌိဆန်သော ရေနွေးဝိုင်းဖြစ်ပါ၏။

တိုက်နယ်သူကြီး သွေးသောက်ကြီး ဦးထွန်းလှမှ -

"စံမတူရေ . . . လူတွေစုံလင်ပြီ။ ရေနွေးကြမ်းတွေ အေးကုန်တော့မယ်"

"ဧည့်သည်တော်ကြီးများခင်ဗျာ၊ ကျွန်တော့်ရဲ့ ရှင်းလင်းမှုပြီးခုံးမှ ရေနွေးကြမ်းသုံးဆောင်ပါ။ အခုတည်ခင်းထားတဲ့ ရေနွေးအိုးထဲက လက်ဖက်ရည်မဟုတ်ပါဘူး။ ၉၆ ပါးရောဂါမျိုးစုံပျောက်ကင်းသက်သာစေတဲ့ အစွမ်းထက်တဲ့ ဆေးရည်တချို့ပါ။ သားဥပဒ်ကင်းရှင်းပြီး ဝမ်းတွင်းရှိ ရောဂါမျိုးစုံပျောက်ကင်းပါတယ်။ တချို့က ထင်ကြမယ်။ ငါ့မှာ ဘာရောဂါမှ မရှိပါဘူး။ ဒါကလည်း အမြစ်စတွယ်တဲ့အချိန်မှာ ဘယ်သူမှ မသိကြပါဘူး။ ရောဂါရင့်လာမှ သိကြတော့ ကုရခက်ခဲပါတယ်။ အမြစ်တွယ်



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ရောဂါများရှိရင် ဒီဆေးသောက်တာနဲ့ ရောဂါကင်းစင် ပြုံးပျော်ရွှင်သော ဘဝကို ပိုင်ဆိုင်ကြမှာဖြစ်ပါတယ်။ ရေနွေးကို မြေအိုးနဲ့ထည့်တာဟာ ဓာတုပစ္စည်းကင်းရှင်းအောင်ပါပဲ။ ကြွေရည်သုတ်တို့ သံထည်ပစ္စည်း၊ သတ္တုအိုးတွေနဲ့ ထည့်သောက်ရင် ဓာတုပစ္စည်းတွေက ဝမ်းထဲ ကို့ရောက်ရင် ဘေးဥပဒ်ဖြစ်နိုင်ပါတယ်။ မြေအိုးနဲ့ ထမင်းဟင်း၊ ရေနွေးထည့်သောက်ခြင်း၊ စဉ့်အိုးစဉ့်ခွက်များနဲ့ ထည့်သုံးဆောင်ခြင်းဟာ ကျန်းမာရေးအတွက် အကောင်းဆုံးပါပဲ"

"ရေနွေးအိုးထဲက အရည်ဟာ လက်ပံခါးခေါက်ပြုတ်ရည်ပါ။ အနည်းငယ်တော့ ခါးပါတယ်။ လက်ပံခါးပင်ဟာ အလွန်ရှားတဲ့ အပင်ပါ။ လက်ပံခါးပင်ကို သံချောင်းရိုက်ထား၊ ၂၄ နာရီကြာရင် သွားကြည့်ပါ။ သံချောင်းဟာ ကြေမွသွားပါတယ်။ သံချောင်းလိုအရာ တောင်မှ ကြေမွသွားတဲ့ ဂုဏ်သတ္တိရှိတဲ့အပင်ဟာ ဝမ်းတွင်းမှာရှိတဲ့ မကောင်းတဲ့ပိုးတွေ၊ ရောဂါတွေဟာ မိနစ်ပိုင်း၊ နာရီပိုင်းအတွင်းမှာ ကြေမွသွားပြီး ပျောက်ကင်းသွားတဲ့ အစွမ်းထက်မြက်တဲ့ ဆေးစွမ်းကောင်းတစ်လက်ပါ။ သံသယကင်းကင်းနဲ့ သောက်ပါ။ စံမတူ တာဝန်ယူပါတယ်၊ သောက်လို့ရပါပြီ"

"အတိုင်းအတာ ဘယ်လောက်သောက်ရမှာလဲ စံမတူရ"

"ကြိုက်သလောက်သောက်ပါ။ များလည်း ဆိုးသွားရုံပဲ ရှိပါတယ်"

ယခုခေတ်တွင် အဆိုပါ လက်ပံခါးပင်ကို တစ်ပင်လျှင် သိန်းတစ်ထောင်ပေး၍ လိုက်ဝယ်နေပါ၏။ တစ်ပိဿာကို သိန်းဂဏန်းပေး၍ ဝယ်ယူကြ၏။ အပင်ကလည်း နတ်ကြီးပါ၏။ အရောင်းအဝယ်ပြုလုပ်မည်ဆိုက သံချောင်းကြေမွခြင်းမရှိဘဲ ဆေးဝါးအဖြစ် အသုံးပြုမည်ဆိုပါက ကြေမွသွားလေ့ရှိပါ၏။ တရုတ်ပြည်မှ ဝယ်ယူသည်ဟု သိရပါ၏။ ရေစကြိုမြို့နယ်တွင် တစ်ခါတစ်ခါ တစ်ပင်စ နှစ်ပင်စ တွေ့ဖူးပါ၏။ စာရေးသူတို့၏ သံပြာချောင်းရွာအနီးရှိ ဇာလီတောင်ပေါ်တွင် တစ်ပင်ရှိနေခဲ့ဖြစ်ပါ၏။ အပင်လှဲမည်ဆိုပါက တောချောက်ခြင်း၊ ဟန့်တားခြင်းများ ပြုလုပ်ပါ၏။ ခွင့်တောင်းပြီး အခေါက်ခွာပါက ခွင့်ပြုသည်ကို တွေ့ရပါ၏။

"ကြီးမားတဲ့ ရောဂါရှင်တွေကို ကုသတာပါ။ ရောဂါကုရာမှာလည်း နှစ်ပိုင်းရှိတယ်။ ရောဂါဘယ ရှိးရိုးလား၊ ဝင့်နာကံနာလားပေ့ါ။ ဝင့်နာကံနာဆိုရင်တော့ ရောဂါသက်သာရုံသာ ကုသပေးပြီး အသေဖြောင့်အောင်သာ ကုသလို့ရတယ်။ ဝင့်နာကံနာမဟုတ်ရင်တော့ ဘာရောဂါဖြစ်ဖြစ်၊ ဘယ်လောက်ပဲကြီးကြီး လာခဲ့စမ်းပါ။ ပျောက်စေရမယ်။

"ပန်းကန်ထဲမှာထည့်ထားတဲ့ စားစရာတွေက ပဲစင်းငုံကို ကြော်ထားတာပါ။ သုံးဆောင်ကြပါ။ နောက်တစ်မျိုးက ဂျုံ ပဲ၊ အာလူးနဲ့ စီမံထားတဲ့ ချာပါတီပါ။ ကျွန်တော်တို့မှာ အိမ်နီးချင်းနှစ်နိုင်ငံရှိတယ်။ တရုတ်က တိရစ္ဆာန်တွေရဲ့ အသား၊ အရိုးတွေထံက ရရှိတဲ့ ရိုးတွင်းခြင်ဆီကို လူတွေရဲ့ ကုန်ခန်းနေတဲ့ ရိုးတွင်းခြင်ဆီကို ဖြည့်ကြတယ်။ ကျားရဲ့ အရိုး၊ အသားကို စားကြတယ်။ ငှက်သိုက်တို့၊ လိပ်ရဲ့အသည်းတို့ဖြစ်ဘယ်။ ပြီးတော့ တောက်တဲ့ရဲ့ အန်ဖတ်ကို ဆေးဖော်ကြတယ်။ တောက်တဲ့အန်ဖတ်ဟာ ၉၆ ပါးရောဂါ ပျောက်တယ်။ တောက်တဲ့ကို လှောင်အိမ်ထဲထည့်လို့ မရဘူး။ သဘာဝအလျောက် သုံးရက်တစ်ကြိမ်အန်တဲ့ အန်ဖတ်ကို ဆေးဖော်ရတယ်။ တောက်တဲ့ဆိုတာ အပူများတဲ့ သတ္တဝါပါ။ ရောဂါတွေဟာ အပူနဲ့ပဲ ကုသရတာပါ။ ခွေးသားဆိုရင်လည်း အပူပဲ။ ရင်ကျပ်ပန်းနာသမားတွေ ပျောက်တယ်။ ကိုရီးယားတွေဆိုရင် ခွေးသားအရမ်းကြိုက်တယ်။ ဇီဝဇိုးငှက်ရဲ့ အန်ဖတ်ဖြစ်တဲ့ ငှက်သိုက်ဟာလည်း ရောဂါသည်တွေအတွက် အကောင်းဆုံးအားဆေးဖြစ်တယ်။ အလွယ်ကူဆုံးက ကြက်ပေါင်းရည်ပါပဲ။ လိပ်ဥဟာလည်း အာဟာရအပြည့်ဝဆုံး၊ အမြင့်ဆုံးအစားအစာတစ်ခု ဖြစ်တယ်။ အသက်ရှည်တဲ့သတ္တဝါထဲမှာ လိပ်လည်းပါတယ်"

"အိန္ဒိယတွေကျတော့ အသားထက် အသီးအနှံကို ခွန်အားဖြည့်ကြတယ်။ ပဲစင်းငုံဟာ ခွန်အားအကောင်းဆုံးပဲဖြစ်တယ်။ အသားထက် ခွန်အားပိုကောင်းတယ်။ သူတို့နိုင်ငံမှာ ပဲစင်းငုံကို သရေစာလို စားကြတယ်၊ ဂျုံ၊ အာလူး၊ ကုလားပဲနဲ့ စီမံထားတဲ့ ချာပါတီဟာလည်း အသားထက် အင်အားပိုကောင်းတယ်။ ဒါကြောင့် ကုလားတွေဟာ ချာပါတီစားပြီး ကျွန်တော်တို့ ဗမာတွေထက် အလုပ်ပိုလုပ်နိုင်ကြတယ် တကယ်တော့ မြက်စားတဲ့ ကျွဲတွေ နွားတွေ၊ သစ်သီးသစ်ဥစားတဲ့ ဆင်တွေဟာ လူတွေထက် ဘာလို့ ခွန်အားပိုတာလဲ။ စဉ်းစားကြည့်ပါ။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ထင်ရှားနေတာပဲ။ ချာပါတီပန်းကန်ဘေး က ချပေးထားတာက ကုလားအော် ငရုတ်နဲ့ ဆားခွက်ပဲ။ ချာပါတီစားရင် ငရုတ်သီးနဲ့ ဆားနဲ့ တို့စားပါ။ ကုလား အော်က ယောက်ျားတွေအတွက် ခွန် အားတက်ပါတယ်"

"ငရုတ်သီးစားပြီး ခွန်အားတက် တာ ဒီတစ်ခါပဲ ကြားဖူးတယ်။ ဟုတ်ရဲ့ လား စံမတူရာ"

"ဥပါယ်တံမျဉ်နဲ့ပြောတာ။ တဲ့ပဲ ပြောတော့မယ်။ အမှန်က ကုလားမ အော်တာဗျ။ ဒီငရုတ်သီးက ပန်းသေတဲ့ လူတွေ စားကြတယ်။ ဆရာခဲဆေးပဲ။ တစ်နေ့ကို နည်းနည်းစားကြတယ်။ ကုလားတွေ အမြဲစားကြတယ်။ ညကျ တော့ ကုလားမ အော်ရတော့တာပဲ။ ဒါကြောင့် ကုလားအော်လို့ နာမည်ပေး တာပဲ။ သွေးသောက်ကြီး အကြိုက်ပဲ"

"ဝါး...ဟား...ဟား"

အားလုံးရယ်မောကုန်ကြ၏။ ဆရာ ခဲဆေးကို စာရေးသူထံ ဖုန်းဆက်ကြ သူများ ခွေးလေးယားသီးစေ့နဲ့ ကုလား အော်ငရုတ်သီး ဆေးနည်းနှစ်မျိုး ပေး လိုက်ပါပြီ။ စမ်းသပ်ကြည့်ပါ။ အောင် မြင်ရင်လည်း ဖုန်းဆက်ကြပါဦး"

"စံမတူ...ငှါးနာနေတယ်။ ဆေး နည်းလည်း ပြောပါဦး"

"သက်ရင်းကြီးပင်က အရွက်ကို မီးကင်ပြီးရင် နာတဲ့နေရာ စည်းပါ။ အကောင်းဆုံးက အမြစ်ကို သွေးလိမ်း ပါ။ ဆေးဖက်ဝင်တဲ့ အပင်တွေမှာ အစွမ်းထက်တဲ့ အဆီအနှစ်တွေက အမြစ်မှာ စုကြတယ်။ ဆေးပါဖော်ရင် ပင်စည်ပြီးရင် အမြစ်ကိုတူးပြီး အမှန် ဖြစ်အောင် ကြိုတ်ပြီး ဆေးဖော်ကြ တယ်။ လူတွေမှာလည်း ခြေထောက် တို့ ဒူးတို့ ရေလောင်းပေးရင် ခန္ဓာကိုယ် တစ်ကိုယ်လုံးမှာရှိတဲ့ အပူတွေ ထွက်စေ ပါတယ်။ ဒူးနာရောဂါဖြစ်တယ်ဆိုတာ အပူကြောင့်ဖြစ်တာပဲ။ အပူအပုပ်ရှင်း ထုတ်ပါတဲ့။ မိမိကိုယ်ကို နေ့စဉ် အပူ ထွက်အောင် အပုပ်တွေကင်းစင်အောင် အမြဲဂရုပြုကြပါ။ ရောဂါကြီးတွေဖြစ်ကြ တာဟာ အပူအပုပ်ကြောင့်ပဲ ဖြစ်ကြ တာပဲ။ ဒီအပူကို အပူနဲ့ ကုရတာပဲ။ အညာဒေသ သစ်ပင်တော်တော်များ များဟာ အပူပင်တွေပဲ။ ဒါကြောင့် ဆေး ဖက်ဝင်တာပဲ။ အညာဒေသနေတဲ့လူ တွေဟာလည်း ဒီအပူတွေကြောင့် ရောဂါဘယ ပိုများနိုင်တယ်။

"အပူတွေက ကျောက်ကပ်၊ အသည်း၊ နှလုံးတို့မှာ ကပ်ငြိတာများ လာရင် ရောဂါဖြစ်လာကြတာပဲ။ ဒီဆေး နည်းပညာတွေက ဘာမှခက်ခဲတဲ့ ပညာ မဟုတ်ဘူး။ မသိကြတာ။ မသိကြတော့ ရောဂါဖြစ်ကြတာပေါ့ကာ။ ကျွန်တော်တို့ ဗမာတွေက စာဖတ်အားနည်းတယ်။ ကျန်းမာရေးလိုက်စားမှု နည်းတယ်။ ပညာပေးဆွေးနွေးပွဲတွေ မလုပ်ကြဘူး။ နောက်တစ်ခုက ခရီးသွားပြီးရင် ဝမ်း နုတ်ကြရတယ်။ ခရီးသွားတော့ ရာသီ ဥတုအပူတွေဟာ ခန္ဓာကိုယ်ထဲမှာ ကိန်း အောင်းနေတတ်တယ်။ သာမန် အိမ်မှာ နေတာနဲ့ မတူဘူး။ ဒါတွေကို သတိထား ရမယ်။ နောက်တစ်ခုက ဗမာအမျိုး သမီးတွေက အသက် ၄၀ ကျော်ရင် သွေးသာဆုံးကြတယ်။ ဒါက မကောင်း ဘူး။ သွေးမဆုံးအောင် ဆေးဝါးမှီဝဲရ မယ်။ သွေးသားဆိုတာ အမြဲအသစ် အဟောင်း လဲလှယ်နေရမယ်။ မိန်းမ တွေက သွေးဆုံးတော့ ယောက်ျားတွေ က နောက်အိမ်ထောင်ပြုကြတယ်။ အိမ်ထောင်ရေးပြဿနာတက်ကြတာပဲ"

"ရောဂါရှိရင် ဆေးရှိပါတယ်။ ရှား စောင်းလက်ပတ်ရယ်၊ ကြက်သွန်ဖြူ/ အနီရယ်၊ ထန်းလျက်ရယ်၊ မြေပဲဆီရယ် ကို သင့်တင့်တဲ့ အချိုးထည့်။ ယိုကျို ရမယ်။ ရှားစောင်းလတ်ပတ်ယိုကို တစ် နေ့တစ်ဇွန်း စားပါ။ အမျိုးသမီးတွေ အသက်ဘယ်လောက်ကြီးကြီး သွေး

အိန္ဒိယတွေကျတော့ အသားထက် အသီးအနှံကို ခွန်အားဖြည့်ကြတယ်။ ပဲစင်းငုံဟာ ခွန်အားအကောင်းဆုံးပဲဖြစ်တယ်။ အသားထက် ခွန်အားပိုကောင်းတယ်။ သူတို့နိုင်ငံမှာ ပဲစင်းငုံကို သရေစာလို စားကြတယ်။ ဂျုံ၊ အာလူး၊ ကုလားပဲနဲ့ စီမံထားတဲ့ ချာပါတီဟာလည်း အသားထက် အင်အားပိုကောင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com

မခုံးတော့ဘူး။ နိုင်ငံခြားစကားပုံတစ်ခု ရှိတယ်။ အသက် ၄၀ ကျော်မှ ဘဝစတာတဲ့။ ဗမာတွေက ၄၀ ကျော်ရင် သွေးဆုံးနေပြီ။ အိမ်ထောင်ရေးသုခ အပြည့်အဝရအောင် စားကြပါ"

ယခုခေတ်တွင် တိုင်းရင်းဆေး အဖြစ် ထုတ်လုပ်ရောင်းချနေပါပြီ။ မြန်မာအမျိုးသမီးများ စားသုံးသင့်ပါသည်။ လက်တွေ့အကျိုးခံစားရပါသည်။

ဦးထွန်းလုမှ -

"စံမတူရေ . . . ဗဟုသုတတော့ အတော်ရပါပြီ။ ဘာတွေရှိသေးလဲ"

"ဘာသာတရားနဲ့ပတ်သက်တာလေး ပြောပါရစေဦး။ သစ္စာတရားလေးပါ။ ဆေးဝါးပဲကုကု၊ အခက်အခဲပေါ်လာလို့ပဲ ဖြေရှင်းဖြေရှင်း သစ္စာတရားဟာ အရေးကြီးဆုံးပါ။ သစ္စာဆိုတတ်ရမယ်။ သစ္စာမှန်ကန်ရင် အခက်အခဲ ဘယ်လိုပဲရှိရှိ မုချအောင်မြင်ရမယ်။ အလွယ်ဆုံးက 'ကျွန်ုပ်သည် အမိအဘမှ မွေးတာမှန်ကန်ပါ၏။ ဤမှန်ကန်သော သစ္စာတရားကြောင့် . . .' ကိုယ်ဖြစ်ချင်တာ ဆက်ဆိုပါက။ တစ်ခုတော့ရှိတယ်။ ဖြေရှင်းရမယ့် ပြဿနာက မှန်ကန်ရမယ်၊ မျှတရမယ်၊ တရားနည်းလမ်းကျရမယ်"

"မင်းတို့သမားတော်တွေက ဘယ်လို သစ္စာဆိုကြလဲ"

"ပြောပြပါမယ် သွေးသောက်ကြီးရယ်။ ဆန္ဒမစောပါနဲ့"

"ဘုရားကို ကိုးကွယ်ပါ၏။ တရားကို ကိုးကွယ်ပါ၏။ သံဃာကို ကိုးကွယ်ပါ၏။

ဘုရားကို ယုံကြည်ပါ၏။ တရားကို ယုံကြည်ပါ၏။ သံဃာကို ယုံကြည်ပါ၏။

ဘုရားကို ရှိခိုးပါ၏။ တရားကို ရှိခိုးပါ၏။ သံဃာကို ရှိခိုးပါ၏။

ဘုရားကို ရိုသေပါ၏၊ တရားကို ရိုသေပါ၏၊ သံဃာကို ရိုသေပါ၏။

ဘုရားကို မြတ်နိုးပါ၏၊ တရားကို မြတ်နိုးပါ၏၊ သံဃာကို မြတ်နိုးပါ၏။

ဘုရားကို ကြည်ညိုပါ၏၊ တရားကို ကြည်ညိုပါ၏၊ သံဃာကို ကြည်ညိုပါ၏။

ဘုရားကို ပူဇော်ပါ၏၊ တရားကို ပူဇော်ပါ၏၊ သံဃာကို ပူဇော်ပါ၏။

ဘုရားကို ဆည်းကပ်ပါ၏၊ တရားကို ဆည်းကပ်ပါ၏၊ သံဃာကို ဆည်းကပ်ပါ၏။

ဤမှန်ကန်သော သစ္စာတရားကြောင့် ကျွန်ုပ်ကုသသော ဆေးစွမ်းကောင်းကြောင့် ဤလူနာ အမြန်ဆုံးပျောက်ကင်းပါစေသတည်း။

ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ တပည့်တော်၏ ခန္ဓာငါးပါးနှင့် ရုပ်နာမ်နှစ်ပါးကို လှူဒါန်းပါ၏။ တပည့်တော် ကုသနေသော လူနာရှင်၏ ခန္ဓာငါးပါးနှင့် ရုပ်နာမ်နှစ်ပါးကို လှူဒါန်းပါ၏။

နေ့စဉ် ဘုရားရှိခိုးတိုင်းမှာ လှူဒါန်းရမယ်။ ကုသိုလ်အရဆုံးပဲ။ လူနာရှင်ဟာ ဆေးကုရင်း သေသွားရင်တောင် သံသရာမှာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ဖြစ်နိုင်တယ်။ ရုပ်နာမ်နှစ်ပါး လှူဒါန်းတာဟာ အမြင့်မြတ်ဆုံးပဲ"

"ပြီးတော့ ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာဂုဏ်တော်ကိုးပါးကို အမြဲရွတ်ဖတ်ပါ။ ပွားများပါ။ အတိုကောက် မှတ်ရရင်တော့ ၉၆၉ ပေါ့"

ယခုခေတ်တွင် ရတနာသုံးပါး အမှတ်တံဆိပ်အဖြစ် ၉၆၉ ကို ရေးသားကြပါ၏။

"သမားတော်ကြီး စံမတူရေ ကျေးဇူးလည်းတင်တယ်။ ပြန်ခွင့်ပြုပါဦး"

"သူကြီးများ မြင်းစီးတဲ့အခါမှာ မြင်းထံက အပူတွေ လူထံကို ကူးတတ်တယ်။ မြင်းစီးပြီးရင် အပူထုတ်ရမယ်။ တမာမြစ်ကို ပြုတ်သောက်ပါ။ မြင်းကိုလည်း တစ်ရက်တစ်ကြိမ် ရေချိုးပေးရမယ်။ ချွေးထွက်အောင် လေ့ကျင့်ပေးရမယ်"

"ကျေးဇူးတင်ပါတယ် သမားတော်ကြီးရယ်"

သူကြီးများ ညွှန်ကြားတော်ကြီးများ လက်ပံခါးရည်များ၊ ပဲ၊ ချာပါတီများ ပြောင်စင်အောင်စားကြပြီး မြင်းကိုယ်စီဖြင့် ဆိုင်ရာသို့ ချီတက်သွားကြပါ၏။ လက်ကျန်ဖြစ်နေသော ကုလားအောင်ရေတ်သီးများကိုတော့ အိတ်ကပ်ထဲထည့်သွားကြလေ၏။ မျိုးစေ့အဖြစ် ပျိုးဖို့လား၊ စားဖို့လားတော့မသိ။ ကာယကံရှင်များသာ သိကြပေသည်။

**မျိုးသန်းထွန်းကို(ရေစကြို)**



www.burmeseclassic.com

www.burmeseclassic.com

# ပြုဗ္ဗဖလဂုနီနက္ခတ်ဖွားများအတွက် ဟောကိန်း

ကာလီဒါ့ချို(မြန်မာပြည်)

## ရေဝတီနက္ခတ်

မြန်မာ့နက္ခတ် ၂၇ လုံးတွင် တစ်လုံးအပါအဝင်ဖြစ်ပြီး တေဇောဓာတ်ကိုစိုးမိုးထားသော နက္ခတ်ဖြစ်သည်။ ကောင်းကျိုးအထူးကို ယူဆောင်ပေးတတ်သော နက္ခတ်ဖြစ်သည်ဟူ၍။ ရာဇမတ္တဏ်နှင့် အာကာသသချ်ာတကျမ်းတို့၌ ရေ့ညောင်စောင်း ခြေနှစ်ချောင်းသဏ္ဌာန်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားလေသည်။ သိဟ်ရာသီပိုင် ခြင်္သေ့ရုပ်ပုံ၏ နောက်ခြေထောက်ပေါင်ရင်းမှ ကြယ်နှစ်ပွင့်ကို ပြုဗ္ဗဖလဂုနီနက္ခတ်ဟု ပညာတ်ခေါ်ဆိုကြခြင်း ဖြစ်၏။ နက္ခတ်သင်္ချာစဉ် ၁၁ ဖြစ်၍ လူနက္ခတ် ဖြစ်သည်။ သိဟ်ရာသီအိမ်၏ ပိုင်နက်အတွင်း ဩဂုတ်လ ၉ ရက်မှ ၂၂ ရက်အတွင်း ပါဝင်ထားသော ကောင်းကင်နယ်နိမိတ်အတွင်းကို စန်းခေါ် တနင်္လာဂြိုဟ်မင်း ဖြတ်သန်းသွားနေစဉ် ကံ့ကြိုက်မွေးဖွားသူများကို ပြုဗ္ဗဖလဂုနီစန်းယှဉ်နက္ခတ်ဖွား (သို့) နက္ခတ် ၁၁ လုံး၌ ဖွားမြင်ကြသူများဟု ခေါ်ကြလေသည်။ ပြုဗ္ဗဖလဂုနီနက္ခတ်ရှင်များသည် ရာထူးဂုဏ်သိမ်ကြီးပြီး ဘဝသုံးပါးစလုံးတွင် မဆင်းရဲနိုင်။ အမြော်အမြင်ကြီးမြင့်ကြပြီး ပေးကမ်းစွန့်ကြဲ အလှူဒါနပြုကြသူများ ဖြစ်လိမ့်မည်။ သူတော်ကောင်းတရားနှင့် ပြည့်စုံ၍ ကုန်သွယ်မှုလုပ်ငန်းဖြင့် အောင်မြင်ကျော်ကြားနိုင်မည့် သူတော်ကောင်းနက္ခတ်ဖြစ်ပြီး ဤနက္ခတ်ရှင်များသည် ဘဝသံသရာအတက်အကျတွင် အောက်ပါအတိုင်းဖြစ်ကြရလိမ့်မည်။

## စိတ်ကူးစိတ်သန်း

ပြုဗ္ဗဖလဂုနီနက္ခတ်ရှင်များသည် စိတ်ကြီးတတ်ကြပေမယ့် တစ်ပါးသူအပေါ် နိုင်ထက်စီးနင်း မလုပ်တတ်ပါ။ မိမိတို့နှင့် မဆိုင်သော ကိစ္စရပ်များ၌ ဟိုစပ်စပ် ဒီစပ်စပ် မလုပ်ဘဲ ဣန္ဒြေသိက္ခာနဲ့ နေတတ်ကြသော်လည်း မိမိတို့အပေါ် အပ်နှင့်ထွင်းလာသူများကို ပုဆိန်နှင့် ပြန်ပေါက်တတ်သော ပင်ကိုအတွင်းဓာခံဉာဏ်မျိုး ရှိကြသည်။ ဤနက္ခတ်ရှင်များသည် လုပ်ရဲကိုင်ရဲ ဇတ်ဇတ်ကြဲများ ဖြစ်ကြပြီး အရာရာ၌ ရဲရဲရင့်ရင့် ဝေဖန်ဆုံးဖြတ်တတ်ကာ အမှန်တရားကို သစ္စာရှိရှိ တည်ဆောက်ပေးတတ်သူများ ဖြစ်ကြသောကြောင့် လူချစ်လူခင် ပေါများပြီး အများ၏ ယုံကြည်အားကိုးအားထားပြုခံရသူများ ဖြစ်ရလိမ့်မည်။ ရန်သူအတိုက်အခံ အနည်းစု၏ အမြင်ကတ်ခြင်းမျိုး ခံရတတ်သော်လည်း ပြတ်ပြတ်သားသား ပွင့်ပွင့်လင်းလင်း ဆုံးဖြတ်လုပ်ကိုင်နိုင်မှုကြောင့် အနီးကပ် လက်သီးပုန်းရန်သူများကို ချေမှုန်းအနိုင်ယူနိုင်လိမ့်မည်။ ရန်သူအတိုက်အခံများလေလေ ကိုယ်ပိုင်အရည်အချင်းတိုးတက်မြင့်မားလေလေဖြစ်ကာ အောင်မြင်မှုပန်းတိုင်ကို ဆွတ်ခူးနိုင်သူများ ဖြစ်ရမည်။ ဤနက္ခတ်ရှင်များသည် ဒုက္ခကို ဒုက္ခဟု မမြင်၊ ဘဝခရီးလမ်းတစ်လျှောက်၌ အမှန်တကယ် တွေ့ကြုံကြရမည့် သဘာဝတရားများအဖြစ်နှင့်သာ ရှုမြင်တတ်ကြသည်။ သို့ဖြစ်၍ ဒုက္ခနှင့်ရင်ဆိုင်ရလျှင်ဖြစ်စေ၊ သုခချမ်းသာနှင့် ပြည့်စုံခံစားရသည့် အခါမျိုး၌ဖြစ်စေ စိတ်ဓာတ်လှုပ်ချောက်ချား ပြောင်းလဲမှုမရှိဘဲ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်သူများ ဖြစ်ကြသည်။ ကံ-ကံ၏အကျိုးကို လက်ခံယုံကြည်ကြသူများ ဖြစ်ကြသည်မို့ ဆင်းရဲချမ်းသာသည် ကောင်းမှု၊ မကောင်းမှုဘဝကံကြောင့် ဖြစ်ရသည်ဟူသော ဒဿနကို ပိုင်ဆိုင်ထားသူများ ဖြစ်ကြသည်။

## ဘဝအကျိုးပေး

ဝန်ထမ်းအလုပ်နှင့် ကိုယ်ပိုင်အလုပ် မည်သည့်အလုပ်မျိုးကို လုပ်ကိုင်ရသည်ဖြစ်စေ ကိုယ်ပိုင်အစွမ်းအစနှင့် အောင်မြင်ပေါက်မြောက်နိုင်လိမ့်မည်။ အလုပ်ဌာနများ၌ နာမည်ဂုဏ်သတင်းကြီးတတ်ပြီး အများစု၏ အထင်ကြီးလေးစားခံရသူများ ဖြစ်ရတတ်သည်။ မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များထက် အထက်လူကြီးများနှင့် ပိုမိုအဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com

တတ်ပြီး အထက်လူကြီးများကလည်း မိမိတို့အပေါ် အခြားသူများထက် အထင်ကြီးသဘောကျကြလိမ့်မည်။ ခိုင်းစရာရှိလျှင် မိမိတို့ကိုသာ ရွေးချယ်ခိုင်းတတ်ပြီး ရာထူးအဆင့်တက်စရာရှိလျှင်လည်း မိမိတို့ကို ဦးစားပေးရွေးချယ်ခန့်အပ်ခံရတတ်မည်။ မင်းမှုထမ်းဖြစ်လျှင် စစ်ဘက်၊ ရဲဘက်၊ ဆေးဘက်နှင့် အုပ်ချုပ်ရေးဘက်ဖြင့် အကျိုးပေးအောင်မြင်လိမ့်မည်။ ကိုယ်ပိုင်လုပ်ငန်းဖြစ်ပါမူ ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှု၊ ဆေးဝါးထုတ်လုပ် ဖြန့်ဖြူးရောင်းဝယ်မှု၊ ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုနှင့် ဆေးလိပ်လုပ်ငန်းများဖြင့် ကြီးပွားချမ်းသာမည်။

လက်မှုလုပ်ငန်းရှင်၊ ရတနာစိန်ရွှေကုန်သည်နှင့် အလှကုန်ဒီဇိုင်းသစ်အမျိုးမျိုး တီထွင်ဖန်တီးရသော လုပ်ငန်းများဖြင့် ထင်ပေါ်ကျော်ကြားနိုင်မည်။ ဝန်ထမ်းဖြစ်က လေးနှစ်တစ်ကြိမ် (သို့) ငါးနှစ်တစ်ကြိမ် ရာထူးတက်တတ်ပြီး ကိုယ်ပိုင်လုပ်ငန်းရှင်ဖြစ်က ငါးနှစ်တစ်ကြိမ် စီးပွားဆပွားတိုးတက်လိမ့်မည်။ ရပ်ဝေးက သူစိမ်းရန်သူများကို မစိုးရိမ်ရသော်လည်း အတွင်းရန်ကြောင့် ပျက်စီးတတ်သော ဇာတာမျိုးဖြစ်သည်ကို အမြဲဆင်ခြင် သတိထားရပါမည်။

## အချစ်နှင့် အိမ်ထောင်ရေး

အတူနေရလျှင် တကျက်ကျက်ဖြစ်တတ်ပေမယ့် ဝေးလျှင်တစ်သက်သက် ခွေးမြွေနေရတတ်သော အချစ်မျိုးကို ပိုင်ဆိုင်ကြသည်။ ဤနက္ခတ်ရှင်များသည် အချစ်ရေးဦးပေါက်၌ အညံ့ကြုံရသော်လည်း အဆုံးတွင် တစ်သက်မကွဲမကွာ ရိုးမြေကျ ပေါင်းသင်းရနိုင်မည့် ချစ်သူမျိုးနှင့် ဆုံစည်းရလိမ့်မည်။ ပထမချစ်ဦးသူနှင့်လွဲပြီး ဒုတိယရွေးကြာပင်နှင့် ပေါင်းဖက်ဂယေဆက်ရတတ်သော်လည်း အိမ်ထောင်ဆက်မြဲမည့် အသက် ၂၀ မှ ၃၀ နှစ်အတွင်း အချစ်ကံစန်းပွင့်နိုင်သူ ဦးရေများတတ်ပြီး အသက် ၄၀ ကျော်မှ အိမ်ထောင်ဖက် ကံပေါ်သူများလည်း ရှိတတ်သည်။ အိမ်ထောင်ပြုပြီးလျှင် မိမိတို့ စိတ်ကူးမျှော်မှန်းမထားသော စည်းစိမ်ချမ်းသာမျိုးနှင့် ပြည့်စုံပြီး ဝေယာဉ်ရထား အခြွေအရံနှင့် နေထိုင်ရကိန်း ကြုံမည်။ အသက် ၄၅ နှစ်ကျော်သည်အထိ ဖူးစာရှင် မဆုံ၊ ကံမကြုံဘဲ တစ်ကိုယ်တည်းကျန်ရစ်ဖြစ်နေပါက လက်ဆက်နိုင်လျှင် ရွှေနှင့်မြ နေနှင်လဖြစ်မည်။ လူနက္ခတ်ချင်း မဆုံစည်းနိုင်ပါက နတ်နက္ခတ်ကို ရွေးချယ်သင့်သည်။ လူနက္ခတ်ရှင်များသည် ဘီလူးနက္ခတ်ကို ရှောင်ကြဉ်ရပါမည်။ ဘီလူးသည် လူကို စားတတ်သောကြောင့် သောကဝေတတ်သည်ဟု ဆိုသည်။ ဤနက္ခတ်ရှင်များသည် အသက် ၂၅ နှစ်မှ ၃၅ နှစ်အတွင်း အိမ်ထောင်တည်ဆောက်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

## ပညာရေး

ပြုဗ္ဗဖလဂုနီနက္ခတ်ရှင်များသည် ဉာဏ်ထက်မြက်ကြပြီး သင်ယူနိုင်သမျှ ပညာရပ်တိုင်း၌ ထူးချွန်လိမ့်မည် ပညာရေး၌ အခြေအနေပေးလာပါက ဘွဲ့သုံးလေးခုထိ ဆွတ်ခူးရရှိနိုင်သူများ ဖြစ်တတ်သည်။ ဤနက္ခတ်ရှင်များသည် ကျောင်းစာကိုသာမက ပညာရပ်မျိုးစုံကို စိတ်ဝင်တစား သင်ယူတတ်မြောက်လိမ့်မည်။

## ကျန်းမာရေး

ကျန်းမာရေးသည် အကောင်းကြီးမဟုတ်ကြသော အဆိုးကြီးလည်း မဟုတ်ပါ။ သက်ကြီးပိုင်း၌ သွေးလေလည ပတ်မှု မမှန်သော ရောဂါမျိုး ကပ်ငြိတတ်မည်။ နှစ်ကြိ နှစ်ခါ ရောဂါပြင်းထန်မှု ဖြစ်ရတတ်သည်။

## ရှောင်ရန်, ဆောင်ရန်

အဝါရောင်နှင့် ရန်သူလယ်သီးပုန်းများကို ရှောင်ကြ သွားရမည်။ ကျန်းမာရေး စီးပွားရေးနှင့် ကံဇာတာအငြ ကြုံလျှင် အတောင်ပါသော ငှက် ၁၀ ကောင် ဘေးမဲ့လွှ ၍ ဆုတောင်းပါ။ မကောင်းသောအညံ့ ပြေပျောက် ကောင်းကျိုးချမ်းသာများ ဝေဆာလာပါလိမ့်မည်။ စိန်နှင့်ပု သည် ဆောင်ပန်းရတနာဖြစ်ပြီး အပြာရောင်သည် လာဘ် ကံကောင်းစေမည့်အရောင် ဖြစ်သည်။ ဤနက္ခတ်ရှင်မျ သည် မည်သည့်ဘဝ၊ မည်သည့်အလုပ်မျိုး၌ဖြစ်စေ ကော စားမည့် ဇာတာမျိုး ဖြစ်ပါပေသည်။

နိဝါတဖြင့် • •

ကာလီဒါ့၍(မြန်မာပြ

www.burmeseclassic.com

# မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏

# အဥ္စလိ ကရဏီယဝ

## ဂုဏ်တော်ပုတီးစိပ်နည်း

### ဒေါက်တာသန်းမြိုင်းလင်း

သံဃာတော်၏ အကျိုးဂုဏ်ငါးပါးအနက် စတုတ္ထ အကျိုးဂုဏ်ဖြစ်သော "အဥ္စလိ ကရဏီယ"ဂုဏ်တော်ကို အာရုံပြု၍ -

"သောဘဂဝတော သာဝကသံဃော အဥ္စလိ ကရဏီယော"ဟု စိတ်ကရွတ်ဆိုကာ ပုတီးတစ်လုံး စိပ်တော်မူပြန်ပါသည်။

"သောဘဂဝတော အဥ္စလိကရဏီယော" ဟူသည်

ဘဂဝတော-မြတ်စွာဘုရား၏၊ သောသာဝကသံဃော-ဤတပည့်သား သံဃာတော်သည်၊ အဥ္စလိကရဏီယော-လက်အုပ်ချီမိုး ရှိခိုးမှုကို ပြုထိုက်၏။

တစ်နည်း လက်အုပ်ချီမိုးရှိခိုးခြင်းကို ခံယူတော်မူထိုက်၏ဟု အနက်အဓိပ္ပာယ်ရရှိပါသည်။

အရိယာအရှင်များမှာ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးပါး ပြည့်စုံကြသောကြောင့် တစ်လောကလုံး ကြည်ညို ရှိသေ လက်အုပ်ချီမိုးခြင်း ပြုကြကုန်၏။ ထိုရိုသေမှု၊ ရှိခိုးမှုကို ခံယူတော်မူထိုက်ကြကုန်၏။ သီလပျက်စီးသော ရဟန်းများမှာ လူတို့၏ ရှိခိုးခြင်း စသည်တို့ကြောင့် အလွန်ပင် ဝန်လေးဖွယ်ကြီး ဖြစ်နေရာ အဘယ်မှာလျှင် ရှိခိုးဖွယ်ခံထိုက်ပါအံ့နည်း။

ရိုသေမြတ်နိုး လက်အုပ်မိုးလျက် ရှိခိုးခံထိုက်သော ဂုဏ်မရှိဘဲ အရှိခိုးခံနေသော သီလပျက်ရဟန်းများနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားသည် (အင်္ဂုတ္တရနိကာယ်၊ သတ္တက နိပါတ်၊ အဂ္ဂိက္ခန္ဓောပမသုတ်စာ ၄၉၅ ၌) အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပါသည်။

"ခွန်အားရှိသော ယောက်ျားသည် မြဲမြံခိုင်ခံ့သော သားမြီးကြိုးဖြင့် ခြေသလုံးနှစ်ဖက်ကို ရစ်ပတ်၍ ပွတ်ခွဲရာ၏။ ထိုသားမြီးကြိုးသည် အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီထိအောင် ဖြတ်ရာ၏"

"ယုတ်ညံ့သော သဘောရှိသော မစင်မကြယ် စက်ဆုပ်ဖွယ်အကျင့်ရှိသော မကောင်းမှုဖုံးလွှမ်းအပ်သော ရဟန်းသည် ရဟန်းမဟုတ်ဘဲလျက် 'ငါရဟန်း'ဟု ဝန်ခံသော မြတ်သောအကျင့်ကို မကျင့်ဘဲလျက် မြတ်သောအကျင့်ကို



www.burmeseclassic.com

www.burmeseclassic.com

ကျင့်သည်ဟု ဝန်ခံသော အတွင်းကိုလေသာတို့ဖြင့် ပုပ်သော ယောက်သွားပုပ်နှင့်တူသော ဒုဿီလရဟန်းသည် မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်တို့၏ ရှိခိုးမှုကို ခံရာ၏"

ဤနှစ်မျိုးတွင် သားမြီးကြိုးဖြင့် ခြေသလုံးကို ပွတ်ဆွဲခံရခြင်းက မြတ်၏။ ဤသို့ ပွတ်ဆွဲခံရခြင်း ဒုက္ခကြောင့် သေသော်လည်း သေရာ၏။ သေလုမျှောပါးသော်လည်း ဖြစ်နိုင်ပါ၏။ သို့ပါသော်လည်း သေလွန်ပြီးနောက် ငရဲသို့ မရောက်နိုင်ပါ။

အမျိုးလေးပါးတို့၏ ရှိခိုးမှုကို ခံယူသော ဒုဿီလရဟန်းသည် ရေရှည်အကျိုးမဲ့ခြင်းတာဖြစ်၏။ သေသောအခါ၌ ငရဲသို့ရောက်၏။

ဤအဂ္ဂိက္ခန္ဓောပမသုတ်တော်အရ ရှိခိုးခံထိုက်သော သီလ၊ သမာဓိ၊ ပညာမရှိဘဲ လူတို့၏ ရှိခိုးခြင်းကို သာယာနေသော် မည်မျှငရဲကြီးမည်ကို သိသာလှတော့သည်။ ထို့ကြောင့် လူတို့၏ လက်အုပ်ချီမိုးရှိခိုးခြင်းကို ခံယူထိုက်အောင် ကျင့်ပါမှ သံဃာတော်၏ အကျိုးဂုဏ်ငါးပါးအနက် စတုတ္ထအကျိုးဂုဏ်ဖြစ်သော "အဉ္ဇလိကရဏီယ"ဂုဏ်တော်ပိုင်ရှင် ဖြစ်နိုင်ပါသည်။

ရှိခိုးမခံယူထိုက်ဘဲ ကျိတ်၍ ရှိခိုးခံနေသော သီလပျက်ရဟန်းအဖို့ လောက၊ သံသရာ နှစ်ဖြာသော ဘဝ၌ မည်မျှပင် ဝန်လေးရှာမည်နည်း။

"အဘိဝါ ဒနသီလိဿ"ဂါထာအရ ဝုဍ္ဍာပစာယန ကြီးသူကို ရိုသေလေးစားမှုပြုခြင်းသည် မိမိကိုယ်ကို နှိမ့်ချ၍ ရှိခိုးမှု၊ လက်အုပ်ချီမှု၊ ခရီးဦးကြိုဆိုမှု၊ နေရာပေးမှု စသည်တို့တည်း။ ဤသို့ ကြီးသူကို ရိုသေလေးစားခြင်းသည် ဂုဏ်အားဖြင့် ကြီးသူကို လေးစားမှုပြုခြင်းပင် ဖြစ်ပါသည်။ ဤသို့ ရိုသေလေးစားခြင်းကြောင့် အာယု-အသက်ရှည်၏၊ ဝဏ္ဏ-အဆင်းလှ၏၊ သုခ-ချမ်းသာ၏၊ ဗလ-ခွန်အားကြီး၏။

ရိုသေမြတ်နိုး ရှိခိုးရုံမျှဖြင့် အကျိုးလေးပါး ပြီးစီးရခြင်းသည် ရှိခိုးခံပုဂ္ဂိုလ်၏ ရှိခိုးခံထိုက်မှု အဉ္ဇလိကရဏီယဂုဏ်တော်ကြောင့် ဖြစ်ပါသည်။ ဒက္ခိဏေယျဂုဏ်တော်နှင့် ပြည့်စုံသဖြင့် အပူဇော်ခံထိုက်သည့် ပူဇနေယျပုဂ္ဂိုလ် ဖြစ်ပါသည်။ ပူဇော်ထိုက်သည့် ပုဂ္ဂိုလ်ကို ပူဇော်ခြင်းသည် မင်္ဂလာတစ်ပါးပင် ဖြစ်သည်။ မျက်မှောက်ဘဝ၌ အသက်ရှည်ခြင်း အကျိုးတို့ရ၏။ တမလွန်၌လည်း သုဂတိဘဝသို့ ရောက်ရ၏။

အဉ္ဇလိကရဏီယျနှင့် ပြည့်စုံတော်မူသော သံဃာတော်သည် ဂါရဝ အရိုအသေပြုထိုက်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ရိုသေထိုက်သူကို ရိုသေခြင်းကြောင့်လည်း အလားတူ အကျိုးပေးတော်မူပါသည်။

လောက၌ ရဟန်းသံဃာကို ရိုသေမှုပြုနေခြင်းသည် သင်္ကန်းကို ဝတ်ရုံလိုက်ချိန်မှစ၍ ဤရဟန်းသည် ရဟန်းကောင်း၊ မြတ်စွာဘုရား၏ အလိုတော်ကျ ဝိနည်းဒေသနာနှင့်အညီ ကျင့်ကြံနေထိုင်ပေသည်ဟု ယုံကြည်စိတ်ချ၍ ဖြစ်ပ‌သည်။ သီလပျက်စီးနေသော ရဟန်းကို ယုံကြည်စိတ်မရှိပေ ဤသို့ပင် စုန်းပြူးရဟန်းများကို အကြောင်းပြု၍ သဒ္ဓါတရ နည်းပါး၊ ခေါင်းပါးသူတို့သည် ကိုးကွယ်လိုခြင်း မပြု တော့ပေ။

"ရဟန်းကျင့်ဝတ်၊ တစ်ပါးတတ်က၊ လူ့နတ်ဦးခိုက် ပူဇော်ထိုက်၏။"

ဟူသော မဃဒေဝလင်္ကာနှင့်အညီ ဝိနည်းစည်းကမ်း အတိုင်း လိုက်နာကျင့်ကြံသော ရဟန်းသံဃာတော်သ လောကတစ်ခုလုံး၏ ရှိခိုးခြင်းကို ခံထိုက်သော "အဉ္ဇ ကရဏီယ" ပုဂ္ဂိုလ်ဖြစ်ပါသည်။ ဤသို့လျှင် ပူဇော်ထိုက်သ မင်္ဂလာ၊ ရိုသေထိုက်သည့် မင်္ဂလာနှင့် ပြည့်စုံတော်မူသေ သံဃာတော်၏ စတုတ္ထဂုဏ်ကျေးဇူးဖြစ်သော "အဉ္ဇ ကရဏီယ" ဂုဏ်တော်ကို အာရုံပြု၍ ဆရာတော်ဘုရား သည် -

"သောဘဂဝတော သာဝကသံဃော အဉ္ဇလိကရ ယော"ဟု စိတ်ကရွတ်ဆိုတော်မူကာ ပုတီးတစ်လုံး စိပ်တေ ပါသည်။

သတ္တဝါဟူသမျှ တရားရ၍ ချမ်းမြေ့သာယာ ရှိကြပါ

ဒေါက်တာသန်းမှိုင်းလ

**စာကိုး**

ကျော်လှိုင်၊ ဝိဇ္ဇာ(ဂုဏ်ထူး) မဟာဝိဇ္ဇာ (သတ္တ မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရားကြီး၏ ပုတီးစိ



www.burmeseclassic.com

www.burmeseclassic.com

# အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်နှင့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများ၏ စောင်မညွှန်ပြမှုရရှိပုံ

## ကျွန်ုပ်၏အတွေ့အကြုံများ(၈)

**စိုးသန်းကျော်(ရွှေကြည်သား)**

ကျွန်ုပ်သည် တောင်ဥက္ကလာပ လက်ရှိနေထိုင်ရာ အိမ်သို့ ၁၉၇၃ ခုနှစ်မှစ၍ တစ်လမ်းတည်းနေ မိတ်ဆွေများမှတစ်ဆင့် ကျိုက္ကစံဘုရားဝင်း အနောက်ဘက်မုခ်အနီးရှိ ရွှေမြင်းမိုရ်ကျောင်းဆရာတော် အရှင်ဝါယမိန္ဒကို ဆည်းကပ်ကိုးကွယ်ရာမှ ခင်မင်ရင်းနှီးခဲ့ပါသည်။ ဆရာတော်နှင့် ဆွေမျိုးတော်စပ်ပြီး ရင်းနှီးသော ဆရာဦးအုံးမြင့်ကို ကျောင်းအလှူတွင် တွေ့ဆုံခင်မင်ခဲ့ရပါသည်။

ကျိုက်လတ်မြို့ကို ကျော်၍ အနောက်ဘက်သို့ ချောင်းရိုးတစ်လျှောက် သွားရာတွင် မေတ္တာသုတ် စသော ပရိတ်တော်များ ရွတ်ဖတ်ပေးရန် ဆရာဦးအုံးမြင့်က အကူအညီတောင်း၍ သူငယ်ချင်း ကိုမြသန်းနှင့် ကျွန်ုပ်တို့ လိုက်ပါကူညီခဲ့ပါသည်။ စိန်ဖူးတော်ကို အောင်မြင်စွာ တင်လှူနိုင်ခဲ့ပါသည်။ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးလာသောအခါ ဆရာဦးအုံးမြင့်က ရသေ့အဝတ်ဖြင့် တောရပ်ဆောက်တည်ရာတွင် ကြုံတွေ့ရသော အတွေ့အကြုံများကို ပြောပြ၍ သိခဲ့ရပါသည်။ သူ့အနေဖြင့် ရှင်သာရိပုတ္တရာကဲ့သို့ လက်ျာရံ တေဒဂ်ဆုကို ပန်ဆင်သူအဖြစ် ခံယူကြောင်း ပြောပြခဲ့၏။ သမာဓိအရှိန်အဝါ ကောင်းသူလည်း ဖြစ်၏။ သမာဓိအားကောင်းနေစဉ် ရှေးရှေးဘဝကို သူသိမြင်ခဲ့ပုံကို ပြောပြ၏။ သန်လျင်နှင့် ကျောက်တန်းသွားသော လမ်းဘေးတွင် ပါဒကြီးဘုရားများရှိ၏။ ရှေးရှေးအခါက ပါဒနိုင်ငံတော်ကြီး တည်ရှိရာအရပ်ဟု သိရပါသည်။ ထိုပါဒနိုင်ငံခေတ်တွင် သူက ဘုရင်တစ်ပါးဖြစ်ခဲ့ပုံကို ပြောပြ၍ သိရလေသည်။

www.burmeseclassic.com

လောကီဝိဇ္ဇာ၊ သိဒ္ဓိစခန်း၊ မဟိဒ္ဓိစခန်းထွက်၍ လေ့လာလိုက်စားကြသူများတွင် ရည်ရွယ်ချက် အမျိုးမျိုးရှိကြ၏။ တချို့က လက်ယာရုံ လက်ဝဲရုံ ဆုပန်ကြ၏။ တချို့က ဒေတက်ဆုတစ်မျိုးမျိုး ပန်ကြ၏။ အများစုမှာ သူတို့အမှီပြုရာ ဆရာ၏ ညွှန်ပြချက်ကိုလိုက်၍ ပြဒါးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ စသဖြင့် အမျိုးမျိုး အားထုတ်ကြ၏။ အသက်ရှည်စွာနေရပြီး၊ ဂေါတမဘုရား၏ ဓာတ်တော်များ စုပေါင်း၍ နေမိတရုပ်ပွားတော်အဖြစ် တရားဟောလျှင် တရားနာရပြီး နိဗ္ဗာန်ရနိုင်သည်ဟု ထင်မြင်ယုံကြည်သူများလည်း ရှိ၏။ အမှန်စင်စစ် သာသနာတွင်းကာလဖြစ်၍ ယခုအခါ ဝိပဿနာအကျင့်ကို နည်းမှန်လမ်းမှန်ကို ပြပေးနိုင်သော ဆရာကောင်းထံတွင် နည်းခံယူ၍ ကိုယ်တိုင် ဝိပဿနာအားထုတ်လျှင် ယခုဘဝ၊ ယခုကာလ၌ပင် အရိယာအဖြစ်ရောက်ပြီး ကိလေသာကင်းစင် အရဟတ္တ၊ ရဟန္တာအဖြစ် ရောက်ရှိကာ နိဗ္ဗာန်စံဝင်နိုင်သည်ကို ၁၉၈၁ ခုနှစ်တွင် မိုးကုတ်ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိကို ဖတ်ရပြီး၊ တရားတော်ကို နာယူရသည်မှစ၍ သိခဲ့ရပါသည်။

ကျိုက္ကစံဘုရားဝင်းအတွင်းမှ ဘုန်းတော်ကြီးကျောင်းများကို လယ်တီဝိပဿနာကျောင်းတိုက်အနီး၊ ဘုရားဝင်းအပြင်ဘက်သို့ ပြောင်းရွှေ့စေသောအခါ ယခုလက်ရှိ ရွှေမြင်းမိုရ်ကျောင်းတော်ကို ပိုင်း၍ ပံ့ပိုးဆောက်လှူခဲ့ကြပါသည်။ ကျောင်းကထိန်အလှူတွင် ဆရာဦးအုံးမြင့်နှင့်တွေ့ရာ ပခုက္ကူကျောင်းဆရာတော် ခွင့်ပြုချက်အရ သူသည် ထိုကျောင်းတွင် ဖိုထိုးနေကြောင်း ပြောပြခဲ့ပါသော်လည်း Home Tuition စာသင်ပေးနေခြင်း၊ ဆရာကြီးဦးအေးထံ တစ်ခါတစ်ရံသွားနေရ၍ သူ၏ဖိုထိုးခြင်းကို မလေ့လာဖြစ်ခဲ့ပါ။ သို့သော်လည်း သူနှင့် စကားလက်ဆုံကျစဉ် ပြောပြ၍ လောကီသားများ သိသင့်သိထိုက်သော ကိစ္စသုံးခုအတွက် ဗဟုသုတအကျိုးငှာ ဖော်ပြလိုက်ပါသည်။

၁။ ဘုရားစေတီ တည်ထားကိုးကွယ်ရာတွင် အဆိုးအကောင်းတွက်နည်း၊ ၂။ အိမ်ဆောက်ရာတွင် အဆိုးအကောင်းတွက်နည်း၊ ၃။ အသက်ခန္ဓာ ပျက်ကိန်းရှိမရှိ သိရန်တွက်နည်းတို့ ဖြစ်ပါသည်။

## (က) ဘုရားစေတီ တည်ထားကိုးကွယ်ရာ၌ သိသင့်သော အဆိုးအကောင်းတွက်နည်း

တည်ထားလိုသော စေတီတော်၏ အမြင့်ကိုတည်ကိန်းထား၍ (၃)နှင့် မြှောက်ပြီး (၇)နှင့် စားရပါသည်။ စေတီအမြင့်ကိုတိုင်းရာတွင် ဖိနပ်တော်မှ ငှက်ပျော(ဖူး) ထိပ်အဖျားထိရှိသော အမြင့်ကို တည်ကိန်းပြုရပါမည်။ ပေဖြင့်ဖြစ်စေ၊ လူ၏အတောင်နှင့်ဖြစ်စေ အတိုင်းအတာကို တိုင်းနိုင်ပါသည်။

ဥပမာ–စေတီအမြင့်မှာ ၁၀ တောင် (သို့မဟုတ်) ၁၀၈ ပေ တည်လိုသည် ဖြစ်သည်ဆိုပါစို့။

တည်ကိန်း = ၁၀၈၊ မြှောက် ကိန်း = ၃၊ စားကိန်း = ၇ ဖြစ်၏။

$$\text{အကြွင်းတွက်နည်း} = \frac{\text{တည်ကိန်း} \times \text{မြှောက်ကိန်း}}{\text{စားကိန်း}}$$

$$= \frac{၁၀၈ \times ၃}{၇} = \frac{၃၂၄}{၇}$$

$$= ၄၆\frac{၂}{၇} \text{ စားလဒ်တွင် အပိုင်း } \frac{၂}{၇}$$

အပိုင်းစားလဒ် $\frac{၂}{၇}$ တွင် အကြွင်းရှာသော် အကြွင်း ၂ ရ၏။

၂ ကြွင်းလျှင် မင်းကိုးကွယ်၏ဟူ၏။ အောက်ဖော်ပြပါ အကြွင်းအလိုက် အဓိပ္ပာယ်ဖော်ပြမည်။ အဆိုးကိုရှောင်၍ အကောင်းကိုကြိုက်ရာရွေးပါ။

၁ ကြွင်းလျှင် ဘုရားဒါယကာသေမည်။
၂ ကြွင်းလျှင် မင်းကိုးကွယ်မည်။
၃ ကြွင်းလျှင် လောင်မီးကျ၊ ရန်များမည်။
၄ ကြွင်းလျှင် လူနတ်ကြည်ညိုမည်။
၅ ကြွင်းလျှင် ဘုရားတန်ခိုးကြီး၍ ကိုးကွယ်... နည်း၏။ ဥပမာ–ကောင်းမှုတော်စေတီ... ဥပမာပြ၏။
၆ ကြွင်းလျှင် လူနတ်ဗြဟ္မာကြည်ညိုကိုးကွ... အကောင်းဆုံး။
၇ ကြွင်းလျှင် (ဝါ) သုညကြွင်းလျှင် အိ... ရွာပျက်၊ မြို့ပျက် ဖြစ်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com

## (ယ) အိမ်ဆောက်၊ ကျောင်းဆောက် အဆိုးအကောင်းရွေးတွက်နည်း

အိမ်ဆောက်၊ ကျောင်းဆောက်လျှင် လက်ခံတိုင် အမြင့်ကို နမူနာထား၍ တွက်ရသည်။ အမြင့်ကို ပေနှင့် တိုင်းလျှင် ...

ပထမ တစ်ပေအမြင့် သုခအမိပ္ပာယ်ရ၏။

ဒုတိယ နှစ်ပေအမြင့် ဒုက္ခအမိပ္ပာယ်ရ၏။

တတိယ သုံးပေအမြင့် ဗျာယအမိပ္ပာယ်ရ၏။

စတုတ္ထ လေးပေအမြင့် လာဘဟု အမိပ္ပာယ်ကိုရသဖြင့် အမြင့်ကို သုခနှင့် လာဘအမြင့်ရှိအောင် တည်ဆောက်သင့်၏။ လက်ကိုင်အမြင့်ကို တိုင်းရာတွင် အုတ်ဖိနပ်ပါလျှင် မြေပြင်မှစ၍ တိုင်းရ၏။ အခန်းအမြင့်ကို ကြမ်းပြင်မှ မျက်နှာကြက်အထိ အမြင့်ကိုသုံးပါ။

ဥပမာ– ၄ နှင့်စား၍ ပြတ်လျှင် လာဘ ကျ၍ ကောင်း၏။ ၈ ပေ၊ ၁၂ ပေ၊ ၁၆ ပေ၊ ၂၀ ပေ။

၄ နှင့်စား၍ ၁ ကြွင်းလျှင် သုခ ကျ၍ ကောင်း၏။ ၉ ပေ၊ ၁၃ ပေ၊ ၁၇ ပေ၊ ၂၁ ပေ ဖြစ်၍ ကျန်နှစ်မျိုး ဒုက္ခ နှင့် ဗျာယ ကျမည်ကို ရှောင်ပါ။

## (ဣ) ခန္ဓာပျက်ကိန်းတွက်နည်း

မိမိရောက်ရှိသော အသက်ကိုတည်၍ မွေးနံ့ဂြိုဟ်သက်ပေါင်း (နှော)၍ (၃)နှင့်မြှောက်ပြီး (၉)ဂဏန်းနှင့်စားပါလျှင် ...

၁။ (၃) ကြွင်းလျှင် စုန်းနတ် မကျေနပ်၍ ဖြစ်တတ်၏။ ဦးရှင်ကြီးတင်၊ အိမ်တွင်းအုန်း လဲပေးပါဆို၏။

၂။ (၆)ကြွင်းလျှင် ခန္ဓာငယ်ပျက်ကိန်းရှိ၏။

ယတြာချေရန်မှာ ခြေသည်း၊ လက်သည်း၊ ဆံပင်မွေးနှင့် ယတြာချေမည့်သူ၏ အဝတ်ဟောင်းတစ်စုံလို၏။ တချို့က ထိုနေ့သား၏ နံအသားကို အရပ်နှင့်တိုင်း၍ ကိုယ်စားထားပြီး သုံးကြ၏။ ဘယ်လက်သည်း ဘယ်ဘက်ထား၊ ညာလက်သည်း ညာဘက်ထား၍ ဆံပင် ခုနစ်မွေးကို အကျီအိတ်ထဲထည့်၍ ထိုနေ့သား၏ မွေးနံဘုမ္မိအရပ်မှာ စွန့်ပစ်ရမည်ဖြစ်၏။

မစွန့်ပစ်မီ အဝတ်ဟောင်းတစ်စုံတွင် အရပ်တိုင်းထားသော အသားကိုစွပ်၍ အိပ်ရာဘေး၊ ဆိုခဲ့သော ထည့်စရာထည့်၍ တစ်ညသိပ်ပြီးမှ ဘုမ္မိအရပ်မှာ ဒီဟာနှင့်အတူ မွေးနံ့သားအတွက် မကောင်းတာဟူသရွေ့ အတူပါရေလဟာယ်ဟု ဆိုကာ ပစ်လိုက်ရမည်။

မွေးနံမှ ၁၊ ၂၊ ၃၊ ၄ ရေတွက်၍ ၄ ဂဏန်းကျသော အရပ်ကို ဘုမ္မိအရပ်ခေါ်၏။

၃။ (၉)ကြွင်းလျှင် တစ်နည်း (၉)နှင့်စား၍ ပြတ်လျှင် သုညကြွင်းလည်း ဆို၏။

ခန္ဓာကြီးပျက်ကိန်းကြုံပါလျှင် သရဏဂုံပုတီးစိပ်၊ ဘုရားဂုဏ်တော်ကိုးပါး ပုတီးစိပ်၊ အရှင်ဥပဂုတ္တရှိခိုးဂါထာရွတ်၊ သမ္ဗုဒ္ဓေဘုရားရှိခိုးရွတ်ဆိုပူဇော်ပါ။ အကောင်းဆုံးမှာ ဝိပဿနာကို နည်းမှန်လမ်းမှန် ဝိပဿနာမဂ်ဉာဏ်ပေါ်အောင် အားထုတ်ပါလျှင် မကောင်းမှုမှန်သမျှ ပယ်စေ၍ မျှမက နိဗ္ဗာန်ဆောင်သော ဉာဏ်ကိုပင် ရစေနိုင်၏။

## (ဠ)

ဗဟုသုတအတွက် လိုအပ်ပါက အသုံးပြုရန် ဖော်ပြလိုပါသေးသည်။

(၁) ဦးခံလျှင် မန္တန်ဖြစ်၏။

(၂) ခြေသြင်းခံလျှင် မန္တရားဖြစ်သတည်းဟု ဆို၏။

ယတြာချေရန်မှာ ခြေသည်း၊ လက်သည်း၊ ဆံပင်မွေးနှင့် ယတြာချေမည့်သူ၏ အဝတ်ဟောင်းတစ်စုံလို၏။ တချို့က ထိုနေ့သား၏ နံအသားကို အရပ်နှင့်တိုင်း၍ ကိုယ်စားထားပြီး သုံးကြ၏။ ဘယ်လက်သည်း ဘယ်ဘက်ထား၊ ညာလက်သည်း ညာဘက်ထား၍ ဆံပင် ခုနစ်မွေးကို အကျီအိတ်ထဲထည့်၍ ထိုနေ့သား၏ မွေးနံဘုမ္မိအရပ်မှာ စွန့်ပစ်ရမည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

**သီစရာ(၁)** – စုန်း၊ ကဝေ စသော မကောင်းသော စက်များ၊ စက်ကြီးရာပြတ်စေသည့် သံရုစ်ချက်ဂါထာကို ဦးခံ၍ ရွတ်ပါ ဆို၏။

ဦး သံသာရ စက္ကဝိဒ္ဓံသံ၊ သံသုဒ္ဓ မဿဒြရသံ။
သံဆိန္နကံ ဘဝေအာသံ၊ သံဃံအ–ဝိ–သု–
မာနသံ။

ဤသည်ကို သီစအချိန်ကာလတွင် ညနေတိုင်း အိမ်တွင် အသံကျယ်ကျယ်ဖြင့် အသံထွက်၍ ရွတ်ဆိုခဲ့လေသည်။ တစ်နေ့တွင် သူတော်ကောင်းနတ်များပင် ကြောက်၍ အသံတိုးတိုးရွတ်ပါရန် တောင်းပန်သဖြင့် တိုးတိုးရွတ်ပေးခဲ့ပြီး၊ နောင်တွင် မလိုအပ်သော် မရွတ်ဘဲ နေခဲ့၏။

**သီစရာ(၂)** – ထူးခြားမှုကိုယ်တွေ့တစ်ခု ရှိ၏။ ပင်စင်ရပြီး လုပ်ငန်းခွင်တစ်ခုတွင် အကြံပေးလုပ်ကိုင်နေစဉ် စိတ်ထားယုတ်ညံ့သူတစ်ဦးက အောက်လမ်းနည်းဖြင့် ပြုသည်ကို ဆရာမနှစ်ဦး ခံနေရကြောင်း သိလာ၍ သတိထားနေရ၏။ ဤဂါထာမှာ မှတ်စုတွင်သာရှိနေ၍ သတိမရခဲ့ပါ။ ဘုရားဂုဏ်တော်ကိုသာ ပုတီးစိပ်၍ ကားနှင့်လိုက်ပါသွားခဲ့စဉ် အရှင်ဥပဂုတ္တဂါထာကို တစ်နေ့တစ်ခေါက်ရွတ်ဟု အဘတစ်ပါးက အာရုံဖြင့် ညွှန်ပြပေး၍ ရွတ်ခဲ့ရာ အန္တရာယ်မကျရောက်ဘဲ လွတ်ခဲ့၏။

**သီစရာ(၃)** – **ဆရာကြီးဦးအေးထံမှရသော ကိုယ်တွေ့အသက်ဘေးလွတ်မြောက်ပုံ။**

အရေးကြုံက သက်လုံကောင်းရန်၊ ဘေးရန်အန္တရာယ်ကင်းစေရန် လေ့ကျင့်ထားပါ။ ဂါထာနှစ်ပုဒ်ကြိုက်ရာတစ်ပုဒ်ကို စွဲစွဲမြဲမြဲ ရွတ်ဖတ်၍ အလွတ်ရထားရန်လို၏။ နှစ်ဂါထာရေးပေးမည်။ နံပါတ်(၁)ဂါထာမှာ အသူရာနတ်ကြီးပင် ထွက်ပြေးရသော ဂါထာဖြစ်၏။ ဆရာကြီးဦးအေးသည် B.I.A. ခေတ်တွင် တပ်မတော်၌ တာဝန်ထမ်းဆောင်ရင်း ဂျပန်တို့၏ လှုပ်ရှားမှုကို ထောက်လှမ်းရလေသည်။ ဂျပန်များက သိသွား၍ သူ့ကိုဖမ်းရန် လိုက်လံရှာဖွေစဉ် ရှောင်တိမ်းထွက်လာရာ မလွတ်သော ကွင်းပြင်တစ်နေရာ ရောက်လာ၍ တစ်တောင်ခန့်အမြင့်ရှိသော လူသွားလမ်းဘေးရှိ သစ်ပင်ချုံပင်ငယ်ကို လက်နှင့်ဆုပ်ကိုင်၍ အောက်၌ဖော်ပြမည့် ဂါထာ(က)ကို ရွတ်ဆိုခဲ့၏။ နောက်ပိုင်းစိတ်ထဲမှ ရွတ်လျက်နေလိုက်၏။ ဂျပန်တပ်မှ စစ်သားများသူ့အနားကပ်၍ ဖြတ်သွားကြ၏။ သူ့ကိုမမြင်နိုင်၍ သေဘေးမှ လွတ်ခဲ့ကြောင်း ပြောပြ၍ မှတ်သားခဲ့ပါသည်။

(က) နာညတြ တေစ္ဆာတပဿာ၊
နာညတိန္ဒြိယသံဝရာ။
နာညြတြ သဗ္ဗနိဿဂ္ဂါ၊
သောတ္ထိံပဿာမိ ပါဏိနံ။

နောက်ထပ် ဂါထာရေးပါမည်။ ကြိုက်ရာ တစ်ဂါထာသာ ရွတ်ပါ။

(ခ) ဘဝေဝါပဟံ ဘယံဒိတွာ၊
ဘဝဥ္စ ဝိဘဝေ သိနံ၊
ဘဝံနာဘိ၊ ဝဒိဘိဥ္စိ၊ နန္ဒိဥ္စ နဥပါဒိယိ။

××× ×××

၂။ ကျွန်ုပ်သည် ယခင်က ဖော်ပြခဲ့ပြီးသည့်အတိုင်း ဆေးကုသရေးလုပ်ငန်းကို ဝါသနာမပါခဲ့သော်လည်း ဘဝကံဇာတာအရ တဏှာစေရာ မျှောပါပြီး ရောဂါအားလုံးတွင် အဆိုးဆုံးရောဂါ ကင်ဆာကုသမှုလုပ်ငန်းကို လုပ်ကိုင်ခဲ့ရလေသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ခေါ်ယူသည့်အလုပ်ဝင်လုပ်ငန်းအားလုံးကို အလုပ်မရမီက လျှောက်ထားခဲ့ပြီး ဖြေဆိုခဲ့၍ ဗဟုသုတလည်း စုံနေချိန်မှာ မေးသမျှကောင်းမွန်မှန်ကန်စွာ ဖြေနိုင်၍ အရွေးချယ်ခံပြီး အလုပ်ဝ

ကင်ဆာရောဂါအခြေအနေလွန် နောက်ကျ၍ ရောက်လာသူ လူနာများမှာ သနားစရာလည်း အလွန်ကောင်းပါသည်။ အနာမှထွက်ပေါ်သော ပုပ်ညှီသော အနံ့အသက်ဆိုးများမှာလည်း နှာခေါင်းစည်း Mask တပ်၍ထားသည့်ကြားမှပင် ထိုက်သလောက်နံဆဲဖြစ်ပါသည်။ ဖေးမကူညီ အားပေးစကားပြော၍ ကုသခံအောင် နားချရ၏။



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရခြင်းလည်း ဖြစ်၏။

ရွေးချယ်ပွဲတွင်လည်း ပညာသင်သွားနိုင်သလား မေးခဲ့ပြီး အလုပ်ဝင်ရန် စုံစမ်းသောအခါလည်း ဌာနမှူး၊ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဦးတင်အောင်မှ ချက်ချင်း အလုပ်ဝင်စေလို၍ တိုက်တွန်းပြောကြားရာတွင် စေလွှတ်ထားသူများ ပြန်ရောက်မည့် နောက်နှစ်နှစ်ခန့်တွင် ပညာသင်သွားရမည်ဆို၍ အလုပ်ဝင်ခဲ့သည်လည်း ဖြစ်ပါသည်။

ကင်ဆာရောဂါအခြေအနေလွန်၊ နောက်ကျ၍ ရောက်လာသူ လူနာများမှာ သနားစရာလည်း အလွန်ကောင်းပါသည်။ အနာမှထွက်ပေါ်သော ပုပ်ညှီသောအနံ့အသက်ဆိုးများမှာလည်း နှာခေါင်းစည်း Mask တပ်၍ထားသည့်ကြားမှပင် ထိုက်သလောက်နံဆဲ ဖြစ်ပါသည်။ ဖေးမကူညီ အားပေးစကားပြော၍ ကုသခံအောင် နားချရ၏။

နားထောင်၍ ကုသခံသူများ တစ်ပတ်အတွင်း အနံ့ဆိုးများ ပျောက်ကင်းသွား၏။ စောစီးစွာ ရောဂါဖြစ်စ ရောက်လာသူများ ရောဂါလုံးဝ ပျောက်ကင်းကြ၏။ နောက်ကျရောက်လာသူများ သက်သာရုံမျှဖြစ်၏။ ထိုသို့ ကုသပေးနေစဉ်မှာ ပညာသင်ပေးသော ကိုလံဘိုစီမံကိန်း ရပ်ဆိုင်းသွား၍ ပညာသင်မသွားဖြစ်ဘဲရှိရာမှ ၁၉၈၂ ခုနှစ်တွင် ပြန်လည်ရသောအခါ အသက်ကန့်သတ်ချက်ကျော်လွန်သွားပြန်၍ အသက်မီသူ လူငယ်ထဲမှ စောမူရာပေါ်ကို စင်ကာပူဆေးရုံတွင် R.T (Training) ပို့ရန် ရွေးခဲ့လေသည်။ မသွားရသေးပါ။

အသက်ကန့်သတ်ချက် ကျော်လွန်နေသူများကို ပညာသင်စေလွှတ်နိုင်ရန် W.H.O. ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အထောက်အပံ့ရရှိခဲ့သဖြင့် စီမံကိန်းရေးဆွဲသူ ဆရာဝန်ကြီး ဒေါက်တာဦးမျိုးတင့်က အုပ်စုလေးစုခွဲ၍ စေလွှတ်၍ ကျန်းမာရေးဦးစီးဌာနသို့ တင်ပြစီမံခဲ့လေသည်။ ၁၉၈၃ ခုနှစ်အထိ စေလွှတ်ခြင်းမပြုနိုင်၊ ကြန့်ကြာနေခဲ့လေသည်။ ခွဲစိတ်ကုသမှု အထူးကုဆရာဝန်ကြီး ဒေါက်တာဦးကျော်မောင်ကို ကျန်းမာရေးညွှန်ကြားရေးမှူးချုပ်အဖြစ် ခန့်အပ်ထား၍ လုပ်ငန်းများလေ့လာစဉ် တွေ့ရှိသဖြင့် အထောက်အပံ့ အလဟဿမဖြစ်စေရန် ပညာသင်အုပ်စုနှစ်စုအဖြစ် ပြန်လည်ဖွဲ့စည်း၍ စေလွှတ်ရန် စီမံပြန်သည်။ ပိုငွေကို ပစ္စည်းများဝယ်ရန် စီမံကြောင်းကြားသိရ၏။

ပထမအုပ်စုတွင် ဒေါက်တာစံထွန်းအောင်၊ ရှုပဗေဒအရာရှိ ဦးအောင်သောင်းနှင့် သူနာပြုဆရာမ ဒေါ်မြစိတို့ ပါဝင်၍ သူတို့သုံးယောက် ပြန်ရောက်လျှင် ကျွန်ုပ်က တစ်ဦးတည်းပညာသင်ရန် ဖြစ်၏။ Australia နိုင်ငံသို့ စေလွှတ်ရန် သဘောတူပြီးဖြစ်နေသည်။ ဦးအောင်သောင်းနှင့် ဒေါ်မြစီ Australia သံရုံးတွင် English Test ဖြေဆိုရာ လိုအပ်နေသေး၍ နောက်ထပ်ဖြေကြရမည်ဖြစ်၍ နိုင်ငံခြားဘာသာသိပ္ပံ I.F.L တွင် သုံးလသင်တန်းတက်ကြမည် ဖြစ်ရာ ကျွန်ုပ်လည်း ဖြေရမှာသေချာ၍ I.F.L တွင် သူတို့နှင့်အတူ သင်တန်းတက်ခွင့်ရစေရန် ဒေါက်တာဦးတင်အောင်မှ ဒုညွှန်မှူး ဒေါက်တာဦးထွန်းလင်းထံ ဆက်သွယ်စီစဉ်ပေး၍ တက်ခွင့်ရလေသည်။

ဝန်ကြီးဌာနပေါင်းစုံမှ ပညာသင်သွားမည့်သူများကို I.F.L တက်စဉ် အတန်းခွဲရန် အရည်ချင်းစစ်ဆေးမှု ရေးဖြေဖြေခဲ့ရရာ ကျွန်ုပ်က အဆင့် A ရရှိသဖြင့် အင်္ဂလန်နိုင်ငံမှ နည်းပြသင်ဆရာကြီး Mr. Nicol အတန်းတွင် တက်ခွင့်ရပါသည်။ ပညာသင်ကိစ္စများ ထပ်မံကြန့်ကြာမှုမဖြစ်စေရန် ကောင်းနိုးရာရာ ဂါထာမန္တန်များကို ပုတီးစိပ်ခဲ့ရာ အဘတစ်ပါး အဘဘိုးမင်းခေါင် ထင်ပါသည်။ ဘုရားဂုဏ်တော်ကိုးပါးထက် အောင်မြင်တာ ဘာရှိမလဲကွာဟု မိန့်မှာသံကြားရသဖြင့် ဘုရားဂုဏ်တော်တစ်ပါးကို တစ်ပတ်နှုန်းဖြင့် နေ့စဉ် ဂုဏ်တော်ကိုးပါးကို ကိုးပတ် စိပ်ခဲ့ပါသည်။

Australia သံရုံးတွင် အသံသွင်းတိတ်ခွေမှ အသံကို နားထောင်၍ ဖြေရသော ဝန်ကြီးဌာနပေါင်းစုံမှ Australia သို့ သွားကြမည့် ပညာသင်များ ဖြေကြရာတွင် ကျွန်ုပ်တို့သုံးဦးလည်း အတူဖြေကြရ၏။ သူတို့နှစ်ဦးက လိုအပ်နေသေးပြီး ကျွန်ုပ်ကို Sydney တွင် အင်္ဂလိပ်စာ တစ်လသင်တန်းတက်ပြီး ကျန်သုံးလကို Radiotherapy Training ယူရန် သဘောတူမတူ W.H.O. ရုံးမှ မေးစာရောက်လာ၏။ သဘောတူစာပြန်ကြားလိုက်၍ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး ဆေးရုံများ၏ ပညာသင်ပိတ်ဆို့နေမှုတံခါးကို ဦးစွာဖွင့်ပေးရသူအဖြစ် ၂၅၊ ၅၊ ၈၄ ခုနေ့တွင် B.A.C လေယာဉ်နှင့် ဘန်ကောက်သို့ ထွက်ခွာနိုင်ခဲ့၏။ ည ၁၀ နာရီခွဲတွင် T.G ဖြင့် Austraila သို့ ဆက်လက်ထွက်ခွာရာ Brisbane Airport သို့ နောက်နေ့ စနေမနက် ၁၀ နာရီခန့်တွင် ရောက်ရှိခဲ့ပါသည်။

လေဆိပ်တွင် Checking လုပ်နေဆဲမှာ Bri...



www.burmeseclassic.com

www.burmeseclassic.com

Brisbane Hospital Q.R.I မှ Deputy Director Dr. B.Kyneston ကျွန်ုပ်ကဲ့သို့ Chief R.T Miss M O'shea နှင့် Common Wealth မှ Mrs Zitarhargreave တို့ သုံးယောက် အကြိုရောက်နေကြောင်း သတင်းပေး၍ သိရပြီး Checking အခန်းမှ အထွက်တွင် သူတို့နှင့် တွေ့ဆုံရလေ၏။ သူတို့က မိတ်ဆက်စကား တစ်ယောက်တစ်လှည့် ပြောကြ၏။ သိလိုရာများ ၁၀ မိနစ်၊ ၁၅ မိနစ်ခန့် ပြောပြီးသောအခါ Dr. B. Kyneston က Kyaw, မင်းပြောတာ ငါတို့နားလည်တယ်။ ငါတို့ပြောတာ မင်လည်း နားလည်တာပဲ။ English Speaking အတွက် Sydne သို့မသွားဘဲ ဒီမှာ Radiotherapy Training စတက်ပါလားလို့ ပြောလာ၍ ကျွန်ုပ်က လေးလစလုံး Radiotherapy Training တက်ရလျှင် တက်ပါမည်ဟု ပြောလိုက်သည်ကို O.K. ဟု ပြောပြီး နောက်နေ့တွေ့ကြမည်ဆိုကာ နှုတ်ဆက်ပြန်သွားကြ၏။ Mrs Zitarhargreave ၏ သူမ၏ကားနှင့် Cambera Hotel ရှိ နေရမယ့်အခန်းသို့ အရောက်လိုက်ပို့ပေးပါသည်။ လမ်းတွင် အိန္ဒိယအစားအစာ၊ တရုတ်အစားအစာရှိနိုင်သော Hotel နှင့် နီးစပ်ရာနေရာများကို ပြောပြခဲ့လေသည်။ တနင်္လာနေ့ ရုံးပိတ်ရက်ဖြစ်၍ အင်္ဂါနေ့တွင် ကားလွှတ်ခေါ်မည်ဟု ဆိုကာ ပြန်သွား၏။ ကျွန်ုပ် Hotel အနီးဝန်းကျင်သို့ ထွက်၍ လေ့လာနေစဉ် ဒေါက်တာကိုင်နက်စတန်က တနင်္လာနေ့ လာခေါ်မည်ဟု သတင်းပေးဖုန်းပို့ထားသည်။ ထိုနေ့လာခေါ်ပြီး ဆေးရုံရုံးပိတ်ရက်ဖြစ်သော်လည်း ခေါ်သွားပြီး လိုက်ပြ၏။ Mount Kutha တောင်ပေါ်လည်း ပို့၍ မြို့ကိုလည်း အပေါ်စီးမြင်ကွင်းကြည့်ရပြီး သူ့အိမ်ကိုခေါ်သွားကာ နေ့လယ်စာ Lunch ကိုကျွေး၍ မိသားစုနှင့် မိတ်ဆက်ပေး၏။ ကျွန်ုပ်ကလည်း ပါသွားသော လက်ဆောင်ပစ္စည်းများ ပေးလိုက်၏။

အင်္ဂါနေ့မနက်တွင် Mrs Zitarhargreave လွှတ်လိုက်သော ကားဖြင့် ဆေးရုံသို့ လိုက်သွားရာ သူမက အသင့်စောင့်ကြိုပြီး Dr. B. Kyneston အခန်းသို့ ခေါ်သွား၏။ သူတို့နှင့်အတူ Director Dr. Mowatt အခန်းသို့သွား၍ မိတ်ဆက်ပြီး ဓာတ်ရောင်ခြည်ဌာန ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းအားလုံးနှင့် မိတ်ဆက်ပေးလေသည်။ မွန်းလွဲပိုင်းတွင် Social Service မှ ဝန်ထမ်းများနှင့် မိတ်ဆက်ပေး၍ လိုအပ်သည့်အကူအညီတောင်းစေရာ ကျွန်ုပ်က ဆေးရုံနှင့် နီးသော Hotel တစ်ခုခုကို ပြောင်း၍နေလိုကြောင်း ပြောပြသဖြင့် သတင်းစာကြော်ငြာမှာ ကြည့်ပြီး Hotel များကို ဖုန်းဆက်ရှာပေး၏။ ဆူးလေဘုရားနှင့် ဗိုလ်ချုပ်ဈေးလောက်သာဝေးသော Brishane Museum နှင့် မျက်နှာချင်းဆိုင် Morningtom Hotel ကို တွေ့ရှိနေထိုင်ဖြစ်၏။

ရန်ကုန်မှာ W.H.O. ရုံးမှ ပထမလအတွက် US$ 1500 ထုတ်ပေးသော်လည်း ပညာသင်ဆဲတွင် မည်မျှရမည်ကို မသိသေးပါ။ Cambera Hotel မှာ နံနက်စာ Breakfast သာရပြီး တစ်နေ့ ၂၅ ဒေါ်လာ ပေးရ၏။ နေ့လယ်စာနှင့် ညစာ ဝယ်စားရ၏။ သို့သော် MroningTom Hotel မှာ နေ့စဉ် Breakfast နှင့် Light Meal at night အပါအဝင်မှ သီတင်းတစ်ပတ်ကို Australia Dollar 61 ပေးရ၏။ နေ့လယ်စာကို ဆေးရုံမှာဝယ်စားရ၏။ ဟိုတယ်နှင့်နီးသော Fortitudevalley မှာ ရှိသော Mayor Market နှင့် Cole Market တွင် ရေဖန်ခွက် ၅ ခွက်ဝယ်ပြီး ပန်းသီး ၅ လုံးဝယ်၍ အကျွန်ုပ်၏ သီးသန့်ခန်းထဲမှာ ရေခဲသေတ္တာပေါ်တွင် အနန္တောအနန္တငါးပါးပွဲ လှူထား၏။ နေ့စဉ် အဘတို့ကိုလည်း ဦးတင်ရှိခိုးခဲ့၏။

အကျွန်ုပ်၏ အခန်းနံပါတ်မှာ ၁၀ ဖြစ်၏။ တစ်ညတွင် ကျွန်ုပ်ခုတင်ခေါင်းရင်းမှာ ရပ်၍ ကျွန်ုပ်ကို ကူညီစောင့်ရှောက်ပေးပါရန် ဆရာပီတာနှင့် နောက်တစ်ယောက်ကို မှာကြားသံကြားရ၏။ သူတို့နှစ်ဦး၏ နာမည်ကို အဘတို့က ပြော၍ သိရ၏။ အဘဘိုးဘိုးအောင်နှင့် ဘိုးမင်းခေါင်အပြင် ကျွန်ုပ်၏ ဘဖုန်းများ ဦးဇယန္တနှင့် ဦးပါမောက္ခပါ ပါ၏။ အိပ်မက်ထဲမှာ မှာကြားတာ သိနေ၏။ Royal Brisbane Hospital တွင် Radiotherapy Training ကိစ္စအားလုံး စိတ်တိုင်းကျ သင်ခွင့်ရခဲ့၊ သိခဲ့၊ နားလည်ခဲ့ရုံမျှ မဟုတ်ပါ။ စတင်နေစဉ်ကပင် August ပထမပတ်တွင် Brisbane မြို့ ပွဲတော်အတွက် ကြိုတင်ငှားထားလို့ ပြောင်းပေးရမည်ကို သိထား၏။ ပြောင်းရန် အခန်းရှာသောအခါလည်း ထူးခြားစွာ ပိုင်ရှင်က လာ၍နှုတ်ဆက်ခေါ်သကဲ့သို့ ဖြစ်ရပုံကို ဆက်လက် ဖော်ပြပါမည်။

မေတ္တာ သစ္စာ သည်းခံ ...

ဖိုးသန်းကျော် (ရေကြည်သား)




www.burmeseclassic.com

www.burmeseclassic.com

# အံ့ဖွယ်ထူးခြားဆန်းကြယ်သော အဆောင်များ

**လှမိုး(ပညာရေး)**




ထူးခြားဆန်းကြယ်သော အဆောင်များ

၁၉၄၃၊ ဧပြီလ မဟာမိတ်တို့ အောင်မြင်စွာ ဆုတ်ခွာသွားခဲ့ပြီ ဖြစ်သည်။ ကျွန်တော်တို့ မြို့ကလေးကို ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးလရောင်တပ်မှ သိမ်းပိုက်လိုက်ပါသည်။ ဗိုလ်မှူးလရောင်၏ ဌာနချုပ် ခေတ္တပြုလုပ်ထားသော အိမ်မှာ ကျွန်တော်တို့အိမ်နှင့် တစ်အိမ်ကျော် သစ်တောအုပ်ကြီး၏ နှစ်ထပ်အိမ်ကြီးဖြစ်ပါသည်။ ကျွန်တော့်ဖခင်မှာ အထက်တန်းကျောင်းအုပ်ကြီးဖြစ်ခဲ့သဖြင့် သူ့တပည့်အများမှာလည်း ဗမာ့မျိုးချစ်တပ်မတော်သားများနှင့် ကျွန်တော်တို့မြို့ကလေး၏ ယာယီအုပ်ချုပ်ရေးအဖွဲ့ဝင် သခင်များဖြစ်ကြပါသည်။

ဗိုလ်မှူးလရောင်(သခင်ဗဂျမ်း)မှာ မင်းဘူးအစိုးရ


www.burmeseclassic.com

အထက်တန်းကျောင်းသားဟောင်း တစ်ဦးဖြစ်သဖြင့် ကျွန်တော့်ဦးလေးများနှင့် ကျောင်းနေဖက် ဖြစ်ပါသည်။ မကြာခဏ ကျွန်တော်တို့အိမ်သို့ ရောက်ရှိလာခဲ့ပြီး ကျွန်တော့်ဖခင်၊ ကျွန်တော့်အဒေါ်များနှင့် စကားပြောလေ့ရှိပါသည်။ ကျွန်တော့်အဒေါ်မှာ မင်းဘူးမြို့တွင် ဆရာမကြီးအဖြစ် အမှုထမ်းခဲ့သဖြင့် ဗိုလ်မှူးလရောင်နှင့် အထူးခင်မင်ရင်းနှီးပါသည်။

ထိုနေ့ကို ကျွန်တော် ကောင်းကောင်းမှတ်မိနေပါသည်။ ကျွန်တော့်ဖခင်နှင့် ဗိုလ်မှူးလရောင်၊ သူနှင့်အတူပါလာသူ ဗိုလ်ကြီးတစ်ဦး (အမည်မမှတ်မိတော့၊ ထားဝယ်သားဟု ထင်ပါသည်)တို့သည် ထူးခြားအံ့ဖွယ်ကောင်းသည့် လက်ဖွဲ့အဆောင်များအကြောင်း စကားပြောကြသည်။ သူတို့တွေ့ကြုံခဲ့ရသည့်၊ စမ်းသပ်ခဲ့ရသည့် ကိုယ်တွေ့များကို ပြောပြကြသည်။

ကျွန်တော့်ဖခင်သည် သူအမြတ်တနိုးသိမ်းထားသော ယွန်းသေတ္တာ ကလေးအတွင်းမှ အနက်ရောင် အရိုးဆင်ရုပ်ကလေးတစ်ရုပ်ကို ထုတ်ယူလိုက်ပြီး ဗိုလ်မှူးလရောင်တို့အား ပြသ ပါသည်။

ကျွန်တော့်ဖခင်သည် ဗြိတိသျှခေတ်က ပခုက္ကူနယ်တွင် ပညာအုပ်အဖြစ် အမှုထမ်းခဲ့ပါသည်။ ယင်းကဲ့သို့ အမှုထမ်းစဉ် ကျောက်ထုမြို့မှ မူလတန်းကျောင်းအုပ်ဆရာကြီးတစ်ဦးမှ လက်ဆောင်ပေးခဲ့သော အဆောင်ဖြစ်ကြောင်း၊ မည်သို့အစွမ်းရှိသည်ကို စမ်းသပ်ခြင်းမပြုခဲ့ရဖူးကြောင်း ပြောပြခဲ့ပါတော့သည်။ ဗိုလ်မှူးလရောင်နှင့် ပါလာသူ ထားဝယ်သား ဗိုလ်ကြီးက ကာယ သိဒ္ဓိပြီးနိုင်သည့် အဆောင်ဟုထင်ကြောင်း၊ သူစမ်းသပ်ပေးမည့်အကြောင်း ပြောကြားခဲ့ပြီး ကျွန်တော့်ဦးလေးနှင့်အတူ ယင်းအဆောင် ဆင်ရုပ်ကလေးကို ထိုစဉ်က ပိုလိုဒုံးမြင်းဇာဆိပ် စီးကရက်ဘူးတွင် ထည့်၍ ကျွန်တော်တို့မြို့အနီး မန်းချောင်းကမ်းနဖူးတွင် သေနတ်ဖြင့် ပစ်ခဲ့လေသည်။ ကျွန်တော်မှတ်မိသလောက် သုံးချက်ပစ်သည်ဟု ထင်ပါသည်။ ထူးခြားဆန်းကြယ်သော အဆောင်ကလေးထည့်ထားသည့် စီးကရက်ဘူးကလေးမှာ လွင့်စင်သွားခြင်း၊ ပိန်ခြင်း ဘာမျှမဖြစ်ခဲ့သည်ကို တွေ့ရှိခဲ့ရလေသည်။ ယင်းအဆောင်ကလေးကို ကျောင်းအုပ်ကြီးအဖြစ် အမှုထမ်းရသောအခါ ကျွန်တော့်အဖေသည် ကျွန်တော့်အား ပေးခဲ့လေသည်။



ရောဂါအမျိုးမျိုး ကင်းဝေးစေသည့် အဆောင်

၁၉၆၃ ခုနှစ်လောက်ကဟု ကျွန်တော်ထင်ပါသည်။ ကျွန်တော် သာစည်မြို့အထက်တန်းကျောင်းတွင် ကျောင်းအု ကြီးအဖြစ် အမှုထမ်းနေစဉ် ယင်းအဆောင်ကလေးကို စမ်းသ ကြည့်ရှုရန် အခွင့်အရေးရလာခဲ့လေသည်။ ထိုစဉ်က နယ် ရဲဝန်ထောက်မှာ ကျွန်တော့်ငယ်သူငယ်ချင်းဖြစ်သူ ကိုသန်း (ကွယ်လွန်) ဖြစ်ပါသည်။ သူနှင့် ကျွန်တော်တို့သည် ယ အဆောင်ကလေးကို သာစည်မြို့နှင့် ၁၀ မိုင်ခန့်ဝေး



www.burmeseclassic.com

www.burmeseclassic.com

ယင်းမပင် ရဲကာင်းဂါတ်မှာ ရဲအုပ်ကိုသိန်းနှင့်အတူ ယင်းမပင်ရဲကာင်းနှင့် မနီးမဝေးနေရာ ကျွန်းပင်ကြီးတစ်ပင်အောက်တွင် နေသတ်ဖြင့် နှစ်ချက်ပစ်ခဲ့ကြပါသည်။ အဆောင်ကလေး ထည့်သွင်းထားသော ပိုလိုစီးကရက်ဘူးကလေးမှာ ယခင်အတိုင်း ပိန်ခြင်း၊ စုတ်ခြင်းမရှိသည်ကို ကိုယ်တွေ့ကြုံခဲ့ရပါသည်။ သိပ္ပံပညာဖြင့် ရှင်းလင်း၍ ရနိုင်မည် မထင်သော အကြောင်းအရာတစ်ခုဟု ထင်မှတ်ခဲ့မိပါသည်။

ကျွန်တော် ရေးသားခဲ့သလို ထူးခြားဆန်းကြယ်သော အံ့ဖွယ်အဆောင်များ၏ သမိုင်းသည် လွန်စွာ စိတ်လှုပ်ရှားဖွယ် ဖြစ်ပြီး၊ ယနေ့ တိုးတက်နေသည့် သိပ္ပံပညာဖြင့် လက်လှမ်းမမီနိုင်သော အကြောင်းအရာများဟု ကျွန်တော်ထင်ပါသည်။ အနောက်နိုင်ငံများတွင်လည်း ယနေ့ထိ လက်ဖွဲ့အဆောင်များကို ယုံကြည်သူများ ရှိသလို၊ မယုံကြည်သူများလည်း ရှိကြပါသည်။ သို့သော် စူးစမ်းလေ့လာသင့်သော အထူးအကြောင်းအရာတစ်ခုဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။

၁၉၉၀ ခုနှစ်တွင် ကျင်းပခဲ့သော ကမ္ဘာ့ဘောလုံးဖိုလ်လုပွဲကြီးတွင် အင်္ဂလန်နိုင်ငံ ဘောလုံးအသင်းသည် အောင်ပွဲခံနိုင်ရန် ဘောလုံးသမားများအား ထူးခြားသည့် ဂမ္ဘီရအဆောင်များကို ဆောင်ထားစေသည်ဟု ဆိုလျှင် အံ့ဩကြပေလိမ့်မည်။ သို့ရာတွင် အင်္ဂလန်နိုင်ငံအသင်း မန်နေဂျာဖြစ်သူ ဘော်ဘီရိုဘင်ဆင် (Bobby Robinson) ကိုယ်တိုင်သူတို့ အင်္ဂလန်နိုင်ငံအသင်းသည် ထူးခြားဆန်းကြယ်သော ဂမ္ဘီရအဆောင်များကို ဘောလုံးကစားသူများအား ဆောင်ထားစေခဲ့ပါသည်ဟူ၍ ကမ္ဘာကျော် ဂမ္ဘီရစွယ်စုံကျမ်းကြီး(Mind and Magic) အယ်ဒီတာအဖွဲ့အား ထုတ်ဖော်ပြောပြခဲ့လေသည်။

ယင်းကဲ့သို့ ထူးခြားဆန်းကြယ် အံ့ဖွယ်ကောင်းသော အဆောင်များကို ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၃၀၀၀ ခန့်ကပင် လူအများ ယုံယုံကြည်ကြည်နှင့် ဆောင်ခဲ့ကြလေသည်။ အာရေဗျဒဏ္ဍာရီတွင် ထူးထူးခြားခြား ဖော်ပြထားသော အဆောင်များအကြောင်းကို ကျွန်တော်တို့ ဖတ်ရှုခဲ့ရလေသည်။ ယင်းအာရေဗျဒဏ္ဍာရီတွင် အီဂျစ်ပြည်၊ ဖရိုဘုရင်တပ်မတော်ကြီး ပင်လယ်နီအတွင်း ပျက်စီးဆုံးပါးသွားခဲ့ရပြီးနောက် အီဂျစ်တို့သည် ဒလူခ(Dalukah) ဟူသော အမျိုးသမီးကြီးတစ်ဦးအား ဘုရင်မကြီးအဖြစ် တင်မြှောက်ခဲ့ကြသည်။ ဘုရင်မကြီး၏ လက်ထက်တွင် တိုင်းပြည်ကြီးအား ရန်သူများ တိုက်ခိုက်နိုင်ခြင်း မရှိစေရန် ဂမ္ဘီရပညာရှင်များ၏ လမ်းညွှန်မှုအတိုင်း အစီအရင်များ ပြုလုပ်စေပြီး အီဂျစ်တစ်ပြည်လုံးရှိ ဘုရားကျောင်းများပါမကျန် တိရစ္ဆာန်အရုပ်များ၊ ထူးခြားဆန်းကြယ်သည့် စာတန်းများကို ရေးထိုးစေခဲ့သည်ဟု ဆိုပါသည်။

အီဂျစ်ရှေးဟောင်း သုတေသနပညာရှင်ကြီးဖြစ်သော ဆာဝေါလေ့ဘတ်(ဂျ) ပြုစုခဲ့သည့် အီဂျစ်လောကီပညာကျမ်း (The Egyption Magic) တွင် အီဂျစ်အမျိုးသားတို့ နှစ်ပေါင်းရာထောင်ကျော်က သုံးစွဲခဲ့သည့် အံ့ဖွယ်အဆောင်ကောင်းများကို စနစ်တကျ စုစုစည်းစည်းတင်ပြထားသည်ကို ကျွန်တော်တို့ ဖတ်ရှုခဲ့ရလေသည်။ ယင်းစာအုပ်ကြီးတွင် အီဂျစ်အမျိုးသားများ၏ ဂမ္ဘီရအဆောင်ပေါင်း ၂၇၅ ခုရှိကြောင်း ကျွန်တော်ဖတ်ရှုခဲ့ရပါသည်။

ပညာရှင် ဆာဝေါလေ့ဘတ်(ဂျ)မှာ ဗြိတိသျှအမျိုးသားပြတိုက်ကြီးတွင် အီဂျစ်ရှေးဟောင်း ယဉ်ကျေးမှုပြခန်းတွင် တာဝန်ယူခဲ့သော ပြခန်းတာဝန်ခံကြီး ဖြစ်ခဲ့ပြီး၊ အီဂျစ်မရဏလမ်းညွှန်ကျမ်း(Book of Dead)၊ အီဂျစ်ဘာသာရေးကျမ်း၊ ရှေးခေတ်အီဂျစ်ပြည်သမိုင်း စသော အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်လေသည်။ အီဂျစ်ဘုန်းကြီးအက္ခရာ(ဟိုင်ရိုဂလေဖစ်)၊ စာပေသဒ္ဒါကျမ်း စသည်တို့ကိုလည်း စနစ်တကျ ရေးသားပြုစုခဲ့သူ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ပညာရှင်ကြီး ဖြစ်သည်။ ဝေါလေ့(စ)၏ စုဆောင်းတင်ပြချက်အရဆိုလျှင် အီဂျစ်အမျိုးသားများသည် အများအားဖြင့် ကျားသစ်နှင့် ခြင်္သေ့ခေါင်းများပုံစံထုထားသော အဆောင်များ ရှေးခေတ်က ဆောင်လေ့ရှိကြသည်ဟု ဆိုသည်။ ဤကဲ့သို့ အဆောင်ကို အမြဲတစေ ဆောင်ထားခြင်းဖြင့် တောရိုင်းတိရစ္ဆာန်များ၏ ဘေးမှ ကာကွယ်နိုင်သည်ဟု ယူဆကြသည် ငါးမန်း၏အစွယ်များ၊ သွားများကိုလည်း ဆောင်ထားပါက မိုးကြိုးပစ်ခြင်းကို ကာကွယ်နိုင်သည်ဟု ယူဆကြသည်။ အများအားဖြင့် ကလေးသူငယ်များအား ယင်းငါးမန်း၏အစွယ်၊ သွားများကို ဆွဲကြိုးသဖွယ် ဆွဲပေးထားသည်ကို တွေ့ရသည်ဟု ဆိုလေသည်။

ငှက်ဖျားရောဂါကို ကာကွယ်နိုင်ရန် နေအိမ်များတွင် မြွေအသေအား အခြောက်ထား၍ သေတ္တာကလေးများ

www.burmeseclassic.com

ဆောင်ထားလေ့ရှိပေသည်။ ရောဂါအမျိုးမျိုး ကပ်ရောက်ခြင်း ဘေးဆိုးမှ လွတ်ကင်းစေရန် ပူးတွဲပါ မိတ္တူကူးယူဖော်ပြထားသော တံဆိပ်ကို အိမ်များတွင် ထားလေ့ရှိသည်ဟု ကျွန်တော်တို့ ဖတ်ရှုခဲ့ရပါသည်။ ယင်းမိတ္တူပုံတွင် ဖော်ပြထားသော စာများမှာ အီဂျစ်တို့ ကိုးကွယ်ကြသည့် နတ်များ၏ အမည်နှင့် ဘွဲ့ထူး ဂုဏ်ထူးများ ဖြစ်လေသည်။ (Ra) ခေါ် သူရိယနေမင်း၏ ပုံစံအား အတောင်ပံတပ်ထားသော အဆောင်ကို ထာဝစဉ် ဆောင်ထားသူသည် စုန်းတစ္ဆေ မြေဖုတ်ဘီလူးတို့၏ ဘေးရန်မှ ကင်းဝေးစေနိုင်သည်ဟု ဆိုလေသည်။

အထက် ကျွန်တော်ရေးသားခဲ့သော အံ့ဩဖွယ် အဆောင်များမှာ ရှေးခတ်က အီဂျစ်တို့ ထာဝစဉ် ဆောင်လေ့ရှိသော အဆောင်အမျိုးပေါင်း ၂၇၅ မှ အချို့ကို ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။ အီဂျစ်လူမျိုးတို့ကဲ့သို့ပင် ရောမနှင့် ဂရိရှေးဟောင်း အမျိုးသားတို့လည်း အလားတူ အဆောင်များ ဆောင်ထားကြပေသည်။ ဂရိနှင့် ရောမသားတို့သည် ကြေးဝါသည် မကောင်းဆိုးဝါးများကို ကြောက်ရွံ့စေသည်ဟု ယူဆကြသဖြင့် အဆောင်များကို အများအားဖြင့် ကြေးဝါဖြင့် ပြုလုပ်လေ့ရှိသည်ဟု ဆိုလေသည်။

ထို့ပြင် ဂရိနှင့် ရောမ အမျိုးသား၊ အမျိုးသမီးတို့သည် သန္တာပုတီးများကို အဆောင်အဖြစ် ဆောင်လေ့ရှိသည်။ ယင်းကဲ့သို့ ဆောင်ထားခြင်းသည် အိပ်မက်ဆိုး မြင်မက်ခြင်းကို တားဆီးနိုင်သည်ဟု ဆိုလေသည်။

စကော့တလန်ပြည်တွင်မူ ဖားသေအခြောက်ကို ဆောင်ထားပါက ဝက်ရူးပြန်ရောဂါကို ကာကွယ်နိုင်သည်ဟု ယနေ့ထိ ယူဆကြသည်ဟူ၍ C.J.S Thompson ရေးသော "The Hand of Destiny" စာအုပ်တွင် ကျွန်တော်တို့ ဖတ်ရှုခဲ့ရပါသည်။ ကမ္ဘာပေါ်တွင် တိုင်းပြည်အသီးသီး လူအမျိုးမျိုးတို့တွင် အဆောင်များ ဆောင်ထားခြင်းကို တွေ့ရှိရပေသည်။ သိပ္ပံပညာအနေဖြင့် မည်မျှတိုးတက်ပါသည်ဟု ဆိုကြစေကာမူ ယင်းအစွဲအလမ်း ယုံကြည်ချက်ကို မဖွင့်ပယ်နိုင်ကြပေ။ သိပ္ပံပညာ၏ လက်လှမ်းမမီသော ကိစ္စရပ်များ ဖြစ်ကောင်းဖြစ်နိုင်လိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

ကမ္ဘာကျော် လက္ခဏာဆရာ နှစ်ဆယ်ရာစုနှစ် ထူးခြားသော အကြားအမြင်ရသည်ဟူသော ပုဂ္ဂိုလ်ကြီးနှင့် လက္ခဏာကျမ်းများ၊ နမအက္ခရာ ကျမ်းပြုဆရာကြီး ကိုင်ရို အကြောင်းကို ကျွန်တော်တို့ စာဖတ်ပရိသတ်သည် သိရှိပြီးဖြစ်ပါသည်။ ဆရာကြီးပြုစုခဲ့သော လက္ခဏာကျမ်းများ နမအက္ခရာကျမ်းများကိုလည်း မြန်မာဘာသာပြန်ဆိုခဲ့ပြီး ထုတ်ဝေခဲ့ကြသည့် ဖြစ်သဖြင့် ကျွန်တော် ဆရာကြီးကိုင်ရို အကြောင်းကို ထူးထူးခြားခြား တင်ပြစရာ လိုမည်မထင်တော့ပါ။

ဆရာကြီးကိုင်ရိုကိုယ်တိုင် ထူးခြားသော အဆောင်တစ်ခုကို လေးလေးစားစား ထာဝစဉ် အမြတ်တနိုးထားရှိခဲ့ပြီး ဆရာကြီး ယခုကဲ့သို့ ကမ္ဘာကျော် ပုဂ္ဂိုလ်ထူးကြီးဖြစ်ခဲ့ရခြင်း ဘေးအန္တရာယ်ဆိုးတို့နှင့် လွတ်ကင်းရခြင်းမှာ ယင်းထူးခြားသော အဆောင်ကြောင့် ဖြစ်ပါပေသည်ဟူ၍ ဆရာကြီး ရေးသားခဲ့သည့် "Real Life Stories" တွင် ရေးသားထားသည်ကို ကျွန်တော်တို့ ဖတ်ရှုခဲ့ရပါသည်။

ဆရာကြီးကိုင်ရို နာမည်ကျော်ကြားသော လက္ခဏာဆရာကြီးနှင့် ကျမ်းပြုပုဂ္ဂိုလ်ကြီးမဖြစ်ခင်က ဆရာကြီးမှ ဂျာမန်၊ အီဂျစ် ရှေးဟောင်းအနုပညာ လေ့လာလိုက်စား ပါမောက္ခကြီး ကဲလားနှင့် ရင်းနှီးခဲ့သူ ဖြစ်လေသည်။

ဆရာကြီးကိုင်ရိုသည် ပါမောက္ခကြီး ကဲလားနှင့်အတူ အီဂျစ်ပြည်ရှိ ဖာရိုဘုရင်များ၏ သင်္ချိုင်းဂူကြီးများ၊ ရှေးဟောင်း အဆောက်အအုံများ၊ ဘုရားကျောင်းများသို့ လှည့်လည်သွား ရောက်၍ အီဂျစ်ပြည်၏ ရှေးဟောင်းအနုပညာလက်ရာများ သင်္ချိုင်းစာများ၊ ရုပ်ပုံများကို ကူးယူလေ့လာခြင်းလုပ်ငန်းကို ၁ လတိတိ ကြာမြင့်စွာ ဆောင်ရွက်ခဲ့လေသည်။

အီဂျစ်ပြည် အယ်လ်ကာနတ်ဘုရားကျောင်းတွင် ဆရာကြီးကိုင်ရိုသည် ပါမောက္ခကြီးနှင့် လေ့လာနေကြစဉ် ဖူး ထားသော အာရပ်လူမျိုးတစ်ဦးသည် ဆရာကြီးအား ထူးခြားသော အဆောင်အဖြစ် ဆေးစိမ်ထားသော မင်းသမီး တစ်ပါး၏ လက်ဝါးကလေးကို လက်ဆောင်အဖြစ် ပေး လေသည်။

ထိုအာရပ်လူမျိုး မကျန်းမာစဉ် ဆေးဝါးပေး ပေးကမ်း၍ ယုယကြင်နာစွာ ပြုစုခဲ့သော ဆရာကြီးကိုင်ရို ကျေးဇူးအထူးတင်သည့်အနေဖြင့် ယင်းမင်းသမီးက လက်ဝါးကလေးကို ပေးခဲ့ခြင်း ဖြစ်ပေသည်။ ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com

ယင်းအာရပ်အမျိုးသားပေးသော မင်းသမီးကလေး၏ လက်ဝါးကလေးကို ထူးခြားအံ့ဖွယ် ဆန်းကြယ်သော အဆောင်တစ်ခုအဖြစ် သွားလေရာယူဆောင်ခဲ့သည်။ ထိုအံ့ဖွယ် လက်ကလေးတွင် ထူးဆန်းသော အီဂျစ်စာများ ရေးထားသည့် လက်စွပ်တစ်ကွင်းလည်း ပါဝင်ခဲ့လေသည်။ မင်းသမီးကလေး၏ လက်ဝါးလက်ဆောင်ပေးသူ အာရပ်အမျိုးသားကြီးက ဆရာကြီးကိုင်ရိုအား ယင်းအဆောင်ကလေးကို ဆောင်ထားခြင်းဖြင့် ဆရာကြီးကိုင်ရိုသည် လက္ခဏာပညာဖြင့် ကမ္ဘာကျော်မည့် ပုဂ္ဂိုလ်ကြီးဖြစ်လာမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ကျော်ကြားသော တော်ဝင်မိသားစုများ၊ ဝန်ကြီးများ၊ လုပ်ငန်းရှင်သူဌေးကြီးများနှင့် တွေ့ရပြီး ကမ္ဘာ့နိုင်ငံအသီးသီးသို့ မဟာခရီးသည်ကြီးအဖြစ် ခရီးထွက်ရလိမ့်မည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်အမျိုးမျိုးမှ လွတ်ကင်းမည်ဖြစ်ပြီး၊ ကမ္ဘာ့စစ်ပွဲကြီးဖြစ်လာပြီးလျှင် ဘုရင်ကျူတာစမွန်၏ သင်္ချိုင်းဂူကို တွေ့ရှိခဲ့လျှင် ယင်းမင်းသမီးလက်ကလေးသည် ဆရာကြီးကိုင်ရိုအား စွန့်ခွာလိမ့်မည်ဟု ကြိုတင်ဟောခဲ့လေသည်။

အာရပ်အမျိုးသားကြီး ပေးအပ်ခဲ့သည့် အဆောင်မင်းသမီးကလေးလက်ဝါး ရရှိသည်မှစ၍ အာရပ်ကြီး ကြိုတင်ပြောခဲ့သည့်အတိုင်း ဆရာကြီးကိုင်ရိုသည် ကမ္ဘာကျော်လက္ခဏာဆရာကြီး၊ ကျမ်းပြုပုဂ္ဂိုလ်ကြီး ဖြစ်လာသည်။

အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့ ဟိုတယ်တစ်ခုတွင် တည်းခိုနေစဉ်ကလည်း ဆရာကြီး၏ ပစ္စည်းများကို ဖောက်ထွင်းခိုးယူရန် ကြံရွယ်သော သူခိုးတစ်ဦးမှာလည်း ဆရာကြီး၏ အဆောင်လက်ဝါးကလေးကိုတွေ့လျှင် ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ခိုးယူထားသော ပစ္စည်းများကို ချထား၍ ထွက်ပြေးခဲ့လေသည်။

တောင်အမေရိကတိုက်သို့ လှည့်လည်သွားလာနေစဉ်ကလည်း တည်းခိုသော ဟိုတယ်ကြီး မီးလောင်ခဲ့လေသည်။ ဆရာကြီးသည် တည်းခိုသူအများနှင့်အတူ ပြေးထွက်လာခဲ့၏။ မာတ်လေ့ကားအနီးရောက်ရှိမှ အဆောင်မင်းသမီးလက်ဝါးကလေးကို သတိရခဲ့သဖြင့် အခန်းသို့ ပြန်လာခဲ့ပြီး ယင်းအဆောင်ကလေးကို ယူနေစဉ် မာတ်လေ့ကားကြီး ပြုတ်ကျပြီး လှေကားထဲတွင် ပါဝင်သူအားလုံး သေဆုံးခဲ့ရသည်။ အကယ်၍ မင်းသမီးကလေး၏ လက်ဝါးလေးကိုသာ ပြန်မယူမိဘဲ မာတ်လှေကားနှင့် ဆရာကြီးပါသွားခဲ့လျှင် ဆရာကြီးပါ သေဆုံးရမည်မှာ မလွဲပေ။

ဆရာကြီးကိုင်ရိုသည် ဤမင်းသမီးလက်ဝါးအဆောင်ကလေးကို သွားလေရာ အမြဲယူဆောင်သွားလေ့ရှိလေသည်။ ဆရာကြီး ဧည့်သည်များအား ရုံးခန်းတွင် လက်ခံတွေ့ဆုံသည့်အခါ ယင်းအဆောင် မင်းသမီးလက်ဝါးကလေးကို ကတ္တီပါခုံကလေးပေါ်တွင် အမြဲတင်ထားလေ့ရှိလေသည်။

ပထမကမ္ဘာစစ်ကြီး ပြီးခဲ့ပြီး ၁၉၂၀ ခုနှစ်တွင်မူ မင်းသမီးကလေး၏ လက်ဝါးကလေးသည် သွေးများ စို့လာခဲ့လေသည်။ ထို့နောက် လက်သည် တဖြည်းဖြည်း အရည်ပျော်၍လာခဲ့သဖြင့် ဆရာကြီးကိုင်ရိုသည် လက်စွပ်ကလေးကို သိမ်းဆည်းထားခဲ့ပြီး လက်ဝါးအဆောင်ကလေးကိုမူ မီးရှို့ခဲ့ရလေသည်။ အာရပ်ကြီး ကြိုတင်ဟောခဲ့သည့်အတိုင်း စစ်ကြီးဖြစ်ပွားခဲ့ပြီး ယင်းအဆောင်ကလေးသည် ပိုင်ရှင်ထံ ပြန်သွားခဲ့လေသည်။ ဆရာကြီးကိုင်ရိုသည် ယင်းထူးခြားသော အဆောင်ကို နှစ်ပေါင်း ၃၀ နီးပါး အမြဲဆောင်ထားခဲ့လေသည်

အလားတူပင် ကမ္ဘာကျော်ထူးခြားသော ပုဂ္ဂိုလ်ကြီးများသည်လည်း အဆောင်လက်ဝတ်ရတနာများ ဝတ်ဆင်လေ့ရှိသည်ကိုလည်း ကျွန်တော်တို့ တွေ့ရှိခဲ့ရသည်။ သီခ်ဆိုဖီအသင်း၏ အကျိုးဆောင်အတွင်းရေးမှူးကြီးဖြစ်သော မဒမ်ဗလာဘတ်စကီသည် ဆန်းကြယ်သည့် ရတနာလက်စွပ်တစ်ကွင်း ထာဝစဉ် လက်တွင်ဝတ်ထားသည်ကိုလည်းကောင်း၊ ရုရှားဂမ္ဘီရပညာရှင်ကြီးနှင့် ထူးခြားသော စိတ်စွမ်းအင်ရှိသူ ရပ်စပြူတင်သည်လည်းကောင်း၊ ကမ္ဘာကျော် ရုရှားဂမ္ဘီရပညာရှင်နှင့် ရွှေအရုဏ်ဦးအသင်းကြီးကို တည်ထောင်သူ အယ်လက်စတာကရော်လီသည်လည်း ဆန်းကြယ်သော အဆောင်များဆောင်ထားလေ့ရှိသည်ဟု ကျွန်တော်တို့ ဖတ်ရှုခဲ့ရလေသည်။

၁၉၁၇ ခုနှစ် ရုရှားတော်လှန်ရေးကြီး ဖြစ်ခဲ့ပြီး နောက်ဆုံး ဇာရှင်ဘုရင် နီကိုလပ်(စ်)နှင့် မိသားစုတို့အား တော်လှန်ရေးသမားများသည် ဖမ်းဆီး၍ ဆိုက်ဗေးရီးယားပြည်နယ်၊ အီတာကရင်ဗတ်မြို့သို့ ပို့ဆောင်ခဲ့ကြလေသည်။ နောက်ဆုံးဇာရင်၏ မိဖုရားကြီး အလက်စန္ဒြားထံမှ [illegible] ဆောင်ထားသော ထူးခြားဆန်းကြယ်သည့် လည်ဆွဲတစ်[illegible] ကို သိမ်းဆည်းရရှိခဲ့လေသည်။ ထိုလည်ဆွဲမှာ [illegible]

www.burmeseclassic.com

ဆန်းဆန်းကြယ်ကြယ် ပြုလုပ်ထားသည်ကို တွေ့ရှိရပေသည်။

ဥရောပအရှေ့ပိုင်းနိုင်ငံများဖြစ်သည့် ဟန်ဂေရီ၊ ယူဂိုဆလားဗီးယား၊ ဆားဘီးရား၊ ဩစတီးယား စသော နိုင်ငံများတွင် ၁၈ ရာစုနှစ်လောက်ကပင် စတင်၍ ဝံပုလွေအယောင်ဆောင် သွေးစုပ်ဖုတ်ကောင်များရှိသည်ဟု ယူဆကြလေသည်။ ယင်းသွေးစုပ်ဖုတ်ကောင်များ အနှောင့်အယှက်မပြုနိုင်ရန် အိမ်များတွင် ကြက်သွန်ဖြူများ တံခါးဝများတွင် ချိတ်ဆွဲထားလျှင် ယင်းသွေးစုပ်ဖုတ်ကောင်များ မလာနိုင်ဟု ယူဆ၍ အိမ်တိုင်းအိမ်တိုင်း ကြက်သွန်ဖြူပင်များကို အဆောင်အဖြစ် ထားရှိလေ့ရှိကြပေသည်။

အမျိုးသမီးများကိုလည်း လက်ဝါးကပ်တိုင်ကလေးများကို ကြေးဝါဖြင့်ပြုလုပ်၍ လည်ပင်းတွင် ဆွဲထားစေခဲ့ခြင်းဖြင့် သွေးစုပ်ဖုတ်ကောင် အနီးအနားသို့ မလာရောက်နိုင်ဟု ယူဆကြသည်။ အဆောင်အဖြစ်လည်း ကြည့်မှန်ကလေးများကို ဆောင်ထားကြသည်။ မှန်ကိုလည်း သွေးစုပ်ဖုတ်ကောင်သည် ကြောက်ရွံ့သည်ဟု ယူဆကြ၏။ သစ်တောအမှုထမ်းများ မုဆိုးအဖြစ် အသက်မွေးသူများသည် ငွေဖြင့်ပြုလုပ်ထားသော သေနတ်ကျည်ဆန်များကိုလည်း ဆောင်ထားလေ့ရှိသည်ဟု ဆိုလေသည်။ ယင်းငွေကျည်ဆန်ကိုလည်း အဆောင်အဖြစ် ထားရှိပါက ဝံပုလွေအယောင်ဆောင် သွေးစုပ်ဖုတ်ကောင်များ အနားသို့ လာရောက်ခြင်းမရှိနိုင်ဟု ယူဆခဲ့ကြလေသည်။

နိုင်ငံတကာတွင် စွဲလမ်းယုံကြည်ကြသည့် အစွမ်းထက်သော လက်တွေ့အဆောင်များအကြောင်းကို Mind and Magic ဟူသော ဂမ္ဘီရစွယ်စုံကျမ်းကြီးတွင် မှတ်တမ်းတင်ထားသည်ကို ကျွန်တော်တို့ ဖတ်ရှုခဲ့ရလေသည်။ ယင်းစွယ်စုံကျမ်းကြီးတွင် ပါဝင်သော အချို့အဆောင်များကို ကျွန်တော်မိတ္တူကူးယူဖော်ပြထားပါသည်။

အကယ်၍ တစ်စုံတစ်ယောက်သည် ညသန်းခေါင်အချိန် တွေ့ရှိရသည့် အရွက်လေးရွက်ဆိုင်နေသည့် သစ်ကိုင်းတစ်ကိုင်း (ပုံတွင်ဖော်ပြထားပါသည်)ကို ထာဝစဉ်ဆောင်ထားပါက ကံကောင်းတတ်သည်ဟု ဆိုပါသည်။

ပုံတွင်ဖော်ပြထားသော ဒေါ်လာငွေဒင်္ဂါးနှင့် ပဲနီပြားကို ကံကောင်းအဆောင်အဖြစ် ဥရောပတိုင်းနိုင်ငံအချို့တွင် ဆောင်ထားလေ့ရှိကြလေသည်။ တောင်အမေရိကတိုက်၊ မက်ဆီကိုနိုင်ငံတွင်မူ ပုံတွင်ဖော်ပြထားသော မျက်နှာဖုံးကို ဆောင်ထားခြင်းဖြင့် ဘေးဥပဒ်အန္တရာယ်မှ လွတ်ကင်းပြီး ကံအထူးကောင်းမွန်နိုင်သည်ဟု ယုံကြည်လေ့ရှိကြသည်။ အာရတိုက်သားအများသည် အိတ်ဆောင် အန်ကွန်းရုပ်တုကို ဆောင်ထားပါကလည်း စီးပွားတိုးတက်၍ ကံကောင်းသည်ဟု အယူရှိကြ၏။

အင်္ဂလန်နိုင်ငံနှင့် စကော့တလန်နိုင်ငံများတွင်မူ မြင်းသံခွာအဟောင်းကို အိမ်တွင်ဆောင်ထားခဲ့ပါက ဘေးအပေါင်းမှ ကင်းဝေးနိုင်သည်ဟု ယူဆကြပြီး ယင်းမြင်းခွာသံကို (Nelson's Charm) ရေကြောင်းဗိုလ်ချုပ်ကြီး နယ်(လ်)ဆင်၏ အဆောင်ဟု ယူဆကြသည်။ ရေကြောင်းဗိုလ်ချုပ်ကြီးသည် သူ့စစ်သင်္ဘောတွင် မြင်းသံခွာကို ဆောင်ထားခဲ့သည်ဟု ဆိုလေသည်။ ယင်းကဲ့သို့ ဆောင်ထားခြင်းဖြင့် ရေကြောင်းတိုက်ပွဲတိုင်း အောင်မြင်ခဲ့သည်ဟု ဆိုလေသည်။ ကျွန်တော်မိတ္တူကူးယူ ဖော်ပြထားသည့် ကိုယ်တွေ့အဆောင်များမှာ အနည်းငယ်သာ ဖြစ်ပါသည်။

စိတ်စွမ်းအင်ကို အထူးလက်ခံယုံကြည်ကြသော ပညာရှင်တို့ကမူ အဆောင်များသည် တစ်နည်းအားဖြင့် လူ၏စိတ်ဓာတ်အားကို တိုးတက်စေခြင်းကြောင့် အထိုက်အလျောက် မိမိတို့အလိုရှိသလို ပြည့်စုံခြင်းဖြစ်သည်ဟု ယူဆကြသည်။ မည်သို့ပင်ဖြစ်စေကာမူ သိပ္ပံပညာရပ်၏ လက်လှမ်းမမီနိုင်သေးသော အကြောင်းအရာတစ်ခုဖြစ်သည်ဟု မည်သူမျှ ငြင်းဆိုနိုင်မည် မဟုတ်ပေ။

ကျမ်းကိုး

(၁) Mind and Magic
(၂) The Hand of Destiny
(၃) The Egyption Magic By W. Budge

လှမိုး(ပညာရေး)



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအာဝေဟာစင်မယ့်
# လှတောတစ်ခွင် ဟာသများ

ဦးကောင်းထူး

## ပလ္လင်နဲ့မစင်

ဆံပင်ညှပ်ဆိုင်ထိုင်ပြီး ဆိုင်ရှေ့က ဖြတ်သွားသည့် အပျို၊အအိုမရွေး အမျိုးသမီးများကို ဝေဖန်ရေးလုပ်နေသည့် လှတောသား လူငယ်တစ်စု။

လှတပတ မိန်းကလေးတစ်ယောက် ဖြတ်အသွား၌ လှတောသားတစ်ယောက်က . . .

"တောက် . . . လှလိုက်တဲ့ ကောင်မလေးကွာ။ ကိုယ်လုံးကိုယ်ပေါက်ကလှ၊ မျက်နှာလေးကလည်းလှ၊ နှုတ်ခမ်းလေးတွေကလှ၊ ပြုံးပုံလေးကလည်း ချစ်စရာ။ အဲ . . . မကောင်းတာဆိုလို့ အကျင့်လေးတစ်ခုပဲ"

ဤတွင် ဆိုင်ရှင်က ဆံပင်ညှပ်နေသည့်လူ၏ နားရွက်အား ညှပ်မိမည်စိုးသဖြင့် လှည့်မကြည့်ရဲသော်လည်း ဆံုလည်ကုလားထိုင်ပေါ်ကလူက မှန်ထဲက ကြည့်ပြီး . . .

"မင်းဟာက ပလ္လင်ပေါ်တင်ပြီးမှ မစင်ရည်နဲ့ ဘိသိက်သွန်းတာ ဘယ်မှာကောင်းတော့လို့လဲကွာ"

ဟူ၍ ပြောချလိုက်လေသတည်း။

*****

## ပြင်ရမယ့်လူ မှားနေပြီ

ဘောလုံးပွဲတွင် အမှန်တကယ် ကစားနေကြသည်မှာ စဥ့်ပါနှင့် ရွှေကျင်အသင်း နှစ်သင်းဖြစ်၏။

သို့ရာတွင် ဘောလုံးကွင်းထဲ၌ အကျယ်လောင်ဆုံး ဆူညံအားပေးနေကြသူများကမူ မပါမပြီးဆိုသည့် လှတောသားများပင် ဖြစ်ကြ၏။

"ဟ . . . ပိတ်ပါဟ၊ ဆို့ပါဟ၊ ကန်ထုတ်လေး ဟိုမှာ ထောင့်ဖြတ်ပို့တော့မယ်၊ မမြင်ဘူးလား။ အလိုလေး . . . ငါ့နှယ် . . . အခုမှ ဘောလုံးနည်းပြ ဖြစ်နေပါတော့လား"

ထိုမျှလောက် ဝိုင်းအော်နေသည့်ကြားက စဥ့်ပါ နောက်တန်း နှစ်ယောက်ကမူ မလှုပ်မလှုပ်၊ တစ်ခါ တလေ ခါးထောက်၍ပင် ရပ်နေလိုက်သေး။

"ဟလိုလေးကွယ် . . . ဘက်တန်းရယ်လို့ ထည့်ထားပါတယ်။ ကားလမ်းဘေးစိုက်ထားတဲ့ မိုင်တိုင်တွေလား မှတ်ရဟဲ့"

"ဘောလုံးကန်ပါဆိုမှ အော်ရီးဗစ် လာတာနေကြ သကိုးကွ"



www.burmeseclassic.com

www.burmeseclassic.com

"စဥ့်ပါအသင်းက ဘက်တွေ . . . အခုလာနေတာ ကျွဲကောသီး မဟုတ်ဘူး။ ဘောလုံးဟေ့ . . . ဘောလုံး"

တော်တော်လေးဆူနေသဖြင့် ပွဲထိန်းတွေက သိပ်မဆူဖို့ရန် လာ၍သတိပေးကြ၏။

ထိုအခါ လူတောသား လူငယ်တစ်ယောက်က–

"ခင်ဗျားတို့ အဝါကတ်ပြရမှာက ဘောသမားဗျ၊ ဘယ့်နှယ် ပွဲကြည့်ပရိသတ်ကို အဝါကတ် ပြရတယ်လို့"

*****

## ဝါးထရံစောင်ကြမ်း

မြို့သို့ ညှိသည်သွားလုပ်လာသည့် လူတောသားတစ်စု ရထားပေါ်တွင် လေတိုက်ပွဲ ဆင်နေကြလေ၏။

"မင်း ညက အိပ်လို့ချည်လား။ သူများအိမ် ညှိသည်သွားလုပ်ပြီး နေဖင်ထိုးမှထတာ ဘယ်ကောင်းမလဲ၊ ငါဖြင့် ကာလနဂါးနဲ့ အလောင်းအစားလုပ်ထားသလား မှတ်ရတယ်"

"လင်းခါနီးမှ မှေးခနဲပျော်သွားတာပါ သူငယ်ချင်းရာ"

"မိုးလင်းပေါက်မှ အိပ်ပျော်သွားတယ်ဆိုတော့ တစ်ညလုံး အိပ်မပျော်နေတဲ့ သဘောပေါ့နော်"

"ဘယ်ကလာ . . . အိမ်ရှင်ကို စောင်လေးတစ်ထည်တောင်းတာ မသဒ္ဓါရေစာ ထုတ်ပေးတယ်။ ဝါးထရံကြီး"

"မင်းကလည်း ပြောရော့မယ်"

"အဟုတ်ကွ ဝါးထရံကြီး။ ထရံခြုံအိပ်တော့မှ ဘယ်လိုလုပ် အဆင်ပြေတော့မှာတုံး။ အိပ်ပျော်မယ် ကြံလိုက် ဝါးအမျှင်တွေက နှာခေါင်းထိုးလိုက်၊ ထပြီး ဟတ်ချိုးချေလိုက်၊ အမျှင်တွေ ဖယ်ပစ်ပြီး ဆက်အိပ်ပြန်တော့ ဝါးထရံက ကြမ်းပိုးတွေက ကလိထိုးတယ်လေ၊ ထရံက ကလိထိုးလိုက်၊ လူကရယ်လိုက်နဲ့ မိုးခင်းခါနီးမှ အမောဆို့ အိပ်ပျော်သွားတာ"

စောင်ကြမ်းကြီးကို ဝါးထရံနှင့် နှိုင်းလိုက်သည့် လူတောသားအပြောကဖြင့် ဩချလောက်ဖွယ်ပါတကား။

*****

## နမ်းစေ့ပေါ်က အမည်းကွက်

လူတောသားနှင့် ချည်ပါသားတို့ ဘောလုံးဖိုင်နယ်ပွဲ ကန်ရတော့မည် ဖြစ်၏။

သက်ဆိုင်ရာ ရပ်မိရပ်ဖတို့က ဘောလုံးသမားတို့ မကန်ခင်နေ့၌ ဂုဏ်ပြုပွဲ ချီးကျူးပွဲများလုပ်ပြီး စိတ်ဓာတ်မြှင့်တင်ပေးခဲ့ကြလေ၏။

ယင်းကို လူတောသားတစ်ယောက်က . . .

"တို့ဘောသမားတွေ မျက်နှာကြီးလိုက်ပုံများ စကြဝဠာတင်းတောင်းကြီး ခေါင်းစွပ်ထားသလား မှတ်ရ၊ ဟိုက နွတ်ဆက်၊ ဒီက ညှိခံချင်နဲ့ ဖူးဖူးမှုတ်နေလိုက်တာ၊ လွင့်သွားမှာစိုးလို့ ကြိုးနဲ့ ချည်ထားရသဟေ့"

သို့ဖြင့် တိုက်နယ်ကွင်းမှာ ဗိုလ်လုပွဲ စကြလေ၏။

ဤ၌ ဝတ်စုံကြီးတွေ တဖားဖား၊ ဘောကန်ဖိနပ် တကားကားနှင့် အကြွားကြီးသည့် လူတောအသင်း ရှုံးလေ၏။

"များများ မရှုံးပါဘူး၊ ပွတ်ကာသီကာလေးရယ်၊ ငါးဂိုး ဂိုးမရှိ၊ လူတောဘက်က လောင်းထားတဲ့လူတွေ သတ်မယ်၊ ရိုက်မယ် တကဲကဲမို့ တချို့ ဝက်လက်ပြေးကြသတဲ့။ ဟင်း . . . ရှာထဲဝင်လာတဲ့ ဘောသမားတွေ မျက်နှာငယ်လိုက်ပုံများ နမ်းစေ့ပေါ်မှာ မည်းမည်း အကွက်လေး ထင်နေသလိုပါပဲလား"

**ဦးကောင်းထူး**



www.burmeseclassic.com

www.burmeseclassic.com

# စကား

လင်းမြင့်(ဥပဒေ)

မနုဿတ္တ ဘာဝေါ ဒုလ္လဘော ဆိုသည့် ဆိုစကားအတိုင်း လူ့ဘဝသည်ပေသည်။ လူ့ပြည်မှ အပ်တစ်စင်းနှင့် ဗြဟ္မာ့ပြည်မှ အပ်တစ်စင်း ထိချင်လျှင် ထိနိုင်သော်လည်း လူ၏ဘဝကား ရခဲလှပေစွ၊ ရောက်ခဲလှပေစွ။

ထို့အတူပင် လူဖြစ်လာလျှင်လည်း ကိုယ်လက်အင်္ဂါ ပြည့်ပြည့်စုံစုံပါမှ၊ နားက ကောင်းစွာကြားမှ၊ မျက်စိကလည်း ကောင်းစွာမြင်မှ၊ စကားကိုလည်း ကောင်းစွာ ပီပီသသ ပြောဆိုနိုင်မှ လူသားတစ်ယောက်အဖို့ အစပထမ ပြည့်စုံမှုပင် ဖြစ်ပါသည်။

လူတစ်ဦးတစ်ယောက်သည် အကယ်၍ စကားပြောဆိုမှု မပီမသဖြစ်နေလျှင် သူ၏ဘဝမှာ ဆိုးဝါးလှပြီး စကားပြောထစ်နေ၊ အနေလျှင်လည်း သူ၏ဘဝမှာ ဆိုးဝါးလှပါသည်။ ထို့ထက် စကားမပြောတတ်၊ စကားအသံမထွက်ပါက သူ၏ဘဝမှာ ပို၍ ဆိုးဝါးလှပါသည်။

ကမ္ဘာပေါ်ရှိ သက်ရှိလူသားတိုင်းသည် မိမိတို့ တိုင်းပြည်၊ နိုင်ငံ၊ ဒေသအလိုက် စာ၊ စကားနှင့် စကားပြောများ အသီးသီးရှိကြပါသည်။ စာသည်လည်းကောင်း၊ စကားနှင့် စကားပြောသည်လည်းကောင်း လူတစ်ဦးနှင့်တစ်ဦး၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ဆက်သွယ်ရေးကိရိယာများပင် ဖြစ်ပါသည်။

"စကား စကား ပြောပါများ စကားထဲက ဇာတိပြ" ဆိုသည့် ဆိုရိုးစကားအတိုင်း စကားကို ဆင်ဆင်ခြင်ခြင် ပြောဆိုတတ်ဖို့၊ သတိထားပြောဆိုတတ်ဖို့ လိုပါသည်။ ထိုသို့ မဟုတ်ပါက မိမိပြောလိုက်သော စကားကြောင့် မိမိ၏ဇာတိ စရိုက်ကို တစ်ဖက်သားအား ပြောပြဖော်ပြနေသလို ဖြစ်နေပါမည်။

ထို့ပြင် "စကားနောက် တရားပါ" ဆိုစကားအတိုင်း မိမိ မဆင်မခြင်၊ စည်းကမ်းမရှိ ပြောဆိုလိုက်သည့် စကားကြောင့် တရားတဘောင် အမှုအခင်းများ ဖြစ်ပွားလာနိုင်ပါသည်။ သို့အတွက် စကားကို ဆင်ဆင်ခြင်ခြင်၊ စည်းကမ်းတကျ ပြောဆိုတတ်ဖို့၊ တင်းတင်းမာမာမပြောမဆိုဘဲ ပြေပြေပြစ်ပြစ် ပြောဆိုတတ်ဖို့ လိုအပ်ပါသည်။

ထို့အတူ "ဆိုခဲစေ မြဲစေ၊ ဆိုလွယ်စေ ပြယ်စေ" ဆိုသည့် ဆိုစကားနှင့်ပတ်သက်၍ စကားကို ပြောဆိုရာတွင် လွယ်လင့်တကူ မပြောမဆိုဘဲ လိုအပ်မှ ပြောဆိုလိုက်သည့် စကားသည်လည်း ဆိုခဲသည့်၊ ပြောခဲသည့် စကားသာ ဖြစ်ရပါမည်။ ယင်းစကားမှာ အပျော်အပြက် စကားမဟုတ်ဘဲ အခိုင်အမာ စကားသာ ဖြစ်ရပါမည်။ သို့ရာတွင် လွယ်လွယ်ကူကူ ပြောဆိုလိုက်သော စကားသည် မခိုင်မမာဘဲ "နေလာလျှင် နှင်းပျောက်သလို" လွင့်ပြယ်ပျောက်ကွယ်သွားမည်သာ ဖြစ်ပါသည်။

"ကြမ်းပေါက်ကျွံလျှင် နုတ်လို့ရ၊ စကားကျွံလျှင် နုတ်မရ" ဆိုစကားအတိုင်း လူတစ်ဦးတစ်ယောက်သည် သတိမထားမိသဖြင့် "သတိမမူ ဂူမမြင်" ဖြစ်ကာသွားမိသဖြင့် အိမ်ကြမ်းပေါက်တွင် ကျွံကျသွားသော်လည်း နုတ်၍ရနိုင်ပါသည်။ သို့ရာတွင် မိမိပြောဆိုလိုက်သည့် စကားမှာ လျှာအရိုးမရှိတိုင်း ပြောဆိုမိသဖြင့် စကားမှာ ကျွံသွားသော် နုတ်ယူ၍ မရနိုင်တော့ပါ။

လူတို့၏ ဆိုစကားနှင့် ပတ်သက်၍ စကားကြီးခြောက်ခွန်း လူ့ဥ္စထွန်းရာ ယင်းတို့မှာ -

၁။ ဟုတ်မှန်သည်၊ အကျိုးရှိသည်၊ သူလည်း နာလိုသော စကား။

၂။ ဟုတ်မှန်သည်၊ အကျိုးရှိသည်၊ သူလည်း မနာလိုသော စကား။

၃။ ဟုတ်မှန်သည်၊ အကျိုးမရှိ၊ သူလည်း မနာလိုသော စကား။

၄။ မဟုတ်မမှန်၊ အကျိုးရှိသည်၊ သူလည်း နာလို

www.burmeseclassic.com

သော စကား။

၅။ မဟုတ်မမှန်၊ အကျိုးမရှိ၊ သူလည်း နာလိုသော စကား။

၆။ မဟုတ်မမှန်၊ အကျိုးမရှိ၊ သူလည်း မနာလိုသော စကားတို့ ဖြစ်ကြပါသည်။

"စကားကြီးခြောက်ခွန်း လူ့ဥတွန်းရာ၌ လေးခွန်းကို ပယ်၊ နှစ်ခွန်းတည်" ဆိုသည့် စကားအတိုင်း လေးခွန်းဖြစ်သည့် စကားအမှတ် ၃၊ ၄၊ ၅၊ ၆ ကို ပယ်၍ စကားအမှတ် ၁၊ ၂ ကို တည်ရမည်ဖြစ်ပါသည်။

ပထမစကားဖြစ်သည့် "ဟုတ်မှန်သည်၊ အကျိုးရှိသည်၊ သူလည်း နာလိုသော စကား"မှာ အဆိုပါစကားကြီးခြောက်ခွန်းတွင် အကောင်းဆုံးသော စကားဖြစ်ပါသည်။ ပြောသူအတွက်လည်း ကောင်း၍ အပြောခံရသူအဖို့လည်း ကောင်းပါသည်။ အပြောခံရသူအဖို့ နာလိုသောစကားဖြစ်ပြီး ပြောဆိုသူအတွက်လည်း ဟုတ်မှန်သည်ကို ပြောဆိုခြင်းဖြစ်၍ လိုက်နာဆောင်ရွက်ခြင်းဖြင့် အပြောခံရသူတွင် အကျိုးကျေးဇူးရှိပါသည်။ ဟုတ်လည်း ဟုတ်မှန်၊ နာလည်း နာလိုသည်ဖြစ်၍ ယင်းအမှတ်(၁)စကားကို လူတကာတို့ ပြောဆိုထိုက်ပါသည်။

ဒုတိယစကားဖြစ်သည့် "ဟုတ်မှန်သည်၊ အကျိုးရှိသည်၊ သူလည်း မနာလိုသော စကား"နှင့် ပတ်သက်၍ အထူးသဖြင့် တရားဓမ္မဟောကြားပြသသည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ၊ လူကြီးသူမများ၊ မိဘဘိုးဘွားများ ပြောကြားသည့်စကား ဖြစ်ပါသည်။ အပြောအဆိုခံရသူ သားသမီး၊ မြေးမြစ်များအနေဖြင့် မနာခံ၊ မလိုက်နာ၊ မနာယူလိုသော်လည်း သူတို့အတွက် ယခုဘဝမှာရော၊ နောင်သံသရာမှာပါ အပြစ်ကင်း၍ အကုသိုလ်မဖြစ်ရန် အသိနှင့်သတိ ရှိရန် ပြောဆိုခြင်း၊ ဟုတ်မှန်သည်ကိုသာ ပြောဆိုခြင်းဖြစ်သဖြင့် ယခုဘဝနှင့် နောင်သံသရာမှာပါ ကောင်းရာကောင်းကြောင်း ပြောဆိုဆုံးမသဖြင့် ပြောဆိုထိုက်ပါသည်။

စာရေးသူတွင် သမီးနှစ်ယောက်၊ သားတစ်ယောက် ရှိ၍ သမက်နှစ်ယောက်၊ သမီးချွေးမတစ်ယောက် ရှိပါသည်။ မိခင်၊ ဖခင်က ဟုတ်မှန်သည်ကိုပြောဆို၍ သူတို့က အကျိုးရှိသည်ဖြစ်သော်လည်း လူငယ်စိတ်ဖြင့် ဟုတ်မှန်သည် မထင်ပါ။ မနာခံလိုကြပါ။ ပြန်လည်ပြောဆိုတတ်ကြပါသည်။ လူကြီးမိဘပြောသည်ကို ပြန်လှန်ပြောဆိုကြ၍ ငရဲကြီးမယ်ဟုပြောရာ သူတို့က လူကြီးမိဘက ငရဲမပေးပါနဲ့ဟု ပြန်ပြောပြန်သဖြင့် သူတို့ကို ငရဲပေးတယ်ထင်ရင် ငရဲမယူဘဲ ဟုတ်တာ၊ မှန်တာပြောတာကို နာယူရမှာပေါ့ဟု ပြန်ပြောခဲ့ရပါသည်။

တတိယစကားဖြစ်သည့် "ဟုတ်မှန်သည်၊ အကျိုးမရှိ၊ သူလည်း မနာလိုသော စကား"နှင့် ပတ်သက်၍ အပြောအဆိုခံရသူမှာ မနာခံလိုသော စကားဖြစ်ပါသည်။ ဟုတ်မှန်သည့် စကားဖြစ်သော်လည်း အပြောအဆိုခံရသူမှာ အကျိုးမရှိ ဖြစ်နေပါသည်။ ထို့ကြောင့်ပင် အဆိုပါ တတိယစကားကို ပြောဆိုခြင်းငှာ မထိုက်ပါ။

စတုတ္ထစကားဖြစ်သည့် "မဟုတ်မမှန်၊ အကျိုးရှိသည်၊ သူလည်း မနာလိုသော စကား"နှင့် ပတ်သက်၍ ပြောဆိုသူ၏ စကားမှာ အပြောအဆိုခံရသူအတွက် မဟုတ်မမှန်သော စကားသာ ဖြစ်ပါသည်။ သို့ရာတွင် အပြောအဆိုခံရသူတွင် အကျိုးရှိသော်လည်း အပြောအဆိုခံရသူအတွက် မနာခံလိုသော စကားများသာ ဖြစ်ပါသည်။ ထို့ကြောင့်ပင် အဆိုပါ စတုတ္ထစကားကို ပြောဆိုခြင်းငှာ မထိုက်ပါ။

ပဉ္စမစကားမှာ "မဟုတ်မမှန်၊ အကျိုးမရှိ၊ သူလည်း နာလိုသော စကား"နှင့် ပတ်သက်၍ ပြောဆိုသူ၏ စကားမှာ အပြောအဆိုခံရသူအတွက် မဟုတ်မမှန်သော စကားသာ ဖြစ်ပါသည်။ သို့ရာတွင် အပြောအဆိုခံရသူတွင် အကျိုးမရှိသော်လည်း နာခံလိုသောစကား ဖြစ်နေပါသည်။ ပဉ္စမစကားကို ပြောဆိုခြင်းငှာ မထိုက်ပါ။

ဆဋ္ဌမစကားဖြစ်သည့် "မဟုတ်မမှန်၊ အကျိုးမရှိ၊ သူလည်း မနာလိုသော စကား"မှာ မဟုတ်မမှန်သည့်အပြင် အပြောခံရသူအတွက်လည်း မကျိုးမရှိပါ။ ထို့ပြင် အပြောခံရသူအတွက်လည်း နာယူ၊ နာခံလိုသော စကားမဟုတ်ပါ။ အဆိုပါ ဆဋ္ဌမစကားကို ပြောဆိုခြင်းငှာ မထိုက်ပါ။

ထို့ကြောင့်ပင် လူ့ဘောင်လောကကြီးဝယ် စကားခြောက်ခွန်း၊ လူ့ဥတွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတည် ဆိုသကဲ့သို့ ယနေ့တိုင်ပင် ယင်းစကားကြီးနှစ်ခွန်းသည် ဆက်လက်တည်ရှိနေဆဲ၊ တည်ရှိနေမြဲပင် ဖြစ်ပါတော့သည်။

လင်းမြိုင်



www.burmeseclassic.com

www.burmeseclassic.com



# အဒိန္နဒါနာကံ

ရှယ်လီသိန်းမောင်(စိန်ပိုက်ကာယ်)

ယခုတလော သတင်းစာ၊ ဂျာနယ်များတွင် ခိုးမှု၊ လုယက်မှု၊ ဓားပြတိုက်မှု စသော ပြစ်မှုများက နေ့စဉ်ဖတ်ရှုနေရပါသည်။ အထူးသဖြင့် လူစည်ကားသော ဈေးများတွင် အလစ်သုတ်အမျိုးသမီးများ ပိုမိုများပြားလာသည်ကို တွေ့ရပါသည်။ အရှက်အကြောက်ကြီးမားသော အမျိုးသမီးများပင်လျှင် ပြစ်မှုများကို ကျူးလွန်နေကြသည်။ သံသရာကို မကြောက်ရွံ့သောသူများသာဖြစ်ပါသည်။

အမျိုးသမီးဖြစ်ခြင်းသည် အတိတ်ဘဝက သူတစ်ပါးအိမ်ယာအား ပြစ်မှားခြင်းတည်းဟူသော ကာမေသုမိစ္ဆာစာရကံ ဖောက်ဖျက်မှုကြောင့် ယခုဘဝတွင် မိန်းမများ ဖြစ်ရသည့်အထဲ ယခုဘဝတွင် ခိုးမှုပါထပ်ပြီး ကျူးလွန်မိပါက နောင်သံသရာတွင် အပါယ်ငရဲသို့ လားရမည်မှာ မလွဲကေန်ပင် ဖြစ်ပါသည်။

လကွယ်ညမို့ ဝေသာလီမြို့ပြင်တစ်ခွင်တွင် အမှောင်လွှမ်းလျက် ရှိပါသည်။ လိစ္ဆဝီမင်းနှင့် သူဌေးတို့ ရပ်စောင့်နေကြရာ တစ်ဝိုက်၌ ကညင်ဆီမီးရောင်ကြောင့် အလင်းရောင် မှိန်မှိန်မျှသာရှိလေသည်။ ညဉ့်နက်လာသည်နှင့် အမျှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးသံတို့က ခပ်စိပ်စိပ် ဖြစ်လာ၏။

မိုးအုံ့နေသဖြင့် လျှပ်စီးကလည်း မကြာခဏလက်၏။ လျှပ်စီးတစ်ချက်လက်လျှင် ဝေသာလီမြို့ပြင်ရှိ သုသာန်ကြီးတစ်ခုလုံး လင်းထိန်သွား၏။ ထိုသို့လင်းထိန်သွားသော်လည်း ကြောက်စိတ်တို့ကား မလျော့ပါးခဲ့ပေ။ အကြောင်းမူကား သုသာန်တစ်ခုလုံးတွင် ခြေလက်များကို သံမှိုရိုက်၍ ကားစင်တင်ထားခြင်းခံကြရသော ရာဇဝတ်သားများ အများအပြားရှိနေသောကြောင့်ပင်။

လျှပ်စီးလက်တိုင်း ကားစင်ပေါ်တွင် ဇက်ကျိုးကျလျက် သေနေသော ရာဇဝတ်သားများ၊ မသေသေးသော်လည်း အစာရေစာပြတ်သည့်ဒဏ်နှင့် နာကျင်သည့်ဝေဒနာကို မချိမဆံ့ခံနေကြရသော ရာဇဝတ်သားများ၏ ကြောက်မှာ

www.burmeseclassic.com

www.burmeseclassic.com

များကို ချောက်ချားဖွယ်ရာ တွေ့မြင်ရလေသည်။

ဖြူဝင်းနေသော လမင်းကြီးသည် လိစ္ဆဝီမင်းနှင့် သူဌေးတို့ စောင့်ကြည့်နေကြရာ သုသာန်ထဲသို့ပင် ဆင်းသက်လာ၏။ အံ့သြလွန်းလှသဖြင့် လိစ္ဆဝီမင်းကြီးသည် ပြုတ်ကျလာသော လမင်းကြီး၏အနားသို့ ခပ်မြန်မြန် လျှောက်သွားမိ၏။ ခပ်လှမ်းလှမ်းသို့ရောက်၍ သေချာမြင်ရသောအခါတွင်ကား လိစ္ဆဝီမင်းကြီးသည် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။ အကြောင်းကား နိမ့်ဆင်းလာသော အရာသည် လမင်းကြီးမဟုတ်ဘဲ ဖြူဝင်းတောက်ပြောင်သည့် နတ်မြင်းပျံကြီး တစ်ကောင်နှင့် ကိုယ်လုံးတီး အမျိုးသားတစ်ယောက် ဖြစ်နေသောကြောင့်ပင်။

ကိုယ်လုံးတီး အမျိုးသားကြီးသည် ခိုးမှုဖြင့် ကားစင်တင်ခံထားရသော ရာဇဝတ်သားတစ်ဦးထံသို့ သွားကာ....

"ငါ့တူ...မသေအောင် အားတင်းထားပါ။ မင်းမှာ ခိုးဝှက်ခဲ့တဲ့ အကုသိုလ်ကံတွေ ရှိနေတယ်။ ဒီကံတွေက ငရဲလို့ဆွဲချလိမ့်မယ်။ ငရဲဘုံဟာ အဆင်းရဲဆုံး ဖြစ်တယ်"ဟု ပြောပြလေ၏။

ထိုအချိန်၌ တရွေ့ရွေ့နှင့် အနားရောက်လာသော လိစ္ဆဝီမင်းက ကိုယ်လုံးတီးကြီးနဲ့သူ့ကို သူသိချင်ရာ အမြန်ဆုံး မေးလိုက်လေသည်။

"အို...နတ်မြင်းပျံပိုင်ရှင် ပုဂ္ဂိုလ်ကြီး။ အသင့်ကို ဘယ်လိုလူမျိုးဟု ခေါ်ပါသနည်း။ အမြန်သိလိုပါတယ်"

"မင်းကြီး၊ ကျွန်ုပ်ကို ဝေမာနိကပြိတ္တာလို့ ခေါ်ပါတယ်"

"သင်ဟာ...ပြိတ္တာဖြစ်လျက် အဘယ်ကြောင့် နတ်မြင်းပျံကြီးကို ရရှိပါသနည်း"

""ကျွန်ုပ်သည် ဤဝေသာလီမြို့က ဈေးသည်တစ်ဦးပင် ဖြစ်ပါသည်။ ကျွန်ုပ်ဆိုင်ရှေ့တွင် ခြေနှစ်လှမ်းစာခန့် ရွှံ့ဗွက်အိုင်တစ်အိုင် ရှိပါသည်။ ရှောင်သွားလို့မရသဖြင့် လူများသည် ခြေထောက်အပေခံပြီး ရွှံ့ထဲမှ ဆင်းသွားကြရသည့်အတွက် ကျွန်ုပ်သည် လမ်းဘေးချုံပုတ်ထဲမှ နွားခေါင်းတစ်ရိုးကို ယူပြီး ရွှံ့ဗွက်အိုင်ထဲသို့ ချပေးခဲ့သည်။ ဤခြေတစ်လှမ်းစာ တံတားကုသိုလ်ကြောင့် ဤနတ်မြင်းပျံကြီးကို ရရှိခြင်း ဖြစ်ပါတယ်"

"အသင်လာသောအခါ မြို့ပြင်တစ်ခုလုံး လင်းထိန်သွားပြီး မွှေးရနံ့များ ကြိုင်လာသည်မှာ အဘယ်ကုသိုလ်ကြောင့် ဖြစ်ပါသနည်း"

"အမျက်ဒေါသမထွက်ခြင်း၊ အမြဲကြည်လင်သော စိတ်ရှိခြင်း၊ နူးညံ့သော စကားနှင့် လူတို့ကို ချဉ်းကပ်ပေါင်းသင်းခြင်းတို့ကြောင့် ကိုယ်ရောင်ကိုယ်ဝါများ လင်းထိန်တောက်ပရခြင်း ဖြစ်ပါတယ်။ တရားရှုတဲ့သူများကို ချဉ်းကပ်ပြီး လေးစားကြည်ညိုစိတ်ရှိတာကြောင့် ကိုယ်ခန္ဓာက ရနံ့မွှေးကြိုင်ခြင်း ဖြစ်ပါတယ်"

"အသင့်ခန္ဓာကိုယ်မှာ အဘယ်ကြောင့် အဝတ်အစားမရှိဘဲ ဖြစ်နေရပါသလဲ"

"ကျွန်ုပ် လူ့ဘဝရှိစဉ်တုန်းက မိတ်ဆွေများနှင့်အတူ မြစ်ထဲမှာ ရေကစားကြပါတယ်။ အကျွန်ုပ်က အရင်ပြီးတော့ ကုန်းပေါ်အမြန်တက်ပြီး မိတ်ဆွေတွေရဲ့ အဝတ်အစားတွေကို ကျီစယ်နောက်ပြောင်လိုတဲ့အနေနဲ့ ခိုးဝှက်ပြီး ဖွက်ထားမိပါတယ်။

မိတ်ဆွေများ ရေချိုးပြီးတဲ့အခါ အဝတ်အစားမရှိတဲ့အတွက် မြို့ထဲမသွားရဲကြဘဲ ကမ်းစပ်မှာ ဟိုပြေးဒီပြေး ဖြစ်နေတာကို ကြည့်ပြီး ဟားတိုက်ရယ်မောခဲ့ရပါတယ်။ ရယ်လို့အားရမှ အဝတ်အစားတွေကို ထုတ်ပြီး ပေးခဲ့ပါတယ်။ အဲဒီမဖြစ်စလောက်သော အကုသိုလ်ကံကြောင့် ယခုဘဝမှာ အဝတ်အစားမရှိ ဖြစ်နေရပါတယ်"

သေးငယ်သော အကုသိုလ်ကံပင် ဖြစ်လင့်ကစား မကောင်းကျိုးကား ကြောက်မက်ဖွယ်ကောင်းလှပါသည်။

ငရဲကျသူ ၁၀၀ တွင် ၉၉ ယောက်မှာ ဝမ်းရေးကြောင့် ကျရသူများဖြစ်ကြောင်း ဘုရားဟော ကျမ်းဂန်များတွင် ပါရှိလေသည်။ ငါးပါးသီလတွင် ဝမ်းရေးနှင့်ပတ်သက်လာလျှင် အဒိန္နာဒါနာ သိက္ခာပုဒ်ကို အများဆုံး ကျူးလွန်မိတတ်၏။

ထို့ကြောင့် သားသမီးအတွက် သားမယားအတွက်၊ ဆွေမျိုးများအတွက် နည်းမျိုးစုံဖြင့် ခိုးဝှက်သော အကုသိုလ်ကံ၏ ဆိုးကျိုးများကို ငရဲခံမည်ဆိုပါက ဘယ်သားသမီး၊ ဘယ်ဆွေမျိုး၊ ဘယ်သားမယားမှ မပါဘဲ မိမိတစ်ဦးတစ်ယောက်တည်း ခံရမည်ဖြစ်၍ အဒိန္နာဒါနာကံအား လုံခြုံစွာ စောင့်ထိန်းကြစေပါကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြအပ်ပါသည်။

ရယ်လီသိန်းမောင်(စိန်မိုက်ကယ်...



www.burmeseclassic.com

www.burmeseclassic.com

# စိတ်ကောင်းနှင့်ယှဉ် မေတ္တာသက်ဝင်

ညွန့်ဟံ(ကြူတော)

ဘာသာတရား၏ အဆုံးအမ၊ စာပေဩဝါဒ၊ လူကြီးသူမများ၏ နီတိတို့သည် မြန်မာ့လူ့အဖွဲ့အစည်းတွင် ယဉ်ပါးလေ့ရှိကြပါ၏။ ယေဘုယျအားဖြင့် ကောင်းမြတ်သော စိတ်စေတနာ အရင်းခံ မြတ်နိုးအပ်သော တရားတို့ကို လက်ကိုင်ပြုရာ၌ ဖြဟ္မစိုရ်တရားလေးပါးသည် ပဓာနကျကြောင်း မြင်သာတွေ့နိုင်၊ ကျင့်သုံးနိုင်၏။ မရိုးနိုင်သော လက်တွေ့ကျသည့် အကြောင်းအရာ ဖြစ်၏။ ထို့ကြောင့် ဥပမေယျတွေဖြင့် ဆင်ခြင်၍မဆုံးနိုင်။ လွှမ်းပတ်ကမ္ဘာ မေတ္တာတွေသာ ထုံလွှမ်းနေပါက စိတ်ဝမ်းလက်ညီ ချမ်းမြေ့ပျော်ရွှင်သော လူ့ဘဝနှင့် ဝန်းကျင်အလှ ဖန်တီးကြပြီး ဖြစ်ပါသည်။

မေတ္တာစိတ်သည် အလှာမရွေး၊ အတန်းအစား မခွဲခြားထားနိုင်လျှင် ကောင်း၏။ အပိုင်းအခြား အကန့်အသတ်မရှိ ပကတိအေးချမ်းပါ၏။ မေတ္တာအကြောင်း ရည်ညွှန်းဖွဲ့ဆိုသော နေ့စဉ်နှင့်အမျှ ကြုံတွေ့ရသည့် အဖြစ်အပျက်၊ အတိတ်ကအကြောင်းအရာအထွေထွေ၊ သာဓကကောင်းတွေက ယဉ်ပါးပြီး ဖြစ်၏။ သို့ရာတွင် တင်ပြ၍ မဆုံးနိုင်။

မေတ္တာဆိုသည့် ဝေါဟာရနယ်ပယ်ကလည်း ကျယ်ဝန်းပါ၏။ မေတ္တာထားသည်၊ မေတ္တာမဲ့သည်၊ မေတ္တာမရှိ၊ မေတ္တာပို့သည်၊ မေတ္တာစကားဆိုသည်၊ ပို့သဘောမေတ္တာ၊ မေတ္တာရေချမ်း၊ မေတ္တာထုံမွှမ်း၊ မေတ္တာရနံ့၊ မေတ္တာစိတ်ကိန်း မကုန်ခန်းနိုင်သည့်မေတ္တာ၊ မေတ္တာကုန်ခန်းသည် စသည်ဖြင့် ဆိုလေ့ရှိပါ၏။ တောင်ဖီလာဆရာတော်၏ ကြောက်ကြီးကိုးလုံး ဆုံးမစာတွင် "မေတ္တာကုန်ခန်း စိတ်မချမ်း၊ ညှိုးနွမ်းမည်ကိုကြောက်"ဟု ဆိုခဲ့၊ ဩဝါဒပေးခဲ့ပါ၏။ တစ်ပါးသူ၏ မေတ္တာ၊ စိတ်ကင်းမဲ့မည်ကို ကြောက်ရွံ့စိတ်ဖြစ်၏။ ကမ္ဘာတစ်လွှား မေတ္တာဓာတ်တွေကိန်းအောင်းခြင်းမရှိ၊ ချို့တဲ့ကင်းကွာဗလာကျင်းနေပါက နေချင့်စဖွယ် မရှိ။

နေ့စဉ်နှင့်အမျှ မီဒီယာလောက၌ ဖတ်ရ၊ ကြားရ သတင်းစကားများ၌ အနိဋ္ဌာရုံသတင်းမြင်ကွင်းများ ပါတတ်၏။ အကြောင်းမဲ့ သတ်ဖြတ်၊ အသေခံဖုံးခွဲ၊ အစုလိုက်အပြုံလိုက် ရှင်းလင်းသုတ်သင်မှုတွေက ခေါင်းပါးသော မေတ္တာစိတ် ပုံရိပ်လွှာများဟု ဆိုချေ၏။ အပေါ်ယံမေတ္တာစကားတွေ ဆိုနေသော်လည်း အတွင်းစိတ် အဇ္ဈတ္တတွင် အနှစ်သာရကင်းနေပါက အဆင်မပြေနိုင်။ ချစ်ခြင်းမေတ္တာသာ ပြည့်ဝလျှံတက်ပါက အပေးအယူ မျှတညီညွတ်ခြင်း ဖြစ်စေပါမည်။ သာယာနာပျော်ဖွယ် ချိုသာသောစကားဖြင့် မှသားဆိုခြင်းထက် စကားလုံးဝေါဟာရ ကြွမ်းပါစေ၊ အနှစ်သာ မေတ္တာစိတ်ပါခြ ::က ပိုမိုလေးနက်နေမည်သာ ဖြစ်ပါငါ။

လူနှင့်လူချင်း၊ လူနှင့်တိရစ္ဆာန် စသည်ဖြင့် ထားအပ်သော မေတ္တာ ရှိကြပါက ပဋိပက္ခတွေ နည်းပါးမည် ဖြစ်သည်။ စာရေးသူတို့ငယ်စဉ်က ဘကြီးဖြစ်သူ ဦးအုန်းမောင်နှင့်အတူ လယ်ကွင်းထဲမှ တဲတစ်လုံးကိုသွားငါ။ အဆိုပါတဲတွင် အလွန်တရာကိုက်တတ်သည်ဟု နာမည်ကြီးသော ခွေးတွေမွေးထား၏။ ဟောင်လည်းဟောင်၏။ ကြောက်စရာအသံကို အဝေးက ကြားရ၏။ တော်ရုံတန်ရုံဖြင့် မသွားခဲ့ကြ။ တဲရှင်ကို အသံပြုကာ ထိန်းသိမ်းစေပြီးမှ သွားလေ့ရှိ၏။ ဘကြီးဖြစ်သူကတော့ မကြောက်မရွံ့သွား၏။ ခွေးများက အန္တရာယ်မပြု။ ထူးဆန်းလှ၏။ ကျွန်တော်က မေးကြည့်မိ၏။ ခွေးကိုက်မှာ မကြောက်ဘူးလားဆိုသည့် အမေးကို ....

"ငါက မကြောက်ဘူးကွ။ အဲဒီတဲကို မသွားခင်ကတည်းက ခွေးတွေကို မေတ္တာပို့ပြီးမှသွားတော့ ငါ့ကို ဟောင်တောင်မဟောင်ဘူး။ မင်းအမြင်ပဲလေ။ အဲဒီလိုပဲကွ သတ္တဝါတွေအပေါ် မေတ္တာစိတ်ထား"ဟု တဲ ဆက်တည်း ဆုံးမလေသည်။

ဦးလေးဦးဝင်းမောင်ကတော့ တစ်မျိုးသတ္တိရှိ၏။ ဘာကိုမှမကြောက်

www.burmeseclassic.com

ရှိ၍။ တစ်ခါက အခြားရွာမှ ဆွေမျိုးများက ကိုက်တတ်သော ခွေးတစ်ကောင်ကြောင့် ပတ်ဝန်းကျင် အနှောင့်*အယှက်ဖြစ်၊ အန္တရာယ်ပြုမည် စိုးရိမ်*သဖြင့် ယင်းခွေးကို ပေးလိုက်၏။ သူနှင့်ခွေး ရင်းနှီးသည်မဟုတ်၊ ကိုက်တတ်ခြင်းလည်း ရှိသေး၏။ အိမ်ရှင်က ခွေးကို လည်ပတ်ပတ်ကာ ကြိုးချည်နှောင်ပေးလိုက်၏။ သူသည် ရဲရဲတင်းတင်းပင် ခွေးကို မလှမ်းမကမ်း ဆွဲထား၏။ ရှန်းရင်းကန်ရင်း လယ်ကွင်းတဲများဆီ ရောက်၏။ ယင်းတဲများတွင် ခွေးအုပ်ရှိရာ အုပ်စုဖြင့် ဦးဝင်းမောင်၏ ခွေးကို ဟောင်၏။ ထိုအခါ ခွေးက လူနားကပ်လာ၏။ အားကိုးဟန်ပြု၏။ အခွင့်ကောင်းယူ၍ ဦးဝင်းမောင်က ခွေးကိုကျောသပ်ကာ အားပေးဟန်ပြု၏။ ရင်းနှီးမှုယူ၏။ ဤသို့ တဲလေးငါးလုံး ကျော်လွန်ကာ ခွေးအုပ်များ အနီး ဖြတ်ရင်း ခွေးနှင့် ကျွမ်းဝင်အောင်ပြု၊ မေတ္တာစိတ်ရအောင် ယူလိုက်၏။ ဦးဝင်းမောင်၏ တဲအိမ်သို့ ရောက်ချိန်တွင် အတော်ပင် ယဉ်ပါးလာကြလေပြီ။ နောင်တွင် အဆိုပါခွေးသည် သူ၏ အားထားရသော သစ္စာရှိ ခွေးတစ်ကောင်အဖြစ် ကျော်ကြားလှပေသည်။ ထိုအချိန်က တောရွာကျေးလက် လယ်ကွင်းထဲများတွင် မငြိမ်မသက် သူခိုးဓားပြများ သောင်းကျန်းကြချိန်ဖြစ်၏။ ဦးဝင်းမောင်အဖို့မှာကား မေတ္တာစိတ်အရင်းခံဖြင့် မွေးမြူထားသောခွေးကြောင့် ဘေးမသီရန်မခ သောကကင်းကင်း အိပ်စက်ခွင့်ရပေသည်။ ရန်သူ တကယ်လာသည့်အခါ သတိပေးခြင်းနှင့် ကာကွယ်မှုပေးခြင်းလည်း အကြိမ်ကြိမ် ကြုံခဲ့ရသည်။

အချို့က မေတ္တာစကား ဆိုသော်ငြားလည်း နားခါးစရာ ဖြစ်သဖြင့် အထင်လွဲ၏။ အပြုအမူကြောင့်လည်း အယူအတွေးလွဲ၏။ ထိုအခြေအနေမျိုး ကြားရ၊ ကြုံရသည့်အခါ မန်လည်ဆရာတော်၏ မာဃဒေဝလင်္ကာသစ်ထဲက စာပိုဒ်တစ်ခုကို အမြဲပင်သတိရမိ၏။

"ရှေးရှုမေတ္တာ၊ ကရုဏာနှင့် နာနာကျင်ကျင်၊ ပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့"

ဟူသော အကြောင်းရပ် ဖြစ်လေသည်။ အစဉ်မသင့်သဖြင့် ဆရာက တပည့်ကို နာကျင်စွာ ရိုက်နှက်ခြင်းသည် မကုန်ခန်းနိုင်သော မေတ္တာကြောင့်ဟု ဆိုပါ၏။ အထင်တော်မမှားသင့်ပါချေ။ နားလည်ရပါမည်။ အပြောအဆို၊ အပြုအမူ တစ်ခုတည်းကိုကြည့်၍ မေတ္တာစိတ်ကင်းသည်ဟု မဆိုသာကြောင်း တွေ့နိုင်ပေသည်။ တစ်ခါတစ်ရံ ခါးသီးသောစကားများတွင် မေတ္တာစိတ် အရိပ်အငွေ့တွေ ယှက်သန်းနေသည်ကို ဆင်ခြင်သတိပြုဖို့ ဖြစ်လေသည်။

တစ်ဦးတစ်ယောက်ကို ရည်စူးခြင်း၊ ယေဘုယျလွှမ်းခြုံရည်စူး ပို့သခြင်းတို့ကလည်း ထက်မြက်ပါ၏။ အဝေးအနီး အရှည်အတို၊ မေတ္တာစိတ်ကသာ ပဓာနကျလေသည်။ အခုအခါ ရုပ်ဝတ္ထုတွေတိုးတက်၊ စက်မှုသိပ္ပံအကျိုးဆက်တွေကြောင့် စိတ်ဓာတ်တွေပျက်ပြား၊ မေတ္တာတရားတွေ ခေါင်းပါးကြပြီဟု ညည်းညူကြသံကြားရပေသည်။ မည်သူ တရားပျက်ပျက် မိမိဘက်က မပျက်မယွင်း တည်ဆောက်ရင်းဖြင့် မေတ္တာသံဝေ ရွှေနှင့်ရွှေထပ်၊ စိန်ချင်းအပ်သို့ နှင်းအပ်မွှမ်းမံ *ပြည့်လျှံစေသင့်ပါ၏။*

မေတ္တာ(Kindness)၏ သဘောက ကျယ်ပြန့်၏။ သားကောင်နှင့်မှုဆိုးကြည်ဖြူနိုင်၏။ ရန်သူကို မိတ်ဆွေဖွဲ့နိုင်၏။ ရိုးသားမှုတော့ လိုပါ၏။ အပေါ်ယံ မေတ္တာစကား ပြောရုံမျှဖြင့် မလုံလောက်။ ပေးခြင်း ဖြစ်ရပါမည်။ မေတ္တာပေးလျှင် မေတ္တာပြန်ရပါ၏။ စာရေးသူသည် ဝန်ထမ်းဘဝက မိမိအပေါ် အမြင်မကြည်လင်မှုတွေ ကြုံခဲ့ရသည်။ တစ်ဦးနှစ်ဦး မဟုတ်ပါ။ ထိုအခါ ထိုသူကိုရည်စူးလျက် မေတ္တာရေဖြင့် ဦးတည်ပို့သသည်။ ကောင်းသောဆုမွန်တွေ ခြွေဖြစ်သည်။ ဒီတော့ သဘောထားတွေ ပြောင်းလဲကာ မိမိ၏အကျိုးစီးပွား ချောမွေ့မှုတွေ ရပေသည်။ တစ်ဖက်၏ မေတ္တာကင်းမဲ့မှုကို ပဋိပက္ခဖြင့် တုန့်ပြန်ခြင်းက အဆိုးသံသရာကြုံရလေသည်။ ချစ်သောကမ္ဘာမြေ၊ ရင်းချာသောတိုင်းရင်းသား၊ ထိတွေ့ရသော လူ့နယ်ပယ်တွင် စီးပွားလူမှု အစစုံ မေတ္တာစကားသံနှင့် လုပ်ရပ် တစ်ထပ်တည်းကျစေခြင်း၏ အပေါ်ယံရုပ်တိုက် လူမြင်လူကြားကောင်းရုံဖြင့် မလုံလောက်၊ စိတ်စေတသိက်တွေကိုအရင်းခံသော ဖြန့်ကြက်မေတ္တာအစွမ်းက ထုထည်ကြီးမားလှသည်။ အဟောင်းအသစ် ဖြစ်စဉ်တရားအတွက် သံဝေဂသင်ခန်းစာတွေ ရယူစေချင်ပေသည်။

ညွှန့်ဟံ(ကြို့တော)



www.burmeseclassic.com

www.burmeseclassic.com

# ကြောင်မကြီးနဲ့ ကြွက်ကလေးစို့

တင်နိုင်တိုး

မကြာမီက ကြောင်မကြီးတစ်ကောင် နို့အား ကြွက်ကလေးများ ဝိုင်းစို့ကြပုံကို ဂျာနယ်တစ်စောင်တွင် ဖော်ပြခဲ့ရာ ဟိုးလေးတကြော် ဖြစ်ခဲ့သည်။ ကြောင်နှင့်ကြွက်သည် ရန်သူဟူ၍ သိရှိထားကြရာ ယခုကဲ့သို့ ကြောင်မကြီးနို့အား ကြွက်ကလေးများ ဝိုင်းစို့ကြသည်မှာ အမှန်ပင် ထူးခြားသော ကိစ္စဖြစ်လေသည်။ ယင်းသို့ ဖြစ်တောင့်ဖြစ်ခဲကိစ္စမျိုးက ယခုမှ ဖြစ်ခဲ့သည်မဟုတ်ဘဲ ကုန်းဘောင်ခေတ်၊ ပါလီမန်ခေတ်များတွင်လည်း ဖြစ်ပွားခဲ့ဖူးကြောင်း အမှတ်အသားများ ရှာဖွေတွေ့ရှိရပါသည်။ ကုန်းဘောင်ခေတ်တွင် ရေးမှတ်ပြုစုခဲ့သည့် 'ရွှေနန်းလက်သုံးပုံ'ပုရပိုက်၌ ကြောင်မကြီးနို့အား ကြွက်ကလေးများ စို့နေကြပုံကို ပုံနှင့်တကွ ရေးဆွဲမှတ်တမ်းတင်ခဲ့ဖူးပါသည်။ အမရပူရမြို့တည်နန်းတည် ဘိုးတော်ဘုရား(ဗဒုံမင်း)လက်ထက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပုရပိုက်မှတ်တမ်း၌ ဆွဲပုံနှင့်တကွ 'ကြောင်မတစ်ခုတွင် ကြွက်ငယ်(၅)ခုတို့ နို့စို့ကြပုံ'ဟူ၍ ရေးထိုးထားပါသည်။

ထိုစဉ်က မင်းနေပြည်တော်တစ်ခုလုံး ထူးဆန်းသောကိစ္စရပ်ကြောင့် အုန်းအုန်းကျွက်ကျွက် ဖြစ်ခဲ့ကြဟန်တူပါသည်။ နန်းတွင်း၌ ဓာတ်ပုံမပေါ်သေးသဖြင့် နန်းတွင်းပန်းချီဆရာက ကိုယ်တိုင်သွားရောက်ကြည့်ရှုကာ ပန်းချီပုံဖြင့် ရေးဆွဲမှတ်တမ်းတင်ခဲ့ပါသည်။ နန်းတွင်းပန်းချီဆရာ၏ ပုရပိုက်ပုံတွင် ကြောင်မကြီးက လက်နှစ်ဖက်ရှေ့ပစ်၍ အိပ်နေပြီး ကြွက်ကလေးငါးကောင်က ကြောင်မကြီးနို့ကို စို့နေကြပါသည်။

ပါလီမန်ခေတ်တွင်လည်း ကြောင်မကြီးနို့ ကြွက်ငယ်ကလေးများ စို့သောကိစ္စ ပေါ်ပေါက်လာပြန်ပါသည်။ (၁၈.၂.၁၉၅၀)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် အောက်ပါသတင်း ဖော်ပြပါရှိပါသည်။

## ကြောင်မနှင့်ကြွက် ထူးဆန်းသောနိမိတ်လော

ကြောင်မ၏နို့ကို ကြွက်ဝမ်းဖြူသည် မကြာခဏ အားရပါးရ နို့စို့နေ၍ သွားရောက်ကြည့်ရှုနေခြင်း။ မစိုးရိမ်ကျောင်းတိုက်၌ ဘုန်းတော်ကြီးကိုယ်တိုင် ကြောင်မကြီးကို ကျွေးမွေးပြုစုစောင့်ရှောက်ထားပုံ။ နေ့ရောညပါ စည်ကားနေပြီ။

သောင်းကျန်းသူတို့ လက်အောက်၌ ကျရောက်လျက်ရှိသော ပျဉ်းမနားမြို့ရှိ မစိုးရိမ်ကျောင်းတိုက်အတွင်း မရမ်းကျောင်း၌ ဘုန်းတော်ကြီးမွေးမြူထားသော ကြောင်မကြီးတစ်ကောင်သည် ကျောင်းအရှေ့ခန်းရှိ ဘုရားကျောင်းဆောင်အောက်တွင် မကြာမီက ကြောင်ကလေးနှစ်ကောင် ဖွားမြင်ပြီး မိခင်ကြောင်မကြီးက ကြောင်ကလေးများကို နို့တိုက်နေစဉ်အတွင်း ကြွက်ဝမ်းဖြူကလေးတစ်ကောင်သည် ကျောင်းမျက်နှာကြက်ကြားထဲမှ ဆင်းလာပြီးလျှင် ကြောင်ကလေးများနှင့်ရောနှော၍ ကြောင်မကြီး၏နို့ကို အားရပါးရ မြိန်ရေရှက်ရေစို့တော့သည်ဆိုကြောင်း။ ထိုသို့စို့နေသည်ကို ဘုန်းတော်ကြီးက စကြံလျှောက်ရာမှ လှမ်း၍မြင်သဖြင့် ထူးဆန်းလှသည်ဟု ထိုနေရာသို့သွားရောက်ပြီး အနီးမှကပ်၍ အသေအချာကြည့်ရှုရာ ထိုကြွက်ကြီးမှာ အထီးကြီးဖြစ်၍ ကြောင်မကြီးကလည်း အိပ်လျက်ကပင် အမြီးနှန့်နှန့်နှင့် အလွန်နှစ်မြိုက်သဘောကျသကဲ့သို့ မျက်လုံးနှစ်ဖက်မှိန်းကာ ကျေကျေနပ်နပ်ကြီး နို့တိုက်လျက်ရှိနေသည်ကို တွေ့ရသည်ဆိုကြောင်း။ ထိုသို့ ဘုန်းတော်ကြီးကိုယ်တိုင် အနီးကပ်၍ ကြည့်နေသော်လည်း ကြွက်ဝမ်းဖြူကြီးမှာ ကြောက်ရွံ့ထိတ်လန့်၍ ထွက်ပြေးမသွားဘဲ နို့စို့၍ တင်းတိမ်အားရမှ ကြောင်မကြီးကိုယ်ပေါ်သို့ ပြေး၍ တက်လျှောက်သွားပြီးလျှင် ဦးခေါင်းနှင့် မျက်နှာ၊ နှုတ်ခမ်းမွေးများပေါ်သို့ လှည့်လည်ပွတ်သပ် ကျီစယ်ကစားပြီးမှ အမိုးရှိ မျက်နှာကြက်ပေါ်သို့ ပြေးသွားတော့သည်ဆိုကြောင်း။ ထိုသတင်းမှာ ကျောင်းသားကိုရင်၊ ဦးပဉ္စင်းများမှစ၍ မြို့တွင်းသို့ တစ်မဟုတ်ချင်း ပြန့်နှံ့သွားရာ ကြားရသူတိုင်း ထူးဆန်းအံ့ဩလှသည်နှင့် သွားရောက်ကြည့်ရှုကြရာ ထိုမရမ်းကျောင်း၌ နေ့ရောညပါ ပရိသတ်များ ပြည့်နှက်စည်ကားလျက် အုတ်အုတ်ကျက်ကျက် ဖြစ်နေသည်ဆိုကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



ရွှေနန်းလက်သုံးပုံ ပုရပိုက်ပါ ကြောင်မကြီးနို့အား ကြွက်ကလေးများ စို့နေကြပုံ

### နိမိတ်ဖတ်ကြပုံ

တဘောင်စနည်း တိတ်နိမိတ် လိုက်စားသော အခြင်းအရာကို ကိုယ်တွေ့သိမြင်ရသူတို့က နိမိတ်ဖတ်ကြားကြသည်မှာ ကြောင်မကြီးမှာ ပြည်ထောင်စုမြန်မာနိုင်ငံနှင့်တူ၍ ကြွက်ဝမ်းဖြူကြီးမှာ သောင်းကျန်းသူများနှင့် တူသည်ဟု ဆိုရမည်ဖြစ်ကြောင်း။ ကြောင်နှင့်ကြွက်သည် ကမ္ဘာ့ရန်ကဲ့သို့ မည်သည့်အခါမျှ သင့်တင့်သော သတ္တဝါများ မဖြစ်ခဲ့ဖူးကြောင်း။ လူတို့၏ စည်းစိမ်ကို အမြဲနှောင့်ယှက်ဖျက်ဆီး သောင်းကျန်းနေသော ကြွက်များကို တွေ့မြင်ရသည်နှင့် တစ်ပြိုင်နက် လူတို့အမြတ်တနိုးမွေးမြူထားသော ကြောင်များက ချမ်းသာမပေးဘဲ မရအရ အပြီးဖမ်းဆီးသုတ်သင် စားသောက်နေကြမြဲ ဓမ္မတာမှ ကြောင်သည် ၎င်း၏ရန်သူ ကြွက်ကို ရန်မပြုဘဲ ကျေနပ်စွာ အခွင့်ပြု၍ နို့တိုက်နေသည်ကိုလည်းကောင်း။ ကြောင်မြင်တိုင်း ထွက်ပြေးနေရသော ကြွက်ကလည်း ကြောင်မကြီး၏ စိတ်သဘောထားကို သိရှိနေသည့်အလား မကြောက်မရွံ့ဘဲ နို့ကို လာရောက်စို့သောက်နေခြင်းကိုလည်းကောင်း ထောက်ရှုခြင်းအားဖြင့် သောင်းကျန်းသူတို့သည် မိမိတို့၏ အမှားကို သိမြင်လာပြီးလျှင် ကြောင်မကြီးနှင့်တူသော မိခင်ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရထံ ၎င်းတို့၏အမှားကို ဝန်ခံ၍ ငြိမ်းချမ်းရေးကို ရှေးရှုလျက် မကြာမီအတွင်း လက်နက်ချ၍ ဝင်ရောက်ကြလိမ့်မည်ဟု နိမိတ်ဖတ်လျက်ရှိကြောင်းနှင့် ပျဉ်းမနားမြို့မှ အထက်မြန်မာပြည်သို့ ကြွရောက်လာသော ဘွဲ့တော်ကိုမဖော်ပြလိုသည့် ထေရ်ကြီးဝါကြီးဆရာတော်တစ်ပါးက မိန့်ကြားသည်ကို သတင်းစာဖတ် ရှင်လူအများတို့ သိရှိရန် အတိုချုပ်၍ ရေးသားဖော်ပြလိုက်ရသည်ဖြစ်ကြောင်း။

ဟူ၍ ဖြစ်ပါသည်။

သူ့ခေတ်သူ့ခါအလျောက် ကြောင်မကြီးနို့ကို ကြွက်ကလေးစို့သည်ကို နိမိတ်ဖတ်ကြပုံမှာလည်း စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်း ပြည်တွင်းသောင်းကျန်းသူများက မြို့ပြအများကို ထိပါးနှောင့်ယှက်နေချိန်ဝယ် သတင်းစာမှ နိမိတ်ယူပုံဖြင့် သိမ်းဆည်း ဖော်ပြထားပုံကလည်း နှစ်မြို့စရာ ဖြစ်ပါသည်။

**တင်နိုင်ငြိမ်း**

**ကျမ်းကိုး**

၁။ ရွှေနန်းလက်သုံးပုံပုရပိုက်မှတ်တမ်း (ရှေးဟောင်းစာပေသုတေသီတစ်ဦး)
၂။ မြန်မာ့အလင်းသတင်းစာ (၁၈–၂–၁၉၅၀)ပါ သတင်းဖော်ပြချက်။



www.burmeseclassic.com

www.burmeseclassic.com

# ထူးထူးခြားခြား ပုံပြင်များ

## သစ္စာတရားဖြင့် အောင်နိုင်သူ

**စိုးဝင်းထွဏ်း(တာမွေ)**

ဟိုး . . . ရှေးရှေးတုန်းက . . .

ဗာရာဏသီ ပြည်၌ ကောသလမင်းကြီး အုပ်စိုးနေစဉ်က ဖြစ်၏။

ကောသလမင်းကြီးမှာ ပွဲသဘင်နေ့ တစ်နေ့၌ ဆင်ဖြူတော်အား စီးလျက် ကြီးစွာသော မင်း၏ အာနုဘော်ဖြင့် မြို့ကို လှည့်လည်စဉ် အိမ်တစ်အိမ်ပေါ်၌ မိမိအား ကြည့်နေသည့် မိန်းမကို တပ်မက်စွဲလမ်းမိလေ၏။

မြို့တော်လှည့်ပြီး နန်းတော် ပြန်ရောက်လျှင် မင်းကြီးသည် အမတ်တစ်ဦးကို သွားစုံစမ်းခိုင်းပြီး လင်ရှိကြောင်း သိလျှင် ထိုလင်ကို ခေါ်စေ၏။ ထိုလင်ယောကျ်ားလည်း "မယားကိုမှီ၍ ဘေးဖြစ်ပေါ်၏"ဟု ကြံ၍ လိုက်လာ၏။ မင်းကြီးက -

"အသင်သည် လက်နက်များ ကိုင်ဆောင်ကာ အမှုထမ်းလော့"

ဟု ဆိုရာ ထိုယောကျ်ားသည် ဘေးကိုမြင်၍ မမေ့မလျော့ အမှုထမ်းလေ၏။ ထိုအခါ မင်းကြီးမှာ ၎င်း၏ အကြံမအောင်သည်ကတစ်ကြောင်း၊ ကာမမီးဖြင့် ပြင်းထန်စွာ လောင်နေသည်ဖြစ်ရကာ "အပြစ်ရှာပြီး သတ်အံ့" ဟု ကြံ၍ ထိုယောကျ်ားအား-

"သင်သည် ဤ တစ်ယူဇနာဝေးသည့်ဤမည်သောအရပ်ကိုသွား၍ ကုမုဒြာကြာပန်းများနှင့် အဝုဏဝတီခေါ် နီးမြန်းသည့် မြေညက်တို့ကို ညနေ ငါရေချိုးအမီအရောက် ယူလာခဲ့ရမည်။ မရောက်လျှင် သတ်အံ့"

ဟု စေခိုင်းလေ၏။

ထိုယောကျ်ားသည် ဇနီးဖြစ်သူအား ချစ်ခင်စုံမက်သူဖြစ်ကာ ၎င်းတို့နှစ်ဦးမှာ တစ်ဦးကို တစ်ဦး သစ္စာတရားကို တန်ဖိုးထားကြသူများဖြစ်ပြီး ဇနီးဖြစ်သူအား -

"ချစ်ဇနီး . . ငါသည် မင်းကြီး၏ စေခိုင်းမှုဖြင့် သွားရတော့အံ့၊ ၎င်းယူဆောင်ခိုင်းသော အရာဝတ္ထုကိုကား နဂါးပြည်၌သာ ရှိ၏။ အဘယ်မှာ ငါရနိုင်ပါအံ့နည်း၊ သို့သော် ငါ့သစ္စာတရားအတိုင်း ငါ ရောက်အောင်ယူကာ ပြန်လာခဲ့မည်"

ဟု ဆိုကာ ထမင်းကို ယူ၍ တစ်ယူဇနာခရီးကို အပြင်းနှင်လေ၏။ ရောက်လျှင် သူသည် ထမင်းဦးကိုချန်၍ ထမင်းစားနေစဉ် လာရောက်သည့် ခရီးသည်တစ်ဦးအား . .

"သင့်၌ ဆာလောင်မွတ်သိပ်သောလက္ခဏာရှိ၍ ကျွန်ုပ်၏ ထမင်းကို စားပါ"

ဟု ဆိုကာ ကျွေးမွေးလေ၏။ စားပြီးသော် သူသည် ထမင်းတစ်ဆုပ်ကို ရေထဲစွန့်ကြပြီး အသံကျယ်စွာဖြင့်သစ္စာပြုလေ၏။

"ဤမြစ်၌ စောင့်ရှောက်အုပ်စိုးကြသည့် နတ်၊ နဂါးတို့ . . ကျွန်ုပ် စကားကို နာတော်မူကြပါ။ မင်းကြီးသည် ကျွန်ုပ်အား အမိန့်အာဏာဖြင့် ကုမုဒြာကြာပန်းများနှင့် အရုဏဝတီ မြေညက်တို့ကို ယူခိုင်းပါ၏။ ကျွန်ုပ်သည် ခရီးသွားတစ်ဦးအား ထမင်းဦးပေးလှူပါ၏။ ရေထဲ၌ ငါးတို့အားလည်း ပေးလှူပါ၏။ ဤအလှူသည် အဆ အရာအထောင်မက ပေးလှူပါ၏။ ဤကောင်းမှုအကျိုးကို သင်တို့အား အမျှပေးဝေပါ၏။ ကျွန်ုပ်အား ထိုအရာဝတ္ထုများကို ဆောင်ယူ၍ ပေးသနားကြပါ"

ဟု ဆိုကာ သုံးကြိမ်တိုင် အော်ဟစ်လေ၏။ ထိုမြစ်ကို စောင့်သည့် နဂါးမင်းကြီးသည် ထိုအသံကိုကြား၍ သူအိုအသွင်ဖြင့် လာပြီး . . .

"အသင်လူသား . . . ကျွန်ုပ် သင့်အတွက် ကုမုဒြာကြာပန်းများနှင့် အရုဏဝတီ မြေညက်ကို ပေးပါ၏။ သင် စိတ်မဆင်းရဲပါနှင့်"

ဟုဆိုကာ ယူဆောင်ပေးလေ၏။ ကောသလမင်းကြီး



www.burmeseclassic.com

www.burmeseclassic.com

လည်း သူအကြံမအောင်မှာ စိုး၍ မြို့တံခါးကို စောစော ပိတ်စေလေ၏။ ထိုယောက်ျား လည်း အမြန်မြန်လာ၍ မင်းကြီး၏ ရေချိုးချိန်အမီ ရောက်လာလေ၏။ သို့သော် တံခါး ပိတ်ထားပြီဖြစ်၍ အသက် ဘေးမှ ကြောက်ရွံ့လျက် တုန်လှုပ်ချောက်ချားကာ ဇေတဝန် ကျောင်း၌ သွားအိပ်လေ၏။

ကောသလမင်းကြီးမှာ တဏှာမီး ပူလောင်နေသဖြင့် အိပ်မရဘဲ စဉ်းစားနေလေ၏။

"မိုးလင်းလျှင် .. ထို ယောက်ျားကို သတ်၍ ထို မိန်းမကို သိမ်းယူအံ့"

ဟု ကြံလျက်ရှိ၏။

သန်းခေါင်ယံအချိန်၌ လောဟကုမ္ဘီငရဲအိုးကြီး၌ တပြောင်းပြန်ပြန် ကျခံနေရသော ငရဲသားလေးဦးတို့သည် အနှစ်သုံးသောင်းကြာမှ ငရဲ အောက်ခြေက မျက်နှာဝသို့ ရောက်လာလျှင် ဦးခေါင်းကို မြှောက်၍ အချင်းချင်းကို ကြည့်လျက် ကြောက်မက်ဖွယ် အသံ ကျယ်လောင်စွာဖြင့် -

"ဤဒုက္ခမှ ဘယ်တော့ လွတ်နိုင်အံ့နည်း"

စသည်ဖြင့် တစ်ဂါထာစီကို ရွတ်ဆိုရန် အားထုတ်ကြရာ . . .

"ဒု - သ - န - သော"

ဟုသာ တစ်လုံးစီမျှသာ ရွတ်ဆိုနိုင်ပြီး တစ်ဖန်ငရဲအိုး ထဲ နစ်မြုပ်ဝင်သွားပြန်ကုန်၏။

မင်းကြီးမှာ အိပ်မက်ဆိုးကြီးမှ လန့်နိုးသူပမာ ကြောက်ရွံ့ ထိတ်လန့်လေ၏။ မိုးလင်းသော် မင်းကြီးမှာ မလ္လိကာ မိဖုရားနှင့်အတူ ယာဉ်ငယ်ဖြင့် ဘုရားရှင်ထံ သွားရာ ကြောက်လန့်နေ၍ စကား တစ်ခွန်းမျှ မပြောနိုင်ဘဲ ရှိခိုး၍သာ နေလေ၏။ မိဖုရားကြီးက ထိုသံလေးသံကို ကြားရ၍ မင်းကြီးကြောက်လန့်နေကြောင်းကို လျှောက်ကြား၏။

"အရှင်ဘုရား .. ပူလောင် ပြင်းပြသော ငရဲသား လေးဦး၏ အသံနှင့် ဝဋ်အား ကြား၍ ကြောက်ရွံ့နေခြင်း ဖြစ်ပါ၏"

ဟု ဆိုလျှင် . . .

မြတ်စွာဘုရားက -

"အသင်မင်းကြီး .. မကြောက်လင့်ပါနှင့်၊ သင့်မှာ အန္တရာယ်မရှိနိုင်၊ စင်စစ်အားဖြင့် ကဿပ ဘုရားရှင်လက်ထက်၌ သူဌေးသားလေးဦးတို့မှာ သူတစ်ပါးတို့၏ မယားများကို ဥစ္စာဖြင့် ဖျားယောင်း၍ ပျော်ပါးခဲ့ကြသည်။မကောင်းမှုကံကြောင့် သေသည်မှ ယခုအထိ လောဟကုမ္ဘီငရဲအိုးကြီး၌ ခံယူနေကြရ၏။ ၎င်းတို့ လေးဦးမှာ ငရဲအိုးအောက်ခြေမှ အနှစ်သုံးသောင်းကြာမှ ငရဲအိုးဝ ရောက် "ဒု . . သ . . န . . သော" ဟူသော အသံကို အော်ဟစ်ကြခြင်း ဖြစ်၏"

ဟု မိန့်ကြားပြီး အသံ လေးသံ၏ အနက်အဓိပ္ပာယ်ကို ရှင်းလင်းပြတော်မူ၏။

ကောသလမင်းကြီးမှာ လောင်ကျွမ်းတောက်လောင်နေသော တဏှာမီးများ၏ ဆိုးကျိုးကို သိရှိပြီး ၎င်းအမိုက်မှောင်ဖုံးသောကြောင့် သူတစ်ပါးအား သတ်မည့်အကြံ ရောက်ခဲ့သလို သူတစ်ပါးများအား ကျူးလွန်မည့်ဆဲဆဲ သတိရခဲ့ခြင်း ဖြစ်၏။ ထိုအခါ မင်းကြီးသည် . . .

"သူတစ်ပါး၏ မယားကို ကျူးလွန်သည့် အပြစ်ကား ကြီးမားပေစွ၊ ငါလည်း သူတစ်ပါး မယားအား တပ်မက်မိ၍ တစ်ညလုံး အိပ်မရ၊ ယနေ့မှစ၍ မယား၌ ပြစ်မှားလိုစိတ် မထားတော့အံ့"

ဟု ကြံလေ၏။ ဘုရားရှင်အား . . .

"တပည့်တော်သည်ယနေ့ တစ်ညတာ၏ ရှည်ကြာသည့် အဖြစ်ကို သိရပါပြီ ဘုရား"

ဟု လျှောက်၏။ ထိုအခါ ထိုယောက်ျားလည်း အနီး၌ပင် ရှိနေရကား တပ်မက်ခဲ့သည့် မင်းကြီးစကားကို ကြားလျှင် . . .

"တပည့်တော်သည် မနေ့က တစ်ယူဇနာခရီး၏ ရှည်ဝေးသည့်အဖြစ်ကို သိရပါပြီ"

ဟု လျှောက်လေ၏။

မြတ်စွာဘုရားသည် ထိုလူနှစ်ဦး၏ စကားကို ပေါင်းစပ်လျက် . . .

"မင်းကြီး . . အချို့သော သူများသည် ညဥ့်သည် တာရှည်၏။ အချို့သောသူအား တစ်ယူဇနာမျှသော ခရီးသည် ရှည်ဝေး၏။ မိုက်မဲသူတွေဝေ သူအား သံသရာခရီးသည် ကြာရှည်၏"

ဟု မိန့်တော်မူပြီး . . မြတ်စွာဘုရားက အောက်ပါ အတိုင်း ဟောတော်မူလေ၏။

"အိပ်၍မပျော်သော နိုးနေသူအဖို့ ညသည် တာရှည်၏။ ခရီးပန်းသော သူအဖို့ တစ်ယူဇနာမျှသော ခရီးသည် ရှည်ဝေး၏။ သူတော်ကောင်းတရားကို မသိကြသော သူမိုက်တို့အဖို့ ဘဝသံသရာသည် အလွန်ရှည်ကြာစွာ ဖြစ်သန်းရ၏"

ဟု ဆိုကာ မိန့်တော်မူ၏။ ထိုယောက်ျားသည် တရားကို နာကြားပြီးနောက် သောတာပန် ဖြစ်ခဲ့လေတော့သည်။

ဆောင်ပုဒ်

တဏှာရာဂသည် ဘဝ များစွာကို ပူလောင်စေ၏။

စိုးဝင်းထွဋ်(ဇာမြွေ)



www.burmeseclassic.com

www.burmeseclassic.com



# နာလန်ထူဖို့ ကံကုစို့

■ ဂန္ဓာရီဆရာအံ့

လွတ်နေသော ခြေရင်းအခန်းကလေးသို့ မမျှော်လင့်သည့်တစ်ရက်၌ အိမ်ငှားတွေ ပြောင်းရွှေ့ရောက်ရှိလာလေ၏။ အိမ်ငှားတွေဆိုရာ၌ များများစားစားမဟုတ်။ အရွယ်အိုယောက်ျား တစ်ဦးနှင့် မူလတန်းကျောင်းသားအရွယ် ယောက်ျားကလေး တစ်ဦး။ ၎င်းတို့နှစ်ဦးကား မြေးအဘိုးတော်စပ်ကြသူတွေတည်း။ အဘိုး၏အမည်မှာ ဦးသက်ကျော်ဖြစ်၍ မြေး၏အမည်မှာ မောင်အာနိုး ဖြစ်လေသည်။ မြေးမောင်အာနိုးသည် ကျောင်းသားအရွယ်မို့ ကျွန်ုပ်တို့မြို့နယ်ရှိ မူလတန်းကျောင်းကလေး၌ ကျောင်းတက်ရလေသည်။ ဘိုးအေဖြစ်သူ ဦးသက်ကျော်မှာ ရန်ကုန်မြို့လယ်ရှိ စာပေတိုက်တစ်ခု၌ အကြံပေးအယ်ဒီတာတစ်ဦးဟု သိရလေ၏။

အိမ်နီးချင်းတို့၏ ဝတ္တရားနှင့်အညီ ၎င်းတို့ပြောင်းရွှေ့လာသည့်နေ့မှာပင် မိတ်ဆွေသင်္ဂဟ ဝတ္တရားနှင့် လျော်ညီစွာ သွားရောက်မိတ်ဖွဲ့ ကူညီစကားဆိုခဲ့ရင်းမှ ခင်မင်သွားကြလေတော့သည်။ ဦးသက်ကျော်သည် စာဖတ်ဝါသနာပါသော ကျွန်ုပ်အား ၎င်းအလုပ်လုပ်ရာ စာပေတိုက်ထုတ် မဂ္ဂဇင်းတစ်ပတ်နွမ်းများကို လက်ဆောင်ပေးရှာ၏။ ၎င်းကိုကြည့်ရသည်မှာ သိပ်ပြီးကျန်းမာရေးကောင်းပုံမရ။ ပြီးတော့ ၎င်းထံမှ ချဉ်စူးစူးအနံ့ ရခဲ့လေရာ ၎င်းသည် အစားထက် အသောက်ဘက်၌ အားသန်များနေသူဖြစ်မှန်း အကဲခတ်လိုက်မိလေတော့၏။

"ကျွန်တော့်လက်ရှိအနေအထားက မသေကောင်းလို့ မ... တော့ဟဲ့အနေအထားမျိုး ဆရာရဲ့။ တုံးတိကြီးဖြတ်ချက်ချသလိုက

www.burmeseclassic.com

www.burmeseclassic.com

တော့ ကိုယ်ကျိုးနည်းမှာ အမှန်ပဲ။ ဒါကြောင့် မပြတ်တမ်း မှိုဝဲနေတာပါဆရာ။ အလုပ်ရှင်တွေကလည်း လက်တွဲခဲ့တဲ့ ကာလကြာလေတော့ ကျွန်တော့်အပေါ် အစစအရာရာ ထောက်ထားကူညီကြပါတယ်။ တစ်ချိန်တုန်းကဆို ကျွန်တော့်အနေအထားက ဒီလို ဘယ်ဟုတ်ပါ့မလဲ ဆရာရယ်။ အယ်ဒီတာ သက်ကျော်ဆိုတာ စာနယ်ဇင်းလောကမှာ နာလည်ကြီးပေါ့"

သူပြောသည်မှာ ဟုတ်လောက်ပေ၏။ ယခုလည်း အတိတ်သည် အတိတ်၊ ပစ္စုပ္ပန်သည် ပစ္စုပ္ပန်ပါတည်း။

"ခင်ဗျားမှာ လူလားမမြောက်သေးတဲ့ မြေးကလေးရှိတယ်မဟုတ်လား။ ဒီတော့ သူ့ရဲ့အနာဂတ်အတွက် ခင်ဗျား အသက်ရှည်ဖို့လိုမယ်။ ကျန်းမာရေးတော့ ဂရုစိုက်ပါဗျာ"

ပြောမည့်သာ ပြောရသည်။ ၎င်း၏ကျန်းမာရေးသည် သိပ်အကဲမလှပါချေ။

ထင်သည့်အတိုင်းပင် တစ်နေ့မှာတော့ အိမ်နီးချင်း မိတ်ဆွေကြီး ဦးသက်ကျော်ခမျာ အိပ်ရာထဲ ဗုန်းဗုန်းလဲတော့သည်။ ထိုရောအခါဝယ် ၎င်းအားစောင့်ရှောက်ရန် အလုပ်တိုက်မှ မောင်ဝင်းလှိုင်ဆိုသည့် တောက်တိုမည်ရ ဝန်ထမ်းကလေးကို လွှတ်ပေးရှာ၏။ မောင်ဝင်းလှိုင်လည်း ခေသူတော့မဟုတ်။ သူ့ဆရာအကြံပေး အယ်ဒီတာဦးသက်ကျော်၏ လမ်းစဉ်အတိုင်း ညညဆို မူးပြဲနေအောင်သောက်လေ၏။ မနက်မိုးလင်းလေတိုင်း အသံတွေလည်း ကြားရ၏။

"ဝင်းလှိုင်ရေ ... ငါ့ကို ကူညီပြုစုဖို့ လာတာတော့ ကျေးဇူးတင်ပါတယ်။ ဒါပေတယ်လို့ အိပ်ရာထဲ သေးပေါက်ပေါက်ချတာတော့ မကောင်းပါဘူးကွာ။ နောက်လည်း မလာပါနဲ့တော့။ ငါ့မြေးကပဲ ငါ့ကိုပြုစုပါလိမ့်မယ်"

ဦးသက်ကျော်၏ စကားသံကြားရပြီးသည့်ကာလ နောက်ရက်၌ မောင်ဝင်းလှိုင်လာသည်ကို မတွေ့ရတော့ချေ။ သို့ပါသော်ငြား ဦးသက်ကျော်၏ ကျန်းမာရေးက သိပ်အားရစရာမရှိ။ သည့်အတွက် ကျွန်ုပ်လည်း ၎င်း၏အခန်းသို့ ကူးသွားရလေတော့၏။ အာလာပသလ္လာပစကားများကို ပြောဆိုရင်းမှ ၎င်း၏အသက်ကို မေးကြည့်၏။ ၆၄ နှစ်ဟု သိရ၏။ ၎င်းကို ၈ နှင့်စားသော် အကြွင်း ဝ ရလေတော့သည်။

"ကိုသက်ကျော်ရေ ... သောကြာသားဖြစ်တဲ့ ခင်ဗျားအဖို့ ယတြာလုပ်ရလိမ့်မယ်။ ခင်ဗျားရဲ့ ကျန်းမာရေးကောင်းဖို့ပါ။ လုံချည်အဟောင်းတစ်ထည်ကို လေတိုက်ခံပြီး စွန့်လိုက်ပါ"

"ကောင်းမယ်ထင်သလို လုပ်ပေးပါ ဆရာရယ်"

ကျွန်ုပ်လည်း အဆိုပါ ယတြာအတိုင်း လုပ်ပေးလိုက်ပါ၏။ ထူးခြားလေစွ။ နောက်ရက်တွေ၌ ရောဂါဝေဒနာ လျော့သွားကာ တစ်စတစ်စ ထူထောင်လာပြီး အလုပ်ပင် ဆင်းလာနိုင်တော့၏။ ကျေးဇူးတင်လွန်း၍ထင့်။ အလုပ်တိုက်မှ ပြန်လာလေတိုင်း ပါဆယ်ထုပ်ကလေးများ ဆွဲလာကာ ကျွန်ုပ်ကို လာလာပေးပါတော့၏။ လက်မခံခဲ့ပါ။ အသောက်အစား လျော့လျက် အလုပ်ပုံမှန်လုပ်လာနိုင်သည်ကိုပဲ ကျွန်ုပ်အဖို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတော့၏။

ဤစာရှုသူတို့အနေဖြင့် ကျန်းမာရေးချို့ချာမှုနှင့် ကြုံပါက ကိုယ်တိုင်တွက်ချက်၍ ယတြာချေနိုင်ကြပါသည်။ လက်ရှိရောက်နေသောအသက်ကိုတည်၊ ၈ ဖြင့်စားပါ။ အကြွင်းများ ထွက်လာပါလိမ့်မည်။

**၁။ တနင်္ဂနွေသားသမီးများ**

(၁) ကြွင်းလျှင် လုံချည်ကို ရေမျှောစွန့်ပါ။ (၂) ကြွင်းလျှင် အင်္ကျီကို ရေမျှောစွန့်ပါ။

**၂။ တနင်္လာသားသမီးများ**

(၂) ကြွင်းလျှင် လုံချည်ကို ရေမျှောစွန့်ပါ။ (၃) ကြွင်းလျှင် ထိုနည်းလည်းကောင်း။ (၅) ကြွင်းလျှင်မူ အင်္ကျီကို လေတိုက်ခံ၍ စွန့်ပါ။

**၃။ အင်္ဂါသားသမီးများ**

(၃) ကြွင်းလျှင် လုံချည်ကို လေတိုက်ခံ၍ စွန့်ပါ။ (၄) ကြွင်းလျှင် အင်္ကျီကို မြေမြှုပ်၍ စွန့်ပါ။

**၄။ ဗုဒ္ဓဟူးသားသမီးများ**

(၇) ကြွင်းလျှင် လုံချည်ကို မြေမြှုပ်၍ စွန့်ပါ။ (၄) ကြွင်းလျှင် အင်္ကျီကို မီးရှို့၍ စွန့်ပါ။

**၅။ ကြာသပတေးသားသမီးများ**

(၄) ကြွင်းလျှင် အင်္ကျီကို လေတိုက်ခံ၍ စွန့်ပါ။ (၁) ကြွင်းလျှင် လုံချည်ကို မီးရှို့စွန့်ပါ။

**၆။ သောကြာသားသမီးများ**

(၄) ကြွင်းလျှင် အင်္ကျီကို မီးရှို့စွန့်ပါ။ (၀) ကြွင်းလျှင် လုံချည်ကို လေတိုက်ခံ၍ စွန့်ပါ။

**၇။ စနေသားသမီးများ**

(၁) ကြွင်းလျှင် အင်္ကျီကို ရေမျှော၍ စွန့်ပါ။ (၄) ကြွင်းလျှင် လုံချည်ကို မီးရှို့၍ စွန့်ပါ။

**မှတ်ချက်** ။ အင်္ကျီ၊ လုံချည်များ အသစ်မဟုတ်ပါ။ အဟောင်း (သို့) တစ်ပတ်နွမ်း ဖြစ်ပါသည်။

ဂန္ဓာရီဆြာ



www.burmeseclassic.com

www.burmeseclassic.com



# သည်လသည်ရက် အိမ်မတက်နှင့်

■ ဆရာစီဝအောင်ထွန်း

"ရှိစုမဲ့စုကလေးကို ထုခွဲပြီး အိမ်ကလေးတစ်လုံးဆောက်လိုက်တာ အိမ်ကလေးတော့ ပြီးသွားပြီဆရာ"

"တော်တော်တော့ ကုန်သွားမှာပဲနော်"

"ကုန်ပြီလား ဆရာရယ်။ ဒါကြောင့်ပဲ စကားပုံတွေ ဘာတွေ ပေါ်လာတာနေလိမ့်မယ်"

"ဘာစကားပုံများပါလိမ့် မခင်မျိုးရဲ့"

"လောကမှာ လူမိုက်တို့သည် အိမ်ဆောက်ကြ၍ လူလိမ္မာတို့ကမူ ဆောက်ပြီးသားအိမ်ပေါ်သို့ တက်နေကြ၏ ဆိုတာလေ"

"ဟား ... ဟား ... ဟား ... ညည်းကလည်း အလာသားပါပဲကလား။ ကေန္တ ငါ့တပည့်မောင်ရွှေတိုးရဲ့ စာပေစကားတွေ နေ့တိုင်းကြားရလို့နဲ့ တူပ"



www.burmeseclassic.com

www.burmeseclassic.com

မခင်မျိုးနှင့် မောင်ရွှေတိုးကား ကျွန်ုပ်၏ တပည့်အလိမ္မာ လင်မယားဖြစ်ကြချေ၏။ အိမ်ထောင်စကျကတည်းက 'မောင်တစ်ထမ်း မယ်တစ်ရွက်' စကားနှင့် လျော်ညီစွာ မခိုမကပ်ဘဲ အလုပ်လုပ်ကြ၏။ မောင်ရွှေတိုး ဆိုက်ကားနင်း၍ ရှာရသမျှကို ပဲပြုတ်ရောင်းသော မခင်မျိုးကလည်း 'စီးတဲ့ရေ ဆယ်တဲ့ကန်သင်း'နှင့် လျော်ညီစွာ အစုအဆောင်းကောင်း၏။ ရလာသမျှ အတော်အတန် အထုပ်အထည်ရှိလာလျှင် ရွှေထည်ပစ္စည်းတစ်ခုခု ပြေးလုပ်တတ်၏။ ကျွန်ုပ် အလုပ်သွား၊ အလုပ်ပြန်ကို ဆိုက်ကားဖြင့်ပို့ပေးတတ်သော မောင်ရွှေတိုးမှာ ကျွန်ုပ်၏လမ်းညွှန်မှုဖြင့် အချိန်အားလပ်လျှင် စာဖတ်ကျင့်ရလာ၏။ အပျော်အပါးမရှိ။ စာကောင်းပေမွန်တို့ဖြင့် မွေ့လျော်သော မောင်ရွှေတိုး၏ အလိမ္မာရှိပုံကို မြင်တွေ့ရလေတိုင်း ဆရာမိဘသဖွယ်ဖြစ်နေသော ကျွန်ုပ်မှာ ဝမ်းသာပီတိဖြစ်ရချေ၏။ ကျွန်ုပ်၏ ညွှန်သင်မှုဖြင့် ဆိုက်ကားပိုင် ဖြစ်လာ၏။ မြေပိုင်ဖြစ်လာ၏။ ယခု တောင့်တင်းသော အိမ်ကလေးပိုင်ရှင်ပင် ဖြစ်လာခဲ့ရချေပြီကော။

"ကိုယ်ပိုင်အိုးအိမ်ရှိလာတာ ဘယ်လောက်ဂုဏ်ယူစရာကောင်းသလဲကွယ်။ မင်းတို့ကို ဆရာချီးကျူးပါတယ်။ အိမ်ငှားဘဝနဲ့လည်း မင်းတို့ နေခဲ့ဖူးတာပဲ။ ဘယ့်ကလောက် မျက်နှာငယ်ရသလဲ။ ခုဆို မင်းတို့ရဲ့ တက်ညီလက်ညီ ကြိုးစားမှုကြောင့် အောင်မြင်မှု အသီးအပွင့်တွေ ခံစားနေရပြီ။ ကိုင်း ... ပြော၊ ဆရာဘာများကူညီပေးရမလဲ"

"ကူညီရမှာကတော့ အိမ်တက်လုပ်ချင်တယ်။ အဲဒါ နေ့ကောင်းရက်သာကလေး ရွေးပေးဖို့ပါပဲ"

"စိတ်ချ၊ ဆရာရွေးပေးမယ်"

သို့ဖြင့် ကျွန်ုပ်လည်း အိမ်တက်ရမည့် နေ့ကောင်းရက်သာကို ရွေးချယ်ပေးလိုက်ပါတော့၏။ ဤသို့ မခင်မျိုးက စကားစလာပြန်သေး၏။

"ကျွန်မတို့ လမ်းထဲက ဦးကျော်စိန်ကြီး အိမ်တက်လုပ်ပြီးတဲ့နောက်ပိုင်း ဒုက္ခရောက်သွားတယ်။ အဲဒါ ဘာဖြစ်လို့လဲဟင်"

"အဲဒါ အိမ်မတက်သင့်တဲ့ရက်မှာ တက်ခဲ့လို့ပဲပေါ့။ ဆရာလည်း တားခဲ့ပါသေးတယ်။ သည်ပုဂ္ဂိုလ်က ခေါင်းမာတော့ မဖြစ်သင့်တာ ဖြစ်သွားရတာပေါ့"

"ဒါဖြင့် အိမ်တက်မလုပ်သင့်တဲ့ရက်တွေကို ပြောပြပါလား ဆရာရယ်"

ဤသို့ ကျွန်ုပ်လည်း ဗဟုသုတလိုလားသော တပည့်မကလေးအတွက် အိမ်တက်မပြုလုပ်သင့်သော ရက်များကို ဗဟုသုတအလို့ငှာ ရှင်းပြလိုက်ရပါတော့၏။

အိမ်တက်မပြုလုပ်သင့်သော ရက်များ ...

၁။ တန်ခူးလဆန်း(၅)ရက်၊ လဆုတ်(၅)ရက်နေ့တို့ကို ရှောင်ပါ။

၂။ ကဆုန်လဆန်း(၆)ရက်၊ လဆုတ်(၆)ရက်နေ့တို့ကို ရှောင်ပါ။

၃။ နယုန်လဆန်း(၆)ရက်၊ လဆုတ်(၆)ရက်နေ့တို့ကို ရှောင်ပါ။

၄။ ဝါဆိုလဆန်း(၁)ရက်၊ လဆုတ်(၁)ရက်နေ့တို့ ကို ရှောင်ပါ။

၅။ ဝါခေါင်လဆန်း(၁)ရက်၊ လဆုတ်(၁)ရက်နေ့တို့ကို ရှောင်ပါ။

၆။ တော်သလင်းလဆန်း(၂)ရက်၊ လဆုတ်(၂)ရက်နေ့တို့ကို ရှောင်ပါ။

၇။ သီတင်းကျွတ်လဆန်း(၂)ရက်၊ လဆုတ်(၂)ရက်နေ့တို့ကို ရှောင်ပါ။

၈။ တန်ဆောင်မုန်းလဆန်း(၃)ရက်၊ လဆုတ်(၃)ရက်နေ့တို့ကို ရှောင်ပါ။

၉။ နတ်တော်လဆန်း(၃)ရက်၊ လဆုတ်(၃)ရက်နေ့တို့ကို ရှောင်ပါ။

၁၀။ တပို့တွဲလဆန်း(၄)ရက်၊ လဆုတ်(၄)ရက်နေ့တို့ကို ရှောင်ပါ။

၁၁။ တပေါင်းလဆန်း(၅)ရက်၊ လဆုတ်(၅)ရက်နေ့တို့ကို ရှောင်ပါ။

ဆရာဇီဝအောင်ထွန်း





www.burmeseclassic.com

www.burmeseclassic.com



# ဈေးသည်တို့ ငွေးကြွယ်ဖို့

■ မင်္ဂလာဦးရွှေအိုး

"လောဘသက္ကာယကြီးတာတော့ မဟုတ်ပါဘူး။ ဒါပေတယ်လို့ ကိုယ်စိုက်ထုတ်ထားတဲ့ အရင်းအနှီးကိုတော့ မြုပ်နေတာမျိုး မဖြစ်စေချင်ဘူး ဆရာ"

"ငွေပေါ်ရှုံတင်ပဲလား။ အမြတ်ကတော့ ကိစ္စမရှိဘူး ဆိုပါတော့၊ ဟုတ်စ"

"အဲ ... အဲ ... ဒါဆိုလည်း မနိပ်သေးဘူးဆရာရဲ့။ ငွေလည်း မြန်မြန်ပေါ်စေချင်သလို၊ အမြတ်အစွန်းလည်း တတ်နိုင် ဖြစ်နိုင်ရင် များများ ရစေချင်တာပေါ့ ဆရာရယ်။ လောကီလူသားတွေပဲ မဟုတ်လား။ လောဘ ဘယ်ကင်းနိုင်ပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com

"အင်း ... မောင်ရင့်သဘောထားက သားရွှေအိုးထမ်းတာ မြင်ချင်သလို မိုးလည်းရွာ ပျိုးလည်းသာရုံမက သားကိုလည်း လာစေချင်တာမျိုး ဖြစ်လာပြီကော"

"ဒါကတော့ ဆရာရယ်၊ ကျွန်တော်တို့က တရားမမြင်သေးတဲ့ လောကီဘုံသားတွေပဲ မဟုတ်ဘူးလား။ ဒီတော့ ဆရာ့အနေနဲ့ တတ်စွမ်းသမျှ ကူညီပေးပါဦး။ ကျွန်တော့်ရဲ့ မိနီမားကတ်နဲ့ မိန်းမထိုင်တဲ့ ကျွန်တော့်ရဲ့ဆိုင်ခွဲ မိနီမားကတ်ဟာ ရောင်းအားတွေ ထိုးထိုးကျနေတယ်ဆရာ။ ဝန်ထမ်းပေးရတဲ့ လခတောင် ရှုံးပါသေးရဲ့။ ဒီလကုန်ရင်တောင် ဝန်ထမ်းအင်အား လျှော့မလားလို့"

"နေပါဦး မောင်ထွေးရဲ့။ ဝန်ထမ်းတွေက သစ္စာမရှိလို့လား။ မရိုးဖြောင့်လို့လား"

"သစ္စာရှိပါတယ် ဆရာရဲ့။ ရိုးလည်း ရိုးဖြောင့်ပါတယ်။ အရောင်းအဝယ် ကောင်းတုန်းကလည်း ပစ္စည်းပျောက်ရှတာမျိုး ငွေစာရင်းဇယား ကွာဟတာမျိုး လုံးဝဆိုလုံးဝ မရှိခဲ့ဘူး"

"ဒါဆိုရင် အဲဒီဝန်ထမ်းတွေကို လျှော့ပစ်ဖို့ မလုပ်လေနဲ့။ လောကမှာ အလုပ်ရှင်တစ်ယောက်အတွက် ဝန်ထမ်းကောင်း ရရှိတယ်ဆိုတာ မင်္ဂလာပဲ"

"ကျွန်တော်လည်း ဘယ်လျှော့ချင်ပါ့မလဲ ဆရာရယ်။ ဒါပေမဲ့ လက်ရှိအခြေအနေအရ အရောင်းအဝယ်က ထိုးကျနေတယ်ဆိုတော့ကာ ..."

"ကိုင်း ... မောင်ထွေး။ မင်း ဘာမှ အကျိုးအကြောင်းတွေ၊ အဆိုးအကောင်းတွေ ဇာချဲ့မနေနဲ့တော့။ မင့်အလုပ်သမားကောင်းတွေ လျှော့ဖို့ရာလည်း လုံးဝစိတ်မကူးနဲ့တော့"

"ဒါ ... ဒါဆို"

"အေး ... အဲဒီအတွက် မင်းတို့အလုပ်ရှင် လင်မယားရော၊ ဆိုင်က အလုပ်သမားတွေပါ နေ့စဉ် အိမ်ကနေ ဆိုင်ရှိရာ ထွက်တော့မယ်ဆိုလေတိုင်း လုပ်ရမယ့် လောကီကိစ္စလေးတွေကို ငါပြောပြမယ်။ သေသေချာချာ နားထောင်မှတ်သားပြီးလုပ်၊ ဟုတ်ပလား"

"ဟား ... လုပ်မယ်ဆရာ၊ လုပ်မယ်။ လောကမှာ ဈေးသည်တစ်ယောက်အတွက် ဒွေးကြွယ်ဖို့အတွက်ဆိုရင် လုပ်သင့်လုပ်ထိုက်တာမှန်သမျှ လုပ်ရလုပ်ကြမှာပဲ ဆရာရဲ့"

"ကိုင်း .. ကိုင်း။ သေသေချာချာမှတ်"

ကျွန်ုပ်လည်း စကားဖြတ်ရင်း အပူသည် မောင်တင်ထွေးအတွက် အသုံးဝင်မည့် လောကီနည်းကလေးတစ်ခုကို ညွှန်ကြားလိုက်ပါ၏။ ကုန်ရောင်းကိစ္စသာမက ကုန်ဝယ်ကိစ္စအတွက်ပါ အိမ်ကထွက်တော့မည်ဆိုပါလျှင် ...

၁။ တနင်္ဂနွေနေ့ဖြစ်ပါက ငါးပိကို မီးဖုတ်ပြီး ထမင်းနှင့် စားပြီးမှ ထွက်ပါ။

၂။ တနင်္လာနေ့ဖြစ်ပါက ရေချိုးပါ၊ ပြီးလျှင် ဆားအနည်းငယ်စီ သုံးကြိမ်တိတိလျက်ပြီးမှ ထွက်ပါ။

၃။ အင်္ဂါနေ့ဖြစ်ပါက နာနတ်သီးစားသွားပါ။ (သို့မဟုတ်ပါက) ဒေါနပန်းကို ဆောင်ပြီးမှ ထွက်ပါ။

၄။ ဗုဒ္ဓဟူးနေ့ဖြစ်ပါက ဆန်ကို ထန်းလျက်နှင့် ကျို၍ စားပြီးမှ ထွက်ပါ။

၅။ ကြာသပတေးနေ့ဖြစ်ပါက ငှက်ပျောသီးကို ပြုတ်ပါ။ တို့မြှုပ်စားသောက်ပြီးမှ ထွက်ပါ။

၆။ သောကြာနေ့ဖြစ်ပါက သဘော်သီးမှည့်ကို စားသောက်ပြီးမှ ထွက်ပါ။

၇။ စနေနေ့ဖြစ်ပါက ခံတက်ရွက်၊ ခံတက်ချဉ်ဖတ်ကို တို့မြှုပ်စားသောက်ပြီးမှ ထွက်ပါ။

အပူသည် မောင်တင်ထွေးတစ်ယောက် ကျွန်ုပ် ညွှန်ကြားသည့်အတိုင်း သေချာကျနစွာဖြင့် သူတို့ဇနီးမောင်နှံသာမက ဝန်ထမ်းများပါ လုပ်ကြသည်ဆို၏။ သုံးလေးပတ်အတွင်းမှာပင် ထူးထူးခြားခြား အရောင်းအဝယ်ကောင်းလာသည်ဆို၏။ သည့်အတွက် မမျှော်လင့်သော တစ်နေ့၌ အပူသည်မဟုတ်တော့သော မောင်တင်ထွေးတစ်ယောက် ဇနီးသည် ဆံရှည်မလေးနှင့်အတူ ရောက်ရှိလာပြီး ကျွန်ုပ်အား ကျေးဇူးတင်ဝမ်းမြောက်စွာ လက်ဆောင်ပစ္စည်းများဖြင့် ကျေးဇူးဆပ်ပါလေတော့သတည်း။

## မင်္ဂလာဦးရွှေအိုး





www.burmeseclassic.com

www.burmeseclassic.com

# သိသာစေကြောင်း
# မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိန်း၏နည်းစနစ်အတိုင်းဟောသည်
## ဒေါက်တာစောယုနွယ်



တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်စရာကောင်းတဲ့ အလှူဒါနတွေ ပြုလုပ်ရပါလိမ့်မယ်။ အလှူလုပ်နိုင်အောင်လည်း ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ မိမိအလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ဝင်လိမ့်မယ်။ ယခုအချိန်၌ မိမိလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်းမလိုက်ပါနှင့်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေ မြင့်တက်ခြင်းများ ကြုံရလိမ့်မယ်။ မိမိအိမ်အဟောင်းကို ပြုပြင်ရတတ်တယ်။ မိမိနှင့် မသင့်မြတ်သူများရှိလျှင် ပြန်လည်သင့်မြတ်သွားမယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ အထက်လူကြီး၊ မိသားစုအကြီးအကဲများကြောင့် စိတ်ညစ်ရတတ်တယ်။ မကြာခဏ ခရီးထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေးအောင်မြင်မယ်။ ပညာရေးကိစ္စများ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ စာရွက်စာတမ်းကိစ္စများအတွက် ဂရုစိုက်ပါ။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်ဒုက္ခပေးခြင်း၊ အရိုးအကြော ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေချန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီဖြူ(၇)ပွင့်၊ ငွေထီး(၉)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္လာ၊ စနေ

**ညံ့သောရက်**

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

**ကံကောင်းသောနံပါတ်**

၂၄၊ ၂၇၊ ၃၂

**အထူးသတိပြုရန်**

အရက်ပုလင်း လက်ဆောင်မယူရ။ လျှပ်စစ်ကြိုးများ ဂရုစိုက်ပါ။ အရာရာ ဆုံးဖြတ်ချက်မြန်ခြင်းကို ရှောင်ပါ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားအား မကြာခဏ အမွှေးနံ့သာရည်ဖြင့် သပ္ပာယ်ပေးပါ။ ဘုရားကိုးဆူ ပြုလုပ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် စိတ်မော လူမော ဖြစ်နေတတ်တယ်။ ကိုယ်တပင်ပန်းပြီး အရာမရောက်တော့ တစ်ခါတလေ စိတ်ဒုက္ခရောက်ရတတ်တယ်။ ယခုကာလတွင် အမွေရခြင်း၊ အမွေကဲ့သို့သော ပစ္စည်းများ ရနိုင်သော်လည်း ယခုအချိန်တွင် လက်ခံပါက အလဟဿ ကုန်သွားတတ်ပါတယ်။ မိမိအလုပ်မှ ပြဿနာဟောင်းများ ပြန်ပေါ်လာတတ်တယ်။ အိမ်ထောင်ရေး ဂရုစိုက်ပါ။ အိမ်ထောင်ဘက်နှင့် စိတ်တိုင်းမကျခြင်း၊ စိတ်ဝမ်းကွဲခြင်းများ ဖြစ်တတ်တယ်။ နိုင်ငံခြားသွားမည့်သူများ အဆင်ပြေပါလိမ့်မယ်။ စိတ်ရော ကိုယ်ပါ တည်ငြိမ်မှု မရသောကာလ ဖြစ်သောကြောင့် မည်သည့်အရာကိုမှ ဆုံးဖြတ်ချက် မမြန်ပါနှင့်။ ဆွေမျိုးသားချင်းများထဲမှ အကြီးအကဲမိန်းမများ နာရေးကြုံတွေ့ရတတ်တယ်။ လူငယ် လူရွယ်များ မိန်းမဆိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများပြုပါက ဆွေခန်းမျိုးခန်း ပျက်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆေးရုံတက်ကိန်းအထိ ဖြစ်တတ်တယ်။ ခြေသည်း၊ လက်သည်း ပုပ်ခြင်း၊ သွေးထွက်သံယိုဖြစ်ခြင်းမျိုး ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်း(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ယပ်အဝါ(၁၉)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

စနေ၊ ကြာသပတေး

**ညံ့သောရက်**

သောကြာ၊ တနင်္လာ

**ကံကောင်းသောနံပါတ်**

၅၇၊ ၉၅၊ ၉၂

**အထူးသတိပြုရန်**

အမှုအတွက် အာမခံလိုက်ခြင်း၊ အမှုဖြစ်နေသူကို ထောင်ဝင်စာတွေ့ခြင်း ရှောင်ပါ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်တွင် ဗုဒ္ဓမြတ်စွယ်တော် ဓာတ်ပုံကို ပူဇော်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ လူမျိုးခြားက ကူညီမှု ပေးတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားရင် ဒီအချိန်မှာ သွားလိုက်ပါ။ မိသားစုအတွင်း စိတ်ဝမ်းကွဲစရာတွေ ကြုံရတတ်တယ်။ အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ ဝန်ထမ်းဆိုလျှင် အလုပ်နှင့် ပတ်သက်တဲ့ သင်တန်းတက်ရခြင်း၊ စာမေးပွဲ ဖြေဆိုရခြင်းများ ကြုံရတတ်တယ်။ ပညာရေးနှင့် ပတ်သက်၍ ကောင်းပါတယ်။ ငွေဝင်နည်းပေမယ့် ထီကံကောင်းတဲ့ ကာလဖြစ်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေတဲ့သူတွေအဖို့ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ လက်ရှိ အလုပ်အကိုင်မှ ပြောင်းချင်စိတ် ပေါ်လာမယ်။ မပြောင်းပါနှင့် ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ မိတ်ဆွေများနှင့် လမ်းခွဲရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ရခြင်းများ ဖြစ်တတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်းမျိုး ကြုံရတတ်တယ်။ သူများ၏ အမှုကို လိုက်လံဖြေရှင်းပေးရတတ်တယ်။ မိခင် ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ ရေနှင့်နီးသောနေရာတွင် ချော်လဲ၍ ထိခိုက်ဒဏ်ရာရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အစာအဆိပ်ဖြစ်ခြင်း၊ ခြေထောက်၊ ခါး၊ သွား ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၁၊ ၅၃၊ ၃၅၊ ၃၃

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း မလုပ်ပါနှင့်။ သူများကိုလည်း မည်သည့်ပစ္စည်းမှ မငှားပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ဂဃာနို့ဆွမ်း(၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်ဘဲ သင်တန်းတစ်ခု တက်ရတတ်တယ်။ အလုပ်နေရာ၊ အိမ်နေရာ မပြောင်းလဲသင့်တဲ့ကာလ ဖြစ်ပါတယ်။ ခရီးဝေး သွားမယ်လို့ ကြံရွယ်ထားလျှင် ယခုကာလမှာ ထွက်လိုက်ပါ။ မရည်ရွယ်ဘဲ မြေဝင်တတ်တယ်။ စက်ပစ္စည်းနှင့် ပတ်သက်ပြီး မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ယခုကာလတွင် အိမ်ကို သက်ကြီးရွယ်အို လာရောက်တည်းခိုပါက ကျန်းမာရေး ညံ့သွားတတ်တယ်။ ယခုကာလတွင် အိမ်ထောင်မပြုသင့်သေးပါ။ အိမ်ထောင်ပြုလျှင် နှစ်ဖက်မိဘဆွေမျိုး စိတ်ဝမ်းကွဲတာမျိုး ဖြစ်တတ်တယ်။ အိမ်ရောင်း၊ အိမ်ဝယ်လည်း မပြုလုပ်ပါနှင့်ဦး။ သစ်၊ သံ၊ သွပ်ကိစ္စများ၊ ရေထွက်ကုန်ပစ္စည်းများ အောင်မြင်အကျိုးပေးလိမ့်မယ်။ မထင်မှတ်သော ဆွေမျိုးသားချင်းက အကူအညီကောင်း ပေးလာလိမ့်မယ်။ တနင်္ဂနွေသားသမီး၊ သောကြာသားသမီးက အကူအညီပေးတတ်တယ်။ ရွှေနှင့် ရတနာပစ္စည်းများ ထွက်တတ်တယ်။ စက်ပစ္စည်း ဒုက္ခပေးလိမ့်မယ်။ ကျန်းမာရေးအနေဖြင့် သွေးထွက်သံယို ဖြစ်တတ်တယ်။ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခု ပျက်စီးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီဖြူ(၇)ပွင့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္ဂနွေ၊ သောကြာ

**ညံ့သောရက်**

အင်္ဂါ၊ စနေ

**ကံကောင်းသောနံပါတ်**

၁၆၊ ၁၇၊ ၆၁၊ ၆၅

**အထူးသတိပြုရန်**

လျှပ်စစ်မီး ဒုက္ခပေးတတ်သည်။
အမှုဖြစ်နေသူကို အာမခံမခံပါနှင့်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**


မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် သောကြာနေ့တိုင်း သစ်သီးဆွမ်း ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ကောင်းတစ်ဝက်၊ ဆိုးတစ်ဝက် ဖြစ်နေပါလိမ့်မယ်။ အများနှင့် ပူးပေါင်းလုပ်ရတဲ့ကိစ္စတွေ၊ စပ်တူလုပ်တဲ့လုပ်ငန်းတွေ အောင်မြင်ပါလိမ့်မယ်။ ဒီကာလဟာ အပျော်များရတဲ့ကာလ ဖြစ်ပါတယ်။ ဤကာလအတွင်း၌ အဖက်ဖက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ လူချစ်လူခင်လည်း ပေါများပါလိမ့်မယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ သင့်အတွက် အလွန်ကောင်းသော နိမိတ်ဖြစ်ပါတယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေးအောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ယခုကာလတွင် ငွေရှာရလွယ်ကူပေမယ့် စုဆောင်း၍ မရပါ။ ငွေဝင်လျှင် လက်ထဲမှာ ဒီအတိုင်းမထားဘဲ ရွှေဝယ်ထားလိုက်ပါ။ ယခုအချိန်တွင် ပျော်ရွှင်စန်းပွင့်မှု များ၊ စီးပွားရေးကောင်းမွန်မှုများကြောင့် တင့်တယ်လှပပြီး အခြွေအရံများနေတဲ့ကာလဖြစ်ပါတယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး ရှုပ်ထွေးမှုတွေ ဖြစ်လာတတ်ပါတယ်။ အစွပ်အစွဲ အပြောအဆိုလည်း ခံရတတ်တယ်။ သင်သည် ကဆုန်လ၊ ဝါခေါင်လများ ပါနေရင်တော့ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများနှင့် စိတ်ဝမ်းကွဲရတတ်တယ်။ အပျိုလူပျိုတွေအဖို့ ယခုကာလတွင် အိမ်ထောင်ပြုလျှင် တည်မြဲသော အိမ်ထောင်ရေး မဖြစ်နိုင်ပါ။ အမူအခင်း ဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ခရီးသွားလျှင် အနောက်မြောက်ထောင့်နှင့် အရှေ့တောင်အရပ်များသို့ ခရီးမသွားသင့်ပါ။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်သည်။ မြေကိစ္စ၊ အမွေအနှစ်ကိစ္စများ ကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစားမှားဖြစ်ခြင်း၊ သွားဒုက္ခပေးခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်(၆)ညွန့်၊ ထန်း(၇)ညွန့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၁၊ ၄၁၊ ၄၂

### အထူးသတိပြုရန်

အုပ်စုဖွဲ့၍ လောင်းကစားပျော်ပါးခြင်းများ မပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက်၊ ကရေကရာ(၆)ခု လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ကောင်းကျိုးပေးတဲ့ကာလဖြစ်ပါတယ်။ အတိုက်အ ခံ အပြိုင်အဆိုင်တွေ ရှိသော်လည်း အောင်မြင်ပါလိမ့်မယ်။ ဆွေမျိုး အပေါ င်း အသင်းတွေကိုလည်း ကိုယ်က အများဆုံး အကူအညီပေးနိုင်လိမ့်မယ်။ အိ မ် နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း လုပ်ရတတ်တယ်။ ဝန်ထမ်းမျ း အဖို့ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင် း လုပ်ငန်းတိုးချဲ့ရခြင်းများ ပြုလုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထော င် ကျတတ်သော ကာလဖြစ်သည်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံ မည်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ ခရီးအကျိုးပေး သောကာလ ဖြစ်ပါတယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ စကားပြော မှားတ သောကာလ ဖြစ်သောကြောင့် နှုတ်စောင့်စည်းနေခြင်းသည် အကောင်းဆုံးတာ ဖြစ်သည်။ ဤကာလတွင် လောဘတကြီးဖြင့် စီးပွားမရှာသင့်ပါ။ စိတ်ထင်ရာ တစ်ဇွတ်ထိုးလုပ်လျှင် ဂုဏ်သိက္ခာကျခြင်းမျိုး ခံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခါးမျက်ခြင်း၊ ခြေထောက်တွင် သွေးထွက်သံယို ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီပန်း(၇)ပွင့်၊ ငြိုးပင်ရွက်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
|---|
| ဗုဒ္ဓဟူး၊ သောကြာ |

| ညံ့သောရက် |
|---|
| တနင်္ဂနွေ၊ ကြာသပတေး |

| ကံကောင်းသောနံပါတ် |
|---|
| ၄၆၊ ၄၇၊ ၆၂၊ ၆၄ |

| အထူးသတိပြုရန် |
|---|
| မိမိအိမ်ပေါင်ပြီး မည်သည့်လုပ်ငန်းမျှ မလုပ်ပါနှင့်။ သူများအိမ် လာပေါင်လည်း လက်မခံပါနှင့်။ |

| ကံကောင်းပြီး လာဘ်ရှင်စေရန် |
|---|
| မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း သစ္စာသီး လှူဒါန်းပေးပါ။ |

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အဆိုးထဲက အကောင်းလေးတွေ ဖြစ်ပေါ်လာပါလိမ့်မယ်။ လုပ်ငန်းသစ်လုပ်ရန် အကြံအစည်ကောင်းများ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ ဆိုင်တစ်ဆိုင်ဖွင့်ဖို့လည်း လာပြောခြင်းမျိုး ခံရတတ်တယ်။ စက်ပစ္စည်းများ ဝင်လိမ့်မယ်။ ယခုကာလအတွင်း ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ မသွားချင်သော ခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ အင်္ဂါသားသမီး၊ တနင်္ဂနွေသားသမီးနှင့် ပူးတွဲလုပ်လျှင် အောင်မြင်မယ်။ ဘာလုပ်လုပ် နှစ်ခါပြန် လုပ်နေရမယ်။ သတိထားရမှာက လောဘမကြီးပါနှင့်။ ကိုယ်နဲ့ ချစ်ခင်သူတွေနဲ့လည်း စိတ်ဝမ်းကွဲတတ်တယ်။ ဗုဒ္ဓဟူးသားသမီးရှိပါက အိမ်က ထွက်သွားတတ်တယ်။ အိမ်မှာ ကိုယ်ဝန်ဆောင်သည်ရှိလျှင် အိမ်မှာ မမွေးပါနှင့်။ သင်သည် မိန်းကလေးဖြစ်လျှင် ဒီအချိန်မှာ အပြောအဆို ဂရုစိုက်ပါ။ အစွပ်အစွဲ အပြောအဆို ခံရတတ်တယ်။ အပျို လူပျိုတွေ စန်းပွင့်နေမယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နှင့်ပတ်သက်သော ဝေဒနာ ခွဲစိတ်ခြင်းမျိုး ကြုံရတတ်တယ်။ ကားပွတ်တိုက်မိတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညှပ်(၄)ညှပ်၊ ပေါက်ပန်းဖြူ(၅)ညှပ်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၀၊ ၃၃

### အထူးသတိပြုရန်

ဘာသာရေးဆိုင်ရာ စာအုပ်တစ်အုပ် လက်ဆောင်ရပါက အလုပ်ကောင်း၊ နေရာကောင်း ရတတ်တယ်။ ရပ်ဝေးမြေခြားမှ အမျိုးသမီးတစ်ယောက်နှင့် ပတ်သက်ပြီး ငွေလိမ်ခံရတတ်တယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့တိုင်း အုန်းနို့ခေါက်ဆွဲ(၄)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းများ သိသိသာသာ အောင်မြင်မယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်သောကာလ၊ လုပ်ငန်းဟောင်းများ စီးပွားသိသိသာသာတက်မယ်။ သိကြားမ,လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ် အချိန်ဖြစ်တယ်။ ခရီးဝေးများ သွားရတတ်တယ်။ ထိုခရီးများသည်လည်း စိတ်ချမ်းသာစရာခရီးများဖြစ်လိမ့်မယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများနှင့် တွေ့မယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ သင်တန်းတစ်ခု တက်ရမယ်။ ပညာကောင်းရမယ်။ အဖိုးတန် စက်ပစ္စည်းများဝင်မယ်။ ရပ်ဝေးမှ စာများ၊ အဆက်အသွယ်များ ရလာမယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြမ်းခြင်းများ ကြုံလိမ့်မယ်။ ဝန်ထမ်းများအဖို့ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရန်များခြင်း၊ စကားများဖြေရှင်းရခြင်း၊ ရင်းနှီးသူလုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများ စကားပြောရတတ်သော်လည်း အောင်မြင်မှု ရပါလိမ့်မယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ မမျှော်လင့်တဲ့ဆီက ငွေတွေဝင်လာတတ်တယ်။ ဆုံးပြီလို့ ထင်ထားတဲ့ ငွေတွေလည်း ပြန်ရတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက်ကြောင့် စိတ်ညစ်ရတတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ မိမိကိုယ်တိုင်လည်း နှလုံးနှင့်ပတ်သက်၍လည်းကောင်း၊ လေနှင့် ပတ်သက်၍လည်းကောင်း၊ ဒူး၊ နား ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ တံခွန်ဖြူ(၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၃၃၊ ၃၅၊ ၅၃၊ ၅၅

### အထူးသတိပြုရန်

လာမည့် မွေးလ၊ မွေးရက်အထိ အသုဘ မပို့ရ။
သချိုင်းမြေ မနင်းရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တိုင်း ပဲပေါက်စိ(၈)လုံး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၄-ခုနှစ်၊ ဖေဖော်ဝါရီလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

BURMESE CLASSIC .com

## တနင်္ဂနွေသားသမီးများအတွက်

အိမ်ပြောင်း၊ အလုပ်ပြောင်း ကြုံရမည်။ ငွေရသော်လည်း အကြွေးတင်နေလိမ့်မည်။ အစစ်ဆေးခံရတတ်သည်။ ကလေးရှိက အိမ်ပေါ်မှ လိမ့်ကျတတ်သည်။ ယခုကာလတွင် အရက်သောက်ခြင်းရှောင်လျှင် အညံ့များ ပြေပျောက်နိုင်သည်။ လူပျို၊ အပျိုများ အိမ်ထောင်ကျနိုင်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သစ်သီးများ လက်ဆောင်ပေးပါ။

## တနင်္လာသားသမီးများအတွက်

မျက်နှာပွင့်လန်းသောကာလဖြစ်သည်။ လူချစ်လူခင် ပေါများမည်။ စီးပွားရေးမှာ ယခင်ကာလများထက် ကောင်းလာမည်။ လုပ်ငန်းခွင်အတွင်းမှာ ပျော်ရွှင်စွာ လုပ်ကိုင်ရမည်။ အလုပ်ရှင်၊ အလုပ်သမားများနှင့် ပြေလည်မှုရှိမည်။ အိမ်ကို ခွေး၊ ကြောင် အရုပ်များ လက်ဆောင်ရမည်။

**ယတြာ**

ကလေးများကို ချောကလက် ဝယ်ကျွေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

အလုပ်နှင့်ပတ်သက်ပြီး အထစ်အငေါ့ ဖြစ်တတ်သည်။ အလုပ်အတွင်း အပြောင်းအလဲဖြစ်မည်။ အထက်လူကြီး၊ အောက်လက်ငယ်သားများနှင့် မသင့်မမြတ်ဖြစ်မည်။ လူပျို လူလွတ်များ အိမ်ထောင်ကျလျှင် မိဘသဘောမတူသူ ဖြစ်တတ်သည်။ ထီပေါက်တတ်သည်။ ထီပေါက်က လှူပေးပါ။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သကြားပလာတာ ဝယ်ကျွေးပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်

အလုပ်အကိုင်အတွင်းမှ ကြီးကဲသူ၏ မ,စမှုခံရမည်။ မြေနှင့်ပတ်သက်ပြီး ငွေရမည်။ စက်ပစ္စည်းတစ်ခု လက်ဆောင်ရမည်။ မော်တော်ကားနှင့်ပတ်သက်ပြီး ထိခိုက်မှုရှိမည်။ မိန်းမတစ်ဦးနှင့် ပတ်သက်ပြီး စကားအခြေအတင် ပြောရတတ်သည်။ မည်သို့ပင် အဆင်မပြေမှုရှိနေသော်လည်း ငွေများဝင်နေလိမ့်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပေါင်မုန့်ကြော် ဝယ်ကျွေးပါ။

BURMESE CLASSIC .com

## ကြာသပတေးသားသမီးများအတွက်

အလုပ်အတွင်းမှ အောက်လက်ငယ်သား ထွက်တတ်သည်။ လက်ရှိနေရာမှ ပြောင်းလိုစိတ်ပေါ်သော်လည်း သည်းခံနေသင့်သည်။ အထက်လူကြီးနှင့် ပတ်သက်ပြီး စိတ်ညစ်ရတတ်သည်။ အလုပ်အတွင်း ထိခိုက်မှုရှိတတ်သည်။ ခြေထောက်ဒဏ်ရာ ရတတ်သည်။

**ယတြာ**

ထောပတ်နှင့် ပြုလုပ်ထားသောမုန့်ကို သက်ကြီးရွယ်အိုတစ်ဦးကို လှူပါ။

## သောကြာသားသမီးများအတွက်

ငွေအစုလိုက် အပုံလိုက် ဝင်မည်။ အိမ်ဝယ်၊ ကားဝယ်ကိစ္စများ စီစဉ်ထားပါက အောင်မြင်မည်။ ထီး၊ ဖိနပ်များ လက်ဆောင်ရပါက လက်မခံပါနှင့်။ လာဘ်တိတ်တတ်သည်။ ခရီးမကြာခဏ ထွက်ရတတ်သည်။ ဆွေမျိုးများကို အကူအညီပေးရမည်။ ပညာရေးနှင့်ပတ်သက်ပြီး သင်တန်းကိစ္စ ခေတ္တရပ်နားမည်။

**ယတြာ**

အာလူးကက်တလစ်ကို သက်ကြီးရွယ်အိုအား လှူပါ။

## စနေသားသမီးများအတွက်

လက်ရှိရာထူးတိုးတက်မည်။ သို့မဟုတ် လစာအပြောင်းအလဲရှိမည်။ ကောင်းသောပြောင်းလဲခြင်း ဖြစ်မည်။ အိမ်နေရာ ပြောင်းရမည်။ ပြောင်းသောနေရာသည် မီးရထားဘူတာရုံ ကားဂိတ်တို့နှင့် နီးမည်။ ငယ်ရွယ်သူများ အိမ်ထောင်ကျတတ်သည်။ ရွှေထည်ပစ္စည်း ဝင်တတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သောက်ရေသန့် ဝယ်ပေးလိုက်ပါ။

## ရာဟုသားသမီးများအတွက်

အလုပ်သစ်ပြောင်းခြင်း၊ အိမ်သစ်ပြောင်းခြင်းကြုံမည်။ ယခင်အခြေအနေထက်ကောင်းမည်။ အလုပ်နှင့်ပတ်သက်သော ခရီးသွားရမည်။ မိတ်ဆွေဟောင်းများနှင့် ပြန်တွေ့ရမည်။ ဆုံးပြီဟုထင်သော ငွေများပြန်ရမည်။ ရောက်လေရာတွင် မျက်နှာပွင့်လန်းမည်။ အိမ်ထောင်ရေးကိစ္စ ရှုပ်ထွေးနိုင်သည်။

**ယတြာ**

မိတ်ဆွေများကို ပေါင်မုန့် ၅ လုံး လက်ဆောင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## သတ္တမအကြိမ်မြောက် တေဇာရာမ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း မဟာဘုံကထိန်ပွဲ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ ထ/၁၆ ရပ်ကွက်၊ မဟာဗန္ဓုလလမ်းရှိ တေဇာရာမ ဘုန်းတော်ကြီးသင် ပရဟိတ ပညာရေးကျောင်းတွင် ၁၃၇၅-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ၂၀၁၃-ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ စနေနေ့က သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံကုန်သည်ကြီးများအသင်း၊ ဆန်စပါးကုန်စည်ဒိုင်(ဘုရင့်နောင်)၏ ဆန်၊ ဆန်ထွက်ပစ္စည်းကုမ္ပဏီပွဲရုံများ၊ ဆန်အကျိုးဆောင်များ၊ ပြူးပန်းတရာမိသားစုနှင့် သီရိမွန်ပလာဇာမိသားစုများနှင့် ကောင်းမှုအလှူရှင်များ စုပေါင်း၍ ကထိန်ပွဲကို စည်ကားစွာကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနား၌ တေဇာရာမဘုန်းတော်ကြီးသင် ပရဟိတပညာရေးကျောင်း ဦးစီးပဓာန နာယကဆရာတော်၊ ကျောင်းအုပ်ဆရာတော်၊ အရှင်ဂမ္ဘီရဗုဒ္ဓိ(ရွှေပြည်ခိုင်)မှ သီလပေး တရားတော်များ ချီးမြှင့်ပြီး အလှူရှင်များမှ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းနှင့်တကွ ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး ကထိန်ရေစက်ချ တရားတော်များ နာယူခဲ့ကြသည်။

စုပေါင်းမဟာဘုံကထိန်ပွဲသို့ ပင့်သံဃာတော်အရှင်သူမြတ်များ နေ့ဆွမ်းဆက်ကပ်ပြီး ကြွရောက်လာသော ဧည့်သည်များကို အကျွေးအမွေးဖြင့် ဧည့်ခံကာ နေ့လယ်တွင် သတ္တမအကြိမ်မြောက် တေဇာရာမဘုန်းတော်ကြီးသင် ပရဟိတပညာရေးကျောင်း စုပေါင်းမဟာ ဘုံကထိန်ပွဲ အောင်မြင်စွာ ပြီးစီးကြောင်း အထက်ပါ ကျောင်းတော်ကြီးမှ သတင်းရရှိပါသည်။

မြေလတ်-ကျော်လင်းဦး

## အမှတ်(၂) အစိုးရအထက်တန်းကျောင်း (ဟုမ်းလမ်း–ထီးတန်း) (၂၅)ကြိမ်မြောက် ငွေရတုမြတ်ဆရာပူဇော်ပွဲ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၂)အစိုးရအထက်တန်းကျောင်း(ဟုမ်းလမ်း၊ ထီးတန်း) ကျောင်းတော်ကြီးတွင် ၁၉၅၁-ခုနှစ်မှ ၂၀၁၃-ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်း တပည့်အပေါင်းတို့က ၁၉၅၁-ခုနှစ်မှ ၂၀၁၃-ခုနှစ်အထိ အထက်ပါကျောင်းတွင် ပညာများ ပို့ချခဲ့ကြသည့် ဆရာသခင်မြတ် ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများအား (၂၅)ကြိမ်မြောက် ငွေရတုမြတ်ဆရာပူဇော်ပွဲကို အဆိုပါကျောင်းတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်ဟု သိရှိရသည်။

ယင်းအပြင် တစ်ဆက်တည်း (၂၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် ပညာထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဂုဏ်ပြုချီးမြှင့်ပွဲကို ၁၃၇၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၁၃-ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့(အမျိုးသားနေ့) နံနက် ၁၀ နာရီမှ စတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

မောင်ယဉ်ဦး-ဓနုဖြူ

## ကိုးထပ်ကြီးဘုရားတွင် ဆီမီး(၉၉၉၉) လှူဒါန်းပူဇော်ပွဲ ကျင်းပ

၂၀၁၃-ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်၊ တနင်္ဂနွေနေ့(တန်ဆောင်မုန်းလပြည့်နေ့)ညပိုင်းတွင် စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်းရှိ ကိုးထပ်ကြီးဘုရားတွင် ဆီမီး(၉၉၉၉) လှူဒါန်းပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့သည်။ ကြွရောက်လာကြသည့် ဘုရားဖူးပရိသတ်များကိုလည်း မယ်ဇလီဖူးသုပ်များ ဝေငကျွေးမွေးလှူဒါန်းခဲ့ကြောင်းလည်း သိရှိရသည်။





www.burmeseclassic.com

www.burmeseclassic.com



## ချမ်းအေးဓမ္မစာဆိုပူဇော်ပွဲ (၁၇)ကြိမ်မြောက် ကျင်းပ

(၁၇)ကြိမ်မြောက် ချမ်းအေးဓမ္မစာဆို ပူဇော်ပွဲကို (၃-၁၁-၂၀၁၃)တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းရှိ အဘိဓမ္မရတနာယရ ဓမ္မဗိမာန်တော်ကြီးအပေါ်ထပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့သည်။ ထိုအခမ်းအနားသို့ ချမ်းအေးဆရာတော် အရှင်နာဂသေနာဘိဝံသကိုယ်တိုင် ကြွရောက်၍ ဂုဏ်ပြုဆုချီးမြှင့်တော်မူပါသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ချမ်းအေးဆရာတော် အရှင်နာဂသေနာဘိဝံသမှ ဓမ္မစာရေးဆရာ မင်းနန့်(မော်ကျွန်း)အား ဆုငွေကျပ်သုံးသိန်း ချီးမြှင့်ပေးခဲ့သည်။

(၁၇)ကြိမ်မြောက် ချမ်းအေးဓမ္မစာဆို ပူဇော်ခံဆရာ တော်များမှာ တောင်ဥက္ကလာပ၊ ပရိယတ္တိနယူမဒေသသိပ္ပံမဟူ ဆရာတော် အရှင်တိက္ခဉာဏ၊ အောင်စန္ဒာသိဒ္ဓိကျောင်းဆရာတော် အရှင်ဇနိန္ဒသာရ၊ အာသာဝတီတိုက်အောင်မြေဝတီဆရာတော် အရှင်ဥတ္တမ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ပါမောက္ခဌာနမှူး ဆရာတော်အရှင်ပဏ္ဍိတာဘိဝံသ၊ သန်လျင်ဝိသုဒ္ဓါရာမ ချမ်းမြေ့သာယာအေးဆရာတော် ဒီယတာထာကဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တကုမာရ တို့ဖြစ်ကြသည်။ ဓမ္မစာဆို အပူဇော်ခံ လူပုဂ္ဂိုလ်များမှာ ဆရာကြီး ဦးသောင်းလွင်၊ ဆရာကြီး ဆပ်ဖြူကျွန်းအောင်သိန်း ဆရာမကြီး ခင်ဆွေဦး၊ ဆရာမကြီး ဒေါ်ခင်စောတင့်၊ ဆရာဦးစိန်လှိုင်-မဟာဝိဇ္ဇာ တို့ ဖြစ်ကြသည်ဟု သိရှိရသည်။

အင်ကြင်း

---

## နတ်စင်တစ်ရာဆရာတော်၏ (၆၃)နှစ်ပြည့်မွေးနေ့ပွဲ ကျင်းပ



နတ်စင်တစ်ရာဆရာတော်၏ (၆၃)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်အဖြစ် (၂-၁၁-၂၀၁၃)စနေနေ့ နံနက် ၇ နာရီတွင် မယ်လမုဘုရားပရဝုဏ်အတွင်း၌ မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သံဃာတော်အရှင်သူမြတ်ပေါင်း ၉၀၀ တို့ကို သင်္ကန်းနှင့် ထောပတ်ဆွမ်းများ ဆက်ကပ် လှူဒါန်းဆွမ်းကျွေးပြီးနောက် သန်လျင်မြို့နယ်ရှိ အောင်ချမ်းသာရပ်ကွက် ခေမာရာမ သီလရှင်ကျောင်းမှ သီလရှင်အပါး ၉၀ အား ဝတ်စုံနှင့် ဆွမ်း၊ ဝတ္ထုများ လှူဒါန်း၍ နိုင်ငံတော် သံဃနာယကဆရာတော်ကြီးများမှ ရေစက်ချတရားပေးပြီး အဆိုတော်များနှင့် ရွှာစားစိန်မြင့်နိုင်မင်္ဂလာဆိုင်းမှလည်း ဆရာတော်ကြီးကို ဓမ္မပူဇာတေးများဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။ နတ်စင်တစ်ရာဆရာတော်ဘုရားကြီးသည်(၈၁)ကြိမ်မြောက် စတုဒီသာအလှူအဖြစ် လာရောက်ကြသော လူအများအား ထမင်းနှင့် ကြက်သားဟင်း၊ ရေခဲမုန့်နှင့် ဖျော်ရည်များကို ကျွေးမွေးဧည့်ခံခဲ့သည်။

(၉-၁၁-၂၀၁၃)စနေနေ့တွင်လည်း ဧရာဝတီတိုင်းဒေသအတွင်းရှိ ဟင်္သာတမြို့ နတ်မော်၊ ရွှေပင်သာ[illegible] ဘုရားကြီးမှာ (၈၂)ကြိမ်မြောက် စတုဒီသာ ကျွေးမွေးပြီး လပွတ္တာမြို့နယ်မှ ရှင်စောမြတ်စေတီတော်ကြီးမှာ (၁၇-၁၁-၂၀၁၃)နေ့တွင် ဆီမီး(၅၀၀၀)၊ ရေတော်(၅၀၀၀) နှင့် ဆွမ်း(၁၀၀၀)တို့ကို ကပ်လှူပူဇော်ကာ မယိုသတ်[illegible] နိုင်ငံတော်သံဃနာယကဆရာတော်ကြီးများကိုလည်း ပူဇော်ပွဲကျင်းပခဲ့သည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com

## ဆရာမ ဒေါက်တာစောယုနွယ်နှင့် ခုနစ်ရက်သားသမီးများ၏ ဘုံကထိန်အလှူ



၂၀၁၃-ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်၊ တနင်္ဂနွေနေ့(တန်ဆောင်မုန်းလပြည့်နေ့)တွင် ဆရာမဒေါက်တာစောယုနွယ်နှင့် ခုနစ်ရက်သားသမီးများ၏ ဘုံကထိန်အလှူမင်္ဂလာကို နှစ်စဉ် ကျင်းပနေကျအတိုင်း ဥတ္တမဝံသ ကျောင်းတိုက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ထိုနေ့ နေ့လယ်ပိုင်းတွင် ဆရာမဒေါက်တာစောယုနွယ်၏ နေအိမ်ဂေဟာ၌ နှစ်စဉ် လှူဒါန်းလေ့ရှိသည့်အတိုင်း ဆန်၊ ကြာဇံ၊ စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များကို ခုနစ်ရက်သားသမီးများအား လှူဒါန်းပြီး ရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြောင်း သိရှိရသည်။

Z.N

## ဆိပ်ဖြူမြို့(YMBA)အသင်းခွဲ ဖွဲ့စည်းခြင်း အခမ်းအနား ကျင်းပ

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်တွင် (YMBA)ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အသင်းခွဲ အမှတ်(၃၂) ဖွဲ့စည်းခြင်းအခမ်းအနားကို ၂၀၁၃-ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် နံနက် ၉ နာရီတွင် ဆိပ်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်၊ အနောက်တောရကျောင်းဓမ္မရမ္မဏတိုက်ကျောင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။

ထိုအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ (YMBA)အသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အသင်းခွဲ(၂၃)မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများ၊ ဝတ်အသင်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

တက္ကသိုလ်စိုးယုနိုင်

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာပြည်သို့ မိုင်းဖုန်းဆရာတော် ပြန်လည်ကြွရောက်

မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တဉာဏအသံဝရသည် ပြည်ပတွင် သီတင်းသုံးနေထိုင်တော်မူရာမှ မိုင်းဖုန်းဒေသသို့ ၂၀၁၃-ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပြန်လည်ကြွရောက်တော်မူခဲ့ကြောင်း သိရှိရသည်။ ဆရာတော်အား နဂါးနစ်ကောင်ဆရာတော်ဘုရားကြီးမှ ဦးဆောင်ပြီး နံနက် ၉ နာရီခွဲအချိန်တွင် မယ်ဆိုင်မြို့ မြို့ပိုင်ရုံးရှေ့မှ ကာရိုက်ဥယျာဉ်တော်ဖြင့် ပင့်ဆောင်လာပြီး ထိုင်းနိုင်ငံမှ တာဝန်ရှိသူများနှင့် ပြည်သူများက အမှတ်(၁)ချစ်ကြည်ရေးတံတားအထိ ပူဇော်ပို့ဆောင်ခဲ့ကြသည်ဟု သိရသည်။

ဆရာတော်သည် နိုဝင်ဘာလ(၁၅)ရက်နေ့တွင် နဂါးနစ်ကောင် ကျောင်းတိုက်၌ ခေတ္တသီတင်းသုံးပြီး တရားရေအေး တိုက်ကျွေးကာ ရွှေဝိဟာရဒေသ မိုင်းဖုန်းသို့ ဆက်လက်ကြွရောက်တော်မူကြောင်း သိရှိရသည်။

## သန်လျင်မြို့နယ်ရှိ ရွှေပေါင်းသမိုင်းဝင် ကျိုက်ခေးယျုံစေတီတော် ဘုံ(၅)ဆင့် အလှူပွဲ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေးယျုံစေတီတော်မြတ်ကြီး၏ မြောက်ဘက် အာရုံခံတန်ဆောင်းတော်ကြီးအတွက် အလှူငွေနှင့် ဘုံ(၅)ဆင့် အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ကျိုက်ခေးယျုံစေတီ အနီးရှိ မဣ္ဈလာရာမမွေ့ဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အာရုံခံတန်ဆောင်း လေးခုရှိသည့်အနက် (၃)ခု တည်ဆောက်ရန် ကျန်ရှိနေသေးသဖြင့် စေတနာရှင်များအဖို့ ပါဝင်လှူဒါန်းလိုလျှင် တန်ဆောင်းတစ်ခုလျှင် သိန်း(၇၀)ကျပ်နှုန်းဖြင့် မိမိတို့ တတ်နိုင်သရွေ့ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

လှူဒါန်းလိုလျှင် ကျိုက်ခေးယျုံဆရာတော်(ဖုန်း-၀၉-၅၀၃၇၇၃၄)ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

## ဆီကာကြီးမြို့နယ်လုံးဆိုင်ရာ တတိယအကြိမ်မြောက် တန်ဆောင်တိုင် မီးမျှောပွဲတော် ကျင်းပ

ရေဝတီတိုင်းဒေသကြီး၊ နေမြို့မြို့နယ်၊ ဆီကာကြီးမြို့နယ်လုံးဆိုင်ရာ တတိယအကြိမ်မြောက် တန်ဆောင်တိုင် မီးမျှောပွဲတော်ကို တန်ဆောင်မုန်းလပြည့်နေ့(၁၇-၁၁-၂၀၁၃)ရက်နေ့ညက စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ မီးမျှောပွဲတော်အား ဆီကာကြီးမြို့နယ်၊ တိုက်နယ်ဆရာဝန်ကြီး ဒေါက်တာဝင်းနိုင်ထွန်း(ရွှေဘို)နှင့် ရပ်မိရပ်ဖများ ဦးဆောင်ကာ ကျင်းပခဲ့ကြခြင်းဖြစ်၏။ ညဉ့်ဦးယံ၌ မြို့နယ်သူ မြို့နယ်သားများက မီးပုံးများ ကိုင်ဆောင်၍ လည်းကောင်း၊ မီးပဒေသာ ဆင်ယင်ထားသည့် အရုပ်မျိုးစုံကိုချီကာ လှည့်လည်ကြပြီး ဆီကာကြီးဆိပ်ကမ်း၌ ညအချိန်တွင် မော်တော်များဖြင့် တင်ဆောင်ကာ ရေဝတီမြစ်အတွင်း မျှောခဲ့ကြသည်။ ထိုသို့ မီးမျှောပွဲတော်၌ ပါဝင်ဆောင်ရွက်ကြသော အရုပ်ချီသူများ၊ မော်တော်များအား အကဲဖြတ်ကာ ဆုများ ချီးမြှင့်ကြပြီး တေးရေးတေးဆို အောင်ကျော်ဦး(ပုတီးကုန်း)၊ တေးသံရှင် ပန်းအိမ်စံ၊ တေးသံရှင် နေမြို့နေရဲလင်း(ကဗျာဆရာ ကိုရဲကိုကို)နှင့် အောင်ကျော်ထူး(မြစ်ပန်းရုံ[illegible]) တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေညှိခံခဲ့ကြသည်။ အဆိုပါ မီးမျှောပွဲသို့ ရန်ကုန်မြို့မှ စာနယ်ဇင်းဆရာ[illegible] ရိုက်ကူးရေးအဖွဲ့ဝင်များ သွားရောက်မှတ်တမ်းယူခဲ့ကြောင်း သိရှိရပါသည်။

www.burmeseclassic.com



အလှူဒါနပြုရာ၌ တစ်ခါတစ်ရံတွင် လှူဖွယ်ဝတ္ထုပြည့်စုံပြီး အလှူခံပုဂ္ဂိုလ်ကလည်း မိမိရှေ့မှောက်၌ ထင်ရှားစွာရောက်ရှိနေပါသော်လည်း အချို့ပုဂ္ဂိုလ်များမှာ ပေးလှူစိတ်မဖြစ်ပေါ်ဘဲ ရှိတတ်သည်။

ဤသို့ဖြစ်ပေါ်လာခဲ့သော် ငါသည် မှချကောန် ရှေးရှေးဘဝက ပေးလှူခြင်း၌ အလေ့အထ မပြုလုပ်ခဲ့သည့်အတွက် ယခုအခါ ငါ့သန္တာန်မှာ ပေးလှူစိတ် ဖြစ်ပေါ်မလာခြင်း ဖြစ်သည်ဟု ဆုံးဖြတ်၍ နောက်နောင် ပေးလှူစိတ် ဖြစ်ပေါ်လာအောင် ယနေ့မှစ၍ ပေးလှူတော့အံ့။ ငါသည် ရှေးမဆွကပင် ကြိုတင်၍ ကိုယ်တိုင် ဝတ္ထုပစ္စည်းကို အလှူခံများအား စွန့်လှူတားအပ်ပြီး မဟုတ်ပါလောဟု နှလုံးသွင်း ဆင်ခြင်၍ ပေးလှူဖြစ်အောင် ပေးလှူကြစေကြောင်း ရှောင်ပြန်ပရိသတ်ကြီး သိစေမည် ဆိုပါလျှင်…

www.burmeseclassic.com